မြောင်းမြမြို့ ဇေယျမေဒနီတိုက်

ပဓာန-နာယက-ဆရာတော်

အရှင်ပဏ္ဍိတမဟာထေရ်

ရေးသား စီရင် အပ်သော

သဘောပြအဘိဓမ္မာ

အဘိဓမ္မာ ဘာသာရပ် အတွက် အထူး တာဝန်ခံသည်

အရှင် ဓမ္မပိယ-အရှင် ဝဇိရဗုဒ္ဓိ-အရှင် ကုဏ္ဍလ

(ဓမ္မာစရိယ-အဖွဲ့) က ကြည့်ကြပ်

ပြင်ဆင်သည်

အောင်မင်္ဂလာ

ပိဋကတ်စာပုံနှိပ်တိုက်

အမှတ်-၁၁၊ မူဆာကြီးလမ်း၊ ဥမ္မိုင်ကုန်း

ရန်ကုန်

၁-၃၊ [illegible]

ကျမ်းဦးပလ္လင်

နိုင်သွဲ့ကြူကြူ....ပန်းမဥ္ဇူကား၊ လေ ယူရာ သိမ်း၊ ဘယ်ညာ ယိမ်းလို့၊
ခက်စိမ်း ဖြာထွေ၊ ညွန့်ဝေဝေဖြင့်၊ ပင်ခြေ လှလှ၊ မွှေး
ပေါင်းခလို့၊ နန္ဒဝနာ၊ ဥယျာဉ်သာဝယ်၊ ဒေဝါဘုံဖွါး၊
ကံဟုန်အားဟု၊ နတ်များရဏ်ယူ ပန်းမဥ္ဇူတဲ့၊

ပြိုင်မဲ့ သူသူ .... မြတ်တဆူကား၊ သုံးလူစိတ်ဝမ်း၊ စင်ဖြူချမ်းဘို့၊ လျှမ်း
လျှမ်း ပါရမီ၊ စုံပြည့်ညီမှ၊ လောကီလူသား၊ သူတို့ကြား
ဝယ်၊ ဖွားသော် ရွှယ်မြောက်၊ ဘုန်းမီးတောက်လည်း၊
အွံ့လောက် စရာ၊ နန်းမိ လျှာကို၊ စွန့်ခွါ ရက်သူ၊ မြတ်
တဆူတဲ့။

ဆိုင်ခဲ့ပြူပြူ .... ကျမ်းစာမူကား၊ ကြည်ဖြူမေတ္တာ၊မြေသြဇာဖြင့်၊ဇေယျာ
တင့်ဆန်း၊ ပင်မြင့်နန်းမှ၊ ပွင့်ပန်း သဇင့်၊ ဖူးစုံတင့်သို့၊
ခံမင့် ဘိခမ္ဘာ၊ ပေါင်း ကလျာဘို့၊ မျှားစွာ ထွေပြား၊
ကျမ်းတွေကြားမှ၊ပွင့်ကားပြူပြူ၊ကျမ်းစာမူတဲ့။

အဘိဓမ္မာ ဒေသနာ

လောက သုံးတိုက်ဝယ် ဖက်ပြိုင်မပြူ တဆူ တည်းသာ ဖြစ်တော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်တော် မူလာခြင်းသည် သတ္တဝါအပေါင်းတို့ အကျိုးစီးပွါး များပြား တိုးတက် ဘို့ရန် ဖြစ်၏ ဟူသော စကားအရ ဗုဒ္ဓဘုရား ပွင့်တော် မူလာသည့်အတွက် ကိုယ်ရေး ကိုယ်ရာ-ကိုယ့်တွက်တာနှင့် စပ်၍ အမြတ်ထုတ်ယူနိုင်သည့် အချက် အလက်ပေါင်း များစွာရှိပေရာ၊ သိမ်မွေ့နက်နဲ ခက်ခဲပေသော အဘိဓမ္မာဒေသနာကို သဘာဝထင်ရှား အသိဉာဏ် တိုးပွားစေကာ အကန့်အကန့် တသန့်စီ တသန့်စီ ပိုင်းဖြာ ခွဲလှစ် ဝိစစ်ဝေဖန် အသိဉာဏ် ဖြစ်ရခြင်းသည် ဘဝသံသရာ ခရီးစဉ် ဝယ် ယှဉ်ဖက်ကင်းပ ကံကောင်း ထောက်မမှု တချက်ပင် ဖြစ်ပေ၏။

ယင်းသို့ ဘဝသံသရာ ခရီးစဉ်ကို ကောင်းဟန်-မကောင်းဟန် ဝေဖန်ပိုင်းခြားနိုင်သော **အဘိဓမ္မာ ဒေသနာ** ဟူသည်လည်း သတ္တဝါ အထွေထွေ ဝေနေယျ များစွာတို့၏ အဇ္ဈာသယ သဘာဝအလျောက် ထိုးထွင်း၍ သိနိုင်စကောင်းသော ရုပ်-နာမ်တို့ကို အနိစ္စမှု, ဒုက္ခမှု, အနတ္တမှု,ထင်လာဘို့အရေးတွင် အကူအညီပေးစွမ်းနိုင်သော ဉာဏ်စဉ် စသည်တို့ကိုပြသည့် ဗုဒ္ဓအဘိဓမ္မာ ဒေသနာပင် ဖြစ်ချေသည်။

စိတ်စစ်ဝေဖန် အခြေခံ ကျမ်းဂန် ရေးသားဘိ ယင်းအဘိဓမ္မာ ဒေသနာသည် ရုပ် အဘိဓမ္မာနာမ်အဘိဓမ္မာ ၂-မျိုးဖြင့် ခွဲခြား ဟောထားသော သဘာဝ ဒေသနာဖြစ်၍၊ လောကဓာတ် ပညာရှင်တို့ နည်းမျိုးစုံဖြင့် ဆန်းစစ် ဝေဖန် အသုံးသင်ခံနိုင်ရည်ရှိသော ဒေသနာပင် ဖြစ်ချေသည်၊ ပြောပါ ရစေ-ခုခေတ်ကာလ သီအိုဆိုဖီ (*Theosophy*) တက္ကဗေဒပညာရှင် မတ်(ဒ်)ဆစ်ဇင်း, (အနူပဒိုလောမ ရုပ်ဝါဒီ)တို့ သုံးသပ်လက်ခံနေသော မျက်မှောက် ဘတ္တခါန်, ပစ္စုပ္ပန်, ရုပ်ဝတ္ထုဖြစ်စဉ်နှင့် ဗုဒ္ဓအဘိဓမ္မာလာ- ဗုဒ္ဓအလိုရှိသော ရူပဗေဒရုပ်ဝတ္ထုဖြစ်စဉ်တို့၏ အခြေအနေ ကွာခြားပုံကို သိနားလည်ရပေမည်။

သီအိုဆိုဖီ (*Theosophy*)တက္ကဗေဒ ပညာရှင်မတ်(ဒ်) ဆစ်ဇင်း, တို့ သုံးသပ်လက်ခံနေသော သဘောတရားမှာ ပစ္စုပ္ပန် ရုပ်ဝတ္ထုဖြစ်စဉ် တို့၏မြင့်တက်မှု နိမ့်လျော့မှုတို့သည် ပစ္စုပ္ပန်ရုပ်ဝတ္ထုတို့၏ ဖေါက်ပြန်မှု တင်စားမှု အပေါ်ဝယ် အခြေတည်နေပေသည်၊ သို့ကြောင့် ပစ္စုပ္ပန်ရုပ် ဝတ္ထုဖြစ်စဉ်တို့အမြဲတမ်းမြင့်တက်နေမှုကို သာအားပေးရပေမည်၊ ယင်းသို့ အားပေးသဖြင့် လောကီရုပ်တို့၏ ပေါလွင်မှုမှာ ဒီရေအလား တိုး ပွါးကာ အားလုံးသော သတ္တဝါတို့၏ သာယာမက်မောမှု တွယ်တာ မှုကို ဖန်တည်းရပေမည်ဟု ဆိုလို၏။

ထိုသို့ သာယာမက်မောမှု တွယ်တာမှုကို ဖန်တည်းပေးနိုင်သော လောကတွင် ထင်ရှားနေသော သဘောတရားတို့ကို သုံးသပ်လက်ခံ နေမှုသည် ဗုဒ္ဓအလိုတော်ကျ သဘာဝ အဘိဓမ္မာတွင် ပါဝင်စရာ မရှိ ပါချေ။

ဗုဒ္ဓမူကား-လောကီရုပ် သဘာဝတို့၏ သာယာ မက်မောဖွယ်- တွယ်တာဖွယ်တို့ကို ဖန်တည်းပေးစွမ်းမှုကို စက်ဆုပ်ဖွယ် ရွံရှာဖွယ် အနေဖြင့်သာ မြင်စေအပ်, သိစေအပ်သောကြောင့် ယင်း အဘိဓမ္မာ နှစ်ရပ်၏ သဘာဝအားဖြင့် ခြားနားပုံကို သိရပေမည်၊ ထားဦးတော့- ဤကဲ့သို့ - ရုပ် သဘာဝ,ယူဆပုံ၊ ခြားနားရုံမျှဖြင့်,ဗုဒ္ဓအဘိဓမ္မာကိုနက်နဲ ခက်ခဲ သည်,ဟု- မဆိုဝံ့ပါချေ၊ နာမ်အဘိဓမ္မာ၏, သိမ်မွေ့နက်နဲ ခက်ခဲ ဘိသော အဖြစ်, တရပ်ကို လောကဓာတ်ပညာရှင်တို့-နည်းမျိုးစုံစွာဖြင့် စစ်ဆေးမှတ်ကျောက်တင်ရှုပါက-ပို၍ပင် အဘိဓမ္မာ၏ အံ့လောက်စရာ

ဒေသနာ ဖြစ်ကြောင်းကို ဝန်ခံရ ပေလိမ့်မည်၊ သို့သော်လည်း နာမ်, အဘိဓမ္မာ၏ ဆန်းကြယ်ပုံကိုကား လောကဓာတ် ပညာရှင်တို့အိပ်မက် ပင် မက်ဘူး ချေမည် မဟုတ်ပေ တကား။

သို့ဖြစ်၍ ဗုဒ္ဓဘာသာ ကြီးသည် မျက်မှောက် ခေတ်, ကာလဝယ် အဘိဓမ္မာ ဒေသနာ တော်ကြီးဖြင့်၊ဝင့်ကြွားစွာ-မယိမ်းမယိုင် ကျောက် စာတိုင် ကဲ့သို့၊ကြံ့ကြံ့ကြီး ခံနိုင်ရည်-ရှိခဲ့ပေသည်။

ယင်းသို့ လက်တွေ့ ဆန်းစစ်မှုကို ခံနိုင်ရည် ရှိခဲ့သော-အဘိဓမ္မာ ဒေသနာ၏ ကား-သဘော အယူ အဆ-ခက်ခဲ နက်နဲသည်ဖြစ်၍၊ ဗုဒ္ဓ ဘာသာဝင်၊ စာပေရှင်တို့သည် အဘိဓမ္မာ၌- နောင်လာသူတို့ ကောင်း စွာ အသိဉာဏ်၊ဖြစ်ပေါ်စေရန်၊အခြေခံကျမ်းစာများကို ရေးသားတော် မူခဲ့ကြလေသည်။

မျက်နှာပန်းသာ၊ထိုကျမ်းစာ။ ။ယင်းသို့ အခြေခံကျမ်းစာများစွာ ရှိသည့် အနက်၊ အရှင် အနုရုဒ္ဓါ-ထေရ်မြတ်, ရေးသား အပ်သော-အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်) ကျမ်း သည်၊စကားစဉ် စကားဆက်၊ ရေးသားပုံ အကွက်မိသဖြင့်-ပညာရှင် အပေါင်းက-အကောင်းဆုံးထား၍၊နောက်သားစဉ်ဆက်ကို ကောင်းစွာ လေ့ကျက်စေခဲ့လေသည်၊

သို့အားဖြင့်- သင်္ဂြိုဟ်ကျမ်းကလေးမှာ- အဘိဓမ္မာ ဒေသနာ စာပေ လောကတွင်၊သူမပါလျှင်မပြီး၊ ပွဲကြီး လမ်းကြီးတိုင်းမှာ-တစာစာနှင့် မျက်နှာပန်း-အသာကြီးသာခဲ့လေသည်၊

မင်းမွေးတော့နေ့ချင်းကြီး, ဆိုဘိသို့-အစိုးရပထမပြန် စာမေးပွဲနှင့်- နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အဘိဓမ္မာ စာမေးပွဲများကလည်း၊ ၎င်းကို လက်မလွှတ် နိုင်ပြန်သဖြင့်၊ လူ ဘက် မှာရော၊ ရှင်ဘက်မှာပါ-မင်္ဂလာ စန်းပွင့်၍၊တန်းအမြင့်ဆုံးသို့-ရောက်ခဲ့ရလေသည်။

အကြောင်းချင်းတာ ယင်းနှစ်ဝ၊ ထွန်းပပေါ်လာ သဘောပြအဘိဓမ္မာ။ မျက်နှာ ပွင့်ချင် တိုင်း ပွင့်း ဝင့်ချင်တိုင်း, ဝင့်နိုင်သော သင်္ဂြိုဟ် ကျမ်း တည်းဟူ သော-လှပျိုစင်ကား-ချစ်ခင်မေတ္တာ သာထက်သာကြသည့် ကျမ်ပြု၊ ဆရာ-လူပျိုမောင်များစွာတို့၏၊ အခါခါ မေတ္တာ လှည့်မှုဖြင့်- ရှုမအား

အောင် စည်ကားသိုက်မြိုက်လှပါပေ၏၊ အဖွင့်မောင်က တမျိုး၊ အမေး အဖြေမောင်က တသွယ်၊ စကားပြော နယ်က တသီး၊ ပြောလို့မပြီးနိုင် အောင် ဖြစ်နေရာ- ဤကဲ့သို့ အဘိဓမ္မာ ကျမ်းစာများ-မှို လို ပေါက် နေ သည့်ကြားမှ "ဤသဘောပြ-အဘိဓမ္မာ"ပေါ်လာ ရ ပြန် သည်မှာ- ဆိုလတ္တံ့သော အကြောင်းနှစ်ရပ်ကြောင့် ဖြစ်လေသည်။

ပထမအကြောင်းမှာ။ ။ဆရာတော် ဘုရားသည်၊ ၁၂၉၅-ခု နှစ်မှ စ၍-မြောင်းမြမြို့-ဇေယျမေဒနီ,တိုက်ကြီး ကို တည်ထောင်ကာ၊ စာသင်သား တပည့်ငယ်တို့အား ၂၄-နှစ်တိုင် တိုင်,လက်တွေ့ အဘိဓမ္မာ သုတေသန ပြုလျက် ချပို့လာရာ တပည့်တို့ နားဝယ်-သိနားလည် လွယ်သည်ကိုတွေ့ရသည့် အလျောက်-ဤသုတေ သန အဘိဓမ္မာသင်ရိုးကို မပျောက်ဆုံးစေရန်တချက်၊

ဒုတိယအကြောင်းမှာ။ ။ ပါဠိဘာသာ-အလေ့ အလာမရှိ၍ ပါဠိ ဘာ သ် ရ မည် ကို ကြောက် သော အဘိဓမ္မာ သုတေသီ၊ လူပုဂ္ဂိုလ်တို့ ဗုဒ္ဓ အဘိဓမ္မာကို သဘာဝ ကျကျ- အလွယ်တကူ သုံးစားနိုင်စေရန်တချက်၊

ဤ အ ကြောင်း ရပ် နှစ်ချက်သည် "သဘောပြ-အဘိဓမ္မာ"ပေါ် ပေါက်လာရာ၌, မူလ- အကြောင်း များ ပင် ဖြစ် ပေ သည်၊ ယင်းသို့ အကြောင်းနှစ်ရပ်ကို အခြေပြုကာ-ဖြစ်ပေါ်လာပေမင့်- သဂြိုဟ်ကျမ်း အား, နောက်ခံကား ပြုထားသဖြင့်, တဘက်က ကြည့်လျှင် အဘိဓမ္မာ ဆိုင်ရာ- စာမေးပွဲများအား, အထောက် အပံ့- အကောင်းဆုံး ပေး နိုင် ကြောင်း-သိသာနိုင်ပေသည်၊

ရေးပုံစီစဉ်၊ဤကျမ်းတွင်။ ။အပိုင်းကဏ္ဍ တခုတခု၏ အဆုံးတွင် လည်း ဘာသ်ရှု လေ့လာ ပြီး သည့် အဘိဓမ္မာ-အဓိပ္ပါယ်များကိုသိနားလည်မှု ရှိ မရှိ၊သို့မဟုတ် ကျေပွန်စွာ ရှိ မရှိ၊ စမ်းသပ်သော အနေဖြင့် လေ့ကျင့် ခန်း မေး ခွန်း များ ကို အဘိဓမ္မာ ဆိုင် ရာ-စာမေးပွဲများမှ ထုတ် ဆင့် ထား သော မေး ခွန်း အောက် မယုတ်စေရဘဲ ထုတ် ဆင့် မေး မြန်း ထား သည့် အချက်ကို လည်း-အကွက်စေ့ပါဝင်စေခဲ့ပေသည်၊

" သဒ္ဒါဘာပြ-အဘိဓမ္မာ "ဆိုသည့် အဘိုင်း အမည်နှင့် လိုက်လျော အောင် ခဲခက်ရာအချက် အလက်များတွင် တကွက်ကလေမှ၊ လစ်လပ် မှုမရှိစေရဘဲ အဘိဓမ္မာလိုက်စားသူတို့ နားမလည်က နားလည်ရ လေ အောင်သဒ္ဒါရကို ဦးစားပေးလျက်၊ အမျိုးမျိုးသော လောကယုတ္တိ၊ အာဂမယုတ္တိများဖြင့် ဖေါ် ပြရှင်းလင်းသွားပေသည်။

ဆရာတော်ဘုရားသည် သူ၏ ကျမ်းစာတွင် မဖေါ် ပြလျှင်မဖြစ်သော ပါဠိရပ်များ-ထို ပါဠိရပ်များကို မြန်မာပြန်ဆိုရာ၌ နိဿျ ပြန် နည်း ကို မသုံး မြန်မာစကားလုံး သက်သက်ဖြင့် ဆိုလိုသော အချက်ကို ဦးစား ပေးကာ၊ပြန် ဆိုထားပေသည်။

စာပေတို့သည်၊ ခေတ်၏ လှည့်စားမှုကို ခံရလေရာ ရှေးပိုင်း အချိန် က ပါဠိစာသား မြန်မာပြန် စကားတို့သည် ပါဠိ ဝါကျ နည်းအတိုင်း၊ ပြန်ဆို ရေးသားကြသဖြင့် မြန်မာစကားပင် ဖြစ်စေကာမူ ပါဠိ ဝါကျ ရပ်ကို၊ဖတ်နေရသကဲ့သို့အတော်ပင်ခက်ခဲသည်ကိုတွေ့ရပေသည်

မျက်မှောက်အခါ တွေ့ရပုံ။ ။အချို့သူတို့မှာ မြန်မာပြန် စကားကို နားမလည်မှု ကြောင့် ဘာသာပြန် ပါဠိစာပေ ကြည့်ရှုလိုစိတ်ကုန်ခန်းသွားကြသည်ကို တွေ့ရဘူးပေသည်၊ အဘိဓမ္မာစာပေသင်မှုနှင့် ပတ်သက်၍၊ အခြေ ပါဒ-ဘာတခုမျှ မရမှု၍ နက်နဲ ခက်ခဲသော- အဘိဓမ္မာသဒ္ဒါ-အသူ အဆတို့၏ လှည့်ပတ်မှု၊ အနက်ရေး(ဝါ)သဒ္ဒါတို့၏ အနက်ဉာဏ် ကွန့်မြူးမှုတို့ကြောင့် စိတ်ပျက် အားလျော့ကာ နောက်ဆုတ်သွားသော- ပုဂ္ဂိုလ် အများ အပြားပင်ဖြစ် လေသည်။

အဘိဓမ္မာ ဆိုသည်မှာ- ခန္ဓာကိုယ်ကို အနုစိတ် လေ့လာ သုံး သပ် သည့် စာပေပင် ဖြစ်သည်၊ လူ့လောကဝယ်- တရံ တခါ ဖြစ်လာပါ လျက်၊အဘိဓမ္မာ-သဒ္ဒါကို နားမလည်ခြင်းသည် ဘဝသံသရာ ခရီး အတွက်ဆုံးရှုံးခြင်း တချက်ပင် ဖြစ်ချေသည်-ဟူသော နှလုံးသွင်းဖြင့် အဘိဓမ္မာကို-သင်ကြားလိုစိတ် ကလေးများ တဖွားဖွား ပေါ် ကြသော အဘိဓမ္မာ စာသင်ဦး ပုဂ္ဂိုလ်တို့သည် အဘိဓမ္မာ လေ့လာနေရင်းမှ အရှုံး တွင်းသို့ သက်ဆင်းကျရောက်ခဲ့ကြရလေသည်။

ဤကဲ့သို့ဖြစ်ရသည်မှာ အဘိဓမ္မာ အရာတွင် မလိုရာ သဒ္ဒါရေးနှင့် အဘာန်တန် မြန်မာပြန် အနက်ပေးတို့ကြောင့် ဖြစ်သည်ဟု ဆိုလျှင် ဝန်ခံရပေလိမ့်မည်။ အုန်းသီးဆံ မစားရဘဲ အုန်းခွံကိုစားရ မှုနှင့် တူနေသည် မဟုတ်ပါလော ?

ဤသည့်ကျမ်းစာ သဘောမှာ။ ။ဤ " သဘောပြ အဘိဓမ္မာ " ကျမ်း၏ သဘောမှာ လူအများ နားမလည် နိုင် လောက် သော စကားလုံး အဟောင်း ကလေးများကို ရှောင်ကွင်းနိုင်သမျှ ရှောင်ကွင်း ခေတ်သုံး စကားလုံးများကို သွင်းနိုင်သမျှသွင်းကာ ရေးသားထားသည် ဖြစ်ရကား- အဘိဓမ္မာ သင်ဘို့ရန် စိတ်ကုန်ခန်းသည့် အဖြစ်မျိုးနှင့် မည်သည့် အခါမျှ တိုးနိုင်ဘွယ် ရှိမည် မဟုတ်ပါချေ,

စာပေ(ပိဋ္ဋာ)ပညာရပ်ပင်ဖြစ်စေ သင်္ချာ(သိပ္ပံ)ပညာရပ်ပင် ဖြစ်စေ, သဘောမကျဘဲသညာအမှတ်ဖြင့် မှတ်သားထားရပါမူ အချိန်ရှည်ကြာလေးမြင့်စွာမှတ်ရသူ၏သန္တာန်၌မတည်တတ်ပေ သို့ရာတွင် ထိုအရာ၏ သဘောကို တိတိ ကျကျ မိမိ ရရ နားလည်ထားပါမူကား- နှစ်ပေါင်း ရှည်ကြာ ပစ်ခွါ၍ ထားစေဦးတော့ အသဲစွဲကာ မေ့ ပျောက် ခြင်း ငှါ မစွမ်းနိုင်ပါချေ။

သို့ဖြစ်၍- ကျမ်းပြု ဆရာတော်ဘုရားသည် အဘိဓမ္မာ သုတေသိတို့ စိတ်ရှင်းလက်ရှင်း ကွင်းကွင်း ကွက်ကွက် သ ဘော သက် မိ စေရန် ခေတ်စာပေသွားဖြင့် ပြတ်သားစွာ ရေးသားလျက် အဘိဓမ္မာ သုတေ သိတို့အား တင်ပြအပ်ပေပြီ။

အဘိဓမ္မာ သုတေသိတို့သည် ဤကျမ်းကို အဘိဓမ္မာ စာပေ သမိုင်းတွင် ဂေဇာက်ဝင် အနေဖြင့် သွင်းသင့် မသွင်းသင့် အဘိဓမ္မာ ဆိုင်ရာ စာမေးပွဲနှင့် တော်သင့်-မတော်သင့် နှိုင်းချင့်ဝေဖန်လျက် စာပေဥာဏ် မျက်နှာဖုံးတပ်လျက် သုံးသပ်ရှုစား နိုင်ကြပါစေကုန်......။

အရှင်-ဝဇိရဗုဒ္ဓိ (အစိုးရ ဓမ္မာစရိယ)
ဇေယျ-အရှင်ကုဏ္ဍလ (သိရီပဝရ ဓမ္မာစရိယ)
ဇေယျမေဒနီတိုက်
မြောင်းမြမြို့

၁၃၁၉-သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက်။

တည်းဖြတ်သူ၏ ထင်မြင်ချက်

မြောင်းမြမှ ဇေယျမေဒနီ ဆရာတော် ဘုရားသည် ဤစာအုပ်ကို တည်းဖြတ်ရန် ကျွန်ုပ်ထံသို့ ပို့အပ်လိုက်ပါသည်။

အစမှ အဆုံးတိုင် ဆရာတော်ဘုရား၏ စာအုပ်ကို ဖတ်ရှုကြည့်ရာ ဆရာတော်ဘုရား၏ ရေးသားတော်မူပုံမှာ - စာသင်သား လောကဌ အသုံးဝင်ရုံမျှမက လူလောက အဘိဓမ္မာ စာပေ လိုက်စား သူများနှင့် ကမ္မဋ္ဌာန်း ဆရာများပင် လက်မလွှတ်နိုင်ဖွယ် အချက်အလက်များကို သဘာဝမိမိ တိကျကျ ရှင်းလင်းလျက် ကွင်းကွင်း ကွက်ကွက် ပြတ်ပြတ်သားသား ရေးထားတော်မူလေသည်။

စာပေအသုံးအနှုန်းအားဖြင့်လည်းခေတ်ပိုင်းကိုမယိုစေဘဲ-ခေတ်စာ ဆိုရှင်ပုဂ္ဂိုလ်တဦးသဖွယ် ရေးသားတော်မူရာ အထူးတွေးတော ကြံဆ နေစရာမလိုလှဘဲ ကြည့်ရှုမှတ်သား ဖတ်သွားလျှင်ပင် ထင်မြင်သဘော ကျနိုင်လောက်ပေသည်။

အဘိဓမ္မာ စာပေစဉ်တွင် အသိဉာဏ် မထင်လွယ်သော အချက် များကို ဥပမာကလေးများ ဝတ္ထုကြောင်းကလေးများဖြင့် ပြ၍သသွားရာ အဘိဓမ္မာကိုတော့ ခုဘဝမတတ်တော့ပါဘူးဟု အားလျော့ နေသူများ အတွက် ကံကောင်းခြင်းတချက်,ဟုပင် ဆိုရပေလိမ့်မည်။

ဤစာအုပ်ကို တည်းဖြတ်ရာ၌ ကျွန်ုပ်၏ချွေးနည်း စာကလေးများကို ဖြည့်စွက်ဘို့ရာ ရည်ရွယ်ရင်း ရှိသော်လည်း ဆရာတော် ဘုရားကိုယ် တိုင်ပင် သွယ်သွယ်ဝိုက်ဝိုက်ဖြင့် နှစ်ချိုက်သဘော ကျလောက်အောင် သာသာပိုပို ပြဆိုထားသည် ဖြစ်ရကား, တိုက်ရိုက် ပြောရပါလျှင် ကျွန်ုပ်မှာ နှ-ငယ်အမြီး တပ်ရုံထက်ပို၍ လုပ်စရာ မရှိတော့ပါ။

အဘိဓမ္မာစာပွဲဝင်များအတွက် ကြည့်၍ပြောရပြန်လျှင်လည်း အပိုင်း တိုင်းလိုပင် ငယ်,လတ်,ကြီး,ကျော် ပုစ္ဆာများအောက် အဆင့်အတန်း မယုတ်လျော့သော လေ့ကျင့်ခန်း ပုစ္ဆာများကို ဆင့်ထုတ် ထားပါ သည်၊ ဤကျမ်းတွင်ပင် ဤပုစ္ဆာများ၏ အဖြေများကို ကြည့်ရှု လေ့ လာရင်း ပြေလည် သွားပါလိမ့်မည်။

ပုစ္ဆာများကို ကြည့်ရှုပြန်ကလည်း ခေတ်နှင့်လျော်ညီသည်ကိုတွေ့ရပါသည်၊ အထူးတလည် ဖြည့်စွက်ရန် မလိုဟု သဘောရသည့် အားလျော်စွာ မူရင်းအတိုင်းပင် ဖော်ပြထားပါသည်။

ဆရာတော်ဘုရားသည် ကျွန်ုပ်အား ငယ်စဉ်ကပင် မြန်မာရေးထုံးရေးနည်းများကို စနစ်တကျဖြစ်အောင် သင်ပြပေးသောဆရာဖြစ်တော်မူသည့်အလျောက် သူ၏ သုံးနှုန်းသော စကားလုံး ကလေးများသည် အဘယ်မှာလျှင် မြန်မာရေးထုံးမကျဘဲ ရှိပါတော့အံ့နည်း။

သို့ဖြစ်၍ ဤသဘောပြ အဘိဓမ္မာသည် မြန်မာရေး အဘိဓမ္မာတွေမှိုလိုပေါက်နေသည့် ခုခေတ်ပိုင်းတွင် ပေါ်လာသင့်သော ကျမ်း စာတစောင် ဖြစ်သည်ဟု ကျွန်ုပ်ထင်မြင်ယူဆမိပါသည်။

အို......စာပွဲဝင် အရှင်တို့......ဤသဘောပြ အဘိဓမ္မာသည် အရှင်တို့အား အဘိဓမ္မာ ပြဿနာ အရပ်ရပ်တို့ကို ပြတ်ပြတ် သားသားအကောင်းဆုံး ဖြေရှင်းပေးပါလိမ့်မည်။

အို......ကမ္မဋ္ဌာန်း ဆရာ များ တို့ — ဤ သ ဘော ပြ အဘိဓမ္မာသည် ကမ္မဋ္ဌာန်းဆရာတို့အား ကမ္မဋ္ဌာန်း လုပ်ထုံး လုပ်နည်း, နိမိတ်ထင်လာပုံထင်လာနည်းများကို အကောင်းဆုံး ပြသပေးပေလိမ့်မည်။

မိမိတို့ကံအလျောက် လက်တွင်းသို့ ရောက်လာသော လို·တ·ရသည့် စိန္တာမယ ပတ္တမြား ရတနာကြီးကို သိညဏ်ရှိမူ မည်သူမျှ မစွန့်ပစ်နိုင်သကဲ့သို့ ဤနည်း ပုံသွင်-အဘိဓမ္မာ စာပေရှင်သည်....ဤ သ ဘော ပြ အဘိဓမ္မာကို စွန့်ပစ်နိုင်ပါမတဲ့လား?

(ဓမ္မာစရိယ) ထွန်းသိန်း
စာတည်းမှူး
၂၀-၁၀-၅၇

ကျမ်းဦးမင်္ဂလာ

သာသာဝိကာ မျာစရိယာ သုပါကဋာ။
သာသာဝိက ဉာဏာဖိနုသ သာသနေ။
ကတွာ နမော တေ သုဟုဇ္ဇံ ဘိဓိယတော။
သောတူန မင္ဂလာယ သဘာဝ သူစကံ။

သာသာဝိကဉာဏာဖိနုသ၊ သဘောပဋိဘာန် အသိဉာဏ်ဖြင့်၊ ကဝိမှန်သမျှတို့၏ ထွန်းထား ငါးမာန် အောင်မြင် ဘုရားရှင်၏။ သာသနေ၊ ပရိယတ် ပဋိပတ် ပဋိဝေဓဟူသော သုံးရပ်သော သာသနာတော်မြတ်၌။ သာသာဝိကာ၊ သဘောပဋိဘာန် သိဉာဏ်ထက်မြက် သွက်လက်တော်မူကြကုန်သော။ မေ၊ ငါ၏။ ယေအာစရိယာ၊ ရတနာမြတ်သုံးပါးနှင့်တကွ အကြွင်ကျေးဇူးရှင် ဆရာမြတ်တို့သည်။ သုပါကဋာ၊ တိုင်းသိပြည်သိ ဂုဏ်ရည်ရှိ၍ ကဝိစဉ်ထား သွင်အလားဖြင့် ထင်ရှားတော်မူပေကုန်၏။ တေ၊ ရတနာမြတ် သုံးပါးနှင့်တကွ ထိုကျေးဇူးရှင် ဆရာမြတ်တို့ကို။ နမော၊ ဦးညွတ်ရိုကြိုး ရှိခိုးခြင်းကို ကတွာ ကြည်ညိုကြောင်းရာ အပေါင်းဖြာသဖြင့် ကောင်းစွာပြုပြီး၍။ သောတူနံ၊ အဘိဓမ္မာဒေသနာ၌ သိဉာဏ် သာစေ ရှာဖွေလိုက်စား ရှင်လူ အများတို့၏။ မင္ဂလာယ၊ ရုပ်နာမ်မြင်သိ ဝိသုဒ္ဓိခုနစ်မျိုး ဆင့်ဆင့်တိုးကာ အကျိုးရှိပါစေခြင်းငှာ။ သဘာဝသူစကံ၊ အဘိဓမ္မ သဘာဝကို ကျနတိမတ် ပြတတ်သောကြောင့် သဘောပြအဘိဓမ္မာ အမည်သာသော ဤကျမ်းစာ သစ်ကို။ သုဟုဇ္ဇံ၊ တိုင်းရင်း မြန်မာ ကိုယ့် ဘာသာဖြင့် ဖြောင့်မတ်စွာသာလျှင်။ မေ၊ ငါသည်။ အဘိဓိယတော၊ ရေးသား တည်တွင် စီရင်အပ်ပါသတည်း။

မှတ်ချက်။ ။ဘုရားရှိခိုးမှုသည် ဘုရားရှင်၌ ကြည်ညိုမှုကို ဖြစ်စေခြင်းအကျိုးရှိ၏။ အဘဲ့ကြောင့်ဆိုသော်+++ဘုရားရှင် ဟောတော်မူအပ်သော တရားတော်မြတ်၏ တဆဲ့တပါးသော မီးတို့၏ငြိမ်းအေးရာ သန္တိသုခနိဗ္ဗာန်သို့ ရောက်မှုကို ရည်ရွယ်၍ ဟောကြားတော်မူအပ် မှန်ကန်သော တရားတော်မြတ် ဖြစ်သောကြောင့်ပေတည်း။ တရားတော်ကောင်းမွန်၍ ဘုရားရှင်အား ကြည်ညိုသည်။ ယင်း ဘုရားရှင်၏ ဘုရားစစ် ဘုရားမှန်ဖြစ်၍ ထိုဘုရားရှင့် ဟောကြားတော်မူအပ်သော တရားတော်မြတ်သည်လည်း

တရားစစ် တရားမှန် ဖြစ်ရကား ယင်း၊ တရားတော်၌ ကြည်ညိုမှု ကိုလည်း ဖြစ်စေခြင်း အကျိုး ရှိ၏။ ဘုရားနှင့် တရား နှစ်ပါး စုံ၌ ကြည်ညို မှုကြောင့် တရားတော်ကို ကျင့်ဆောင်မှု သည်လည်း၊ လောကုတ် လောကီ နှစ်လီသော အာနိသံသ မွန်မြတ်သော ကျိုးဖလကို ပြီးစီးစေမှု ဖြစ်၏။

တနည်းအားဖြင့်+++ဘုရားရှင်အား ရှိခိုးမှုသည် တရားတော်နှင့် သံဃာတော်တို့အားလည်း ရှိခိုးမှုကိစ္စကို ပြီးစီးစေ၏။ ရတနာမြတ်သုံးပါး နတ်အား ရှိခိုးမှုကိုဆိုခြင်းသည် မိမိဟူသောကျမ်းပြုဆရာ၏ ရတနာမြတ် သုံးပါး နတ်၌ ကြည်ညိုမှုကို အခြားသူတို့အားသိစေ၏။ သို့သိစေမှုသည် ပညာရှင်တို့၏စိတ်ကို နှစ်သိမ့်မြတ်နိုးစေ၏။ယင်းသို့ နှစ်သိမ့်မြတ်နိုး စေမှုကား မိမိရေးသားပြုစုသော ကျမ်းစာကို သင်ယူစေခြင်း အကျိုး ရှိ၏။ သို့ သင်ယူ စေခြင်းသည် အလုံးစုံသော လောကီ-လောကုတ္တရာ ပြည့်စုံ မှုကို ပြီးစီး စေခြင်း အကျိုး ရှိ၏။ သို့ ဖြစ်၍ ရတနာမြတ် သုံးပါး နတ်အား ရှိခိုးမှု ကျမ်းဦး မင်္ဂလာကို ပြုကြ စမြဲ ဖြစ်လေသည် ဟူ၏။

ကျေးဇူးပြုလျက်။ ။အလုပ်ကိစ္စ အဆင်မပြေလည်မှုဖြင့် မှားယွင်း ချွတ်ချော်ချက်ကလေးများ အနည်းအကျဉ်း ပါရှိရာ မေတ္တာရှေ့ထား၍ ပြင်ဆင်ဘတ်ရှုသွားကြစေလိုပါကြောင်း။

ကြည့်ကြပ် ပြင်ဆင်ရေး အဖွဲ့။

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ပဌမ ဂါထာ အဖွင့်			
ဝိဘတ္တ ငါးမျိုး	......	......	၁
ပဏာမကျိုး	......	......	၂
သမ္မာသမ္ဗုဒ္ဓ စသည်	......	......	၄
သဒ္ဓမ္မ သုံးမျိုး	......	......	၈
အဘိဓမ္မတ္ထသင်္ဂဟနှင့်အဘိဓမ္မ		......	၁၃
သစ္စာ ၂-ပါး	......	......	၁၉
ပရမတ္ထသစ္စာနှင့် အရိယသစ္စာ		......	၁၆
ပရမတ္ထနှစ်မျိုး	......	......	၁၈
စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်		......	၁၈
ဒုတိယဂါထာအဖွင့်			
စိတ်ပိုင်းအဖွင့်	......	......	၂၆
စိတ်လေးပါး	......	......	၂၆
လောဘမူ	......	......	၃၀
ဒေါသမူ	......	......	၃၇
မောဟမူ	......	......	၃၉
အဟိတ်စိတ်	......	......	၄၁
ကာမာဝစရသောဘနစိတ်		......	၄၈
ရူပစိတ်	......	......	၅၄
ပရိကမ်စသည်၌အဓိပ္ပါယ်		......	၆၂
အရူပါဝစရစိတ် ၁၂-ပါး		......	၆၄
အာကာသ ၄-မျိုး	......	......	၆၅
လောကုတ္တရာစိတ် ၈-ပါး		......	၆၈

အကြောင်းအရာ	စာမျက်နှာ နံပါတ်
မဂ် ၄-ပါးနှင့် ဖိုလ် ၄-ပါးပြားပုံ	၇၃
ဈာန်ပွါးလာပုံ	၇၅
ပါဒကဝါဒစသည်	၇၆
ဝေဒနာသတ်မှတ်ချက်	၇၉
စိတ်ပိုင်းလေ့ကျင့်ခန်း	၈၀
စေတသိက်ပိုင်းအဖွင့်	၈၂
စိတ်စေတသိက်ယှဉ်	၈၂
အစဉ်မိစစ်ပုံနှင့် အပြန်မိစစ်ပုံ	၈၂
အစုအဖွဲ့သုံးမျိုး	၈၄
သဗ္ဗစိတ္တသာဓာရဏစေတသိက်	၈၅
ပကိဏ်းစေတသိက် ၆-လုံး	၉၀
အကုသိုလ်စေတသိက်	၉၆
သောဘဏ စေတသိက်	၁၀၆
ဝိရတီစေတသိက် ၃-လုံး	၁၁၃
အပ္ပမညာစေတသိက် ၂-လုံး	၁၁၅
ပညာ	၁၁၇
သညာ,ဝိညာဏ်,ပညာတို့အထူး	၁၁၇
သမ္ပယောဂ ၁၆-နည်း	၁၁၈
သင်္ဂဟ ၃၃-နည်း	၁၂၄
စေတသိက်ပိုင်းလေ့ကျင့်ခန်း	၁၃၁
ပကိဏ်းပိုင်း	၁၃၃
ပဋိညာဉ်မာတိကာအဖွင့်	၁၃၃
သင်္ဂဟ ၆-မျိုး	၁၃၃
ဝေဒနာသင်္ဂဟအဖွင့်	၁၃၃
ဟေတုသင်္ဂဟ	၁၃၇

အကြောင်းအရာ			စာမျက်နှာ နံပါတ်
ဘိက္ခုသင်္ဂဟ	......	......	၁၃၉
လေ့ကျင့်ခန်း (၁)	......	......	၁၄၅
ဒွါရသင်္ဂဟ	......	......	၁၄၇
အာရမ္မဏသင်္ဂဟ	......	......	၁၅၀
ဝတ္ထုသင်္ဂဟ	......	......	၁၆၁
လေ့ကျင့်ခန်း (၂)	......	......	၁၆၄
ဝီထိပိုင်း	......	......	၁၆၆
ပဋိသန္ဓိဂါထာ	......	......	၁၆၆
ပဝတ္တိသင်္ဂဟ,ဆက္က ၆-ပါး,ဝိညာဏ် ၆-ပါး			
ဝီထိ ၆-ပါး, ဝိသယပဝတ္တိ ၆-ပါး		......	၁၆၆
အတိမဟန္တာရုံ စသည်ဖြစ်မှု		......	၁၆၇
ပဉ္စဒွါရဝီထိအဖွင့်	......	......	၁၇၃
ကာမမနောဒွါ	......	......	၁၈၃
အပ္ပနာဇောဝါရ,	......	......	၁၈၉
အာဒိကမ္မိကဝီထိစသည်......		......	၁၉၃
လေ့ကျင့်ခန်း (၁)	......	......	၂၀၂
တဒါရုံသတ်မှတ်ချက်	......	......	၂၀၄
ဇောသတ်မှတ်ချက်	......	......	၂၀၅
ပုဂ္ဂိုလ်အပြားနှင့် ပုဂ္ဂိုလ်စိတ်ရ		......	၂၂၀
ဘုံ,ပုဂ္ဂိုလ်ရ,ဘုံ-ဝီထိစိတ်ရ		......	၂၂၅
လေ့ကျင့်ခန်း (၂)	......	......	၂၃၀

ဝီထိမုတ်ပိုင်း

ဘုမိစတုက္က	......	......	၂၃၃
အပါယ်ဘုံ	......	......	၂၃၄

အကြောင်းအရာ		စာမျက်နှာ နံပါတ်
ကာမသုဂတိ ၇-ဘုံ	......	၂၃၈
ရူပဗြဟ္မာ ၁၆-ဘုံ	......	၂၄၄
အရူပ ၄-ဘုံ	......	၂၄၀
ပုဂ္ဂိုလ်အပြား-ဝါကျရေး	......	၂၄၈
ပဋိသန္ဓိစတုက္က	......	၂၅၁
အပါယ်ပဋိသန္ဓေ	......	၂၅၁
ကာမသုဂတိပဋိသန္ဓေ	......	၂၅၄
ရူပါဝစရပဋိသန္ဓေ	......	၂၅၆
ကပ် ၄-မျိုး	......	၂၅၇
အရူပါဝစရပဋိသန္ဓေ	......	၂၆၄
လေ့ကျင့်ခန်း (၁)	......	၂၆၅
ကမ္မစတုက္ကအဖွင့်	......	၂၆၇
ဂရုကံ စသည်လေးပါး	......	၂၇၃
ဒိဋ္ဌဓမ္မ စသောကံလေးပါး	......	၂၇၄
ပါကဋ္ဌာန ကံ လေးပါး	......	၂၇၅
ကမ္မဒွါရအားဖြင့်သုံးပါး	......	၂၇၆
သုရာပါန ဆုံးဖြတ်ချက်	......	၂၇၀
ဝစီကံလေးပါး	......	၂၀၀
မနောကံ သုံးပါး	......	၂၀၂
ကာမာဝစရကုသိုလ်ကံအဖွင့်	......	၂၀၅
ရူပဝစရကုသိုလ်	......	၂၀၈
အရူပဝစရကုသိုလ်	......	၂၉၀
မရဏစတုက္ကအဖွင့်	......	၃၀၀
မူလဋီကာ ရှင်းချက်	......	၃၀၈
ရူပ,အရူပ,ပဋိသန္ဓေစိတ်၏အာရုံအဖွင့်	......	၃၂၀

အကြောင်းအရာ		စာမျက်နှာ နံပါတ်
သံသာရာစက်လည်ပုံနှင့် ပြတ်ပုံ	......	၃၂၃
လေ့ကျင့်ခန်း (၂)	......	၃၂၅
ရုပ်ပိုင်း အဖွင့်	......	၃၂၇
ရုပသမုဒ္ဒေသ	......	၃၂၈
ဘူတရုပ် စသည်အဖွင့်	......	၃၂၈
ရူပဝိဘာဂ	......	၃၅၀
အဇ္ဈတ္တိက, ဗာဟိရရုပ်-စသည် အဖွင့်	......	၃၅၂
ရူပသမုဋ္ဌာန	......	၃၅၇
ကံနှင့်စိတ် အရကောက်	......	၃၅၈
ဥတု, အာဟာရ	......	၃၆၆
ကမ္မဇကောန်-စသည်	......	၃၆၉
လေ့ကျင့်ခန်း (၁)	......	၃၈၅
ရူပကလာပ	......	၃၇၇
ကမ္မဇကလာပ်-စသည်	......	၃၈၀
ရူပပဝတ္တိက္ကမ	......	၃၀၂
သံသေဒဇ,ဩပပါတိက-စသည်	......	၃၀၃
နိဗ္ဗာန်ပြဆိုခန်း	......	
လေ့ကျင့်ခန်း (၂)	......	၄၀၃
သမုစ္စည်းပိုင်းအဖွင့်		၄၀၅
အကုသလသင်္ဂဟ	......	၄၀၅
ဗုဒ္ဓဘာသာနှင့်သက္ကာယဒိဋ္ဌိ	......	၄၁၃
မိဿကသင်္ဂဟ	......	၄၂၀
ဗောဓိပက္ခိယသင်္ဂဟ	......	၄၃၈
သဗ္ဗသင်္ဂဟ	......	၄၄၆
လေ့ကျင့်ခန်း	......	၄၆၅

မာတိကာ

အကြောင်းအရာ			စာမျက်နှာ နံပါတ်
ပစ္စည်းပိုင်းအဖွင့်			
နည်း ၂-ပါး	......	......	၄၆၇
ပဋိစ္စသမုပ္ပါဒ်	......	......	၄၆၈
ပဌာန်းပစ္စည်းတစ်ပုံ	.....	......	၄၇၂
အစွန့်-စသည်ကို ပြဆိုချက်		......	၄၇၉
ပဌာန်းနည်း	......	......	၄၈၃
အာရမဏပစ္စည်း-စသည်		......	၄၈၄
လေ့ကျင့်ခဏ်း (၁)	......	......	၄၉၈
ပစ္စယနိဒ္ဒေသ	......	......	၄၉၉
ပညတ်ဝေဖန်ခဏ်း	......	......	၅၀၉
လေ့ကျင့်ခဏ်း (၂)	......	......	၅၂၃
ကမ္မဋ္ဌာန်းပိုင်း	......	......	၅၂၅
သမထ-စသည်	......	......	၅၂၅
စရိုက် ၆-ပါး အဖွင့်-စသည်		.....	၅၂၆
ဝေါစရဘေဒ	......	......	၅၃၈
လေ့ကျင့်ခဏ်း (၁)	......	......	၅၅၈
ဝိပဿနာကမ္မဋ္ဌာန်း	......	......	၅၅၉
သီလဝိသုဒ္ဓိ-စသည်	......	......	၅၅၉
နိဂုံး	......	......	၅၉၂

သဘောပြအဘိဓမ္မာမာတိကာပြီး၏။

သဘောပြ အဘိဓမ္မာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဌမဂါထာအဖွင့်

ကျမ်းဂန် ရေးသားရာ၌ ကျမ်းပြု ဆရာတို့ ထုံးတမ်းစဉ်လာ ဓမ္မတာအတိုင်း ပိဏ္ဍတ္ထ ငါးမျိုးကို ပြရိုး ရှိကြလေသည်။

ပိဏ္ဍတ္ထ ငါးမျိုး။ ။ပိဏ္ဍတ္ထ ငါးမျိုး ဟူသည်ကား

၁။ ရတနာသုံးပါးအား ရှိခိုးခြင်း
၂။ ကျမ်းဂန်၏ အနက်အဓိပ္ပါယ်
၃။ ကျမ်းဂန် ပြုပုံ
၄။ ကျမ်း၏ အမည်
၅။ ကျမ်းဂန်ကို သင်သဖြင့် ရရှိသောအကျိုး ဤသို့ ငါးမျိုး ရှိ၏။

ထို ငါးမျိုး တို့တွင် ရတနာ သုံးပါး၌ ရိုသေ လေးစား ခြင်းသည် ရတနာ သုံးပါးအား ရှိခိုး ခြင်းပင် ဖြစ်၏။ ထို ရတနာ သုံးပါးအား ရှိခိုးခြင်းကို သမ္မာသမ္ဗုဒ္ဓ မဘုလံ။ပ။ အဘိဝါဒိယ တိုင်အောင်သော ပုဒ်တို့ဖြင့် ပြ၏။

ကျမ်းဂန်တခုလုံးဖြင့် ပြအပ်သော ပဓာနဖြစ်သော စိတ်, စေတသိက် ရုပ်, နိဗ္ဗာန် ဟူသော အဘိဓမ္မာ၌ ဟောအပ်သော အနက်သည် ကျမ်းဂန်၏ အနက် မည်၏။ ထိုအနက်ကို အဘိဓမ္မတ္ထ သင်္ဂဟံ ပုဒ်ဝယ် အဘိဓမ္မတ္ထ သဒ္ဒါဖြင့် ပြ၏။

သဘောတူ တရားကို ပေါင်းရုံး ယူသော အားဖြင့် ကျမ်းဂန် ရေးသား ပြုစုပုံ အခြင်းအရာသည် ဂန္ထပ္ပကာရ မည်၏။ ထိုကို သင်္ဂဟ သဒ္ဒါဖြင့် ပြ၏။

အနက်အားလျော်စွာ ကျမ်းဂန်ကို အမည် ပေးခြင်းသည် ဂန္ထာဘိဓာန မည်၏။ ထိုကို အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ပုဒ်ဖြင့် ပြ၏။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို သင်ကြားခြင်း မေးမြန်းခြင်း စသော အားဖြင့် သက်သက် သာသာ တရားသရုပ်ကို သိရခြင်းမှစ၍ အနုပါဒါ ပရိနိဗ္ဗာန် တိုင်အောင် ကျမ်းဂန်၏ အကျိုးရင်း အကျိုးဆက်သည် ဂန္ထပယောဇန် မည်၏။ ထိုကို အဘိဓမ္မတ္ထ သင်္ဂဟ ပုဒ်ဖြင့်သာ သဒ္ဒါစွမ်း အားဖြင့် ပြလေသည်။

ကျမ်းဂန် ပြုစုရာ၌ ရတနာ သုံးပါးအား ရှိခိုးကြသည်မှာ ကျမ်းဂန် ပြုနေသော အခိုက် အနှောက် အရှက် ပေးလာမည့် အန္တရာယ်ကို တားမြစ်ရန် မင်္ဂလာပြုခြင်းပင်ဖြစ်၏။ ကျမ်းပြုဆရာတိုင်း အန္တရာယ်ကို တားမြစ်ရန်ကိုသာ လိုလား တောင့်တ ကြသည်။

ပဏာမကျိုး။ ။ရတနတ္တယဝန္ဒနာ ဟူသည် ရှိခိုးခြင်း ကြိယာကို ပြီးစေတတ်သော တခါဖြစ် ချွန်ကြွမ် ချွန်ကြွမ် အားဖြင့် အကြွမ်ပေါင်း ကုဋေ အသိန်းမက ဖြစ်သော ကြီးကျယ် ခမ်းနားသော အကျိုးဆက် ရှိသော ကုသိုလ် အယဉ်ကြီး ပင်တည်း။ ထိုကုသိုလ်ကြီးသည် အမွန်မြတ်ဆုံးသော ရတနာသုံးပါးတည်းဟူသော ကောင်းမှု စိုက်ပျိုးရာ လယ်မြေမှာ ကြီးပွါးရ လေသောကြောင့်၎င်း ကျမ်းပြုဆရာ၏ ကြီးကျယ်သော ဆန္ဒ, သဒ္ဓါ, ပညာဂုဏ် တည်းဟူသော သြဇာ ဓာတ်တို့ဖြင့် ထုံထား လေသောကြောင့်၎င်း တန်ခိုး စွမ်းရည် ကြီးကျယ်၏။ များပြားသော အကျိုးရင်း အကျိုးဆက် ရှိ၏။ လွန်ကဲ ထူးမြတ်သော ကုသိုလ်ကြီး ပေတည်း။

ထို ကုသိုလ်ကြီးသည် ကိုယ်တိုင် ပယောဂ ပြည့်စုံသော အဖြစ်မှာ တည်၍ အပြင်ပ၌ ပျက်စီးဖွယ်အကြောင်း မကောင်းဟူသမျှ ပယ်လျက် ပြည့်စုံခြင်း၏ အကြောင်းကို ဆောင်ကြဉ်းကာ အလွန် မွန်မြတ်သော ဥတု,စိတ်, အာဟာရ တို့ကြောင့် ဖြစ်သော ခန္ဓာကိုယ် အဌကလာပ်ကို ပွါးစေ၏။ ပဋိသန္ဓေ အချိန် အခါမှ စ၍ အခွင့် ရလာသော ဇနကကံကို အားပေး၏။ အခွင့်မရသေးသော ကုသိုလ်တပါးကိုလည်း အခွင့် ရရှိလေအောင် ပြုပေး၏။

အားပေးခြင်း ခံရသော ကုသိုလ်နှင့် အခွင့် ရလာသော ကုသိုလ်၊ ဤကုသိုလ် နှစ်မျိုးသည် ဖြစ်စေ အပ်သော ရုပ်စဉ်, နာမ်စဉ် တို့သည် ကျမ်းပြု အရှင်၏ သန္တာန်မှာ မြစ်ကြီး အစုံ သဖွယ် အားရှိ သထက် အားရှိ၍ ဖြစ်ကြသည်။

ထိုသို့ဖြစ်သောအခါ ဣဋ္ဌ အကျိုးအပေါင်းနှင့် ပြည့်စုံသော ကျမ်းပြု အရှင်၏ သန္တာန်မှာ အနိဋ္ဌ အကျိုး ဖြစ်သော ရောဂါ အသွယ်သွယ် အန္တရာယ် အမျိုးမျိုး အဆိုး အရပ်ရပ် ဖြစ်ပေါ်ခွင့် မရှိတော့ပေ။

ဣဋ္ဌ အကျိုး အစဉ်ကို တားမြစ်တတ်သော အနိဋ္ဌ အကျိုး အစဉ်ကို ဖြစ်စေ တတ်သော အကုသိုလ်ကံ တို့သည် အဝေးမှ ဖဲခွါကြ ကုန်၏။ ကံတို့မည်သည်ကုသိုလ်ဖြစ်စေ,အကုသိုလ်ဖြစ်စေ,မိမိအကျိုးပေးဘို့ရန် အခွင့် မရပါက အကျိုး မပေးကြ သည်သာတည်း။

သို့ဖြစ်၍ ကျမ်းပြု အရှင်၏ သန္တာန်မှာ အာယု, ဝဏ္ဏ စသော ဣဋ္ဌ အကျိုးတရားတို့သည် ကျမ်းဂန် ပြီးဆုံးသည့် တိုင်အောင် (သို့မဟုတ်) သက်တမ်း ကုန်ဆုံးသည့် တိုင်အောင် ကြီးပွါး တိုးတက်သော အတိုင်း၌ တည်ကာ ဖြစ်ကြ လေသည်။

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယုဝဏ္ဏော သုခံ ဗလံ။

ဟု-ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

အမြဲတမ်း အသက် ကြီးသူ ဂုဏ်ကြီး သူတို့အား ရှိခိုးလေ့ ရှိသော သက်ရွယ် ကြီးသူ ဂုဏ်ကြီး သူတို့အား လုပ်ကျွေး ပြုစုလေ့ ရှိသော သူအား အသက်ရှည်ခြင်း အဆင်းလှခြင်း ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း

ကိုယ်အား ဉာဏ်အား စွမ်းပကားနှင့် ပြည့်စုံခြင်း ဤ အကျိုးထူးတရားလေးပါးတို့ ပွါးတိုးကုန်၏။

ကျမ်းပြု အရှင်၏ ရတနာ သုံးပါးအား ရှိခိုး ခြင်းသည် ရေးသား ပြုစုသော ကျမ်းဂန်၏ အန္တရာယ် ကင်းသဖြင့် ပြီးစီးခြင်း အကျိုးရှိ၏။

ကျမ်းဆရာတွင် မဟုတ်၊ ကျမ်းကို သင်ကြားသူ စာသင် သားတို့၏ ကျမ်းစာသားကို မသင်ကြားရသေးမီ ရတနာသုံးပါးအား ရှိခိုးမှုပြီးလေ သောကြောင့် အန္တရာယ် ကင်းသဖြင့် သင်ယူခြင်း ကိစ္စ ပြည့်စုံခြင်း အကျိုးလည်းရှိ၏။

ဂန္ထာဘိဓေယျကို ပြခြင်း၊ ကျမ်းပြုပုံ အခြင်း အရာကို ပြခြင်းသည် ကျမ်းဂန်၌ သင်ကြား အားထုတ်မှုကို ဖြစ်စေခြင်း အကျိုးရှိ၏။

ကျမ်းအမည်ကို ပြဆိုခြင်းသည် အပြောအဆို အခေါ် အဝေါ် လွယ်ကူခြင်း အကျိုးရှိ၏။

ဤသည်ကား ကျမ်း၏ ပိဏ္ဍတ္ထအနက် ငါးမျိုးပေတည်း။

သမ္မာသမ္ဗုဒ္ဓ။ ။ဗုဒ္ဓမြတ်စွာသည် သိစကောင်းသော ဉေယျဓမ် တရားတို့ကို အကြွင်းမရှိ သိတော်မူ၏။ ပစ္စေကဗုဒ္ဓါ အရှင်တို့သည်ကား မိမိ၏အရာ၌သာလျှင် မပေါက်မပြန် သိကြ၏။ မိမိအရာ မဟုတ်သည်၌ကား အမိုက်မှောင် တွင်းသို့ ဝင်သူများ ပမာ ဖြစ်လေသည်။

ပစ္စေကဗုဒ္ဓါ အရှင်တို့၏ အသိဉာဏ် အာရုံသည် သဗ္ဗညုတဉာဏ် အာရုံကို ထောက်စာ လိုက်မူ လက်ဆုပ်တွင် ဖြစ်နေသော အာကာသပေါက်နှင့် အဇ္ဈာကာသခေါ် ကောင်းကင်ပေါက်ကြီးပမာ ကွာခြားလေသည်။

ပစ္စေကဗုဒ္ဓါ အရှင် တို့သည် ဖဿစ သော တရားများတွင် တရား တခုခုကို သော်လည်း နည်းလမ်း ကုန်စင်အောင် မသိစွမ်း နိုင်ကြ။ သဗ္ဗညု ဘုရားရှင်တို့ မှုကား အာရုံ မပြုနိုင် မကျက်စားနိုင်သော အရာမည်သည် မရှိ။

အစ မထင်သော သံသရာ, အဆုံး အပိုင်းအခြား မရှိသော လောကဓာတ်ကြီးတို့၌ သော်လည်း ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဟူသော

ကာလ သုံးပါး၌ ဖြစ်သော တရား, ကာလ သုံးပါးမှ လွတ်သော တရားတို့ကို လက်ပေါ် တင်ထား ပတ္တမြား သဖွယ် အကာ အကွယ် လွတ်၍ အညီအညွတ် သိတော်မူကြသည်။

တရား မှန်သမျှ ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော် ဝ၌ ထင်ကြ လေသည်။ ထိုတရား အားလုံး တို့သည် ဗောဓိမဏ္ဍိုင်ဝယ် အဘိဓမ္မာတရား အလုံးစုံကို သုံးသပ်တော် မူချိန်မှစ၍ အမြဲတမ်း ထင်ကြလေသည်။

သဗ္ဗညုမြတ်စွာဘုရားတို့သည် စိစစ်လိုသမျှတရားတို့ကိုအာဝဇ္ဇန်းဖြင့် အသီး အခြား ဆင်ခြင်၍ စိစစ်တော် မူကြသည်။ တရားတော် တွေက များ၍ ဘဝင်က နည်းသည်ဟု စောဒနာကောင်းသော အရာမဟုတ်ချေ။ ဤသို့ ဖြစ်ခြင်း သည်ကား လွန်ကဲ ထူးမြတ် ခြင်းသို့ ရောက်သော နာမ်တရားတို့၏ စွမ်းရည် သတ္တိ ပေတည်း။

ဗုဒ္ဓမြတ်စွာမှာ သင်ကြား ပြသပေးသော ဆရာ ဟူသည်မရှိ။ ဤတွင် စောဒနာဖွယ် အချက် ရှိသည်ကား ...... တတိယ သမာပတ်, စတုတ္ထ သမာတ်, အာရုပ္ပသမာပတ်တို့သည် အာဠာရနှင့် ဥဒကတို့ ထံမှ နည်းခံရသော သမာပတ်တို့ မဟုတ်ပါလော-ဟု စောဒနာငြားအံ့၊ မှန်ပါပေ၏။ သို့ပေမဲ့ ထိုသမာပတ်တို့သည် တစုံတရာ ပြင်ဆင်မှု မရှိ ရကာမတ္တသာ ဖြစ်၍ သုံးစွဲမှု ကင်းပြတ် စွန့်ပစ်အပ် လေသောကြောင့် နောင် အချိန်၌ သိခြင်း ကြိယာ၏ အခြေခံ မျှလည်း မဖြစ်ကြ။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာ၏ ဘုရားအဖြစ်၌ ဆရာရှိသည်၏ အဖြစ်ကို မပြီးစေနိုင်။

> တတ္ထ ကတမော စ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ။ ဣဓေ ကစ္စော ပုဂ္ဂလော ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတိ၊ တတ္ထ စ သဗ္ဗညုတံ ပါပုဏာတိ၊ ဗလေသု စ ဝသီဘာဝံ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ။

ထိုပုဂ္ဂိုလ် များတွင် သမ္မာသမ္ဗုဒ္ဓ ဟူသည် အဘယ် ပုဂ္ဂိုလ်မျိုးပါနည်း ? ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ရှေးက မကြားဘူးသော တရားတို့တွင် ကိုယ့်ဖါသာ သစ္စာ တရားတို့ကို ထွင်းဖေါက်၍ သိတော်မူ၏။ သို့ သိသောကြောင့်လည်း သဗ္ဗညု အဖြစ်သို့ ရောက်တော် မူ၏။ ဉာဏ်တော် ဆယ်ပါး တို့၌ ဝသီဘော် သို့လည်း ရောက်တော် မူ၏။ ဤပုဂ္ဂိုလ်ကို သမ္မာသမ္ဗုဒ္ဓ (ဘုရား) ဟု ဆိုအပ် လေသည်။

အတုလ။ ။သမ္မာသမ္ဗုဒ္ဓ ဟူသော ပုဒ်သည်ကား ဗုဒ္ဓ မြတ်စွာ၏ အမည်တော်ကို ပြဆိုသော ပုဒ်ဖြစ်၏။ ထို အမည်ပြ ပုဒ်ကို အထူး ကူမ ပေးရန် အတုလံ ဟူ၍ ဆိုရ ပြန်သည်။

ရှိခိုးမှုသည် ဂုဏ်ပုဒ်ပေါင်း များစွာဖြင့် မြှောက်ချီးထောမနာလျက် ရှိမှ စွမ်းအားနှင့်ပြည့်စုံ၏။ ဂုဏ်ပုဒ်တမျိုးတည်းနှင့်ပင် အန္တရာယ်ကင်း ပျောက်ခြင်း အကျိုးခံစားရမှ ဂုဏ်ပုဒ် အများဆိုသဖြင့် အကျိုး မည်သို့ ရှိပါသနည်း ? ဟု စောဒနာဖွယ်ရှိ၏။

အဖြေသော်ကား— ဂုဏ်ပုဒ် တမျိုးတည်း နှင့်လည်း အန္တရာယ် ကင်းပျောက်ကျိုး ရရှိပါ၏။ သို့ရာတွင် ပညာရှိ စာရင်းဝင် သူတို့ကား ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကို ချီးမွမ်းရာ၌ အတိုင်းအတာ မထားကြ။ သင်္ဂြိုဟ် ကျမ်းပြု အရှင်သည်လည်း ပညာရှိ ဂိုဏ်းဝင် တဦးပင် ဖြစ်၏။ သို့ဖြစ်၍ ဂုဏ်ပုဒ် အများဖြင့် ဗုဒ္ဓမြတ်စွာအား ချီးမွမ်းထောမနာ လေသည်။

တနည်းအားဖြင့်—ရှိခိုးခြင်းသည် အန္တရာယ်ကို မြစ်တားရုံတွင်သာ အလို ရှိအပ်သည် မဟုတ်၊ ပညာ တိုးပွါးမှု စသော အကျိုး ကိုလည်း အလိုရှိအပ် လေသည်။ ထို ပညာတိုးပွါးခြင်း စသည်သည် ချမ်းသာစွာ ကျမ်းဂန်ပြီးဆုံးခြင်း ကျမ်းဂန် စင်ကြယ်ခြင်း၏အကြောင်း အထောက် အပံ့ကောင်းလည်း ဖြစ်လေသည်။ အနုဿတိ ဌာနတွင် စိတ်၏ပွါးများမှု တည်ကြည်ငြိမ်သက် မှုလည်းဖြစ်၏။ စိတ်တည်ကြည်ငြိမ်သက်မှ ပညာ ဉာဏ် ထက်မြက်သည်။ အမှန်အကန်သိသည်။ သို့ဖြစ်၍ ကျမ်းဂန် ပြီးဆုံး ခြင်း အကျိုး ဉာဏ်ထက်မြက် လျင်မြန် အမြင် သန်ခြင်း အကျိုး၌ ဗုဒ္ဓ ဝန္ဒနာကို အား, အကောင်းဆုံး ဖြစ်ရလေအောင် ပြုသင့် ပြုထိုက်သည့် အလျောက် အတုလံ ဟူသော ဂုဏ်ပုဒ်ဖြင့် ချီးမြှောက်ထောက်ကူ ပေးရ ပြန်လေသည်။

န+တုလော = အတုလော။ တုလော=တူသူသည်။ န=မရှိ။ အတု လော=တူသူ မရှိသော ဘုရား။

နမေ အာစရိယော အတ္ထိ၊ သဒိသော မေ နဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိမေ ပဋိပုဂ္ဂလော။

နတ် နှင့် တကွသော လောကမှာ — ငါ ဘုရားအား ဆရာ မရှိ၊ ငါ ဘုရားအား တူသူ မရှိ၊ ငါ ဘုရားအား ဖက်ပြိုင် နိုင်သူ မရှိ။

ဗုဒ္ဓဘုရား ဖြစ်တော်မူလာမှ ဤကဲ့သို့ သူတကာနှင့် မတူသည် မဟုတ်သေး၊ မွေးဖွားစ အချိန်ကပင် အခြားသူနှင့် မတူသော အရာများ ထင်လာ ပေသည်။

ယောကျ်ားမြတ် ဖြစ်တော်မူသော ဗုဒ္ဓ မြတ်စွာသည် မွေးဖွားတော်မူပြီးစ ဖြစ်လျက် အရှေ့မျက်နှာသို့ လှည့်လျက် ရပ်တော်မူ၏။ ထိုအရပ် မျက်နှာ အတွင်၌ အဆုံး မရှိသော စကြဝဠာ တို့သည် ညီညီ ညာညာ တပြေးတည်း တပြင်တည်း ဖြစ်ကုန်၏။ ထို အရှေ့ စကြဝဠာ တို့၌ တည်နေသော နတ် ဗြဟ္မာ တို့သည် ယောကျ်ားမြတ်......ဤလောကမှာ အသင် နှင့် တူသည် မရှိဟု မွန်မြတ်သော ပူဇော် ခြင်းဖြင့် ပူဇော် ကြသည်။ အနောက် စကြဝဠာ, တောင် စကြဝဠာ, မြောက် စကြဝဠာ တို့သည်လည်း အရှေ့ စကြဝဠာ နည်းတူ ဖြစ်ကြ လေသည်။

ယောကျ်ားမြတ်သည် မိမိ၏ လောက၌ မြတ်သောပုဂ္ဂိုလ် အဖြစ်ကို သိ၍ အဂ္ဂေါ ဟ မသ္မိ လောကဿ စသည်ဖြင့် ကြော်က် ရွံ့ခြင်း ကင်းသည်း ကျုံးဝါးတော် မူ၏။

ဤမျှ ပဋိမဘဝ ရောက်၍ အံ့ဘွယ်ပြုသည် မဟုတ်သေး၊ သုမေဓာ ရသေ့ဘဝကပင် အံ့ဩဘွယ်ရာ ပြုတော်မူပေ၏။ အလောင်းတော်သည် သုမေဓာ ဖြစ်တော်မူစဉ် ဒီပင်္ကရာ မြတ်ဘုရား၏ အထံတော်၌ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းတော် မူရ၏။ ထိုအချိန် အခါ ကပင် ဒီပင်္ကရာ မြတ်ဘုရားမှ တပါး ပါရမီဂုဏ် အားဖြင့် ရှင်သုမေဓာ နှင့် တူသူမရှိ။ တသောင်းသော စကြဝဠာ သွက်သွက်ခါ တုန်လှုပ်ခြင်း စသည်သည် အခြား သူများနှင့် မဆက် ဆံသော အလောင်း တော်၏ ဂုဏ်များ ပေတည်း။ ထိုကဲ့သို့သော ဂုဏ်များကို ပစ္စေကဗုဒ္ဓါ အလောင်းတော် ပေါင်း ရာထောင် သော်လည်း မပြုစွမ်းနိုင်။ ထိုအချိန်က ရှင်သုမေဓာ၏ ဆည်းစု အပ်သော ပါရမီကြောင့် ဖြစ်သော ဉာဏ်တော် သည်လည်း အချိန် အခါ အလိုက် မိမိနှင့် ဆိုင်သော အရာမှာ သဗ္ဗညုတ ဉာဏ်နှင့် အလား တူသည်သာ ဖြစ်၏။

သာဝက ဗောဓိလောင်းတို့ပင် သော်လည်း အကြင် အခါမှ စ၍ မိမိဗောဓိဉာဏ်အား လျှောက်ပတ်သော ပါရမီ အဆောက်အဦ တို့ကို ကိုယ်တိုင် သိစွမ်း နိုင်၏။ ထို အခါမှ စ၍ မဆုတ် မနစ် ဖြစ်လျက် ဝဋ် ဆင်းရဲ၌ အမြဲလိုက်ပါနေသော ပုထုဇဉ်ကြီး၏အဖြစ်ကို ကျော်သွားကာ

ဗောဓိသတ်ဘုံသို့ ဆင်းသက်ကြကုန်သေး၏။ တရသော အကြောင်းဖြင့် စွဲမြဲကြလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်သာ ကိုးစားရာ ရှိသည် မည်ကုန်၏။ ယို အချိန် အခါ မှာသာ ဘုရားရှင် တို့၏ မျက်မှောက် ဖြစ်ခဲ့မှု နိယတ ဗျာဒိတ်ကို ရကြလေ သေးသည်။ သဗ္ဗညုဗောဓိသတ်, ပစ္စေကဗောဓိ သတ်တို့မှာ မူကား အဘယ် ပြောဖွယ်ရာ ရှိတော့ အံ့နည်း။

မှတ်ချက်။ ။နိယတသည်

၁။ ဗောဓိသတ္တ နိယတ
၂။ ရုဋ္ဌသောတာပန္န နိတယ
၃။ အရိယ သောတာပန္န နိယတ

ဟူ၍ သုံးမျိုးရှိ၏။ ထိုတွင် ဗောဓိသတ္တ နိယတသည် ဗောဓိဉာဏ်၏ အဆောက် အဦဖြစ်သော ပါရမီအားစွမ်းဖြင့် ပြီးလေသည်။ ရုဋ္ဌသောတာပန္န နိယတသည် ပဋိစ္စသမုပ္ပါဒ်ကို မှန်ကန်စွာ သိသော ဉာဏ်စွမ်း အားဖြင့် ပြီးလေသည်။ ။ အရိယ သောတာပန္န နိယတသည် သောတာပတ္တိ မဂ်ဉာဏ် အားစွမ်းဖြင့် ပြီးလေသည်။

သမ္ပဒါသုံးမျိုး။ ။သမ္မာသမ္ဗုဒ္ဓ အတုလံ ဟူသော နှစ်ပုဒ် တို့ဖြင့် သမ္ပဒါသုံးမျိုးကိုပြ၏။ ။သမ္ပဒါသုံးမျိုးဟူသည်

၁။ ဟေတု သမ္ပဒါ
၂။ ဖလ သမ္ပဒါ
၃။ သတ္တုပကာရ သမ္ပဒါတို့ပင် ဖြစ်၏။

ထိုတွင် မဟာကရုဏာတော်နှင့်ပြည့်စုံခြင်း ဗောဓိဉာဏ်၏အဆောက် အဦ ပါရမီထူးတို့ကို ဖြည့်ဆည်းပူးခြင်းသည် ဟေတုသမ္ပဒါ (အကြောင်း ပြည့်စုံခြင်း) မည်၏။ ဗောဓိမဏ္ဍိုင်မှာ ဖြစ်စေအပ်သော ၂၄-ကုဋေကျော် အာသဝက္ခယဉာဏ် ဟူသော သဗ္ဗညုမြတ်စွာ၏ ဝိပဿနာကြီးကိုလည်း ဟေတုသမ္ပဒါတွင် ထည့်သွင်းပါလေ။ ထို ဝိပဿနာကြီးသည် သဗ္ဗညု ဘုရားရှင်တို့ အရဟတ္တမဂ်ဉာဏ်၏ နီးသော အကြောင်းပင် ဖြစ်၏။

ဖလသမ္ပဒါ။ ။ဖလသမ္ပဒါသည်

၁။ ပဟာန သမ္ပဒါ
၂။ ဉာဏ သမ္ပဒါ
၃။ အာနုဘာဝ သမ္ပဒါ
၄။ ရူပကာယ သမ္ပဒါ

ဟူ၍ လေးမျိုး ရှိ၏။ ထိုတွင် ဘဝအဆက်ဆက် အထုံ ပါလာသော ဝါသနာစေတ်နှင့်တကွ ကိလေသာအပူစေတ်အားလုံးကို ပယ်ခြင်းသည် ပဟာန သမ္ပဒါ မည်၏။ ပဟာန သမ္ပဒါ ဟူသည် တရားကိုယ် အားဖြင့် အရဟတ္တ မဂ်ဉာဏ် ပင်တည်း။

သဗ္ဗညုတ ဉာဏ်နှင့် ဒသဗလဉာဏ် စသည် တို့ကား ဉာဏသမ္ပဒါ မည်၏။ မကြိစည် နိုင်သော အာနုဘော် ရှိသော သီလ စသော ဂုဏ်, တန်ခိုး အဖုံဖုံ တို့နှင့် ပြည့်စုံ ခြင်းသည် အာနုဘာဝ သမ္ပဒါ မည်၏။ လက္ခဏာတော်ကြီး ၃၂-သွယ်၊ လက္ခဏာတော်ငယ် ၈၀ ဆယ် တို့ဖြင့် တန်းဆာဆင်အပ်သော ရူပကာယတော်၏ ပြည့်စုံခြင်းသည် ရူပကာယ သမ္ပဒါ မည်၏။

သတ္တုပကာရသမ္ပဒါ။ ။သတ္တုပကာရ သမ္ပဒါသည်

၁။ အာသယ သမ္ပဒါ

၂။ ပယောဂ သမ္ပဒါ

ဟု နှစ်မျိုး ရှိ၏။ အလိုဆန္ဒတော်၏ ကြီးကျယ် သည်၏အဖြစ်, ကိုယ်ဖြင့် အားထုတ်မှု နှုတ်ဖြင့်အားထုတ်မှု၏ သန့်သန့်ရှင်းရှင်း စင်ကြယ်သည်၏ အဖြစ်ပင်တည်း။

ဗုဒ္ဓမြတ်စွာသည် ဒေဝဒတ် စသော ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တို့၌ သော်လည်း အမြဲတစေ အကျိုးစီးပွါးကို လိုလားတော်မူပေ၏။ ဤကဲ့သို့ လိုလားတော် မူခြင်းသည် အာသယ သမ္ပဒါ ပေတည်း။

လောက၌ ကျော်စော ထင်ရှားသော ရေမြေအရှင် ဘုရင်ကြီးများ, နန်းရင်း ဝန်ကြီးများ, သေဋ္ဌေး သူကြွယ်များ နတ်မင်းကြီး များအား တရား ဒေသနာ ဟောကြား ပါသော်လည်း ပူဇော် သက္ကာကို ငဲ့ကွက် ခြင်းမရှိ ဖြူဖြူ စင်စင် ဟောကြားတော် မူ၏။ ဤကဲ့သို့ တရား ဒေသနာ ဟောပြ အားထုတ်မှု၏ စင်ကြယ် ခြင်းသည် ပယောဂ သမ္ပဒါ မည်၏။

ပဟာန သမ္ပဒါနှင့် ဉာဏသမ္ပဒါကို သမ္ဗာသမ္ဗုဒ္ဓ ပုဒ်ဖြင့် ပြသည်။ အာနုဘာဝ သမ္ပဒါ, ရူပကာယ သမ္ပဒါ, သတ္တုပကာရ သမ္ပဒါတို့ကို အတုလပုဒ်ဖြင့် ပြသည်။ ဟေတုသမ္ပဒါကို သမ္ဗာသမ္ဗုဒ္ဓပုဒ် အတုလပုဒ် နှစ်ပါး၏ သဒ္ဒါစွမ်း အားဖြင့် ပြသည်။ ဟေတု သမ္ပဒါ နှင့် ကင်း၍ အခြား သမ္ပဒါများ ဖြစ်စွမ်းနိုင်မှု မရှိဟု မှတ်လေ။

ရှိခိုးခြင်း ဝန္ဒနာကို အား, အရှိဆုံး ဖြစ်လေအောင် ပြုရန် အတွက် သဿဒ္ဓမ္မ ဂဏုတ္တမံ ဟူသော ပုဒ်ကို ဆက်လက် အားထုတ်ရ ပြန်၏။ ထိုပုဒ်ကို ဆိုခြင်း အားဖြင့် တရား သံဃာ တို့အား ရှိခိုးမှု ကိစ္စ ပြီးစီး လေတော့သည်။

သဒ္ဓမ္မ။ ။မိမိကို ကျင့်ဆောင်သူတို့အား ဆောင်သွား တတ်သည်ကား ဓမ္မ မည်၏။ တရားသည် တရားကျင့်သူကို စောင့်ရှောက်၏ ဟု ဗုဒ္ဓမြတ်စွာ ဟောတော် မူလေပြီ။ တရားသည် အပါယ် လေးပါးနှင့် ဝဋ်ဆင်းရဲတို့၌ မကျ မရောက်ရ လေအောင် ဆောင်ရွက်သည်။

သတ္တဝါတို့သည် ကိလေသာ၏ သတ္တိစွမ်းရည်ဖြင့် အပါယ်လေးဘုံ တို့၌လည်း ကျရောက်ရသည်။ ဝဋ်ဆင်းရဲတို့၌လည်း ကျရောက်ရသည်။ ထိုသို့ အပါယ်ဘုံ ဝဋ်ဆင်းရဲတို့၌ ကျရောက်စေတတ်သော ကိလေသာ တရားတို့ကို မိမိတို့ စွမ်းရည် ရှိသလောက် တဒင်္ဂ၊ ဝိက္ခမ္ဘန, သို့မဟုတ် အကြွင်းအကျန်မရှိ ဖြတ်တောက် ပစ်ခြင်းကိုပင် ဓာရဏဟု ခေါ်၏။

မုချအားဖြင့် ဓမ္မ ဟူသည် မဂ်လေးပါးနှင့် နိဗ္ဗာန်ပင်တည်း။ အရိယ မဂ်တို့သည် ကိလေသာကို ဖြတ်ကြသောအခါ နိဗ္ဗာန် နှင့် တကွဖြစ်၍ အကြွင်း မရှိအောင် ဖြတ်လေသည်။ သို့ဖြစ်၍ မဂ်လေးပါး နှင့် နိဗ္ဗာန် ဤတရား ငါးပါးကို မုချဓမ္မဟု ဆိုရ လေသည်။ ပရိယတ် တရားသည် ကိလေသာကို ဖြတ်ခြင်း၏ အကြောင်း ဖြစ်လေသည်။ ဖိုလ်လေးပါး သည်ကား ကိလေသာကို အကြွင်းမဲ့ ဖြတ်တတ်သော မဂ် လေးပါး၏ အကျိုး ဖြစ်လေသည်။ ပရိယတ်နှင့် ဖိုလ်တို့သည် ကိလေသာ ငြိမ်းမှု၏ အစွမ်း အားဖြင့် ဖြစ်လေ သောကြောင့် ဓမ္မ၏ ဓာရဏ ကြိယာ နှင့် လျောက်ပတ်ကြလေသည်။ ပရိယတ်နှင့်ဖိုလ်လေးပါးမူကား ပရိယာယ် တရားသာ ဖြစ်၏ဟု မှတ်လေ။

ဝန္ဒနာ။ ။ဆောင်အပ် ဆောင်ထိုက်သောကြောင့် တရားမည်၏။ ပြဆိုခဲ့သော တရားများကိုပင် အရ ကောက်ပါလေ။ ဆောင်အပ်သော တရားများတွင် မဂ်လေးပါး တရားများကို ဘာဝနာ၏ အစွမ်းအားဖြင့်, နိဗ္ဗာန်တရားများကို မျက်မှောက် ပြုသော အားဖြင့်, ဖိုလ်တရားများကို မျက်မှောက် ဘဝမှာ ချမ်းသာစွာ နေရမှုဖြင့်, ပရိယတ် တရား များကို သင်ယူခြင်း နှုတ်တက်ရွရွ ရစေခြင်း အားဖြင့် ဆောင်အပ် လေသည်။ ဤသို့ ဆောင်အပ်သည့် အလျောက် ဆောင်ပါမူ ထိုဆောင်အပ်သော

တရား များက တရား ဆောင်ရွက် သူကို တရား စွမ်းရည် အလျောက် အပါယ် ဆင်းရဲ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေ၏။ မွန်မြတ်သော ဖိုလ် ချမ်းသာ နိဗ္ဗာန်ချမ်းသာ၌ တည်စေ၏။

တရားသည် မဂ်လေးပါး ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ် အားဖြင့် ဆယ်မျိုးသာရှိ၏။ ပဋိပတ်ကိုလည်း တရား တခု အဖြစ် ထည့်သွင်း၍ ၁၁-ခု ဖြစ်ကောင်းအံ့လောဟု မေးခဲ့ပါမူ မဖြစ်ကောင်းပါဟု ဖြေကြား ရမည်။ အကြောင်း သော်ကား ပဋိပတ် တရားသည် မဂ်၏ ရှေ့ပိုင်း အကျင့် တရားမျှသာ ဖြစ်၍ မဂ်၌ ထည့်သွင်း ရေတွက်အပ် လေသော ကြောင့်တည်း။ ပုဗ္ဗစေတနာကို ဒါနမှာ သွင်းသကဲ့သို့ ပင်တည်း။ သို့ဖြစ်သောကြောင့်တရားသည် ၁၁-မျိုးမရှိ။ ၁၀-မျိုးသာရှိလေသည်။

တနည်း။ ။အကြွင် အတ္တ အားဖြင့် ပရိယတ် တရားကို ဓမ္မအရာ၌ ရေတွက်၏။ ထိုအတ္တ အားဖြင့် ပရိယတ်ဆောင် ပုဂ္ဂိုလ်ကိုလည်း ရှိခိုး ထိုက်သော အရိယာသံဃာ၌ ရေတွက်အပ် လေသည်။ အကြွင်အတ္တဖြင့် ကလျာဏ ပုထုဇဉ် သံဃာကို သေက္ခ သံဃာ၌ ရေတွက် အပ်၏။ ထိုအတ္တအားဖြင့် ထိုကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်၏ ကလျာဏ ဖြစ်ရန် အတွက် အကြောင်း ဖြစ်သော ပဋိပတ် အကျင့် တရားကိုလည်း ရှိခိုး ထိုက်သော တရား၌ ရေတွက်အပ် လေသည်။ ထိုကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်သည် ပုထုဇဉ်ပင် ဖြစ်သော်လည်း အကြွင် တရားတို့နှင့် ပြည့်စုံ ခြင်းကြောင့် သေက္ခပုဂ္ဂိုလ်၌ ရေတွက်အပ်၏။ ထိုတရားတို့ကို သေက္ခ ဖြစ်သော သောတာပတ္တိ မဂ်တရား၌ မရေတွက်အပ်ဟု မဆိုစကောင်း ပါပေ။ ဤမျှသော စကား ရပ်ဖြင့် ပုထုဇဉ် သံဃာအား ကိုးကွယ် ဆည်းကပ်သဖြင့် သရဏဂုံ မပြည့်စုံ ဆိုသော ဆရာတို့၏ စကားကို မြစ်တား လေသည်။

ဗုဒ္ဓမြတ်စွာသည် ဆရာအရာ၌ ထား၍ ချီးကျူး အပ်သော ပရိယတ် တရားတော်ကို ဆောင်သော ပုဂ္ဂိုလ်သည် ကလျာဏ ပဋိပတ်၌ တည် သူလည်းရှိ၏။ မတည်သူလည်းရှိ၏။ စာပေကျမ်းဂန်ကို လမ်းမှန်အောင် တတ်သိ သော်လည်း မကျင့်မကြံဘဲ ဝိနည်းတော်နှင့် ဝိလာပြုလုပ်နေ၏။ စာတခြား လူတခြား ဖြစ်နေ၏။ ထိုပုဂ္ဂိုလ်မျိုးမှုကား ကိုယ်ရေးကိုယ်တာ အတွက်သော်ပင် မဖူလုံပေ။ သူတပါး ကိုးစားရာ အတွက်ကား ပြော ဖွယ်ရာ မရှိတော့ပေ။ မြတ်စွာဘုရားသည် ထိုပုဂ္ဂိုလ် မျိုးကို ရှုတ်ချ ကဲ့ရဲ့တော်မူ၏။ သံဃာသရဏ အရ၌လည်း မပါဝင်လေ။

သဒ္ဓမ္မော၌ သန္တာနံ+ဓမ္မော=သဒ္ဓမ္မောဟု ဝိဂြိုဟ်ပြု။ ကိလေသာမီး ငြိမ်း၍ ချီးကျူးထိုက် ပူဇော်ထိုက်သော ပညာရှိသူတော်ကောင်းတို့၏ တရားသည် သဒ္ဓမ္မမည်၏။ **တနည်းအားဖြင့်**—ကိလေသာမီးငြိမ်းသော သူတော်ကောင်းသည် သန္တ အမည်ရ၍ သူ၏ တရားသည်လည်း သန္တ မည်၏။ သို့ဖြစ်၍ သန္တ နှင့် ဓမ္မကို အရတူ ပြု၍ သန္တော + ဓမ္မော = သဒ္ဓမ္မောဟု ဝိဂြိုဟ်ပြု။ သန္တော၊ ချီးမွမ်းအပ် ပူဇော်အပ်သော။ ဓမ္မော၊ တရားသည်။ သဒ္ဓမ္မော၊ သဒ္ဓမ္မ မည်၏။

တိတ္ထိ တရားသည် ဆောင်ရွက် ကျင့်ကြံ သူများကို တမျိုး တမည် ဖေါက်ဖေါက် ပြန်ပြန် ဖြစ်စေသကဲ့သို့ ဗုဒ္ဓတရားတော်သည် မဖြစ်စေ။ တိတ္ထိတရားသည် အကျိုးရှိမည်အထင်နှင့် ဆောင်ရွက်ကျင့်ကြံသူအား အကျိုးမဲ့ ကိုသာ ပြည့်စေ၏။ ဗုဒ္ဓ တရားတော် မူကား အကျိုး ရှိမည် အထင်နှင့် ကျင့်ကြံ ဆောင်ရွက် သူအား အကျိုးတရားနှင့် ပြည့်စေ၏။

ဂဏုတ္တမ။ ။လောက၌ အယူသီလ ညီမျှသော ပုဂ္ဂိုလ်စုကို ဂဏ (ဂိုဏ်း) ဟု ခေါ်ဆို၏။ ဤနေရာ၌ မြတ်သော သီလ ဂုဏ်နှင့်ပြည့်စုံသော ဗုဒ္ဓမြတ်စွာ၏ တပည့်စုကို ဥတ္တမဂဏ (မြတ်သော ဂိုဏ်း) ဟု ခေါ်၏။ ။ဂိုဏ်း နှင့် သံဃာသည် အတူတူပင် ဖြစ်၏။ ထိုသံဃာသည် (၁) သမ္မုတိသံဃာ (၂) ဒက္ခိဏေယျ သံဃာ ဟု နှစ်မျိုးရှိ၏။ ထိုတွင် ညီညွတ်သော သံဃာသည် ပြုအပ်သော ဥပသမ္ပဒကံ (ပဉ္စင်းခံအမှု) သည် သမ္မုတိမည်၏။ ထိုသမ္မုတိဖြင့် ပဉ္စင်းဘဝသို့ ရောက်၍ တည်သော ရဟန်း အပေါင်းသည် **သမ္မုတိသံဃာ** မည်၏။ ဝိနည်းကံ အရာ၌ ထင်ရှား၏။

ဒက္ခိဏေယျ သံဃာ ဟူသည် ရှစ်ယောက်သော ပုဂ္ဂိုလ် အပေါင်း တည်း။ ထိုပုဂ္ဂိုလ် ရှစ်ယောက်သည် သမ္မုတိ သံဃာ၌ ပါဝင်သော်လည်း သရဏဂုဏ်အရာ, ရှိခိုးပူဇော်ရာ, ဂုဏ်ကို အောက်မေ့ ရာတို့၌ အလွန်မွန်မြတ်သော ကောင်းမှုကုသိုလ် စိုက်ပျိုးရာ လယ်တာကောင်း ကြီးဖြစ်၏။ ထိုသို့ ကောင်းမှု စိုက်ပျိုးရာ ပုညခေတ် အထူးကို သိမ်း ဆည်းရန်အတွက် ဗုဒ္ဓမြတ်စွာသည် ဒက္ခိဏေယျသံဃာကို အသီးအခြား ချီးမွမ်း၍ မိန့်တော်မူ၏။ ပုထုဇဉ်သံဃာ မူကား ကောင်းမှု စိုက်ပျိုးဘို့ လယ်တာ ဖြစ်သော်လည်း အတုမရှိသော ကောင်းမှုစိုက်ပျိုးရာ လယ်တာ

မဟုတ်ချေ။ အဘယ့်ကြောင့် ဆိုသော်—သားလေး ဗိုက်ပျူး ရာမှာ မြက်ပင်တွေပါဝင်နေသဖြင့်မသန့်ရှင်းသောလယ်မြေဖြစ်သကဲ့သို့ ပုထုဇဉ်သံဃာ၏ သန္တာန်မှာ သက္ကာယ ဒိဋ္ဌိ တရားစု ဝိစိကိစ္ဆာ တရားစုတွေ ပရိယုဋ္ဌာန အနေဖြင့် မထကြွစေကာမူ အနုသယ အနေနှင့် ကိန်းလျက်ရှိနေသောကြောင့် ပင်တည်း။

အဘိဝါဒိယ။ ။မွန်မြတ်သော သီလဂုဏ် စသည် ရှိ၍ ရှိခိုးထိုက်သည့်အလျောက် မွန်မွန်မြတ်မြတ် ရှိခိုးခြင်းသည် အထူး ရှိခိုး ခြင်းပင် ဖြစ်၏။ ရှိခိုး ခံထိုက်သော ဂုဏ်ရှိသော ရတနာသုံးပါးအား ရှိခိုးရခြင်းသည် မွန်မြတ်၏။ ရှိခိုး မခံထိုက် သူအား ရှိခိုးရခြင်းသည် ရှိခိုးရ သူမှာ မမွန်မြတ်ပေ။ မွန်မြတ်သော ရှိခိုးခြင်းမှ မွန်မြတ်သော အကျိုးကို ရ၏။

ရှိခိုးခြင်း သုံးမျိုး။ ။ရှိခိုးခြင်းသည်

၁။ ကာယဒွါရဖြင့် ရှိခိုးခြင်း
၂။ ဝစီဒွါရဖြင့် ရှိခိုးခြင်း
၃။ မနောဒွါရဖြင့် ရှိခိုးခြင်း

ဟု သုံးမျိုးရှိ၏။ ထိုတွင် မွန်မြတ်သော စိတ်ရှိလျက် ထိခြင်း ငါးပါးကို ထိစေကာ ရှိခိုးထိုက်သော ရတနာသုံးပါးအား ရှိခိုးခြင်းသည် ကာယဒွါရဖြင့် ရှိခိုးခြင်းမည်၏။ ဂုဏ်ပုဒ်များကို နှုတ်ဖြင့်ချီးမွမ်းထောမနာခြင်းသည် ဝစီဒွါရဖြင့် ရှိခိုးခြင်းမည်၏။ ဘုရား ရှိခိုးပါ၏ စသည်ဖြင့် နှုတ်ကဆိုခြင်းသည် ဝစီဒွါရဖြင့် ရှိခိုးခြင်းပင်တည်း။ ရတနာသုံးပါး၏ ဂုဏ်ကို စိတ်ဖြင့် တွေးတော နေခြင်းသည် မနောဒွါရဖြင့် ရှိခိုးခြင်း မည်၏။

အဘိဓမ္မတ္ထသင်္ဂဟ။ ။အဘိဓမ္မာ ခုနစ်ကျမ်း၌ ပြဆို အပ်သော အနက် တို့သည် အဘိဓမ္မတ္ထ မည်၏။ ထိုအဘိဓမ္မတ္ထ တို့ကို ပေါင်းယူရာ ဖြစ်သော ကျမ်းသည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်၏။

အဘိဓမ္မ။ ။လွန်ကဲသော ပါဠိ ထူးသော ပါဠိသည် အဘိဓမ္မာ မည်၏။ အဘိဓမ္မ ဟူသော ပုဒ်၌ ဓမ္မ သဒ္ဒါသည် ဝိနည်းမှတပါး သုတ္တန်နှင့် အဘိဓမ္မာ ပါဠိနှစ်ရပ်ကို ဟောနေ၏။ ထိုပါဠိ နှစ်ရပ်သည် အာဏာ အစီအရင်ဖြစ်သော ဝိနည်းကိစ္စမှတပါး ကုသိုလ်

စသော ပရမတ္ထ တရားများကို ပြပေ၏။ ဤသို့ ပြနေသော သုတ္တန်–အဘိဓမ္မာပါဠိ နှစ်ရပ်တွင် အဘိဓမ္မာပါဠိကား သုတ္တန်ပါဠိထက်ပိုမို၏၊ထူး၏။ သုတ္တန်ပါဠိတော်မှာ ပရမတ္ထတရားများကို အပြည့်အစုံမပြ၊ အချို့ အဝက်သာ ပြ၏။ အဘိဓမ္မာ ကျမှသာ ပရမတ္ထတရားများကို အပြည့်အစုံ ပြ၏။ သို့ဖြစ်၍ အဘိဓမ္မာက သုတ္တန်ထက် ပိုလွန်လေသည်၊ ထူးလေသည်။

ဓမ္မ,ဝိနယ။ ။ဤနေရာ၌ ဓမ္မ စသော ကွဲပြားချက်ကို ပြကြဦးစို့။ ၁။ ဓမ္မ၊ ၂။ အဘိဓမ္မ၊ ၃။ ဝိနယ၊ ၄။ အဘိဝိနယ–ဟု လေးမျိုး ရှိ၏။ ထိုတွင် သုတ္တန် ပိဋကသည် ဓမ္မ, ဓမ္မ သင်္ဂဏီ စသော ခုနစ်ကျမ်းသည် အဘိဓမ္မ, ဥဘတော ဝိဘင်းသည် ဝိနယ, ခန္ဓက, ပရိဝါရတို့သည် အဘိဝိနယ မည်၏။

ဗုဒ္ဓမြတ်စွာသည် အဘိဓမ္မာ ဒေသနာတော်ကို နတ်ပြည်၌သာ ဟောတော်မူ၏။ လူ့ပြည်၌ မဟော။ အကြောင်းသော်ကား–လူသားတို့သည် သုံးလ ပတ်လုံး တဆက်တည်း ဟောကြားသော အဘိဓမ္မာ တရားကို ဣရိယာပုထ်တခုတည်းဖြင့် အစမှအဆုံးတိုင်အောင် မနာစွမ်းနိုင်ကြပေ။ မာတိကာအစဉ် တခုဖြင့် ဖွဲ့ထားသော စကားစဉ် တခုကို သော်လည်း အခိုက် အတန့် အမျိုးမျိုးမှာ လူ အမျိုးမျိုး တို့အား မဟောစွမ်း နိုင်ပေ။ သို့ဖြစ်၍ နတ်ပြည်မှာသာ ဟောလေသည်။

ဒုတိယဂါထာအဖွင့်

သစ္စာ ၂-ပါး။ ။သစ္စာတရားသည် သမုတိသစ္စာ, ပရမတ္ထသစ္စာ အားဖြင့် နှစ်မျိုးရှိ၏။ ထိုတွင် သတ္တပုဂ္ဂလ အတ္တဇီဝ စသော သိမှတ် ဖွယ်သော ပညတ် အမျိုးမျိုး တို့သည် ပင်ကိုယ်သဘောမှန် အားဖြင့် အဟုတ်ရှိ တကယ်ရှိ တရားမျိုးမဟုတ်။ သဘောမှန်ကို ပိုင်းခြား သိတတ်သော ဉာဏ်မှ ကင်း ချို့သော လူပြိန်းတို့ စိတ်အစဉ်မှာသာ ကြီးကျယ် ခမ်းနား၍ အဟုတ်ရှိ တကယ်ရှိကဲ့သို့ ထင်မှားကုန်၏။ တညီတညွတ်တည်း အဆိုပါ သတ္တ စသည်တို့၏ ကြေနထင်ရှားရှိမှုအားဖြင့် ယူမှားပြီးလျှင် သတ္တ စသော ထိုထို သို့သော အခြင်းအရာအားဖြင့် အပြောကျယ်စွာ ခေါ်ဝေါ် ပြောဆို သုံးနှုန်းကြ၏။ ဝန်ခံလည်း ဝန်ခံကြ၏။ ယင်း လူပြိန်း များစွာတို့ သမုတ်မှုကြောင့်ရင်း ဝစီသစ္စာ, ဝိရတိသစ္စာတို့၏အခြေခံတည်မှီရာ ဖြစ်သောကြောင့်ရင်း **သမုတိသစ္စာ** ဟု ခေါ်ဆိုအပ်ကုန်၏။ ယင်း သမုတိသစ္စာနယ်၌တည်၍ကောင်းကောင်း မွန်မွန် ကျင့်ကြံ အားထုတ် သူတို့သည် လောကီသမ္ပတ်ရိပ်ငြိမ် စည်းစိမ်ချမ်းသာ အဖြာအဖြာ တို့ကိုသော်ရင်း ဗောဓိဉာဏ်၏ အဆောက် အဦဖြစ်သော တရား ဟူသမျှ တို့ကိုသော်ရင်း ပြီးမြောက် စေနိုင် ကုန်၏။ ဖေါက်ဖေါက်ပြားပြား ကျင့်မှားသူတို့အဘို့မှာကား အပါယ်လေးပါးစာ ဖြစ်တတ်ကုန်၏။ ဤသို့လျှင် သမုတိသစ္စာနယ် ကျယ်ဝန်းလှ၏။ သို့ပေမင့် ပရမတ္ထသစ္စာနယ်သို့ ရောက်သော အခါ အမှန်တရား မဟုတ်တော့ချေ၊ မှန်လှ၏။ ပင်ကိုယ် သဘောရင်း အားဖြင့် အဟုတ်ရှိ တကယ် ရှိသော တရားမျိုး မဟုတ် ပါဘဲလျက် လူများစွာတို့ကို အဟုတ်ရှိ တကယ်ရှိဟု ယူမှား စေ၏။ ယင်း သမုတိ သစ္စာသည်ပင် သက္ကာယဒိဋ္ဌိ နှစ်ဆယ်, ခြောက်ဆဲ့ နှစ်ပါးသော ဒိဋ္ဌိမျိုး, သုံးပါးသော မိစ္ဆာဒိဋ္ဌိ ကြီးတို့၏ ဖြစ်ပွါးရန်အခြေခံဝတ္ထုကြီးဖြစ်၍ အသိဉာဏ်ကင်းမဲ့သူ လူပြိန်းလူမိုက်တို့အား ဝဋ်ဆင်းရဲမှ လွတ်မြောက်ခွင့်မပေးတတ်သောတရားပင်ဖြစ်၏။ သို့ကလို သမုတိ သစ္စာ၏ ဖေါက်ဖေါက် ပြန်ပြန် မှုမမှန် မှုကိုရင်း ကြီးကျယ် မြင့်မား အပြစ်များမှုကိုရင်း သိပါလေ။

ပရမတ္ထသစ္စာ။ ။ပရမတ္ထသစ္စာသည်လည်း
၁။ သဘာဝ သစ္စာ
၂။ အရိယ သစ္စာ ဟု နှစ်မျိုး ရှိ၏။

အဘိဓမ္မာ ချနစ်ကျမ်း၌ ဝေဘန် အပ်သော ကုသိုလ် စသော တရားမျိုးတို့သည် သဘာဝ သစ္စာ မည်၏။ ယင်း ကုသိုလ် စသော တရားမျိုးတို့သည် မိမိတို့ အလိုလို ပင်ကိုယ် သဘောရင်း အားဖြင့် အဟုတ်ရှိ တကယ် ရှိသော တရားဖြစ်၏။ ကုသိုလ် စသော တရားမျိုး မည်သည် ရှိ၏၊ သုခဝေဒနာ စသော တရားမျိုး မည်သည်ရှိ၏ ဟု ယူသော်လည်း မှားယွင်းမှု မရှိချေ။ သို့ပေမင့် အရိယသစ္စာ နယ်သို့ ရောက်သော အခါ အချို့ တရားများက သစ္စာ မဟုတ်တော့ချေ။

ထိုစကား မှန်ပါ ပေ၏။ အချင်းချင်း ခံစား ရပုံ ကွဲပြား မှုကြောင့် ဝေဒနာသည် သုခ,ဒုက္ခ,အဒုက္ခမသုခ-ဟု ကွဲပြား လာရ၏။ ထိုဝေဒနာ သုံးပါးတွင် သုခဝေဒနာ ဟု ဟောတော် မူရာဝယ် မည်သည့် အခါမျှ ဆင်းရဲမှုမပါ တလျောက်လုံး ချမ်းသာသည်ဖြစ်၍ ဘုရားရှင်ဟောသည် မဟုတ် ခဲ့ပါ။ အချင်းချင်း ခံစားမှုကို ထောက်ထား၍သာ ဟောတော် မူခြင်း ဖြစ်လေသည်။ စင်စစ် အားဖြင့် အလုံးစုံသော ဝေဒနာတို့သည် အနိစ္စ စသော အခြင်း အရာ နှင့် မကင်းရှာနိုင် သေးသော တရားမျိုး ဖြစ်၍ ဒုက္ခသာ အမှန် ဖြစ်ကြ လေသည်။

ဎင်းပြင် ကုသိုလ် တရားသည် အပြစ်မရှိ ကောင်းကျိုးကို ပေး၏ ဟု ဆိုရာမှာလည်း အကုသိုလ်ကို ထောက်ထား၍ ပြောခြင်းမျှသာ ဖြစ်၏။ ဘုံသုံးပါး၌ ဖြစ်သော ကုသိုလ် တရားသည် အာသဝေါတရား လေးပါးတို့၏ အာရုံ အဖြစ်မှ မလွတ်။ သံကိလေသ အပူမီး ဟပ်လျက်ပင် ရှိ၏။ သြဃတရား, ယောဂတရား, ဥပါဒါန် တရား တို့၏ ကြီးပွါး တိုးတက် ဆက်လက် တည်တန့် နေနိုင်ရန် မြေဩဇာ သဖွယ် ဖြစ်၏။ ဤသို့ အကုသိုလ်၏ ကျက်စားရာ နယ်ပယ်မှ မလွတ်ကင်းသေးသည့်အတွက် အပြစ်ကင်းသည် ဟု မဆိုနိုင်ပါချေ၊ ဒုက္ခသစ္စာ ဖြစ်သော ဝိပါက်တရား တို့ကို ဖြစ်ပွါး စေမှု ကြောင့်လည်း စင်စစ် အားဖြင့် မကောင်းသော အကျိုးဝိပါက် ရှိကြသည် ချည်းသာ ဖြစ်၏။

အထက်၌ အတ္တဇီဝ စသည် တို့သည် သဘော တရားကိုယ် အနှစ် အနယ်အားဖြင့် တစုံတရာမရှိဟု ဆိုခဲ့ရာ—ဓမ္မသင်္ဂဏီပါဠိတော် အနတ္တ တိက်နှင့် ဆန့်ကျင် နေပြန်၏။

ဆန့်ကျင်ပုံ။ ။အနတ္တ ဟူသည် အတ္တကိုစွဲမှီ၍ ဖြစ်သော တရားဟု ဆိုလိုသည်။ အထက်ပါ အတ္တ၌ တရားကိုယ်ရမရှိ၊ ပညတ်သက်သက်မျှ ဖြစ်သည်။ အနတ္တတိက်တွင် ဟောသော အတ္တ မူကား ပရမတ္ထတရား ဖြစ်သော စိတ်, စေတသိက် ရုပ်, နာမ် တွေကို ရနေပြန် လေသည်။ သို့ဖြစ်၍ သဘာဝ အားဖြင့် ရှိ,မရှိ စကား နှစ်ပြင် ဆန့်ကျင် နေသည်။

အနတ္တ တိက်တွင် အတ္တအရ စိတ်, စေတသိက် ရုပ်တွေကို ယူ၍ ဘုရားဟောတော် မူသည်ကား လူအားလုံး၏ သမုတ် ပြောဆို ချက်ကို စွဲ၍ ဟောတော် မူခြင်းသာ ဖြစ်၏။ (**သမုတိပညတ်ပင်တည်း**) လောကီ သားတို့သည် စိတ်,စေတသိက် အစုတ္တိကရုပ်ခြောက်ပါးကို လူတွေမှာ ကျေးဇူး များသည်၊ ဘယ်နေရာမဆို သူတို့မပါရင်မပြီး၊ သွားတဲ့နေရာ, လာတဲ့ နေရာ, ကြည့်တဲ့ နေရာ, နားထောင်တဲ့ နေရာ, အနံ့ခံတဲ့ နေရာ, စားတဲ့ နေရာ, တွေ့ထိ မှုကို စမ်းသပ်တဲ့ နေရာ, သူတို့ ပါတာ ချည်းဘဲ ဖြစ်၍ အတ္တ အဖြစ်ဖြင့် သုံးစွဲ သမုတ် ပြောဆို ကြသည်။ ထိုလူတို့ သမုတ် ပြောဆို ချက်ကို အစွဲ ပြု၍ အတ္တ ဟု ဘုရား ဟောတော် မူခြင်း မျှသာ ဖြစ်သည်။ အမှန် အားဖြင့် အဆိုပါ စိတ်,စေတသိက် အစုတ္တိက ရုပ်တို့ ကား အနတ္တ ဖြစ်သော ပရမတ္ထ တရားတို့ သာတည်း။ အတ္တ သဘော အမှန်စင်စစ် ရှိသည်ဖြစ်၍ ဟောတော်မူသည် မဟုတ်။ သမုတိပညတ် ဟူ၍ မှတ်ပါ။ ဘုံလေးပါး၌ ဖြစ်သမျှ တရားစု တွေမှာ အတ္တ ဟု ဆိုဘို့ မည်သည့် အရာမျှမရှိ။ အနတ္တ အမည် ရသော တရား အတွက် မူကား အဘယ် ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ တရား မှန်သမျှ ဗဟိဒ္ဓ (အပြင် ချည်း) သာ ဖြစ်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ သင်္ခါရေ ပရတော ပဿဟု ဟောတော်မူရာဝယ်–သင်္ခါရ တရား မှန်သမျှ အပြင် ဘက်ချည်းဟု ဟောတော် မူလိုရင်း ဖြစ်၏။

အမိယသစ္စာ။ ။အရိယာသစ္စာ မူကား သဘော အားဖြင့် ပြောင်း လွဲမှု မရှိ၊ ဝိကျ မှန်ကန်သော သစ္စာ ဖြစ်၏။ စင် ကြယ်သော အသိဉာဏ်ရှိသော အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်နှင့် ကြည့် သော် ဘုံသုံးပါး၌ ဖြစ်သော တရားသည် ဒုက္ခ အစစ် အမှန် ဖြစ်သည်

တဏှာသည် ဒုက္ခ ဖြစ်ပေါ် လာဘို့ရန် အကြောင်းရင်း တရား အမှန် ဖြစ်သည်။ နိဗ္ဗာန်သည် ဒုက္ခ၏ ငြိမ်းချုပ်ရာ အမှန် ဖြစ်သည်။ မဂ္ဂင် ၈ပါးသည် ဒုက္ခငြိမ်းချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အမှန်ဖြစ်သည် ဟု မတုန်မလှုပ် ပြည့်ပြည့်စုံစုံ ထင်သည်။ မည်သည့်အခါမျှ ပြောင်းလွဲမှု မရှိသော သစ္စာပင်တည်း။

ဤကျမ်း၌ သမ္မုတိသစ္စာကို မလို ပရမတ္ထသစ္စာ ကိုသာ လိုသည်။ ထို့ကြောင့်ပင် ပရမတ္ထတောဟု သင်္ဂြိုဟ်ဆရာ ဆို၏။

ပရမတ္ထနှစ်မျိုး။ ။ပရမတ္ထသည်
၁။ သဘော အားဖြင့် ပြီးသော အတ္ထ
၂။ ကြံစည်မှု အားဖြင့် ပြီးသော အတ္ထ

ဟူ၍ နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတွင် အသီး အခြား မိမိသဘော လက္ခဏာ အားဖြင့် ထင်ရှား ရှိသည်ဖြစ်၍ ပြီးသော အတ္ထသည် သဘော အားဖြင့် ပြီးသော အတ္ထ မည်၏။

မိမိ၏သဘောကားမရှိ၊ သဘောလက္ခဏာရှိသောတရား၏ ထွေထွေ ထူးထူး ဖြစ်ပုံ အခြင်း အရာကို စွဲ၍ စိတ်ဖြင့် ကြံစည်ကာ (စိတ် အထင် ရောက်ကာ) အထယ် ကိုယ်ခြမ် ပုံသဏ္ဍာန်ကြီး ပြု၍ ယူအပ်သော စိတ် ကူးဖြင့် ပြီးသော (စိတ်မှာသာ ရအပ်သော) သတ္တ ပုဂ္ဂလ အစရှိသော အနက်သည် ကြံစီ မှုဖြင့် ပြီးသော အတ္ထ မည်၏။ ဤနေရာ၌ သဘော အားဖြင့် ပြီးသော သဘာဝ သိဒ္ဓ အတ္ထ ကိုသာ အလို ရှိအပ်သည် ဖြစ်ရာ သဘာဝဖြင့် ပြီးသော အတ္ထသည်သာ ပရမတ္ထ ဖြစ်လေသည်။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်

စိတ်။ ။ကြံစည်တတ် သောကြောင့် စိတ် မည်၏။ ကြံစည်ခြင်း အပြု အမူသည် အာရုံကို အမြဲတမ်း ငံ့မျှော်နေ၏။ အာရုံ နှင့်ကင်း၍ကား ကြံစည်မှု အပြုအမူ မဖြစ်နိုင်ချေ။ အာရုံကိုယူမှု အာရုံရ လာမှုကိုပင် ကြံစည်သည်ဟု ဆိုလိုပေသည်။

ဝိထိစိတ် မဖြစ်ဘဲ ဘဝင် ကျနေသော အခါမျိုး မျောမေ့ မိန်းမော လျက် အမှတ် သညာ ကင်းမဲ့ နေသော အခါမျိုးတို့၌ ဘဝင် စိတ်များ အာရုံကင်းလျက် ဖြစ်နေသည်ဟု ထင်တတ် ကြသည်။ သို့ရာတွင် ကမ္မ

အာရုံ, ကမ္မနိမိတ်အာရုံ, ဂတိနိမိတ်အာရုံ သုံးမျိုး တို့တွင် တမျိုးမျိုးကို အာရုံပြုလျက် ဖြစ်နေသည်။ ထို့အတွက် အာရုံနှင့် ကင်းလျက် ဗိတ်ဖြစ်သေးသည် ဟူသော အယူကို ပယ်မြစ် လေသည်။

ဒုတိယနည်း။ ။သမ္ပယုတ်ဖြစ်သော ယှဉ်ဘက်စေတသိက် တရားတို့ကို အာရုံ ကြံစည် မှုတွင် ပြုပေးတတ် သောကြောင့် စိတ် မည်၏။ အာရုံကို ယူတဲ့အခါ စိတ်က ရှေ့သွား ဖြစ်သည်။ ယှဉ်ဘက် စေတသိက် တရားတို့ကနောက်လိုက်ဖြစ်သည်။စိတ်၏ဦးဆောင်မှုဖြင့်စေတသိက်တို့ အာရုံကို ယူနိုင် ကြသည်။ စေတသိက် တရားတို့ အာရုံယူရာ၌ စိတ်မှတပါး အခြား ရှေ့ဆောင်မှု မရှိချေ။ အတ္တ ရှေ့ဆောင်မှုဖြင့် စေတသိက် တရားတို့ အာရုံကို ယူကြသည် ဟူသော အယူကို တားမြစ်သည်။

တတိယနည်း။ ။အာရုံကို ကြံကာမျှသည် စိတ်မည်၏။ ပရမတ္ထသဘော တရားတို့မှာ ပြုတတ် လုပ်တတ် စားတတ် သောက်တတ်သော ကတ္တု သတ္တိမျိုး မရှိ။ စိတ်ဆိုရင် ကြံစည်ခြင်းမျှ–ဝေဒနာ ဆိုရင် ခံစားခြင်းမျှ–သညာဆိုရင် မှတ်ခြင်းမျှသာ ဖြစ်၏။ ပရမတ္ထ သဘောတရားတို့မှာ အကောင် အထည် ဒြပ်လည်း မရှိ။ အလုံး အဒိုင်း အတို အရှည် ဟူသော သဏ္ဌာန်လည်းမရှိ။ ကိုယ်ကောင်လည်းမရှိ။ သို့ပေမင့် စပ်ရာစပ်ရာ အကြောင်းနှင့် အခွင့်သင့်၍ တွေ့ဆုံသည့်အခါ ဖြစ်ပေါ်လာ၏။ ပရမတ္ထ တရား တို့သည် မိမိ၏ စွမ်းအားဖြင့် ဖြစ်နိုင်သော တရားမျိုး မဟုတ်ကြ၊ ကြံစည်ဘို့ရာ တွေ့ထိဘို့ရာ မှုကား အဘယ်မှာ စွမ်းနိုင်တော့အံ့နည်း။ ဖြစ်ရာအချိန်ကာလကို ကြည့်ဖြန်ပါဦး၊ ခဏတာမျှ ဖြစ်ကြတည်ကြသည် မဟုတ်ပါလော ? ဘယ်သောအခါမှ တစုံတယောက်၏ အလိုအတိုင်း မဖြစ်စွမ်းနိုင်ကြပေ။

သို့ဖြစ်၍ ပရမတ္ထ တရားတို့မှာ ဒြပ်မျိုး အားဖြင့်၎င်း သတ္တိမျိုး အားဖြင့်၎င်း ကြိယာမျိုး အားဖြင့်၎င်း ဝေဘန် ခြင်းငှါ မရနိုင်ပေ။ ဤကဲ့သို့သော အကြောင်း များကြောင့် ပရမတ္ထ တရား ဟူသမျှ၌ အာရုံကို ကြံစည်ခြင်း တမျိုးသာ ရအပ် လေသည်။ အာရုံကို ကြံစည် တတ်၏ ယှဉ်ဘက် တရားတို့ကို အာရုံသို့ ဦးဆောင် တင်ပေး တတ်၏ ဟူသော စကား တို့ကိုကား ပရိယာယ် အားဖြင့်သာ ရအပ်လေသည်။ ပရိယာယ် ဆိုသည်ကား–ဒြပ်မျိုး စသည်ဖြင့် မကွဲပြား စေကာမူ စိန္တန ကြိယာ၏

အနက်ထူးကို သိစေဘို့ရန် ဝေဘန်ကြံဆလျက် ထူးထူးခြားခြား ကွဲပြား သယောင်ယောင် ပြုခြင်းပင်တည်း။

စိတ္တ သဒ္ဒါ၏ အနက် တမျိုး။ ။ထိုပြင် စိတ္တ သဒ္ဒါသည် ဆန်းကြယ်သောအနက်ကို ဟောသည်ဖြစ်၍ စိတ်ဟူသည် ဆန်းကြယ်သော သဘော တရား တခုဟု ဆိုရ၏။

သံယုက်ဥ္စဟောတော်မူပုံ။ ။ဘိက္ခုတို့ သင်တို့သည် စရဏခေါ်တဲ့ ဆန်းကြယ်သောပြပုံ ကားချပ်ကြီးကို မြင်ဘူးကြရဲ့မဟုတ်လား၊ မြင်းဘူးပါဘုရား။ ဘိက္ခုတို့ ထိုစရဏ ခေါ်တဲ့ ပြပုံ ကားချပ် ကြီးဟာ စိတ်ဖြင့်သာ ကြံစည် ပြုလုပ် ထားတဲ့ ပြပုံ ကားချပ်ကြီး ဖြစ်သည်။ ထို ပြပုံ ကားချပ်ကြီး ဆန်းကြယ်တာဟာ စိတ်ကူး ဆန်းကြယ် သလောက် ဆန်းကြယ်လာတာ မဟုတ်ဘူး၊ တစိတ်တဒေသ မျှသာ ဖြစ်ပေသည်။ သို့အတွက် စိတ်ရဲ့ ဆန်းကြယ်မှုဟာ ထိုစရဏ ခေါ်တဲ့ ပြပုံ ကားချပ်ကြီးထက် အဆပေါင်း များစွာ အလွန် ဆန်းကြယ် ပေသည်။ ဘိက္ခုတို့ ငါဘုရားသည် တိရစ္ဆာန်တွေလောက်ဆန်းကြယ်သော အမျိုးအစားကို မမြင်ဘူးချေ။ တိရစ္ဆာန်တွေ ဤမျှလောက် ဆန်းကြယ်အောင် စိတ်ကသာ ပြုလေသည်။ သို့ဖြစ်၍ တိရိစ္ဆာန်တွေ ဆန်းကြယ် သည်ထက် စိတ်က သာလွန် ပိုမို ဆန်းကြယ် လေသည်။

အချုပ် အခေါ်ဖြင့်။ ။စိတ် ဆန်း ကြယ်၍ အမှတ် သညာ ဆန်းကြယ်သည်။ အမှတ် သညာ ဆန်းကြယ်၍ တဏှာ ဆန်းကြယ်သည်၊ တဏှာ ဆန်းကြယ်၍ ကံ ဆန်းကြယ်သည်၊ ကံ ဆန်းကြယ်၍ ပဋိသန္ဓေ အမျိုးအစား ဆန်းကြယ်သည်၊ ပဋိသန္ဓေ အမျိုးမျိုး ဆန်းကြယ်၍ တိရစ္ဆာန်တွေ အမျိုးမျိုး ဆန်းကြယ် ကြသည်။

အရာဝတ္ထု တခုခုမှာ ထင်ရှား သိသာတဲ့ အမှတ်တွေ ရှိကြ၏။ လူတယောက်တယောက် သိဘို့ရာ အမှတ်အသားတွေ ပါစမြဲဖြစ်သည်၊ အမည် နာမကို မသိတဲ့ အခါ အရပ်ရှေရှေနဲ့လူ, ထိုသို့ မဟုတ်လျှင်လဲ ခါးမှာ ဇကြီးနဲ့လူ, မျက်ခုံးမှာ အမာရွတ်နဲ့လူ စသည်ဖြင့် ထင်ရှားတဲ့ အမှတ် အသားကို စွဲ၍ ပြောဆို တတ်ကြသည်။ ထိုကဲ့သို့ဘဲ ပရမတ္ထ တရားတွေ မှာလည်း ထင်ရှားသော အမှတ် အသား ရှိကြသည်၊ စိတ်ရဲ့ အမှတ် အသားကို ရှာလျှင် အာရုံကို သိမှုပင် ဖြစ်သည်။

လောကတွင် လူတွေမှာ အလုပ် အသီးသီး ရှိကြသကဲ့သို့ ပရမတ္ထ တရားတွေ မှာလည်း အလုပ် အသီးသီး ရှိကြသည်။ မောင်ဖြူဟာ စက် ပြုပြင်သည့် ဘက်က လုပ်သူ ဖြစ်လျှင် မောင်ဖြူ ဘာလုပ်သလဲ မေးက စက်ဆရာ လုပ်သည်ဟု ဖြေကြား ပေလိမ့်မည်။ လူတိုင်းလူတိုင်းလည်း မိမိတို့လုပ်ရာ အလုပ်ပေါ်မှာ တည်လျက် ဖြေကြား သွားကြ ပေမည်။ စိတ်တရားသည် ယှဉ်ဘက် စေတသိက် တရားတို့၏ ရှေ့သွားအလုပ်ကို လုပ်သည်။ စိတ်၏ အလုပ်ကို မေးလျှင် စေတသိက် တရား၏ ရှေ့သွား အလုပ်ဟု ဖြေရ ပေမည်။

လောက၌ ထင်မြင်မှုတွေ အမျိုးမျိုးရှိ၏။အရပ်သားအမြင်ဖြင့် ရိုးသား သည်ဟု ထင်ရသော်လည်း ပုလိပ်မျက်စိတွင် ထားပြဲ ဖြစ်နေတတ်သည်။ ထင်မြင်မှု အမှန်ကို အာရုံ ရှုးစိုက် ကြည့်ရှုသူသာ မြင်တတ် လေသည်။ စိတ်၏ ထင်လာပုံ အခြင်းအရာသည် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်ရှား တတ်သည်။ ယောဂီ တွေက ဘဝ တခု နှင့် ဘဝ တခုကို စပ်ဟပ် ပေးသည်ကား စိတ်ဖြစ်သည်ဟု ထင်သည်။ သို့ အတိုင်းလည်း ဘဝ နှစ်ရပ်ကို စပ်ဟပ်သော အခြင်းအရာ အားဖြင့် ထင်လေသည်။

ပရမတ္ထ သဘော တရားတွေသည် အကြောင်းနှင့်သာ စပ်၍ ဖြစ်၏။ အကြောင်း ကင်းလျက် မည်သည့်တရားမှ မဖြစ်ပေါ်နိုင်ချေ။

အကြောင်းသည်၊ (၁) နီးသော အကြောင်း၊ (၂) ဝေးသော အကြောင်းဟု နှစ်မျိုး ရှိရာ နီးသော အကြောင်းသည် လိုရင်း ဖြစ်၏။ စိတ်၏ နီးသော အကြောင်းကား နာမ်ရုပ် ၂-ပါး ပေတည်း။ ပရမတ္ထ သဘော တရား များကို ကွဲပြားအောင် ခွဲခြားတို့ အတွက် အောက်ပါ လေးချက်ကို တရားတိုင်း တရားတိုင်း၌ ပေါ်အောင် ထုတ်ကြပါစို့။

၁။ ထိုထို ပရမတ္ထ သဘော တရားတို့၏ သဘောကား	**လက္ခဏာ**
၂။ ကိစ္စ, သို့မဟုတ် ပြည့်စုံ မှုကား	**ရသ**
၃။ ယူပုံ အခြင်းအရာ သို့မဟုတ် အကျိုးကား	**ပစ္စုပဋ္ဌာန်**
၄။ နီးသော အကြောင်းကား	**ပဒဋ္ဌာန်**

စိတ်။ ။စိတ်သည်

၁။ အာရုံကို သိခြင်း လက္ခဏာ ရှိသော တရား

၂။ စေတသိက် တို့၏ ရှေ့သွား ကိစ္စ ရှိသော တရား

၄၂၀၁

ကမ္ဘာ့ ... စာကြည့်တိုက်

၃။ ဘဝ နှစ်ရပ်ကို စပ်ခြင်း ရှိ၏ဟု ထင်သော တရား
၄။ နာမ် ရုပ်လျှင် နီးသော အကြောင်း ရှိသော တရား ဖြစ်၏။

စေတသိက်။ ။စိတ်နှင့် အတူတကွ ဧကုပ္ပါဒ စသော လက္ခဏာ လေးပါး အားဖြင့် ဖြစ်သော တရားသည် စေတသိက် မည်၏။ စိတ်နှင့် စေတသိက် ကွဲပြား ခြားနားအောင် ပြုလုပ်၍ မရ။ စိတ်ဖြစ်လျှင် စေတသိက်တွေ ဖြစ်၏။ စိတ်အိုလျှင် စေတသိက်တွေအို၏၊ စိတ်သေလျှင် စေတသိက်တွေ သေ၏၊ စိတ်က အာရုံ ပြုလျှင် စေတသိက် တွေကလည်း အာရုံပြု၏။စိတ်မှီတဲ့ ဝတ္ထုရုပ်ကို စေတသိက် တွေက လိုက်၍မှီ၏။ တညာတည်းတွင် ပွင့်နေသော ပန်းများ သဖွယ် စိတ်နှင့် ဖြစ်အတူ ချုပ်အတူ အာရုံပြုအတူ မှီရာအတူ ဖြစ်သော ဖဿ, ဝေဒနာ, သညာ စသော တရားများသည် စေတသိက် မည်၏။

ဤသို့ စေတသိက် တွေက စိတ်နှင့် မကွဲမကွာ ဖြစ်၍ စေတသိကဟု အမည်ရသကဲ့သို့ စိတ်ကလဲ ဖဿ စသည်တို့ နှင့် မကွဲမကွာ ဖြစ်နေ၍ စိတ်ကို ဖဿိက–ဖဿနှင့် မကွဲမကွာ ယှဉ်နေသော စိတ်, ဝေဒနိက– ဝေဒနာနှင့် မကွဲမကွာ ယှဉ်နေသော စိတ်၊ ဤသို့ စသည်ဖြင့် ဆိုပါမူ ဆိုစကောင်းအံ့လော ဟူငြားအံ့ ?။

ဤသို့ကား မဖြစ်နိုင်ပေ၊ စိတ်သည် စေတသိက် တရားတို့၏ ရှေ့သွား ဦးစီး အကြီး အမှူး ဖြစ်သည်။ စိတ်, ဦးဆောင်သည့် အရာ ကိုသာ စေတသိက်က လိုက်ရသည်။ စိတ်ကို စေတသိက် ဦးဆောင်သည် ဟူ၍ မရှိ။ သို့အတွက် စိတ်ကို ဖဿိက, ဝေဒနိက စသည်ဖြင့် မဆိုစကောင်း ပေဟုဖြေ။ စိတ်ကသာ အချို့ စေတသိက် များနှင့် ကင်း၍ ဖြစ်နိုင်သည်။ စေတသိက်မှာမူကား မည်သည့်အခါမျှ စိတ်နှင့် ကင်းကွာ၍ မဖြစ်ပါ။ ပဉ္စဝိညာဏ်စိတ် ဆိုလျှင် ဝိတက် စသည်တို့ နှင့် ကင်း၍ ဖြစ်နေသည်။ အကုသိုလ်စိတ်ဆိုလျှင် ကုသိုလ်စေတသိက်တွေနှင့်ကင်း၍ဖြစ်နေသည် မဟုတ်ပါလော။

ရုပ်။ ။အေးမှု,ပူမှု စသော အချင်းချင်း ဆန့်ကျင်ဘက် အကြောင်း တို့ကြောင့် ဖေါက် ပြန်သော တရားသည် ရုပ် မည်၏။ အပူသည် အအေး၏ ဆန့်ကျင်ဘက် ဖြစ်၏။ အအေးသည်လည်း အပူ၏

ဆန့်ကျင်ဘက် ဖြစ်၏။ အပူ ရုပ်သည် အအေး ဥတုတွင် ပေါက်ပြန့်၏။ အအေး ရုပ်သည် အပူ ဥတုတွင် ပေါက်ပြန့်၏။ ရုပ် ပေါက်ပြန့် မှု၌ ဆာမွတ်ခြင်း ကြောင့်လည်း ပေါက်ပြန့်၏၊ ရေငတ်ခြင်း ကြောင့်လည်း ပေါက်ပြန့်၏။ မှက်,ချင်,ယင်မဲ,လေပူ,ဘောက်ဖတ်စသောတွေ့ထိမှုတွေ ကြောင့်လည်းပေါက်ပြန့်၏။ပျက်စီးမှု,ထိခိုက်မှု,နာကျင်မှုအားလုံးသည် ရုပ္ပန သဘောပင် ဖြစ်သည်။ မဟာနိဒ္ဒေသ၌ ဟောတော် မူသည်ကို ကြည့်ရှုလေ။

ပေါက်ပြန့် နိုင်စွမ်းသော တရား။ ။ရှည်ကြာ လေးမြင့်စွာ တည်၍ ထိပါးခိုက်တိုက်မှုကို ခံနိုင်သောတရားတို့မှာသာ တည်နေသော အခိုက် အခါတွင် ဆန့်ကျင်ဘက် အကြောင်းတို့နှင့် ပေါင်းဆုံမှု ရှိသည်။ အချိန် အနည်းငယ်မျှ တည်၍ ထိပါး တိုက်ခိုက်၍ မတွေ့ကောင်းသော တရား တို့မှာ တည်နေသော အခိုက်အခါ တိုလျှသည့် အတွက် အပ ဖြစ်သော ဆန့်ကျင်ဘက် အကြောင်း တို့နှင့် ပေါင်းဆုံနိုင်မှု မရှိချေ။ နာမ်တရား တို့ကားဖြစ်ရာအချိန် တိုလျှသည်၊ ထိပါးတိုက်ခိုက်၍ တွေ့ကောင်းသော တရားလည်း မဟုတ်။ ထိုနာမ်တရားတို့မှာ ဗဟိဒ္ဓဖြစ်သော သီတစသည် တို့နှင့် ပေါင်းဆုံမှု အဘယ်မှာ ရှိပါတော့အံ့နည်း။ ဤသို့ဖြစ်ပါလျှင် သုခုမ ရုပ်တွေဟာ ရုပ်သဘောမှ ကင်းရာ ချေသည် ဟုပြောအံ့။ (သုခုမရုပ် များသည် သပ္ပဋိဃ သဘော မရှိ၍ မေးခြင်း ဖြစ်သည်) မဖြစ်နိုင်ပါ။ သုခုမရုပ် ဆိုပေမဲ့ ဩဠာရိကရုပ်များနှင့် သဘောသွား တူကြပါသည်။ ဩဠာရိကရုပ်တွေ ပေါက်ပြန့်ခဲ့ပါလျှင် သုခုမရုပ်တွေလည်း ပေါက်ပြန့် ကြသည်သာ ဖြစ်သည်။

သမာဂမ ဟူသည် ပေါင်းဆုံ ခြင်းကို ခေါ်သည်။ စိတ်၌ ထင်လာတဲ့ သဘောမျိုး အာရုံအပြုံခံရတဲ့ သဘောမျိုးမဟုတ်။ အချင်းချင်း ဆန့်ကျင် ကြသော ဌီသို့ရောက်သော ဩဠာရိကရုပ်တို့၏ အချင်းချင်းထိခိုက်ခြင်း, ဌီသို့ ရောက်သော မဟာဘုတ် တို့၏ အချင်းချင်း ထိခိုက် ခြင်းသည် သမာဂမ ဖြစ်၏။

ရုပ္ပန ဆိုသည့်ကား ရန်သူ စစ်သည် တိုက်ခိုက် သဖြင့် တိုင်းပြည် ချောက်ချား သကဲ့သို့ ကလာပ် တပါး၌ တည်သော ဓာတ်တို့၏ ပျက်စီး ခြင်းသည်ပင် ဖြစ်သည်။

ရုပ်တရား များသည် အပေါင်း သဏ္ဌာန် စသော သဘောသို့ ရောက်သည်ဖြစ်၍ အထည်ဒြပ် ရှိကြသည်။ သို့အတွက် ရုပ်တရားတို့၏ ပေါက်ပြန်ခြင်းသည် လူအပေါင်း၏ မျက်မြင် အားဖြင့် ထင်ရှားသည်။ ရူပ ဟူသော အမည်သည် ရုပ်တရား နှင့် ထိုက်တန် သင့်လျော်သော အမည်ပေတည်း။ နာမ်တရားများမှာ အထည်ဒြပ် မရှိကြ၊ နာမ်တရား၏ ပေါက်ပြန်မှုသည်လူအပေါင်း၏မျက်မြင်အားဖြင့် ထင်ရှားသည်မဟုတ်။ ထိုထို ကိုယ် အမူအရာ နှုတ် အမူအရာ ပေါက်ပြန်မှုကို မြင်ရ ကြားရ၍ သူဟာ စိတ်ဆိုး နေတယ်, သူဝမ်းသာ နေတယ်, စိတ်ဒိုက် နေဘယ်, စိတ်နောက် နေတယ် စသည်ဖြင့် သိရလေသည်။ သူတပါး စိတ်ကို သိစွမ်းနိုင်သော အဘိညာဏ်ရ ပုဂ္ဂိုလ်ကို ဤ၌ ထည့်သွင်း မပြောလို။ သို့ဖြစ်၍ နာမ်တရားသည် ရုပ်တရားအဖြစ်သို့ ရောက်နိုင်ခြင်း မရှိပါပေ။

ဗြဟ္မာ့ အတွက် ပြောကြ ဦးမို့။ ။ဗြဟ္မာ့ လောက၌ ဗြဟ္မာတို့မှာ ကိုယ်၏ ပေါက်ပြန်မှု နှုတ်၏ ပေါက်ပြန်မှုရှိသည်။ တန်ခိုးဖန်ဆင်းသဖြင့် ရုပ်အမျိုးမျိုး ပေါက်ပြန်မှု ရှိသည်။ ထိုပေါက်ပြန်မှု သည်ပင် ပရိယာယ် တမျိုးအားဖြင် ရုပ္ပနာကာရ မည်သည်။ ထိုရုပ္ပနာကာရဖြင့်ပင် ရူပဗြဟ္မာ တို့မှာ ရုပ်အဖြစ် ပြီးလေသည်။

တနည်းအားဖြင့်။ ။ရုပ် ဟူသည် မိမိသဘော အားဖြင့် ထင်ထင် ရှားရှား ပြတတ်သော တရားပင်တည်း။ နာမ်တရားကား မိမိ သဘော အားဖြင့် ထင်ရှားသော တရားမဟုတ်။ ရုပ်ကိုမှီလျက် အကဲခပ် ဆုံးဖြတ် ပြောဆိုကြရသည်။ ရုပ်တရားမူကား မိမိသဘောအားဖြင့် ထင်ရှားသည် ဖြစ်၍ ပဉ္စဝိညာဏ် စိတ်တို့ဖြင့်ပင် ယူနိုင်ပေ၏။ ရုပ်တရား၏ ထင်ရှား ပြတတ်သော သဘောကို ယူမှုကား ဗြဟ္မာ့ လောက၌ ရုပ်တရားတို့၏ ရုပ်အမည် ရမှုသည် ဖြူးဖြူးဖြောင့်ဖြောင့်ပင် ဖြစ်၏။

နိဗ္ဗာန်။ ။နိဗ္ဗာန် ဟူသည် ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ဟူသော ဆင်းရဲပူပန်မှုအားလုံးချုပ်ငြိမ်းရာ ဌာနတည်း။ ကိလေသာတရား ခန္ဓာတရားတို့သည် မဂ်ကိစ္စ မပြီးသေးသော ပုဂ္ဂိုလ် တို့မှာ နောက်အချိန်၌ ဖြစ်ဘို့ရန် တည်နေ ကြသည်။ မဂ်ကိစ္စ ပြီးသော ပုဂ္ဂိုလ်တို့ မှာကား ဖြစ်ခွင့် မရသော အဘို့သို့ ရောက်သွား ကြသည်။ ဥပါဒ်,ဠီ,ဘင်ဟု ဆိုအပ်သော ခဏ သုံးပါးသို့ ရောက်၍ ချုပ်ပျောက်

သွားသော အတိတ်တရားတို့ကို နိဗ္ဗာန်ဟု မဆိုရ၊ လက်ရှိ ပစ္စုပ္ပန်တရား နှောင်သော အခါ မချုတ် ကြွေကန် ဖြစ်မည့် အနာဂတ် တရားတို့၌ကား ဆိုဖွယ်ရာ မရှိတော့ချေ။ ပင်ကိုယ်က အဆိုပါ ဝဋ်ဒုက္ခ သုံးပါး တည်းဟူသော ပူပန်မှုမှ ကင်းသော သစ်ပင်, တောတောင် အစရှိကုန်သော အရာဝတ္ထု တို့၏ နောက်ထပ် တဖန် မဖြစ်ပေါ်မှု ဟူသော ချုပ်ငြိမ်းမှု မျိုးကို နိဗ္ဗာန်ဟု မဆိုနိုင်ပါချေ။

ဒုတိယ ဂါထာ အဖွင့် ပြီးပြီ။

စိတ်ပိုင်း

စိတ်လေးပါးအဖွင့်

စိတ်သည်

၁။ ကာမာဝစရစိတ်
၂။ ရူပါဝစရစိတ်
၃။ အရူပါဝစရစိတ်
၄။ လောကုတ္တရာစိတ် ဟု လေးမျိုး ရှိ၏။

၁။ ကာမာဝစရစိတ်။ ။အလိုရှိအပ်သော အရာသည် ကာမ မည်၏။ (တနည်း) ကာမရာဂ မကင်းသေးသူ ကာမရတိဖြင့် မွေ့လျော်ရာ ဖြစ်သော ဌာနသည် ကာမ မည်၏။ ထို ကာမဟူသည် ကာမ တဆဲ့ တဘုံတည်း။ ကာမ တဆဲ့ တဘုံတွင် ဗျာန်ရ ပုဂ္ဂိုလ်များ ရှိကြသည်။ ထို ဗျာန်ရ ပုဂ္ဂိုလ် များသည် ကာမဘုံတွင်ပင် ဗျာန်ဟူသော မွေ့လျော် ခြင်းဖြင့် မွေ့လျော် ကြသည် ဖြစ်၍ ဗျာနရတိဖြင့်လည်း ကာမအမည် ရသင့်သည် မဟုတ်ပါလော? ဟု မေးငြားအံ့။ ကာမဘုံ၌ ဗျာန်ရ ပုဂ္ဂိုလ်များ ဗျာနရတိဖြင့် မွေ့လျော်ကြ သည်ကား အချိန် အခါတိုင်း မဖြစ်နိုင်ပါ။ ဗျာန်ရ ပုဂ္ဂိုလ် တွေလည်း အမြဲ မပြတ် ရှိနေသည် မဟုတ်ပါ။ တရံ တခါသာ ဖြစ်ကြရ ပါသည်။ သို့အတွက် အမြဲ မပြတ် ဖြစ်နေသော ကာမရတိဖြင့် မွေ့လျော်ရာ ဖြစ်၍ ကာမဟု ဆိုပါသည်။ အနည်းငယ် ဖြစ်သော ဗျာနရတိကိုမငဲ့။ အများဖြစ် ကာမရတိ ကိုသာ ငဲ့၍ ဆိုသည်ဟု မှတ်ပါ။

အဝီစိငရဲမှာ ဘယ်သို့။ ။ကာမရတိဖြင့် မွေ့လျော်ရာဖြစ်၍ ကာမဘုံဟု ဆိုလျှင် အပါယ် လေးပါးတွင် အဆင်းရဲဆုံး ဖြစ်သော အဝီစိငရဲကား အဘယ် သို့လျှင် အလို ရှိအပ်ရာဘုံ ဖြစ်နိုင် ပါမည်နည်း? သတ္တဝါ တို့သည် ဂတိနိမိတ်ကို သာယာသည်၏ အစွမ်းအားဖြင့်ရင်း, ဘဝကို တပ်နှစ်သက်သော တဏှာ၏ အစွမ်းဖြင့်ရင်း, အလို ရှိအပ်ရာ ကာမရတိဖြင့် ပျော်မွေ့ရာ (ဌာန) ဖြစ်လေသည်။

ထိုငရဲခံရမည့် သူတို့ကား သေခါနီးအချိန်တွင် ဂတိနိမိတ် အဖြစ်ဖြင့် ပေါ်လာသော ငရဲမီးလျှံတို့ကို ရွှေအဆင်းကဲ့သို့ ထင်တတ်ကြသည်။

မိစ္ဆာပုဏ္ဏားတဦး၏နိမိတ်အမြင်။ ။မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတဦးသည် သေရာ ကျောင်းစောင်းတွင် အလျောင်းသား ဖြစ်နေ၏၊ သူ၏ ဆရာ ပုဏ္ဏား များကား သူ၏ အနီးမှာ ရပ်လျက် ဗြဟ္မာ့လောကသို့ ညွှန်ကြား နေကြသည်။ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏား၏ စိတ်တွင် မူကား အဝိစိ ငရဲ မီးလျှံများ သင်နေသည်။ ဆရာ ပုဏ္ဏားတို့-ကျွန်ုပ်၏ စိတ်မှာ ရွှေအဆင်း အရောင် တွေ ဝင်းဝင်း ဝါဝါ ထင်နေ ပါသည် ဟု ပြောတော့, ဆရာ ပုဏ္ဏား တွေက ဆဲဒါဗြဟ္မာ့လောကဘဲ။ ဆဲဒီနေရာကိုသွားလေဟုပြောကြသည်။ ပုဏ္ဏားလည်း သေပါရော အဝိစိငရဲမှာဖြစ်သတဲ့။ ဤစကားရပ်၌ အဝိစိ ငရဲမီးလျှံတွေကို ရွှေပန်းကဲ့သို့ မြင်နေသည်ကား ဂတိနိမိတ် ဖြစ်သည်။ ထိုဂတိနိမိတ်ကို သာယာ နေသည်, အလို ရှိနေသည်။ ထိုသို့ အလိုရှိနေ ခြင်းကား အဝိစိ ဘဝ၌ နှစ်သက် သဘောကျ နေသော ဘဝ နိကန္တိ တဏှာ ပေတည်း။

တနည်း အားဖြင့် ဆိုရသော်......အဝိစိ ငရဲဘုံ ကြီး၌ သာယာ မက် မောဖွယ် မရှိစေကာမူ အကုသိုလ်၏ အစွမ်းဖြင့် ထိုဘုံ၌ ခံရသော ငရဲ သား သတ္တဝါတို့မှာ ကာမရာဂ တင်းလင်း ရှိနေသည်။ အခွင့်ကောင်း ရသည့်အခါ ကာမရတိဖြင့် မွေ့လျော် ပျော်ပါး ဦး မည်သာ ဖြစ်လေ သည်။ သို့ဖြစ်၍ အဝိစိ ငရဲ သည်လည်း ကာမအမည် ရသင့် သည်သာ တည်းဟု မှတ်ပါ။

ကာမ တဆဲ့ တဘုံ၌ အကျုံးဝင် ကျင်လည်၍ ဖြစ်သော စိတ်သည် ကာမာဝစရ စိတ် မည်၏။ **ကာမစိတ်** ဟု ခေါ် ကြသည်။ ကာမ ဘုံ၌ အကျုံးဝင် ကျင်လည်မှုကို ကာမအာရုံကို သိမ်းဆည်းသော ကာမ တဏှာက ပြုလေသည်။ ကာမတဏှာ၏ သိမ်းဆည်းမှု နယ်အတွင်းမှ မလွတ်ကင်းကြသော တရားတို့သည် ရူပပုဂ္ဂိုလ်-အရူပ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်စေကာမူလည်း ကာမာဝစရ(ကာမ)စိတ် မည်သည်သာ တည်း။ ကာမတဏှာ, ရူပတဏှာ, အရူပတဏှာ ဟူသော တဏှာ သုံးပါး၏ သိမ်းဆည်းမှုမှ လွတ်သော တရားသည်ကား-ကာမဘုံ, ရူပ ဘုံ၌ ဖြစ်စေကာမူလည်း တဏှာ သုံးပါး၌ အကျုံးဝင်မှု မရှိရကား- လောကုတ္တရာ မည်လေသည်။

ပဋ္ဌာန်းပါဠိတော်၌—အာရုပ္ပေ ကာမဿန္ဒံ နီဝရဏံ ပဋိစ္စ ဥဒ္ဓစ္စ နီဝရဏံ စသည်ဖြင့် ဟောတော် မူသည်။

ဤပါဠိတော်၏ အဓိပ္ပါယ်မှာ.... ရူပ ပုဂ္ဂိုလ်၏ သန္တာန်၌လည်း ကာမဿန္ဒဟုဆိုအပ်သော ကာမတဏှာ ဖြစ်သည်ကိုဆို၏။ ထို့အတွက် ရူပဘုံ, အရူပဘုံတို့၌ ဖြစ်သော ကာမတရားတို့ကို သိမ်းဆည်းတတ်သော တဏှာကို ရူပပုဂ္ဂိုလ် အရူပပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ဖြစ်သော်လည်း ကာမတဏှာ ဟူ၍သာ မှတ်အပ်လေသည်။

အကြောင်းသော်ကား—ဈာန်ဘုံမျိုး၌ ဇောနီဝရဏကိစ္စတပ်သော တရားမျိုးကို မရကောင်းပေ။ပဋ္ဌာန်းပါဠိတော်၌ ကာမဿန္ဒ နီဝရဏံဟု ဟောတော် မူသည်ကား—နီဝရဏ အစစ်ကို ရည်ရွယ်၍ ဟောသည် မဟုတ်။ နီဝရဏမျိုး ဖြစ်ခြင်းမျှ ကိုသာ ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်သည်။ နီဝရဏ မျိုးသာ ဖြစ်သည်၊ နီဝရဏ အစစ်ကား မဟုတ်ဟု မှတ်ပါလေ။

ကာမသည်

၁။ ကိလေသာကာမ

၂။ ဝတ္ထုကာမ ဟု နှစ်မျိုး ရှိ၏။

၁။ ရူပရာဂ, အရူပ ရာဂမှ တပါး လောဘ အားလုံးသည် ဤဘုံ လေးပါး အပိုင်းအခြား၌ ကိလေသာ ကာမ မည်၏။

၂။ ရူပါဝစရတရား, အရူပါဝစရ တရားတို့မှတပါး ဘုံသုံးပါး၌ ဖြစ်သော ကာမာဝစရတရားအားလုံးသည် ဝတ္ထုကာမ မည်၏။

အဋ္ဌသာလိနီ အဋ္ဌကထာ၌ အလုံးစုံသော တေဘူမက တရားသည် ဝတ္ထု ကာမ မည်၏ဟု ဆို၏။ ဤစကားရပ်၌ ရူပါဝစရတရား အရူပါဝစရတရားတွေလည်း ဝတ္ထုကာမတွင် ပါဝင်နေသည်။သုတ္တန်နည်းဖြင့် ဆိုသည် ဟု မှတ်အပ်၏၊ ရူပါဝစရတရား, အရူပါဝစရ တရားတို့ကို အဘိဓမ္မာ၌ ကာမ အမည်ဖြင့် မဟောအပ် ပါချေ။

ရူပါဝစရ, အရူပါဝစရ။ ။ရူပသဒ္ဒါနှင့် အရူပသဒ္ဒါက တဏှာနှင့် ဈာန်ကို ဟော နေသည်။ ရူပတဏှာ, ရူပဈာန် အရူပနှင့် တွဲဖက်လျှင် အရူပတဏှာ,အရူပဈာန်ဟု ဆိုလိုသည်။ ရူပတဏှာ,ရူပဈာန်၏ အကျုံးဝင် ကျင်လည် ဖြစ်ပွါးရာ ဘုံသည် ရူပါဝစရ (ရူပ)ဘုံမည်၏။အရူပတဏှာ,အရူပဈာန်၏ အကျုံးဝင်ကျင်လည် ဖြစ်ပွါးရာ ဘုံသည် အရူပါဝစရ (အရူပ)ဘုံ မည်၏။

ကာမာဝစရ,အမည်ကား–မှီတတ်သော တဏှာ၏ အမည်ကို ကာမ ဘုံမှာ တင်စား၍ ခေါ်သော အမည်ဖြစ်သည်။ ရူပါဝစရ, အရူပါဝစရ အမည်ကား မှီရာဘုံ၏ အမည်ကို တဏှာ နှင့် ,ဈာန်ပေါ်မှာ တင်စား၍ ခေါ်သော အမည် ဖြစ်သည်။

လောကုတ္တရာ။ ။ပျက်တတ်သော တေဘူမက တရားသည် လောက မည်၏။ ဤကဲ့သို့ ဆိုပြန်သော် နိဗ္ဗာန်မှတပါး လောကုတ္တရာ တရားများလည်း ပျက်တတ်သောသဘော မကင်း၍ လောက ဟူသော အမည်မှ မလွတ်သာ ချေဟု ယူခဲ့သော် ဤသို့ကား မဖြစ်နိုင်၊ လူများ အပေါင်း၏ စိတ်၌ နိစ္စ, ဓုဝ, သဿတ ဟူသော မိစ္ဆာ အယူ ဖြစ်ပွါး တည်နေရာ တရားမျိုး မှာသာ ထိုမိစ္ဆာ အယူကို ဖြစ်တားရန် လောက ဟူသော အမည်ကို သတ်မှတ်အပ် လေသည်။ မိစ္ဆာ အယူမှ အချင်း ခပ်သိမ်း လွတ်မြောက် နေသော တရားတို့ မှာကား လောက၏ အဖြစ် မရောက် နိုင်တော့ချေ၊ သောတာပတ္တိမဂ် ရလျှင်ပင် မိစ္ဆာ အယူ ၅င်း၅င်းကြီး ကင်းလေပြီ။ မည်သည့် အခါမျှ ထပ်မံ ပေါ်ဘွယ်ရာ မရှိတော့ချေ။ လောက၏နယ် မဟုတ်တော့ပြီ ဖြစ်၍ အပျက်သဘောဖြင့် တကြော ဆက်၍ မေးစရာ မလိုတော့ ဟု ဆိုလို၏။

ဘုံ အပြား အားဖြင့် စိတ်လေးပါး ရှိရာတွင် (ကာမာဝစရ) ကာမ စိတ်ကို ရှုပစသော အထက်စိတ်များ အောက်ယုတ်ညံ့သည်ဖြစ်၍ အရင် ပြဆို၏။

ကာမာဝစရ (ကာမ) စိတ်တွင်လည်း အကုသိုလ်စိတ်ကို အဟိတ် နှင့် ကာမာဝစရ သောဘဏစိတ်အောက် ယုတ်ညံ့ နေ၍ အရင် ပြဆို ရသည်။အယုတ် အမြတ် အစဉ်အားဖြင့် ပြဆိုရပုံကို သတိပြုပါလေ။

ကာမာဝစရ (ကာမ) စိတ်သည် (၁) အကုသိုလ်စိတ် ၁၂-ခု။ (၂) အဟိတ်စိတ် ၁၈-ခု။ (၃) ကာမာဝစရသောဘဏစိတ် ၂၄-ခု အားဖြင့် ပေါင်း ၅၄-ပါး ဖြစ်၏။

အကုသိုလ်စိတ်သည် (၁) လောဘမူစိတ် ၈-ခု။ (၂) ဒေါသမူစိတ် ၂-ခု။ (၃) မောဟမူစိတ် ၂-ခု အားဖြင့် ၁၂-ပါး ဖြစ်၏။

လောဘမူအဖွင့်

လောဘမူစိတ်။ ။လောဘဟူသော အကြောင်းရင်းမူလရှိသော စိတ်ကို လောဘမူစိတ်ဟုခေါ်၏။ ထိုလောဘမူစိတ်သည် အကုသိုလ်စိတ်များတွင် အများဆုံးဖြစ်၏။ ဝဋ်၏မူလနှစ်ပါးနှင့် ယှဉ်သောကြောင့် ပြဓာန်းမှုထင်ရှား၏။ သို့အတွက် အကုသိုလ်စိတ်များတွင် အရင်ပြဆိုရ၏။

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်

သောမနဿ သဟဂုတ်။ ။စိတ်ကောင်း စိတ်မွန်ဖြစ်ဘို့ရာအကြောင်းဖြစ်သော (သို့မဟုတ်) စိတ်နှလုံးကောင်းရှိသူ ဖြစ်ဘို့ရာ အကြောင်းဖြစ်သော စိတ်၌ချမ်းသာမှု သုခဝေဒနာသည် သောမနဿ မည်၏။ ထိုသောမနဿ ဝေဒနာ နှင့် ဧကုပ္ပါဒ စသော စည်းကမ်းအတိုင်း အတူတကွဖြစ်သည်ကို သောမနဿ သဟဂုတ်ဟု ခေါ်၏။

ဒိဋ္ဌိဂတ သမ္ပယုတ်။ ။အမြင်နှင့် အယူကို ဒိဋ္ဌိဟု ခေါ်၏၊ ထိုအမြင် (သို့မဟုတ်) အယူသည် အမှန်မြင်, အမှားမြင် (သို့မဟုတ်) မှန်သော ယူမှု, မှားသော ယူမှုဟု နှစ်မျိုး ရှိရာ—၌အရာကား အကုသိုလ် အရာဖြစ်၍ အမှားမြင် (သို့မဟုတ်) မှားသော ယူမှုကို ဒိဋ္ဌိအရ ကောက်ပါလေ။ ဒိဋ္ဌိနှင့် ဧကုပ္ပါဒ စသော စည်းကမ်းအတိုင်း ယှဉ်သည်ကို ဒိဋ္ဌိဂတ သမ္ပယုတ်ဟု ခေါ်၏။

သင်္ခါရ။ ။သင်္ခါရဟူသည် ရှေးဦးပြင်ဆင်မှု ပေတည်း။ သင်္ခါရသည် (၁) ပယောဂသင်္ခါရ (၂) ဥပါယသင်္ခါရဟု နှစ်မျိုးရှိရာ အမိန့် အာဏာဖြင့် သော်ရင်း, တဦးတယောက်သူက တိုက်တွန်းသဖြင့် သော်ရင်း, မြိမ်းချောက် သဖြင့် သော်ရင်း, ကိုယ် အမူ အရာ ပြ၍ အားထုတ်မှု နှုတ်အမူ အရာဖြင့် ပြောဆို အားထုတ် မှုသည် ပယောဂသင်္ခါရ မည်၏။

အမိန့် အာဏာ ပေးခြင်း စသည် မရှိဘဲ အမှုကို ပြုချင် လာအောင် ခံစားရမည့် အကျိုးကို ပြခြင်း, သဘောတူ ဝတ်ထား၍ ပြုခြင်း, ဒဏ်ထားခြင်း, မိမိဖါသာ ထိုထိုအကြောင်းကို သတိရခြင်း, ဆင်ခြင်မိခြင်း

စသော နည်းအားဖြင့် အားထုတ် မှုသည် ဥပါယ သင်္ခါရ မည်၏။ ထို နှစ်ပါးစုံကို ဤနေရာ၌ သင်္ခါရဟု ခေါ်၏။

အကြင် အခါမှာ သင်္ခါရ နှစ်မျိုးနှင့်ကင်း၍ အလိုလို တွန့်ဆုတ်ခြင်း မရှိဘဲ စိတ်ကို ဖြစ်စေ၏။ ထိုအခါ **အသင်္ခါရ** မည်၏။ အကြင် အခါ သင်္ခါရ နှစ်မျိုး နှင့် ကင်း၍ စိတ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ သင်္ခါရ ဟူသောအပေါ်ရမှ ဖြစ်စေနိုင်၏။ထိုအခါ **သသင်္ခါရ** မည်၏။ အသင်္ခါရ, သသင်္ခါရ ဟူသော အမည်သည် ပစ္စည်းအပေါင်း၏ အမည်သာ ဖြစ်၏၊ စိတ်၏အမည်မဟုတ်။ အသင်္ခါရ ဟူသော သက်သက်သော အကြောင်း စုဖြင့် ဖြစ်သော စိတ်သည် အသင်္ခါရိကစိတ်မည်၏။ သသင်္ခါရ ဟူသော အကြောင်းစုဖြင့် ဖြစ်သော စိတ်သည် သသင်္ခါရိကစိတ် မည်၏။

ပယောဂ သမုဋ္ဌိတစိတ်။ ။မိမိ၏ အလို ဆန္ဒ အတိုင်း မဟုတ်ဘဲ တခြားသူ တဦးဦးက အမိန့် ပေး သဖြင့်ရင်း, တိုက်တွန်း သဖြင့်ရင်း, တောင်းပန် သဖြင့်ရင်း ဖြစ်စေအပ်သော စိတ်သည် ပယောဂ သမုဋ္ဌိတ စိတ် မည်၏။

ဥပါယသမုဋ္ဌိတစိတ်။ ။မိမိ၏အလိုဆန္ဒအတိုင်းမဟုတ်ဘဲ တခြားသူ တဦးဦးအား ကြောက်ရသဖြင့်ရင်း,ရှက်သဖြင့်ရင်း,ရိုသေရသဖြင့်ရင်း, ကတိကဝတ် ထားသဖြင့်ရင်း, ဒဏ်ကို ကြောက်သဖြင့်ရင်း ဖြစ်စေ အပ်သော စိတ်သည် ဥပါယသမုဋ္ဌိတစိတ် မည်၏။ သို့မဟုတ် မိမိဖါသာ စိတ်အား လျော့ နေသည်ကို သိ၍ ထိုထို အကြောင်း တမျိုးမျိုးဖြင့် မိမိ ကိုယ်ကို ဆုံးမ၍ ဖြစ်စေအပ်သော စိတ်သည်လည်း ဥပါယသမုဋ္ဌိတ စိတ်ပင်တည်း။

ဒိဋ္ဌိဂတ ဝိပ္ပယုတ်။ ။အမြင်မှား အယူမှား ဖြစ်သော ဒိဋ္ဌိ နှင့် ကျေပ္ပါဒ စသော စည်းကမ်းချက် အတိုင်း မယှဉ်သည်ကား ဒိဋ္ဌိဂတ ဝိပ္ပယုတ် ပေတည်း။

ဥပေက္ခာ။ ။လျစ်လျူရှု ခံစားသော အခြင်း အရာဖြင့် အာရုံကို ရှုတတ်သော တရားနှင့် အသင့်အတင့် ရှုတတ်သော တရားသည် ဥပေက္ခာမည်၏။ သောမနဿ,ဒေါမနဿတို့သည် အာရုံကို လွန်လွန် ကဲကဲ ရှုသကဲ့သို့ ဥပေက္ခာသည် အာရုံကို လွန်လွန် ကဲကဲ မရှုတတ်ပါ။ သောမနဿ ဖြစ်နေသော ပုဂ္ဂိုလ်သည် သောမနဿ

ဖြစ်ဖွယ် အာရုံနှင့် ကင်းပါက ပေါက်ပြန်၏။ ဒေါမနဿ ဖြစ်နေသော ပုဂ္ဂိုလ်သည်လည်း ဒေါမနဿ ဖြစ်ဖွယ် အာရုံနှင့် ဆုံမိက ပေါက်ပြန်၏။ ဥပေက္ခာ ဖြစ်နေသော ပုဂ္ဂိုလ်မှုကား မည်သည့်အာရုံနှင့် ဆုံမိစေကာမူ ထိုကဲ့သို့ မဖြစ်ပါပေ။ အသင့်အတင့် အားဖြင့်သာ နှလုံးသွင်းလေသည်။ အာရုံနှင့်ပေါင်းဆုံမှု, အာရုံနှင့်ကွေကွင်းမှုဟူသော အကြောင်းကြောင့် တစုံတရာ ပေါက်ပြန်ခြင်းသို့ မရောက်။ ဤသို့ လွန်လွန်ကဲကဲ မဖြစ်ခြင်းသည်ကား ဥပေက္ခာ၏ သတ္တိ ပေတည်း။

ဥပေက္ခာသဟဂုတ်။ ။ဥပေက္ခာ ဝေဒနာနှင့် ဧကုပ္ပါဒ စသော နည်းကမ်း အတိုင်း တကွ ဖြစ်သည်ကို ဥပေက္ခာ သဟဂုတ်ဟု ဆို၏။

မေးဘွယ်အခန်း။ ။ဤလောဘမူစိတ်ရှစ်ခုမှာ ဖဿစသောစေတသိက်များ ဝိတက် စသော စေတသိက်များ မောဟစသော စေတသိက်များလည်း ယှဉ်နေကြသည်။ ၎င်းစေတသိက်တို့ဖြင့် ဝေဒနာ စေတသိက်ကဲ့သို့ အထူးပြု၍ ဖဿ သဟဂုတ် ဝိတက္က သဟဂုတ် မောဟ သဟဂုတ် စသည်ဖြင့် ဆိုပါမူ သင့်တန်ရာသည် မဟုတ်တုံလောဟု မေးငြားအံ့။

မသင့်ဟု ဖြေကြားရမည်၊ အဘယ်ကြောင့် ဆိုသော် ဖဿ သဟဂုတ်ဟုဆိုရာ၌ လောဘမူစိတ်၏ တခုနှင့်တခုကွဲလွဲ ထူးခြားမှုသည် ဝေဒနာဖြင့် အထူးပြုသကဲ့သို့မရှိ။ ဝိတက်စသည်, မောဟစသည်တို့ဖြင့် အထူးပြုရာ၌လည်း ကွဲလွဲမှု တစုံတရာမပေါ။ ကွဲပြားမှုရှိအောင် ပြုနိုင်သောတရားမျိုးလည်း မဟုတ်ကြ။ ဒိဋ္ဌိ, သင်္ခါရတို့ကဲ့သို့ ဤလောဘမူစိတ်တွင် တချို့စိတ်မှာ ဖြစ်၍ တချို့စိတ်မှာ မဖြစ်သည်လည်း မဟုတ်ကြ။ စိတ်အားလုံး၌ပင် ဖြစ်နေကြသည်။ ထူးခြားကွဲလွဲချက် တစုံတရာမရှိ။ ထိုသို့ဖြစ်သောကြောင့် ဖဿစသော, ဝိတက်စသော, မောဟစသော စေတသိက်များသည် ဤစိတ်ကို ကွဲပြားအောင် မပြုနိုင်သည့်အတွက် ဖဿသဟဂုတ် စသည်ဖြင့် မဆိုအပ်သတည်း။

ဝေဒနာစေတသိက် မှုကား-သောမနဿ, ဒေါမနဿ, ဥပေက္ခာဟု ကွဲပြားအောင်ပြုနိုင်သည်။ ဒိဋ္ဌိ,သင်္ခါရတို့ကား-၎င်းတို့ ယှဉ်မှုရှိမှု,ယှဉ်မှုမရှိမှုဖြင့် ကွဲပြားအောင် ပြုနိုင်ကြသည်။ လောဘ စေတသိက်ကား-

အခြားစိတ်များမှ လောဘမူစိတ်ကိုကွဲပြားအောင်ပြုနိုင်သည်။သို့အတွက် ဝေဒနာ ဒိဋ္ဌိ, သင်္ခါရ,လောဘ တို့ကို အထူးဖြစ်အောင် ကူမနိုင်စွမ်းရှိ၍ ယူရ လေသည်။

ပီတိစသည်ဘို့။ ။ပီတိ,မာန,ထိန,မိဒ္ဓ တို့သည်လည်း စိတ်ကို ကွဲပြားလေအောင် ပြုတတ်သည် မဟုတ်ပါလော ? ၎င်း စေတသိက် တို့ဖြင့် အထူးပြု၍ သပီတိကံ, အပီတိကံ ဟူ၍၎င်း မာန သမ္ပယုတ္တံ,မာနဝိပ္ပယုတ္တံ ဟူ၍၎င်း ထိန,မိဒ္ဓသမ္ပယုတ္တံ,ထိန,မိဒ္ဓဝိပ္ပယုတ္တံ ဟူ၍၎င်း ယူအပ်သည် မဟုတ်ပါလော ဟူပြောအံ့။ (**ဓောဒနာချက်**) ဤသို့လည်း ယူခြင်းငှာမသင့်ပါ၊အကြောင်းသော်ကား–သောမနဿကို ယူလျှင်ပင် ပီတိကို ယူပြီးသား ဖြစ်နေပါသည်။မာန, ထိန, မိဒ္ဓ တို့ကား– စိတ်မှာအမြဲယှဉ်နေသော စေတသိက်မျိုးမဟုတ်၊ အကြောင်းတိုက်လာ အခါ သင့်မှ ဖြစ်သော စေတသိက်များ ဖြစ်သည့်ပြင် ဗုဒ္ဓမြတ်စွာ သည်လည်း အသီးအခြား သရုပ်ထုတ်၍ မဟောဘဲ ယေဝါပန သဒ္ဒါဖြင့် သာမန်အနေအစားတွင် ဟောထားသော စေတသိက်များ ဖြစ်ပါသည်။ သို့ဖြစ်၍ ဘေဒကရ အရာတွင် ၎င်းတို့ကို မကောက်ယူရပါ။

သောမနဿဖြစ်ကြောင်း။ ။သောမနဿသည်

၁။ သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေသူ ဖြစ်ခြင်း
၂။ ပေါ့လွင်သော စိတ်ထားသဘောထားရှိခြင်း
၃။ ဣဋ္ဌာရုံနှင့်ပေါင်းဆုံမိခြင်း
၄။ ပျက်စီးခြင်း သဘောမှ ကင်းလွတ်ခြင်း

ဟူသော အကြောင်း လေးပါးကြောင့် ဖြစ်၏။ သောမနဿ ပဋိသန္ဓေ နေခဲ့သူသည် အမြဲတမ်း သောမနဿ ဘဝင်စိတ်များဖြင့် ထုံထားအပ်သော သန္တာန်ရှိသည်ဖြစ်၍ ဖြစ်ခွင့်ရ၍ ဖြစ်ရလျှင် အများအားဖြင့် သောမနဿ သဟဂုတ်စိတ်သာ ဖြစ်လေသည်။

စိတ်ထား သဘောထား ပေါ့လွင် သေးသိမ် သူသည် အနည်းငယ် မျှကို အများကြီး ထင်တတ်၏။ အယုတ် ကိုပင် အမြတ်ဟု ထင်တတ်၏။ ထိုပုဂ္ဂိုလ်မျိုးမှာ ဖြစ်ခွင့်ရ၍ ဖြစ်ရလျှင် သောမန ဿ သဟဂုတ်စိတ်သာ အဖြစ်များ၏။

ဇုဒ္ဓာရုံနှင့် ပေါင်းဆုံမှု ဟူသည်မှာ မိမိစိတ်ကြိုက် သဘောကျ ဖြစ်သော အာရုံနှင့်ပေါင်းဆုံမိခြင်းတည်း။ ထိုအာရုံသည် ညံ့သောအာရုံ ဖြစ်စေ, ကောင်းမွန်သော အာရုံဖြစ်စေ, လိုရင်းမဟုတ်။ အာရုံပြုသူ၏ စိတ်ကြိုက်သာ လိုရင်းတည်း။ အာရုံပြုသူ၏စိတ်ကြိုက်အာရုံကိုပင် ဣနေ ရာ၌ ဇုဒ္ဓာရုံဟု ဆိုလို၏။

ဥပေက္ခာဖြစ်ကြောင်း။ ။ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ဘို့ရာ—

၁။ ဥပေက္ခာ ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း
၂။ သဘောထားကြီးခြင်း
၃။ မဇ္ဈတ္တာရုံနှင့် ပေါင်းဆုံမိခြင်း
၄။ ပျက်စီးခြင်း ဗျသနတရားမှ လွတ်ကင်းခြင်း

တို့သည် အကြောင်းပေတည်း။

ဥပေက္ခာ ပဋိသန္ဓေနေခဲ့သူမှာ အမြဲတန်း ဥပေက္ခာဘာဝင်စိတ်ဖြင့် ထုံ ထားအပ်သောသန္တာန် ရှိနေရကား ဖြစ်ခွင့်ရှိ၍ဖြစ်ရလျှင် အများအားဖြင့် ဥပေက္ခာ သဟဂုတ်စိတ်သာဖြစ်၏။

သဘောထား ကြီးသူသည် အများကြီးကိုသော်လည်း အနည်းငယ် လောက်ထင်တတ်၏။ မွန်မြတ်သော အရာကိုလည်း ယုတ်သော အရာ ကဲ့သို့ အမှတ်ထားတတ်၏။ ကြီးကြီးကျယ်ကျယ် ထယ်ထယ်ဝါဝါကြီး ဟု မထင်တတ်ပါလေ။

ဒေါသဖြစ်ကြောင်း။ ။ဒေါသဖြစ်ကြောင်းများကား—

၁။ ဒေါသအယူကို ယူလိုသော ဆန္ဒရှိခြင်း
၂။ အယူလွဲသူကို မှီဝဲကပ်ရပ်၍ ပေါင်းသင်းခြင်း
၃။ သူတော်ကောင်းတရားကို မျက်နှာလွှဲခြင်း
၄။ မိစ္ဆာဝိတက်များခြင်း
၅။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းတို့ပင်တည်း။

ဒေါသအယူကို ယူလိုသောဆန္ဒ ရှိနေခြင်းဆိုသည်မှာ ကာလာမရှင်နှင့် သုနက္ခတ်တို့ကဲ့သို့ ရှေးဘဝက ဒေါသအယူကိုယူ၍ လာခဲ့ဘူးသောကြောင့် ယခုမျက်မှောက် ဘဝ၌လည်း ဒေါသအယူကို ယူလိုသော ဆန္ဒဓာတ် ရှိနေ ခြင်းပင်တည်း။

သူတော်ကောင်း တရားကို မျက်နှာလွှဲခြင်း ဆိုသည်မှာ အမြဲန်ကြာမြင့်စွာ သူတော်ကောင်းတရားနှင့် ကင်းကွာလာခြင်းတည်း။
မိစ္ဆာဝိတက် များခြင်းဆိုသည်မှာ မိမိနှင့်မတန် သဗ္ဗညုတဉာဏ်အရာဖြစ်သော ဌာနတို့၌ မိမိပမာဏကိုမသိဘဲ ကြံစည်မှုများခြင်းပင်တည်း။
မသင့်သော အားဖြင့် နှလုံး သွင်းခြင်း ဆိုသည်မှာ မိမိတွေ့မြင်ဘူးသောအကြောင်းကိုသာ အမှန်အကန်ဟု နှလုံးသွင်းထားခြင်းတည်း။

ဒိဋ္ဌိဝိပ္ပယုတ်။ ။ဒိဋ္ဌိဝိပ္ပယုတ် ဖြစ်ကြောင်းကို

၁။ ဒိဋ္ဌိအယူကို ယူလိုစိတ် မရှိခြင်း
၂။ အယူပျက်စီးနေသူကို မပေါင်းသင်းခြင်း
၃။ သူတော်ကောင်းတရားကို နာကြားခြင်း
၄။ ကောင်းသော အကြံအစည်များခြင်း
၅။ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း

ဟူ၍ ဒိဋ္ဌိသမ္ပယုတ်မှ အပြန်အားဖြင့် သိအပ်လေသည်။

အသင်္ခါရိကဖြစ်ကြောင်း။ ။အသင်္ခါရိက ဖြစ်ကြောင်းတို့သည်-

၁။ အသင်္ခါရိက ကံသည် ဖြစ်စေအပ်သော စိတ်ဖြင့် ပဋိသန္ဓေနေခြင်း
၂။ ကိုယ်စိတ် ခန့်ကျန်းခြင်း
၃။ သည်းခံမှုများခြင်း
၄။ ယောကျ်ားတို့ပြု သင့်သောအမှု၌ အကျိုးအာနိသင်ကိုမြင်ခြင်း
၅။ အမှုတို့၌ လေ့လာ ကျွမ်းကျင်ပြီး ဖြစ်ခြင်း

ဟူသော အကြောင်းတို့ ပေတည်း။ သသင်္ခါရိက ဖြစ်ကြောင်း များကို အသင်္ခါရိကမှ ပြောင်းပြန်လှန်သော အားဖြင့် သိကြပါလေ။

ပဌမလောဘမူစိတ်။ ။အကြင်အခါ ကာမဂုဏ်တို့မှာ အပြစ်မရှိ စသည်ဖြင့် မိစ္ဆာအယူကို ရှေ့သွားပြုကာ နှစ်နှစ်သက်သက် ကာမဂုဏ် တို့ကိုလည်း ခံစား၏။ မည်သူမျှ တိုက်တွန်းမှုမပါ နကိုယ် ထက်မြက်သော စိတ်ဖြင့် ဒိဋ္ဌမင်္ဂလာ စသည် တို့ကို အနှစ် သာရအားဖြင့် ယုံလည်း ယုံကြည်၏။ ထို အခါမှာ ပဌမ လောဘမူစိတ် ဖြစ်၏။

ဒုတိယလောဘမူစိတ်။ ။အကြင်အခါ အသက်ပါအတိုင်း မိစ္ဆာ အယူကို ရွေးသွားပြုကာ ဝမ်းမြောက်ဝမ်းသာ ကာမဂုဏ်တို့ကိုလည်း ခံစား၏။ စိတ်သက်မြက်မှုမရှိ သူတပါးတိုက်တွန်းမှ ဖြစ်သောစိတ်ဖြင့် ဒိဋ္ဌမင်္ဂလာ စသည် တို့ကိုလည်း ယုံကြည်၏။ ထိုအခါ ဒုတိယလောဘမူစိတ်ဖြစ်၏။

တတိယလောဘမူစိတ်။ ။အကြင်အခါ မိစ္ဆာ အယူကို ရွေးသွားမပြုဘဲ နှစ်သက်ဝမ်းမြောက်စွာ မေထုန်ကိုလည်းမှီဝဲ၏။ သူ့ဥစ္စာ စည်းစိမ်ကိုလည်း ရွှေရှုကြံ၏။ သူတပါးပစ္စည်း ကိုလည်း သူတပါး တိုက်တွန်းမှု မပါ ဖဲသာ ထက်မြက်သော စိတ်ဖြင့် ခိုးယူ၏။ ထိုအခါ တတိယ လောဘမူစိတ် ဖြစ်၏။

စတုတ္ထလောဘမူစိတ်။ ။အကြင်အခါ သူတပါး တိုက်တွန်းမှ ဖြစ်သော နုံ့သော စိတ်ဖြင့် မေထုန်မှု စသည်ကိုပြု၏။ ထိုအခါ စတုတ္ထလောဘမူစိတ်ဖြစ်၏။

ပဉ္စမလောဘမူစိတ်။ ။အကြင်အခါ ကာမဂုဏ်တို့၏ မပြည့်စုံမှု သောမနဿ ဖြစ်ကြောင်း မရှိမှုအားဖြင့် ဝိပ္ပယုတ်လေးပါးစလုံးမှာ သောမနဿဝေဒနာကင်းလေသည်။ ထိုအခါ ဥပေက္ခာသဟဂုတ် လေးခုတို့ဖြစ်ကုန်၏။

လောဘမူစိတ် ငါးပုံ။ ။အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ ဟူသော အကုသိုလ် ကမ္မပထ ခုနစ်ပါးကိုတည်၊ တပါးတပါးလျှင် လောဘမူစိတ် ၈-ခု ဖြစ်လေသောကြောင့် ၈-နှင့်မြှောက် ၅၆-ခုဖြစ်၏။ ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဟူသော ကာလသုံးပါးနှင့်မြှောက် ၁၆၈-ခုဖြစ်၏။ ၎င်းကို အာရုံ ၆-ပါးနှင့်မြှောက် ၁၀၀၈-ခု ဖြစ်၏။ ၎င်းကို အဇ္ဈတ္တ, ဗဟိဒ္ဓ ဟူသော သန္တာန် ၂-ပါးနှင့်မြှောက် ၂၀၁၆-ခု ဖြစ်၏။ ဇနပုဒ် စကြဝဠာ စသည်တို့ဖြင့် အပွါးရာမှုကား များစွာ ရှိလေသည်။

ဒေါသမူ အဖွင့်

ဒေါမနဿ နှင့် ပဋိဃ။ ။ဒေါမနဿသည် စိတ်မချမ်းသာဖွယ် ဖြစ်လာအောင် ပြုတဲ့ မာနသိက ဒုက္ခဝေဒနာ ပင်တည်း။ ပဋိဃ ဟူသည် ဒေါသ စေတသိက်တည်း။ ဒေါသ ဖြစ်ပေါ်လာသည့်အခါ ဒေါသနှင့် ယှဉ်ဖက် တရားတွေလည်း အညှဉ်းခံရ၏၊ ကြမ်းထမ်းမှု, ပူပန်မှု ဖြစ်ပေါ် လာ၏၊ ဒေါသ၏ မှီရာ ဟဒယဝတ္ထုရုပ်ကို ထိခိုက် လာ၏၊ နှလုံးသွေး ပူလာ၏၊ ခုန် လာ၏၊ မျက်နှာ အနေအထားလည်း ဆိုးလာ၏၊ မိမိ၏ အာရုံကိုပင် ထိပါး၏၊ သို့ဖြစ်၍ ဒေါသ စေတသိက်ကို ပဋိဃဟုလည်း ခေါ်၏။

ဤဒေါသမူစိတ်၌ စောဒက ပုဂ္ဂိုလ်က သင်္ခါရ အတွက်မှုကား– အသင်္ခါရိက သသင်္ခါရိက စိတ်နှစ်မျိုး ကွဲပြားအောင်ပြု၍ ကျေနပ်၏၊ ဝေဒနာနှင့် ပဋိဃတို့မှုကား–ကွဲပြားမှုရအောင် မပြုတတ်သည့်အတွက် ဒေါမနဿ သဟဂုတံ-ပဋိဃသမ္ပယုတ္တံဟု ဆိုသော စကားကို မကျေနပ်ချေ၊ အဖြေကို ဤသို့ပြဆို၏၊ ဒေါမနဿ သဟဂုတံ ဆိုရသည်မှာ– ဤဒေါသမူ စိတ်သည် တခါတရံ အခြား သောမနဿ ဝေဒနာများနှင့် ယှဉ်သေး သလောဟု ယုံမှားမှုကို မြစ်တားရန် ဖြစ်သည်။

ဆက်ကြဦးစို့–ရှင်ဘုရင်များက ပြုံးပြုံးရွှင်ရွှင် ခိုးသူကို သတ်မိန့် ပေးကြသည်၊ လူတွေကလည်း မိမိတို့ရန်သူသေလျှင် ဝမ်းမြောက်ကြသည်၊ လူမိုက်တွေက တပြုံးပြုံးတရွှင်ရွှင်နှင့် ပျော်ပျော်ကြီးသူတပါး အသက်ကို သတ်နေကြသည်။ ဤကဲ့သို့ ပျော်ပျော်ရွှင်ရွှင် သတ်နေကြသည်ကို မြင်ရတော့ သောမနဿနှင့် ယှဉ်လေသလောဟု ယုံမှားမှုဖြစ်လာသည်၊ ထိုယုံမှားမှုကို မြစ်တားရန်အတွက် ဒေါမနဿသဟဂုတံဟု ဆိုရလေသည်။ အချုပ်အားဖြင့် ပြုံးလို့ဘဲသတ်သတ် ပျော်လို့ဘဲသတ်သတ် ဒေါမနဿ ဝေဒနာချည်းသာ ဖြစ်သည်ဟုဆိုလို၏။

ပဋိဃကို ဆိုခြင်းမှာ ဒေါမနဿ ဝေဒနာသည် ပဋိဃနှင့်သာယှဉ်၏ဟု ပြလို၍ဖြစ်၏။ လောက၌ နတ္ထိကမိစ္ဆာအယူရှိသူတွေ အဟေတုကမိစ္ဆာအယူရှိသူတွေ အကိရိယ မိစ္ဆာအယူရှိသူတွေ ရှိကြ၏။ ထိုသူတို့သည် သူတပါးအသက်ကိုသတ်ခြင်း၌ အကုသိုလ်မဖြစ်ဘူးဟု ယူကြ၏။

အချို့မိစ္ဆာအယူရှိသူတွေက လူ့အသက်ကိုသတ်လျှင် အကုသိုလ်ဖြစ်သည်၊ တိရစ္ဆာန်အသက်ကိုသတ်လျှင် အကုသိုလ်မဖြစ်ဟု ယူကြသည်။ အချို့မိစ္ဆာအယူ ရှိသူတွေက သတ္တဝါတွေသတ်၍ ယဇ်ပူဇော်လျှင် ကြီးကျယ်သော ကုသိုလ်မျိုးဖြစ်သည်။ နတ်ရွာသို့ရောက်ကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်သည်ဟု ယူကြသည်၊ သို့ယူထားကြ သည့်အတိုင်း သူတို့ကိုယ်တိုင်လည်း သတ္တဝါတွေ၏ အသက်ကိုသတ်ကြသည်၊ သူတပါးတို့ကိုလည်း အသတ်ခိုင်းကြသည်၊ ထိုသို့ဖြစ်သောအခါ၌ ဤဒေါသမူစိတ်ဟာ ဒိဋ္ဌိနှင့်ယှဉ်လေသလောဟု ယုံမှားဘွယ် ဖြစ်ပေါ်လာပြန်၏ (ဤလည်းတချက်)

သမ္မာဒိဋ္ဌိ အယူရှိသူတွေမှာပင် အချို့ဘာသာရေး ဗဟုသုတနည်းပါးသူတို့က တရံတခါ မိစ္ဆာအယူသို့ အတုလိုက်ကာ သူတပါးအသက်ကိုသတ်ဖြတ်လျှင် အပြစ်ရှိလေသလား မရှိဘူးလား?နှင့် ယုံမှားဖြစ်ကြသေးသည်၊ ဤသို့ဖြစ်သောအခါ ဒေါသမူစိတ်သည် ဝိစိကိစ္ဆာနှင့် ယှဉ်လေသလောဟု တွေးတောလျဉ်းပါးမှု ပေါ်လာပြန်၏(ဤလည်းတချက်)

ထိုကဲ့သို့ ဒေါသမူစိတ်၏ ဒိဋ္ဌိနှင့်ယှဉ်နိုင်မှု ဝိစိကိစ္ဆာနှင့် ယှဉ်နိုင်မှု ရှိသလိုလို အကြောင်းတွေပေါ်လာသည့်အတွက် ပဋိဃသမ္ပယုတ္တံ-ဟု ထပ်မံ၍ ဆိုရပြန်လေသည်။

ဒေါမနဿ နှင့် ပဋိဃသည် (၁) ဒေါသ ကြီးသော ဘဝမှ လာ သဖြင့် ဒေါသ ဖြစ်မှုကိုသာ တွေးတော တတ်ခြင်း, ဒေါသ ဖြစ်မှုကိုသာ ကြက်၍ ရှေ့မြင်တတ်ခြင်း,အပြစ်ကိုသာရှာတတ်ခြင်း (မုန်းလျှင်အပြစ်, ချစ်လျှင်အကျိုး ဟူသည်မှာကဲ့သို့ အမုန်းသဘော များ၍ အပြစ်ကိုချည်း တွေးနေ တတ်သည်ဟု ဆိုလို၏)။

(၂) သဘောထားပုပ်စပ်ခြင်း၊ (၃) အကြားအမြင် ဗဟုသုတနဲခြင်း၊

မှတ်ချက်။ ။ဤသူမျိုးကား စာပေ ဗဟုသုတလည်း မရှိ ပညာ ရှိများ ထံ၌ ပညာ ဆည်းပူး ခြင်းလည်း မရှိ၊ ပညာ ရှိရာ ရှိကြောင်း ပြောလျှင် လည်း နားငြီး၏။

(၄) ရန်ငြိုး ကြီးခြင်း၊ (၅) အနိဋ္ဌာရုံနှင့် ပေါင်းဆုံ မိခြင်း၊ ဤအကြောင်း ငါးပါးတို့ကြောင့် ဖြစ်၏။

မောဟမူ အဖွင့်

မောဟမူစိတ်။ ။မောဟမူစိတ်နှစ်ခုသည် ဥပေက္ခာ ဝေဒနာသာ ဖြစ်၏၊ မောဟမူစိတ်မှာ မောဟဟိတ်တပါးသာ ရှိသည်၊ ထိုမောဟသည် လောဘဟိတ်, ဒေါသဟိတ် အနှောက်အရှက် မရှိသဖြင့်မောဟမူစိတ်တွင်ဧကရာဇ်ဘုရင်ကြီးသဖွယ်အလွန်အားအင် နှင့်ပြည့်စုံသည်၊ သို့အတွက် မိုက်ချင်သမျှမိုက်နေသည်။ အာရုံတခုခုနှင့် တွေ့လျှင် မည်သည့်အခါမျှ ပြီးပြတ်တိကျသွားသည်မရှိဘဲ ယုံမှားခြင်း, အတိအကျ မဆုံးဖြတ်နိုင်ခြင်း အယဉ်မှာ အစဉ် မျောပါ နေသော ဝိစိကိစ္ဆာ, တံခွန်တိုင်များကို လေခတ်သကဲ့သို့ တဖျတ်ဖျတ် လှုပ်ရှား လျက် အာရုံတပါးပါး၌မျှ, တန့်နားခြင်း မရှိသော ဥဒ္ဓစ္စတို့ နှင့်လည်း ယှဉ်နေပြန်သည်၊ သို့ဖြစ်၍ ဤမောဟမူစိတ်၌ ဝေဒနာသည် အာရုံကို လုံလုံလောက်လောက် မောက်မောက်ပြည့်ပြည့် မခံစားနိုင်ရကား– ဥပေက္ခာဝေဒနာသာ ဖြစ်လေသည်။

တနည်း အားဖြင့် ဆိုလျှင်......မောဟမူစိတ်သည် သောမနဿစိတ် ဒေါမနဿစိတ်တို့၏အခြားမဲ့၌ဖြစ်နေရ၍ ထိုဝေဒနာနှစ်မျိုးတို့နှင့်လည်း ယှဉ်နေလေသလောဟု ယုံမှားမကင်း ဘွယ်ရာဖြစ်သည်၊ သို့အတွက် ယုံမှားခြင်းကင်းစေရန် ဥပေက္ခာသဒ္ဒါကို ဆိုရလေသည်။

ဝိစိကိစ္ဆာ နှင့် ဥဒ္ဓစ္စ။ ။အခြားသော စိတ်နှင့် မဆက် ဆံသော စေတသိက်ဖြင့် စိတ်ကို မှတ်သားခြင်းငှါ ဝိစိကိစ္ဆာ သဒ္ဒါကိုဆိုရသည်၊ ဥဒ္ဓစ္စ စေတသိက်သည် အကုသိုလ်စိတ် များတွင် နောက်ဆုံး ဖြစ်သော အကုသိုလ် စိတ်၌သာလျှင် အခွင့်အရေးရ၍ အားကောင်းသည် ဖြစ်ရာ နောက်ဆုံး အကုသိုလ် စိတ်မှာသာ ဥဒ္ဓစ္စသမ္ပယုတ္တံဟု ဆိုရလေသည်။ သို့ကြောင့်ပင် ဓမ္မသင်္ဂဏီ ပါဠိတော်၌လည်း နောက်ဆုံး အကုသိုလ် စိတ်၌သာ တရားသရုပ်ထုတ်၍ ဟောတော်မူသည်။

သင်္ခါရဆုံးဖြတ်ချက်။ ။မောဟမူစိတ်နှစ်ခုသည် အသင်္ခါရိကလော? သို့မဟုတ် သသင်္ခါရိကလော? မောဟမူစိတ် နှစ်ခုသည် သတ္တဝါတို့၏ ပကတိသဘော ဖြစ်သည့် ကြောင့်ကြံ မိုက်ထုတ်မှု ဟူသော ပယောဂ, သဘောတူ ကတိကဝတ်ထား၍ ပြုလုပ်ဆောင်ရွက်ခြင်းစသော ဥပါယ

တို့တွင် မည်သည့် အာရုဏမှ ဖြစ်စေ အပ်သည်မဟုတ်၊ အခါခပ်သိမ်း ဘဝင်စိတ်များကဲ့သို့ ဆုတ်နစ်မှု တွန့်တိုမှု မရှိဘဲ မပင်ပန်းသဖြင့်ရှင်း, မငြိုငြင်သဖြင့်ရှင်း ဖြစ်၏၊ ထိုသို့ဖြစ်သောကြောင့် အမှန်စင်စစ်အားဖြင့် ဤစိတ် နှစ်ခုသည် အသင်္ခါရိက တမျိုးတည်းသာ ဖြစ်၏။ အသင်္ခါရိက တမျိုးတည်း ဖြစ်၍လည်း ဒေါသမူစိတ် များကဲ့သို့ သင်္ခါရ အပြား မဆိုခြင်း ဖြစ်လေသည်။ အချုပ် အားဖြင့် မောဟမူစိတ် နှစ်ခုသည် အသင်္ခါရိကသာ ဖြစ်၏၊ သသင်္ခါရိက မဟုတ်ဟု မှတ်ပါလေ။

အကုသိုလ်စိတ်ဟူသည် ကုသိုလ်စိတ်၏ ဆန့်ကျင်ဘက် အားဖြင့် ရသောအမည်တည်း။ စိတ်သည်အကုသိုလ်လည်းမဟုတ်၊ ကုသိုလ်လည်း မဟုတ်၊ စင်စစ် အားဖြင့် စေတသိက် တရားတို့ သည်သာ ကုသိုလ် အကုသိုလ် ဖြစ်ကြသည်။ သဒ္ဓါ စသော စေတသိက် တို့သည် ကုသိုလ် မည်၏၊ မောဟ စသော စေတသိက် တို့သည် အကုသိုလ် မည်၏၊ စိတ် တရားတို့ သည်ကား- ဖဿ စသော စေတသိက်တို့ ကဲ့သို့ ကုသိုလ် စေတသိက်နှင့်ဆက်ဆံလျှင် ကုသိုလ်ဖြစ်သည်။အကုသိုလ် စေတသိက် နှင့် ဆက်ဆံလျှင် အကုသိုလ် ဖြစ်သည်။

စိတ်၏ အာရုံကို သိခြင်းသည် စင်စစ် အားဖြင့် မောဟ စသော အကုသိုလ် စေတသိက်၏ ရယ္ဗန စသည် ကဲ့သို့ အပြစ် ရှိသည်လည်း မဟုတ်၊ သဒ္ဓါ စသော စေတသိက်၏ သဒ္ဒဟန စသည် ကဲ့သို့ အပြစ် ကင်းသည်လည်း မဟုတ်၊ အကုသိုလ် စေတသိက် နှင့် ယှဉ်တဲ့ အခါ အကုသိုလ် ဖြစ်၍ ကုသိုလ် စေတသိက်နှင့် ယှဉ်တဲ့ အခါ ကုသိုလ်စိတ် ဖြစ်သည်ဟု ဆိုလို၏။

ကုသိုလ် စေတသိက် များသည် အကုသိုလ်ကို ပယ်တတ်သော စေတသိက်ဖြစ်သည်၊ အကုသိုလ်စေတသိက်များသည် အပယ်ခံရမည့် စေတသိက်များဖြစ်သည်၊ဤသို့လျှင် ကုသိုလ်စေတသိက်နှင့် အကုသိုလ် စေတသိက်သည် ပယ်တတ်ပယ်အပ်သော သဘောအနေဖြင့် ဆန့်ကျင် ကြသည်။

အကုသိုလ် စေတသိက်သည် ရွှေရေစပ် ပစ္စည်းကဲ့သို့ အနှစ်သာရ မရှိသော တရား များသာ ဖြစ်၏၊ ပွါးများ ထိုက်သော တရားများ မဟုတ်ချေ။ ၎င်းကို အကြွင်းမဲ့ နှလုံးသွင်း လျှင်မူကား- တုန်လှုပ်

ချောက်ချား တတ်လေသည်၊ ဖရိုဖရဲ ပြိုကွဲပျက်စီး တတ်လေသည်၊ ကုသိုလ်ဟူသော ရေသောက်မြစ်ကို အမြဲတမ်း ဖြတ်တောက်လျက် သတ္တဝါတို့ကို ဝဋ်ဆင်းရဲအယဉ်မှာ အစဉ်မြဲနေအောင်လည်း ပြုစွမ်း နိုင်အား မရှိပါချေ။

ကုသိုလ် စေတသိက်မှုကား-အားကောင်း လေသည်၊ ရွှေစစ်ကဲ့သို့ မွန်မြတ်လေသည်၊ တိုးပွါးအောင်လည်း ပွါးများထိုက်၍၊ အကြိမ်ကြိမ် အခါခါ နှလုံးသွင်းလျှင်မူကား-မြသထက်မြ ခိုင်သထက်ခိုင်၍လောက အရာမှာ ဆိုလျှင် တန်ခိုး အမျိုးမျိုး ဖန်ဆင်းနိုင်အောင် လောကုတ္တရာ ဘက်မှာဆိုလျှင်အရဟတ္တမဂ်တိုင်အောင်စည်ပင်ကြီးပွါးကြလေသည်။

ဘဝနိယာမသို့ သက်ရောက်ပါသော် အပါယ်ဆင်းရဲ အယဉ် ဝဋ်ဆင်းရဲအယဉ်ကို အမြစ်ပါမကျန် ဖြတ်တောက်၍ အနုပါဒိသေသနိဗ္ဗာန် ယို့မှီခိုရန် သက်ရောက်ကြလေသည်။

အဟိတ်စိတ် ၁၈-ခု အဖွင့်

အကုသလဝိပါက်နှင့် ကုသလဝိပါက်း ။စက္ခုပသာဒ ရုပ်ကိုမှီ၍ ဖြစ်သော ဝိညာဏ်စိတ်သည် စက္ခုဝိညာဏ်စိတ် မည်၏။ သောတ ဝိညာဏ် စသည်တို့၌လည်း ထိုနည်းတူပင်ဖြစ်၏၊ထင်းကိုစွဲ၍ ဖြစ်သော မီးသည် ထင်းမီးဆိုသကဲ့သို့မှတ်ပါ။

သမ္ပယုတ်တရား ထိုသမ္ပယုတ် တရားနှင့် ပြည့်စုံသူကို ညှဉ်းဆဲ နှိပ်စက်တတ်သော တရားသည် ဒုက္ခမည်၏။ ထိုဒုက္ခနှင့်တကွဖြစ်သော စိတ်ကို ဒုက္ခသဟဂုတ်စိတ်ဟု ခေါ် ၏။အာရုံကိုမလွှတ်ဘဲ အာရုံကို ရှေးရှု အလိုရှိတတ်သောစိတ်သည် သမ္ပဋိစ္ဆန္နစိတ်မည်၏။ အာရုံကိုမလွှတ်ဘဲ စိစစ်တတ်သော စိတ်သည် သန္တီရဏစိတ် မည်၏။

စက္ခုဝိညာဏ်မှာ ဖြစ်ကြောင်းတရား လေးပါးရှိ၏၊ ဖြစ်ကြောင်း လေးပါးဟူသည်--

၁။ စက္ခုပသာဒ မပျက်စီးခြင်း
၂။ အလင်းရောင်ဟူသော မှီရာကိုရခြင်း
၃။ ရူပါရုံထင်ခြင်းသို့ရောက်ခြင်း
၄။ နှလုံးသွင်းခြင်းဟူသည်တို့ပင်တည်း။

သောတဝိညာဏ်မှာ ဖြစ်ကြောင်း တရား လေးပါးရှိ၏၊ လေးပါး ဟူသည်–

၁။ သောတပသာဒ မပျက်စီးခြင်း
၂။ အခင်းအတားမရှိခြင်းဟူသော အာကာသကိုမှီရခြင်း
၃။ သဒ္ဒါရုံ ထင်လာခြင်း
၄။ နှလုံးသွင်းခြင်း ဟူသည်တို့ပင်တည်း။

ဃာန ဝိညာဏ်မှာ ဖြစ်ကြောင်း တရား လေးပါး ရှိ၏၊ လေးပါး ဟူသည်–

၁။ ဃာနပသာဒ မပျက်စီးခြင်း
၂။ လေဓာတ်ကိုအမှီရခြင်း
၃။ ဂန္ဓာရုံထင်လာခြင်း
၄။ နှလုံးသွင်းခြင်း ဟူသည်တို့ပင်တည်း။

ဇိဝှါ ဝိညာဏ်မှာ ဖြစ်ကြောင်း တရား လေးပါး ရှိ၏၊ လေးပါး ဟူသည်–

၁။ ဇိဝှါပသာဒ မပျက်ခြင်း
၂။ အာပေါဓာတ်ကိုမှီရာရခြင်း
၃။ ရသာရုံထင်လာခြင်း
၄။ နှလုံးသွင်းခြင်း ဟူသည်တို့ပင်တည်း။

ကာယဝိညာဏ်မှာ ဖြစ်ကြောင်း တရား လေးပါး ရှိ၏၊ လေးပါး ဟူသည်–

၁။ ကာယပသာဒ မပျက်စီးခြင်း
၂။ ပထဝီဓာတ်ကိုအမှီရခြင်း
၃။ ဖောဋ္ဌဗ္ဗာရုံထင်လာခြင်း
၄။ နှလုံးသွင်းခြင်း ဟူသည်တို့ပင်တည်း။

အာကာသ အာလောက စသော မှီရာဘို့ကို ယူခြင်းသည် ရူပါရုံ-စသည့်တို့၏ ထိုအာကာသ အာလောကစသည်တို့နှင့်ကင်း၍ပသာဒရုပ်တို့၌ ထင်မှုမရှိသည့်အတွက် ဖြစ်လေသည်။

အဓိကထားဆိုရာကား-စက္ခုပသာဒ မပျက်စေကာမူလည်း အပဖြစ်သောရူပါရုံ ထင်မလာခဲ့သော် စက္ခုဝိညာဏ် မဖြစ်၊ ရူပါရုံ ထင်လာသော်လည်း အာလောက မရှိခဲ့သော် စက္ခုဝိညာဏ် မဖြစ်ဟု မိန့်၏။

ဝိပါက်ဆိုသည်ကား-ရင့်ကျက်ခြင်းသို့ ရောက်တဲ့သဘောတည်း၊ ဥပမာ-သရက်သီးစသည်တို့၏ နုသောဘာဝကို လွန်၍ မှည့်ရင့်သောဘာဝသို့ ရောက်ခြင်းသည် ဝိပါက်ဆိုသကဲ့သို့တည်း။

ဝိပါက်အနက်ကို ပြည့်စုံခြင်းလေးမျိုးဖြင့် ပြပေအံ့-ပြည့်စုံခြင်းသည်

၁။ စေတနာ၏ ပြည့်စုံခြင်း
၂။ ကံ၏ ပြည့်စုံခြင်း
၃။ ထင်မြင်လာမှု၏ ပြည့်စုံခြင်း
၄။ ခဏငယ်သုံးချက်၏ ပြည့်စုံခြင်းအားဖြင့် လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် ရှေ့တချိန်က ကုသိုလ်ကိုဘဲ ဖြစ်စေ၊ အကုသိုလ်ကိုဘဲဖြစ်စေ၊ ထိုထိုကံ တမျိုးမျိုးကို ပြုလုပ်ချိန်၌ ကုသိုလ်-အကုသိုလ်စေတနာ၏ ဥပါဒ်, ဌီ, ဘင် ဟူသော ခဏသုံးပါးနှင့် ပြည့်စုံခြင်းသည် **စေတနာ သမင်္ဂိတာ**မည်၏၊ ထိုစေတနာဟာ ကုသိုလ်ပြု ပြီးနောက် (သို့မဟုတ်) အကုသိုလ် ပြုပြီးနောက် ချုပ်သွား သော်လည်း အချင်းခပ်သိမ်း မရှိသော အနေသို့ ရောက်အောင် ချုပ်ပျောက် သွားသည် မဟုတ်၊ အမှန်မှာ နောက် တချိန်၌ အကျိုးတရား ဖြစ်ပွါး ပေါ်ပေါက်လာဘို့ရန် မိမိ၏အခြင်းအရာ အားလုံးနှင့် ပြည့်စုံသော အပြုံအမူ ကြိယာထူးကလေးကို စိတ် အစဉ်မှာ သိမ်းလျက်သာ ချုပ်ပျောက် သွားလေသည်၊ ထိုအပြုံအမူ ကြိယာထူးကလေးသည် အကျိုးပေးခွင့်ကို မရသေးသမျှ ကာလ ပတ်လုံး ကပ္ပါပေါင်း အသိန်း မကလည်း စိတ်အစဉ်မှာ လိုက်ပါတည်နေ လေသည်။

မွေ့ပဒ၌ ဟောတော်မူချက်

ညှစ်စဖြစ်သောနို့ရည်သည် မချဉ်မသိုး အခိုးမလွှတ်သေး သကဲ့သို့ ပြုသစ်စဖြစ်သော မကောင်းမှုကံသည် အခိုးမလွှတ်သေး၊ မကောင်းမှုကံအခိုးလွှတ်သည်ရှိသော် ပြာဖုံးထားသော မီးကဲ့သို့မကောင်းမှုကံရှင်သူမိုက်ကို လောင်ကျွမ်းစေကာ အစဉ်လိုက်ပါ၏။

အနှစ်ပေါင်းအသိန်းမက လိုက်ပါနေသော ထိုကြံယာထူးကလေးကို အသီးအခြား ပရမတ္ထတရား တခုဟုလည်း မဆိုသာချေ၊ အနုသယဓာတ် သဘောကဲ့သို့ အခွင့်ကိုမျှော်လျက်ကိန်းနေသော ကြံယာထူးကလေး သာဖြစ်လေသည်။ ဤအပြုံအမူကြံယာထူးကလေးကား ကမ္မသမင်္ဂီတာ (ကံ၏ ပြည့်စုံခြင်း) ပင်တည်း။

ထိုအမူအရာ ကြံယာထူး ဟူသော ကံကလေးသည် အကြင် အခါ မိမိအား လျောက်ပတ်သော အကြောင်းကိုရ၏၊ ထိုအခါ အကျိုးပေး ခြင်းငှါ အခွင့်ရ၏။

အကျိုးပေးပုံ။ ။အပြုံ အမူ ကြံယာထူး ဟူသော ကံသည် သေခါနီးသော သတ္တဝါ၏စိတ်မှာ မိမိဟူ သောကံ အာရုံကို ထင်လာစေ၏။ သို့မဟုတ်လျှင် မိမိဟူသော ကံ၏ အကြောင်းဖြစ်သော (ကုသိုလ်ကံက အကျိုးပေး ခွင့်ရလျှင်) လှူဘွယ် ဝတ္ထုမျိုး (အကုသိုလ်ကံက အကျိုးပေးခွင့်ရလျှင်) အကုသိုလ် ပြုရာ၌ သုံးစွဲသော လက်နက်မျိုး (၎င်းကိုကမ္မနိမိတ်ဟုခေါ်၏)အာရုံကိုထင်လာ စေ၏(မြင်စေ၏လည်းဟူ)သို့မဟုတ်လျှင် ငရဲသွားမည့်သူဖြစ်ကငရဲအိုး ငရဲထိန်း ငရဲမီးလျှံတွေ၊ တိရစ္ဆာန်ဘုံသွားမည့်သူဖြစ်က တိရစ္ဆာန်အမိ ဝမ်းရေး, လူ့ဘုံသွားမည့်သူဖြစ်က လူ့အမိဝမ်း, နတ်ဘုံသွားမည့်သူ ဖြစ်က နတ်ဘုံ-နတ်နန်း နန္ဒဝန်ဥယျာဉ် စသော ဂတိနိမိတ်ကို ထင်လာ စေ၏။ ထိုသတ္တဝါသည်လည်း ထင်လာသောအာရုံကို မလွတ်တန်းယူ ထား၏၊ ထိုအခါ၌ ကံသည် အကျိုးပေးခွင့်ရ၏၊ ဤသည်ကား ဥပဋ္ဌာန သမင်္ဂီတာ(ထင်မြင်လာမှု၏ ပြည့်စုံခြင်း) မည်၏။

ထိုကံထူးကလေးသည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးမျိုးတို့တွင် တမျိုးမျိုး ထင်လာသော အာရုံကို မလွတ်မူ၍ သေလွန်သည် ရှိသော် သေသည်၏ အခြားမဲ့၌သာလျှင် အသီးအခြား ယှဉ်ဘက်တရားများနှင့် တကွ ပရမတ္ထ တရားစု တခုဖြစ်၍ ဘဝ တခုကို ပြည့်ပြည့်စုံစုံ အကျိုး ပေးလေသည်။

ဘဝတခုကို ပြည့်စုံအောင် အကျိုးပေး၏ဟုဆိုသည်ကား အသက် ရှိနေသမျှ ကာလပတ်လုံး ဘဝင်ကိစ္စ, ခြောက်ဒွါရတို့မှာ ထိုထိုဒွါရ၌

ဖြစ်သော ဝိပါက်ကိစ္စ, ဘဝ၏အဆုံး စုတိကိစ္စကို ပြီးမြောက်စေသည်ဟု ဆိုလို၏။

မှတ်ချက်။ ။ပြည့်စုံမှု လေးပါးတွင် ရှေ့သုံးပါးကား နုသော အခိုက် အတန့် ဖြစ်၏၊ နောက်တပါးကား ရင့်သော အခိုက်အတန့်ဖြစ်၏။

အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်၍ ယှဉ်ဘက်ဟိတ် မရှိသော စိတ်သည် အဟိတ် အကုသလ ဝိပါက်စိတ်မည်၏။ ကုသိုလ်၏အကျိုးဝိပါက်ဖြစ်၍ ယှဉ်ဘက်ဟိတ်မရှိသောစိတ်သည် အဟိတ်ကုသလ ဝိပါက်စိတ်မည်၏။

အဟိတ်ကြိယာ။ ။အဟိတ် ကြိယာစိတ်တွင် စက္ခု စသော ငါးဒွါရ၌ဖြစ်သောအာဝဇ္ဇန်းသည် ပဉ္စဒွါရာဝဇ္ဇန်းမည်၏၊ ထိုစိတ်သည် ငါးဒွါရ၌ ထိခိုက်လာသော အာရုံကိုယူ၍ ဆင်ခြင်သည်၊ ဘဝင် ဟူသော မနောဒွါရ၌ ဖြစ်သော အာဝဇ္ဇန်းသည် မနောဒွါရာဝဇ္ဇန်း မည်၏၊ ထိုစိတ်သည် မနောဒွါရ၌ ထင်လာသော အာရုံကိုယူ၍ ဆင်ခြင်လျက်ဖြစ်၏။ ဤနေရာ၌ မနောဒွါရ အရ ဘဝင်စိတ်အားလုံးကိုပင်ယူပါ။

ရယ်ရွှင်မှုကို ဖြစ်စေသော စိတ်သည် ဟသိတုပ္ပါဒ်စိတ် မည်၏၊ ဘုရားရဟန္တာပုဂ္ဂိုလ်တို့ ပြုံးရွှင်သော စိတ်တည်း၊ ဘုရားရဟန္တာတို့သည် မကြမ်းထမ်းသော အာရုံတို့၌ ယင်း-ဟသိတုပ္ပါဒ် စိတ်ဖြင့်သာ ပြုံးရွှင်တော်မူကြသည်။ တပ်နှစ်သက်စရာအာရုံ ရယ်ရွှင်ဖွယ်အာရုံမျိုးတို့၌ လောကီလူများလို ပြုံးရွှင်တော် မမူကြပေ။

ဝိထိမုတ်စိတ်များသည် အာရုံတမျိုးမျိုး ထင်လာသည့်အခါ ပဌမဦးဆုံး ဘဝင်ကိစ္စ အဖြစ်ဖြင့် ဖြစ်ပေါ်ကြရသည်၊ နောက်ပိုင်း အာရုံချုပ်ပျောက်လုနီး အချိန်တွင်လည်း ဘဝင်ကိစ္စအဖြစ်ဖြင့် ဖြစ်ပေါ်ကြရပြန်သည်။ ဘဝတခု၏ ရှေ့ပိုင်းတွင် ပဋိသန္ဓေစိတ်အဖြစ်ဖြင့် ဦးစွာဖြစ်ပေါ်ရ၏၊ နောက်ဆုံးပိုင်းတွင်လည်း စုတိစိတ်အဖြစ်ဖြင့် ဖြစ်ပေါ်ရပြန်၏၊ အာရုံဖြစ်ပေါ်မှု အပိုင်းအနေဖြင့် ကြည့်လျှင်လည်း လုပ်အားမရှိချေ။ ဘဝဇာတ်အပိုင်းတွင်လည်း အဦးပိုင်းနှင့် အဆုံးပိုင်းတွင် ဖြစ်ကြ၍ လုပ်အား နည်းလေသည်၊ မိမိ ဟူသော ဝိထိမုတ် စိတ်၏ ကြောင့်ကြမှု လုံးဝမပါ၊ ကုသိုလ်, အကုသိုလ်၏ အကျိုး သက်သက် ကုသိုလ်,အကုသိုလ်ပြုသမျှ နုရမည့်တရားများသာ ဖြစ်လေသည်။

အဟိတ်စိတ်နှင့် ဝေဒနာ

စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ် စိတ်တို့၏ မှီရာဝတ္ထုနှင့် အာရုံတရားများကား ဥပါဒါရုပ်သာဖြစ်၍၊ မှီရာ ဥပါဒါရုပ်နှင့် အာရုံဥပါဒါရုပ်တို့ အချင်းချင်း ထိခိုက်ခြင်းသည် ဝါဂွမ်း ဆိုင်နှစ်ခုထိခိုက်သကဲ့သို့ အားနည်းလေရကား ထိုဝိညာဏ်ဒွေးလေးခု တို့သည် ဣဋ္ဌာရုံမှာဘဲ ဖြစ်ဖြစ် အနိဋ္ဌာရုံမှာဘဲ ဖြစ်ဖြစ် ဥပေက္ခာဝေဒနာ သာ ဖြစ်ကြလေသည်။

ကာယဝိညာဏ်ဒွေးမှာမူ မှီရာဝတ္ထုကား ဥပါဒါရုပ် အာရုံကား မဟာဘုတ် ဖြစ်၍၊ ပေပေါ်မှာ တင်ထားသော ဝါဂွမ်းဆိုင်ကို သံတူဖြင့် ထုလိုက်သောအခါ သံတူ၏ ဝါဂွမ်းဆိုင်ကိုဖေါက်၍ ပေကိုထိခိုက်ခြင်း သည် အလွန်ပြင်းထန်လေသည်၊ ထို့အတူ အာရုံဖြစ်သော ဘူတရုပ်တို့၏ ကာယပသာဒကို ဖေါက်၍ ထိုပသာဒ၏မှီရာ မဟာဘုတ်တို့၌ ထိခိုက် ခြင်းသည် ပြင်းထန်၍၊ ထို့ကြောင့် ကာယဝိညာဏ်သည် ဣဋ္ဌာရုံမှာ သုခဝေဒနာ, အနိဋ္ဌာရုံမှာ ဒုက္ခဝေဒနာ ဖြစ်ရ၏။

သမ္ပဋိစ္ဆိုင်းစိတ်မှုကား အားအနည်းဆုံး ပဉ္စဝိညာဏ်၏ အခြားမဲ့၌ ဖြစ်ရ၍အားနည်းလေရကား ဣဋ္ဌာရုံ,အနိဋ္ဌာရုံနှစ်မျိုးလုံးမှာပင်ဥပေက္ခာ ဝေဒနာဖြစ်ရ၏။ သန္တီရဏမှုကား မိမိကိုယ်တိုင်လည်း အားကောင်း သောဝတ္ထုကိုမှီ၍ဖြစ်ရ၏၊ အားကောင်းသော မှီရာရှိသော ရှေ့စိတ်မှ အထောက်အပံ့လည်းရ၏၊ ဤသို့ဖြစ်၍ အတန်ငယ် အားရှိရကား ကုသလ ဝိပါက် သန္တီရဏသည် ဣဋ္ဌာရုံမှာ ဥပေက္ခာသဟဂုတ် အတိဣဋ္ဌာရုံမှာ သောမနဿ သဟဂုတ် ဖြစ်ရ၏၊ အကုသလ ဝိပါက် မှုကား အနိဋ္ဌ, အတိအနိဋ္ဌ အာရုံနှစ်ပါးစလုံးမှာ ဥပေက္ခာ ဖြစ်ရ၏။

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အနိဋ္ဌ, အတိအနိဋ္ဌ အာရုံနှစ်မျိုးစလုံးမှာပင် အဘယ့်ကြောင့် ဥပေက္ခာဖြစ်ရပါ သနည်းဟု မေးငြားအံ့။

အဖြေသော်ကား – ထိုသန္တီရဏသည် အတိအနိဋ္ဌာရုံ၏ အစွမ်း အားဖြင့် ဝေဒနာ တမျိုး ခွဲခြား ယှဉ်ခဲ့မူ ဒုက္ခ ဝေဒနာ (သို့မဟုတ်) ဒေါမနဿ ဝေဒနာနှင့် ယှဉ်လေရာ၏၊ ထိုဝေဒနာ နှစ်မျိုးတွင် ဒုက္ခ ဝေဒနာဖြစ်ပါက ဒုက္ခဝေဒနာသည် စင်စစ် ကာယပသာဒ မှီရာရှိ၍

သန္တီရဏကား ဟဒယဝတ္ထုသာ မှီရာရှိသည့်အတွက် မှီရာချင်းမတူ၍ ဒုက္ခဝေဒနာဟု ဆိုရန်မသင့်၊ ဒေါမနဿ ဝေဒနာ ဆိုပြန်ပါ ကလည်း သန္တီရဏနှင့်ဒေါမနဿ-မှီရာချင်းတူ၍သင့်လျော်သော်လည်း ပဋိဃ၏ နှိပ်စက်မှုဖြင့် ဒေါမနဿအဖြစ်သို့ ရောက်လာသော ဒေါမနဿဝေဒနာ သည် ပဋိဃ နှင့် ကင်း၍ မဖြစ်သောကြောင့်ရင်း, ကေန် အကုသိုလ် ဖြစ်သော ပဋိဃနှင့်အမြဲယှဉ်သော ဒေါမနဿ၏ အဗျာကတ တရား တို့၌ မဖြစ်သင့်လေသောကြောင့်ရင်း, ဒေါမနဿ ဆိုရန်မသင့် အာရုံ နှစ်မျိုးစလုံးမှာပင် ဥပေက္ခာ ဖြစ်ရလေသည်။

အာဝဇ္ဇန်း ခွေးမှုကား သန္တီရဏထက် အား အနည်းငယ် ရှိ၏၊ ဝိပါက်စိတ်တို့အား ဖြစ်စေခြင်း၌ ဥဿာဟ ဗလ မည်သည်ကား မရှိ၊ သို့သော်လည်း အား ကြီးသော ကံ စသော အကြောင်း တို့ကြောင့် ဖြစ်ခဲ့သော် အားကြီးသည် မည်ကုန်၏၊ အားနည်းသော ကံစသော အကြောင်းတို့ကြောင့် ဖြစ်ခဲ့သော် အားနည်းသည် မည်ကုန်၏၊ သို့ငြား လည်း အာဝဇ္ဇန်း ခွေးသည် ကံ၏ အာနုဘော် မှလည်း လွတ်၍ ဝိပါက် အစဉ်မှလည်း အကြောင်းကိုယူ၍ ထသည်ဖြစ်ရကား အားနည်းလေ သည်၊ ထိုကြောင့် အခါခပ်သိမ်း ဥပေက္ခာ ဖြစ်ရ၏။

အဟိတ်စိတ်နှင့် အသင်္ခါရိက သသင်္ခါရိက

သတ္တဝါတွေဟာ ရူပါရုံကို ကြည့်ရှုခြင်း သဒ္ဒါရုံကို နားထောင်ခြင်း ဂန္ဓာရုံကိုနမ်းခြင်း ရသာရုံကို စားခြင်းလျက်ခြင်း ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိ စမ်းသပ်ခြင်းကို တခါတလေ ကိုယ့်သဘော အတိုင်း လုပ်ကြသည်၊ တခါတလေ တခြားလူခိုင်းမှ လုပ်ကြသည်၊ ဤသို့ ဖြစ်ခြင်းကား– မျက်မြင်ပင်တည်း။

ဘယ်သူမှ မခိုင်းစေဘဲ ကိုယ်သဘောအတိုင်း ကြည့်မှုနားထောင်မှု နမ်းမှု အနံ့ခံမှု စားမှု တွေ့ထိစမ်းသပ်မှုပြုတဲ့အခါ အသင်္ခါရိကဖြစ်သည်၊ သူတပါးခိုင်းစေ၍ ကြည့်မှုစသည်ကို ပြုတဲ့အခါ သသင်္ခါရိကဖြစ်သည်။ ကြွင်းစိတ်များလည်း ထိုနည်းတူ အသင်္ခါရိက သသင်္ခါရိက ရှိကြသည် သာ၊ သို့ပေမင့် အသင်္ခါရိက သသင်္ခါရိကကိစ္စ ထင်ထင်ရှားရှား မဟုတ် သောကြောင့်သာ အဟိတ်စိတ်မှာ သင်္ခါရအပြားကို မဟောခြင်း ဖြစ် လေသည်။

အဟိတ်စိတ်ဖြစ်ရပုံ

လောဘစသော ဟိတ်တရားတို့သည် ကြီးကျယ်သော တရားများ ဖြစ်၍ အား မရှိသော ကံကြောင့် ဖြစ်သော အားမရှိသော မှီရာဝတ္ထု အားမရှိသော အလုပ်ကိစ္စ အားမရှိသော တည်ရာရှိသော အဟိတ်စိတ်တို့၌ မဖြစ်ကြပေ။

အကုသိုလ်ကံ ဟူသမျှသည် ပျံ့လွင့်သော သဘော ရှိသည် ဖြစ်၍ ကိုယ်တိုင်လည်း တုန်လှုပ်သည်၊ အားလည်းနည်းသည်၊ ထိုအကုသိုလ်ကံသည် ကပ္ပါပတ်လုံး တည်သော်ငြားလည်း ကာလတချိန်မှာ ဟိတ်ရှိတဲ့ ဝိပါက်မျိုးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ အကုသိုလ်ကံက အဟိတ်ဝိပါက်ကိုသာ ဖြစ်စေသည်။

တိဟိတ် ကုသိုလ်ကံပင်သော်လည်း အားမရှိတဲ့ စက္ခုစသော မှီရာဝတ္ထုနှင့် ဒဿန စသော ကိစ္စဋ္ဌာန တို့မှာ ဟိတ်ရှိသော ဝိပါက်မျိုးကို မဖြစ်စေစွမ်းနိုင်။

အာဝဇ္ဇန်းနှစ်ပါးနှင့် ဟသိတုပ္ပါဒ်တို့သည် ကိစ္စအားနည်းကြလေသည်။ ထိုသို့သော အကြောင်း များကြောင့် အဟိတ်စိတ် တို့သည် လောဘစသော ယှဉ်ဘက် ဟိတ် တရားများ ကင်းကြ လေသည်၊ သို့အတွက် ဤစိတ် ၁၈-ပါးကို အဟိတ်စိတ်ဟု ခေါ်လေသည်။

အကုသိုလ်စိတ် ၁၂-ခုနှင့် အဟိတ်စိတ် ၁၈-ခု နှစ်ရပ်ပေါင်းစိတ် ၃၀-ကို သဒ္ဒါစသောဂုဏ်တို့နှင့် မယှဉ်သည်ဖြစ်၍ အသောဘနစိတ်ဟု ခေါ်သည်၊ ဤစိတ်နှစ်မျိုးမှတပါး စိတ်အကျဉ်းမှာ ၅၉-စိတ်အကျယ်မှာ ၉၁-ပါးသော စိတ်တို့ကား သဒ္ဒါစသော သောဘနဂုဏ်နှင့် ယှဉ်သည် ဖြစ်၍ သောဘနစိတ်ဟု ခေါ်သည်။

ကာမာဝစရသောဘနစိတ်

ဉာဏသမ္ပယုတ္တံ-ဉာဏဝိပ္ပယုတ္တံ။ ။အမှန်အကန် သိတတ်သော တရားသည် ဉာဏ်မည်၏၊ ထိုဉာဏ်နှင့် ယှဉ်သောစိတ်သည် ဉာဏသမ္ပယုတ်စိတ်မည်၏၊ ထိုဉာဏ်နှင့် မယှဉ်သော စိတ်သည် ဉာဏဝိပ္ပယုတ်စိတ်မည်၏။

ဤစိတ်၌ သင်္ခါရ ဟူသည် သပ္ပယောဂ နိဿယ စသော ကုသိုလ်ဖြစ်ပေါ်ခြင်း၏ ပြကတေ့ အကြောင်း အပေါင်းတည်း၊ ထိုအကြောင်းအပေါင်းသည် အကြွင်အခါ သင်္ခါရနှစ်မျိုးနှင့်ကင်း၍ ကိုယ်စွမ်းကိုယ်စဖြင့် ကုသိုလ်စိတ်ကို ဖြစ်စွမ်းစေနိုင်သည်၊ ထိုအခါ အသင်္ခါရဖြစ်၏၊ အကြွင်အခါမှာ ကိုယ်စွမ်း ကိုယ်စဖြင့် ကုသိုလ်စိတ်ကို မဖြစ်စွမ်းစေနိုင်၊ သင်္ခါရဟူသော အပေါ်ရမှသာ ဖြစ်စွမ်းစေနိုင်၏၊ ထိုအခါ သသင်္ခါရဖြစ်၏။ အသင်္ခါရဖြင့် ဖြစ်သောစိတ်သည် အသင်္ခါရိကစိတ်, သသင်္ခါရဖြင့် ဖြစ်သောစိတ်သည် သသင်္ခါရိကစိတ်မည်၏၊ ဤ၌ အသီးအခြားမဆိုလျှင် အကုသိုလ်စိတ်၌ ဆိုခဲ့ပြီးအတိုင်း မှတ်သူပါ။

သောမနဿ ဥပေက္ခာ ဖြစ်ကြောင်း တရားများကို အောက် အကုသိုလ်စိတ်မှာ ဆိုခဲ့ပြီးဖြစ်၏၊ ထူးခြားသော ဖြည့်စွက်ချင်း များကိုသာ ပြဆိုတော့မည်၊ သောမနဿ ဖြစ်ကြောင်း တရားများတွင် ဤကာမာဝစရကုသိုလ် သောမနဿဖြစ်ရာ၌-

၁။ သဒ္ဓါ၏ပြည့်စုံခြင်း

၂။ ဉာဏ်အမြင်၏ပြည့်စုံခြင်း

၃။ ပေးလှူဘွယ်ပစ္စည်း၏ပြည့်စုံခြင်း

၄။ အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်း

ဟူသော အကြောင်းများကိုဖြည့်စွက်ပေးရမည်၊ဥပေက္ခာဖြစ်ကြောင်း၌ ဖြည့်စွက်ချက်ကိုကား သောမနဿမှ အပြန်ဆန့်ကျင်ဘက် ယူသော အားဖြင့် ဖြေရှင်းပါလေ။ အဋ္ဌကထာမှာ ပြဆိုတဲ့ ပီတိ သမ္ဗောဇ္ဈင်နှင့် ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရား များကို ဤနေရာ၌ အခွင့်လျော်၍ ထည့်သွင်း ပြဆိုသင့်ပါ၏၊ သို့ရာတွင် ကျမ်းကျယ်မည် ဖိုးပါ သဖြင့် မပြတော့ပြီ။

ကာမာဝစရ ကုသိုလ်စိတ်ပြပါဠိ အဋ္ဌပိတွင် ပါသော ဝိသဒ္ဒါဖြင့် ကုသိုလ်စိတ်ကို ဖြစ်နိုင်ရာအားဖြင့် အများအပြားရှိကြောင်းကို ပေါင်းလေသည်။

ကာမာဝစရကုသိုလ်များပွါးသောပုံ

ကာမာဝစရကုသိုလ် ၈ ခုကိုတည်
ပုညကြိယာ ၁၀ ပါးနှင့်မြှောက်

ရင်းကု ၈၀
အာရုံ ၆ ပါးနှင့်မြှောက်

ရင်းကု ၄၈၀
ကံ ၃ ပါးနှင့်မြှောက်

ရင်းကု ၁၄၄၀
ဟိန် မဇ္ဈိမပဏီတ, ၃ ပါးနှင့်မြှောက်

၄၃၂၀ သုဒ္ဓိကကုသိုလ်ပေါင်း

၂|၄၃၂၀—သုဒ္ဓိကကုသိုလ်

၂၁၆၀—စီ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ဖြစ်၏။

ကုသိုလ်ဉာဏဝိပ္ပယုတ် ၂၁၆၀—ကိုတည်
ဝိမံသာကြဉ်အဓိပတိ, ၃ ပါးဖြင့်မြှောက်

၆၄၈၀—ဤကား ဉာဏဝိပ္ပယုတ်ကုသိုလ်ဖြစ်၏။

၂၁၆၀ ဉာဏသမ္ပယုတ်ကိုတည်
အဓိပတိ ၄ ပါးနှင့်မြှောက်

၈၆၄၀ ဉာဏသမ္ပယုတ်ကုသိုလ်
၆၄၈၀ ဉာဏဝိပ္ပယုတ်ကုသိုလ်

၁၅၁၂၀ နှစ်ခုပေါင်းကုသိုလ်
၄၃၂၀ သုဒ္ဓိကကုသိုလ်

၁၉၄၄၀ စုစုပေါင်းကုသိုလ်ဖြစ်၏။

အဘယ့်ကြောင့် ကုသိုလ်မည်သလဲ ? အနာ ကင်းခြင်း အနက်, ကောင်းသောအနက်, လိမ္မာသောအနက်, အပြစ်ကင်းသောအနက်, ချမ်းသာသောအကျိုးကို ဖြစ်တတ်သောအနက်ကြောင့် ကုသိုလ်မည်၏။

ချဲ့ဦးအံ့–ရာဂစသော တရားသည် စိတ်အစဉ်ကို ကျင်နာစေတတ်၍ ရောဂါမည်၏။စီးပွါးမဲ့ကိုပြုတတ်၍ ဆိုးလည်းဆိုးသွမ်း၏။စိတ်အစဉ်ကို မသိမ်မွေ့စေသောကြောင့် ကြမ်းလည်းကြမ်း၏။ စိတ်အစဉ်ကို ရှုံ့ရှာဖွယ်ဖြစ်အောင် ပြုတတ်သောကြောင့် အပြစ်လည်းရှိ၏၊ စိတ်အစဉ်ကို မကောင်းသောအကျိုးဝိပါက်ဖြစ်စေသောကြောင့် ဆင်းရဲကိုရင့်ကျက်စေတတ်သော တရားလည်းဖြစ်၏။ ကုသိုလ်မှုကား ရာဂစသည်သည် ဖြစ်စေအပ်သော စိတ်အနာကို ကင်းပျောက်စေ၏။ စိတ်အစဉ်၏ စီးပွါးမဲ့ကို ပြုတတ်သော ရာဂ စသည်၏ ဆိုးသွမ်းမှုကို ကောင်းမွန်စေ၏။ စိတ်အစဉ်မှာဖြစ်သော ကဲ့ရဲ့ဖွယ်ကို ကင်းစေ၏၊ ချမ်းသာသော အကျိုးဝိပါက်ကိုဖြစ်စေ၏၊ ဤသို့သော အပြစ်ကင်းသော အနက်စသည် ကြောင့် ကုသိုလ်မည်၏။ ထို့ပြင် စက်ဆုပ်ဖွယ်သော အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ် သောကြောင့်၎င်း, သတ္တဝါတို့၏ သန္တာန်မှာ ကိန်းအောင်း တည်နေသော ရာဂစသော တရားများကို ဖြတ်တတ်သောကြောင့်၎င်း ကုသိုလ်မည်၏။

မဟာဝိပါက်စိတ်

ဝေဒနာနှင့်မျိုး။ ။မဟာဝိပါက်စိတ်မှာ အတိဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံ ဟူသော အာရုံ ကွဲပြားမှုကြောင့် သောမနဿ, ဥပေက္ခာဟု ဝေဒနာ ၂–မျိုး ပြားလာရ၏။

ဉာဏ်ကွဲပြားမှု။ ။အားကြီးသောကံ, အားနည်းသောကံ နှစ်မျိုးဖြင့် ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်ဟု ၂–မျိုး ကွဲပြားရ၏။ အားကြီးသော ကံကြောင့်ဖြစ်သော ဝိပါက်စိတ်သည် ဉာဏသမ္ပယုတ်ဖြစ်၏၊ အားနည်းသော ကံကြောင့်ဖြစ်သော ဝိပါက်စိတ်သည် ဉာဏဝိပ္ပယုတ် ဖြစ်၏ဟု ဆိုလို၏။

၎င်းပြင် ဓာတ်၏ စွမ်းရည်ဖြင့်လည်း ဉာဏ်ကွဲပြားမှု ဖြစ်လာနိုင်ပေ၏၊တရံဘာခါ မဟာဝိပါက်စိတ်များ တဒါရုံကိစ္စဖြင့် ဖြစ်ဘတ်လေရာ အများ အားဖြင့် တိဟိတ်ဇောနောင် တဒါရုံ ဖြစ်ရမှု ဉာဏသမ္ပယုတ်

ဖြစ်တတ်၏။ ဒွိပဉ္စ ဇောနှောင် တဒါရုံဖြစ်ရမှု ဉာဏဝိပ္ပယုတ် ဖြစ်တတ်၏။

သန္နိဋ္ဌာန်။ ။မဟာဝိပါက်စိတ်၌ သင်္ခါရအပြားကို ကံဖြင့်သာ ပြဆိုကြ၏။ အသင်္ခါရိက ကံကြောင့် ဖြစ်မှု အသင်္ခါရိက ဝိပါက်စိတ် ဖြစ်၏၊ သသင်္ခါရိက ကံကြောင့်ဖြစ်မှု သသင်္ခါရိက ဝိပါက်စိတ်ဖြစ်၏။

အဋ္ဌကထာ ဆရာကြီးများကမူ–မဟာဝိပါက်စိတ်၏ အသင်္ခါရိက, သသင်္ခါရိကအဖြစ်ကို အနီးဆုံးဖြစ်သော ပစ္စုပ္ပန်အကြောင်းဖြင့် ပြဆိုလေသည်။ ပြဆိုပုံ......ရှေးဘဝ သေခါနီးကာလ ဆွေမျိုးစသည်တို့က အာသန္နကံ အနေဖြင့် ကုသိုလ် တခုခု ပြုပေးကာ ထိုကုသိုလ် အာရုံကို အနီးတွင်ကပ်၍ မပြတ်ညွှန်ပြ သတိပေးနေ၏။ သေမည့်သူကလည်း နားတွင်ကြားနေ၏၊ ဤသို့ ဘဝကောင်းမွန်ရေးအတွက် ပြုပေးသော ကုသိုလ် အာရုံကိုယူကာ သေလွန်ပါက ပဋိသန္ဓေစိတ်သည် ဘဝတက်က ဘေးလူအကူအညီများကြောင့် သသင်္ခါရိက ဖြစ်ရ၏။ ဤကဲ့သို့ မဟုတ်ဘဲ မိမိဖါသာ ကံစွမ်းဖြင့် ထင်လာသော အာရုံကိုယူ၍ သေလွန်ပါက ထိုသူ၏ ပဋိသန္ဓေ ဝိပါက်စိတ်သည် အသင်္ခါရိကဖြစ်ရ၏။

မဟာဝိပါက်များ တဒါရုံကိစ္စအနေဖြင့် ဖြစ်သောအခါ အသင်္ခါရိက ဇောနှောင်ဖြစ်မှု အသင်္ခါရိက ဝိပါက်တဒါရုံ, သသင်္ခါရိကဇောနှောင် ဖြစ်မှု သသင်္ခါရိက ဝိပါက်တဒါရုံ ဖြစ်ရလေသည်။

ဝိသဇ္ဇနနည်း ပေါင်းသော ဝိပါက်များ

မဟာဝိပါက်	၈	ခုတည်
အာရုံ	၆	ပါးနှင့်မြှောက်
	၄၈	
ဟိန,မဇ္ဈိမ,ပဏီတ	၃	ပါးနှင့်မြှောက်
	၁၄၄	
ကာလ	၃	ပါးနှင့်မြှောက်
	၄၃၂	

ဒေသ-သဏ္ဌာန်စသည်ကား အများအပြားဖြစ်၍ ထိုဒေသစသည်ဖြင့် မြောက် ပွါးမှု ဝိပါက်စိတ်လည်း အများ အပြား ဖြစ်တော့ လေသည်။ ကုသိုလ်နှင့်ဝိပါက် ထူးခြားချက်မှာ-ဝိပါက်စိတ်တို့သည် ဒါနစသည် တို့ဖြင့်ရင်း, ကာယကံစသည်တို့ဖြင့်ရင်း, အဓိပတိတရားများ အကြီး အမှူးထား၍ရင်း မဖြစ်ကြ၍ ထိုပုညကြိယာ စသည်ဖြင့် မြောက်ပွါးမှု မရနိုင်တော့ချေ။

မဟာကြိယာစိတ်

မဟာကြိယာစိတ်၌ အာရုံ၏အစွမ်းအားဖြင့် ဝေဒနာကွဲပြားမှုက အထက်၌ သင်္ဂဟ ကျမ်းပြုဆရာ ကိုယ်တော်တိုင် ပြပါလိမ့်မည်၊ ဉာဏ် ကွဲပြားမှု သင်္ခါရကွဲပြားမှုကိုထိုက်သင့်သလို ကုသိုလ်စိတ်မှာ ပြခဲ့သော နည်းအတိုင်း သိကြပါလေ။

သရုပ်မှတ်ချက်

ကာမာဝစရ သောဘနစိတ် ၂၄-ခုမှာ ဝေဒနာအားဖြင့် ရေတွက် သော် သောမနဿ ၁၂-ပါး၊ ဥပေက္ခာ ၁၂-ပါးအားဖြင့် ၂၄-ပါး ဖြစ်၏။ ဉာဏ်အပြားအားဖြင့်လည်း ဉာဏသမ္ပယုတ် ၁၂-ပါး၊ ဉာဏ ဝိပ္ပယုတ် ၁၂-ပါးအားဖြင့် ၂၄-ပါး၊ သင်္ခါရအပြား အားဖြင့်လည်း အသင်္ခါရိက ၁၂-ပါး၊ သသင်္ခါရိက ၁၂-ပါးအားဖြင့် ၂၄-ပါးဖြစ်၏။

ကာမစိတ် ၅၄-ပါး

အသောဘနစိတ် ၃၀-နှင့် ကာမာဝစရ သောဘနစိတ် ၂၄-ခု ပေါင်းသော် ကာမစိတ် ၅၄-ပါး ဖြစ်၏။ ထို၌ သော ၁၈၊ ဥ-၂၀၊ လွတ်သောစိတ် ဒေါ ၂, ကာ ၂။ သမ္ပယုတ် ၂၀၊ ဝိပ္ပယုတ် ၁၆၊ လွတ်စိတ် အဟိတ် ၁၈၊ အသင်္ခါရိက ၁၇၊ သသင်္ခါရိက ၁၇၊ လွတ် စိတ် မော ၂-အဟိတ် ၁၈။

ဤသရုပ်ခွဲ၌ သင်္ကိုဟ်၌ တိုက်ရိုက်မဆိုသောအရာကို ခြွင်းချန်၍သာ ပြဆိုလိုက်သည်။ အတိ အကျ မဟုတ်ဟုမှတ်၊ အတိ အကျ ကိုမူ ဤသ ဘောပြအဘိဓမ္မာ ဆိုင်ရာဆိုင်ရာမှာ လေ့လာယူကြရာ၏။

ကာမဝိပါက်	၂၃-ခု
ကာမကုသိုလ်	၈-ခု
ကာမအကုသိုလ်	၁၂-ခု
ကာမကြိယာ	၁၁-ခု

ဤဖော်တို့ စိတ်များပေါင်းသော် ကာမစိတ် ၅၄-ခုပင် ဖြစ်၏။

ကာမစိတ် ပြီး၏။

ရူပစိတ် ၁၅-ပါး အဖွင့်

ရူပစိတ်သည်-

ရူပကုသိုလ်စိတ် ၅-ပါး
ရူပဝိပါက်စိတ် ၅-ပါး
ရူပကြိယာစိတ် ၅-ပါးအားဖြင့် ၁၅-ပါးဖြစ်၏။

ထိုတွင် ရူပကုသိုလ်စိတ်သည်-

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန် ကုသိုလ်စိတ် တပါး။

ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ လေးပါး နှင့် တကွ ဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် တပါး။

ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ သုံးပါးနှင့် တကွ ဖြစ်သော တတိယဈာန် ကုသိုလ်စိတ် တပါး။

သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် တပါး။

ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော ဈာန် အင်္ဂါ နှစ်ပါး နှင့် တကွ ဖြစ်သော ပဥ္စမဈာန် ကုသိုလ်စိတ် တပါး။

ဤသို့ အားဖြင့် ရူပကုသိုလ်စိတ် ၅-ပါး ဖြစ်၏။

ရူပဝိပါက်စိတ်သည်လည်း-

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန် ဝိပါက်စိတ် တပါး။

ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွ ဖြစ်သော ဒုတိယဈာန် ဝိပါက်စိတ် တပါး။

ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ သုံးပါးနှင့် တကွ ဖြစ်သော တတိယဈာန် ဝိပါက်စိတ် တပါး။
သုခ,ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ဝိပါက်စိတ် တပါး။
ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါး နှင့် တကွ ဖြစ်သော ပဉ္စမဈာန် ဝိပါက်စိတ် တပါး။

ဤသို့ အားဖြင့် ရူပဝိပါက်စိတ် ၅-ပါးဖြစ်၏။

ရူပကြိယာစိတ်သည်လည်း—

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါး နှင့် တကွ ဖြစ်သော ပဌမဈာန် ကြိယာစိတ် တပါး။
ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ လေးပါး နှင့် တကွ ဖြစ်သော ဒုတိယဈာန် ကြိယာစိတ် တပါး။
ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ သုံးပါး နှင့် တကွ ဖြစ်သော တတိယဈာန် ကြိယာစိတ် တပါး။
သုခ,ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန် ကြိယာစိတ် တပါး။
ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါး နှင့် တကွ ဖြစ်သော ပဉ္စမဈာန် ကြိယာစိတ် တပါး။

ဤသို့အားဖြင့် ရူပကြိယာစိတ် ၅-ပါးဖြစ်၏။ ရူပကုသိုလ်-၅၊ ရူပဝိပါက် ၅၊ ရူပကြိယာ-၅၊ အားလုံး ပေါင်းသော် ရူပစိတ် ၁၅-ပါး ဖြစ်၏။

ဈာန်အင်္ဂါများ၏အဓိပ္ပါယ်

ဝိတက်=စိတ်ကို ထိန, မိဒ္ဓ၏ အစွမ်းဖြင့် နောက်သို့ ဆုတ်သွားခွင့် မပေးဘဲ အာရုံသို့ရှေ့ရှု တွန်းတင်ပေးသောတရား။
ဝိစာရ=စိတ်ကို ဝိစိကိစ္ဆာ၏ အစွမ်းအားဖြင့် အာရုံအမျိုးမျိုးသို့ ရွေ့ရှားခွင့် မပေးမူ၍ မြဲမြံစွာအာရုံ၌ ဖွဲ့စည်းထားသောတရား။
ပီတိ = စိတ်ကို ဗျာပါဒနယ်သို့ ကူးခွင့် မပေးဘဲ အာရုံ၌ နှစ်သက်စေတတ်သော တရား။
သုခ = စိတ်ကို ဥဒ္ဓစ္စ, ကုက္ကုစ္စ၏ အစွမ်းအားဖြင့် လှုပ်ရှားခွင့် မပေးမူ၍ အာရုံ၌ ထားပြီး ဖြစ်သော သက်သာမှုကို ပွါးအောင် ပြုတတ်သော တရား။
ဥပေက္ခာ=ငြိမ်သက် ချေမ်းသော သဘောရှိသော တရား။

ဥပနိဇ္ဈာနကိစ္စ

ဤပဌမဈာန်စိတ်စသည်တို့မှာ ဖဿစသော စေတသိက်များလည်း ယှဉ်နေကြ၏။ သို့ရာတွင် ဖဿစသော စေတသိက်တို့က ဝိတက်စသော စေတသိက်ငါးပါးတို့ကဲ့သို့(က)ကသိုဏ်းအာရုံကိုကပ်၍ ရှုတတ်သော သဘော, (ခ) နီဝရဏတို့နှင့် တိုက်ရိုက် ဆန့်ကျင်သော သဘော မရှိသောကြောင့် ဈာန်မမည်ကြလေ။ ဤဝိတက်စသော တရားငါးပါးတို့သည် အထက်၌ ပြဆိုခဲ့သော သဘောနှစ်မျိုးရှိသောကြောင့် ဈာန်မည်ကြလေသည်။

ဤသို့ အာရုံသို့ တွန်းတင် ပေးခြင်း စသော သတ္တိထူးဖြင့် ဝိတက် စသည်တို့၏ အကူ အညီ အထောက် အပံ့ကို ရသော ဧကဂ္ဂတာသည် ဖြစ်ဖက်စေတသိက်အပေါင်းနှင့်စိတ်ကိုအာရုံတခုတည်းမှာ ကောင်းစွာ အညီအမျှ ချထားပေး၏၊ ရုန်းကြွတရားများကိုလည်း သူနေရာနှင့်သူ အညီအမျှဖြစ်အောင် နေထားတကျ အုပ်ချုပ်စေတတ်သောကြောင့်၎င်း ဆုတ်နစ်ခြင်း ပျံ့လွင့်ခြင်း စသော ရန်သူတွေကို ကင်းစေအောင် ကောင်းစွာ ကာကွယ်စောင့်ရှောက်လျက် နေသားတကျ ပြုလုပ်ပေး တတ်သောကြောင့်၎င်း ဥပနိဇ္ဈာနကိစ္စသည် ဤဝိတက်စသော စေတသိက်ငါးပါး၏ ကိုယ်ပိုင်လုပ်ငန်းကြီးဖြစ်၍ ဝိတက်စသည်ကိုသာဈာန် ဟုခေါ်ရလေသည်။

ဥပနိဇ္ဈာန ကိစ္စကိုပြုရာ၌ ဧကဂ္ဂတာသည် ရှေ့သွားခေါင်းဆောင်ဖြစ်၏။ ဝိတက် စသည်တို့ကား အကူအညီ ပါတီဝင် တရားများ ဖြစ်ကြ၏။ ဧကဂ္ဂတာသည် အကူ အညီ ပါတီဝင်ဝိတက်စသည်တို့၏ ထောက်ခံမဲပေးမှုဖြင့် အလွန်အားရှိလျက် ကိုယ်တိုင် ကာမစ္ဆန္ဒ၏ အစွမ်းအားဖြင့် အာရုံအမျိုးမျိုး၌ စိတ်မသွားစေဘဲ ကသိုဏ်းစသော အာရုံ၌သာ မတုန်မလှုပ် ရှုစား၏။ ထိုသို့ရှုစားမှုကြောင့် ဧကဂ္ဂတာကို ဈာန်ဟုခေါ်၏။ ဝိတက်စသော တရားလေးပါးကိုလည်း ဧကဂ္ဂတာအား အထူးကျေးဇူး ပြုပေသော ကြောင့် ဈာန်ဟု ခေါ်ရသေး၏။ ဥပနိဇ္ဈာန သဘောအားဖြင့် ဈာန်၏အမည်သည် စင်စစ်အားဖြင့် ဧကဂ္ဂတာ၏ မုချအမည်တည်း။ ဝိတက်စသည်ကိုကား လုပ်ဖော် ကိုင်ဖက်ချင်းဖြစ်၍ သဟစရဏနည်းအရ ခေါ်ထားခြင်း ဖြစ်လေသည်။

ဝိတက်နှင့် ထိနမိဒ္ဓ။ ။သင့်တင့် မျှတစွာ နှလုံးသွင်းသောအားဖြင့် စိတ်အစဉ်ကို ပြန့်နှံ့သွားအောင် အာရုံသို့ဆွဲဆောင် ပေးတတ်သော ဝိတက်မရှိပါက စိတ်အစဉ်တွင် ထိုင်းမှိုင်းမှု ထိန မိဒ္ဓတို့ ပေါ်လာတတ်

လေသည်။ ဝိတက်က အာရုံသို့ စိတ်အစဉ်ကို ဆွဲဆောင်ကာ တွန်းတင် လျက် စိတ်အစဉ်မှာ ထိုင်းမှိုင်းမှုများ ဖြစ်ပွါး မလာ နိုင်အောင် စောင့် ရှောက် ကာကွယ် ပေးနေခြင်းသည် ထိနမိဒ္ဓကို ဈာပန ပြုသည်မည်၏။

ဝိစာရနှင့် ဝိစိကိစ္ဆာ။ ။မြဲမြံစွာ အာရုံ၌ အဖန်ဖန် ဖွဲ့စည်းပေး တတ်သော ဝိစာရသည် ပညာ သဘော ရှိရကား စိတ်အစဉ်တွင် ဝိစိကိစ္ဆာဝင်၍ သောင်းကျန်းခွင့်မရချေ၊ ဤဝိစာရက ဝိစိကိစ္ဆာ ပေါ် မလာအောင် ကာကွယ်ပေးခြင်းသည် ဝိစိကိစ္ဆာကို ဈာပန ပြုသည် မည်၏။

ပီတိနှင့် ဗျာပါဒ။ ။ပီတိသည် နှစ်သိမ့် ကျေနပ် စေတတ်သော သဘောရှိ၏၊ ပီတိမရှိလျှင် ကြမ်းထမ်းသော ဗျာပါဒသည် စိတ်အစဉ် မှာဝင်ရောက် သောင်းကျန်းနိုင်၏။ နှစ်သိမ့်မှု သဘောရှိသော ပီတိ က စိတ်အစဉ်ကို အာရုံ၌ ပျော်ပိုက်နှစ်ခြိုက်အောင်ပြုလျက် စိတ်အစဉ် မှာ ဗျာပါဒ မသိနိုင်အောင် ကာကွယ် ပေးခြင်းသည် ဗျာပါဒကို ဈာပန ပြုသည် မည်၏။

သုခနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ။ ။ငြိမ်းအေးသာယာမှုမရှိလျှင် ပျံ့လွင့်သော ဥဒ္ဓစ္စနှင့် ပူပန်မှု ကုက္ကုစ္စတို့ စိတ်အစဉ်တွင် ဝင်ရောက် သောင်းကျန်း နိုင်၏။ ငြိမ်းအေး သာယာမှု သုခသည် စိတ်အစဉ်မှာ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ ဝင်မလာနိုင်အောင် ကာကွယ်ပေး၏။ ဤသို့ ကာကွယ်ပေးခြင်းသည် သုခက ဥဒ္ဓစ္စနှင့် ကုက္ကုစ္စကို ဈာပနပြုသည်မည်၏။

ဧကဂ္ဂတာနှင့် ကာမစ္ဆန္ဒ။ ။ဧကဂ္ဂတာခေါ် သမာဓိသည် တဏှာ ဟူသော တောင့်တမှုနှင့် တိုက်ရိုက် ဆန့်ကျင့်ဖက်ဖြစ်၏။ တောင့်တမှု မက်မောမှု တရားကြောင့် ကာမဂုဏ် အာရုံကြောမှာ နစ်မျောလျက် ဖြားယောင်းခြင်း သွေးဆောင်ခြင်း ခံရသဖြင့် ခြာခြာလည် ဒေါင်း စိုင်းနေသော စိတ်ဆိုးစိတ်ကြမ်းကြီးကို တည်ကြည် ငြိမ်သက်အောင် ဧကဂ္ဂတာက နေရာချထား ပေး၏။ ထိုသို့သောအခါ ကာမစ္ဆန္ဒခေါ် တဏှာသည် ဈာန်စိတ်အစဉ်မှာ သိမလာနိုင်တော့ချေ။ ဤသို့ ဧကဂ္ဂတာ ခေါ် သမာဓိ၏ အစွမ်းကြောင့် ဆန့်ကျင်ဖက် ဖြစ်သော ကာမစ္ဆန္ဒ တရား၏ ကင်းဝေးပပျောက်သွားခြင်းသည် ဧကဂ္ဂတာက ကာမစ္ဆန္ဒကို ဈာပနပြုသည်မည်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်သည်ကား ဆန့်ကျင်ဖက် ကာမစ္ဆန္ဒ စသည်တို့ကို ဝိတက်စသော အင်္ဂါငါးပါးက ဆိုင်ရာဆိုင်ရာ ပယ်သတ် ချေမှုန်းမှု လောင်ကျွမ်းစေမှု ပေတည်း။

ဆောင်ပုဒ်။ ။ဝိတက်၌မှာ ထိနမိဒ္ဓသာ၊ ဝိစာရနှင့်ဝိစိကိစ္ဆာ၊ ပီတိမှာ ဗျာပါဒ တွဲကြလေတော့သာ။
သုခကိုထုတ်တော့၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စာ၊ သမာဓိမှာ ကာမစ္ဆန္ဒာ၊ ဆိုင်ရာဆိုင်ရာ ပိုင်စွာနိုင်စွာ၊ ဈာပန ပြာချဈာန်ခေါ်ရာ။
ဝိတက်စသည် တမည်သားလို့ အခြားစေတသိက်တွေ၊ ယှဉ်ကြပါတယ်လေ။ကိစ္စတဲ့နှစ်ထွေသူတို့လေမရှိ၊ဈာန်မည်နော်ဖေါ်မပြတယ် မှော်ဆ ပါဘိ။

ဥပနိဇ္ဈာနနှင့် ဈာပန။ ။ဥပနိဇ္ဈာန ကိစ္စအခိုက် ဧကဂ္ဂတာသည် မုချဈာန်မည်၏။ ကျန်ဈာန်အင်္ဂါတို့သည် အကြောင်း အကူအညီဖြစ်၍ အကျိုးဖြစ်သော ဧကဂ္ဂတာ၏ ဥပနိဇ္ဈာနသတ္တိကို အကြောင်းအင်္ဂါများ အပေါ်တင်စား၍ ဖလူပစာအားဖြင့် ဈာန်မည်၏။ ဈာပန ကိစ္စအခိုက်မှာ ဈာန်အင်္ဂါငါးပါးစလုံး ဆိုင်ရာဆိုင်ရာ နီဝရဏတို့ကို လောင်ကျွမ်းနိုင်သော ဈာပနသတ္တိသည် မုချဈာန်မည်၏။ တနည်းအားဖြင့် ဈာန်အင်္ဂါတို့၏ ဆိုင်ရာကိစ္စတွေကို အသီးသီး ဆောင်ရွက်နိုင်မှုဟု ဆိုအပ်သော ဥပနိဇ္ဈာနသတ္တိ ဈာပနသတ္တိ, နှစ်မျိုးလုံး မုချအားဖြင့် အညီအမျှ ရကြလေသည်။

ဈာန်ကွဲပြားမှု။ ။ဈာန်အင်္ဂါကွဲပြားမှုကို ဘယ်အရာက ပြုသနည်းဟုမေးခဲ့သော် ပုဂ္ဂလဇ္ဈာသယက ပြုသည်ဟု ဖြေဆိုရာ၏။ မှန်၏-အကြင် ယောဂီသည် ဝိတက်ကို အပေါ်ပြု၍ အင်္ဂါငါးပါးရှိသော ပဌမဈာန်ကို ဖြစ်စေ၏။ ထိုဈာန်၌ ဝသီဘော် ငါးတန်ဖြင့် အဖန်ဖန် ဝင်စားတော့ ဝိတက်ကို ငြီးငွေ့ လာ၏။ ထို ယောဂီ၏ သန္တာန်မှာ ဝိတက်ကို လွန်မြောက်၍ဝိတက်မရှိသော အဝိတက္ကဖြစ်သော အင်္ဂါလေးပါးရှိသော ဒုတိယဈာန်ကို ရလိုသော ဆန္ဒပေါ် လာ၏။ ထိုအခါ ထိုယောဂီသည် ပဌမဈာန်ကိုပင် ပါဒက အကျိုးငှါ ဝင်စား၍ ထိုဈာန်မှ ထလျက် ဆန္ဒ အတိုင်း ဘာဝနာ ပွါးပြန်သော် ဝိတက်ကို လွန်မြောက်သော ဒုတိယ ဈာန်ကို ရ၏။

ဤနေရာ၌ ပွါးများမှုဘာဝနာသည် ဝိတက်နှင့်ယှဉ်စေကာမူ အလို ဆန္ဒကား ဝိတက်၌ တွယ်တာမှုကင်းသည်ဖြစ်၍ ဝိတက္ကဝိရာဂဘာဝနာ မည်၏။ ဈာန်သည်လည်း ထိုဘာဝနာစွမ်းဖြင့် ဖြစ်ပေါ်လာရကား အဝိ တက္ကစတုရင်္ဂိက ဒုတိယဈာန်ဖြစ်လေသည်။ ကြွင်းဈာန်များမှာလည်း ဤအတိုင်း သိကြပါလေ။ ဤသို့အားဖြင့် ဈာန်ကွဲပြားလာမှုကို ပုဂ္ဂလဇ္ဈာ သယက ပြုလေသည်။

အထူးအားဖြင့် အထက်အထက်ဖြစ်သောဈာန်ကို ရလိုရာ၌ အခြေခံ အားဖြင့် အောက်အောက်ဖြစ်သောဈာန်ကို မချွတ်ကြနေ ဝင်စားရမည်။ အလေ့အလာ ရပြီးသော အောက်အောက်ဖြစ်သော ဈာန်သည် အထက် အထက်ဖြစ်သောဈာန်၏ အနီးကပ်ဆုံးသော အကြောင်းကြီးပေတည်း။

အဇ္ဈာသယ၏ အစွမ်းအားဖြင့် အထက်ဖြစ်ပေါ်လာသော ဈာန်သည် ပါဒကဈာန်နှင့် မတူတော့ပေ။ ဘဲကြောင့် ဆိုသော် ပါဒကဈာန်ထက် ပုဂ္ဂလဇ္ဈာသယက အားရှိသောကြောင့် ပေတည်း။

သန်္ဂါရ။ ။ဤရူပါဝစရစိတ်၌ ကာမာဝစရစိတ်မှာကဲ့သို့ သင်္ခါရ ဘေဒကို ဘဲကြောင့်မဆိုပါသနည်း?ဟု မေးခဲ့သော် ရှင်းရှင်းဖြေပါလျှင် ဓမ္မသင်္ဂဏီ ပါဠိတော်၌ မဟောသောကြောင့်ဟု ဖြေရပေမည်။ ပါဠိ တော်၌ ဘဲကြောင့်မဟောသနည်းဟု ဆက်လက်မေးမြန်းသော် ပဋိပဒါ ဘေဒကို ဟောတော်မူခြင်းဖြင့်ပင်လျှင် သင်္ခါရဘေဒကို ဟောမှုပြီးလေ သောကြောင့်ဟု ဖြေဆိုရာ၏။

ထင်ရှားစေဦးအံ့။ ။အလုံးစုံသော လောကီဈာန် လောကုတ္တရာ ဈာန်တို့၏ သုခပဋိပဒါ အဖြစ်ပြီးခဲ့သော် အသင်္ခါရိကအဖြစ် ပြီးစီးလေ သည်။ ဒုက္ခပဋိပဒါအဖြစ် ပြီးစီးခဲ့သော် သသင်္ခါရိကအဖြစ် ပြီးစီးလေ သည်။ ဆိုလိုရင်းမှာ-လောကီ ဈာန်ဘဲဖြစ်ဖြစ် လောကုတ္တရာဈာန်ဘဲ ဖြစ်ဖြစ် သုခပဋိပဒါဖြစ်မူ အသင်္ခါရိက, ဒုက္ခပဋိပဒါဖြစ်မူ သသင်္ခါရိက ဟုဆိုလို၏။

ဤနေရာ၌ ဘုံကဏ္ဍာဖြင့် ပိုင်းခြားပြမှ ရှင်းသွားပေမည်၊ သို့ဖြစ်၍ ဘုံကဏ္ဍာကို ခွဲခြားပြပေအံ့။ ။ဘုံသည် ပရိကမ္မဘုံ, ဥပစာရဘုံ,အပ္ပနာ ဘုံဟု သုံးမျိုးရှိ၏။ ကမ္မဋ္ဌာန်း အားထုတ် သည်မှစ၍ ပဋိဘာဂ နိမိတ် မထင်ခင် နီဝရဏာမကွာခင် အတွင်း ပွါးများမှု ဖြစ်သမျှသော မဟာ

ကုသိုလ်စိတ်စုသည် ပဋိက္ကမနုန်မည်၏။ ပဋိဘာဂနိမိတ်ထင်သည်မှစ၍ ဂေါတြဘုအထိ ဥပစာရနုန်မည်၏။ ဈာန်ရသောအခါ အပ္ပနာနုန်မည်၏။ ထိုသုံးမျိုးတွင် ပရိကမ္မဘုံနှင့် ဥပစာရဘုံသည် ပဋိပဒါဘုံမည်၏၊ အပ္ပနာဘုံသည် အဘိညာဉ်နုန်မည်၏။ ပဋိပဒါဘုံ၌ (၁) သုခပဋိပဒါ=လွယ်သောအကျင့်၊ (၂) ဒုက္ခ ပဋိပဒါ=မလွယ်သော အကျင့်ဟု နှစ်မျိုး ရှိ၏။ ထို ပဋိပဒါ လုပ်ငန်း ဈာန်ရဘို့ရာ အားထုတ် ပြုပြင်မှု အဘိသင်္ခါရဟု ခေါ်ပြန်၏။ ထိုပဋိပဒါ နှစ်မျိုးတွင် မလွယ်သော ဒုက္ခပဋိပဒါ အကျင့်မှာ ပယောဂကူရ၍ သသင်္ခါရိက ဆို၏၊ လွယ်ကူသော သုခပဋိပဒါ အကျင့်မှာ ပယောဂ မကူရ၍ အသင်္ခါရိက ဆို၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌—

ယော အာဒိတော ကိလေသေ ဝိက္ခမ္ဘေန္တော ဒုက္ခေန သသင်္ခါရေန သပ္ပယောဂေန ကိလမန္တော ဝိက္ခမ္ဘတိ၊ တဿ ဒုက္ခာ ပဋိပဒါ ဟောတိ။ ယော ကိလေသေ ဝိက္ခမ္ဘေန္တော သုခေန ဝိက္ခမ္ဘတိ၊ တဿ သုခါ ပဋိပဒါ ဟောတိ—ဟု မိန့်ဆိုလေသည်။

အဋ္ဌကထာ အဓိပ္ပါယ်— တိုက်တွန်းမှု ပယောဂ နှင့် တကွ ခဲခဲ ယဉ်းယဉ်း ကြပ်ကြပ်တည်းတည်း ကိလေသာကိုခွါရသော ယောဂီ၏ ဈာန်သည် သသင်္ခါရိက ဖြစ်ရ၏။ တိုက်တွန်းမှု ပယောဂ မစွက်ရဘဲ သက်သက်သာသာ ကိလေသာကို ခွါနိုင်သော ယောဂီ၏ ဈာန်သည် အသင်္ခါရိက ဖြစ်ရ၏။

ဒုက္ခေန သသင်္ခါရေန သပ္ပယောဂေန—ဖြင့် ဒုက္ခပဋိပဒါ ဈာန်သည် သသင်္ခါရိကမည်၏။ သုခေန (အသင်္ခါရေန အပ္ပယောဂေန)ဖြင့် သုခပဋိပဒါဈာန်သည် အသင်္ခါရိက မည်၏ဟု အဋ္ဌကထာ ပြတော်မူ၏။

မိဂ္ဂါဘိညာ ဈာန်ရပုဂ္ဂိုလ် တို့အားလည်း ဒုက္ခပဋိပဒါ ဖြစ်ခဲ့သော် သသင်္ခါရိက, ဒန္ဓာဘိညာ ဈာန်ရပုဂ္ဂိုလ်တို့အားသော်လည်း သုခပဋိပဒါ ဖြစ်ခဲ့သော် အသင်္ခါရိကဖြစ်၏။ ဤစိတ်များမှာ အသင်္ခါရိက, သသင်္ခါရိက ၂-စားမှ၍ စိတ်လုံးရေမှာ ၂-ဆ ပွါးများလာသည်ဟု မမှတ်နှင့်။

ပဋိပဒါကင်းရှာန်နှင့် သင်္ခါရ။ ။ပဋိပဒါနှင့်စပ်၍ ဖြစ်ရသော ဈာန်တို့မှာ ပဋိပဒါအားလျော်စွာ အသင်္ခါရိက သသင်္ခါရိက အဖြစ်ကို သိနိုင်သော်လည်း ပဋိပဒါကင်းသော မဂ္ဂသိဒ္ဓဈာန်, ဥပပတ္တိသိဒ္ဓ ဈာန်

တို့မှာ သဉ်္ဂါရအပြား အသို့ ဖြစ်ပါသနည်း ? ဟုမေးပါက — ဖြေဆိုရန်မှာ-ထိုဈာန်တို့၏လည်း ဝင်စားသောကာလသမာပတ်၏ဆန့်ကျင်ဖက်အကြောင်းများ ပတ်ဝန်းကျင်၌ ရှိနေမှု ရှိမနေမှု အားဖြင့် ဒုက္ခပဋိပဒါ, သုခပဋိပဒါအဖြစ်ကို ရကောင်းလေသည်။

ဆိုလိုရင်းမှာ-သမာပတ်၏ ဆန့်ကျင်ဖက် အကြောင်းများ ပတ်ဝန်းကျင်တွင် တည်ရှိနေမှု ဒုက္ခပဋိပဒါဖြစ်၍မဂ္ဂသိဒ္ဓဈာန် ဥပပတ္တိသိဒ္ဓဈာန်နှစ်မျိုးလုံးမှာ သသင်္ခါရိကဖြစ်ရ၏။ သမာပတ်၏ ဆန့်ကျင်ဖက် အကြောင်းများ ပတ်ဝန်းကျင်တွင် တည်ရှိမနေပါက သုခပဋိပဒါဖြစ်၍ မဂ္ဂသိဒ္ဓဈာန် ဥပပတ္တိသိဒ္ဓဈာန် နှစ်မျိုးလုံးမှာ အသင်္ခါရိကဖြစ်ရ၏ဟု ဆိုလို၏။

မဂ္ဂသိဒ္ဓဈာန်။ ။မဂ္ဂသိဒ္ဓဈာန်ဆိုသည်မှာ သမထမဂ်ဝိပဿနာ သက်သက်ဖြင့်သော စီးဖြန်းသောယောဂီတို့၏ မဂ်ရသည်နှင့်တပြိုင်နက် ပြီးစီးသော ဈာန်ပေတည်း။

ထိုမဂ္ဂသိဒ္ဓဈာန်သည်—

(က) ပောဋ္ဌိမမဂ္ဂသိဒ္ဓဈာန်
(ခ) အရဟတ္တမဂ္ဂသိဒ္ဓဈာန်

ဟု နှစ်မျိုးရှိရာ မဟာသမယသုတ်၌ လာသော ရဟန်းငါးရာတို့၏ ဈာန်သည် ပောဋ္ဌိမ မဂ္ဂသိဒ္ဓဈာန် မည်၏။ အာနန္ဒာထေရ်၏ ဈာန်သည် အရဟတ္တ မဂ္ဂသိဒ္ဓဈာန်မည်၏။

ကြိုတင်သိထားနှင့်မှု မရှိဘဲ ထားလက်နက်ဖြင့် အဆောတလျင် အသတ်ခံရသော အနာဂါမ်ပုဂ္ဂိုလ်တို့၏ ဈာန်သည်လည်း မဂ္ဂသိဒ္ဓဈာန်နှင့်အလား တူလေသည်။

ဥပပတ္တိသိဒ္ဓဈာန်။ ။သမာပတ်ရှစ်ပါးကိုပွါးများ၍ သေလွန်သော အခါ ရူပဗြဟ္မာဘုံမှာဖြစ်သော ပုဂ္ဂိုလ်၏ ဈာန်သည် ဥပပတ္တိသိဒ္ဓ ဈာန် မည်၏။ လူလောကမှာ သမာပတ်ရှစ်ပါးကို ပွါးများ၏၊ ဈာန်ရပုဂ္ဂိုလ် ဖြစ်နေ၏။ ဈာန်ရပုဂ္ဂိုလ် အနေနှင့်ဘဲ လူလောကမှစုတေ၍ ရူပဗြဟ္မာ လောကမှာ သွား၍ ဖြစ်၏။ ရူပဗြဟ္မာ လောကကား-ဈာန်ဘုံ ဖြစ်၍ လူလောကမှ ဈာန်ရသေလွန်ပြီးနောက် ဗြဟ္မာ့လောကမှာ ဖြစ်သည့် အခါလည်း ဈာန်ရဖြစ်နေလေသည်။

ဘဝတခုတည်းမှာပင် ရထားပြီး ဖြစ်သော ဈာန်တို့သည် ဝင်စားသောကာလ ပတ်ဝန်းကျင်အနီးအပါးတွင် တည်နေသောအကြောင်း၏ အစွမ်း အားဖြင့် ပဋိပဒါ အမျိုးမျိုးနှင့် ယှဉ်ကြလေ သေးသည်။ ဘဝခြားဖြစ်သော ဈာန်များမှာမူကား အဘယ်မှာလျှင် ပဋိပဒါအမျိုးမျိုးနှင့် ယှဉ်ဘဲ ရှိပါတော့အံ့နည်း။ သို့ဖြစ်၍ မဂ္ဂသိဒ္ဓဈာန်, ဥပပတ္တိသိဒ္ဓဈာန် တို့မှာလည်း ပဋိပဒါနှင့် မကင်းနိုင်ရကား ထိုက်သင့်သလို ပဋိပဒါဖြစ်၍ အသင်္ခါရိက, သသင်္ခါရိက ဖြစ်ကြလေသည်။

အနုညာ။ ။မဂ္ဂသိဒ္ဓဈာန်, ဥပပတ္တိသိဒ္ဓ ဈာန်များကို ဈာန်ဖြစ်ခြင်း အကြောင်း ပဋိပဒါ ကင်းသည့်အတွက် အသင်္ခါရိက ဈာန်များ၌ထည့် သွင်းယူမှု သင့်လျော်ရာ၏။

ဤဆိုအပ်ခဲ့သော စကား အစဉ်ဖြင့် အလုံး စုံသော မဟဂ္ဂုတ်, လောကုတ္တရာ ဈာန်တို့၏ အသင်္ခါရိက, သသင်္ခါရိက အစွမ်းအားဖြင့် အသီးသီးနှစ်ပါးစီ ပြားသောအဖြစ်သည် ပြီးစီးလေသည်။

ဤသို့ မဟဂ္ဂုတ် လောကုတ္တရာဈာန်များကို ပဋိပဒါနှင့်စပ်၍ ပြဆိုရသည်မှာ မဟဂ္ဂုတ် လောကုတ္တရာ တရားတို့၏ ပဋိပတ္တိ တရားဖြစ်ပေသောကြောင့်တည်း။

ပဋိပဒါ စသည်တို့ အဓိပ္ပါယ်

ဈာနဝိထိ ချုံ့-ဘဝင်-ဘဝင်-န-ဒ-မ-ပ-ဥ-အ-ဂေါ-ဈာန်-ဈာန်-ဈာန်

ဤဝိထိ၌ ပရိကမ်,ဥပစာ,အနုလုံ-ဂေါတြဘုသည် ဥပစာဘုံဖြစ်၏၊ ပဋိပဒါဘုံဟုလည်းခေါ်၏။ ဤဥပစာခေါ် ပဋိပဒါဘုံမှာ နီဝရဏတရား တို့ကို သက်သက် သာသာ ခွါရမှု ထို ပရိကမ်စသော ကာမာဝစရ ကုသိုလ်စိတ်လေးလုံးသည် အသင်္ခါရိကဖြစ်၏၊ သုခပဋိပဒါဟု ခေါ်၏။ ထိုပဋိပဒါ ဘုံမှာ သုခပဋိပဒါ ဖြစ်၍ အသင်္ခါရိက ဖြစ်သောကြောင့် ဈာန်မှာ အသင်္ခါရိကဟု ဆိုထားမှု မရှိသော်လည်း ထို၏ ကျေးဇူးပြု ခံရကား အသင်္ခါရိကဟု ဆိုရ၏။

ထိုပရိကမ်စသော ကာမာဝစရ စိတ်လေးလုံးသည် နီဝရဏတို့ကို ခဲခဲယဉ်းယဉ်း ခွါရမှု သသင်္ခါရိက ဖြစ်၍ ဒုက္ခပဋိပဒါ ခေါ်၏၊ ထို၏ ကျေးဇူးပြုကို ခံရသော ဈာန်စိတ်သည်လည်း ပဋိပဒါက ဒုက္ခဖြစ်၍ သသင်္ခါရိက ဖြစ်လေသောကြောင့် သသင်္ခါရိကဖြစ်ရ၏ဟုဆိုလို၏။

ပိသဒ္ဒါဖြင့်ချာန်ပွါးပုံ

ဝိဘတ္တိ၏ အစွမ်းဖြင့်–

စတုက္ကနည်း ချာန် ၄–ပါး
ပဥ္စကနည်း ချာန် ၅–ပါး
နှစ်ရပ်ပေါင်း ချာန် ၉–ပါး

ဤကိုးပါးသော သုဒ္ဓိကနဝကကိုရင်း,

ထိုသုဒ္ဓိကနဝကကို တဖန်–

ဒုက္ခ ပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ
သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါ ခိပ္ပါဘိညာ

ဤသို့ ပဋိပဒါနှင့် စပ်သော ပဋိပဒါ စတုက္ကနဝကကိုရင်း,

ပရိတ္တံ ပရိတ္တာရမဏံ, ပရိတ္တံ အပ္ပမာဏာရမဏံ,
အပ္ပမာဏံ ပရိတ္တာရမဏံ, အပ္ပမာဏံ အပ္ပမာဏာရမဏံ,

ဤအာရုံနှင့် စပ်သော အာရမဏ စတုက္ကနဝကကိုရင်း,

ပရိတ္တံ ပရိတ္တာ ရမဏံ, ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ၊
ပရိတ္တံ အပ္ပမာဏာရမဏံ, ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ

ဤသို့စသော မိဿက သောဠသနဝကကိုရင်း ဤသို့ ၂၅–ပါးသော နဝကစသည်တို့ကို ပေါင်းယူလေ။

ဤနေရာ၌ သုဒ္ဓိကနှင့် မိဿကဖြစ်သော လောကီချာန်သည် ပဋိပဒါ ရှိမရှိအားဖြင့် နှစ်မျိုးရှိရာ ပဋိပဒါမဖက် သက်သက်သော မဂ္ဂသိဒ္ဓ ချာန်နှစ်မျိုးကိုရည်ရွယ်၍ သုဒ္ဓိကနဝကဝါရကို ဟောတော်မူ၏။ သမထာနုယောဂစွမ်းကြောင့် ရအပ်သော ချာန်မျိုးကို ရည်ရွယ်၍ ပဋိပဒါ မိဿကဝါရကို ဟောတော်မူရပြန်သည်။

လောကုတ္တရာ ရရေးအတွက်မူ ပဋိပဒါနှင့်ကင်း၍ ဘယ်မဂ်မှမဖြစ်၊ သို့အတွက် လောကုတ္တရာစိတ်၌ မိဿကဝါရကို ဟောတော်မူသည်။

ရူပါဝစရဝိပါက်စိတ်

ကာမာဝစရ ကုသိုလ်ကံသည် အားသေး၏၊ ကိစ္စ အသေး အမွှား အောက်တန်း ကျသော အလုပ် ကလေး များကိုသာ ပြုလုပ်ခြင်းရှိ၏။ ယုတ်ညံ့သော သန္တာန်၌ဖြစ်၏၊ ထို့ကြောင့် မိမိနှင့်တူသော အကျိုးကို တသမတ်တည်း မပေးနိုင်၊ မဟဂ္ဂုတ်ကံမှုကား အပ္ပနာသို့ရောက်၍

အားရှိ၏၊ ထက်မြက်၏၊ ထို့ကြောင့် မိမိနှင့်တူသော အကျိုးဝိပါက်ကို တသမတ်တည်း ပေးနိုင်၏။ သို့ဖြစ်၍ ရူပါဝစရဝိပါက်စိတ်ကို ကုသိုလ်စိတ်ကဲ့သို့ ပြဆိုရ၏။

ရူပါဝစရကြိယာစိတ်

ရူပါဝစရကုသိုလ်သည်ပင်လျှင် နိဗ္ဗာန်သည် သန္တာန်၌ ကြိယာစျာန် မည်လေသည်ဖြစ်၍ ရူပါဝစရ ကြိယာစိတ်ကို ကုသိုလ် စိတ်ကဲ့သို့ သိမှတ်အပ်လေသည်။

ရူပါဝစရစိတ်ပြီး၏။

အရူပါဝစရစိတ် ၁၂-ပါး အဖွင့်

အရူပါဝစရစိတ်သည်--

ကုသိုလ်စိတ် ၄-ပါး
ဝိပါက်စိတ် ၄-ပါး
ကြိယာစိတ် ၄-ပါး အားဖြင့် ၁၂-ပါးဖြစ်၏။

ကုသိုလ်စိတ် ၄-ပါးဟူသည်—

ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်စိတ် တပါး။
ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော ဝိညာဏဉ္စာယတန ကုသိုလ်စိတ် တပါး။
ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော အာကိဉ္စညာယတန ကုသိုလ်စိတ် တပါး။
ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော ကုသိုလ်စိတ်တပါး။

ဤသို့အားဖြင့် အရူပါဝစရ ကုသိုလ်စိတ် ၄-ပါးဖြစ်၏၊ ဝိပါက်စိတ်, ကြိယာစိတ်တို့၌လည်း ဤနည်းအတူဆိုလေ။

ထိုကုသိုလ်စိတ် လေးပါးတွင် အာကာသာနဉ္စာယတန ဟူရာ၌ အာကာသဟူသည် လွန်လွန်ကဲကဲ တောက်ပသော သဘောတည်း။ ထိုအာကာသသည် မိမိဖါသာ ဝတ္ထုတစုံတခုကိုယ် မရကောင်းသော်လည်း နေရောင်လရောင် စသည်တို့၏အစွမ်းအားဖြင့် အလွန်ထွန်းလင်း တောက်ပသကဲ့သို့ ထင်လေသည်။

တနည်း။ ။ဖြတ်ခြင်း ခွဲခြင်း၏ အစွမ်း အားဖြင့် ဖြတ်ရာ ခွဲရာ မဟုတ်သော သဘောသည် အာကာသ မည်၏။

အာကာသလေးမျိုး

၁။ အဇဋာကာသ=ပကတိကောင်းကင်

၂။ ပရိစ္ဆေဒါကာသ=တံခါးပေါက်စသည်ကဲ့သို့အပိုင်းအခြားဖြင့် ပေါက်ထားသော ကောင်းကင်

၃။ ကသိဏုဂ္ဃါဋိမာကာသ=ကသိုဏ်း ၉-ပါးတွင်တပါးပါးကို ခွါ၍ရသော ကောင်းကင်

၄။ ရူပကလာပ ပရိစ္ဆေဒါကာသ=ရုပ်ကလာပ် တို့၏ အပိုင်းအခြားဖြစ်သော ကောင်းကင်

ဤသို့လေးမျိုးရှိရာ ဤ၌ ကသိဏုဂ္ဃါဋိမ အာကာသကိုသာယူလေ။

အနန္တော+အာကာသော=အာကာသာနန္တော၊ ဥပါဒ်စွန်း ဘင်စွန်း မထင်သော အာကာသကို အာကာသာနန္တ ဟုခေါ်၏။အာကာသာနန္တမေဝ=အာကာသာနဉ္စံ၊ အာကာသာနန္တပင်တည်း။

တည်ရာကို အာယတနဟုခေါ်၏၊ နတ်တို့၏ တည်နေရာကို ဒေဝါယတန (နတ်ကွန်း) ခေါ်သကဲ့သို့ ထိုအတူ အပ္ပနာသို့ရောက်သော သမ္ပယုတ်တရားနှင့် တကွဖြစ်သော ဈာန်သည်ပင် တည်ရာအနက်ကြောင့် အာယတနမည်၍ အာကာသာနဉ္စာယတနဟု ခေါ်သည်၊ အာကာသာနဉ္စ ဟူသော တည်ရာ ရှိသော တရားသည် အာကာသာနဉ္စာယတန မည်၏၊ စိတ်စေတသိက်အစုရ၏။ အာကာသာနဉ္စာယတန၌ ဖြစ်သော ကုသိုလ်စိတ်သည် အာကာသာနဉ္စာယတန ကုသိုလ်စိတ် မည်၏။

ဝိညာဏဉ္စာယတန။ ။ဝိညာဏမည်သည် အာကာသာနဉ္စာယတနစိတ်ပင်တည်း၊ ထိုဝိညာဏ်သည် မိမိကိုယ်တိုင်မှာမူ ဥပါဒ်ဟူသော အစ-ဘင်ဟူသော အဆုံးရှိသော်လည်း အနန္တဟု သမုတ်အပ်သော အာကာသ၌ ဖြစ်ရသောကြောင့် အနန္တမည်လေသည်။(တနည်း)မိမိ၏ ဥပါဒ်စသော အဘို့အစုတို့၌ တစိတ်တဒေသတွင် မတည်မူ၍ အလုံး ပြန့်နှံ့သည်၏ အစွမ်း အားဖြင့် ထိုအာကာသကို အာရုံ ပြုသော ဘာဝနာဖြင့် ဖြစ်ရလေသောကြောင့် အနန္တဟု မည်လေသည်။

အချုပ်အားဖြင့်–အနန္တဟု သမုတ် အပ်သော အာကာသ၌ ဖြစ်ရသောကြောင့် အနန္တ၊ ထိုအာကာသလျှင် အာရုံရှိသော ဘာဝနာဖြင့် ဖြစ်လေသောကြောင့် အနန္တဟု ဆိုအပ်၏။

အနန္တ+ဝိညာဏံ=ဝိညာဏာနန္တံ၊ အဆုံးမရှိသော ဝိညာဏ်သည် ဝိညာဏာနန္တ မည်၏၊ ဝိညာဏာနန္တ မေဝ ဝိညာဏဉ္စံ၊ ဝိညာဏာနန္တသည်ပင်လျှင် ဝိညာဏဉ္စမည်၏၊ သဒ္ဒါကစားထားချက်ပေတည်း။ ဝိညာဏဉ္စ ဟူသော တည်ရာရှိသော စိတ်သည် ဝိညာဏဉ္စာယတန မည်၏၊ ဝိညာဏဉ္စာယတန ဟူသော စိတ် စေတသိက်စု၌ ဖြစ်သော ကုသိုလ်စိတ်သည် ဝိညာဏဉ္စာယတန ကုသိုလ်စိတ်မည်၏။

အာကိဉ္စညာယတန။ ။နတ္ထိ ကိဉ္စနံ အဿာတိ အကိဉ္စနံ=အနည်းငယ်မျှ အကြွင်းမရှိသော စိတ်သည် အကိဉ္စနမည်၏၊ အောက်ဆုံးအနေအားဖြင့် ဘင်မျှပင် အကြွင်းမရှိသော စိတ်တည်း။

အကိဉ္စနဿ+ဘာဝေါ=အာကိဉ္စညံ=အောက်ထစ်ဆုံး ဘင်မျှလည်း အကြွင်းမရှိသော စိတ်၏ဖြစ်ကြောင်းသည် အာကိဉ္စညမည်၏၊ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝကို ကောက်လေ၊ မှန်၏၊ ထို ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းမှာ နတ္ထိ ကိဉ္စိ–ဟု နှလုံး သွင်းမှုဖြင့် အာကိဉ္စည ဟူသော အမည်ကို ရလေသည်၊ အာကိဉ္စည ဟူသော တည်ရာ ရှိသော စိတ်သည် အာကိဉ္စညာယတနမည်၏၊ ထို၌ဖြစ်သော ကုသိုလ်စိတ်သည် အာကိဉ္စညာယတန ကုသိုလ်စိတ် မည်၏။

နေဝသညာ နာသညာယတန။ ။ရုန့်ရင်းကြမ်းထမ်းသောသညာ မရှိသည်ကို ရည်ရွယ်၍ နေဝသညာဟုဆို၏၊ နူးညံ့သော သညာရှိသည်ကိုရည်ရွယ်၍ နာသညာဟုဆို၏၊ နေဝသညဉ္စ တံ နာသညဉ္စာတိ နေဝ သညာနာသညံ၊ အရ နေဝသညာလည်းဖြစ်, နာသညာလည်းဖြစ်သော စိတ် စေတသိက်အစုသည် နေဝသညာ နာသညာမည်၏၊ နေဝသညာ နာသညာ သည်ပင်လျှင် ယောဂီ၏ ချမ်းသာသုခ ထူးတို့၏ တည်ရာ အာယတန ဖြစ်၍ နေဝသညာ နာသညာယတန မည်၏။

တနည်းကား။ ။ဝိပဿနာ၏ အာရုံအဖြစ်သို့ရောက်လျက် ငြီးငွေ့ခြင်းကို ဖြစ်စေနိုင်လောက်အောင် သညာကိစ္စ ထင်ရှားစွာ မရှိတော့သောကြောင့် နေဝသညာလည်းမည်၏၊ ရေပူမှာရှိသောတေဇောဓာတ်

ကဲ့သို့ နူးညံ့သော သဥ္စာနှ လကၡဏာမျှလောက်သာ သင်္ခါရ အကြွင်း ရှိနေသေးသောကြောင့် နာသညာလည်းမည်၏၊ ထို့ကြောင့် နေဝသညာ နာသညာမည်၏။ အကြွင်းကို အထက်ကိုနည်းမှီး၍သိပါလေ။

ဤစတုတ္ထာရုပ္ပဈာန်သည် လောကီနယ်မှာရှိသမျှ တရားအားလုံးတွင် အနူးညံ့ အသိမ်မွေ့ဆုံး အမွန်မြတ်ဆုံး ဖြစ်၏။ သမာပတ်ရှင် တို့သည် လောကီနိဗ္ဗာန်အလို့ငှါ ဤသမာပတ်ကို မကြာခဏ ဝင်စားကြ၏။

ဘယ်ကြောင့် ဤစတုတ္ထာရုပ္ပသမာပတ်သည် ဤမျှသိမ်မွေ့ရသနည်း ဆိုသော်—သမာပတ်ရစ ဖြစ်သော အချိန့်ဦးပိုင်းမှစ၍ ရုန့်ရင်း ကြမ်း ထမ်းလှသော နီဝရဏနှင့် ဝိတက်စသော အင်္ဂါများကို စွန့်ပယ်ကာ ကြွင်းကျန်သော တရားများကို အထပ်ထပ် အခါခါ ပွါးများသော အားဖြင့် တဆင့်ထက်တဆင့် နူးညံ့သိမ်မွေ့အောင် အစဉ်အတိုင်း ကျင့်ဆောင် ခဲ့သောကြောင့် ဖြစ်ပေ၏။

ဤသို့ ကျင့်ဆောင်ခဲ့သဖြင့် ဘယ်မျှ အထိ နူးညံ့ သိမ်မွေ့ နေသနည်း ဆိုသော် စိတ် စေတသိက် စိတ္တဇ ရုပ်များ ချုပ်သွားသော နိရောဓ သမာပတ် ဝင်စားခါနီးမှာပင် ဤစတုတ္ထာရုပ္ပသမာပတ်ကို ဝင်စားပြီးမှ နိရောဓ သမာပတ်သို့ ဝင်ရောက် သွားရ ပုံကို ထောက်သဖြင့် အလွန့် အလွန် သိမ်မွေ့ နူးညံ့ပုံမှာ ထင်ရှားလေသည်။ သို့ဖြစ်၍ ဤစတုတ္ထာရုပ္ပ စိတ္တုပ္ပါဒ်တွင် ပါဝင်ကြသော စိတ်စေတသိက် အားလုံးသည် နေဝစိတ္တ နာစိတ္တ နေဝဝေဒနာ နာဝေဒနာ စသည် မည်လေသည်။ သညာကို ယူ၍ ပါဠိ၌ နေဝသညာ နာသညာ ဆိုသည်ကား – ဒေသနာခေါင်း တပ်ရုံမျှ ဖြစ်၏။

စဥ္စာဒိပိ......ဝိသဒ္ဒါဖြင့် အာရမဏာပဋိပဒါ မိဿကနည်း၏ အစွမ်းဖြင့် သောဠသက္ကစ္ဆကျက ဒေသနာကိုရင်း, တပါးသော ပါဠိတော်လာ နည်း အပြားကိုရင်း ပေါင်းယူ၏။

အရူပါဝစရဝိပါက်စိတ်၌ ဝိညာဏဥ္စာယတနဟူရာတွင် ဝိညာဏ အရ ပဌမာရုပ္ပကုသိုလ် ဝိညာဏ်ကို ယူလေ။ ထိုဝိညာဏ်ကားအတိတ် ဘဝ၌ ဖြစ်သော ဝိညာဏ်ကည်း။ ကုသိုလ် ဝိညာဏ်၏ မရှိခြင်း နတ္ထိ ဘော ပညတ်ကို အာကိဥ္စနခေါ်သည်၊ ဤမျှသာ ထူး၏။

အရူပါဝစရ ကြိယာ စိတ်၌ ဝိညာဏ် အရကို ကုသိုလ် ကြိယာ ဖြစ်သော ပဌမာရုပ္ပ ဝိညာဏ် နှစ်မျိုးကို ယူလေ။ ဤစိတ်၌ ကုသိုလ် ကြိယာ၏မရှိခြင်း နတ္ထိဘာဝပညတ်ကို အကိဉ္စန ခေါ်သည်ဟုမှတ်လေ။ ဤမျှသာထူး၏။ အသင်္ခါရိက သသင်္ခါရိက အဆုံးအဖြတ်ကိုကား ရူပါဝစရစိတ်က ပြခဲ့ပြီ။

အာရမ္မဏာတိက္ကမဟူသော သင်္ဂဟဂါထာ၌ အာရမ္မဏ စတုက္က သည် အတိက္ကမိတဗ္ဗ စတုက္က, အာလမ္ဗိတဗ္ဗ စတုက္ကဟု နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတွင် ပဌမာရုပ္ပ စိတ်၌ ရူပ ပဉ္စမဈာန်၏ အာရုံ ဖြစ်သော ကသိုဏ်းနိမိတ်သည် အတိက္ကမိတဗ္ဗမည်၏။ ထိုအတိက္ကမိတဗ္ဗ အာရုံကို ခွါ၍ ရအပ်သော အာကာသသည် အာလမ္ဗိတဗ္ဗ မည်၏။

ဒုတိယာရုပ္ပ၌ ပဌမာရုပ္ပ၏ အာရုံ ဖြစ်သော အာကာသသည် အတိက္ကမိတဗ္ဗ မည်၏၊ ပဌမာရုပ္ပ ဝိညာဏ်သည် အာလမ္ဗိတဗ္ဗ မည်၏၊

တတိယာရုပ္ပ၌ ပဌမာရုပ္ပဝိညာဏ်သည် အတိက္ကမိတဗ္ဗမည်၏။ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝ ပညတ်သည် အာလမ္ဗိတဗ္ဗ မည်၏။

စတုတ္ထာရုပ္ပ၌ ပဌမာရုပ္ပဝိညာဏ်၏မရှိခြင်း နတ္ထိဘာဝပညတ်သည် အတိက္ကမိတဗ္ဗမည်၏၊ တတိယာရုပ္ပဝိညာဏ်သည် အာလမ္ဗိတဗ္ဗမည်၏။

ဤသို့ အားဖြင့် အရူပစိတ်သည် အတိက္ကမိတဗ္ဗ အပြားအားဖြင့်လည်း လေးပါး၊ အာလမ္ဗိတဗ္ဗ အပြားအားဖြင့်လည်း လေးပါး ဖြစ်၏။

အရူပါဝစရစိတ် ပြီး၏။

လောကုတ္တရာစိတ် ၈-ပါး အဖွင့်

မဂ်စိတ် ၄-ပါး

သောတာပန္န။ ။နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့် ရှေ့ရှုသွားတတ် သောကြောင့်၎င်း, နိဗ္ဗာန် ဟူသော မဟာ သမုဒ္ဒရာသို့ ညွတ်သော အားဖြင့် ဆုတ်နစ်ခြင်း ပြန်လည်ခြင်း မရှိဘဲ စီးဝင် တတ်သဖြင့် ရေ အယဉ်နှင့် တူသောကြောင့်၎င်း, သောတ မည်၏။ အဋ္ဌင်္ဂိက မဂ်ကိုရ၏၊ ထို သောတ ခေါ်သော မဂ်သို့ ရှေးဦးစွာ ရောက်တတ် သောကြောင့် သောတာပန္န မည်၏။

မဂ္ဂစိတ္တ။ ။နိဗ္ဗာန်ကို ရှာဖွေတတ် သောကြောင့်၎င်း, နိဗ္ဗာန်ကို အလိုရှိသူများသာ ရှာဖွေအပ်သောကြောင့်၎င်း, မဂ္ဂ မည်၏၊ ပုဒ်နှစ်ရပ် ပေါင်းစပ်သော် အရိယာ စခန်းသို့ ပဌမဆုံး ရောက်သော မဂ်သည် သောတာပတ္တိမဂ် မည်၏။

အဓိပ္ပါယ်အကျယ်။ ။သောတာပတ္တိ၌ သောတ ဟူသည် ပကတိ ရေအယဉ်တည်း၊ ပကတိ ရေအယဉ်သည် အဦးဆုံး စီးဆင်းရာ ဌာနမှ စ၍ မဟာ သမုဒ္ဒရာ အထိ အကြားမှာ ဆုတ်နစ် ပြန်လည်မှု မရှိဘဲ တသွင်သွင် စီးဆင်း သွားသကဲ့သို့ အဋ္ဌင်္ဂိက မဂ်သည်လည်း အရိယာ ပုဂ္ဂိုလ်၏ သန္တာန်မှာ ဖြစ်လာသော အခါမှ စ၍ အနုပါဒိသေသ နိဗ္ဗာန် အထိ အကြားမှာ ဆုတ်နစ် ပြန်လည်မှု မရှိဘဲ စီးဝင်သွား လေသည်။ ဤသို့ ပကတိရေ အယဉ်နှင့် စီးဝင်သွား ပုံချင်း တူလေသော ကြောင့် အဋ္ဌင်္ဂိက မဂ်ကိုလည်း သောတဟု ခေါ်ရ လေသည်။

ပုထုဇဉ်တို့သန္တာန်မှာ ဈာန်မဂ်ဖိုလ်ဗောဓိပက္ခိယတရားများ အခိုက်အတန့် ဖြစ်ပွါးမှုကြောင့် ဈာန် ရှင်ကြီး သမာဓိ ရှင်ကြီး ပညာ ရှင်ကြီးများ ဖြစ်ကြသေး စေကာမူ ခဏ တချိန်ချိန်မှာ သော်၎င်း, နောက်ဘဝမှာ သော်၎င်း, ဈာန် ကင်းမဲ့သူ သမာဓိ ကင်းမဲ့သူ ပညာဉာဏ် ကင်းမဲ့သူ အဖြစ်သို့ ရောက်ကြ လေသည်၊ အထက် ဘဝမှ သော်လည်း အောက် နရက်သို့ ကျဆင်းကြရ လေသည်၊ ပုထုဇဉ်တို့၏ သန္တာန်မှာ ဖြစ်သော ဈာန်မဂ်ဖိုလ် စသည်တို့သည် တလျှောက်ထည်း တသန်ထည်း နိဗ္ဗာန်အထိ မသွားနိုင်ကြပေ၊ ပုထုဇဉ်တို့သန္တာန်၌ဈာန်စသည်များမှာ အဆင့်ဆင့် ကြီးထွားရင့်ကျက်မှုမရှိသည့်အတွက် အထက်တန်းလွှာမှ အောက်တန်း လွှာသို့လည်း ကျဆုံးကြရ၏။

ဤကဲ့သို့ ပြန်လည် ဆုတ်နစ်မှု မရှိဘဲ နိဗ္ဗာန်အထိ စီးဝင် သွားတတ် လေသောကြောင့် အဋ္ဌင်္ဂိကမဂ်ရှစ်ပါးကို သောတဟု ခေါ် ရလေသည်။ ကြွင်းမဂ် များလည်း နိဗ္ဗာန်အထိ စီးဝင်သွားတတ်၍ သောတ မည်ကြ သည်ချည်းသာ၊ သို့ရာတွင် ဤ၌ ပဌမ မဂ်ကိုသာ ဇကဒေသူပစာ အားဖြင့် သောတဟု ခေါ် ရ လေသည်။

သောတခေါ် အဋ္ဌင်္ဂိက မဂ်သို့ ရောက်ဖို့ အကျင့်သည် သောတာ ပတ္တိ မည်၏၊ သောတာ ပတ္တိလည်း ဟုတ် နိဗ္ဗာန်ကို ရှာမှီး တတ်သော မဂ်လည်း ဟုတ်သော တရားသည် သောတာပတ္တိမဂ် မည်၏။

သကဒါဂါမိ။ ။ပဋိသန္ဓေ နေသော အားဖြင့် ဤ လူ့လောကသို့ တကြိမ် လာတတ်သော သူသည် သကဒါဂါမိ မည်၏၊ ဒုတိယဖိုလ်၊ ပုဂ္ဂိုလ်ရ၏၊ ထိုသကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်၏ မဂ်သည် သကဒါဂါမိ မဂ် မည်၏။

သကဒါဂါမိ ၆-ယောက်

၁။ ဣဓ ပတွာ ဣဓ ပရိနိဗ္ဗာယီ=ဤလူ့ဘုံမှာ သကဒါဂါမိ အဖြစ်သို့ ရောက်၍ ဤလူ့ဘုံမှာပင် ပရိနိဗ္ဗာန် စံဝင်သူ၊

၂။ တတ္ထ ပတွာ တတ္ထ ပရိနိဗ္ဗာယီ=နတ်ဘုံမှာ သကဒါဂါမိအဖြစ်သို့ ရောက်၍ ထိုဘုံမှာပင် ပရိနိဗ္ဗာန် စံဝင်သူ၊

၃။ ဣဓ ပတွာ တတ္ထ ပရိနိဗ္ဗာယီ=ဤလူ့ဘုံမှာ သကဒါဂါမိအဖြစ်သို့ ရောက်ပြီး၍ ထိုနတ်ဘုံမှာ ပရိနိဗ္ဗာန် စံဝင်သူ၊

၄။ တတ္ထ ပတွာ ဣဓ ပရိနိဗ္ဗာယီ = ထို နတ်ဘုံမှာ သကဒါဂါမိ အဖြစ်သို့ ရောက်ပြီး၍ လူ့ဘုံမှာ ပရိနိဗ္ဗာန် စံဝင်သူ၊

၅။ ဣဓ ပတွာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ = ဤ လူ့ဘုံမှာ သကဒါဂါမိ အဖြစ်သို့ ရောက်ပြီး၍ ထိုနတ်ဘုံမှာ ဖြစ်ပြီးနောက် ဤလူ့ဘုံမှာ ပဋိသန္ဓေ တခါ လာနေပြီး ပရိနိဗ္ဗာန် စံဝင်သူ၊

၆။ တတ္ထ ပတွာ ဣဓ နိဗ္ဗတ္တိတွာ တတ္ထ ပရိနိဗ္ဗာယီ= ထိုနတ်ဘုံမှ သကဒါဂါမိ ဖြစ်ပြီး၍ ဤလူ့ဘုံမှာ ဖြစ်ပြီးနောက် ထိုနတ်ဘုံမှာ ပဋိသန္ဓေ လာနေပြီး ပရိနိဗ္ဗာန် စံဝင်သူ၊

ထို သကဒါဂါမိ ပုဂ္ဂိုလ် ခြောက်ယောက် စလုံးပင် ဤနေရာ၌ မုချ အားဖြင့် သကဒါဂါမိမည်သည် သာတည်း။ ဘဲကြောင့်နည်း? ကိလေသာ ဝဋ်၏အစွမ်း အားဖြင့် ဤလူ့ဘုံသို့ တကြိမ် လာရောက်ခြင်း သဘော ရှိလေသောကြောင့် ပင်တည်း။

သဗ္ဗညု ဘုရားရှင်တို့ပင် သော်လည်း အထက်မဂ် မရသေးသမျှ သောတာပတ္တိဖိုလ်မှာ ဖြစ်ရိုက် သတ္တက္ခတ္တု ပရမသောတာပန်အနေမှာ တည်နေတော်မူရသကဲ့သို့ သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်လည်း တကြိမ် ကာမဘုံသို့ ပြန်လာခြင်း သဘော၌ တည်နေကြ ကုန်သည် သာတည်း။

ဤ၌ ပုဂ္ဂလဂတိ, ကိလေသာဂတိဟု နှစ်မျိုးရှိရာ—

(က) **ပုဂ္ဂလဂတိ** အနေမှာ ငါးယောက်မြောက် ဖြစ်သော ဈာန ပတ္တာ တဏ္ဍ နိဗ္ဗတ္တိတွာ ဈာန ပရိနိဗ္ဗာယိ ပုဂ္ဂိုလ် နှင့် ခြောက်ယောက် မြောက် တဏ္ဍ ပတ္တာ ဈာန နိဗ္ဗတ္တိတွာ တဏ္ဍ ပရိနိဗ္ဗာယိ ပုဂ္ဂိုလ် နှစ်ယောက် ရှိ၏။ ထိုပုဂ္ဂိုလ် နှစ်ယောက် တို့သည် ဤလူ့ဘုံသို့ တကြိမ် ပြန်ပြီး ပဋိသန္ဓေ နေလာ ကြ၍ မုချ သကဒါဂါမ် ဖြစ် လေသည်။ ကြွင်း ပုဂ္ဂိုလ် လေးယောက်ကား သဒိသူပစာ အားဖြင့် သကဒါဂါမ် ဖြစ်၏။

(ခ) **ကိလေသာဂတိ** အနေမှာ ထိုသကဒါဂါမ် ပုဂ္ဂိုလ် အားလုံး၏ သန္တာန်၌ ကာမဘုံကို ခင်မင်တွယ်တာတတ်သော ကာမရာဂ နှင့် ယဉ်စာတ် မပြတ်တန်လန်း ရှိနေကြ သေးသည့် ချည်းသာ ဖြစ်လေသောကြောင့် ဤလူ့ဘုံသို့တကြိမ်တခေါက် လာရောက် ကာ ပဋိသန္ဓေ နေသည် ဖြစ်စေ, မနေသည် ဖြစ်စေ, အထက် ပြဟ္မာဘုံရောက် သကဒါဂါမ် များပါ ပုဂ္ဂိုလ် **အားလုံး** မုချ သကဒါဂါမ် မည်လေသည်။

မှန်၏......ပြဟ္မာ့ဘုံ၌ ဖြစ်သော သောတာပန် သကဒါဂါမ် တို့သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ကာမဘုံသို့လာဘို့ကို ခဆိုထားဘိ ပြဟ္မာ့ဘုံ အချင်းချင်း မှာပင် မိမိဖြစ်ရာဘုံမှ အောက်ဖြစ်သော ပြဟ္မာ့ဘုံ သို့ပင် မလာကြတော့ပေ၊ ဤသို့ ကာမဘုံသို့ ပြန်မလာ ခြင်းမှာ ဈာန်၏ အာနု ဘော်သာ ဖြစ်သည်၊ မဂ်၏ အာနုဘော် မဟုတ်။

သကဒါဂါမ် ဖိုလ်ပုဂ္ဂိုလ်၏ မဂ်သည် သကဒါဂါမိမဂ် မည်၏။ ဤနေ ရာ၌ သကဒါဂါမိ မဂ်ကား- သကဒါဂါမိ ဖိုလ်ကို ဖြစ်စေ တတ်သော ကတ္တားဖြစ်၍ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ် ဟူသော ကံကို ဖြစ်စေတတ်၏၊ မဂ်ကား-ဖြစ်စေတတ်သော ဇနက၊ ဖိုလ်ကား-ဖြစ်စေ အပ်သော ဇနေ တဗ္ဗဖြစ်၍, ဇနက၊ ဇနေတဗ္ဗ အဖြစ်ဖြင့် စပ်သည်။ တိဿ၏ အမိဟု ဆိုသကဲ့သို့တည်း။ တိဿကား-ဇနေတဗ္ဗ, အမိဖြစ်သူက ဇနကဖြစ်၏။ အမိကြောင့်သားဖြစ်သည်၊ မဂ်ကြောင့်ဖိုလ်ဖြစ်သည်၊ သို့ဖြစ်၍ တိဿ၏ အမိ၊ သကဒါဂါမိ ဖိုလ်၏မဂ်၊ တိဿ နှင့် ဖိုလ် တူ၍ အမိနှင့်မဂ်တူသည်။ သကဒါဂါမိ မဂ်နှင့် ယှဉ်သော စိတ်သည် သကဒါဂါမိ မဂ်စိတ် မည်၏။

အနာဂါမိ။ ။ကာမဘုံ၌ ဖြစ်စေတတ်သော သံယောဇဉ် တို့ကို အကြွင်းမဲ့ ဖြတ်လေပြီး ဖြစ်သောကြောင့် ပဋိသန္ဓေ၏ အစွမ်း အားဖြင့် ထပ်၍ ဤကာမဘုံသို့ မလာရောက် တတ်သည်ဖြစ်၍ အနာဂါမိ မည်၏။ စင်စစ် ဗြဟ္မာဘုံလျှင် ဖြစ်ရာ ရှိတော့သော ပုဂ္ဂိုလ်တည်း၊ ဤစကားကို အနာဂါမိမဂ်၏ အစွမ်းအားဖြင့်သာလျှင်ဆိုသည်၊ အထက်မဂ် ဝိပဿနာ များကို ဆက်လက်ပွါးများသွားပါက ဤဖြစ်ရိုက်ဘုံ၌သာ၍ပင် အရဟတ္တ မဂ်သို့ ရနိုင်လေသည်။

အနာဂါမိဖိုလ် ပုဂ္ဂိုလ်၏မဂ်သည် အနာဂါမိမဂ် မည်၏၊ ထိုမဂ်နှင့် ယှဉ်သောစိတ်သည် အနာဂါမိမဂ် စိတ်မည်၏။

အရဟန္တာ။ ။ဒက္ခိဏေယျ ဂုဏ်နှင့် ယှဉ်သဖြင့် ပူဇော် အထူးကို ခံထိုက်သော ပုဂ္ဂိုလ်သည် အရဟာမည်၏၊ ရဟန္တာ ပုဂ္ဂိုလ်ရ၏၊ အရဟာ ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းသည် အရဟတ္တ မည်၏၊ အရဟတ္တဖိုလ်စိတ်ရ၏။ အရဟတ္တ ဖိုလ်၏ မဂ်သည် အရဟတ္တမဂ် မည်၏၊ အရဟတ္တ မဂ် နှင့် ယှဉ်သော စိတ်သည် အရဟတ္တ မဂ်စိတ် မည်၏။

ဈာန်ငါး..... ငါးသွယ်ပြန့် ပေါင်းသည့်ပုံ

သုဒ္ဓိကပဋိပဒါဝါရ၌	စတုက္ကနည်း	ပဉ္စကနည်း အားဖြင့် စိတ်	၈-ပါး
သုဒ္ဓိကသုညတ၌	။	။	၈-ပါး
သုညတပဋိပဒါ၌	။	။	၈-ပါး
သုဒ္ဓိကအပ္ပဏိဟိတ၌	။	။	၈-ပါး
အပ္ပဏိဟိတပဋိပဒါ၌	။	။	၈-ပါး
ဤသို့အားဖြင့် ပေါင်းသော်-			၄၀-ပါး

ထို့အတူ မဂ္ဂ, သတိပဋ္ဌာန, သမ္မပ္ပဓာန, ဣဒ္ဓိပါဒ,
ဣန္ဒြိယ, ဗလ, ဗောဇ္ဈင်, သစ္စ,
သမထဝိပဿနာ, ဓမ္မ, ခန္ဓာ, အာယတန,
ဓာတု, အာဟာရ, ဖဿ, ဝေဒနာ,
သညာ, စေတနာ, စိတ္တ.....

ဟူသော အမည် အသီးသီးဖြင့် ဝေနေယျတ္တာသယ အားလျော်စွာ စိတ် ၄၅-စီရ၍၊ ၀၅၅-ဖြစ်၏။ ယခင် ၄၅-နှင့်ပေါင်း၊ ၉၀၀-ဖြစ်၏။ တဖန် ထို ၉၀၀-ကို အဓိပတိ ၄-ပါးနှင့်မြှောက်၊ ၃၆၀၀-ဖြစ်၍ မူလ ၉၀၀ - နှင့်ပေါင်း၊ သောတာပတ္တိ မဂ်၌ စိတ်ပေါင်း ၄၅၀၀ - ဖြစ်၏။ သကဒါဂါမိမဂ် စသည် တို့၌ ထို့အတူ စိတ်ပေါင်း ၄၅၀၀-စီ ဖြစ်၍ မဂ်စိတ်ပေါင်း ၁၈၀၀၀-ဖြစ်၏။ (**မွေသင်္ဂဏီ**)

သစ္စဝိဘင်း, သတိပဋ္ဌာန ဝိဘင်း တို့၌ နည်း ၂၀၀၀၀-၏ အစွမ်း အားဖြင့် မဂ်စိတ်ပေါင်း ၉၀၀၀၀-ကိုရင်း,မဂ္ဂဝိဘင်း၌နည်း ၂၈၀၀၀- တို့၏ အစွမ်း အားဖြင့် မဂ်စိတ်ပေါင်း ၁၂၆၀၀၀-ကိုရင်း ပေါင်းယူ လေသည်။

ဖိုလ်စိတ် ၄-ပါး

သောတာပတ္တိ ဖိုလ်စိတ်	သကဒါဂါမိ ဖိုလ်စိတ်
အနာဂါမိ ဖိုလ်စိတ်	အရဟတ္တ ဖိုလ်စိတ်

ဖိုလ်စိတ်။ ။ဖိုလ် ဟူသည် အကျိုး ဖြစ်သော အဋ္ဌင်္ဂိက မဂ်ဘည်း၊ သို့မဟုတ် သမ္ပယုတ်တရား အပေါင်းတည်း၊ သောတာပန် ပုဂ္ဂိုလ်၏ အကျိုးဖြစ်သော စိတ်သည် သောတာပတ္တိဖိုလ်စိတ်မည်၏၊ သကဒါဂါမိ ပုဂ္ဂိုလ်၏ အကျိုး ဖြစ်သော စိတ်သည် သကဒါဂါမိ ဖိုလ်စိတ် မည်၏၊ အနာဂါမိ ပုဂ္ဂိုလ်၏ အကျိုး ဖြစ်သော စိတ်သည် အနာဂါမိ ဖိုလ်စိတ် မည်၏၊ ရဟန္တာ၏ ဥစ္စာလည်းဖြစ် အကျိုးလည်း ဖြစ်သော စိတ်သည် အရဟတ္တဖိုလ်စိတ် မည်၏။

မဂ် လေးပါး ခြားပုံ။ ။သောတာပတ္တိ မဂ်၌ သဒ္ဓါ စသော ဣန္ဒြေ တို့သည် မထက်မြက်ကြသေး၊ နူးညံ့လေသည်။ သို့ဖြစ်၍ သောတာပတ္တိ မဂ်သည် ဒိဋ္ဌိဝိစိကိစ္ဆာမျှ ကိုသာ အကြွင်းမဲ့ ဖြတ်ခြင်းငှါ စွမ်းရည် ရှိ၏၊ ကာမရာဂ, ဗျာပါဒတို့ ကိုကား - ပါးသွား အောင်ပင် မတတ်နိုင်သေး၊ သကဒါဂါမိမဂ်၌ သဒ္ဓါ စသော ဣန္ဒြေတို့သည် အနည်းငယ် ထက်မြက် လာရကား - ကာမရာဂ, ဗျာပါဒ တို့ကို ပါးသွားအောင် ပြုစွမ်း နိုင်၏၊ အမြစ် ပြတ်အောင် ကား-မတတ်နိုင်သေး၊ အနာဂါမိမဂ်၌ သဒ္ဓါ စသော ဣန္ဒြေတို့သည် အတော် ထက်လာလေပြီဖြစ်၍ ကာမရာဂ, ဗျာပါဒတို့ကို အမြစ်ပြတ်အောင် ဖြတ်စွမ်းနိုင် လေသည်၊ ရူပရာဂ, အရူပရာဂ, မာန,

ဉာဏ္ဍ၊ အဝိဇ္ဇာတို့ကိုကား-အမြစ် ပြတ်အောင် မဖြတ်နိုင်သေး၊ အရဟတ္တ မဂ်၌ သဒ္ဓါ စသော ဣန္ဒြေ တို့သည် အလွန်ကြီး ထက်မြက် လာသည် ဖြစ်၍ မကောင်းသမျှ တရားအားလုံး အမြစ်ပါ တုံးအောင် ဖြတ်စွမ်းနိုင် လေသည်၊ ဤသို့ ဣန္ဒြေ အနု အရင့် စသည်ဖြင့် လေးကြိမ်ဖြစ်မှသာ ကိစ္စ ပြီးလေသောကြောင့် မဂ်စိတ် လေးပါး ပြားရ လေသည်။

ဖိုလ်စိတ် ၄-မျိုး ပြားပုံ။ ။ဖိုလ်စိတ်သည် ထိုကုသိုလ်၏ အကျိုး ဖြစ်သောကြောင့် မဂ်အားလျော်စွာ လေးပါးပြားရလေသည်။ မိမိထက် လွန်မြတ်သော တရားမရှိသောကြောင့် ဤစိတ်ရှစ်ပါးကို လောကုတ္တရာ ဟုခေါ်ရလေသည်။

လောကုတ္တရာကြိယာ။ ။မဂ်စိတ်သည် တကြိမ်သာ ဖြစ်သောကြောင့် ကြိယာ မရသဖြင့် လောကုတ္တရာ စိတ်ကို ၁၂-ပါး မဆိုရပါ၊ မဂ်စိတ် အကြိမ်ကြိမ် ဖြစ်မှသာ ထိုမဂ်စိတ် အကြိမ်ကြိမ် ဖြစ်မှုအတွက် ကြိယာ သဘောကို ရနိုင်လေသည်။

မဂ်သည် ကိလေသာကို ပယ်သတ်ဖို့ရန် အတွက် ဖြစ်လာရကား- တကြိမ် ဖြစ်ပေါ် လိုက်လျှင်ပင် မိုးကြိုးစက်ကျသကဲ့သို့ ဆိုင်ရာဆိုင်ရာ ကိလေသာကို နောက်တဖန် ပြန်လည် နလံထူကာ ဖြစ်ပေါ်မလာအောင် ပယ်သတ် ခြင်းငှါ စွမ်းနိုင်သော သတ္တိ ရှိသောကြောင့်၎င်း, မဂ်စိတ် ထပ်မံ ဖြစ်ပေါ် စေကာမူ ကိလေသာကို ပယ်သတ်ဖွယ် ကိစ္စ မရှိသော ကြောင့်၎င်း, ရပြီး မဂ်ကို ဝင်စားရန် ပရိကမ် ပြုသော်လည်း နိဗ္ဗာန်ကို အာရုံပြုကာ လက်တွေ့ ချမ်းသာကို ခံစား နေရေး အတွက် ဖိုလ်စိတ် များသာ ဖြစ်လေရာ သောကြောင့်၎င်း, သေက္ခ ပုဂ္ဂိုလ်မှာ ဖြစ်စေ, အသေက္ခပုဂ္ဂိုလ်မှာဖြစ်စေ,မည်သည့်အခါမျှတဖန်ထပ်၍ ဖြစ်ရိုးမရှိပေ၊ ထို့အတွက် ဘယ်သောအခါမှ လောကုတ္တရာ ကြိယာစိတ် မဖြစ်နိုင်။

• **မှတ်ချက်။** ။ကုသိုလ်သည် အနုသယ မကင်းသူ သန္တာန်၌ ဖြစ်မှု အနုဝဋ္ဋ သုခ ဝိပါကလက္ခဏာရှိ၍ အနုသယကင်းသော ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်မှု ထိုလက္ခဏာ မရှိဘဲ ကြိယာ ဖြစ်လေသည်။

မျိုးတူစိတ် ရေတွက်ပုံ။ ။အကုသိုလ် ၁၂-ခု၊ ကုသိုလ်စိတ် ၂၁-ခု၊ ဝိပါက်စိတ် ၃၆-ခု၊ ကြိယာစိတ် ၂၀-ခု အားဖြင့် စိတ်ပေါင်း ၈၉-ခု ဖြစ်၏၊ သောမနဿ, ဥပေက္ခာ စသော သရုပ် တို့ကို ကျေပွန်အောင် ရေတွက်လေ။

ဘုံအပြားဖြင့် ရေတွက်ပုံ။ ။ကာမစိတ် ၅၄-ခု၊ ရူပစိတ် ၁၅-ခု၊ အရူပစိတ် ၁၂-ခု၊ လောကုတ္တရာ စိတ် ၈-ခု အားဖြင့် စိတ်ပေါင်း ၈၉-ခု ဖြစ်၏။

စိတ်အကျယ် ၁၂၁-ပါး။ ။စိတ်အကျယ် ၁၂၁-ပါး ဖြစ်လာပုံမှာ လောကီစိတ် ၈၁-ခု၌ အတိုးအပွါးမရှိ၊ မဂ်စိတ်, ဖိုလ်စိတ် များ၌သာ ဈာန်ပွါး သဖြင့် မဂ်စိတ် ၂၀၊ ဖိုလ်စိတ် ၂၀- ဖြစ်လာ၍ စိတ်ပေါင်း ၁၂၁-ပါး ဖြစ်လာသည်။

ဈာန်ပွါးလာပုံ

သောတာပတ္တိမဂ်၌-

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွ ဖြစ်သော ပဌမဈာန် သောတာပတ္တိ မဂ်စိတ် တခု၊

ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ လေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် သောတာပတ္တိ မဂ်စိတ် တခု၊

ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ သုံးပါးနှင့်တကွ ဖြစ်သော တတိယဈာန် သောတာပတ္တိ မဂ်စိတ် တခု၊

သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် သောတာပတ္တိ မဂ်စိတ် တခု၊

ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့်တကွ ဖြစ်သော သောတာပတ္တိ မဂ်စိတ် တခု၊

ဤသို့အားဖြင့် သောတာပတ္တိ မဂ်စိတ် ငါးခု ဖြစ်၏။ သကဒါဂါမိ မဂ်ကို ပွါး၍ ငါးခု၊ အနာဂါမိမဂ်ကို ပွါး၍ ငါးခု၊ အရဟတ္တမဂ်ကို ပွါး၍ ငါးခု အားဖြင့် အားလုံးပေါင်း မဂ်ဈာန်ပွါး ၂၀-ဖြစ်လာ၏။ ဖိုလ်စိတ် မှာလည်း ထို့အတူ ပွါး၍ ဖိုလ်ဈာန်ပွါး ၂၀-ဖြစ်လာ၏။

လောကုတ္တရာ ဈာန်သည် မိမိဖါသာ ဈာန်အင်္ဂါ ငါးပါး ရှိသည်၏ အဖြစ်ဖြင့် ပဌမဈာန် မည်၏။ ဈာန်မည်သည်ကား-လောကီဈာန်ဖြစ်စေ, လောကုတ္တရာဈာန် ဖြစ်စေ, ဈာန်အင်္ဂါ ငါးပါးရှိက ပဌမဈာန်၊ ဈာန် အင်္ဂါ လေးပါးရှိက ဒုတိယဈာန်၊ ဈာန်အင်္ဂါ သုံးပါးရှိက တတိယဈာန်၊ ဈာန်အင်္ဂါ နှစ်ပါး ရှိက စတုတ္ထဈာန်၊ တဖန် ဈာန်အင်္ဂါ နှစ်ပါး ရှိက အလိုလို ပဥ္စမဈာန် မည်လေသည်။လောကုတ္တရာ၌ ဒုတိယဈာန် စသော အဖြစ်သည် ဖြစ်စဉ်၏ အစွမ်း အားဖြင့် ပြီးကြသည် မဟုတ်ချေ။

အကြောင်းထူးနှင့် ယှဉ်သောကြောင့်သာ ဖြိုးလေသည်။ အကြောင်းထူး မရှိခဲ့ပါက အချင်းခပ်သိမ်း ပဋ္ဌဂ်က ပဉ္စမဈာန်သာ ဖြစ်လေရာသည်။

လောကီဈာန်များ အားဖြင့်ကား ဒုတိယ စသော ဈာန်၏ ဥပစာရ ဘာဝနာသည် မိမိကိုယ်တိုင် ဝိတက် စသည်နှင့် ယှဉ်နေသော်လည်း ဝိတက် စသည်တို့မှာ အပြစ်မြင်သော ဉာဏ်ဖြင့်—ယခု အဝိတက္ကဈာန်ကို ဖြစ်စေအံ့၊ အဝိစာရဈာန်ကို ဖြစ်စေအံ့ ဟု ဤသို့ စသည်ဖြစ်သော အဇ္ဈာသယထူးနှင့် ယှဉ်သည့် အတွက် အချို့ ဝိတက္ကဝိရာဂဘာဝနာ, အချို့ ဝိစာရဝိရာဂဘာဝနာ စသည် မည်လေသည်။ ထို ဝိတက္ကဝိရာဂ ဘာဝနာ စသည်သည်လည်း မိမိ၏ဈာန်ကို အဝိတက္ကဈာန် စသည်ဖြစ်အောင် ပြုစွမ်းနိုင်၏၊ ဈာန်တို့၌ ပဿဘော် ရလာသောအခါ အာဒီနဝ ဉာဏ်နှင့်ကင်း၍ အဇ္ဈာသယ သက်သက်မျှဖြင့် အလိုရှိရာ ဈာန်ကို ဝင်စား သကဲ့သို့ ထို့အတူ ဤလောကုတ္တရာ အရာ၌လည်း ထိုထိုမဂ်၏ ဥပစာရဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟုဆိုအပ်သော ဘာဝနာသည် ကိုယ်တိုင် ဝိတက် စသည်နှင့် ယှဉ်နေ သော်လည်း သတ္တိ အသီးသီး ရှိ၏၊ တချို့ ဝိတက္ကဝိရာဂ ဘာဝနာ, တချို့ ဝိစာရဝိရာဂ ဘာဝနာ စသည် မည်လေသည်၊ ထိုဘာဝနာ များတွင် ဝိတက်ကို လွန်မြောက်ခြင်းငှာ စွမ်းနိုင်သော ဘာဝနာသည် ဝိတက္ကဝိရာဂ ဘာဝနာ မည်၏၊ အကြွင်းကို နည်းယူ၍ သိလေ။

အဘယ်၏ စွမ်းရည်ကြောင့် ဝိပဿနာသည် သတ္တိ အမျိုးမျိုးနှင့် ယှဉ်လာသနည်း ?

အကျဉ်းချုပ် အားဖြင့် ထေရဝါဒ သုံးမျိုးကြောင့် သတ္တိ အမျိုးမျိုးနှင့် ယှဉ်လာသည်ဟု ဖြေဆိုရပေမည်။

ပါဒက။ ။ဝိပဿနာ၏ အခြေခံအကျိုးငှါ အနီး၌ ဝင်စားအပ်သော ဈာန်သည် ပါဒကဈာန် မည်၏။ ပါဒက ဈာန်သည် ပဉ္စမဈာန် ဖြစ်မူ ဝိပဿနာသည် ပင်ကိုယ် အတိုင်းဖြစ်၏။ ပါဒက ဈာန်သည် ဒုတိယဈာန် ဖြစ်မူ ဝိပဿနာသည် ဝိတက္ကဝိရာဂသတ္တိနှင့်ယှဉ်လေသည်။ ဝိပဿနာ၏ ဝိတက္ကဝိရာဂ သတ္တိ အလျောက် မဂ်မှာ အဝိတက္က ဈာန်ကို မှတ်ခြင်းငှါ စွမ်းနိုင်၏၊ ကြွင်းသော ပါဒက ဈာန်တို့၌လည်း နည်းတူ သိလေ။ ထို မဂ်ရင်းမှာ ပါဒကဈာန် ရှိခဲ့သော် ထိုပါဒက ဈာန်နှင့် တူစွာ မဂ်မှာ

ဈာန်ဖြစ်သည်၊ ပါဒကဈာန် မရှိခဲ့မူ မဂ်၌ ပဌမဈာန်သာ ဖြစ်သည်၊ သမ္မသိဘာ ဈာန်သည်ငှင်း,ပုဂ္ဂလဇ္ဈာသယသည်ငှင်း, မဂ်၌ ဈာန်အင်္ဂါကို မှတ်ခြင်းငှါ မစွမ်းနိုင်ဟု ဆိုလို၏။ ဤကား-ပါဒက ဝါဒတည်း။

သမ္မသိဘာ။ ။ပါဒကဈာန် ရှိခဲ့ရာ ထိုပါဒက ဈာန်ကိုပင် ဖြစ်စေ, ပါဒကမှတပါး အခြားဈာန်ကိုပင်ဖြစ်စေ,တမျိုးမျိုးသောဈာန်ကိုသုံးသပ်အပ်၏၊ သုံးသပ်အပ်သော ဈာန်သည် ပဌမဈာန် ဖြစ်က ဝိပဿနာသည် ပြကတေ့အတိုင်းဖြစ်၏၊ သုံးသပ်သော ဈာန်သည် ဒုတိယဈာန် ဖြစ်ပါက ဝိပဿနာသည် ဝိတက္က ဝိရာဂ သတ္တိနှင့် ယှဉ်လေသည်၊ မဂ်၌ အဝိတက္က ဈာန်ကို မှတ်ခြင်းငှါစွမ်းနိုင်၏၊ကြွင်းသော သမ္မသိဘာဈာန်တို့၌ ထိုနည်း အတိုင်း သိလေ။ ဝိပဿနာ၏ အာရုံ အဖြစ်ဖြင့် အတူ တကွ ဖြစ်လေသောကြောင့် သမ္မသိတ ဈာန်သည် ပါဒက ဈာန်နှင့် အဇ္ဈာသယထက် အားကြီး၏ဟု ဆိုလို၏၊ ဤကား-သမ္မသိတ ဝါဒတည်း။

ပုဂ္ဂလဇ္ဈာသယ။ ။ပါဒကဈာန် ရှိခဲ့ ပါက ထိုပါဒက ဈာန်ကို သို့မဟုတ် ပါဒကဈာန်မှ တပါးပါးသော ဈာန်ကို မဂ်၌ အကြင်အကြင် ဈာန်ကို အလိုရှိ၏၊ ထိုထို ဈာန်သည် ပြည့်စုံ၏၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်လည်း ပုဂ္ဂိုလ်၏ အလိုအတိုင်း ဝိတက္က ဝိရာဂ ဘာဝနာ စသည် ဖြစ်လေ၏၊ ထင်ရှား စေဦးအံ့— လောကီ ဈာန်များ၌ အနိုးဆုံး ထသော ဈာန်သည် အထက် ဈာန် ဥပစာရ ဘာဝနာ၏ အထောက် အပံ့မျှ ဖြစ်သည်၊ အထက် ဈာန်၌ ဈာန်ကို မိမိနှင့် တူအောင် မပြုစွမ်းနိုင်၊ အဇ္ဈာသယကသာလျှင် အထက်ဈာန်၌ ဈာန်င်ကို မှတ်သကဲ့သို့ ထို့အတူ ဤလောကုတ္တရာ ဈာန် အရာ၌လည်း ပါဒက ဈာန်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ထက်မြက်မှု,သန့်ရှင်းမှုဖြစ်ဘို့ရန် အားကြီးသော အကြောင်း ဖြစ်၏၊ အဇ္ဈာသယ သည်သာ ဝိပဿနာကို ဝိတက္က ဝိရာဂ စသော အဖြစ်သို့ ပို့၍ မဂ်၌ ဈာန်ကို မှတ်သား၏ဟု ဆိုလို၏။ ဤကား-ပုဂ္ဂလဇ္ဈာသယ ဝါဒတည်း။

ဤသုံး ဝါဒတွင် ပုဂ္ဂလဇ္ဈာသယ ဝါဒသည် အား အရှိဆုံး ကဲ့သို့ ထင်၏၊ ဘယ့်ကြောင့် ဆိုသော်-လောကီဈာန်များ၌လည်း ပါဒကဈာန် မည်သည် မချွတ် အလိုရှိရစမြဲဖြစ်၏၊ ထိုပါဒကဈာန်သည် အထက်ဈာန် ဥပစာရ ဘာဝနာ၏ ထက်မြက် သန့်ရှင်းမှု အတွက်သာ ဖြစ်၏၊ စင်စစ်

အားဖြင့် အဇ္ဈာသယ သည်သာ ဥပစာရ ဘာဝနာ၏ ဝိတက္က ဝိစာရ စသော အဖြစ်ကို ပြီးစေ၏၊ ဥပစာရ ဘာဝနာ သည်သာ အထက်ဈာန်၌ ဈာနင်ကိုမှက်သကဲ့သို့ ထိုအတူ လောကုတ္တရာဈာန်အရာ၌လည်း ပါဒက ဈာန်၏ အားစွမ်းဖြင့် ထက်မြက် သန့်ရှင်းသော အဖြစ်သို့ ရောက်သော ဝုဋ္ဌာနဂါမိနီဝိပဿနာသည်သာ အဇ္ဈာသယထူး၏ အားစွမ်းဖြင့် ဝိတက္က ဝိစာရ စသော သတ္တိထူးနှင့် ယှဉ်၍ မဂ်မှာ ဈာန်အမျိုးမျိုးကို ပြီးစေ၏။

အဇ္ဈာသယထူးမရှိပါက ထိုထိုပါဒကဈာန်အားလျော်စွာ အဇ္ဈာသယ သာမန် တည်၏၊ သို့ဖြစ်၍ အဇ္ဈာသယထူး မရှိခဲ့လျှင် ပါဒက ဈာန် သည်သာ လိုရင်း ပမာဏတည်း၊ အဇ္ဈာသယထူး ရှိနေက အဇ္ဈာသယ ထူးသည်သာ လိုရင်း ပမာဏ တည်း၊ မှန်၏-ဈာန်အားလုံး၌ လေ့လာပြီး ဝသီဘော် ရှိသော ယောဂီ တို့၏ မဂ်၌ အလို ရှိအပ်သော ဈာန်ကို ဖြစ်စေ ခြင်းသည် လိုအပ်လိုအပ်ရာ လောကီဈာန်ကို ဝင်စား သည်နှင့် တူ၏။

အဋ္ဌသာလိနီနှင့် ဝိသုဒ္ဓိမဂ်၌ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကိုသာ ပမာဏ ပြု၍ ဆို၏။ မဂ္ဂ ဝိဘင်း, မဂ္ဂ သံယုတ် အဋ္ဌကထာ၌ ပါဒက ဈာန်ကို သာလျှင် ပမာဏပြု၍ ဆို၏၊ သုတ္တန်ပါဠိတော်တို့၌ ရှစ်ပါးသော သမာပတ်တွင် သမာပတ် တခုခုမှထ၍ ထပြီး သမာပတ် တရားအား သုံးသပ် ခြင်းသာ လာ၏၊ ထပြီး သမာပတ် တရားမှ တပါးသော ဈာန်အား သုံးသပ် ခြင်းကား မလာပေ၊ သို့ဖြစ်သောကြောင့် ယောဂီတို့၏ အလို စွမ်းဖြင့် ပါဒကဈာန်မှတပါး အခြားဈာန်ကို သုံးသပ်ခြင်း ရှိသော်လည်း ပါဒက ဈာန်သည် သာလျှင် ပမာဏ ဖြစ်သည်ဟု သိထိုက်၏။ ထိုဝါဒ သုံးပါး ရှိရာတွင် သမ္မသိတ ဝါဒကား အားအနည်းဆုံးတည်း။

၁။ သမာပတ် ရှစ်ပါး ရသော်လည်း ဈာန်ကို အခြေပါဒက မပြုဘဲ မဂ်ကို ဖြစ်စေသော ယောဂီ,

၂။ ပဋ္ဌမဈာန်ကိုသာ အခြေပါဒကပြု၍ အဇ္ဈာသယထူးမရှိဘဲ မဂ်ကို ဖြစ်စေသော ယောဂီ,

၃။ ပဋ္ဌမဈာန်မျှကိုသာရ၍ ထိုပဋ္ဌမဈာန်ကိုသာအခြေပြုလျက် မဂ်ကို ဖြစ်စေသော ယောဂီ,

၄။ သုက္ခ ဝိပဿက ပုဂ္ဂိုလ်,

ဤပုဂ္ဂိုလ်တို့မှာ-ပဌမဈာန်နှင့်ယှဉ်သော မဂ်သာ ဖြစ်သည်၊ ပင်ကိုယ် အနေက သမာပတ် ရှစ်ပါးမှာ လေ့လာပြီး ဝသီဘော် ရှိနေပါက အနီး ဖြစ်သော ပါဒက ဈာန်နှင့် ကင်း၍လည်း အလိုရှိရာ ဈာန်သည် မဂ်မှာ ပြီးစီးလေ သည်သာ။

ဝေဒနာ သတ်မှတ်ချက်။ ။ဝေဒနာ သတ်မှတ်ချက်သည် ပါဒကဈာန် စသည်တို့၏အစွမ်းအားဖြင့် ဝိပဿနာရော မဂ်မှာပါပြီးလေသည်။ ချဲ့ဦးအံ့- ထိုထို ပါဒက ဈာန်မှ ထပြီး ဝိပဿနာ ရှုသော ယောဂီ၏ ဝိပဿနာသည် အစဦးမှာ ဆိုရင် သောမနဿ သော်လည်း ဖြစ်တတ်၏၊ သို့မဟုတ် ဥပေက္ခာသော်လည်း ဖြစ်တတ်၏၊ သို့ပေမဲ့ မဂ်ဖြစ်ပေါ် လာသော အခါ၌ ပါဒက ဈာန်က သောမနဿ ဖြစ်ခဲ့လျှင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာလည်း စင်စစ် သောမနဿ ဖြစ်သည်၊ မဂ်လည်း သောမနဿ ဖြစ်သည်။ အဇ္ဈာသယထူးနှင့်ဘက္ခ မဂ်ဖြစ်လာ ရာ၌ ထိုနည်းတူ မှတ်လေ။

ဝိပဿနာ ရှုအား ကောင်းသော အခါ၌ ဝိပဿနာ မွေ့လျော်ခြင်း မည်သည် အလွန် မွန်မြတ်၏၊ တကိုယ်လုံး ပြန့်နှံ့ လွှမ်းမိုး၍ ဖြစ်၏၊ ထိုသို့သော အခါမျိုးမှာ ပါဒကဈာန် အထူး အဇ္ဈာသယ အထူး ကင်း ပါက ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဥပေက္ခာ မဖြစ်နိုင်၊ စင်စစ် အားဖြင့် သောမနဿသာ ဖြစ်လေသည်။ ဤလို နေရာ မျိုးမှာ ဈာန် အားလုံး၌ ဝသီဘော် ရပြီး ယောဂီအား အမှတ် မထား တပါးပါးသော ဈာန်ကို အခြေ ပြု၍ ထို ပါဒက ဈာန်ကိုရင်း, တပါးသော ဈာန်ကိုရင်း မဂ်၌ အကြင် အကြင် ဈာန်ကို အလို ရှိ၏၊ မဂ် ဖြစ်လာသော အခါမှာ အဇ္ဈာ သယ၏ အစွမ်းဖြင့် ထိုထိုဈာန်အားလျော်စွာ ဝိပဿနာ၌ရင်း, မဂ်၌ရင်း ဝေဒနာ ညွှတ်ခြင်းကို သိအပ်၏။ ဝေဒနာ နိယမ မည်သည်ကို အသီး အခြား ဆိုဖွယ် မရှိဟု မှတ်လေ။

ရူပါဝစရ စိတ်ကို ပဌမ စသော ဈာန်စိတ် အပြား၌ ရေတွက်အပ် သကဲ့သို့ လောကုတ္တရာ စိတ်ကိုလည်း ပဌမ စသော ဈာန်စိတ် အပြား၌ ရေတွက်အပ် လေသည်၊ အာရုပ္ပစိတ်ကိုလည်း ပဌမဈာန်စိတ် အပြား၌ ရေတွက် အပ်၏၊ သို့ဖြစ်သောကြောင့်—

ရူပ ပဥ္စမဈာန် စိတ် ၃-ခု
လောကုတ္တရာ ပဥ္စမဈာန် စိတ် ၈-ခု

ပေါင်း ...... ၁၁- ပဥ္စမဈာန်စိတ်

ရူပ ဒု-ဈာန် စိတ် ၃-ခု
လောကုတ် ဒု-ဈာန် စိတ် ၈-ခု

ပေါင်း ...... ၁၁- ဒုတိယ ဈာန်စိတ်

ရူပ တ-ဈာန်စိတ် ၃-ခု
လောကုတ် တ-ဈာန်စိတ် ၈-ခု

ပေါင်း ...... ၁၁- တ-ဈာန်စိတ်

ရူပ စ-ဈာန်စိတ် ၃-ခု
လောကုတ် စ-ဈာန်စိတ် ၈-ခု

ပေါင်း ...... ၁၁- စ-ဈာန်စိတ်

ရူပ ပ-ဈာန်စိတ် ၃-ခု
အရူပ ပ-ဈာန်စိတ် ၁၂-ခု
လောကုတ် ပ-ဈာန်စိတ် ၈-ခု

ပေါင်း ...... ၂၃- ပ-ဈာန်စိတ်

ဤသို့ အားဖြင့် လောကီစိတ် ၈၁-ခု
လောကုတ္တရာဈာန်စိတ်ပွါး ၄၀-ခု

စိတ်အားလုံးပေါင်း ...... ၁၂၁-ဖြစ်၏။

စိတ်ပိုင်း သဘောပြ ပြီး၏။

စိတ်ပိုင်းလေ့ကျင့်ခန်း

၁။ သမုဂ်ကသစ္စာ, ပရမတ္ထသစ္စာ နှစ်မျိုး၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

၂။ စိတ်၏ မည်သို့ ဖြစ်နေသည်ကို အာရုံကို ကြံစည်တတ်သည်ဟု ဆိုပါသနည်း။

၃။ စိတ် ဆန်းကြယ်ပုံကို ဖော်ပြပါ။

၄။ စိတ်နှင့်ယှဉ်၍ စေတသိက်ဟု ဆိုလျှင် စေတသိက်နှင့် ယှဉ်သော စိတ်များကို ဖသ်သိက,စသည်ဖြင့် ဆိုပါက သင့်မသင့် ဖြေဆိုပါ။

၅။ အအေး စသည်ဖြင့် ဖေါက်ပြန်တတ် သောကြောင့် ရုပ်ဟု ခေါ်ရာ ရူပ ဗြဟ္မာဘုံတို့၌ ရုန့်ရင်းသော အအေး စသည် မရှိ၍ အဘယ် သို့လျှင် ဖေါက်ပြန်မှု ဖြစ်ပါသနည်း။

၆။ သောမနဿ ဥပေက္ခာ ဖြစ်ကြောင်း တရားများကို ဖေါ်ပြ၍ အသင်္ခါရိက သသင်္ခါရိကတို့၏ သရုပ် တရားကိုယ်ကို ဖြေဆိုပါ။

၇။ ဒေါမနဿနှင့်ပဋိဃ၏ ခြားနားချက်ကို ပြပါ။

၈။ မောဟမူစိတ်၌ အကြောင်းပြ၍ သင်္ခါရကို ဆုံးဖြတ်ပါ။

၉။ အဟိတ်စိတ်တွင် စက္ခုဒွေး,သောတဒွေး,ဃာနဒွေး,ဇိဝှါဒွေးတို့၏ ဥပေက္ခာ ဖြစ်ရပုံ, ကာယ ဒွေးတို့၏ သုခ-ဒုက္ခ ဖြစ်ရပုံကို အကြောင်း အသီးသီး ပြ၍ ရှင်းပါ။

၁၀။ အာဝဇ္ဇနဒွေး၏ ဥပေက္ခာ ဖြစ်ရခြင်းကို အကြောင်း ပြ၍ ရှင်းပါ။

၁၁။ ကုသိုလ်အပြားကို ရသင့်သမျှ ဖေါ်ထုတ်ပါ။

၁၂။ ဈာန်၏ အဓိပ္ပါယ် ဖေါ်ပြပါ။

၁၃။ ဘယ်တရားသည် မုချဈာန်အမည် ရထိုက်သနည်း။

၁၄။ ဈာန်အင်္ဂါ ပြားလာအောင် မည်သည့်အရာက ပြုသနည်း။

၁၅။ ရူပါဝစရ ဈာန်စိတ်ကို သင်္ခါရ ဆုံးဖြတ်ခဲ့ပါ။

၁၆။ အရူပါဝစရ စိတ်၏ အသီးသီး အကိဏ္ဏိတဗ္ဗ, အာလမ္ဗိတဗ္ဗ ဖြစ်ပုံကို ယှဉ်ဟပ်၍ ပြပါ။

၁၇။ သကဒါဂါမ် ပုဂ္ဂိုလ်၏ အပြားကိုပြ၍ သကဒါဂါမိ၌ ရသင့်သည်ကို နည်းနှစ်မျိုးဖြင့် ဆုံးဖြတ်ပါ။

စေတသိက်ပိုင်းအဖွင့်

စိတ်စေတသိက် စသည်ဖြင့် ပရမတ္ထ တရား လေးပါး ရှိရာ စိတ်ကို ရေတွက် ပြဆိုပြီး၍ သမ္ပယောဂ လက္ခဏာ လေးမျိုးနှင့် စေတသိက်ကို ပြခြင်းငှါ ဧကုပ္ပါဒ စသော စကားရပ်ကို မိန့်ဆိုလေသည်။

စိတ်နှင့် စေတသိက်ယှဉ် အမှတ် သင်္ကေတ

၁။ ဧကုပ္ပါဒ=စိတ်နှင့် တူသော ဖြစ်မှု ရှိခြင်း

၂။ ဧကနိရောဓ=စိတ်နှင့် တူသော ချုပ်မှု ရှိခြင်း

၃။ ဧကာလမ္ဗဏ=စိတ်နှင့် တူသော အာရုံ ရှိခြင်း

၄။ ဧကဝတ္ထုက=စိတ်နှင့် တူသော မှီရာ ရှိခြင်း

ဤလက္ခဏာ လေးမျိုးနှင့် ညီညွတ်မှ ယှဉ်သည်။

စိတ် ပဋိသန္ဓေ နေလျှင် ဖဿ စသည့် တို့လည်း ပဋိသန္ဓေ နေသည်၊ စိတ် အိုပြန်လျှင်လည်း ဖဿ စသည်တို့ အိုသည်၊ စိတ်သေပြန်လျှင်လည်း ဖဿစသည်တို့သေသည်။ စိတ်က ရူပါရုံကို အာရုံပြုလျှင် ဖဿ စသည် တို့ကလည်း ရူပါရုံကို အာရုံပြုသည်၊ စိတ်ကစက္ခုဝတ္ထုကိုမှီလျှင် ဖဿ စသည် တို့ကလည်း စက္ခုဝတ္ထုကို မှီသည်၊ ဤသို့ စိတ်နှင့် ဖြစ်အတူ ချုပ်အတူ အာရုံပြုအတူ မှီရာအတူဖြစ်သော တရားငါးဆဲ့ နှစ်ပါးသည် စေတသိက် မည်၏။

အစဉ် စိစစ်ပုံ

ဧကုပ္ပါဒ ဟူသော စကားမျှဖြင့် စေတောယုတ္တအဖြစ်ကို သိအပ်သည် မဟုတ်လော၊ ဧကနိရောဓ သဒ္ဒါကို အဘယ်ကြောင့် ဆိုပါ သနည်းဟု မေးခဲ့သော်–ဧကနိရောဓ စသည်ကိုမဆိုဘဲ ဧကုပ္ပါဒမျှကိုသာ ဆိုပါက ဝိညတ္တိရုပ်တို့၏လည်း စေတောယုတ္တ အဖြစ်ကို မတားမြစ်နိုင်၊ သို့ဖြစ်၍ ထိုဝိညတ္တိရုပ်များကို တားမြစ်ရန် ဧကနိရောဓသဒ္ဒါကို ဆိုရလေသည်။

ဒီလို ဆိုပြန်တော့ စိတ်သာမန်နှင့် ဖြစ်တူ ချုပ်တူ ဖြစ်သော ဝိညတ္တိ ရုပ်နှင့် အဝိနိဗ္ဘောဂ ရုပ်တို့ သည်လည်း စေတောယုတ္တ အဖြစ်သို့ ရောက်ကြ ပြန်လေသည်၊ ထိုရုပ်များကို တားမြစ်ရန် အတွက် ဧကာ လမ္ဗဏသဒ္ဒါကို ဆိုရလေသည်။

ဤလက္ခဏာ သုံးပါး အားဖြင့် စိတ်နှင့် အတူ တကွ ဖြစ်သော စေတသိက်တို့သည် မိန့်ရာဝတ္ထု တူကြသလော ကွဲပြားကြသလောဟု မေးဖွယ်ရှိ၍ ဧကဝတ္ထုကသဒ္ဒါကို ဆိုရပြန်လေသည်။

အပြန် စိစစ်ပုံ

ဧကဝတ္ထုက မျှဖြင့် စေတသိက် တို့၏ စေတောယုတ္တ အဖြစ်ကို သိအပ်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဧကာလမ္ဗဏ သဒ္ဒါကို ဆိုရပါသနည်း ? ဟု မေးခဲ့သော်-ဧကဝတ္ထုကမျှဖြင့် စေတသိက်တို့၏ စေတောယုတ္တအဖြစ်ကို မသိနိုင်၊ အကြောင်း သော်ကား-ခရဏာသန္တ ဝိထိ၌ ဓော, တဒါရုံ, စုတိစိတ်တို့ သည်လည်း ဧကဝတ္ထုက ဖြစ်လေ သောကြောင့်တည်း၊ ချဲဦးအံ့ - ထိုမရဏာသန္တ ဝိထိ၌ ဓောစိတ်သည် ရူပါရုံကို အာရုံပြု၍ သေသူဖြစ်က တဒါရုံ သည်လည်း ထိုဓော၏ အာရုံ ဖြစ်သော ရူပါရုံကိုပင် အာရုံ ပြု၏၊ စုတိစိတ် မှုကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါတွင် တပါးပါးကို အာရုံပြု၏၊ ဤသို့ အားဖြင့် ဓော, တဒါရုံ နှင့် စုတိစိတ် တို့သည် အာရုံ ကွဲပြား၍ မှီရာမှု တူကြသည်၊ သို့အတွက် ဓော,တဒါရုံနှင့် မှီရာတူ စုတိစိတ်ကို စေတောယုတ္တ အဖြစ် လင်းပါးဖွယ် ရှိ၏၊ ထိုကို နှစ်စေခြင်းငှါ ဧကာလမ္ဗဏ သဒ္ဒါကို ဆိုရ လေသည်။ (ဧကဝတ္ထုက ဖြစ်သော်လည်း ဧကာလမ္ဗဏ လက္ခဏာ မရှိ၍ စေတောယုတ္တ မဖြစ်ဟု ဆိုလို၏)။

ဤကဲ့သို့ ပင်လည်း ပဉ္စသဒ္ဒေ စိတ် နှင့် ပဋ္ဌမ ဘဝင်စိတ် တို့သည် အာရုံရော မှီရာ ဝတ္ထုပါ တူနေကြ ပြန်သည်၊ ပဉ္စသဒ္ဒေ စိတ်က ကံကို အာရုံပြုလျှင် ပဋ္ဌမဘဝင် စိတ်ကလည်း ကံကိုပင် အာရုံ ပြု၏၊ ပဉ္စသဒ္ဒေ စိတ်က ဟဒယဝတ္ထုကိုမှီ၍ ဘဝင်ကလည်း ဟဒယဝတ္ထုကိုပင် မှီပြန်၏၊ ဤသို့ အာရုံရော မှီရာပါ တူနေ၍ အပြန်အလှန် ထောက်လျက် စေတော ယုတ္တ အဖြစ် ရောက်နေ ပြန်၏။ သို့ဖြစ်၍ ထိုကို နှစ်စေဘို့ရန် ဧကနိရောဓ သဒ္ဒါကို ဆိုရ ပြန်သည်၊ (အာရုံတူ မှီရာတူ ဖြစ်ပေမဲ့ ချုပ်ရာမှာ ဘယ် တော့မှ ပြိုင်၍ မဖြစ်နိုင်၊ ပဋိသန္ဓေ စိတ်က အရင်ကျ၍ အရင် ချုပ်၏၊ ဘဝင်က နောက်ကျ၍ နောက်မှ ချုပ်၏၊ ချုပ်ချင်း မတူ၍ ဧကနိရောဓ မဖြစ် ဟူလို)။

ဤအဆက်ပါ လက္ခဏာ သုံးပါးနှင့် ညီညွတ်သော စေတသိက်တို့သည် အတူတကွ ဖြစ်ကုန်သလော၊ အသီးအသီး ဖြစ်ကုန်သလောဟု တွေးတောယုံမှားမှု ရှိနေပြန်ရာ ထိုယုံမှားမှုကို ဖျောက်ပယ်ရန် ဇေကုပ္ပါဒသဒ္ဒါကို ဆိုရပြန်လေသည်။ အဘိဓမ္မာပတာရ ဋီကာမှာ စိစစ်ပုံတမျိုး ဆိုလေသည်။

အစုအဖွဲ့ သုံးမျိုး

စေတသိက်တို့သည် အစုအဖွဲ့အားဖြင့် သုံးမျိုးရှိ၏။

၁။ အညသမာန်း အဖွဲ့ စေတသိက် ၁၃-ခု
၂။ အကုသလ အဖွဲ့ ။ ၁၄-ခု
၃။ သောဘန အဖွဲ့ ။ ၂၅-ခု

ထိုသုံးဖွဲ့တွင် အညသမာန်း အဖွဲ့၌

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု
ပကိဏ်း စေတသိက် ၆-ခု ဟု နှစ်မျိုး

ပါဝင် လေသည်။

ထိုတွင် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ခု ဟူသည်ကား- ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဟူသည်တို့တည်း။

ဤစေတသိက်များတွင် ဖဿကို အရင် ပြဆိုရသည်မှာ ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော ဒေသနာစဉ်ကို မှီ၍ ပြဆိုခြင်း ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် (က) ဖဿပဉ္စကရာသိ
(ခ) ဈာနပဉ္စကရာသိ
(ဂ) ဣန္ဒြိယဋ္ဌကရာသိ
(ဃ) ယေဝါပနကရာသိ တို့၏အစွမ်းအားဖြင့်

ဟောစဉ် ပြုတော်မူ၏။

မှတ်ချက်။ ။ဖဿ,ဝေဒနာ,သညာ,စေတနာကို ဖဿပဉ္စကရာသိ၌,ဧကဂ္ဂတာကို ဈာနပဉ္စက ရာသိ၌, ဇီဝိတိန္ဒြေကို ဣန္ဒြိယဋ္ဌက ရာသိ၌,မနသိကာရကို ယေဝါပနကရာသိ၌ ဟောတော်မူ၏။

သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ခု

ဖဿ။ ။အာရမဏံ ဖုသတီတိ ဖဿော= အာရုံကို တွေ့ထိတတ်သောကြောင့်ရင်း, ဖုသန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဖဿော = ယှဉ်ဖက် သမ္ပယုတ် တရားတို့ကို အာရုံနှင့် တွေ့ထိအောင် ပြုပေးတတ်သောကြောင့်ရင်း,အာရမဏေ ဖုသနမတ္တံ ဖဿော=အာရုံ၌ တွေ့ထိရုံမျှ ဖြစ်သောကြောင့်ရင်း ဖဿ မည်၏။

ဖဿ၏တွေ့ထိမှုဆိုသည်မှာအာရုံ၏ဣဋ္ဌအရသာ,အနိဋ္ဌအရသာကို ကပ်၍ ယူခြင်းပင်တည်း။

ဖဿော ဖုသနလက္ခဏော၊ သဃဋ္ဋနရသော၊ သန္နိပါတ ပစ္စုပ္ပဋ္ဌာနော (ဝေဒနာ ပစ္စုပ္ပဋ္ဌာနောဝါ) အာပါတဂတ ဝိသယ ပဒဋ္ဌာနော။

ဖဿသည် တွေ့ထိသလို ဖြစ်ခြင်းအမှတ် လက္ခဏာရှိ၏၊ဝတ္ထုအာရုံ ပေါင်းဆုံးပေးခြင်းအလုပ်ကိုလုပ်၏၊ စက္ခုပသာဒ,ရူပါရုံ,စက္ခုဝိညာဉ် ပေါင်းဆုံး မိသော အားဖြင့် ယောဂီ ဉာဏ်မှာ ထင်၏၊ (သို့မဟုတ်) ဝေဒနာလျှင် ရှေ့ရှု ယောဂီဉာဏ်မှာ ထင်၏၊ ထင်ခြင်းသို့ ရောက်သော အာရုံလျှင် နီးသော အကြောင်း ရှိ၏။

ဖဿသည် နာမ်တရားဖြစ်၍ တကယ်ထိ အဟုတ်ထိမျိုး ဖြစ်သော သပ္ပဋိဃ သဘော မရှိ၊ စေကာမူ တကယ်ထိ အဟုတ်ထိ ထိခိုက် သကဲ့သို့ ဖြစ်၏၊ ထိတတ်သော တရားများ ပြီးစေ အပ်သော ကိစ္စကို ပြီးစေနိုင်၏၊ ချဉ်းသီးစားသူကို မြင်ရသော အခါ တဦးသူမှာ တံတွေး များလာသည်ကို ထောက်ရှုသဖြင့် ထင်ရှားလေသည်။

ဝေဒနာ။ ။ဝေဒယတီတိ ဝေဒနာ = အာရုံ၏ အရသာကို ခံစားတတ်သောကြောင့်ရင်း, ဝေဒယန္တိ သမ္ပယုတ္တ ဓမ္မာ ဧတာယာတိ ဝေဒနာ=သမ္ပယုတ် တရားတို့ကို အာရုံခံစားမှု၌ ယှဉ်ပေ တတ်သောကြောင့်ရင်း, ဝေဒယနံ ဝေဒနာ=အာရုံ၏အရသာကို ခံစား ခြင်းမျှ ဖြစ်သောကြောင့်ရင်း ဝေဒနာမည်၏။

ဝေဒနာ ဝေဒယိတ လက္ခဏာ၊ အနုဘဝနရသာ (ဣဋ္ဌာကာရ သမ္ဘောဂ ရသာဝါ) စေတသိက အဿာဒ ပစ္စုပ္ပဋ္ဌာနာ၊ ပဿဒ္ဓိ ပဒဋ္ဌာနာ။

ဝေဒနာသည် ခံစားသော လက္ခဏာရှိ၏၊ ခံစားသော အလုပ်ကို လုပ်၏၊ စိတ်၌ သာယာမှု ဘဲဟု ယောဂီ ဉာဏ်မှာ ထင်၏၊ ငြိမ်းအေး ခြင်းလျှင် နီးသော အကြောင်းရှိ၏။

အခြား စေတသိက်တို့မှ ခံစားမှု နှိုင်းယှဉ်ပုံ

ဝေဒနာမှ တပါး စိတ်စေတသိက် တရားသည်လည်း အာရုံ၏ အရသာကိုခံစားခြင်း သဘောရှိကြသည်၊ သို့ပေမဲ့ ထိုတရားတို့မှာ ဆိုင်ရာ ဆိုင်ရာ ပြုလုပ်ဖွယ် ကိစ္စတမျိုး၌ ကြောင့်ကြ ဗိုက်မှု ရှိနေ၍ အာရုံ၏ အရသာကို တင်းပြည့်ကျပ်ပြည့် မခံစားနိုင်ကြ၊ ဝေဒနာမှုကား တပါး ကိစ္စ ကြောင့်ကြဖွယ်မရှိ၊ ခံစားခြင်း ကိစ္စသာရှိ၍ အာရုံ၏ အရသာကို တင်းပြည့် ကျပ်ပြည့် အပိုးတရ ခံစားနိုင်၏၊ ထို့အတွက် ဝေဒနာဟူသော အမည်သည် အခြားစေတသိက် များနှင့်မလျော်၊ ဝေဒနာနှင့်သာ အသင့်လျော်ဆုံးဖြစ်၏၊ ဝေဒနာ၏ အားရခံစားမှုသည် ဘုရင်မင်းမြတ် ခံစားမှုမျိုးနှင့် တူ၏၊ အခြားစေတသိက်တို့၏ အားရ ခံစားမှုသည် စဖိုသည်၏ အပေါ်အငုံ ဆားမြည်းသည်နှင့်တူ၏။

သညာ။ ။သဉ္ဇာနာတီတိ သညာ = နောက်ထပ် တဖန် သိဘို့ရန် အမှတ် အသား ပြုတတ် သောကြောင့် သညာ မည်၏၊ ဤသညာသည် ရှေ့က မှတ်သား ထားပြီး အမှတ်သညာဖြင့် ယခု သိ၏၊ နောင်အခါ သိဘို့ရန်အတွက် အမှတ်သညာကိုပြုပေး၏၊ ထိုသညာသည် ထပ်ခါ ထပ်ခါ ဖြစ်လာခဲ့လျှင် ငုံမြဲသော အဖြစ်သို့ ရောက်၍ တသက် ပတ်လုံးမမေ့တော့သည့်ပြင် ဘဝတပါးသို့ရောက်၍လည်း မေ့ပျောက်မှု မရှိသော အဖြစ်ကို ပြီးစေ လေသည်၊ (မိန္ဒာ ဘိနိ ဂေသ) စိတ်ထင် ပေါက်ပြား အမှတ်များသော အဖြစ်သို့ ရောက်သွားခဲ့ပါက ဤသညာဝါ မျိုးကို သမ္ဗုဒ္ဓ ဘုရားရှင်သော်မှ လက်ပွတ်တော်မူရလေသည်၊ သို့ဖြစ်၍ သညာသည် နောက်ထပ် သိဘို့ရန် အမှတ် ပြုခြင်း၌ သစ်ခွေသမားနှင့် တူ၏ ဟူ၍ရင်း, ယူမိရာရာ အကြောင်း နိမိတ်၏ အစွမ်းဖြင့် ဆင်ကို စမ်းသပ်သော မျက်ကန်း များနှင့် တူ၏ ဟူ၍ရင်း, အမြင် အာရုံကို ယူခြင်း၌ မြက်ဖြင့် ပြုလုပ် ထားသော ယောကျ်ား ရုပ်ကို ဘာကယ့် ယောကျ်ားဟု မှတ်ဆင်သော သမင်ငယ် များနှင့် တူ၏ ဟူ၍ရင်း ဆိုအပ်လေသည်။

သညာ သဉ္ဇာနန လက္ခဏာ၊ ပစ္စာဘိညာဏ ကရဏရသာ (ပုန သဉ္ဇာနန ပစ္စယ နိမိတ္တကရဏ ရသာဝါ) ယထာဂဟိတ နိမိတ္တဝသေန အဘိနိဝေသ ကရဏ ပစ္စုပ္ပဋ္ဌာနာ၊ ယထာ ဥပဋ္ဌိတ ဝိသယ ပဒဋ္ဌာနာ။

သညာသည် အမှတ်အသားပြု၍ သိခြင်းလက္ခဏာ ရှိ၏၊ နောင်သိဖို့ ပြုခြင်း အမှုကို လုပ်၏၊ ထင်လာသမျှ အာရုံကို ယူသော အားဖြင့် နှလုံး သွင်းခြင်းကို ပြုခြင်းလျှင် ယောဂီ၏ ဉာဏ်၌ ထင်၏၊ ထင်လာသမျှ အာရုံလျှင် နီးသော အကြောင်း ရှိ၏။

စေတနာ။ ။စေတယတီတိ စေတနာ၊ သခ်တာဘိ သဒ္ဒါရဏော ဗျာပါရမာ ပဇ္ဇတီတိ ဝါ စေတနာ၊ သမ္ပယုတ် တရား တို့ကို ထိုထိုအာရုံမှာသော်၎င်း, အမှုမှာသော်၎င်း ထပ်တလဲလဲ ယှဉ်တွဲ စပ်ဟပ် ပေးတတ် သောကြောင့်၎င်း, သခ်တ တရားတို့ ပြုပြင်ခြင်း ကိစ္စ၌ ကြောင့်ကြ စိုက်တတ် သောကြောင့်၎င်း စေတနာ မည်၏၊ ထို စေတနာသည် အာရုံ, (သို့မဟုတ်) ကိစ္စ တမျိုးမျိုးမှာ အမြဲ မပြတ် ကြောင့်ကြ ဗျာပါရ ပြုသော အားဖြင့် ဖြစ်ခဲ့ ပါက သူနှင့် ယှဉ်ဖက် ဖြစ်သော တရားတို့သည်လည်း မိမိမိမိတို့ဆိုင်ရာဆိုင်ရာကိစ္စကိုပြုလျက် ဖြစ်ကြလေသည်၊ သို့ဖြစ်၍ စေတနာကို မိမိအလုပ် သူတပါး အလုပ်ကို ပြီးစေတတ်သော တပည့်ကြီး, လက်သမားကြီး နှင့် တူ၏ဟူ၍ ဆိုအပ် လေသည်။

စေတနာ စေတယိတ လက္ခဏာ၊အာယူဟနရသာ၊သံဝိဒဟနပစ္စုပ္ပဋ္ဌာနာ၊ သဟဇာတ ဓမ္မပဒဋ္ဌာနာ။

စေတနာ သည် ဆော်ဩခြင်း လက္ခဏာရှိ၏၊ လယ်ရိတ်သောအခါ လယ်ရှင် ယောကျ်ားကဲ့သို့ အားထုတ်ခြင်း ကိစ္စရှိ၏၊ မိမိကိစ္စ, သူတပါး ကိစ္စကိုပြီးစေသောတပည့်ကြီးလက်သမားကြီးကဲ့သို့စီစဉ်တတ်သော တရားဟု ယောဂီ ဉာဏ်မှာ ရှေ့ရှုထင်၏၊ သဟဇာတ် တရားလျှင် နီးသော အကြောင်း ရှိ၏။

ဧကဂ္ဂတာ။ ။ဧကတ္တာ ရမဏ သဒ္ဒါတော အဂ္ဂေါ ကောဋ္ဌာသော ကောဋိဝါ ဧတဿာတိ ဧကဂ္ဂံ၊ တဿ ဘာဝေါ ဧကဂ္ဂတာ=တခုတည်းသာ ဖြစ်သော အာရုံဟူသော အဘို့အစု ရှိသော စိတ်၏ ဖြစ်ကြောင်း ဖြစ်သော တည်ကြည်မှုသည် ဧကဂ္ဂတာ မည်၏။

အာရုံမည်သည် တခုတည်း ဖြစ်ပေမဲ့ သဘော အမျိုးမျိုး ရှိ၏၊ တခုတည်းသော အာရုံ၏ သဘော အမျိုးမျိုးသို့ ပြောင်းလဲ ဖြစ်ပေါ်ခွင့်ကို မပေးမူ၍ သဘော အမျိုးတည်း မှာသာ ခံသာတာမျှ စိတ်၏ ငြိမ်ငြိမ် သက်သက် တည်နေမှုကို ဧကဂ္ဂသဘောနှင့် ဧကဂ္ဂဟူသော အသိဉာဏ်၏ ပျံ့ပြေးခြင်း အနေအားဖြင့် ယူအပ်လေသည်။ ဧကဂ္ဂတာသည် လေငြိမ် ရာ၌ ထွန်းညှိထားသော ဆီမီးလျှံနှင့်တူ၏၊ (ဧကဂ္ဂတာနှင့် သမာဓိသည် အတူတူပင် ဖြစ်၏)။

ဧကဂ္ဂတာ အဝိက္ခေပ လက္ခဏာ၊ သဟဇာတာနံ သမ္ပိဏ္ဍနရသာ၊ ဥပသမ ပစ္စုပဋ္ဌာနာ၊ သုခပဒဋ္ဌာနာ။

ဧကဂ္ဂတာ သည် မပျံ့လွင့်ခြင်း လက္ခဏာ၊ အတူ တကွ ဖြစ်ဖက် သဟဇာတ် တရားတို့ကို ပေါင်းခြင်း ကိစ္စ၊ ငြိမ်းအေးခြင်း ပစ္စုပ္ပဋ္ဌာန်၊ ကိုယ် စိတ် ချမ်းသာခြင်း ပဒဋ္ဌာန်ရှိ၏။

ဇီဝိတိန္ဒြေ။ ။ဇီဝန္တိ သမ္ပယုတ္တာ ဓမ္မာ ဧတေနာတိ ဇီဝိတံ၊ သယံ ဇီဝတိ ဝါ ဇီဝိတံ၊ တဒ္ဒတံ ဣန္ဒြိယဋ္ဌာတိ ဇီဝိတိန္ဒြိယံ = သမ္ပယုတ် တရားတို့၏ အသက် ရှင်စေတတ် သောကြောင့်၎င်း, ကိုယ့်ဖါသာ အသက် ရှင်တတ် သောကြောင့်၎င်း ဇီဝိတ မည်၏။ ဇီဝိတလည်းဖြစ်- အစိုးရ ဣန္ဒြေလည်း ဖြစ်သော တရားသည် ဇီဝိတိန္ဒြေ မည်၏။

ဇီဝိတိန္ဒြေသည် သဟဇာတ် တရားတို့ကို လွှမ်းမိုး၍ ဖြစ်တတ်၏၊ ၎င်းဖြစ်၍ ခန္ဓပရိနိဗ္ဗာန် စံဝင်သည် တိုင်အောင် ဖြစ်သော စိတ်အစဉ်ကို အစိုးရသော တရား ဟူ၍၎င်း, ကြာကို စောင့်သော ရေနှင့် တူသော တရား ဟူ၍၎င်း ဆိုအပ် လေသည်။

စိတ် အစဉ်သည် အကြိမ်ကြိမ် ချုပ်နေ သော်လည်း ဇီဝိတိန္ဒြေ၏ အစွမ်း အားဖြင့် အကြိမ်ကြိမ် အသက် ရှင်သည် ဖြစ်၍ ခန္ဓပရိနိဗ္ဗာန် တိုင်အောင် အကြိမ်ကြိမ် ဖြစ်နေသည် သာတည်း၊ ဇီဝိတိန္ဒြေ ကင်းမဲ့သော အနိန္ဒြိယ ဗဒ္ဓရုပ်မျိုးတို့မှာ ထိုကဲ့သို့သော အစဉ်ထုံး မည်သည် မရှိပါပေ။

ဇီဝိတိန္ဒြိယ သဟဇရူပ ဓမ္မာနုပါလနလက္ခဏံ၊ တေသံ ပဝတ္တန ရသံ၊ တေသံ ယေဝ ဌပန ပစ္စုပဋ္ဌာနံ၊ ယာပယိတဗ္ဗ ဓမ္မ ပဒဋ္ဌာနံ။

ဇီဝိတိန္ဒြေ သည် သဟဇာတ် ဖြစ်သော နာမ်တရား တို့ကို စောင့်ရှောက်ခြင်း လက္ခဏာ ရှိ၏၊ ထိုသဟဇာတ် နာမ်တရား တို့ကို ဖြစ်စေခြင်း ကိစ္စရှိ၏၊ ထိုသဟဇာတ် တရားတို့ကို တည်နေ စေတတ်သော တရားဟု ယောဂီ ဉာဏ်မှာ ရှေးရှု ထင်၏၊ မျှတ စေအပ်သော ဓမ္မလျှင် နီးသော အကြောင်းရှိ၏။

သူ့ကိုဘယ်က စောင့်ပါလိမ့်

ဇီဝိတိန္ဒြေကို မည်သည့် တရားက စောင့်သလဲ?

သူ့ကို သူပင် စောင့်ရှောက်၏၊ သယံ ဇီဝတီတိ ဇီဝိတံ-ကိုယ်ပါသော အသက် ရှင်တတ် သောကြောင့် ဇီဝိတ မည်၏ ဟု ဆိုအပ်ခဲ့ပြီ၊ တဖက် ကမ်းသို့ ကူတို့ ပို့သူကဲ့သို့ ဖြစ်၏။

လှေဖြင့် ကူတို့ ပို့သူသည် လှေစီးသူများကို တဖက် ကမ်းသို့ လှော်ခတ် ပို့ရာ မိမိလည်း လှေလှော်ရင်း တဖက်ကမ်းသို့ ရောက်ခြင်း ကိစ္စ ပြီးသကဲ့သို့ ဇီဝိတိန္ဒြေ သည်လည်း သဟဇာတ် တရားတို့ကို စောင့်ရှောက်ရင်း မိမိအတွက်ပါ စောင့်ရှောက်မှု ပြီးလေသည်ဟု မှတ်လေ။

မနသိကာရ။ ။မနသ္မိံ ကာရော=မနသိကာရော၊ မနံ ကရောတီတိ ဝါ မနသိကာရော = စိတ်မှာ အာရုံ မဆိတ်အောင် သို့မဟုတ် စိတ်ကို အာရုံမှာ အမြဲ ညွတ်နေအောင် ပြုတတ်သော တရားသည် မနသိကာရ မည်၏။

ထိုမနသိကာရသည် (၁) ဝိထိပဋိပါဒက။ (၂) ဇဝနပဋိပါက။ (၃) အာရမ္မဏ ပဋိပါဒက အားဖြင့်သုံးမျိုး ရှိ၏။

ထိုတွင် ပဉ္စဒွါရာ ဝဇ္ဇန်းသည် ဝိထိပဋိပါဒက မည်၏၊ ပဉ္စဒွါရိက စိတ်အစဉ်ကို အာရုံ၌ ယှဉ်ပေး တတ်၏၊ မနောဒွါရာ ဝဇ္ဇန်းသည် ဇဝန ပဋိပါဒက မည်၏၊ ဇောအစဉ်ကို အာရုံ၌ ယှဉ်ပေးတတ်၏၊ ထိုနှစ်ခုကို ယောနိသော မနသိကာရ ဟူ၍၎င်း, အယောနိသော မနသိကာရ ဟူ၍၎င်း ဆိုအပ်၏။ ထိုနှစ်ခုသည် ပကတိအားဖြင့် လေ့လာမှု, ညွတ်ကိုင်းမှု,သတ်မှတ်မှုစသောအကြောင်းအထောက်အပံ့ရမှုစိတ်အစဉ်ကို သင့်သော အားဖြင့်၎င်း, မသင့်သော အားဖြင့်၎င်း အာရုံ၌ ညွတ်လေအောင်ပြု၏။ မနသိကာရ စေတသိက်သည် အာရမ္မဏ ပဋိပါဒက

မည်၏၊ ပဥ္စဒွါရ၌ဖြစ်လာသော စိတ်အစဉ်သည် ယခုရင်း အာရုံကို လွှတ်၍ရင်း, ယခုရင်း အာရုံ ချုပ်သွား၍ရင်း နောက်ထပ် ဖြစ်လာရ ပြန်သော် – အကြောင်းထူး မရှိက မနသိကာရ၏ အစွမ်းကြောင့်သာ ဖြစ်လေသည်၊ ယင်း–မနသိကာရသည် အာရုံကို စိတ်၌ရင်း, စိတ်ကို အာရုံ၌ရင်း အပြန်အလှန် ယှဉ်ပေးတတ်၏၊ သို့ဖြစ်၍ မနသိကာရကို ရထားထိန်းနှင့် တူ၏ဟု ဆိုအပ်လေသည်။

မနသိကာရော စေတသော အာရမဏေ သမန္နာဟာရ လက္ခဏော၊ သမ္ပယုတ္တာနံ အာရမဏေန သံယောဇန ရသော၊အာရမဏာဘိ မုခီဘာဝ ပစ္စုပ္ပဋ္ဌာနော၊ အာရမဏ ပဒဋ္ဌာနော။

မနသိကာရ သည် စိတ်ကိုအာရုံသို့ ဆောင်ပို့ပေးခြင်းလက္ခဏာရှိ၏၊ သမ္ပယုတ်တရားတို့ကို အာရုံနှင့် ဆက်စပ် ပေးသော အလုပ်ကိုလုပ်၏၊ အာရုံသို့ ရှေ့ရှုဖြစ်သော တရား၏ အဖြစ်ဖြင့် ယောဂီ၏ ဉာဏ်မှာထင်၏၊ အာရုံလျှင် နီးသော အကြောင်းရှိ၏။

သဗ္ဗစိတ္တသာဓာရဏ။ ။ဤဖဿ စသော စေတသိက် ၇–လုံးသည် စိတ်အားလုံး နှင့် ဆက်ဆံ လေသောကြောင့် သဗ္ဗစိတ္တသာဓာရဏဟု ခေါ်ရလေသည်။

ပကိဏ်းစေတသိက် ၆–လုံး

ဝိတက္က။ ။အာရမဏံ ဝိတက္ကေတိ သမ္ပယုတ္တေ ဓမ္မေ အဘိနိရောပေတီတိ ဝိတက္ကော၊ ဝိတက္ကနံ ဝါ ဝိတက္ကော=အာရုံကိုကြံစည်တတ်သော တရားနှင့် သမ္ပယုတ်တရားတို့ကို အာရုံသို့ တင်ပေးတတ်သော တရား သည် ဝိတက်မည်၏၊ဝိတက်သည်အာရုံသို့တက်ရောက်သဖြင့် သမ္ပယုတ် တရားတို့လည်း ဝိတက်၏ စွမ်းဆောင်မှုဖြင့် အာရုံသို့ တက်ရောက်နိုင် ကြသည်။ထိုသို့ဖြစ်သောအခါ ဝိတက်ကသမ္ပယုတ်တရားတို့ကိုအာရုံသို့ တင်ပေးသည် မည်၏၊ ထို့ကြောင့် ဝိတက်ကို အာရုံသို့ ရှေးရှု တင်ပေး တတ်သော လက္ခဏာရှိသော တရားဟု ဆိုအပ်၏၊ မင်းကျွမ်းဝင်သူကို အမှီပြု၍ ဇနပုဒ်နေသူတို့ မင်းအိမ်ကို တက်ရောက်သကဲ့သို့ပင်တည်း။

ဝိတက်နှင့် မယှဉ်သော စိတ်သည်လည်း သဝိတက္ကတရား အစဉ်၌ ဝိတက် နှင့် တကွ ဖြစ်ရဖန် များသဖြင့် အာရုံသို့ တက်ရောက်နိုင်လေ သောကြောင့် ဝိတက်က တင်ပေးသည် မည်၏။

တနည်း အားဖြင့် ဝိတက် နှင့် မယှဉ်သော ပဉ္စဝိညာဉ် စိတ်သည် ဝဏ္ဏာရုံ ပေါင်းဆုံ ထိခိုက်မှုဖြင့် အာရုံသို့ တက်ရောက်၏၊ ဒုတိယ ဈာန် စသည်တို့ကား မိမိတို့ဈာန်ရှေ့မှာ ဖြစ်သော ကာမာဝစရ ဥပစာရ ဘာဝနာစွမ်းဖြင့် အာရုံသို့ တက်ရောက်၏။

မဏ္ဍိမအဋ္ဌကထာ၌ ပြသည်ကား-စိတ်သည် အာရုံသို့ တက်ရောက်တတ်၏၊ စိတ်၏ အမြဲတမ်း အပေါ်ကား-မနသိကာရ ပင်တည်း၊ စိတ်မှာ မနသိကာရ မရှိခဲ့သော် ပဲ့ကိုင်သူ မရှိသော လှေကဲ့သို့ ဟူဟူ ဖြားဖြား သော အာရုံကိုယူ၍ ဖြစ်လေရာ၏၊သို့ဖြစ်၍ ပဉ္စဝိညာဉ်သည် မနသိကာရ ဟူသော အပေါ်ကိုရ၍ မိမိ၏အာရမဏ ဝိဇာနနသတ္တိစွမ်းဖြင့်သာလျှင် အာရုံသို့ တက်ရောက်၏။

အကုသိုလ် အရာတွင် စိတ်သည်ရင်း, လောဘ စသည်တို့သည်ရင်း အာရုံကို တက်ရောက်ခြင်း၌ စွမ်းအားရှိကြသည်၊ ဒုတိယဈာန်စသည်တို့ သည်လည်း မနသိကာရ, ဝီရိယ, သဘတို့၏ အစွမ်းဖြင့် အာရုံသို့ တက်ရောက်ကြသည်။ ဝိတက်မှုကား မိမိအပေါ် တရားတို့ကို အာရုံသို့ တက်ရောက် ခြင်း၌ အားရှိအောင် ပြုပေး၏၊ ထို့ကြောင့် အာရုံသို့ တက်ရောက်ခြင်း ကိစ္စမှာ အခြားတရား များထက် ကြောင့်ကြ ဗျာပါရ ပိုသည့်အတွက် ဤစေတသိက်ကို ဝိတက်ဟု ဆိုအပ်၏။

အခြား နာမ်တရား များလည်း အာရုံယူခြင်း သဘောရှိ၍ အာရုံသို့ တက်ရောက်လေသည် မဟုတ်လော၊ သို့ပါလျက် ဤစေတသိက်ကိုသာ ဝိတက်ဟု အဘယ်ကြောင့် ဆိုပါသနည်း ?

ဝိတက်မှ တပါး အခြား စေတသိက် တို့၏ အာရုံ တက်ရောက်ခြင်း သည်ကား-ဆိုင်ရာ ဆိုင်ရာ ပြုလုပ် ဆောင်ရွက်ဖွယ် ကိစ္စ တပါး ရှိနေ ကြသည်၊ အာရုံသို့ တက်ရောက်မှုကိုချည်း မပြုလုပ်နိုင်၊ ဝိတက်မှုကား- အာရုံသို့တက်ရောက်ခြင်းမှတပါးအခြားကိစ္စမရှိ၊အာရုံသို့ တက်ရောက် ခြင်းသည် သူ၏ ကိုယ်ပိုင် အလုပ် ဖြစ်၏၊ သို့ဖြစ်၍ ပိုင်ပိုင်နိုင်နိုင် ပြုလုပ် နိုင်သည့် အတွက် ဤစေတသိက်ကိုသာ ဝိတက်ဟု ခေါ်ရလေသည်။

ဝိတက္ကော အာရမဏေ စိတ္တဿ အဘိနိရောပန လက္ခဏော၊ အာဟနန ပရိယာဟနန ရသော၊ အာရမဏေ စိတ္တဿ အာနယန ပစ္စုပဋ္ဌာနော၊ အာပါတ ဝိသယ ပဒဋ္ဌာနော။

ဝိတက် သည် အာရုံသို့ စိတ်ကို ရှေးရှု တင်ပေးခြင်း လက္ခဏာရှိ၏၊ အစဦးထိခိုက်ခြင်း တပြန်လည်လည် ထိခိုက်ခြင်း ကိစ္စရှိ၏၊ အာရုံသို့ စိတ်ကို ဆောင်တတ် သောတရားဟု ယောဂီ၏ ဉာဏ်မှာ ရှေးရှုထင်၏၊ ထင်သော အာရုံလျှင် နီးသော အကြောင်းရှိ၏။

ဝိစာရ။ ။ဝိစရတီတိ ဝိစာရော၊ ဝိစာရေတိ ဝါ သမ္ပယုတ္တ ဓမ္မေတိ ဝိစာရော၊ ဝိစရန္တိ သမ္ပယုတ္တ ဓမ္မာ ဧတေနာတိ ဝိစာရော= ဝိတက်တင်ပေးသော အာရုံကို စိစစ်တတ်သောကြောင့်ရင်း, သမ္ပယုတ် တရားတို့ကို စိစစ်စေတတ် သောကြောင့်ရင်း, ဝိစာရ၏ စွမ်းရည်ဖြင့် သမ္ပယုတ် တရားတို့သည် စိစစ်တတ်သောကြောင့်ရင်း ဝိစာရမည်၏။
ဝိစာရ၏ စိစစ်ခြင်းဟူသည် ဝိတက်တင်ပေးသော အာရုံ၌ သဘော, အခြင်းအရာတို့ ထင်ထင်ရှားရှား ဖြစ်ပေါ်လာရန်အတွက် ထပ်တလဲလဲ သုံးသပ်သော အားဖြင့် ဖြစ်ခြင်းကို ဆို၏။

ဝိတက်သည် ရုန့်ရင်း ကြမ်းထမ်းသည်၊ ရှေ့သွားဖြစ်သည်၊ အာရုံ၌ စိတ်ကို ရှေးဦးစွာ ကျရောက် စေတတ်သည်၊ သို့ဖြစ်၍ ခေါင်းလောင်း တီးသံ စသည်နှင့် တူ၏၊ ဝိစာရသည် နူးညံ့သည်၊ ဝိတက် နောက်လိုက် ဖြစ်သည်၊ ဝိစာရသည် ခေါင်းလောင်း ညီးသံနှင့်တူ၏။

ဝိစာရော အာရမ္မဏာနု မဇ္ဇန လက္ခဏော၊ သဟဇာတာ နုယောဇန ရသော၊ စိတ္တဿ အနုဗန္ဓန ပစ္စုပဋ္ဌာနော၊ အာပါတ ဝိသယ ပဒဋ္ဌာနော။

ဝိစာရ သည် အာရုံကို ထပ်တလဲလဲ သုံးသပ်ခြင်း လက္ခဏာ၊ သဟဇာတ် တရားတို့ကို ထပ်တလဲလဲ ယှဉ်စေခြင်းကိစ္စ၊ စိတ်ကို အဖန်ဖန် ဖွဲ့ပေးတတ်သော တရားဟု ယောဂီ၏ ဉာဏ်၌ ရှေးရှုထင်၏၊ ထင်သော အာရုံလျှင် နီးသော အကြောင်းရှိ၏။

အဓိမောက္ခ။ ။အဓိမုစ္စနံ အဓိမောက္ခော = အာရုံ၌ တွေးတော ယုံမှားမှုကင်းလျက် ဆုံးဖြတ်ခြင်းသည် အဓိမောက္ခမည်၏၊ ထို့ကြောင့် အဓိမောက္ခကို အာရုံ၌ ဆုံးဖြတ်တတ်သော လက္ခဏာ ရှိသော တရား ဟူ၍ရင်း, အာရုံ၌ တုန်လှုပ်ခြင်း မရှိသဖြင့် တံခါးခုံနှင့်တူ၏ ဟူ၍ရင်း ဆိုအပ် လေသည်၊ မှန်မှန် မှားမှား ဆိုးဆိုး ကောင်းကောင်း တွန့်တို ဆုတ်နစ်မှု ကင်း၍ ဆုံးဖြတ်ခြင်းဟု ဆိုအပ်သော သဘောသည်

အဓိမောက္ခ၏ စွမ်းရည် သတ္တိပင် ဖြစ်၏၊ ထိုအဓိမောက္ခ၏ စွမ်းရည်ကြောင့် ဒုစရိုက်မှု, သုစရိုက်မှု ကြီးများကို ထမြောက် အောင်မြင်စွာ ပြုလုပ်ဖြစ်သွားကြလေသည်။

အဓိမောက္ခော သန္နိဋ္ဌာန လက္ခဏော၊ အသံ သပ္ပန ရသော၊ နိစ္စလ ပစ္စုပဋ္ဌာနော၊ သန္နိဋ္ဌေယျဓမ္မ ပဒဋ္ဌာနော။

အဓိမောက္ခ သည် အာရုံ၌ ဆုံးဖြတ်ခြင်း လက္ခဏာ၊ မဆွေးမှုခြင်းကိစ္စ၊ ဆုံးဖြတ်တတ်သော တရားဟု ယောဂီ ဉာဏ်မှာ ထင်၏၊ ဆုံးဖြတ်အပ်သော တရားလျှင် နီးသော အကြောင်း ရှိ၏။

ဝီရိယ။ ။ဝီရဿ ဘာဝေါ,ကမ္မံ, ဝိဓိနာ ဤရယိတဗ္ဗံ ပဝတ္တေ တဗ္ဗန္တိ ဝါ ဝီရိယံ=ရဲရင့်သူ၏ ဖြစ်ကြောင်းသည် (သို့မဟုတ်) ရဲရင့်သူ၏ အမှုကိစ္စသည် ဝီရိယမည်၏၊ **တနည်း** သင့်တင့်လျောက်ပတ်သော အစီအရင်ဖြင့် ဖြစ်စေအပ်သောကြောင့် ဝီရိယ မည်၏၊ မှန်၏ ဝီရိယ၏ အစွမ်းသတ္တိကြောင့်ပင် ယှဉ်ဖက်တရားများမှာလည်း ကျဆုံးဆုတ်နစ်မှု မရှိ ဖြစ်ကြ ရသည်။

ဝီရိယ ရှိသူသည် အမှုကို လုပ်ရဲ ကိုင်ရဲ၏၊ ကြီးကျယ်သော ကိစ္စကိုလည်း သေးနုပ် လွယ်ကူ လှသည်ဟု မှတ်ယူ၏၊ အပြုံ ခက်ခဲသော အမှုကိုလည်း အလွယ်ကလေးဟု မှတ်ထင်၏၊ ကြီးလေးသော တာဝန်ကိုလည်း အပေါ့ ကလေးဟု ရေတွက်၏၊ မိမိ ပင်ပန်း ဆင်းရဲ မှုကို မရေတွက်၊ အလုပ်ကိစ္စ ပြီးမြောက်ရေး အတွက်သာ ရှေ့ရှုလျက် အမြဲတမ်း တက်ကြွ ထက်သန်သော ကိုယ်စိတ်ရှိ၏၊ ထိုဝီရိယကို ဇွဲဟုလည်း ခေါ်၏၊ ဤသို့ သတ္တိခဲ ဇွဲရှိသော ဝီရ ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းသည် (သို့မဟုတ်) ဝီရ ပုဂ္ဂိုလ်၏ ကိုယ်စိတ် အမူအရာသည် ဝီရိယ မည်၏။

ဝိသေသေန ဝါ သကပရဟိတ ပောတု ဤရန္တိ ကမ္မန္တိ တံ သမင်္ဂိနော ဧတေနာတိ ဝီရိယံ= ဝီရိယ၏ အထောက် အပံ့ ဖြစ်သော သမ္ပယုတ်တရားအပေါင်းသည် ခေါင်းတထောင်ထောင်နှင့် အမြဲတမ်း တာဝန်ကို ထမ်းဆောင်နေသူတို့ကဲ့သို့ မိမိတို့ ဆိုင်ရာဆိုင်ရာ ကိစ္စများ ပြည့်စုံရေး၌ အမြဲ လှုပ်လှုပ် ရွရွ ရှိကြ၏၊ သို့ဖြစ်သောကြောင့် ဝီရိယ နှင့် သမ္ပယုတ်တရားအပေါင်း ကိန်းအောင်း နေသော ဝီရိယရှင် ပုဂ္ဂိုလ်တို့သည် မိမိ

အကျိုး သူတပါး အကျိုးတို့ကို သည့်ပိုး ရွက်ဆောင်း ရေး၌ အမြတ်တမ်း အားထုတ် လုံးပမ်းလိုသော ကာယပယောဂ စိတ်ဆန္ဒ ရှိကြလေသည်။

ဓိရိယံ ဥဿာဟလက္ခဏံ၊ သဟဇာတာနံ ဥပတ္ထမ္ဘနရသံ၊ အသံသီဒနဘာဝ ပစ္စုပ္ပဋ္ဌာနံ၊ သံဝေဂဝတ္ထု ပဒဋ္ဌာနံ။

ဝိရိယ သည် အာထုတ်ခြင်း လက္ခဏာရှိ၏ သဟဇာတ် တရားတို့ကို ထောက်ပံ့ခြင်း ကိစ္စရှိ၏၊ မဆုတ်မနစ်သော တရားဟု ယောဂီ ဉာဏ်မှာ ရှေ့ရှုထင်၏၊ သံဝေဂဝတ္ထု လျှင် နီးသော အကြောင်း ရှိ၏။

ဝိရိယသည် ဇိမ်ကို ထောက်သော ထောက်နှင့်တူ၏၊ ကောင်းစွာ အားထုတ်သော သမ္မာဝါယာမမျိုးဖြစ်မှ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ တို့၏ အကြောင်း ရင်းကြီး ဖြစ်၏။

ပီတိ။ ။ပိနယတီတိ ပီတိ၊ ပိနန္တိ ဝါ ဧတာယ တံ သမင်္ဂိနောတိ ပီတိ=ကိုယ် နှင့် စိတ်ကို နှစ်သက် ဖွင့်ဖြိုး စေတတ်သော ကြောင့် ပီတိမည်၏၊ပီတိနှင့်ပြည့်စုံသူတို့သည် လပြည့်ဝန်းကြီး သဖွယ် တင့်တယ်သော ကိုယ်စိတ် ရှိကြသည်။

ပီတိသည် (၁) ခုဒ္ဒကာ ပီတိ
(၂) ခဏိကာ ပီတိ
(၃) ဩက္ကန္တိကာ ပီတိ
(၄) ဥဗ္ဗေဂါ ပီတိ
(၅) ဖရဏာ ပီတိ-ဟု ငါးမျိုး ရှိ၏။

ထိုငါးမျိုးတွင် ကြက်သီး မွေးညှင်း ထရုံမျှ ပြုစွမ်းနိုင်သော ပီတိသည် ခုဒ္ဒကာ ပီတိ မည်၏၊ ခဏခဏသော လျှပ်စစ် ပြက်သကဲ့သို့ ဖြစ်သော ပီတိသည် ခဏိကာ ပီတိမည်၏၊သမုဒ္ဒရာကမ်းသို့လှိုင်းတံပိုးများသက်၍ သက်၍ ပုက်သကဲ့သို့ ကိုယ်သို့ သက်၍ သက်၍ ပျက်သော ပီတိသည် ဩက္ကန္တိကာ ပီတိ မည်၏၊ ခန္ဓာကိုယ် အထက် သို့ ကြွတက်၍ ကောင်း ကင်၌ ခုန်သွား သွားနိုင်အောင် အားကြီးသော နှစ်သက် ခြင်းသည် ဥဗ္ဗေဂါ ပီတိ မည်၏၊ လေပြည့်ကာ ဘောလုံး ကဲ့သို့ရင်း, ရေအယဉ် ကြီးသည် ပြေးဝင်းသော တောင်ဝမ်းကဲ့သို့ရင်း, ခန္ဓာကိုယ် တခုလုံး အကြာကြီး မပွံ့နေအောင် နှစ်သက်ခြင်းသည် ဖရဏာ ပီတိ မည်၏။

ငါးပါးသော ပီတိသည် ပီတိ ဟူသော ကိုယ်ဝန်ကိုယူ၍ ရင့်ကျက်ခဲ့သော် ကာယ ပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်မျိုးကို မွေးဖွါး၏၊ ပဿဒ္ဓိက ဆက်လက် ကိုယ်ဝန် ယူ၍ ရင့်ကျက် လာပြန်သော် သုခနှစ်ပါးကို မွေးဖွါး၏၊ သုခက ဆက်လက် ကိုယ်ဝန် ယူ၍ ရင့်ကျက်ပြန်သော် ခဏိကသမာဓိ, ဥပစာရသမာဓိ, အပ္ပနာသမာဓိ ဟူသော သမာဓိ သုံးပါးကို မွေးဖွား၏။

ပီတိ သမ္ပိယာယနလက္ခဏာ၊ ကာယစိတ္တ ပီနန ရသာ၊ ဩဒဂျ ပစ္စုပ္ပဋ္ဌာနာ၊ ပါမောဇ္ဇ ပဒဋ္ဌာနာ။

ပီတိ သည် နှစ်သက်ခြင်း လက္ခဏာ၊ ကိုယ်စိတ် နှစ်ပါးကို နှစ်သိမ့်စေခြင်းကိစ္စ၊ ကိုယ်စိတ် တက်ကြွသော အဖြစ်ဖြင့် ယောဂီ ဉာဏ်မှာ ရှေ့ရှုထင်၏၊ ပါမောဇ္ဇလျှင် နီးသောကြောင်း ရှိ၏။

ဆန္ဒ။ ။ဆန္ဒနံ ဆန္ဒော=အလိုရှိခြင်း,တောင့်တခြင်းသည် ဆန္ဒမည်၏။ ယို ဆန္ဒသည် တဏှာဆန္ဒ, ကတ္တုကမျတာ ဆန္ဒဟု နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတွင် ဤ၌ ကတ္တုကမျတာဆန္ဒကို ယူရမည်၊ ထိုဆန္ဒသည် အာရုံကို အလိုရှိသော်လည်း တဏှာကဲ့သို့ သာယာခြင်း, တပ်မက်ခြင်း, ညိကပ်ခြင်း၏ အစွမ်းအားဖြင့် အလိုရှိသည်မဟုတ်၊ စင်စစ်သော်ကား လိုအပ်သော အကျိုး ပြီးစေမှု အတွက်သာ အလိုရှိလေသည်၊ ထင်ရှားစေအံ့၊ မင်း၏ လေးသမား ကျော်တို့သည် ဥစ္စာ စီးပွါး အချေ အရံများ ရမှုအတွက် မင်း၏ ရန်သူတို့ကို ပစ်ခတ် ဘို့ရန် မြှား များစွာကို အလို ရှိသကဲ့သို့ ဤဆန္ဒသည်လည်း တပါးသူအား စွန့်ကြဲပေးကမ်း လှူဒါန်း လိုသဖြင့် မရသေးသော ပစ္စည်းများကို လိုချင်၏၊ ရပြီးသား ကိုလည်း စောင့်ရှောက်၏။

ဆန္ဒော ကတ္တုကာမတာ လက္ခဏော၊ အာရမဏ ပရိယေသန ရသော၊ အာရမဏေန အတ္ထိကတာ ပစ္စုပ္ပဋ္ဌာနော၊ တဒေဝဿ ပဒဋ္ဌာနံ။

ဆန္ဒ သည် ပြုလိုကာမျှ လက္ခဏာရှိ၏၊ အာရုံကို ရှာမှီးခြင်း ကိစ္စရှိ၏၊ အာရုံကို အလို ရှိသော အဖြစ်လျှင် ယောဂီ ဉာဏ်မှာ ရှေ့ရှု ထင်၏၊ အာရုံကို အလိုရှိသော အဖြစ်လျှင် နီးသော အကြောင်း ရှိ၏။

ဆန္ဒမည်သည်ကား-အားအစွမ်းသို့ ရောက်ပါမူ တဏှာထက် အား ကောင်းသည်၊ အဓိပတိကိစ္စကြီး, ဣဒ္ဓိပါဒ် ကိစ္စကြီးများကို ဆောင်ရွက် နိုင်မှုဖြင့် ထင်ရှား၏၊ ဆန္ဒသည် အမြဲတမ်း တဏှာ နှင့် အား,တူညီနေ ပါမူကား ဤသတ္တဝါတို့သည် တဏှာ၏ လက်တွင်းဝယ် သက်ဆင်း

တည်နေကာ တဏှာပိုင်ဆိုင်သော လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ် တို့ကို စွန့်ခွါ၍ ဝဋ်ဒုက္ခမှ ထွက်မြောက်ရန် အဘယ် မှာလျှင် တော်လှန် နိုင်စွမ်းတော့အံ့နည်း။

ပကိဏ္ဏက။ ။သောဘနစိတ်, အသောဘန စိတ်တို့နှင့် ပြွမ်းလျက် ယှဉ်သော စေတသိက်သည် ပကိဏ်း စေတသိက် မည်၏၊ ပကိဏ်း စေတသိက်သည် သောဘန စိတ်မှာလည်း ယှဉ်သည်၊ အသောဘန စိတ်မှာလည်း ယှဉ်၏။

အညသမာန်။ ။အညေဟိ အညေသံဝါ သမာနာ အညသမာနာ၊ သောဘန စိတ်နှင့် ယှဉ်နေသောအခိုက် အသောဘန စိတ်သည် အည မည်၏၊ အသောဘန စိတ်နှင့် ယှဉ်နေခိုက် သောဘန စိတ်သည် အည မည်၏၊ သောဘန ယှဉ်ခိုက် သောဘနနှင့် တူမျှ၍ အသောဘနနှင့် ယှဉ်ခိုက် အသောဘနနှင့် တူမျှသည် ဆက်ဆံသည်၊ ထိုကြောင့် အညသမာန်း စေတသိက်ကို ဆားနှင့် တူ၏ဟု ဆိုကြသည်။

အညသမာန်း အဖွဲ့ ပြီး၏။

အကုသိုလ် စေတသိက် အဖွဲ့

အကုသိုလ် စေတသိက် ၁၄-လုံးကား—

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ တို့ ပင်တည်း။

မောဟ။ ။မုယှတီတိ မောဟော၊ မုယှန္တိ သတ္တာ ဧတေနာတိဝါ မောဟော၊ မုယှနမတ္တံဝါ မောဟော=တွေဝေတတ်သောကြောင့်ရင်း, သတ္တဝါတွေ တွေဝေ သွားအောင် ပြုလုပ်တတ် သောကြောင့်ရင်း, တွေဝေကာမျှ ဖြစ်သောကြောင့်ရင်း မောဟ မည်၏။

အင်္ဂါ လေးပါး ရှိသော အမိုက် မှောင်ကြီးသည် မျက်စိအား ဘယ် အရာကိုမျှ မမြင်ရအောင် ပြုသကဲ့သို့ စိတ်အား ကောင်းသော အတို့ အရာကို မမြင်ရအောင် ပြု၏၊ မောဟသည် အကုသိုလ် ဘက်၌ ဉာဏ် နှင့် အလား တူသည်၊ (မောဟနှင့် အဝိဇ္ဇာသည် အတူတူပင် ဖြစ်၏)

အဝိဇ္ဇာသည် အပ္ပဋိပတ္တိ, မိစ္ဆာပဋိပတ္တိဟု နှစ်မျိုးရှိရာ ကုသိုလ် ဘက်၌ မသိမှုကို အပဋိပတ္တိဟု ခေါ်၏၊ အကုသိုလ် ဘက်၌ မိစ္ဆာ ဉာဏ်ကို မိစ္ဆာ ပဋိပတ္တိဟု ခေါ်၏။

အကုသိုလ် ဘက်၌ ဉာဏ်နှင့် အလား တူသော တရား ခြောက်မျိုး ရှိရာ မောဟလည်း အပါအဝင် ဖြစ်၏၊ အကုသိုလ် ဘက်၌ ဉာဏ်နှင့် အလားတူ တရားများကား-မောဟ, လောဘ, ဒိဋ္ဌိ, ဝိတက်, ဝိစာရ, စိတ်တို့တည်း။ ထိုတရားတို့သည် ပင်ကိုယ်ဉာဏ် ရှိသူ အကြား အမြင် သင်အံလေ့ကျက်မှု ရှိသူတို့၌ ဖြစ်ပါက ဒုစရိုက်မှုတို့၌ ထိုထိုအကြောင်း ဥပါယ်ကို မြင်သောအားဖြင့် ထိုသူများ၏ ဒုစရိုက်မှု အလိလ်၌ ကြံရည် ဖန်ရည် ရှိသော အဖြစ် ပြောင်မြောက်အောင် ပြုနိုင်သော စွမ်းရည် ရှိသော အဖြစ်ကို ပြီးမြောက် စေလေသည်၊ အနူမြူ စသော လက်နက် စွမ်းကြီး များကို လုပ်စွမ်းနိုင် သည်ကား ထိုတရားများ၏ အစွမ်းသတ္တိ ပေတည်း၊ ပညာဟု မမှတ်ယူ ပါလင့်။

> မောဟော စိတ္တဿ အန္ဓဘာဝ လက္ခဏော၊ အညာဏ လက္ခဏောဝါ၊ အသမ္ပဋိဝေဓ ရသော၊ အသမ္မာ ပဋိပတ္တိ ပစ္စုပ္ပဋ္ဌာနော၊ အယောနိသော မနသိကာရ ပဒဋ္ဌာနော။

မောဟ သည် စိတ်၏ကန်းသောအဖြစ်လျှင် မှတ်ကြောင်းလက္ခဏာ ရှိ၏၊ (သို့မဟုတ်) မသိခြင်း လက္ခဏာ ရှိ၏၊ အမှန် မသိခြင်း ကိစ္စ ရှိ၏၊ အမှန် မကျင့် ခြင်းလျှင် ယောဂီ ဉာဏ်အား ရှေ့ရှု ထင်၏၊ မသင့် မတင့် နှလုံး သွင်းခြင်းလျှင် နီးသော အကြောင်း ရှိ၏။

မောဟ တွေဝေ ဆိုသည်မှာ မောဟသည် အာရုံကို ယူသော်လည်း သဘောမှန်ကို မသိသောကြောင့် ဆိုသည်ဟုမှတ်။

အဟိရိက။ ။နှ ဟိရိ ယတိတိ အဟိရိကော၊ တဿ ဘာဝေါ အဟိ ရိက္ကံ၊ အဟိရိက္က မေဝ အဟိရိကံ = မရှက်တတ်သူ

(ဝါ) တရား အပေါင်းသည် အဟိရိကမည်၏၊ မရှက်တတ် သူ၏ (ဝါ) တရား အပေါင်း၏ ဖြစ်ကြောင်း သဘောသည် အဟိရိက မည်၏၊ အဟိရိကသည် အကုသိုလ် ဒုစရိုက်တရားတို့ မျက်မှောက် ရောက်လာ ခဲ့သော် ဟိရိကို အခွင့် မပေးဘဲ အကုသိုလ် ဒုစရိုက် တို့၌ နှစ်သက်

ရက်ရောခြင်း ဖြစ်၏၊ သို့ဖြစ်၍ အဟိရိကကို ကာယဒုစရိုက် စသည်တို့၌ မရှက်ရွံ့သောတရား, မရှက်တတ်သောတရားဟု ဆိုအပ်လေသည်။

အဟိရိကံ အဇိဂုစ္ဆနလက္ခဏံ အလဇ္ဇာလက္ခဏံဝါ၊ ပါပါနံ ကရဏရသံ၊
ပါပတော အသင်္ကောစန ပစ္စုပဋ္ဌာနံ၊ အတ္တဂါရဝ ပဒဋ္ဌာနံ။

အဟိရိက သည် မရှက်ရွံ့ခြင်း,မရှက်ခြင်း လက္ခဏာရှိ၏၊ မကောင်းမှုကို ပြုခြင်း ကိစ္စရှိ၏၊ မကောင်းမှု၌ မတွန့်တို ခြင်းလျှင် ရှေ့ရှု ထင်၏၊ မိမိကိုယ်ကို လေးစားခြင်းလျှင် နီးသော အကြောင်း ရှိ၏။

အနောတ္တပ္ပ။ ။ ဩတ္တပ္ပတီတိ အနောတ္တပ္ပံ=ကာယဒုစရိုက် စသည်တို့မှ မကြောက် မလန့်သော တရားသည် အနောတ္တပ္ပ မည်၏၊ အနောတ္တပ္ပသည် ကာယ ဒုစရိုက် စသည်တို့ မျက်မှောက်ရောက်လာခဲ့သော် ဩတ္တပ္ပကို အခွင့် မပေးဘဲ စိတ်ကို ဒုစရိုက်မှာ ရဲရဲတင်းတင်း ခွန့်ခွန့် စားစား ရှိအောင် ပြု၍ ဖြစ်၏၊ ထို့ကြောင့် ထို အနောတ္တပ္ပကို အသာရဇ္ဇ လက္ခဏာရှိ၏ ဟူ၍၎င်း,အနုတ္တာသ လက္ခဏာရှိ၏ဟူ၍၎င်း ဆိုအပ်၏။

အနောတ္တပ္ပံ အသာရဇ္ဇလက္ခဏံ အနုတ္တာသလက္ခဏံဝါ၊ ပါပါနံ ကရဏရသံ၊ ပါပတော အသင်္ကောစန ပစ္စုပဋ္ဌာနံ၊ ပရ အဂါရဝ ပဒဋ္ဌာနံ။

အနောတ္တပ္ပ သည် ဒုစရိုက် ပြုရန် ရဲရင့်သော လက္ခဏာ ရှိ၏၊ (ဝါ) မလန့်ခြင်း လက္ခဏာ ရှိ၏၊ ဒုစရိုက်ပြုခြင်းကိစ္စရှိ၏၊ သူတပါးကို မလေးစားခြင်းလျှင် နီးသော အကြောင်း ရှိ၏။

အဇေဂုစ္ဆီ အဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
အဘီရူစ အနောတ္တပ္ပီ၊ သလဘော ဝိယ ပါဝကာ။

အဟိရိက နှင့် ပြည့်စုံသူ, ရွာဝက်းဝက်နှင့်တူ၊
အနောတ္တပ္ပ နှင့် ပြည့်စုံသူ, မီးကိုတိုး ပိုးဖလံမျိုးတဲ့ဟူ။

ဥဒ္ဓစ္စ။ ။ဥဒ္ဓရတီတိ ဥဒ္ဓတံ၊ တဿ ဘာဝေါ ဥဒ္ဓစ္စံ=စိတ် ပျံ့လွင့်ခြင်း၏ အကြောင်း ဖြစ်သော တရားသည် ဥဒ္ဓစ္စ မည်၏၊ ဥဒ္ဓစ္စသည် လေတိုက်ခတ်သဖြင့် ကျောက်ခဲပိုးထခါ လှုပ်ရှားနေသော ရေနှင့်၎င်း, တံခွန်ကုက္ကားနှင့်၎င်းတူ၏။

ဥဒ္ဓစ္စံ စေတသော အဝူပသမလက္ခဏံ၊ အနဝဋ္ဌာနရသံ၊ ဘန္တတ္တပစ္စုပဋ္ဌာနံ၊ အယောနိသော မနသိကာရ ပဒဋ္ဌာနံ။

ဥဒ္ဒစ္စ သည် စိတ်မငြိမ်သက်ခြင်း လက္ခဏာ ရှိ၏၊ မတည်ငြိမ်ခြင်း ကိစ္စရှိ၏၊ တုန်လှုပ်သော အဖြစ်ဖြင့် ရှေးရှု ထင်၏၊ မသင့်မတင့် နှလုံးသွင်းခြင်းလျှင် နီးသော အကြောင်း ရှိ၏။

လောဘ။ ။လုဗ္ဘတိတိ လောဘော၊ လုဗ္ဘန္တိ သမ္ပယုတ္တာ ဓမ္မာ ဧတေနာတိ လောဘော၊ လုဗ္ဘနမတ္တ မေဝ ဝါ တန္တိ လောဘော = လိုချင်တတ် သောကြောင့်ရင်း, သမ္ပယုတ် တရားတို့ကို လိုချင်မှု၌ ယှဉ်ပေးတတ်သောကြောင့်ရင်း လောဘမည်၏၊ လိုချင်ခြင်း မျှသည်လည်း လောဘမည်၏၊ အာရုံမှာ ငြိကပ်စပ်တွယ်နေမှုကို လုဗ္ဘန ဟုဆို၏၊ လောဘသည် အာရုံ၌ တွယ်ငြိတတ်သောကြောင့် မျောက်နှဲ စေးနှင့်တူ၏ဟူ၍ရင်း, အလွန်လိုချင်တတ်သောကြောင့် အလွန်ပူသော အိုးခင်း၌ ပစ်ထည့် အပ်သော သားတစ်နှင့် တူ၏ ဟူ၍ရင်း, မစွန့်လွှတ် တတ်သောကြောင့် လက်နီး အဝတ်၌ ဆိုးဆေး စွန်းသည်နှင့် တူ၏ ဟူ၍ ရင်း,တဏှာမြစ်ကြီးအနေဖြင့်တိုးပွါးလာမှုကား သတ္တဝါတို့ကို အပါယ် ဆင်းရဲသို့ ဆောင်တတ်သောကြောင့် ရေစီးသန်သောမြစ်ကြီးနှင့် တူ၏ ဟူ၍ရင်း ဆိုအပ်၏။

လောဘော အာရမ္မဏဂ္ဂဟဏ လက္ခဏော၊ အာရမ္မဏာဘိ သင်္ဂရသော၊ ပရိစ္စာဂပစ္စုပဋ္ဌာနော၊ သံယောဇနိယ ဓမ္မေသု အဿာဒ ဒဿန ပဒဋ္ဌာနော။

လောဘ သည် အာရုံကိုလိုချင်ခြင်း လက္ခဏာရှိ၏၊ အာရုံ၌ ငြိကပ်ခြင်း ကိစ္စ ရှိ၏၊ အာရုံကို မလွှတ်သော အားဖြင့် ရှေးရှု ထင်၏၊ သံယောဇဉ် ဖြစ်စရာတို့၌ သာယာသော အမြင်လျှင် နီးသော အကြောင်းရှိ၏။

ဆန္ဒနှင့်လောဘအထူး ဆန္ဒကား အာရုံကို လိုချင်ရုံမျှ သဘောရှိ၏၊ လောဘသည် အာရုံကို ကပ်ငြိခြင်းသဘောရှိ၏၊ (ဖြေဖျောက်သော်လည်း မပြေပျောက်နိုင်သည်ကား လောဘ)။

ဒိဋ္ဌိ။ ။ဒဿနံ ဒိဋ္ဌိ=မှားသော အမြင်သည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိသည် ပညာမရှိဘဲ ကိုယ့်ကိုယ်ကို ပညာရှိဟုမှတ်ထင်သော မိစ္ဆာ ဝိတက်များသော ပုဂ္ဂိုလ်တို့သန္တာန်မှာ ဖြစ်ပါက စွမ်းအားနှင့် ပြည့်စုံ၍ မှားသောအတွေ့မှာ ပဋိဝေဓဉာဏ်နှင့် အလားတူသည်၊ အပြစ်ကြီးသော တရားပေတည်း။

ဒိဋ္ဌိ အယောနိသော အဘိနိဝေသ လက္ခဏာ၊ ပရာမာသ ရသာ၊ မိစ္ဆာ ဘိနိဝေသ ပစ္စုပဋ္ဌာနာ၊ အရိယာနံ အဒဿန ကာမတာဒိ ပဒဋ္ဌာနာ။

ဒိဋ္ဌိ သည် မသင့်သော အားဖြင့် နှလုံး သွင်းခြင်း လက္ခဏာ ရှိ၏၊ အမှားကို စွဲယူခြင်း ကိစ္စ ရှိ၏၊ မှားသော နှလုံး သွင်းမှုဟု ရှေးရှု ထင်၏၊ အရိယာတို့ကို မမြင်မတွေ့လိုချင် စသည်လျှင် နီးသော အကြောင်းရှိ၏။

မာန။ ။မညတီတိ မာနော=လောကကြီးတခုလုံးမှာ ငါတယောက် ထည်းဘဲ၊ အခြား သူများကား အသုံး မကျဟု မိမိကိုယ်ကို ချီပင့်၍ အထပ်ထပ် ရှုတတ်သောကြောင့် မာန မည်၏၊ ထို မာနသည် မျိုးရိုးစည်းစိမ် ဂုဏ်သိမ်စသော အထောက်အပံ့ရမှု မိုးမမြင် လေမမြင် ဘဝင် တက်ကြွ၍ ထံခွန် မှန်ကင်း သဖွယ် ဖြစ်၏၊ ထိုကြောင့် မာနကို တက်ကြွသော လက္ခဏာ ရှိ၏ ဟူ၍၎င်း, အရူး နှင့် တူ၏ ဟူ၍၎င်း ဆိုအပ်၏။

ထိုမာနသည် ၉-ရှိမျိုး၏

၁။ သေယျ ပုဂ္ဂိုလ်—အထက်တန်းသွာ ပုဂ္ဂိုလ်
၂။ သဒိသ ပုဂ္ဂိုလ် – မိမိနှင့် တန်းတူ ပုဂ္ဂိုလ်
၃။ ဟီန ပုဂ္ဂိုလ် – မိမိအောက် ယုတ်သော ပုဂ္ဂိုလ်

သေယျပုဂ္ဂိုလ်၌ သေယျမာန်, သဒိသမာန်, ဟီနမာန်
သဒိသပုဂ္ဂိုလ်၌ သေယျမာန်, သဒိသမာန်, ဟီနမာန်
ဟီန ပုဂ္ဂိုလ်၌ သေယျမာန်, သဒိသမာန်, ဟီနမာန်

ဤသို့ မာန်တက်ရာ ပုဂ္ဂိုလ် သုံးမျိုး၌ မာန်တက်ပုံ သုံးပါးစီ ပြားသောကြောင့် မာန် ၉-ပါး ဖြစ်၏။

မာနော ဥန္နတိလက္ခဏော၊ သမ္ပဂ္ဂဟရသော၊ ကေတုကမျတာ ပစ္စုပဋ္ဌာနော၊ ဒိဋ္ဌိဝိပ္ပယုတ္တ လောဘ ပဒဋ္ဌာနော။

မာန သည် မြင့်မောက်ခြင်းလက္ခဏာ၊ ချီပင့်ခြင်းကိစ္စ၊ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း ပစ္စုပဋ္ဌာန်၊ ဒိဋ္ဌိဝိပ္ပယုတ် လောဘလျှင် ပဒဋ္ဌာန်ရှိ၏။

ဒေါသ။ ။ဒုဿတီတိ ဒေါသော=ပြစ်မှားတတ် ဖျက်ဆီးတတ်သောကြောင့် ဒေါသမည်၏၊ ကြမ်းထမ်းသော အနက် သဘောကြောင့် ဒုတ်ဖြင့် ခတ်မိသော မြွေဟောက်နှင့် တူ၏ ဟူ၍၎င်း, ပြန့်နှံ့တတ်သောကြောင့် မိုးကြိုးနှင့် တူ၏ဟူ၍၎င်း, မိမိရာကို လောင် တတ်သောကြောင့် တောမီးနှင့် တူ၏ ဟူ၍၎င်း, ပြစ်မှား တတ်သော

ကြောင့် အခွင့်ကောင်းရသော ရန်သူနှင့်တူ၏ဟူ၍ရင်း, အချင်းခင်သိမ်း အကျိုးမဲ့အစု ဖြစ်သောကြောင့် အဆိပ်နှင့် ရောသော သွားကျင်ပုပ်နှင့် တူ၏ဟူ၍ရင်း ဆိုအပ်၏။

ဒေါသော စဏ္ဍိက္က လက္ခဏော၊ ဝိသပ္ပန ရသော၊ ဒူသန ပစ္စုပ္ပဋ္ဌာနော၊ အာဃာတဝတ္ထု ပဒဋ္ဌာနော။

ဒေါသ သည် ကြမ်းထမ်းသော လက္ခဏာ၊ ပြန့်နှံ့သော ကိစ္စ ဖြစ်မှားခြင်း ပစ္စုပ္ပဋ္ဌာန်၊ ရန်ငြိုးဖွဲ့ခြင်း ပဒဋ္ဌာန်ရှိ၏။

ဣဿာ။ ။ဣဿတီတိ ဣဿာ = တပါး သူ၏ ပြည့်စုံ ခြင်းကို မနာလိုတတ်သောကြောင့် ဣဿာမည်၏၊ဣဿာသည် သူတပါးတို့ ပကတိအားဖြင့် ပစ္စည်းရလာသည်ကို မြင်ရကြားရသော် သည်းမခံနိုင်၊ ပျက်စီးခြင်းကို အလို ရှိ၏၊ ဘယ်သူတော့ ရလိမ့်မည် ဆိုဒါကိုပင် မနှစ်သက်၊ မရမှ ကိုသာ တောင့်တနေ၏၊ သို့ဖြစ်၍ ဥဿူယန လက္ခဏာ ရှိ၏ဟု ဆို၏။

ဣဿာ ပရသမ္ပတ္တီနံ ဥဿူယန လက္ခဏာ၊ အနဘိရတိရသာ၊ဝိမုခ ဘာဝ ပစ္စုပ္ပဋ္ဌာနာ၊ ပရသမ္ပတ္တိ ပဒဋ္ဌာနာ။

ဣဿာ သည် တပါး သူ၏ ပြည့်စုံ ခြင်းကို ငြူစူခြင်း လက္ခဏာ၊ တပါးသူ၏ ပြည့်စုံခြင်း၌ မနှစ်သက်ခြင်းကိစ္စ၊သူတပါး၏ ပြည့်စုံခြင်းကို မမြင်လိုခြင်း ပစ္စုပ္ပဋ္ဌာန်၊ သူတပါး၏ ပြည့်စုံခြင်းလျှင် ပဒဋ္ဌာန်ရှိ၏။

မစ္ဆရိယ။ ။မစ္ဆရတီတိ မစ္ဆရော၊ မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ= ဝန်တို တတ်သော ပုဂ္ဂိုလ်သည် မစ္ဆရ မည်၏၊ ထိုမစ္ဆရ ပုဂ္ဂိုလ် ဖြစ်ခြင်း၏အကြောင်းသည် မစ္ဆရိယမည်၏၊မစ္ဆရိယသည် လဒ္ဓသမ္ပတ္တိ, လဘိတဗ္ဗ သမ္ပတ္တိဟု နှစ်မျိုး ရှိရာ-ရပြီး စည်းစိမ်မှာ တပါး သူများနှင့် စပ်နေသည်ကိုရင်း, အကြောင်း တခုခုကြောင့် မိမိ လက်လွှတ်လိုက်ရ တော့မည်ကိုရင်း, မြင်ကာကြားကာ ကိုယ်စိတ် ဆင်းရဲ နေ၏၊ ရထိုက် သော စည်းစိမ် မှာကား ထိုအရပ်၌ သော်ရင်း, ထိုအချိန်၌ သော်ရင်း, ဤမည်သော စည်းစိမ် လာဘ်သပ္ပကာ ဖြစ်မည်ဟု ကြား၍ရင်း, တွေး၍ ရင်း, မိမိရဘို့သာ တွက်၏၊ သူတပါးရဘို့ အလိုမရှိ၊ တပါးသူ ရသွား သည်ဟု ကြားက စိတ်မချမ်းသာဖြစ်၏၊ ထို့ကြောင့် မိမိရပြီး စည်းစိမ်, ရလတ့္ စည်းစိမ်းတို့ကို လျှို့ဝှက်ခြင်း လက္ခဏာရှိ၏ဟု ဆိုအပ်၏။

မစ္ဆရိယ ငါးမျိုး

အာဝါသ မစ္ဆရိယ-နေရာထိုင်ခင်းနှင့်စပ်၍ ဝန်တိုမှု
ကုလ မစ္ဆရိယ - ဆွေးမျိုး ဒကာ ဒကာမများနှင့်စပ်၍ ဝန်တိုမှု
လာဘ မစ္ဆရိယ-ပစ္စည်းရေးနှင့်စပ်၍ ဝန်တိုမှု
ဝဏ္ဏ မစ္ဆရိယ-အလှအဆင်း ဂုဏ်သတင်းနှင့်စပ်၍ ဝန်တိုမှု
ဓမ္မ မစ္ဆရိယ-အတတ်ပညာနှင့်စပ်၍ ဝန်တိုမှု

မစ္ဆရိယ အတ္တနော သမ္ပတ္တီနံ နိဂူဟန လက္ခဏံ၊ ပရေဟိ သာဓာရဏ ဘာဝ အက္ခမန ရသံ၊ စေတသော သင်္ကောစန ပစ္စုပဋ္ဌာနံ၊ အတ္တ သမ္ပတ္တိ ပဒဋ္ဌာနံ။

မစ္ဆရိယ သည် မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာ၊ သူတပါးတို့နှင့် ဆက်စပ်သော အဖြစ်ကို မနှစ်သက်သော ကိစ္စ၊ စိတ်တွန့်တိုခြင်း ပစ္စုပဋ္ဌာန်၊ မိမိစည်းစိမ်ချင် ပဒဋ္ဌာန်ရှိ၏။

ဣဿာ နှင့် မစ္ဆရိယ အထူး

ကိုယ့်ထက် သာ၍ မနာလိုက ဣဿာ၊ မိမိ ပစ္စည်းကို သူတပါးနှင့် မဆက်ဆံ ရအောင် လျှို့ဝှက် နှမြော ဝန်တို သည်ကား မစ္ဆရိယ၊ ဣဿာကား သူတပါး ဗဟိဒ္ဓအာရုံ၊ မစ္ဆရိယကား အဇ္ဈတ္တအာရုံ၊ ဤသို့ ထူးခြား လေသည်၊ ဤ တရား ၂-ပါး ဝမ်းတွင် မကိန်း ရအောင် ကြိုးစားကြ၊ မျက်မှောက် ကြီးပွါး မှုကို ပိတ်ဆို့ တတ်သော တရား ၂-ပါး ပေတည်း။

ကုက္ကုစ္စ။ ။ကိရိယာ ကတံ၊ ကုစ္ဆိတံ+ကတံ=ကုကတံ၊ ကုကတဿ ဘာဝေါ=ကုက္ကုစ္စံ၊ စက်ဆုပ် ရွံရှာဖွယ် အမှုကို ကုကတ ခေါ်၏၊ ပညာရှိတို့ ကဲ့ရဲ့ ရှုတ်ချ အပ်သော စိတ်ဖြစ်မှု အထူးတည်း။ တရားကိုယ် အားဖြင့် ကောင်းမှုကို မပြုရသေး၊ မကောင်းမှုကို ပြုမိပြီဟု ကိုးရိမ်သော အားဖြင့် ဖြစ်သော ကုက္ကုစ္စနှင့် ယှဉ်သော စိတ္တုပ္ပါဒ်တည်း။ ထိုကုက္ကုစ္စသည် ကိုးရိမ်သော အစွမ်း အားဖြင့် ဖြစ်သော်လည်း ရှေးက မပြုခဲ့မိသော ကုသိုလ်ကိုလည်း နောက်တဖန် ပြုပြီးကုသိုလ် ဖြစ်အောင် မပြုစွမ်း နိုင်တော့၊ ရှေးက ပြုခဲ့ပြီး အကုသိုလ် ကိုလည်း နောက်တဖန် မပြုရသေးသော အကုသိုလ်ဖြစ်လေအောင် မတတ်နိုင်တော့ပြီ၊ စင်စစ်

အားဖြင့် ကုသိုလ် တရားတို့၌ စိတ်ကုန်ခန်းခြင်း အကျိုးငှါသော ဖြစ်၏၊ ထိုကဲ့သို့ စက်ဆုပ်ဖွယ် အမူအရာမျှ ဖြစ်လေသောကြောင့် ကုက္ကုစ္စဟု ဆိုအပ်၏။

အဋ္ဌကထာ၌ ဆိုသည်ကား–

ပြုပြီး, မပြုခဲ့မိသော အပြစ်ရှိသည် မရှိသည်ကို ရှေ့ရှုသွားခြင်းသည် ပဋိသာရ မည်၏၊ ဤနှလုံး မသာယာ ခြင်းသည် ပြုခဲ့ပြီး အကုသိုလ် ကိုလည်း ပြုပြီးမဟုတ် ရအောင် မလုပ်နိုင်၊ မပြုခဲ့မိသော ကောင်းမှုကို မူလည်း ပြုပြီး ဖြစ်လေအောင် မလုပ်နိုင်၊ ထို့ကြောင့် ဝိရူပေါ–ဖောက်ပြန်သော (ငါ) တနည်းကား။ ကုစ္ဆိတော၊ စက်ဆုပ် ဖွယ်သော။ ပဋိသာရော၊ ရှေ့ရှု သွားခြင်းသည်။ ဝိပ္ပဋိသာရော၊ ဝိပ္ပဋိသာရ မည်၏ဟု ဆို၏။ ဝိပ္ပဋိသာရ ဟူသည် ကုက္ကုစ္စပင်တည်း။

ကုက္ကုစ္စ သည် စက်ဆုပ်ဖွယ် ရှိ၍ သူနှင့် ယှဉ်သော စိတ္တုပ္ပါဒ်သည်လည်း စက်ဆုပ်ဖွယ် ရှိ၏၊ သို့ဖြစ်၍ ကုကတ အရ စိတ္တုပ္ပါဒ်ပါ ပါဝင်လေသည်။

တနည်း–ကုစ္ဆိတေန ကောစတီတိ ကုက္ကုစ္စော၊ တသ ဘာဝေါ ကုက္ကုစ္စံ၊ မကောင်းမှု၌ စက်ဆုပ်သဖြင့် တွန့်ဒါမျိုး မဟုတ်ဘဲ၊ စက်ဆုပ်ဖွယ်သော အခြင်း အရာဖြင့် တွန့်သောကြောင့်ရင်း, ကိလေသာတို့ကို ခေါင်းပါး သွားအောင် ခြစ်ထုတ်တာမျိုး မဟုတ်ဘဲ စက်ဆုပ်ဖွယ်သော အခြင်း အရာဖြင့် ရေးခြစ် တတ်သောကြောင့်ရင်း, ကုက္ကုစ မည်၏၊ တရားအပေါင်းရ၏၊ ထိုကုက္ကုစသည် ကုသိုလ်ကိုကား ငါ–မပြုမိသေး၊ မကောင်းမှု ကိုသာ ပြုမိခဲ့ ပြီဟု ညီးညူသော အခြင်း အရာဖြင့် တွန့်တတ်၏၊ ကုသိုလ်ဘက်၌ စိတ်မပါစေရ၊ သဒ္ဓါတရား ခေါင်းပါးအောင် ပြုလျက် ကုသိုလ်မှု၌ စိတ်အား ကုန်အောင် ပြု၏၊ ကုက္ကုစ ဖြစ်ခြင်း အကြောင်းသည် ကုက္ကုစ္စ မည်၏၊ ထိုကုက္ကုစ္စသည် ရှေ့က မပြုခဲ့မိသော ကောင်းမှုကိုရင်း, ပြုခဲ့မိသော မကောင်းမှုကိုရင်း, အာရုံပြုကာ နောင်အခါ အထပ်ထပ် ပူပန်မှု အထပ်ထပ် ပိုးရိမ်မှု၏ အစွမ်းဖြင့် ဖြစ်၏၊ ထို့ကြောင့် ကုက္ကုစ္စကို နောက်တဖန် ပူပန်ခြင်း လက္ခဏာ ရှိသော တရားဟု ဆိုအပ်၏၊ ကုက္ကုစ္စသည် စင်စစ် အားဖြင့် အတိတ်ကို အာရုံပြု၏။

ကုက္ကုစ္စ သည် ယာထာဝ ကုက္ကုစ္စ, အယာထာဝ ကုက္ကုစ္စဟု နှစ်မျိုး ရှိ၏-အယာထာဝ ကုက္ကုစ္စ ဟူသည် ကောင်းမှု၌ မကောင်းဟု အမှတ်သညာရှိ၍ မပြုခဲ့ခြင်းသည်နှင့် မကောင်းမှု၌ ကောင်းမှုဟု အမှတ်သညာရှိ၍ ပြုခဲ့သဖြင့် နောင်အခါ ပိုးရိမ်သော အလွမ်း အားဖြင့် ဖြစ်သော ကုက္ကုစ္စသည်၎င်း, ရှေးက ကောင်းမှု၌ ကောင်းမှုဟု အမှတ်သညာရှိ၍ ပြုခဲ့ကာ နောင်အခါ ထိုကောင်းမှုကိုပင် မကောင်းမှုဟု အထင်ရောက်သူအား၎င်း, မကောင်းမှု၌လည်း မကောင်းမှုဟု အမှတ်ရှိကာ မပြုမူ၍ နောင်အခါ မကောင်းမှုကိုပင် ကောင်းမှုဟု မှတ်ထင်သော သူအား၎င်း ဖြစ်သော ကုက္ကုစ္စပင်တည်း။

အနုဇာနာမိ သာဓုသည် အစရှိသည်ဖြင့် ဝိနည်း၌ လာသည်ကား- ဝိနယ ကုက္ကုစ္စတည်း၊ မဟာနိဒ္ဒေသ၌ လာသော ဟတ္ထ ကုက္ကုစ္စ, ပါဒ ကုက္ကုစ္စ=လက်အငြိမ်မနေမှု, ခြေအငြိမ်မနေမှု စသည်ကား အသံယတ ကုက္ကုစ္စ ပေတည်း။

ကုက္ကုစ္စံ ပစ္ဆာနုတာပ လက္ခဏံ၊ အနုသောစနရသံ၊ ဝိပ္ပဋိသာရ ပစ္စုပဋ္ဌာနံ၊ ကတာကတ ဒုစ္စရိတ သုစရိတ ပဒဋ္ဌာနံ။

ကုက္ကုစ္စ သည် နောင်တ ပူပန်ခြင်း လက္ခဏာ၊ အခါခါ ပိုးရိမ်ခြင်း ကိစ္စ၊ နှလုံး မသာယာ စိတ်မကောင်းခြင်း ပစ္စုပဋ္ဌာန်, ပြုပြီး ဒုစရိုက် မပြုရသေးသော သုစရိုက်လျှင် ပဒဋ္ဌာန်ရှိ၏။

ထိန။ ။ထိယနံ ထိနံ=စိတ်ကို နုံသထက် နုံအောင်ပြု၍ လွမ်းမိုး ဖြစ်ကတတ် သောကြောင့် ထိန မည်၏၊ ပျင်းရိသော အဖြစ် ပင်တည်း။

ထိနံ အနုဿာဟလက္ခဏံ၊ ဝီရိယဝိနောဒနရသံ၊ သံသီဒနဘာဝ ပစ္စုပဋ္ဌာနံ၊ အယောနိသော မနသိကာရ ပဒဋ္ဌာနံ။

ထိန သည် အားမတက်ခြင်း လက္ခဏာ၊ လုံ့လကိုဖျက်ဆီးခြင်းကိစ္စ၊ ဆုတ်နစ်သော အဖြစ် ဟူသော ပစ္စုပဋ္ဌာန်၊ မသင့်တင့်သော နှလုံးသွင်း ခြင်းလျှင် နီးသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

မိဒ္ဓ။ ။မေဓတီတိ မိဒ္ဓံ=စေတသိက်တို့ကို မိမိတို့ ဆိုင်ရာ အမှုကို မပြုနိုင်အောင် ညှဉ်းဆဲတတ်သောကြောင့် မိဒ္ဓမည်၏၊ ထိုမိဒ္ဓ သည် အာရုံ၌ မြဲနှံ့သော အားဖြင့် ထိုထို ဣရိယာပုထ်ကို ဆောင်လျက်

ဖြစ်သော တရားတို့ကို ဆောက်ပုဘ်ဖြင့် ထုနှက်သကဲ့သို့ အာရုံမှ တွန့်စေလျက် ဣရိယာပုထ်ကို မဆောင်နိုင်အောင် ပြု၍ စိတ်ကို လွှမ်းမိုး၏၊ မိဒ္ဓကား စေတသိက်ကို လွှမ်းမိုး၏။

မိဒ္ဓံ အကမ္မညတာလက္ခဏံ၊ ဩနဟနရသံ၊ လီနတာ ပစ္စုပ္ပဋ္ဌာနံ၊အယောနိသော မနသိကာရ ပဒဋ္ဌာနံ။

မိဒ္ဓ သည် အမှု၌ မလုပ်နိုင်ခြင်း လက္ခဏာ၊ သမ္ပယုတ် တရားကို နှောင့်ဖွဲ့ခြင်း ကိစ္စ၊ တွန့်တိုခြင်း ပစ္စုပ္ပဋ္ဌာန်၊ မသင့်မတင့် နှလုံးသွင်းခြင်း ပဒဋ္ဌာန် ရှိ၏။

အထူး။　။ထိနကား စိတ်၏ အမှု၌ မခံခြင်း
　　　　မိဒ္ဓကား　စေတသိက်၏ အမှု၌ မခံခြင်း

ဝိစိကိစ္ဆာ။　။ဝိကိစ္ဆနံ၀ိကိစ္ဆာ၊ဉာဏပ္ပဋိကာရေ၊တိကိစ္ဆိတုံ ဒုက္ကရတာယ ဝိဂတာ ဝိကိစ္ဆာ ဧတာယာတိ ဝိဝိကိစ္ဆာ၊ ဝိဝိကိစ္ဆတိတိဝါ ဝိဝိကိစ္ဆာ=ဉာဏ်ဖြင့် ကုစားခြင်း ကင်းသောကြောင့်ရင်း, ယုံမှားတတ် သောကြောင့်ရင်း ဝိဝိကိစ္ဆာ မည်၏။

ဝိဝိကိစ္ဆာသည် (က) နီဝရဏ အစစ်

(၁) နီဝရဏ အတုဟု နှစ်မျိုးရှိရာ ဘုရားစသည်တို့၌ ယုံမှားသော ဝိဝိကိစ္ဆာသည် နီဝရဏ ဝိဝိကိစ္ဆာ မည်၏။ သဗ္ဗညုဘုရားရှင်မှ တပါး အခြားသူတို့၏ အာရုံ အမျိုးမျိုး၌ ယုံမှားခြင်းသည် ဝိဝိကိစ္ဆာတုတည်း၊ထိုအတုဝိဝိကိစ္ဆာကား ကုသိုလ်လည်းဖြစ်တတ်၏၊ အကုသိုလ်လည်း ဖြစ်တတ်၏၊ ရဟန္တာပုဂ္ဂိုလ်များ သန္တာန်၌ ကြိယာ အဗျာကတလည်း ဖြစ်တတ်၏၊ ဤနေရာ၌ အကုသိုလ် အစစ် နီဝရဏ ဝိဝိကိစ္ဆာကို ယူလေ။

ဝိစိကိစ္ဆာ သံသယ လက္ခဏာ၊ ကမ္ပနရသာ၊ အနိစ္ဆယ ပစ္စုပ္ပဋ္ဌာနာ၊ အယောနိသော မနသိကာရ ပဒဋ္ဌာနာ။

ဝိစိကိစ္ဆာ သည် ယုံမှားခြင်းလက္ခဏာ၊တုန်လှုပ်ခြင်းကိစ္စ၊မဆုံးဖြတ်နိုင်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ မသင့်မတင့် နှလုံးသွင်းခြင်း ပဒဋ္ဌာန်ရှိ၏။

သောဘန စေတသိက် အဖွင့်

သောဘန စေတသိက် အဖွဲ့၌–

၁။	သောဘန သာဓာရဏ	၁၉
၂။	ဝိရတိ	၃
၃။	အပ္ပမညာ	၂
၄။	ပညိန္ဒြေ	၁

အားဖြင့် လေးစု ပါဝင်၏။

သောဘနသာဓာရဏစေတသိက် ၁၉-လုံး

သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ။

သဒ္ဓါ။ ။သဒ္ဒဟတီတိ သဒ္ဓါ၊ သဒ္ဒဟန္တိ ဧတာယာတိ သဒ္ဓါ၊ သဒ္ဒဟနမတ္တံ ဧဝ ဧတံတိသဒ္ဓါ၊ကြည်လင် ငြိမ်သက်သောရေကဲ့သို့ဘုရားဂုဏ်စသည်ကိုမိမိဟူသောသဒ္ဓါ၌ကောင်းစွာထားတတ်သောကြောင့်ရင်း, ယုံကြည်ကြောင်း ဖြစ်သောကြောင့်ရင်း, ယုံကြည်ခြင်းမျှဖြစ်သော ကြောင့်ရင်း သဒ္ဓါမည်၏။

ဘုရား စသော ယုံကြည် ထိုက်ရာ တို့၌ ယုံကြည် သည်၏ အစွမ်းအားဖြင့် ဖြစ်သည်ကား သဒ္ဓါစစ် သဒ္ဓါမှန် ဖြစ်၏၊ တိတ္ထိနှင့် တိတ္ထိတို့၏ တရား စသော မယုံကြည်ထိုက်ရာ တို့၌ ယုံကြည် သည်ကား သဒ္ဓါတုဘည်း၊ တရားကိုယ်ကား မိစ္ဆာ အဓိမောက္ခ ဖြစ်၏။

ထင်ရှား စေအံ့၊ လူတို့သည် လက်မရှိက အဖိုးတန် ရတနာကို မြင်သော်လည်း မယူနိုင်၊ ပစ္စည်းဥစ္စာ မရှိက ဖိမ်ခံမှုမပြည့်စုံ၊ မျိုးစေ့မရှိက ကောက်စပါး မဖြစ်သကဲ့သို့၊ ထိုအတူ သဒ္ဓါမရှိက ကောင်းမှု မပြည့်စုံ၊ ထို့ကြောင့် သဒ္ဓါကို လက်နှင့်ရင်း, ဥစ္စာနှင့်ရင်း, မျိုးစေ့နှင့်ရင်း တူ၏ဟု ဆို၏။

သဒ္ဓါ သဒ္ဒဟနလက္ခဏာ၊ သမ္ပသာဒနရသာ၊ အကာလုဿိယ ပစ္စုပ္ပဋ္ဌာနာ၊ သဒ္ဓေယျ ဝတ္ထု ပဒဋ္ဌာနာ။

သဒ္ဓါ သည် ယုံကြည်ခြင်း လက္ခဏာ၊ ကြည်လင်ခြင်း ကိစ္စ၊ မနောက်ကျ မညစ်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ ယုံကြည် ထိုက်သော ဝတ္ထု လျှင် ပဒဋ္ဌာန် ရှိ၏။

သတိ။ ။သရတီတိ သတိ=အောက်မေ့ တတ်သောကြောင့် သတိ မည်၏၊ မိမိ ပြုပြီး အမှု, ပြုထိုက်သော အမှု, ကုသိုလ်ရေး, ဘုရားဂုဏ် စသည်တို့ကို မမေ့သောအားဖြင့် ဖြစ်တတ်၏။

ထိုသတိသည် သမ္မာသတိ, မိစ္ဆာသတိဟု နှစ်မျိုးရှိရာ ဤ၌ သမ္မာ သတိကို ယူလေ၊ မကောင်းမှုကို သတိရခြင်းကား မိစ္ဆာ သတိတည်း၊ ကာရား ကိုယ်ကား အကုသိုလ် စိတ္တုပ္ပါဒ်တည်း၊ သမ္မာ သတိသည် အကုသိုလ်မှ စိတ်ကို စောင့်ရှောက်၍ ကုသိုလ် တရားတို့နှင့် ယှဉ်စပ် ပေးနိုင်၏၊ မင်း၏ အမှု အားလုံးကို ဆောင်ရွက်သော အမတ်ကြီး (ဝန်ကြီးချုပ်) နှင့် တူ၏။

> သတိ အပိလာပန လက္ခဏာ၊ အသမ္မောသရသာ၊ အာရက္ခ ပစ္စုပ္ပဋ္ဌာနာ၊ ထိရသညာ ပဒဋ္ဌာနာ။

သတိ သည် အမှတ်ရခြင်း လက္ခဏာ၊ မမေ့ပျောက်ခြင်းကိစ္စ၊ စောင့် ရှောက်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ မြဲသော သညာလျှင် ပဒဋ္ဌာန်ရှိ၏။

ဟိရီ။ ။ဟိရိယတီတိ ဟိရီ၊ ကာယ ဒုစရိုက် စသည်တို့မှ ရှက်တတ် သောကြောင့် ဟိရီမည်၏၊ အမျိုးကောင်း ချွေးမနှင့်တူ၏။

> ဟိရီ ပါပတော ဇိဂုစ္ဆန လက္ခဏာ၊ ပါပါနံ အကရဏရသာ၊ ပါပတော သင်္ကောစန ပစ္စုပ္ပဋ္ဌာနာ၊ အတ္တ ဂါရဝ ပဒဋ္ဌာနာ။

ဟိရီ သည် မကောင်းမှုမှ စက်ဆုပ်ခြင်း လက္ခဏာ၊ မကောင်းမှုကို မပြုခြင်း ကိစ္စ၊ မကောင်းမှုမှ တွန့်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ မိမိကိုယ်ကို ရိုသေ ခြင်းလျှင် ပဒဋ္ဌာန် ရှိ၏။

ဩတ္တပ္ပ။ ။ဩတ္တပ္ပတီတိ ဩတပ္ပံ၊ ကာယ ဒုစရိုက် စသည် တို့မှ လန့်တတ် သောကြောင့် ဩတ္တပ္ပ မည်၏၊ ယုတ်မာသော ပါး ဖြစ်တင် မည်ကို ကြောက်သဖြင့် မကောင်းမှုကို ရှောင်၍၊ ပြည့်တန်ဆာမ နှင့် တူ၏။

> ဩတ္တပ္ပံ ပါပတော ဥတ္တာသ လက္ခဏံ၊ ပါပါနံ အကရဏရသံ၊ ပါပတော သင်္ကောစန ပစ္စုပ္ပဋ္ဌာနံ၊ ပရဂါရဝ ပဒဋ္ဌာနံ။

ဩတ္တပ္ပသည် မကောင်းမှုမှ ထိတ်လန့်ခြင်း လက္ခဏာ၊ ထိတ်လန့်သဖြင့် မကောင်းမှုကို မပြုခြင်းကိစ္စ၊ မကောင်းမှုမှ တွန့်ခြင်း ပစ္စုပဋ္ဌာန်၊ သူတပါးကို လေးစားခြင်းလျှင် ပဒဋ္ဌာန်ရှိ၏။

ဤဟိရီ, ဩတ္တပ္ပတရား နှစ်ပါး တို့သည် လောကပါလ (လောက စောင့်) တရားများ ဖြစ်၏၊ ထိုတရားနှစ်ပါး၏ စောင့်ရှောက် မှုကြောင့် အမိ, နှမ, အဒေါ်, အရီး စသည်ဖြင့် အပိုင်း အခြား ထား၍ ကျင့်ကြံကြရသည်၊ ယနေ့ ဤတရား နှစ်ပါး ကွယ်သွားခဲ့မူ ယနေ့ ပင်လျှင် လူစင်စစ်က တိရစ္ဆာန် ဖြစ်ကြတော့မည် သာတည်း၊ ဤတရား နှစ်ပါးက လူ့လောကနှင့် တိရစ္ဆာန် လောကကို ခြားထား ပေ၏။

ထိုတရား နှစ်ပါးမှာ အတု အယောင်လည်း ရှိ၏၊ ရှက်သင့်သော အရာမှာ မရှက်ဘဲ မရှက်သင့် ရာမှာ ရှက်နေမှု၊ ကြောက်သင့် ရာမှာ မကြောက်ဘဲ မကြောက်သင့် ရာမှာ ကြောက်နေ မှုကား အတု အယောင် ပေတည်း။

သူတော်ကောင်းတို့သည် ဟိရီဖြင့် မိမိ၌, ဩတ္တပ္ပဖြင့် တပါးသော ကိုယ်စောင့်နတ် စသည်တို့၌ လေးစား၍ မကောင်းမှုမှ ရှောင်ကြဉ်ကာ မိမိကိုယ်ကို စင်ကြယ်အောင် ဆောင်ရွက်ကြသည်။

အလောဘ။ ။န လောဘော အလောဘော၊ လောဘ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်အလောဘမည်၏၊ လောဘသည် မိမိ၏ အကျိုး စီးပွါး ဖြစ်သော အာရုံတို့၌ ကပ်ငြိသည်၏ အစွမ်းအားဖြင့် ဖြစ်၏၊ အလောဘသည် ထိုအာရုံတို့၌ လောဘကို ဖျက်ဆီး၍ လောဘ၏ မှီရာ ဘဝပြည့်စုံမှု, ဘောဂပြည့်စုံမှုကို မစင်ပုံကြီးသဖွယ် တကယ်စက်ဆုပ်၍ ထွက်မြောက်တတ်သော နိက္ခမဓာတ် တခု ဖြစ်၏။

> အလောဘော အလဂ္ဂဘာဝ လက္ခဏော၊ အပရိဂ္ဂဟ ရသော၊ အနလ္လီယ ဘာဝ ပစ္စုပဋ္ဌာနော၊ လောဘ ပဟီန ပဒဋ္ဌာနော၊ ယောနိသော မနသိကာရ ပဒဋ္ဌာနောဝါ။

အလောဘ သည် ကြာရွက်မှာ တင်သော ရေကဲ့သို့ မကပ်ငြိခြင်း လက္ခဏာ၊ သံသရာဝဋ်မှ လွတ်ပြီး ရဟန္တာကဲ့သို့ သိမ်းဆည်းမှုမရှိခြင်း ကိစ္စ၊ မစင်တွင်း၌ ကျသူကဲ့သို့ မတွယ်တာသော ပစ္စုပဋ္ဌာန်၊ လောဘကို ပယ်ခြင်း ပဒဋ္ဌာန်ရှိ၏၊ သို့မဟုတ် ယောနိသောမနသိကာရ ပဒဋ္ဌာန်။

အလောဘသည် ကုသိုလ်၏ အကြောင်းရင်း မူလ တရား ဖြစ်၏၊ မစ္ဆေရ၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ဒါန၏အကြောင်းဖြစ်၏၊ လွန်ကဲ ပိုးမိုး၍ မယူတတ်၊ ပြိတ္တာဘုံ၌မဖြစ်၊ နေကွမသညာ, အသုဘသညာ၏ အကြောင်း ဖြစ်လေသည်၊ လူစည်းစိမ်, နတ်စည်းစိမ် တို့ကို ရသည်မှာ အလောဘ ကြောင့်ဖြစ်၏၊ လောဘဓာတ် ကိုယ်တွင် ကိန်းအောင်နေပါက သူတပါး အား မပေး မစွန့်နိုင်၊ အလောဘဓာတ် ကိန်း၍သာ ဒါနမှု ပြုနိုင်သည်၊ ဒါနပြုနိုင်သဖြင့် လူနတ်စည်းစိမ် အကျိုးကိုရ၏။

အဒေါသ။ ။န ဒေါသော အဒေါသော၊ ဒေါသ၏ ဆန့်ကျင်ဘက် ဖြစ်သော တရားသည် အဒေါသည်၏၊ ဒေါသသည် မိမိ၏ စိးပွါးမဲ့ ထင်မှတ်သော အာရုံတို့၌ ဖြစ်မှားသော အားဖြင့် ဖြစ်၏၊ အဒေါသမှုကား ထိုအာရုံတို့၌ပင် ဒေါသကိုဖျောက်၍ မြင်သမျှ သတ္တဝါ တွေ့မှာ လပြည့် ဝန်းကြီး ပမာ အေးမြ ကြည်သာသော စိတ်နှလုံးကို ဖြစ်စေတတ်သော အဗျာပါဒ ဓာတ်ကြီးတချဖြစ်၏၊ ပြဟ္မဝိဟာရ တရား များ၌ မေတ္တာဟု ခေါ်၏။

> **အဒေါသော** အစဏ္ဍိက္က လက္ခဏော၊အာဃာတ ဝိနယ ရသော၊ သောမ္မ ဘာဝ ပစ္စုပ္ပဋ္ဌာနော၊ ဒေါသပ္ပဟီနပဒဋ္ဌာနော၊ ယောနိသော မနသိကာရ ပဒဋ္ဌာနောဝါ။

အဒေါသ သည် မကြမ်းထမ်းခြင်း လက္ခဏာ၊ရန်ညှိုးကိုဖျောက်ခြင်း ကိစ္စ၊ ချေမ်းမှု ပစ္စုပ္ပဋ္ဌာန်၊ ဒေါသကို ပယ်ခြင်း, သို့မဟုတ် ယောနိသော မနသိကာရ ပဒဋ္ဌာန်ရှိ၏။

တတြ မဇ္ဈတ္တတာ။ ။တတြ တေသု တေသု သမ္ပယုတ္တ ဓမ္မေသု မဇ္ဈတ္တတာတတြမဇ္ဈတ္တတာ၊ထိုထိုသမ္ပယုတ် တရား တို့၌ လျစ်လျူ ရှုမှုသည် တတြ မဇ္ဈတ္တတာ မည်၏၊ အညီအမျှ ဖြစ်သော အာဇာနည်း မြင်းတို့ကို လျစ်လျူရှုသော ရထားထိန်း ကဲ့သို့ ညီညီမျှမျှ ဖြစ်သော သမ္ပယုတ် တရားတို့ကို လျစ်လျူ ရှုသော အားဖြင့် ဖြစ်၏၊ ပြဟ္မဝိဟာရ တရားမှာ ဥပေက္ခာဟု ခေါ်၏။

> **တတြ မဇ္ဈတ္တတာ** စိတ္တ စေတသိကာနံ သမဝါ ဟိတ လက္ခဏာ၊ ဥနာဓိကတာ နိဝါရဏ ရသာ၊ မဇ္ဈတ္တ ဘာဝ ပစ္စုပ္ပဋ္ဌာနာ၊ ယောနိသော မနသိကာရ ပဒဋ္ဌာနာ။

တတြ မဇ္ဈတ္တတာ သည် စိတ်စေတသိက် တို့ကို အမျှ ဖြစ်စေခြင်း လက္ခဏာ၊ ယုတ်မှု လွန်မှုကို တားမြစ်ခြင်း ကိစ္စ၊ ဗဟိုကျကျ စိတ်ထားခြင်း ပစ္စုပဋ္ဌာန်၊ ယောနိသောမနသိကာရ ပဒဋ္ဌာန်ရှိ၏။

ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ။ ။ကာယဿ ပဿဒ္ဓိ-ကာယပ္ပဿဒ္ဓိ၊ စိတ္တဿ ပဿဒ္ဓိ-စိတ္တပ္ပဿဒ္ဓိ, ဤ၌ ကာယအရ ဝေဒနာ,သညာ,သင်္ခါရက္ခန္ဓာ သုံးပါးကိုယူ၊ ဝေဒနာစသော ခန္ဓာ သုံးပါး၏ ငြိမ်းအေး ခြင်းသည် ကာယပ္ပဿဒ္ဓိ၊ စိတ်၏ ငြိမ်းအေး ခြင်းသည် စိတ္တပ္ပဿဒ္ဓိမည်၏၊ ဤတရားနှစ်ပါး အားနည်းပါက ကုသိုလ် ကောင်းမှု၌ စိတ်ချမ်းသာခွင့်ကို မရကြကုန်၊ ကုသိုလ်ကောင်းမှု၌လည်း စိတ်မဝင်စားကုန်၊ အလွန်ပူလှစွာသော ကျောက်ဖျာပေါ်မှာ တင်ထား အပ်သော ငါးသဖွယ်ဖြစ်၏၊ ထိုတရားနှစ်ပါး အားကောင်း သူတို့သာ ကုသိုလ် ကောင်းမှုတို့၌ စိတ်ချမ်းသာခွင့်ကို ရကြကုန်၏၊ အေးမြသော စမ်းရေ၌ ထည့်ထား အပ်သော ငါးနှင့် တူ၏။

ဤတရားနှစ်ပါးတို့သည် ကာယခေါ် နာမ်ခန္ဓာ သုံးပါး စိတ်ပူပန်မှု၏ ငြိမ်းခြင်းလက္ခဏာ၊ ကာယစိတ္တ ပူပန်မှုကို နှိမ်နင်းခြင်းကိစ္စ၊ ကာယစိတ္တ တို့၏ တုန်လှုပ်ခြင်းကင်း၍ အေးချမ်းခြင်း ပစ္စုပဋ္ဌာန်၊ ကာယစိတ္တလျှင် ပဒဋ္ဌာန် ရှိကုန်၏၊ ဥဒ္ဓစ္စကိလေသာ စသည်၏ ဆန့်ကျင်ဘက်ပေတည်း။

ကာယလဟုတာ၊ စိတ္တလဟုတာ။ ။ကာယဿ လဟုတာ-ကာယလဟုတာ၊စိတ္တဿ လဟုတာ-စိတ္တ လဟုတာ၊ ကာယ၏ ပေါ့ပါး မှုသည် ကာယ လဟုတာ မည်၏၊ စိတ်၏ ပေါ့ပါးမှုသည် စိတ္တ လဟုတာ မည်၏။

ဤစေတသိက် နှစ်ပါးတို့သည် ကာယစိတ္တ နှစ်ပါးတို့၏ လေးသော အဖြစ်၏ ငြိမ်းအေးခြင်း လက္ခဏာ၊ လေးသော အဖြစ်ကို နှိမ်နင်းခြင်း ကိစ္စ၊ ကာယ စိတ္တတို့၏ ပေါ့ပါးမှု ပစ္စုပဋ္ဌာန်၊ ကာယ စိတ္တလျှင် ပဒဋ္ဌာန် ရှိကုန်၏၊ထိနမိဒ္ဓ ကိလေသာ၏ ဆန့်ကျင်ဘက် တရားပေတည်း။

ဤစေတသိက်နှစ်ပါး အားနည်းသူတို့၏ စိတ်သည် ကုသိုလ်ကောင်း မှုတို့၌ တွန့်ဆုတ်နေ၏၊ ကျောက်ဖျာပူပေါ်၌ ထင်ထားအပ်သော ပဒုမာ ကြာပန်းနှင့်တူ၏၊ ဤစေတသိက်နှစ်ခု အားရှိသူတို့ကား ကုသိုလ်တို့၌ စိတ်ပြန့်နှံ့၏၊ ရေအေး၌ ထည့်ထား အပ်သော ပဒုမာကြာပန်းနှင့် တူ၏။

ကာယမုဒုတာ၊ စိတ္တမုဒုတာ။ ။ကာယဿ မုဒုတာ-ကာယမုဒုတာ၊ စိတ္တဿမုဒုတာ-စိတ္တမုဒုတာ၊ကာယ နှင့် စိတ္တ၏ နူးညံ့ မှုသည် အစဉ်အတိုင်း ကာယ မုဒုတာ, စိတ္တ မုဒုတာ မည်၏၊ ထို စေတသိက် နှစ်ခု အား‌နည်း သူတို့၏ စိတ်သည် ကုသိုလ် ကောင်းမှု၌ ထော်လော် ကန့်လန့်နိုင်၏၊ ရန်သူကြား ရောက်သွားသော စစ်ရဲနှင့်တူ၏၊ ထိုစေတသိက် နှစ်ခု အားရှိသူတို့၏ စိတ်သည် ကုသိုလ် ကောင်းမှု၌ နူးညံ့ ပြေပြစ်သည်၊ ဆွေမျိုး ချစ်တို့ အလယ် ရောက် သွားသော စစ်ရဲနှင့် တူ၏။

ထိုတရားနှစ်ပါးတို့သည် ကာယစိတ္တ၏ ကြမ်းထမ်းမှုကို ငြိမ်းစေခြင်း လက္ခဏာ၊ ကာယ စိတ္တတို့၏ ကြမ်းထမ်း မှုကို နှိမ်နင်းခြင်း ကိစ္စ၊ မထိ ပါးခြင်း ပစ္စုပ္ပဋ္ဌာန်၊ ကာယ စိတ္တလျှင် နီးသော အကြောင်း ပဒဋ္ဌာန် ရှိ‌ကုန်၏။

ကာယ ကမ္မညတာ၊ စိတ္တ ကမ္မညတာ။ ။ကာယဿ ကမ္မညတာ ကာယ ကမ္မညတာ၊ စိတ္တဿ ကမ္မညတာ စိတ္တ ကမ္မညတာ၊ ကာယ၏ အမှု၌ ကောင်းသော အဖြစ်သည် ကာယ ကမ္မညတာ မည်၏၊ စိတ်၏ အမှု၌ ကောင်းသော အဖြစ်သည် စိတ္တကမ္မညတာ မည်၏၊ ထိုစေတသိက် အားနည်း သူတို့၏ စိတ်သည် ကုသိုလ် ကောင်းမှုမှာ အလို ရှိတိုင်း တည်နေခွင့် မရ၊ လေ ထက်သို့ ဖွဲဆုပ်ကို ပက်သကဲ့သို့ဖြစ်၏၊ ထိုစေတသိက် အားရှိသူတို့ စိတ် မူကား ပုညကြိယာ၌ အလိုရှိတိုင်း တည်နေနိုင်၏၊ လေညာသို့ ပစ်အပ် သော ရွှေတုံးနှင့် တူ၏။

ဤစေတသိက် နှစ်ပါးတို့သည် ကာယစိတ္တ တို့၏ အမှု၌ မခံ့သော အဖြစ်ကို ငြိမ်းစေခြင်း လက္ခဏာ၊ နှိပ်နင်းခြင်း ကိစ္စ၊ ကာယ စိတ္တတို့၏ အာရုံပြုမှု ပြည့်စုံခြင်း ပစ္စုပ္ပဋ္ဌာန်၊ ကာယစိတ္တလျှင် နီးသော အကြောင်း ပဒဋ္ဌာန် ရှိကုန်၏။

ကာယပါဂုညတာ၊ စိတ္တပါဂုညတာ။ ။ကာယဿပါဂုညတာ ကာယ ပါဂုညတာ၊စိတ္တဿပါဂုညတာ စိတ္တပါဂုညတာ၊ကာယ၏ ကျွန်းမာသောအဖြစ်သည် ကာယပါဂုညတာ၊ စိတ်၏ကျွန်းမာသောအဖြစ်သည် စိတ္တပါဂုညတာမည်၏။ထိုစေတသိက်

နှစ်ပါး အားမရှိ သူတို့၏ စိတ်သည် ဂုသိုလ်ကောင်းမှု၌ တုန်လှုပ်၏၊ ရေနုတ်ထဲ၌ ပင်ချထားသော မျောက်နှင့်တူ၏၊ ထိုနှစ်ပါး အားရှိသူတို့ စိတ်မူကား ရေနုတ်၌ ပင်ချ ထားသော မိကျောင်း ကဲ့သို့ ကုသိုလ် ကောင်းမှု၌ မတုန်လှုပ် ပါလေ။

ထို့ကြောင့် နှစ်လုံး တို့သည် ကာယ စိတ္တ တို့၏ ကျန်းမာသော အဖြစ်လျှင် လက္ခဏာ၊ မကျန်းမာမှုကို နှိမ်နင်းခြင်းကိစ္စ၊ အပြစ် မရှိခြင်း ပစ္စုပ္ပဋ္ဌာန်၊ ကာယစိတ္တလျှင် ပဒဋ္ဌာန် ရှိကုန်၏။

ကာယုဇုကတာ၊ စိတ္တုဇုကတာ။ ။ကာယသာ ဥဇုကတာ ကာယုဇုကတာ၊ စိတ္တသ ဥဇုကတာ စိတ္တုဇုကတာ၊ ကာယ၏ ဖြောင့်ဖြောင့် ဖြစ်မှုသည် ကာယုဇုကတာ မည်၏၊ စိတ်၏ ဖြောင့်ဖြောင့် ဖြစ်မှုသည် စိတ္တုဇုကတာ မည်၏။

ထို့ကြောင့် နှစ်ပါး အားမရှိသူတို့၏ စိတ်သည် ကောင်းမှု၌ မညီ ညွတ်သော ဖြစ်ခြင်းရှိ၏၊ တခါတရံ ဆုတ်နစ်၏၊ တခါတရံ ပျံလွင့်၏၊ တခါတရံ ညွတ်၏၊ တခါတရံ တက်ကြွ၏၊ အရက်မူးသမား ခရီးသွား သကဲ့သို့ ပင်တည်း၊ ထို့ကြောင့် နှစ်ပါး အားရှိသူ၏ စိတ်မူကား ကုသိုလ်မှု၌ ညီညီ ညွတ်ညွတ် ဖြစ်၏။

ထို့ကြောင့် နှစ်ခုတို့သည် ကာယစိတ္တတို့၏ ဖြောင့်ဖြောင့်ဖြစ်ခြင်း လက္ခဏာ၊ ကောက်သော အဖြစ်ကို နှိမ်နင်းခြင်းကိစ္စ၊ မကောက်သော အဖြစ်လျှင် ပစ္စုပ္ပဋ္ဌာန်၊ ကာယ စိတ္တလျှင် ပဒဋ္ဌာန် ရှိကုန်၏။

ဤစကား ရပ်၌ စိတ္တပဿဒ္ဓိ စသည်ကို ဆိုလျှင်ပင် ပြီးပါလျက် ကာယပဿဒ္ဓိ စသည်ကို ဆိုခြင်းသည်ကား ထိုကာယပဿဒ္ဓိ စသည် တို့၏ အစွမ်း အားဖြင့် ရူပကာယ၏လည်း ပဿဒ္ဓိ စသည် ဖြစ်၏ဟု ပြခြင်းငှါ ဆိုသတည်း။

ထိုထို သုတ်ပါဠိများကို နားထောင်ရ၍ မကျန်းမာရာမှ ထသောအခါ စသည်တို့၌ ရူပကာယ၏ ငြိမ်းအေးသော အဖြစ်သည်ရင်း, တန်ခိုးရှင် တို့၏ တန်ခိုးဖြင့် ကောင်းကင်မှာသွားရာအခါစသည်တို့၌ ရူပကာယ၏ ပေါ့ပါးသော အဖြစ်သည်ရင်း, ကိုယ်ကို သေးအောင်, ကြီးအောင် ဖန်ဆင်းရာ၌ ရူပကာယ၏ နူးညံ့သော အဖြစ်သည်ရင်း, မြေအတွင်း

တောင် အတွင်း တို့၌ မငြိ မကပ်ဘဲ သွားသော အခါ စသည် တို့၌ ရူပကာယ၏ အမှု၌ ခန့်သော အဖြစ်သည်ရှင်း, နဂါး သဏ္ဌာန်, ဂဠုန် သဏ္ဌာန် ဖန်ဆင်းခြင်း စသည်တို့၌ ရူပကာယ၏ ကျွန်းမာသော အဖြစ် သည်ရှင်း, (ဝါ) စွမ်းနိုင်မှု သည်ရှင်း, ထိုထို အခြင်း အရာဖြင့် ဖန်ဆင်း ထားသည့် အတိုင်း ရှည်ကြာ လေးမြင့်စွာ တည်ခဲ့သော် ရူပကာယ၏ ဖြောင့်မတ်သော အဖြစ်သည်ရှင်း, ထင်ရှား လေသည်။

ထိုတဆဲ့ ကိုးပါးသော စေတသိက်တို့သည် သောဘန စိတ်တို့နှင့် ဆက်ဆံ သောကြောင့် သောဘန သာဓာရဏ စေတသိက် မည်ကြ လေသည်။

ဝိရတီစေတသိက် ၃-လုံး

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။

သမ္မာ ဝါစာ။　။သမ္မာဝဒန္တိ ဧတာယာတိ သမ္မာဝါစာ၊ သုန္ဒရာ ဝါစာဝါ သမ္မာဝါစာ၊ ကောင်းသော စကားကို ပြောဆိုချင်သော စေတနာသည်ရှင်း, ကောင်းစွာ ဆိုအပ်သောစကား သည်ရှင်း သမ္မာဝါစာ မည်၏။

ကထာဝါစာ, စေတနာဝါစာ, ဝိရတိဝါစာဟု သုံးမျိုး ရှိရာ အကျိုး အကြောင်းစပ်၍ ကောင်းစွာ ဆိုအပ်သော စကားသည် ကထာ သမ္မာ ဝါစာ မည်၏၊ ထိုကထာ ဝါစာကို ဖြစ်စေတတ်သော ကုသိုလ်ကြိယာ စေတနာသည် စေတနာ သမ္မာဝါစာ မည်၏၊ မုသာဝါဒ ဝေရမဏီ စသော သိက္ခာပုဒ်ကို ဆောက်တည်ဆဲ ဖြစ်သူအားရှင်း, ဓိဋ္ဌာန်ဆဲ ဖြစ်သူအားရှင်း, မိမိရှေ့မှောက် ရောက်လာသော ဝတ္ထုကို မလွန်ကျူး သူအားရှင်း မကောင်းမှုကို ကြဉ်ရှောင်သော အခြင်းအရာဖြင့် စိတ်ဖြစ် ခြင်းသည် ဝိရတိသမ္မာဝါစာမည်၏။ ဝိရတိသမ္မာဝါစာကို ဤ၌ယူလေ။

သမ္မာဝါစာ သည် ဝစီဒုစရိုက် ဝတ္ထု တို့ကို မလွန် ကျူးခြင်း လက္ခဏာ၊ ဝစီဒုစရိုက် ဝတ္ထုမှ တွန့်ဆုတ်ခြင်း ကိစ္စ၊ မပြုခြင်း ပစ္စုပဋ္ဌာန်၊ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ စသော ဂုဏ်လျှင် နီးသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

သမ္မာကမ္မန္တ။ ။သမ္မာ ပဝတ္တော ကမ္မန္တော = သမ္မာ ကမ္မန္တော၊ ကောင်းစွာ ဖြစ်သော အမှုသည် သမ္မာ ကမ္မန္တ မည်၏၊ ထိုသည်လည်း ဉာဏ,စေတနာ,ဝိရတိ အားဖြင့် သုံးပါးရှိ၏၊ ထိုသုံးပါးတွင် အပြစ် ကင်းသော အမှုကို ပြုသူ၏ ကိုယ် အမူအရာဖြင့် ပြုမှုသည် ဉာဏကမ္မန္တ မည်၏၊ ထိုဉာဏ ကမ္မန္တကို ပြုလုပ်ဖြစ်အောင် တိုက်တွန်းသော စေတနာသည် စေတနာ ကမ္မန္တ မည်၏၊ ပါဏာတိပါတ စသော သိက္ခာ ပုဒ်တို့ကို ဆောက်တည် သူအားရင်း, မည်သည့် အခါမှ မပြုပါ အဓိဋ္ဌာန် သူအားရင်း, မိမိရှေ့မှောက် လက်တွေ့ရောက် နေသည့်ကို မလွန်ကျူး သူအားရင်း ရှောင်ကြဉ်စိတ် ဖြစ်ခြင်းသည် ဝိရတိ သမ္မာကမ္မန္တ မည်၏။ ဤ၌ ဝိရတိသမ္မာကမ္မန္တကိုယူ။

သမ္မာကမ္မန္တ သည် ကာယဒုစရိုက် ၃ပါး တို့ကို မလွန် ကျူးခြင်း လက္ခဏာ၊ ထိုဟို တွန့်ဆုတ်ခြင်း ကိစ္စ၊ ထိုကို မပြုခြင်း ပစ္စုပ္ပဋ္ဌာန်၊ သဒ္ဓါ, ဟိရီ စသော ဂုဏ်လျှင်ပဒဋ္ဌာန်ရှိ၏။

သမ္မာအာဇီဝ။ ။သုန္ဒရော အာဇီဝေါ=သမ္မာအာဇီဝေါ၊ ကောင်းသော အပြစ်ကင်းသော အသက်မွေးခြင်းသည် သမ္မာအာဇီဝ မည်၏၊ ထိုသည် ဉာဏ, ဝိရတိ အားဖြင့် နှစ်မျိုးရှိ၏၊ ထိုတွင် ပင်ကိုယ် အားဖြင့် အပြစ် မရှိသော လယ်လုပ်ခြင်း စသော အမှုကိုပြု၍ အသက် မွေးသူ တို့၏ ထထ ကြွကြွ ရှိမှု ဟူသော လုံ့လသည် ဉာဏ သမ္မာအာဇီဝ မည်၏၊ အသက် မွေးမှုကို အကြောင်း ပြုကာ မိမိ၏ သီလ ပျက်စီးကြောင်း ဖြစ်သော ကာယ ဒုစရိုက်, ဝစီ ဒုစရိုက် စသည်ကို ပွန်သူတို့၏ ၁ နှ ၁နှ၌ ရှောင်ကြဉ်စိတ် ဖြစ်ခြင်းသည် ဝိရတိ အာဇီဝ မည်၏။ ဤ၌ ဝိရတိ သမ္မာအာဇီဝကိုယူ။

သမ္မာအာဇီဝ သည် ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးကို မလွန်ကျူးခြင်းလက္ခဏာ၊ ထိုဝတ္ထုများမှ တွန့်ဆုတ်ခြင်း ကိစ္စ၊ ထိုတို့ကို မပြုခြင်း ပစ္စုပ္ပဋ္ဌာန်၊ သဒ္ဓါ, ဟိရီ စသည့်လျှင် နီးသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

သမ္မာဝါစာ,သမ္မာကမ္မန္တသည် အသက်မွေးမှုကိုမငဲ့၊ အသက်မွေးမှု နှင့် မဆိုင်သော လိမ်ပြောမှု စသည်၊ ခြင်,ယင် သတ်မှု စသည်ကို ပြုမှု

သမ္မာဝါစာ,သမ္မာကမ္မန္တပျက်၍၊ သမ္မာအာဇီဝမပျက်၊ လူတယောက်ကို ငွေကြေးပေး၍ လိမ်ပြောစေခြင်း စသည်နှင့် ခြင်ယင် အကောင်တရာ သေလျှင် ပြားအစိတ် ပေးမည် ပြောသဖြင့် သတ်ခြင်း စသည်ကား အသက် မွေးမှုကို ငဲ့၍ သမ္မာ အာဇီဝလည်း ပျက်သည်၊ အသက် မွေးမှု အတွက် မဟုတ်မူ၍ ဆင်ကြီးကိုဘဲ သတ်မိသည် ဖြစ်စေ သမ္မာအာဇီဝ မပျက်ဟုမှတ်။

ရှောင်ကြဉ် ခြင်းကို ဝိရတိ ခေါ်၏၊ ထိုသည် သမ္ပတ္တ, သမာဒါန, သမုစ္ဆေဒ အားဖြင့် သုံးမျိုးရှိရာ မဆောက်တည်ဘဲ မျက်မှောက်ရောက် လာသည့် ဒုစရိုက်ကို ပယ်သည်ကား သမ္ပတ္တ ဝိရတိ၊ ဆောက်တည် ထား၍ ဒုစရိုက်ကိုပယ်သည်ကား သမာဒါနဝိရတိ၊မဂ်ကိုရ၍ဒုစရိုက်ကို အရင်းအမြစ် မကျန် ပယ်သည်ကား သမုစ္ဆေဒ ဝိရတိမည်၏၊သမုစ္ဆေဒ ဝိရတိ ဖြစ်ပေါ်လာချိန်မှစ၍ အရိယာတို့၏ သန္တာန်မှာ သတ္တဝါတို့အား သတ်လိုစိတ် မရှိတော့ပြီ၊ ထိုစေတသိက် သုံးလုံး တို့သည် လောကီ စိတ်မှာ တပြိုက်နက်တည်းမဖြစ်ကြ၊ သမ္မာဝါစာဖြစ်ပေမဲ့ သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဖြစ်ချင်မှ ဖြစ်သည်၊ ခါတိုင်လည်း မဖြစ်ကြ၊ သမ္မာဝါစာ ဆိုလျှင် ဆိုင်ရာဒုစရိုက်ကို ကြဉ်သောအခါသာဖြစ်သည်၊ မကြဉ်သော အခါမဖြစ်၊ လောကုတ္တရာမဂ် ခဏ၌ မူကား စိတ်တခုတည်း မှာသာ အကုန်လုံး တပေါင်းတည်း ဖြစ်ကြသည်။

အပ္ပမညာ စေတသိက် ၂-လုံး

ကရုဏာ၊ မုဒိတာ၊

ကရုဏာ။ ။ပရဒုက္ခေသတိ ကာရုဏိကာနံ ဟဒယခေဒံ ကရောတီတိ ကရုဏာ၊ သူတပါး ဆင်းရဲဒုက္ခ ဖြစ်နေခဲ့သော် သနားတတ် သူတို့အား စိတ်ပင်ပန်းအောင် ပြုတတ်သောကြောင့် ကရုဏာ မည်၏၊ တနည်း အားဖြင့် ပရဒုက္ခံ ကိရတိ အပနေတီတိ ကရုဏာ၊ တဦးသူ၏ ဆင်းရဲကို ပယ်တတ်သောကြောင့် ကရုဏာ မည်၏။

ထို ကရုဏာက သူတပါး ဒုက္ခကို ပယ်နိုင်သည် ဖြစ်စေ, မပယ်နိုင် သည်ဖြစ်စေ လိုရင်းမဟုတ်၊ သူတပါးဒုက္ခကို ပယ်လိုသော အခြင်းအရာ အားဖြင့် ဖြစ်လျှင်ပင် ကရုဏာ အမည်ရမှု ပြည့်စုံ လေသည်။

ကရုဏာ သည် သူတပါး ဒုက္ခကိုပယ်သောအခြင်းအရာဖြင့်ဖြစ်ခြင်း လက္ခဏာ၊ ထိုဒုက္ခကို ကြည့်မနေ နိုင်ခြင်း ကိစ္စ၊ မညှဉ်းဆဲခြင်း ပစ္စုပ္ပဋ္ဌာန်၊ ဒုက္ခခံရ သူတို့၏ ကိုးစားရာ မရှိမှုလျှင် ပဒဋ္ဌာန်ရှိ၏။

မုဒိတာ။ ။ပရ သမ္ပတ္တိံ ဒိသွာ မောဒန္တိ ဧတာယာတိ မုဒိတာ၊ သူတပါး၏ ပြည့်စုံမှုကို မြင်၍ ဝမ်းမြောက်တတ်သောကြောင့် မုဒိတာ မည်၏။

မုဒိတာ သည် ဝမ်းမြောက်ခြင်း လက္ခဏာ၊ မနာလိုမရှိမှုကိစ္စ၊ မနှစ်သက်မှုကို ပယ်ဖျောက်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ သတ္တဝါတို့၏ ပြည့်စုံမှုကို တွေ့မြင် ရခြင်းလျှင် ပဒဋ္ဌာန်ရှိ၏။

ကရုဏာကား ဒုက္ခိတ သတ္တဝါကို အာရုံပြု၏၊ မုဒိတာကား သုခိတ သတ္တဝါကို အာရုံ ပြု၏၊ ထို စေတသိက် နှစ်လုံးသည် အရေ အတွက် ပမာဏ မရှိသော သတ္တဝါကို အာရုံပြု၍ ဖြစ်သောကြောင့် အပ္ပမညာ မည်၏။

ဗြဟ္မဝိုရ်တရား လေးပါးကို ထောက်၍ အပ္ပမညာ စေတသိက် လေးလုံး ဖြစ်သင့်သော်လည်း အထက်၌ ပြခဲ့သော သောဘန သာဓာရဏ စေတသိက် များတွင် အဒေါသဖြင့် မေတ္တာကို၊ တတြ မဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူပြီးသည်ဖြစ်၍ စေတသိက် ၂-လုံးသာ ဆိုသည်။

အဒေါသသည် သတ္တဝါ တို့၌ အကျိုးစီးပွါးကို လိုလားသော အစွမ်းအားဖြင့်ဖြစ်သောကြောင့်မေတ္တာမည်၏၊တတြမဇ္ဈတ္တတာသည် ဒေါသနှင့် လောဘ တို့ကို ငြိမ်းအေး စေသော အစွမ်းဖြင့် ဖြစ်သောကြောင့် ဥပေက္ခာမည်၏။

အဗျာပါဒေန မေတ္တာဟိ၊ တတြမဇ္ဈတ္တ တာယစ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘော။

အဗျာပါဒဖြင့် မေတ္တာကိုယူ၊ တတြ မဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူသောကြောင့် အပ္ပမညာ စေတသိက်ကို နှစ်ပါးသာ ဆို၏။

ပညာ။　။ပကာရေန ဇာနာတီတိ ပညာ=အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏၊ သိသော အရာတွင် အခြားတရားတွေထက် ထူးကဲသာလွန်၍သိသဖြင့် အဓိုးတရဖြစ်သောကြောင့် ပညိန္ဒြေဟု ခေါ်၏၊ ပညိန္ဒြေနှင့် အမောဟ အတူတူမှတ်၊ လေးပါးသော အရိယ သစ္စာတို့၌ မောဟ ဟူသော အမိုက် အတိုက် ကြီးကို ဖျက်ဆီးလျက် လ, နေ အထောင် တက်ထွန်း လာသကဲ့သို့ ဝိဇ္ဇာ မည်သော အမောဟသည် ဖြစ်ပေါ်၍ လာ၏။

အမောဟခေါ် ပညာသည် ထွန်လင်းခြင်း လက္ခဏာရှိ၏၊ လေးဘက်လေးတန် ကျောက်ပြားများဖြင့် ကာရံထားသောအိမ်၌ ညဉ့်အခါ၌ဝယ် ဆီမီး (အင်ကြင်မီး) ထွန်းညှိ လိုက်သော် အမှောင် ပျောက်၍ အလင်းရောက်သကဲ့သို့တည်း။ ပညာနှင့်တူသောအရောင်မည်သည်မရှိ၊ မှန်၏၊ ပညာရှင် တဦးသည် တခုသော ပလ္လင်ဖြင့် ထက်ဝယ် ဖွဲ့ခွေ ထိုင်နေပါက တသောင်းသော လောကဓာတ်မှာ တခုသော ပညာ ဟူသော အလင်းရောင်ဖြင့် လွှမ်းမိုး ထိန်လင်း နေ၏။

ပညိာ သည် အပြား အားဖြင့် သိခြင်း လက္ခဏာ ရှိ၏၊ တည်ရာကို ထွန်းလင်းအောင်ပြုခြင်းကိစ္စရှိ၏၊ မတွေဝေခြင်းလျှင် ယောဂီဉာဏ်မှာ ရှေ့ရှုထင်၏၊ သမာဓိလျှင် နီးသော အကြောင်းရှိ၏။

သညာ, ဝိညာဏ်, ပညာ သိ အထူး

သညာ ကား အညို, အရွှေ စသည်ဖြင့် သိရုံမျှ သိ၏၊ အနိစ္စ စသော လက္ခဏာ အားဖြင့် သိမှုကို မပြုနိုင်။

ဝိညာဏ် ကား အမှတ်ပြု သိရုံ မျှလည်း သိ၏၊ လက္ခဏာ သိလည်း သိ၏၊ လုံ့လ ပြု၍ မဂ်သို့ ရောက်စေအောင်ကိုကား မတတ်နိုင်။

ပညာ ကား သိရုံ မျှလည်း သိ၏၊ လက္ခဏာ အားဖြင့်လည်း သိ၏၊ မဂ်သို့လည်း ရောက်အောင် စွမ်းဆောင်နိုင်၏။

ဤသို့အားဖြင့် သောဘဏ သာဓာရဏ စေတသိက် ၁၉–ခု၊ ဝိရတိ စေတသိက် ၃–ခု၊ အပ္ပမညာ စေတသိက် ၂–ခု၊ ပညိန္ဒြေ စေတသိက် ၁–ခု၊ဤ ၂၅–ခုသောစေတသိက်ကို သောဘနစိတ်နှင့်ယှဉ်၍ သောဘန စေတသိက်ဟု ခေါ်၏။

သမ္ပယောဂ ၁၆-နည်း

သမ္ပယောဂနည်း ဟူသည် စေတသိက်ဖြင့် စိတ်ကို ပိုင်းခြား ရေတွက်သော နည်းဖြစ်၏။

ထိုသည်	သဗ္ဗစိတ္တ သာဓာရဏ	၇-လုံး	၁-နည်း
	ပကိဏ်း	၆-လုံး	၆-နည်း
	အကုသိုလ်	၁၄-လုံး	၅-နည်း
	သောဘန	၂၅-လုံး	၄-နည်း

အားဖြင့် ပေါင်း ၁၆-နည်း ဖြစ်၏။

ထိုတွင် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-လုံးကား စိတ်အားလုံးမှာ ညီတူ ယှဉ်နိုင် ကြ၍ သမ္ပယောဂနည်း တမျိုးသာရ၏။

ပကိဏ်းစေတသိက် ၆-လုံးတွင်

ဝိတက် သည် ဒွေးပဉ္စဝိညာဏ် ၁၀-ခု ကြဉ်သော ကာမစိတ် ၄၄-ခု၊ ပဌမဈာန် ၁၁-ခု အားဖြင့် စိတ် ၅၅-ခု၌ ယှဉ်၏၊ ဒွေး ၅-ခု၌ မယှဉ်သည်မှာ ဈာနင်ကိစ္စ ကင်း၍ စိတ်အားလုံးအောက် အားနည်းသောကြောင့်ဖြစ်၏၊ ဒုတိယဈာန်စသည်တို့၌ မူကား ဝိတက်ကဘာဝနာ အားနည်း၍ ဒုတိယဈာန် စသည်ကား ဘာဝနာ အားကြီးသောကြောင့် ဖြစ်၏။

ဝိစာရ သည် ဒွေးပဉ္စဝိညာဏ် ၁၀-ခု ကြဉ်သော ကာမစိတ် ၄၄-ခု၊ ပဌမဈာန် ၁၁-ခု၊ ဒုတိယဈာန် ၁၁-ခု အားဖြင့် စိတ်ပေါင်း ၆၆-ခု၌ ယှဉ်၏။

အဓိမောက္ခ သည် ဒွေးပဉ္စဝိညာဏ် ၁၀-ခုနှင့် ဝိစိကိစ္ဆာ ကြဉ်သော စိတ်ပေါင်း ၇၈-ခု၌ ယှဉ်၏၊ အဓိမောက္ခက ဝိစိကိစ္ဆာစိတ်ကို ကြဉ်ရသည်မှာ အဓိမောက္ခက ဆုံးဖြတ်ခြင်း လက္ခဏာရှိ၍ မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာစိတ်၌ မဖြစ်သောကြောင့် ကြဉ်ရ၏။

ဝီရိယ သည် ပဉ္စဒွါရာဝဇ္ဇန်း ဒွေးပဉ္စဝိညာဏ် ၁၀-ခု၊ သမ္ပဋိစ္ဆိုင်း ဒွေး သန္တီရဏ သုံးခု ကြဉ်သော ၇၃-ပါးသော စိတ်၌ဖြစ်၏၊ ဝီရိယက ဗိုလ်တရားဖြစ်၍ အားသေးသော ပဉ္စဒွါရာဝဇ္ဇန်းစသော ၁၆-ပါးသော စိတ်တို့၌ မဖြစ်သောကြောင့် ကြဉ်ရ၏။

ပီတိသည် ဒေါ-ဒွေး၊ဥပေက္ခာ ၅၅-ခု၊စတုတ္ထဈာန် ၁၁-ခု ကြဉ်သော ၅၁-ပါးသော စိတ်၌ ယှဉ်၏၊ ပီတိက နှစ်သက်ခြင်း သဘော ရှိသော ကြောင့် ဒေါမနဿ ဥပေက္ခာ တို့၌ မဖြစ်၊ စတုတ္ထ ဈာန်၌ ပီတိက ဘာဝနာ အားနည်း၍ မလိုက်နိုင်သောကြောင့် ကြဉ်ရ၏။

ဆန္ဒ သည် အဟိတ်စိတ် ၁၈-ခု၊မော-ဒွေး ကြဉ်သော ၆၉-ပါးသော စိတ်၌ ဖြစ်၏၊ ဆန္ဒကား အလို ရှိခြင်း သဘောနှင့် တကွ ဖြစ်၍ အလို အာသာ ကင်းသော အဟိတ်စိတ်, မော-ဒွေး တို့၌မဖြစ်။

ပကိဏ်းစေတသိက် ယှဉ် အချုပ်

စေတသိက်	ယှဉ်	ကြဉ်	
ဝိတက်	၅၅	၆၆	စိတ်ကျယ်
ဝိစာရ	၆၆	၅၅	ကျယ်
အဓိမောက္ခ	၇၈	၁၁	ကျဉ်း
ဝီရိယ	၇၃	၁၆	ကျဉ်း
ပီတိ	၅၁	၇၀	ကျယ်
ဆန္ဒ	၆၉	၂၀	ကျဉ်း

အကုသိုလ် စေတသိက် သမ္ပယောဂ ၅-နည်း

မော စတု (မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ) သည် အကုသိုလ် ၁၂-ခုလုံးမှာ ယှဉ်၏၊ ဤလေးခုကို အကုသလသာဓာရဏ စေတသိက် ဟု ခေါ်၏၊ အကုသိုလ်စိတ်သည် ဤစေတသိက် လေးခုနှင့်ကင်း၍မဖြစ်၊ ဤလေးခုသော စေတသိက် သည်လည်း မကောင်းမှုမှာ အပြစ်မြင်သူ၏ သန္တာန်၌ မဖြစ်၊ ကုသိုလ် တရားတို့၌ ဆောက်တည် ထားသူတို့၏ သန္တာန်၌လည်းမဖြစ်၊ သို့ဖြစ်၍ အကုသိုလ်စိတ် အားလုံးမှာ ယှဉ်ကြ၏။

ပုထုဇဉ် သတ္တဝါတွေသည် အကုသိုလ်၌ အပြစ်မမြင် အသိဉာဏ် မဝင်ကြ၍ သူ့အသက်ကို သတ်ကြသည်၊ ခိုးကြ, တိုက်ကြ, မိုက်ကြသည်၊ ဒုစရိုက် မှုတွေ မကြောက်လို့ မလန့် မထိပ်လို့ ပြုကြသည်၊ စိတ် တည် ကြည် ငြိမ်သက်မှု မရှိသဖြင့် မကောင်းမှု အမျိုးမျိုး ပြုမိကြသည်၊ အကုသိုလ်အမှု မှန်သမျှ အပါယ် ဆင်းရဲ၏ အကြောင်း တွေဟု မသိ၍ ပြုကြသည်သာ၊ ခံရမည့် ဒုက္ခကြီးကို မြင်နေပါက မည်သူသည် အဘယ် မကောင်းမှုကို ပြုရဲတော့ အံ့နည်း။

လောဘ, ဒိဋ္ဌိ, မာန စေတသိက် သုံးခုကို လော တြိ ဟု မှတ်၊ ထို စေတသိက် သုံးလုံးတွင် လောဘသည် လောဘမူစိတ် ၈-ခု၌၊ ဒိဋ္ဌိသည် ဒိဋ္ဌိဂတ သမ္ပယုတ် ၄-ခု၌၊ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ယှဉ်၏။

ဒိဋ္ဌိ နှင့် မာန စေတသိက်သည် ခန္ဓာ တို့၌ သာယာ မှုကို မလွှတ်ဘဲ ခန္ဓာတို့၌ သုံးသပ်လျက်ဖြစ်၍ လောဘမူစိတ်မှာ ယှဉ်သည်။ ထို ၂-လုံး တွင် ဒိဋ္ဌိသည် ခန္ဓာတို့၌ အတ္တဟု စွဲယူ၍ ထိုအတ္တကို နိစ္စစသော အမှား သဘော ဖြင့် သုံးသပ်လျက် ဖြစ်၏၊ မာန မူကား ခန္ဓာတို့ကို ငါ, ငါဟု မြဲစွာ စွဲယူ၍ ထိုငါ့ယူ အပ်သော အခြင်း အရာ ကိုပင် သေယျမာန် အစ ရှိသည်ဖြင့် စွဲလမ်းလျက် ဖြစ်၏၊ ဒိဋ္ဌိ နှင့် မာနသည် လောဘမူမှာ ယှဉ် သော်လည်း စွဲယူပုံ ကွဲကြသည်။

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကို ဒေါ စတု ဟု မှတ်၊ ဤလေးလုံးသည် ဒေါသ ဒွေး၌ ယှဉ်၏။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ဒေါ ဒွေး၌ ယှဉ်သည်မှာ ဣဿာဖြင့် သူတပါး ပြည့်စုံမှုကို မနာလိုသူအားရင်း, မစ္ဆရိယ ဖြင့် မိမိပိုင် ပစ္စည်း၏ အခြား သူနှင့် ဆက်ဆံ မှုကို မလိုသူ အားရင်း, ကုက္ကုစ္စဖြင့် ပြုပြီး ဒုစရိုက် မပြုမိ ခဲ့သော သုစရိုက် များကို တွေး၍ ဆွေးနေသူ အားရင်း ထို စေတသိက် တို့၏ ထိုထို အာရုံ၌ ထိပါး ညှဉ်းဆဲ သည်၏ အစွမ်း အားဖြင့် ဖြစ်လေသောကြောင့် ထို စေတသိက် သုံးလုံးတို့ ဒေါ-ဒွေးမှာ ဖြစ်ကြ လေသည်။

ထိနမိဒ္ဓသည် သသင်္ခါရိက ငါးခုမှာ ယှဉ်၏၊ ထိနမိဒ္ဓ တို့သည် အမှု လုပ်ရာ၌ ထက်ထက် မြက်မြက်မရှိ၊ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်၏၊ သဘော ထက်မြက်သော အသင်္ခါရိကစိတ်တို့၌ မဖြစ်နိုင်ပေ၊ သို့အတွက် သသင်္ခါရိက ၅-ခုမှာဖြစ်၏ဟုဆို၏။ ဝိစိကိစ္ဆာ စေတသိက်မူကား သံသယသဘော ရှိသော ဝိစိကိစ္ဆာ စိတ်မှာသာ ယှဉ်၏။

မော–စတု	၁-နည်း
လော–တြိ	၁-နည်း
ဒေါ–စတု	၁-နည်း
ထိနမိဒ္ဓ	၁-နည်း
ဝိစိကိစ္ဆာ	၁-နည်း အားဖြင့် ၅-နည်း။

သောဘန စေတသိက် သမ္ပယောဂ ၄-နည်း

သောဘန စေတသိက် ၁၉-လုံးသည် သောဘနစိတ် ၅၉-ခုမှာ ယှဉ်၏။
ဝိရတိ စေတသိက် ၃-လုံးသည် လောကုတ္တရာ စိတ် ၈-ခု၊ ကာမာဝစရ ကုသိုလ် ၈-ခု အားဖြင့် ၁၆-ပါးသော စိတ်မှာ ယှဉ်၏။ လောကုတ္တရာ၌ အမြဲတပေါင်းတည်း ယှဉ်၏၊ ကာမာဝစရ ကုသိုလ်၌ တရံတခါသာ ယှဉ်၏၊ တပေါင်းတည်းလည်း မယှဉ်၊ အသီးအသီးသာ ယှဉ်၏။

ဝိရတိ တို့သည် အာရုံ ကွဲပြားကြ သော်လည်း မဂ်ဖိုလ်စိတ် တခု တည်းမှာ တပေါင်းတည်း ယှဉ်နိုင်ကြ သည်ကား တခုသော မဂ္ဂင်ဖြင့် ကာယဒုစရိုက် စသည် တို့ကို တချိန်တည်းမှာ အကြွင်းမဲ့ ဖြတ်လေ သောကြောင့်ရင်း, ဖိုလ်အင်္ဂါဖြင့်လည်း ထိုကာယဒုစရိုက် စသည်ကို ငြိမ်းစေဘတ် သောကြောင့်ရင်း မဂ်စိတ် ဖိုလ်စိတ်မှာ အမြဲ တပေါင်း တည်း ယှဉ်နိုင်ကြ လေသည်။

ဝိရတိ တို့ကို မဂ်စိတ်မှာ အမြဲ ရအပ်ပါလျက် ပဥ္စင်္ဂိကော မဂ္ဂေါဟု ဟောတော် မူသည်ကား ဈေးမဆွကလျှင် အချိန်ကြာမြင့်စွာ ဒုစရိုက် တို့အား သုတ်သင် အပ်သော အဖြစ်ကို ရည်၍ ဆို၏၊ မဂ်စိတ်၌ ဝိရတိ အမြဲ မရှိသောကြောင့် ဆိုသည် မဟုတ်။

သမုစ္ဆေဒ ဝိရတိသည် ပါဏ စသော ဝတ္ထုကို အာရုံပြု၍ မဖြစ်၊ နိဗ္ဗာန် ကိုသာ အာရုံပြု၍ ဖြစ်သည်၊ လောကီ ဝိရတိ မူကား သမာဒါန ဝိရတိ, သမ္ပတ္တ ဝိရတိ၏ အစွမ်းအားဖြင့် ပါဏစသော ဝတ္ထုကို အာရုံ ပြု၍ ဖြစ်သည်။

ကာမာဝစရ ကုသိုလ်တို့၌ ယှဉ်၏ဟု ဆိုရာမှာ-ကာမဘုံ၌ဖြစ်သော ကာမာဝစရ ကုသိုလ်ကိုသာ ယူရမည်၊ ရူပ-အရူပ ဘုံ၌ ဖြစ်သော ကာမာဝစရ ကုသိုလ်ကို မယူရ၊ ဘဲ့ကြောင့် ဆိုသော် ဗြဟ္မာ တို့၏ သန္တာန်မှာ ဝိရမိတဗ္ဗ ဝတ္ထု ဟု ဆိုအပ်သော ကာယ ဒုစရိုက်, ဝစီ ဒုစရိုက် မရှိသောကြောင့်တည်း။ လောကီ ဝိရတိ တို့သည် ဝိရမိတဗ္ဗ ဝတ္ထု ကင်းသော ပုဂ္ဂိုလ်တို့၌ မဖြစ်ကုန်။

ဝိရတိတို့သည် ကာမကုသိုလ်တို့၌ သမာဒါနဝိရတိ, သမ္ပတ္တဝိရတိ နှစ်မျိုးတွင် တမျိုးမျိုးဖြင့် ဖြစ်သော်လည်း အာရုံကွဲပြားကြ လေသော ကြောင့် အသီးအသီးသာ ယှဉ်လေသည်။

အပ္ပမညာ စေတသိက် ၂-လုံး

အပ္ပမညာစေတသိက် ၂-လုံးသည် ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ် ၁၂-ခု၊ ကာမာဝစရ ကုသိုလ် ၈-ခု၊ ကာမာဝစရ ကြိယာ ၈-ခုအားဖြင့် ၂၈-ပါးသော စိတ်တို့၌ တရံတခါ ဖြစ်ကြ သော်လည်း အသီးအသီး ဖြစ်ကြ၏၊ ထိုစိတ်များတွင် ဥပေက္ခာ ၈-ခုတို့၌ ကရုဏာ, မုဒိတာ မရှိဟု ကေစိဆရာများ မိန့်ဆို၏။

မဟဂ္ဂုတ် ပဥ္စမဈာန်၌ မယှဉ်သည်ကား - ထိုစေတသိက် ၂-လုံးတို့သည် တပါးသူတို့ အတွက် ကြောင့်ကြချက် လွန်ကဲသောကြောင့် သိမ်မွေ့စွာသော ဗျာပါရ ကင်းသော ပဥ္စမဈာန် ဥပေက္ခာ၌ မယှဉ် ကြလေ။

အပ္ပနာ၏ ရှေးအဘို့၌ ဖြစ်သော ကရုဏာ, မုဒိတာ တို့၏ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်ခြင်းကို အဋ္ဌကထာ၌ ခွင့်ပြုထားသည်ဖြစ်၍ ဥပေက္ခာ၌ ယှဉ်ခြင်း ကိုလည်း ပြဆို၏။

ကဒါစိ။ ။သနားခြင်း ကရုဏာ ရှိသူအား သူတပါးတို့ စည်းစိမ် ဥစ္စာ ပျက်စီးသည်ကို မြင်ရသော အခါ ကရုဏာ ဖြစ်သည်၊ မနာလိုစိတ် မရှိသူအား သူတပါးတို့ ပြည့်စုံသည်ကို မြင်ရသော အခါ မုဒိတာဖြစ်သည်၊ မမြင်ရသော အခါ မဖြစ်။

အသီးအသီး။ ။သူတပါးတို့ ပျက်စီး သည်ကို မြင်ရသော အခါ ကရုဏာသာ ဖြစ်၏၊ မုဒိတာ မဖြစ်၊ ပြည့်စုံ သည်ကို မြင်ရသော အခါ မုဒိတာသာ ဖြစ်၏၊ ကရုဏာ မဖြစ်။

ကေစိဝါဒ။ ။ကရုဏာ, မုဒိတာ တို့ကို ဒေါသကြောင့် ဖြစ်သော ဝိဟိံသာ, အရတိတို့၏ ထွက်မြောက်ရာ ဖြစ်၏ဟု သုတ္တန်၌ ဟော အပ်၏၊ ဒေါမနဿ၏ဆန့်ကျင်ဘက်သည် သောမနဿဖြစ်၏၊ ထို့ကြောင့် ထိုစေတသိက် တို့၏ အပ္ပနာ၏ ရှေးအဘို့၌ ဖြစ်သော်လည်း အမြဲတမ်း သောမနဿနှင့်သာ ယှဉ်ရမည်ဟု ကေစိဆရာတို့ ဆိုကြသည်။

အလုံးစုံသော လောကီ, လောကုတ္တရာ ဈာန်တို့၏ ရှေးအဘို့၌ ဖြစ်သော ဘာဝနာမည်သည် အပ္ပနာ၏အနီးကာလမှာသာ သောမနဿ ဈာန်တို့၏ ရှေးအဘို့၌ဖြစ်မှု သောမနဿဖြစ်၏၊ ဥပေက္ခာဈာန်တို့၏ ရှေးအဘို့၌ ဖြစ်မှု ဥပေက္ခာ ဖြစ်၏၊ အနီး ကာလ မဟုတ်ရာ၌ကား ထိုလောကီ, လောကုတ္တရာဈာန်တို့၏ ရှေးအဘို့၌ ဖြစ်သော ဘာဝနာသည် တရံတခါ

သောမနဿ၊ တရံတခါ ဥပေက္ခာဖြစ်၏၊ သို့အတွက် သောမနဿမှာသာ ကရုဏာ, မုဒိတာ ယှဉ်၏ဟု ဆိုသော ဝါဒကို ကေစိ ဝါဒဟု ဆို၏။

သမထ-ဝိပဿနာ ဘာဝနာစိတ်မည်သည် အစဦးအခါမှာ ဥပေက္ခာ ဖြစ်၏၊ အကယ်၍သာ အစဦး အခါမှ စ၍ သောမနဿ ဖြစ်နေ ပါက နှစ်သက်ဖွယ် အမှုမှာ မမွေ့လျော်ခြင်း မည်သည် မရှိ၍ တပါးသော အမှုကို စွန့်လျက် ဘာဝနာ မှုကိုသာ အားထုတ် နေလေရာသည်၊ နောင် ကျမှ မိမိဘာဝနာ၏ ရှေ့နောက် အထူးကို မြင်သော အခါ၌ သာလျှင် သောမနဿ ဖြစ်၏၊ စက်ဆုပ်ဖွယ်ကို အာရုံ ပြုသော အသုဘ ဘာဝနာ စိတ်တို့၌ရင်း, ဒုက္ခိတ သတ္တဝါလျှင် အာရုံရှိသော ကရုဏာ ဘာဝနာ စိတ်တို့၌ရင်း ဆိုဖွယ် မလိုတော့ပေ။

တနည်းအားဖြင့်-ဆိုစေတသိက် နှစ်ခုတို့သည် ပကတိအခါ၌လည်း ဖြစ်ကြ ကုန်၏၊ ထို နှစ်မျိုးတွင် မုဒိတာသည် အလို ရှိအပ်သော ပြည့်စုံ မှုလျှင် အာရုံ ရှိ၍ အများ အားဖြင့် သောမနဿ ဖြစ်သည်ဟု ဆိုလျှင် သင့်လျော်၏၊ ကရုဏာ မူကား ဒုက္ခိတ သတ္တဝါ ဟူသော အလို မရှိ အပ်သော ပျက်စီးမှုလျှင် အာရုံ ရှိ၍ အများ အားဖြင့် ဥပေက္ခာသာ ဖြစ်လေရာ၏၊ ထိုကရုဏာ, မုဒိတာ တို့သည် တပါးသော သတ္တဝါ ဟူသော အကြောင်းကြောင့် လွန်ကဲသော ကြောင့်ကြမှု ရှိရကား ဥပေက္ခာ ဝေဒနာ နှင့် ဆန့်ကျင်သည် ဟူ၍လည်း ဆိုခြင်းငှါ မတတ် ကောင်း၊ အပ္ပနာသို့ မရောက်သေးသော ဝေဒနုပေက္ခာ မည်သည်ကား အာရုံ၏ အရသာကို ခံစားခြင်း၌ ကြောင့်ကြမှုမရှိ အခြားကိစ္စတို့၌ကား ကြောင့်ကြမှု ရှိ၏၊ ထို့ကြောင့် သတ္တဝါတို့သည် ဥပေက္ခာ သဟဂုတ် စိတ်တို့ဖြင့် ခိုးလည်း ခိုးကြ၏၊ အလှူလည်း လှူကြ၏၊ ထိုမှတပါး ကြီး ကျယ်သော ကုသိုလ်မှု အကုသိုလ်မှု ကြီးများ ကိုလည်း ပြုကြသည် သာတည်း၊ သို့ဖြစ်၍ အပ္ပနာသို့ ရောက်သော ကရုဏာ, မုဒိတာ တို့၏ ဝေဒနုပေက္ခာနှင့် ဆန့်ကျင်သော အဖြစ်ကိုသာ ဆိုထိုက်လေသည်။

ကာမာဝစရ ဝိပါက်စိတ်နှင့် လောကုတ္တရာ စိတ်တို့၌ အပ္ပမညာ မယှဉ်သည်ကား အာရုံပြု မတူကြသောကြောင့် ဖြစ်၏၊ အပ္ပမညာကား ဒုက္ခိတသတ္တဝါ, သုခိတသတ္တဝါကို အာရုံပြု၏၊ မဟာဝိပါက် စိတ်ကား ကာမကို ဧကန် အာရုံပြု၏၊ လောကုတ္တရာ စိတ်က နိဗ္ဗာန်ကို ဧကန် အာရုံ ပြု၏၊ ဤကား ဒွာရုံပြု ကွဲပုံတည်း။

ပညာ စေတသိက်သည် ကာမာဝစရ ဉာဏသမ္ပယုတ် ၁၂-ခု၊ မဟဂ္ဂုတ် လောကုတ္တရာ ၃၅-ခုအားဖြင့် ၄၇-ပါးသော စိတ်၌ ယှဉ်၏။

ဤသို့အားဖြင့် သောဘဏ သာဓာရဏ စေတသိက် ၁-နည်း
ဝိရတိ ၁-နည်း
အပ္ပမညာ ၁-နည်း
ပညာစေတသိက် ၁-နည်း
အားဖြင့် သမ္ပယောဂနည်း ၄-နည်း ဖြစ်သတည်း။

အညသမာန် စေတသိက် ၇-နည်း
အကုသိုလ် စေတသိက် ၅-နည်း
သောဘန စေတသိက် ၄-နည်း အားဖြင့်
သမ္ပယောဂနည်း ၁၆-နည်း ဖြစ်၏။

အနိယတယောဂီ စေတသိက် ၁၁-လုံး

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ ၃-လုံး၊ ကရုဏာ, မုဒိတာ, မာန, ထိန, မိဒ္ဓ ဤစေတသိက် ၁၁-လုံးသည် အနိယတ ယောဂီ စေတသိက် မည်၏၊ ကြွင်း စေတသိက် ၄၁-လုံးကား နိယတယောဂီ စေတသိက် တည်း။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ, အပ္ပမညာ စေတသိက် တို့သည် နာနာ-ကဒါစိ စေတသိက်များ ဖြစ်ကြ၏၊ မာနကား ကဒါစိ၊ မိဒ္ဓလည်း ကဒါစိသာ ဖြစ်၏။

သင်္ဂဟ ၃၃-နည်း

စိတ်က စေတသိက်ကို ပိုင်းခြား ရေတွက်သော နည်းသည် သင်္ဂဟ နည်း မည်၏။

လောကုတ္တရာ စိတ်၌ အများဆုံး စေတသိက် ၃၆-ပါး
မဟဂ္ဂုတ် စိတ်၌ ၃၅-ပါး
ကာမာဝစရ သောဘန စိတ်၌ ၃၈-ပါး
အကုသိုလ် စိတ်၌ ၂၇-ပါး
အဟိတ် စိတ်၌ ၁၂-ပါး ယှဉ်၏။

လောကုတ္တရာ သင်္ဂဟ ၅-နည်း

လောကုတ္တရာ ပဌမဈာန်စိတ်၌ အညသမာန် ၁၃-ပါး, အပ္ပမညာ ကြဉ် သောဘန စေတသိက် ၂၃-ပါး၊ ပေါင်း ၃၆-ပါး ယှဉ်၏၊ ဤလောကုတ္တရာ စိတ်၌ တလျှောက်လုံး အပ္ပမညာ ကြဉ်သွားလိမ့်မည်၊ အပ္ပမညာက သတ္တဝါပညတ်ကို အာရုံပြုသည်၊ လောကုတ္တရာက နိဗ္ဗာန်ကို အာရုံပြုသည်၊ အာရုံပြု မတူကြ၍ မယှဉ်လေဟု မှတ်။

လောကုတ္တရာ ဒုတိယဈာန်စိတ်၌ အထက် ၃၆-ပါးတွင် ဝိတက်ကြဉ် ၃၅-ပါး ယှဉ်၏၊ ဘာဝနာ အစွမ်းအားကြောင့် ဝိတက်ကို ကြဉ်ရ၏။

လောကုတ္တရာ တတိယဈာန်စိတ်၌ ၃၅-ပါးတွင် ဝိစာရထပ်၍ကြဉ် ၃၄-ပါး ယှဉ်၏။

လောကုတ္တရာ စတုတ္ထဈာန် စိတ်၌ ၃၄-ပါးတွင် ပီတိ ထပ်၍ကြဉ် ၃၃-ပါး ယှဉ်၏။

လောကုတ္တရာ ပဉ္စမဈာန်စိတ်၌ သုခနှင့် ဥပေက္ခာ လဲလှယ် ရှိ၍ ၃၃-ပါး ယှဉ်၏၊ ဤသို့ အားဖြင့် ၅-နည်း။

စတုက္ကနည်း နှင့် ပဉ္စကနည်း .

စတုက္က နည်းဖြင့် ဆိုမူ သင်္ဂဟနည်း ၄-ပါး၊ ပဉ္စကနည်းဖြင့် ၅-ပါး၊ ပဌဈာန်ရ ပုဂ္ဂိုလ်သည် မန္ဒ, တိက္ခဟု နှစ်မျိုးရှိရာ မန္ဒပညာ ပုဂ္ဂိုလ်က ဒုတိယ ဈာန်ကို ဖြစ်စေသော် ဝိတက် ကိုသာ လွန်မြောက် ခြင်းငှါ စွမ်းနိုင်၏၊ ထိုပုဂ္ဂိုလ်အား အင်္ဂါ လေးပါး ရှိသော ဒုတိယ ဈာန်ဖြစ်၏၊ တိက္ခပညာ ပုဂ္ဂိုလ်က ဝိတက်,ဝိစာရကို တပေါင်းတည်း လွန်မြောက် ခြင်းငှါ စွမ်းနိုင်၏၊ ထိုပုဂ္ဂိုလ်အား အင်္ဂါ သုံးပါး ရှိသော ဒုတိယဈာန် ဖြစ်၏၊ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် စတုက္ကနည်း, ပဉ္စကနည်း ဖြစ်လာ၏၊ ဤ၌ မန္ဒပုဂ္ဂိုလ်၏ အစွမ်း အားဖြင့် ပဉ္စကနည်း ဆို၏။

မဟဂ္ဂုတ် သင်္ဂဟ ၅-နည်း

မဟဂ္ဂုတ် စိတ်များတွင် ပဌမဈာန် ၃-ခု၌ အည သမာန်း ၁၃-ခု၊ ဝိရတိကြဉ်သော သောဘနစေတသိက် ၂၂-ခု၊ ပေါင်း ၃၅-ခု ယှဉ်၏၊ ဤ၌ ဝိရတိ ကြဉ်ရ သည်မှာ ကိစ္စအာရုံ ဆန့်ကျင် သောကြောင့် ဖြစ်၏၊

ဝိရတီကား ကာယပယောဂ, ဝစီပယောဂ သုတ်သင်မှု ကိစ္စရှိ၏၊ မဟဂ္ဂုတ် များနှင့်တို့ကား ကာယပယောဂ, ဝစီပယောဂကို သုတ်သင်စရာ မလိုသဲ စိတ်ကိုသာ သုတ်သင်မှု ကိစ္စရှိ၏၊ အာရုံ အားဖြင့် ဆိုမူ ဝိရတီက ဝိရမိတဗ္ဗ ဝတ္ထုနှင့် နိယ္ယာနိက အာရုံပြု၏၊ မဟဂ္ဂုတ် ဈာန်က ပညတ်နှင့် မဟဂ္ဂုတ် တရားကို အာရုံပြု၏၊ ဤသို့ သုတ်သင်မှု ကိစ္စနှင့် အာရုံပြု မတူသောကြောင့် ဝိရတီကို ကြဉ်ရ လေသည်။

ကရုဏာနှင့် မုဒိတာ သတ္တဝါပညတ် တူသော်လည်း ဒုက္ခိတ, သုခိတ ခြားနား၍ အသီးအသီး ယှဉ်လေ။

မဟဂ္ဂုတ် ဒုတိယဈာန် ၃-ခု၌ အထက် ၃၅-ပါးတွင် ဝိတက်နှုတ် ၃၄-ပါးယှဉ်။

မဟဂ္ဂုတ် တတိယဈာန် ၃-ခု၌ အထက် ၃၅-ပါးတွင် ဝိတက် ဝိစာရနှုတ် ၃၃-ပါးယှဉ်။

မဟဂ္ဂုတ် စတုတ္ထဈာန် ၃-ခု၌ အထက် ၃၅-ပါးတွင် ဝိတက် ဝိစာရ, ပီတိကြဉ် ၃၂-ပါးယှဉ်။

မဟဂ္ဂုတ်ပဉ္စမဈာန် ၁၅-ခု၌အထက် ၃၅-ပါးတွင်ဝိတက်,ဝိစာရ, ပီတိ (သုခ နေရာဝယ် ဥပေက္ခာ လဲလှယ်ထည့်) အပ္ပမညာကြဉ် ၃၀-ခု ယှဉ်၏၊ ဤသို့လျှင် မဟဂ္ဂုတ်စိတ် သင်္ဂဟ ငါးနည်း။

ကာမာဝစရ သောဘနစိတ် သင်္ဂဟ ၁၂-နည်း

ကာမာဝစရ ကုသိုလ် စိတ်တွင် ပဌမ ဒွေး၌ အညသမာန်း ၁၃၊ သောဘန စေတသိက် ၂၅-အားဖြင့် ၃၈-ခု ဖြစ်၏။

ငင်း ဒုတိယ ဒွေး၌ ပညာကြဉ် ၃၇-ခု
ငင်း တတိယ ဒွေး၌ ပီတိကြဉ် ၃၇-ခု
ငင်း စတုတ္ထ ဒွေး၌ ပညာနှင့်ပီတိကြဉ် ၃၆-ခု ယှဉ်၏။

ကာမာဝစရ ဝိပါက်စိတ်တွင် ပဌမ ဒွေး၌ အထက်ပါ ကုသိုလ်ယှဉ် စေတသိက် ၃၈-ခုတွင် ဝိရတီ, အပ္ပမညာကြဉ် စေတသိက် ၃၃-ခု၊

ငင်း ဒု-ဒွေး၌ ပညာကြဉ် ၃၂-ခု
ငင်း တ-ဒွေး၌ ပီတိကြဉ် ၃၂-ခု
ငင်း စ-ဒွေး၌ ပညာ, ပီတိကြဉ် ၃၁-ခု ယှဉ်၏။

ဤဝိပါက်စိတ်၌ အပ္ပမညာမယှဉ်သည်မှာ အာရုံကွဲပြားသောကြောင့် ဖြစ်၏၊ ဝိရတိ မယှဉ်သည်မှာ ဝိရတိတို့က ဒုသီလျကို ပယ်ခြင်းကိစ္စ ရှိ၍ ဝိပါက် စိတ်က ထို ဒုသီလျကို ပယ်ခြင်း ကိစ္စ မရှိသောကြောင့် ပေတည်း။

ကာမာဝစရ ကြိယာ စိတ်တွင် ပဌမ ဒွေး၌ အထက် ကုသိုလ်ယှဉ် ၃၈-ပါးတွင် ဝိရတိ ကြဉ်သော စေတသိက် ၃၅-ပါး ယှဉ်၏။

၎င်း ဒု-ဒွေး၌ ပညာကြဉ်	၃၄-ပါး
၎င်း တ-ဒွေး၌ ပီတိကြဉ် ပညာယှဉ်	၃၄-ပါး
၎င်း စ-ဒွေး၌ ပီတိ, ပညာကြဉ်	၃၃-ပါးယှဉ်၏။

ကာမာဝစရ ကြိယာ စိတ်၌ ဝိရတိ မယှဉ် သည်မှာ လောကီ ဝိရတိကား ကုသိုလ်ကေန် ဖြစ်သောကြောင့် ပေတည်း။

ကုသိုလ်ဝိပါက် အာရုံ ထူးခြားချက်။ ။ကာမာဝစရ ကုသိုလ်နှင့် ဝိပါက်သည် မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ်နှင့် ဝိပါက်ကဲ့သို့ အာရုံ မတူကြပေ၊ အကြောင်းသော်ကား ကာမဝိပါက်သည် ကြံစည်မှု ကင်းသောကြောင့် ပေတည်း။ ချဲ့ဦးအံ့......ပညတ် တရား တို့သည် ပရမတ္ထ အားဖြင့် ထင်ရှား မရှိသောကြောင့်၎င်း, မဟဂ္ဂုတ် လောကုတ္တရာ တရား တို့သည်လည်း သိမ်မွေ့ နူးညံ့ သောကြောင့်၎င်း, ထိုထို အခြင်း အရာအားဖြင့် ကြံဆ၍၎င်း, ထိုးထွင်း သိ၍၎င်း ယူတတ်သော ကုသိုလ် စသည် တို့၏ အာရုံသာ ဖြစ်ကြသည်၊ ကာမဝိပါက် စိတ်တို့သည် မိမိ ကိုယ်တိုင် အလွန် အားနည်း လေသောကြောင့် အာရုံကို ကြံစည်၍ သော်လည်း မယူနိုင်၊ ထိုထွင်း သိ၍ ယူမှု၌ကား အဘယ် ဆိုဖွယ်ရာ ရှိတော့ အံ့နည်း။ သို့ ဖြစ်၍ ကာမဝိပါက် စိတ်တို့သည် ပညတ်ကို၎င်း, မဟဂ္ဂုတ် လောကုတ္တရာ တရားတို့ကို၎င်း အာရုံ ပြုခြင်းငှါ မစွမ်းနိုင်၊ မဟဂ္ဂုတ် ဝိပါက်တို့ မူကား ကြံစည်မှု ကင်းသော်လည်း အပ္ပနာသို့ ရောက်သော ကံ အထူးသည် ဖြစ်စေအပ်သောကြောင့် ဘာဝနာ အား စွမ်းဖြင့် ထူထောင်အပ်သော ပညတ်အထူးတို့ကို အာရုံပြုစွမ်းနိုင်သည်၊ ထိုကြောင့် ကာမမှာ ကုသိုလ်နှင့် ဝိပါက်အာရုံ မတူညီကြဘဲ မဟဂ္ဂုတ် လောကုတ္တရာမှာ ကုသိုလ်နှင့် ဝိပါက်အာရုံ တူညီကြသည်။

စိတ်ချင်း ကွဲပြားအောင် ပြသော စေတသိက်များ

လောကုတ္တရာမှာ ဈာန်တရား
မဟဂ္ဂုတ်မှာ ဈာန် နှင့် အပ္ပမညာ
ကာမစိတ်မှာ ဝိရတိ နှင့် ဉာဏ်, ပီတိတို့
အထူး ပြုကြသည် ဝိတ် ကွဲပြားအောင် လုပ်သည်ကို အထူး ပြုသည်ဟု ဆို၏။

အကုသိုလ် သင်္ဂဟ ၇-နည်း

လောဘမူ စိတ်တွင် ပဌမ အသင်္ခါရိကစိတ်၌ အညသမာန်း ၁၃၊ မောစတု ၄၊ လောဘ, ဒိဋ္ဌိ, ဤ ၁၉-လုံး ယှဉ်၏။

ဒု-အသင်္ခါရိကစိတ်၌ ၎င်း ၁၉-လုံးပင် ယှဉ်၏၊ အထူးကား ဒိဋ္ဌိနှင့်မာန လဲလှယ်၍ ထည့်ရုံသာ ဖြစ်၏။

တ-အသင်္ခါရိကစိတ်၌ ပ-ယှဉ် ၁၉-လုံးတွင် ဥပေက္ခာ ဖြစ်၍ ပီတိကြဉ် ၁၈-လုံး ယှဉ်၏။

စ-အသင်္ခါရိကစိတ်၌ တ-ယှဉ် ၁၈-လုံးတွင် ဒိဋ္ဌိနှင့်မာန လဲလှယ်၍ထည့် ၁၈-လုံး ယှဉ်၏။

ပဉ္စမ ဖြစ်သော ဒေါသမူ အသင်္ခါရိကစိတ်၌ ဒေါ-စတု၊ မော-စတု၊ ပီတိကြဉ်အညသမာန်း ၁၂-ခု အားဖြင့် ၂၀-ယှဉ်၏၊ ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စကို အသီးအသီး ယှဉ်လေ။

သသင်္ခါရိက ၅-ခု၌ကား ထိန,မိဒ္ဓ ထပ်တိုးရုံမျှသာဖြစ်၏၊ သို့ဖြစ်၍ ပဌမ သသင်္ခါရိကစိတ်၌ ၂၁၊ ဒု-၌ ၂၁၊ တ-၌ ၂၀၊ စ-၌ ၂၀၊ ပဉ္စမ သသင်္ခါရိကစိတ်၌ ၂၂-ဖြစ်၏။

ဥဒ္ဓစ္စသဟဂုတ် စိတ်၌ ဆန္ဒ,ပီတိ ကြဉ်သော အညသမာန်း ၁၁-ခု၊ မော-စတု အားဖြင့် ၁၅-လုံး ယှဉ်၏။

ဝိစိကိစ္ဆာ၌ ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ်သော အညသမာန်း ၁၀-ခု၊ မော-စတု၊ ဝိစိကိစ္ဆာ စေတသိက် ၁-ခု အားဖြင့် ၁၅-လုံး ယှဉ်၏။

အကုသိုလ်သင်္ဂဟ ၇-နည်းကား ၁၉-လုံးတနည်း၊ ၁၈-လုံးတနည်း၊ ၂၀-တနည်း၊ ၂၁-တနည်း၊ ၂၀-တနည်း၊ ၂၂-တနည်း၊ ၁၅-လုံး တနည်း အားဖြင့် ၇-နည်းတည်း။

ဆောင်ပုဒ်။ ။ဆဲ့ကိုး, ဆဲ့ရှစ်၊ နှစ်ဆယ်, နှစ်ဆဲ့တစ်, နှစ်ဆယ်၊ နှစ်ဆဲ့နှစ် ဆိုလစ် တခြား၊ ဆဲ့ငါးပါး၊ ပေါင်းခြား နည်း ခုနစ်။

အဟိတ်စိတ် သင်္ဂဟ ၄-နည်း

အဟိတ်စိတ်တွင် ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂-ခု ယှဉ်၏။

ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း၌ ဆန္ဒ, ပီတိ ကြဉ်သော စေတသိက် ၁၁-ခု ယှဉ်၏။

သောမနဿ သန္တီရဏ၌ ဆန္ဒ, ဝီရိယ ကြဉ်သော စေတသိက် ၁၁-ခု ယှဉ်၏။

မနောဓာတ် ၃-ခု၊ ဥပေက္ခာ သန္တီရဏ ၂-ခု၌ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် ၁၀-ခု ယှဉ်၏။

ဒွေးပဉ္စဝိညာဏ် ၁၀-၌ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ခု ယှဉ်၏။

အဟိတ် စိတ်၌ သင်္ဂဟ ၄-နည်းကား ၁၂-ခု တနည်း၊ ၁၁-ခု တနည်း၊ ၁၀-ခု တနည်း၊ ၇-ခု တနည်း အားဖြင့် ၄-နည်းတည်း။

ဆောင်ပုဒ်။ ။ဆဲ့နှစ်, ဆဲ့တစ်၊ ဆယ်ခုဖြစ်၊ ခုနစ် နည်းလေးဆစ်။

သင်္ဂဟနည်း စာရင်းချုပ်

လောကုတ္တရာ သင်္ဂဟ	၅-နည်း
မဟဂ္ဂုတ် သင်္ဂဟ	၅-နည်း
ကာမာဝစရ သင်္ဂဟ	၁၂-နည်း
အကုသိုလ် သင်္ဂဟ	၇-နည်း
အဟိတ် သင်္ဂဟ	၄-နည်း
ပေါင်း	၃၃-နည်း ဖြစ်၏။

အောင်မင်္ဂလာ ၄-၁၇

စိတ် နှင့် စေတသိက်။ ။စေတသိက်သည် မိမိယှဉ်နိုင်သလောက် စိတ်အရေ အတွက် အတိုင်း လိုက်၍ ရှိ၏၊ ဥပမာ-ဖဿသည် စိတ် ၈၉-ခုမှာ ယှဉ်၍ ဖဿ ပေါင်း ၈၉-ခု ရှိ၏၊ အခြား အခြားသော စေတသိက် များကိုလည်း ဖဿကို နည်းယူ၍ သိလေ။

ဤကဲ့သို့ ယှဉ်ရာ စိတ် အရေအတွက် ရှိသလောက် ယှဉ်တတ်သော စေတသိက် အရေအတွက် ရှိရသည်ကို ရည်ရွယ်၍ သဗ္ဗိုဟ် ကျမ်းပြု ဆရာ ရှင်အနုရုဒ္ဓါ ထေရ်သည် စိတ္တေနသမံ ယုဇ္ဇိသေ စိတ်နှင့် အညီ အမျှ ယှဉ်သော စေတသိက်ကို ညွှန်ပြ ရမည် ဟု အချုပ် မှာကြားတော် မူခဲ့လေသည်။

စေတသိက်ပိုင်း ပြီး၏။

စေတသိက်ပိုင်း လေ့ကျင့်ခန်း

၁။ ဧကုပ္ပါဒ စသော လက္ခဏာ လေးပါးကို ပြရာ၌ အသီးအသီး အကျိုး ဖြစ်ပုံကို အနုလုံ-ပဋိလုံ အပြန်အလှန် သဘောအားဖြင့် ဖေါ်ပြပါ။

၂။ ပကိဏ်း စေတသိက် ၆-လုံးတို့သည် မိမိတို့ ဆိုင်ရာ ကြဉ်ရသော စိတ်များ၌ ဘယ့်ကြောင့် ကြဉ်ရသည်ကို အကြောင်း နှင့် တကွ ဖြေပါ။

၃။ အသက်မွေး ဝမ်းရေးနှင့် မစပ်ဘဲ ဆင်ကြီးသတ်က သမ္မာအာဇီဝ ပျက်မပျက် ဖေါ်ပြပါ။

၄။ သညာ,ဝိညာဏ်,ပညာ အသိ သုံးပါး၏ ထူးခြားပုံကို ပြပါ။

၅။ မြဟ္မစိုရ်တရား လေးပါး ရှိလျက် အပ္ပမညာ စေတသိက်ကို နှစ်လုံးသာ ဆိုရ ကြောင်း လုံလောက်စွာ အကြောင်းပြ၍ ဖြေပါ။

၆။ အာရုံ ကွဲပြားမှု ရှိကြသော ဝိရတိ စေတသိက် သုံးလုံး တို့သည် မဂ်စိတ်မှာ အဘယ့်ကြောင့် ကပေါင်းတည်း ယှဉ်နိုင်ကြ သနည်း။

၇။ သမုစ္ဆေဒ ဝိရတိ၏ အာရုံနှင့် လောကီ ဖြစ်သော သမာဒါန ဝိရတိ, သမ္ပတ္တ ဝိရတိတို့၏ အာရုံကို ဖေါ်ပြပါ။

၈။ သမ္ပယောဂနည်း,သင်္ဂဟနည်း ထူးခြားချက်ကို ဖေါ်ပြပါ။

၉။ အနိယတ ယောဂီ စေတသိက်တို့၌ နာနာ, ကဒါစိ စေတသိက် နှင့် ကဒါစိ စေတသိက်ကို သီးခြား ဝေခွဲ၍ ပြပါ။

၁၀။ လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်ခြင်းနှင့် မဟဂ္ဂုတ် စိတ်၌ ဝိရတိ မယှဉ် ခြင်းကို အကြောင်းပြ၍ ဖြေပါ။

၁၁။ ကာမစိတ်မှာ ကာမာဝစရ ကုသိုလ်နှင့် ဝိပါက် အကျိုး ပေးရာတွင် မညီမျှဘဲ မဟဂ္ဂုတ်နှင့် လောကုတ္တရာ၌ ကုသိုလ်နှင့်ဝိပါက် အဘယ့်ကြောင့် အကျိုးပေး တူမျှ ပါသနည်း။

၁၂။ (က) ကဒါစိသာ ရသော စေတသိက် (ခ) ကဒါစိလည်းရ နာနာလည်း ရသော စေတသိက် (ဂ)ကဒါစိလည်းရ သဟလည်းရသော စေတသိက်တို့ကို ထုတ်ပြပြီးလျှင် အဓိပ္ပါယ်ကို ရှင်းလင်း ဖြေဆိုပါ။

၁၃။ ဝိရတိစေတသိက် သုံးခုတို့သည် လောကုတ္တရာစိတ်၌ သုံးပါးလုံး အမြဲယှဉ် ပါလျက် ကာမာဝစရစိတ်၌ မူကား တရံတခါယှဉ်၍ တရံဘခါမယှဉ် ယှဉ်ပြန် ပါလည်း အဘယ့်ကြောင့် အသီးအသီး ယှဉ်ပါသနည်း ရှင်းလင်း ဖြေဆိုပါ။

၁၄။ ပုံ့လွင့်ခြင်း လက္ခဏာ ရှိသော ဥဒ္ဓစ္စနှင့် တည်ငြိမ်ခြင်း လက္ခဏာ ရှိသော ဧကဂ္ဂတာတို့သည် အဘယ့်ကြောင့် တွဲဖက် ဖြစ်နိုင်ကြ ပါသနည်း။

၁၅။ ကောင်းစွာ တရားဟောနေသော ပုဂ္ဂိုလ်မှာ သမ္မာဝါစာ၊ ကောင်းစွာ ဘုရားဝတ်ပြုနေသော ပုဂ္ဂိုလ်မှာ သမ္မာကမ္မန္တ ဖြစ်မဖြစ် စိစစ်၍ ဝိရတိတို့၏ နိယတ, အနိယတ သဘောနှင့် တကွ ယှဉ်ရာစိတ်, ဖြစ်ရာကာလ, ပြုရာ အာရုံတို့ကို အစုံအလင် ခွဲဝေပြပါ။

၁၆။ အဒေါသ စေတသိက်နှင့် မေတ္တာတရား, တတြမဇ္ဈတ္တတာ စေတသိက်နှင့် ဥပေက္ခာ တရားတို့၏ အထူး ရှိမရှိကို သေချာစွာ ရှင်းလင်းပါ။

၁၇။ မဟာကုသိုလ် ပဋ္ဌမဒွေး၌ အများဆုံး တပြိုင်နက် ယှဉ်နိုင်သော စေတသိက်နှင့် အနည်းဆုံး အမြဲယှဉ်နိုင်သော စေတသိက်များကို ကောက်ပြပါ။

၁၈။ လောကုတ္တရာစိတ်မှာ ရှာန်, မဟဂ္ဂုတ်စိတ်မှာ အပ္ပမညာနှင့် ရှာန်အထူး ပြပုံကို ဖေါ်ပြပါ။

၁၉။ အနိယတ ယောဂီ စေတသိက် များကို ထောက်ထား၍ နိယတယောဂီ စေတသိက် ဖြစ်ပုံကို သင်္ဂြိုဟ်ဆရာ၏ အာဘော်ကျ ဖြေဆိုပါ။

၂၀။ မင်းစိတ်မကောင်းတဲ့ လူ ,စိတ်ယုတ်မာ ရှိတဲ့ လူ-ဟု ဆိုရာ မှချ ဟုတ်မဟုတ် အထောက်အထား ပြ၍ ဖြေပါ။

ပကိဏ်းပိုင်း

ပဋ္ဌညာဉ်မာတိကာ အဖွင့်

သမ္ပယုတ္တာ ယထာ ယောဂံ၊ တေ ပညာသ သဘာဝတော။
စိတ္တ စေတသိကာ ဓမ္မာ၊ တေသံ ဒါနိ ယထာ ရဟံ။

ယှဉ်သင့် သလို ယှဉ်တွဲ ဖြစ်နေသော စိတ်, စေတသိက် တို့သည် ကိုယ်ပိုင် သဘော လက္ခဏာ အားဖြင့် ဆိုရမူ ဘူမိဘေဒ စသော အပြား အားဖြင့် ၈၉-ပါး လုံးရေပြားသော်လည်း အာရမဏ ဝိဇာနန လက္ခဏာအားဖြင့်စိတ်သဘာဝတပါး,ဖုသနလက္ခဏာတပါး,ဝေဒိယန လက္ခဏာ တပါး စသည်ဖြင့် ၅၃-ပါးသာ ရှိ၏။

ယထာရဟာ။ ။သင်္ဂဟတိုင်းမှာ စိတ္တုပ္ပါဒ် အကုန် မရနိုင်၊ ဟေတု သင်္ဂဟမှာ အဟိတ်စိတ် ၁၈-ပါးကို ချန်၍ရင်း, ဒွါရ သင်္ဂဟမှာ ဒွါရ ဝိမုတ်စိတ် ၁၉-ပါးကိုချန်၍ရင်း,ဝတ္ထုသင်္ဂဟမှာအရူပစိတ် ၁၂-ပါးကို ချန်၍ရင်း သက်ဆိုင်ရာ စိတ္တုပ္ပါဒ် ကိုသာ ရေတွက် ပြမည် ဟူလို၏၊ ဟေတု သင်္ဂဟ၌ အဟိတ်စိတ် များကို ထုတ်ပြ သည်ကား ဟိတ်နှင့် သက်ဆိုင်မှု မရှိကြောင်းကိုသာ ပြခြင်းဖြစ်၏၊ ဟိတ်နှင့်စပ်၍ ရေတွက် ပြသည် မဟုတ်ပေ။

သင်္ဂဟ ၆-မျိုး

ပကိဏ်းပိုင်း၌ သင်္ဂဟသည်

(၁) ဝေဒနာ သင်္ဂဟ
(၂) ဟေတု သင်္ဂဟ
(၃) ကိစ္စ သင်္ဂဟ
(၄) ဒွါရ သင်္ဂဟ
(၅) အာရမဏ သင်္ဂဟ
(၆) ဝတ္ထုသင်္ဂဟ ဟု ခြောက်မျိုး ရှိ၏။

ဝေဒနာသင်္ဂဟ။ ။ဝေဒနာ အပြားအားဖြင့် စိတ်,စေတသိက်တို့ကို ပေါင်းယူ ရေတွက်ရာ စကား ရပ်သည် ဝေဒနာ သင်္ဂဟ မည်၏။

ဝေဒနာသင်္ဂဟ၌ ဝေဒနာသည်
(၁) သုခ ဝေဒနာ
(၂) ဒုက္ခ ဝေဒနာ
(၃) အဒုက္ခမသုခဝေဒနာဟု သုံးမျိုး ရှိ၏။

ဗုဒ္ဓမြတ်စွာသည် သံယုတ် ပါဠိတော်၌ ဒွေ မာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ ဟု ဟောတော် မူသောကြောင့် ဤသင်္ဂြိုဟ်ပြ စကားနှင့် ဆန့်ကျင်သကဲ့သို့ ဖြစ်နေသည်၊ သို့ရာတွင် အနုဘဝန သဘော အားဖြင့် ၃-စိပ်ပါက ပြေပြစ်ကြ လေသည်၊ မှန်ပေ၏၊ ဤပါဠိတော်၌ ဝေဒနာ ၂-မျိုးသာ ခေါင်းတပ် ထားသော်လည်း သေချာစွာ စိစ်ထုတ်ပါက အနုဘဝန လက္ခဏာ အတိုင်း သုံးမျိုး ရလေသည်၊ အာရုံ ခံစားသော အရာမှာ သာယာမှုဖြင့်လည်း ခံစားတတ်၏၊မသာယာမှုဖြင့်လည်း ခံစား တတ်၏၊ အရိုး အစဉ် အနေဖြင့်လည်း ခံစားတတ်၏၊ ထိုသုံးမျိုးသော ခံစား နည်းမှ တပါး အခြားမရှိချေ၊ ထို့ကြောင့် အနုဘဝန အနေဖြင့် စိစစ်လျှင် သုံးမျိုးရ၏၊ ဝေဒနာ ၂-မျိုး ဟောထား ပုံမှာ အပြစ် ကင်း သော ဘက်၌ရှိသော ကုသိုလ်အဗျာကတစိတ်တို့၌ယှဉ်သော ဥပေက္ခာ ဝေဒနာကို သုခ၌ သွင်း၍ရင်း, အပြစ် မကင်းသော ဘက်၌ ရှိသော အကုသိုလ် ဥပေက္ခာ ဝေဒနာကို ဒုက္ခ၌ သွင်း၍ရင်း, ဟောထားလေ သောကြောင့်သုခ,ဒုက္ခဟု ၂-မျိုးသာထင်ရှားနေ၏၊အမှန်မှာ ၃-မျိုးပင် ပါဝင်လေသည်။

ယံ ကိဉ္စိ ဝေဒယိတံ ဣဒံ မေ ဒုက္ခသ္မိ-ဟု ဟောတော်မူရာ၌ဝေဒနာ မှန်သမျှ ဒုက္ခချည်းဖြစ်လေသောကြောင့် ဝေဒနာသည် တမျိုးတည်းသာ ရှိရာသည် မဟုတ်ပါလော ? ဟူငြားအံ့။

ဝေဒနာခံစားမှု မှန်သမျှ ဒုက္ခတွေချည်းသာဟု ဟောတော် မူပုံမှာ- သင်္ခါရ မှန်က အနိစ္စ သဘော ချည်းသာ ဖြစ်သော အခြေ အနေကို ရည်ရွယ်၍ ဝေဒနာ မှန်က သင်္ခါရ ဒုက္ခ ချည်းသာဟု ဟောထားခြင်း ဖြစ်လေသည်၊ ခံစားပုံ အခြေအနေ သဘောအရမှာမူကား သုံးစားပင် ဖြစ်၏။

ဣန္ဒြိယဘေဒ။ ။ဣန္ဒြိယ ဒေသနာတော်၌ ဝေဒနာကို ဣန္ဒြိယဘေဒ အားဖြင့် ဝေဖန်ယူ၍ သတ္တဝါတို့ အသိဉာဏ်သို့ လိုက်လျောကာ ငါးမျိုး ဟောထားတော် မူပြန်လေသည်။

ချမ်းသာမှုသည် ကိုယ်ချမ်းသာမှု သုခ, စိတ်ချမ်းသာမှု သောမနဿ ဟု နှစ်မျိုး ကွဲပြား လာ၏၊ ဆင်းရဲမှု သည်လည်း ကိုယ်ဆင်းရဲမှု ဒုက္ခ, စိတ် ဆင်းရဲမှု ဒေါမနဿ ဟု နှစ်မျိုး ကွဲပြား လာ၏၊ လျစ်လျူ ရှုမှုမှာ စိတ်မှာ ချည်းသာ ဖြစ်၍ ၂-မျိုးမကွဲ၊ တမျိုးတည်းသာ ဖြစ်၏၊ သို့ဖြစ်၍ သုခမှ, သုခဝေဒနာနှင့် သောမနဿ ဝေဒနာဟု ၂-စား၊ ဒုက္ခမှ, ဒုက္ခ ဝေဒနာနှင့် ဒေါမနဿ ဝေဒနာဟု ၂-စား၊ ဥပေက္ခာမှ ၁-မျိုး အားဖြင့် ဝေဒနာ ၅-မျိုး ဖြစ်လာ၏။

လက္ခဏာ စသည်

၁။ သုခဝေဒနာသည် အလို ရှိအပ် ကောင်းမြတ်သော အာရုံကို ခံစားခြင်း လက္ခဏာ၊ (အာရုံကောင်းနှင့် ကြုံလျှင် ချမ်းသာစွာ ခံစားမှု ဖြစ်၏ ဟူလို) သမ္ပယုတ် တရားတို့ကို တိုးပွါး ဖြစ်ပေါ် လာစေခြင်း ကိစ္စ၊ ကိုယ်၌ ဖြစ်သော သာယာမှု ပစ္စုပ္ပဋ္ဌာန်၊ ကာယိန္ဒြေလျှင် ပဒဋ္ဌာန်ရှိ၏။

၂။ ဒုက္ခ ဝေဒနာသည် အလို မရှိအပ်သော အနိဋ္ဌ ဖေါဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာ၊ ယှဉ်ဖက် သမ္ပယုတ် တရား တို့ကို ယုတ်လျော့ ညှိုးနွမ်း စေခြင်း ကိစ္စ၊ ကိုယ်၌ ဖြစ်သော နာကျင် ဆင်းရဲမှု ပစ္စုပ္ပဋ္ဌာန်၊ ကာယိန္ဒြေလျှင် ပဒဋ္ဌာန်ရှိ၏။

၃။ အဒုက္ခ မသုခ ဝေဒနာသည် အလယ်တန်း သွာ၌ ဖြစ်သော လိုလားဖွယ် အာရုံကို ခံစားခြင်း လက္ခဏာ၊ ယှဉ်ဖက် တရား တို့ကို တိုးပွါးအောင်လည်းမပြု, ညှိုးနွမ်းအောင်လည်း မပြုခြင်း ကိစ္စ၊ ငြိမ်သက်စွာ ဖြစ်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ ပီတိ မယှဉ်သော စိတ်လျှင် ပဒဋ္ဌာန်ရှိ၏။

၄။ သောမနဿ ဝေဒနာသည် ပင်ကိုယ် အနေအားဖြင့်ငင်း, တဖွဲ တစည်း တဦးတယောက်ကြိုက် အနေအားဖြင့်ငင်း ဖြစ်သော ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာ၊ ဣဋ္ဌ အခြင်း အရာဖြင့် ခံစား ခြင်းကိစ္စ၊ စိတ်ကြိုက် သာယာမှုလျှင် ပစ္စုပ္ပဋ္ဌာန်၊ ငြိမ်းအေး ခြင်းလျှင် ပဒဋ္ဌာန်ရှိ၏။

၅။ ဒေါမနဿ ဝေဒနာသည် ပင်ကိုယ် အနေ အားဖြင့်ငှင်း, တဖွဲ့ တစည်း တဦး တယောက် မနှစ်ချိုက်မှု အနေ အားဖြင့်ငှင်း ဖြစ်သော အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာ၊ အနိဋ္ဌ အခြင်း အရာဖြင့် ခံစားခြင်း ကိစ္စ၊ စိတ်မကျေနပ်မှု ပစ္စုပဋ္ဌာန်၊ ဟဒယ ဝတ္ထုလျှင် ပဒဋ္ဌာန်ရှိ၏။

ထိုဝေဒနာ ၅-မျိုးတွင် သုခဝေဒနာနှင့် တကွဖြစ်သော စိတ်ကား သုခသဟဂုတ် ကုသလဝိပါက် ကာယဝိညာဏ်စိတ်။

ဒုက္ခဝေဒနာနှင့်တကွဖြစ်သောစိတ်ကား ဒုက္ခသဟဂုတ် အကုသလ ဝိပါက် ကာယဝိညာဏ်စိတ်။

သောမနဿဝေဒနာနှင့်တကွဖြစ်သောစိတ်ကား ကာမသောမနဿ ၁၈-ခု၊ ပ-ဒု-တ-စတုတ္ထဈာန် ၄၄-ခု အားဖြင့် ပေါင်း ၆၂-ခု။

ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော စိတ်ကား ဒေါသမူစိတ် ၂-ခု။

ဥပေက္ခာ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်ကား ကာမ ဥပေက္ခာ ၃၂-ခု. ပဉ္စမဈာန် ၂၃-အားဖြင့် ပေါင်း ၅၅-ခု ဖြစ်၏။

စေတသိက် နှင့် ဝေဒနာ ယှဉ်ပုံ

ဝေဒနာ ၁-ပါးနှင့် ယှဉ်သော စေတသိက်ကား ဒေါစတု ၄-ခု၊ ဝိစိကိစ္ဆာ၊ ပီတိ အားဖြင့် ၆-ခု။

ဝေဒနာ ၂-ပါးနှင့်ယှဉ်သော စေတသိက်ကား လောဘ,ဒိဋ္ဌိ,မာန, သောဘန စေတသိက် ၂၅-ခုအားဖြင့် ၂၈-ခု။

ဝေဒနာ ၃-ပါးနှင့် ယှဉ်သော စေတသိက်ကား ဝိတက်, ဝိစာရ, အဓိမောက္ခ, ဆန္ဒ, ဝီရိယ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ အားဖြင့် ၁၁-ခု။

ဝေဒနာ ၅-ပါးနှင့်ယှဉ်သော စေတသိက်ကား ဝေဒနာကြဉ်သော သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ၆-ခု။

ဝေဒနာစေတသိက်သည် တလုံးတည်းဖြစ်၍ မိမိဟူသော ဝေဒနာနှင့် ပြန်၍ မယှဉ်နိုင် သောကြောင့် ဝေဒနာနှင့် မယှဉ်သော စေတသိက်ကို မေးလျှင် ဝေဒနာ စေတသိက် တခုကို ဖြေဆို ရမည်၊ ၎င်းကို မ,တခုဟု

ဆို၏၊ ဝေဒနာသည် ဝေဒနာနှင့် မယှဉ် သကဲ့သို့ ဖဿ သည်လည်း ဖဿနှင့် မယှဉ် စေတနာ သည်လည်း စေတနာနှင့် မယှဉ် စသည်ဖြင့် ညာဏ်ထွင်၍ သိလေ။

ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၊ နှစ်ဝယ် နှစ်ဆယ့်ရှစ်။
သုံးခုဆယ့်တစ်၊ ငါးဖြစ် ခြောက်ခု၊ မ,တခု၊ ပေါင်းစု ငါးဆယ့်နှစ်။

ဟေတု သင်္ဂဟ အဖွင့်

လောဘ စသော ဟိတ်အပြားဖြင့် ဟိတ်နှင့်ယှဉ်သောစိတ်စေတသိက်တို့ကို ရေတွက် ယူပြရာ စကားရပ်သည် ဟေတုသင်္ဂဟ မည်၏။

ဟေတုသင်္ဂဟ၌ ဟိတ်သည် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ,အမောဟ ဟူ၍ ခြောက်ပါး ရှိ၏။

ဟေတုကိစ္စ။ ။အာရုံ၌ သမ္ပယုတ်တရားတို့၏ ကောင်းစွာတည်တန့်နိုင်ခံ့မှုကို ပြီးစေနိုင် သည်ကား ဟေတုကိစ္စ မည်၏၊ ဟေတု သတ္တိ၏ အထောက် အပံ့ကို ရသော ဟေတုသမ္ပယုတ် တရားများသည် အမြစ် အသွယ်သွယ်ဖြင့် အခြေ တွယ်နေသော သစ်ပင်ကြီး ကဲ့သို့ တည်တန့်နိုင်ခံ့သော သဘော ရှိကုန်၏၊ အခြေခံ ဟိတ်တရားမှ ကင်းသော အဟိတ် တရား များကား ရေမျက်နှာ ပြင်ဝယ် အခြေ တည်နေသော မှော်ကဲ့သို့ တည်တန့်နိုင်ခံ့သော ထောက်ရာတည်ရာမရှိကုန်၊ ဤသို့လျှင် ဟိတ် တရားများကို သစ်မြစ်နှင့် တူ၍ အမြစ် မူလ ဟူ၍လည်း ခေါ်ရသေး၏၊ (**ယှဉ်ဖက်တရားတို့ကို တည်တန့်စေမှုကား ဟေတု၊ သစ်ပင်၏ အမြစ်နှင့် တူမှုကား မူလ ဟူ၍မှတ်။**)

အပရေဆရာတို့အလို......အကုသိုလ်စသောတရားတို့၏အကုသိုလ်စသည်၏ အဖြစ်သဘောကို ပြီးစေတတ်သော သတ္တိသည် ဟေတုကိစ္စ မည်၏ဟု အပရေဆရာတို့ ဆိုကြ၏၊ ဤကဲ့သို့ အပရေဆရာတို့ ဆိုသဖြင့် ယှဉ်ပေါ် ယှဉ်ဖက် ဟိတ်ရှိနေသော တရားများမှာ တဦးတဦး ထောက်ထား၍ အချင်းချင်းအပြန်အလှန်အားဖြင့် အကုသိုလ်စသောအဖြစ် ပြီးစီးနိုင်သော်လည်း ယှဉ်ပေါ် ယှဉ်ဖက် ဟိတ်မရှိသော မောဟမူ ဒွေး၌

ယှဉ်သော မောဟနှင့် အဟိတ်စိတ်, ရုပ်, နိဗ္ဗာန် အဗျာကတ တရားတို့သည် အကုသိုလ်အဖြစ် အဗျာကတအဖြစ် မပြည့်စုံ ဖြစ်လေရာ၏ဟု အငြင်းပြုလျက် ပယ်၏။

စင်စစ် ဆိုရပါမူ လောကမှာ အမိုက်မှောင် ဆိုသောအရာမည်သည် ရှိနေ၏၊မည်သည့်အကြောင်းထူးမှ ပြီးစီးစေအပ်သော အရာမဟုတ်ချေ၊ အလင်းရောင် ကင်းသော နေရာမှာ သူ့ဓမ္မတာအတိုင်းသာ ဖြစ်သကဲ့သို့ ဤအတူ မုယှနှ ကြိယာ ဖြစ်သော မောဟ ဟူသော အမိုက်သည် သူ့ဓမ္မတာ အတိုင်း အကုသိုလ် ဖြစ်လေသည်၊ အဟိတ် စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့ သည်လည်း သူ့ဓမ္မတာ အတိုင်းသာ အဗျာကတ ဖြစ်ကြလေသည်။

ချဉ်းအံ့......ဂုဠ္ဟ မည်သော သဘောတခုသည်ရှိ၏၊ ထိုဂုဠ္ဟသည် မုယှနှ ကြိယာ နှင့် ပေါင်းမိ၍ ငြိတွယ်ခြင်း သဘောသို့ ရောက်ကာ လောဘ အကုသိုလ် မည်သည် ဖြစ်သွား၏၊ ယုံကြည်ခြင်း သဒ္ဓါ စေတသိက်နှင့် ပေါင်းမိ၍ ဓမ္မစ္ဆန္ဒ သဘောသို့ ရောက်ကာ ကုသိုလ် ဆန္ဒ မည်သည် ဖြစ်သွား၏၊ ဤသို့ စသည်ဖြင့် တရား တမျိုး တမျိုးနှင့် ပေါင်းဖက် မိတိုင်း မိတိုင်း သဘော တမျိုး တမျိုးသို့ ပြောင်းကူးသွားသော မည်သည် မရှိပါချေ။

ဇာတိမျိုးရိုး အစဉ်ဖြင့် ချဉ်သော အရသာ ရှိသော သစ်ပင်သည် သူ့ကို ချဉ်စေရန် အတွက် အခြား ချဉ်သော အရာ ဝတ္ထု တခုခုနှင့် ပေါင်းစပ် ဟပ်တွဲပေးဘို့မလို၊ သူ့နကိုယ် အတိုင်းသာ ချဉ်လေသကဲ့သို့ အကုသိုလ်မျိုး စသည်မှာလည်း ပတ်ဝန်းကျင်မှ ပြုပြင်ပေးနေစရာမလို နကိုယ်ပကတိ သူ့သဘာဝ အတိုင်းသာ အကုသိုလ်စသည် ဖြစ်လေ၏၊ ကုသိုလ် အကုသိုလ် ဖြစ်မှုသည် သူ့သဘာဝ အတိုင်း ဖြစ်၏၊ ကုသိုလ် အကုသိုလ် မဟုတ်က အဗျာကတ ဖြစ်၏၊ ခက်ခက်ခဲခဲ အကြောင်း ရှာဖွေ နေဖွယ်မလို ဟူ၏။

ဘနည်း။ ။ထိုဟိတ်များတွင် မောဟသည် ကြွင်းဟိတ်တို့၏ မူလ ဖြစ်၏၊ လောဘ, ဒေါသ ဟိတ်တို့ကား မောဟဟိတ်၏ အကျိုးဆက်များသာဖြစ်၏၊ အလောဘ စသော ဟိတ်တို့၏ ကုသိုလ်အဖြစ် စသည်ကား အဝိဇ္ဇာ နှသယနှင့် စပ်၍ ဖြစ်၏။

သတ္တဝါတို့ သန္တာန်မှာ အဝိဇ္ဇာနုသယ မပယ်ရ သေးသ မျှ ကာလ ပတ်လုံး ဖြစ်ပေါ်နေသော အလောဘ စသည်တို့သည် ကုသိုလ် ဖြစ်၏၊ အဝိဇ္ဇာ နုသယ ပယ်ပြီးနောက် ရဟန္တာ အဖြစ်သို့ ရောက်မှ ဖြစ်ပေါ် လာသော အလောဘ စသည် တို့သည် ကြိယာ ဖြစ်ကြ လေသည်။ ထို့ကြောင့် ကြိယာ၏ ဖြစ်ကြောင်း သဘောမှာ ခိုရာနုသယ ရဟန္တာ၏ သန္တာန်နှင့် စပ်၍၊ ဝိပါက်အဗျာကတ ဖြစ်ရခြင်း အကြောင်းမှာ ကံနှင့် စပ်၍ ဖြစ်၏ဟု ဆိုရ၏၊ တမျိုး အားဖြင့် ဝိပါက် အဗျာကတနှင့် ကြိယာ အဗျာကတ ဖြစ်ရခြင်း အကြောင်းမှာ အကျိုးမပေးနိုင်ခြင်း သဘောနှင့် စပ်၍ ဖြစ်ရ၏ ဟုလည်း မှတ်ပါလေ။

စေတသိက်၌ ဟိတ်ယှဉ်ပုံ

ဧကဟိတ် စေတသိက် ၃-လုံးကား ဝိစိကိစ္ဆာ, လောဘ, ဒေါသ (စိတ်ယှဉ်ကို ကြည့်၍ကြံ)

ဒွိဟိတ်စေတသိက် ၉-လုံးကား မောဟ,ဒိဋ္ဌိ,မာန,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,အလောဘ,အဒေါသ,အမောဟ ပေါင်း ၉-လုံး။

တိဟိတ်စေတသိက် ၂၇-လုံးကား အလောဘ,အဒေါသ,အမောဟ ကြဉ်သော သောဘန စေတသိက် ၂၂-လုံး, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ,ထိန,မိဒ္ဓ အားဖြင့် ၂၇-လုံး။

ဟိတ် ၅-ပါးနှင့် ယှဉ်သော စေတသိက် ၁-လုံးကား ဗီတိ။

ဟိတ် ၆-ပါးနှင့် ယှဉ်သော စေတသိက် ၁၂-လုံးကား ဗီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၂-လုံး ဖြစ်၏။

ဆောင်ပုဒ်။ ။သုံးဧကဟိတ်၊ ကိုးဒွိဟိတ်၊ တိဟိတ် နှစ်ဆယ့်ခုနှ်။
ရှစ်လုံးဟိတ်ငါး၊ခြောက်ပါးဆယ့်နှစ်၊ဟိတ်မှာဖြစ်၊စိစစ်ပညဝန်။

ကိစ္စ သင်္ဂဟ အဖွင့်

ပဋိသန္ဓေ စသော တဆဲ့ လေးပါးသော ကိစ္စ အပြားဖြင့် ထိုကိစ္စ တပ်သော စိတ်စေတသိက်တို့ကို ပေါင်းယူရေတွက်ရာ စကားရပ်သည် ကိစ္စ သင်္ဂဟ မည်၏။

ကိစ္စသည် (၁) ပဋိသန္ဓေ၊ (၂) ဘဝင်၊ (၃) အာဝဇ္ဇန်း၊ (၄) ဒဿန၊ (၅) သဝန၊ (၆) ဃာယန၊ (၇) သာယန၊ (၈) ဖုသန၊ (၉) သမ္ပဋိစ္ဆိုင်း၊ (၁၀) သန္တီရဏ၊ (၁၁) ဝုဋ္ဌော၊ (၁၂) ဇော၊ (၁၃) တဒါရုံ၊ (၁၄) စုတိကိစ္စ အားဖြင့် ၁၄-ပါးတည်း။

ဌာနအပြား။ ။ဌာနသည် (၁) ပဋိသန္ဓေ၊ (၂) ဘဝင်၊ (၃)အာဝဇ္ဇန်း၊ (၄) ပဉ္စဝိညာဏ်၊ (၅) သမ္ပဋိစ္ဆိုင်း၊ (၆) သန္တီရဏ၊ (၇) ဝုဋ္ဌော၊ (၈) ဇော၊ (၉) တဒါရုံ၊ (၁၀) စုတိဌာန အားဖြင့် ၁၀-ပါး ဖြစ်၏။

ဘဝ တခု နှင့် တခု ဆက်စပ် ပေးမှုသည် ပဋိသန္ဓေ ကိစ္စ၊ လက်ရှိ ဘဝပြတ်မသွားရလေအောင် အကြောင်းဆက်ပေးမှုသည် ဘဝင် ကိစ္စ၊ ထိုဘဝင်သည် ဝီထိစိတ် ပြတ်သွားသည့်အခါတိုင်း ဆက်လက်ဖြစ်ပေါ် နေမှုဖြင့် ဓိဝိတိန္ဒြေ အစဉ် ကမ္မဇ တေဇော အစဉ် တို့သည် ဖြစ်ကြရ လေသည်။ ဘဝင်စိတ်, ဇီဝိတိန္ဒြေ, ကမ္မဇတေဇော ဤတရား သုံးပါး တို့သည် ခန္ဓာကိုယ်ပုပ်စီး မသွားရ လေအောင် စောင့်ရှောက် ကုန်၏၊ စောင့်ရှောက်ခြင်းကင်းသောအချိန်တွင် ဤခန္ဓာကိုယ်ကောင်ကြီးသည် ထင်းနှင့် ထင်းတုံး ပမာ အသုံးမကျ ဖြစ်သွား လေသည်။

အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါသေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။

အာယု ခေါ်သော ဇီဝိတိန္ဒြေ, ဥသ္မာ ခေါ်သော ကမ္မတေဇောဓာတ်, ဘဝင် ဟူသော ဝိညာဏ်စိတ် ဤတရား သုံးပါး တို့သည် ဤရုပ် ကိုယ်ကြီးကို စွန့်သွားပါက သုံးမရသော ထင်းနှင့် ထင်းတုံး ပမာ ဖြစ်သွားလေ၏။

ဘဝင် အစဉ်ကို ဖြတ်၍ အာရုံသို့ ရှေးရှု ဖြစ်မှုသည် (တနည်း) အာရုံ တပါး၌ နှလုံး သွင်းမှုသည် အာဝဇ္ဇန်း ကိစ္စ။

ဒဿန စသော ကိစ္စများကား ထင်ရှားလေပြီ ဖြစ်၍ မပြတော့ပြီ။

ဤဟာကား အညို, ဤဟာကား အရွှေ, ဤဟာကား တင့်တယ်သော အာရုံတည်း၊ ဤဟာကား မတင့်တယ်သော အရုံတည်းဟု ရောယှက်မှု မရှိသော အားဖြင့် ပိုင်းခြား သတ်မှတ် မှုသည် ဝုဋ္ဌော ကိစ္စ။

မိုဃ်းကြိုး ကျသကဲ့သို့ အဟုန်နှင့် တကွ တရုတရုသော စိတ်၏ ဖြစ်မှုသည် **ဇော ကိစ္စ**။

ဇော ယူသော အာရုံကို လိုက်၍ ယူမှုသည် **တဒါရုံ ကိစ္စ**။

လက်ရှိ ဘဝမှ လျှောကျ မှုသည် **စုတိ ကိစ္စ**။

ထိုကိစ္စ တို့သည် ဌာန အမှတ် အသား ဖြင့်သာ ဖြစ်ကြသည်ဟု ပြခြင်းငှါ ဌာန အပြားကို ပြဆိုရ၏။

ထိုထို ကိစ္စကို ပြုလုပ် ဆောင်ရွက် နေသော စိတ်၏ ဖြစ်ရာသည် ဌာန မည်၏၊ ထိုထို အကြား ကာလကိုပင် ဌာနဟု ခေါ်၏။

ကာလသည် ကာလဝန္တ တရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဌာန မည်လေသည်။

ပဋိသန္ဓေ၏ ဖြစ်ရာကာလကို ပဋိသန္ဓေ ဌာနဟု ခေါ်၏၊ ကြွင်းသော ဌာနတို့၌လည်း နည်းတူ သိလေ။

ကိစ္စနှင့်ဌာနအထူး။ ။ရှေ့စိတ် နောက်စိတ် နှစ်ပါး၏ အကြား ကာလ ပညတ်သည် ဌာနဖြစ်၏၊ ထိုအချိန် ကာလမှာ ဖြစ်ပေါ် လာသော ပရမတ္ထတရား၏ အမှုအရာ ကလေးသည် ကိစ္စဖြစ်၏၊ ဤတွင် ဌာနကား ပညတ်,ကိစ္စကား ပရမတ် ဖြစ်၏။

သန္တီရဏစစ်ချက်။ ။ဒွိပဉ္စဝိညာဏ်ဖြစ်သော ကုသိုလ်ကံသည် မိမိကိုယ်တိုင် သောမနဿ နှင့် ယှဉ်နေ သော်လည်း အလွန် အားနည်းလေ သောကြောင့် သောမနဿ ပဋိသန္ဓေကို ပေးခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် သောမနဿ သန္တီရဏ စိတ်သည် ပဋိသန္ဓေကိစ္စ မတပ်၊ ပဋိသန္ဓေကိစ္စ မတပ်သဖြင့်လည်း ဘဝင်ကိစ္စ, စုတိ ကိစ္စလည်း မတပ်နိုင်တော့ပေ၊ ဥပေက္ခာ သန္တီရဏ ၂-ပါး သည်သာ ပဋိသန္ဓေ စသော ကိစ္စ ငါးပါးကို ဆောင်ရွက် လေသည်၊ ထို့ကြောင့် ပဋ္ဌာန်း ပါဠိတော် ဥပေက္ခာ သဟဂုတ်စိတ် ဝေဘန်ခဏ်း၌-အဟိတ် ဥပေက္ခာ သဟဂုတ် ၂-ပါးကိုသာ ပဝတ္တိပဋိသန္ဓေအခါ ၂-ပါးလုံးမှာဝေဖန်တော် မူသည်၊ သောမနဿ သန္တီရဏကိုကား ပဝတ္တိ အခါ၌သာ ဝေဖန်၍ ပဋိသန္ဓေအခဏ်း၌ ဝေဖန်တော်မမူလေ၊ ထို့ကြောင့် အဘိဓမ္မာဒေသနာ တော်၌ ပဋိသန္ဓေ အခဏ်းမှာ သောမနဿ သန္တီရဏကို မဝေဖန်

ခြင်းသည် ထိုသောမနသသင်္ဂြိုဟ်ရဏ၏ ပဋိသန္ဓေကိစ္စ မဆောင်ရွက်နိုင်သောကြောင့်သာ ဟောတော်မမူခြင်း ဖြစ်၏ဟု မှတ်ပါလေ။

၂-ကြိမ် ဖြစ်ခွင့် ရပေမင့်

မနောဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရ၏ ဝီထိနှင့် အဝိဘူတာရုံ ဝီထိမှာ နှစ်ကြိမ် ဖြစ်ခွင့်ရ၏၊ သို့သော်လည်း မိမိ၏ ရှေ့မှာ ဖြစ်နေသော ဝိပါက် အစဉ်မှ ရလာသော ကျေးဇူး ပြုမှုက အားနည်းလေ သောကြောင့် ဇောကိစ္စ တပ်သော ကြိယာ မျိုးတွင် ပါဝင် နေသော်လည်း ဇော အဟုန်မှ ကင်းသောကြောင့် အာဝဇ္ဇန ဒွယ ဝဇ္ဇိတာနိ ဟု ဆိုအပ်လေသည်။

မဂ်ဇော,အဘိညာဉ်ဇော,ဖိုလ်ဇော,

မဂ်ဇော,အဘိညာဉ်ဇော ပဥ္စမဆုံးအပ္ပနာဖြစ်ရသော မဟဂ္ဂုတ်ဇောတို့သည် တကြိမ်သာ ဖြစ်သော်လည်း ဇော၏ သဘာဝနှင့် ပြည့်စုံ၍ ဇောကိစ္စကို ဆောင်ရွက် နိုင်သောကြောင့် ဇော မည်ကြ လေသည်၊ ဖိုလ်စိတ်သည် အာသေဝနပစ္စည်းအဖြစ်မှ ကင်းသော်လည်း အကြောင်းဖြစ်သော မဂ်စေတနာ၏ ကြီးကျယ်သော အာနုဘော်စွမ်းကြောင့်၎င်း, ပရိကမ် ဘာဝနာ၏ အစွမ်းဖြင့် ဖြစ်လေသောကြောင့်၎င်း အာရုံ၌ အဟုန်နှင့်တကွ ကျလေရကား ဇောမည်လေသည်။

ဇောကိစ္စတပ်သောစိတ် ၅၅-ပါးကား အကုသိုလ် ၁၂-ခု၊ ကုသိုလ် ၂၁-ခု၊ အာဝဇ္ဇန်း ၂-ခု ကြဉ်သော ကြိယာ ၁၈-ခု၊ ဖိုလ် ၄-ခု၊ ပေါင်း ၅၅-ခု။

တဒါရုံကိစ္စ တပ်သောစိတ် ၁၁-ခုကား မဟာဝိပါက်စိတ် ၈-ခု၊ သန္တီရဏ ၃-ခု၊ ပေါင်း ၁၁-ခု။

ငါးကိစ္စ ငါးဌာနတပ်သောစိတ် ဥပေက္ခာသန္တီရဏ ၂-ခု၊
လေးကိစ္စ လေးဌာနတပ်သောစိတ် မဟာဝိပါက်စိတ် ၈-ခု၊
သုံးကိစ္စ သုံးဌာနတပ်သောစိတ် မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခု၊
နှစ်ကိစ္စ နှစ်ဌာနတပ်သောစိတ် သော-သန္တီရဏနှင့် မနောဒွါရာဝဇ္ဇန်း၊
တကိစ္စ တဌာန တပ်သောစိတ် ဇော ၅၅-ခု၊ မနောဓာတ် ၃-ခု၊ ဒွေးပဉ္စဝိညာဏ် ၁၀-ခု၊ ပေါင်း ၆၈-ခု ဖြစ်၏။

ဌာန ၂၅-ပါး

ကေဝိဝံ သဗ္ဗ ဠာနံ၊ သဟ္မာနာပိ ဘဝင်္ဂသ။
ဒွိဋ္ဌာနာ ဝဏ္ဏနံ ပဉ္စ၊ ဝိညာဏာ ဒိန မေကကံ။
ဝေါဋ္ဌဗ္ဗနဿ ဒုဋ္ဌာနံ၊ ဇဝနံ ဆ တဒါ လမ္ဗ။
ဒွိဋ္ဌာနံ စုတိယာ ဌာနံ၊ တိဓေဝံ ပဉ္စဝိသတိ။

ပဋိသန္ဓေ	၁။	သမ္ပဋိစ္ဆိုင်း	၁။	တဒါရုံ	၂။
ဘဝင်	၆။	သန္တီရဏ	၁။	စုတိ	၃။
အာဝဇ္ဇန်း	၂။	ဝုဋ္ဌော	၂။		
ပဉ္စဝိညာဏ်	၁။	ဇော	၆။		

ဌာနအားဖြင့် ၂၅-ဌာန ဖြစ်၏။

ပဋိသန္ဓေ ၁-ဌာနကား စုတိနှင့် ဘဝင် အကြား

ဘဝင် ၆-ဌာနကား ပဋိသန္ဓေနှင့် အာဝဇ္ဇန်း အကြား (ပ-အာ) ၁။
တဒါရုံနှင့် အာဝဇ္ဇန်း အကြား (တ-အာ) ၁။
ဇောနှင့် အာဝဇ္ဇန်း အကြား (ဇော-အာ) ၁။
ဝုဋ္ဌောနှင့် အာဝဇ္ဇန်း အကြား (ဝေါ-အာ) ၁။
တဒါရုံနှင့် စုတိ အကြား (တ - စု) ၁။
ဇောနှင့် စုတိ အကြား (ဇ - စု) ၁။

ပေါင်း ၆-ဌာန။

အာဝဇ္ဇန်း ၂-ဌာနကား ဘဝင်နှင့် ပဉ္စဝိညာဏ် အကြား ၁။
ဘဝင်နှင့် ဇော အကြား ၁။

ပေါင်း ၂-ဌာန။

ပဉ္စဝိညာဏ် ၁-ဌာနကား ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း အကြား ၁။
သမ္ပဋိစ္ဆိုင်း ၁-ဌာနကား ပဉ္စဝိညာဏ်နှင့် သန္တီရဏ အကြား ၁။
သန္တီရဏ ၁-ဌာနကား သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌော အကြား ၁။
ဝုဋ္ဌော ၂-ဌာနကား သန္တီရဏနှင့် ဇော အကြား ၁။
သန္တီရဏနှင့် ဘဝင် အကြား ၁။

ပေါင်း ၂-ဌာန။

ဇော ၆-ဌာနကား ဝုဋ္ဌောနှင့် တဒါရုံ အကြား (ဝေါ-တ) ၁။
ဝုဋ္ဌောနှင့် ဘဝင် အကြား (ဝေါ-ဘ) ၁။
ဝုဋ္ဌောနှင့် စုတိ အကြား (ဝေါ-စု) ၁။
မနောဒွါရာဝဇ္ဇန်းနှင့် တဒါရုံ အကြား (မ-တ) ၁။
မနောဒွါရာဝဇ္ဇန်းနှင့် ဘဝင် အကြား (မ-ဘ) ၁။
မနောဒွါရာဝဇ္ဇန်းနှင့် စုတိ အကြား (မ-စု) ၁။
ပေါင်း ၆-ဌာန ဖြစ်၏။

တဒါရုံ ၂-ဌာနကား ဇောနှင့် ဘဝင် အကြား ၁။
ဇောနှင့် စုတိ အကြား ၁။
ပေါင်း ၂-ဌာန။

ဘဝင် ၃-ဌာနကား ဇောနှင့် ပဋိသန္ဓေ အကြား ၁။
တဒါရုံနှင့် ပဋိသန္ဓေ အကြား ၁။
ဘဝင် နှင့် ပဋိသန္ဓေ အကြား ၁။
ပေါင်း ၃-ဌာန။

ကိစ္စဉ် စေတသိက်ယှဉ်ပုံ

၁--ကိစ္စတပ်သော စေတသိက်ကား အကုသိုလ် စေတသိက် ၁၄-ခု၊ ဝိရတိ စေတသိက် ၃-ခု အားဖြင့် ပေါင်း ၁၇-ခု၊ (ဇောကိစ္စ)

၄--ကိစ္စတပ်သော စေတသိက်ကား အပ္ပမညာ ၂-ခု၊ (ပဋိသန္ဓေ, ဘဝင်, စုတိ, ဇော)

၅--ကိစ္စတပ်သော စေတသိက်ကား သောဘန သာဓာရဏ စေတသိက် ၁၉-ခု၊ ပညိန္ဒြေ ၁-ခု၊ ဆန္ဒ ၁-ခု အားဖြင့် ပေါင်း ၂၁-ခု၊ (ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, ဇော)

၆--ကိစ္စတပ်သော စေတသိက်ကား ပီတိ (ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ, တဒါရုံ, ဇော)

၇--ကိစ္စတပ်သော စေတသိက်ကား ဝီရိယ (ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ, တဒါရုံ, ဇော, ဝုဋ္ဌော)

၉--ကိစ္စတပ်သော စေတသိက်ကား ဝိတက်, ဝိစာရ, အဓိမောက္ခ၊ (ပဉ္စဝိညာဏ် ၅-ကိစ္စမှ တပါး ကြွင်း ၉-ကိစ္စ)

၁၄—ကိစ္စ တစ်သော စေတသိက်ကား သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ၇-ခုတည်း။

ဆောင်ပုဒ်။ ။တကိစ္စဖြစ်၊ ဆယ့်ခုနစ်၊ လေးဖြစ်နှစ်ပါးယူ။
ငါးကေဝိ၊ ခြောက်လီမှာတစ်၊ ခွန်လည်းတစ်၊ ကိုးဖြစ်သုံးပါးယူ။
ဆယ့်လေးကိစ္စ၊ ခုနစ်ဝ၊ ရကြရှင်းစေမူ။

ကိစ္စသင်္ဂဟ ပြီး၏။

ပဋိစ္စသမုပ္ပါဒ်လေ့ကျင့်ခန်း (၁)

၁။ သမ္ပယုတ္တာ ယထာယောဂံ(ပ)ယထာရဟံ။ ဂါထာ၌ တေပညာသ သရုပ်ကို ထုတ်ပြ၍ ယထာရဟ-ဖြစ်ပုံကို စုံလင်စွာ ရှင်းပြပါ။

၂။ မြတ်စွာဘုရားသည် သံယုတ်ပါဠိတော်၌ ဒွေမာဘိက္ခဝေ စသည်ဖြင့် ဝေဒနာ ၂-ပါးသာ ဟောထားပါလျက် ဤသင်္ဂြိုဟ်ကျမ်း၌ အဘယ့်ကြောင့် ဝေဒနာ ၃-ပါး, ဆိုထား ပါသနည်း ? ယင်း စကားနှစ်ရပ် မဆန့်ကျင်အောင် စိစစ်ပြခဲ့ပါ။

၃။ ခံစားမှု လက္ခဏာ အားဖြင့် ဝေဒနာသည် တမျိုး တည်းသာ ဖြစ်ပါလျက် အဘယ့်ကြောင့် ၃-မျိုး ၃-စား ပြားလာရပါသနည်း ? အကြောင်းသွင်း၍ ရှင်းခဲ့ပါ။

၄။ အာရမဏာနုဘဝနနည်း၊ ဣန္ဒြိယဘေဒနည်း အားဖြင့် ဝေဒနာဘေဒကို ဖော်ပြ၍ အာရမဏာနုဘဝနဝေဒနာ၏ ဣန္ဒြိယဘေဒ ဖြစ်လာပုံကို စုံလင်စွာ ဖော်ပြပါ။

၅။ ဝေဒနာ ၅-မျိုး၏ လက္ခဏာ-ရသ-စသည်တို့ကို ထုတ်ပြ၍ စိတ်နှင့်စေတသိက် တို့ကို ယင်းဝေဒနာ ၅-မျိုးဖြင့် အသီးသီးဝေဘန် ပိုင်းခြားခဲ့ပါ။

၆။ အောက်ပါ က-ခ-တို့၏ အဓိပ္ပါယ်တွက်ကိုရေး၍ (ဂ)၏ သဘာဝကို ဥပမာ ဆောင်၍ ထင်ရှားအောင် ရှင်းပြပါ။
(က) ဟေတုကိစ္စ၊ (ခ) ဟေတု-မူလ၊ (ဂ) ဟေတုသတ္တိ။

၇။ အကုသိုလ် ဟိတ်တို့တွင် အကြောင်း ဖြစ်သော ဟိတ်၊ အကျိုးဖြစ်သော ဟိတ် တို့ကိုဖော်ပြ၍ ယင်းအကုသိုလ်ဟိတ်တို့၏ ယှဉ်ရာစေတသိက်ကို ညွှန်ပြခဲ့ပါ။

အောင်မင်္ဂလာ ၄-၁၉

၈။ အဗျာကတ ဟိတ်တို့ကို ညွှန်ပြ၍ ယင်းအဗျာကတ ဟိတ်တို့၏ အဗျာကတဖြစ်ပုံကို ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ စိစစ်ပြပါ။

၉။ အောက်ပါ ဟိတ်တို့ကို အသီးသီး ခွဲခြားပြပါ။

(က) ကေဟိတ်စိတ်, ကေဟိတ်စေတသိက်၊

(ခ) ဒွိဟိတ်စိတ်, ဒွိဟိတ်စေတသိက်၊

(ဂ) တိဟိတ်စိတ်, တိဟိတ်စေတသိက်၊

(ဃ) ဟိတ် ၅-ပါး, ဟိတ် ၆-ပါးနှင့်ယှဉ်သော စေတသိက်၊

၁၀။ ကိစ္စအပြား၊ ဌာနအပြားကို ဖော်ပြ၍ ယင်းကိစ္စ၊ ဌာနတို့၏ ထူးခြားပုံကို ရှင်းပြပါ။

၁၁။ အောက်ပါ စကားရပ်တို့၏ ယထာရဟ အဓိပ္ပါယ်ကို သဘာဝကျကျ ရေးပြပါ။

(က) ဘဝင်၊ (ခ) ဝုဋ္ဌော၊ (ဂ) ဇော၊ (ဃ) တဒါရုံ။

၁၂။ သန္တီရဏချင်း တူပါလျက် ဥပေက္ခာ သန္တီရဏက-ပဋိသန္ဓေ ကိစ္စ တပ်၍သောမနဿ သန္တီရဏက-အဘယ့်ကြောင့် သန္တီရဏ ကိစ္စ မတပ်ပါသနည်း ယုတ္တိသာဓကပြ၍ ဖြေပါ။

၁၃။ ပရိတ္တာရုံ ဝီထိ-အဝိဘူတာရုံ ဝီထိ-ဝယ် ၂-ကြိမ် ဖြစ်ခွင့်ရှိသော မနောဒွါရဝဇ္ဇန်းသည် အဘယ့်ကြောင့် ဇောကိစ္စဖြင့် မသတ်မှတ်ရပါသနည်းရှင်းပြပါ။

၁၄။ ဇော ထိုက်သော စိတ် စေတသိက်ကို ရေး၍ မဂ်, ဖိုလ်, အဘိညာဉ်တို့ ဇော အမည်ရပုံကို စုံလင်စွာ ရေးခဲ့ပါ။

၁၅။ အောက်ပါ အမှတ်ပြစကားကို သရုပ်သဘော စစ်ကြောဝေဘန်ပါ၊

(က) ငါးကိစ္စတပ်သောစိတ်၊ စေတသိက်၊

(ခ) လေးကိစ္စတပ်သော စိတ်၊ စေတသိက်၊

(ဂ) တကိစ္စတပ်သော စိတ်၊ စေတသိက်၊

၁၆။ ဌာန ၁၅-ပါးကိုရေး၍ အောက်ပါဌာနတို့ကို ဖြစ်ရာကာလ အားဖြင့် ခွဲခြားစိစစ်ခဲ့ပါ။

ပဋိသန္ဓေ-ဌာန၊ ဘဝင်-ဌာန၊
ဝုဋ္ဌော-ဌာန၊ ဇော-ဌာန၊

ဒွါရ သင်္ဂဟာ အဖွင့်

စက္ခုစသော ဒွါရတို့၏ အပြားအားဖြင့် စိတ်စေတသိက် များကို ရေတွက်ပေါင်းယူရာ စကားရပ်သည် ဒွါရသင်္ဂဟမည်၏။

(၁) စက္ခုဒွါရ၊ (၂) သောတ၊ (၃) ဃာန၊
(၄) ဇိဝှါ၊ (၅) ကာယ၊ (၆) မနောဒွါရဟု ၆-မျိုးရှိ၏။

စက္ခုဒွါရ စသည်သည် အာဝဇ္ဇန်း စသော နာမ်တရားတို့ ဖြစ်ရာ ဖြစ်၍ လူတို့ ဝင်ထွက် သွားလာရာ ပကတိ တံခါးပေါက်နှင့် တူသော ကြောင့် ဒွါရမည်ရကား-စက္ခုဒွါရစသည် မည်၏ဟု မှတ်လေ။

(**တနည်း**) ဒွါရသည် အာကာသဒွါရ မဏ္ဍူဒွါရဟု နှစ်မျိုးရှိ၏၊ တံခါးပေါက် မျိုးသည် အာကာသ ဒွါရ မည်၏၊ မှန်ပြားဖြင့် ပြုလုပ်ထားသော အလင်းရောင်သွားရာ အပေါက်သည် မဏ္ဍူဒွါရ မည်၏။ မှန်တံခါး မျိုးကား-ဝိတ်ထား သော်လည်း အတွင်းသို့ အလင်းရောင် ဝင်နိုင်၍ ၎င်းကို မဏ္ဍူဒွါရ (အကြည်တံခါး)ဟုခေါ်၏။

ထိုကဲ့သို့ပင် သတ္တဝါတို့၏ ခန္ဓာကိုယ်ဝယ် အပေါက်နှစ်မျိုးရှိရာ- မွေးညှင်း ပေါက်ပေါင်း ကိုးသောင်း ကိုးထောင်သည် ဆိဒ္ဒ ဒွါရ (အပေါက် တံခါး) မည်၏၊ ပသာဒရုပ်သည် မဏ္ဍူဒွါရ (အကြည်တံခါး) မည်၏၊ ဤ၌ မဏ္ဍူဒွါရ (အကြည်တံခါး)ကို ယူအပ်၏၊ ထိုမဏ္ဍူ ဒွါရ (အကြည်တံခါး) ကို အာရုံတရား အာရမဏိက တရားတို့၏ ထွက်ရာ ဝင်ရာ ဟူသော အကြောင်းအရာအားဖြင့် ပကတိ တံခါးနှင့် တူသော ကြောင့် ဒွါရဟု ဆိုအပ်လေသည်။

ထိုအကြည်သည် ရုပ်အကြည်, နာမ်အကြည်ဟု နှစ်မျိုးရှိ၏၊ ထိုတွင် ရုပ်အကြည်သည် ကံအထူး မဟာဘုတ်အထူး တို့ဖြင့်ပြီးသော ကြည်ပုံ ကြည်နည်း ကွဲပြားမှုဖြင့် စက္ခုအကြည်, သောတအကြည် ။ပ။ ကာယ အကြည်ဟု ငါးမျိုးရှိ၏ဟု ပြခြင်းငှါ စက္ခုဒွါရ စသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူ၏။

အကြင်စက္ခုပသာဒ၌ လဝန်းစသော ရုပ်နိမိတ်တို့ ထင်လာကုန်၏၊ ယင်းစက္ခုပသာဒ၌ထင်လာသော ထိုရုပ်နိမိတ်တို့ကို အာဝဇ္ဇန်းစသော စိတ်တို့သည် အာရုံပြုခံယူကြကုန်၏၊ ထို့ကြောင့် ထိုစက္ခုပသာဒသည်

သာလျှင် အာရုံအာရမဏိကတရား ၂-ပါးတို့၏ ဝိသယဝိသယီအဖြစ်သို့ ရောက်ခြင်း၏ အကြောင်း ဖြစ်၍ စက္ခုဒွါရ မည်လေသည်။

(အနည်း) အကြင် စက္ခု အကြည်ဖြင့် အပ၌ ဖြစ်သော လဝန်း စသော ရုပ်တို့သည် အတွင်းအာဝဇ္ဇန်းစသောစိတ် တို့၏ အာရုံအဖြစ်သို့ ရောက်ကြ၏၊ ယင်း စက္ခု အကြည် ဖြင့်လည်း အတွင်း၌ ဖြစ်သော အာဝဇ္ဇန်း စသည့်တို့သည် ပြင်ပ၌ ဖြစ်သော လဝန်းစသော ရုပ်တို့၏ အာရမဏိက အဖြစ်သို့ ရောက်ကြ၏၊ ထိုစက္ခုအကြည် သည်ပင်လျှင် ဝိသယ ဝိသယီ အဖြစ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် စက္ခုဒွါရမည်၏၊ သောတဒွါရ စသည်တို့၌လည်း နည်းတူသိလေ။

မနောဒွါရံ=မနောဒွါရံ ဟူရာ၌ မနောအရ စိတ်အများနှင့် ဆိုင်၍ ဤ၌ လိုအပ်သော စိတ်ကိုပြခြင်းငှါ မနောဒွါရံ ပန ဘဝင်္ဂံ ပဝုစ္စတိဟု မိန့်၏။

စိတ် ၈၉-ပါးလုံးပင် မနောဒွါရ မည်သော်လည်း ဤ၌ ဥပပတ္တိဒွါရကို အလိုရှိအပ်သောကြောင့် မနောဒွါရ အရ ဘဝင်ဟု ပြဆို၏၊ ပဋိသန္ဓေ အခါမှစ၍ အသက် ရှည်သမျှ ကာလပတ်လုံး ဖြစ်ရေ အယဉ်ကဲ့သို့ ဖြစ်သော ဘဝင်စိတ် ၁၉-ခုကို ဤ၌ မနောဒွါရဟု ဆိုအပ်လေသည်၊ မနောဒွါရ မဖြစ်ထိုက်သော ဘဝင်မည်သည်မရှိ၊ အကြောင်း ညီညွတ် ပါက ဘဝင်တိုင်း ဘဝင်တိုင်း မနောဒွါရ ဖြစ်ထိုက်သည်ဟု မှတ်လေ။

စက္ခုဒွါရိကစိတ် ၄၆-ခု

စက္ခုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈-ခု အားဖြင့် စိတ် ၄၆-ပါးဖြစ်၏။ သောတဒွါရ၌ သောတဝိညာဏ် ၂-ခု၊ စက္ခု ဝိညာဏ် ၂-ခုဆိုသော နေရာမှာ လဲလှယ်၍ထည့်၊ ဃာနဒွါရ၌ ဃာန ဝိညာဏ် ၂-ခု၊ ဇိဝှါဒွါရ၌ ဇိဝှါဝိညာဏ် ၂-ခု၊ ကာယဒွါရ၌ ကာယ ဝိညာဏ် ၂-ခု၊ အသီးအသီး စက္ခုဝိညာဏ် နေရာမှာ လဲလှယ်၍ ရေ တွက်လေ။

ယထာရဟ။ ။အာရုံ, ဒွါ, ပုဂ္ဂိုလ်, မနသိကာရစသည်အားလျော်စွာ ဤစိတ်များ ဖြစ်ကြသည်။

အနိဋ္ဌ, အနိဋ္ဌ မဇ္ဈတ္တာရုံ၌ အကုသလဝိပါက်၊ ဣဋ္ဌ, ဣဋ္ဌ မဇ္ဈတ္တာရုံ၌ ကုသလဝိပါက်၊ ဣဋ္ဌာရုံ၌ သောမနဿ တဒါရုံ၊ ဣဋ္ဌ မဇ္ဈတ္တနှင့် အနိဋ္ဌာရုံ၌ ဥပေက္ခာ တဒါရုံ၊ ယောနိသော မနသိကာရရှိလျှင် ကုသိုလ်ဇော၊ အယောနိသော မနသိကာရရှိလျှင် အကုသိုလ်ဇော၊ နိရာနုသယ ပုဂ္ဂိုလ်၏ သန္တာန်မှာ ဖြစ်လျှင် ကြိယာဇော၊ သာနုသယ ပုဂ္ဂိုလ်၏ သန္တာန်မှာ ဖြစ်လျှင် ကုသိုလ် အကုသိုလ်ဇောများ သင့်သလို ဖြစ်လေသည်ဟုဆိုလို၏။

သမ္ဗုသောပိ။ ။ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ခပ်သိမ်းသော အပြား အားဖြင့် ဖြစ်သော စိတ် တို့သည် ကာမာဝစရ စိတ်တို့ ချည်းသာ ဖြစ်၏ဟု သဗ္ဗထာပိကို ကာမာဝစရာ နေဝနှင့် စပ်ပါ။

(တနည်း) သဗ္ဗထာပိပုဒ်ကို စတုပညာသပုဒ်နှင့် စပ်ပါလျှင်–ထိုထို ဒွါရ အသီးအသီး၌ ဖြစ်သော မယူအပ် သေးသည်ကို ပေါင်းယူသော ခပ်သိမ်းသော အပြားအားဖြင့်လည်း ၅၄-ပါးဖြစ်၏ဟု အဓိပ္ပါယ်ရ၏။

မနောဒွါရ၌ ဖြစ်သော စိတ် ၆၇ – ခုကား မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၅၅၊ တဒါရုံ ၁၁-ခုတို့တည်း။

ဒွါရဝိမုတ် ၁၉-ခုကား အဟိတ်ပဋိသန္ဓေ ၂-ခု၊ မဟာဝိပါက် ၈-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့တည်း။

ထို ဒွါရ ဝိမုတ် တို့သည် အာဝဇ္ဇန်း စသော စိတ်တို့ကဲ့သို့ ဒွါရ၏ ဖေါက်ပြန်မှုကို စွဲ၍ မဖြစ်ဘဲ ကံသက်သက်ဖြင့်သာ ဖြီးလေသောကြောင့် ကံ-ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော ရိုးရာအာရုံမှတပါး အခြားအာရုံကို မယူနိုင်၍ ဒွါရမှ လွတ်ရကုန်၏။

ဤစကား ရပ်၌ ဒွါရဖေါက်ပြန်မှု ဆိုသည်ကား မိမိ၌ အာရုံများ ထင်လာ သဖြင့် ဘဝင် လှုပ်ခြင်း, စက္ခုပသာဒ စသည် တို့၏ မိမိ၌ ဝိညာဏ် ဖြစ်ခြင်း ဟူသော သတ္တိထူးနှင့် ယှဉ်ခြင်းကို ဆို၏။

တဒွါရ၌ ဖြစ်သော စိတ်ပေါင်း ၃၆-ပါးကား ဒွေး ပဉ္စဝိညာဏ် ၁၀-နှင့် အပ္ပနာဇော ၂၆-ခု။

ငါးဒွါရ၌ ဖြစ်သော စိတ်ပေါင်း ၃-ခုကား မနောဓာတ် ၃-ခု။

ခြောက်ဒွါရ၌ဖြစ်သော စိတ်ပေါင်း ၃၁-ပါးကား မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉-ခု၊ သောမနဿ သန္တီရဏ ၁-ခု။

ရုံ့ါ ဝိမုတ် စိတ်ပေါင်း ၁၀-ခုကား ကာမပဋိသန္ဓေ ၁၀-ခု။
အမြဲ ဝိမုတ် စိတ်ပေါင်း ၉-ခုကား မဟဂ္ဂုတ် ဝိပါက် ၉-ခု။

ဒွါရ၌ ယှဉ်သော စေတသိက်

အပ္ပမညာ ၁ွေး နှင့် ဝိရတိ စေတသိက် သုံးခုသည် မနောဒွါရ၌သာ ဖြစ်၏၊ ကြွင်းလေးဆဲ့ ခုနစ်ခုသည် ဆဒွါရ၌ ဖြစ်၏။

ဒွါရ သင်္ဂဟ ပြီး၏။

အာရမဏ သင်္ဂဟ အဖွင့်

ရူပါရုံ စသော အပြားဖြင့် စိတ်, စေတသိက် တို့ကို ပေါင်း ယူရာ ဖြစ်သော စကားရပ်သည် အာရမဏ သင်္ဂဟ မည်၏။

အာရမဏ သင်္ဂဟ၌ အာရုံတို့သည်
၁။ ရူပါရုံ၊ ၂။ သဒ္ဒါရုံ၊ ၃။ ဂန္ဓာရုံ၊
၄။ ရသာရုံ၊ ၅။ ဖောဋ္ဌဗ္ဗာရုံ ၆။ ဓမ္မာရုံ
ဟူ၍ ၆-ပါး ရှိ၏။

အညို, အရွှေ စသည်၏ အစွမ်းဖြင့် အမျိုးမျိုး ဖောက်ပြန် ခြင်းသို့ ရောက်၍ စိတ်အလိုကို ပြတတ်သောကြောင့် ရူပမည်၏၊ ထိုရုပ်သည်ပင် အားနည်းသူမှာ တောင်ဝှေး, ကြိုးတန်း စသည်ကို စွဲကိုင်အပ် သကဲ့သို့ စိတ်စေတသိက်တရားတို့သည် စွဲကိုင်အပ်အာရုံပြုအပ်လေသောကြောင့် အာရမဏလည်း မည်သည် ဖြစ်၍ ရူပါရုံ မည်၏။ စိတ်စေတသိက်တို့ လာ၍ မွေ့လျော်ရာ ဖြစ်သောကြောင့်လည်း အာရုံမည်၏ဟု မှတ်လေ။

ပြောဆိုအပ် သောကြောင့် သဒ္ဒ၊ ဤဝတ္ထုသည် ဒီမှာ ရှိလေ၏ ဟု ကုန်းတိုက် သကဲ့သို့ (ဝါ) လက်ထောက်ချ သတင်း ပေးသကဲ့သို့ မိမိ တည်ရာ ဝတ္ထုကို ပြတတ် သောကြောင့် ဂန္ဓ၊ သာယာ အပ်သော ကြောင့် ရသ၊ တွေ့ထိအပ် သောကြောင့် ဖောဋ္ဌဗ္ဗ မည်၏။ (အာပေါ

ဓာတ်သည် ကြည်အပ်သော ဘူတရုပ် ၃-ပါး အပေါင်းတည်း) ဖိဖို သဘောကို ဆောင်တတ်သော ဖဿသည်ပင် အာရုံဖြစ်၍ ဖဿာရုံ မည်၏။

ထိုတွင် ဖဿာရုံသည် ပသာဒရုပ်,သုခုမရုပ်,စိတ်, စေတသိက် နိဗ္ဗာန် ပညတ်ဟု ခြောက်ပါး ပြား၏။

ပဉ္စဒွါရိကစိတ်အာရုံ

ထိုဒွါရိက စိတ်များတွင် စက္ခုဒွါရိက စိတ်တို့သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏၊ သောတဒွါရိက စိတ်တို့သည် ပစ္စုပ္ပန် သဒ္ဒါရုံကို၊ ဃာနဒွါရိကစိတ်တို့သည် ပစ္စုပ္ပန် ဂန္ဓာရုံကို၊ ဇိဝှါဒွါရိက စိတ်တို့သည် ပစ္စုပ္ပန် ရသာရုံကို၊ ကာယဒွါရစိတ်တို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

ဤတွင် ပစ္စုပ္ပန်သည် သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်, ခဏပစ္စုပ္ပန်ဟု သုံးမျိုး ရှိ၏။ သန္တတိ ပစ္စုပ္ပန်သည် နာမသန္တတိ, ရူပသန္တတိ ဟု နှစ်မျိုး ရှိ၏။

ထိုတွင် ၇-ဝိထိ, ၈-ဝိထိခန့် ကြာသော အချိန်သည် နာမသန္တတိ ပစ္စုပ္ပန်မည်၏။

အပူမှလာသူ၏ အအေးဓာတ် ရောက်သည်အထိ, အေးသောရေ၏ ပူလာသော အချိန် အထိ, ရေပူ၏ အေးသော အချိန် အထိ ဖြစ်သော အခိုက်သည် ရူပသန္တတိမည်၏။

ပဋိသန္ဓေမှစ၍ စုတိအတွင်း သက်တမ်းဘဝတခုအချိန်သည် အဒ္ဓါ ပစ္စုပ္ပန်မည်၏။

ဥပါဒ်, ဋ္ဌီ, ဘင် အခိုက်သည် ခဏ ပစ္စုပ္ပန် မည်၏၊ ဤ၌ ခဏ ပစ္စုပ္ပန်ကို ယူလေ။

မနောဒွါရိကစိတ်အာရုံ

မနောဒွါရိက စိတ်တို့မှာ ပစ္စုပ္ပန်, အတိတ်,အနာဂတ်, ကာလ ဝိမုတ် ဖြစ်သော အာရုံ ၆-ပါးသည် ထိုက်သင့်သလို ဖြစ်၏။

ကာလသုံးပါး၌ အစဉ်ကျရောက်ခြင်း မရှိသောကြောင့် အသင်္ခတ ဖြစ်သော နိဗ္ဗာန်ပညတ်တို့သည် ဥပါဒ် စသည်မှ ကင်းရကား ကာလ ဝိမုတ်မည်၏။

ယသာခရော အဝိနဲ့ပြီး။ ။ကာမာဝစရ ဇော, အဘိညာဉ် ဇော,
ကြွင်းမဟဂ္ဂုတ် အားလျော်စွာ ဖြစ်၏။

ဟသိတုပ္ပါဒ် ကြဉ်သော ကာမာဝစရ ဇောတို့မှာ ကာလ သုံးပါး ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါး၊ ဟသိတုပ္ပါဒ်စိတ်မှာ ကာလ သုံးပါး၌ဖြစ်သော အာရုံ ၆-ပါး၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဇော စသည်မှာ ထိုက်သင့်သည့်အားလျော်စွာ တိကာလိကနှင့် ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါး၊ (ကမ္မဋ္ဌာန်း ပိုင်း၌ ရှေ့ရလတ့ံ) ကြွင်း မဟဂ္ဂုတ် လောကုတ္တရာ ဇောတို့မှာကား ထိုက်သင့်သည့်အားလျော်စွာ ကာလ ဝိမုတ်,အတိတ် အာရုံဖြစ်၏ဟု ဆိုလို၏။

ဒွါရဝိမုတ်စိတ်တို့၏အာရုံ

ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉-ခုတို့မှာ ဖြစ်သင့်သည့်အားလျော်စွာ အများအားဖြင့် ဘဝတပါးက ခြောက်ဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်,အတိတ်,ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါးကို အာရုံပြု၏။

ဖြစ်သင့်သည့် အာရုံဖြစ်ပုံ

ဒွါရဝိမုတ်သည် ကာမ, မဟဂ္ဂုတ်ဟု နှစ်မျိုးရှိ၏၊ ထိုတွင်ကာမ၌-

(၁) ပဋိသန္ဓေ, ဘဝင်တဌာန
(၂) စုတိတဌာန
(၃) ပဋိသန္ဓေ, ဘဝင်စုတိတဌာနဟု သုံးဌာနရှိ၏။

(၁) ကာမ ပဋိသန္ဓေနှင့် ဘဝင်တို့သည် ပဉ္စဒွါရဂဟိတ ဖြစ်လျှင် ပစ္စုပ္ပန် ကမ္မနိမိတ် အာရုံငါးပါးကို အာရုံ ပြု၏၊ မနောဒွါရဂဟိတ ဖြစ်လျှင် အတိတ် ကမ္မနိမိတ် အာရုံငါးပါးကို အာရုံပြု၏၊ (ပဉ္စဒွါရဂဟိတ၌ ပစ္စုပ္ပန်၊ မနောဒွါရဂဟိတ၌ အတိတ်)

(၂) ကာမာဝစရ စုတိ စိတ်သည် ရှေးဘဝက ခြောက်ဒွါရဖြင့် မရဏာသန္န ဇောသည် ယူပေးအပ်သော အတိတ်ကမ္မနိမိတ် ပဉ္စာရုံကို အာရုံ ပြု၏။

(၃) ကာမပဋိသန္ဓေ, ဘဝင်, စုတိ သုံးပါးသည် မနောဒွါရဂဟိတ သာလျှင်ဖြစ်သော အတိတ် ကံ, ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြု၏။

ထိုကာမ ပဋိသန္ဓေ ဘဝင် စုတိ သုံးပါးသည် ဂတိနိမိတ်ကို အာရုံ ပြုသောအခါ မနောဒွါရိက မရဏာသန္န ဇောသည် ယူပေးအပ်သော ပစ္စုပ္ပန် ရူပါရုံ ဂတိနိမိတ်တပါးကိုသာ အာရုံပြု၏၊ ဤသို့ ကာမာဝစရ ဒွါရဝိမုတ် စိတ်တို့၏ ဖြစ်သင့်သည့် အားလျော်စွာ ဆဒွါရဂ္ဂဟိတ သဘော, ပစ္စုပ္ပန်အတိတ် ဟူသော ကာလသဘော, ကံ-ကမ္မနိမိတ် ဂတိနိမိတ် ဟူသော နိမိတ်သဘော အားဖြင့် အာရုံ ပြုပုံကို သိလေ။

မဟဂ္ဂုတ် ဒွါရဝိမုတ် စိတ်များတွင် ရူပါဝစရ ဒွါရ ဝိမုတ်နှင့် ပဌမာရုပ္ပ, တတိယာရုပ္ပ ဝိမုတ်စိတ်တို့၏ အာရုံမှာ မနောဒွါရဂ္ဂဟိတ ပညတ် ကမ္မနိမိတ် ဓမ္မာရုံ၊ (ဤ၌ ပညတ် ဟူသည် ရူပါဝစရ ဝိမုတ် အတွက် ကသိုဏ်းပညတ်၊ ပဌမာ, တတိယာရုပ္ပ အတွက်မူ ကသိ ဏုဂ္ဃါဋိမ အာကာသစသော ပညတ်တည်း)

ဒုတိယာရုပ္ပ, စတုတ္ထာရုပ္ပ ဒွါရဝိမုတ်တို့၏ အာရုံမှာ မနောဒွါရဂ္ဂ ဟိတ အတိတ်ဖြစ်သော ကမ္မနိမိတ် ဓမ္မာရုံတည်း၊ ဤသို့ မဟဂ္ဂုတ်ဒွါရ ဝိမုတ်စိတ်တို့၏ မနောဒွါရဂ္ဂဟိတသဘော၊ ကာလသဘော ကမ္မနိမိတ် သဘောဖြင့် အာရုံပြုပုံကို သိလေ။

ဒွါရ ဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင်္ဂ စုတိသင်္ခါတာနံ ဆဗ္ဗိဓမ္ပိ ယထာ သမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ အာရမ္မဏံ ဟောတိ။

ဤနေရာ၌ နားလည်နိုင်ခဲ၍ အထွက် အတက်နှင့် ရှင်းပြ ဦးအံ့။ အာဝဇ္ဇန်း စသော ဆဒွါရိကစိတ်တို့၏ အာရုံသည် ဘဝတပါး၌ရှင်း လက်ရှိ ယခုဘဝ၌ရှင်း ရှေးအဘို့က တစုံတခုသောဒွါရဖြင့် ယူဘူးပြီး လည်းဖြစ်တတ်၏မယူဘူးသေးသည်လည်းဖြစ်တတ်သကဲ့သို့ဒွါရဝိမုတ် စိတ်တို့၏ အာရုံကား မဖြစ်ဟု ပြခြင်းငှါ ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ဟူသော စကားကို ဆိုအပ်၏။

ဒွါရဝိမုတ် စိတ်တို့၏ အာရုံသည် ဘဝတပါး၌ ဆဒွါရဖြင့် ယူဘူး ပြီးသော အာရုံပေါင်း တည်းဟု ဆိုလို၏၊ မှန်၏၊ ဘဝအထူးကို တောင့်တ၍ ကုသိုလ်ကို ပြုသောကြောင့် ထိုဘဝ အထူး၌ ဖြစ်သော သူတို့၏ အာရုံမှာ ဘဝတပါး၌လည်း တစုံတရာ ဒွါရဖြင့် မယူဘူးသေး သော အာရုံသစ် သာတည်း။

ပဉ္စဒွါရိက စိတ်တို့မှာ ဧကန်ပစ္စုပ္ပန် အာရုံဖြစ်သကဲ့ရင်း,မနောဒွါရိကစိတ်တို့မှာ တေကာလိကနှင့် ကာလဝိမုတ်သာမန်အာရုံဖြစ်သကဲ့သို့ရင်း,ဤဒွါရဝိမုတ်စိတ်တို့၏ အာရုံမှာ ထိုကဲ့သို့မဖြစ်ဟုပြခြင်းငှါ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါဟု မိန့်ဆို၏၊ ဆိုလိုရင်းမှာ ဤဒွါရဝိမုတ် စိတ်တို့၏ အာရုံမှာ ပစ္စုပ္ပန်အတိတ်လည်း ဖြစ်၏၊ ကာလဝိမုတ်လည်း ဖြစ်တတ်၏ဟု ဆိုလို၏။

ဆဒွါရိက စိတ်တို့၏ အာရုံမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟူ၍ ပြီးသော ဝေါဟာရနှင့် ယှဉ်သော အာရုံသည်ရင်း, ထို ကံ ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော ဝေါဟာရဖြင့် မခေါ်ဝေါ်အပ်သော ရူပါရုံစသော ရိုးရာအာရုံသည်ရင်း, ဖြစ်လေသကဲ့သို့ ထို့အတူ ဤဒွါရဝိမုတ်စိတ်တို့၏ အာရုံသည် မဖြစ်ဟု ပြခြင်းငှါ-ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ-ဟု ဆိုအပ်၏။

ဆိုလိုရင်းမှာ ဒွါရဝိမုတ် စိတ်တို့၏ အာရုံသည် ရိုးရာရူပါရုံ စသည် မဟုတ်ဘဲ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံမျိုး ဖြစ်၏ဟူလို။

ယေဘုယျေန-ဟူသည် အများအားဖြင့် ဖြစ်သည်ကို ဆို၏။

ယထာသမ္ဘဝံ-ဟူသည်ကား ထိုထိုဒွါရ ဝိမုတ် စိတ်တို့၏ ဆဒွါရဂ္ဂဟိတ စသည်၏အစွမ်းဖြင့် ဖြစ်သောအာရုံ အားလျော်စွာဖြစ်၏၊ အာရုံဖြစ်ပုံကို နောက်၌ ပြခဲ့ပြီ။

ဘဝန္တရေ ဟူသည်ကား အတိတ် ဖြစ်သော အခြားမဲ့ ဘဝတည်း ထိုဘဝ၌လည်း မရဏာသန္န အခါကိုယူလေ။

ဆဒွါရဂ္ဂဟိတံ-ဟူသည်ကား ခြောက်ဒွါရ၌ ဖြစ်သော မရဏာသန္န ဇောတို့သည် ယူအပ်သော အာရုံတည်း။

ဤစကားရင်များတွင် ယေဘုယျေနဖြင့် ဘဝန္တရေ ဆဒွါရဂ္ဂဟိတ အစီအရင်၏ ဧကန်မဟုတ်သည်ကို ပြဆို၏၊ အဘယ့်ကြောင့် ဆိုသော် ဆဒွါရိက မရဏာသန္န ဇောသည် အာရုံကို ယူမပေးအပ် ဘဲလည်း ဖြစ်သင့်လေသောကြောင့်တည်း။

ချဲ့ဦးအံ့......အသည့တ်ဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေ နေလာသော ဖြပ္ပဒ္ဒါကျ ကာမသတ္တဝါတို့၏ ပဋိသန္ဓေအာရုံမှာ ထိုအတီတာနန္တရ အသည့သတ် ဘဝတုံးက တစုံတခုသော ဒွါရဖြင့် ယူပေးမှုမရှိ၊ အသည့သတ်ဘုံ မရောက်မီ ဘဝတခုခုမှာ ပြုခဲ့သော အပရာပရိယကံ တခုက အကျိုးပေးကာနီးအခါမှာ ထိုအပရာပရိယ ဇနကကံ၏ အစွမ်းကြောင့် ထင်လာသောအာရုံကိုသာ အာရုံပြုသည်၊ ဆဒွါရိကဇောသည် ယူပေးအပ်သော အာရုံမရှိဟု ယေဘုယျ သဒ္ဒါဖြင့်ပြ၏။

အရူပဘဝမှ စုတေသော ပုဂ္ဂိုလ်၏ ဂတိနိမိတ်ဟု ဆိုအပ်သော ကာမပဋိသန္ဓေ၏ အာရုံကို နှစ်စေခြင်းငှါ ယေဘုယျ သဒ္ဒါကို ဆို၏။

အရူပဘုံသည် ရုပ်ကို ရွံမုန်း စက်ဆုပ်သော ဘုံဖြစ်၏၊ အရူပ ဘုံမှ စုတေ၍ ကာမဘုံသို့ ပဋိသန္ဓေ လာနေရာတွင် ကာမပဋိသန္ဓေ၏ အာရုံသည် ကံ,အာရုံ ဖြစ်ပါက အရူပဘုံက မရဏာသန္နဇောသည် ယူနိုင်၏၊ ဂတိနိမိတ်နှင့် ရုပ်ကမ္မနိမိတ် ဖြစ်ပါက အရူပဘုံက မရဏာသန္နဇောမှာ မယူနိုင်ဘဲ အကျိုးပေးမည့် ဖြစ်သော ဇနကကံ၏အစွမ်းဖြင့်ပင် ထင်လာရသော အာရုံကိုသာ အာရုံပြု၏ဟု ဆိုလို၏။

စက္ခုဝိညာဏ် နွေးသည် ရူပါရုံ
သောတဝိညာဏ် နွေးသည် သဒ္ဒါရုံ
ဃာနဝိညာဏ် နွေးသည် ဂန္ဓာရုံ
ဇိဝှါဝိညာဏ် နွေးသည် ရသာရုံ

ကာယဝိညာဏ် နွေးသည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏၊ (ဤကား ဒသ အရ) မနောဓာတ် သုံးခုသည်။ ပဉ္စာရုံကို အာရုံပြု၏၊ (ဤကား တိက် အရ)

တဒါရုံ ၁၁-ခု နှင့် ဟသိတုပ္ပါဒ်သည် ကာမာဝစရကို အာရုံ ပြု၏။

ထိုတဒါရုံ ဟသိတုပ္ပါဒ် တို့သည် သဗ္ဗညု ဘုရားတို့ သန္တာန်မှာ ဖြစ်သော်လည်း အထူး ကြံဖန်နိုင်သော စွမ်းရည်သတ္တိ ကင်းလေသောကြောင့် ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော ပညာတ်တရား သိမ်မွေ့သော မဟဂ္ဂုတ် တရား, နက်နဲသော လောကုတ္တရာ တရားတို့ကို အာရုံ ပြုခြင်းငှါ မစွမ်းနိုင်၊ (ဤကား ဒွါဒသ အရ)

အကုသိုလ်စိတ် ၁၂-ခု, မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု, မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄-ခု အားဖြင့် ၂၀-သော စိတ်တို့သည် လောကုတ္တရာသည် ကြည်အပ်သော အလုံးစုံသော အာရုံကို အာရုံပြုကုန်၏။ (ဝိသအရ)

၎င်းစိတ် ၂၀-တို့ လောကုတ္တရာကို အာရုံ မပြုနိုင် သည်မှာ ဉာဏ် ကင်းမဲ့၍ မိုက်သော တရားများ ဖြစ်လေသောကြောင့် ဖြစ်၏။ ထိုစိတ် ၂၀-တွင် အကုသိုလ် ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ် လေးခုသည် ကာမ တရားကိုအာရုံပြု၍ မှားသောအားဖြင့် သုံးသပ်သောအခါ, ကာမဂုဏ်ကို သာယာသော အခါ, အလွန် နှစ်သက်သော အခါ၌ ကာမ တရားကို အာရုံ ပြု၏၊ ထိုသို့ခဲ့ပြီး အခြင်း အရာ ဖြင့်သာ မဟဂ္ဂုတ် တရားကို အကြောင်းပြု ဖြစ်ရာ၌ မဟဂ္ဂုတ်ကို အာရုံပြု၏၊ ပညတ်ကို အကြောင်းပြု ဖြစ်ရာ၌ ပညတ်ကို အာရုံပြု၏။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုတို့သည် ကာမ,မဟဂ္ဂုတ်,ပညတ်တရား တို့ကို အကြောင်းပြု၍ သက်သက် သာယာခြင်း နှစ်သက်ခြင်း၏ အစွမ်း အားဖြင့် ဖြစ်သော အခါ ကာမ,မဟဂ္ဂုတ် ပညတ်ကို အာရုံပြု၏။

ဒေါသမူ နှစ်ခု တို့သည် ဒုဿန, ဝိပ္ပဋိသာရ၏ အစွမ်း အားဖြင့် ဖြစ်သော အခါ၊

ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည် မဆုံးဖြတ်နိုင်သည်၏ အစွမ်းအားဖြင့် ဖြစ်သော အခါ၊

ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပျံ့လွင့်ခြင်း,မငြိမ် သက်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော အခါ ကာမ,မဟဂ္ဂုတ် ပညတ်ကို အာရုံ ပြု၏။

• ကာမကုသိုလ်,ကြိယာဉာဏဝိပ္ပယုတ် ၈-ခုတို့သည်သေက္ခပုဂ္ဂိုလ်, ပုထုဇဉ် ပုဂ္ဂိုလ်, ရဟန္တာ ပုဂ္ဂိုလ် တို့အား မရိမသေ ပေးလှူရာ အခါ, ဆင်ခြင်ရာ အခါ, တရား နာရာ အခါ စသည် တို့၌ ကာမ တရားကို အကြောင်းပြု၍ဖြစ်မှု ကာမကို အာရုံပြု၏၊ အလွန်လေ့လာပြီး ဖြစ်သော ဈာန်ကို ဆင်ခြင်ရာ အခါ၌ မဟဂ္ဂုတ်ကို ကသိုဏ်း ပရိကမ် စသည် ပြုသော အခါ၌ ပညတ်ကို အာရုံပြု၏။

ကနည်း အားဖြင့် ထိုစိတ် ၂၀-တို့သည် ပဋိဝေဓဉာဏ်၏ အဖြစ် ဝိပဿနာ၏ အဖြစ်ဖြင့် မဖြစ်လေသောကြောင့် လောကုတ္တရာကို အာရုံ မပြုနိုင်ကြကုန်ဟုမှတ်။

ဥာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်ဇော ၄-ခုနှင့် ရူပါဝစရ ပဉ္စမဈာန် အဘိညာဉ် ကုသိုလ်ဇော ၁-ခု၊ ဤငါးခုတို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံသော အာရုံကို အာရုံပြု၏။ အရဟတ္တမဂ်, ဖိုလ်ကို ကြဉ်ရသည်မှာ ထိုစိတ်တို့၏ သေက္ခ, ပုထုဇဉ်တို့ သန္တာန်၌သာ ဖြစ်သောကြောင့် ပေတည်း။

ရှုဦးအံ့-သေက္ခ ပုဂ္ဂိုလ် တို့သည် ရဟန္တာ ပုဂ္ဂိုလ်၏ သီးခြား ပိုင်ဆိုင်သော အရဟတ္တမဂ်နှင့်ဖိုလ်ကိုမရသောကြောင့်မသိနိုင်ကြကုန်၊ ပုထုဇဉ် စသည်တို့သည်လည်း သောတာပန် စသည်တို့၏ သီးခြားပိုင် ဖြစ်သော စိတ်ကို မရသောကြောင့် မသိနိုင်ကြကုန်၊ သောတာပန်သည် သကဒါဂါမ်, အနာဂါမ်တို့၏ သီးခြားပိုင် မဂ်ဖိုလ်ကို၊ သကဒါဂါမ် ပုဂ္ဂိုလ်သည် အနာဂါမ်၏မဂ်,ဖိုလ်ကို မရသောကြောင့် မသိနိုင်ကြ။

ကုသိုလ်ဇော ငါးခုတို့ အရဟတ္တမဂ်နှင့် ဖိုလ်မှတပါး ကြွင်းသော မဂ်ဖိုလ် များကို အာရုံပြု ဖြစ်နိုင်သည်မှာ-သေက္ခ တို့၏ မိမိ မဂ်ဖိုလ်ကို ဆင်ခြင်သော အခါ, သူတပါး သန္တာန်၌ ဖြစ်သော မဂ်ဖိုလ်ကို အာရုံ ပြုသော စေတောပရိယ အဘိညာဉ်ဖြင့် ပရိကမ်ပြုသော အခါ, စေတော ပရိယ အဘိညာဉ်ဖြင့် တပါးသူ၏ သန္တာန်၌ ဖြစ်သော မဂ်ဖိုလ်တို့ကို ပစ္စဝေက္ခဏမဂ်,ပစ္စဝေက္ခဏဖိုလ်စသည်ဖြင့် ပိုင်းခြားသိသောအခါ မိမိနှင့် တန်းတူ ပုဂ္ဂိုလ်, မိမိအောက် ယုတ်သော ပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ်ကိုအာရုံပြု၏။

ကာမ, မဟဂ္ဂုတ်, ပညတ် နိဗ္ဗာန် တို့သည် သေက္ခ, ပုထုဇဉ်တို့ ရှိသေစွာ အလှူ ပေးသော အခါ, ပစ္စဝေက္ခဏာ အခါ, ဓမ္မသဝန အခါ, သင်္ခါရကို သုံးသပ်သော အခါ, ကသိဏ်း ပရိကံနှင့် အသုဘ ပရိကံ စသည် ပြုသော အခါ, ထိုထို အာရမဏိကဇော အဘိညာဉ်ဇောတို့ကို ပရိကံ ပြုသော အခါ, ဂေါတြဘူ, ဝေါဒါန် အခါ, ဒိဗ္ဗစက္ခု အဘိညာဉ် စသည်တို့ဖြင့် ရုပ်ကိုသိခြင်း စသော အခါတို့၌ ထိုကုသိုလ်ဇော ငါးခု တို့၏ အာရုံဖြစ်ကြသည်။

(တနည်း) ထိုကုသိုလ်ဇော ငါးခု တို့၏ အာရုံ၌ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ကြဉ်ရသည်မှာ ထိုကုသိုလ်ဇော ငါးခုတို့၏ ရဟန္တာ သန္တာန်၌ မဖြစ်သောကြောင့်ရင်း, သေက္ခ, ပုထုဇဉ်တို့၏ ရဟန္တာ ပုဂ္ဂိုလ် သီးခြား ပိုင်ဆိုင်သော အရဟတ္တမဂ်နှင့် ဖိုလ်ကို မရသဖြင့် မသိသောကြောင့်ရင်း ကြဉ်ရလေသည်။

ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာဇော ၄-ခုနှင့် မဟဂ္ဂုတ် ပဉ္စမဈာန် ကြိယာအဘိညာဉ်, ဝုဋ္ဌော ဤစိတ် ၆-ခုတို့သည် ခပ်သိမ်းသော အပြားအားဖြင့် အလုံးစုံကို အာရုံ ပြုကုန်၏။

ကာမကြိယာ ဉာဏသမ္ပယုတ်ဇော, ကြိယာ အဘိညာဉ် ဇောတို့သည် သဗ္ဗညုဘုရား သန္တာန်တော်မှာ ဖြစ်၍ သဗ္ဗညုတဉာဏ် စသည်, ဇာနိုဝိဇ္ဇောဏ် စသည်၏ အစွမ်းဖြင့် ဖြစ်သော အခါ အလုံးစုံကို အာရုံ ပြု၏၊ အာရုံ မပြုနိုင်သော တရား မည်သည် မရှိ။

ဝုဋ္ဌောသည်လည်း ထိုအတူ သဗ္ဗညုဘုရား သန္တာန်တော်မှာ ဖြစ်၍ သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ် စသည်နှင့် အဘိညာဉ် ဇောတို့၏ ရှေ့သွား၏ အစွမ်းဖြင့် ဖြစ်မှု အာရုံ မပြုနိုင်သော တရား မည်သည် မရှိ၊ အလုံးစုံကို အာရုံ ပြုနိုင်၏၊ ပစ္စေကဗုဒ္ဓါနှင့် အသေက္ခ ရဟန္တာ သာဝက တို့၏ သန္တာန်၌ ဖြစ်မှု ပဒေသ သဗ္ဗ အနေ အားဖြင့် အာရုံ ပြု၏။ ပစ္စေက ဗုဒ္ဓါနှင့် အရိယာ သာဝက တို့၏ သန္တာန်၌ ဖြစ်သော ထိုကြိယာဇော, အဘိညာဉ် ဇောတို့သည် ပထဝီစာတ် တခုကိုပင် အကြွင်းမဲ့ မသိစွမ်း နိုင်ကုန်၊ ထိုကြောင့် ပစ္စေကဗုဒ္ဓါ စသည်တို့၏ သန္တာန်၌ ဖြစ်သော ထိုကြိယာဇော, အဘိညာဉ်ဇောတို့သည် ပဒေသ သဗ္ဗ အနေဖြင့် အာရုံ ပြုကုန်၏ ဟု မှတ်။

အရူပတွင် ဒုတိယ အာရုပ္ပ ၃-ခု၊ စတုတ္ထ အာရုပ္ပ ၃-ခု၊ ဤ ၆-ခုသော စိတ်တို့သည် မဟဂ္ဂုတ်ကို အာရုံ ပြုကုန်၏။

ဝိညာဏဉ္စာယတန စိတ်သည် အာကာသာနဉ္စာယတန စိတ်ကို နေဝသညာ နာသညာယတန စိတ်သည် အာကိဉ္စညာယတန စိတ်ကို အာရုံ ပြု၍ မဟဂ္ဂုတ်ကို အာရုံပြု၏ ဟု ဆို၏။

အထက်ပါစိတ် ၆-ခုမှတပါး ကြွင်းမဟဂ္ဂုတ်စိတ် ၂၁-ပါးသည် ကသိုဏ်း စသော ပညတ်ကို အာရုံ ပြု၏။

လောကုတ္တရာ စိတ်သည် နိဗ္ဗာန်ကို အာရုံ ပြု၏။

အာရုံပြု အချုပ်

ဒသ အရ-ဒွေးပဉ္စဝိညာဉ်	၁၀-ခု၊
တ်ဏ် အရ-မနောဓာတ်	၃-ခု၊

ဧ္ဒါဒသ အရ-တဒါရုံ ၁၁-ခုနှင့် ဟသိတုပ္ပါဒ် ၁-ခု၊ ပေါင်း ၁၂-ခု၊ ဤ ၂၅-ပါးသော စိတ်တို့သည် ကာမကို အာရုံ ပြု၏။

ဝီသ အရ-အကုသိုလ် ၁၂-ခုနှင့် ကာမကုသိုလ် ကြိယာ ဉာဏ ဝိပ္ပယုတ် ၈-ခု အားဖြင့် ၂၀-သော စိတ်တို့သည် လောကုတ္တရာ ကြဉ်သော အလုံးစုံကို အာရုံ ပြုကုန်၏။

ပဉ္စ အရ-ကာမ ကုသိုလ် ဉာဏ သမ္ပယုတ် ၄-ခု၊ ရူပ ကုသိုလ် ပဉ္စမဈာန် အဘိညာဉ် ၁-ခု အားဖြင့် ငါးပါးသော စိတ်တို့သည် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံကို အာရုံ ပြုကုန်၏။

ပဉ္စမ ဆ အရ-ကာမ ကြိယာ ဉာဏသမ္ပယုတ် ၄-ခု၊ ရူပ ကြိယာ အဘိညာဉ် ၁-ခု၊ ဝုဋ္ဌော ၁-ခု အားဖြင့် ဤ ၆-ခုသော စိတ်တို့သည် ကာရေး အလုံးစုံကို အာရုံ ပြု၏။

ဒုတိယ ဆ အရ-ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာ ယတနစိတ် ၃-ခု၊ ဤ ၆-ခုသော စိတ်တို့သည် မဟဂ္ဂုတ်ကို အာရုံ ပြုကုန်၏။

ကေဝိသ အရ-ရူပ ၁၅-ခု၊ အာကာသာနဉ္စစိတ် ၃-ခု၊ အာကိဉ္စစိတ် ၃-ခု၊ ဤ ၂၁-ခုသော စိတ်တို့သည် ကသိုဏ်း စသော ပညတ်ကို အာရုံ ပြုကုန်၏။

အဋ္ဌ အရ-လောကုတ္တရစိတ် ၈-ခုသည် နိဗ္ဗာန်ကို အာရုံ ပြု၏။

ကာလဝိမုတ် ကေန် ကေဝီသနှင့် အဋ္ဌ

ပညတ် ကေန် ကေဝီသ

ပရမတ် ကေန် ဒသ-တိကံ, ဒွါဒသ, ဒုတိယ ဆ, အဋ္ဌ

အဇ္ဈတ် ကေန် ဒုတိယ ဆ,

ဗဟိဒ္ဓ ကေန် ရူပစိတ် ၁၅၊ အာကာသာနဉ္စစိတ် ၃-ခုနှင့် အဋ္ဌ

နှစ်ဝီ ပဉ္စ အရ-ရူပါရုံ ကေန် စက္ခုဒွေး၊ သဒ္ဒါရုံ ကေန် သောတဒွေး၊ ဂန္ဓာရုံ ကေန် ဃာနဒွေး၊ ရသာရုံ ကေန် ဇိဝှါဒွေး၊ ဖောဋ္ဌဗ္ဗာရုံ ကေန် ကာယဒွေး၊

ဓမ္မာရုံ ကေန် ကေဝီသ ဒုတိယ ဆ, အဋ္ဌ

တပါး ကေန် ဒသ-ဒုတိယ ဆ, ဝိညာ ကုသိုလ် ဝိပါက် ၂၊ နေဝ သညာ ကုသိုလ် ဝိပါက် ၂၊ အဋ္ဌ

(ဒွေးနှစ်သင်) နှစ်ပါး ကြောင်း	ဝိညာဉ်–နေ၀ါ ကြိယာ နှစ်ခု၊
ငါးပါး ကြောင်း	တိဂ်ဝိ
တဆဲ့နှစ်ပါး ကြောင်း	ရူပ ပဥ္စမဈာန် ၃–ခု၊
တဆဲ့လေးပါး ကြောင်း	ရူပ ဒုတိယဈာန် ၃၊ တဈာန် ၃၊ စတုတ္ထဈာန် ၃၊
နှစ်ဆဲ့ငါးပါး ကြောင်း	ရူပ ပဥ္စမဈာန် ၃–ခု၊

ဤကား ကြောင်း အာရုံပြု အရကောက် တည်း။

အနေကန် အာရုံပြု လင်္ကာ

မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆိုအံ့၊ ပိုယိုကင်းပ၊ ကာမ, မဟဂ္ဂုတ်၊ ဝိမုတ် ပညတ်၊ ပရမတ်ဟု၊ ငါးရပ် တူလစ်၊ သုံးဆဲ့ ဟစ်ဦ၊ ပစ္စုပ် တိတ၊ နာဂတနှင့်၊ ဓမ္မ ရုပ်နာမ်၊ ခြောက်တန် ပေါင်းရုံး လေးဆဲ့ သုံးဦ၊ သုံးလီ အစွတ်၊ ငွေလတ် မှီရောက်၊ ငါးဆဲ့ ခြောက်မှန်၊ နိဗ္ဗာန် ကြောက် ဒသ၊ ပဥ္စဒ္ဒဝယ်၊ လေးဆယ်နှင့် ခြောက်၊ မွေးကောက် စေမှု၊ ဥဒါန်း ပြုသည် ...... စေ့ဌ ဖန်ခါ ထပ်လဲတည်း။

(ဝိဘုဒ္ဓါရုံ လင်္ကာ)

ကာမ, မဟဂ္ဂုတ်, ကာလဝိမုတ်, ပညတ်, ပရမတ် အနေကန် အာရုံပြု စိတ်ကား–ဝိသ, ပဥ္စ, ဆ တည်း။ (၃၁)

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ဓမ္မ, ရုပ်, နာမ် အနေကန် အာရုံပြု စိတ်ကား–ဒွါဒသ-ဝိသ, ပဥ္စ, ဆ တည်း။ (၄၃)

အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တ ဗဟိဒ္ဓ အနေကန် အာရုံပြု စိတ်ကား–ဒသ တိဂ်ဝိ, ဒွါဒသ, ဝိသ, ပဥ္စ, ဆ တည်း။ (၅၆)

နိဗ္ဗာန်ကို အနေကန် အာပြုသော စိတ်ကား–ပဥ္စ, ဆ တည်း။ (၁၁)

ရူပရုံ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ဟူသော ပဥ္စာရုံကို အနေကန် အာရုံ ပြုသော စိတ်ကား–တိဂ်ဝိ, ဒွါဒသ, ဝိသ, ပဥ္စ, ဆ တည်း။ (၄၆)

စေတသိက် အာရုံပြု

အကုသိုလ် စေတသိက်သည် လောကီကို အာရုံပြု၏၊
ဣဿာ, အပ္ပမညာသည် ဗဟိဒ္ဓကို အာရုံပြု၏၊
မစ္ဆေရသည် အဇ္ဈတ္တကို အာရုံပြု၏၊

ဝိရတိသည် ဝိရမိတဗ္ဗဟု သမုတ်အပ်သော ကာမ,နာမ်ရုပ်,ပစ္စုပ္ပန်, အနာဂတ်ကို အာရုံပြု၏၊ (လောကုတ္တရာ၌ ယှဉ်သော သမုစ္ဆေဒဝိရတိသည်ကား နိဗ္ဗာန် ဟူသော အပ္ပမာဏ ဖြစ်သော ကာလဝိမုတ်တရားကို အာရုံ ပြုသေး၏၊) အပ္ပမညာသည် ပညတ်ကာလ ဝိမုတ်ကို အာရုံပြု၏၊

အကုသိုလ် စေတသိက် ၁၄၊ အပ္ပမညာ ၂၊ ဝိရတိ ၃-ခုကြဉ်သော ကြွင်း စေတသိက် ၃၃-ခုမှာ မပြုသော အာရုံ မည်သည် မရှိ။

အာရမ္မဏ သင်္ဂဟ ပြီး၏။

ဝတ္ထုသင်္ဂဟ အဖွင့်

စက္ခု စသော ဝတ္ထုတို့၏ အပြားအားဖြင့် ထိုဝတ္ထုကို မှီ၍ဖြစ်သော စိတ်စေတသိက်တို့ကို ရေတွက်ပေါင်းယူရာ စကားရပ်သည် ဝတ္ထုသင်္ဂဟ မည်၏။

ဝတ္ထုသည် စက္ခုဝတ္ထု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယ ဝတ္ထုဟု ခြောက်မျိုးရှိ၏။

စက္ခုပသာဒ သည်ပင်လျှင် စက္ခုဝိညာဏ် စိတ်၏ မှီရာ ဖြစ်သောကြောင့် စက္ခုဝတ္ထုမည်၏၊ သောတ, ဃာန, ဇိဝှါ, ကာယတို့၌နည်းမှီ၍ သိမှတ်လေ၊ ဟဒယရုပ်သည်ပင်လျှင် ပဥ္စဒွါရာဝဇ္ဇန်းစသော စိတ်တို့၏ မှီရာဖြစ်သောကြောင့် ဟဒယဝတ္ထုမည်၏။

ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံးပင်ရသည်၊အဘယ့်ကြောင့်နည်း ကာမတဏှာနှင့် စပ်သော ကံသည် ဖြစ်စေအပ်သော အတ္တဘောတို့၏ ဣန္ဒြေပြည့်စုံသော အဖြစ်ဖြင့် ဖြစ်သင့်လေသောကြောင့် ပေတည်း။

မှန်၏၊ စက္ခုဝတ္ထု စသည် ရှိခဲ့သော်သာ ရူပါရုံစသော ကာမဂုဏ်တို့ကို သုံးဆောင် ခံစားမှု ပြည့်စုံ၏၊ ရူပါရုံ စသော ကာမဂုဏ်တို့၌

မွေလျော်သော ကာမတဏှာသည် အမြဲတမ်း စကျုစသော ပသာဒ ဝတ္ထုငါးခုတို့၏ ပြည့်စုံခြင်းကို တောင့်တ လေသည်။ ဥပမာအားဖြင့် အမှုက်ဖွတိုင်း ကျွမ်းကျင်၍ အခါခပ်သိမ်း မင်း၏ အကြိုက်ကိုသာ ပြည့် စေတတ်သော အမတ်ကြီးသည် မင်းကိစ္စအလုံးစုံကိုပြည့်စုံစေသကဲ့သို့ ကာမာဝစရ ကံသည်လည်း အမြဲတမ်း ကာမတဏှာ၏ အလိုကို ပြည့် စေလျက် ပြည့်စုံသော ဣန္ဒြေရှိသော အတ္တဘောကို ဖြစ်စေ၏၊ ထိုကာမ တဏှာနှင့် စပ်သော ကံသည် ဖြစ်စေအပ်သော ကာမသတ္တဝါတို့သည် သာလျှင် ဣန္ဒြေ ပြည့်စုံကြ လေသည်။ သို့ဖြစ်၍ ကာမဘုံမှာ ဝတ္ထုရုပ် ၆-ပါးစလုံးပင် ရလေသည်။

သဒ္ဓါနုမိဋ္ဌ မိ,သဒ္ဓါဖြင့်ကား အချို့ ကန်းသူ နားပင်းသူ စသည် တို့၌ ဝတ္ထုရုပ် ပြည့်ပြည့်စုံစုံ မရသည်ကိုလည်း ပြ၏။

ရူပဘုံ၌ကား ဃာန, ဇိဝှါ, ကာယ ဟူသော ဝတ္ထုရုပ် ၃-ခု မရှိ။

ရူပပြဟ္မာတို့မှာ ကာမဝိရာဂ ဘာဝနာ၏အစွမ်းဖြင့် ဂန္ဓာရုံ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းကင်းသဖြင့် ထိုအာရုံကို အာရုံပြုသော ဃာန, ဇိဝှါ, ကာယ ပသာဒတို့၌လည်း တပ်ခြင်းကင်းလေသောကြောင့် ဃာန စသည်ကို မရအပ်။

စက္ခု သောတ တို့ကိုကား ဘုရားဖူးမြင်ခြင်း တရားကို နာခြင်း အကျိုးငှါ ထိုစက္ခုသောတတို့၌ တပ်ခြင်းမကင်းသဖြင့် ရူပပြဟ္မာတို့မှာ ရအပ်၏။

အရူပဘုံ၌ကား ဘယ်ဝတ္ထုမှ မရှိ။

အရူပ ဘုံ၌ ဝတ္ထုရုပ် မရှိသည်မှာ ရုပ်၌ တပ်မက်ခြင်း ကင်းသော ဘာဝနာ၏ အစွမ်းဖြင့် အချင်းခပ်သိမ်း အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် နှစ်မျိုး စလုံးမှာပင် ရုပ်ဖြစ်ခြင်း မရှိလေသောကြောင့် ပေတည်း။ အရူပဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်တို့သည် အာကာသ အပြင်သက်သက်၌ စိတ်အစဉ်မျှ ဖြစ်၍ တည်ကြကုန်၏။

စက္ခုဝိညာဏ် နေးသည် စက္ခုဝတ္ထု
သောတဝိညာဏ် နေးသည် သောတဝတ္ထု
ဃာနဝိညာဏ် နေးသည် ဃာနဝတ္ထု

ဖဿဝိညာဏ် ခွေးသည် ဖဿဝတ္ထု
ကာယဝိညာဏ် ခွေးသည် ကာယဝတ္ထုကို မှီ၍ဖြစ်၏။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းခွေး ဟူသော မနောဓာတ် သုံးခုသည် ဟဒယ ဝတ္ထုကို အမြဲမှီ၍ ဖြစ်၏။

ပဉ္စဒွါရ၌ အာရုံကို ဆင်ခြင်ခြင်းမျှ အာရုံကိုခံယူခြင်းမျှ ကိစ္စတို့သည် ထူးထူး ခြားခြား သိမှု မဟုတ်ကုန်၊ ထို့ကြောင့် ထိုစိတ် ၃-ပါးသည် မနုမတ္တာ ဓာတု-မနော ဓာတု ဟူသော စကား အရ သိခြင်းမျှ ဖြစ်၍ မနောဓာတ်မည်၏။

ပဉ္စ ဝိညာဏ် တို့သည် မျက်မှောက် အမြင် အကြား စသည်၏ အစွမ်းဖြင့်အနည်းငယ်ပိုမိုထူး၍သိကြသည်၊ထို့ကြောင့်ဝိညာဏ်မည်၏။

ခွေးပဉ္စဝိညာဏ် ၁၀-နှင့်မနောဓာတ် ၃-ခုမှတပါး မနောဝိညာဏ ဓာတ်ဟု ခေါ်အပ်သော သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု၊ ဒေါသမူ ၂-ခု၊ သောတာပတ္တိမဂ် ၁-ခု၊ ဟသိတုပ္ပါဒ် ၁-ခု၊ ရူပစိတ် ၁၅-ခု ဟူသော ၃၀-သော စိတ်တို့သည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်ကြ၏၊ မမှီဘဲမဖြစ်နိုင်ကြ၊ ထိုစိတ် ၃၀-တို့ ဟဒယဝတ္ထုကို အမြဲတမ်း မှီကြ သည်မှာ အရူပဘုံ၌ မဖြစ်သော ကြောင့်ပေတည်း။

အရူပဘုံ၌ မဖြစ်သည်ကို ရှင်းချက်

သန္တီရဏသုံးခုနှင့် မဟာဝိပါက်စိတ် ၈ခုသည် အရူပဘုံ၌ စက္ခု စသော ဒွါရငါးပါးနှင့် မိမိတို့၏ ပြုဘွယ်ကိစ္စ မရှိလေ သောကြောင့် မဖြစ်၊ ဒေါသမူခွေး မဖြစ်သည်မှာ နီဝရဏ အရိုက်အတာနှင့်မဟုတ်သော ပဋိဃမရှိသောကြောင့်တည်း၊ ကေန် နီဝရဏထိုက်သော တရားများ သည် ဈာန်ဘုံမျိုး၌မဖြစ်၊ နီဝရဏမထိုက်သော ဗျာပါဒမည်သည်လည်း မရှိ၊ အကယ်၍ နီဝရဏ မထိုက်သော ဗျာပါဒရှိငြားအံ့၊ ဒေါသသည် ဈာန်ဘုံ၌လည်း ဖြစ်လေရာ၏။

ဆဝတ္ထုံ နိဿိတာကာမေ၊ သတ္တ ရူပေ စတုဗ္ဘိဝါ။
တိဝတ္ထုံ နိဿိတာရူပေ၊ ဓာတွေကာ နိဿိတာ မတာ။
တေ စတ္တာလီသ နိဿာယ၊ ခွေ စတ္တာလီသ ဇာယရေ။
နိဿာယစ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။

ကာမဘုံ၌ ဝိညာဏဓာတ် ခုနစ်ပါးသည် ဝတ္ထုရုပ် ၆-ပါးကိုမှီ၏၊ ရူပဘုံ၌ စက္ခု, သောတ, မနောဓာတ်, မနောဝိညာဏဓာတ် ၄-ပါးသည် စက္ခု, သောတ, ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်၏၊ အရူပဘုံ၌ မနောဝိညာဏဓာတ်တခု သည် မည်သည့်ဝတ္ထုရုပ်ကိုမျှ မမှီဟု သိအပ်၏။

ဝတ္ထုရုပ်ကို အမြဲမှီသော စိတ်ကား ၄၃-ပါးတည်း၊ သရုပ်ကား-ဒေါသမူး ၂၊ မနောဒွါရာဝဇ္ဇန်း ကြဉ်သော အဟိတ်စိတ် ၁၇၊ မဟာဝိပါက် ၈၊ ရူပစိတ် ၁၅၊ သောတာပတ္တိမဂ် ၁-အားဖြင့် ပေါင်း ၄၃-ပါးတည်း။

ဝတ္ထုရုပ်ကို ရံခါမှီ-ရံခါမမှီသော စိတ်ကား ၄၂-ပါးတည်း၊သရုပ်ကား ဒေါသမူးကြဉ် အကုသိုလ်စိတ် ၁၀၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ၇-ခုအားဖြင့် ပေါင်း ၄၂-ပါးတည်း၊ ဝတ္ထုရုပ်ကို အမြဲဘမ်း မမှီသော စိတ်ကား ၄-ပါးတည်း၊ သရုပ်ကား-အရူပဝိပါက်စိတ် ၄-ပါး။

ဆောင်ပုဒ်။ ။မှီစတုတေး၊ မမှီလေး၊ စ ဒွေးမှီမမှီ။

ပကိဏ်းပိုင်း အဖွင့် ပြီး၏။

ပကိဏ်းပိုင်း လေ့ကျင့်ခန်း (၂)

၁။ ဒွါရမည်ပုံကိုရေး၍၊ အာကာသဒွါရ၊ မဏ္ဍဒွါရ၊ ဆိဒ္ဒဒွါရတို့၏ ထူးခြားပုံကို စုံလင်စွာရေးပြပါ။

၂။ မနောဒွါရ်ပန-ဘဝင်္ဂ-ပဝတ္တိ၌ ဘဝင်,အရ ကောက်ပြ၍ စက္ခုဒွါရိက စိတ်စသည်တို့၏ ယထာရဟဖြစ်ပုံကို စုံလင်စွာ ရေးပြပါ။

၃။ ဒွါရဝိမုတ် စိတ်တို့ကို ဖေါ်ပြ၍ ယင်းဒွါရဝိမုတ်စိတ်တို့၏ ဒွါရမှ လွတ်ပုံကို အကြောင်းသွင်း၍ ရှင်းလင်းခဲ့ပါ။

၄။ မနောဒွါရ၌ ဖြစ်သော စိတ်စေတသိက်တို့ကို တိကျစွာ ကောက်ပြပါ။

၅။ အောက်ပါ အမှတ်ပြတို့ကို သရုပ်ခွဲ မလွဲအောင် ရေးခဲ့ပါ။

(က) ကေန် ဒွါရ ဝိမုတ်စိတ် (ခ) အနေကန် ဒွါရ ဝိမုတ်စိတ်
(ဂ) ၅-ဒွါရ၌ ဖြစ်သောစိတ် (ဃ) ၆-ဒွါရ၌ ဖြစ်သောစိတ်၊

၆။ ဒွါရဝိမုတ္တာနဉ္စ (ပ) ယေဘုယျေန ဘဝန္တရေ-ဆဒွါရဂ္ဂဟိတံ, ဟူသော ပါဠိဝယ်-ယေဘုယျ, သဒ္ဒါဖြင့် သိစေအပ်သော နိဝတ္တေ တဗ္ဗတ္ထံ ဂဟေ တဗ္ဗတ္ထတို့ကို ညွှန်ပြပါ။

၇။ ဟသိတုပ္ပါဒ်စိတ်သည် ဘုရားရဟန္တာတို့ သန္တာန်၌ဖြစ်ပါလျက် မဟဂ္ဂုတ် လောကုတ္တရာတို့ကို အာရုံမပြုဘဲ အဘယ့်ကြောင့် ကာမကိုသာ အာရုံပြုရပါသနည်း? အကြောင်းသွင်း၍ ရှင်းပြပါ။

၈။ အောက်ပါ စိတ်တို့သည် မည်သည့်အာရုံကို အာရုံပြုပါသနည်း?- ယင်းစိတ်တို့၏ အာရုံပြုပုံ အခြင်းအရာစုံကို ရှင်းလင်းခဲ့ပါ။

(က) ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄၊ (ခ) ဒေါသမူဒွေး၊ (ဂ) ဥဒ္ဒစ္စသဟဂုတ်စိတ်။

၉။ (က) ကာမပဋိသန္ဓေ၊ (ခ) ကာမဘဝင်၊ (ဂ) ကာမစုတိစိတ်တို့၏ အာရုံပြုစိတ်ကို တိကျစွာ ဖေါ်ပြပါ။

၁၀။ အောက်ပါ အာရုံပြု စိတ်တို့ကို တခု မကျန်အောင် ကောက်ပြပါ။

(က) ပရမတ်ကေန်, ပရမတ် အနေကန်

(ခ) အဇ္ဈတ္တကေန်, အဇ္ဈတ္တ အနေကန်

(ဂ) ဓမ္မာရုံကေန်, ဓမ္မာရုံအနေကန်

(ဃ) နိဗ္ဗာန်ကေန်, နိဗ္ဗာန် အနေကန်

၁၁။ ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး ရခြင်း၏အကြောင်းကို ရှင်းပြပါ။

၁၂။ ရူပ-အရူပဘုံတို့၌ မရထိုက်သော ဝတ္ထုတို့ကို ညွှန်ပြ၍ ထိုဘုံတို့၌ အဘယ့်ကြောင့် မရထိုက်ပုံကို စုံလင်စွာ ရေးခဲ့ပါ။

၁၃။ မနောဓာတ်နှင့် မနောဝိညာဏဓာတ် ၂-ပါးတို့၏ ထူးခြားပုံကို ရေး၍ သန္တီရဏ-မဟာဝိပါက် စိတ်တို့ အရူပဘုံ၌ မဖြစ်ခြင်း၌ အကြောင်းကို ရှင်းပြပါ။

၁၄။ အလုံးစုံအာရုံပြုနိုင်သော စိတ်ကိုဖေါ်ပြ၍ ဝုဋ္ဌောစိတ်သည် ပစ္စေကဗုဒ္ဓါတို့ သန္တာန်၌ အလုံးစုံ အာရုံပြုနိုင် မပြုနိုင် တိကျစွာ ဖြေပါ။

၁၅။ အောက်ပါစိတ်တို့ကို ခွဲခြားကောက်ပြပါ။

(က) နိဿိတစိတ်, (ခ) နိဿယစိတ်,

(ဂ) နိဿိတာနိဿိတစိတ်, (ဃ) အနိဿိတစိတ်,

ဝိထိပိုင်းအဖွင့်

ပဋိညာဉ် ဂါထာ

စိတ်ပိုင်း၌ စဉ်၍ ဆိုအပ်ခဲ့သော အပြား အားဖြင့် စိတ်စေတသိက်တို့ကို ပေါင်းယူအပ် ဖြစ်သော သင်္ဂဟ သုံးပါးကို ပြပြီး၍ ကာမာဝစရ စသော ဘုံအပြား, ဒုဟိတ် စသော ပုဂ္ဂိုလ် အပြားနှင့်တကွ အာဝဇ္ဇန်း စသော ရှေ့စိတ်, စက္ခုဝိညာဏ် စသော နောက်စိတ် အစဉ်ဖြင့် မှတ်သား အပ်သော ပဝတ္တိ သင်္ဂဟ မည်သည်ကို ပဋိသန္ဓေ အခါ ပဝတ္တိ အခါ၌ အကျဉ်း အားဖြင့် ဖြစ်သင့်သည် အားလျော်စွာ ပြဆိုပေအံ့။

ပဝတ္တိသင်္ဂဟ။ ။ပဝတ္တိသင်္ဂဟသည် (၁) ပဋိသန္ဓေကာလ ပဝတ္တိ သင်္ဂဟ၊ (၂) ပဝတ္တိကာလ ပဝတ္တိ သင်္ဂဟဟု နှစ်မျိုးရှိ၏၊ ထိုတွင် ပဋိသန္ဓေ အခါ၌ စိတ်စေတသိက်တို့ကို ပေါင်းယူ ရေတွက်သော သင်္ဂဟသည် ပဋိသန္ဓေ ကာလ ပဝတ္တိ သင်္ဂဟ မည်၏၊ ပဝတ္တိ အခါ၌ စိတ် စေတသိက် တို့ကို ပေါင်းယူသော သင်္ဂဟသည် ပဝတ္တိ ကာလ ပဝတ္တိ သင်္ဂဟ မည်၏။

ဆက္က ခြောက်ပါး။ ။ထိုပဝတ္တိ သင်္ဂဟ၌ ဝတ္ထုဆက္က, ဒွါရဆက္က, အာရမ္မဏဆက္က, ဝိညာဏဆက္က, ဝိထိဆက္က, ဝိသယပဝတ္တိ ဆက္က ဟု ဆက္က ခြောက်မျိုး ရှိ၏၊ ထိုတွင် ဝတ္ထု, ဒွါရ, အာရမ္မဏ ဟူသော ဤဆက္က သုံးပါးကို ပကိဏ်းပိုင်း၌ ပြခဲ့ပြီးဖြစ်၏၊ သို့ရာတွင် ဤပဝတ္တိ သင်္ဂဟကို ထိုဆက္က သုံးပါးလိုပါ ထည့်စွက်၍ ဆိုမှသာ အင်္ဂါအစဉ် ကျသျက် ကောင်းစွာ သိသည့် မည်သောကြောင့် ဤ၌ ထပ်မံ ထည့်ကာ ဆိုရပြန်သည်။

ဝိထိမုတ် စိတ်တို့မှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်၏ အစွမ်း အားဖြင့် ဝိသယ ပဝတ္တိ သုံးပါးရှိ၏၊ အာရုံတို့၏ ဒွါရ တို့မှာ ထင်ခြင်းသို့ ရောက်ခြင်းကို ဝိသယ ပဝတ္တိ ခေါ်၏။

ဝိညာဏ် ခြောက်ပါး။ ။ဝိညာဏ်သည်

(၁) စက္ခုဝိညာဏ်၊

(၂) သောတဝိညာဏ်၊

(၃) ဃာနဝိညာဏ်၊

(၄) ဇိဝှါဝိညာဏ်၊
(၅) ကာယဝိညာဏ်၊
(၆) မနော ဝိညာဏ်ဟု ခြောက်မျိုး ရှိ၏၊
ထို ခြောက်ပါးကို ဝိညာဏ ဆက္က ဟု ခေါ်၏။

ဝီထိ ခြောက်ပါး။ ။ဝိထိသည် စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရ ဝီထိ, ဇိဝှါဒွါရ ဝီထိ, ကာယဒွါရ ဝီထိ, မနောဒွါရ ဝိထိဟု ဒွါရ၏ အစွမ်း အားဖြင့် ခြောက်မျိုး ရှိ၏။

(၁) စက္ခုဝိညာဏဝိထိ၊
(၂) သောတဝိညာဏဝိထိ၊
(၃) ဃာနဝိညာဏဝီထိ၊
(၄) ဇိဝှါဝိညာဏဝီထိ၊
(၅) ကာယဝိညာဏဝီထိ၊
(၆) မနောဝိညာဏဝိထိဟု ဝိညာဏ်၏ အစွမ်း အားဖြင့် ခြောက်မျိုး ရှိ၏။

ထိုတွင် စက္ခုဒွါရ၏ ပေါက်ပြန်မှု အထူးကို စွဲ၍ဖြစ်သော စိတ်အစဉ်သည် စက္ခုဒွါရဝိထိမည်၏၊ သောတဒွါရဝီထိ စသည်၌လည်း နည်းတူ သိလေ။

စက္ခုဝိညာဏ် စိတ်ဖြင့် မှတ်အပ်သော ဝီထိသည် စက္ခုဝိညာဏ ဝိထိ မည်၏။ ပ။ ကာယ ဝိညာဏ်ဖြင့် မှတ်အပ်သော စိတ်အစဉ်သည် ကာယ ဝိညာဏ ဝီထိ မည်၏၊ သက်သက်သော မနောဝိညာဏ် အစဉ် သည် မနောဝိညာဏဝီထိ မည်၏။

ဝိသယ ပဝတ္တိ ခြောက်ပါး

ဝိသယ ပဝတ္တိသည်- (၁) အတိမဟန္တ၊ (၂) မဟန္တ၊ (၃) ပရိတ္တ၊ (၄) အတိပရိတ္တ ဟူ၍ ပဥ္စဒွါရ၌ ၄-ပါး၊ မနောဒွါရ၌ (၁) ဝိဘူတ၊ (၂) အဝိဘူတ ဟူ၍ ၂-ပါးအားဖြင့် နှစ်ရပ်ပေါင်း ၆-ပါး ဖြစ်၏။

အတိ မဟန္တာရုံ စသည်

ရူပါရုံ စသော အာရုံ ငါးပါး၏ အတိမဟန္တ စသည် ဖြစ်မှုကို
(၁) အလင်း စသော အကြောင်း အပေါင်း ပြည့်စုံမှု၊
(၂) ဝတ္ထုအလွန်ကြီးမားမှုစသော အကြောင်းနှစ်ရပ်ဖြင့်သိအပ်၏၊

အတိမဟန္တာရုံ။ ။ရူပါရုံ စသည်တို့၏ တည်ရာဝတ္ထု မည်သည် နူးညံ့ သိမ်မွေ့သည် ဖြစ်စေ, ဝေးသည် ဖြစ်စေ အလင်းရောင် စသော အကြောင်း ပြည့်စုံက အတိမဟန္တာရုံ မည်၏။

မှန်၏-ဗုဒ္ဓမြတ်စွာ၏ ပဌမဆုံး ဗုဒ္ဓ အဖြစ် ပန်ယူတော်မူသောအခါ စသည်၌လောကဝိဝရဏ(လောကကြီးဟင်းလင်းပွင့်)တန်ခိုးပြာဋိဟာ ဖြစ်စေသော ကာလ အဝီစိ ငရဲ, အကနိဋ္ဌ ဗြဟ္မာဘုံ, တပါးသော စကြဝဠာ တိုက်တို့၌ နူးညံ့ သိမ်မွေ့လျက် ဝေးကွာသော ရူပါရုံတို့ကို ဤဇမ္ဗူဒိပ် ကျွန်းမှာ တည်လျက်သော မြင်ရကုန်၏၊ ထိုတန်ခိုး ပြာဋိဟာ ပြုခိုက်က ဖြစ်သော အရောင် အလင်းသည် မှန်မြတ် ကြီးကျယ်သည် ဖြစ်ရကား အလုံးစုံသော မြေကြီး မြင့်မိုရ်တောင် စကြာဝဠာ ကျောက် တောင် စသည် တို့သည် တကဲ့ ဖန်စစ် တုံးကြီး သဖွယ် ဖြစ်ကုန်၏၊ အထူးအားဖြင့် ဥပပတ်အစစ် ဖြစ်သော နတ်နှင့် ဗြဟ္မာ တို့မှာ ပသာဒ ရုပ်တို့၏ ရှိရာ မဟာဘုတ်တို့၏ အရောင် အဝါနှင့် တကွ ဖြစ်လေသော ကြောင့် စက္ခုနှင့်ရူပါရုံတို့ အာရမ္မဏိကအနေ,အာရုံအနေဖြင့် ဖြစ်ရာမှာ မြေကြီးနှင့် တောင် စသည် တို့သည် ခြားခံ၊ ဝိတ်ကာသည့် အမှုကို မပြုနိုင်ကြကုန်၊ ဤသည်ကား အရောင်ဖြင့် အတိ မဟန္တာရုံ ဖြစ်ပုံ ပေတည်း။

တောင်, စသော ရူပါရုံ တို့သည် အဝေး၌ တည်နေ သော်လည်း အထည်ကိုယ်ဒြပ် ကြီးကျယ်လေသောကြောင့် အတိမဟန္တာရုံ မည်၏၊ ဤသည်ကား ဝတ္ထုရုပ် ကြီးသည့် အတွက် အတိ မဟန္တာရုံ ဖြစ်ပုံ ပေတည်း။

လဝန်း, နေဝန်း ကြယ်တာရာ စသော အရောင်နှင့် တကွ ဖြစ်သော ဝတ္ထုတို့သည် ဝတ္ထု ကြီးမားခြင်း အရောင် အဝါ နှင့် တကွ ဖြစ်ခြင်း ကြောင့် အတိမဟန္တာရုံ မည်၏။

မဟန္တာရုံ စသည်။ ။အတိမဟန္တာရုံအောက်၊ (၁) အာလောက စသော အကြောင်းနှင့် (၂) တည်ရာ ဝတ္ထု အားနည်းသေးငယ်မှု မဟန္တာရုံမည်၏၊ မဟန္တာရုံအောက် သေးငယ်မှု ပရိတ္တာရုံ မည်၏၊ ထိုအောက် သေးငယ်မှု အတိပရိတ္တာရုံ မည်၏။

(တနည်း) စိတ္တက္ခဏ ၁-ချက်လွန်၍ ထင်ခြင်းသို့ ရောက်သော ပဥ္စာရုံသည် **အတိမဟန္တ**။

စိတ္တက္ခဏ ၂-ချက်၊ ၃-ချက် လွန်၍ ထင်ခြင်းသို့ ရောက်သော ပဥ္စာရုံသည် **မဟန္တ**။

စိတ္တက္ခဏ ၄-ချက်၊ ၅-ချက်၊ ၆-ချက်၊ ၇-ချက်၊ ၈-ချက်၊ ၉-ချက် လွန်၍ ထင်ခြင်းသို့ ရောက်သော ပဥ္စာရုံသည် **ပရိတ္တ**။

စိတ္တက္ခဏ ၁၀-ချက်၊ ၁၁-ချက်၊ ၁၂-ချက်၊ ၁၃-ချက်၊ ၁၄-ချက်၊ ၁၅-ချက် လွန်၍ ထင်ခြင်းသို့ ရောက်သော ပဥ္စာရုံသည် **အတိပရိတ္တ** မည်၏။

မနောဒွါရ၌ ဝိသယပဝတ္တိ ၂-ပါးတွင် စိတ္တက္ခဏ ၁-ချက်၊ ၂-ချက်၊ ၃-ချက်၊ ၄-ချက်၊ ၅-ချက် လွန်သည် ဖြစ်၍ ထင်ခြင်းသို့ ရောက်သော ၁၆-ချက်၊ ၁၅-ချက်၊ ၁၄-ချက်၊ ၁၃-ချက်၊ ၁၂-ချက် စိတ္တက္ခဏ အသက် ရှိသော အာရုံ ၆-ပါးသည် ဝိဘူတ မည်၏။

စိတ္တက္ခဏ ၆-ချက်၊ ၇-ချက် လွန်သည် ဖြစ်၍ ထင်ခြင်းသို့ ရောက်သော ၁၁-ချက်၊ ၁၀-ချက် စိတ္တက္ခဏ အသက်ရှိသော အာရုံ ၆-ပါးသည် အဝိဘူတမည်၏၊ ဤသို့လျှင် မနောဒွါရ၌ ဝိဘူတာရုံ ၅-ဝိထိ၊ အဝိဘူတာရုံ ၂-ဝိထိ အားဖြင့် ၇-ဝိထိ ဖြစ်သတည်း။

ဥပါဒ်,ဋ္ဌီ,ဘင် ဟူသော ခဏ သုံးခုသည် စိတ္တက္ခဏ တခု မည်၏။

စိတ္တက္ခဏ တချက်သည် လက်ဖျစ် တတွက် ခဏ, မျက်စိ တမှိတ် ခဏတို့၏ ကုဋေ အသိန်းမက စိတ်၍ တစိတ် စာမျှ အတို့ရှိ၏။

ကောဋိသတ သဟဿာနိ ဣဗ္ဗာဒိ ယာနိ အက္ခိနိ ဝေဒနာ ဥပ္ပဇ္ဇန္တိ-ဟု အဋ္ဌကထာ၌မိန့်ဆိုအပ်၏။

လက်ဖျစ်တတွက် ခဏ၌ ကုဋေအသိန်းမကသော ဝေဒနာတို့သည် ဖြစ်ကုန်၏။

မူလ ဋီကာဆရာ အဆို။ ။မူလ ဋီကာ အလို အားဖြင့် ဥပါဒ်, ဘင် ဟူသော ခဏ, နှစ်ခုကို စိတ္တက္ခဏ တခုဟု ဆိုသင့်၏။

လောက၌ လျှပ်စစ်မည်သည် ပွါးစီးသည်၏ အခြားမဲ့၌သာ ပျက်၏ ထိုလျှပ်စစ်၏ ပွါးစီးခြင်းနှင့် ယုတ်လျော့ခြင်း နှစ်ခု အကြားဝယ် ဋ္ဌီ-ဟု

ခေါ်သော တည်ခြင်း မည်သည်ကို မရအပ် သကဲ့သို့ရှင်း, အထက်သို့ တည့်တည့် မြောက်ပစ် အပ်သော ခဲသည် တက်ပြီး၍ ကျ၏၊ တက်ခြင်းနှင့် ကျခြင်း အကြားဝယ် တည်ခြင်း မည်သည်ကို မတွေ့ မမြင်ရ သကဲ့သို့ရှင်း, ထို့အတူ စိတ်သည်လည်း တိုးပွါး သည်၏ အခြားမဲ့၌ သာလျှင် ဆုတ်ယုတ် ပျက်စီး၏။

စိတ်သည် ဥပါဒ် ဟူသော အဘို့၏ အခြားမဲ့မှာ ကွယ်ပျောက်သော အဘို့၌ ကျရောက်၏၊ ရုပ်တရားတို့မှာ ဥပါဒ်နှင့်ဘင်,အကြားဝယ် အသီး အခြား ရေတွက် လောက်သော ဌီ-အဘို့ မည်သည် ရှိသကဲ့သို့ စိတ်တရားတို့မှာ ဥပါဒ်နှင့် ဘင်, အကြားဝယ် အသီး အခြား ရေတွက် လောက်သော ဌီ-အဘို့ မည်သည်မရှိ၊ ယမိုက်ပါဠိတော် မိတ္တယမိုက်၌ လည်း စိတ်၏ ဥပါဒ်နှင့် ဘင်,ကိုသာ ဟောတော် မူ၏။

တိကာ် မာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတ လက္ခဏာနိ၊ ကတမာနိ တိဏ်၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ-ဟု ဟောတော် မူအပ်သော သုတ္တန် ပါဠိတော် စကားကို ထောက် ထား၍ စိတ်၏ ဌီ-အဘို့ကို ရကောင်းသည်-ဟု ဆိုငြားအံ့။

ထိုသုတ္တန် ပါဠိတော်၌ ဟောတော် မူအပ်သော ဌီ-သည်ကား ခဏ ဌီ-မဟုတ်၊ ပဗန္ဓ ဌီ-သာ ဖြစ်၏၊ အကယ်၍ ခဏ ဌီ-ကို ရည်ရွယ် ပါလျှင် ဥပ္ပါဒေါ ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ၊ ဝယော ပညာယတိ ဟူ၍ ဟောတော် မူရပါသည်၊ ဤသို့လည်း မဟောပါခဲ့၊

ပဗန္ဓ ဌီ-မည်သည် ပရမတ် မဟုတ်၊ ပညတ်သာ ဖြစ်၏၊ ပညတ် ဟူသည် အသင်္ခတပင်ဖြစ်သည်၊ သုတ္တန်တို့သည်ကား သင်္ခတလက္ခဏာ လျှင် အရာ ရှိကုန်၏။ သို့ဖြစ်၍ သုတ္တန် ပါဠိတော်တို့၌ ဗုဒ္ဓမြတ်စွာသည် ပဗန္ဓ ဌီ-ကိုသာ ဟောအပ် သည် ဟု သိခြင်းငှါ မတတ် ကောင်း ဟု ဆိုငြားအံ့။

ဗုဒ္ဓမြတ်စွာသည် ပဗန္ဓ ဌီ-ကိုသာ ရည်ရွယ်၍ ဟောသည်ဟု ဆိုနိုင်ပါ၏၊ အဘယ့်ကြောင့်နည်း......အဘိဓမ္မာပါဠိတော်မှာပင် သင်္ခတတရားတို့ကို ထုတ်ပြရာမှာ သမူဟပညတ်, သဏ္ဌာနပညတ်, သန္တတိပညတ်

စသည် တို့ဖြင့် ထုတ်ပြ သည်ကို တွေ့မြင်ရ သောကြောင့် ပေတည်း။ (အဘိဓမ္မာ မှာပင် ပညတ် တရား များကို ထုတ်ပြသေး ပါလျှင် သုတ္တန် ပါဠိတော်၌ အဘယ် ဆိုဖွယ်ရာ ရှိတော့အံ့နည်း။) ထို့ကြောင့် ထိုသုတ္တန် ပါဠိတော်၌ ဟောအပ်သော ဌီ-သည် ခဏ ဌီ-မဟုတ်ဘဲ ပဗန္ဓ ဌီ-ဖြစ်၍ စိတ်မှာ ဥပါဒ် ခဏ, ဘင် ခဏ ကဲ့သို့ ဌီ-ခဏကို မရအပ် ဟု ဆို၏၊ (ဤကား မူလဋီကာ အလိုတည်း။)

ဝိဘာဝိနီ၏ ချေပချက်

ဥပါဒ် နှင့် ဘင် တို့သည် တရား တမျိုး တည်းမှာ တည်နေကြ သော်လည်း ဥပါဒ် ခဏနှင့် ဘင် ခဏတို့ကား တခုနှင့် တခု မတူကြ၊ ဥပါဒ် ခဏကား တိုးတက် ပွါးများခြင်း အခိုက်, ဘင်ခဏကား ဆုတ်ယုတ် ပျက်စီးခြင်း အခိုက် ဖြစ်၏၊ ထို့ကြောင့် ဥပါဒ် အခိုက် အတန့်နှင့် မတူသော ဘင် အခိုက် အတန့်ကို အလို ရှိအပ် သကဲ့သို့ ထိုအတူ ဥပါဒ် အခိုက် အတန့်, ဘင် အခိုက် အတန့် တို့နှင့် မတူသော ဘင်သို့ ရှေးရှု ပျက်နှာ မူနေသော အခိုက်အတန့် ကိုလည်း အလို ရှိသင့်၏၊ ထိုဘင်သို့ ပျက်နှာ မူနေသော အခိုက် အတန့်သည် စိတ်၏ ဌီ-မည်၏၊ ဤကဲ့သို့ မယူပါလျှင် ဖြစ်သော တရားက တမျိုး, ချုပ်သော တရားက တမျိုး ဖြစ်လေရာ၏၊ ပါဠိတော်မှာ ဝေနေယျ သတ္တဝါတို့ အလိုနှင့် မဆန့် ကျင်သော အားဖြင့်ရင်း, နည်းပြ၏ အစွမ်းအားဖြင့်ရင်း, စိတ်မှာ ဌီ-ကို မဟောအပ်ပါ၊ အဘိဓမ္မာ ဒေသနာတော်သည် တချို့နေရာမှာ ဝေနေယျ သတ္တဝါ တို့၏ အလို ဆန္ဒနှင့် မဆန့် ကျင်သော အားဖြင့် ဖြစ်ပါသည်၊ ရုပ်၏ ဥပါဒ်ကို ဥပစယော,သန္တတိ-ဟု နှစ်မျိုး ခွဲ၍ ဟောတော် မူအပ် သကဲ့သို့တည်း၊ သုတ်၌လည်း တိဏ် မာနိ ဘိက္ခဝေ။ပ။ ဌိတဿ အညထတ္တံ ပညာယတိ ဟူ၍ သင်္ခတ တရား၏သာ လက္ခဏာကို ပြခြင်းငှါ ဥပါဒ် စသည် တို့ကို ဆိုအပ်လေသောကြောင့် ပညတ် ဟူသော ပဗန္ဓ ဌီ-ကို ဟောအပ်သည်ဟု သိခြင်းငှါလည်း မတတ်ကောင်းပေ။

ပညာယတိ ဟူရာမှာလည်း ပ-ဥပသာရ ပုဒ်သည် ဉာ-ဓာတ်၏ သိခြင်း အနက်မှာသာဖြစ်၏ ပညာယတိပုဒ်၏ အနက်ကို ဝိညာယတိ= သိအပ်၏ဟု ဖေါ်ရပေမည်၊ ထို့ကြောင့် ဤပြဆိုခဲ့သော စကားအစဉ်ဖြင့် စိတ်၏ ဌီ-ခဏကို မတားမြစ်သင့်တော့ချေ၊ သို့ဖြစ်၍ ဥပ္ပါဒ ဌိတိ ဘင်

ဝသေန ဟူသော အဋ္ဌကထာ ဆရာ၏ စကားသည် ကောင်းစွာ ဆိုအပ်သော စကား ပေတည်း၊ (စိတ်မှာ ဥပါဒ်, ဌီ, ဘင်-ဟု ခဏ သုံးပါး ရှိ၏ ဟူလို) ဤကား ဝိဘာဝိနီ ဆရာတော်၏ ချေပချက်တည်း။

(ဓနည်း) အထက်သို့ မြောက်ပစ်သော ခဲ၏ တက်ခြင်း ကျခြင်း ကဲ့သို့ စိတ်မှာ ဥဒယ ဟူသော တိုးပွါးခြင်း၏ ဆုတ်နစ်မှု မည်သည် ရှိ၏၊ ဥဒယ ဟူသော တိုးပွါးခြင်း၏ အဆုံးမျှဖြစ်သော ထိုဆုတ်နစ်မှုကို ဌီ-ဟု ဆိုသင့်၏၊ သီးခြား ရေတွက် လောက်သော ခဏ တခုကား မဟုတ်၊ ထို့ကြောင့် အဘိဓမ္မာ၌ စိတ်မှာ ဥပါဒ်, ဘင် ဟူသော ခဏ နှစ်ခုကိုသာ ဆို၏၊ အနှန်မှာ တိုးပွါးသော အဘို၏ အစ စွန်းနှင့် ဆုတ်ယုတ်သော အဘို၏ အဆုံးစွန်းမှ ကပါး အလယ်၌ အဘိုနှစ်ပါး အပေါင်း၌ မှီသော ရင့်ကျက်ခြင်းလက္ခဏာရှိသော ဇရာမည်သည်ကိုနာမ်တရားမှာလည်း ရအပ်၏၊ ထိုရင့်ကျက်ခြင်း ခဏကို ရည်၍ ဓာတုကထာ ပါဠိတော်၌- ဇရာ ဒွိဟိ ခန္ဓေဟိ သင်္ဂဟိတာ ဟု ဟောတော်မူ၏၊ သို့ဖြစ်၍ အစ စွန်းနှင့် အဆုံးစွန်း နှစ်ခုတို့၏ အကြား အဘို နှစ်ပါးကို မှီသော ဇရာ မည်သော ဌီ-ကို ရအပ်၏ ဟု မှတ်။

ထိုစိတ္တက္ခဏ တဆယ့် ခုနစ်ချက် တို့သည် ဝိညတ်ဒွေး လက္ခဏာရုပ် လေးခုသည် ကြဉ်အပ်သော ရုပ်တရားတို့၏ အသက်တို့ ပေတည်း။

နာမ် တရားသည် အထည် ကိုယ်ဖြစ် သဏ္ဌာန် သဘော မရှိသော ကြောင့် ပေါက်ပြန့်မှု လျင်မြန်၏၊ ရုပ်တရားသည် အထည် ကိုယ်ဖြစ် သဏ္ဌာန်သဘော ရှိသောကြောင့် ပေါက်ပြန့်မှု နှေး၏၊ ထို့ကြောင့် စိတ် သက်မှာ ၁၇-ချက်၊ ခဏငယ် ၅၁-ချက် ရှိမှ ရုပ်သက် တခု ဖြစ်၏။

အဋ္ဌကထာ အလို......စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက်၊
မူလဋီကာ အလို......စိတ္တက္ခဏ ၁၆-ချက်၊ ခဏငယ် ၃၂-ချက်၊

မှတ်ချက်။ ။မူလဋီကာ အလိုတွင် စိတ္တက္ခဏ ၁၆-ချက်ရှိ၍ ဥပါဒ်, ဘင် နှစ်ပါးနှင့် မြှောက်လျှင် ၃၂-ခဏငယ် ဖြစ်ရသည်၊ အစဦး စိတ်၌ ဥပါဒ်, ဘင် ဟူသော ခဏငယ်နှစ်ခုသည် ရုပ်သက်က ရှည်သောကြောင့် ရုပ်တို့၏ ဥပ္ပါဒက္ခဏ တခု ဖြစ်၏၊ အဆုံး စိတ်၌လည်း ထို့အတူ ဥပါဒ်, ဘင် ဟူသော ခဏငယ် နှစ်ခုသည် ဘင် ခဏ တခုသာ ဖြစ်၏၊ ထို့ကြောင့် စိတ္တက္ခဏ ၃၂-ချက်တွင် အစဦး စိတ်၏ ဥပါဒ်နှင့် ဘင်ကား ရုပ်၏ ဥပါဒ်မည်၏၊ အဆုံးစွန်စိတ်၏ ဥပါဒ်နှင့် ဘင်ကား ရုပ်၏ ဘင်မည်၏၊ ကြွင်း ခဏငယ် ၂၈-ချက်ကား ရုပ်၏ ဌီ-မည်၏။

ဝိညတ်ခွေးသည် စိတ္တက္ခဏတချက်မျှသာ အသက်ရှိ၏၊ လက္ခဏရုပ် ၄-ခုတွင် ဥပစယ, သန္တတိ တို့သည် စိတ်၏ ဥပါဒ်မျှ အသက် ရှိ၏၊ အနိစ္စတာ ရုပ်သည် စိတ်၏ ဘင်မျှ အသက်ရှိ၏၊ ဇရတာသည် ခဏငယ် ၄၉-ချက် အသက် ရှိ၏။

စက္ခုဒွါရဝီထိ

အတိမဟန္တာရုံ စသည်

စိတ္တက္ခဏ တချက်လွန်မှငင်း ,စိတ္တက္ခဏ များစွာလွန်မှငင်း ဌီ-သို့ ရောက်သော ပဉ္စာရုံ တို့သည် ငါးဒွါရ၌ ထင်ခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် စိတ္တက္ခဏတချက်လွန်မှ ရူပါရုံသည် စက္ခုပြသာဒအား အကယ်၍ ထင်ခြင်းသို့ ရောက်သည် ဖြစ်အံ့၊ ထို့နောင် ဘဝင် နှစ်ကြိမ် လှုပ်သော် ဘဝင်အယဉ်ကို ဖြတ်၍ ရူပါရုံကို ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်၍ ချုပ်၏၊ ထို့နောင် ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ထို ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်၊ ခံယူ တတ်သော သမ္ပဋိစ္ဆိုင်းစိတ်၊ စုံစမ်း တတ်သော သန္တီရဏစိတ်၊ မှတ် တတ်သော ဝုဋ္ဌောစိတ်၊ ဤစိတ် တို့သည် အစဉ် အတိုင်း ဖြစ်၍ ချုပ်ကုန်၏၊ ထိုမှ နောက်၌ ကာမဇော ၂၉-ခု တို့တွင် ရအပ်သော အကြောင်း ရှိသော အမှတ် မထား တပါးပါးသော ဇော သည် အများ အားဖြင့် ခုနစ်ကြိမ် စော၏၊ ဇောသို့ အစဉ် လိုက်လျက် တဒါရုံ နှစ်ကြိမ် တို့လည်း ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏၊ ထိုမှ နောက်၌ ဘဝင် ကျလေ၏။

စိတ္တက္ခဏ ၁-ချက်လွန်	အတိမဟန္တာရုံ ဝီထိ
၂-ချက်၊ ၃-ချက် လွန်	မဟန္တာရုံ ဝီထိ
၄,၅,၆,၇,၈,၉-ချက်လွန်	ပရိတ္တာရုံ ဝီထိ
၁၀,၁၁,၁၂,၁၃,၁၄,၁၅-ချက်လွန်	အတိပရိတ္တာရုံ ဝီထိ ဖြစ်၏။

ရုပ်တရားတို့သည် ဌီ-သို့ရောက်မှ အကြောင်းအထောက်အပံ့ ပြည့်စုံသည် ဖြစ်၍ အားရှိသောကြောင့် ဌီတိပ္ပတ္တာနေဝ-ဟု ဆို၏။

အဋ္ဌကထာ ဆရာကား ဌီ-သို့ ရောက်မှ အာရုံ ငါးပါး တို့သည် ပဉ္စဒွါရမှာ ထင်၏၊ မူလဋီကာ ဆရာကား ဥပါဒ်ဆဲ ရုပ်သည် ပင်လျှင် ပသာဒ၌ ထိခိုက်၏။

ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ ဟူသော ဤငါးပါးကို ပဉ္စာရုံဟု မှတ်။

ရူပါရုံနှင့် သဒ္ဒါရုံကား အသမ္ပတ္တ၏ အစွမ်းအားဖြင့် အာရုံ အဖြစ်သို့ ရောက်၏။

ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗာရုံ တို့ကား သမ္ပတ္တ၏ အစွမ်း အားဖြင့် အာရုံ အဖြစ်သို့ ရောက်ကုန်၏။

ရူပါရုံ, သဒ္ဒါရုံ တို့သည် နိမိတ် အရိပ် အရောင်၏ အစွမ်း ဖြင့်သာ ထင်ကုန်၏၊ ဝတ္ထု၏ အစွမ်းအားဖြင့် မထိခိုက်ကြ။

ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗာရုံတို့ သည်ကား ဝတ္ထု၏ အစွမ်း အားဖြင့်သာ ထိခိုက်ကြ၏၊ နိမိတ်အရိပ်အရောင်အားဖြင့် ထိခိုက်ကြသည်မဟုတ်ကုန်။

ဥပမာ။ ။ရေကန်၏ ကမ်းပါး၌ လျှောက်သွား သူတို့၏ ကိုယ်ရိပ် သည် ရေ၌ထင်သကဲ့သို့ ရေ၌ဆင်းသူတို့၏ အရိပ်သည် ရေမှာ မထင် သကဲ့သို့......

ထိုအဟု ရူပါရုံ,သဒ္ဒါရုံ တို့သည် ရောက်သည် ရှိသော် မထိခိုက်ကြကုန် အဘယ့်ကြောင့် ဆိုသော်–အာရုံနှင့် အာရမဏိကတို့၏ အလယ် ကြား၌ အလင်းရောင်နှင့် အာကာသပေါက်မရှိသောကြောင့်ပေတည်း။ အမှန်မှာ–ရူပါရုံ, သဒ္ဒါရုံ တို့သည် မရောက် မူ၍ သာလျှင် မိမိ၏ အရိပ် နိမိတ်ကို ထင်စေသော အားဖြင့် ထိခိုက်ကြ၏။

ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗာရုံတို့ သည်ကား နကိုယ်နေ ဝတ္ထု၏ အစွမ်းဖြင့် သာလျှင် ထိခိုက် ကုန်၏၊ မရောက်မူက မထိခိုက်ကုန်။

ထို နှစ်မျိုးတွင် အသမ္ပတ္တ အာရုံ တို့သည် အဝေးမှာ တည်လျက် ထိခိုက်လေ သောကြောင့် ပသာဒ တခုတခုမှာ လဝန်း နေဝန်း စသည် ဖြင့်ရှင်း, မိုဃ်းကြိုးသံ မိုဃ်းခြိမ်းသံ စသည်ဖြင့်ရှင်း ကြီးသော အာရုံ များပြားသော အာရုံတို့သည် ထင်ခြင်းသို့ ရောက်ကုန်၏။

ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗာ ရုံတို့ မူကား ရောက်သည် ဖြစ်၍ ထိခိုက်ရလေ သောကြောင့် ပသာဒ တခု တခုမှာ အာရုံ တခု တခုသာ ထင်ခြင်းသို့ ရောက်၏၊ အများအပြား မထင်နိုင်၊ ဤစကားရပ်များကို ပဋ္ဌာနပါဠိ၏ အစွမ်းဖြင့်သာ သိ၏၊ မနောဒွါရမှာ မူကား အာရုံ မှန်သမျှ အသမ္ပတ္တ ချည်းသာ ဖြစ်၏။

ပဉ္စဒွါရဟု ဆိုသည်ကား ဒွါရကို သတ်မှတ်ခြင်း မျှသာဖြစ်၏၊ စင် စစ် အားဖြင့် ပဉ္စာရုံ တို့သည် မိမိဆိုင်ရာ ဒွါရ၌ ထိခိုက်ကြသော အခါ

မနောဒွါရ၌လည်း ထင်ခြင်းသို့ ရောက်ကြ လေသည်သာ၊ ထို့ကြောင့် အဋ္ဌကထာ၌.....ဧကေကံ အာရမဏံ ဒွိသု ဒွိသု ဒွါရေသု အာပါထ မာဂစ္ဆတိ-ဟု ဆို၏။

သို့ဖြစ်၍ လဝန်းကို ဖြစ်စေ,နေဝန်းကို ဖြစ်စေ,တောတောင် သစ်ပင် အကြွင် အမှတ်မရှိ အရာဝတ္ထု တခုခုကို ဖြစ်စေ, မြင်သော အခါ၊ တခု တခုသော စက္ခုပသာဒ၌ တခုသောအာရုံ မနောဒွါရ၌ တခုသောအာရုံ ဤသို့အားဖြင့် များစွာသော လဝန်း နေဝန်း စသည်တို့သည် တပြိုင်နက် ခဏမှာ ထင်ကုန်၏၊ ကြွင်းအာရုံ များ၌ ထိုနည်းကို မှီ၍သိ။

ဘဝင်လှုပ်။ ။ဘဝင်လှုပ် ဆိုသည်မှာ ယူမြဲတိုင်း ဖြစ်သော ကံ, ကမ္မနိမိတ်,ဂတိနိမိတ် အာရုံကို လွှတ်၍ ယခု မိမိ၌ ဝင်လာသော အာရုံသစ်ကို ယူရန် အားထုတ် သကဲ့သို ဘဝင် အစဉ်၏ ဖောက်ပြန် မှုကို ဆို၏၊ စက္ခု ပသာဒအား ထင်လာ ခြင်းသည် စက္ခု ဝိညာဏ်စိတ် ဖြစ်ဘို့ရာသာ အကြောင်း ဖြစ်၏၊ အာဝဇ္ဇန်း ဖြစ်ဘို့ အကြောင်း မဟုတ်၊ အမှန်မှာ ဘဝင်၌ ထင်ခြင်း သည်သာ အာဝဇ္ဇန်း ဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။

လဒ္ဓ ပစ္စယာ။ ။ယောနိသော မနသိကာရ စသည်၏ အစွမ်းဖြင့် ရအပ်သော အကြောင်း ပြည့်စုံသော ဇောတည်း။ ယောနိသော မနသိ ကာရ ရှိမူ ကုသိုလ်ဇော၊ အယောနိသော မနသိကာရ ရှိမူ အကုသိုလ် ဇော၊ ခီဏာသဝ သန္တာန်၌ ဖြစ်မူ ကြိယာဇော ဖြစ်လေသည်။

ယေဘုယျ။ ။ထို ဇောသည် အာရုံ သေးငယ် သဖြင့် အားနည်း သောအခါ, တွေဝေရာအခါ, သေခါနီး အခါတို့၌ ၅-ကြိမ်, ၆-ကြိမ်လည်း စောသေး၏-ဟု ယေဘုယျသဒ္ဒါဖြင့် ပြ၏။

ဇော။ ။ဇော-ဟူသည် မိုးကြိုးကျသကဲ့သို့ အရှိန်အဟုန်နှင့်တကွ ဖြစ်သော စိတ်တည်း၊ ခုနစ်ကြိမ်စော ကာမဇောတွင် ပဌမ ဇောသည် မျိုးတူစိတ်မှ အထောက် အပံ့ မရ၍ အားအနည်းဆုံး ဖြစ်၏၊ ပဌမဇောထက်, ဒုတိယဇောက၊ ဒုတိယဇောထက်, တတိယ ဇောက၊ တတိယ ဇောထက်, စတုတ္ထ ဇောက၊ ဇောတူ အာသေဝန ပစ္စည်းရ၍ အားရှိ၏၊ ဤစတုတ္ထ ဇောသည် ခုနစ်ကြိမ် စောသော ကာမဇောတွင်

အားအရှိဆုံး အား-အကောင်းဆုံးဖြစ်၍၊ အတွတ် အထိပ်သို့ ရောက်၍၊ ဤဇောမှ နောက် အစဉ် အတိုင်း အားယုတ် သွားလေသည်၊ သတ္တမ အကြွမ်သို့ ရောက်သော်ကား ဇော၏အရှိန်အဟုန်သည် ကုန်ဆုံးလေပြီ။

တဒါရုံ။ ။တဒါရုံ- ဟူသည် ဇော ယူသော အာရုံကို လိုက်၍ ယူသော ဝိပါက် စိတ်တည်း၊ ရေဆန်လျက် လှော်ခတ် ချာမောင်းသွားသောလှေ,သင်္ဘောသို့ရေသည်အနည်းငယ် ဆန်လိုက်သကဲ့သို့ တဒါရုံသည် ဇောသို့ လိုက်လေသည်။

ယေဘုယျ။ ။အာရုံဇော, သတ္တဝါအားလျော်စွာ ဖြစ်၏။

ဘဝင်ကျ။ ။ဤ အတိ မဟန္တာရုံ ဝီထိမှာ အာဝဇ္ဇန်းမှ သို့မဟုတ် ပဋ္ဌမဘဝင် စလနမှစ၍ တိုးတက်သော စိတ်အစဉ် စတုတ္ထဇောရောက်သည်တိုင်အောင်ဖြစ်၏၊ ပဉ္စမဇောမှစ၍ တိုးတက်မှု ကျဆင်း သွား၏၊ သို့သော်လည်း အစဉ်ဖြစ်လာသော အဟုန်၏ လုံးလုံး မကုန်သေး သဖြင့် ကျဆင်းသည်ဟု မဆိုရ၊ ဒုတိယ တဒါရုံမှ နောက်၌ မူကား ဖြစ်စေ အပ်သော အဟုန်၏ လုံးလုံး ကုန်ဆုံး လေပြီ ဖြစ်သော ကြောင့် ထိုအခါမှသာ စိတ်အစဉ် ကျဆုံးခြင်း ဖြစ်လေသည်၊ ထို့ကြောင့် ဘဝင် အဖြစ်ဖြင့် စိတ်အစဉ် ကျခြင်းကို (ဝါ) ဘဝင် ဖြစ်၍ ကျခြင်းကို ဘဝင် ကျသည်ဟု ဆို၏။

ဤဆိုအပ်ခဲ့သော အတိုင်းအရှည်ဖြင့် ဝီထိစိတ္တုပ္ပါဒ် ၁၄-ခု၊ ဘဝင် စလန ၂-ခု၊ အတီတဘဝင် ၁-ခု အားဖြင့် စိတ္တက္ခဏ ၁၇-ချက်ပြည့်၍ ချုပ်လေ၏၊ ဤအာရုံသည် အတိမဟန္တာရုံ မည်၏။

စက္ခုဒွါရဝီထိ, စက္ခုဝိညာဏဝီထိ

စက္ခုဝိညာဏ စိတ်သည် စက္ခုဝတ္ထုကို မှီ၍ စက္ခုပသာဒ၌ ထိခိုက်သော ရူပါရုံကို အာရုံပြု၍ ဖြစ်၏၊ အာဝဇ္ဇန်း စသော စိတ်တို့သည်လည်း မိမိမိမိ၏ အခြားမဲ့၌ဖြစ်သော စိတ်နှင့်အတူတကွဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ ထိုရူပါရုံကိုသာ အာရုံပြုလျက် ဖြစ်ကုန်၏၊ စက္ခုဒွါရ, မနောဒွါရတို့သည် ခပ်သိမ်းသော ဝီထိ စိတ်တို့၏ ဒွါရကိစ္စကို ပြီးစေကုန်၏၊ ဤဝီထိကို စက္ခုဒွါရ၌ ဖြစ်သောကြောင့် စက္ခုဒွါရ ဝီထိ ဟူ၍၎င်း, စက္ခုဝိညာဏ်ဖြင့် မှတ်အပ်သောကြောင့် စက္ခုဝိညာဏဝီထိ ဟူ၍၎င်း,

ဆိုအပ်၏၊တခုသောစိတ္တက္ခဏကိုလွန်၍ခိုက်တိုက်ခြင်း၄ါစွမ်းနိုင်သော အလွန် အားရှိသော အာရုံ၌ ဖြစ်လေသောကြောင့် အတိမဟန္တာရုံဝိထိ ဟူ၍၎င်း ဆိုအပ်၏။

မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက

ဘဝင်– ဘဝင်– ဘဝင်– ဘဝင်– ဘဝင်– ဘဝင်– ဘဝင်– ဘဝင်– ဘဝင်– ဘဝင်
ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဘဝင် – ဘဝင် – ဘဝင် – တီ – န – ဒ – ပ – စ – သံ – ဏ္ဍီ – ဝု
ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

မန္ဒာယုက   မဇ္ဈိမာယုက   အမန္ဒာယုက

ဇ – ဇ – ဇ – ဇ – ဇ – ဇ – ဇ – ရုံ – ရုံ – ဘဝင်
ooo ooo ooo ooo ooo ooo ooo ooo ooo ooo

မှတ်ချက်။ ။ooo-၌လက္ခဏာတွင် အစ o-လုံးကို ဥပါဒ်,အလယ် o-လုံးကို ဌီ,အဆုံး o-လုံးကို ဘင်-ဟု မှတ်၊ စိတ်၏ ခဏငယ် ၃-ချက်တည်း။

စက္ခုဝိညာဏ် စိတ်၏ရှေ့ ပဥ္စဒွါရာဝဇ္ဇန်းမှစ၍ ပဋိလောမ (အပြန်) ရေတွက်သော် ပဥ္စဒွါရာဝဇ္ဇန်း, ဘဝင်္ဂုပစ္ဆေဒ, ဘဝင်္ဂစလန စသည်ဖြင့် စိတ်ပေါင်း ၁၇-ချက်ရှိ၏။ ထိုတွင် အစဦးဆုံးဘဝင်စိတ်၏ ဥပါဒ်, ဌီ-ကို ချန်လှပ်ခဲ့ပါ၊ ချန်လှပ်ရခြင်းမှာ အစဆုံးဘဝင်၏ ဥပါဒ်ခဏ, ဌီ-ခဏ၌ ဖြစ်သော စက္ခု စသော ပသာဒ တို့သည် စက္ခု ဝိညာဏ်စိတ် စသည် ဖြစ်သော အခါမှာ ထင်ရှား မရှိသောကြောင့် ပေတည်း။

။ စက္ခုဝိညာဏ်စိတ် စသည် ဖြစ်သော အခါ စက္ခုပသာဒ ထင်ရှား ရှိသောကြောင့် အစဆုံးဘဝင်၏ ဘင်ခဏမှစ၍ ပဥ္စဒွါရာဝဇ္ဇန်း စိတ်၏ ဘင်ခဏ တိုင်အောင် ၄၉-ချက်သော ခဏတို့၌ ဖြစ်သော ပသာဒ တို့သည် စက္ခာဒိ ပသာဒတို့ မည်ကုန်၏။

ထို ၄၉-ချက်သော ခဏတွင် အတီတ ဘဝင်၏ ဥပါဒ် ခဏ၌ ဖြစ်သော စက္ခု,သောတ, ဃာန,ဇိဝှါ,ကာယ ပသာဒ တို့သည် **မဇ္ဈိမာ ယုက** မည်၏၊ **အဘယ့်ကြောင့်နည်း ?** အတီတ ဘဝင် ဥပါဒ် ခဏ၌

ဖြစ်သော ပသာဒတို့သည် ဒုတိယတဒါရုံ စိတ်၏ ဘင်သို့ ရောက်သော အခါ စင္စက္ခာ ၁၇-ချက် စေ့၍ ဒုတိယ တဒါရုံနှင့် ပြိုင်လျက် ချုပ်သောကြောင့်ပေတည်း။

အတိဘ ဘဝင်၏ ၅ ခဏ တို့၌ ၃၇-ပါးသော စက္ခုစသော ပသာဒ တို့သည် မန္ဒာယုက မည်ကုန်၏၊ အဘယ်ကြောင့် ဆိုသော်- ဒုတိယ တဒါရုံစိတ် မချုပ်မီကပင် ချုပ်လေသည့် အတွက် တိုသော အသက် ရှိသောကြောင့်တည်း။

အတိဘ ဘဝင်၏ ဋ္ဌ-ခဏမှ စ၍ ပဉ္စဒွါရာဝဇ္ဇန်း စိတ်၏ ဘင်ခဏ တိုင်အောင် ဤ ၁၁-ပါးသော ခဏ တို့၌ ဖြစ်သော ၁၁-ပါးသော စက္ခုစသော ပဉ္စပသာဒတို့သည် ဒုတိယတဒါရုံ ချုပ်ပြီးသည့် နောက်မှ ချုပ်၍ ရှည်သော အသက်ရှိသောကြောင့် အမန္ဒာယုက မည်ကုန်၏။

အချုပ်မှာ။ ။ပဋ္ဌာန်းနှင့် တကွဖြစ်၍ ပဋ္ဌာန်းနှင့် ခိုက်တိုက် မိသော စက္ခုစသော ပသာဒ ငါးခုသည် မဇ္ဈိမာယုက၊ မဇ္ဈိမာယုက၏ ရှေ့ပိုင်း၌ ဖြစ်သော ပသာဒ ငါးခုသည် မန္ဒာယုက၊ မဇ္ဈိမာယုက၏ နောက်ပိုင်း၌ ဖြစ်သော ပသာဒ ငါးခုသည် အမန္ဒာယုက မည်၏။

ဤစက္ခုဒွါရ အတိမဟန္တာရုံ ဝီထိ ဖြစ်သော အခါ ထိုပုဂ္ဂိုလ်သည် ငါသည် ဤမည်သော ရူပါရုံကို မြင်၏-ဟု သိသလား မသိဘူးလား-ဟု မေးပါက—မသိ-ဟု ဖြေရမည်။

အဘယ် အခါ၌ သိပါ သနည်း-ဟု မေးပါက - သလ္လက္ခဏာ ဝီထိ ဖြစ်သော အခါ သိပါသည်-ဟု ဖြေရမည်။

သို့ဖြစ်သောကြောင့် အဦးဆုံး စက္ခုဒွါရဝီထိ

ထို့နောက် တဒနုဝတ္တက မနောဒွါရဝီထိ
ထို့နောက် သမုဒါယဂါဟိကာ မနောဒွါရဝီထိ
ထို့နောက် ဝဏ္ဏသလ္လက္ခဏာ မနောဒွါရဝီထိ
ထို့နောက် နာမဂါဟိကာ မနောဒွါရဝီထိ
ထို့နောက် နာမသလ္လက္ခဏာ မနောဒွါရဝီထိ

ဟူ၍ ၆-ဝိထိ ဖြစ်၏၊ ထိုတွင် ဝဏ္ဏသလ္လက္ခဏာဝိထိ ဖြစ်သောအခါ ငါ-ညိုသော အဆင်း ရှိသော အရာ ဝတ္ထုကို မြင်၏၊ ဤသို့ စသည်ဖြင့် အဆင်းကို မှတ်၏၊ ဝတ္ထုသလ္လက္ခဏာဝိထိ ဖြစ်သောအခါ သဏ္ဌာန်ကို မှတ်၏၊ နာမသလ္လက္ခဏာဝိထိ ဖြစ်သော အခါ အမည်ကို မှတ်၏၊ ဤသို့ ထိုထို သလ္လက္ခဏာဝိထိ ဖြစ်သော် မှသာ ထိုသို အရာကို ငါ-မြင်၏ ဟူ၍ သိ၏။

မဟန္တာရုံ ၂-ဝိထိ

တဒါရုံ ၂-ကြိမ်ဖြစ်သည်တိုင်အောင် မလောက်သည်ဖြစ်၍ စိတ္တက္ခဏ ၂-ချက်, ၃-ချက် လွန်လျက် ထင်ခြင်းသို့ ရောက်သော ပဥ္စာရုံသည် မဟန္တာရုံ မည်၏၊ ထို မဟန္တာရုံ၌ ဇော၏ အဆုံးမှ ဘဝင်သာကျ၏၊ တဒါရုံဖြစ်မှုမရှိ။

ဝိထိပုံစံ (၁)

တီ တိ န ဒ ပ စ သံ ဏ် ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘဝင်

ဝိထိပုံစံ (၂)

တီ တီ တီ န ဒ ပ စ သံ ဏ် ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ

ပဌမ ဝိထိ ပုံစံမှာ အတီတဘဝင် ၂-ကြိမ်၊ ဒုတိယ ဝိထိ ပုံစံမှာ အတီတဘဝင် ၃-ကြိမ် လွန်၏၊ ပဌမ မဟန္တာရုံ ဝိထိမှာ ဇောစိတ် ဖြစ်ပြီးနောက် စိတ္တက္ခဏ ၁-ချက်စာ ကျန်သေး၏၊ တဒါရုံတကြိမ် ချနိုင်၏၊ သို့ရာတွင် တဒါရုံမှာ ၂-ကြိမ် ကျရိုး ဖြစ်သည့်ပြင် ထိုကဲ့သို့ ချုပ်ခြင်းနီးသော အာရုံကား တဒါရုံဖြစ်ခြင်း၏ အကြောင်း အထောက်အပံ့ မဖြစ်စွမ်းနိုင်လေ သောကြောင့် တဒါရုံ မဖြစ်တော့ပေ၊ မဟာအဋ္ဌကထာမှာ တဒါရုံ ၂-ကြိမ်သာ လာ၏။

မူလဋီကာဆရာကား-တဒါရုံ ၁-ကြိမ် ဖြစ်ခြင်းကိုလည်း အလိုရှိ၏၊ အာဂန္တုက ဘဝင်သည် ၁-ကြိမ်ဖြစ်သကဲ့သို့ တဒါရုံ ၁-ကြိမ်မဖြစ်ဟု မဆိုနိုင်၊ တဒါရုံ ၂-ကြိမ် ကျသည် ဟူသော စကား,ကား အလိုအားဖြင့် ဆိုသော စကားသာ ဖြစ်သည်ဟု ဆို၏။

ပရိတ္တာရုံ ၆-ဝိထိ

ဇော ဖြစ်သည်တိုင်အောင် မလောက်သည်ဖြစ်၍ အတီတဘဝင် ၄-၅-၆-၇-၈-၉-ကြိမ် လွန်ခြင်း ရှိသော စက္ခုဒွါရ စသည်၌ ထင်ခြင်းသို့ ရောက်သော အာရုံသည် ပရိတ္တာရုံမည်၏၊ ထိုပရိတ္တာရုံ၌ ဇောမဖြစ်သောကြောင့် ၂-ကြိမ်, ၃-ကြိမ် ဝုဋ္ဌောသာလျှင်ဖြစ်၏၊ ထိုမှနောက်၌ ဘဝင်ကျတော့သည်သာတည်း။

တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဘင် ဘင် ဘင် ဘင် ဘင်
တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဘင် ဘင် ဘင် ဘင် -
တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဘင် ဘင် ဘင် - -
တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဘင် ဘင် - - -
တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဘင် - - - -
တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု - - - - -

ဤပဉ္စဒွါရ ဝီထိ၌ ဇောဖြစ်ဘို့ရန် စိတ္တက္ခဏ ၆-ချက်မျှ အသက်ကြွင်း ရှိ၏၊ ချလိုက ဇော ၆-ကြိမ် ချနိုင်၏၊ သို့ရာတွင် ဇောစိတ်ကား မဖြစ်လေ အဘယ့်ကြောင့် ဆိုသော် စိတ္တက္ခဏ ၆-ချက်အသက်ကြွင်း ရှိသော အာရုံသည် ဇော ဖြစ်ဘို့ရန် အကြောင်း အထောက် အပံ့ ဖြစ်ခြင်းငှါ မစွမ်းနိုင် သည့်ပြင် ပကတိ နိယာမ အားဖြင့် ၇-ကြိမ် ဖြစ်လောက်သော အာရုံ၌သာ ဇောဖြစ်ရိုး ရှိလေသောကြောင့်တည်း။

သညာ ကင်းမဲ့သောအခါ, မိန်းမော တွေဝေသောအခါ, သေခါနီး အခါတို့၌ ဝတ္ထုမသန့်ရှင်းမှု,အားနည်းမှုကြောင့် ဇော ၅-ကြိမ်,၆-ကြိမ် လည်း ဖြစ်သေး၏၊ ပကတိ အခါ၌ သော်လည်း ဝတ္ထုရုပ် အားနည်း သော်ကား ၅-ကြိမ်, ၆-ကြိမ် စောသေး၏။

အတိပရိတ္တာရုံ ၆-ဝီထိ

ဝုဋ္ဌော ဖြစ်သည် တိုင်အောင်လည်း မလောက်သည် ဖြစ်၍ အတီတ ဘဝင် ၁၀-၁၁-၁၂-၁၃-၁၄-၁၅-ကြိမ် လွန်လျက် ထင်ခြင်းသို့ ရောက်သော ချုပ်ခြင်းနီးသော ပဉ္စာရုံသည် အတိပရိတ္တာရုံမည်၏၊ ထိုအတိပရိတ္တာရုံ၌ ဘဝင် လှုပ်ရုံသာ လှုပ်တော့သည်၊ ဝီထိစိတ္တုပ္ပါဒ်ကား ဖြစ်မှုမရှိ။

ဤသို့လျှင် စက္ခုဒွါရ၌	အတိမဟန္တာရုံ	၁-ဝီထိ
	မဟန္တာရုံ	၂-ဝီထိ
	ပရိတ္တာရုံ	၆-ဝီထိ
	အတိပရိတ္တာရုံ	၆-ဝီထိ
အားဖြင့်	ပေါင်း	၁၅-ဝီထိ ဖြစ်၏။

သောတဒွါရ စသည်တို့၌လည်း အသီးအသီး ၁၅-ဝီထိစီ ရကြသည် ဖြစ်၍ ပဉ္စဒွါရ၌ ဝီထိပေါင်း ၇၅-ဝီထိ ဖြစ်၏။

ပဉ္စဒွါရ၌	အတိမဟန္တာရုံကား	တဒါရုမဏဝါရ
	မဟန္တာရုံကား	ဇဝနဝါရ
	ပရိတ္တာရုံကား	ဝေါဋ္ဌဗ္ဗနဝါရ
	အတိပရိတ္တာရုံကား	မောဃဝါရ

ဤသို့ အားဖြင့် ဝါရ လေးပါး ဖြစ်၏။

ထိုဝါရ လေးပါး တို့၏ အာရုံ ဖြစ်သော ဝိသယ ပဝတ္တိလည်း လေးပါးပင် ဖြစ်၏။

ဤပဉ္စဒွါရ ဝိထိတို့၌ ဝိထိစိတ်ကား (၁) ပဉ္စဒွါရာဝဇ္ဇန်း, (၂) စက္ခုဝိညာဏ် (သောတဒွါရဝိထိ စသည် တို့မှာ သောတဝိညာဏ် စသည် လဲလှယ်၍ထည့်) (၃) သမ္ပဋိစ္ဆိုင်း, (၄) သန္တီရဏ, (၅) ဝုဋ္ဌော, (၆) ဇော, (၇) တဒါရုံ ဟူ၍ ၇-ပါးတည်း။

စိတ်လုံးရေကား	ပဉ္စဒွါရာဝဇ္ဇန်း	၁-ခု၊
	စက္ခုဝိညာဏ်	၁-ခု၊
	သမ္ပဋိစ္ဆိုင်း	၁-ခု၊
	သန္တီရဏ	၁-ခု၊
	ဝုဋ္ဌော	၁-ခု၊
	ဇော	၇-ခု၊
	တဒါရုံ	၂-ခု၊
အားဖြင့်	ပေါင်း	၁၄-ခု တည်း။

ပဉ္စဒွါရ၌ ထိုက်သင့် သလို ဖြစ်နိုင်သော စိတ်အရေ အတွက်ကား ယူပြီး သည်ကို မယူဘဲ ထားကာ ရေတွက်သော် အကျယ် အားဖြင့် ကာမစိတ် ၅၄-ပါးတည်း။

ပဉ္စသတ္တိရှိ၊ ဝိထိပဉ္စဒွါ၊ ချရာစိတ်စု၊ စတုပညာ၊ ကာမသာချည်း၊ အာရုံမှာမူ၊ ဘဝင်ဟူသမျှ၊ သုံးဝအတိတ်၊ ကံနိမိတ်တည်း၊ ကြွင်းစိတ်ရုံကား၊ မှီကားသူပင်၊ သူ့ဝိညာဉ်သာ၊ ကြွင်းလျှင်စိတ်စု၊ ရှေးရှေးဥသည်၊ ဝတ္ထုဟဒယ၊ စွဲမှီရသည်.... ဋ္ဌိဟလွတ်ကင်း ရှင်းလေတည်း။ (ဝိသုဒ္ဓါရုံ)

ပဉ္စဒွါရ၌ ဝိထိပေါင်း ၇၅-ဝိထိ၊ ပဉ္စဒွါရာဝဇ္ဇန်း အစ တဒါရုံ အဆုံးရှိသော စိတ်တို့သည် ကာမစိတ် ၅၄-ခုချည်းသာတည်း။ အာရုံအားဖြင့် ဝိထိ၏ ရှေ့ဘဝင်, နောက်ဘဝင်တို့သည် မိမိ၏ ပဋိသန္ဓေစိတ်နှင့် ဘုမိ,

ဇာတိ, သမ္ပယုတ္တ ပွေ့သင်္ခါရ, အာရုံဟူ၍ အလင်္ကာရ နှင့် ရဘာဝ၌ ဆန္ဒါရိက မရေးသောသနှ ဖော်သည့် ယူပေးသော ကံ အာရုံ, ကမ္မနိမိတ် အာရုံ, ဂတိ နိမိတ်အ နှံ့ သုံးပါးတွင် တပါးပါးကို အာရုံပြုကုန်၏၊ ထိုတွင် ရူပဘဝင် ငါးခုသည် ကမ္မနိမိတ် တပါးကိုသာ အာရုံပြုကုန်၏။

ပဥ္စဒွါရာဝဇ္ဇန်း စသော ဝိထိစိတ်တို့သည် မဏ္ဍိမာယုက ဖြစ်၍ ရှေးဦး အစ အတိတ် ဘဝင်လွန် တချက်နှင့် ဥပါဒ်ပြိုင်လျက် ဘဝင်စလနတွင် ထင်ကြောက်ခြင်းသို့ ရောက်သော ပစ္စုပ္ပန် ပဥ္စာရုံကို အာရုံပြုကုန်၏။

မှီရာအားဖြင့် ခွေးပဥ္စဝိညာဏ် ၁၀-တို့သည် ရှေးဦး အစ အတိတ ဘဝင်လွန် တချက်နှင့်ဥပါဒ်မှိုင်သော ပဥ္စဝတ္ထုကိုမှီကုန်၏၊ ကြွင်းသော စိတ်တို့သည် မိမိတို့၏ ရှေးရှေး အနန္တရ စိတ်နှင့် အတူ ဥပါဒ် ပြိုင်သော ဟဒယဝတ္ထုကိုချည်း မှီကုန်၏။

လွတ်ကင်းဒွိဟ၊ ငွင်းရှင်းပလော၊ ကာမဥ္စသာ၊ ဃာနာဒိတွယ်၊ တိမဟန္တ၊
သဥ္စတာလီ၊ ကျမ်းအညီတည်း၊ ဥဒ္ဒိပဥ္စဝေါ၊ ပုဂ္ဂလော၌၊ ဝိထိဖြစ်သည်....
ဗိုလ်ဘဝင် သွင်းလေတည်း။ (ဝိသုဒ္ဓါရု)

ချုံ့အားဖြင့် ကာမဘုံ သက်သက်မှာ—

စက္ခု	အတိမဟန္တာရုံ	၁-ဝိထိ
သောတ	အတိမဟန္တာရုံ	၁-ဝိထိ
ဃာန	ဒွါရ	၁၅-ဝိထိ
ဇိဝှါ	ဒွါရ	၁၅-ဝိထိ
ကာယ	ဒွါရ	၁၅-ဝိထိ
	ပေါင်း	၄၇-ဝိထိ ဖြစ်၏။

ကြွင်းသော ၂၀-ဝိထိတို့သည် ပဥ္စဝေါကာရ ၂၆-ဘုံ၌ ဖြစ်ကုန်၏၊ (ဤတွင် တဒါရုံ မကျသော အတိမဟန္တာရုံ ငါးထိ တို့ကား ရူပဘုံ၌ ဖြစ်သေး၏၊ ကာမဘုံကိုသာရည်၍ အတိမဟန္တာရုံကို တဒါရုံဖြင့် မှတ်၍ ဆိုသည်။)

ပုဂ္ဂိုလ် အားဖြင့် အလုံးစုံသော ဝိထိတို့သည် ပုထုဇဉ် ၄-ယောက် ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄-ယောက်၊ ဤ ၈-ယောက်သော ပုဂ္ဂိုလ်တို့၌သာ ဖြစ်ကုန်၏။

စိစစ် ဘဝင် သွင်းလေတည်း-ဟူရာ၌ အဓိပ္ပါယ် သော်ကား-

ကာမဘုံ၌ ဖြစ်သော ဝိထိဖြစ်လျှင် ကာမဘဝင် ၁၀-ကိုချ၊ ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်တို့၌ ဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ ဘဝင်ကိုချ၊ ဤသို့ စသည်ဖြင့် ဝိထိ၏ ဖြစ်ရာဘုံ ဖြစ်သော ပုဂ္ဂိုလ်ကို စိစစ် မှတ်သား၍ ဘဝင်ကို ချရမည် ဟူ၏။

ကာမ ပဉ္စဒွါရ ဝိထိ ပြီး၏။

ကာမ မနောဒွါရ ဝိထိ

သုဒ္ဓ မနောဒွါရ၌ ဝိဘူတာရုံသည် အကယ်၍ ထင်ခြင်းသို့ ရောက်အံ့၊ ထင်ခြင်းသို့ ရောက်သော အခါမှ နောက်၌ ဘဝင်စလန မနောဒွါရာဝဇ္ဇန်း ဇော-တဒါရုံဝိပါက် စိတ်တို့သည် ဖြစ်ကုန်၏၊ ထိုမှ နောက်၌ ဘဝင် ကျ၏။

မနောဒွါရသည် ကာမဇောဝါရ မနောဒွါရ, အပ္ပနာဇောဝါရ မနောဒွါရဟု နှစ်မျိုးရှိ၏၊ ကာမဇောဝါရ မနောဒွါရသည်လည်း တဒနုဝတ္တက မနောဒွါရ,သုဒ္ဓမနောဒွါရဟု နှစ်မျိုးရှိရာ ဤ၌ သုဒ္ဓမနောဒွါရ ဖြစ်၏။

သုဒ္ဓမနောဒွါရ၌ ဝိဘူတာရုံ, အဝိဘူတာရုံ ဟု နှစ်မျိုးရှိရာ ဝိဘူတာရုံကား ၆-ဝိထိ၊ အဝိဘူတာရုံကား ၃-ဝိထိ ဖြစ်၍ ၉-ဝိထိဖြစ်၏။

ပစ္စုပ္ပန် ဖြစ်၍ ၁၇-ချက် အသက် ရှိလျက် ဖြစ်သော ဝိညတ်ခွေး လက္ခဏာရုပ် လေးချကြဉ် ကြွင်းရုပ် ၂၂-ပါးဟု ဆိုအပ်သော အာရုံ ၆-ပါး၌ ဝိဘူတာရုံ ၅-ဝိထိ၊ အဝိဘူတာရုံ ၂-ဝိထိ ဖြစ်၏။

အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်၍ ၁၇-ချက်၊ အသက် မစေ့ဘဲ ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ဝိညတ်ခွေး လက္ခဏာရုပ် လေးခု ဟူသော ဓမ္မာရုံ၊ကာလဝိမုတ်ဖြစ်၍ ၁၇-ချက်၊အသက်မစေ့ဘဲဖြစ်သော နိဗ္ဗာန် ပညတ် ဟူသော ဓမ္မာရုံ၊ အတိတ်, အနာဂတ် ဖြစ်၍ ၁၇-ချက်၊ အသက် မစေ့ကောင်းသော ဝိညတ်ခွေး လက္ခဏာရုပ် လေးချကြဉ်သော ကြွင်းရုပ် ၂၂-ပါး ဟူသော အာရုံ ၆-ပါး၊ ဤအာရုံတို့၌ ဝိဘူတာရုံ ၁ ဝိထိ၊ အဝိဘူတာရုံ ၁-ဝိထိ၊ ဤသို့ အားဖြင့် ဝိဘူတာရုံ ၆-ဝိထိ၊ အဝိဘူတာရုံ ၃-ဝိထိ ဖြစ်၍ ၉-ဝိထိ ဖြစ်၏။

အနုဗန္ဓက နှင့် သုဒ္ဓမနောဒွါရ

ကြေးစည်ကို လက်ခတ်ဒုတ်ဖြင့် တကြိမ်ခတ်လိုက်က ကြေးစည်၏ ကိုယ်ထည်မှ ဖြစ်သော ရုပ်ကလာပ်တို့သည် အချိန် ကြာမြင့်စွာ အချင်းချင်း ထိခိုက်၍ ကြေးညီးသော အသံစဉ်သည် ဖြစ်သကဲ့သို့ ထို့အတူ ပဉ္စဒွါရ၌ အာရုံနှင့် တကြိမ် ထိခိုက်သော် ပဉ္စဒွါရဝီထိ ချုပ်သော်လည်း အတိတ် ဖြစ်သော ပဉ္စာရုံသည် မနောဒွါရမှာ ထင်မြဲတိုင်း ထင်လာ၍ အထောင် မကသော မနောဒွါရိကဝီထိ စိတ်အစဉ်တို့ကို ဖြစ်စေ၏၊ ထိုမနောဒွါရိကဝီထိ စိတ်အစဉ်တို့၏ ဒွါရဖြစ်သော ဘဝင် အစဉ်သည် အနုဗန္ဓက မနောဒွါရ မည်၏၊ မနောဒွါရိက ဝီထိစိတ် အစဉ်တို့သည်လည်း အနုဗန္ဓက ဝီထိစိတ် မည်ကုန်၏။ (တဒနုဝတ္တက နှင့် အနုဗန္ဓက အတူတူမှတ်)

ပဉ္စဒွါရ၌ ခိုက်တိုက် ခြင်းသို့ အစဉ် လိုက်မှုနှင့် ကင်း၍ သက်သက် ထိုထိုသို့သော အခြင်းအရာဖြင့် အာရုံ ခြောက်ပါးတို့ ထင်လာရာ ဘဝင် အစဉ်သည် သုဒ္ဓမနောဒွါရ ဝီထိ မည်၏။

အာရုံထင်ပုံ။ ။ထိုသုဒ္ဓမနောဒွါရ၌ အာရုံ ၆-ပါး ထင်လာပုံမှာ- ဒိဋ္ဌ, ဒိဋ္ဌ သမ္ဗန္ဓ, သုတ, သုတ သမ္ဗန္ဓ, သဒ္ဓါ, ရုစိ, အာကာရ ပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ, နာနာကမ္မဗလ, နာနာဣဒ္ဓိဗလ, ဓာတုက္ခောဘ, ဒေဝတော ပသံဟာရ, အနုဗောဓ, ပဋိဝေဓ စသော အကြောင်း တို့ကြောင့် ဖြစ်၏။

ထိုတွင် ဒိဋ္ဌ မည်သည် ရှေးက ငါးဒွါရ တို့ဖြင့် ယူအပ်သော အာရုံ ငါးပါးတည်း၊ ထိုပဉ္စာရုံ သည်လည်း ကာလတပါး၌ အကြောင်း တိုက်ဆိုင်ခဲ့သော် သက်သက်သော မနောဒွါရမှာ ထင်လာသည် သာတည်း။

ဒိဋ္ဌသမ္ဗန္ဓ ဟူသည်အမြင်နှင့်တူသော အာရုံတည်း၊ ရှေ့ကတစုံတရာကို မြင်ဘူး၍ ထိုမြင်ဘူး သည်မှ တပါး အခြား တခုကို မှန်းဆလျက် မမြင်ဘူးသော်လည်း ထိုမြင်ဘူးသည်နှင့်အတူဖြစ်သော အတိတ်,အာရုံလည်း အများ အပြား ထင်လာ တတ်၏၊ အနာဂတ်,အာရုံလည်း အများ အပြား ထင်လာ တတ်၏၊ ပစ္စုပ္ပန်, အာရုံလည်း အများ အပြား ထင်လာ တတ်၏၊ သုတ ဟူသည် တပါးသူမှ တဆင့် ကြား၍ ယူအပ်သော အာရုံ

ဇ-ပါးတည်း၊ ထိုသုတသည် အရာ အလွန် ကျယ်၏၊ ဗုဒ္ဓမြတ်စွာ၏ ဒေသနာကို ကြားနာရ၍ယူမှုကား အာရုံမပြုနိုင်သော အရာမည်သည်မရှိ၊

သုတသမ္ဗန္ဓ-ဟူသည် သုတ (အကြား) နှင့်တူသော အာရုံတည်း။

သဒ္ဓါ-ဟူသည် တပါးသူအား ယုံကြည်ခြင်းတည်း။

ရုစိ-ဟူသည် မိမိ အလိုတည်း။

အာကာရ ပရိဝိတက္က-ဟူသည် အနက်ရိပ်, သဒ္ဒါရိပ်, အကြောင်း ရိပ်ကို ထောက်ထား မျှော်ရှု၍ ထိုထို သို့သော အခြင်းအရာဖြင့် ကြံစည် စိတ်ကူးခြင်းတည်း။

ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ-ဟူသည် ပညာဖြင့်သော်၎င်း,မိမိအယူဝါဒဖြင့်သော် ၎င်း ထပ်တလဲလဲ ရှုစမ်း ဆင်ခြင်လျက် ဤလို ဖြစ်မှာဘဲဟု ဆုံးဖြတ်၍ ယူခြင်းတည်း။

နာနာကမ္မဖလ-ဟူသည် အထူးထူးသော ကံစွမ်းတည်း။

နာနာဣဒ္ဓိဖလ-ဟူသည် တန်ခိုး အမျိုးမျိုး၏ အစွမ်းတည်း။

ဓာတုက္ခောဘ-ဟူသည် သွေးလေမမှန်ဓာတ်ဖောက်ပြန်ခြင်းတည်း။

ဒေဝတော ပ သံဟာရ-ဟူသည် နတ်တို့ ဆောင်ပေးခြင်းတည်း။

အနုဗောဓ-ဟူသည် လျော်စွာ သိခြင်းတည်း။ (လောကီ ဉာဏ်ဖြင့် သိခြင်းကို ဆို၏)

ပဋိဝေဓ-ဟူသည် ထိုးထွင်းသိခြင်းတည်း။(လောကုတ္တရာဉာဏ်ဖြင့် သိခြင်းကို ဆို၏)

ဤနေရာ၌ အနန္တရူပနိဿယ ပစ္စယသတ္တိ မည်သည် စိတ်အစဉ်အား များစွာ ပြန့်ကျယ်၏၊ တကြိမ်မျှလည်း အာရုံကို ကျေကျေ နပ်နပ် မှီဝဲ လိုက်ရသော် ထိုအာရုံကို အာရုံပြုသော စိတ်အစဉ်ချုပ်ပြီးသောအခါမှ စ၍ နှစ်ပေါင်း တရာ တထောင်၌၎င်း, ဘဝတပါး၌၎င်း ထိုအာရုံသည် ဘဝင်လှုပ်ခြင်း၏ အကြောင်း ဖြစ်လေသေးသည်။

စိတ်မည်သည်လည်း ဝိဇ္ဇစသော အကြောင်းတို့ဖြင့် ကြီးပွါးရသော် များစွာ ကျယ်ပြန့်၏၊ အကြောင်း အရိပ် နိမိတ် တစုံ တရာကို ရ၍ တခု သော ခဏမှာ အထောင် မကသော ဝိဇ္ဇစသော အာရုံတို့၌ ပြန့်နှံ့၏၊

ထိုဒိဋ္ဌစသော အကြောင်းတို့ အမြဲတမ်း စွဲဆော် အပ်သော စိတ်အစဉ်သည် ကိုယ်လက် မအိမ့်သော မကျိန်းမာမှု စသော စိတ်အား ငယ်မှုဟူသော အကြောင်း မရှိပါက အမြဲမပြတ်လည်း ဘဝင်မှ ထခြင်းငှါ အလိုသန္တ ရှိသည် သာတည်း။

စိတ်သည်သည် မထင်ရှားသောအာရုံမျိုးမှာမနွေလျော်၊ထင်ရှားသော အာရုံမျိုးမှာသာ နွေလျော်၏၊ ထို့ကြောင့် ဘဝင်နှင့် ယှဉ်သော မနသိကာရသည် ထပ်တလဲလဲ ဘဝင်ကို လှုပ်စေလျက်အကြောင်းအလျောက် ရအပ်သော အာရုံတို့၌ ထပ်ကာထပ်ကာ အာဝဇ္ဇန်း စိတ်ကို ယှဉ်စေသည်သာတည်း၊ ထိုအခါ ထိုအာရုံ တို့သည် သူကို ရှေးရှု ညွတ်သော အနေဖြင့် ဖြစ်သော မနသိကာရနှင့် ယှဉ်သော ဘဝင်စိတ်အား ထင်လာကြကုန်၏၊ အာရုံတပါးကို ယူ၍ဖြစ်နေသောစိတ်၏ အခြားအာရုံတချို့မှာ ရှေးရှုညွတ်မှု မည်သည်မရှိဟု မဆိုစကောင်းပေ၊ ကမ္မဋ္ဌာန်း လုပ်ငန်း ဝင်စ ဖြစ်သော ယောဂီတို့၏ စိတ်ဖြစ်ပုံကို ထောက်ထား ပါလေ။

တဒါရမ္မဏပါကာနိ ပဉ္စန္တိ-ဟူသော စကားကို ကာမပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဆို၏၊ ရူပပုဂ္ဂိုလ်, အရူပ ပုဂ္ဂိုလ် တို့မှာ ဝိဘူတာရုံ၌ သော်လည်း တဒါရုံမဖြစ်၊ မနောဒွါရဝိဘူတာရုံမှာကဲ့သို့ ပဉ္စဒွါရ၌လည်း အတိမဟန္တာရုံမှာ ရူပပုဂ္ဂိုလ်တို့အား တဒါရုံမဖြစ်။

အဝိဘူတာရုံမှာ ဇောဏ်အဆုံး၌ ဘဝင်ကျ၏၊ တဒါရုံစိတ် မဖြစ်။

အဝိဘူတေ ပနာရမ္မဏေ-စသော စကားသည် အလွန် အားဖြင့် ဆိုထားသော စကားဖြစ်၏၊ ဉာဏဝိဘင်းအဋ္ဌကထာ၌ ဝရွော ၂-ကြိမ် ဖြစ်သည်၏ အစွမ်း အားဖြင့် အဝိဘူတာရုံမှာ ဝေါဋ္ဌဗ္ဗနဝါရ လာ၏၊ ပဉ္စဒွါရမှာကဲ့သို့ ဤသုဒ္ဓ မနောဒွါရ၌လည်း မောဃဝါရကို ရသင့်၏၊ မှန်၏—သုဒ္ဓမနောဒွါရမှာလည်း အာရုံထင်ပါလျက် ဝိထိစိတ်မဖြစ်ဘဲ ဘဝင်နှစ်ကြိမ်လှုပ်ကာ နစ်သွားသော မောဃဝါရတို့၏ အရေအတွက် ပမာဏကား ရှိလိမ့်မည်မဟုတ်၊ အများအပြားပင် ဖြစ်ပေလိမ့်မည်၊ အာရုံထင်မှု ဘဝင်လှုပ်မှုရှိကလည်း ဝိသယ ပဝတ္တိ မည်သည် ကေန် ဖြစ်တော့သာတည်း၊ထို့ကြောင့် ဤမနောဒွါရ၌လည်း တဒါရမဏဝါရ, ဇဝနဝါရ, ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ ဟူသော ၄-ဝါရတို့၏ အစဉ် အတိုင်း အာရုံဖြစ်သော ဝိသယပဝတ္တိ ၄-မျိုးကို သိထိုက်လေသည်။

ထိုဝါရ ၄-မျိုးတွင်—

တဒါရမဏာဝါရ၏ အာရုံကား အတိမဟန္တာရုံ၊ ဇဝနဝါရ၏ အာရုံကား မဟန္တာရုံ၊ ဝေါဋ္ဌဗ္ဗနဝါရ၏ အာရုံကား ပရိတ္တာရုံ၊ မောဃဝါရ၏ အာရုံကား အတိပရိတ္တာရုံဟု အစဉ်အတိုင်း ခွဲခြားယူလေ။

အာရုံရောက်တဲ့ အာရုံအလွန်အားကောင်းမှု အတိမဟန္တမည်၏၊ စိတ်က အားနည်းသော်လည်း ခြေ့ တောင်စသော အလွန်အားကောင်းသော အာရုံမျိုး ဖြစ်ကလည်း အတိမဟန္တပင်၊ စိတ်က အလွန် အားရှိနေပါမူ အလွန် သိမ်မွေ့သော နိဗ္ဗာန် အာရုံ သော်လည်း အတိမဟန္တာ မည်၏၊ ကြွင်းသော အာရုံများ၌ ဤနည်းကိုမှီ၍ သိအပ်၏။

အနုဗန္ဓက, ဝိသုံသိဒ္ဓ မနောဒွါရဝိထိဟု နှစ်မျိုးရှိရာတွင် အနုဗန္ဓက သည် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ အနုဗန္ဓက၏ အစွမ်း အားဖြင့် ငါးမျိုးရှိ၏။

ထိုငါးမျိုးတွင် တမျိုးတမျိုးမှာ အတီတဂဟဏ,သမုဒါယဂဟဏ, ဝတ္ထုဂဟဏ,နာမဂဟဏဟု လေးဝါရစီရှိ၏၊ ထိုလေးဝါရတွင်လည်း တခုတခုမှာ တဒါရမဏ, ဇဝန, ဝေါဋ္ဌဗ္ဗန, မောဃဝါရ ဟု လေးဝါရ စီရှိပြန်၏။

ထို့ကြောင့် စက္ခုအနုဗန္ဓက စသောအားဖြင့် မူလဖြစ်သော အနုဗန္ဓက ဝိထိ ၅–မျိုးကိုတည်၊ အတီတ ဂဟဏ စသော ၄–ပါးနှင့် မြှောက် ၂၀–ဖြစ်၏။ တဒါရမဏ စသော ဝါရ ၄–ပါးနှင့်မြှောက် အနုဗန္ဓက ဝိထိပေါင်း ၈၀–ဖြစ်၏။

ဝိသုံသိဒ္ဓမနောဒွါရသည် ဒိဋ္ဌဝါရ, ဒိဋ္ဌသမ္ဗန္ဓ, သုတ, သုတသမ္ဗန္ဓ, ဝိညာတ, ဝိညာတသမ္ဗန္ဓဝါရ အားဖြင့် ၆-ပါး ဖြစ်၏၊ ထိုတွင် ဒိဋ္ဌ။ပ။ သုတသမ္ဗန္ဓတို့ ကိုကား ပြခဲ့ပြီးဖြစ်၍ မပြတော့ပြီ။

ဝိညာတ ဟူသည် သဒ္ဓါ, ရုစိ, အာကာရပရိဝိတက္က စသည်ဖြင့် ဖြစ်သော ဝါရတည်း။

ဝိညာတသမ္ဗန္ဓဝါရ-ဟူသည် ဝိညာတနှင့်နွယ်၍ ဖြစ်ရကား ဝိညာတနှင့်တူသော ဝါရတည်း။

အဌသာလိနီ၌ သဒ္ဓါ, ရုဝ် စသည် တို့၏ အစွမ်းဖြင့် ယူအပ်သော အာရုံသည် ယုတိုင်းလည်း ဖြစ်တတ်၏၊ ယူသည်မှ တမျိုးလည်း ဖြစ်တတ်၏၊ သို့အတွက် မဟာအဌကထာမှာ မယူ အပ်ပြီ ဟု မိန့်ဆို၏၊ အမှန်မှာ မှားဒါမှန်ဒါ လိုရင်းမဟုတ်၊ ဝိထိစိတ် ဖြစ်ခြင်းရှိက ယူသင့်သည်ဟု ပရမတ္ထဒီပနီ၌ဆို၏။

ဝိသုံသိဒ္ဓမနောဒွါရ ၆-မျိုးတွင် တဒါရမဏစသော အားဖြင့် ၄-ဝါ ရင် ရှိကောင်း၍ ၂၄-ဝါရ ဖြစ်၏၊ ယခု အခါမှာ အတိတ ဘဝင်၏ အစွမ်းဖြင့်ရင်း,တဒါရုံ၏အစွမ်းဖြင့်ရင်းဝါရအပြားကိုကြံစည်ကြသည်။

ဝိဘူတာရုံ ၄-ဝီထိ

၁၇-ချက် အသက်ရှေ့ စကောင်းသော ပစ္စုပ္ပန်ရုပ် ၂၂-ပါးကို အာရုံပြု၍ ဖြစ်သော ဝိဘူတာရုံ ၅-ဝီထိ ပုံစံကား၊

တိ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘင် ဘင် ဘင် ဘင်
တိ တိ န မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘင် ဘင် ဘင် –
တိ တိ တိ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘင် ဘင် – –
တိ တိ တိ တိ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘင် – – –
တိ တိ တိ တိ တိ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ – – – –

၁၇-ချက် အသက် မရှေ့စကောင်းသော ကြွင်းရုပ်,နာမ်, ပညတ်ကို အာရုံပြု၍ ဝိဘူတာရုံ ၁-ဝီသ၊ အဝိဘူတာရုံ ၁-ဝီထ ဖြစ်ရာ၊ ဝိဘူတာရုံ ဝီထိ ပုံစံကား......

ဘင် ဘင် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘင်

၁၇-ချက် အသက် မရှေ့ စကောင်းသော အဝိဘူတာရုံ ဝီထိ ပုံစံ

ဘင် ဘင် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘင် ဘင်

ဤသို့လျှင် သုဒ္ဓ မနောဒွါရ၌ ဝီထိစိတ်ကား-မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံ ဟူ၍ ၃-မျိုး၊ စိတ်အရေအတွက်ကား-မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၇၊ တဒါရုံ ၂-အားဖြင့် ၁၀-ပါး၊ အကျယ် အားဖြင့် ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-၃ ကြဉ်သော ကာမစိတ် ၄၁-ပါးတည်း။

ကာမ မနောဒွါရ ပြီး၏

အပ္ပနာဇောဝါရ, မနောဒွါရ

အပ္ပနာဇောဝါရ၌ ဝိဘူတ,အဝိဘူတ ကွဲပြားမှုမရှိ၊ တဒါရုံဖြစ်မှုလည်းမရှိ။

အပ္ပနာဇောဝါရမှာ ဝိဘူတာရုံသာ ဖြစ်၏၊ မှန်၏-အပ္ပနာ မည်သည် မထင်သော အာရုံမှာမဖြစ်၊ ထင်သော အာရုံမှာသာဖြစ်၏၊ တဒါရုံ မဖြစ်သည်မှာ အလွန် ငြိမ်သက်သော အပ္ပနာဇောသို့ တဒါရုံ မလိုက်သော ကြောင့် ဖြစ်၏။

ထိုအပ္ပနာဇောဝါရ၌ဥာဏသမ္ပယုတ်ကာမာဝစရဇော ၈-ခုတို့တွင်တခုခုသည် ပရိကမ်,ဥပစာ,အနုလုံ,ဂေါတြဘူ အမည်ဖြင့် မန္ဒပညာပုဂ္ဂိုလ်အား ၄-ကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်အား ၃-ကြိမ်၊ အစဉ် အားလျော်စွာ ဖြစ်၍ ချုပ်ပြီးသော် ချုပ်ပြီးသည်၏ အခြားမဲ့၌ သာလျှင် ထိုက်သင့်သလို တိက္ခပညာ ပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်မှာ, မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်မှာ၊ ၂၆-ပါးသော မဟဂ္ဂုတ် လောကုတ္တရာ အပ္ပနာဇောတို့တွင် အမှတ် မထား တပါးပါးသော ဇောသည် သမထဘာဝနာ(လောကီအပ္ပနာဇောအတွက်)ဝိပဿနာဘာဝနာ (လောကုတ္တရာ အပ္ပနာ ဇောအတွက်) သို့ ရှေးရှု ဆောင်သည်၏ အစွမ်းဖြင့် အပ္ပနာ စိတ်အစဉ် သက်၏၊ ထိုမှနောက် အပ္ပနာဇောအဆုံးမှာ ဘဝင်ကျ၏။

ကာမာဝစရဉာဏသမ္ပယုတ်ဇော ၈-ခုသည် တည်တန့်ခိုင်မြဲသော သဘောရှိ၍ အပ္ပနာဇောအား အနန္တရူပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုနိုင်၏၊ဒွိဟိတ်ဇောသည်ကား ဉာဏ်ကင်းသည့်အလျောက် မြဲမြံသော သဘော မရှိသောကြောင့် အပ္ပနာအား အနန္တရူပနိဿယ သတ္တိဖြင့် ကျေးဇူး မပြုနိုင်၊ ထို့ကြောင့် ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာန မဋ္ဌန္နံ-ဟု မိန့်ဆို၏။

ပရိကံ။ ။ပရိကံ ဟူသည် သဒ္ဓါ စသော ဣန္ဒြေ ညီမျှသည်၏ အဖြစ် စသော ထက်ဝန်းကျင် အတွေ့တို့ဖြင့် အပ္ပနာကို စီရင်ကြောင်း ဖြစ်သော ဇောစိတ်တည်း။

ဥပစာ။ ။ဥပစာ ဟူသည် အပ္ပနာကို ကပ်၍ (ဝါ) အပ္ပနာ၏ အနီး၌ ဖြစ်တတ်သော စိတ်တည်း၊ အနီး၌ ဖြစ်ခြင်း ဆိုသည်ကို အပ္ပနာ ဖြစ်မည့် အချိန်နှင့် နီးကပ်သော အခါ၌ အပ္ပနာသို့ ဆောင်ရွက်ခြင်း၄ါ စွမ်းနိုင် သည်၏ အဖြစ်ဖြင့် မှတ်အပ်၏၊ ယင်းစိတ် ဖြစ်ခြင်း ကြောင့် မကြာမြင့်မီ အပ္ပနာ ဖြစ်လာ၏။

အနေသံ။ ။အပ္ပနာဖြစ်မှု၏ ဆန့်ကျင်ဘက်တရားကို မှတ်လွှင့်သဖြင့် အပ္ပနာအားလျော့စွာ ဖြစ်သော (အပ္ပနာ၏ ကြီးပွါးမှု ဖြစ်သော အပ္ပနာသို့ ဆောင်တတ်သော) စိတ်တည်း၊ ယင်းစိတ် ဖြစ်ခြင်း ကြောင့် အပ္ပနာကို တားမြစ် တတ်သော ဆန့်ကျင်ဘက် မရှိတော့ဟု မှတ်ပါလေ။

ဂေါ်ကြား။ ။ကာမ အနွယ်ကို လွှမ်းမိုး နှိပ်စက်တတ်သောကြောင့်၎င်း, မဟဂ္ဂုတ် လောကုတ္တရာ အနွယ်ကို တိုးပွါးစေ တတ်သောကြောင့်၎င်း ဂေါ်တြဘု မည်၏။

ဤဇော ၄-ခုကို ပရိကံဇော ဟူ၍၎င်း,ဥပစာဇော ဟူ၍၎င်း,အနုလုံ ဇောဟူ၍၎င်း ခေါ်ပေါ်အပ်၏။ ဤအမည် လေးပါးကို လေးကြိမ် ဖြစ်ရာ၌ ရအပ်၏၊ သုံးကြိမ် ဖြစ်ရာ၌ကား ဥပစာ, အနုလုံ, ဂေါ်တြဘု အမည် ဖြင့်သာ ရအပ်၏။

စောဒနာ စိစစ်ချက်။ ။ပဌမဇောမှစ၍ ကျဆုံးသော ခေတ်ဖြစ်ရာ ထိုပတန (ကျရာ) ခေတ် မှာပင် အပ္ပနာ ဇောများ ဖြစ်နေ၏၊ ထိုကျရာ ခေတ်၌ အပ္ပနာဇော အဘယ့်ကြောင့် ဖြစ်လေ သနည်းဟု မေးဖြားအံ့။

အဖြေကို ပြဆိုမေအံ့– လက်တွင်းရှိ ခဲ၏ ကျရာခေတ် မည်သည် လက်မှ လွတ်ခါမျှ၌ ဖြစ်၏၊ သို့သော်လည်း လက်အား စွမ်းဖြင့် ပစ် အပ်သော ခဲမူကား အဝေးသို့ သွားသည် သာတည်း၊ ဤစကား ရပ်၌ ခဲ၏ အဟုန် မည်သည် လက်၏အဟုန်ကို အကြောင်းခံ၍ဖြစ်၏၊ လက်၏ အဟုန် သည်လည်း ကိုယ်အားကို အကြောင်း ခံ၍ ဖြစ်၏၊ ထိုဥပမာ၌ ခဲနှင့် အပ္ပနာဇော တူ၏၊ ခဲကျရာ ခေတ်နှင့် လေးကြိမ်မြောက်မှ နောက် ဖြစ်သော ကာလ တူ၏၊ လက်အဟုန်နှင့် ဂေါ်တြဘုအဟုန် တူ၏၊ ကိုယ် အားနှင့် ရှေ့ဖြစ်သော ပရိကံဇောတို့၏အား တူ၏ဟု၊မှတ်လေ။

ပက်လက် အိပ်တတ်သော သူငယ်၏ အား နှင့် အာဒိကမ္မိက ဝီထိ၌ ကာမဇောတို့၏ အားသည်တူ၏၊ အရွယ်ရောက်သော ယောကျာ်းတို့၏ အားနှင့် သမာပတ္တိ ဝီထိ၌ ကာမဇောတို့၏ အားသည် တူ၏။

သူငယ်သည် ပစ်အပ်သော ခဲသည် လက်မှ လွတ်ခါမျှ၌သာ ကျသကဲ့သို့ ထို့အတူ အာဒိကမ္မိက ဝိထိ၌ လောကီ အပ္ပနာ ဇောသည် တကြိမ် စောပြီးနောက် ကျဆင်း သွား၏၊ အရွယ် ရောက်သူ လူကြီး ပစ်အပ်သောခဲသည် ကျရာခေတ်၌လည်းမကျဘဲ အဝေး,ဝေးသထက် ဝေးသော အရပ်သို့လည်း ရောက်သကဲ့သို့ ထို့အတူ သမာပတ္တိ ဝိထိ၌ အပ္ပနာဇောသည် ကြာမြင့်စွာလည်း ကြာသထက် ကြာမြင့်စွာလည်း ဖြစ်၏။

ကျရာခေတ်ပင် ဖြစ်သော်လည်း ကာမာဝစရ ဇောအားကြောင့် အပ္ပနာဇောများ အနည်းအများ ဖြစ်သည်ဟု မှတ်လေ။

မူလဋီကာ၌—အပ္ပနာ ဇောသည် ကျရာ ခေတ်၌ ဖြစ်သော်လည်း ကာမဘုံမှ အပ္ပနာဘုံသို့ ရောက်ခြင်းကြောင့်ရင်း, သင်္ခါရအာရုံမှဘပါး နိဗ္ဗာန်အာရုံကို ရခြင်းကြောင့်ရင်း ကျသောမည်သည် မဟုတ်ဟု ဆို၏။

မှတ်ချက်။ ။သင်္ခါရ အာရုံမှတပါး နိဗ္ဗာန်အာရုံကို ရခြင်းဆိုသည်ကား ဖလသမာပတ္တိဝိထိ၌ ဖိုလ်ဇောကိုရည်၍ဆို၏။ ဖလသမာပတ္တိဝိထိမှာ ရှေ့အနုလုံ ဇောတို့သည် သင်္ခါရကို အာရုံပြု၏၊ ဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြု၏။

ယထာရဟ-ဟူသည် ထိုထိုပုဂ္ဂိုလ်အားလျော်စွာ အပ္ပနာဇောဖြစ်၏၊ တိက္ခပညာပုဂ္ဂိုလ်ဖြစ်မူ-လေးကြိမ်မြောက်မှာ၊ မန္ဒပညာပုဂ္ဂိုလ် ဖြစ်မူ-ငါးကြိမ်မြောက်မှာ အပ္ပနာဇော ဖြစ်၏။

ယထာဘိနီဟာရ-ဟူသည် ထိုထို ပရိကံ ဘာဝနာစိတ်ကို ကသိုဏ်းနိမိတ်စသည်တို့၌သော်ရင်း(လောကီအပ္ပနာကိုရည်၍)အနိစ္စလက္ခဏာစသည်တို့၌သော်ရင်း (လောကုတ္တရာအပ္ပနာကိုရည်၍) ရှေ့ရှုဆောင်သည် အားလျော်စွာဖြစ်၏။

တတောပရံ ဘဝင်္ဂပါတောဝ ဟောတိ- ဟူသော စကားမျှ ကိုသာ မဆိုမူ၍ အပ္ပနာဝသာနေ ပုဒ်ကို ဆိုရသည်မှာ တတောပရံ ဘဝင်္ဂ ပါတောဝ ဟောတိ-ဟူသော စကားမျှ ကိုသာ ဆိုခဲ့သော် လေးကြိမ် မြောက်မှာရင်း,ငါးကြိမ်မြောက်မှာရင်း သက်သော အပ္ပနာမှနောက်၌

ဘဝင် ကျ၍၊ မဂ်၏ အခြားမဲ့၌ ဖိုလ်ဇော မဖြစ်၊ သမာပတ္တိ ဝီထိ၌လည်း မျှန်ဇော ဖိုလ်ဇောတို့သည် အကြိမ်ကြိမ်မဖြစ်ဟု ယူကြရာ၏၊ ထို့ကြောင့် အနန္တရဝသာနေဟု ထပ်မံ၍ ဆိုရ၏။

ဘဝင်္ဂပါတော ဝ ဟောတီဟု ဝေဝသဒ္ဒါနှင့် ဆိုရသည်မှာ နိကာယ် တပါးဆောင်ပုဂ္ဂိုလ်တို့က လောကီအပ္ပနာတွင် ပဌမအပ္ပနာမှနောက်၌ ဇော ၇-ကြိမ်ပြည့် စေခြင်းငှါ နှစ်ကြိမ် သုံးကြိမ် ကာမာဝစရဇော ဖြစ်ခြင်းကို ဖွင့်၏။ ထိုအယူကို ပယ်မြစ်ရန် ဝေဝသဒ္ဒါနှင့် တကွဆိုရ၏။

ထိုအပ္ပနာဇော ၂၆-ခုတွင် သော မနဿ သဟဂုတ်ဇော၏အခြားမဲ့၌ သော မနဿ သဟဂုတ်အပ္ပနာဇော,ဥပေက္ခာ သဟဂုတ်ဇော၏အခြားမဲ့၌ ဥပေက္ခာ သဟဂုတ် အပ္ပနာဇောကို မျှတ်အလိုရှိအပ်၏။ ထို ဝေ ဒ နာတူ ဇောဝါရ၌ လည်းဉာဏသမ္ပယုတ်ကုသိုလ်ဇော ၄-ခု၏အခြားမဲ့၌ ကုသိုလ်ဇော အောက် ဖိုလ်ဇော သုံးပါးအပေါင်းသည် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်၏။ ဉာဏသမ္ပယုတ် ကြိယာဇော ၄-ခု၏အခြားမဲ့၌ ကြိယာဇော,အရဟတ္တဖိုလ်ဇောသည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

ဒွတ္တိံသ သုခ ပုညမှာ ဂါထာ အဓိပ္ပါယ်

၁။ ကာမာဝစရ သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် တိဟိတ် ကုသိုလ်ဇော ၂-ခုမှ နောက်၌ မဟဂ္ဂုတ် သောမနဿ ကုသိုလ် ၄-ခု၊ လောကုတ္တရာ သောမနဿ ၁၆၊ လောကုတ္တရာ အောက်ဖိုလ် သောမနဿ ၁၂၊ ပေါင်း အပ္ပနာ ၃၂-ခု ဖြစ်၏။

၂။ ကာမာဝစရ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် တိဟိတ် ဇော ၂-ခုမှ နောက်၌ မဟဂ္ဂုတ်ကုသိုလ် ပဥ္စမဈာန် ၅-ခု၊ မဂ်ပဥ္စမဈာန် ၄-ခု အောက် ဖိုလ်ပဥ္စမဈာန် ၃-ခု အားဖြင့် အပ္ပနာဇော ၁၂-ခု ဖြစ်၏။

၃။ ကာမာဝစရ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် တိဟိတ် ကြိယာဇော ၂-ခုမှနောက်၌ မဟဂ္ဂုတ် ကြိယာဇော ၄-ခု၊ အရဟတ္တ ဖိုလ် သောမနဿဇော ၄-ခု၊ ပေါင်း ၈-ခု ဖြစ်၏။

၄။ ကာမာဝစရ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် တိဟိတ် ကြိယာဇော ၂-မှ နောက်၌ မဟဂ္ဂုတ် ပဥ္စမဈာန် ကြိယာဇော ၅-ခု၊ အရဟတ္တဖိုလ်ပဥ္စမဈာန်ဇော ၁-ခု၊ ပေါင်း အပ္ပနာဇော ၆-ခု ဖြစ်၏။

အပ္ပနာဝိထိသည် ၁-ဈာနဝိထိ၊ ၂-မဂ္ဂဝိထိ၊ ၃-ဖလသမာပတ္တိဝိထိ၊ ၄-အဘိညာဝိထိ၊ ၅-နိရောဓသမာပတ္တိဝိထိ၊ ဤသို့အားဖြင့် ငါးမျိုးရှိ၏။

ထိုတွင် ဈာနဝိထိ သည်လည်း ၁-အာဒိကမ္မိကဝိထိ၊ ၂-သမာပဇ္ဇန ဝိထိဟု ၂-မျိုး ရှိ၏။

အာဒိကမ္မိက ဝိထိ ပုံစံ

ဘဝင်စလန,ဘဝင်ုပစ္ဆေဒ,မနောဒွါရာဝဇ္ဇန်း(မန္ဒပည-ဒန္ဓာဘိညာ ပုဂ္ဂိုလ်အား) ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘုဟု ဥပစာရ သမာဓိဇော လေးကြိမ်၊ (တိက္ခပည-ခိပ္ပါဘိည ပုဂ္ဂိုလ်အား) ဥပစာ,အနုလုံ,ဂေါတြဘု-ဟု သုံးကြိမ်၊ အပ္ပနာ သမာဓိ ဇောဟု ဆိုအပ်သော ဈာန် တကြိမ် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

သမာပဇ္ဇန ဝိထိ ပုံစံ

ရပြီးသော ဈာန်ကို သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီ သုံးပါးတို့ဖြင့် ဝင်စားလို, ဆောက်တည်လို, ထလိုသည် ရှိသော် ဘဝင် စလန-ဘဝင်ုပစ္ဆေဒ-မနောဒွါရာဝဇ္ဇန်း,မန္ဒပည-ဒန္ဓာဘိညပုဂ္ဂိုလ်အား ပရိကံ ဥပစာ,အနုလုံ,ဂေါတြဘု ဟု လေးကြိမ်၊ တိက္ခပည ခိပ္ပါဘိည ပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘု ဟု သုံးကြိမ်၊ ထို့နောင်-ဈာန် အကြိမ်များစွာဖြစ်၏၊(ဈာန်အကြိမ်များစွာ ကျသည်သာထူး၏)

ပစ္စဝေက္ခဏာ ဝိထိ ပုံစံ

ရပြီး ဝင်စားပြီးသော ဈာန်၌ရှိသော ဝိတက်စသော ဈာန်အင်္ဂါကို အာဝဇ္ဇနဝသီ,ပစ္စဝေက္ခဏာဝသီ နှစ်ပါးတို့ဖြင့် အစိတ်အစိတ် ဆင်ခြင်လို လတ်သော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပစ္စဝေက္ခဏာဇော ၅-ကြိမ်၊ထို့နောင် ဘဝင် ဖြစ်ထိုက် သမျှ ဖြစ်၍ ချုပ်၏။

ရူပဈာန် ၅-ပါး၊ အရူပဈာန် ၄-ပါး၊ ပေါင်း ၉-ပါး ဖြစ်၏။
ကု ကြိ ၂-ပါးနှင့်မြှောက် ၁၈-ပါးဖြစ်၏။
အာဒိကမ္မိက သမာပဇ္ဇန ၂-ပါးနှင့်မြှောက် ၃၆-ပါးဖြစ်၏။
တိက္ခ,မန္ဒပုဂ္ဂိုလ် ၂-ပါးနှင့်မြှောက် ၇၂-ဝိထိဖြစ်၏။

ဤတွင် ပဋ္ဌဈာန်ဝိထိ ၈၊ ဒု-ဈာန်ဝိထိ ၈၊ တ-ဈာန်ဝိထိ ၈၊ စ-ဈာန် ဝိထိ ၈၊ ပဥ္စမဈာန်ဝိထိ ၄၀- ပေါင်း ၇၂-ဝိထိ ဖြစ်၏။

ဤသို့လည်း ခွဲခြား ရေတွက်လေ၊ ပဌမဈာန် ၈-ဝိထိဖြစ်ပုံမှာ-ပဌမဈာန်ကိုတည်၊ ပု,သိုလ် ကြိယာ ၂-နှင့်မြှောက် ၂-ဖြစ်၏၊ ၎င်း ၂-ကိုကည်၊အာဒိကမ္မိက,သမာပဇ္ဇန ၂-ပါးနှင့်မြှောက် ၄-ဖြစ်၏။၎င်း ၄-ကိုတည်၊ တိက္ခ,မန္ဒ ပုဂ္ဂိုလ် ၂-ယောက်နှင့်မြှောက် ၈-ဝိထိ ဖြစ်၏။

ပဉ္စမဈာန်ဝိထိ ၄၀-ဖြစ်ပုံမှာ ပဉ္စမဈာန် ၅-ခုကိုတည်၊ကု,ကြိ ၂-ပါးနှင့်မြှောက် ၁၀-ဖြစ်၏၊ ၎င်း ၁၀-ကိုကည် အာဒိကမ္မိက, သမာပဇ္ဇန ၂-ပါး နှင့်မြှောက် ၂၀-ဖြစ်၏၊၎င်း ၂၀-ကိုတည် တိက္ခ-မန္ဒ ၂-ပါးနှင့်မြှောက် ဝိထိ ၄၀-ဖြစ်၏။

ပစ္စဝေက္ခဏာ ဝိထိကား-ဈာန်အင်္ဂါ တပါး တပါး၌ တဝိထိ တဝိထိစီရကောင်းသောကြောင့် ပဌမဈာန် ၈-ဝိထိနောင်-ဈာန်အင်္ဂါ ၅-ပါးရှိ၍ ပဌမဈာန်မှာ ၃၀-ဝိထိ ရ၏။ ဒု-ဈာန်မှာ ဈာန်အင်္ဂါ ၄-ပါး ရှိ၍ ၃၂-ဝိထိ တ-ဈာန်မှာ ဈာန်အင်္ဂါ ၃-ပါးရှိ၍ ၂၄-ဝိထိ၊စတုတ္ထဈာန်မှာ ဈာန်အင်္ဂါ ၂-ပါးရှိ၍ ၁၆-ဝိထိ၊ ပဉ္စမဈာန်မှာ ဈာန်အင်္ဂါ ၂-ပါး ရှိ၍ ပဉ္စမဈာန် ဝိထိ ၄၀-ကို ၂-နှင့်မြှောက်၍ ၈၀-ဝိထိရ၏။

အကျဉ်းချုပ်

ဈာန်	ဝိထိ	ဈာန်အင်္ဂါ	ဝိထိပေါင်း
ပဌမ	၈	၅	၄၀
ဒုတိယ	၈	၄	၃၂
တတိယ	၈	၃	၂၄
စတုတ္ထ	၈	၂	၁၆
ပဉ္စမ	၄၀	၂	၈၀
အားလုံးပေါင်း			၁၉၂

ဈာန်ကိုးခုကို၊ကု,ကိအာသံ၊ တိက်,ဖန်မြှောက်ရေး၊ဒွေးသတ္တရိ၊ ဈာန်ဝိထိပြား၊
အင် တပါး၌၊ တပါး ရကောင်း၊ ပစ္စဝေက် ပေါင်းမှာ၊ များပြားစွာသည်....
တရာကိုးဆယ် နှစ် စွန်းတည်း။ (ဝိသုဒ္ဓါရုံ)

ထိုဝိထိတို့တွင် ရူပဈာ နဝိထိ၌ ဖြစ်သရုပ်စသည်ကိုကား အောက်ပါလင်္ကာအတိုင်းသိလေ။

ပဌမဈာန်၊ အာဒိကမ်၌၊ ချရန်မနော၊ တိဇောကာမ၊ သောမနနှင့်၊ ပဌမဈာန်၊
ခုနစ်တန်သာ၊ အာရုံ မှာမူ၊ ဘဝင်ဟူသျှ၊ သုံးဝအတိတ်၊ ကံနိမိတ်တည်း၊

ကြွင်းစိတ် ခုနစ်၊ ဥပေက္ခာကြည်၊ ပဉ္စဝိသတိ၊ ပညတ္တိကို၊ ပြုဘိမြဲစွာ၊ မှီရာမှတ်ရှု၊ ရှေးရှေးဉသည်၊ ဝတ္ထုဟဒယ၊ စွဲမှီကြသည်။ ။ဒွိဟလွတ်ကင်း ရှင်းလေတည်း။ လွတ်ကင်းဒွိဟ၊ ရှင်းရှင်းပလော၊ ကာမသုဂတိ၊ ဘုမ္မိဌာသ၊ ဖလဒ္ဓ, တိဇနိ၊ ငါးတန်တွက်စစ်၊ပုဂ္ဂိုလ်ဖြစ်သည်...,စိစစ်ဘဝင်သွင်းလေတည်း။ (ဝိသုဒ္ဓါရုံ)

အရှုပဈာန ဝိထိကိုကား နောက်ကို နည်းမှီ၍ သိလေ။

စတုဓာ သုခ ပုညမှာ၊ ပဉ္စဓာ ပေက္ခ ကာပရံ။
သုခ ကြိယတော စတုဓာ၊ ပဉ္စ ပေက္ခာ မဟဂ္ဂတော။

မဟဂ္ဂုတ်မှာ ကာ မ တိ ဟိတ် သော မ နဿ ဇော နှစ်ခုနောင် မဟဂ္ဂုတ်ကုသိုလ် ပ-ဈာန် ဒု-ဈာန် တ-ဈာန် စ-ဈာန် သောမနဿ ၄-ခုဖြစ်၏။ ကာမတိဟိတ် ဥပေက္ခာဇောနှစ်ခုနောင် မဟဂ္ဂုတ်ကုသိုလ် ပဉ္စမဈာန် ငါးခုဖြစ်၏၊ ကာမတိဟိတ် သောမနဿ ကြိယာဇော နှစ်ခုနောင် မဟဂ္ဂုတ် ကြိယာ ပဉ္စမဈာန်ဇော ၅-ခု ဖြစ်၏။

မဂ္ဂ ဝိထိ

မဂ္ဂဝိထိ သည်လည်း သောတာပတ္တိ မဂ္ဂဝိထိ၊ သကဒါဂါမိ၊ အနာဂါမိ၊ အရဟတ္တ မဂ္ဂဝိထိ ဟူ၍ လေးမျိုးရှိ၏။

ထိုတွင် သောတာပတ္တိ ဝိထိသည်လည်း ပဌမဈာန ဝိထိ၊ ဒုတိယ, တတိယ,စတုတ္ထ,ပဉ္စမဈာန ဝိထိဟု ငါးပါးရှိ၏။

ပဌမဈာန ဝိထိပုံစံ

ထိုတွင် ပဌမဈာန ဝိထိ ဖြစ်ဟန်ကား-ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း မန္ဒပညာ-ဒန္ဓာ ဘိညာ ပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူဟု လေးကြိမ်၊ တိက္ခပညာ- ခိပ္ပါဘိညာ ပုဂ္ဂိုလ်အား ဥပစာ,အနုလုံ, ဂေါတြဘူဟု သုံးကြိမ်၊ ထို့နောင် မဂ်တကြိမ် မန္ဒပညာ-ဒန္ဓာဘိညာပုဂ္ဂိုလ်အား ဖိုလ်နှစ်ကြိမ်၊ တိက္ခပညာ-ခိပ္ပါဘိညာ ပုဂ္ဂိုလ်အား ဖိုလ်သုံးကြိမ်၊ ထို့နောင် ဘဝင် ဖြစ်ထိုက် သမျှ ဖြစ်၏။

မှတ်ချက်။ ။မဂ္ဂဝိထိမှာ မဂ်သည် စိတ္တက္ခဏ တချက်သာ ရှိသောကြောင့် သမာပဇ္ဇနဝိထိ မရှိပါလေ။

ပစ္စဝေက္ခဏာ ဝီထိပုံစံ

ရအပ်ပြီးသော မဂ်ကို ဆင်ခြင်သည့် ၁-ဝီထိ၊ ဖိုလ်ကို ဆင်ခြင်သည့် ၁-ဝီထိ၊ နိဗ္ဗာန်ကို ဆင်ခြင်သည့် ၁-ဝီထိ၊ ပယ်ပြီး ကိလေသာကို ဆင်ခြင်သည့် ၁-ဝီထိ၊ မပယ်အပ်သေးသော ကိလေသာကို ဆင်ခြင်သည့် ၁-ဝီထိ ဤငါးပါးကိုဆင်ခြင် လိုလတ်သော် ဈာနဝီထိနှောင် ကျသော ပစ္စဝေက္ခဏာ ဝီထိ အတိုင်းချ၊ ထူးခြားချက်မှာ-ဤ၌ လျင်မြန်ခြင်းကို အလိုမရှိအပ်လေသောကြောင့် ပစ္စဝေက္ခဏာဇော ၇-ကြိမ် ကျ ခြင်းသည် ထူးခြား၏၊ ဒုတိယဈာန် ဝီထိ စသည်လည်း နည်းတူပင် ဖြစ်၏၊ အထက်မဂ် သုံးခုမှာလည်း ဂေါတြဘူ အရာ၌ ဝေါဒါန် ချရသည်သာ ထူး၏၊ ပစ္စဝေက္ခဏာ ဝီထိမှုကား အရဟတ္တမဂ်နှောင် ဆင်ခြင်ဘို့ရာ ကိလေသာ ကြွင်း မရှိ သော ကြောင့် ကြွင်းကိလေသာ ဆင်ခြင်သော ၁-ဝီထိ နုတ်၍ လေးဝီထိ စီသာ ဖြစ်၏။

သောတာပတ္တိမဂ် ၅-ပါးကိုတည်၊ တိက္ခ မန္ဒ ပုဂ္ဂိုလ် ၂-ပါးနှင့် မြှောက် ၁၀-ဖြစ်၏၊ ၎င်းကို ပါဒက,သမ္မသိတ,ပုဂ္ဂလဇ္ဈာသယ ၃-ပါး နှင့်မြှောက် ၃၀-ဖြစ်၏။

ဤသို့လျှင် ဂေါတြဘူ ကျသော ဇေါ,ဝါရ ၃၀-ဖြစ်၏၊အထက်မဂ် ၃-ခုကိုလည်းနည်းတူမြှောက်ဝေါဒါန်ကျသော ဇော-ဝါရ ၉၀-ဖြစ်၏။ ပေါင်း မဂ္ဂဝီထိ ၁၂၀-ဖြစ်၏။

ပစ္စဝေက္ခဏာဝီထိကား အကျဉ်း ၁၉-ခု၊အကျယ်အားဖြင့်အောက်မဂ် ၃-ခုနှောင် ၁၅၀-စီ၊ အရဟတ္တမဂ်နှောင် ၁၂၀၊ပေါင်း ၅၇၀-ဖြစ်၏။

မဂ်လေးတန်ကို၊ ဈာန်တိတ်မန္ဒ၊ ပါဒကနှင့်၊ သံမပုဂ္ဂလဇ်၊ တွက်စစ်မြှောက်က၊
တရာ့နှစ်ဆယ်၊ များကျယ်သောင်းသောင်း၊ ပစ္စဝေက်ပေါင်းမှာ၊ ရသချာ၊
ငါးရာ ခုနစ်ဆယ်။ (ဝိသုဒ္ဓါရုံ)

လောကီဈာန်ကို မရသော သုက္ခ ဝိပဿက ပုဂ္ဂိုလ်၊ ရသော်လည်း ထိုဈာန်ကို ပါဒက, သမ္မသိတ မပြုသော ဈာနလာဘီ ပုဂ္ဂိုလ်တို့သည် ကား သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ဟု ဆိုအပ်သော ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ နိယာမ အားဖြင့် ပဌမဈာန် မဂ်ဖိုလ် ကိုသာ ရကုန်၏၊ ပါဒကဈာန်, သမ္မသိတဈာန် နှစ်ပါးစုံရှိလျက်နှင့် ပုဂ္ဂလဇ္ဈာသယမရှိခဲ့ လျှင် အထက်ဈာန်နှင့်တူစွာ မဂ်ဖိုလ်ကိုရ၏။

မဂ္ဂဝီထိ စိတ်သရုပ်

၁။ သောတာပတ္တိမဂ် ပဌမဈာန်

၂။ မနောဒွါရာဝဇ္ဇန်း

၃။ တိဟိတ် ကာမ သောမနဿဇော

၄။ သောတာ ပတ္တိမဂ်

၅။ သောတာ ပတ္တိဖိုလ်

ဤစိတ် ငါးပါးတည်း၊ သောတာပတ္တိမဂ် ဒုတိယ ဈာန် စသည်နှင့် သကဒါဂါမိ မဂ်,ဖိုလ် စသည်တို့ မှာလည်း ဤနည်းကိုမှီး၍ သိပါလေ။

ဘွင်စိတ်များကား အတိတ် ကမ္မနိမိတ်ကို အာရုံ ပြု၏၊ မနောဒွါရာဝဇ္ဇန်း,ပရိကံ, ဥပစာ, အနုလုံတို့သည် တေဘူမကသင်္ခါရကို၊ ဂေါတြဘူ ဝေါဒါန်, မဂ်, ဖိုလ်တို့ကား နိဗ္ဗာန်ကို အာရုံပြု၏၊ မှီရာမှုကား ရှေးရှေး စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၏။

သောတာမဂ္ဂ၊ ပဌမဈာန်၊ ချရန်မနော၊ တိဇောကာမတ်၊ သောမနဿ်ကုသိုလ်၊ မိမိဖိုလ်မဂ်၊ ဤငါးချက်သာ၊ အာရုံမှာမူ၊ ဘွင်ဟူသမျှ၊ သုံးဝအတိတ်၊ ကံနိမိတ်တည်း၊ ကြွင်းစိတ်နုတိုင်၊ သုံးဆိုင်ဘူမ၊ သင်္ခါရတည်း၊ ကြွင်းထနိဗ္ဗာန်၊ မှီရန်မှတ်ရှု၊ ရှေးရှေး ဥသည်၊ ဝတ္ထု ဟဒယ၊ စွဲမှီရသည် .... ဒွိဟ လွတ်ကင်း ရှင်းလေတည်း။ (ဝိသုဒ္ဓါရုံ)

ကာမသုဂတိ ၇-ဘုံနှင့် ရူပ ၁၅-ဘုံ၌ ဖြစ်သောတိဟိတ် ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ်ဝီထိတွင်တိဟိတ်ဘွင်ကိုးခုကိုချ၊သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်ဖိုလ် ဝီထိတို့၌ကား စတုဝေါကာရဘုံမှာလည်း ဖြစ်နိုင်လေသောကြောင့် တိဟိတ် ဘွင် တေရသကို ချ၊ (ဆိုင်ရာ ဆိုင်ရာ ဘဝင် ကျမှုကို သတိပြု၊ ဤ၌ကား ရသင့်သမျှ ဘွင်သရုပ်ကို ထုတ်ပြသည်ဟု မှတ်)

လွတ်ကင်းဒွိဟ၊ ရှင်းရှင်းပလော၊ ကာမသုဂတိ၊ ဘူမိရူပေ၊ တိဟေတုက၊ မဂ္ဂဖလဌာန်၊ သုံးတန်တွက်စစ်၊ ပုဂ္ဂိုလ်ဖြစ်သည်....စိစစ်ဘွင်သွင်းလေတည်း။ (ဝိသုဒ္ဓါရုံ)

ဘဝင်ချရာမှာ-ကာမ,ရူပ,အရူပ တိဟိတ်ပုဂ္ဂိုလ်, မဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ်ဟု သုံး ယောက် ရှိရာ ထိုသုံးယောက်သော ပုဂ္ဂိုလ် အလိုက် ထိုက်သင့်သလို ကြည့်ရှု စိစစ်၍ ချလေ ဟူ၏။

ပစ္စဝေက္ခဏာ ဝီထိ၌လည်း မဂ်,ဖိုလ်,နိဗ္ဗာန်ဆင်ခြင်ရာ၌ သမ္ပယုတ် ဇောတို့သာ ချဲ့အပ်၏။ မနောဒွါရာ ဝဇ္ဇန်း ပစ္စဝေက္ခဏာဇောတို့သည် မဂ်,ဖိုလ်,နိဗ္ဗာန်,ပယ်ပြီး ကိလေသာ, ကြွင်းကိလေသာ— ဤငါးပါးကို အာရုံပြုကုန်၏။ ပစ္စဝေက္ခဏာ ဝီထိကား ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၌ သာဖြစ်၏။

ဖလသမာပတ္တိ ဝီထိပုံစံ

ဖလသမာပတ္တိဝီထိဖြစ်ဟန်ကား–ဘဝင်စလန,ဘဝင်ုပစ္ဆေဒ,မနောဒွါရာ ဝဇ္ဇန်း,မန္ဒပညာပုဂ္ဂိုလ်အား အနုလုံ လေးကြိမ်၊တိက္ခပညာ ပုဂ္ဂိုလ် အား အနုလုံ သုံးကြိမ်၊ ဖိုလ်ဇောကား အလိုရှိတိုင်းများစွာ ဘဝင်များစွာဖြစ်၍ချုပ်၏။ ဤ၌ မနောဒွါရာ ဝဇ္ဇန်း, အနုလုံတို့သည် တေဘူမိက သင်္ခါရကို၊ ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ဖိုလ်သည် မိမိ ဆိုင်ရာဖိုလ်ပုဂ္ဂိုလ်အယောက်စီ၌သာဖြစ်၏။အကြွင်းမဂ္ဂဝီထိနှင့် တူ၏။

သောတာပတ္တိ ဖိုလ်၌ ဝီထိပေါင်း ၃၀–သကဒါဂါမိ ဖိုလ်၌ ၃၀၊ အနာဂါမိဖိုလ်၌ ၃၀–အရဟတ္တဖိုလ်၌ ၃၁–ဖလ ဝီထိ ပေါင်း ၁၂၀–ဖြစ်၏။

မဂ်ဖိုလ်ဝီထိ နှစ်ပါးပေါင်း အပ္ပနာ

အဋ္ဌဝီသ သုခါ ပုညာ၊ သဋ္ဌာဝေ ပေက္ခကာ ပရံ။
သုခကြိယတော စတုဓာ၊ ဒွေဝေ ပေက္ခာ အနုတ္တရေ။ ။

အဋ္ဌဝီသ သုခါ ပုညာ–အဓိပ္ပါယ်ကား တိဟိတ် ကာမ ကုသိုလ် သောမနဿ ဇော ၂–ခုနောင် မဂ် သောမနဿ ၁၆–အောက် ဖိုလ် သောမနဿ ၁၂၊ ပေါင်း ၂၈–ဖြစ်၏။

သဋ္ဌာဝေ ပေက္ခကာပရံ–အဓိပ္ပါယ်ကား တိဟိတ် ကာမ ကုသိုလ် ဥပေက္ခာ ဇော ၂–ခုနောင် မဂ်ဥပေက္ခာ ၄၊အောက်ဖိုလ် ဥပေက္ခာ ၃–ပေါင်း ၇–ဖြစ်၏။

သုခကြိယတော စတုဓာ–အဓိပ္ပါယ်ကား တိဟိတ် ကာမ ကြိယာ သောမနဿ ဇော ၂–ခုနောင် အရဟတ္တ ဖိုလ်သောမနဿ ၄–ခုဖြစ်၏။

ဒွေဝေ ပေက္ခာ–အဓိပ္ပါယ်ကား တိဟိတ်ကာမကြိယာ ဥပေက္ခာဇော ၂–နောင် အရဟတ္တဖိုလ်ဥပေက္ခာ ၁–ခု ဖြစ်၏။

မဟဂ္ဂုတ်နှင့် ရောပြန်လျှင် ဒွတ္တိံသ သုခ ပုညမှာ- စသော ဂါထာ အတိုင်းတွက်၍။သဘောကျအောင်ကြိုးစားလေ။

တိဟိတ် ကုကြိ ကာမ သောမနဿ, ဥပေက္ခာ ဂေါတြဘူနှောင် မဟဂ္ဂုတ် ကုသိုလ် ၉-မဟဂ္ဂုတ် ကြိယာ ၉-သောတာ ပတ္တိမဂ် ၅-ပေါင်း ၂၃-ဖြစ်၍၊

တိဟိတ်ကုသိုလ် ကာမ သောမနဿ, ဥပေက္ခာ ဝေါဒါန် နှောင် သောတာပတ္တိဖိုလ် ၅-သကဒါဂါမိဖိုလ် ၅-အနာဂါမိဖိုလ် ၅-ပေါင်း ၁၅-ဖြစ်၍။

တိဟိတ်ကု,ကြိယာ သောမနဿ,ဥပေက္ခာ အနုလုံနှောင်-သောတာ ပတ္တိဖိုလ် ၅၊ သကဒါဂါမိဖိုလ် ၅၊ အနာဂါမိဖိုလ် ၅၊ အရဟတ္တဖိုလ် ၅၊ ပေါင်း ၂၀-ဖြစ်၍။

ဂေါ-နှောင် ၂၃၊ ဝေါ-နှောင် ၁၅၊ လုံ-နှောင် ၂၀၊ အားလုံး ပေါင်း ၅၈-ဖြစ်၍၊အကျဉ်းအားဖြင့်သော်ကား အပ္ပနာဇော ၂၆-ခုသာ ဖြစ်၍ဟု မှတ်လေ။

> ဂေါတြဘူ၊ နောက်မှုစံထုံး၊ နှစ်ဆယ့်သုံးမှန်၊ ဝေါဒါန် နောက်ပါး၊ ဆယ့်ငါး
> ကြိုက်ကြုံ၊ အနုလုံနောက်၊ ရောက်သည် နှစ်ဆယ်၊ အကျယ် ရွေးစစ်၊ ငါးဆယ့်
> ရှစ်လီ၊ ဆဗ္ဗီဇောသာ၊ အပ္ပနာသည်....သင်္ချာပေါင်းစု အခွဲတည်း။

အဘိညာဝိထိ

အဘိညာ ဝိထိသည် ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ,ဣဒ္ဓိဝိဓ,ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာ နုဿတိ, ယထာကမ္မုပဂ, အနာဂတံသ အဘိညာဝိထိ ဟူ၍ ခုနစ်ပါး အပြားရှိ၏၊ ထိုတွင် ဒိဗ္ဗစက္ခုအဘိညာဝိထိ ဖြစ်ဟန်ကား ယေဘုယျ အားဖြင့် သမာပတ် ရှစ်ပါးနှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်သည် ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ဖြစ်သော ရူပါရုံကိုသော်လည်း မြင်လိုလတ်သော်-တေဇော, ဩဒါတ, အာလောက ကသိုဏ်း သုံးပါးတွင် တပါးပါး၌ ရူပ ပဉ္စမဈာန်ကို ဝင်စား၏၊ (ဤကား ပရိကံ အခြေ ဖြစ်သော ပါဒက ဈာန ဝိထိ)

ထို့နောက် မမြင်ရသေးသော အနာဂတ် ရူပါရုံကို အာရုံပြု၍ဧတသ ရူပံ ပဿာမိ၊ ဧတံ ရူပံ ပဿာမိ-ဟု ဆောက်တည်သော အားဖြင့် ကာမ မနောဒွါရ ဝိထိ တို့သည် ဖြစ်ကုန်၏၊ (ဤကား ပရိကမ္မ ဝိထိ)

ထို့နောင် ရှေးအတိုင်း ကသိုဏ်း ၃-ပါးတွင် တပါးပါး၌ ရူပ ပဥ္စမ ဈာန်ကို ဝင်စား ပြန်၏။ (ဤကား အဘိညာ၏ အခြေ ဖြစ်သော ပါဒက ဈာန် ပေတည်း)

ထို့နောင်မှ အမိဋ္ဌာန် အပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ အလွန် အကျူး အထူး သိဘတ်သော ဈာန် တကြိမ် ကျသော ရူပ ပဥ္စမဈာန် အဘိညာ ပေတည် ဖြစ်၏၊ ဤသို့ လေးပိထိ ချအပ်၏၊ ကြွင်းသော အဘိညာ ၆-ပါး၌လည်း နည်းတူ လေးပိထိ ချပါလေ။

ဣဒ္ဓိဝိဓ အဘိညာ၏ ပါဒကဈာန် ၂-ပိထိ မှာကား ကသိုဏ်း ၁၁-ပါးတွင် တပါးပါးကို ဆိုလေ၊ ပိထိ လက်ရိုး ဆရာတော်ကား ဣဒ္ဓိဝိဓ အဘိညာမှာ ပထဝီကသိုဏ်းကိုဆို၏၊ ကြွင်းအဘိညာ ၆-ပါး မှာကား အာလောက ကသိုဏ်းကို ဆို၏။ (ဥပလက္ခဏာနည်း နိဒဿန နည်းအားဖြင့် ဆိုသည်ဟု ယူပါလေ)

ဒိဗ္ဗသောတ အဘိညာ၌—ဒိဗ္ဗသဒ္ဒ သုတောပမိ၊
ဣဒ္ဓိဝိဓ အဘိညာ၌—သတ္တဝိကာရ သမုဿံ ပေတည်း၊
ပရစိတ္တဝိဇာနန အဘိညာ၌—ဒိဗ္ဗသဒ္ဒ စိတ္တံ ဇာနာမိ၊
ပုဗ္ဗေနိဝါသာနုဿတိ အဘိညာ၌—ပုဗ္ဗေ နိဝုတ္ထံ ခန္ဓံ ဇာနာမိ၊
ယထာကမ္မူပဂ အဘိညာ၌—အတီတံ ကမ္မံ ဇာနာမိ၊
အနာဂတံသ အဘိညာ၌—အနာဂတ ခန္ဓံ ဇာနာမိ၊

ဤသို့ စသည်ဖြင့် အမိဋ္ဌာန်သည်။

ဒိဗ္ဗသောတသည် ပစ္စုပ္ပန် သဒ္ဒါရုံကို၊ ဣဒ္ဓိဝိဓသည် ပါဒကဈာန် နိဋ္ဌိတရုပ်တို့ကို၊ ပရစိတ္တဝိဇာနနသည် ရှေးခုနစ်ရက်၊ နောက်ခုနစ်ရက် အတွင်း သူတပါးတို့၏ စိတ်စေတသိက် တို့ကို၊ ပုဗ္ဗေနိဝါသာနုဿတိ သည် ရှေးအနန္တရ ဘဝ စုတိမှစ၍ အဇ္ဈတ္တ ဝဋ္ဋ နိဝါသ,ဂေါစရ နိဝါသ အားဖြင့် သုံးနေခဲ့ ဘူးသော မိမိသူတပါး တို့၏ ခန္ဓာငါးပါး, ထိုခန္ဓာ ငါးပါးနှင့် စပ်သော အမည် အမျိုး စသော ပညတ်, နိဗ္ဗာန်, ဤအာရုံ ၆-ပါးကို၊ ယထာကမ္မူပဂသည် အတိတ် ဖြစ်သော လောကီ ကုသိုလ်, အကုသိုလ်ကံ စေတနာပွဲကို၊ အနာဂတံသ သည် အနာဂတ် ဖြစ်သော ခန္ဓာငါးပါး, ထိုခန္ဓာငါးပါးနှင့်စပ်သော အမည်အမျိုး စသော ပညတ်, နိဗ္ဗာန်, ဤအာရုံ ၆-ပါးကို အာရုံပြု၏။

အဘိညာ ၄-ပါးကိုတည်၊ ကု-ကြိ ၂-နှင့် မြှောက် ၁၄-ဖြစ်၏၊ ၎င်းကိုတည်၊ တိက္ခ, မန္ဒ ၂-နှင့် မြှောက် အဘိညာ ဝိထိပေါင်း ၂၈-ဖြစ်၏။

အဘိညာ ၄-ပါးမှ ၅-ပါးဖြစ်လာပုံမှာ-ဒိဗ္ဗစက္ခုနှင့်ကင်း၍ ပရိကံ အသီး အခြားမရှိသောကြောင့် ယထာကမ္မူပဂ,အနာဂတံသ အဘိညာ ၂-ပါးကို ဒိဗ္ဗ စက္ခု၌ သွင်း ၍ ယူသဖြင့် အ ဘိ ညာ ၅-ပါး ဖြစ် လာ လေသည်။

အဘိညာ ၆-ပါးဖြစ်လာပုံမှာကား- အထက်ပါ အဘိညာ ၅-ပါး တွင် အာသဝက္ခယ အဘိညာကို ထပ် လောင်း ထည့် ၍ ၆-ပါးဖြစ် လာသည်။

အဓိဋ္ဌာနိဒ္ဓိ,ဝိကုဗ္ဗနိဒ္ဓိ,မနောမယိဒ္ဓိ, ဉာဏဝိပ္ဖါရိဒ္ဓိ, သမာဓိဝိပ္ဖါရိဒ္ဓိ, အရိယိဒ္ဓိ, ကမ္မဝိပါကဇိဒ္ဓိ, ပုညဝတောဣဒ္ဓိ, ဝိဇ္ဇာမယိဒ္ဓိ, တတ္ထ တတ္ထ သမ္မာပယောဂ ပစ္စယဣဒ္ဓိဟူ၍ ၁၀-မျိုးရှိရာအစဖြစ်သော အဓိဋ္ဌာနိဒ္ဓိ, ဝိကုဗ္ဗနိဒ္ဓိ, မနောမယိဒ္ဓိ- ဤ သုံးပါးကိုသာ ဣဒ္ဓိဝိဓ အဘိညာ ဟူရာ၌ ယူအပ်၏။ ကမ္မဋ္ဌာန်းပိုင်း၌ အကျယ်တွေ့ရလတ့ံ။

အ, ဝိ, မ, ဉာဏ်၊ သ, အ, ကံ၊ ပုညံ, ဝိဇ္ဇာ, တတ်။
ဣဒ္ဓိဝိဓ၊ ဘိညာမှာ၊ စ ဋ္ဌာ သုံး ပါး မှတ်။

နိရောဓသမာပတ္တိ ဝိထိ

နိရောဓ သမာပတ္တိ ဝိထိဖြစ်ဟန်ကား-သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်သည် လေးလန်စွာသော ခန္ဓာဝန်ကို ဆောင်ရွက်ရသဖြင့် လွန်စွာငြီးငွေ့လှ၍ မျက် မှောက် အတ္တ ဘော၌ နိဗ္ဗာန်ချမ်းသာကို ခံစားလို လတ်သော်-လောကီ ပဌမဈာန်ကို ဝင်စား ပြီး၍ ထိုဈာန်၌ရှိသော သင်္ခါရကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာရှု၏။

ဤနည်း တူစွာ...... အာကိဉ္စညာယတနဈာန် တိုင် အောင် ဝင်စား ပြီးလျှင် အာကိဉ္စညာယတန ဈာန်မှ ထ၍ ၁-နာနာ ဗဒ္ဓ အဝိကောပန= သီးခြား ဖြစ်လျက် မိမိနှင့် စပ်နေသော ပစ္စည်းများ မပျက်စီး စေမှု, ၂-သံဃပဋိမာနန=သံဃာ့ကိစ္စအတွက် သံဃာများငံ့မျှော်မှု, ၃-သတ္ထု ပက္ကောသန=ဘုရားရှင်ခေါ် ဝေါ်မှု, ၄-အဒ္ဓါ ပရိစ္ဆေဒ=အသက်တာကို ပိုင်းဖြတ်မှု။

ဤပုဗ္ဗကိစ္စ လေးပါးကို ပြုသော ယောဂီ ပုဂ္ဂိုလ်အား ကာမ မနောဒွါရ ဝိထိ တို့သည်ဖြစ်ကုန်၏၊(ရူပဘုံ၌ကား ဤလေးကိစ္စကိုပြုဘွယ်မရှိ) ထို့နောင် နေဝသညာ နာသညာယတန ဈာန်ကိုဝင်စား၏၊ဈာန် ၂-ကြိမ် အဆုံး၌ ကာမသုဂတိ ၇-ဘုံဖြစ်လျှင် ၇-ရက်၊ ရူပဘုံဖြစ်လျှင် အလိုရှိတိုင်း စိတ်, စေတသိက်, စိတ္တဇရုပ် တို့ ချုပ် သဖြင့် ဥတုဇရုပ်, ဗီဇရုပ် တို့၏ ဖြစ်ခြင်း တည်ခြင်းသည် နိရောဓသမာပတ်မည်၏။

နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမ် ပုဂ္ဂိုလ် ဖြစ်အံ့၊ အနာဂါမိဖိုလ်ဇော တကြိမ်၊ ရဟန္တာ ဖြစ်အံ့၊ အရဟတ္တဖိုလ်ဇော တကြိမ်၊ ထို့နောင် ဘဝင် အကြိမ် များစွာ ဖြစ်၍ ချုပ်၏။

နိရောဓ သမာပတ်၌ ဝိထိ အပြား

နိရောဓသမာပတ်ဝိထိ ၁-ကိုတည်၊ ကာမ,ရူပဘုံ ၂-ပါးနှင့်မြှောက် ၂-ဖြစ်၏။ ၎င်းကိုတည်၊ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ် ၂-ဦးနှင့်မြှောက် ၄-ဖြစ်၏။ ၎င်းကိုတည်၊ တိက္ခ, မန္ဒပုဂ္ဂိုလ် ၂-ဦးနှင့် မြှောက် ပေါင်း သမာပတ် ၈-ဝိထိ ဖြစ်၏။

အပ္ပနာဇောဝါရ ပြီး၏။

ဝိထိပိုင်း လေ့ကျင့်ခန်း (၁)

၁။ ဝိသယပ္ပဝတ္တိတို့၏ အဓိပ္ပါယ်ကို နားလည်ရုံမျှ ရှင်းပြ၍၊အလင်းရောင် အာရုံ၏ အတိမဟန္တာရုံ ဖြစ်ပုံကို စုံလင်စွာ ရေးခဲ့ပါ။

၂။ ခဏငယ် ၃-ချက် ရှိရာတွင်၊ 'ဌီ'သည် စိတ္တက္ခဏ တည်းတွင် ပါဝင်ထိုက်, မပါဝင်ထိုက်,အကြောင်းသာဓက စုံလင်စွာပြ၍ ဖြေပါ။

၃။ စိတ်သက်, ရုပ်သက်, တို့ကို ဗဟုဿုတ ရှိသမျှ ရေးပြ၍ ရုပ်သက်၌ ဝိညတ်ဒွေး လက္ခဏာရုပ် ၄-ခု တို့သည် အဘယ့်ကြောင့် မပါဝင်ရသည်ကို ရှင်းပြပါ။

၄။ ဘဝင်လှုပ်,ဘဝင်ကျ, ဟူသော အဓိပ္ပါယ်သဘာဝကို တိကျစွာ ဖြေရှင်းခဲ့ပါ။

၅။ "ယုက" ၃-မျိုး ယူဆပုံ ဌာနကို ဝိထိပုံ ချပြ၍၊ အဘယ့်ကြောင့် အဘယ်ဌာနကို ယူရသည် ဟု အကြောင်း သွင်း၍ ရှင်းပြပါ။

၆။ မိမိ ဆိုမြင် ဘူးသော ပုဂ္ဂိုလ် တဦးအား မြင်ရာ၌၊ ဖြစ်သင့်သော ဝိထိ တို့ကို ကုန်စင်အောင် ထုတ်ပြ၍ မဟန္တာရုံ ဝိထိဝယ် တဒါရုံ မကျခြင်းကို ရှင်းပြပါ။

၇။ ပဋ္ဌာန်ါရှိက ဝိထိစိတ်တို့ကို ဖေါ်ပြ၍ အာရုံ, ဝတ္ထု, ဘုံ ပုဂ္ဂိုလ်အလိုက် ထိုက်သင့်သလို ဝေဘန် ပြပါ။

၈။ အပ္ပနာဇောဝါရ၌ "ဝိဘူတ အဝိဘူတ အပြားမရှိခြင်း အကြောင်းနှင့် တဒါရုံ မဖြစ်ခြင်းကို ရေး၍ အောက်ပါ အမှတ်ပြတို့ကို ရှင်းပြခဲ့ပါ။

(က) ပရိကံ၊ (ခ) ဥပစာ၊ (ဂ) အနုလုံ၊ (ဃ) ဂေါတြဘူ၊

၉။ အပ္ပနာဇော ကျရာခေတ်ကို ဖေါ်ပြ၍၊ ယင်း-အပ္ပနာဇော ကျပုံ ခြင်းရာစုံကို ပုံပမာ ပြ၍ ဖြေပါ။

၁၀။ တတော ပရံ ဘဝင် ပါတောဝ-ဟု ဆိုက ပြီးသင့်လျက် အဘယ့်ကြောင့် အပ္ပနာ ဝသာနေ- ဟူသော စကားကို ဘိုရ ပါသနည်း? ရှင်း၍ ဘဝင် ပါတောဝ၌ ဝေ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထကို ဖေါ်ပြပါ။

၁၁။ အပ္ပနာဝိထိ,ဘေဒကိုထုတ်ပြ၍ အောက်ပါသဘောတို့၏ဝိထိပုံစံတို့ကို ချပြပါ။

(က) အာဒိကမ္မိက ဝိထိ၊
(ခ) သမာပဇ္ဇန ဝိထိ၊
(ဂ) ပစ္စဝေက္ခဏာ ဝိထိ၊
(ဃ) မဂ္ဂ ဝိထိ၊

၁၂။ မဂ္ဂဝိထိ စိတ် သရုပ်ကို ဖေါ်ထုတ်၍၊ ယင်း-စိတ်တို့၏ အာရုံ, ဝတ္ထု, ပုဂ္ဂိုလ် တို့ကို ရေးခဲ့ပါ။

၁၃။ ဖလသမာပတ္တိ ဝိထိပေါင်း မည်မျှ ရှိသည်ကို ဖေါ်ပြ၍ တိဟိတ် ကာမ ကုသိုလ် သောမနဿ ဇော, ဥပေက္ခာ ဇောတို့ နေရာ, ချသင့်သော ဘဝင်, တို့ကို ကောက်ပြပါ။

၁၄။ နိရောဓ သမာပတ် ဝင်စားပုံ အစီအစဉ်ကို အကျဉ်းချုပ် ဖေါ်ပြပါ။

၁၅။ နိရောဓသမာပတ်ဝင်စားသူမှာ နှလုံးသွေး ခုန်နိုင်-မခုန်နိုင်၊ခုန်လျှင် အဘယ့်ကြောင့် ခုန်နိုင်သည်၊ မခုန်နိုင်လျှင် အဘယ့်ကြောင့် မခုန်နိုင် သည်ကို စိစစ်ဝေဖန်၍ဖြေဆိုပါ။

တဒါရုံ သင်္ဂြိုဟ်ချက် အဖွင့်

> အတိမဟန္တ စသော ခိုင်လုံသော အပြားဖြင့်....ဤ ပဉ္စဒွါရ မနောဒွါရ နှစ်ပါးမှာ အနိဋ္ဌာရုံ၌ အကုသလဝိပါက် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံတို့ဖြစ်ကုန်၏။
>
> ဣဋ္ဌာရုံမှာ....ကုသလဝိပါက်ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း သန္တီရဏ၊ တဒါရုံတို့ဖြစ်ကုန်၏၊ အတိဣဋ္ဌာရုံမှာကား....သောမနဿ သဟဂုတ်သာဖြစ်သော သန္တီရဏ တဒါရုံတို့ဖြစ်ကုန်၏၊ ၎င်းဝိပါက် စိတ်များတွင်လည်း၊ သောမနဿ သဟဂုတ် ကြိယာဇော၏အဆုံးမှာ သောမနဿ သဟဂုတ် တဒါရုံ၊ ဥပေက္ခာ သဟဂုတ် ကြိယာဇော၏ အဆုံးမှာလည်း ဥပေက္ခာ သဟဂုတ် တဒါရုံသာဖြစ်ကုန်၏။

အနိဋ္ဌာရုံ။ ။အလယ် အလတ် ဖြစ်သော လူတန်းစား အများသည် အလိုမရှိအပ်သော အာရုံသည် အနိဋ္ဌာရုံ မည်၏။

ဣဋ္ဌာရုံ။ ။အလယ် အလတ် ဖြစ်သော လူတန်းစား အများသည် အလိုရှိအပ်သော အာရုံသည် ဣဋ္ဌာရုံ မည်၏။

ကုသလဝိပါက် စိတ်ဖြစ်ရာ အာရုံသည် ဣဋ္ဌာရုံ မည်၏၊ အကုသလ ဝိပါက် စိတ်ဖြစ်ရာ အာရုံသည် အနိဋ္ဌာရုံ မည်၏။ မှန်၏ – ဣဋ္ဌာရုံ သည်ပင်၊ အနိဋ္ဌာရုံသည်ပင်း ဝိပါက်စိတ်ကို လှည့်စား ခြင်းငှါ မတတ် ကောင်းပေ။ ထို့ကြောင့် ရှေးဆရာတို့ကား **ဝိပါက်အမှန်, ဇောအပြန်** ဟု ဆိုကြ၏။

တနည်း—ဒွါရ၏ အစွမ်း ဖြင့်လည်း ဣဋ္ဌာရုံ, အနိဋ္ဌာရုံ၏ အဖြစ်ကို သိသင့်လေသည်၊ ဣဋ္ဌပ္ပဋိဗဒ္ဓသန္တာန်, အနိဋ္ဌပ္ပဋိဗဒ္ဓသန္တာန်၌ ဖြစ်သော ရုပ်ကလာပ် တခုခု၌ ဝဏ္ဏ စသော ရုပ်တို့တွင် အချို့ ဝဏ္ဏ စသော ရုပ်သည် ဣဋ္ဌ ဖြစ်၏၊ အချို့ ဝဏ္ဏ စသော ရုပ်သည် အနိဋ္ဌ ဖြစ်၏၊ တရံ တခါ ဣဋ္ဌ ဖြစ်၏၊တရံတခါ အနိဋ္ဌဖြစ်၏၊အချို့ဝဏ္ဏစသောရုပ်သည် ဣဋ္ဌ, အနိဋ္ဌ ဖြစ်၏ ဟူရာ၌ ပန်းပွင့် တခုတည်း မှာပင် အဆင်းကား ဣဋ္ဌ၊ အနံ့ကား အနိဋ္ဌ၊ အရသာ,အတွေ့တို့ကားအနိဋ္ဌ ဖြစ်၏၊ အချို့ ပန်းပွင့်မှာ အဆင်း,အနံ့တို့ကား ဣဋ္ဌ၊ အရသာကား အနိဋ္ဌ ဖြစ်၏။

ထိုအတူ ဗုဒ္ဓမြတ်စွာ၏ ကိုယ်တော်၌ ဖြစ်သော်လည်း တခုသော ကလာပ်၌ အဆင်းကား ဣဋ္ဌ၊ အနံ့ကား အနိဋ္ဌ ဖြစ်၏။

သေလေပြီးသော ခွေးနက်ကြီး၏ ဖူးဖူးရောင်ပွသော ကိုယ်၌လည်း အဆင်းကား ဣဋ္ဌ၊ အနံ့ကား အနိဋ္ဌ ဖြစ်၏။ မှန်၏—ခွေးကောင်ပုပ်ကြီး၏

ယိုမည်းနက်သော အဆင်းသည်ဝတ်ရုံဘွယ်ရာသော အထည်မှာဖြစ်နေ ပါမူကား ထို အဝတ်သည် အဘိုးများစွာထိုက်တန်မည် ဖြစ်၏။

တရံတခါ ဣဋ္ဌ၊ တရံတခါ အနိဋ္ဌဖြစ်၏ ဟူရာ၌ မီးမည်သည် ဆောင်း ရာသီ၌ ဣဋ္ဌ ဖြစ်၏၊ သုခဝိပါက်၏ အကြောင်းဖြစ်၏၊ နွေရာသီ၌ အနိဋ္ဌ၊ ဒုက္ခ ဝိပါက်၏ အကြောင်း ဖြစ်၏၊ ရေအေးသည် နွေ ရာသီ၌ ဣဋ္ဌ၊ ဆောင်းရာသီ၌ အနိဋ္ဌ ဖြစ်၏။ ထို့အတူ အတွေ့ နူးညံ့သော အဝတ်သည် ပကတိ ကိုယ်၌ ဣဋ္ဌ၊ အနာ ပေါက်သော ကိုယ်သို့ ကျရောက် ထိခိုက် ရာ၌ အနိဋ္ဌ ဖြစ်၏၊ ထို အတွေ့ နူးညံ့သော အဝတ်ဖြင့်ပင် ဖြည်း ဖြည်း ညှင်းညှင်း သက်သက် သာသာ ထိမူ ဣဋ္ဌ၊ ကြမ်းကြမ်း တမ်းတမ်း ထိမူ အနိဋ္ဌ ဖြစ်၏။

အတိဣဋ္ဌ ဟူသည် ရွှေငွေ ကျောက် ပတ္တမြား စသော အဆင်းမျိုး ဆေးဒန်း စသော အဆင်းမျိုး ပဒုမာ စသော အဆင်းမျိုး ပိုးချည်ဖြင့် ပြီးသော အဝတ်အဆင်းမျိုး နတ်သွီးအဆင်းစသော အဆင်းမျိုးစသော အာရုံ ၆-ပါးတည်း၊ ထိုအဆင်းမျိုးစသော အာရုံ ၆-ပါးသည် လောကီ အလတ်တန်းစား လူများ အပေါင်း အလွန်အလို ရှိ အပ် သော ကြောင့် အတိဣဋ္ဌာရုံမည်၏။

အနိဋ္ဌာရုံနှင့် ပေါင်းဆုံမိခြင်းသည် အကုသိုလ်ကံ၏ အကျိုးပေးရာ အခွင့် ဖြစ်သကဲ့သို့ ဣဋ္ဌာရုံနှင့် ပေါင်းဆုံမိ ခြင်းသည် ကုသိုလ်ကံ၏ အကျိုးပေးရာ အခွင့်ဖြစ်၏။ ထို့ကြောင့် အနိဋ္ဌာရုံမှာ အကုသလဝိပါက် စိတ်များ ဣဋ္ဌာရုံမှာ ကုသလ ဝိပါက်စိတ်များ ဖြစ်၏ ဟူသော စွဲမြဲ မှတ် သားမှုသည်ပြီးစီးလေသည်။

ဝေဒနာ သတ်မှတ်ချက်

ဝိပါက်စိတ်တို့၏ ဝေဒနာသတ်မှတ်ချက်ကား-ကြေးမုံမှန်တွင် ထင် သော မျက်နှာရိပ် ကဲ့သို့ မိမိ၏ လုံ့လစွမ်း မပါ ကံစွမ်း သက်သက်ဖြင့် သာ ဖြစ်၍ အား‌နည်းလေရကား ထွေထွေ ရာရာ ကြံကြံ စည်စည် ယူမှု မရှိသောကြောင့် အာရုံအားလျော်စွာ ပြီးစီးလေသည်၊ ဝိပလ္လာသ ကင်း စင်သော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ကာမ ကြိယာဇော တို့၏ ဝေဒနာ ယှဉ်မှုသည်လည်း ဝိပါက်စိတ်များမှာ ကဲ့သို့ပင် အာရုံ အားလျော်စွာ ဖြစ်၏။ သို့အတွက် "တဏ္ဍာပိ သောမနဿ သဟဂတ ကြိယဇဝနာဝသာနေ"စသည်ဖြင့်မိန့်ဆို၏။

သောမနဿ သဟဂုတ် ကြိယာဇော အဆုံးမှာ သောမနဿ တဒါရုံ ဥပေက္ခာသဟဂုတ် ကြိယာဇောအဆုံးမှာ ဥပေက္ခာတဒါရုံ ဖြစ်သည်ဟု သင်္ဂြိုဟ်ဆရာ ပြဆိုသည်ကား ပကတိ အနေအထားဖြင့် ဖြစ်သော ဇော တို့၏အစွမ်းဖြင့် ဝေဒနာကို သတ်မှတ် ပြဆိုသော စကားဖြစ်၏။

ခင်းသားကို ပြုပြင် သဖြင့် ဖြစ်သော ကြိယာဇော တို့၏ ဝေဒနာ ယှဉ်မှုကား ဣဋ္ဌာရုံမှာလည်း ဥပေက္ခာဝေဒနာယှဉ်မှု၊ အနိဋ္ဌာရုံမှာလည်း သောမနဿ ဝေဒနာ ယှဉ်မှု ဖြစ်၏။

ဆိုလိုရင်း အချုပ်မှာ—ဣဋ္ဌာရုံမှာလည်း သောမနဿ ကြိယာဇော အဆုံး၌ ဥပေက္ခာ တဒါရုံ၊ အနိဋ္ဌာရုံမှာလည်း ဥပေက္ခာ ကြိယာဇော၏ အဆုံး၌ သောမနဿ တဒါရုံ ဖြစ်၏ဟု ဆိုလို၏။

ကထဉ္စာနန္ဒ အရိယော ဟောတိ ဘာဝိတိန္ဒြိယော၊ ဣဓာနန္ဒ ဘိက္ခုနော စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ မနာပံ၊ ဥပ္ပဇ္ဇတိ အမနာပံ၊ ဥပ္ပဇ္ဇတိ မနာပါ မနာပံ၊ သောသစေ အာကင်္ခတိ ပဋိကူလေ အပ္ပဋိကူလ သညီ ဝိဟရေယျန္တိ၊ အပ္ပဋိကူလ သညီ တတ္ထ ဝိဟရတိ၊ သစေ အာကင်္ခတိ အပ္ပဋိကူလေ ပဋိကူလ သညီ ဝိဟရေယျန္တိ၊ ပဋိကူလသညီ တတ္ထဝိဟရတီတိ။

အာနန္ဒာ အဘယ်သို့ အရိယာသည် ပွါးများ အပ်သော ဣန္ဒြေ ရှိသနည်း ? အာနန္ဒာ ဤလောက၌ မျက်စိဖြင့် ရူပါရုံကို မြင်၍ ဘိက္ခု၏ သန္တာန်မှာ နှစ်သက်မှုဖြစ်၏၊ မနှစ်သက်မှုဖြစ်၏၊ နှစ်သက်,မနှစ်သက်မှု ဖြစ်၏၊ ထိုဘိက္ခုသည် စက်ဆုပ်ဖွယ် အာရုံ၌ စက်ဆုပ်ဖွယ် မရှိဟု အမှတ်ထား၍ နေလို၏ဟု စိတ်ဆန္ဒ အကယ်၍ ဖြစ်ပေါ် လာအံ့၊ ထိုစက်ဆုပ်ဖွယ် အာရုံ၌ စက် ဆုပ်ဖွယ် မရှိဟု အမှတ် ထား၍ နေ၏၊ မစက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်ရှိ၏ဟု အမှတ်ထား၍နေလို၏ဟု စိတ်ဆန္ဒ အကယ်၍ ဖြစ်ပေါ် လာအံ့၊ ထိုမစက်ဆုပ်ဖွယ် အာရုံ၌ စက်ဆုပ်ဖွယ် ရှိ၏ဟု အမှတ် ပြုလျက် နေ၏။ (ဥပရိပဏ္ဏာသ ဣန္ဒြိယ ဘာဝနာသုတ်)

ရှင်းချက်။ ။ထိုပါဠိတော်၌ ဥပ္ပဇ္ဇတိ မနာပံ-ဥပ္ပဇ္ဇတိ အမနာပံ၊ ဥပ္ပဇ္ဇတိ မနာပါ မနာပံ ဟူသော စကား ရပ်ဖြင့် ရဟန္တာတို့ သန္တာန်မှာ ကာမ ကြိယာဇောတို့၏ ပကတိ အနေ အထား ပင်ကိုယ် ဖြစ်ရိုး သဘော အားဖြင့် ဣဋ္ဌာရုံမှာ သောမနဿ ဝေဒနာ ယှဉ်မှု၊ အနိဋ္ဌာရုံမှာ ဥပေက္ခာ ဝေဒနာ ယှဉ်မှုကို ပြ၏။

သောသစေအာကာဝ်တိ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟာရေယျန္တိ၊ အပ္ပဋိကူလသညီ တတ္ထဝိဟာရတိ-အစရှိသောစကားရပ်ဖြင့် ထိုရဟန္တာ တို့သန္တာန်၌ စိတ်ပြုပြင်မှု ရှိခဲ့သော် ဣဋ္ဌာရုံ၌လည်း ဥပေက္ခာ ဝေဒနာ ယှဉ်မှု,အနိဋ္ဌာရုံ၌လည်း သောမနဿ ဝေဒနာယှဉ်မှုကိုပြဆို၏။

သတတဝိဟာရသုတ်၌ ဒွါရ ၆-ပါးစလုံးမှာ ရဟန္တာ၏ သန္တာန်၌ သောမနဿ ဝေဒနာဖြစ်မှုကို ပယ်မြစ်လျက်ဟောထား၏၊ ထိုစကားကို လည်း စိတ်ပြုပြင်မှုများသည်၏ အစွမ်းဖြင့် ဟောတော် မူအပ်သည်ဟု ယူရပေမည်၊အဘယ့်ကြောင့်ဆိုသော်–ရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း မြတ်စွာဘုရားရုပ်ဆင်းတော်ကို ဖူးမြင်ရသောအခါ, တရားလုပ်ငန်းနှင့် သင့်လျော်သောနေရာကို တွေ့သောအခါ စသည်တို့၌ သောမနဿဖြစ် ကြသောကြောင့်ပေတည်း။

အပရေဝါဒ။ ။ကြိယာဇောတို့သည် ကာမ ဝိပါက် များ ကဲ့ သို့ အချင်းခပ်သိမ်း အာရုံအား လျော် စွာ သာ ဝေဒနာယှဉ်၏၊ အကြောင်း ပြချက်မှာ....ရဟန္တာတို့သည် နတ်သွီး ရုပ်ဆင်း စသော အတိဣဋ္ဌာရုံ ထင်လာရာ ထိုအာရုံ၌ အသုဘလက္ခဏာအားဖြင့် သော်လည်း ဖြန့်အုပ် ထား၏၊ အနိစ္စလက္ခဏာအားဖြင့်သော်လည်းကပ်၍ဆောင်၏၊ထိုအာရုံ၌ အနိဋ္ဌဖြစ်သော အသုဘလက္ခဏာ, သို့မဟုတ် အနိစ္စ လက္ခဏာ သည် ဥပေက္ခာ ကြိယာဇောတို့၏ အာရုံဖြစ်၏၊ အတိဣဋ္ဌ နတ်သွီးရုပ်ဆင်း စသည်ကား ဥပေက္ခာကြိယာ ဇောတို့၏အာရုံမဖြစ်၊ထို့အတူအစွမ်းကုန် ဖူးရောင် ပုပ်,ပွလျက်စက်ဆုပ်ဖွယ်ကိုယ်ကောင်စသော အတိအနိဋ္ဌာရုံ ထင်လာရာ ထိုအာရုံ၌ မေတ္တာဖြင့် သော်လည်း ဖြန့်မိုးထား၏၊ ဓာတ် သဘောအား ဖြင့်လည်း ကပ်၍ ဆောင်၏၊ ထိုအာရုံ၌ အဝေရကာ (ရန်မရှိမှု)စသော လက္ခဏာသည်သာလျှင် သောမနဿ ကြိယာဇောတို့ ၏ အာရုံဖြစ်၏၊ အတိ အနိဋ္ဌ-အစွမ်းကုန် ဖူး ရောင် တက်ကြွ နေ သော ကိုယ်ကောင်ပုပ်စသည်ကား သောမနဿ ကြိယာ ဇော တို့ ၏ အာရုံ မဟုတ်သောကြောင့်ပေတည်းဟု အကြောင်းပြ၏။

ထိုအပရေဝါဒသည်မသင့်မြတ်ပေ၊အဘယ်ကြောင့်ဆိုသော်-အသုဘ စသော လက္ခဏာနှင့် ဒေဝဿရူပဝဏ္ဏ စသည်တို့ သီးခြား ခွဲယူ၍ မရ၊ အတူတကွသာရအပ်လေသောကြောင့်ပေတည်း၊ ထို့ကြောင့် ဂိသုဒ္ဓိမဂ်

အဓ္ဓကထာ၌....အကျိုးကိုမြင်သဖြင့်၎င်း,ရှေးနောက်ဖြစ်သော ထူးထွေမှုကိုတွေ့သဖြင့် ၎င်း ဥဒ္ဓုမာတက စသော အတိ အနိဋ္ဌာရုံ တို့၌ လည်း သောမနဿဖြစ်ခြင်းကိုမိန့်ဆို၏။

၎င်းမောဂ္ဂလ္လာန်ထေရ်၏ သန္တာန်မှာ မိမိဆ ရာ ဖြစ် သော ဗုဒ္ဓ၏ တကယ် ဗုဒ္ဓဟုတ်သည်ကိုတွေ့သဖြင့်၎င်း ကိုယ်ရေး ကိုယ်တာ ပြည့်စုံမှုကိုတွေ့သဖြင့်၎င်း ရိုးဆက် ပြိတ္တာ ကိုယ်ကောင်ကြီး၌ သောမနဿ ဖြစ်သည်ကို ပါဠိတော်၌ဟောအပ်၏။

ထို့ပြင် ၅င်မဟာကဿပထေရ်၏ ထိုသို့သောစိတ်ပြုပြင်မှုဖြင့် အနူ၏ လက်မှအနိဋ္ဌဖြစ်သောမုယော မုံ့သိုး၌လည်း သောမနဿဖြစ်သည်ကို ဓမ္မပဒ အဋ္ဌကထာ၌ဆိုအပ်၏။ ဤအတူပင် ဤ၌လည်း အသုဘ ဗရဏ စသော ဧဋ္ဌာဘိသင်္ခါရသည့် အတိဣဋ္ဌာရုံမှာ ဥပေက္ခာဇော တို့၏၊ အတိအနိဋ္ဌာရုံမှာ သောမနဿဇောတို့၏ဖြစ်ခြင်း၏ အကြောင်းဖြစ်လေသည်ဟု မှတ်အပ်၏။ မှန်၏......အာရုံတို့၏ ဣဋ္ဌ,အနိဋ္ဌ အဖြစ်မည်သည် လောကီလူများ၏ အလိုဆန္ဒစွမ်းဖြင့် ဖြစ်၏။ နက်နဲခက်ခဲသောသဘော မဟုတ်၊ဝိပလ္လာသတရား ကိလေသာ တရားတို့၏ တည်မှီရာဖြစ်၏။

တတ္ထ ကတမံ ရူပံ ဟိနံ၊ ယံရူပံ တေသံ တေသံ သတ္တာနံ ဥညာတံ အဝညာတံ-စသော ပါဠိတော်ကို ထောက်လေ။

၎င်းရေးကား။ ။တေသံ တေသံ သတ္တာနံ ဟူသောပါဌ်ဖြင့် အာရုံတရားတို့၏ ဣဋ္ဌ,အနိဋ္ဌ အဖြစ် မည်သည် လောကီ လူအများ သမုတ်မှုဖြင့် ပြီး၏ဟု ပြ၏။ ထို့ကြောင့် ဝိပလ္လာသ မပယ်ရ သေးသော ပုဂ္ဂိုလ်တို့၏ ဒေဝဒ္ဓ ရာဝဏ္ဏ,စသော အတိဣဋ္ဌာရုံတို့၌ အတိဣဋ္ဌအခြင်းအရာ အားဖြင့် ယူမှု, ဗုဒ္ဓဝဏ္ဏ စသော အတိဣဋ္ဌာရုံ တို့၌ အနိဋ္ဌ အခြင်းအရာအားဖြင့်ယူမှု,ဤ ၂-ပါးစုံသည် ဝိပလ္လာသ၏အစွမ်းအားဖြင့်ဖြစ်၏။ ပညာ၌ ဘုရားတပည့်တို့၏ ဒေဝဒ္ဓရာဝဏ္ဏ, စသည်တို့၌ အနိဋ္ဌအခြင်း အရာ အားဖြင့် ယူမှု, ဗုဒ္ဓဝဏ္ဏ စသည် တို့၌ အတိ ဣဋ္ဌ အခြင်း အရာ အားဖြင့် ယူမှု, ဤ ၂-ပါးစုံသည် ပညာ၏ အစွမ်း အားဖြင့် သာလျှင် ဖြစ်၏ဟု သိအပ်၏။

ကြိယာဇောနောင် တဒါရုံ

မူလဋီကာဝါဒ။ ။မူလဋီကာ ဆရာကား ကြိယာဇော၏ အခြားမဲ့၌ တဒါရုံဖြစ်၏ဟု ဟောအပ်သော အရာဌာနကို မတွေ့ရ, တဒါရုံဖြစ်မှုရှိနေလျက်လည်း မဟောခြင်း၌ အကြောင်းပြတစုံတရာမရှိ၊ ဘဝင်မည်သည်လည်း ရေဆန်လျက် ချတ်မောင်း သွားသော သင်္ဘောသို့ ရေအယဉ်သည် အစဉ် လိုက်သကဲ့သို့ ပျံ့နှံ့ခြင်းနှင့် တကွဖြစ်သော ကုသိုလ် အကုသိုလ်ဇောသို့သာ အစဉ်လိုက်၏ဟူသောစကားသည်သင့်မြတ်၏၊ ဆဠင်္ဂုပေက္ခာ နှင့် ပြည့်စုံသော ရဟန္တာ၏ ငြိမ်သက်သော ဖြစ်ခြင်းရှိသော ကြိယာဇောသို့ လိုက်သည် ဟူသော စကားသည်ကား မသင့်မြတ်ပေ၊ ထို့ကြောင့် ကြိယာဇော၏ အခြားမဲ့၌ တဒါရုံချမှုကို စိစစ်သင့်၏ဟု ဆို၏။

မှတ်ချက်။ ။စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန တို့ဖြင့် အာရုံ ၆-ပါးကို မြင်, ကြား, နံ, လျက်, ထိ, သိသော်လည်း ဝမ်းမြောက်မှုမရှိဘဲ လျစ်လျူရှုကာ နေသည်ကို ဆဠင်္ဂုပေက္ခာနှင့်ပြည့်စုံသည်ဟု ဆို၏။

ပြဓါန်းမှု နှစ်မျိုး

ပြဓါန်းမှုသည်-တဒါရုံ ပြဓါန်းမှု, ဇော, တဒါရုံ ပြဓါန်းမှုဟု နှစ်မျိုး ရှိ၏၊ထိုတွင် သေက္ခ,ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာ တဒါရုံပြဓါန်း၏၊ကုသိုလ်, အကုသိုလ်ဇော မပြဓါန်း၊ထို့ကြောင့် အဗျာကတ ပဒါဝသာန ၂-ပါး စလုံးမှာ- သေက္ခာဝါ, ပုထုဇ္ဇနာဝါ, ကုသလံ အနိစ္စတော ဝိပဿန္တိ ကုသလံ အဿာဒေန္တိ-စသည်ကို ဟောပြီးနောက် ကုသလေ နိရုဒ္ဓေ, အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရ မဏာတာ ဥပ္ပဇ္ဇတိ ဟု ဟောတော်မူ၏။

ရဟန္တာပုဂ္ဂိုလ်မှာ ဇောလည်း ပြဓါန်း၏၊ တဒါရုံလည်း ပြဓါန်း၏၊ ထို့ကြောင့်- အရဟာ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ ဟူ၍သာဟောတော်မူ၏၊ကြိယာဗျာကတေ နိရုဒ္ဓေဝိပါကော တဒါရမဏာတာ ဥပ္ပဇ္ဇတိ ဟူ၍ကား ဟောတော်မမူ။

အကယ်၍ ဟောခဲ့ပြီးအံ့၊ တဒါရုံကို ပဋ္ဌာန်ပြသည်မည်ရာ၏၊ ပဋ္ဌာန်း ပါဠိတော်၌ကြိယာဇဝနကောနိရုဒ္ဓေ ဝိပါကောတဒါရမ္မဏတာ ဥပ္ပဇ္ဇတိ ဟု ဟောထားချက် မရှိသော်လည်း အနိဋ္ဌတော ဒုက္ခတော အနဝဋ္ဌတော ဝိပဿတိဟူရာ၌ ပါသော ဝိပဿတိ ဟူသော ပုဒ်ဖြင့်ပင် တဒါရုံကို လည်း ယူအပ်သည်သာဖြစ်၏၊ ထို့ကြောင့် (ပဋ္ဌာန်းပါဠိတော်မှာ-ကုသလာ၊ ပ။ ဥပ္ပဇ္ဇတိ ဟူ၍ ကုသိုလ် အကုသိုလ်၏အခြားမဲ့၌ တဒါရုံကိုဟော အပ်၏၊ အဗျာကတ၏ အခြားမဲ့၌ တဒါရုံကို မဟောအပ်လေ ဟူ၍၎င်း, တဒါရုံ ထင်ရှား ရှိနေလျက် မဟောခြင်း၌ အကြောင်း မရှိ ဟူ၍၎င်း) ဆိုအပ်သော မူလဋီကာ စကားသည် မသင့်သည် သာတည်း၊ ထို့ဖြင့် အနန္တရပစ္စည်း ဝိဘင်း၌ - ကုသလံ ဝုဋ္ဌာနဿ အကုသလံ ဝုဋ္ဌာနဿ ကြိယံ ဝုဋ္ဌာနဿဟူ၍၎င်း,ဝိပါကာဗျာကတာ ခန္ဓာ ဝုဋ္ဌာနဿ နေဝဝိပါက နာဝိပါကာဗျာကတာ ခန္ဓာ ဝုဋ္ဌာနဿ ဟူ၍၎င်း, ဤသို့စသည်ဖြင့် ကြိယာ ဇော၏အခြားမဲ့၌ ဘဝင်နှင့်တကွ တဒါရုံအားလည်း ဝုဋ္ဌာန အမည်ဖြင့် ဟောအပ်သော အရာကို တွေ့မြင် ရသောကြောင့်၊ န ကဒါစိ ကြိယာ နန္တရံ တဒါ ရမ္မဏဿ ဥပ္ပတ္တိ ဝိဇ္ဇတိ ဟူသော မူလဋီကာ စကား သည်လည်း မသင့် သည် သာ တည်း၊ ဆဠင်္ဂုပေက္ခာ ရှိသော ရဟန္တာ ပုဂ္ဂိုလ်အား ငြိမ်သက်မှုရှိသော်လည်း ကြိယာဇောသည် ပျံ့နှံ့မှု ရှိသည် သာဖြစ်၏၊ဘယ့်ကြောင့်ဆိုသော်-ကုသိုလ်ဇောကဲ့သို့ ကြိယာဇောက လည်း ရုန့်ရင်းသော ကာယ ပယောဂ, ဝစီပယောဂ ကို ဖြစ်စေသော ကြောင့်ပေတည်း။(ဤကား ပရမတ္ထဒီပနီ၏ ထုချေဖြေဆိုချက်တည်း)

ဒေါမနဿ ဇော၏အဆုံး၌ တဒါရုံနှင့်ဘဝင်တို့သည် ဥပေက္ခာသာဖြစ်ကုန်၏၊ ထို့ကြောင့် သောမနဿဖြင့် ပဋိသန္ဓေနေသူ၏ ဒေါသဇော၏အဆုံး၌ တဒါရုံ ဖြစ်မှုမရှိ၊ ထိုအခါ ဣဋ္ဌ အနိဋ္ဌ ဖြစ်သော ရူပါရုံစသည်တို့တွင် အမှတ်မထား တပါးပါးသော ဤဘဝမှာပင် ရှေးပိုင်း အခါတို့၌ ယူမှုများသည်၏ အစွမ်းဖြင့် အပြလိုလိုမှို့ဝဲအပ်သော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသဟဂုတ် သန္တီရဏ ဖြစ်၏၊ ထိုဥပေက္ခာ သဟဂုတ် သန္တီရဏကို အနန္တရ ပစ္စည်းပြု၍ သောမနဿ ဘဝင်ကျ၏ဟု ဆရာတို့ဆိုကုန်၏။

ဒေါသဇော၏အဆုံးမှာ ဥပေက္ခာ တဒါရုံသာ ဖြစ်၏၊ သောမနဿ တဒါရုံ မဖြစ်၊ အဘယ့်ကြောင့် ဆိုသော်-ဒေါမနဿ နှင့် သောမနဿ အချင်းချင်း ဆန့်ကျင်သောကြောင့် ပေတည်း။

ကြိယာဇောနှင့် ဒေါသဇောတို့၏ အခြားမဲ့၌သာ မည်သည့် တဒါရုံ ချရမည်ဟု ၅င် အနုရုဒ္ဓါ ဆရာ သတ် မှတ် တော် မူ၏၊ ကြွင်း ကုသိုလ် အကုသိုလ်ဇောတို့၏ အခြားမဲ့၌ တဒါရုံ သတ်မှတ်ချက်မရှိ၊ ထို့ကြောင့် ကာမ ကုသိုလ်ဇော ၈-ခု၊ လောဘမူဇော ၈-ခု၊ မောဟမူဇော ၂-ခု၊ ဤဇော ၁၈-ခု တို့၏ အခြားမဲ့၌ အာရုံ အား လျော် စွာ အလုံးစုံသော တဒါရုံနှင့်ဘဝင်တို့သည်ဖြစ်ကုန်၏။

အများဖြစ် တဒါရုံ သတ်မှတ် ချက်

အများအားဖြင့် အကုသိုလ်ဇော၏ အခြားမဲ့မှာ အဟိတ်တဒါရုံသာ ဖြစ်၏၊ ဒွိဟိတ်ဇော၏ အခြားမဲ့၌ ဒွိဟိတ် တဒါရုံသာ၊ တိဟိတ်ဇော၏ အခြားမဲ့၌ တိဟိတ်တဒါရုံသာဖြစ်၏။

အနည်းဖြစ် တဒါရုံ သတ်မှတ်ချက်

ဒွိဟိတ် ကုသိုလ်ဇော(သို့မဟုတ်)တိဟိတ် ကုသိုလ်ဇော အစော များသူအား တခါတရံ အကုသိုလ်ဇော စောပါက အကုသိုလ်ဇော၏ အခြားမဲ့၌လည်း ဒွိဟိတ် တဒါရုံသော်ရင်း, တိဟိတ် တဒါရုံ သော်ရင်း တခုခု ဖြစ်တတ်၏။

အကုသိုလ်ဇော အစော များသူအား တခါ တရံ ဒွိဟိတ် ကုသိုလ် ဇော(သို့မဟုတ်) တိဟိတ် ကုသိုလ်ဇော အစော များခဲ့သော် ကုသိုလ် ဇော၏အခြားမဲ့၌လည်း အဟိတ် တဒါရုံ ဖြစ်တတ်၏၊ ပဋ္ဌာန်း ပဋ္ဌဝါရ ပါဠိတော်ကိုထောက်လေ။

တဒါရုံတို့ မည်သည် ပဋိသန္ဓေ အကျိုးကို ဖြစ်စေတတ်သော တခု သော ဇနက ကံကြောင့် ဖြစ်သော်လည်း ဝိထိ အမျိုးမျိုးမှာ တဒါရုံ အမျိုးမျိုးဖြစ်၏၊ပဝတ္တိဝိပါက်ကိုဖြစ်စေတတ်သော ကံအမျိုးမျိုးကြောင့် ဖြစ်ရာတို့၌ ဆိုဘွယ် မရှိတော့ချေ။

ပရိစိတပုဗ္ဗအာရုံ။ ။ဤဘဝမှာပင် ဒေါသဇော စောရာခဏမှ ရှေ့ပိုင်းဖြစ်သောခဏတို့၌ ယူခြင်းများသဖြင့် အမြဲလိုလို မှီဝဲဘူးသော ကာမအာရုံကို ပရိစိတပုဗ္ဗအာရုံဟုဆို၏။

ထိုအမြဲမပြတ်လိုလို မှီဝဲဘူးသော ကာမအာရုံကိုအာရုံပြု၍ ဥပေက္ခာ သန္တီရဏ ၂-ခုတွင် ဣဋ္ဌာရုံ၌ ကုသလဝိပါက်,အနိဋ္ဌာရုံ၌ အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ ဖိတ်ဖြစ်၏။

ပကတိအားဖြင့် မဟာဝိပါက် ဥပေက္ခာ ၄-ခု အဖြစ်များသူတို့အား ထို မဟာ ဝိပါက် ဥပေက္ခာ ၄-ခု တို့သည်လည်း အာဂန္တုက ဘဝင် မဖြစ်ဟု မဆိုနိုင်၊ သို့ရာတွင် အဋ္ဌကထာ၌ကား မဟာဓမ္မရက္ခိတ ထေရ ဝါဒ၌ အများဖြစ် သတ်မှတ် စဉ်မှာ ကျသောကြောင့် အကုသိုလ် ဇောအားလျော်စွာ အဟိတ်ဥပေက္ခာ သန္တီရဏ နှစ်ခုကိုသာ အာဂန္တုက ဘဝင်ဟု ဆို၏။ ထို့ကြောင့် - ထေရ ဝါဒ ကို ဝိစစ်ရာ အခန်း၌ အကုသိုလ်ဇော၏အခြားမဲ့၌အဟိတ်တဒါရုံကိုသာပြသော ထိုထိုထေရ ဝါဒ၏ မပြည့်စုံသော ဝါဒ ဖြစ်ကြောင်းကို ပြ၍ ကုသိုလ်ဇော တို့၏ အကြားအကြား အကုသိုလ်ဇောဇောပါက ကုသိုလ်၏ အဆုံး၌ အလေ့ အကျက်ရအပ်သည်နှင့် တူစွာသာလျှင် အကုသိုလ် အဆုံးမှာ သဟိတ် တဒါရုံ သင့်မြတ်၏ ဟု အဋ္ဌကထာ၌ ဆို၏။ တဒါရုံ သင့်မြတ် ပါက အာဂန္တုက ဘဝင်လည်း သင့်မြတ်တော့ သည်သာ ဖြစ်သောကြောင့် ကာမ ဥပေက္ခာ ဘဝင် ၆-ပါးစလုံး အာဂန္တုက ဘဝင်ဖြစ်သည်ဟု မှတ်အပ်၏။

ဤနေရာတွင်—ဥပေက္ခာ ပဋိသန္ဓေ နေသူအား အတိမဟန္တ, အတိ ဝိဘူတ ဖြစ်သော ဘုရားအဆင်းတော်စသော အတိ ဣဋ္ဌာရုံ၌ ဒေါသ ဇော ဇောခဲ့သော် တဒါရုံမဖြစ်သင့်သောကြောင့် ဒေါသဇော၏အခြား မဲ့၌ဥပေက္ခာဘဝင်ချ၊

သောမနဿ ပဋိသန္ဓေနေသူအား ဣဋ္ဌ,အနိဋ္ဌဖြစ်သော မဟန္တအာရုံ ၆-ပါး အဝိဘူတ အာရုံ ၆-ပါး၌ ဒေါသဇော ဇောခဲ့သော် တဒါရုံ ဖြစ် သင့်မှုလည်းမရှိ၊ မူလဘဝင် ဖြစ်သင့်မှုလည်း မရှိသောကြောင့် ဒေါသ ဇော၏ အခြားမဲ့၌ ကာမ ဥပေက္ခာ ဘဝင် ၆-ခုတွင် ထိုက်သင့် သလို တခုခုသည် အာဂန္တုကဘဝင် အဖြစ်ဖြင့်ဖြစ်၏။

သောမနဿ ပဋိသန္ဓေ နေသူအား ဗုဒ္ဓဝဏ္ဏ စသော အတိ ဣဋ္ဌ ဖြစ်သော အတိမဟန္တ အာရုံ ၆-ပါး၊ အတိ ဝိဘူတ အာရုံ ၆-ပါးနှင့် မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံတို့၌ ဒေါသဇော ဇောခဲ့သော် တဒါရုံဖြစ် သင့်မှု မူလဘဝင်ဖြစ်သင့်မှုမရှိသောကြောင့် ဥပေက္ခာဘဝင် ၆-ခုတွင် တခုခုသည် ထိုက်သင့်သလို အာဂန္တုက ဘဝင် အဖြစ်ဖြင့် ဖြစ်၏။

စိတ်ဖြစ်ရိုးအစဉ်

ဟတ္ထိ ပဒေါပမသုတ်၌ ဘုရား ဟောတော်မူ ချက်များကို ထောက် ထား၍–ဝိထိစိတ်တို့ မည်သည် အာဝဇ္ဇန်းနှင့် ကင်း၍ မဖြစ်၊ အာဝဇ္ဇန်း သည် ဆင်ခြင် အပ်သော အာရုံကို အာရုံ ပြု၏၊ တခုသော အာဝဇ္ဇန်း ရှိသော ဝိထိ၌ အလုံးစုံသော ဝိထိစိတ်တို့သည် အာဝဇ္ဇန်းနှင့်၎င်း, ဝိထိ စိတ် အချင်းချင်း၎င်း ဓမ္မအနေ,ကာလ အနေ အားဖြင့် အာရုံ ကွဲပြားမှု မရှိ၊ တူကြရမည် ဟူ၏။

အာဂန္တုကဘဝင် ချရသော ဝိထိ၌–အာဂန္တုက ဘဝင်သည် အာ ဝဇ္ဇန်း ဆင်ခြင်အပ်သောအာရုံကို အာရုံမပြု၊ ရှေးက လေ့ကျက်ဘူးသော ကာမ အာရုံကို အာရုံပြု၏၊အာဝဇ္ဇန်းစသော စိတ်တို့နှင့်လည်း ဓမ္မအနေ, ကာလအနေအားဖြင့် အာရုံလည်း ကွဲပြား၏။

ထိုစကားနှစ်ရပ်သည် ဆန့်ကျင်သကဲ့သို့ ဖြစ်နေ၏၊ သို့ရာတွင် ရည် ရွယ်ရင်း အချက်အလက်များကို စိစစ်ပါမူ ဆန့်ကျင်မှုမရှိပေ၊ အဘယ့် ကြောင့် ဆိုသော်–အထက် စကားရပ်ကို မူလ ဘဝင်ရည်ရွယ်၍ ဆို၏၊ အောက်စကားရပ်ကိုကား အာဂန္တုက ဘဝင် ရည်ရွယ်၍ ဆို၏၊ ဤ အာဂန္တုက ဘဝင်ကဲ့သို့ အာဝဇ္ဇန်းကင်းလျက် အာရုံယူသောစိတ်များ လည်းရှိ၏၊ ထို့ကြောင့် ထိုစကားနှစ်ရပ် ဆန့်ကျင်မှုမပါ ညီညွတ်သည် သာဖြစ်၏။

အာဝဇ္ဇန်း ကင်း၍ အာရုံယူစိတ်များ

အာဂန္တုက ဘဝင်စိတ်၊ မဂ္ဂဝိထိ၌ ဂေါတြဘူ, ဝေါဒါန်၊ ဖလသမာ ပတ္တိဝိထိ၌ဖိုလ်၊ နိရောဓ သမာပတ်မှ ထသော အနာဂါမိဖိုလ် ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်။

ထို့အတူကာမာဝစရဇော၏ အဆုံးမှာ ကာမာဝစရ သတ္တဝါတို့အား ကာမ တရား အာရုံဖြစ်သော်သာ တဒါရုံချမှုကို အလိုရှိကြ၏၊

ကာမဇော၏အဆုံးမှာသာ တဒါရုံကျသည်ကား ကာမဇော,တို့၏ တုန်လှုပ်ခြင်း ဝိပ္ဖန္ဒန သဘော ရှိသောကြောင့် ပေတည်း၊ မဟဂ္ဂုတ် လောကုတ္တရာဇောတို့၏ အဆုံးမှာ တဒါရုံမကျသည်ကား ထိုဇောတို့၏ တုန်လှုပ်ခြင်း ဝိပ္ဖန္ဒနသဘော မရှိသောကြောင့် ပေတည်း။

တနည်းအားဖြင့် အဘိညာဉ်သည် ကြွင်းအပ်သော မဟဂ္ဂုတ် လောကုတ္တရာစေတတို့သည် ပညတ် မဟဂ္ဂုတ်နိဗ္ဗာန်တရားကို အာရုံပြုကုန်၏၊ တဒါရုံ တို့ကား ကာမ တရား ကိုသာ အာရုံပြု ကုန်၏၊ ထို့ကြောင့် ထိုမဟဂ္ဂုတ် လောကုတ္တရာ စေတတို့၏ အဆုံး၌ တဒါရုံ ဖြစ်သင့်ခြင်း၏ ကင်ရောက်လျှဉ်းပါးမှု မရှိ၊ အဘိညာဉ်စေတတို့သည်လည်း အချို့စေတတို့က ကာမကို အာရုံပြုသော်လည်း အလွန်ငြိမ်သက် သိမ်မွေ့ကုန်၏၊ ထို့ကြောင့် ထိုအဘိညာဉ်စေတတို့၏အဆုံး၌လည်း တဒါရုံဖြစ်မှုမရှိ၊

ကာမ သတ္တဝါတို့၏ သန္တာန်မှာသာ တဒါရုံဖြစ်၏၊ ရူပ, အရူပ သတ္တဝါတို့၏ သန္တာန်မှာ တဒါရုံမဖြစ်၊ မှန်၏......ရူပ, အရူပ သတ္တဝါ တို့၌ဖြစ်သော ကာမစေတတို့သည် ကာမကို အာရုံ ပြုကုန် သော်လည်း (တဒါရုံ၏ ဉပနိဿယ ဖြစ်သော ကာမ ဘဝင် မရှိသောကြောင့်၎င်း, အထူးသဖြင့် အလွန်သိမ်မွေ့သော မဟဂ္ဂုတ်ဘဝင်၏တဒါရုံကိစ္စ မတပ်သောကြောင်း၎င်း)ထိုရူပ,အရူပ ဗြဟ္မာတို့၏သန္တာန်၌ဖြစ်သော ကာမ စေတတို့၏ အဆုံးမှာ တဒါရုံဖြစ်မှုမရှိပါလေ။

စက္ခု ဝိညာဏ်,သောတ ဝိညာဏ်တို့သည် စက္ခုန္ဒြေ, သောတိန္ဒြေ ဖြစ်ခြင်း အာနုဘော်ကြောင့်၊ သမ္ပဋိစ္ဆိုင်း သန္တီရဏ တို့သည် ဒွါရ အထူး ဝိထိအထူး၌ ဗ္ဗတ္တနိယမ ပြီးစီးခြင်းကြောင့် ရူပ သတ္တဝါတို့၌ ဖြစ်၏။

ဇှင်းချက်။ ။တဒါရုံ၏ အားကြီးသောမှီရာဖြစ်သည့် ကာမဘဝင် မရှိသောကြောင့် ရူပ, အရူပ ဗြဟ္မာတို့ သန္တာန်မှာ တဒါရုံ မဖြစ်ခဲ့ပါမူ စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်တို့သည် လည်း ကာမဘဝင် မရှိသောကြောင့် မဖြစ်နိုင်ရာဟု စောဒနာသည်၊ စက္ခု ဝိညာဏ်စိတ်, သောတ ဝိညာဏ်စိတ်တို့ ဖြစ်သည်ကား စက္ခု ဝတ္ထု သောတဝတ္ထု ဟူသော ဣန္ဒြိယဝတ္ထုတို့ ရူပဗြဟ္မာ၏ သန္တာန်မှာ ဖြစ်နေ သောကြောင့် ထို ဣန္ဒြိယ ဝတ္ထုဖြစ်ခြင်း အာနုဘော် အားဖြင့် ဖြစ်ကြသည်၊ သမ္ပဋိစ္ဆိုင်း သန္တီရဏတို့ကား စက္ခုဒွါရ, သောတဒွါရ ဟူသော ဒွါရ အထူး စက္ခု ဒွါရ ဝိထိ, သောတ ဒွါရ ဝိထိ (သို့မဟုတ်) စက္ခု ဝိညာဏ ဝိထိ, သောတ ဝိညာဏ ဝိထိ ဟူသော ဝိထိ အထူး၌ စိတ်ဖြစ်စဉ် စွဲမြဲမှုအားဖြင့် ဖြစ်ကြလေသည်။

ကာမအာရုံ၌သာ တဒါရုံကို အလိုရှိကြ၏၊ မဟဂ္ဂုတ်လောကုတ္တရာ, ပညတ်တရား အာရုံတို့၌ တဒါရုံကို အလိုမရှိကြကုန်၊ အကြောင်းသော်ကား-တဒါရုံတို့သည် ကာမကို ကေန်အာရုံပြုသောကြောင့်ပေတည်း။

သင်္ခြိုပ် ကျမ်း၌ တဒါရုံ သတ်မှတ်ချက်

၁။ ကာမဇောလည်းဖြစ်ခြင်း
၂။ ကာမအာရုံလည်းဖြစ်ခြင်း
၃။ ကာမဘုံ၌ဖြစ်သော ပုဂ္ဂိုလ်လည်းဖြစ်ခြင်း
၄။ ဝိဘူတာရုံဖြစ်ခြင်း, သို့မဟုတ် အတိမဟန္တာရုံဖြစ်ခြင်း--ဤအင်္ဂါလေးချက်ညီလျှင် တဒါရုံ ဖြစ်၏။

တဒါရုံ ဖြစ်သော အာရုံသည်သာ ဝိဘူတာရုံ, အတိမဟန္တာရုံ မည်၏ဟု သတ်မှတ်မှုမရှိ။ ထိုသို့မရှိသောကြောင့် မွန်မြတ်သောကံကြောင့်ဖြစ်သော စင်ကြယ် သန့်ရှင်းသော ဝဏ္ဏ ရှိသော ရူပ ပြဿာ တို့၏ သန္တာန်မှာဖြစ်သော ဝိထိတို့သည် အများအားဖြင့် ဝိဘူတာရုံနှင့် အတိမဟန္တာရုံတို့သာ ဖြစ်ကြလေသည်။

အချို့ဆရာတို့က ရူပဘုံ,အရူပဘုံတို့၌ ဝိဘူတာရုံ, အတိမဟန္တာရုံကို မရအပ်ဟု ဆိုကြ၏။

တဒါရုံ သတ်မှတ်ချက် ပြီး၏။

ဇဝန နိယာမ=ဇောသတ်မှတ်ချက်

ဇောများတွင် ကာမဇောဝိထိ၌ ကာမဇောတို့သည်ပကတိကာလမှာ ခုနစ်ကြိမ်စောကြ၏၊ ပကတိကာလပင် ဖြစ်သော်လည်း အာရုံအားနည်းခဲ့သော် ခြောက်ကြိမ်လည်းစောတတ်သေး၏။

သေခါနီး အခါမျိုးမှာ မိုရာဝတ္ထုရုပ် အားနည်းသဖြင့် ငါးကြိမ်သာ စော၏။ သေခါနီးအခါမှ တပါးသော အခါတို့၌လည်း အလွန်း နူးညံ့သဖြင့်ငှင်း, တစုံတရာချုပ်ချယ်မှုဖြင့်ငှင်း, လွှမ်းမိုးမှုဖြင့်ငှင်း, ဝတ္ထုရုပ် အားနည်းတတ်လေသောကြောင့် ထိုဝတ္ထုရုပ်ကိုမှီသော ဇောတို့လည်း အရှိန်အဟုန်နည်းသောအားဖြင့် ငါးကြိမ်သာ စောတတ်လေသည်။

ငါးကြိမ်ဇော စောတတ်သော အခါများကား

၁။ သေခါနီးအခါ

၂။ တွေဝေသောအခါ

၃။ သညာကင်းပျောက်အောင်ဖြစ်သွားသောအခါ

၄။ အလွန်နုနယ်သောအခါတို့ပေတည်း။

ထိုတွင်—တွေဝေသော အခါဟူသည် သည်းမခံနိုင်လောက်အောင်သော ဒုက္ခများနှိပ်စက်၍ လွန်လွန်ကဲကဲ ကရုဏာကိုယ်၏ မထူ မထောင်နိုင်သောအဖြစ်သို့ရောက်သောအခါပေတည်း။

သညာကင်းပျောက်သောအခါဟူသည် နှစ်သက်မှု အဟုန်ဖြင့်၎င်း, ငိုက်မျည်း သဖြင့်၎င်း, ဘီလူး ဖမ်းသဖြင့်၎င်း, အရက် မူးသဖြင့်၎င်း, ပကတိ သညာကင်းရာ အခါပေတည်း။

အလွန် နုနယ်သော အခါ ဟူ သည် အမိဝမ်းတွင်း၌ နေရသော သူငယ်, ဖွါးသစ်စ သူငယ်၏ အစွမ်းအစ ဝတ္ထုများ အလွန် နုနယ်သော အခါပေတည်း။

ထိုပြဆိုအပ်ခဲ့သောအခါမျိုးမှာ အကြား အကြား ဆန္ဒါရိက ဝိထိတို့ ဖြစ်ကြသော်လည်း အများအားဖြင့် ဇောအကြိမ်ပြည့်စုံစွာမဖြစ်ကြလေ၊ ၎င်းမှာ နှစ်ကြိမ် သုံးကြိမ် သော်၎င်း ဇော ဖြစ်ပြန်လျှင်လည်း ဇော လေးကြိမ် ငါးကြိမ်သော်၎င်းဖြစ်တတ်လေသည်။

ငါးကြိမ်သော မရဏာသန္နဇောကို ပကတိ လူရိုးရိုး၏ အစွမ်းဖြင့် သာဆို၏၊ အထူးအားဖြင့်-အကြွင်ပုဂ္ဂိုလ်တို့သည် ဈာန်၏ အခြားမဲ့မှာ သော်၎င်း,ပစ္စဝေက္ခဏာ၏ အခြားမဲ့မှာသော်၎င်း,အဘိညာ၏အခြားမဲ့မှာသော်၎င်း, သေမှုလည်း သေတတ်ကြသေး၏၊ ပရိနိဗ္ဗာန်ပြုမှုလည်း ပြုဘတ်ကြ သေး၏။ ထိုပုဂ္ဂိုလ်မျိုးတို့၏ ဈာန်ဇော စသည်တို့ကား ငါး ကြိမ်ထက် အလွန်လည်း သို့မဟုတ် ငါးကြိမ်အောက် အယုတ်လည်း မရဏာသန္နဇောဖြစ်တတ်လေသေးသည်။

ယမိုက်ဗြာဒိုဟာဘပြုရာအချိန်။ ။ဘုရားမြတ်စွာ၏ တန်ခိုးပြာဋိဟာ ပြုရာ အချိန် မဟာ မောဂ္ဂလ္လာန်ထေရ် စသည်တို့၏ တန်ခိုးပြုရာအချိန်တို့မှာ လျင်လျင် မြန်မြန်ဖြစ်ရကား ပစ္စဝေက္ခဏာဇော ၄-ကြိမ် ၅-ကြိမ် စောသည်ဟု ဆိုကြ၏။ ဝိသုဒ္ဓိ

မဂ်၌-အထွတ် အထိပ်ရောက် ဝသိဘော်ကို မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာကို ပြုရာအချိန်၌၎င်း, ဘုရားမှ တပါးသူတို့၏ ဤသို့သောအခါမျိုးမှာ၎င်း, ရအပ်၏ဟု ဆို၏၊ ယမိုက်ပြာဋိဟာကို ပြုရာအချိန်မှ တပါးသော အချိန်၌ကား မြတ်စွာဘုရားအားသော်လည်း ပစ္စဝေက္ခဏာဇောခြောက်ကြိမ်, ခုနစ်ကြိမ် ဖြစ်၏၊ အခြား ပုဂ္ဂိုလ်တို့ အားကား ဆိုဘွယ်ရာ မရှိပါလေ။

မြတ်စွာဘုရား၏ လျင်မြန်စွာဖြစ်ရာ၌ ငါးကြိမ်, ထိုထက်လျင်မြန်စွာဖြစ်ရာ၌ လေးကြိမ်စော၏။ယမိုက်ပြာဋိဟာကို ပြုတော်မူသော မြတ်စွာဘုရားသည် မီး, ရေ, စသော ပြာဋိဟာ အစုံဖြစ်စေခြင်းငှါ ရှေးဦးစွာ တေဇော ကသိုဏ်း၌ ပါဒကဈာန်ကို ဝင်စား၏၊ ထိုနောက် ဈာန်အင်္ဂါနှစ်ပါးကို ဆင်ခြင်၏၊ အထက် ကိုယ်ပိုင်းမှ မီးစုကြီး ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန် ပြီးနောက် ထိုတေဇော ကသိုဏ်း၌သာ အဘိညာကို ဝင်စား၏၊ အဘိညာ၏ အစွမ်းဖြင့် အထက်ပိုင်း ကိုယ်မှ မီးစုကြီး ဖြစ်၏။

ထိုနောက်-အာပေါကသိုဏ်း၌ ပါဒကဈာန်ကိုဝင်စား၏၊ဈာန်အင်္ဂါနှစ်ပါးကို ဆင်ခြင်၏၊ အောက်ပိုင်း ကိုယ်မှ ရေအယဉ်တို့သည် ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန် ပြီးနောက် ထိုအာပေါ ကသိုဏ်း၌သာ အဘိညာကို ဝင်းစား၏၊ အဘိညာ၏ အစွမ်းဖြင့် အောက်ပိုင်း ကိုယ်မှ ရေအယှဉ်တို့သည်ဖြစ်ကုန်၏၊ ကြွင်းသောယမိုက်ပြာဋိဟာတို့၌လည်း နည်းတူ သိလေ။

ဤယမိုက်ပြာဋိဟာကို ပြုရာ၌ လျင်လျင် မြန်မြန် ဖြစ်ခြင်းကို လိုအပ်လေသောကြောင့် နှစ်ကြိမ် နှစ်ကြိမ်သော ပစ္စဝေက္ခဏာဝါရတို့သည် ဇော ၄-ကြိမ်, ဇော ၅-ကြိမ်နှင့် ယှဉ်ကြလေသည်၊ဇောဝါရ နှစ်ခုတို့ အကြား၌ ဘဝင်နှစ်ကြိမ်ဖြစ်၏၊ တန်ခိုးပြာဋိဟာ နှစ်ခုကို ကြည့်ရှုနေသူတို့၏ စိတ်မှာ အပြိုင် ဖြစ်နေသကဲ့သို့ ထင်ရလေသည်။ ဤသို့ထင်ရခြင်းမှာ အလျင်အမြန် ဖြစ်နေသည့် အတွက် ပြောင်းလွဲမှုကို မတွေ့မြင်နိုင်သောကြောင့်ပေတည်း။မီးစကို အလျင်အမြန်ဝှေ့ရမ်းသောအခါ မီးကခုနှင့်တခုစပ်ကာ မီးဝန်းမီးပိုင်းကြီး ထင်ရသကဲ့သို့ပင်တည်း။

အဒေါကန္တိကဇော။ ။ဘာဝနာအားထုတ်မှုပြီးစီးခြင်း၌ အစဦးဆုံး အားထုတ်သော ပုဂ္ဂိုလ်သည် အာဒိကမ္မိက ပုဂ္ဂိုလ်မည်၏။ ထိုပုဂ္ဂိုလ်အား အာဒိကမ္မိက အပ္ပနာဝီထိ၌မဟဂ္ဂုတ်ဇော တို့သည် နောက်ထပ် အာသေဝန ပစ္စည်းအထောက်အပံ့မရှိ၍ အားနည်း ကြသည့်အတွက် တကြိမ်သာ စောကြသည်၊ အဘိညာဇောများ သည် လည်း တန်ခိုးဖန်ဆင်းခြင်းစသော ဆိုင်ရာဆိုင်ရာကိစ္စ ပြီးသည့်နောက် တစုံတရာ ပြုဖွယ်ကိစ္စ မရှိသောကြောင့် အာဒိကမ္မိက အခါဘဲ ဖြစ်စေ, ဝသီဘူတ အခါဘဲဖြစ်စေ, အချင်းခပ်သိမ်း တကြိမ်သာ စောလေသည်။

မဂ်ဇော။ ။မဂ်ဇော လေးခုတို့ သည်လည်း အဘိညာ ဇောများ ကဲ့သို့ ဆိုင်ရာဆိုင်ရာ ကိလေသာပယ်ခြင်း ကိစ္စပြုပြီး သည်၏ နောက်ပိုင်း၌ ဆက်လက် ပြုလုပ်ဖွယ် ကိစ္စ မရှိသောကြောင့် တကြိမ်သာ စောလေသည်။ တနည်းအားဖြင့် မဂ်စေတနာမှာ မိမိဖြစ်ပြီး နောက် အကျိုးကပ်လျက် ပါရှိ၏၊ တကြိမ် ဖြစ်ပြီးလျှင် အကျိုးပေးခွင့် အလှည့်သို့ ရောက်သွား၏၊ သို့ဖြစ်၍ နောက်တကြိမ် ထပ်၍ ဖြစ်ခွင့် မရှိ ရကား တကြိမ်သာ စောလေသည်။

ဖိုလ်ဇော။ ။ဇောဖြစ်ရိုး ထုံးစံမှာ ခုနစ်ကြိမ် အတိုင်းအရှည်ရှိရာ ပညာနုံ့သော ပုဂ္ဂိုလ်မှာ ငါးကြိမ်မြောက်ဖြစ်သော မဂ်မှ နောက်၌ ဖိုလ်ဇော နှစ်ကြိမ်ကျ၏၊ ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ် မှာ လေးကြိမ်မြောက်ဖြစ်သော မဂ်မှနောက်၌ ဖိုလ်ဇောသုံးကြိမ်ကျ၏။ ထိုဖိုလ်ဇောနောက်၌ ဘဝင်ဆက်လက်ကျလေသည်။

မန္ဒပညာပုဂ္ဂိုလ်၏ အာဒိကမ္မိကမဂ်ဝီထိကား—

ဘွင်-ဘွင်-န-ဒ-မ-ပ-ဥ-အ-ဘူ-မဂ်-ဖိုလ်-ဖိုလ်-ဘွင်-ဘွင်

တိက္ခပညာပုဂ္ဂိုလ်၏ အာဒိကမ္မိကမဂ် ဝီထိကား—

ဘွင်-ဘွင်-န-ဒ-မ-ဥ-အ-ဘူ-မဂ်-ဖိုလ်-ဖိုလ်-ဖိုလ်-ဘွင်

နိရောဓသမာပတ္တိဇော။ ။စိတ်, စေတသိက် စိတ်ကြောင့်ဖြစ်သော ရုပ်တို့၏ ချုပ်ငြိမ်းအောင် ပြုလုပ်ခြင်းကို နိရောဓဟု ခေါ်၏။ ထိုနိရောဓကို ဝင်စားခြင်းကို နိရောဓ သမာပတ်ဟု ခေါ်၏။ နိရောဓ သမာပတ်ကို သမာပတ်ကိုးပါးအကုန်ရ၍ ကိလေသာ ခတ် အနည်းဆုံး ပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်လေသည်။ ပုဂ္ဂိုလ် ရွေး

ကောက် ရာမှာ ကာမ, ရူပ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်ကိုသာ ရွေးကောက် လေသည်။ အရူပ အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ် များကား သမာပတ်ကိုးပါးစလုံးမရ၍မဝင်စားနိုင်ကြ။ သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ကား ကိလေသာ အနုသယဓာတ်များသေး၍ မဝင်စားနိုင်ကြပေ။

နိရောဓ သမာပတ်ဝင်စားသောကာလ နေဝသညာနာသညာယတ အာရုပ္ပဈာန် ဇောနှစ်ကြိမ်ဖြစ်၏။ နှစ်ကြိမ်ဆိုသော စကားသည် အလွန်ဆိုခြင်းသာ ဖြစ်၏၊ စတုတ္ထ အာရုပ္ပ ဈာန်ဇော တကြိမ် လွန်၍ လည်း အစိတ္တက ဖြစ်သည်ဟု မိန့်ဆို၏။

စတုတ္ထ အာရုပ္ပ ဈာန်ဇောဟု သာမန်ဆို ပေမင့် အနာဂါမ် ဖြစ်မူ ကုသိုလ် ဈာန်ဇော, ရဟန္တာဖြစ်မူ ကြိယာဈာန်ဇောကိုဈ၊ ထိုနောက် စိတ်, စေတသိက်, စိတ္တဇရုပ်များ ချုပ်ခြင်းသို့ ရောက်သွား၏။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမ်ဖိုလ်,ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် တကြိမ်မျှဖြစ်၍ချုပ်ပြီးနောက် ဘဝင်ကျလေသည်။

သမာပတ္တိဇော။ ။သမာပတ္တိသည် ဈာနသမာပတ္တိ ဖလသမာပတ္တိဟု နှစ်မျိုးရှိ၏၊ဈာန်ဝင်စားသည်ကို ဈာနသမာပတ္တိခေါ်၏၊ ဖိုလ်ဝင်စားသည်ကို ဖလသမာပတ္တိခေါ်၏၊ ထို သမာပတ္တိဝိထိ၌ ဘဝင်အယဉ်များသဖွယ် ဈာန်ဇော, ဖိုလ်ဇောများကို သတ်မှတ်ချက်မရှိပေ၊ ဤဇောသတ်မှတ်ချက်မရှိဟူသောစကားကို စိဏ္ဏဝသီဘော်ရှိသော ကာလကို ရည်၍ ဆိုသည်။

အနီးကပ်ဆုံး ဖြစ်သော ရှေး ဘဝက ဈာန် ပရိကမ် မပြုဘူးသော ပုဂ္ဂိုလ်အား ဈာန်သမာပတ်၌ တဆင့်ကဆင့် ဈာန်ဇောများကို မြင့်တက်ပွါးများ သွားရ လေသည်။ (အစဦး ၂-ကြိမ်, နောက် ၃-ကြိမ်,နောက် ၄-ကြိမ် စသည်ဖြင့် ဈာန်ဇောများကို ပွါးတက်သွားလေဟု ဆိုလို၏)

အနီးကပ်ဆုံး ရှေးဘဝက ဈာန်ပရိကမ်ပြုဘူးသော ယောက်ျားမြတ်ဇာတ် ဝင်သူတို့ အားကား ရပြီး အချိန်မှ စ၍ လေ့လာ အပ်ပြီးသော ဝသီဘော်ရှိကြကုန်၏၊ ဖိုလ်ဇောတို့ သည်လည်း ဈာန်ဇောများ အတူ ဖလဈာန်ပုဂ္ဂိုလ်တို့အား စိဏ္ဏ ဝသီဘော်ဖြစ်ကြ ကုန်သည် သာတည်း။

ကာမဓာတ်သည် ဓာတ်ရိုး ဓာတ်စဉ် ၇-ကြိမ်၊ မဂ်ဓာတ်၊ အဘိညာဉ် ဓာတ်သည် ၁-ကြိမ်၊ သမာပတ် ဓာတ်ကား အကြိမ်ပေါင်း များစွာ စောကြ လေသည်။

ဓော သတ်မှတ်ချက် အဖွင့် ပြီး၏။

ပုဂ္ဂိုလ် အပြား

ပုဂ္ဂိုလ်သည်— ၁။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၊
၂။ သုဂတိအဟိတ် ပုဂ္ဂိုလ်၊
၃။ ဒွိဟိတ် ပုဂ္ဂိုလ်၊
၄။ တိဟိတ် ပုဂ္ဂိုလ်၊
၅။ သောတာပတ္တိမဂ် ပုဂ္ဂိုလ်၊
၆။ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်၊
၇။ သကဒါဂါမိမဂ် ပုဂ္ဂိုလ်၊
၈။ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၊
၉။ အနာဂါမိမဂ် ပုဂ္ဂိုလ်၊
၁၀။ အနာဂါမိဖိုလ် ပုဂ္ဂိုလ်၊
၁၁။ အရဟတ္တမဂ် ပုဂ္ဂိုလ်၊
၁၂။ အရဟတ္တဖိုလ် ပုဂ္ဂိုလ်ဟူ၍ ၁၂-ယောက် ရှိ၏။

စကြာဝဠာကမ္ဘာလောကဓာတ်ကြီးသည် မည်မျှကျယ်ကျယ်၊ သတ္တဝါ တွေလည်း ရေနေ, မြေနေ, ကောင်းကင်နေ အားဖြင့် ဘယ်လောက်ပင် များများ တူရာ တူရာ ပေါင်းရုံး ရေတွက်က ၁၂-ယောက်သာ ရှိလေ သည်၊ ထိုတွင် ပဋိသန္ဓေဝိညာဉ်စိတ်မှာ ဟိတ်မပါဘဲအပါယ်လေးဘုံမှာ ဖြစ်သူကို ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ ပဋိသန္ဓေဝိညာဉ်စိတ်မှာ ဟိတ်မပါဘဲ လူဘုံ,စတုမဟာရာဇ်ဘုံမှာဖြစ်သော ပုဂ္ဂိုလ်ကိုသုဂတိအဟိတ်ပုဂ္ဂိုလ်၊ ပဋိသန္ဓေဝိညာဉ်စိတ်မှာ ဟိတ်နှစ်ပါး ပါသူကို ဒွိဟိတ်ပုဂ္ဂိုလ် ပဋိသန္ဓေ ဝိညာဉ်စိတ်မှာ ဟိတ်သုံးပါး ပါသူကို တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်၏။

သောတာပတ္တိမဂ်ရရှိုက်ပုဂ္ဂိုလ်ကို သောတာပတ္တိမဂ်ပုဂ္ဂိုလ်,သောတာ ပတ္တိဖိုလ် ရဆဲ ပုဂ္ဂိုလ်ကို သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်, သကဒါဂါမိမဂ် ရဆဲ ပုဂ္ဂိုလ်ကို သကဒါဂါမိပုဂ္ဂိုလ်, ၎င်း ဖိုလ်ရဆဲ ပုဂ္ဂိုလ်ကို သကဒါ

ဂါမိဖိုလ်ပုဂ္ဂိုလ်, အနာဂါမိမဂ် ရဆဲ ပုဂ္ဂိုလ်ကို အနာဂါမိမဂ်ပုဂ္ဂိုလ်, ၎င်းဖိုလ် ရဆဲ ပုဂ္ဂိုလ်ကို အနာဂါမိဖိုလ် ပုဂ္ဂိုလ်, အရဟတ္တမဂ် ရဆဲ ပုဂ္ဂိုလ်ကို အရဟတ္တမဂ်ပုဂ္ဂိုလ်, ၎င်းဖိုလ်ရဆဲပုဂ္ဂိုလ်ကို အရဟတ္တဖိုလ် ပုဂ္ဂိုလ်ဟု ခေါ်၏။

မဂ်ပုဂ္ဂိုလ် ခေါ်သည်မှာ မဂ်စိတ္တက္ခဏ တချက် ဖြစ်နေခိုက်ကို ငဲ့၍ ခေါ်သည်။ မဂ်ပုဂ္ဂိုလ်ကား သေကောင်းသော ပုဂ္ဂိုလ်မျိုး မဟုတ်၊ မသေသော ပုဂ္ဂိုလ်လေးယောက် ဟူသည် မဂ်ပုဂ္ဂိုလ်ပင်တည်း။

ကာမဘုံ-ပုဂ္ဂိုလ်စိတ်ရ အဖွင့်

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်။ ။ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်သည် စိတ်ပေါင်း ၃၇-ပါး ရ၏။ ၃၇-ပါး ဟူသည်- အကုသိုလ်စိတ် ၁၂-ခု၊ ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်စိတ် ၁၇-ခု၊ မဟာကုသိုလ်စိတ် ၈-ခု အားဖြင့် ၃၇-ပါးဖြစ်၏။

သုဂတိအဟိတ် ပုဂ္ဂိုလ်။ ။သုဂတိအဟိတ်ပုဂ္ဂိုလ်မှာ အထက်ပါ ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ် စိတ်ရတွင် မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ခုထည့်၊ပေါင်း ၄၁-ပါးတည်း။

ဒွိဟိတ်ပုဂ္ဂိုလ်။ ။ဒွိဟိတ် ပုဂ္ဂိုလ်မှာအထက်ပါ ၄၁-ခုပင် ဖြစ်၏။

တိဟိတ်ပုထုဇဉ်သည် ဈာန်မရ,ဈာန်ရ နှစ်မျိုးရှိရာ ဈာန်မရ ပုဂ္ဂိုလ်မှာ အထက်ပါ ဒွိဟိတ်ရစိတ် ၄၁-ခုတွင် မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခု ထပ်ထည့်၍ ၄၅-ပါး ဖြစ်၏၊ ဈာန်ရပုဂ္ဂိုလ်မှာ မဟဂ္ဂုတ် ကုသိုလ် ဈာန် ၉-ခု ထပ်ထည့်၍ ၅၄-ပါး ဖြစ်၏။

ကာမ သောတာပန်မဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ်, ကာမသကဒါဂါမိမဂ် ပုဂ္ဂိုလ်,ဖိုလ်ပုဂ္ဂိုလ်တို့သည်လည်း ဈာန်မရ,ဈာန်ရ နှစ်မျိုးရှိရာ-ဈာန်မရ ပုဂ္ဂိုလ်မှာ အထက် ဈာန်မရ တိဟိတ်ပုဂ္ဂိုလ် ရသောစိတ် ၄၅-ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု အားဖြင့် နှစ်ရပ်ပေါင်း ၅-ခု နုတ်၊စိတ်ပေါင်း ၄၀-ကျန်၏၊၎င်း ၄၀-သော စိတ်၌ သောတာပတ္တိ မဂ် ပုဂ္ဂိုလ်မှာ မဂ် ထပ်ထည့် ၄၁-ခု၊ ဖိုလ် ပုဂ္ဂိုလ်မှာ မဂ်နုတ်၊ ဖိုလ်ထပ်ထည့် ၄၁-ခု၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်မှာ ၎င်း အထက်

ပါဠိတ် ၄၀-ခု တွင် သဒ္ဒါဂါမိ မဂ်ထပ်ထည့် ၄၁-ခု၊ ဖိုလ်ပုဂ္ဂိုလ်မှာ မဂ်နုတ် ဖိုလ်သည့် ၄၁-ခု ဖြစ်၏။

ဈာန်ရသောတာပန် မဂ်,ဖိုလ်၊ သကဒါဂါမိ ဈာန်ရ မဂ်,ဖိုလ် ပုဂ္ဂိုလ် ဖြစ်မှု မဟဂ္ဂုတ် ကုသိုလ်ဈာန် ၉-ပါး ထပ်ထည့် ၅၀-ဖြစ်၏။

အနာဂါမ်သည် မဂ်,ဖိုလ်ပုဂ္ဂိုလ်နှစ်မျိုး, ၎င်းလည်း ဈာန်မရ ဈာန်ရ နှစ်မျိုး။ ဈာန် မရ မဂ်ပုဂ္ဂိုလ်မှာ အကုသိုလ်စိတ် ၅-ခု (ဒိဋ္ဌိသမ္ပယုတ် ၄-ခု ဒေါသနွေး, ဝိစိကိစ္ဆာ ကြဉ်သည်) ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇-ခု၊ မဟာကုသိုလ် ၈-ခု၊ မဟာဝိပါက် ၈-ခု၊ အနာဂါမိမဂ် ၁-ခု အားဖြင့် ၃၉-ပါးဖြစ်၏။ ဖိုလ်ပုဂ္ဂိုလ်မှာ မဂ်နုတ် ဖိုလ်ထည့် ၃၉-ပါး ဖြစ်၏။ ဈာန်ရဖြစ်မှု မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉-ခုထပ်ထည့် ၄၈-ခုဖြစ်၏။

အရဟတ္တမဂ်ပုဂ္ဂိုလ်,၎င်းဖိုလ်ပုဂ္ဂိုလ်သည် ဈာန်မရ ဈာန်ရ နှစ်မျိုး ရှိရာ-ဈာန်မရ အရဟတ္တမဂ် ပုဂ္ဂိုလ်မှာ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇-ခု မဟာကုသိုလ်စိတ် ၈-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ အရဟတ္တမဂ် အားဖြင့် ၃၄-ပါးဖြစ်၏။ ဈာန်ရဖြစ်မှု မဟဂ္ဂုတ် ကုသိုလ်ဈာန် ၉-ပါး ထပ်ထည့် ၄၃-ပါးဖြစ်၏၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်မှာ အဟိတ်စိတ် ၁၈-ခု မဟာဝိပါက် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အရဟတ္တဖိုလ် ၁-ခု အားဖြင့် ၃၅-ပါးဖြစ်၏။ ဈာန်ရဖြစ်မှု မဟဂ္ဂုတ် ကြိယာဈာန် ၉-ပါး ထပ်ထည့် ၄၄-ပါးဖြစ်၏။

ရူပဘုံ-ပုဂ္ဂိုလ်စိတ်ရ

ရူပဘုံ၌-တိဟိတ်ပုထုဇဉ် ၁-ယောက်,အရိယာ ၈-ယောက် အားဖြင့် ပုဂ္ဂိုလ် ၉-ယောက်ရ၏၊ ထိုတွင်-တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်မှာ-ဒေါသနွေး ကြဉ် အကုသိုလ်စိတ် ၁၀-ခု၊ ဃာနဝိညာဉ်နွေး, ဇိဝှါဝိညာဉ်နွေး, ကာယဝိညာဉ်နွေး, ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်စိတ် ၁၁-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟဂ္ဂုတ် ကုသိုလ် ၉-ခု၊ ဆိုင်ရာရူပ ဝိပါက် ၁-ခု အားဖြင့် ပေါင်း ၃၉-ပါးဖြစ်၏။

သောတာပန်, သကဒါဂါမ်, အနာဂါမ် မဂ်, ဖိုလ် ပုဂ္ဂိုလ် တို့မှာ အထက်ပါစိတ် ၃၉-ပါးတွင် ဒိဋ္ဌိသမ္ပယုတ် ၄-ဝိစိကိစ္ဆာ ၁-အားဖြင့် ၅-ခု ထပ်ကြဉ်၊ ၃၄-ကျန်၏။ ၎င်းတွင် မဂ်ပုဂ္ဂိုလ်ဖြစ်မှု ဆိုင်ရာမဂ်စိတ် ကိုထည့်၊ ဖိုလ်ပုဂ္ဂိုလ်ဖြစ်မှု ဆိုင်ရာ ဖိုလ်စိတ်ကိုထည့် ၃၅-ဖြစ်၏။

အရဟတ္တ မဂ်ပုဂ္ဂိုလ်မှာ ဃာနွေး,ဇိနွေး,ကာနွေး, ဟသိတုပ္ပါဒ်ကြည် အဟိတ်စိတ် ၁၁-ခု မဟာကုသိုလ်စိတ် ၈-ခု မဟဂ္ဂုတ်ကုသိုလ် ၉-ခု ဆိုင်ရာ ရူပ ဝိပါက်စိတ် ၁-ခု အရဟတ္တမဂ် ၁-ခု ပေါင်း ၃၀-ဖြစ်၏။

အရဟတ္တဖိုလ်ပုဂ္ဂိုလ်မှာ ဃာနွေး,ဇိနွေး,ကာနွေးကြည် အဟိတ်စိတ် ၁၂-ခု မဟာကြိယာစိတ် ၈-ခု မဟဂ္ဂုတ် ကြိယာ ၉-ခု၊ ဆိုင်ရာ ရူပ ဝိပါက် ၁-ခု၊အဟတ္တဖိုလ်စိတ် ၁-ခု အားဖြင့် ပေါင်း ၃၁-ခု ဖြစ်၏။

အရူပါဝစရဘုံ-ပုဂ္ဂိုလ် စိတ်ရ

အရူပဘုံမှာ-တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်, သောတာပတ္တိ မဂ်ပုဂ္ဂိုလ်ကြည်သော အရိယာ ၇-ယောက် အားဖြင့် ၈-ယောက် ရ၏။ ထိုတွင်-တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်မှာ ဒေါသွေးကြည် အကုသိုလ် ၁၀-ခု၊ မဟာ ကုသိုလ် ၈-ခု၊ မနောဒွါရာဝဇ္ဇန်း ၁-ခု၊ အရူပ ကုသိုလ် ၄-ခု၊ ဆိုင်ရာ ပဋိသန္ဓေစိတ် ၁-ခု အားဖြင့် ၂၄-ပါး ဖြစ်၏။

သောတာပတ္တိဖိုလ်,သကဒါဂါမိမဂ်,သကဒါဂါမိဖိုလ်,အနာဂါမိမဂ်, အနာဂါမိဖိုလ် ပုဂ္ဂိုလ်တို့မှာ ဒိဋ္ဌိသမ္ပယုတ် ၄-ခု၊ဒေါ ၂-ခု၊ဝိစိကိစ္ဆာ-၁ ကြည်သော အကုသိုလ်စိတ် ၅-ခု၊ မနောဒွါရာဝဇ္ဇန်း မဟာ ကုသိုလ် ၈-ခု၊ အရူပ ကုသိုလ် ၄-ခု၊ ဆိုင်ရာ ပဋိသန္ဓေ ဝိပါက် ၁ ခု၊ ဆိုင်ရာ မဂ် နှင့် ဖိုလ် ၁-ခု ပေါင်း ၂၀-ဖြစ်၏။

အရဟတ္တမဂ် ပုဂ္ဂိုလ်မှာ မနောဒွါရာဝဇ္ဇန်း ၁-ခု၊ မဟာ ကုသိုလ် ၈-ခု၊ အရူပ ကုသိုလ် ၄-ခု၊ ဆိုင်ရာ အရူပ ဝိပါက် ၁-ခု၊ အရဟတ္တမဂ် ၁-ခု အားဖြင့် ၁၅-ခု ဖြစ်၏။

အရဟတ္တဖိုလ်ပုဂ္ဂိုလ်မှာ မနောဒွါရာဝဇ္ဇန်း ၁-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အရူပ ကြိယာ ၄-ခု၊ ဆိုင်ရာ အရူပဝိပါက် ၁-ခု၊ အရဟတ္တဖိုလ် စိတ် ၁-ခု အားဖြင့် ပေါင်း ၁၅-ဖြစ်၏။

အချုပ်အားဖြင့်—ကာမဘုံ၌ ပုဂ္ဂိုလ် ၁၂-ယောက် ရ၏။

၁။	ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်မှာ စိတ်ပေါင်း	၃၇-ခု၊
၂-၃။	သုဂတိအဟိတ် နှင့် ဒွိဟိတ်	၄၁-ခု၊
၄။	တိဟိတ်ပုထုဇဉ် ဈာန်မရ ၄၅၊ ၎င်း ဈာန်ရ	၅၄-ခု၊
၅။	သောတာပတ္တိမဂ် ဈာန်မရ ၄၁၊ ၎င်း ဈာန်ရ	၅၀-ခု၊

၆။ သောတာပတ္တိဖိုလ် ဈာန်မရ ၄၁၊ ရင်း ဈာန်ရ ၅၀-ခု၊
၇။ သကဒါဂါမိမဂ် ဈာန်မရ ၄၁၊ ရင်း ဈာန်ရ ၅၀-ခု၊
၈။ သကဒါဂါမိဖိုလ် ဈာန်မရ ၄၁၊ ရင်း ဈာန်ရ ၅၀-ခု၊
၉။ အနာဂါမိမဂ် ဈာန်မရ ၃၉၊ ရင်း ဈာန်ရ ၄၈-ခု၊
၁၀။ အနာဂါမိဖိုလ် ဈာန်မရ ၃၉၊ ရင်း ဈာန်ရ ၄၈-ခု၊
၁၁။ အရဟတ္တမဂ် ဈာန်မရ ၃၄၊ ရင်း ဈာန်ရ ၄၃-ခု၊
၁၂။ အရဟတ္တဖိုလ် ဈာန်မရ ၃၅၊ ရင်း ဈာန်ရ ၄၄-ခု
သော စိတ် ဖြစ်၏။

ရူပဘုံ၌ တိဟိတ်ပုထုဇဉ် ၁-ယောက်,အရိယာ ၈-ယောက်အားဖြင့် ပုဂ္ဂိုလ် ၉-ယောက် ဖြစ်၏။

၁။ တိဟိတ်ပုထုဇဉ် ၃၉-ခု၊
၂။ သောတာပတ္တိမဂ် ၃၅-ခု၊
၃။ သောတာပတ္တိဖိုလ် ၃၅-ခု၊
၄။ သကဒါဂါမိမဂ် ၃၅-ခု၊
၅။ သကဒါဂါမိဖိုလ် ၃၅-ခု၊
၆။ အနာဂါမိမဂ် ၃၅-ခု၊
၇။ အနာဂါမိဖိုလ် ၃၅-ခု၊
၈။ အရဟတ္တမဂ် ၃၀-ခု၊
၉။ အဟတ္တဖိုလ် ပုဂ္ဂိုလ်မှာ စိတ်ပေါင်း ၃၁-ခု ဖြစ်၏။

အရူပဘုံ၌ တိဟိတ်ပုထုဇဉ် ၁-ယောက်, သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကြဉ်သော အရိယာ ၇-ယောက် အားဖြင့် ပုဂ္ဂိုလ် ၈-ယောက် ဖြစ်၏။

၁။ တိဟိတ် ပုထုဇဉ်မှာ စိတ်ပေါင်း ၄၂-ခု၊
၂။ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်မှာ ၂၀-ခု၊
၃။ သကဒါဂါမိမဂ် ပုဂ္ဂိုလ်မှာ ၂၀-ခု၊
၄။ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်မှာ ၂၀-ခု၊
၅။ အနာဂါမိမဂ် ပုဂ္ဂိုလ်မှာ ၂၀-ခု၊
၆။ အနာဂါမိဖိုလ် ပုဂ္ဂိုလ်မှာ ၂၀-ခု၊
၇။ အရဟတ္တမဂ် ပုဂ္ဂိုလ်မှာ ၁၅-ခု၊
၈။ အရဟတ္တဖိုလ် ပုဂ္ဂိုလ်တို့မှာ စိတ်ပေါင်း ၁၅-ခု ဖြစ်၏။

ဘုံ-ပုဂ္ဂိုလ်ရ အဖွင့်

ဘုံ, ပုဂ္ဂိုလ်ရ မှတ်ဘွယ် လင်္ကာ

အပါယ်လေးခွင်၊ တယောက်ပင်၊ လူတွင်စတု၊ ဆဲ့တစ်ရှု၊ ငါးစုနတ်ရွာ၊ ဆယ်ယောက်လာ၊ ဝေဟာတိုင်ရုံ၊ ရူ-ဆယ်ဘုံ၊ကောက်တုံ ကိုးယောက်၊ ထို့နောက် အသညာ၊တဦးသာ၊ငါးဖြာသုဒ္ဓါ၊ သုံးယောက်ရ၊ အရူပဝယ်၊ရှစ်ယောက်သွယ်၊ ဘုံဝယ်မြောက်ပွါး၊ ပုဂ္ဂိုလ်ပြား၊ မှတ်သား ဝါကျရာ (၂၁၄-ယောက်ဟူ၏)

အပါယ် တဘုံ, တဘုံတွင် ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ် ၁-ယောက်၊ အပါယ် လေးဘုံဖြစ်၍ ၄-နှင့် မြှောက်၊ ၄-ယောက်။

လူ့ဘုံမှာ	၁၀-ယောက်	(ဒုဂ္ဂတိကြည့်)
စတုမဟာရာဇ်နတ်ဘုံမှာ	၁၀-ယောက်	(ဒုဂ္ဂတိကြည့်)
တာဝတိံသာ	၁၀-ယောက်	(ဒု-သု-ကြည့်)
ယာမာ	၁၀-ယောက်	
တုသိတာ	၁၀-ယောက်	
နိမ္မာနရတိ	၁၀-ယောက်	
*ပရနိမ္မိတ ဝသဝတ္တိ	၁၀-ယောက်	

ဤသို့အားဖြင့် ကာမ ၁၁-ဘုံ၌ရသော ပုဂ္ဂိုလ်ပေါင်း ၇၆-ယောက် ဖြစ်၏။

ပဌမဈာန် သုံးဘုံ၊ တဘုံ ၉-ယောက်စီ ဖြစ်၍	၂၇၊
ဒုတိယဈာန် သုံးဘုံ၊ တဘုံ ၉-ယောက် ဖြစ်၍	၂၇၊
တတိယဈာန် သုံးဘုံ၊ တဘုံ ၉-ယောက် ဖြစ်၍	၂၇၊
ဝေဟပ္ဖိုလ်	၉၊
အသညသတ်	၁၊
သုဒ္ဓါဝါသ ငါးဘုံ ၃-ယောက်စီ	၁၅-ယောက်၊

ဤသို့အားဖြင့် ရူပ ၁၆-ဘုံ၌ ရသော ပုဂ္ဂိုလ်ပေါင်း ၁၀၆-ယောက် ဖြစ်၏။

အရူပ လေးဘုံတွင် တဘုံ တဘုံ ၈-ယောက်စီ ရှိ၍ ၃၂-ယောက် ဖြစ်၏။

ပုဂ္ဂိုလ် အားလုံးကို ပေါင်းလိုက်သော်—

ကာမဘုံ	၇၆–ယောက်၊
ရူပဘုံ	၁၀၆–ယောက်၊
အရူပဘုံ	၃၂–ယောက်၊
ပေါင်း	၂၁၄–ယောက် ဖြစ်၏။

ပုဂ္ဂိုလ်၏ စိတ်ရ-မရ အဖွင့်

အချုပ် အားဖြင့် ပုဂ္ဂိုလ် ၁၂–ယောက် ရှိသည်တွင် ဒွိဟိတ်ပုဂ္ဂိုလ်နှင့် အဟိတ်ပုဂ္ဂိုလ်တို့သည် ကြိယာဇောနှင့်အဘိညာဇောများကို မရကြ၊ အကြောင်း သော်ကား— ကြိယာ ဇောတို့သည် ရဟန္တာ ပုဂ္ဂိုလ်တို့ သန္တာန်မှာသာ ဖြစ်သော ဇောများ ဖြစ်သည်၊ ပုထုဇဉ်တို့နှင့် မဆိုင်။

အပ္ပနာ ဇောများကို မူကား— မိမိတို့ ပဋိသန္ဓေ စိတ်က တားမြစ် ထားသည့် အတွက် မရနိုင်ကြလေ။

မှတ်ချက်။ ။အဟိတ် ပဋိသန္ဓေနှင့် ဒွိဟိတ်ပဋိသန္ဓေကို ဝိပါကာဝရဏဟု ခေါ်၏။

ထိုဒွိဟိတ်၊ အဟိတ်နှစ်ဦးတို့သည် သုဂတိဘုံ၌ အကျုံးဝင်၍ ဖြစ်စေကာမူ ဉာဏသမ္ပယုတ် ဝိပါက်တို့ကိုလည်း မရကြလေ။

ဒုဂ္ဂတိဘုံ၌ အကျုံးဝင်သော ပုဂ္ဂိုလ်တို့သည်ကား—ဉာဏဝိပ္ပယုတ် မဟာဝိပါက် တို့ကိုလည်း မရကြပေ။

တိဟိတ်ပုဂ္ဂိုလ် များတွင်လည်း ရဟန္တာပုဂ္ဂိုလ် တို့သည် ကုသိုလ် ဇော၊ အကုသိုလ် ဇောကို မရကြ။

အကြောင်း သော်ကား— အနုသယကို ပယ်ခြင်းနှင့် တကွ ကုသိုလ် အကုသိုလ် တို့ ချုပ်ငြိမ်းသောကြောင့် ပင်တည်း။

ကုသိုလ် အကုသိုလ် တို့၏ ဖြစ်ခြင်းသည် အနုသယ နှင့် စပ်၏၊ အနုသယ ချုပ်လျှင် ကုသိုလ် အကုသိုလ် ချုပ်လေတော့သည်။

ကြိယာဇောစိတ်တို့သည် ရဟန္တာပုဂ္ဂိုလ်၏ သီးခြားပိုင်ဆိုင်သော စိတ်ဖြစ်၍ သေက္ခပုဂ္ဂိုလ် နှင့် ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ကြိယာဇောကို မရကြပေ။

ဒိဋ္ဌိဂတ သမ္ပယုတ်စော လေးခု နှင့် ဝိစိကိစ္ဆာ စောတို့ကိုလည်း သေက္ခ ပုဂ္ဂိုလ်တို့သည် ပယ်ပြီးဖြစ်၍ မရကြလေ။

အနာဂါမ်ပုဂ္ဂိုလ်မှာ ဒေါသစောကိုလည်းမရ၊ ကြည်ပယ်ပြီးဖြစ်သည်။

မဂ်ပုဂ္ဂိုလ် များသည် မိမိ ဆိုင်ရာ မဂ်စော များကို, ဖိုလ် ပုဂ္ဂိုလ် များသည် မိမိဆိုင်ရာ ဖိုလ်စောများကို ရကြလေသည်။

ဥပမာ—သောတာပတ္တိမဂ် ပုဂ္ဂိုလ်ဖြစ်လျှင် သောတာပတ္တိမဂ်စောကို, သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ဖြစ်လျှင် သောတာပတ္တိ ဖိုလ်စောကို ရကြ၏၊ ကြွင်း ပုဂ္ဂိုလ်တို့၌လည်း နည်းတူသိ။

ရဟန္တာ ပုဂ္ဂိုလ်အား အပေါင်း အားဖြင့် ဝိထိစိတ် ၄၄-ပါး ဖြစ်၏။

၄၄-ပါး ဟူသည်—

အဟိတ်စိတ်	၁၈—း
မဟာဝိပါက်စိတ်	၈—ခု၊
မဟာကြိယာစိတ်	၈—ခု၊
မဟဂ္ဂုတ်ကြိယာ	၉—ခု၊
အရဟတ္တဖိုလ်	၁—ခု၊

အားဖြင့် စိတ်ပေါင်း ၄၄—ခု ဖြစ်၏။

သေက္ခ ပုဂ္ဂိုလ်တို့အား အပေါင်း အားဖြင့် စိတ် ၅၆-ပါး ဖြစ်၏။

၅၆-ပါး ဟူသည်—

အကုသိုလ်	၇-ခု၊	(ဒိဋ္ဌိသမ္ပယုတ်-၄၊ ဝိစိကိစ္ဆာ ၁-ကြည်)
အဟိတ်စိတ်	၁၇-ခု၊	(ဟသိတုပ္ပါဒ်ကြည်)
မဟာကုသိုလ်	၈-ခု၊	
မဟာဝိပါက်	၈-ခု၊	

မဟဂ္ဂုတ်ကုသိုလ်	၉-ခု၊
လောကုတ္တရာ	၇-ခု၊ (အရဟတ္တဖိုလ်ကြဉ်)

အားဖြင့် စိတ်ပေါင်း ၅၆-ဖြစ်၏။

ပုဂ္ဂိုလ်စိတ်ရ ဆိုရာ အပိုင်း ပြီး၏။

ဘုံ-ဝိထိစိတ်ရ အဖွင့်

ကာမဘုံ၌ ဝိထိစိတ်ပေါင်း ၈၀-ရှိ၏၊ စိတ်ပေါင်း ၈၉-ခုတွင် မဟဂ္ဂုတ်ဝိပါက် ၉-ခုကို နှုတ်ပါလေ။

ရူပဘုံ၌ ဝိထိစိတ်ပေါင်း ၆၄-ပါး ဖြစ်၏။

၆၄-ပါးဟူသည်—

အကုသိုလ်စိတ်	၁၀-ခု၊ (ဒေါနှစ်ကြဉ်)
အဟိတ်စိတ်	၁၂-ခု၊ (ဃာ,ဇိ,ကာ,နှစ်ကြဉ်)
မဟာကုသိုလ်	၈-ခု၊
မဟာကြိယာ	၈-ခု၊
မဟဂ္ဂုတ်ကုသိုလ်	၉-ခု၊
မဟဂ္ဂုတ်ကြိယာ	၉-ခု၊
လောကုတ္တရာ	၈-ခု၊

အားဖြင့် စိတ်ပေါင်း ၆၄-ခု ဖြစ်၏။

အရူပဘုံ၌ ဝိထိစိတ်ပေါင်း ၄၂-ခု ဖြစ်၏။

၄၂-ခု ဟူသည်—

အကုသိုလ်စိတ်	၁၀-ခု၊ (ဒေါနှစ်ကြဉ်)
မနောဒွါရာဝဇ္ဇန်း	၁-ခု၊
မဟာကုသိုလ်	၈-ခု၊

မဟာကြိယာ	၈-ခု၊
အရူပကုသိုလ်	၄-ခု၊
အရူပကြိယာ	၄-ခု၊
လောကုတ္တရာ	၇-ခု (သောတာပတ္တိမဂ်ကြဉ်)
အားဖြင့် စိတ်ပေါင်း	၄၂-ခု ဖြစ်၏။

ဤဆိုအပ်ခဲ့ ပြီးသော အတိုင်း ဒွါရခြောက်ပါး၌ စိတ်ဖြစ်ခြင်းသည် ဘုံအလိုက်, ပုဂ္ဂိုလ်အလိုက်, ဒွါရအလိုက်, အာရုံအလိုက်, ထိုက်သင့်သလို ဘဝင်တွေ ခြားကာ, ခြားကာဖြစ်ရာဘဝမှာ ဘာဝနိကန္တိဝိထိစိတ်ဖြစ်သော အချိန်မှ စ၍ အသက် ရှည်သမျှ ကာလ ပတ်လုံး နိရောဓသမာပတ် ဝင်စားမှု မရှိပါက မပြတ်မလပ် ဖြစ်နေကြ လေသည်။

ဝိထိပိုင်း-သဘောပြ ပြီး၏။

ဝိသိပိုင်း-လေ့ကျင့်ခန်း (၂)

၁။ ဈာန-အနိဋ္ဌ, အတိ ဈာန အာရုံ တို့၌ ဖြစ်သင့်သော စိတ်အစဉ်ကို ဖေါ်ပြ၍၊ " ဝိပါက်အမှန် ဇောအပြန် " ဟူသော စကား၏ သဘာဝကို ဥပမာပြ၍ ဖြေပါ။

၂။ အတိဣဋ္ဌပေန (ပ) ဟော၌,တိုင်အောင်သောစကားရပ်ဖြင့်ပင်,လိုအပ်သော အနက်သည် ပြီးသင့်ပါလျက်- အဘယ့်ကြောင့်, တဏ္ဌာဝိ-စသော စကားကို ဆိုရပါသနည်း-အကြောင်းသွင်း၍ ရှင်းပါ။

၃။ ကြိယာဇော,တို့နောင် တဒါရုံ ဖြစ်သင့်မဖြစ်သင့် အကြောင်းထောက်ချင့်၍ ဖြေပါ။

၄။ အာဂန္တုကဘဝင်ဖြစ်ထိုက်သော စိတ်ကိုညွှန်း၍မည်သည့် ဇောစိတ်နောင် မည်သည့်ဘဝင်,ဖြစ်ထိုက်သည်ကိုလည်း,အသီးသီးခွဲခြားဖြေဆိုပါ။

၅။ တဒါရုံကျခြင်း၏ အင်္ဂါကိုထုတ်ပြ၍, တဒါရုံကျမှသာ ဝိဘူတာရုံ-အတိ မဟန္တာရုံ-ဟု မှတ်ရမည်လော-ရှင်းလင်းစွာဖြေဆိုခဲ့ပါ။

၆။ ဇော ၇-ကြိမ် ၆, ၅, ၄,၃, ၂, ၁, ကြိမ်စောရာ ကာလများကို စေ့စုံစွာ ထုတ်ပြပါ။

၇။ ယမိုက်ပြာဋိဟာ-ကို ပြတော်မူသော မြတ်စွာဘုရား၏ ဝင်စားပုံအစီအစဉ် ကို သိသမျှ ရေးသားခဲ့ပါ။

၈။ နိရောဓ သမာပတ် ဝင်စားခြင်း - ဟူသည် အဘယ်နည်း၊ ထိုနိရောဓ သမာပတ် ဝင်စား နိုင်သော ပုဂ္ဂိုလ်နှင့် မဝင်စား နိုင်သော ပုဂ္ဂိုလ်တို့ကို အကြောင်းပြ၍ ဖြေခဲ့ပါ။

၉။ စကြာဝဠာ,ကမ္ဘာလောကဓာတ်ကြီး အတွင်း, မှီတင်း နေထိုင်ကြသော သတ္တဝါများကို ပေါင်းရုံးရေတွက်လိုက်ပါက မည်မျှရှိသနည်း၊အသီးသီး ရေတွက်ဖေါ်ပြပါ။

၁၀။ အောက်ပါတို့၏ သဘောသွားကို အသီးသီး ဖေါ်ပြပါ။

(က) ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၊
(ခ) သုဂတိအဟိတ် ပုဂ္ဂိုလ်၊
(ဂ) ဒွိဟိတ် ပုဂ္ဂိုလ်၊
(ဃ) တိဟိတ်ပုဂ္ဂိုလ်၊

၁၁။ ဈာန်ရ,မရ တိဟိတ်ပုထုဇန် ပုဂ္ဂိုလ်တို့၌ ရသင့်သော စိတ်တို့ကို အသီးသီး ရေတွက်ပြပါ။

၁၂။ ပုဂ္ဂိုလ် ၁၂-ယောက်ကို ဘုံအားဖြင့် ဝေဘန်ပြီးလျှင် (ပုဂ္ဂိုလ်အပြား-ဝါ ကရား) အရ သင်္ချာ သရုပ်မှု ထုတ်ပြပါ။

၁၃။ ဒွိဟိတ်ပုဂ္ဂိုလ်,နှင့် အဟိတ်ပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် ကြိယာဇော အပ္ပနာဇောတို့ကိုမရကြပါသနည်း အကြောင်းသွင်း၍ ရှင်းခဲ့ပါ။

၁၄။ ဝိပါကာဝရဏ-ဟူသည် အဘယ်နည်း တိဟိတ် ပုဂ္ဂိုလ်များတွင်လည်း ရဟန္တာပုဂ္ဂိုလ်တို့သည် ကုသိုလ် အကုသိုလ်ဇောတို့ကို အဘယ့်ကြောင့်မရ ကြပါသနည်း ဖြေဆိုခဲ့ပါ။

၁၅။ ကာမ,ရူပ,အရူပ,ဘုံတို့၌ ရသင့်သော ဝီထိ စိတ်တို့ကို အသီးသီးရေတွက် ပြခဲ့ပါ။

ဝိထိ မုတ်ပိုင်း အဖွင့်

ဝိထိစိတ်၏ အစွမ်းအားဖြင့် ပဝတ္တိအခါ၌ ပဝတ္တိသင်္ဂဟကို ပြဆိုပြီး၍ ပဋိသန္ဓေ အခါ၊ ပဝတ္တိ သင်္ဂဟကို ပြခြင်းငှါ စတဘေဿ ဘူမိယော စသည်ကို ဆို၏။

ဆိုရင်း အချုပ်မှာ။ ။ဝိထိ သင်္ဂဟကား- ပဝတ္တိ ပဝတ္တိ သင်္ဂဟ ဖြစ်၏၊ ဤဝိထိမုတ်ပိုင်းကား-ပဋိသန္ဓိ ပဝတ္တိ သင်္ဂဟ ဖြစ်၏။

ဘုံ လေးပါး, ပဋိသန္ဓေ လေးပါး, ကံ လေးပါး, မရဏုပ္ပတ္တိ လေးပါး ဟူ၍ ဝိထိမုတ္တ သင်္ဂဟ၌ စတုက္က လေးပါးကို သိအပ်၏။

ဘူမိ စတုက္က

ထို စတုက္က လေးပါးတွင် ဘုံ လေးပါး ဟူသည် အပါယ်ဘုံ, ကာမ သုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ ဟူ၍ လေးပါးတည်း။

ဘူမိ။ ။ဘုံ-ဟူသည် သတ္တဝါ, သင်္ခါရ တို့၏ ဖြစ်ရာတည်း၊ သတ္တလောက, သင်္ခါရလောက, ဩကာသလောက ဟု သုံးမျိုး ရှိရာ သတ္တလောက, သင်္ခါရလောက နှစ်ပါး တို့၏ ဖြစ်ရာ ဩကာသ လောကကို ဘုံ-ဟု ဆို၏။

အပါယ်ဘုံ။ ။ချမ်းသာမှု, ချမ်းသာခြင်း အကြောင်း အပေါင်း များကို အယ ဟု ဆို၏၊ အများအားဖြင့် ထိုချမ်းသာ, ချမ်းသာခြင်း၏ အကြောင်းမှ ကင်းရာ ဖြစ်သော ဘုံသည် အပါယ်ဘုံ မည်၏။

ကာမသုဂတိဘုံ။ ။ရုန့်ရင်း ကြမ်းထမ်းသော ကာမရာဂဖြင့် အလို ရှိအပ်သည် ဖြစ်၍ သတ္တဝါတို့ ကပ်ရောက်ရာ ဖြစ်သော ဘုံသည် ကာမသုဂတိဘုံ မည်၏။

ရူပါဝစရဘုံ။ ။ရူပတဏှာ ဖြစ်ပွါးရာ ဖြစ်သော ဘုံသည် ရူပါ စရဘုံ မည်၏။

အရူပါဝစရဘုံ။ ။အရူပတဏှာ ဖြစ်ပွါးရာ ဖြစ်သော ဘုံသည် အရူပါဝစရဘုံ မည်၏။

လ် ဘုံမှားတွင် အပါယ်ဘုံသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟူ၍ လေးမျိုး ရှိ၏။

နိရယ။ ။ချမ်းသာခြင်းနှင့် ချမ်းသာခြင်း၏ အကြောင်း ကင်းရာ ဖြစ်သော ဘုံသည် နိရယ (ငရဲ) ဘုံ မည်၏၊ (တနည်း) ဒုက္ခ ရောက်သော သတ္တဝါတို့ အမြဲတမ်း တုန်လှုပ်ရာ ဌာန ဖြစ်သော ကြောင့် နိရယ (ငရဲ) မည်၏။

ထိုငရဲသည် သဉ္ဇီဝငရဲ, ကာလသုတ်ငရဲ, သင်္ဃာတငရဲ, ရောရုဝငရဲ, မဟာရောရုဝ ငရဲ, တာပန ငရဲ, မဟာ တာပန ငရဲ, အဝီစိ ငရဲ-ဟု ရှစ်မျိုး ရှိ၏။

ထိုငရဲကြီး ရှစ်ထပ်တွင် တခုတခုသော ငရဲမှာ တံခါးကြီး လေးခု ရှိ၏၊ မျက်နှာ တခု တခုမှာ ဘင်ပုပ် ငရဲ, ပြာပူ ငရဲ, လက်ပံပင် ငရဲ, သံလျက်ရွက်တောငရဲ-ဟု ဥဿဒငရဲ လေးလုံးစီ ဖြစ်၍ ငရဲကြီး တထပ် လျှင် ငရဲငယ် ၁၆-လုံး၊ ငရဲကြီး ရှစ်ထပ်မှာ ၁၂၀-လုံးရှိ၏၊ ဤကား-ဒေဝဒူတသုတ် အဋ္ဌကထာ စသည် လာပုံတည်း။

လောကပညတ္တိကျမ်း၌ကား-မီးရည်, သံရည်, ပြာပူ, ရေပူ, ကြေးနီ, ဘင်ပုပ်, လက်ပံပင်, ကြိမ်ပိုက်ချောင်း အားဖြင့် တမျက်နှာ တမျက်နှာ၌ ရှစ်လုံးစီ ဖြစ်၍ ငရဲကြီး တထပ်လျှင် သုံးဆဲ့နှစ်လုံး၊ ငရဲကြီး ရှစ်ထပ်မှာ ဥဿဒ ငရဲငယ် ၂၅၆-လုံး ရှိ၏ ဟု ဆို၏။

သဉ္ဇီဝ။ ။သေသော်လည်း ကံ၏အကျိုးကို ခံစားဘို့ရန် ထပ်တလဲလဲ အသက်ပြန်လည် ရှင်နေရာငရဲသည် သဉ္ဇိုးငရဲ မည်၏၊ ငရဲ၌ ခံရမည့်ကံ မကုန်သေးသမျှကာလပတ်လုံး သေလိုက် ရှင်လိုက် ဖြစ်ကာ ခံနေရသော ငရဲပေတည်း။

ကာလသုတ်။ ။ငရဲ ခံရသော သူတို့၏ ခန္ဓာကိုယ်ကို လက်သမား တို့၏ တမျဉ်းချည်ကြိုးဖြင့် အမှတ်အသား ပြုလျက် ရွေ့ရာဖြစ်သော ငရဲသည် ကာလသုတ်ငရဲ မည်၏၊ လက်သမားတို့သည် သစ်လုံးကို တမျဉ်းချည်ကြိုးဖြင့် မျဉ်းရိုက်၍ ရွေသကဲ့သို့ ငရဲသားတို့၏ ခန္ဓာကိုယ်ကို မျဉ်းရိုက်ရွေရာ ဌာနပေတည်း၊ ငရဲခံရမည့် အကုသိုလ်ကံ မကုန်သေးသမျှ ရွေလိုက်, သေလိုက်, ရှင်လိုက်နှင့် အဆက်မပြတ် ခံနေ ရမည် ဖြစ်၏။

သင်္ဃာတ။ ။ထက်ဝန်းကျင် အရပ် လေးမျက်နှာမှ လိမ့်၍ လိမ့်၍ လာသော သံတောင်ကြီး တို့ဖြင့် ကြိတ် ချေ သတ် ဖြတ်ရာ ငရဲသည် သင်္ဃာတ ငရဲ မည်၏၊ လမ်းလျှိမ့် သံတုံးကြီးဖြင့် ကျောက်ခဲ များကို ကြိတ်ချေ သကဲ့သို့ ပင်တည်း။

ရောရုဝ။ ။ပြင်းပြင်းထန်ထန် ဆင်းရဲသံဖြင့် အော်မြည်ရာဌာနသည် ရောရုဝ ငရဲ မည်၏၊ ထိုငရဲမှာ သွေးလျှံတွေ ပြည့်လျက်ရှိ၏၊ ညှံ့ဦးပန်းမှု ပြင်းထန် သဖြင့် အသံ မစဲအောင် အော်မြည်လျက် ခံကြရ၏။

မဟာရောရုဝ။ ။ရောရုဝ ငရဲထက်ပင် ပိုမို ပြင်းထန်သဖြင့် ကျယ်လောင်စွာ အော်ဟစ်လျက် ဆင်းရဲ ခံရသော ငရဲသည် မဟာရောရုဝ ငရဲ မည်၏။

တာပန။ ။မတုန် မလှုပ် နိုင်သော သတ္တဝါ တို့ကို ပြင်းစွာ ပူစေတတ်သော ငရဲသည် တာပန ငရဲ မည်၏။

မဟာတာပန။ ။တာပန ငရဲထက်ပင် ပိုမိုပြင်းစွာ ပူစေတတ်သော ငရဲသည် မဟာ တာပန ငရဲ မည်၏။

အဝီစိ။ ။ငရဲသား တို့၏၎င်း, ဆင်းရဲ တို့၏၎င်း, မီးလျှံ တို့၏၎င်း အကြား အပေါက် မရှိရာ ဖြစ်သော ငရဲသည် အဝီစိ ငရဲ မည်၏။

ငရဲကြီး ၈စ်ထပ်တွင် တခုနှင့် တခု အကွာ အဝေးကား- ယူဇနာ ပေါင်း ၁၅၀၀၀-ဝေး၏။

ဆောင်ပုဒ်။ ။သောင်းငါးထောင်စီ၊ သန်ချာညီ၊ ရှစ်လီ ငရဲရွာ။

လူ့ပြည်မှ ယူဇနာပေါင်း ၁၅၀၀၀-အကွာ မြေအောက်တွင် သိဉ္ဇုဝ်း ငရဲ ရှိ၏၊ ထိုသိဉ္ဇုဝ်း ငရဲ သည်လည်း လူ့ပြည်ကဲ့သို့ အာကာသ ဟင်းလင်းပွင့် တခုပင် ဖြစ်၏၊ ကြွင်းသော ငရဲတို့ သည်လည်း အာကာသ ဟင်းလင်း ပေါက်သာ ဖြစ်ကုန်၏၊ ငရဲကို ပကတိ မျက်စိဖြင့် မတွေ့ မြင်ရ၍ မရှိဟု မဆိုအပ်၊ ငရဲကိုရင်း, အထက် နတ်ပြည် ဗြဟ္မာပြည် တို့ကိုရင်း တွေ့မြင်နိုင်သော နည်းလမ်းများရှိ၏၊ ထိုနည်းလမ်းအတိုင်း ကျင့်ကြံ၍ သွားကြလျှင် တပ်အပ်ထင်ထင် မြင်ကြပေလိမ့်မည်၊ ထိုငရဲကို

ပေါသွားသောပုဂ္ဂိုလ်တို့သည် စိတ်ကူးဖြင့်မြော်မှန်း၍ ပြောကြသည် မဟုတ်၊ တကယ်မြင် တကယ်တွေ့ဖြင့် ပြောခဲ့ကြ လေသည်၊ ပကတိ မျက်စိဖြင့် မမြင်၍ မရှိဟု ဆိုလျှင် အလွန် တုံးလှသော မြင်ချက်သာ ဖြစ်ပေလိမ့်မည်၊ လောကဓာတ် ထွန်းကားလာသော ယခု ခေတ်တွင် မျက်မြင် ကိုသာ ယုံကြည် ကြလျက် ရှေး ပညာ ရှင်ကြီး များ၏ မိန့်စကားကို ဒဏ္ဍာရီ ဝတ္ထုပမာ သဘော ထားကြ လေသည်၊ သတိ ထားသင့် ပေစွ။

ငရဲ ထိန်း။ ။မျက်မှောက် ဘဝမှ သေသူ၏ အနာဂတ် ဘဝ၌ ဝိညာဉ်စိတ် ဆက်လက် ဖြစ်ပွါးလျက် ရှိသည်ကို ဝန်ခံနိုင်ကြလျှင် ထိုဘဝကူးသူတို့အား ဖြစ်မှုအကုသိုလ်ကံ အလျောက် ဘမ်းခြင်း ချုပ်နှောင်လျက် ခေါ်ငင် သွားသော ငရဲ ထိန်းများ ရှိ၏ ဟူသည်ကို လက်ခံ နိုင်ကောင်း လက်ခံ နိုင်ကြ ပေလိမ့်မည်၊ လက်ခံ နိုင်မှု မနိုင်မှုမှာ ဤ၌ ပဓာနမဟုတ်၊ စာပေအရှိဖြင့် စိစစ်ရပေလိမ့်မည်။

ဇာ၌ စာပေ အရှိမှာ—

အတ္ထိ နိရယေ နိရယ ပါလာတိ= ငရဲမှာ ငရဲထိန်းများ ရှိပါ သလား (မေး)

အာမန္တာ=ဩ ရှိပါ၏ (ဖြေ) (ဤလည်း တချက်)

တေ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ၊ တ မေနံ ဘိက္ခဝေ နိရယပါလာ နာနာ ဗာဟာသု ဂဟေတွာ ယမဿ ရညော ဒဿေန္တိ၊ တမေနံ ဘိက္ခဝေ ယမော ရာဇာ ပဉ္စမံ ဒေဝဒူတံ သမနု ယုဉ္ဇတိ၊ (ဤလည်းတချက်)

ဤအချက် နှစ်ရပ်ကြောင့် ငရဲမှာ ငရဲထိန်းများ ရှိသည်ဟု မှတ်အပ်၏။

အကုသိုလ်ကံကို ကျူးလွန်သော သတ္တဝါတို့သည် သေသည်၏ နောက်၌ ငရဲသို့ ကပ်ရောက် ကြရ၏၊ ဘိက္ခုတို့ ငရဲသို့ ရောက် လာသူကို ငရဲထိန်း တို့သည် အသီးအသီး လက်မောင်းတို့မှာ ကိုင်၍ ယမ မင်းအား ပြကြ၏၊ ဘိက္ခုတို့ ထိုငရဲသားကို ယမ မင်းသည် ရှေးဦးစွာ ဒေဝဒူတကို မေး၏။

တိရစ္ဆာန်။ ။လူတို့ကဲ့သို့ ခန္ဓာကိုယ်ကို ထောင်လျက် မသွားဘဲ ကန့်လန့် အလျားလိုက် သွားတတ် သောကြောင့် တိရစ္ဆာန် မည်၏။

ယောနိ။ ။သတ္တဝါတို့သည် အဆင်းအမျိုးမျိုး, သဏ္ဌာန်အမျိုးမျိုး ဖြစ်သော်လည်း ဇာတ် တူညီသော အဖြစ် အားဖြင့် တပေါင်းတည်း ကဲ့သို့ ဖြစ်ကြောင်း ဖြစ်သော ဇာတိသည် ယောနိ မည်၏၊ (ယောနိနှင့် ဇာတိကား အတူတူပင်မှတ်)။

ရှင်းချက်– တိရစ္ဆာန် တွေမှာ အဖြူ, အညို, အမဲ, အပြာ အားဖြင့် အဆင်း အမျိုးမျိုး, သဏ္ဌာန် အားဖြင့်လည်း အပု, အရှေ စသည်ဖြင့် အမျိုးမျိုး ကွဲပြား ကြ၏၊ ဒါပေမဲ့ ခန္ဓာကိုယ် ဖီလာ ထား၍ သွားသော ဇာတ်, သဘော အားဖြင့် တူညီ ကြသည်၊ နွား, ခွေး, ဝက်, ကြက် စသည်တို့ သွားလာမှုကို ကြည့်ပါ၊ တဦးနှင့် တဦး ထူးခြားချက် တစုံ တရာ ထင်ပါ သလော။

ဝိဘာဝိနီ၌ ယောနိ ဟူသည် ခန္ဓာ ဖြစ်မှု အဘူးပင်တည်းဟု ဆို၏။

တိရစ္ဆာနာနံ + ယောနိ = တိရစ္ဆာန ယောနိ ဟူသော ဝိဂြိုဟ် အရ တိရစ္ဆာန် တို့၏ တဦးနှင့် တဦး တူသော အခြင်း အရာ ဟူသော ဇာတိသည် တိရစ္ဆာန ယောနိ မည်၏။

ပြိတ္တာ။ ။ချမ်းသာ အပေါင်းမှ ကင်းကွာလျက် အမြဲတမ်းဆင်းရဲ ရောက်နေသော သတ္တဝါများသည် ပြိတ္တာမည်၏၊နိဇ္ဈာမ တဏှိက စသော ပြိတ္တာမျိုးကိုယူ၊ ထိုပြိတ္တာ တို့၏ ဖြစ်ရာ အရပ်သည် ပေတ္တိ ဝိသယ မည်၏၊ နိဇ္ဈာမ တဏှိက ပြိတ္တာ ဟူသည် ခန္ဓာ ကိုယ်မှာ မီးတောက်လောင်သဖြင့် မွတ်သိပ်ခြင်း တဏှာ ရှိသော ပြိတ္တာတည်း၊ ရေသောက်ချင်လျက် မသောက်နိုင် အစာစားချင်လျက် မစားနိုင်သော ပြိတ္တာစုကို ခေါ်သည်။

အသုရကာယ်။ ။တန်ခိုး အထူးဖြင့် မမြူးတူးတတ်, ကာမဂုဏ် ချမ်းသာကို မခံစားတတ်သော သတ္တဝါတို့သည် အသုရာ မည်၏၊ ဝေပစိတ္တိ အသုရာတို့ကို ရည်မှု နတ်နှင့် တူ၍ အသုရာ မည်၏ဟု ဆို၊ ဝိယက်ရမာတာ စသော ဝိနိပါတိက ပြိတ္တာတို့ကို ရည်မှု

ပြိတ္တာလေယ် ကလေး များသည် အသုရာ မည်၏ဟုဆို၊ ယမမင်း စသော ဝေမာနိက ပြိတ္တာတို့ကို ရည်မှု တစ်စိတ် တဒေသ အားဖြင့် နတ်နှင့် တူသောကြောင့် အသုရာ မည်၏ဟုဆို၊ လောကန္တရိက ငရဲသားတို့ကို ရည်မှု အချင်း ခပ်သိမ်း သုရဂုဏ် ကင်းသောကြောင့် အသုရာ မည်၏ ဟုဆို၊ ကာလကဉ္စိက ပြိတ္တာတို့ကို ရည်မှု အချင်းခပ်သိမ်း သုရအဖြစ်မှ ကင်းသောကြောင့် အသုရာ မည်၏ဟု ဆိုလေ။

ဝေပစိတ္တိ,ပဟာရာဒ စသော အသုရာများကို တာဝတိံသာနတ်တို့၌, ဝိနိပါတ အသုရာနှင့် ဝေမာနိကပြိတ္တာ အသုရာများကို စတုမဟာရာဇ် နတ်တို့၌ ပေါင်းယူအပ်၏၊ ထိုဝေမာနိကပြိတ္တာ အသုရာတို့သည်လည်း ဝိနိပါတိက အသုရာကဲ့သို့ တိဟိတ် (သုခဟုတ်) ဒွိဟိတ် (သုခမဟုတ်) အဟိတ်များ ဖြစ်ကြ၏ဟု အဋ္ဌကထာတို့၌ ဆို၏။

ကထာဝတ္ထု ပါဠိတော်လာ - ဝေဿဘူ စသော ယမမင်းတို့ သည် ကား ဒိဒိတို့ ကိုယ်တိုင်း တန်ခိုးအာနုဘော်ကြီးသော ဝေမာနိက ပြိတ္တာ မင်းများဖြစ်၍ငရဲသူသတ္တဝါတို့၌သနားမှုကိုအကြောင်းပြုလျက်အောက် ငရဲဘုံ တို့၌လည်း အုပ်စိုးကုန်၏၊ ထို့ကြောင့် အလုံးစုံသော ပြိတ္တာဘုံ, ငရဲဘုံတို့ကို ယမမင်း၏ တိုင်းတော် ပြည်တော်ဟု ဆိုအပ်ကုန်၏။

စတုမဟာရာဇ်ဘုံ၌ အကျုံးဝင်သော ယုတ်မာသော အလိုဆန္ဒရှိ၍ ကြမ်းထမ်းသော အမှုကိုပြုလေ့ ရှိသော ရေဝတ ဝိမာန ဝတ္ထု၌ ယက္ခ, သံကိစ္စ ဇာတ်၌ ရက္ခသ ဟူ၍ လာသော ဘီလူး ရက္ခိုသ် တို့ကား— မိမိနေသော ဘုံမှ သွား၍ ဥဿဒ ငရဲငယ်တို့၌ ငရဲသား တို့အား ၃၂-ပါး သော ကမ္မကရဏ အမှုတို့ကို ပြုလျက် လှည့်လည် ကုန်၏။

ကာလ,ဥပကာလ စသော အမည်ဖြင့် နာရဒဇာတ်၌ လာသော ငရဲ ထိန်းတို့ အပေါ်မှာလည်း ယမမင်း၏ ဩဇာ အာဏာ တည်လေသည်။

လောကန္တရိက် ငရဲ၌ ဖြစ်သော အသုရာကို ငရဲ၌ သွင်း၍ ယူလေ၊ ဤ၌ကား ကာလ ကဉ္စိက စသော ပြိတ္တာ တို့ကိုသာ အသုရကာယ် အရ ကောက်ယူလေ။

အထူးမှတ်သားရန်။ ။တော,တောင်,သမုဒ္ဒရာ,ကျွန်းငယ် စသည် တို့၌ ငရဲဘုံ အမျိုးမျိုး ရှိ၏၊ ငရဲကိုကား သီးခြား သတ်မှတ် အပ်သော

တည်ရာ ဩကာသ ရှိသောကြောင့် နိရယ ဟု ဆို၏၊ ကြွင်းသော တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဘုံတို့ မှာကား တည်ရာ ဩကာသ အသီးအခြား မရှိသောကြောင့် ယောနိ, ဝိသယ, ကာယ သဒ္ဒါ တို့နှင့် ယှဉ်၍ ခန္ဓာ, သို့မဟုတ် ခန္ဓာဖြစ်ရာ အရပ်ကို ဩကာသဟု ယူအပ်၏။

အပါယ်ဘုံ ပြီး၏။

ကာမသုဂတိ ၇-ဘုံ

မနုဿ (လူ့)ဘုံ, စတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံ, ယာမာဘုံ, တုသိတာဘုံ, နိမ္မာနရတိဘုံ, ပရနိမ္မိတ ဝသဝတ္တီဘုံဟု ကာမသုဂတိ ဘုံသည် ၇-ပါး ဖြစ်၏။

မနုဿ (လူ့) ဘုံ။ ။တက်ကြွသော စိတ်ထား, မြင့်မြတ်သော စိတ်ထား ရှိသူကို မနုဿဟု ခေါ်၏၊ မှန်၏- မနုဿခေါ် လူတို့သည် အနန္တစကြဝဠာ၌လည်း အခြားဘုံမှာ ဖြစ်သော သတ္တဝါတို့ထက် အထူးသဖြင့် ထက်မြက်သောစိတ်, ရဲရင့်သောစိတ်, ဆန်းကြယ်သော စိတ် ရှိကြ၏၊ ဘယ့်ကြောင့် ဆိုသော်- ဤမနုဿ (လူ့)ဘုံ၌ အပြည့်အစုံ ကုသိုလ်,အကုသိုလ်ကမ္မပထတရား,အာနန္တရိယ ကံတို့ ဖြစ်သင့် သောကြောင့် ပေတည်း။

မနုဿခေါ် လူများတွင်လည်း အရှေ့, အနောက်, မြောက်ကျွန်းသူ များထက် ဇမ္ဗူဒိပ် (တောင်ကျွန်း) သူများက အလွန် အကဲ တက်ကြွသော စိတ် ရှိကုန်၏၊ အခြား စကြဝဠာ နေသူ များကို မနုဿဟု ဆိုရသည်မှာ တောင်ကျွန်း သူများ နှင့် အဆင်း သဏ္ဌာန် စသည် တူသောကြောင့်ဖြစ်၏၊ ဤစကြဝဠာ၌နေသူ အချင်းချင်းမှုကား အဆင်း သဏ္ဌာန် စသည် တူမှု၌ ပြောဖွယ်ရာ မလိုတော့ပေ။

ယခုခေတ် ပထဝီဆရာတို့ကား ကမ္ဘာလုံး၏ မြောက်ဝင်ရိုးစွန်းကို မြင့်မိုရ်တောင်, ကမ္ဘာလုံး၏ မြောက်ဖက် ခြမ်းတွင် တည်ရှိသော ကျွန်းများကို မြောက်ကျွန်းဟု ယူဆ ကြ၏၊ နေ၏ ထွက်ရာ ဝင်ရာ အချိန်ကို ယခုခေတ် ကမ္ဘာ့နိုင်ငံများနှင့်ဗိစစ်၍ အရှေ့,အနောက်,တောင်, မြောက် ကျွန်းများဟု ပြောဆို ကြ၏၊ စာပေရှိ အဆို များနှင့်ကား မကိုက် ညီလေ၊ စာပေ၌ကား သတ္တရတန် တောင်စဉ် ချနစ်ထပ် ရံလျက် မြင့်မိုရ်တောင်သည် အလယ်ဗဟိုတွင် တည်ရှိ၏၊ တောင်စဉ်

ခုနှစ်ထပ် ရှိသည်တွင် တထပ် တထပ် အကြားဝယ် ယူဇနာ ငါးရာ ကျယ်သော သိတာများ ခြားနေသေးသည်၊ ဤမြင့်မိုရ်တောင်၏ အရှေ့ဖက် ကျသော ကျွန်းကို အရှေ့ကျွန်း, အနောက်ဖက် ကျသော ကျွန်းကို အနောက်ကျွန်း, မြောက်ဖက် ကျသော ကျွန်းကို မြောက်ကျွန်း, တောင်ဖက် ကျသော ကျွန်းကို တောင်ကျွန်းဟု ဆို၏၊ ဤဇမ္ဗူဒိပ် ကျွန်းကား တောင်ကျွန်းဖြစ်၍ မြင့်မိုရ်တောင်၏ မြောက်ဖက်မှာ မြောက်ကျွန်းအမှန် ရှိရချေမည်၊ အရှေ့ဖက်, အနောက်ဖက်တွင်လည်း မချွတ်ရှိရပေမည်။

ယခု တွေ့နေသော ကျွန်းများမှ တပါး အခြားကျွန်း မရှိ ဟု ပထဝီဆရာတို့ စကား ကိုကား ကမ္ဘာ၏ မြောက်ဖက် အကျဆုံး မြောက်ဝင်ရိုးစွန်းကို တိကျ မှန်ကန်စွာ မသိကြ သေးပေ၊ စုံစမ်းနေတုန်းမျှပင် ဖြစ်သည်၊ ကျွန်းကြီး လေးကျွန်းမှာ ဈာန်ရ ဈာန်ရှင်တို့ ထွန်းကားသော ခေတ်က လက်ခံ ခဲ့သော အရပ်များ ဖြစ်၍ ဈာန်ရ ဈာန်ရှင် ကင်းမဲ့သော ယခုခေတ်တွင် မှန်းခြေဖြင့် ငြင်းချက်ထုတ်နေကြ၏၊ တကယ်လက်တွေ့ မဟုတ်သေး၊ သို့ရာတွင် မျက်မြင်နှင့် စာဆို ကိုက်မကိုက် စုံစမ်းရှာဖွေမှုကိုကား လူတိုင်းလူတိုင်း ပြုသင့်ကြ၏၊ ဗုဒ္ဓဘာသာဝင်တို့ကား ရှေး ပြောစကား များဖြင့်သာ ပုံလျက် ယုံကြည် ထားကြသည်၊ ဝိရိယမဲ့လွန်း သဖြင့် မချီးမွမ်း ထိုက်ပေ၊ သာမန် ပကတိ လူတို့၏ မျက်မြင်ကိုယ်တွေ့ မဖြစ်နိုင်သော ငရဲပြည်, နတ်ပြည်, ဗြဟ္မာပြည် တို့ကား တန်ခိုး ရှင်တို့၏ အရာသာ ဖြစ်ချေသည်၊ မြင်နိုင်သော တန်ခိုးကို ရနိုင်ရန် နည်းလမ်းများလည်းရှိ၏၊ ထိုနည်းလမ်းအတိုင်း ကြိုးစားပါက မိမိမှာ ရနိုင် လောက်သော အရည် အချင်း ရှိပါလျှင် မချွတ် ရမည် သာတည်း၊ လက်လုပ် ယဉ်များဖြင့်ကား မသွားနိုင်ပါပေ။

ဇမ္ဗူဒိပ်ကျွန်းသူတို့သည် မြောက်ကျွန်းသူ,တာဝတိံသာ နတ်တို့ကို (၁) ရဲရင့်ခြင်း (၂) သတိကောင်းခြင်း (၃) ရဟန်း သာမဏေ ပြု၍ သာသနာတော်ကို ထမ်းဆောင်လျက် မြတ်သော အကျင့်ကို ကျင့်သုံးခြင်း, ဤအကြောင်း သုံးပါးဖြင့် လွန်ကဲ ကုန်၏။

သဒ္ဒါဆရာတို့ကား-မနုဟူသည် မဟာသမ္မတမင်းတည်း၊လူတို့သည် မဟာသမ္မတမင်း ထားအပ်သော ထုံးတန်း ဥပဒေ၌ တည်သောကြောင့် သူ၏ သား အရာ၌ ဖြစ်ကုန်၏၊ ထို့ကြောင့် မနုနော+အပစ္စာ ပုတ္တာ တိ မနုဿာ ဟူသော ဝိဂြိုဟ် အရ မနုဿ မည်၏ဟု ဆိုကုန်၏။

စတုမဟာရာဇိကဘုံ။ ။ဓတရဋ္ဌ, ဝိရုဠှက, ဝိရူပက္ခ, ကုဝေရခေါ် နတ်မင်းကြီး လေးပါးတို့ ဖိုးမိုး အုပ်ချုပ်မင်းလုပ်ရာ ဘုံသည် စတုမဟာရာဇ်ဘုံမည်၏၊ ထိုနတ်မင်းကြီး လေးပါးတွင် ဓတရဋ္ဌ နတ်မင်းကြီးက ဂန္ဓဗ္ဗနတ် တို့ကို, ဝိရုဠှက နတ်မင်းကြီးက ကုမ္ဘဏ်တို့ကို, ဝိရူပက္ခ နတ်မင်းကြီးက နဂါးတို့ကို, ကုဝေရ နတ်မင်းကြီးက ဘီလူးတို့ကို အစိုးရ၏။

ဂန္ဓဗ္ဗ ဟူသည် ပဒိုသန္ဓေ၏ အစွမ်းဖြင့် မွှေးကြိုင်သော အနံ့ရှိသော သစ်ပင် တို့၌ ကပ်ရောက် တတ်သော နတ်တည်း၊ နံ့သာပင် များကို အုပ်စိုး၍ နေသော နတ်တို့ကို ဂန္ဓဗ္ဗဟု ခေါ်၏၊ ထိုနတ်တို့သည် အမြစ် နံ့သာမှာ အုပ်စိုးသော နတ် စသည်၏ အစွမ်းဖြင့် နံ့သာမျိုး အလျောက် ဆယ်မျိုး ရှိ၏ဟု ပါဠိတော်၌ လာ၏၊ ကုမ္ဘဏ် ဟူသည် ဒါနောရက္ခိုသ် တည်း၊ နဂါးနှင့် ဘီလူး တို့ကား ထင်ရှား၏။

ဂန္ဓဗ္ဗ, ကုမ္ဘဏ်, နဂါး, ဘီလူးတို့သည် အများ အားဖြင့် အလိုဆိုး ရှိကြ ကုန်၏၊ ရက်စက် ကြမ်းကြုတ်သော အမှုကို ပြုလေ့ ရှိကုန်၏၊ နတ် မင်းကြီး လေးပါး တို့သည် သူတို့ အချင်းချင်းအားရင်း, လူတို့အားရင်း မညှဉ်းဆဲ မနှိပ်စက် နိုင်ရန် အကျိုး၄ါ သူတို့ အပေါ်မှာ အုပ်ချုပ်မှု ဆိုင်ရာ အကြီးအကဲများ စစ်ဗိုလ်မှူးကြီးများ ခန့်ထားကုန်၏။

အာဋာနာဋိယ သုတ်၌ ယက္ခော,ယက္ခိနီ,ဂန္ဓဗ္ဗော,ဂန္ဓဗ္ဗီ,ကုမ္ဘဏ္ဍော, ကုမ္ဘဏ္ဍီ, နာဂေါ, နာဂီ-ဟု ကိုက်ခဲ ပူးဝင်တတ်သော နတ်လေးမျိုး လာ၏၊ ထိုတွင် ကိုယ် အရောင် အဝါ ကြက်သရေ မင်္ဂလာ ရှိသော နတ်ကို ယက္ခ ဟူ၍ရင်း, ဒေဝ ဟူ၍ရင်း, ဒေဝတာ ဟူ၍ရင်း ဆိုအပ်၏၊ ကိုယ်အရောင်အဝါ ကြက်သရေမင်္ဂလာ ကင်းသော ရုပ်ဆင်းသဏ္ဌာန် ကြောက်ဖွယ် ကောင်းသော နတ်ကို ယက္ခ ဟူ၍ ဆိုအပ်၏၊ သစ်ပင်၌ တည်သော ဗိမာန်၌ ဖြစ်သော နတ်ကို ရုက္ခစိုး ခေါ်၏၊ သစ်ခေါင်း၌ ဖြစ်သော နတ်ကို ဂန္ဓဗ္ဗ ခေါ်၏၊ ဂန္ဓဗ္ဗ နတ်ကို လူတို့က သစ်ဘီလူး- ဟုလည်း ဆိုကြ၏၊ ရှေး ဘဝက ယုတ်ညံ့သော အကုသိုလ်ကံကို ပြုခဲ့ ဘူးသော အချို့ ဂန္ဓဗ္ဗီမ တို့သည် လူမိန်းမ တို့၏ ကိုယ်တွင်း၌လည်း ဖြစ်ကုန်၏၊ ဂန္ဓဗ္ဗီ နတ်မများကို ဗေဒင်ကျမ်းတို့၌ ယောဂိနီနတ်၊ လူတို့က

ဧဇာဂနိ ရုန်း-ဟု ခေါ်၏၊ သိဟင်းနှေ ညည့်များ၌ ကျက်စား ခြင်း၌ါ
အလေ့အလာ ပြုသော ကာလ အရောင်အဝါ ထွက်လျက် တောက်စား
ကတ်သော အနက်ကြောင့် ဇုဏ်းဟုလည်း ဆိုကြဖြ်။

ဂုမ္မဏ် ဟူသည် ဝမ်းဗိုက် ကြီးလျက် မျက်ကွင်း ကျယ်သော
ရက္ခိုသ် နတ်မျိုးတည်း၊ ထိုနတ်ကို လူတို့က ဥစ္စာစောင့်-ဟု ခေါ်၏၊
ဟိမဝန္တာတောင် အဗ္ဗန္တရ သရက်ပင်ကို စောင့်၏၊ ဤသို့ ရတနာ
ထားရာအရပ်,တောဘိုးသစ်ပင် (အထိကရသစ်ပင်ကိုယူ) နတ်ဆေးပင်,
နတ်၌ ဖြစ်သော နံ့သာပင်, ရေအိုင်တို့ကို စောင့်ရှောက်လျက် စားကြ
ရသောကြောင့် ရက္ခိုသ်-ဟု ဆိုအပ်၏။

နာဂေါ် နာဂီ ဟူသည် တောင်၏အတွင်း မြေ၏အတွင်း ဖြစ်သော
မြေစောင့် နတ်မျိုးတည်း၊ မဟာပရိနိဗ္ဗာနသုတ်, ဘုမိစာလသုတ်ပုဒ်မှာ
ပထဝီဒေဝတာဟု ဟောတော်မူ၏၊သူတို့မြူးတူးသဖြင့် တခါတရံလျှင်
လှုပ်တတ်၏၊ သူတို့၏မန္တန်ကို ဝဏ္ဏဝိဇ္ဇာ,ဘူမိဝိဇ္ဇာဟု ဥပ္ပဇာလသုတ်
မှာ ဟောတော်မူ၏၊ထိုမြေစောင့်နတ်များတွင် တန်ခိုးကြီးလျက် ပူးဝင်
ဖမ်းစားတတ်သော မကောင်းမှု၌ စိတ်ပျော်ပိုက်သော မကောင်းမှုကို
ပြုလေ့ ရှိသော နတ်တို့သည် ကစားကြူး, အစားကြူးသဖြင့် ဗြိတ္တာတုံ,
ငဲ့တုံတို့၌ နက်ပ် အဆင်းဖြင့်ရင်း, ခွေးယောင်, ကျီးယောင်, လင်းတ
ယောင် အနေ စသည်ဖြင့်ရင်း သတ္တဝါ တွေကို ညှဉ်းပန်းလျက် လှည့်
လည် သွားလာ ဂုန်၏။

ဘာသာဘိသာ။ ။အကြီးအကဲ မာဃလုလင်နှင့်တကွ ကောင်းမှု
ပြုဖက် ၃၃-ဦးတို့၏ ဖြစ်ရာ ဘုံသည် တာဝတိံ
သာဘုံမည်၏၊ ဤတာဝတိံသာနတ်ဘုံသည် အလုံးစုံသော စကြဝဠာ၌
လည်း ဇဝနသဘ သုတ်မှာ လာသော နည်းဖြင့် သိကြား အရာ၌ တည
သော ပဇာပတိ နတ်မင်း, ဝရုဏ နတ်မင်း, ဤသာန နတ်မင်း စသော
သုံးကျိပ် သုံးယောက်သော နတ်မင်းတို့၏ အမြဲ စုဝေးရာ အရပ် ဖြစ်၏၊
သို့သော်လည်း မာဃလုလင်နှင့် ရောင်းရင်းဖက် သုံးကျိပ် သုံးယောက်
တို့သည်ကား ကမ္ဘာ စဉ်ဆက်က လာသော ထိုသုံးကျိပ် သုံးယောက်
သော နတ်မင်းကြီးတို့၏ အရာ၌ တို့၌ ဆက်လက် ဖြစ်ကြသည့်ဖြင

ယခုလည်း ထင်ရှား ရှိကြလေသောကြောင့် ထို သုံးကျိပ် သုံးယောက် သော နတ်မင်းတို့၏ အစွမ်းဖြင့် သဟာ ပုညံ ကာရံနော တေတ္တိံသ ဇနာ မာဃေယနု နာမ ဇေဋ္ဌ ပုရိသေန သဟာ ဗြြေ နိဗ္ဗတ္တာ တိ တေတ္တိံသာ၊ သာ ဧဝ တာဝတိံသာ-ဟု ဝိဂြိုဟ် ပြုအပ်ကြောင်း သိပါလေ။

အချုပ်ရှင်းချက်။ ။ရှေး အစဉ် အဆက်ကပင် တာဝတိံသာ နတ်ဘုံ ရှိနေပါ၏၊ မာဃ လုလင်များ ပေါ်လာသည့် အချိန် ကျမှ-မာဃလုလင်နှင့်တကွ ကောင်းမှုပြုဖက် သုံးကျိပ်သုံးယောက်တို့၏ဖြစ်ရာဌာနဟု ဝိဂြိုဟ်ဆိုခြင်းကား မသင့်ဟု စောဒက ပုဂ္ဂိုလ်က စောဒနာ၏၊ အဖြေ ပုဂ္ဂိုလ်က ဤသို့ ဝိဂြိုဟ် ဆိုခြင်းကား သင့်ပါသည်၊ ဘယ့်ကြောင့် ဆိုသော်- ခုမှ ပေါ်တဲ့ ရွှေကြာပင် မဟုတ်၊ ရှေးရှေးက နတ်မင်းကြီးများရဲ့ အဆက်အနွယ် များသာ ဖြစ်သည့်ပြင် ယခုကာလ၌လည်းထင်ရှားရှိသောကြောင့်ပေတည်းဟု ဖြေဆို၏။

ယာမာ။ ။ယာမ ဟူသည် ယာမာဘုံကို အစိုးရသော နတ်မင်း၏ အမည်တည်း၊ ထို ယာမ နတ်မင်းနှင့် တကွ ဖြစ်သော ကြောင့် ထိုနတ်ဘုံကိုငှင်း, ထိုနတ်ဘုံ၌ ဖြစ်သော နတ်တို့ကိုငှင်း ယာမ ဟူ၍ ဆိုအပ်၏။

တုသိတာ။ ။ကျက်သရေ မင်္ဂလာပေါင်း များစွာ ပြည့်စုံသည့် အတွက် နှစ်သက် ပျော်မွေ့ဖွယ် ဖြစ်သောကြောင့် တုသိတာ မည်၏။

နိမ္မာနရတိ။ ။မိမိတို့စိတ်ကြိုက် စည်းစိမ်ကိုကိုယ့်ဖါသာဖန်းဆင်း လျက် မွေ့လျော်ရာဘုံ ဖြစ်သောကြောင့် နိမ္မာနရတိ မည်၏။

ပရနိမ္မိတ ဝသဝတ္တီ မိမိ သဘောကိုသိ၍ တပါးသူ ဖန်ဆင်း အပ်သော စည်းစိမ် တို့၌ အလို အတိုင်း ဖြစ်စေရာ ဘုံသည် ပရနိမ္မိတ ဝသဝတ္တီ မည်၏။

လူ့ဘုံနှင့် နတ်ပြည် ခြောက်ထပ်ကို ကာမသုဂတိ ၇-ဘုံဟု ခေါ်၏၊ အပါယ် ၄-ဘုံနှင့် ကာမသုဂတိ ၇-ဘုံ နှစ်ရပ်ပေါင်း ၁၁-ဘုံကို ကာမ ဘုံ-ဟု ခေါ်၏။

ဘုံအဝေးအကွာ

လူ နှင့် စတုမဟာရာဇ်	၄၂၀၀၀	ယူဇနာ
စတုမဟာရာဇ် နှင့် တာဝတိံသာ	၄၂၀၀၀	။
တာဝတိံသာ နှင့် ယာမာ	။	။
ယာမာ နှင့် တုသိတာ	။	။
တုသိတာ နှင့် နိမ္မာနရတိ	။	။
နိမ္မာနရတိ နှင့် ပရနိမ္မိတဝသဝတ္တီ	၄၂၀၀၀	ယူဇနာ

ဆောင်ပုဒ်။ ။လေးသောင်း နှစ်ထောင်၊ ဆောင်လေ ယူဇနာ၊ လူ့ရွာနှင့်စပ်၊ နတ်ခြောက်ရပ်၊ ဝေးလတ် သီးသီးသာ။

ရူပ ဗြဟ္မာ ၁၆–ဘုံ

ပဌမဈာန် ၃–ဘုံ

ဗြဟ္မ ပါရိသဇ္ဇာ — မဟာ ဗြဟ္မာကြီးတို့၏ အလုပ် အကျွေး ဗြဟ္မာများ နေရာဘုံ။

ဗြဟ္မ ပုရောဟိတာ — မဟာ ဗြဟ္မာကြီး တို့၏ ပုရောဟိတ် ဗြဟ္မာများ နေရာဘုံ။

မဟာဗြဟ္မာ။ ။အဓိုးရ ဗြဟ္မာကြီးများ နေရာဘုံ။

ဤဗြဟ္မာ သုံးဦး တို့သည် ပဌမဈာန်ဘုံ ဟူသော ဘုံအပြင် တခု၌ နေကြကုန်၏။

ထိုတွင် ဗြဟ္မ ပုရောဟိတာ ဗြဟ္မာတို့သည် မဟာဗြဟ္မာ တို့ကို မမြင် ကြကုန်၊ နေရာ ဌာန ကိုလည်း မသိကြကုန်၊ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာ တို့သည် အထက် ဗြဟ္မာ နှစ်ဦးကိုလည်း မမြင်ကြကုန်၊ ၎င်းတို့၏ နေရာ ဌာန ကိုလည်း မသိကြကုန်၊ ရုန့်ရင်းသော ရုပ်, အဆင်းကို ဖန်ဆင်း ပြမှသာ မြင်ကြကုန်၏၊ အထက် ဗြဟ္မာဘုံ တို့၌လည်း ထိုနည်း တူပင် ဖြစ်၏၊ အထူးအားဖြင့်–အောက်အောက် ဗြဟ္မာတို့၏ ပြကတေ့ ရုပ်ဆင်း ကိုကား အထက် အထက် ဖြစ်သော ဗြဟ္မာတို့ မြင်ကြသည်။

ဒုတိယဈာန် ၃–ဘုံ

ပရိတ္တာဘာ။ ။အထက် ဗြဟ္မာတို့ အောက် နည်းသော အရောင် ရှိသော ဗြဟ္မာတို့၏ နေရာ ဘုံတည်း။

အပ္ပမာဏာဘာ။ ။မနိူင်းယှဉ် အပ်သော အရောင် ရှိသော ဗြဟ္မာ တို့၏ နေရာ ဘုံတည်း။

အာဘဿရာ။ ။သပ္ပိတိက ဈာန်ကြောင့် ဖြစ်သော ခန္ဓာ အစဉ် ရှိသောကြောင့် ကောင်းကင်မှ လျှပ်စစ် ကဲ့သို့ ထိုမှ ဤမှ ထွက်သော အရောင် ရှိသော ဗြဟ္မာ တို့၏ နေရာ ဘုံတည်း။

ဤဗြဟ္မာ သုံးဦး တို့သည် ၅၅၀၀၀၀၀–ယူဇနာ ကျယ်ပြန့်သော ဒုတိယဈာန်ဘုံအပြင်၌ နေကြ ကုန်၏။

တတိယဈာန် ၃–ဘုံ

ပရိတ္တသုဘာ။ ။အထက် ဗြဟ္မာတို့ အောက် မတုန်လှုပ်သော အရောင်ရှိသော ဗြဟ္မာတို့၏နေရာဘုံတည်း။

အပ္ပမာဏသုဘာ။ ။ပမာဏ မရှိသော မတုန်လှုပ်သော အရောင် ရှိသော ဗြဟ္မာတို့၏ ဖြစ်ရာ ဘုံတည်း။

သုဘာ ကိဏှာ။ ။မတုန် မလှုပ်သော အရောင် အပေါင်း တို့ဖြင့် ပြွမ်းသော ဗြဟ္မာတို့၏ နေရာ ဘုံတည်း။

ဤဗြဟ္မာတို့သည် တတိယဈာန် ဘုံအပြင်၌ နေကြကုန်၏၊ ဒုတိယဈာန် ဘုံ, တတိယဈာန်ဘုံ ဗြဟ္မာ တို့သည် ပကတိ ကိုယ်ရောင် လွှန်ကဲကြ ကုန်၏၊ ထို့ကြောင့် ထို အရောင် တို့၏ အစွမ်းဖြင့် ပရိတ္တာဘာ စသော အမည် ပြီးစီး လေသည်။

စတုတ္ထဈာန် ၇–ဘုံ

ဝေဟပ္ဖိုလ်။ ။ပြန့်ပြောသော အကျိုး ရှိသော ဗြဟ္မာ (တနည်း) အလွန် တိုးပွါးသော ကောင်းမှုကျိုး ရှိသော ဗြဟ္မာတို့ ရိုးအုပ်ရာ ဘုံတည်း။

လှုပ် ရှားခြင်း သဘော ရှိသော သောမနဿ ဈာန်တို့ကြောင့် ဖြစ် သော သုံးပါးသော ဘုံအပြင်တို့မှာ တေဇော သံဝဋ္ဋစသော အန္တရာယ် ကြောင့် ဘုံအပြင်နှင့်တကွ အာယုကပ် ဆုတ်နစ်သောအားဖြင့် လှုပ်ရှား သော ကောင်းမှုကျိုးရှိ၏၊ မှန်၏–ထိုအောက် အပြင်တို့၌ သုဘာကိဏှာနံ

ဒေဝါနံ စဟာသဋ္ဌိ ကပ္ပါနိ-ဟု ဆိုအပ်သော စကားသည် ထိုအပြင်၌ ကပ်ဦး ဖြဟ္မာတို့၏ အစွမ်း ဖြင့်သာ ဆို၏၊ နောက် အချိန်၌ ဖြစ်သော ဖြဟ္မာတို့မှာမူကား ၆၃-ကမ္ဘာ, ၆၂-ကမ္ဘာ, ၆၀-ကမ္ဘာ၏ အစွမ်းဖြင့် ဟုန်လှုံသော ကောင်းမှုကျိုး ရှိ၏၊ လှုပ်ရှားခြင်း သဘော မရှိသော ဥပေက္ခာဈာန်ဖြင့်ဖြစ်သော ပုဂ္ဂိုလ်တို့မှာကား အန္တရာယ် တစုံတခုဖြင့် ထိုကဲ့သို့ ဟုန်လှုံသော ကောင်းမှုကျိုး မည်သည် မရှိ၊ ထို့ကြောင့် ဈာန်၏ စွမ်းရည်သတ္တိ အားလျော်စွာ အထူးအားဖြင့် အလွန် တိုးပွါးသော ကောင်းမှုကျိုး ရှိရာဘုံ ဖြစ်၍ ဝေဟပ္ဖိုလ်-ဟု ဆို၏။

အသညသတ်။ ။သညာကို အဦးမူသဖြင့် ယူအပ်သော နာမ်,ခန္ဓာ မရှိသော ပုဂ္ဂိုလ်သည် အသညာ မည်၏၊ အသညာ လည်းမည် သတ္တဝါလည်း မည်သောကြောင့် အသညသတ်မည်၏၊ စိတ်, စေတသိက် မရှိသောကြောင့် သတ္တဝါ မဟုတ် ဟု လျှဉ်းပါးဖွယ် ရှိ၍ သတ္တ သဒ္ဒါကို ထည့်ဆို ရ၏။

ရှင်းလင်းချက်။ ။ရူပါဒီသု သဋ္ဌတီတိ သတ္တော အရ-ရူပါရုံ စသော ကာမဂုဏ်ကို မက်မောတတ် သောကြောင့် သတ္တဝါ မည်၏၊ ကာမဂုဏ်ကို မက်မောတတ်သည်မှာ စိတ်,စေတသိက်ရှိမှသာဖြစ်၏၊ စိတ်,စေတသိက်ရှိမှ မက်မော နိုင်၏၊ မရှိက မမက်မောနိုင်၊ အသညသတ်တို့ကား ရုပ်သက်သက်သာဖြစ်၏၊ ရုပ်တရား ဟူသည် အနာရမဏမျိုး ဖြစ်၍ အာရုံယူမှုမရှိ၊ ထို့ကြောင့် အသညသတ် ပုဂ္ဂိုလ်တို့မှာ စိတ်,စေတသိက်မရှိ၍ မမက်မောတတ်၊ မမက်မောတတ်၍ သတ္တ မမည်ဟု မှတ်ထင်ဖွယ် ရှိနေ၍ သတ္တ သဒ္ဒါကို တွဲစပ်ဆိုရ၏၊ အချုပ်မှာ အသညတ် ပုဂ္ဂိုလ်ကား ဘုံဆုံး ဇာတ် သိမ်းသူများ မဟုတ်ကြသေး၊ မချွတ် ကာမဘုံသို့ ပြန်မည့်သူများဖြစ်၏၊ သို့ဖြစ်၍ ရုပ်ဘုံ ဖြစ်ခိုက်သာ ကာမဂုဏ်ကို မက်မောမှု မရှိ ဟု ဆိုရ၏၊ သို့သော်လည်း သူတို့မှာ ဘဝ မဆုံးသေး၍ အနုသယ အနေဖြင့် ကိန်းလျက် ရှိနေသေးရကား သတ္တ-ဟူသော ပုဒ်နှင့် စပ်၍ အသညသတ် ဆိုပေမဲ့ ဆန့်ကျင်မှု မရှိပါလေ။

ဝေဟပ္ဖိုလ် နှင့် အသညသတ် ဗြဟ္မာ တို့ကား နေရာအပြင် တူညီ ကုန်၏ ဤဝေဟပ္ဖိုလ် အသညသတ်ဘုံ ဗြဟ္မာ.တို့၌လည်း ဖြစ်စေ တတ်သော ဈာန်၏ အယုတ်, အလတ်, အမြတ် ဟူသော ထူးခြားမှု ရှိလေသောကြောင့် ထိုဈာန်အလိုက် ဈာန်ယုတ်ညံ့သော ဗြဟ္မာကား ပါရိသဇ္ဇဗြဟ္မာ, အလတ်ဈာန်ရှိသော ဗြဟ္မာကား ပုရောဟိတဗြဟ္မာ, ဈာန် အထက်တန်းကျသော ဗြဟ္မာကား မဟာဗြဟ္မာ ဟူသော အဆင့် အတန်း ခြားနားမှု ဖြစ်သင့်သည်၊ သို့သော်လည်း အသက် တမ်း၏

လူးခြားမှု,အချင်းချင်း မမြင်ရခြင်း စသည်တို့၏ မရှိမှုကြောင့် ပါရိသဇ္ဇ စသည်တို့၏ အစွမ်းဖြင့် ဘုံကို ဝေဖန်ခြင်း မရှိဟု သိပါလေ၊ အဝိဟာဘုံ စသည်မှာ ထိုနည်းရင်းပင်။

သုဒ္ဓါဝါသ ၅-ဘုံ

သုဒ္ဓါဝါသ ဟူသည် စင်ကြယ်သော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့၏ နေရာ ဘုံတည်း။

ထိုဘုံသည်–

(၁) အဝိဟာ
(၂) အတပ္ပါ
(၃) သုဒဿာ
(၄) သုဒဿီ
(၅) အကနိဋ္ဌာ-ဟု ငါးမျိုး ရှိ၏။

ထိုတွင်–

(၁) ကာလ အနည်း ငယ်ဖြင့် မိမိတည်ရာ အရပ်ကို မစွန့်တတ်သောကြောင့် အဝိဟာ မည်၏၊ (တနည်း) ရှုန့်ရင်းသော သံယောဇဉ်များ ပယ်ပြီး ဖြစ်၍ စိတ် ပင်ပန်းမှု မရှိ၊ သမထ ဝိပဿနာ တရား တို့၌ မပျံ့နှံ့ ခြင်းသို့ ရောက်ခြင်း မရှိသောကြောင့် အဝိဟာ မည်၏။

(၂) တစုံတရာ စိတ်ပူပန်မှုဖြင့် မပူပန်တတ်သောကြောင် အတပ္ပါ မည်၏။

(၃) စင်ကြယ်သော ပသာဒစက္ခု, ဒိဗ္ဗစက္ခု,ဓမ္မစက္ခု, ပညာစက္ခု တို့နှင့် ပြည့်စုံ၍ ကောင်းစွာ မြင်တတ်သောကြောင့် သုဒဿာ မည်၏။

(၄) ထိုသုဒဿာထက် လွန်ကဲသောမြင်မှုနှင့် ပြည့်စုံသောကြောင့် သုဒဿီ မည်၏။

(၅) သူ၏ အထက် ဘုံတပါးသို့ သွားသော ရူပဗြဟ္မာ မရှိ၍ ရူပဗြဟ္မာ တို့၏ အလယ်မှာ တစုံတရာ ဂုဏ်အားဖြင့် ငယ်သော အဖြစ် မရှိသောကြောင့် အကနိဋ္ဌာ မည်၏။

ဤသို့အားဖြင့်– ပဉ္စမဈာန် ၃–ဘုံ
ဒုတိယဈာန် ၃–ဘုံ
တတိယဈာန် ၃–ဘုံ
စတုတ္ထဈာန် ၇–ဘုံ
ပေါင်း ၁၆–ရူပဗြဟ္မာဘုံ ဖြစ်၏။

ဘုံအကွာအဝေး

ဗြဟ္မာဘုံ အချင်းချင်း အကွာ အဝေးမှာ ယူဇနာ (၅၅၀၀၀၀) ဖြစ်၏။

ဆောင်ပုဒ်။ ။ငါးသန်း ငါးသိန်း၊ တွက်ကိန်း ရှစ်ထောင်သာ။
ဗြဟ္မာဘုံချင်း၊ ဝေးရင်း ယူဇနာ။

ပရနိမ္မိတဝသဝတ္တီဘုံနှင့် ရူပပဌမဈာန်သုံးဘုံ ယူဇနာ(၅၅၀၈၀၀၀) ကွာခြား၏။

အရူပ ၄–ဘုံ

အရူပဘုံသည်– (၁) အာကာသာနဉ္စာယတနဘုံ
(၂) ဝိညာဏဉ္စာယတနဘုံ
(၃) အာကိဉ္စညာယတနဘုံ
(၄) နေဝသညာနာသညာယတနဘုံ
ဟု လေးမျိုး ရှိ၏။

ထိုတွင်–

(၁) အာကာသာနဉ္စာယတနဘုံ ဟူသည် အာကာသ ရှိရာ တပြင်လုံးကို ဖြန့်၍ အာကာသာနဉ္စာ ယတန အမည် ရှိသော ခန္ဓာ လေးပါး ဖြစ်ရာ ဘုံတည်း။

(၂) ဝိညာဏဉ္စာယတနဘုံ ဟူသည် ဝိညာဏဉ္စာယတန စိတ္တုပ္ပါဒ် ဖြစ်ရာ ဘုံတည်း။

(၃) အာကိဉ္စညာယတနဘုံ ဟူသည် အာကိဉ္စညာယတန စိတ္တုပ္ပါဒ် ဖြစ်ရာ ဘုံတည်း။

(၄) နေဝသညာ နာသညာ ယတနဘုံ ဟူသည် နေဝသညာ နာသညာယတန စိတ္တုပ္ပါဒ် ဖြစ်ရာ ဘုံတည်း။

အရူပလေးဘုံ အချင်းချင်း အကွာအဝေး ယူဇနာ (၅၅၀၀၀၀၀) ဖြစ်၏။

ဤကဲ့သို့ ထိုထို ဘုံတို့၏ အလယ်ကြား အဝေး အကွာ ပမာဏကို မှတ်၍ လူ့ဘုံမှ ဘဝဂ်ခေါ် နေဝသညာ နာသညာ ယတနဘုံ အကွာ အဝေးသည် ယူဇနာပေါင်း (၇၀၇၅၆၀၀၀) ဖြစ်၏။

လူ့ဘုံမှ ပဋမဈာန်ဘုံ အကွာအဝေး ယူဇနာ (၅၇၆၀၀၀၀) ဖြစ်၏။

လူ့ဘုံမှ အကနိဋ္ဌ ဗြဟ္မာ့ဘုံ အကွာအဝေး ယူဇနာ (၄၉၀၂၄၀၀၀) ဖြစ်၏။

ဘုံပုဂ္ဂိုလ်ရ

သုဒ္ဒါဝါသ ငါးဘုံ၌ ပုထုဇဉ်သောတာပန်, သကဒါဂါမိပုဂ္ဂိုလ်တို့ကို အချင်း ခပ်သိမ်း မရအပ်၊ အသညသတ်ဘုံ, အပါယ် လေးဘုံတို့၌ အရိယာ ပုဂ္ဂိုလ်ကို မရအပ်၊ ကြွင်း ၂၀-ဘုံတို့၌ အရိယာရော ပုထုဇဉ်ကိုပါ ရအပ်၏။

ပုဂ္ဂိုလ်အပြား ဝါကျ

ပေါပါယေ မာနုဝေ ဒေဝေ၊
ကျာဒေါ ချာ·ညေသု လာရိယေ။
ကာသညေ ဈာည ရူပေဇာ၊
ရူပေ့ ဘူမျာသု ဝါကရာ။

အပါယေ၊ အပါယ် ၄-ဘုံ၌။ပေါ၊ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တယောက်၊ (အပါယ် ၄-ဘုံဖြစ်၍ ၄-နှင့်မြှောက် ၄-ယောက်။)

မာနုဝေ-ဒေဝေ၊ လူ့ဘုံ, စတုမဟာရာဇ် ဘုံ၌။ ကျာဒေါ၊ ဒုဂ္ဂတိ အဟိတ် ကြဉ် ကြွင်း ပုဂ္ဂိုလ် ၁၁-ယောက်။ (လူ, စတုမဟာရာဇ် ၂-ဘုံ ဖြစ်၍ ၂-နှင့်မြှောက် ၂၂-ယောက် ဖြစ်၏။)

အညေသု၊ ကြွင်းသော နတ်ပြည် ငါးထပ် တို့၌။ ချာ၊ ဒု, သု ပုဂ္ဂိုလ် ၂-ယောက် ကြဉ် ကြွင်း ၁၀-ယောက်။ (တဘုံမှာ ၁၀-ယောက်စီ ရ၍ ၅-ဘုံမှာ ပုဂ္ဂိုလ် ၅၀-ဖြစ်၏။)

အရိယေ၊ သုဒ္ဓါဝါသ ငါးဘုံ၌။ လာ၊ အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ် ပုဂ္ဂိုလ် သုံးယောက်။ (တဘုံမှာ ၃-ယောက် ဖြစ်၍ ၅-ဘုံမှာ ၁၅-ယောက် ဖြစ်၏။)

အသညေ၊ အသညသတ် ဘုံ၌။ ကာ၊ သုဂတိ အဟိတ် ပုဂ္ဂိုလ် ၁-ယောက်။

အညရူပေ၊ သုဒ္ဓါဝါသ ငါးဘုံ, အသညသတ်ဘုံမှ တပါးသော ရူပ ၁၀-ဘုံ၌။ ဗျာ၊ (ဒု, သု, ဋ္ဌိ) သုံးယောက် ကြဉ် ပုဂ္ဂိုလ် ၉-ယောက်။ (တဘုံမှာ ၉-ယောက် ဖြစ်၍ ၁၀-ဘုံမှာ ၉၀-ဖြစ်၏။)

အာရုပ္ပေ၊ အရူပ လေးဘုံ၌။ ဓာ၊ (ဒု, သု, ဋ္ဌိ, သောတာပတ္တိမဂ်) ပုဂ္ဂိုလ် ကြဉ်သော ၈-ယောက်။ (တဘုံမှာ ၈-ယောက် ဖြစ်၍ ၄-ဘုံမှာ ၃၂-ယောက် ဖြစ်၏။)

ဘူမျာသု၊ ဘုံ နှင့် မြှောက်၍ ပေါင်းသော်ကား။ ဝါကရာ၊ ပုဂ္ဂိုလ် ၂၁၄-ယောက် ဖြစ်၏။

တယောက် ငါးဘုံ၊ သုံး ငါးဘုံ၊ လေးဘုံ ရှစ်ယောက်ဖြစ်၊
ဆယ်ဘုံ ကိုးယောက်၊ ဆယ့် တယောက်မူ၊ ဘုံ နှစ်ဆူ၊
ပေါင်းယူ သုံးဆယ့်တစ်။

ယေပုဂ္ဂလာ အဋ္ဌသတံ-သုတ္တနိပါတ်ပါဠိတော်အရ အရိယာ (၁၀၈) ယောက် ရေတွက် ပုံကား-

သောတာပန် (၁) ဧကဗီဇီ၊
(၂) ကောလံ ကောလ၊
(၃) သတ္တက္ခတ္တု ပရမ သောတာပန် ဟု သုံးမျိုး၊ ၎င်း ၃-မျိုးကိုတည်၊ ပဋိပဒါလေးပါးနှင့်မြှောက် (၃×၄=၁၂) ၁၂-ယောက် ဖြစ်၏။

သကဒါဂါမ် (၁) ကာမ၊
(၂) ရူပ၊
(၃) အရူပ သကဒါဂါမ် ဟု သုံးမျိုး၊ ၎င်းကိုတည်၊ ပဋိပဒါ ၄-ပါးနှင့်မြှောက် (၃×၄=၁၂) ပေါင်း ၁၂-ယောက် ဖြစ်၏။

အနာဂါမ်သည် (၁) အန္တရာ ပရိနိဗ္ဗာယီ၊
(၂) ဥပဟစ္စ ပရိနိဗ္ဗာယီ၊
(၃) အသင်္ခါရ ပရိနိဗ္ဗာယီ၊

(၄) သသင်္ခါရ ပရိနိဗ္ဗာယီ၊
(၅) ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ-ဟု ငါးမျိုးရှိ၏။

၎င်း ငါးမျိုးကိုတည်၊ အကနိဋ္ဌ ကြည် သုဒ္ဓါဝါသ လေးဘုံနှင့်မြှောက် (၅×၄=၂၀) အနာဂါမ် ၂၀-ဖြစ်၏။

အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတ အနာဂါမ် မရသောကြောင့် ကြည် ကြွင်း လေးယောက်ရ၏။ နှစ်ရပ်ပေါင်း (၂၀+၄=၂၄) ၂၄-ယောက် ဖြစ်၏။

ရဟန္တာသည် (၁) သုက္ခဝိပဿက၊
(၂) သမထ ယာနိက ဟူ၍ ၂-မျိုးရှိ၏။

ဤအထက်၌ဆိုအပ်ခဲ့သော ပုဂ္ဂိုလ်များမှာ ဖလဋ္ဌာန်များသာဖြစ်၏။ မဂ် ၄-ယောက် သီးခြား ကျန်၏။

ထို့ကြောင့်	သောတာပန်	၁၂၊
	သကဒါဂါမ်	၁၂၊
	အနာဂါမ်	၂၄၊
	ရဟန္တာ	၂၊
	မဂ်	၄၊

မဂ်-ဖိုလ် နှစ်ရပ်ပေါင်း ၅၄-ယောက် ဖြစ်၏။သဒ္ဓါ,ပညာရရ ၂-ပါးနှင့် မြှောက် ပေါင်း ၁၀၈-ယောက် ဖြစ်၏။

ဘူမိ စတုက္က ပြီး၏။

ပဋိသန္ဓေ စတုက္က အဖွင့်

ပဋိသန္ဓေ မည်သည် (၁) အပါယ် ပဋိသန္ဓေ၊
(၂) ကာမ သုဂတိ ပဋိသန္ဓေ၊
(၃) ရူပါဝစရ ပဋိသန္ဓေ၊
(၄) အရူပါဝစရ ပဋိသန္ဓေ ဟူ၍ လေးပါးရှိ၏။

ထိုတွင် အကုသလဝိပါက် ဥပေက္ခာ သန္တီရဏသည် အပါယ်ဘုံမှာ ပဋိသန္ဓေခဏ၌ ပဋိသန္ဓေ ဖြစ်၍ ပဋိသန္ဓေခဏမှ နောက်အခါ၌ ဘဝင်၊ အဆုံးမှာ စုတိ ဖြစ်၍ ပြတ်၏၊ ဤသည်ကား အပါယ်ပဋိသန္ဓေ မည်၏၊ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏသည် ကာမသုဂတိ ဘုံမှာ ဇစ္စန္ဓ စသော လူတို့၏၎င်း, ဘုမ္မ သိတ ဝိနိပါတိက အသုရာတို့၏၎င်း ပဋိသန္ဓေ,ဘဝင်,စုတိ၏ အစွမ်းဖြင့် ဖြစ်၏။

ဇာတိယာ+အန္ဓော=ဇစ္စန္ဓော-ပဋိသန္ဓေ အားဖြင့် ကန်းသူကို ဇစ္စန္ဓ ဟု ခေါ်၏၊ ဇစ္စန္ဓာဒိ၌ အာဒိသဒ္ဒါဖြင့် ဇစ္စဗဓိရ (ပဋိသန္ဓေက နားပင်းသူ) ဇစ္စဃာနက (ပဋိသန္ဓေက ဃာနံ့ချို့သူ) ဇာတိမူဂ (စကား မပြောတတ် ဆွံ့,အ,သူ) ဇာတိဇဠ (အယုတ်ဆုံး အရပ် မျက်နှာ ကိုမျှ မမှတ်နိုင်သူ) ဇစ္စုမ္မတ္တက (ဝမ်းတွင်းက စ၍ ရူးသူ) ပဏ္ဍုက်, ဥဘတော ဗျည်း (ယောကျ်ား,မိန်းမ လိင် ၂-မျိုး ရှိသူ) နပုံသက (လိင် ၂-ပါးကင်းသူ) မမ္မ (ပြောရိုး စကား၌လည်း အက္ခရာ တလုံး တလုံးကို အားထုတ် ပြောကြားရသော ဖေါက်ပြန်သော စကားရှိသူ) စသည်ကို ယူလေ။

ထိုတွင် ပဏ္ဍုက်သည်
(၁) အာသိတ္တ၊
(၂) ဥသုယျ၊
(၃) ဩပက္ကမိက၊
(၄) ပက္ခ၊
(၅) နပုံသက-ဟု ငါးမျိုး ရှိရာ

သူတပါး၏ သုက်သွေးကို ခံတွင်းဖြင့်စုတ်၍ သုက်သွေးရမှ ကိလေသာ ပူလောင်မှု ငြိမ်းသော ပဏ္ဍုက်သည် အာသိတ္တ ပဏ္ဍုက် မည်၏။

သူတပါး မေထုန်မှု ပြုသည်ကို မြင်ရ၍ ငြူစူခြင်း ဖြစ်လတ်သော် ကိလေသာပူပန်မှု ငြိမ်းသော ပဏ္ဍုက်သည် ဥသုယျ ပဏ္ဍုက် မည်၏။

လုံ့လပြု၍ အင်္ဂါဇာတ်မှ သုက်လွှတ်ကာ ကိလေသာ ပူပန်မှု ငြိမ်းသော ပဏ္ဍုက်သည် ဩပက္ကမိက ပဏ္ဍုက် မည်၏။

လဆုတ်မှာ ပဏ္ဍုက်ဖြစ်၍ လဆန်းမှာ ကိလေသာပူပန်မှု ငြိမ်းသော ပဏ္ဍုက်သည် ပက္ခပဏ္ဍုက် မည်၏။

ပဋိသန္ဓေက ဘာဝရုပ် မပါသော ပဏ္ဍုက်သည် နပုံသကပဏ္ဍုက် မည်၏။

ထိုပဏ္ဍုက်များတွင် အာသိတ္တပဏ္ဍုက်နှင့်ဥသုယျပဏ္ဍုက်တို့အား ရဟန်း အဖြစ်ကို မတားမြစ်အပ်၊ ကြွင်း ပဏ္ဍုက် ၃-ဦးတို့အားကား တားမြစ် အပ်၏၊ သို့ရာတွင် ပက္ခပဏ္ဍုက်ကိုတော့ ပဏ္ဍုက် ဖြစ်သော ပက္ခ မှာသာ ရဟန်း အဖြစ်ကို မြစ်အပ်၏-ဟု ကုရုန္ဒီ၌ ဆို၏-ဟု အဋ္ဌကထာ တို့မှာ လာ၏။

အာသိတ္တပဏ္ဍုက်, ဥဿုယပဏ္ဍုက်, ပက္ခပဏ္ဍုက် သုံးဦးတို့သည် ပုရိသဘော စသည်နှင့် ယှဉ်၍ ယောကျ်ား များနှင့် တူလျက် အဟိတ်ပဋိသန္ဓေ နေသူတို့ဖြစ်၏၊ ကိလေသာ ထကြွမှု အားကြီးသောကြောင့် နပုံး ပဏ္ဍုက်နှင့် တူ၍ ပဏ္ဍုက်-ဟု ဆို၏။

ဘူမိသံ + နိဿိတာ ဒေဝါ=ဘုမ္မဒေဝါ-မြေနှင့် စပ်သော သစ်ပင်၌ တည်သော ဗိမာန်, တောင်၌ တည်သော ဗိမာန်တို့၌ ဖြစ်သော အာဠဝက, သာတာဂိရ, ဟေမဝတ စသော တန်ခိုးကြီး ဘုမ္မစိုး များကို **ဘုမ္မဒေဝ** ဟု ခေါ်၏။ ယင်းဘုမ္မစိုးတို့ကိုပင် ဗလိနတ်စာ ပို့ဆက်သည်၏ အစွမ်းဖြင့် ပူဇော်အပ်သောကြောင့် ယက္ခ ဟူ၍လည်း ဆိုအပ် ကုန်၏၊ လူတို့သည် ၎င်းနတ်တို့ကို အမျိုးအရိုးကိုးကွယ်ရာနတ်ပြု၍ ထိုထိုအရပ်၌ နတ်ကွန်းများ ဆောက်ကာ နှစ်စဉ် နတ်ပွဲ သဘင် ခင်းကျင်း ပူဇော်ကုန်၏၊ (တောင်ပြိုး ရတနာ့ဂူ နတ်ပွဲများကို ထောက်လေ။) အချို့ ဘုမ္မစိုးတို့ကား ဆင်းရဲစွာ အသက် မွေးကြရ၏၊ သို့ပေမဲ့ တန်ခိုးကြီး ဘုမ္မစိုးတို့၏ အဆက်ဆက် ပရိသတ်၌ အကျုံး ဝင်၍ ဘုမ္မစိုး ဟုပင် ခေါ်ရလေသည်။

ဝိရူပါ ဟုတွာ + ဘဝန္တရေ နိပတန္တိတိ=ဝိနိပါတိကာ-ဖောက်ပြန်သည်ဖြစ်၍ ဘဝ တပါး၌ ကျဘတ်သောကြောင့် ဝိနိပါတိက မည်၏။ ထိုတို့သည်ပင် အသုရာများဖြစ်၍ ဝိနိပါတိက အသုရာ မည်ကုန်၏။

ထိုဝိနိပါတိက အသုရာတို့သည် ရွာနီးချုပ်စပ်မှာသော်၎င်း,ရွာတွင်းမှာသော်၎င်း လူသူဆိတ်ငြိမ် အရပ်တို့မှာနေ၍ ရွာသူတို့ စွန့်ပစ်အပ်သော ထမင်းလုံး မုံ့ပိုင်း မုံ့ပြတ် သား,ငါး, အရိုး အရင်း အရွတ် စသည်ကို ရှာ၍စားသောက် အသက်မွေးရ၏၊ ဤလိုမှမရလျှင် ကလေးသူငယ်များ လူနာများကို ပူးဝင် နှိပ်စက်၍ အသက်မွေးရ၏၊ ထို့ထက် စွမ်းနိုင်ရင် လူကြီးများကိုပင် ချောက်လှန့် နှိပ်စက် အသက် မွေးကုန်၏။

ဝိနိပါတိကအသုရာတိုင်း အဟိတ်ပုဂ္ဂိုလ်ဟု မဆိုရ၊ ဒွိဟိတ်တိဟိတ်များလည်း ဖြစ်ကြ သေးသည်၊ ထို့ကြောင့် ဝိယက်ရ မာတာ တစ္ဆေမ, ဥတ္တရမာတာ တစ္ဆေမ, ဖုဿမိတ္တာ တစ္ဆေမ, ဓမ္မဂုတ္တာ စသော အချို့ တစ္ဆေမ ဟူသော ဝိနိပါတိကတို့၏ တရား ရခြင်းကိုလည်း အဋ္ဌကထာ တို့၌ ဆိုအပ်၏။

ဤဒိနိပါတိက ပုဒ်အရ၌ ထိုထို ကျွန်းငယ်တို့မှာ မြို့ရွာတည်ထောင်၍ နေသော ဘီလူးမျိုး, တောမြိုင်ကြီးတို့၌ အုပ်စုဖွဲ့၍ နေသော ဘီလူးမျိုး, ရေစောင့်ရက္ခိုုသ်ဘီလူးမျိုး, တောမြိုင် ရေအိုင်ကြီးများ၌ စောင့်သော ရက္ခိုုသ် ဘီလူးမျိုး, ဝေမာနိက ပြိတ္တာ, ပရဒတ္တူ ပဇီဝိ ပြိတ္တာ တို့ကို ပေါင်းယူလေ။

> မဟာဝိပါက်ဝိတ် ဂ-ခုတို့သည် အလုံးစုံသော ကာမသုဂတိဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်းဖြင့် ဖြစ်ကုန်၏၊ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏနှင့် ဤမဟာဝိပါက် ဂ-ခု၊ နှစ်ရပ်ပေါင်း ၉-ခုသည် ကာမသုဂတိ ပဋိသန္ဓေ မည်၏၊ အဟိတ် ပဋိသန္ဓေ ၂-ခု၊ မဟာဝိပါက် ဂ-ခု၊ နှစ်ရပ်ပေါင်း ၁၀-ခုကို ကာမာဝစရ ပဋိသန္ဓေဟု ခေါ်၏၊ ထိုအထက်ပါ ပဋိသန္ဓေနှင့်ယှဉ်သော ပုဂ္ဂိုလ်တို့တွင် အပါယ် လေးဘုံသား, လူ, ဝိနိပါတိက အသုရာတို့မှာ အသက် ပမာဏကို ရေတွက်ခြင်း၌ မြဲခြင်းမရှိ။

အာယုပရိစ္ဆေဒ ဟူသည် တဘုံဘည်းမှာ အကျုံးဝင်သော သတ္တဝါတို့အား အားလုံးနှင့် ဆက်ဆံသော သတ်မှတ်ချက်၏ အစွမ်း အားဖြင့် ဖြစ်၏၊ ထိုသတ်မှတ်ချက် မရှိသည်ကို သက်တမ်း မမြဲဟု ဆိုလို၏။

အပါယ် ၄-ဘုံသားတို့အား သက်တမ်း သတ်မှတ်ချက် မရှိသည်မှာ အများအားဖြင့် အပါယ်လေးဘုံ၌ ဒိဒိတို့ပြုအပ်သော အကုသိုလ်ကံသာ ပမာဏ ဖြစ်လေသည်၊ လူ၏ အရ တောင်ကျွန်း နေသူများကို ယူလေ။ မှန်၏—တောင်ကျွန်း သူတို့ မှာသာ အာယုကပ် အတိုး အဆုတ် ရှိ၏။ ကြွင်းသော ကျွန်းသားတို့မှာ အာယုကပ် အတိုး အဆုတ်မရှိ၊ ချဲ့ဦးအံ့-ထိုကျွန်းသူများတွင် မြောက်ကျွန်းသူတို့မှာ အမြဲ အားဖြင့် သက်တမ်း ၁၀၀၀၊ အရှေ့ကျွန်းသူ, အနောက်ကျွန်းသူတို့မှာ သက်တမ်း ၅၀၀-စီဟု ဆိုကုန်၏၊ သို့ဖြစ်ခဲ့သော် ထိုကျွန်းတို့၌ ကပ်ဦးသူတို့မှာ ထိုသက်တမ်း သာလျှင် အပိုင်း အခြား ဖြစ်၏ဟု အဓိပ္ပါယ် ရောက်ခဲ့ ရာ၏၊ အမှန်မှာ—တောင်ကျွန်း သူတို့၏ သုစရိုက်, ဒုစရိုက် အကျင့်၏ အကျိုး ဆက် ဖြစ်သော လ, နေ, နက္ခတ် စသည်တို့ အသွားမှန်, မမှန် မှုလျှင် အကြောင်းရင်း ရှိသော ဥတုအာဟာရ တို့၏ ပြည့်စုံခြင်း, ပျက်စီးခြင်း တို့သည် ထို သုံးကျွန်း သူတို့ အားလည်း ဆက်ဆံ ကုန်၏၊ ထို့ကြောင့် ထိုသုံးကျွန်းသူတို့မှာလည်း အသက်အပိုင်းအခြား အတိုးအဆုတ် မရှိဟု မဆိုသင့်ပေ၊ ထို့ကြောင့် မဟာတ်လော အဂ်ုတ္တိုုရ်ပါဠိတော်၌—

ဥတ္တရ ကုရုကာ မနုဿာ အမမာ အပရိဂ္ဂဟာ၊ နိယတာ ယုကာ အဝသေသာယုနာ-ဟု ဟောတော်မူ၏။

ထိုပါဠိတော်ပါ အဝသေသာယုနာ၌ အသချေ်ယျ သက်တမ်းမှ ဆုတ်၍ အမြဲတမ်း တည်သော အနှစ် တထောင်ဖြင့်ဟု အနက်ပေးလေ။

လိုရင်းအချုပ်။ ။ကပ္ပဦးတုန်းက ထိုကျွန်းတို့မှာလည်း အသက် အသင်္ချေယျ တမ်းပင်ဖြစ်၏၊ တဖြည်းဖြည်း ဆုတ်လာရာ အနှစ်တထောင် တမ်း ရောက်လျှင် နောက်သို့ ဆက်လက် အဆုတ်မရှိတော့၊ အနှစ် တထောင် တမ်းမှာ တည်နေ၏၊ အရှေ့,အနောက် ကျွန်းတို့မှာလည်း ထိုကဲ့သို့ပင် အသက် ငါးရာတမ်းမှာ အဆုတ်မရှိ တည်နေ၏-ဟု ဆိုလို၏။

ဝိနိပါတိက သုရာနံဟု ဆိုသည်ကား ဥဿနိပြိုလ်မျှဖြစ်၏၊ အလုံးစုံသော တန်ခိုး ကြီး, မကြီး၊ ဘုမ္မစိုး, ဝေမာနိက ပြိတ္တာ စသည် တို့ကိုလည်း သွင်းယူလေ၊ ထို အလုံးစုံတို့အားလည်း ကံသာ ပမာဏ ဖြစ်၏။

စတုမဟာရာဇ်	နတ်သက်	၅၀၀-တမ်း

(စတုမဟာရာဇ် သက်တမ်းမှာ လူ၏အသက်နှင့်ရေတွက်က အနှစ် ကိုးသန်း ဖြစ်၏။)

တာဝတိံသာ	နတ်သက်	၁၀၀၀
ယာမာ	နတ်သက်	၂၀၀၀
တုသိတာ	နတ်သက်	၄၀၀၀
နိမ္မာနရတိ	နတ်သက်	၈၀၀၀
ပရနိမ္မိတ ဝသဝတ္တိ	နတ်သက်	၁၆၀၀၀

စတုဂ္ဂုဏာ။ ။သက်တမ်း၏ နှစ်ဆတက်,နတ်၌ ဖြစ်သော ညဉ့်,နေ့၏ နှစ်ဆတက် အားဖြင့် လေးဆတက် ဟု ဆိုလို၏။

ရှင်းချက်။ ။အသက်တမ်း နှစ်ဆတက်ဆိုသည်မှာ-အောက်ဖြစ်သော နတ်တို့၏ သက်တမ်းထက် အထက်ဖြစ်သော နတ်တို့၏ သက်တမ်းက နှစ်ဆ ကြီး၏၊ စတုမဟာရာဇ် ဆိုပါတော့-သက်တမ်း ၅၀၀-ဖြစ်၏၊ တာဝတိံသာ ကျတော့ သက်တမ်း စတုမဟာရာဇ် နတ်သက်ကို ၂-နှင့် မြှောက်၍ ၁၀၀၀- ဖြစ်၏၊ ကြွင်း နတ်တို့၌လည်း အတူပင်တည်း။ နတ်၌ ဖြစ်သော ညဉ့်,နေ့,၏ နှစ်ဆတက် ဆိုသည်မှာ-အောက်နတ်တို့၏ ညဉ့်, နေ့, ထက် အထက်နတ်တို့၏ ညဉ့်နေ့က နှစ်ဆ ကြီး၏၊ ထို စကားရပ်ဖြင့် လူ့ပြည်မှာ အနှစ်တရာ တာဝတိံ သာမှာ တညဉ့် တနေ့ ဖြစ်၏၊ အထက် နတ်တို့၌ နည်းတူ တိုး၍သိ၊ ညဉ့်နေ့

နှစ်ဆတိုးသဖြင့်လည်း လ,နှစ်တို့၏လည်း နှစ်ဆတိုးမှု ပြီးစီးလေ၏။ နတ်အရေအတွက်အားဖြင့် လေးဆတိုးမှု ပြီးစီးက လူ၏အရေအတွက်ဖြင့်လည်း လေးဆတိုးမှု ပြီးစီး လေသည်။ ထို့ကြောင့် စတုမဟာရာဇ်နတ်သက် ၅၀၀-မှာ လူ၏အသက်နှင့် အနှစ် ၉၀၀၀၀၀၀-ဖြစ်၏၊ တာဝတိံသာ နတ်သက် ၁၀၀၀-မှာ လူ၏ အသက်နှင့် မည်မျှ ရှိသည်ကို သိလိုက စတုမဟာရာဇ် လူအသက် အနှစ် ၉၀၀၀၀၀၀-ကိုတည်၍လေးနှင့်မြှောက်ပွါး၊ ထိုကဲ့သို့ တဆင့်တဆင့်စီတက်၍ မြှောက်ပွါး သွားပါက အထက်အထက် နတ်များ၏ လူသက်ကို သိရ၏။

မြှောက်ပွါးပုံ

စတုမဟာရာဇ် နတ်သက် ၅၀၀၊ လူအရေအတွက် ၉၀၀၀၀၀၀
၄-နှင့်
တာဝတိံသာ နတ်သက် ၁၀၀၀၊ လူအသက် ၃၆၀၀၀၀၀၀
၄-ဆ
ယာမာသက် ၂၀၀၀၊ လူအသက် ၁၄၄၀၀၀၀၀၀
၄-ဆ လူသက် မြှောက်
တုသိတာ လူသက် ၅၇၆၀၀၀၀၀၀၊
၄-ဆ လူသက် မြှောက်
နိမ္မာနရတိ လူသက် ၂၃၀၄၀၀၀၀၀၀၊
၄-ဆ လူသက် မြှောက်
ပရနိမ္မိတဝသဝတ္တိ လူသက် ၉၂၁၆၀၀၀၀၀၀-ဖြစ်၏။

> ယာနိ ပညာသ ဝဿာနိ၊ မနုဿာနံ ဒိနော တဟိံ။
> တိံသရတ္တိ ဒိဝေါ မာသော၊ မာသာ ဒွါဒသ သံဝစ္ဆရံ။
> တေန သံဝစ္ဆရေ နာယု၊ ဒိဗ္ဗံ ပဉ္စသတံ မတံ။

လူတို့၏ အနှစ် ငါးဆယ်သည် စတုမဟာရာဇ် နတ်ဘုံမှာ တရက်၊ စတုမဟာရာဇ် နတ်ဘုံ အနေဖြင့် ညဉ့် နေ့ ရက်ပေါင်း သုံးဆယ်သည် တလ၊ ဆဲ့နှစ်လသည် တနှစ်၊ ထိုနတ်နှစ် အရေ အတွက် အားဖြင့် နှစ်ပေါင်း ငါးရာသည် စတုမဟာရာဇ် နတ်ဘုံသက် ဖြစ်၏ဟု သိလေ။

ပဌမဈာန် ဝိပါက်, ပဌမဈာန် ဘုံမှာ၊ ဒုတိယဈာန် ဝိပါက်, တတိယဈာန် ဝိပါက်သည် ဒုတိယဈာန် ဘုံမှာ၊ စတုတ္ထဈာန် ဝိပါက်သည် တတိယဈာန် ဘုံမှာ၊ ပဉ္စမဈာန် ဝိပါက်သည် စတုတ္ထဈာန် ဘုံမှာ ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်းဖြင့် ဖြစ်၏။

အဝိတက္ကဝိစာရမဇ္ဈာနျာန်သည် ရုန့်ရင်းသော ဝိတက်ကိုလွန်မြောက်ခြင်းကြောင့် ပဥ္စမဈာန်ထက် အားရှိ၏၊ တတိယဈာန် အောက်လည်း အလွန်အားမယုတ်လှ၊ ထို့ကြောင့် ထိုဒုတိယဈာန်ကို တတိယဈာန်နှင့် တပေါင်းတည်း ပြု၍ အပြင် တူ ဘုံမှာ အကျိုး ပေးလေ သောကြောင့် ဒုတိယဈာန် ဝိပါက်, တတိယဈာန် ဝိပါက်သည် ဒုတိယဈာန် ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်း အားဖြင့် ဖြစ်၏ဟု ဆို၏၊ ထို့ကြောင့် ဘုံတည်ပုံ အစဉ်သည် စတုက္ကဈာန်၏ အစွမ်းဖြင့်သာ ဖြီး၏၊ ရှင်အနုရုဒ္ဓါ မထေရ်မူကား အောက်ဝိတ်ပိုင်းမှာ ပဥ္စကနည်း၏ အစွမ်းဖြင့် ဈာန်ကို ဆိုခဲ့၏၊ ထိုကြောင့် ဤဘုံပိုင်း မှာလည်း ပဥ္စက နည်း၏ အစွမ်းဖြင့်သာလျှင် ဝိပါက်ကိုယူ၍ စတုတ္ထဈာန် ဝိပါက်သည် တတိယဈာန်ဘုံ၌ ပဋိသန္ဓေ ဘဝင်, စုတိ၏ အစွမ်းဖြင့် ဖြစ်၏ဟု ဆို၏။

အသညသတ်တို့အား ရုပ်သာလျှင် ပဋိသန္ဓေ ဖြစ်၏၊ ပဝတ္တိအခါ, စုတိအခါ၌ ရုပ်သာဖြစ်၍ ချုပ်၏၊ ဤ ၆–ပါးကား ရူပါဝစရ ပဋိသန္ဓေ မည်၏၊ ထို ၆–ပါးသော ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေသူတို့တွင် ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့၏ သက်တမ်းကား အသင်္ချေယျကပ်၏ ၃–ပုံပုံ ၁–ပုံ ဒြ၊ ဗြဟ္မပုရောဟိတဗြဟ္မာတို့၏ သက်တမ်းကား အသင်္ချေယျကပ် ထက်ဝက် ဒြ၊ မဟာဗြဟ္မာ့တို့၏ သက်တမ်းသည် အသင်္ချေယျ တကပ် ဖြစ်၏။

ကပ်သည် (၁) မဟာကပ်
(၂) အသင်္ချေယျကပ်
(၃) အန္တရကပ်
(၄) အာယုကပ်–ဟု လေးမျိုး ရှိ၏။

ထိုတွင်–**အာယုကပ်** ဟူသည် ထိုထို သတ္တဝါ တို့၏ ဆိုင်ရာဆိုင်ရာ အသက်တမ်းတည်း၊ **အန္တရကပ်** ဟူသည် တခုသော ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၏ အတွင်း၌ လူတို့၏ သက်တမ်း အဆုတ် အတက်၏ အစွမ်းဖြင့် ထင်သော အကြား ဖြစ်သော ကပ်ငယ် ၆၄–ပါးတည်း၊ ကေစိ ဆရာတို့က ကပ်ငယ် (၂၀) ဟု ဆိုကုန်၏၊ အပရေ ဆရာတို့က ကပ်ငယ် (၈၀) ဝေဒဝိဒူဆရာတို့က ကပ်ငယ် (၁၄) ကပ်–ဟုဆိုကုန်၏၊ ဆိုလိုရင်းမှာ မနုမည်သော တယောက် တယောက်သော မဟာသမ္မတ မင်းသည် မှတ်အပ်သော အန္တရ ကပ်တို့ တည်း–ဟု ဆိုလို၏၊ ကေစိ

ဆရာတို့က ဝိဝဋ္ဋဋ္ဌာယီကပ် တခုမှာ မဟာ သမ္ဘတမင်း တဦးသာ ဖြစ်၏ဟု ဆိုကုန်၏။

အသင်္ချေယျကပ် ဟူသည် အန္တရကပ် ၆၄-ခုတည်း၊ အန္တရကပ် ၆၄-ခု အပေါင်းကို အသင်္ချေယျ တကပ်-ဟု ခေါ်၏။

ထိုအသင်္ချေယျကပ်သည် (၁) သံဝဋ္ဋကပ်
(၂) သံဝဋ္ဋဋ္ဌာယီကပ်
(၃) ဝိဝဋ္ဋကပ်
(၄) ဝိဝဋ္ဋဋ္ဌာယီ ကပ်ဟု ၄-မျိုး ရှိ၏။

ထိုတွင်-ပျက်ဆဲကပ်သည် သံဝဋ္ဋ၊ ပျက်လျက်တည်နေဆဲကပ်သည် သံဝဋ္ဋဋ္ဌာယီ၊ ဖြစ်ဆဲကပ်သည် ဝိဝဋ္ဋ၊ ဖြစ်လျက် တည်နေဆဲ ကပ်သည် ဝိဝဋ္ဋဋ္ဌာယီကပ် မည်၏။

အသင်္ချေယျကပ် ၄-ခုကို မဟာ ကပ်-ဟု ခေါ်၏၊ မဟာ ကပ်၏ အသက်ကား စတုရန်း တယူဇနာကျယ် မုန်ညှင်းစေ့ အပုံကြီး ပုံထား၊ အနှစ်တရာ ပြည့်တိုင်း ပြည့်တိုင်း ထိုအပုံကြီးမှ တစေ့တစေ့ ယူ၍ပစ်၊ မုန်ညှင်းစေ့သာ ကုန်မည်၊ မဟာကပ်၏ အသက်ကား မကုန်သေး၊ ဤမျှလောက် အသက် ရှည်၏။

ပဥ္စမဈာန် သုံးဘုံ ဖြုဟ္မာတို့၏ သက်တမ်းကို အသင်္ချေယျ ကပ်၏ အစွမ်း အားဖြင့် ပိုင်းခြား ရေတွက် ရမည်၊ ဘယ့်ကြောင့် ဆိုသော် ကမ္ဘာပျက်သော အခါတိုင်း ပဥ္စမဈာန် သုံးဘုံ ပါဝင်လေသောကြောင့် ပေတည်း။ မှန်၏-မီးကြောင့် ပျက်သော တေဇောသံဝဋ္ဋကပ်များတွင် ပဥ္စမဈာန်ဘုံအပြင်သည် တိုးပွါးဆဲအပိုင်းမှာဖြစ်လျှင် အလုံးစုံတို့အရင် တိုးပွါး၏၊ ပျက်သောအပိုင်းမှာ နောက်ဆုံးမှပျက်၏၊ ထို့ကြောင့် ဝိဝဋ္ဋ အသင်္ချေယျ ကပ်၏ နောက် ထက်ဝက်, သံဝဋ္ဋ ကပ်၏ ရှေ့ ထက်ဝက် နှင့် တကွ အသင်္ချေယျ တကပ်, ဝိဝဋ္ဋ ဋ္ဌာယီ အသင်္ချေယျ တကပ် ဤအသင်္ချေယျ နှစ်ကပ်ကို ထိုပဥ္စမဈာန်ဘုံအပြင်၌ အာယုကပ် တခု-ဟု ဆိုခြင်းငှါ တတ်ကောင်း လေသည်၊ ဒုတိယဈာန် ဘုံအပြင်မှစ၍ မဟာ ကပ်ကို ယူလေ။

ကမ္ဘာ ပျက်ပုံ

မီးပျက်ကမ္ဘာ	၇	+	ရေပျက်ကမ္ဘာ	၁	=	မဟာကပ်		၈—ခု
မီး	၇	+	ရေ	။	၁	=	။	၈—ခု
မီး	၇	+	ရေ	။	၁	=	။	၈—ခု
မီး	၇	+	ရေ	။	၁	=	။	၈—ခု
မီး	၇	+	ရေ	။	၁	=	။	၈—ခု
မီး	၇	+	ရေ	။	၁	=	။	၈—ခု
မီး	၇	+	ရေ	။	၁	=	။	၈—ခု
မီး	၇	+	လေ	။	၁	=	။	၈—ခု

ထိုသို့ပျက်ရာတွင် အာဘဿရာဘုံမှ အောက်အပြင်တခုလုံး မီးဖြင့် ပျက်၏၊ သုဘကိဏှာ ဘုံမှ အောက်အပြင် တခုလုံး ရေဖြင့် ပျက်၏၊ ဝေဟပ္ဖိုလ် ဘုံမှ အောက်အပြင် တခုလုံး လေဖြင့် ပျက်၏။

အသင်္ချေယျကပ် ပိုင်းခြားပုံ

မီးပျက်ကမ္ဘာ။ ။မီးပျက် ကမ္ဘာ ဆိုလျှင် အစစွာ ကမ္ဘာပျက် မိုဃ်းကြီးသည် ကုဋေတသိန်းသော စကြဝဠာမှာရွာ၏၊ လူတို့သည် ဝမ်းမြောက်ဝမ်းသာ မျိုးစေ့များကိုစိုက်ပျိုးကြ၏၊ စိုက်ပင်များ နွားစားလောက် ရုံမျှ ရှိချိန်မှာ မိုဃ်းသည် မြည်းသံကဲ့သို့ အော်မြည်လျက် ရေတပေါက်မျှ မရွာတော့ပေ၊ ထိုအချိန်မှ စ၍ မိုဃ်း ပြတ်သွား၏၊ မိုဃ်းမရွာသော အချိန်ကား မည်မျှ ကြာသည်ဟု မရေတွက်နိုင်၊ ထို့နောက် နေ့, အစင်းပေါင်း ခုနစ်စင်း တိုင်အောင် ဆက်လက် ထွက်၍ မီးလောင်ကျွမ်း၏။

(က) ကမ္ဘာပျက် မိုဃ်း ရွာချိန်မှ စ၍ ကမ္ဘာပျက် မီးလျှံများ ပြတ်စဲသည့် အချိန်တိုင် အသင်္ချေယျ ကပ်သည် သံဝဋ္ဋ ကပ် မည်၏။

(ခ) ကမ္ဘာပျက် မီးလျှံ ပြတ်စဲချိန်မှ စ၍ ကမ္ဘာပြု မိုဃ်းကြီး ရွာသည့်တိုင်အောင် အသင်္ချေယျကပ်သည် သံဝဋ္ဋဋ္ဌာယီ ကပ် မည်၏။

(ဂ) ကမ္ဘာပြုမိုးကြီးရွာချိန်မှစ၍ နေ,လ,ပေါ်သည့်တိုင်အောင် အသင်္ချေယျကပ်သည် ဝိဝဋ္ဋကပ် မည်၏။

(ဃ) နေ,လ, ပေါ်သည်မှ စ၍ ကမ္ဘာဖျက် မိုးကြီး ရွာသည့် တိုင်အောင် အသင်္ချေယျ ကပ်သည် ဝိဝဋ္ဋဋ္ဌာယီကပ် မည်၏။

ရေဖျက်ကမ္ဘာ။ ။ရေဖျက်ကမ္ဘာ ဆိုလျှင်,အစဦးဆုံး ကမ္ဘာဖျက် မိုးကြီးရွာ၍၊ အထက်ပါ မီးဖျက်ကမ္ဘာကဲ့သို့ မျိုးစေ့တွေ ကြဲချ ပြီးလျှင်၊ အပင်များ နွားစားလောက်ရုံမျှ ရှိချိန်တွင် မိုးပြတ်စဲသွား၏၊ နှစ်ပေါင်း များစွာ ကြာမှ ကမ္ဘာဖျက် ဆားငံရေ မိုးကြီး ရွာကာ တဖြည်းဖြည်း တက်၍ ရေအယဉ်ကြီး များဖြင့် စကြဝဠာ ကုဋေ တသိန်း ပြည့်အောင် ရွာ၏၊ ဆားငံရေနှင့် ထိသမျှ မြေကြီး, တောင် စသည် တို့သည် ကြေမွ ပျက်စီး ကုန်၏၊ ရေကို ထက်ဝန်း ကျင်မှ လေတို့သည် ဆောင်ယူ ကုန်၏၊ မြေပြင်မှ ဒုတိယဈာန်ဘုံ အထိ ရေဖြင့် ပြည့်၏၊ ဗြဟ္မာဘုံ သုံးဘုံ ကိုလည်း ကြေမွ ပျက်စီး စေကာ သုဘကိဏှာဘုံကိုကပ်၍ တည်၏။

ထိုဆားငံရေသည် အနုမြူမျှ သင်္ခါရ အကြွင်း ရှိသေးက မငြိမ်းသေး, အနုမြူမျှ သင်္ခါရအကြွင်းမရှိမှ ငြိမ်းအေးပြတ်စဲသွား၏။ အထက်အောက် အာကာသချင်း စပ်၍ တခုသော အမိုက်မှောင်ကြီး ဖြစ်၏၊ အကြွင်းကို မီးဖျက် ကမ္ဘာမှာကဲ့သို့မှတ်၊ ထူးခြားချက်ကား– ဤ ရေဖျက် ကမ္ဘာ ပြန်လည် တည်ရာ၌ အာဘဿရာ ဗြဟ္မာဘုံကို အစ ပြု၍ တည်လာ၏၊ သုဘ ကိဏှာ ဗြဟ္မာ ဘုံမှ စုတေ၍ အာဘဿရာဘုံ စသည် တို့၌ သတ္တဝါတို့ ဖြစ်ကုန်၏။

(က) ကမ္ဘာဖျက် မိုးကြီး ရွာသည်မှ စ၍, ကမ္ဘာဖျက်ရေ ပြတ်စဲသည် တိုင်အောင် အသင်္ချေယျ ကပ်သည် သံဝဋ္ဋ ကပ် မည်၏။

(ခ) ကမ္ဘာဖျက်ရေပြတ်စဲသည်မှစ၍,ကမ္ဘာပြုမိုးရွာသည် တိုင်အောင်အသင်္ချေယျကပ်သည်သံဝဋ္ဋဋ္ဌာယီကပ်မည်၏။

(ဂ) ကမ္ဘာပျမိုဃ်း ရွာသည်မှ စ၍, နေ,လ, ပေါ်သည် တိုင် အောင် အသင်္ချေယျ ကပ်သည် ဝိဝဋ္ဋကပ် မည်၏။

(ဃ) နေ,လ, ပေါ်သည်မှစ၍, ကမ္ဘာပျက်မိုဃ်း ရွာသည် တိုင် အောင်အသင်္ချေယျ ကပ်သည် ဝိဝဋ္ဋဋ္ဌာယီကပ် မည်၏။

ဤကဲ့သို့ ရေဖြင့် ကမ္ဘာ၏ ပျက်ခြင်း, တည်ခြင်းကို သိအပ်၏။

လေပျက်ကမ္ဘာ။ ။လေပျက်ကမ္ဘာ ဆိုလျှင်လည်း အစဦးကပင်, ကမ္ဘာပျက် မိုဃ်းကြီးရွာလျက် ကြွင်းသမျှမှာ အတူတူပင်ဖြစ်၏။ ထူးခြားချက်ကား–မီးပျက်ကမ္ဘာ၌ ဒုတိယနေဝန်း ပေါ်သကဲ့သို့ ဤလေပျက် ကမ္ဘာ၌ ကမ္ဘာပျက်လေ တိုက်ခတ်၏၊ ထိုလေသည် ပထမဦးဆုံး မြူမှုန်, မြူကြမ်းကြီး၊ ထိုနောက် နူးညံ့ သေး ငယ်သောမြူ,နူးညံ့သောသဲ,သဲကြမ်းကြီး,ကျောက်စရစ်,ကျောက်တုံး ကျောက်ခဲမှစ၍,တောင်ထွတ် ပမာဏမျှရှိသော ကျောက်တုံးကြီးများ၊ မညီညွတ်ရာ မြေ၌ ပေါက်သော သစ်ပင်ကြီး များကို တိုက်ခတ်၏၊ ထိုအရာတို့သည် ကောင်းကင်သို့ လွင့်ပါ သွားလျက် တဖန် ပြန်လည် ကျကုန်၏၊ မှုန့်မှုန့်ညက်ညက် ကြေပျက်ကုန်၏၊ထိုနောက် အစဉ်အတိုင်း အောက်မြေမှ လေတိုက်ခတ်၍ မဟာပထဝီ မြေကြီးကို လည်စေကာ, အထက်ကို အောက်, အောက်ကို အထက် ပြု၍ ကောင်းကင် ပြင်သို့ လွင့်တက်စေ၏။

ယူဇနာတရာမျှရှိသော မြေပိုင်တွေ,ယူဇနာ နှစ်ရာ,သုံးရာ,လေးရာ, ငါးရာ, ပမာဏ ရှိသော မြေပိုင်ခဲကြီးတွေ အနေ ပြိုကွဲလျက် လေဟုန် ပင့်၍ ကောင်းကင်သို့ လွင့်ကာ, မှုန့်မှုန့် ညက်ညက် ကြေပျက်ကုန်၏၊ စကြဝဠာ တောင်ကြီး, မြင့်မိုရ် တောင်ကြီး များကိုလည်း ပင့်ချီ၍ အာကာသ ထဲသို့ ပစ်၏၊ အချင်းချင်း ထိခိုက် ကျေမွ ပျက်စီး ကုန်၏။ ဤနည်းအားဖြင့် မြေပေါ်က် ဗိမာန်တွေ, ကောင်းကင်တည် ဗိမာန်တွေ နှင့် တကွ ကာမ နတ်ပြည် ခြောက်ထပ်ကို ပျက်စီးစေ၏၊ စကြဝဠာ ကုဋေတသိန်းကို ပျက်စီးစေ၏၊စကြာဝဠာ,စကြာဝဠာချင်း၊ဟိမဝန္တာ, ဟိမဝန္တာချင်း၊ မြင့်မိုရ်တောင်, မြင့်မိုရ် တောင်ချင်း ထိခိုက်၍ ကျေမွ ပျက်စီး ကုန်၏၊ မြေမှ တတိယဈာန်ဘုံ တိုင်အောင် လေဖြင့် ပျက်စီး၍ ဝေဟာပ္ဖိုလ်ဘုံသို့ ထိ၍ တည်၏။

ဤကဲ့သို့ သင်္ခါရ အားလုံး မိမိ ဟူသော လေ,ပါ ပျက်စီး၏၊ အထက် အောက်,အာကာသနှစ်ရပ် စပ်၍နေတော့၏၊ ကမ္ဘာတည်ပြန်ကလည်း သုဘကိဏှာ ဘုံမှ စ၍ တည်၏၊ ဝေဟပ္ဖိုလ် ဘုံမှ ဖြဟ္မာတွေ စုတေ၍ သုဘကိဏှာဘုံ စသည်တို့မှာ ဖြစ်လာကုန်၏၊ ထိုစကားရပ်များတွင်—

(က) ကမ္ဘာဖျက်မိုးရွာသည်မှ ကမ္ဘာဖျက်လေ,ငြိတ်စဲသည် တိုင်အောင် ပဌမအသင်္ချေယျကပ်သည်သံဝဋ္ဋကပ်မည်၏။

(ခ) ကမ္ဘာဖျက်လေ ငြိတ်စဲ သည်မှ ကမ္ဘာပြုမိုး ရွာသည် တိုင်အောင် ဒုတိယ အသင်္ချေယျ ကပ်သည် သံဝဋ္ဋဋ္ဌာယီ ကပ် မည်၏။

(ဂ) ကမ္ဘာပြုမိုး ရွာသည်မှ နေ,လ,ပေါ်သည့် တိုင်အောင် တတိယ အသင်္ချေယျကပ်သည် ဝိဝဋ္ဋကပ်မည်၏။

(ဃ) နေ,လ,ပေါ်ချိန်မှစ၍ကမ္ဘာဖျက်မိုးရွာသည်တိုင်အောင် စတုတ္ထ အသင်္ချေယျ ကပ်သည် ဝိဝဋ္ဋဋ္ဌာယီကပ် မည်၏။

အဘယ့်ကြောင့် လောကကြီး ပျက်စီးသလဲ ? ဆိုလျှင် အကုသိုလ် မူလဖြစ်သော လောဘ, ဒေါသ, မောဟ ဟူသော အကြောင်းကြောင့် ပျက်စီး၏၊ အကုသိုလ် မူလ ဖြစ်သော လောဘ, စသော တရားများ ထက်သန် တိုးပွါး လာပါက လောက ကြီးသည် ပျက်စီး လေ၏။ ထိုလောက ကြီးသည် လောဘ တရား လွန်စွာ များပြား ပါက မီးဖြင့် ပျက်စီး၏၊ ဒေါသတရား များပြား လာပါက ရေဖြင့် ပျက်စီး၏၊ မောဟ တရား များပြား လာပါက လေဖြင့် ပျက်စီး၏။ ကေစိ ဆရာတို့က— ဒေါသ များသော် မီးဖြင့်, လောဘ များသော် ရေဖြင့် ပျက်စီး၏ဟု ဆိုကုန်၏။

ကမ္ဘာကြီး ပျက်စီးရာ မှာလည်း တဆက်တည်း မီးဖျက် သံဝဋ္ဋ ကမ္ဘာ ခုနစ်ကြိမ် ဆက်လက်ဖြစ်ပေါ်ရ၏၊ ရှစ်ကြိမ်မြောက် ပျက်ရာမှာ ရေကြောင့်ပျက်သော ရေ,သံဝဋ္ဋကမ္ဘာအလှည့်ဖြစ်၏။ဤကဲ့သို့ ကမ္ဘာ ကြီးသည် ဖြစ်လိုက်,ပျက်လိုက်နှင့်လာခဲ့ရာ ၆၄-ကြိမ်မြောက်ဖြစ်သော အပျက် ကမ္ဘာကြီး သည်ကား—လေကြောင့် ပျက်သော လေ,သံဝဋ္ဋ ကမ္ဘာကြီး ဖြစ်လေတော့သည်။ မဟာကပ်ပေါင်း ၆၄-ကပ် ရှိသော ဟူ၏။

ဘုံသက်တမ်း-ဗြဟ္မာသက်တမ်း

ပဉ္စမဈာန် သုံးဘုံ၏ သက်တမ်းကား အသင်္ချေယျ ၂-ကပ် ဖြစ်၏၊ သို့ရာတွင် ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျ ဝိဝဋ္ဋဋ္ဌာယီကပ်၏ သုံးပုံပုံ-တပုံသာ အသက် ရှည်၏။

ဗြဟ္မပုရောဟိတ ဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျဝိဝဋ္ဋဋ္ဌာယီကပ်၏ ထက်ဝက် (½) ဖြစ်၏။

မဟာဗြဟ္မာတို့၏အသက်ကား ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျတကပ်ဖြစ်၏။

ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ ဟူသော ဒုတိယဈာန် သုံးဘုံ၏ သက်တမ်းမှာ မဟာကပ္ပါကြီး ရှစ်ခုဖြစ်၏၊ သို့ရာတွင် ဘုံနေ ဗြဟ္မာတို့၏ သက်တမ်းကား—

ပရိတ္တာဘာ ဗြဟ္မာတို့မှာ	မဟာကပ်	၂—ခု၊
အပ္ပမာဏာဘာ ဗြဟ္မာတို့မှာ	မဟာကပ်	၄—ခု၊
အာဘဿရာ ဗြဟ္မာတို့မှာ	မဟာကပ်	၈—ခု၊

မှတ်ချက်။ ။အာဘဿရာ ဗြဟ္မာများတွင် သက်တမ်း မဟာကပ္ပါ ၈-ခုဟု ဆိုသော်လည်း မပြည့်တတ်၊ ခုနစ်ခုခွဲမျှ ဖြစ်၏၊ အနည်းငယ် အပိုအလိုကို စကားပြော၍ မဖြစ်ပေ။

ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ ဘုံတို့၏ သက်တမ်းမှာကား မဟာကပ် ၆၄-ခု ရှိ၏၊ ဘုံနေဗြဟ္မာတို့ သက်တမ်းမှာကား—

ပရိတ္တသုဘာ ဗြဟ္မာ	၁၆-မဟာကပ္ပါ၊
အပ္ပမာဏသုဘာ ဗြဟ္မာ	၃၂-မဟာကပ္ပါ၊
သုဘကိဏှာ ဗြဟ္မာ	၆၄-မဟာကပ္ပါ ဖြစ်၏။

ဝေဟပ္ဖိုလ်ဘုံစ၍ အထက်ဗြဟ္မာဘုံတို့သည် ကပ္ပါပျက်စာရင်းတွင် မပါဝင်ကြတော့ပေ။

ဝေဟပ္ဖိုလ် ဗြဟ္မာ သက်တမ်း	၅၀၀—မဟာကပ္ပါ၊
အသညသတ်	၅၀၀ ။
အဝိဟာ ဗြဟ္မာ သက်တမ်း	၁၀၀၀—မဟာကပ္ပါ၊
အတပ္ပါ	၂၀၀၀ ။

သုဒဿာ	၄၀၀၀၊
သုဒဿီ	၈၀၀၀၊
အကနိဋ္ဌ	၁၆၀၀၀- မဟာကပ္ပ ဖြစ်၏။

အရူပ လေးဘုံ

အရူပဝိပါက် ၄-ခုသည် အရူပ ၄-ဘုံ၌ အစဉ်အတိုင်း ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်းဖြင့် ဖြစ်၏။

ယသဒ္ဒါ၍ဖွင့်။ ။အစဉ်အတိုင်း ဆိုသည်မှာ အာကာသာနဉ္စာယတန ဝိပါက်သည် အာကာသာနဉ္စာယတန ဘုံမှာ၊ ဝိညာဏဉ္စာယတန ဝိပါက်သည် ဝိညာဏဉ္စာယတန ဘုံမှာ၊ အာကိဉ္စညာယတန ဝိပါက်သည် အာကိဉ္စညာယတန ဘုံမှာ၊ နေဝသညာ နာသညာယတန ဝိပါက်သည် နေဝသညာ နာသညာယတန ဘုံမှာ ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်းဖြင့် ဖြစ်၏။

အရူပ ဗြဟ္မာ သက်တမ်း

အာကာသာနဉ္စာယတန ဗြဟ္မာသက်	၂၀၀၀၀-မဟာကပ္ပ၊	
ဝိညာဏဉ္စာယတန	။	၄၀၀၀၀ ။
အာကိဉ္စညာယတန	။	၆၀၀၀၀ ။
နေဝသညာ နာသညာယတန ဗြဟ္မာသက်	၈၄၀၀၀-ဖြစ်၏။	

အချုပ် အားဖြင့် ဘဝဇာတ် တခု တခုမှာ သတ္တဝါတိုင်း သတ္တဝါတိုင်း ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် တို့သည် အများ အားဖြင့် တူညီကြ၏။

ပဋိသန္ဓိ စတုက္က ပြီး၏။

ဝိထိမုတ်ပိုင်း–လေ့ကျင့်ခန်း (၁)

၁။ ဤဝိထိမုတ်ပိုင်းကား–ပဝတ္တိသင်္ဂဟ နှစ်မျိုးတို့တွင် မည်သည့် သင်္ဂဟ ပါနည်း၊ ဤ၌ ပါဝင်သော စတုက္က ၄–ပါးကို ဖော်ပြပါ။

၂။ အဘယ်ကို "ဘုံ"ဟု ခေါ်သနည်း၊ အောက်ပါ ၄–ပါးတို့၏ သဘောသွားကို ရှင်းပြခဲ့ပါ။

(က) အပါယ်ဘုံ
(ခ) ကာမသုဂတိဘုံ
(ဂ) ရူပါဝစရဘုံ
(ဃ) အရူပါဝစရဘုံ

၃။ ငရဲကြီး ၈–ထပ်ကို ရေတွက်၍ ၎င်း တို့၏ တခု နှင့် တခု အကွာ အဝေးကို ဖော်ပြပါ။

၄။ ငရဲ၌ ငရဲထိန်းများ ရှိ၏ ဟူသော စကားကို သင်–မည်သို့ မှတ်ယူသနည်း၊ သာဓက ယုတ္တိဖြင့် စိစစ်ခဲ့ပါ။

၅။ "ယောနိ"၏ အဓိပ္ပါယ်ကို ရေး၍ အပါယ် ၄–ဘုံတို့၏ တည်ရာ ဌာန အသီးသီးကို ဖော်ပြပါ။

၆။ "မနုဿ" အရ ဖော်ပြ ပြီးလျှင် စကြာဝဠာ ကမ္ဘာနှင့် စပ်၍ ယခုခေတ် ပထဝီ ဆရာတို့ အဆိုနှင့် ဗုဒ္ဓစာပေ၌ အဆို ၂–ရပ်တို့ ညီမညီ, သင်–သိသမျှ စိစစ်ခဲ့ပါ။

၇။ မာဃလုလင်များ ပေါ်လာသည့် အချိန်ကျမှ, မာဃလုလင်နှင့်တကွ ကောင်းမှု ပြုဖက် သုံးကျိပ် သုံးယောက် တို့၏ ဖြစ်မှုကို စွဲ၍ "တာဝတိံသာ"ဟု ဝိဂြိုဟ် ဆိုခြင်း သင့်,မသင့် နှိုင်းချင့် ဖြေဆိုခဲ့ပါ။

၈။ ကာမသုဂတိ ၇–ဘုံကို ရေတွက် ပြီးလျှင်, ၎င်းတို့၏ တခု နှင့် တခု အကွာ အဝေးကို ဖော်ပြပါ။

၉။ အနာဂရမဏာမျိုးဖြစ်၍ အာရုံယူမှုမရှိ၊ ရုပ်သက်သက်သာဖြစ်သော အသညသတ် ပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် "သတ္တ"သဒ္ဒါနှင့် တွဲဖက်လျက် အသညသတ် ပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါသနည်း၊ အကြောင်း ယုတ္တိပြ၍ ဖြေပါ။

၁၀။ ဘုံ(၃၁)ကို ပုဂ္ဂိုလ် ၁၂–ယောက်ဖြင့်၎င်း, (ပုဂ္ဂိုလ်အပြား–ဝါကရား)အရ ၂၁၄–ယောက်ဖြင့်၎င်း ရသင့်သလို ဝေဘန်ပြပါ။

၁၁။ ပဋိသန္ဓိ စတုက္က၌ ပဋိသန္ဓေ ၄–မျိုးကို ရေတွက်၍ တုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေသူတို့ကို ကောက်ပြပါ။

အောင်မင်္ဂလာ ၄–၃၄

၁၂။ ဇစ္ဆန္ဒာဒိဥ္စအာဒိသဒ္ဒါဖြင့်ရယူနိုင်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ ပဏ္ဍုက် ၄-မျိုး တို့တွင် ရဟန်းပြုခွင့် ရနိုင်သော ပဏ္ဍုက်များကို ဖော်ပြခဲ့ပါ။

၁၃။ ဘုမ္မဒေဝ (ဘုမ္မစိုး) နတ်, ဝိနိပါတိက အသုရာနတ် ဟူသည် အဘယ် နတ်မျိုး နည်း၊ ဝိနိပါတိက အသုရာတိုင်း အဟိတ်ပုဂ္ဂိုလ်ဟု မှတ်ရမည်လော ရှင်းလင်း ဖြေဆိုခဲ့ပါ။

၁၄။ ကာမပဋိသန္ဓေ (၁၀)ပါး ရေတွက်ပြီးလျှင်၊ အပါယ်ဘုံသား လူ,ဝိနိပါတိက အသုရာတို့၌ အသက်တမ်း မြဲ,မမြဲ အကြောင်းပြ ရှင်းလင်းခဲ့ပါ။

၁၅။ ''စတုဂ္ဂုဏံ'' အရ တာဝတိံသာ နတ်သက်သည် စတုမဟာရာဇ် နတ်သက် ထက် ၄-ဆ တက်လျှင် သက်တမ်း (၂၀၀၀) ဖြစ်သင့်သည် မဟုတ်ပါလော၊ ၄-ဆ တက်ပုံကို သေချာစွာ ရှင်းလင်းခဲ့ပါ။

၁၆။ စတုမဟာရာဇ်နတ်သက်ကိုလူ့တွက်ကိန်း,နတ်တွက်ကိန်းတို့ဖြင့် ရေတွက်ပြပါ။

၁၇။ တတိယဈာန် ဝိပါက်စိတ်၏ တတိယဈာန်ဘုံ၌ မဖြစ်ခြင်း၏ အကြောင်းကို ရေးပြီးလျှင်၊ ရုပ်ဖြင့် ပဋိသန္ဓေ နေ၍ ရုပ်ဖြင့်သာ စုတေသော ပုဂ္ဂိုလ်ကို ညွှန်းပြခဲ့ပါ။

၁၈။ မဟာကပ်, အသင်္ချေယျကပ်, အန္တရကပ်, အာယုကပ် ၄-မျိုးတို့၏ သဘော သွားကို ရှင်းလင်းခဲ့ပါ။

၁၉။ ပဉ္စမဈာန် ဘုံ၌ အသင်္ချေယျ ကပ်ဖြင့် ပိုင်းခြား ရပုံကို ရှင်းလင်း ပြီးလျှင် မီး,ရေ,လေ တို့ကြောင့် စတင်ပျက်စီးရသော ဘုံတို့ကို ဖော်ပြပါ။

၂၀။ အသင်္ချေယျကပ်၏ အမျိုးအစားကို ဖော်ပြ၍၊ မီးဖျက်ကမ္ဘာ၏ အသင်္ချေယျ ကပ် အသီးသီးဖြင့် ပိုင်းခြားပုံကို စုံလင်စွာ ရေးခဲ့ပါ။

ကမ္မစတုက္က အဖွင့်

ဇနကကံ-ပဋိသန္ဓေ အခါ, ပဝတ္တိ အခါတို့၌ ဝိပါက်ခန္ဓာ ကဋတ္တာ ရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် စေတနာ၊ ဥပထမ္ဘကကံ-ဇနကကံကို အထောက်ပံ့အ ပေးသောကံ၊ ဥပပီဠကကံ-ကံတပါးကိုရင်း,ကံတပါးကြောင့် ဖြစ်သော ခန္ဓာအစဉ်ကိုရင်း အားနည်းအောင် ပြု၍ ညှဉ်းဆဲတတ်သောကံ၊ ဥပဃာတကကံ-ကံတပါး, ကံတပါးကြောင့် ဖြစ်သော ခန္ဓာ အစဉ်ကို အား နည်းအောင် ပြု၍ အချင်းခပ်သိမ်း ဖြစ်တတ်သောကံ။

ဇနကကံ အဖွင့်

ထို ၄-ပါးတွင် ဇနကကံ ဟူသည် ပဋိသန္ဓေ အခါ, ပဝတ္တိ အခါ၌ ဝိပါက် ကဋတ္တာ ရုပ်ကို ဖြစ်စေ တတ်သော ကုသိုလ်, အကုသိုလ် စေတနာပင်တည်း၊ ထိုစေတနာကိုလည်း ပဋိသန္ဓေ အကျိုးကို ဖြစ်စေ တတ်သော ကမ္မပထ မြောက်သော စေတနာဟုမှတ်၊ ပဝတ္တိ အကျိုးကို ဖြစ်စေ တတ်သော စေတနာကို ကမ္မပထသို့ ရောက်သည် ဖြစ်စေ, မရောက်သည်ဖြစ်စေ,ကုန်ကုန်ပြောရရင် ပဉ္စဒွါရ၌ဖြစ်သော စေတနာ ကိုရင်း, ဓိပ်မက်၌ ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာကိုရင်း ပဝတ္တိ ဇနကကံ ဟူ၍ မှတ်။

ဥပထမ္ဘကကံ

ဥပထမ္ဘကကံ မည်သည် အကျိုး ပေးခွင့် မရသော, ရင့်ကျက်လေ ပြီးသော ဝိပါက်ရှိသော အလုံးစုံသော ကုသိုလ်, အကုသိုလ် စေတနာ တည်း၊ ထိုစေတနာသည် အကျိုးကိုဖြစ်စေတတ်သော်လည်း မိမိအကျိုး ဝိပါက်မှ ရှေ့ပိုင်းမှာသော်ရင်း, နောက်ပိုင်းမှာသော်ရင်း သဘောတူ ကံတပါးကို, (သို့မဟုတ်) ကံသည် ဖြစ်စေအပ်သော ခန္ဓာ အစဉ်ကို ထောက်ပံ့လျက် ဖြစ်၏၊ ကျွမ်းဂန် ရေးသားရာမှာ ရတနာ သုံးပါးအား ရှိခိုးသော ပဏာမ စေတနာကဲ့သို့ ပင်တည်း။

ဝိသုဒ္ဓိမဂ်၌ ဥပထမ္ဘကကံသည် အကျိုးဝိပါက်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ဟု ဆိုသည်ကား အကျိုးပေးခွင့် အလှည့် အကြိမ် မရသော ဥပထမ္ဘကကံကို ရည်၍ ဆိုသည်ဟု ယူအပ်၏၊ ဘယ့်ကြောင့်ဆိုသော်

အကြောင်း ညီညွတ်သည် ရှိသော် ဘယ်ကံမှ ပဝတ္တိ အကျိုးမျက်ကို မဖြစ်စေတတ်သော မည်သည်မရှိ၊ ကံတိုင်း ကံတိုင်း ဖြစ်စေတတ်သည်သာတည်း။

ထောက်ပံ့ ဆိုသည်မှာ အခွင့် မရသော အဟောင်း ဇနကကံ ကပါးကို အခွင့်ပြုခြင်းပင်တည်း၊ ထိုထောက်ပံ့မှုသည် သေခါနီးအခါမှာ ထင်ရှား၏၊ မှန်၏-ထိုမရဏာသန္န အခါမှာ ကုသိုလ် မရဏာသန္နဇောစောခဲ့သော် တပါးသော ပဋိသန္ဓေဇနက ကုသိုလ်ကံသည် အခွင့်ရ၏၊ အကုသိုလ် မရဏာ သန္နဇော စောခဲ့သော် တပါးသော ပဋိသန္ဓေဇနက အကုသိုလ်ကံ အခွင့်ရ၏၊ ထို့ကြောင့် ဣတိဝုတ် ပါဠိတော်၌-

ဣမမှိ စာယံ သမယေ၊ ကာလကိရိယာထ ပုဂ္ဂလော။
သဂ္ဂမှိ ဥပပဇ္ဇေယျ၊ စိတ္တဉှိသ ပသာဒိတံ။
ဣမမှိ စာယံ သမယေ၊ ကာလကိရိယာထ ပုဂ္ဂလော။
နိရယေ ဥပပဇ္ဇေယျ၊ စိတ္တဉှိသ ပဒုသိတံ-ဟု ဟောတော်မူ၏။

(က) ဤအခါ၌ ဤပုဂ္ဂိုလ်သည် ဘဝတပါးသို့ ပြောင်းသွားငြားအံ့၊ ထိုပုဂ္ဂိုလ်သည် နတ်ပြည်၌ ဖြစ်ရာ၏၊ ဘယ့်ကြောင့် ဆိုသော်- ထိုပုဂ္ဂိုလ်၏စိတ် ကြည်လင်သောကြောင့် ပေတည်း။

(ခ) ဤအခါ၌ ဤပုဂ္ဂိုလ်သည် ဘဝတပါးသို့ ပြောင်းသွားငြားအံ့၊ ထို ပုဂ္ဂိုလ်သည် ငရဲ၌ ဖြစ်ရာ၏၊ ဘယ့်ကြောင့် ဆိုသော်- ထိုပုဂ္ဂိုလ်၏ စိတ်ဓာတ် ပျက်စီးလေသောကြောင့် ပေတည်း။

ပဝတ္တိ အခါမှာလည်း ထိုထောက်ပံ့မှုမျိုး အများကြီး ရအပ်၏။

ခန္ဓာအစဉ် ထောက်ပံ့မှု။ ။ကံကြောင့် ဖြစ်သော ခန္ဓာ အစဉ်ကို ထောက်ပံ့မှု မည်သည် တပါးသော အကျိုး ပေးခွင့်ရ ကုသိုလ်ကံကြောင့်ရင်း, (သို့မဟုတ်) အကုသိုလ်ကံ ကြောင့်ရင်းဖြစ်သော ခန္ဓာအစဉ်၏ အသက်အန္တရာယ်ကို ပယ်ရှားကာ အသက် ရှည်ကြောင်း အဆောက်အဦကောင်းတို့ကို ပေါင်းစု၍ အလွန် မြင့်ရှည်စွာ ဖြစ်အောင် ပြုခြင်းတည်း။

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎါ ပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။
(ဓမ္မပဒပါဠိတော်)

အမြဲ အသက်ဖြင့် ကြီးသောသူ, ဂုဏ်ဖြစ် ကြီးသော သူတို့ကို အရိုအသေ ပြုလေ့ ရှိသော ရိုသေစွာရှိခိုး ချီးမွမ်းလေ့ရှိသူအား အသက်ရှည်ခြင်း,အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း ဤကောင်းကျိုး ကျေးဇူး တို့သည် တိုးတက်ပွါးများ ကုန်၏။

ဤအရာ၌ ကုသိုလ်ကံက အကုသိုလ် ကံကြောင့် ဖြစ်သော ခန္ဓာ အစဉ်ကို, အကုသိုလ် ကံကလည်း ကုသိုလ်ကံကြောင့် ဖြစ်သော ခန္ဓာ အစဉ်ကို မထောက်ပံ့ဟု မဆိုအပ်။ မှန်၏–အကုသိုလ် ကံကြောင့် ဖြစ်သော တန်ခိုးကြီး နဂါး, ဂဠုန် စသည်တို့၏ ခန္ဓာ အစဉ်ကို ပဝတ္တိ အခါ ရှေး၌ ပြုအပ် ခဲ့သော ကုသိုလ်ကံသည် အသက် အန္တရာယ်ကို ကာကွယ် ပေးခြင်း စသော နည်းဖြင့် တိုးပွါး မှုကို ပြု၏။ ထို့အတူ ကုသိုလ်ကံကြောင့် ဖြစ်သော အချို့ ဝိနိပါတိက အသုရာ စသည် တို့၏ ခန္ဓာအစဉ်ကို ရှေး၌ ပြုလုပ်ဘူးသော အကုသိုလ်ကံသည် အလွန် ကြာမြင့်စွာ ဖြစ်လေအောင် ပြု၏။

ဥပပီဠကကံ–ဥပဃာတကကံ။ ။ဥပပီဠကကံ, ဥပဃာတကကံတို့ သည်လည်း ကုသိုလ်,အကုသိုလ် စေတနာတို့ ပင်တည်း၊ ထိုစေတနာတို့ သည်လည်း အကျိုး ဝိပါက်ကို ဖြစ်စေတတ်ကြစေကာမူ မိမိ၏ အကျိုးပေး အကြိမ်မှ ရှေ့ပိုင်းမှာသော် ၎င်း, နောက်ပိုင်း မှာသော်၎င်း, အကျိုးပေးလှည့်ယူရာ အခါ မှာသော် ၎င်း, ကံတပါးကို၎င်း, ကံကြောင့်ဖြစ်သော ခန္ဓာ အစဉ်ကို၎င်း အလွန် အားနည်းအောင် ပြုကာ ညှဉ်းဆဲနှိပ်စက်လျက် ဖြစ်တတ်ကုန်၏၊အချင်း ခပ်သိမ်း ဖြတ်လျက် ဖြစ်တတ်ကုန်၏။

ဥပပီဠကကံက–ကံတပါးကိုညှဉ်းဆဲပုံ။ ။ဥပပီဠကကံ၏ ကံတပါး အားညှဉ်းဆဲမှုမည်သည် ကား–တပါးသော ဇနကကံကို အားနည်းအောင် ပြုခြင်းတည်း။ မှန်၏– ကံမည်သည် အားထုတ်သော အခါက အားရှိသော်လည်း နောင်အခါ ပြုအပ်သော တိုက်ရိုက် ဆန့်ကျင်သော ကံဘပါးသည် နှိပ်စက်အပ် သည် ရှိသော် အစွမ်း သတ္တိ ကင်းမဲ့ သွား၏၊ အထက် ဘုံမှာ ဖြစ်စေ တတ်တဲ့ ကံဖြစ်သော်လည်း အောက် ဘုံမှာသာ ဖြစ်စေနိုင် တော့၏၊ တန်ခိုးကြီးအမျိုးမှာဖြစ်စေတတ်သော်လည်း တန်ခိုးငယ်သောအမျိုးမှာ

ဖြစ်စေနိုင်တော့၏၊ အထက်တန်းလူ့ဘုံမှာ ဖြစ်ဘို့ရှိပါလျက် အောက်တန်းလူ့ဘုံမှာ ဖြစ်ရတော့၏၊ အသက်ရှည်ရှည် နေဘို့ရာဖြစ်ပါလျက် အသက်တိုရာမှာ ဖြစ်ရတော့၏၊ သူဌေးဘွဲ့ရရာမှာ ဖြစ်သင့်ပါလျက် ငမွဲ့ ငတေမှာ ဖြစ်ရတော့၏၊ ဤသို့ စသည်ဖြင့် ချဲ့လေ။

ထိုကဲ့သို့ ကံကို အားထုတ် ပြုလုပ်ချိန်က ငရဲကြီး တွေမှာ ဖြစ်စေတတ်တဲ့ အကုသိုလ်ဖြစ်သော်လည်း နောင်အခါပြုအပ်သော ကုသိုလ်ကံ နှိပ်စက်အပ်သည် ဖြစ်၍ ငရဲငယ်တို့၌ရှင်း, ပြိတ္တာဘုံတို့၌ရှင်း ဖြစ်ရ၏၊ အဇာတသတ်မင်းကို ထောက်လေ။

ရှင်းချက်။ ။အဇာတသတ် မင်းသည် ဘခင် ဗိမ္ဗိသာရ မင်းကြီးကို သတ်၏၊ ထိုကံကြောင့် ငရဲကြီးတွေမှာ ခံရဘို့ ကောန် ဖြစ်နေ၏၊ သို့ပေမဲ့-ဘုရားနှင့် တွေ့၍ သာသနာတော်ကို အလွန် ထောက်ပံ့သော ကုသိုလ်ကံကြောင့် ငရဲကြီးမှာ မဖြစ်ရ၊ ငရဲငယ်မှာ ဖြစ်ရတော့၏၊ ပိတုဃာတက အကုသိုလ်ကံကို သာသနာပြုစုသော နောက် ကုသိုလ်ကံက နှိပ်စက် ညှဉ်းပန်း၏။

အချုပ်သဘော—ကံမည်သည် ပြုစဉ်က အားမရှိသော်လည်း နောင် အခါ သဘောတူ အားရှိ ကုသိုလ်ကံ, သို့မဟုတ် အားရှိ အကုသိုလ်ကံ အထောက်အပံ့ရ၍ အလွန်းအားကောင်းသောကံ ဖြစ်လာတတ်၏။

ခန္ဓာအစဉ်ကို ညှဉ်းဆဲပုံ။ ။ခန္ဓာ အစဉ်ကို ညှဉ်းဆဲ ဆိုသည်မှာ- တပါးကံကြောင့်ဖြစ်သော သတ္တဝါ၏ ပဋိသန္ဓေအခါမှစ၍ တချိန်ချိန်မှာ ခန္ဓာကိုယ်၌ အနာရောဂါ အမျိုးမျိုးကို ဖြစ်စေ၍ ဒုက္ခ ဖြစ်အောင် ပြုခြင်းမျိုး၊ ရာထူး,လာဘ်ယာ,နွား,ကျွဲ,စပါး, ငွေ့ဖိမ်, သားမယား, ဆွေမျိုးဉာတိ တို့၏ ပျက်စီးခြင်းကို ဖြစ်စေ၍ ဒုက္ခဖြစ်အောင် ပြုခြင်းမျိုးတည်း။ မှန်၏—ကံ၏အကျိုးသည် ဝိပါကဖလ, နိသန္ဒဖလ ဟု နှစ်မျိုး ရှိ၏၊ ထိုတွင် ဝိပါကဖလ မည်သည် ကံပြုသူသာ ခံစားရသော အကျိုးတည်း။ နိသန္ဒဖလ မည်သည်ကား-တခြား သူများ နှင့်လည်း ဆက်ဆံ၏၊ ဓမ္မပဒလာ အာနန္ဒသူဌေးဝတ္ထုကို ထောက်လေ။

ဝတ္ထုအကျဉ်းချုပ်မှာ-အာနန္ဒ သူဌေးသည် အလွန်ဝန်တို၏၊ တခြား သူများ အလှူပေးသည်ကို တားမြစ်၏၊ သူသေသောအခါ ရွာသိန်ရွာငယ် တခုမှာ မိန်းမတဦး၏ဝမ်း၌ဖြစ်၏၊ သူကို ဖွားချိန်မှစ၍ သူ၏မကောင်းမှု ကံကြောင့် အမိမှစ၍ တရွာလုံး ဒုက္ခရောက်၏။ ထို့ကြောင့် နိသန္ဒဖလ၏

အစွမ်းဖြင့် တဦးသူပြုသော ကံသည် အခြားသူတို့၏ ဆင်းရဲချမ်းသာကို ပြုတတ်၏ ဟု မှတ်။

စက္ကုစသော ကမ္မသန္တတိရုပ်ဦးများတွင် စက္ကုပါလထေရ် စသည်တို့၏ ရုပ်ဦးများကဲ့သို့ ရုပ်ဦး တခု, နှစ်ခု, သုံးခုကို သော်လည်း အချင်းခပ်သိမ်း ပျက်စီးစေတတ်သောကံကို ဥပဃာတကကံ၌ ရေတွက်အပ်၏။ ဥပဃာတကကံနှင့် ဥပစ္ဆေဒကကံ သဒ္ဒါကွဲ အနက်တူ ဟု မှတ်။

ကံဘပါးကိုဖြတ်ပုံ။ ။ဤဥပစ္ဆေဒကကံ၏ကံတပါးကိုဖြတ်ခြင်းသည် မရဏာသန္နအခါမှာထင်ရှား၏။မှန်၏-မရဏာသန္န အခါ ရှေးဦးစွာ မကောင်းမှု ကံစွမ်းကြောင့် ဒုဂ္ဂတိနိမိတ် ထင်လာသော်-နောက်တဖန် ကုသိုလ်ကံသည် ထိုနိမိတ်ကို တားမြစ်၍ သုဂတိနိမိတ်ပြကာ နတ်ပြည်၌ဖြစ်စေ၏၊ ကုသိုလ်ကံစွမ်းကြောင့်သုဂတိနိမိတ် ထင်လာသော်- နောက်တဖန် အကုသိုလ် ကံသည် ထိုနိမိတ်ကို တားမြစ်၍ ဒုဂ္ဂတိနိမိတ်ကိုပြကာ အပါယ်၌ ဖြစ်စေ၏၊ ဒုဋ္ဌဂါမဏိမင်းဝတ္ထု, သောဏ မထေရ်၏ ဖခင် ဝတ္ထုကို ထောက်ထားလေ။

အတ္တိဂိုးရ် အဋ္ဌကထာမှာ - ကုသိုလ်, အကုသိုလ်ကံ ကုန်ခြင်းကို ပြုတတ်သော မဂ်ကံ၏လည်း ကံတပါးအား ဖြတ်တတ်သော အဖြစ်ကို မိန့်၏၊ အင်္ဂုလိမာလထေရ်ကို ထောက်။ ဤဘဝ၌ ရအပ်သော မဟာဂ္ဂုတ်ကံတို့ကို ဆုတ်ယုတ် စေတတ်သော အကုသိုလ်ကံကို ကံတပါး ဖြတ်တတ်သော ကံ၌ ရေတွက်လေ၊ ဒေဝဒတ်ကို ထောက်။

ခန္ဓာအစဉ်ကို ဖြတ်ပုံ။ ။ကံကြောင့် ဖြစ်သော ခန္ဓာ အစဉ် ပြတ်ခြင်းကိုထိုထိုဘဝ၌အသက်ကံရှိပါလျက် အခွင့်ရ ပစ်မှားကံ တခုခု၏ အစွမ်းကြောင့် ကလလ ရေကြည် တည်သောအခါမှစ၍ အကြား ကာလမှာ ရောဂါ တမျိုးမျိုး, ဘေးတမျိုးမျိုး သေကြောင်းကြံမှု တခုခုနှင့်သေသူတို့၏ အစွမ်းအားဖြင့် သိအပ်၏။

ကိစ္စစွမ်း။ ။ဇနက ကံကား—ဇနနကိစ္စ, ဥပတ္ထမ္ဘက ကံကား— ဥပတ္ထမ္ဘန ကိစ္စ, ဥပပီဠက ကံကား— ဥပပီဠန ကိစ္စ, ဥပဃာတက ကံကား—ဥပစ္ဆိန္ဒနကိစ္စ၏အစွမ်းဖြင့် ကံလေးပါး။ ထိုတွင် ပါဏာတိပါတ စေတနာ တခုသည် ကိစ္စ လေးမျိုးကို ပြီးစေ တတ်၏။

ရှင်းချက်။ ။ဥဂ္ဂသေနမင်း၏ မိဖုယားသည် ရှေးဘဝက ဆိတ်တကောင် သတ်ခဲ့ဘူး၏၊ ထိုကံကြောင့် အပါယ်မှာ ကျ၏၊ နောင်အခါ ပဝတ္တိကျိုး အားဖြင့် ဘဝပေါင်း များစွာ ဆိတ်ကိုယ်မွေးနှင့် အမွေး ခေါင်းဖြတ် ခံရ၏။

ထိုစေတနာသည် ပဋိသန္ဓေအကျိုးပေးခွင့်မရပါက ဥပဇ္ဇဝေဒနီယ စသော ကံစွသုံးမျိုးတွင် အကြောင်း ဆိုက်ရာ ကံစွကို ပြု၏၊ ပဋိသန္ဓေ အကျိုး ပေးခွင့်ရပါက စေတနာတခုကြောင့် ပဋိသန္ဓေတခုဖြစ်၏၊ ထိုမှနောက်၌ ပဋိသန္ဓေကို ဖြစ်စေမှု ကိစ္စ မရှိတော့၊ ပဝတ္တိ ဝိပါ ကို ဖြစ်စေခြင်း ကိစ္စနှင့် တကွ ကြွင်း ဥပဇ္ဇဝေဒနီယ, ဥပပီဠက, ဥပဃာတက ကိစ္စတို့ကိုကား— ဘဝတသိန်း, ကမ္ဘာတသိန်း ပြီးစေ၏၊ ဓမ္မဒိန္နာ မည်သော ဥဂ္ဂသေန မင်း၏ မိဖုယား ဝတ္ထုကို ထောက်။

ထိုပါဏာတိပါတ စေတနာသည် အရိယာ-ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်အား မိမိ အကျိုး ပေးလှည့် အကြိမ်မှ ရှေး၌ ဖြတ်ခြင်း အမှုကို ပြုသော အခါ ကံတပါးကိုသာ အခွင့်ပြု၏၊ ကိုယ်တိုင် မူကား-အကျိုး မပေး၊ မကောင်းသော စိတ်ရှိသူ၏ ခန္ဓာ အစဉ်ကို ဖြတ်သော အခါ၌ မူကား-ကိုယ်တိုင် အကျိုးပေး၏၊ ပဋိသန္ဓေကျိုးတကြိမ် ပေးပြီးသည်မှ စ၍ ခန္ဓာ အတ္တဘော ပေါင်း တသိန်းတို့၌လည်း ဖြတ်ခြင်း စသည်ကို ပြု၏။ ဤနေရာ၌ မဟာမောဂ္ဂလ္လာန်ထေရ် ဝတ္ထု, သာမာဝတီ ဝတ္ထု, ဝဋ္ဋမုဒ္ဒါဆိပ်ကမ်းနေ ရဟန်းများဝတ္ထု, ဒုဿိမာရဝတ္ထု, ကလာဗုမင်း ဝတ္ထုတို့ကား-အထောက် သက်သေ တို့တည်း။

ရှင်းချက်။ ။ရှင်မောဂ္ဂလာန် ထေရ်သည် နစဉ်ဘဝ ရှေးက ပြုခဲ့သော ဥပစ္ဆေဒက ကံကြောင့် ခိုးသားသတ်၍ ပရိနိဗ္ဗာန် ပြုရ၏။ သာမာဝတီ, ဝဋ္ဋမုဒ္ဒါ မြစ်ဆိပ်နေ ရဟန်း ငါးရာ တို့သည် မိမိတို့ ရှေးက ပြုသော ဥပစ္ဆေဒက ကံကြောင့် သူတပါး အသတ် ခံရ၍ နတ်ပြည်၌ ဖြစ်ကြ၏။ ကကုသန် ဘုရား လက်ထက် ဒုဿိမာရကို မာန်နတ်သား ဟု ဆို၏၊ ကလာဗု မင်းကား ခန္တိဝါဒီ ရသေ့ကို သတ်၏၊ ထို ဒုဿိမာရ, ကလာဗု မင်းတို့သည် သူတို့ ပြုသော ဥပစ္ဆေဒက ကံကြောင့် ထိုလွန်ကျူးပြီး ခဏ၌ သေ၍ အဝီစိမှာ ဖြစ်ကုန်၏။ ထိုဝတ္ထု များတွင် ရှင်မောဂ္ဂလာန်, သာမာဝတီ, ဝဋ္ဋမုဒ္ဒါဘိက္ခု ဝတ္ထုတို့၌ ဥပစ္ဆေဒက ကံသည် ဖြစ်ခြင်းမှု ကိုသာပြု၏၊ မိမိအကျိုးကိုကား မပေး၊ နောက် နှစ်ဝတ္ထု၌ ဖြတ်လည်း ဖြတ်၏၊ အကျိုးလည်းပေး၏။

ထို့ကြောင့် အားကြီးသော အကုသိုလ်ကံက အားနည်းသော အကုသိုလ်ကံနှင့် ထိုကံကြောင့် ဖြစ်သော ခန္ဓာအစဉ်ကို ဖြတ်၏ ဟူ၍မှတ်။

မဇ္ဈိမ အဋ္ဌကထာ၌- ဗဟုက သွိ°ဟိ အကုသလ ကမ္မေ အာယူဟိတေ ဗလဝ ကမ္မံ ဒုဗ္ဗလ ကမ္မဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿ ဩကာသံ ကရောတိ-ဟု မိန့်အပ် လေပြီ။

ဂရုကံ စသည် လေးပါး

အကျိုးပေး အလှည့် အကြိမ် အားဖြင့် ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ-ဟု လေးမျိုး ရှိ၏။

ဂရုကံ။ ။ကြီးလေးသောကံ၊ ထိုကံကို တပါးသော ကံသည် တားမြစ်ခြင်းငှါမစွမ်းနိုင်၊ ကုသိုလ်အရာတွင် မဟဂ္ဂုတ်ကံ, အကုသိုလ် အရာတွင် နိယတမိစ္ဆာဒိဋ္ဌိနှင့်တကွ ပဉ္စာနန္တရိယကံကို ဂရုကံ ခေါ်၏။

အာသန္နကံ။ ။သေခါနီး အချိန်မှ သတိ ရမိသောကံ, သို့မဟုတ် သေခါနီး အချိန်မှာ ပြုအပ်သောကံ၊ ကုသိုလ်, အကုသိုလ်ကံ နှစ်မျိုးစလုံးပင် ဖြစ်၏။

အာစိဏ္ဏကံ။ ။နေ့, ညဉ့်, မပြတ် ပြုအပ်သော ကုသိုလ်ကံ, အကုသိုလ်ကံ၊ တကြိမ်ပြုပြီးနောက် နောင်တခါမှာ ထပ်တလဲလဲ ဝမ်းမြောက်မှုကို ဖြစ်စေတတ်သော ကုသိုလ်ကံနှင့် ပူပန်မှုကို ဖြစ်စေတတ်သော အကုသိုလ်ကံကို အာစိဏ္ဏကံဟု ခေါ်၏။

ကဋတ္တာကံ။ ။ပြုပြီးသော အကြောင်း ကြောင့်သာ ကံ-ဟူ၍ ဆိုအပ်သောကံ၊ ဂရုကံ စသည်၏ အဖြစ်ဖြင့် မဆိုထိုက်သော ကံကို ကဋတ္တာကံဟု ခေါ်၏၊ အတိတ် ဘဝက ပြုအပ်ခဲ့သော ကုသိုလ်, အကုသိုလ်ကံပင်တည်း။

ထိုကံများတွင် ရှေ့ကံသုံးပါးသည် ဤဘဝ၌ ပြုအပ်သော ဥပပဇ္ဇဝေဒနီယကံတို့သာတည်း၊ ကဋတ္တာကံမူကား အတိတ်ဘဝက ပြုခဲ့သော အပရာပရိယာယဝေဒနီယ ကံနှင့်တကွ ဤဘဝမှာ ပြုအပ်သော ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ အဖြစ်မှ ကင်းသော ကမ္မပထ မြောက်သော အမှတ်မရှိ ဥပပဇ္ဇဝေဒနီယ ကံပင်တည်း။

ဝိသုဒ္ဓိမဂ် မဟာ ဋီကာ၌ ရှေးဘဝ တို့၌ ပြုအပ် ခဲ့သော ကံကိုသာ ကဋတ္တာကံ-ဟု ယူ၏၊ ပရမတ္ထဒီပနီ ဆရာတော်က မနှစ်သက်လေ။

ကံလေးမျိုး အကျိုးပေးစဉ်

ဤကံ လေးမျိုး စလုံး ရှိနေပါက ဂရုကံ သည်သာ အခြားမဲ့ ဘဝ၌ ပဋိသန္ဓေကို ပေး၏၊ ဂရုကံ မရှိက အာသန္နကံ၊ အာသန္နကံ မရှိက အာစိဏ္ဏကံ၊ အာစိဏ္ဏကံမရှိက ကဋတ္တာကံ အကျိုးပေး၏၊ ဤသို့အလှည့် အကြိမ်အားဖြင့် အကျိုးပေးသည်ကို ပါကဒါနဟု ခေါ်၏။

ဒိဋ္ဌဓမ္မ စသော ကံလေးပါး

အကျိုး ပေးရာ ကာလ၏ အစွမ်း အားဖြင့် ဒိဋ္ဌဓမ္မ ဝေဒနီယကံ, ဥပပဇ္ဇ ဝေဒနီယကံ, အပရာပရိယာယ ဝေဒနီယကံ,အဟောသိကံ ဟူ၍ လေးပါးရှိ၏။

ဒိဋ္ဌဓမ္မ ဝေဒနီယ။ ။မျက်မြင် အတ္တဘောကို ဒိဋ္ဌဓမ္မ ဟု ခေါ်၏၊ မျက်မြင် အတ္တဘောမှာ ခံစားရကျိုး ရှိသော ကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

ဥပပဇ္ဇဝေဒနီယ။ ။ဒိဋ္ဌ ဓမ္မ ဝေဒနီယ ကံ၏ အခြားမဲ့၌ ရောက်၍ ခံစား အပ်သော အကျိုး ရှိသော ကံသည် ဥပပဇ္ဇ ဝေဒနီယကံ မည်၏၊ အမှန်မှာ-ဒုတိယ ဘဝ၌ ခံစား အပ်သော ကံတည်း။

အပရာပရိယာယ ဝေဒနီယ — ပရိယာယ ဟူသည် အထပ်ထပ် ကပ်ရောက်ခြင်းတည်း၊ အပရော စသော ပရိယာယော စာတိ အပရ ပရိယာယော ဟူသော ဝိဂြိုဟ် အရ မျက်မှောက် အတ္တဘောခေါ် ဒိဋ္ဌဓမ္မ နှင့် အနာဂတ် ဖြစ်သော အခြားမဲ့ ဘဝမှ တပါးသော ဘဝ၌ ခံစားရကျိုး ရှိသော ကံတည်း။

အဟောသိကံ။ ။အဟောသိ အမည် ရှိသော ကံကို အဟောသိ ကံဟု ခေါ်၏၊ အချင်းခပ်သိမ်း အကျိုးပေးလှည့် မရှိသော ကံတည်း။

စေတနာဖြင့် ကံကို ခိုင်းခြားချက် — ကုသိုလ်ဇော,အကုသိုလ်ဇော ၇-ကြိမ်စောသည်တွင် ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မ ဝေဒနီယ မည်၏၊ ထိုစေတနာသည် အာသေ

ဝနပစ္စည်း အထောက်အပံ့ မရသောကြောင့် ကြာရှည်စွာ တည်မှုလည်း မရှိ၊ အကျိုးပေးလည်း နဲ၏၊ အကြောင်း တိုက်ဆိုင်လျှင် မျက်မြင် ဘဝမှာသာ တည်မြဲမှု မပါသော အကျိုးကို ပေး၍ ချုပ်သွား၏၊ ဘဝတာ တခုကိုကျော်လွှားလျက်ခန္ဓာစဉ်ကို ဖွဲ့စပ်ခြင်းငှါမစွမ်းနိုင်၊ အကြောင်း တိုက်ဆိုင်မှုမရှိက အဟောသိကံ ဖြစ်သွား၏။

သတ္တမဇော စေတနာသည် ဥပပဇ္ဇ ဝေဒနီယ မည်၏၊ မှန်၏- ထိုကံသည် အာသေဝနပစ္စည်း အထောက် အပံ့ကို ရသေးသောကြောင့် အနည်းငယ်အမြဲတော့ခံတော်ပါ၏၊ ထို့ကြောင့် ပဌမဇောစေတနာလောက် အမြန်ဆုံး အကျိုး မပေးနိုင်၊ အားရှိလေ သောကြောင့် ဘဝ တခုကို ဖြစ်စေခြင်းငှါ စွမ်းနိုင်၏၊ အား-ယုတ်ကျရာ ဇောများတွင် နောက်ဆုံး ဇောဖြစ်သောကြောင့် အလယ်ဇောများကဲ့သို့ ရှည်ကြာစွာ မတည်နိုင်၊ အကြောင်း ညီညွတ်ပါက အခြားမဲ့ ဘဝမှာသာ ပဋိသန္ဓေကျိုး, ပဝတ္တိကျိုး များကို ပေး၍ ချုပ်သွား၏၊ နှစ်ခုမြောက် ဘဝတာကို မကျော်လွှားနိုင်ချေ။

အလယ်ဇော ငါးချက် စေတနာသည် အပရိယာယ ဝေဒနီယကံ မည်၏။ မှန်၏ - ထိုကံသည် အလွန် အားရှိ၏၊ ရှည်ကြာစွာ တည်၏၊ ထို့ကြောင့် လျင်လျင်မြန်မြန် အကျိုးမပေးနိုင်၊ တတိယဘဝမှစ၍ အခွင့်ရသည့်အခါ ငါးကြိမ် တိုင်တိုင် ပဋိသန္ဓေ အကျိုးကို ပေး၍ သံသရာ၌ ဖြစ်လေက ကမ္မာတသိန်း ပဝတ္တိ အကျိုးကို ပေး၏၊ ဤသုံးပါးသော ကံတို့သည် မိမိ အကျိုး ပေးရာ ခေတ်မှာ အကျိုး မပေးလိုက် ရက အဟောသိကံ ဖြစ်သွားကြ၏။

အကျိုးပေးခေတ် အပိုင်းအခြား

ဒိဋ္ဌဓမ္မဝေဒနီယကံကို မျက်မြင်ဘဝစုတိဖြင့်၊ ဥပပဇ္ဇဝေဒနီယကံကို အခြားမဲ့ ဘဝ စုတိဖြင့်၊ အပရာပရိယာယ ဝေဒနီယ ကံကို ပရိနိဗ္ဗာန် စုတိဖြင့် ပိုင်းခြား အပ်၏။

ပါကဋ္ဌာနကံ လေးပါး

ထိုအတူ အကုသိုလ်ကံ, ကာမာဝစရ ကုသိုလ်ကံ, ရူပါဝစရ ကုသိုလ်ကံ, အရူပါဝစရကုသိုလ်ကံ ဟူ၍ ပါကဋ္ဌာန၏ အစွမ်းအားဖြင့် လေးပါး။

ပါကဋ္ဌာန။ ။အကုသိုလ်ကံက အပါယ်ဘုံဋ္ဌာန, ကာမာဝစရကုသိုလ်ကံက ကာမသုဂတိဘုံဋ္ဌာန, ရူပါဝစရ ကုသိုလ်ကံက ရူပါဝစရဘုံဋ္ဌာန, အရူပါဝစရ ကုသိုလ်ကံက အရူပါဝစရဘုံဋ္ဌာနမှာ အကျိုး ပေး၏၊ ဤသို့ ဘုံဋ္ဌာန ပိုင်းခြား၍ အကျိုးပေးသည်ကို ပါကဋ္ဌာန ဟုဆို၏။

ကမ္မဒွါရ အားဖြင့် သုံးပါး

ထိုကံများတွင် အကုသိုလ်ကံသည် ကာယကံ, ဝစီကံ, မနောကံဟု ကမ္မဒွါရ၏ အစွမ်းဖြင့် သုံးပါး ရှိ၏၊ ဘယ်သို့ ပြားသနည်း–ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, ဤသုံးပါးသည် ကာယဝိညတ် ဟူသော ကာယဒွါရမှာ အများ အားဖြင့် ဖြစ်သောကြောင့် ကာယကံ မည်၏။

ကမ္မဒွါရ။ ။ကံပြီးစီးခြင်း၏ အကြောင်းဖြစ်သော ကာယကမ္မဒွါရ, ဝစီကမ္မဒွါရ, မနောကမ္မဒွါရကို ကမ္မဒွါရ ဟု ခေါ်၏၊ ကာယဒွါရ၌ ဖြစ်သော ကံသည်ကာယကံ, ဝစီဒွါရ၌ ဖြစ်သော ကံသည် ဝစီကံ, မနော ဒွါရ၌ ဖြစ်သော ကံသည် မနောကံ မည်၏။ (ဒွါရကား အကြောင်း, ကံကား အကျိုးတည်း၊ ကာယ ဒွါရ ရှိလို့ ကာယကံမှု ပေါ်သည်၊ ဤသို့ စသည်ဖြင့် သိလေ။)

ပါဏာတိပါတ။ ။တပါးသော သတ္တဝါ၌ သတ္တဝါ ဟု အမှတ် ရှိလျက် ထို တပါးသော သတ္တဝါ၏ ဇီဝိတိန္ဒြေ အစဉ်ကို ဖြတ်တတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေ တတ်သော ဝဓကစေတနာသည် ပါဏာတိပါတမည်၏၊ ကိုယ့်ကိုယ်ကို သတ်သူအား ပါဏာတိပါတကံ မထိုက်၊ အဘယ့်ကြောင့် ဆိုသော်– ပါဏ, ပါဏ သညိတာ အင်္ဂါ နှစ်ပါး မရှိသောကြောင့် ပေတည်း။

ရှင်းဦးအံ့–ပါဏ ဟူသည် မိမိမှတပါး တခြား သတ္တဝါသာ ဖြစ်၏၊ ပါဏ, ပါဏ သညိတာ ဟု သာမန် ဆိုသော်လည်း တခြား သတ္တဝါ ကိုသာ ယူရမည်၊ မိမိကိုယ်သည် ပါဏ ဟုတ်သော်လည်း ပရပါဏ မဟုတ်သည့် အတွက် ပါဏာတိပါတကံ မမြောက်ခြင်း ဖြစ်လေသည်၊ ပါဏာတိပါတကား– အဇ္ဈတ္တကို အာရုံမပြု၊ ဗဟိဒ္ဓ ကိုသာ အာရုံပြု၏၊ ထို့ကြောင့်မိမိကိုယ်ကိုမိမိသတ်ရာ၌ပါဏာတိပါတကံမထိုက်ဟုမှတ်။

အဓိဋ္ဌာဒါန။ ။သူတပါးပိုင် ပစ္စည်း၌ သူတပါးပိုင်မှန်း သိလျက် ပိုင် ရှင် လက်လွှတ် သွားခြင်း၏ အကြောင်း ဖြစ်သော ကိုယ် အမူအရာ နှုတ် အမူအရာကို ဖြစ်စေ တတ်သော လုယူ ခိုးဝှက် တိုက်ခိုက်သော စေတနာသည် အဒိန္နာဒါန မည်၏။

ကာမေသုမိစ္ဆာစာရ။ ။မသွားလာသင့်သော ဝတ္ထုတို့၌ မေထုန် အမှုကို ပြီးစေ တတ်သည့် ကိုယ် အမူ အရာကို ဖြစ်စေ တတ်သော သာယာသော စေတနာသည် ကာမေသု မိစ္ဆာစာရ မည်၏၊ မသွားသင့်သော ဝတ္ထုဖြစ်လျက် သွားထိုက်သည်ဟု အမှတ် ရှိသဖြင့် သွားလာသူ အားလည်း ကာမေသုမိစ္ဆာစာရကံ မြောက်သည်။

အပရေ ဆရာ အလို...... မိမိ ကိုယ်တိုင် လုံ့လ မပြုဘဲ တပါး သူ၏ လုံ့လဖြင့် မိမိမဂ်နှင့် ဈတ္တိမဂ် သွင်းမိသည်ကို သာယာသော သူအား မှီဝဲလိုစိတ် ရှိသော်လည်း ကမ္မပထမြောက်မှုမရှိ၊ ကိုယ်တိုင်အားထုတ်မှု မရှိသောကြောင့်ဟု ဆို၏။

ကေစ ဆရာ အလို...... မှီဝဲ လိုသော စိတ်ရှိက ကမ္မပထ မြောက်၏၊ ကိုယ်တိုင် လုံ့လပြုမှု မပြုမှုကား ပမာဏ မဟုတ် ဟု ဆို၏။

အညေ ဆရာ အလို...... ဤကဲ့သို့ ဖြစ်ပါက မိစ္ဆာစာရသည် အင်္ဂါ သုံးပါးသာ ရှိ၏၊ လေးပါး မရှိဟု အဓိပ္ပါယ် ရောက်၏၊ အဋ္ဌသာလိနီ အဋ္ဌကထာမှာ သေဝန ပယောဂနှင့်တကွ အင်္ဂါ ၄–ပါး မိန့်၏ဟု ဆို၏။

မိစ္ဆာစာရ၌ သေဝန ပယောဂကို အများအားဖြင့် ရသင့်၍ဆို၏၊ ကေန်အင်္ဂါဖြစ်သော ကြောင့်ဆိုသည်ဟု မမှတ်အပ်။ အကယ်၍ ကေန် အင်္ဂါတခုအနေဖြင့် ရေတွက်ခဲ့သော် မိန်းမတို့အား အများ အားဖြင့် ပယောဂပြုမှုမရှိတတ်ကြ၊ ထို့ကြောင့် မိန်းမတို့အား မိစ္ဆာစာရ ရခဲလေ ရာ၏ဟု ဆိုကြသည်။

ဘိက္ခုနီဒူသနကို မိစ္ဆာစာရ၌သွင်း၍ ရေတွက်အပ်၏။ထိုဘိက္ခုနီကို မာတုရက္ခိတ, ပိတုရက္ခိတစသည်တို့၌ ပေါင်းယူသော သုတ္တန်ဋီကာ တို့၌ကား – ထိုဘိက္ခုနီသည် ဓမ္မရက္ခိတလည်းမဟုတ်၊ မာတုရက္ခိတ စသည်ကား ပြောဖွယ်မလိုဟု မိန့်ဆို၏။

မိစ္ဆာစာရတွင်လည်း သီလမရှိသောမိန်းမအားလွန်ကျူးလျှင် အပြစ်ငယ်၏၊ သီလရှိသော မိန်းမအား လွန်ကျူးလျှင် အပြစ်ကြီး၏၊ လွန်ကျူးခြင်း ခံရသော မိန်းမ၏ အကျင့်ဂုဏ် အဆင့်အတန်းသို့ လိုက်၍ အပြစ်ကို ဆုံးဖြတ် အပ်၏။

သုရာပါန ဆုံးဖြတ်ချက်

ဤသုရာပါနကို အကုသိုလ် ကာယကံ၌ အဘယ့်ကြောင့် မယူအပ်ပါသနည်း၊ သုရာပါန ကိုလည်း အပါယ် လေးပါး၌ ဖြစ်စေတတ်သည်၏ အပြစ်ဖြင့် ဗုဒ္ဓမြတ်စွာသည် ဟောအပ်သည် မဟုတ်ပါလော။

မူလဋီကာ၏ ဖြေရှင်းချက် — သုရာပါနသည် သဘာဝ၏ အပြစ်ဖြင့် မိစ္ဆာစာရမှာ, ကျေးဇူးပြုတတ်သည်၏ အပြစ်ဖြင့် ကမ္မပထ ဆယ်ပါးစလုံးမှာ ဝင်လေသောကြောင့် သီးခြားမယူအပ်သတည်း။

သဘာဝအပြစ်ကိုယူ၍ ဝိဘာဝိနီမှာ–သုရာပါနဉ္စ ဧတ္ထေဝ သင်္ဂယှတိ တိ ဝဒန္တိ ရသ သေဝိတေသု ကာမေသုမိစ္ဆာစာရ ဘာဝတော–ဟုဆို၏။

ဥပကာရက၏ အပြစ်ကိုယူ၍–ပဋိသမ္ဘိဒါမဂ်ဋီကာ၌ ကုသလာ ကုသလာဝိစ ပဋိသန္ဓိဇနကာယေဝ ကမ္မပထာတိ ဝုတ္တာ၊ ဝုတ္တာဝ သေသာ ပဋိသန္ဓိဇနနေ အနေကန္တိကတ္တာ ကမ္မပထာတိ န ဝုတ္တာတိ ဣမဿ ဝါကျဿ သံဝဏ္ဏနာယံ ဝုတ္တာဝသေသာတိ သုရာပါနာဒယော တတ္ထိရမဏာဒယောစ၊ သုရာပါနံ ဟိမဒဿ ပစ္စယော၊ မဒေါ အပုည ပထဿ၊ တတ္ထိ ရတိပိ နိမ္မိဒ တာယ သာစ ပုည ပထဿာတိ ကမ္မပထူပ နိဿယာ နိတာနိ တဒါသန္န ကမ္မဝသေန သန္ဓိဇနကာနိ ဟောန္တိ ဟု ဆို၏။

ဋီကာ ကြံချက်......သုရာပါန စသော အကုသိုလ်ကံ,ထိုမှရှောင်ခြင်း ကုသိုလ်ကံဟု နှစ်မျိုး ရှိရာ–သုရာပါနသည် ယစ်မူးခြင်း၏ အကြောင်း ဖြစ်၏၊ ယစ်မူးခြင်းသည် အကုသိုလ် ကမ္မပထ၏ အကြောင်း ဖြစ်၏၊ သုရာပါနမှ ရှောင်ခြင်းသည် မယစ်ခြင်း၏ အကြောင်းဖြစ်၏၊မယစ်ခြင်းသည် ကုသိုလ်ကမ္မပထ၏အကြောင်းဖြစ်၏၊ ထို့ကြောင့် ထိုသုရာပါနကံ, ထိုမှရှောင်သော ကံတို့သည် ကမ္မပထ၏ အားရှိသော အကြောင်းဖြစ်၍ ထိုသုရာပါန,သုရာပါန ဝိရတိ၏ အနီးဖြစ်သော အကုသိုလ်ကံ ကုသိုလ်ကံ၏ အစွမ်း အားဖြင့် ပဋိသန္ဓေကို ဖြစ်စေတတ်ကုန်၏။

ဆိုလိုချက်......သေ-အရက်သောက်၍ ယစ်မူးသောကြောင့် ပါဏာတိပါတ စသော အကုသိုလ်ကံကို ကျူးလွန်သောအခါ သုရာပါနသည် အကုသိုလ်ကံ၏ အားကြီးသော အကြောင်းဖြစ်၏၊ ပုဗ္ဗစေတနာအရာမှာ တည်၏၊ အသီး အခြား ပဋိသန္ဓေ ကျိုးကို ဖြစ်စေ၏၊ ထင်ရှား စေအံ့-ပုဗ္ဗစေတနာ အပရစေတနာတို့သည် ကမ္မပထမြောက်သောကံ၏ အခြံအရံ ဖြစ်မှသာ ပဋိသန္ဓေ အကျိုးကို ဖြစ်စေတတ် ကုန်၏၊ ကမ္မပထမြောက်သော ကံ၏ အခြံ အရံ မဟုတ်က ပဋိသန္ဓေ ကျိုးကို မဖြစ်စေတတ်ကုန်၊ ထို့အတူ သုရာပါနသည် ကမ္မပထ မြောက်သော ကံ၏ အကြောင်း ဖြစ်မှသာ ပဋိသန္ဓေကျိုးကို ပေး၏၊ မဖြစ်က မပေးဟုမှတ်၊ ကမ္မပထသုတ်၌ သရုပ်အားဖြင့် လာသော ကံတို့သည်သာ ပဋိသန္ဓေကျိုးကို ပေးကုန်၏၊ မလာသော ကံတို့ကား မပေးကုန်ဟု တထစ်ချ မှတ်ခြင်းငှါ မသင့်၊ အမှန်မှာ-ကမ္မပထ သုတ်၌ ဧကန် ပဋိသန္ဓေ ကျိုးကို ပေးစွမ်းနိုင်သော ကံတို့ကိုသာ သရုပ်ထုတ်၍ ဟောတော်မူ၏၊ အနေကံဖြစ်သော ကံတို့ကို သရုပ်ထုတ်၍ ဟောတော်မမူဟု ယူသင့်၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌-ကုသလာ ကုသလာပိစ ပဋိသန္ဓိ ဇနကာ ယေဝ ကမ္မပထာတိ ဝုတ္တာ၊ ဝုတ္တာဝသေသာ ပဋိသန္ဓိ ဇနနေ အနေကန္တိကတ္တာ ကမ္မပထာတိနဝုတ္တာ ဟူ၍ မိန့်အပ်ပြီ။

သို့ဖြစ်၍ ဤသုရာပါနသည် ပဋိသန္ဓေကျိုးကို ပေးရာ၌ ဧကန် မဟုတ်သောကြောင့် ကမ္မပထသုတ်၌သရုပ်အားဖြင့်မဟောအပ်ပါလေဟုမှတ်။

တဒါသန္န ကမ္မဝသေန ပဋိသန္ဓိ ဇနကံ ဟူ၍ ဆိုအပ်သော ကံသည် ကမ္မပထသုတ်၌ သရုပ်ထုတ် ဟောအပ်သော တဒါသန္န ကံများတွင် ဝင်၏ဟု ဆိုထိုက်၏။

ကိစ္စ နှစ်မျိုး

သုရာပါနကံမှာ (၁)ပဋိသန္ဓိဇနနကိစ္စ, (၂) ကမ္မဇနနကိစ္စဟု နှစ်မျိုးရှိရာ- ပဋိသန္ဓေဇနန ကိစ္စထက် ကမ္မဇနန ကိစ္စကား ပြန့်ကျယ်သည်၊ ထို့ကြောင့် ကုမ္ဘဇာတ်၌-

ယံ ဝေ ပိဝိတွာ ဒုစ္စရိတံ စရန္တိ၊ ကာယေန ဝါစာယ စေတသာစ။
နိရယံ ဝဇန္တိ ဒုစ္စရိတံ စရိတွာ၊ တဿ ပုဏ္ဏံ ကုမ္ဘ မိမံ ကိဏာထ။

အကြင်အရေကိုသောက်သောကြောင့် ကိုယ်,နှုတ်,စိတ်ဖြင့် ဒုစရိုက်မှုကို ပြုကျင့်၏၊ ဒုစရိုက်မှု ပြုကျင့်သောကြောင့် ငရဲသို့ လား၏၊ ထိုအရေဖြင့် ပြည့်သော ဤအိုးကို ဝယ်ကြပါ။

ဤသို့ ကမ္မပထ မြောက်သော ကံ၏ အနီးဖြစ်သော ကံအနေဖြင့်သာ သုရာပါန၏ အပါယ်သို့ လားစေတတ်သော အဖြစ်ကို ဆိုအပ်လေသည်၊ ထိုကိစ္စနှစ်ရပ်ကို ယူ၍—သုရာပါနံ ဘိက္ခဝေ အာသေဝိတံ။ပ။သံဝတ္တနိကံ ဟူ၍ အင်္ဂုတ္တိုရ်၌ ဟောတော်မူအပ်သည်ဟု သိသင့်၏။

ခုဒ္ဒက ပါဌ အဋ္ဌကထာ၌- အချင်း ခပ်သိမ်း သုရာပါန၏ ကမ္မပထ အဖြစ်ကို ပယ်မြစ်အပ်၏၊ အမှန်မှာ ဂဋ္ဌိသန္တေ အကျိုးကို ပေးရာ၌ ဧကန် မဟုတ်သောကြောင့်သာ ပယ်သည်ဟု မှတ်လေ။

ကာယကံ။ ။ကာယသည် (၁) သသမ္ဘာရကာယ (၂) ပသာဒကာယ (၃) စောပနကာယဟု သုံးမျိုးရှိရာ ရုပ်ကာယတခုလုံးကို သသမ္ဘာရကာယခေါ်၏။ ကာယဝိညတ်ကို စောပန (လှုပ်ရှားသော) ကာယဟုခေါ်၏၊ ဤနေရာ၌ ကာယဝိညတ်ဟူသော စောပနကာယကို ယူလေ။ မှန်၏–စောပန ကာယသည်သာ ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြင့် မိမိ၏ အလိုကို တပါး သူအား သိစေခြင်းငှါ ပြုစွမ်းနိုင်၏၊ ထိုကာယဝိညတ်သည်ပင် ကံဖြစ်ဘို့ရာ အကြောင်း ဖြစ်သောကြောင့် ကာယဒွါရ မည်၏။မှန်၏-ထိုကာယဒွါရမှာ ထိုထိုလုံ့လပြုမှုဖြင့်သာ သတ်ဖြတ်ခြင်း ကိစ္စပြီးလေသောကြောင့် သတ်ဖြတ်မှုကို ဖြစ်စေတတ်သော စေတနာ၏ အားထုတ်မှုကိစ္စပြီးစီးခြင်း ကာယကံအမည်ရခြင်း ဖြစ်လေသည်။

ဝစီကံ လေးပါး

မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ တို့သည် ဝစီဝိညတ်ဟု ဆိုအပ်သော ဝစီဒွါရ၌ အဖြစ် များသောကြောင့် ဝစီကံ မည်၏။

မုသာဝါဒ။ ။တပါးသူ၏ ချွတ်လွဲဖောက်ပြန်မှုကို ရှေ့သွားပြုသဖြင့်၊ ချွတ်လွဲဖောက်ပြန် မမှန်သည်ကို ပြောသော ကိုယ်အမူအရာ နှုတ်အမူအရာကို ဖြစ်စေတတ်သော အကုသိုလ်စေတနာသည် မုသာဝါဒမည်၏။ ထိုမုသာဝါဒသည် သူတပါးအကျိုး ပျက်စီးစေပါက ကမ္မပထမြောက်၏။ အကျိုးမပျက်စီးစေပါက ကံမျှသာဖြစ်၏။

ကမ္မပထဆိုသည်ကား-ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံတို့၏ ထ, ခြင်း၏အကြောင်းတည်း၊ မြူမှုန်ထရာအရပ်ကို ရဇောပထ ဆိုသကဲ့သို့မှတ်၊ လောက၌တွေ့မြင်ရသော သတ္တဝါတို့၏ကိုယ်ဖြင့်ပြုမှု နှုတ်ဖြင့်ပြောဆိုမှု စိတ်ဖြင့် တွေးတောကြံစည်မှုတို့၌ရှိရာ ပဋိသန္ဓေအကျိုးကို ပေးတတ်သော ကံကို ဖြစ်စေတတ်သော ကိုယ်မှုကိစ္စ, နှုတ်မှုကိစ္စ, စိတ်မှုကိစ္စ တို့ကို ပဋိသန္ဓေ ဇနကကံ ဖြစ်ပေါ်လာတို့ရာ အကြောင်း ဖြစ်သောကြောင့် ကမ္မပထဟုဆိုအပ်လေသည်၊ ထိုကိစ္စတို့သည်ကား အကုသိုလ်အရာမှာ ကမ္မပထမြောက် အင်္ဂါနှင့်ပြည့်စုံသော ပါဏာတိပါတစသော ဒုစရိုက်ကိစ္စ, ကုသိုလ်အရာမှာ ပါဏာတိပါတ စသည်မှ ရှောင်ကြဉ်သော သုစရိုက်ဟူသော ဆယ်ပါးသော ကိစ္စတို့ပေတည်း၊ အချို့ဆရာတို့ကား ပါဏာတိပါတ စသော ကံတို့သည်သာ သုဂတိဘဝ, ဒုဂ္ဂတိဘဝနှင့် ထိုဘဝတို့၌ ဖြစ်သောချမ်းသာမှု ဆင်းရဲမှုတို့၏ အကြောင်းဖြစ်သော ကြောင့် ကမ္မပထမည်၏ ဟူ၍ဆိုကုန်၏။

ပိသုဏာဝါစာ ဟူသည် သူတပါး ကွဲပြား မှုကို ရှေ့သွား ပြုသဖြင့် ကွဲပြား စေတတ်သော ကိုယ်အမူအရာ နှုတ်အမူအရာကို ဖြစ်စေတတ်သော ညစ်ပတ်သောစေတနာတည်း၊ ထိုစေတနာသည်လည်း တပါးသူ ကွဲးပြားမှ ကမ္မပထမြောက်သည်၊ မကွဲပြားပါက ကံသာဖြစ်၏၊ ကမ္မပထ မမြောက်။

ဖရုသဝါစာ ဟူသည် သူတဦး မြတ်နိုး ရာကို ထိခိုက်တတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ကြမ်းထမ်းသော စေတနာတည်း၊ ဆဲးရေးခြင်း ဆယ်ပါးဖြင့် ဆဲးရေး မှုကို ပြုသော စေတနာကား ဖရုသဝါစာပင် ဖြစ်၏။

ဤဖရုသဝါစာ သည်လည်း ဆဲးရေး ခံရသူ၏ မျက်မှောက် ဖြစ်မှ သာလျှင် ကမ္မပထ မြောက်၏။ **ကေစိ အခဆို**။ ဆဲးရေး ခံရသူ၏ မျက်ကွယ် ဖြစ်သော်လည်း ကမ္မပထ မြောက်၏။ **အပရေ အခဆို**။ အမှန်မှာ— သူတပါးကို ဆဲးရေးပြီးနောက် ကန်တော့ သူ၏ ကန်တော့ မှုသည် ကန်တော့ခံသူအဝေး၌ တည်သော်ငြား (သို့မဟုတ်)သေသော်ငြား ပြည့်စုံသကဲ့သို့ ထို့အတူ ဆဲးရေးမှုသည်လည်း အဆဲးခံရသူ အဝေး၌တည် သော်ငြား (သို့မဟုတ်) သေသော်ငြား ပြည့်စုံ၏ (ကမ္မပထမြောက်၏)။ ဒီဃနိကာယ်မဇ္ဈိမနိကာယ်ဋီကာကျမ်းပြုဆရာတို့အလို။ ဆဲးရေးလိုသော

စိတ်ဖြင့်-မြွေကိုက် သေပါစေ, ဒါးမြသတ်၍ သေပါစေ, ကျားကိုက်၍ သေပါစေ, စသည်ဖြင့် သူတပါးကို ကျိန်ဆဲသူအားလည်း ကမ္မပထ မြောက်၏ဟု ဆိုကုန်၏။

သမ္ဖပ္ပလာပ ဟူသည် အကျိုးမဲ့ကိုသိစေတတ်သည့် ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော ယုတ်ညံ့သော အကုသိုလ်စေတနာ တည်း၊ ထိုသမ္ဖပ္ပလာပသည် ဘာရတညီနောင် စစ်ထိုးခြင်း, သီတာ မိဖုရားကို ဆောင်ခြင်း စသော စိတ်ကူးဖြင့် ဆန်းဆန်း ကြွယ်ကြွယ် ရေးသား ပြောဆိုသော ဒဏ္ဍာရီဝတ္ထုတို့၌သာ နှစ်နှစ်သက်သက် ပြောကြားမှု ကမ္မပထ မြောက်၏။ အမှန်မှာ-နားထောင်သူက အကျိုးစီးပွါး မဲ့ကိုအမှန်အကန်အားဖြင့် ယူသော်သာလျှင် ကမ္မထမြောက်၏၊ မယူက မမြောက်၊ ကံမျှသာဖြစ်၏၊ ရာဇကထာစသော ၃၂-ပါးသော တိရစ္ဆာန ကထာတို့၌လည်း နှစ်နှစ်သက်သက်ပြောကြားမှု ကမ္မပထမြောက်၏၊ နှစ်နှစ် သက်သက် ပြောခြင်း မဟုတ်ပါက ကံသာဖြစ်၏။ အကျိုးအ ကြောင်း အဆုံးအမနှင့် စပ်၍ ပြောမှုကား အလုံးစုံသော စကားသည် လည်း အကျိုးရှိသည်သာ ဖြစ်၏။

ဝစီဒွါရ။ ။ဤ၌ဝစီနှင့်ဝါစာအတူတူပင်ဖြစ်၏၊ထိုသည်သဒ္ဒဝါစာ ဝိရတိဝါစာ,စေတနာဝါစာ,စောပနဝါစာဟုလေးမျိုး ရှိရာ ဤနေရာ၌ သဒ္ဒရုပ်နှင့်တကွဖြစ်သော ဝစီဝိညတ်ဟု ဆိုအပ်သော စောပနဝါစာကို ယူအပ်၏။ မှန်၏—ထိုစောပနဝါစာကို တခါတလေ နှုတ်အင်္ဂါဖြင့် မိမိအလိုကို တပါးသူ သိစေခြင်း၌ ပြုအပ်သောကြောင့် ဝစီဝိညတ် ဟု ဆိုအပ်၏၊ ထို ဝစီဝိညတ်သည် ပင်လျှင် ကံဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဒွါရမည်ရကား ဝစီဒွါရဟု ခေါ်၏။ ထိုဝစီ ဝိညတ်သည် ထိုထို နှုတ်ပယောဂ ကိစ္စ ဖြစ်သော် သာလျှင် ချွတ်ယွင်း စေခြင်း စသော ကိစ္စ ပြီးသောကြောင့် ထို ဝစီ ပယောဂကို ဖြစ်စေ တတ်သော စေတနာ၏ အားထုတ်ခြင်း, ကြိယာ၏ ပြီးခြင်း, ဝစီကံ ဟူသော အမည်ကို ရခြင်း ဖြစ်၏။

မနောကံ သုံးပါး

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဟူသော ဤသုံးပါးကား ဝိညတ်ဒွေး နှင့် ကင်း၍ စိတ်၌သာ အများအားဖြင့် ဖြစ်ခြင်းကြောင့် မနောကံ မည်၏။

အဘိဇ္ဈာ ဟူသည် သာယာမှုတွင် မရပ်ဘဲ သူတပါးဥစ္စာကို မိမိအား ညွတ်စေသောအားဖြင့် အလွန်အကျွန် ကြံစည်ကြောင်း ဖြစ်သော တရားတည်း၊ထိုအဘိဇ္ဈာသည် သူတပါးဥစ္စာကိုမြင်၍ သာယာနှစ်သက်မက်မောခြင်းမျှတွင်မရပ်ဘဲ ဤဥစ္စာသည် ငါ့ဥစ္စာဖြစ်မူကား ကောင်းလေစွဟု မိမိဥစ္စာ အနေ ပြု၍ စိတ်ကို ညွတ်စေသော သူအားသာလျှင် ကမ္မပထမြောက်၏၊ သူတပါးပိုင်အဖြစ်မှာထား၍-ဤသို့သော ပစ္စည်းကို သုံးဆောင်ရသူတို့ကား ကံကောင်းပေကုန်စွ, ငါလဲဘဲ ဤ။ရမ်း၍ သုံးဆောင်ရမူ, (သို့မဟုတ်) တောင်းကာ, ဝယ်ကာ ကိုယ်ပိုင်လုပ်ရပါမူ (သို့မဟုတ်) အခြား ဤပစ္စည်းမျိုးရပါမူ ကောင်းလေစွဟု သာယာသူအားကား ကံသာ ဖြစ်၏၊ ကမ္မပထ မမြောက်။

ဗျာပါဒ ဟူသည် တပါးသတ္တဝါ ပျက်စီးလေအောင် ကြံစည်စိတ်ကူးကြောင်းဖြစ်သော တရားတည်း၊ ထိုဗျာပါဒသည် အောက်ထစ်ဆုံး အနေအားဖြင့် မှက်ခြင် စသည်တို့ကိုမူလည်း အကြောင်း ပြု၍ "ဤသူတို့ ပျက်စီးစေကုန်သတည်း"ကွယ်ပျောက်စေကုန်သတည်း, ဤသူတို့ ပျက်စီးပျောက်ကွယ်သွားကြပါမူ ကောင်းလေစွ၊မကြီးပွားမူ ကောင်းလေစွ၊ ကြာကြာမတည်မူ ကောင်းလေစွ၊ ဘယ်အခါ ပျက်စီးပျောက်ကွယ် ပမလဲဟု တပါးသော သတ္တဝါ၏ ခန္ဓာအသက် ပျက်စီးပျောက်ကွယ်မှုကို ကြံစည်သော သူအားသာလျှင် ကမ္မပထ မြောက်၏၊ ဤပြဆိုခဲ့သောအတိုင်း မဟုတ်မူ ကံသာဖြစ်၏။

မိစ္ဆာဒိဋ္ဌိ ဟူသည် အတ္ထိဒိန္နံ (အလှူရဲ့ အကျိုး ရှိ၏) ဤသို့ စသော နည်းဖြင့်ဖြစ်သော အလုံးစုံသော သူတော်ကောင်းတို့ သွားရာလမ်းကို, သူတော်ကောင်းတို့ ပညတ်ချက်ကိုဖျက်၍ နတ္ထိဒိန္နံ (လှူရကျိုးမရှိ) အစရှိသောနည်းဖြင့် ဆန့်ကျင်ဘက် ရှုကြောင်းဖြစ်သော တရားတည်း၊ ကံ, ကံ၏အကျိုးကို အမြဲတမ်း တားမြစ်သော နတ္ထိက,အဟေတုက,အကြိယ ဟူသော နိယတမိစ္ဆာဒိဋ္ဌိသည်သာလျှင် ကမ္မပထမြောက်၏၊ ဒသဝတ္ထုကာ ဒိဋ္ဌိ ဟူသည်ကား နတ္ထိက ဒိဋ္ဌိ၏ အပြားသာဖြစ်၏။ သဗ္ဗညုဒေသနာကို တားမြစ်သော အရိဋ္ဌရဟန်း,ကဏ္ဍကသာမဏေတို့၏ဒိဋ္ဌိတို့သည်လည်း ကမ္မပထမြောက်သည်ဟုဆို၏၊ သက္ကာယဒိဋ္ဌိ-၂ဝ၊ ၆၂-ပါးသော ဒိဋ္ဌိတို့ကား ကံသာဖြစ်၏၊ ကမ္မပထ မမြောက် မဂ်ရမှုကိုသာ တားမြစ်၏၊ နတ်ပြည် နတ်ရွာသို့ ရောက်မှုကို မတားမြစ်ပါချေ။

အညတြာပိ။ ။အညတြာပိဒွိပါသော အပိသဒ္ဒါဖြင့် ဤမနောကံ သုံးပါးတို့သည် ဝိညတ်နှစ်ပါးနှင့်လည်းတကွ ဖြစ်သေး၏ဟု ပြ၏။ ဤမနောကံသုံးပါးတို့သည် ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ လှုပ်ရှားမှုမပါဘဲ စိတ်သက်သက်မှာဖြစ်မှု ဝိညတ်နှင့်ကင်း၏။ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ လှုပ်ရှားမှုပါ၍ ကာယဒွါရ၊ ဝစီဒွါရတို့၌ ဖြစ်မှုကား ဝိညတ်နှစ်ပါးနှင့် အတူတကွ ဖြစ်ကုန်၏။ ထိုစကားတရပ်လုံးဖြင့် မနောကံ သုံးပါးတို့၏ ဒွါရသုံးပါး၌ ဖြစ်သည်ကိုပြ၏။

မနသ္မိံယေဝ။ ။ဤဒွိပါသော ဧဝသဒ္ဒါဖြင့် အနက်ထူးကိုပြ၏။ ပြပုံမှာ—သူတပါးအသက်ကိုသတ်ခြင်း စသည်၌ ထိုသူကို သတ်အံ့,ထိုဥစ္စာကို ခိုးယူအံ့ ဤသို့စသော စီရင်ပုံအခြင်းအရာဖြင့် ဖြစ်သော စေ့ဆော်သော ကြံယာသာလျှင် ပြဓာန်း၏။ ထိုကြံယာသည်လည်း ကာယပယောဂ, ဝစီပယောဂတို့နှင့် ကင်း၍မပြီး၊ ထို့ကြောင့် ကာယကံ ဝစီကံတို့၌ ကာယပယောဂ, ဝစီပယောဂ တို့သည် ကံပြီးစီးခြင်း၄ါ အင်္ဂါတရ ဖြစ်၏။ ထိုကာယကံ ဝစီကံနှင့်တကွ ဖြစ်သော အဘိဇ္ဈာ စသည်တို့ကား စေတနာအတွဲတွင် ပါဝင်၍ မနောကံ မခေါ်ဝေါ်လောက်သောအဖြစ်သို့ ရောက်ကုန်၏။

ထို့ပြင် သူတပါး ဥစ္စာကို ရှေ့ရှုရှုံးမိုက် ကြံစည်ရာ စသည်တို့၌ မိမိပြဓာန်းခြင်းရှိသော အဘိဇ္ဈာစသည်တို့၏ ကာယဒွါရ ဝစီဒွါရတို့၌ ဖြစ်ကုန်သော်လည်း ကာယပယောဂ, ဝစီပယောဂတို့သည် ကံပြီးစီး ဘို့ရာ အင်္ဂါတရ မဖြစ်၊ ဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ စိတ်ထဲက အကြံအစည်ဖြစ်ခြင်းမျှဖြင့်သာ အဘိဇ္ဈာစသည်တို့၌ ကံပြီးစီးလေသော ကြောင့် ပေတည်း။

ဤအဘိဇ္ဈာ စသော ကံတို့၌ ကာယဒွါရ ဝစီဒွါရတို့၏ အမြဲတမ်း အင်္ဂါအဖြစ်ကို ပယ်မြစ်ခြင်း၄ါ မနသ္မိံယေဝ ဟု ဧဝသဒ္ဒါ ထည့်၍ အဋ္ဌကထာဆရာ ပြုအပ်လေသည်ဟု မှတ်ပါလေ။

ဒေါသမူလကြောင့်

ထိုဒုစရိုက် ၁၀-ပါးတွင် ပါဏာတိပါတ, ဖရုသဝါစာ ဗျာပါဒတို့သည် ဒေါသမူလကြောင့်(ဝါ)ဒေါသမူစိတ်ကြောင့်ဖြစ်ကုန်၏။

ဤ ဒုစရိုက် ကမ္မပထ တရား ၁၀-ပါးတို့၏ ပုဗ္ဗစေတနာ, အပရ စေတနာတို့သည် ပဋိသန္ဓေကျိုးကို ပေးရာ၌ အနေကံ အတိုင်သို့ ရောက် ကုန်၏ဟု ပဋိသမ္ဘိဒါမဂ်ဋီကာ၌ ဆိုအပ်၏။

ဤသတ္တဝါကို သတ်အံ့,ဤပစ္စည်းကိုခိုးအံ့ စသောနည်းဖြင့် အစမှစ၍ ဖြစ်သော ထိုပုဗ္ဗ,အပရ,စေတနာတို့သည် အာကြီးသောအကြောင်းကို ရပါက ပဋိသန္ဓေကျိုးကို ပေးနိုင်ကုန်၏။အားကြီးသော အကြောင်းကို မရပါက ပဋိသန္ဓေကျိုးကို မပေးနိုင်ကုန်။

ကမ္မပထ အထူးသို့ မရောက်သော ကုသိုလ် အကုသိုလ်တို့သည် ကာယဒွါရ၌ ထင်မှု ကာယကံ၊ ဝစီဒွါရ၌ ထင်မှု ဝစီကံ၊ မနောဒွါရ သက်သက်၌ ထင်မှု မနောကံ မည်ကုန်၏။

လောဘမူလကြောင့်

ကာမေသု မိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ တို့သည် လောဘမူလကြောင့် (ဝါ)လောဘမူစိတ်ကြောင့် ဖြစ်ကုန်၏။အဒိန္နာဒါန,မုသာဝါဒ,ပိသုဏာဝါစာ သမ္ဖပ္ပလာပ ဟူသော လေးပါးတို့သည်လည်း လောဘ, ဒေါသဟူသော မူလ နှစ်ပါးကြောင့် ဖြစ်ကုန်၏။

အဒိန္နာဒါန စသော ကံလေးပါး တို့သည် တရံ တခါ ဒေါသမူလ ကြောင့် ဖြစ်၏။ တရံတခါ လောဘမူလကြောင့် ဖြစ်၏။ ထို့ကြောင့် ဒွိဟိမူလေဟိ ဟု ဆို၏။ မောဟသည်ကား ဒုစရိုက်အားလုံးနှင့် ဆက်ဆံသည်ဖြစ်၍ အထူးမပြုတတ်သည့်အတွက် ဤ၌ မူလတပါး အနေဖြင့် မယူအပ်သတည်း။

စိတ္တုပ္ပါဒ်၏ အစွမ်း အားဖြင့် ထို အကုသိုလ်ကံသည် ခပ်သိမ်းသော အပြား အားဖြင့်လည်း ၁၂-ပါး ရှိ၏။

ကာမာဝစရ ကုသိုလ်ကံ အဖွင့်

ကာမာဝစရ ကုသိုလ်ကံ သည်လည်း ကာယဒွါရ၌ ဖြစ်သော ကာယကံ, ဝစီဒွါရ၌ ဖြစ်သော ဝစီကံ, မနောဒွါရ၌ ဖြစ်သော မနောကံ ဟု ကမ္မဒွါရ၏ အစွမ်းဖြင့် သုံးပါးအပြား ရှိ၏။

ကိုယ်အင်္ဂါကို လှုပ်ရှားစေ၍ ဖြစ်စေအပ်သော ကံသည် ကာယက မည်၏။ နှုတ်အင်္ဂါကို လှုပ်ရှားစေ၍ ဖြစ်စေအပ်သော ကံသည် ဝစီကံ

မည်၏။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကို မလှုပ်ရှားစေဘဲ မနောဒွါရ၌သာ ဖြစ်စေ အပ်သော ကံသည် မနောကံ မည်၏။ ဤကား ပရိယာယ် တပါး။

ကာယဒွါရ၌ဖြစ်သော ကံသည် ကာယကံ၊ ဝစီဒွါရ၌ ဖြစ်သော ကံသည် ဝစီကံ၊ မနောဒွါရ၌ ဖြစ်သော ကံသည် မနောကံ မည်၏။ ဤလည်း ပရိယာယ်တပါး။

ဤပရိယာယ် နှစ်မျိုးတွင် ဗုဒ္ဓသာသနာ၌ ကလျာဏဓမ္မကို ဖြည့်ကျင့်ခြင်းမည်သည် ပါပဓမ္မကို ပယ်ဖြစ်ခြင်းအကျိုးငှါသာ ဖြစ်သော ကြောင့် နောက် ပရိယာယ်သာ ပြခါန်း၏ဟု သိအပ်၏။

ထိုအတူ-ဒါန, သီလ, ဘာဝနာ၏ အစွမ်းဖြင့် သုံးပါး အပြားရှိ၏၊ ထိုကာမာဝစရကုသိုလ်ကံသည် စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် ၈-ပါး အပြား ရှိ၏။ ပုညကြိယာဝတ္ထုသည် ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ၏ အစွမ်းဖြင့် ၁၀-ပါး အပြားရှိ၏။

ဒါန	မိမိဥစ္စာပစ္စည်းကို စွန့်ကြဲပေးကမ်းသော စေတနာ။
သီလ	အပြစ်ရှိသော ကာယကံမှု ဝစီကံမှုကို တားမြစ်၍ အပြစ်ကင်းသော ကိုယ်မှုနှုတ်မှုတို့ကို ကောင်းစွာ တည်ကြည်အောင်ပြုလျက်ထားတတ်သောတရား။
ဘာဝနာ	ပွါးကြောင်း ဖြစ်သော တရား၊ ကုသိုလ် တရားတို့ မဖြစ်သေး သည်ကို ဖြစ်စေ၏၊ ဖြစ်ပြီး သည်ကို တိုးပွါး စေ၏။
အပစာယန	ပူဇော်ကြောင်း ဖြစ်သော တရား၊ (မိမိကိုယ်ကို နှုတ်တို့ဖြင့် နိမ့်ကျသော ဖြစ်မှုရှိသည်ကိုပြ၏)။
ဝေယျာဝစ္စ	အမှု ကြီးငယ် တို့ကို အထူး ကြောင့်ကြ ပြုလျက် လုပ်ကိုင် ဆောင်ရွက် ပေးမှု။
ပတ္တိဒါန	မိမိ ပြုလုပ်သော ကောင်းမှု အဖို့ကို အမျှ ပေးဝေကြောင်း စေတနာ။
ပတ္တာနုမောဒန	သူတပါးတို့ ပေးအပ်သော ကုသိုလ် အဖို့ကို ဝမ်းမြောက် ဝမ်းသာ သာဓု ခေါ်ကြောင်း ဖြစ်သော စေတနာ။

ဓမ္မသဝန — တရား နာယူသော စေတနာ။
ဓမ္မဒေသနာ — တရားဟောမှု ပြုကြောင်း စေတနာ။
သမ္မာဒိဋ္ဌိ — ဒသဝတ္ထုက သမ္မာအယူကို ဖြောင့်ဖြောင့် ပြုသော ဉာဏ်။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ဆယ်မျိုး

၁။ အတ္ထိ ဒိန္နံ-ပေးကမ်းကျိုး ရှိ၏။
၂။ အတ္ထိ ယိဋ္ဌံ-ဦးဦးဖျားဖျား ပူဇော်ကျိုး ရှိ၏။
၃။ အတ္ထိ ဟုတံ-အကြီးအကျယ် ပူဇော်ကျိုး ရှိ၏။
၄။ အတ္ထိ သုကတ ဒုက္ကဋာနံ ဖလံ ဝိပါကော-သုစရိုက် ၁၀-ပါး၏ ကောင်းကျိုး, ဒုစရိုက် ၁၀-ပါး မကောင်းကျိုး ရှိ၏။
၅။ အတ္ထိ အယံ လောကော-ဤလူ့ဘုံလောက ရှိ၏။
၆။ အတ္ထိ ပရော လောကော-ဤလူ့ဘုံမှ တပါး နတ်ဘုံ ငရဲဘုံ ရှိ၏။
၇။ အတ္ထိ မာတာ-အမိ၌ ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်း, ပြစ်မှား လွန်ကျူးခြင်း၌ ကောင်းကျိုး မကောင်းကျိုး ရှိ၏။
၈။ အတ္ထိ ပိတာ-အဖ၌ ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်း,ပြစ်မှား လွန်ကျူးခြင်း၌ ကောင်းကျိုး မကောင်းကျိုး ရှိ၏။
၉။ အတ္ထိ သတ္တာ ဩပပါတိကာ-ဥပပါတ်သတ္တဝါတို့ ရှိကုန်၏။
၁၀။ အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာ ပဋိပန္နာ ယေ ဣမံ စ လောကံ ပရံ စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ– လောက၌ အညီ အညွတ် ဖြစ်သော ကောင်းစွာ ကျင့်သော ဤလောက, တမလွန် လောကကို ကိုယ်တိုင် ဒိဋ္ဌသိ၍ မျက်မှောက် ပြုကာ ဟောကြား ပေသော ရဟန်းပုဏ္ဏား, ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သူတော်ကောင်းတို့ ရှိကုန်၏။

ပဏ္ဏာသ ပါဠိတော်။

အထက်ပါ ဒါန အစ ဒိဋ္ဌိဇုကမ္မ အဆုံး ရှိသော ၁၀-ပါးကို ပုည ကြိယာ ဝတ္ထုဟု ခေါ်၏၊ ထို ၁၀-ပါးတွင် တခုတခု၌-

၁။ ရှေ့ပိုင်း ပုဗ္ဗစေတနာ
၂။ အလယ်ပိုင်း မုဥ္စစေတနာ
၃။ နောက်ပိုင်း အပရစေတနာဟု သုံးမျိုးစီ ရှိ၏။

ဒါန ပုညကြိယာ ဝတ္ထု၌ စေတနာ သုံးပိုင်းကို အထွက်မျှ ပြဆိုအံ့– ပစ္စည်းကို မလှူမီ ရှေ့အဖို့–ဤပစ္စည်းဖြင့် ဒါနပြုမည်ဟု ပစ္စည်း ဖြစ်ပေါ်လာရာ အချိန်မှ စ၍ ဒါနကို အကြောင်း ပြု၍ ၇ွိ ရ သုံးပါး၌ ဖြစ်သော ကုသိုလ်စေတနာသည် ရှေ့ပိုင်း **ပုဗ္ဗစေတနာ** မည်၏။အလှူခံပုဂ္ဂိုလ်အား လှူဒါန်း စွန့်ကြဲ ခြင်းသည် အလယ်ပိုင်း **မုဥ္စစေတနာ** မည်၏။ နောက် အဖို့၌ မိမိပြုပြီး ဒါနကို တွေးမိတိုင်း ဝမ်းမြောက်သော စေတနာသည် နောက်ပိုင်း **အပရစေတနာ** မည်၏။ ကြွင်း ပုညကြိယာ ဝတ္ထု များ၌လည်း အပိုင်း သုံးရပ် ခြားနား၍ ယူကြလေ။

ပုညကြိယာဝတ္ထု ဆယ်ပါးသည်လည်း အကုသိုလ်မှာကဲ့သို့ အားကြီးသော အကြောင်းအထောက်အပံ့ရပါက ပဋိသန္ဓေအကျိုးကိုပေး၏၊ မရပါက မပေး ဟု မှတ်။

၎င်းပြင် ပုည ကြိယာ ဝတ္ထု ဆယ်ပါးကို (၁) ဟီန၊ (၂) မဇ္ဈိမ၊ (၃) ပဏီတ၊ ဤသုံးမျိုးဖြင့်လည်း ခွဲခြားလေဦး၊ လျော့သော ဆန္ဒ,စိတ္တ, ဝီရိယ, ဝီမံသ တို့ဖြင့် ဖြစ်သော ပုည ကြိယာ ဖြစ်မှု **ဟီန** မည်၏။

အလယ်အလတ်ဖြစ်သော ဆန္ဒ,စိတ္တ, ဝီရိယ, ဝီမံသတို့ဖြင့် ဖြစ်သော ပုညကြိယာ ဖြစ်မှု **မဇ္ဈိမ** မည်၏။

မွန်မြတ် ထက်သန်သော ဆန္ဒ,စိတ္တ,ဝီရိယ, ဝီမံသ တို့ဖြင့် ဖြစ်သော ပုညကြိယာဖြစ်မှု **ပဏီတ** မည်၏။

တနည်း အခြံအရံအကျော်အစောကို လိုသဖြင့်ပြုသော ပုညကြိယာ ဖြစ်မှု **ဟီန**။

ကောင်းမှုကျိုးကို လိုသဖြင့် ပြုသော ပုညကြိယာ ဖြစ်မှု **မဇ္ဈိမ**။

အရိယာ အဖြစ်ကို လို၍ ပြုမှု **ပဏီတပုညကြိယာ** မည်၏။

ပုညကြိယာကို ဒါန,သီလ,ဘာဝနာ၌ သွင်းပုံ

ဤပုညကြိယာဝတ္ထု ၁၀–ပါးတွင် ပတ္တိဒါန နှင့် ပတ္တာနုမောဒနာကို ဒါန၌ သွင်းယူအပ်၏၊ဘယ့်ကြောင့်ဆိုသော် ပတ္တိဒါနနှင့်ပတ္တာနုမောဒန တို့သည် ဒါန သဘော ရှိသောကြောင့် ပေတည်း။ မှန်၏ – ဒါနသည်

ဏှုသာ, မဇ္ဈေရတို့၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ပတ္တိဒါန, ပတ္တာနုမောဒနာ နှစ်ပါးတို့သည်လည်း ဣဿာ, မစ္ဆေရတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏၊ ဤဆန့်ကျင်မှု တူသည့်၏အဖြစ်ဖြင့် လက္ခဏာကွဲပြားမှု မရှိသောကြောင့် ထိုနှစ်ပါးကို ဒါနပုညကြိယာဝတ္ထု၌ ရေတွက်အပ် လေသည်။

အပစာယန, ဝေယျာဝစ္စကို သီလပုညကြိယာ၌ ပေါင်းယူအပ်၏၊ ဘယ့်ကြောင့်ဆိုသော်–စာရိတ္တသီလဖြစ်ပေသောကြောင့်တည်း။

ဓမ္မဒေသနာ, ဓမ္မသဝန, ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာပုညကြိယာဝတ္ထု၌ ပေါင်းယူအပ်ကုန်၏၊ ဘယ့်ကြောင့်ဆိုသော်–ကုသိုလ်တရားကိုမှီဝဲခြင်း ဖြစ်သောကြောင့်ပေတည်း၊ ဤကားအရှင်ဓမ္မပါလဆရာ အဆိုတည်း။

အပရေဆရာတို့ကား–တရားဟောသူ,တရားနာသူများသည် ဒေသနာကို အစဉ်လျှောက်သဖြင့် ဉာဏ်သွင်းကာ အနိစ္စစသော လက္ခဏာ သုံးပါးကိုသိလျက် ဟောလည်းဟောရ၏၊နာလည်းနာရ၏ သို့ဖြစ်၍ ဓမ္မဒေသနာ,ဓမ္မသဝနတို့သည်လက္ခဏာကို သိမှု(လက္ခဏပဋိဝေဓဉာဏ်) သစ္စာလေးပါး ကိုသိမှု (သစ္စပဋိဝေဓဉာဏ်) ကိုလည်း ရထိုက်ကုန်၏၊ ထို့ကြောင့် ထိုနှစ်ပါးကို ဘာဝနာမယ၌ သွင်းယူရမည်ဟုဆိုကုန်၏။

ဓမ္မဒေသနာကို ဓမ္မဒါန သဘော ဖြစ်သောကြောင့် ဒါနမယ၌လည်း သွင်းနိုင်ပါ၏။ သဗ္ဗဒါနံ,ဓမ္မဒါနံ ဇိနာတိ–ကို ထောက်လေ။

ဒိဋ္ဌိဇုကမ္မ–ကိုကား ပုညကြိယာ ကိုးပါးလုံးမှာ သွင်း၍ ယူအပ်၏၊ ဘယ့်ကြောင့်နည်း–ပုညကြိယာကိုးပါးတို့ကို သတ်မှတ်ခြင်းလက္ခဏာ ရှိသောကြောင့် ပေတည်း၊ မှန်၏–ဒါန စသော ပုညကြိယာ များတွင် ဘယ်ကုသိုလ်မဆို သမ္မာဒိဋ္ဌိခေါ် ဒိဋ္ဌိဇုကမ္မဖြင့် အနှောက် အယှက် အန္တရာယ်ကို လှန်ပယ် သုတ်သင် မှသာ အကျိုး အာနိသင် ကြီးမြတ်လေသည်၊ ထို့ကြောင့် ဒီဃနိကာယ် အဋ္ဌကထာ၌–ဒိဋ္ဌိဇုကမ္မံ သဗ္ဗေသံ နိယမန လက္ခဏံ–ဟု မိန့်ဆို လေသည်။

အကုသိုလ်စိတ် ၁၂–ခု၊ မဟာကုသိုလ်စိတ် ၈–ခု၊ နှစ်ရပ်ပေါင်းစိတ် ၂၀၊ ကာမာဝစရကံဟု ဆိုအပ်၏။

ရူပါဝစရကုသိုလ်

အရူပါဝစရကုသိုလ်ကား မနောကံသာ ဖြစ်၏၊ ဘာဝနာဖြင့် ပြီး၏၊ အပ္ပနာသို့ ရောက်၏၊ ဈာန်အင်္ဂါ အပြားအားဖြင့် ငါးပါးရှိ၏။

ရူပါဝစရကုသိုလ်ကံကို စိတ်၌သာ ကမ္မပထမှုပြီးလေသောကြောင့် မနောကံ၊ ဒါနသီလ၏ အစွမ်းအားဖြင့် မဖြစ်ဘဲ ဘာဝနာ ကံအထူးဖြစ်သောကြောင့်ဘာဝနာမယဟုဆို၏၊ဘာဝနာ၏အစွမ်းဖြင့် အာရုံမှာသက်ဝင်၍တုန်လှုပ်မှုမရှိဘဲဖြစ်လေသောကြောင့် အပ္ပနာသို့ ရောက်သောကံဖြစ်၏။

အရူပါဝစရကုသိုလ်

အရူပါဝစရကုသိုလ် သည်လည်း မနောကံ ပင်တည်း၊ ဘာနာဖြင့် ပြီး၏၊ အာရုံအပြားအားဖြင့် လေးပါးရှိ၏။

အဓိပ္ပါယ်မှာ ရူပါဝစရ ကုသိုလ် နှင့် မထူးခြားလှ၍ ပြဖွယ် မလိုတော့ပြီ၊ ဈာန်နှင့် အာရုံလောက်သာ ထူးခြား၏။

ကိစ္စ, ပါကဒါန, ပါကကာလ၏ အစွမ်းအားဖြင့် စတုက္က သုံးပါးကို သရုပ် အားဖြင့် ပြပြီး၍ ဌာန,ဟေတု, ဖလ၏ အစွမ်းအားဖြင့် တပေါင်းတည်း ပြခြင်းအကျိုးဌါ-ဗွြာကုသလ ကမ္မ-စသောစကားကို မိန့်ဆိုတော်မူ၏။

ဤပါကဌာန စတုက္က၌ ဥဒ္ဓစ္စ ကြဉ်သော အကုသိုလ် ကံသည် အပါယ်ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေ၏၊ ပဝတ္တိအခါမှာ မူကား အကုသိုလ် ၁၂-ခုလုံး အကုသလ ဝိပါက် ၇-ခုကို အလုံးစုံသော ကာမလောက,ရူပလောက၌ ထိုက်သလို အကျိုးပေး၏။

ပဋိသန္ဓေအကျိုးပေးသောကံတွင် ဥဒ္ဓစ္စကိုကြဉ်ရသည်မှာ ပဋိသန္ဓေကို မဆွဲငင်တတ် သောကြောင့် ပေတည်း၊ ပဋိသန္ဓေကို မဆွဲငင်နိုင်သည်မှာ–ဓမ္မသင်္ဂဏီ ပါဠိတော်တွင်သောတာပတ္တိ မဂ်သည် ပယ်အပ်သောတရားတို့၌ ဥဒ္ဓစ္စကိုမဟောဘဲ အထက်မဂ်သည် ပယ်အပ်သောတရားတို့၌သာ ဟောအပ်လေသောကြောင့်တည်း။

ရှင်းချက်။ ။သောတာပတ္တိမဂ်သည် အပါယ်ဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးတတ်သော အကုသိုလ် ကံကို ပယ်၏၊ မပေးတတ်သော အကုသိုလ် ကံကို မပယ်၊ ဥဒ္ဓစ္စသည် အပါယ်ဘုံ၌ ပဋိသန္ဓေ အကျိုးကို ပေးတတ်သော တရားဖြစ်လျှင် သောတာပတ္တိမဂ် ပယ်တရား၌ ပါဝင်မည်၊ မပေးတတ်၍သာ အထက်မဂ်ပယ်သော တရား၌ ထည့်သွင်း ဟောကြားတော် မူ၏၊ သို့ဖြစ်၍ ဥဒ္ဓစ္စကို ပဋိသန္ဓေအကျိုးပေးသောကံများမှ ကြဉ်ဖယ်ထားလေသည်။

ယထာရဟံ။ ။ကာမလောက ရူပလောက၌ ရအပ်သော ဝတ္ထု၊ ဒွါရအားလျော်စွာ အကျိုးပေး၏။

ကာမာဝစရ ကုသိုလ်သည်လည်း ကာမသုဂတိဘုံ၌သာ ပဋိသန္ဓေကိုဖြစ်စေ၏၊ ပဝတ္တိအခါ၌လည်းမဟာဝိပါက် ၈-ခုအဟိတ်ကုသလဝိပါက် ၈-ခုတို့ကိုအလုံး စုံသော ကာမလောက,ရူပလောက၌ ထိုက်သည်အားလျော်စွာအကျိုးပေး၏။

ကုသိုတ်ကံတို့သည် အပါယ်ဘုံ၌လည်း ပဝတ္တိ အခါ ကြီးကျယ်သော စည်းစိမ်ကို ဖြစ်စေကြ၍ တန်ခိုးကြီးနဂါး, ဂဠုန် စသည်တို့၏ သန္တာန်၌ ဣဋ္ဌတို့သာ ဣဋ္ဌ ဝိပါက်၏ အခွင့်ကို ရ၍ ကုသလဝိပါက်ကို ဖြစ်စေကုန်၏၊ အပါယ်သူ, အပါယ်သားတို့ အားလည်း အကြောင်း အားလျော်စွာ ဣဋ္ဌာရုံနှင့် ပေါင်းမိခဲ့သော် ဣဋ္ဌ ဝိပါက်၏ အခွင့်ကိုရ၍ ကုသလဝိပါက်ကို ဖြစ်စေကုန်၏၊ ထို့ကြောင့် တထာ ပဝတ္တိယဉ္စ-ဟု မိန့်ဆို၏။

မဟာဝိပါက်တို့သည် သုဂတိကာမလောက၌ငင်း၊အဟိတ်ကုသလ ဝိပါက် ၈ခု တို့သည် သုဂတိ, ဒုဂ္ဂတိကာမလောက၌ငင်း၊ ထိုအဟိတ် ဝိပါက်များတွင်လည်းပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ်,သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း,သန္တီရဏ အစုံတို့သည် ရူပဘုံမှာအကျိုးဝိပါက်ဖြစ်ကုန်၏၊ ထို့ကြောင့်ယထာရဟံ ဝိပစ္စတိ-ဟုဆို၏။မှန်၏-ရူပါဝစရကုသိုလ်သည် ကမ္မဇရုပ်တို့ကို ဖြစ်စေသော်လည်း ဣဋ္ဌသည် ဝိပါက်ကို ဖြစ်စေသည် ရှိသော်အာရုံတပါး၌တပါးဘုံ၌ဖြစ်သောဝိပါက်ကိုဖြစ်စေသည်မဟုတ်၊ အမှန်မှာ–ကာမဝိရာဂ ဘာဝနာ၏ အဖြစ်ဖြင့် အပ္ပနာသို့ ရောက်သော ကံထူးဖြစ်လေသောကြောင့် ကာမတဏှာ၏ အာရုံမဟုတ်သော နိမိတ် အာရုံ၌ ဣဋ္ဌနှင့် အချင်းခပ်သိမ်းတူညီသော ရူပဝိပါက်ကိုသာဖြစ်စေ၏၊ ထို့ကြောင့် ရူပဘုံ၌လည်း ထိုစက္ခုစသောဝိပါက် ငါးခုတို့သည် ကာမ ကုသိုလ်၏ ဝိပါက်သာဖြစ်ကုန်၏ဟု သိအပ်၏။

ရှင်းချက်။ ။စက္ခု,သောတ,ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုင်း,သန္တီရဏတို့ သည် ရူပဘုံ၌ဖြစ်၍ ရူပါဝစရကုသိုလ်၏အကျိုးဝိပါက်များ ဖြစ်လေသလောဟု ယုံမှားဖွယ်ဖြစ်နေရာ–ရူပါဝစရကုသိုလ်၏ အကျိုးမဟုတ်၊ ကာမကုသိုလ်၏ အကျိုးသာဖြစ်၏၊ ရူပကုသိုလ်သည် ကာမဂုဏ်၌တပ်ခြင်းမရှိသော ဘာဝနာ ဖြင့် အပ္ပနာသို့ရောက်သောကံထူးဖြစ်၏။ ကာမတဏှာ၏အာရုံ မဟုတ်သော ဣဋ္ဌနှင့်အသွင်တူရူပဝိပါက်ကိုသာဖြစ်စေ၏။ အသွင်မတူဝိပါက်များကို မဖြစ်စေ ဟုမှတ်အပ်၏။

ကံ၏အကျိုးပေးရာဌာနသည်(၁)ပဋိသန္ဓေ(၂)ပဝတ္တိဟုနှစ်မျိုးရှိရာ-ပဋိသန္ဓေ ဌာန မည်သည်ကား ကြီးကျယ်သော ဌာန ဖြစ်၏၊ ထို့ကြောင့် ပဋိသန္ဓေအခါ အကျိုးပေးသောကံသည် မိမိသတ္တိအားလျော်စွာ မယုတ်လွန်းသောဝိပါက်ကိုဖြစ်စေနိုင်၏၊ပဝတ္တိအခါ၌မူကားဌာနအမျိုးမျိုးမှာ ကိစ္စအမျိုးမျိုးဖြင့် အကျိုးပေးရ၏၊သို့ဖြစ်၍ ပဝတ္တိအခါ အကျိုးပေးသော ကံသည် မိမိသတ္တိအားလျော်စွာ အကျိုးမပေးစွမ်းနိုင်၊ တခ္ဂါရုံဌာနမှာ အကျိုးပေးရမှု အများအားဖြင့် ဇောအားလျော်စွာ အကျိုးပေးရ၏၊ ထို့ကြောင့် ကံတခုတခုမှာ (၁) သောဠသက (၂) ဒွါဒသက (၃) အဟေတုက အဋ္ဌက-ဟု ဝိပါက်အပြား သုံးမျိုး ရှိလာရ၏။ တဏ္ဍာဝိ-စသော စကားရပ်သည် ထို ကို ပြသောစကားဖြစ်၏။

ထို ကာမာဝစရ ကုသိုလ် များတွင် တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်သည် တိဟိတ် သန္ဓေကိုပေး၍ ပဝတ္တိအခါ၌ ၁၆-ပါးသော အကျိုးဝိပါက်ကိုဖြစ်စေ၏။

ကုသိုလ်သည် (၁) သမ္ပဇာနကတကုသိုလ် (၂) အသမ္ပဇာနကတ ကုသိုလ်ဟု နှစ်မျိုးရှိ၏၊ ထိုတွင် ကောင်းမှု ပြုသောအခါ အယုတ်ဆုံး ဝိဠုဗုဇကမ္မဉာဏ်ကို ယှဉ်စေလျက် ပြုအပ်သော ကုသိုလ်သည် **သမ္ပဇာန ကတ** ကုသိုလ်မည်၏၊ ဝိဠုဗုဇကမ္မဉာဏ်ကိုမျှလည်း မယှဉ်စေဘဲပြုအပ်သော ကုသိုလ်သည် အသမ္ပဇာနကတကုသိုလ်မည်၏။

သမ္ပဇာနကတကုသိုလ်ကား တိဟိတ်, အသမ္ပဇာနကတ ကုသိုလ်ကား ဒွိဟိတ်။

တနည်း ဥက္ကဋ္ဌ,ဩမက အားဖြင့် ၂-မျိုးရှိ၏၊ ထိုတွင် ကုသိုလ်ပြုတဲ့အခါ ထကြွလာသော နီဝရဏတရား, အတ္တုက္ကံသန စသော အယုတ်တရားများကိုပယ်ရှား သုစ်သင်လျက် ပြုအပ်သော ကုသိုလ်သည် **ဥက္ကဋ္ဌ** ကုသိုလ်မည်၏၊ထိုကဲ့သို့မသုစ်သင်ဘဲပြုအပ်သောကုသိုလ်သည်**ဩမက** ကုသိုလ် မည်၏၊ အထူး အားဖြင့်–ကုသိုလ် ပြုပြီးနောက် ငါ့အား အရတော်ပေစွ,ကံကောင်းပေစွ-စသည်ဖြင့် အကြိမ်ကြိမ် ဝမ်းမြောက်သော ကုသိုလ်သည် ဥက္ကဋ္ဌ မည်၏၊ ကုသိုလ် ပြုပြီးနောက် တစုံတခုသော အကြောင်းဖြင့်ကုသိုလ်ပြုမိဒါ မှားလေပြီဟု နှလုံးမသာယာမှုဖြစ်သော ကုသိုလ်သည် ဩမကမည်၏။

မွန်မြတ်သော လေးပါး အပြား ရှိသော တိဟိတ် ကုသိုလ်ကား တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် မည်၏၊ ထို တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်သည်

တိဟိတ်ပဋိသန္ဓေ ဝိပါက် ၄-ခုကိုဖြစ်စေ၏၊ ဤတွင် စေတနာတချက်က ပဋိသန္ဓေ တခုကိုသာ ပေး၏၊ ပဝတ္တိ အကျိုးကို မူကား ဘာပေါင်း အသင်္ချေ ပေး၏။

ဤနေရာ၌ စောဒက ပုဂ္ဂိုလ်က စေတနာ တချက်သည် ပဋိသန္ဓေ တခုကိုသာ ပေး၏ ဟူသော စကားကို မနှစ်သက်၍-

ဧကေပုဗ္ဗံ ယဇိတွာန၊ သဟဿ ကပ္ပကောဋိယော။
ဒေဝေသုစ မနုဿေသု၊ သံသရန္တိ ပရိနိဗ္ဗုတော။

ပန်းတပွင့်ကို ပူဇော်၊ ဘဝကုဋေပေါင်း ထောင်ကျော်၊ လူနတ်မှာ ခါခါဖြစ်လို့ ကြွင်းရစ်သည့် ကံကျိုးနှင့်သော်၊ နိဗ္ဗူထက်နန်း၊ တက်လှမ်း ဝင်စံပျော်။

ဤ ပါဠိတော်ကို ကိုးကားလျက် စေတနာ တချက်က ပဋိသန္ဓေ တခုကိုသာ ပေးသည် ဟူသော စကားကို မသင့်ဟု ဆို၏၊ အဖြေဆရာကမူ- စေတနာတချက်က ပဋိသန္ဓေတခုကိုသာပေးသည်ဟူသောစကားသည် သင့်မြတ်ပါ၏၊ ဘယ့်ကြောင့်ဆိုသော် ပုဗ္ဗစေတနာ, အပရစေတနာနှင့် တကွ ကမ္ဘာကုဋေတထောင် အတိုင်း အရှည်ကို ဆိုထိုက်လေသော ကြောင့် ပေတည်း၊ မှန်၏-ဝိတ်မည်သည် လက်ဖျစ် တတွက် ကာလ မှာပင် ကုဋေအသိန်းမက ဖြစ်ပါ၏၊ လက်ဖျက်တတွက်ထက် ကြာမြင့် သောကာလမှာ မည်မျှဖြစ်သည်ဟု ပြောလို့ပင် မဖြစ်တော့ပါ၊ နေတ္တိ အဋ္ဌကထာ၌လည်း သဟဿ ကပ္ပကောဋိယော ဟူ၍ရင်း သဟဿ အာယုကပ္ပကောဋိယော သဟဿ အတ္တဘာဝကောဋိယော ဟူ၍ရင်း မိန့်အပ်ပေပြီ။

ပုဗ္ဗစေတနာ, အပရစေတနာ တို့၏ ပဋိသန္ဓေကျိုး ပေးသော အဖြစ် ကိုလည်း ကောသလ သံယုတ်၌ ပြအပ်လေသည်၊ မှန်၏-ဆွမ်းအလှူ တခုတွင် စေတနာတချက်သည် ပဋိသန္ဓေ နှစ်ခုကိုမပေး၊ ပုဗ္ဗစေတနာ, အပရစေတနာ၏ အစွမ်းဖြင့်သာ နတ်ပြည်မှာ ၇-ကြိမ်၊ သူဌေးမျိုးမှာ ၇-ကြိမ်ဖြစ်၏-ဟု သံယုတ် အဋ္ဌကထာ၌ ပြဆို၏။

တိဟိတ် ဩမက ကုသိုလ်, ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်သည် ဒွိဟိတ် ပဋိသန္ဓေကို ပေး၍ ပဝတ္တိ တိဟိတ် ဝိပါက်ကြဉ်သော မဟာဝိပါက် ၄-ခု, အဟိတ်ကုသလ ဝိပါက် ၈-ခုအားဖြင့် ဝိပါက် ၁၂-ပါးကိုဖြစ်စေ၏။

တိဟိတ်ကံပင် ဖြစ်သော်လည်း ဆန့်ကျင်ဘက် အကြောင်းတို့၌ နှိပ်စက် ခံရမှု အစွမ်း တုန်းကာ တိဟိတ် ဝိပါက်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်တော့၊ အလွန်အားနဲ့ပေမဲ့ ညာဏ်နှင့်ယှဉ်လေသောကြောင့် အလွန်တွေဝေခြင်း၏အကြောင်းဖြစ်သော ဇဠန္ဓစသောအဟိတ်ဝိပါက် ကို မဖြစ်စေပါ၊ ထို့ကြောင့် တိဟေတုက မောမကံ-စသည်ကို မိန့်ဆို၏။ ဤကား ဒွါဒသကမဂ္ဂ ပင်တည်း။

ဒွိဟိတ် ဩမက ကုသိုလ် သည်ကား အဟိတ် ပဋိသန္ဓေ ကိုသာ ပေး၏၊ ပဝတ္တိ အခါမှာ အဟိတ်ဝိပါက်တို့ကိုဖြစ်စေ၏။

ဤစကားရပ်ဖြင့် ပြအပ်သော အဟိတ်ကုသလဝိပါက်စိတ် ၈-ခု သည်ကား အဟေတု ကဋ္ဌက မည်၏။ ဤ သောဠသက, ဒွါဒသက, အဟေတုကဋ္ဌကဝါဒသည် တိပိဋကစူဠနာဂမထေရ်၏ ဝိပါက်ဖြစ်ပုံကို ပြသော ဝါဒတည်း။

အသင်္ခါရ ကံသည် သသင်္ခါရ ဝိပါက်ကို အကျိုးမပေး သသင်္ခါရ ကံသည် သသင်္ခါရ ဝိပါက်ကို အကျိုး ပေး၏-ဟု ကေစိဆရာတို့ ဆိုကုန်၏၊ သူတို့၏ ဝါဒအတိုင်း အကျိုးပေးစဉ်မှာ ၁၂-ပါးသောဝိပါက်, ၁၀-ပါးသောဝိပါက်, ၈-ပါးသောဝိပါက်တို့ကို ဆိုခဲ့ပြီး နည်းကိုမှီးပြုကာ ဖြစ်သင့်သည်အားလျော်စွာ ပြရာ၏။

ကေစိဆရာဆိုသည်ကား မောရဝါပီ အရပ်၌နေ၍သော မဟာဒတ္တ ထေရ်တည်း။ ထိုမထေရ်သည် ဝိပါက်တို့၏ အသင်္ခါရိကဖြစ်မှု သသင်္ခါရိက ဖြစ်မှုသည် ကံ၏အစွမ်းဖြင့် ပြီးသော်လည်း အသင်္ခါရိကကံကိုပြု၍ သသင်္ခါရိကဝိပါက်ကို အကျိုးမပေး၊ သသင်္ခါရိကကံကိုပြု၍ အသင်္ခါရိက ဝိပါက်ကို အကျိုးမပေးဟု ဆို၏၊

ရှင်းချက်။ ။မျက်နှာရိပ်သည် မျက်နှာငြိမ်မှ ငြိမ်၏၊ မျက်နှာ လှုပ်လျှင် လှုပ်သကဲ့သို့ ထို့အတူ လုံ့လ ပယောဂဖြင့် မပြီးစေ နိုင်သော ဝိပါက် တို့၏ ထက်မှု, နုံ့မှု အထူးဖြစ်သော သင်္ခါရအပြားကို ကံ၏အစွမ်းဖြင့်သာ ဆိုသင့်၏၊ ပယောဂ၏ အစွမ်းဖြင့် မဆိုသင့်၊ သည်လိုမှ မဟုတ်ဘဲ ဝိပါက်စိတ်တို့၏ သင်္ခါရ ပြားမှု ကိုလည်း ပယောဂ အားဖြင့် ဆိုပါက ကံအထူးကြောင့် တိက္ခ, မန္ဒ ဖြစ်နေသော ဝိပါက်တို့၏အနီးမှာတည်နေသော ပယောဂဟူသော အကြောင်း မျှကြောင့် နုံ့မှု, ထက်မှု၏ အဖြစ် မန္ဒ, တိက္ခ အဖြစ်သို့ ရောက်ခြင်း မည်သည် ဖြစ်လေရာ၏၊ (တိက္ခ ဝိပါက်ကား မန္ဒဝိပါက် အဖြစ်သို့၊ မန္ဒ ဝိပါက်ကား တိက္ခဝိပါက် အဖြစ်သို့ ရောက်ရာ၏ ဟူလို)

အားကြီးသော ကံ၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ဝိပါက်သည် တိက္ခတရ ဖြစ်၏၊ အကြင်အခါ လုံ့လ ပယောဂ ကင်းသော ပစ္စည်း အပေါင်းဖြင့် ဖြစ်၏၊ ထိုအခါ အသင်္ခါရိက ဝိပါက်မည်၏၊ အကြင် အခါ လုံ့လ ပယောဂနှင့်တကွ ဖြစ်သော ပစ္စည်းအပေါင်းဖြင့် ဖြစ်၏၊ ထိုအခါ သသင်္ခါရိက ဝိပါက် မည်၏၊ ထို ၂-မျိုးတွင် အသင်္ခါရိကကား တိက္ခ, သသင်္ခါရိက ကား မန္ဒမည်၏။

ဒုဗ္ဗလကံ၏အစွမ်းကြောင့် ဖြစ်သောဝိပါက်သည် မန္ဒဝိပါက်မည်၏၊ အကြင် အခါ ပယောဂကင်းသော ပစ္စည်းအပေါင်းဖြင့် ဖြစ်၏၊ ထိုအခါ အသင်္ခါရိက မည်၏၊ အကြင်အခါ ပယောဂနှင့်တကွ ဖြစ်သောပစ္စည်း အပေါင်းဖြင့် ဖြစ်၏၊ ထိုအခါ သသင်္ခါရိက မည်၏၊ အသင်္ခါရိကကား တိက္ခ, သသင်္ခါရိကကား မန္ဒမည်၏၊ ဤသို့ ပယောဂအားဖြင့် ယူမှုတိက္ခ ဝိပါက်ကား မန္ဒဝိပါက် အဖြစ်သို့ရှင်း မန္ဒဝိပါက်ကား တိက္ခဝိပါက် အဖြစ်သို့ရှင်း ရောက်ရာ၏ဟု ပြဆို၏။

ဤကေစိဝါဒတွင် အသင်္ခါရိက ကံ၌ သသင်္ခါရိက ဝိပါက် ကိုရှင်း, သသင်္ခါရိက ကံ၌ အသင်္ခါရိက ဝိပါက်ကိုရှင်း ကြည့်၍ တိဟိတ်ဥက္ကဋ္ဌ ကံလေးခုတွင် အသင်္ခါရိကကံ နှစ်ခု၌– ပဋိသန္ဓေ အခါ အသင်္ခါရိက တိဟိတ် ပဋိသန္ဓေ ၂-ခု ပဝတ္တိအခါ တိဟိတ်မဟာဝိပါက် ၄+အဟိတ် ကုသလဝိပါက် ၈-ခုအားဖြင့် ၁၂-ခု။

တိဟိတ် သသင်္ခါရိကကံ နှစ်ခု၌ ပဋိသန္ဓေအခါ သသင်္ခါရိကမဟာ ဝိပါက် ပဋိသန္ဓေ ၂-ခု၊ ပဝတ္တိ အခါ တိဟိတ် မဟာဝိပါက် ၄+ အဟိတ် ကုသလဝိပါက် ၈-ခုအားဖြင့် ၁၂-ခု။

လေးပါးသော တိဟိတ် ဩမကကံတွင် အသင်္ခါရိကကံ နှစ်ခု၌ ပဋိသန္ဓေ အခါ ဒွိဟိတ် အသင်္ခါရိက မဟာဝိပါက် ပဋိသန္ဓေ ၂-ခု၊ ပဝတ္တိ အခါ ဒွိဟိတ်မဟာဝိပါက် အသင်္ခါရိက ၂-ခု+အဟိတ်ကုသလ ဝိပါက် ၈-ခုအားဖြင့် ၁၀-ခု။

တိဟိတ် ဩမက သသင်္ခါရိကကံ နှစ်ခု၌ ပဋိသန္ဓေ အခါ ဒွိဟိတ် သသင်္ခါရိက မဟာဝိပါက်ပဋိသန္ဓေ ၂-ခု၊ ပဝတ္တိအခါ ဒွိဟိတ်သသင်္ခါရိက မဟာဝိပါက် ၂-ခု+အဟိတ်ကုသလဝိပါက် ၈-ခုအားဖြင့် ၁၀-ခု၊ (ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ် လေးခုမှာ တိဟိတ်ဩမက ကုသိုလ်နှင့် လုံး၀ ဝိပါက် အရ တူ၏၊ သီးခြားမပြတော့ပြီ)။

ဒွိဟိတ်ဩမကကုသိုလ်ကံလေးချ၌ ပဋိသန္ဓေအခါ သုဂတိအဟိတ် ပဋိသန္ဓေ ၁-ချ၊ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်စိတ် ၈-ချ ဖြစ်၏။

ဤသို့လျှင် ၁၂-ပါးသော ဝိပါက်အစဉ် ၂-မျိုး ဆယ်ပါးသော ဝိပါက်အစဉ် ၄-မျိုး, အဟေတုက-ဥက္က ၁-မျိုးဖြစ်သတည်း။ ဤကား ကေစိဝါဒအရ ပဋိသန္ဓေ,ပဝတ္တိအကျိုးဝိပါက်စဉ်ကို ပြချက်တည်း။

ရူပါဝစရကုသိုလ်

ရူပါဝစရကုသိုလ် ပဥ္စမဈာန် ပရိတ္တ အနေလောက် ပွါးများ၍ ဖြစ်ဖွယ်ပါရိသဇ္ဇဘုံမှာ ဖြစ်၏။
၎င်းဈာန်ကိုပင် မဇ္ဈိမအနေလောက် ပွါးများ၍ ဖြစ်ဖွယ်ပုရောဟိတ ဘုံမှာ ဖြစ်၏။
၎င်း ဈာန်ကိုပင် ပဏီတ အနေ ပွါးများ၍ မဟာဖြဖွယ်ဘုံမှာ ဖြစ်၏။

ပရိတ္တ။ ။ပရိတ္တသည် (၁) မလေ့လာရသေးသောကြောင့် ဖြစ်သော ပရိတ္တ (၂) ဆန္ဒစသည် အားလျော့သောကြောင့် ဖြစ်သော ပရိတ္တဟု နှစ်မျိုးရှိ၏။

ထို ၂-မျိုးတွင် မွန်မြတ်ထက်မြက်သောဆန္ဒစသည်တို့နှင့်ယှဉ်သော်လည်း မပွါးများရသေး၊ ရကာမျှသာ ဖြစ်သောကြောင့် ပရိတ္တ မည်၏၊ ယင်း ဈာန်မျိုးကို ရည်ရွယ်၍ အဋ္ဌသာလိနီ၌–

> ယံ အပဂုဏံ ဟောတိ၊ ဥပရိဈာနဿ ပစ္စယော ဘဝိတုံ န သက္ကောတိ၊ ဣဒံ ပရိတ္တံနာမ-ဟု မိန့်ဆို၏။

အကြွင်ဈာန်ကား မလေ့လာရသေး၊ အထက်ဈာန်၏ အကြောင်း အထောက်အပံ့ဖြစ်ခြင်းငှါ မစွမ်းနိုင်၊ ဤဈာန်သည် ပရိတ္တ မည်၏။

လေ့လာအပ်သော ဈာန်ပင်ဖြစ်သော်လည်း အားလျော့သော ဆန္ဒ စသည် တို့နှင့် ယှဉ်သောကြောင့် ပရိတ္တ မည်၏၊ ယင်း ဈာန်မျိုးကို ရည်ရွယ်၍ အဋ္ဌသာလိနီ၌–

> ယဿ အာယူဟနက္ခဏေ ဆန္ဒော ဝါ ဟီနော ဟောတိ၊ ဝီရိယံ ဝါ၊ စိတ္တံ ဝါ၊ ဝီမံသာ ဝါ၊ တံ ဟီနံ နာမ-ဟု မိန့်ဆို၏။

အကြင် ဈာန်ကို အားထုတ်သောခဏ၌ ဆန္ဒ, ဝီရိယ, စိတ်, ဝိမံသ လျော့မှု၊ ထိုဈာန်သည် ဟီန မည်၏။

မဇ္ဈိမ။ ။မဇ္ဈိမသည်လည်း (၁) အလွန်မပွါးရသေးသောကြောင့် ဖြစ်သော မဇ္ဈိမ, (၂) အလတ်စား ဆန္ဒ စသည် နှင့် ယှဉ်သောကြောင့် ဖြစ်သော မဇ္ဈိမဟု ၂-မျိုး ရှိ၏။

ပဏီတ။ ။ပဏီတ သည်လည်း (၁) အလွန် လေ့လာ အပ်သော ကြောင့် ပဏီတ, (၂) ထက်မြက် အားကောင်းသော ဆန္ဒ စသည်တို့နှင့် ယှဉ်သောကြောင့် ပဏီတ ဟု ၂-မျိုး ရှိ၏။

သုဘာဝိတော ဝသိပ္ပတ္တော ပဏီတော၊ (**ဝိသုဒ္ဓိမဂ်**) ယဿ အာယူ ဟာနက္ခဏေ တေဓမ္မာ ပဏီတာ ဟောန္တိ၊ တံပဏီတံ၊ (**အဋ္ဌသာလိနီ**)

> ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၍ ဝသီဘော်သို့ ရောက်မှ ပဏီတ။
> အကြင် ဈာန်ကို အားထုတ်သော ခဏ၌ ထိုဆန္ဒ စသည်တို့သည် မွန်မြတ် ကုန်၏၊ ထိုဈာန်သည် ပဏီတ။

ဤနေရာ၌ အယုတ်, အလတ်, အမြတ်ဖြစ်သော ဆန္ဒ စသည်တို့နှင့် ယှဉ်သည်ကိုသာ ပရိတ္တ, မဇ္ဈိမ, ပဏီတ ဟု ယူပါလေ၊ ဘယ့်ကြောင့် ဆိုသော်-ယုတ်, လတ်, မြတ်ဖြစ်သော ဆန္ဒစသည်တို့နှင့် ယှဉ်သော ဈာန်တို့သည်သာ သုံးပါး အပြားရှိသော ဗြဟ္မာ့ဘုံတို့၌ သုံးပါး အပြား ရှိသော ပဋိသန္ဓေအထူးကို ပြီးစေတတ်သောကြောင့်ပေတည်း။ ထို့ပြင် မိန်းမတို့အား ဈာန်တို့၌ ဝသီဘော် (အလေ့အလာ) ရှိသော်လည်း ဆန္ဒ စသည် မွန်မြတ်, ထက်မြက်မှု မရှိသောကြောင့် မဟာဗြဟ္မာတို့၌ မဖြစ် ခြင်းသည် ဆန္ဒ စသည်ကြောင့် ပရိတ္တ, မဇ္ဈိမ, ပဏီတဈာန် ဖြစ်ရာ၌ သက်သေ တခုပင်တည်း။

> ထို့အတူ ဒုတိယဈာန်, တတိယဈာန်ကိုလည်း ပရိတ္တ အနေ ပွါးများ၍ ပရိတ္တာဘာဘုံတို့၌ ဖြစ်၏၊ မဇ္ဈိမ အနေ ပွါးများ၍ အပ္ပမာဏာဘာဘုံတို့၌- ပဏီတအနေပွါးများ၍အာဘဿရာဘုံတို့၌ဖြစ်၏၊စတုတ္ထဈာန်ကို ပရိတ္တအနေ ပွါးများ၍ ပရိတ္တသုဘာဘုံတို့၌ မဇ္ဈိမအနေပွါးများ၍ အပ္ပမာဏသုဘာဘုံတို့၌- ပဏီတ အနေ ပွါးများ၍ သုဘကိဏှာဘုံတို့၌ ဖြစ်၏၊ ပဉ္စမဈာန်ကို ပွါးများ၍ ဝေဟပ္ဖိုလ်ဘုံတို့၌ ထိုပဉ္စမဈာန်ကိုပင် သညာဝိရာဂအနေ ပွါးများ၍ အသညသတ်ဘုံ၌ ဖြစ်ကုန်၏။
>
> **အောင်မင်္ဂလာ ၄-၃၀**

ပဋ္ဌမဈာန်။ ။အဘိညာဉ်အဖြစ်သို့မရောက်သော ပဌမဈာန်တည်း၊ ထိုဈာန်သည်လည်း ပရိတ္တ,မဇ္ဈိမ,ပဏီတ အားဖြင့် သုံးပါး အပြားရှိ၏၊ ပရိတ္တ စသည် ဖြစ်ပုံကို အောက်၌ ပြခဲ့ပြီး အတိုင်း ယူပါလေ။

သညာဝိရာဂံဘာဝေတွာ။ ။စိတ်ရှိသည့်အတွက်ကြောင့်တပ်မက်မောမှု, ဖြစ်ပွားမှု, တွေဝေမှုတို့ ဖြစ်ကုန်၏၊ စိတ်မရှိပါကမျက်မှောက် နိဗ္ဗာန်သို့ ရောက်သည် မည်၏ဟု စိတ်၌ အပြစ် မြင်၍ စိတ်မရှိသော ဘဝကို တောင့်တခြင်းနှင့်တကွ ဖြစ်သောဝါယောကသိုဏ်း၌ဧင်း,အချို့ဆရာတို့အလိုအားဖြင့် ပရိစ္ဆိန္နာကာသ ကသိုဏ်း၌ဧင်း သညာကင်းသော ဘာဝနာကိုပွါးများ၍ ကာမဘုံမှ သေလွန်သော် သေသောဣရိယာပုထ်အတိုင်း အသညသတ်ဘုံမှာ ဖြစ်ကြ လေသည်၊ အသညသတ် ဘုံ၌ ဖြစ်သူ တို့ကား ကမ္မဇရုပ်ဝါဒီ တိတ္ထိတို့ ပင်တည်း၊ အကမ္မဇရုပ်ဝါဒီတိတ္ထိတို့ အားကား ဈာန်ပွါးများမှုပင် မရှိပါလေ။

အနာဂါမ်ပုဂ္ဂိုလ်တို့သည်ကား သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကုန်၏။

သုဒ္ဓါဝါသ ဘုံမှာ အနာဂါမ် ပုဂ္ဂိုလ်တို့သာ ဖြစ်ကုန်၏၊သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့ မဖြစ်ကုန်၊အနာဂါမ်မှုကား သုဒ္ဓါဝါသမှတပါး အခြား ဗြဟ္မာဘုံတို့၌လည်း ဖြစ်၏။

အနာဂါမ် ပုဂ္ဂိုလ် များတွင်—

သဒ္ဓါဓိက အနာဂါမ် ပုဂ္ဂိုလ်သည် အဝိဟာဘုံမှာ—
ဝီရိယာဓိက အနာဂါမ်သည် အတပ္ပါဘုံမှာ—
သဒ္ဓါဓိက အနာဂါမ်သည် သုဒဿာဘုံမှာ—
သမာဓိဓိက အနာဂါမ်သည် သုဒဿီဘုံမှာ—
ပညာဓိက အနာဂါမ်သည် အကနိဋ္ဌာဘုံမှာ ဖြစ်၏။

အရူပကုသိုလ်

အရူပါဝစရကုသိုလ်ကို အစဉ်အတိုင်း ပွါးများ၍ အရူပဘုံတို့၌ ဖြစ်ကုန်၏။

အာကာသာနဉ္စာယတန ကုသိုလ်ကို ပွါးများလျှင် အာကာသာနဉ္စာယတနဘုံမှာ—

ဝိညာဏဉ္စာယတန ကုသိုလ်ကို ပွါးများလျှင် ဝိညာဏဉ္စာယတနဘုံမှာ—

အာကိဉ္စညာယတန ကုသိုလ်ကို ပွါးများလျှင် အာကိဉ္စညာယတနဘုံမှာ—

နေဝသညာ နာသညာယတန ကုသိုလ်ကို ပွါးများလျှင် နေဝသညာ နာသညာယတန ဘုံမှာဖြစ်၏။

အထူးမှတ်ချက်။ ။ပဋိသန္ဓေမျှာနံ ပရိတ္တံ ဘာဝေတွာ-စသော စကားအလုံးစုံကို ပဋိသန္ဓေမျှာန် စသည်တို့၏ မိမိတို့ ဥစ္စာ ဖြစ်သော အကျိုးပေးရာဘုံကို သတ်မှတ် ပိုင်းခြားသည်၏ အစွမ်းအားဖြင့် ဆိုအပ်၏၊ သို့ရာတွင် သမာပတ်ရပုထုဇဉ်,သောတာပန်,သကဒါဂါမ်တို့သည်မိမိရအပ်သော သမာပတ်တို့၏ အကျိုးပေးရာ ဘုံများတွင် အလိုရှိရာဘုံမှာဖြစ်ကြ၏၊ ထိုမျှာန်ရ ပုဂ္ဂိုလ်များတွင် ပုထုဇဉ် မျှာန်ရ များကတော့ ကာမဘုံ၌ ဖြစ်လိုမှု ရှိခဲ့ပါလျှင် ကာမဘုံမှာလည်း ဖြစ်သေးပါ၏။ အခြား သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ကား မျှာန်မလျော့ကျသော် ကာမဘုံ၌ တပ်နှစ်သက်မှု မည်သည် မဖြစ်ပါချေ၊ ထို့ကြောင့် မျှာန်လျော့ကျမှသာ ကာမဘုံ၌ဖြစ်ကြ၏။ ဝေဟပ္ဖိုလ်, အကနိဋ္ဌ, နေဝသညနာသညာယတနဘုံတို့၌ကား မြတ်သော ဘဝဖြစ်လေသောကြောင့် ထိုဘုံ၌ ဖြစ်သော အရိယာတို့သည် တခြားဘုံ၌ မဖြစ်ကြကုန်၊ ထိုဘဝဂ်သုံးဘုံမှ ကြွင်းသော အထက်အထက် ဗြဟ္မာဘုံတို့၌ ဖြစ်သော အရိယာတို့သည် အောက်အောက် ဘုံတို့၌ မဖြစ်ကုန်။

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။
န ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေအရိယ ပုဂ္ဂလာ။
ဗြဟ္မလောက ဂတာဟေဋ္ဌာ၊ အရိယာနောပပဇ္ဇရေ။

နာမရူပပရိစ္ဆေဒ။

ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာ နာသညာယတနဘုံ၌ တည်သော အရိယာ အလုံးစုံတို့သည် တပါးဘုံ၌ မဖြစ်ကြကုန်၊ အထက်အထက် ဗြဟ္မာဘုံ၌ဖြစ်သော အရိယာတို့သည် အောက်အောက်ဘုံ၌ မဖြစ်ကြကုန်။

ဤဆိုအပ်ခဲ့သော အပြားအားဖြင့် မဟဂ္ဂုတ်ကုသိုလ်သည် အကြင်အကြင်ဘုံ အမှတ်အသားအတိုင်းပဋိသန္ဓေအခါ ပဝတ္တိအခါတူသောအကျိုးကိုဖြစ်စေ၏။

ကမ္မစတုက္က ပြီး၏။

မရဏုပ္ပတ္တိ အဖွင့်

အသက် ကုန်၍ သေခြင်း, ကံကုန်၍ သေခြင်း, အသက်ကံ နှစ်ပါးစုံ ကုန်၍ သေခြင်း, ကပ်၍ဖြတ်တတ်သောကံကြောင့် သေခြင်းဟူ၍ သေခြင်းလေးမျိုးရှိ၏။

အာယုက္ခယမရဏ။ ။ကံစွမ်းမကုန်သေးမီ လူများစု နေရသော အသက်ကို ဖျန်းမျှခြင်း သတ်မှတ်ထားအပ်သော သက်တမ်း ပြည့်သဖြင့် သေခြင်းသည် "အာယုက္ခယမရဏ" မည်၏။

ကမ္မက္ခယ။ ။ထိုထိုဘဝ၌ အားနည်းသော ကံကြောင့်ဖြစ်သော သတ္တဝါ၏သက်တမ်းမပြည့်မီ သက်သက်ကံစွမ်းကုန်သဖြင့်အကြားကာလမှာသေခြင်းသည်'ကမ္မက္ခယမရဏ'မည်၏။

ဥဘယက္ခယ။ ။အသက်တမ်းရောကံစွမ်းပါကုန်သဖြင့် သေခြင်းသည်"ဥဘယက္ခယမရဏ"မည်၏။

ဥပစ္ဆေဒက။ ။အသက်တမ်းရော ကံစွမ်းပါ ကျန်နေ ပါသေးလျက် ရှေးဘဝကသော်၎င်း, ယခုဘဝမှာသော်၎င်း ပြုအပ်သော ဥပဃာတကကံသည် ကိုယ်တွင်း,ကိုယ်ပ ရောဂါအမျိုးမျိုး မြေမျို မိုးကြိုးပစ်ခံရခြင်း စသော အသက်အန္တရာယ်တို့ကို ဖြစ်စေ၍ ဒုဿိမည်သောမာရ်နတ်, ကလာဗုမင်းတို့ကဲ့သို့ သေခြင်းမျိုးသည် ဥပစ္ဆေဒကမရဏမည်၏။

သေသူ မှန်သမျှ ထိုထို ဘဝ၌ ဖြစ်စေတတ်သောကံ ကုန်လေသည် မဟုတ် ပါလော၊ ထိုသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ကြွင်း မရဏ သုံးပါးကို ဆိုရပါသနည်း။ (**စောဒနာချက်**)

မိမိအလိုသဘော၏အစွမ်းဖြင့်သာလျှင် ကံစွမ်းကုန်ခြင်းကို ဤနေရာ၌ ကမ္မက္ခယ-ဟု ဆိုအပ်၏၊ ဆယ်နှစ်,အနှစ်နှစ်ဆယ်,အသင်္ချေတိုင်အောင် စသည်တို့၏အစွမ်းဖြင့် အာယုကပ်အမျိုးမျိုးကို စီရင်တတ်သော ထိုထို သတ္တနိကာယ်၌ လူများစု နှင့် ဆိုင်သော သတ္တဝါ တို့၏ ကိုယ်တွင်း ကိုယ်ပမှာ ဖြစ်သော ဥတု, အာဟာရတို့ မည်သည် ရှိကုန်၏၊ ထိုဥတု, အာဟာရတို့သည်(၁)အာယုကပ်ကိုတည်နေအောင်ပြုတတ်သော ဥတု, အာဟာရ (၂) အာယုကပ် ထိုးပွါး လာအောင် ပြုတတ်သော ဥတု,

အာဟာရ(၃)အာယုကစ်ဆုတ်သွားအောင်ပြုတတ်သောဥတုအာဟာရ ဟု သုံးမျိုး ရှိ၏၊ ထို သုံးမျိုးတွင် အကုသိုလ် မူလ ဖြစ်သော လောဘ, ဒေါသ, မောဟတရားတိုးပွါးလာခဲ့သော်သက်တမ်းဆုတ်ယုတ်ခြင်းကို ပြုတတ်သောဥတုအာဟာရတို့သည်တိုးပွားကုန်၏၊ ကုသိုလ်မူလတရားများ တိုးပွါးလာခဲ့သော် သက်တမ်း တိုးပွါးခြင်းကို ပြုတတ်သော ဥတု အာဟာရတို့သည် တိုးပွါးလာကုန်၏၊ ကုသိုလ်, အကုသိုလ် မူလတရားများ အညီ အမျှ တည်ခဲ့သော် သက်တမ်း မတိုး မဆုတ် တည်နေမှုကို ပြုတတ်သော ဥတု, အာဟာရတို့သည် အညီအမျှ ဖြစ်ကုန်၏၊ ထိုဥတု အာဟာရတို့၏ အစွမ်းဖြင့် သတ္တဝါတို့ အာယုကစ်သည် တခါတလေ ဆုတ်ယုတ်သော အဘို့ရှိ၏၊ တခါတလေ တိုးပွါးသောအဘို့ရှိ၏။

ဋီကာရ-စသော ထိုသုံးမျိုးတို့သည်လည်း ထိုထိုသတ္တနိကာယ်ကို လွှမ်းမိုးလျက် အသက်တမ်းကို ပိုင်းဖြတ်ကာ ဖြစ်ကုန်၏၊ ထို့ကြောင့် အသင်္ချေယျအာယုကပ်ကိုရင်း, စကြဝတေးမင်းစည်းစိမ်ကိုရင်း ဖြစ်စေတတ်သော ကံသည် ဆယ်နှစ် တမ်းမှာ အကျိုး ပေးရသော် ထိုသက်တမ်းနှင့်လျော်စွာသာလျှင် စည်းစိမ်ဥစ္စာနှင့်အဖိုးရမှုကိုပေး၍ ဆယ်နှစ်တမ်း၏အစွမ်းဖြင့် ကုန်ဆုံးရ၏၊ ထိုထိုသတ္တနိကာယ်၌ အကျုံးဝင်သော သတ္တဝါတို့၏ သန္တာန်မှာဖြစ်သော ရုပ်တရားတို့သည် သဗ္ဗညုဘုရားရှင်တို့၏ ခန္ဓာအစဉ်မှာ ဖြစ်သော်လည်း ထိုဥတု ထိုအာဟာရနှင့် တူသော ရုပ်သဘောအတိုင်းသာ အလားရှိကုန်သည်ဖြစ် ၍ရင်း၊ ထိုဥတု ထိုအာဟာရ အခိုက်အတန့်နှင့် တူသော အခိုက်အတန့် ရှိကုန်သည် ဖြစ်၍ရင်း၊ ဇာတိမယရသာယနသက်ရှည်ဆေး, ဝိဇ္ဇာမယ ရသာယနသက်ရှည်ဆေးကို စီရင်ခြင်း၌ လိမ္မာသော ပညာရှိတို့ကို ထား၍ ပေါက်ပြန်ရကုန်၏။

ထို့ကြောင့် မဟာပဒါနသုတ် အဋ္ဌကထာ၌–သဗ္ဗေဝိ သဗ္ဗညု ဗုဒ္ဓါ အသင်္ချေယျာယုကာ၊ ကသ္မာတေ အသင်္ချေယျံ န အဋ္ဌံသူတိ၊ ဥတုဘောဇန ဝိပ္ပတ္တိယာ၊ ဥတုဘောဇနဝသေနဟိ အာယုဟာ ယတိပိ ဝဍ္ဎတိပိ။

အလုံးစုံသော သဗ္ဗညုဘုရားရှင်တို့သည် အသင်္ချေ အသက် ရှည်ထိုက်ကုန်၏၊ ဘယ့်ကြောင့် ထိုဘုရားရှင်တို့သည် အသင်္ချေ ပတ်လုံး မတည်ကုန်သနည်း? **ဤကားမေးချက်**။

ဥတုဘောဇဥ်တို့၏ ဖေါက်ပြန်သောကြောင့် ပေတည်း၊ မှန်၏-ဥတု ဘောဇဥ်တို့၏ အစွမ်းဖြင့် အသက်သည် ဆုတ်ယုတ်လည်း ဆုတ်ယုတ်တတ်၏၊ တိုးပွါးလည်း တိုးပွါးတတ်၏။ **ဤကား အမြေတည်း**။

ထို့ကြောင့် ပြခန်းသော အားကြီးသောမိရာဖြစ်သော ဗိသမုဒ္ဒါနိက ရုပ်တရားတို့သည် ထိုထို အာယုကပ်၏ အစွမ်း အားဖြင့် ဖေါက်ပြန်မှု ဆွေးမြည့်မှု ကုန်ခန်းမှု ဖြစ်ခဲ့သော် အလွန်ကြီးကျယ်သောကံသည် မိမိ၏အကျိုးတရားတည်နေဘို့ရာမရှိသောကြောင့် ကုန်ခန်းရတော့လေ၏၊ ထိုကံ၏ ကုန်ခန်းခြင်းမှာ မိမိသဘောအတိုင်းမဟုတ်ဘဲ အသက်အရံ အတားဖေါက်ပြန်သောကြောင့် သာလျှင်ဖြစ်၏၊ သို့ဖြစ်၍ ဤသကြိုဟ် ကျမ်း၌ အာယုက္ခယကို အသီး အခြား ယူရလေသည်။ ဥပစ္ဆေဒက မရဏ၌လည်း နည်းတူ သိလေ။

ဥပစ္ဆေဒက မရဏ ခွဲပြချက်

သေချိန်သေခါမဟုတ်သေးဘဲနှင့် သေရခြင်းကို ဥပစ္ဆေဒကမရဏ ဟုဆို၏၊ ထိုသေခြင်းသည် ဖြစ်ခဲ့သော် ဥပစ္ဆေဒက ကံကြောင့်လည်း ဖြစ်တတ်၏၊ ထိုကံမှတပါး အထောင်မကသော အကြောင်းပေါင်းများ စွာကြောင့်လည်း ဖြစ်တတ်၏၊ သို့ပေမဲ့ ပါဠိတော်မှာ အရင်းခံ အပြား အားဖြင့် ချုံး၍ ရှစ်ပါးဟု ဟောတော်မူ၏။

ပါဠိတော်လာ ရှစ်ပါး

(၁) ဝါတ သမုဋ္ဌာန်၊
(၂) ပိတ္တ သမုဋ္ဌာန်၊
(၃) သေမှ သမုဋ္ဌာန်၊
(၄) သန္နိပါတ်၊
(၅) ဥတု သမုဋ္ဌာန်၊
(၆) ဝိသမပရိဟာရဇာ၊
(၇) ဩပက္ကမိကာ၊
(၈) ကမ္မဝိပါကဇာ၊

ထိုတွင်လေကြောင့်ဖြစ်သောအနာသည် ဝါတသမုဋ္ဌာန်အနာမည်၏၊ သည်းခြေကြောင့် ဖြစ်သော အနာသည် ပိတ္တ သမုဋ္ဌာန် အနာ မည်၏၊ သလိပ်ကြောင့် ဖြစ်သော အနာသည် သေမှ သမုဋ္ဌာန် အနာ မည်၏၊ လေ,သည်းခြေ, သလိပ် သုံးပါး ပေါင်းဆုံလျက် ဖြစ်သော အနာသည် သန္နိပါတ် အနာ မည်၏၊ သတ္တဝါတို့၏ ပယောဂမပါ အလိုအလျောက် အအေး အပူ ဥတုကြောင့် ဖြစ်သော အနာသည် ဥတု သမုဋ္ဌာန် အနာ

မည်၏၊ပညာမဲ့သူတို့၏ အဆင်အခြင်မရှိပြုလုပ်သဖြင့် ကျခြင်း,ချော်ချွတ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော အနာသည် ဝိသမပရိဟာရဇ အနာ မည်၏၊ မိမိကိုယ်ကို မိမိနှိပ်စက်သောကြောင့် ဖြစ်သော အနာမျိုး, မင်း, သူခိုး, ရန်သူ စသည်တို့၏ လုံ့လ ပယောဂကြောင့် ဖြစ်သော အနာမျိုး, သစ်ကျား စသော သားရဲတို့၏ လုံ့လပယောဂဖြင့်ဖြစ်သော အနာမျိုးသည် ဩပက္ကမိက အနာ မည်၏၊ မှန်၏–ခုတ်တို့ အမျက် ထွက်သော အခါ ဒဏ္ဍကတိုင်း, မဇ္ဈတိုင်း, ကလိင်္ဂတိုင်း, မာတင်္ဂတိုင်း မှာကဲ့သို့ တိုင်း, ပြည်, ကျွန်းငယ် များကို တပြိုင်နက် အကြွင်းမရှိ ပျက်စီး စေကုန်၏၊ ဝေသာလီပြည်မှာကဲ့သို့ များစွာသော ဘီလူး သားရဲတို့ကိုလွှတ်ကုန်၏၊ သထုံပြည်မှာကဲ့သို့ ရက္ခိုသ်တို့ကိုမူလည်း လွှင်ကုန်၏၊ ဤအနာမျိုး အလုံးစုံသည်ဩပက္ကမိကအနာပင်တည်း။ဥပပီဠကကံ,ဥပဃာတကကံ အကျိုး ပေးသဖြင့် ဖြစ်သော အနာသည် ကမ္မဝိပါကဇ အနာ မည်၏။ ဤသို့ အားဖြင့် အကာလ မရဏသည် ဥပစ္ဆေဒက ကံကြောင့်ရင်း, အခြား အကြောင်းပေါင်း များစွာကြောင့်ရင်း ဖြစ်၏။

အဘူး အားဖြင့်–လောက၌ အသက်ကို သေစေတတ်သော ရောဂါ အမျိုးမျိုး, အနာ အမျိုးမျိုး, ဘေး အမျိုးမျိုး, ဒဏ်အမျိုးမျိုး, ဥပဒ္ဒဝေါ အမျိုးမျိုးသည် မိမိကံကြောင့်ဖြစ်၍ မိမိအားသာဆက်ဆံသည်ဟု မမှတ် ပါလင့်၊ သူတပါးတို့အားလည်း ဆက်ဆံ၏၊ သူတပါးတို့၏ ကံကြောင့် ဖြစ်သော ရောဂါ အမျိုးမျိုး စသည် သည်လည်း သူတပါးတို့အားသာ ဆက်ဆံသည် ငါ နှင့် ကား မဆိုင်ဟု မမှတ် ပါလင့်၊ မိမိ နှင့် လည်း သက်ဆိုင် သည်သာ၊ ကံမှတပါး အခြား အကြောင်း တမျိုးမျိုးကြောင့် ဖြစ်သော ဥပဒ်တို့ သည်လည်း မိမိရော သူတပါးပါ သက်ဆိုင် ကုန်၏၊ အားလုံး နှင့် သက်ဆိုင်သော ကံကြောင့် ဖြစ်သော ဘေးဥပဒ် တို့၌ ဆိုဖွယ် မရှိတော့ပြီ။

ထိုသေခြင်း လေးမျိုး ဟူသော အပြားဖြင့်လည်း သေသူတို့၏ သေခါနီးအခါ ထိုက်သည့်အားလျော်စွာ မျက်မှောက် ဖြစ်လာသော ဘဝတပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံသည်ရင်း, ထိုကံကို ပြုသော အခါ ရူပါရုံ အစ ရှိသော ရှေးက ရဘူးသော ကံပြီးခြင်း၏ အဆောက်အဦဖြစ်သော ကမ္မနိမိတ်သည်ရင်း, အခြားမဲ့ ဖြစ်ရမည့်ဘဝမှာ ခံစားအပ်သော သုံးဆောင်ဘွယ်လည်း ဖြစ်သော ဂတိနိမိတ်သည်ရင်း,ကံ၏အစွမ်းဖြင့်ခြောက်ဒွါရတွင် တခုခုမှာထင်လာ၏၊ထိုမှ

နောက်၌ ထိုသို့သော အခြင်းအရာဖြင့် ထင်လာသော ထိုအာရုံကိုပင် အာရုံပြု၍ အကျိုးပေးတတ်သောကံအားလျော်စွာ စင်ကြယ်သည်လည်းဖြစ်သောညစ်နွမ်းသည်လည်း ဖြစ်သော ရအပ်သော ဘဝအားလျော်စွာ ထိုဘဝ၌ ထင်လာသော အာရုံသို့ ညွတ်သည် သာလျှင်ဖြစ်သော စိတ်အစဉ်သည် အများအားဖြင့်မပြတ်ဖြစ်၏၊ ဇနကဖြစ်သော ထိုကံသည်ပင်လျှင် အသစ်ပြုသည်၏ အစွမ်းဖြင့် မနော ဒွါရ၌ ထင်ရှားဖြစ်လေ၏။

ယထာရမာ်။ ။သုဂတိ ဘုံသွား, ဒုဂ္ဂတိ ဘုံသွား ပုဂ္ဂိုလ် တို့အား ထိုက်သည်အားလျော်စွာ ထင်၏၊ မှန်၏—ဘယ်ဘုံ မှာမှ ဖြစ်ဘို့မရှိသော ရဟန္တာများတွင် သုက္ခဝိပဿကရဟန္တာတို့အား ပကတိ အားဖြင့် ထင်လာသော နာမ်ရုပ်သည် သာလျှင် အဆုံးစွန် ဖြစ်သော မရဏာသန္နဇောတို့၏ အာရုံဖြစ်၏၊ သမာပတ်ရ ပုဂ္ဂိုလ်အား ဈာန်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုမူ ကသိုဏ်းနိမိတ် စသည်သည် မရဏာ သန္နဇောတို့၏ အာရုံဖြစ်၏ ပစ္စဝေက္ခဏာဇော၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ပြုမူ ဈာနင်တို့သည် မရဏာသန္နဇော၏ အာရုံဖြစ်၏၊ အဘိညာဇော၏ အခြားမဲ့မှာ ပရိနိဗ္ဗာန်ပြုမူ မိမိ၏ ကရဇရုပ်သည် မရဏာသန္နဇောတို့၏ အာရုံ ဖြစ်၏၊ ဇီဝိတ သမသီသီ ပုဂ္ဂိုလ် တို့အား အရဟတ္တမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ပြုမူ မဂ္ဂင် စသည်တို့သည် မရဏာသန္နဇောတို့၏ အာရုံ ဖြစ်၏။

ရှင်းချက်။ ။ဇီဝိတသမသီသီပုဂ္ဂိုလ် ဟူသည်ကား အရဟတ္တမဂ်ကို ရပြီး နောက် မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိကိုပင်လျှင် မရဏာသန္နဝီထိပြု၍ ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်တည်း၊အသက်အစဉ်ပြတ်သည်နှင့် တပြိုင်နက်ဝဋ်ဆင်း ရဲအစဉ်ပြတ်သည်ကို ဇီဝိတသမသီသီ-ဟု ဆို၏။

အလုံးစုံသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ မရဏာသန္န စုတိစိတ်သည် ဘဝ အစဦးက မိမိ ပဋိသန္ဓေစိတ် ယူမြဲတိုင်းသော ကံ-စသော အာရုံ များတွင် တပါးပါးကို အာရုံ ပြု၏။

ပဋိသန္ဓေ စိတ်က ကံကို အာရုံ ပြုလျှင် စုတိစိတ်ကလည်း ကံကိုပင် အာရုံ ပြု၏၊ ပဋိသန္ဓေစိတ်က ကမ္မနိမိတ်ကို အာရုံ ပြုခဲ့လျှင် စုတိစိတ်က လည်း ကမ္မနိမိတ်ကိုပင် အာရုံပြု၏၊ ပဋိသန္ဓေစိတ်က ဂတိနိမိတ်ကို အာရုံ ပြုခဲ့လျှင် စုတိစိတ်ကလည်း ဂတိနိမိတ်ကိုပင် အာရုံပြု၏။

အနေဓောသင်္ခါရ၊ ယံ ကာလ မကာရိမုနိ-ဟူသော သုတ်ပုဒ်ကို အထောက်အထားပြု၍ နိဗ္ဗာန်သည် ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန် စုတိစိတ်၏ အာရုံဖြစ်သည်ဟု ဆိုကုန်၏၊ ဤသို့ဆိုသော စကားဖြင့် မိမိကိုယ်ကို အာရမဏာတိက်၌ မသိ နားမလည်သည့်၏ အဖြစ်ကို ပြသည်နှင့် တူကုန်၏၊ အမှန်မှာ ပရိနိဗ္ဗာန် ပြုခြင်း မည်သည် နိဗ္ဗာန် အကျိုးငှါသာလျှင် ဖြစ်၏၊ ဗုဒ္ဓမြတ်စွာ၏ ဆန္ဒတော် သည်လည်း နိဗ္ဗာန်သို့သာ ညွတ်တော်မူ၏၊ ထို့ကြောင့် အနေဓော သင်္ခါ မာရဗ္ဘ-ဟူသော သုတ်ပုဒ်ကို ဟောအပ် လေသည်၊ ထို့ကြောင့် မဟာတ်လော အဋ္ဌကထာ၌-

သင်္ခါ မာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယာတိ-ဟူ၍ မိန့်အပ်၏။

အနုပါဒိသေသ နိဗ္ဗာန်ကို ရည်ရွယ်၍ ပရိနိဗ္ဗာန် ပြုတော် မူလေပြီ၊ အနုပါဒိသေသနိဗ္ဗာန်ကိုအာရုံပြု၍ပရိနိဗ္ဗာန်ပြုလေပြီဟု အာရဗ္ဘ-သဒ္ဒါကို အာလမ္ဗိတွာ အာရမဏံ ကတွာ-ဟု မဖွင့်ပြလေ။

ထို့ပြင် ထေရဂါထာ အဋ္ဌကထာ၌-သင်္ခါ မာရဗ္ဘာတိ သင်္ခံ အနုပါဒိ သေသံ နိဗ္ဗာနံ အာရမဏံ ကတွာ-ဟု မိန့်ဆိုရာ ထို အဋ္ဌကထာ စကား အရ နိဗ္ဗာန်ကို အာရုံ ပြု၏ ဟု အဓိပ္ပါယ် ရ၏၊ ထို အဋ္ဌကထာ ဆရာ၏ စကားသည် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့်ရင်း, ပါဠိတော်၏ အဋ္ဌ ကထာနှင့်ရင်း မညီညွတ်လေ။

မှန်၏-ပါဠိတော် အဋ္ဌကထာတို့၌ ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန်သည် ဈာ နင်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော၏ အခြားမဲ့၌ ဖြစ်၏ဟု ဆို၏။

(၁) ဈာန သမနန္တရ ပရိနိဗ္ဗာန်
(၂) ဈာနင် ပစ္စဝေက္ခဏာ ပရိနိဗ္ဗာန်
(၃) အဘိညာ သမနန္တရ ပရိနိဗ္ဗာန်
(၄) အင်္ဂ မင်္ဂ ပစ္စဝေက္ခဏာ ပရိနိဗ္ဗာန် ဟု-လေးမျိုး ရှိရာ ဈာန

သမနန္တရ ပရိနိဗ္ဗာန်နှင့် ဈာနင် ပစ္စဝေက္ခဏာ ပရိနိဗ္ဗာန်တို့ကို ပရိနိဗ္ဗာန သုတ် အဋ္ဌကထာ တို့၌ ဆိုအပ်ကုန်၏၊ အဘိညာ သမနန္တရ ပရိနိဗ္ဗာန် သည် ဥဒါန်းအဋ္ဌကထာမှာလာ၏၊ အင်္ဂမင်္ဂပစ္စဝေက္ခဏာ ပရိနိဗ္ဗာန်သည် ပုဂ္ဂလပညတ် အဋ္ဌကထာ စသည်တို့မှာ လာ၏။

ဥပလဒ္ဓမုဒ္ဒ။ ။ထိုကံ၏ အာရုံဖြစ်သော ကုသိုလ်ကံ ဖြစ်က လှူဖွယ် ဝတ္ထု စသည်, အကုသိုလ်ကံ ဖြစ်က တပါးသော သတ္တဝါ စသည် ထင်လာ၏၊

ဥပကရဏဘူတ။ ။ကံ ပြီးစီး ဘို့ရန် အဆောက် အဦ ဖြစ်သော သို့မဟုတ် အခြံ အရံ ဖြစ်သော ကုသိုလ်ကံ ဖြစ်က အလှူခံပုဂ္ဂိုလ်စသည်,အကုသိုလ်ကံဖြစ်က လက်နက်အဆောက် အဦ စသည် ကမ္မနိမိတ် ထင်လာ၏။

ဝဝါဒိနိ ဝမိတွာ ရာသိကတာနိ အဇ္ဇပုဥ္စာဒီနိ ကမ္မနိမိတ္တာနိ ဟုတွာ ဥပဋ္ဌဟန္တိ-ဟု လက္ခဏာ သံယုတ် အဋ္ဌကထာ၌ ဆိုသောကြောင့် ကံနှင့် စပ်သော ဝတ္ထု တမျိုးမျိုး (သို့မဟုတ်) အာရုံ တမျိုးမျိုးကို ဥပကရဏ၌ ပေါင်းယူအပ်၏ဟု မှတ်လေ။

ဥပလဘိတဗ္ဗ။ ။ဒုဂ္ဂတိ နိမိတ်ကို ဥပလဘိတဗ္ဗ-ဟု ဆို၏။

ဥပဘောဂဘူတ။ ။သုဂတိ နိမိတ်ကို ဥပဘောဂဘူတ-ဟု ဆို၏။

တနည်း။ ။ဥပလဘိတဗ္ဗ, ဥပဘောဂ အာရုံနှစ်မျိုးလုံးပင် ကိုယ်နှင့် စပ်၍ ခံစား အပ်သော အာရုံ ဖြစ်လျှင် ဥပလဘိတဗ္ဗ မည်၏၊ ကိုယ်နှင့် မစပ်ဘဲ သက်သက် ချမ်းသာ ဆင်းရဲကို ခံစား ဘို့ရန် ရအပ်သော အာရုံသည် ဥပဘောဂဘူတ မည်၏။

ဤနေရာ၌ ငရဲမီးလျှံ, ကြေးအိုး, ငရဲထိန်း, ငရဲခွေး စသည်တို့သည် နိရယ နိမိတ် မည်၏၊ ထိုနိမိတ်သည် အချို့သူတို့အား မိမိ၏နေရာ အရပ် မှာကဲ့သို့ ထင်လာ၏၊ အချို့သူတို့အား ထိုထိုအရပ်မှလာ၍ မိမိကိုဝိုင်းဝန်း လာဘိ သကဲ့သို့ ထင်၏။

ဒေဝနိမိတ်မှာ နန္ဒဝန်ဥယျာဉ်,စိတ္တလတာဥယျာဉ်, မိဿကဥယျာဉ်, ဖာရုသက ဥယျာဉ်, နတ်ဗိမာန်, နတ် ကချေသည်တို့ ခြံရံ၍ တည်လာ သကဲ့သို့ ထင်ကုန်၏၊ အချို့ သူတို့အား ကိုယ်တိုင် ထိုထို အရပ် တို့သို့ သွား၍ မြင်အပ် သကဲ့သို့ ထင်၏။

မနုဿနိမိတ်ကား ကမ္ဗလာယာဉ်နှင့် တူသော အမိဝမ်းရေ အဆင်း တည်း၊ တောင်ခြေ,တောအုပ်,ခိုးသားတို့ချာ ချောက်ကမ်းပါး စသည် တို့ကား တိရစ္ဆာန် စသည် ဖြစ်ဘို့ရာ နိမိတ်တည်း။

ကမ္မဗလေန။ ။ပဋိသန္ဓေကို ဖြစ်စေခြင်းငှါ ရှေးရှု ထင်လာသော ကံ၏ အစွမ်း အားနှင့် ဘော်ကို ကမ္မဗလ-ဟု ဆို၏၊ ဤစကားကို ယေဘုယျဟု မှတ်။ အမှန်မှာ- ပြကတေ့ အားဖြင့် အလေ့ အလာ ပြုနေသော အာစိဏ္ဏကံမျိုး, ထိုသေခါနီး ခဏမှာ ပြုအပ်သော ကံမျိုး, သူတဦးဦးက မိမိ ပြုခဲ့သော အမှုကို သတိရစေသော ကံမျိုး, ကိုယ့်ဖါသာ သတိရသော ကံမျိုး, ပြကတေ့ အားဖြင့် ကုသိုလ်ကို သော်ငှင်း,သောမနဿ ကုသိုလ်ကံကိုသော်ငှင်း ဖြစ်စေ၍ တည်သောကံမျိုး, ထိုကံ၏ အကြောင်း ဖြစ်သော နိမိတ်မျိုးသည် မပြတ်လေ့လာမှု စသော အကြောင်း၏ အစွမ်းအားကြောင့် ထင်လာ သေး၏ဟု မှတ်။

တမေဝ။ပ။အာရဗ္ဘ။ ။ဤစကား သည်လည်း အများသို့ လိုက်၍ ဆိုအပ်သော စကားဖြစ်၏။ မှန်၏-အချို့ သူတို့အား ရှေး ဦးစွာ ကံစွမ်းကြောင့်ငှင်း, တပါးသော အကြောင်း ကြောင့်ငှင်း,ဒုဂ္ဂတိနိမိတ်တို့ ထင်လာသော် ဒုဗ္ဘဂါမဏိမင်းကဲ့သို့ တဖန် ရှေးက ပြုခဲ့ဘူးသော အားရှိသော ကောင်းမှုကို အောက်မေ့ သူတို့အား နောက်ပိုင်း၌ သုဂ္ဂတိနိမိတ်တို့ ထင်လာကုန်၏၊ သောဏထေရ်၏ ဖခင် ကဲ့သို့ ထိုသေခါနီးခဏအတွင်းမှာပင် စိတ်ကြည်လင်မှုရသော ပန်းလှူ သော ကောင်းမှုကို ပြုသူတို့အားလည်း နောက်ပိုင်း၌ သုဂတိနိမိတ်တို့ ထင်ကုန်၏၊ ထို့အတူ အချို့ သူတို့အား ရှေးဦးစွာ သုဂတိနိမိတ်တို့ ထင် လာသော် ဓမ္မာသောက မင်းကဲ့သို့ နောက် ပိုင်း၌ တစုံ တခုသော အကြောင်းဖြင့် စိတ်နှလုံး မချမ်းမြေ့၍ အကုသိုလ် ကံကို အစွဲ့ ပြုသူ တို့အား ဒုဂ္ဂတိနိမိတ်တို့ ထင်လာကုန်၏။

ထို့ကြောင့် တမေဝ တတော ပဋ္ဌိတံ အာရမဏံ အာရဗ္ဘ-ဟူသော သဗ္ဗိုဟ် စကားကို ယေဘုယျ နည်းအားဖြင့် ဆိုအပ်သည်ဟု မှတ်လေ။

ဥပစ္ဆနက ကမ္မာနုရူပံ။ ။ပုဂ္ဂိုလ်၏ သန္တာန်မှာ အကျိုးပေးမည့် ကံက ကုသိုလ် ဖြစ်လျှင် စင်ကြယ်သော ကုသိုလ် စိတ် အစဉ်မပြတ် ဖြစ်၏၊ ပုဂ္ဂိုလ်၏ သန္တာန်မှာ အကျိုး ပေးမည့် ကံက အကုသိုလ်ဖြစ်လျှင် ညစ်နွမ်းသော အကုသိုလ်စိတ် အစဉ်မပြတ်ဖြစ်၏၊ မှန်၏-အဋ္ဌကထာ၌လည်း-

သုဂတိ ဂါမိနံ ကုသလုပ္ပတ္တိ ဟေတုဘူတံ ပဏီတံ အာရမဏံ အာပါထ မာဂစ္ဆတိ-ဟူ၍ရင်း,

ဒုဂ္ဂတိ ဂါမိနံ အကုသလုပ္ပတ္တိ ဟေတု ဘူတံ ဟီနာ ရမဏံ အာပါထ မာဂစ္ဆတိ-ဟူ၍ရင်း မိန့်အပ် လေပြီ။

သုဂတိ ဘုံသွား ပုဂ္ဂိုလ် တို့အား ကုသိုလ် ဖြစ်ခြင်း၏ အကြောင်း မွန်မြတ်သော အာရုံသည် ထင်လာ၏။

ဒုဂ္ဂတိ ဘုံသွား ပုဂ္ဂိုလ်တို့အား အကုသိုလ် ဖြစ်ခြင်း၏ အကြောင်း ယုတ်ညံ့သော အာရုံသည် ထင်လာ၏။

မူလဋီကာနှင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

အာသန္နေ အကုသလံ ဒုဂ္ဂတိယံ, ကုသလဉ္စ သုဂတိယံ ပဋိသန္ဓိယာ ဥပနိဿယော ဟောတိ-ဟု မိန့်၏။

သေခါနီး အခါ အကုသိုလ် ကံသည် ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေ၏ အား ကြီးသောအကြောင်း,ကုသိုလ်ကံသည်လည်း သုဂတိဘုံ၌ ပဋိသန္ဓေ၏ အားကြီးသော အကြောင်း ဖြစ်၏။

မေးချက်။ ။နတ်သမီး စသော နတ်ပြည်နိမိတ်များ ထင်လာသော အခါ ထိုအာရုံနိမိတ်ကို သာယာလျက် သေသူအား အဘယ့် ဖြစ်မည်နည်း။

ဖြေဆိုချက်။ ။ထိုပုဂ္ဂိုလ်၏ စိတ်သည် ညစ်နွမ်းသည်ဖြစ်၍ ဒုဂ္ဂတိ ကိုသာ အလိုရှိအပ်၏ဟု ဖြေဆိုကြ၏။

ပဋိသမ္ဘိဒါမဂ်၌ကား — ထိုကဲ့သို့သော တဏှာ၏ ကုသိုလ် ကံနှင့် အတူ ဖြစ်ပေါ် ဖြစ်ဖက် အကြောင်း၏ အဖြစ်ကို မိန့်ဆိုအပ်၏။

ထို့ကြောင့် သုဂတိဘဝကိုဖြစ်စေခြင်း၌ ဤတဏှာသည်ကုသိုလ်ကံ၏ မြဲမြံသော တက္ကဖြစ်ဖက် အကြောင်းသာ ဖြစ်၏၊ သို့ဖြစ်၍ နတ်သမီး စသော သဂ္ဂနိမိတ်,ကုသိုလ်ကံ,ကုသိုလ်ကမ္မနိမိတ်တို့ကို သာယာလျက် သေသူအား ထို တဏှာသည် ထို ကုသိုလ်၏ အထောက် အပံ့သာ ဖြစ်ထိုက်၏၊ ကုသိုလ်ကို မတားမြစ်တတ်လေဟု သိအပ်၏။

နိမိတ္တဿာ ဒ ဂမိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌတိ အနုဗျဉ္ဇနဿာ ဒ ဂမိတံဝါ၊ တသ္မိံ စ ဘိက္ခဝေ သမယေ ကာလင်္ ရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ၊ ယံဒွိန္နံ ဂတီနံ အညတရဂတိံ ဂစ္ဆေယျ နိရယံ ဝါ တိရစ္ဆာန ယောနိ ဝါ။

(အာဒိတ္တ ပရိယာယသုတ်)

ဘိက္ခုတို့.....မျက်နှာရုပ်ပုံ၌ သာယာတပ်မက်သော ဝိညာဏ်သည် သော်၎င်း,အပြောအဆို အမူအရာကို သာယာမက်မောသော ဝိညာဏ် သည် သော်၎င်း တည်ဆဲ ဖြစ်၏၊ ဘိက္ခုတို့......ထိုအခါ၌ သေငြားအံ့။ ငရဲ,တိရစ္ဆာန်ဟူသော ဂတိနှစ်ပါးတွင် တမျိုးမျိုးသို့အကြွင်လားရာ၏၊ ထိုအကြောင်းသည် ရှိ၏။

ထို စကား ရပ်ကို မိမိ၏ လက်ခြေ စသည်, သူတပါး၏ လက်ခြေ စသည်တို့၌ တပ်မက်သော တဏှာကို ရည်ရွယ်၍သာ ဟောတော်မူ၏၊ ကံ,ကမ္မနိမိတ် စသည်ကို ရည်ရွယ်၍ ဟောသည် မဟုတ်ဟု ဆိုထိုက်၏။

ဥပလာဘိတဗ္ဗံ ဘဝါနုရူပံ။ ။ရအပ်သော ဘဝသည် သုဂတိ ဘဝ ဖြစ်အံ့၊ သာယာသောအခြင်းအရာဖြင့်၊ ဒုဂ္ဂတိ ဘဝ ဖြစ်အံ့၊ မသာယာသော အခြင်းအရာဖြင့်၊ ဤသို့ ရအပ်သော ဘဝအားလျော်စွာ ဖြစ်သည်ဟု ဆိုလို၏။

တန္ထော ဏတံဝ။ ။ထင်မြဲတိုင်းသော အာရုံ၌ ညွတ်မှုပင်တည်း၊ ဗာလ ပဏ္ဍိတ သုတ်၌ - တာနိဿ တသ္မိံ သမယေ ဩလမ္ဗန္တိ အဇ္ဈောလမ္ဗန္တိ အဘိပ္ပလမ္ဗန္တိ-ဟု ဟောတော်မူ၏၊ (ထိုပုဂ္ဂိုလ်အား ထိုကောင်းမှုကံ,မကောင်းမှုကံတို့သည်,ဖွဲ၍ဆွဲသကဲ့သို့ ထင်လာ ကုန်၏၊) ကံ, ကမ္မ နိမိတ်, ဂတိ နိမိတ်တို့ ဆွဲငင် သဖြင့် ထိုကံ အာရုံ ကမ္မနိမိတ် အာရုံ, ဂတိနိမိတ် အာရုံတို့၌ စိတ်အစဉ် ညွတ်လျက် နေသည်ကို တန္ထော ဏတံဝ–ဟု ဆို၏။

အဘိဓမ္မာ ဝိဘာဝိနီ၌– ထိုဖြစ်ထိုက်သော ဘဝမှာ ညွတ်သကဲ့သို့ ဖြစ်သော စိတ်ကို (သို့မဟုတ်) ညွတ် တတ်သော စိတ်ကို "တန္ထော ဏတံဝ"ဟု ဆို၏။

ဓာပဟုဒ္ဒေသနာ။ ။ထိုကဲ့သို့မပြတ်မလပ်ဖြစ်ခြင်းကိုကား ဖြည်းဖြည်း သာသာ သေသူတို့ မှာသာ ရအပ်၏၊ လျင်လျင် မြန်မြန် သေသူတို့မှာ မရအပ်။

အမျိုး အားဖြင့် ကံထင်ပုံကို ပြခြင်းငှါ-တမေဝ ဝါပနဇနကာဘူတံ စသော ပါဠိကို မိန့်ဆို အပ်၏။

အဓိပ္ပါယ် ရှင်းချက်။ ။ဤဘဝ၌ လူသိ ရှင်ကြား ထင်ထင် ရှားရှား ပြုအပ်သောကံသည် နောက်ကာလ တချိန် မှာ "ငါသည် ထင်ရှားသော အမှုကို ပြုဘူး၏" ဟု ရှေး၌ ပြု၏.ဟူသော အမှတ်ကို ဖြစ်စေ၍လည်း ထင်လာ သကဲ့သို့ ထို့အတူ ဘဝ တပါး၌ ဖြစ်သော ဘဝ၏ ဖုံးလွှမ်း မှုကို ခံရသော ကံ နှင့် ယခု ပစ္စုပ္ပန် ဘဝ၌ ဖြစ်သော မထင်ရှားသော ကံသည် "ရှေးက ပြုခဲ့ဘူး၏" ဟု အမှတ် သညာကို ဖြစ်စေသော်လည်း မထင်လာနိုင်၊ အဝုး အားဖြင့် ဤလော က၌ အချို့ သူတို့သည် ဘုရား စသော ရတနာသုံးပါး၌ ပေးလှူ ပူဇော်မှု စသည်၏ အစွမ်းဖြင့် အလေ့အကျက်များ၏၊ ထိုသူတို့ သေနာ နှိပ်စက်၍ မြောမေ့ သွားသော် ဘာဒုက္ခကိုမှ မသိဘဲ မြောမေ့ နေသော အချိန် အတွင်း ရှေးကလို ရဟန်း, သံဃာအား အလှူပေး, စေတီအား ရှိခိုး ပူဇော်လျက် ကြည်လင် ဝမ်းမြောက်သော စိတ် ရှိကုန်၏၊ အကုသိုလ် များသူတို့ကိုကား ထိုမှ ပြန်သော အားဖြင့် သိကြလေ၊ ဤကံသည်လည်း ဌါရသို့ ရောက်သော ဌါရပတ္တ ကံသာတည်း၊ လက္ခဏာ သံယုတ် အဋ္ဌ ကထာ၌ ဌါရသို့ ရောက်သည်၏ အစွမ်းဖြင့် အများအပြား ကံထင်ပုံကို မိန့်ဆိုလေသည်။

သေခါနီး ထို သတ္တဝါ၏ ဝီထိစိတ် အဆုံး (သို့မဟုတ်) ဘဝင် အဆုံးမှာ စုတေသည်၏ အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စုတိစိတ်ဖြစ်၍ချုပ်၏၊ ထိုစုတိစိတ် ချုပ်သည်၏ အဆုံး၌ ထိုစိတ်၏ အခြားမဲ့၌ သာလျှင် ထိုသို့သော အခြင်းအရာဖြင့် ယူအပ်သောအာရုံကိုအာရုံပြု၍ မှီရာဝတ္ထုရုပ်နှင့်တကွဖြစ်သော (သို့မဟုတ်, မှီရာ ဝတ္ထုရုပ် မရှိသော ထိုက်သင့်သလို အဝိဇ္ဇာ နုသယသည် ခြံရံ အပ်သော တဏှာ နုသယလျှင် အကြောင်းရင်း ရှိသော သင်္ခါရသည် ဖြစ်စေ အပ်သော ယှဉ်ဖက် တရားတို့သည် သိမ်းဆည်း အပ်သော သဟဇာတ တရား တို့၏ တည်ရာအဖြစ်ဖြင့် ရှေ့သွားဖြစ်သော ဘဝတပါးကို စပ်သည်၏အစွမ်းဖြင့် ပဋိသန္ဓေ စိတ်သည် ဖြစ်ဆဲဖြစ်၍ သာလျှင် ဘဝတပါး၌ တည်၏။

ဝီထိ စိတ္တာ ဝသာနေ။ ။ကာမဘုံမှ သေ၍ ကာမဘုံ၌သာ ပဋိသန္ဓေ နေသူတို့အား (၁) ဇောဝိထိစိတ်နောင်စုတိ၊ (၂) တဒါရုံ ဝိထိစိတ်နောင် စုတိစိတ်ဖြစ်သည်ကို ရည်ရွယ်၍ ဝိထိစိတ္တာ ဝသာနေ-ဟု ဆို၏။

ရှင်းချက်။ ။ကာမဘုံမှ သေ၍ ကာမဘုံ၌ ပဋိသန္ဓေ နေသူတို့အား-
၁။ ဇောနောင် စုတိ
၂။ တဒါရုံနောင် စုတိ ဝီထိ ဖြစ်၏။

ကာမဘုံမှ သေ၍ ရူပဘုံ, အရူပ ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့မှာ ဇောနောင် စုတိ ဝိထိ ဖြစ်၏။

ဘဝင်္ဂက္ခယေဝါ။ ။ဘဝင်၏အဆုံးမှာ စုတိစိတ်ဖြစ်၏၊ ဇောနောင် ဘဝင်ကျ၍ ဘဝင်နောင်မှ စုတိစိတ်ဖြစ်သည် တဝိထိ, တဒါရုံနောင် ဘဝင် ကျ၍ ဘဝင်နောင်မှ စုတိစိတ် ဖြစ်သည် တဝိထိ-ဟု နှစ်မျိုး ရှိ၏။

ဝိထိစိတ္တာ ဝသာနေနှင့်ဘဝင်္ဂက္ခယေဝါ-ပါဠိနှစ်ရပ်ပေါင်း မရဏာသန္န ဝိထိသည် . (၁) ဇောနောင် စုတိ
(၂) ဇောနောင် ဘဝင်-ဘဝင်နောင် စုတိ
(၃) တဒါရုံနောင် စုတိ
(၄) တဒါရုံနောင် ဘဝင်--ဘဝင်နောင် စုတိ ဟူ၍ လေးမျိုး ဖြစ်၏။

ရှင်းချက်။ ။မရဏာသန္နဝိထိအရာမှာ (၁) မရဏာသန္နဇော (၂) တဒါရုံ ဟူသော ဝိထိစိတ် နှစ်မျိုးရှိရာ ထို ဝိထိစိတ် နှစ်မျိုးမှ နောက်၌ ပဉ္စဝေါကာရ ဘုံမှာ ဝတ္ထုရုပ်သည် စိတ္တက္ခဏ ၂-ချက် အသက်ကြွင်းနှင့်,စတုဝေါကာရဘုံမှာ စိတ်အစဉ်သည် စိတ္တက္ခဏနှစ်ချက် အသက်ကြွင်း ရှိမည်ဆိုလျှင် ဘဝင်တကြိမ်ချ၊ ဘဝင်၏ နောက်မှာ စုတိစိတ် ချလေဟု အရှင် အနုရုဒ္ဓါဆရာ ဆိုလို၏။

ဤနေရာတွင် သောမနဿပဋိသန္ဓေ နေသူသည် ဒေါမနဿမရဏာသန္နဇော စောခဲ့သော် ဥပေက္ခာ အာဂန္တုက ဘဝင် ဖြစ်သင့်၏၊ အာဂန္တုက ဘဝင် ဖြင့်သင့် သဖြင့်လည်း အခြား ဘဝင်များ ဖြစ်သင့် သည်ကိုလည်း မတားမြစ်အပ်ပေ၊ ထိုကြောင့် အရှင် အနုရုဒ္ဓါ ဆရာ၏ ဘဝင်္ဂက္ခယေဝါ - ဟူသော စကားသည် ကောင်းစွာ ဆိုအပ်သော စကား ပေတည်း။

တာဿာနန္တရမေဝ။ ။လောက၌ စုတိနှင့်ပဋိသန္ဓေတို့၏အကြား၌ သီးခြားဘဝတခုမည်သည်ရှိ၏၊ ယင်းအကြားဘဝမှာ ဖြစ်သော သတ္တဝါသည် ဒိဗ္ဗစက္ခုရှင်, တန်ခိုးရှင်ကဲ့သို့ ခဏခြင်းဖြင့် အလိုရှိရာ ဌာနသို့ သွားစွမ်း နိုင်၏၊ ဤ လူ့ဘဝမှ သေသောအချို့သူတို့သည် ထိုအကြားဘဝ၌ဖြစ်၍ မိဘနှစ်ဦးတို့၏ ပေါင်းသင်းမှုစသည်ကို ဆိုင်းငံ့ မျှော်လင့်လျက် ခုနစ်ရက် (သို့မဟုတ်) ခုနစ်ရက်ကျော်ကျော် တည်နေရကုန်၏ဟု အယူရှိကြ၏၊ ထိုအယူကို တားမြစ်ရန် တဿာနန္တရ မေဝ-ဟု ဆိုအပ် လေသည်။

သဝတ္ထုကာ။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်လျှင် မှီရာဝတ္ထုရှိမှ ဖြစ်၏။

အဝတ္ထုကာ။ ။စတုဝေါကာရ ဘုံ၌ ဖြစ်လျှင် မှီရာ ဝတ္ထုရုပ် မရှိဘဲဖြစ်၏။

ယထာရဟံ။ ။ကုသိုလ်သင်္ခါရ, အကုသိုလ်သင်္ခါရအား ထိုက်သည်အားလျော်စွာ၊ အဝိဇ္ဇာ နုသယ နှင့် တဏှာ နုသယ တို့သည် ကုသိုလ် သင်္ခါရအား မပယ်ရ သေးသဖြင့် ခြံရံ၏၊ အကုသိုလ်သင်္ခါရအား သဟဇာတ အဖြစ်ဖြင့် မူလဖြစ်၏။

အဝိဇ္ဇာနုသယပရိက္ခိတ္တ။ ။အဝိဇ္ဇာဟု ဆိုအပ်သော အနုသယသည် ခြံရံအပ်သော ကုသိုလ်သင်္ခါရ, အကုသိုလ်သင်္ခါရ။

တဏှာနုသယ မူလကာ။ ။တဏှာနုသယ-ဟူသော အကြောင်းရင်းရှိသော ကုသိုလ်သင်္ခါရ, အကုသိုလ်သင်္ခါရ။

အဝိဇ္ဇာနုသယ မူလကေန တဏှာနုသယ ပရိက္ခိတ္တေန-ဟု ဆိုလျှင်ပိုမို သင့်မြတ်၏ဟု ပရမတ္ထ ဒီပနီမှာ ဆို၏၊ အကြောင်း ပြချက်ကား— အဝိဇ္ဇာသည် တဏှာ၏မူလဖြစ်ခြင်း တချက်, အဝိဇ္ဇာသည် ဖုံးလွှမ်းအပ်သော အပြစ်ရှိသော အာရုံ၌သာ တဏှာဖြစ်ခြင်းတချက်၊ ဤအကြောင်း ၂-ချက်ကြောင့် အထက်ပါကဲ့သို့ဆိုမှု အလွန် သင့်မြတ် လေသည်တဲ့။

ဤနေရာ၌ အကုသိုလ်ကံနှင့် အတူတကွ ဖြစ်သော အဝိဇ္ဇာတဏှာ, ကမ္မနိကန္တိ, နိမိတ္တနိကန္တိနှင့် အတူဖြစ်သော အဝိဇ္ဇာတဏှာ, ဝိပ္ပဋိသာရနှင့် တကွဖြစ်သော အဝိဇ္ဇာတဏှာ, မရဏာသန္နဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ တဏှာ တို့၏ ဓမ္မ အားဖြင့် အနုသယ နှင့် တူသောကြောင့် အနုသယ-ဟု ခေါ်ဝေါ်မှု ဖြစ်သင့်၏။

တနည်း—အနုသယ မည်သည့် ပဋိသန္ဓေကို ဖြစ်စေခြင်း၌ ကုသိုလ် သင်္ခါရ၏ မိတ်ဆွေ ရင်းကြီး ဖြစ်၏၊ ထို့ကြောင့် ဤမရဏာပ္ပတ္တိ၌ အစစ် အမှန်ဖြစ်သော အဝိဇ္ဇာ, တဏှာ အနုသယတို့သည် သာ၍ချင် စွမ်းနိုင်ကုန် ရကား သဟဇာတ် ဖြစ်သော အဝိဇ္ဇာ, တဏှာ နုသယ တို့ကို ယူသဖြင့် ဘာကျိုးမှ မရှိတော့လေ၊ ထို့ကြောင့် အဋ္ဌကထာ၌ ကေန် အနုသယ တို့ကိုသာ ယူအပ်ကုန်၏။

သင်္ခါရ။ ။ပဋိသန္ဓေကို ဖြစ်စေတတ်သော စေတနာကို သင်္ခါရဟု ခေါ်၏၊ (သို့မဟုတ်) ထို စေတနာ နှင့် တကွဖြစ်သော ဖဿ စသော တရားအပေါင်းကို သင်္ခါရဟု ခေါ်၏၊ မှန်၏-ဖဿ စသော တရား အပေါင်း သည်လည်း ဥပနိဿယ၏ အဖြစ်ဖြင့် ပဋိသန္ဓေကို ဖြစ်စေတတ်၏။

တနည်း—သင်္ခါရ ဟူသည် မရဏာသန္နဇော ဝိညာဏ်နှင့် တကွ ဖြစ်သော စေတနာ၊ (သို့မဟုတ်) ထိုစေတနာ သင်္ခါရနှင့် တကွဖြစ်သော ဖဿစသော တရားအပေါင်းတည်း၊ မှန်၏-ထိုနှစ်ပါးစုံသည် ကံစသော အာရုံ၌ ပစ်ချတတ်သော သင်္ခါရ၏ အဖြစ်ဖြင့် ပဋိသန္ဓေကို ဖြစ်စေ တတ်၏။

ဤသင်္ဂြိုဟ်ကျမ်း၌ မူကား ဇနိယမာနံ-ဟူသော စကားကို ထောက် ထား၍ ပဋိသန္ဓေကို ဖြစ်စေတတ်သော စေတနာ သင်္ခါရ ကိုသာ အလို ရှိသကဲ့သို့ ထင်၏၊

အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန အစရှိသော စကားရပ်တခုလုံးဖြင့်ကား အရဟတ္တမဂ်ဖြင့် မပယ်ရသေးသော အဝိဇ္ဇာသည် ကံ-စသော အာရုံ၌ ၎င်း, ဘဝတပါး၌၎င်း အပြစ်ကို ဖုံးလွှမ်း၏၊ တဏှာမူကား ကံ,စသော အာရုံနှင့် ဘဝတပါး ဤနှစ်ပါးစုံ၌ စိတ်အစဉ်ကို ညွတ်စေ၏၊ ဆိုအပ် ခဲ့သော သင်္ခါရတို့သည်ကား စိတ်အစဉ်ကို ကံ, စသော အာရုံနှင့် ဘဝ တပါး၊ ဤနှစ်ပါးစုံ၌ ပစ်ချကုန်၏၊ ထိုနှစ်ပါးစုံ၌ ဝိညာဏ်သစ် ဖြစ်မှုကို ပြီးစေ ကုန်၏ဟု ပြ၏။

ဖဿ စသော သမ္ပယုတ် တရားတို့ ခြံရံ၍ ယူအပ်သည်ကို **သမ္ပယုတ္တေ ဟိ ပရိဂ္ဂယှ မာနံ**-ဟု ဆို၏၊ နာမ် နှင့် ရုပ်ကား **သဟဇာတ်** တရားပေ တည်း၊ မှီရာ၏ အဖြစ်ကား **အဓိဋ္ဌာနဘာဝ** ပေတည်း၊ ရှေ့သွား ခေါင်း ဆောင်မှုကို ပုဗ္ဗင်္ဂမ-ဟု ဆို၏။

အဓိဋ္ဌာန ဘာဝေန ပုဗ္ဗင်္ဂမ ဘူတံ-ဟူသော ပုဒ်နှစ်ခု အပေါင်းဖြင့် ဝိညာဏ်စိတ်၏ အလွန်အကဲ တန်ခိုး အာနုဘော် ကြီးသော အဖြစ်ကို ပြလေသည်။ မှန်၏—လောကဌ် ဘုန်းကံရှင် တယောက် ဖွါးမြောက် လာသော် အခြံ အရံ ဖွားဘက် တော်တွေ, ထို ဘုန်းကံရှင်၏ အတွင်း အသုံးအဆောင် အပြင်အသုံးအဆောင်ဖြစ်သော ပြာသာဒ်, ပဒေသာပင် စသည် တို့သည် ယောကျ်ား မြတ် နှင့် အတူ ဖြစ်လာကုန် သကဲ့သို့ ပင်တည်း။

ရှင်းချက်။ ။ဘုန်းကံရှင်နှင့် တူသော ပဋိသန္ဓေ ဝိညာဏ်သစ် ဖြစ်ပေါ်လာသော အခါ ဖွါးဘက် တော် နှင့် တူသော နာမ်, ရုပ် တွေ အခြွေ အရံ အနေဖြင့် လိုက်ပါ လာရ၏ဟု ဆိုလို၏။

ဘဝတခု ချုပ်သွား လေသော် ထို ချုပ်လေပြီး ဘဝနှင့် အခြား မရှိ စေဘဲ ဘဝ တပါးအား ချုပ်စပ် ပေးမှုကား ဘဝန္တရ ပဋိသန္ဓာန ပင်တည်း။

ရှေးဘဝက ဖြစ်ပြီး အတိုင်း ချုပ်ပျောက်မှု မရှိဘဲ ဤအတိုင်း လာ၍ တည်သည် မဟုတ် ကြောင်းကို ဥပ္ပန္နမာန မေဝ ပတိဋ္ဌာတိ-ဟု ဆို၏။ မှန်၏—ဖြစ်လေ ပြီးသော တရား မှန်သမျှ ပင်ကိုယ် အခါဌ်ပင် အရပ် တပါးသို့ရင်း, ခဏ တပါးသို့ရင်း ပြောင်းရွှေ့ သွားမှု မည်သည် မရှိ၊ သေခါနီး အခါဌ် သွားမှု မည်သည် အဘယ်မှာ ရှိပါတော့ အံ့နည်း။

အနမ တဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာ သံယော ဇနာနံ သန္ဓာ ဝတံ သံသရတံ-ဟု ဟောတော် မူအပ်သော ဒေသနာတော်သည် ပရိ ယာယ် အားဖြင့် ဟောအပ်သော ဒေသနာတော်သာ ဖြစ်၏။

(ဘိက္ခုတို့......ဤ သံသရာသည် မသိအပ်သော အစရှိ၏၊ ပြေးသွား ကျင်လည် နေသော အဝိဇ္ဇာ နီဝရဏ ရှိသော တဏှာသံယောဇဉ်နှင့် တကွဖြစ်သော သတ္တဝါတို့အား ရှေ့အစွန်းသည် မထင်)။

မှန်၏—အကြင် အဝိဇ္ဇာ, တဏှာ, သင်္ခါရ တို့၏ အစွမ်းကြောင့် ဘဝ တပါး၌ ပဋိသန္ဓေ ဝိညာဏ် ထင်ရှား ပေါ်လာ၏၊ ထိုအဝိဇ္ဇာ, တဏှာ, သင်္ခါရတို့သည် ရှေးက အကြင်သူ၏ သန္တာန်မှာ ဖြစ်ကုန်၏၊ ထိုသူသည် ထိုအဝိဇ္ဇာသင်္ခါရတို့၏ အကြောင်းအကျိုး ဆက်စပ်မှုဖြင့် ဘဝတပါးသို့ ပြေးသွားရ၏၊ ပြောင်းရွှေ့ ကျင်လည်ရ၏။

ထို့ကြောင့် ထိုပဋိသန္ဓေ၏ ရှေးဘဝ၌ အကျုံးဝင်သော အကြောင်းတို့နှင့် ကင်း၍ မဖြစ်မှုသည် ထင်ရှား လေသည်၊ ပဲ့တင်သံ, ခ်မီးလျှံ တံဆိပ် အႏုရုး စသည် တို့ကား အသိဉာဏ် ရှင်လင်းဖွယ် ဥပမာတို့ ပေတည်း။

ပဲ့တင်သံ ဥပမာ။ ။နက်သော လိုဏ်တံခါး၌ရပ်၍ အသံ ပြုသူ၏ ပဲ့တင် **သံ**သည် လိုဏ်တွင်း၌ ဖြစ်၏၊ ထိုတွင် တံခါး၌ ဖြစ်သော မူလ အသံသည် လိုဏ်တွင်းသို့ မသွား၊ အသံ ဖြစ်ရာ အရပ် မှာသာ ချုပ်၏၊ ပဲ့တင်သံ သည်လည်း လိုဏ်တွင်းမှ မလာ၊ မူလ အသံနှင့် ကင်း၍ တခြား အကြောင်းကြောင့် ဖြစ်သည်လည်း မဟုတ်၊ မူလ အသံ ဟူသော အကြောင်း ကြောင့်သာ လိုဏ်၌ အသံ ဖြစ်၏၊ ကြွင်း ဥပမာ များကို နည်းမှီး၍သိ။

ဥပမာ ဥပမေယျ စပ်ဟပ်ချက်

မူလ ပြုသော အသံသည် ရှေး ဘဝ၌ အကျုံး ဝင်သော အဝိဇ္ဇာ, တဏှာ, သင်္ခါရနှင့် တူ၏။ ပဲ့တင်သံသည် ခုဘဝ ပဋိသန္ဓေနှင့် တူ၏။

ရှေးဘဝ၌ အကျုံး ဝင်သော အဝိဇ္ဇာ, တဏှာ, သင်္ခါရ တို့သည် ဤဘဝသို့မပါ၊ မိမိတို့ဖြစ်ရာမှာပင် ချုပ်ပျောက်ကြ လေသည်။

သို့ရာတွင် ခုဘဝ ပဋိသန္ဓေ ဖြစ်မှုကား ထိုအဝိဇ္ဇာ, တဏှာ, သင်္ခါရ တို့နှင့် မကင်း၊ အဝိဇ္ဇာ, တဏှာ, သင်္ခါရ လှိုင်းကလေးများ ခုဘဝ ပဋိသန္ဓေမှာ ရိုက်ခတ်လျက်ရှိ၏၊ ရေဒီယိုမှာကဲ့သို့ သူ့မိတာနှင့် သူ့အသံ လှိုင်များသာ ထိခိုက် ရိုက်ခတ်နိုင် လေသည်။

ဤမရဏာပွတ္တိအရာ မရဏာသန္နဝိထိ၌ ကံအားနည်းမှုဖြင့်၎င်း ဝတ္ထုရုပ် အားနည်းမှုဖြင့်၎င်း နုံ့သည် ဖြစ်လေသောကြောင့် မရဏာသန္နဇောကို ငါးကြိမ်သာအလိုရှိအပ်၏၊ ထို့ကြောင့် ပစ္စုပ္ပန်အာရုံများ ထင်လာခဲ့သော် ထင်လာမှု ရှိနေခိုက်မှာပင် သေ၏၊ ထိုအခါ ပဋိသန္ဓေ ဘဝင်တို့၏လည်း ပစ္စုန်အာရုံ၏ အဖြစ်ကို ရအပ်လေသောကြောင့် ကာမ ပဋိသန္ဓေ စိတ်မှာ ခြောက်ဒွါရဖြင့် ယူအပ်သော ကမ္မနိမိတ် ဂတိနိမိတ်လည်း ဖြစ်သော ပစ္စုပ္ပန်အတိတ်အာရုံကိုရအပ်၏၊ ကံအာရုံမူကား အတိတ်သာဖြစ်၏၊ ထိုကံ အာရုံသည် မနောဒွါရဖြင့်ယူအပ်လေသည်၊ ထိုအလုံးစုံတို့သည် ကာမတရား အာရုံများ သာဖြစ်ကြ၏။

ပဋိသန္ဓိ ဘဝင်ဂါနုဒ္ဒါ။ ။မနောဒွါရ၌ တဒါရုံ၏အဆုံးမှာ စုတေသည် ဖြစ်သော် ပဋိသန္ဓေစိတ်၏လည်း ပစ္စုပ္ပန်အာရုံ ရှိသည်၏ အဖြစ်ကို ရအပ်၏၊ ပဋိသန္ဓေနောင် ဖြစ်သော ဘဝင် လေး ကြိမ် တို့၏လည်း ပစ္စုပ္ပန် အာရုံ ရှိသည်၏ အဖြစ်ကို ရအပ်၏။ ဇော၏ အဆုံးမှာ စုတေခဲ့သော် ပဋိသန္ဓေ စိတ်၏ရင်း, ပဋိသန္ဓေနောင် ခြောက် ကြိမ်သော ဘဝင်တို့၏ရင်း ပစ္စုပ္ပန်အာရုံ ရှိသည်၏ အဖြစ်ကို ရအပ်၏။

ပဉ္စဒွါရ၌ တဒါရုံ၏ အဆုံးမှာ စုတေခဲ့သော် ပဋိသန္ဓေ စိတ်၏သာ ပစ္စုပ္ပန် အာရုံ ရှိသည်၏ အဖြစ်ကို ရအပ်၏၊ ဇော၏ အဆုံးမှာ စုတေ ခဲ့သော် ပဋိသန္ဓေ၏ရင်း,ပဋိသန္ဓေနောင် နှစ်ကြိမ်သော ဘဝင်တို့၏ရင်း ပစ္စုပ္ပန်အာရုံ ရှိသည်၏အဖြစ်ကို ရအပ်လေသည်၊ ဘဝင်နောင် စုတိမှာ ထိုက်သင့်သလို ယှဉ်စပ်လေ

သန္ဒါရဂ္ဂဟိတ။ ။ကာမာဝစရ ပဋိသန္ဓေ စိတ်၏ အာရုံသည် ပဉ္စ ဒွါရဂ္ဂဟိတ ဖြစ်မူ ပစ္စုပ္ပန် ကမ္မနိမိတ် အာရုံ၊ မနောဒွါရဂ္ဂဟိတ ဖြစ်မူ အတိတ် ကမ္မနိမိတ် အာရုံ၊ မနောဒွါရဂ္ဂဟိတ ဂတိနိမိတ် ဖြစ်မူ ပစ္စုပ္ပန် အာရုံကို ရအပ်လေသည်။

ပဉ္စဒွါရေ သိယာ သန္ဓိ၊ ဝိနာ ကမ္မံ ဒွိ ဂေါ စရေ။

(သစ္စသံခိပ်)

ကမ္မံ၊ ကံအာရုံကို။ ဝိနာ၊ ကြဉ်ထား၍။ ဒွိဂေါစရေ၊ ကမ္မနိမိတ်, ဂတိ နိမိတ် ဟူသော အာရုံ နှစ်ပါး၌။ ပဉ္စဒွါရေသန္ဓိ၊ ပဉ္စဒွါရိက မရဏာ သန္နဇော အဆုံး စုတေ သူတို့၏ ပဋိသန္ဓေသည်။ သိယာ၊ ဖြစ်ရာ၏။

ဤသစ္စသံခိပ် စကားကို ဆရာကြီးတို့ လက်မခံကြကုန်၊ ဘယ့်ကြောင့် ဆိုသော် အဋ္ဌကထာ၌-ဂတိနိမိတ္တံ မနောဒွါရေ အာပါထ မာဂစ္ဆတိ-ဟု ဆိုသောကြောင့်ရင်း, ထို ဂတိနိမိတ်လျှင် အာရုံ ရှိသော ပဉ္စဒွါရိက ပဋိသန္ဓေကို မမြင်ရသောကြောင့်ရင်း, မူလဋီကာ စသည်တို့၌လည်း ကံစွမ်းဖြင့် ထင်သော ရူပါရုံသည် အိပ်မက်မြင်မက်သူ၏ရင်း, ဒိဗ္ဗစက္ခု ရှင်၏ရင်း မနောဒွါရ၌ အာရုံ အဖြစ်သို့ ရောက်သကဲ့သို့ မနောဒွါရ၌ သာလျှင် အာရုံအဖြစ်သို့ ရောက်၏ဟု သတ်မှတ်၍ ဆိုအပ်သောကြောင့် ရင်း ဤသစ္စသံခိပ်၌ ဆိုအပ်သော စကားကို လက်ခံတော် မမူကြကုန်။

ပရမတ္ထဒီပနီ ဆရာတော် အလိုကား– နတ်ရထား စသည်ကို ဂတိနိမိတ်ပြု၍ သေသူတို့သည် နတ်အဆင်းကိုလည်း နတ်အာနုဘော်ကြောင့် မျက်စိနှင့် မြင်ရ၏၊ နတ်ရထားသံ, တူရိယာသံ, စကား ပြောသံကို သော်လည်း နားဖြင့်တိုက်ရိုက် ကြားရ၏၊ နတ်နံ့သာကိုလည်း နှာခေါင်း ဖြင့် တိုက်ရိုက်အနံ့ရ၏၊ ငရဲမှတက်လာသော မီးစွဲလောင်သောကိုယ်ဖြင့် သေသော ဒေဝဒတ်, နန္ဒဘီလူး, နန္ဒလုလင်တို့၏ အစွမ်းဖြင့်ရင်း, သင်တုံး စက်၌ ချင်းကပ်သော မိတ္တဝိန္ဒက စသည့် တို့၏ အစွမ်းဖြင့်ရင်း ဖေါ္ဒဗ္ဗာ ရုံလည်း ဖြစ်သင့် လေသည်၊ ရသာရုံကို သင့်သလို ယှဉ်၍ယူ။

သစ္စသံခိပ် စကားကို ပြရာ၌- ပစ္စုပ္ပန္နဂါရိက မရဏာ သန္နဇော တို့၏ အဆုံး၌ သေသူ တို့၏ ပဋိသန္ဓေသည် ဂတိ နိမိတ် အာရုံမှာ ဖြစ်၏ဟု ဆိုသော် ပစ္စုပ္ပန္နဂါရိက ဝိထိစိတ်တို့သည် အာရုံငါးပါး ဂတိနိမိတ်များကို အာရုံပြု၏ဟု ဆိုမှုပြီးစီးလေသည်။ဤသို့ဖြစ်ပါက ထိုပစ္စုပ္ပန္နဂါရိက မရဏာ သန္နဇောတို့၏အဆုံး၌ မသေဘဲ အနုဗန္ဓက မနောဒွါရိက ဝိထိစိတ်တို့ဖြင့် တရံတခါ အချို့သူတို့အား မသေဟုမဆိုနိုင်၊ ထိုအနုဗန္ဓက ဝိထိများတွင် အတီတဂ္ဂဟဏဝိထိ, သမုဒါယဂ္ဂဟဏဝိထိ တို့ဖြင့် သေသူ တို့အား အတိတ် ဂတိနိမိတ်ကိုလည်း ရအပ်၏၊ ဝတ္ထုဂ္ဂဟဏဝိထိ, နာမဂ္ဂဟဏ ဝိထိတို့ဖြင့် သေသူတို့အား ဓမ္မာရုံကိုလည်း ရအပ်၏။

အကြင် အခါ အဆုံး မရဏာသန္နဇောမှ ရှေ့ပိုင်း အဘို့မှာ ထင်လာ ခဲ့သော ဂတိနိမိတ်သည် အဆုံး မရဏာသန္န ဇော၏ အာရုံဖြစ်၏၊ ထိုသို့ ဖြစ်သောအခါ၌ ထိုဂတိနိမိတ်သည် အတိတ်ကာလလည်းဖြစ်လေသည်၊ အဋ္ဌကထာမှာ–သန္တတိပစ္စုပ္ပန်၏ အစွမ်းဖြင့် ဂတိနိမိတ်၏ ပစ္စုပ္ပန်ကာလ အဖြစ်ကို ဆိုလေသည်၊ ထို့အတူ ရူပါရုံ၏ အဖြစ် မနောဒွါရဖြင့် ယူအပ် သည်၏ အဖြစ်ကို ယေဘုယျ အားဖြင့် ဆိုအပ်၏ဟု သိပါလေ။

ပစ္စုပ္ပန္န မတောင်း။ ။ဇော အဆုံး ၌ရှိသော ပစ္စုပ္ပန္နဂါရိက မရဏာသန္န ဝိထိဖြင့် စုတေ့သူ ဖြစ်က ပဋိသန္ဓေစိတ်၏ရင်း, နှစ်ကြိမ်သော ဘဝင်တို့၏ရင်း ပစ္စုပ္ပန်အာရုံရှိသည့်၏ အဖြစ်ကိုရအပ်၏၊ တဒါရုံ အဆုံး၌ရှိသော ပစ္စုပ္ပန္နဂါရိက မရဏာသန္န ဝိထိဖြင့် စုတေ့သူ ဖြစ်က ပဋိသန္ဓေစိတ်၏သာ ပစ္စုပ္ပန်အာရုံရှိသည်၏ အဖြစ်ကို ရအပ်၏။

ဇော အဆုံး ရှိသော ပစ္စုပ္ပန်ကို အာရုံ ပြုသော မနောဒွါရိက မရဏာသန္န ဝီထိဖြင့် စုတေသူ ဖြစ်က ပဋိသန္ဓေစိတ်၏ရင်း, ခြောက်ကြိမ်သော ဘဝင် တို့၏ရင်း ပစ္စုပ္ပန် အာရုံ ရှိသည်၏ အဖြစ်ကို ရအပ်၏၊ တဒါရုံ အဆုံးရှိသော ပစ္စုပ္ပန်ကို အာရုံပြုသော မနောဒွါရိက မရဏာသန္နဝီထိဖြင့် စုတေသူဖြစ်က ပဋိသန္ဓေစိတ်၏ရင်း, လေးကြိမ်သော ဘဝင်တို့၏ရင်း ပစ္စုပ္ပန် အာရုံ ရှိသည်၏ အဖြစ်ကို ရအပ်၏။

ဤနေရာတွင် အာရုံက အသက်ရှည်၍ အားရှိသော်လည်း ဝတ္ထုရုပ် အားနည်းပါက ကာမသတ္တဝါတို့အား သော်လည်း ဇောအဆုံး ရှိသော မရဏာသန္န ဝီထိ ဖြစ်၏ဟု မှတ်အပ်၏။

အဋ္ဌကထာ၌–ကာမ သတ္တဝါတို့မှာ တဒါရုံ အဆုံးရှိသော မရဏာသန္န ဝီထိ ကိုသာ ယှဉ်အပ် လေသောကြောင့် မနောဒွါရ၌ ပဋိသန္ဓေစိတ်မှ နောက် လေးကြိမ်သော ဘဝင် တို့၏ရင်း, ပဉ္စဒွါရ၌ ပဋိသန္ဓေစိတ်၏ရင်း ပစ္စုပ္ပန် အာရုံ ရှိသည်၏ အဖြစ်ကို ဆိုအပ်၏၊ သို့ပြားလည်း တဒါရမဏ ပရိယောသာ နာယဝါ သုဒ္ဓါယဝါ ဇဝန ဝီထိယာ–ဟု ဆိုအပ်သောကြောင့် ဇော အဆုံး ရှိသော မရဏာသန္န ဝီထိကိုလည်း ကာမဘုံ၌ ရအပ်၏ဟု မှတ်ပါလေ။

ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အာရုံ (သို့မဟုတ်) အဆောက် အဦသည် ကမ္မနိမိတ် ဖြစ်၏၊ ပဉ္စဒွါရိက ကံသည် ပဋိသန္ဓေကို မဖြစ်စေတတ်၊ ထို့ကြောင့် ထိုမရဏာသန္န အခါ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံသည် ရှေးအတိတ်က သာလျှင် မနောဒွါရ၏ အစွမ်းဖြင့် ပြီးလေသည်၊ ထိုကံ၏ အာရုံ (သို့မဟုတ်) အဆောက် အဦသည် စင်စစ် ကမ္မနိမိတ် မည်လေသည်၊ ပဉ္စဒွါရိက မရဏာသန္နဇော၏ အာရုံကို ရှေးချုပ် လေပြီးသော အာရုံနှင့် ဝတ္ထု အားဖြင့် ကွဲပြားမှု မရှိသောကြောင့်ရင်း, ထိုဝတ္ထုနှင့် တူသောကြောင့်ရင်း ကမ္မနိမိတ်ဟု ဆိုအပ်၏။

မူလဋီကာ၌–ပဉ္စဒွါရေ အာပါတ မာဂစ္ဆန္တံ ပစ္စုပ္ပန္နံ ကမ္မနိမိတ္တံ
အာသန္န ကတ ကမ္မာ ရမဏ သန္တတိယံ ဥပ္ပန္နံ
တံ သဒိသဉ္စ ဒဋ္ဌဗ္ဗံ–ဟု မိန့်ဆို၏။

မူလဋီကာ စကား၌ ရှင်းချက်

ဇရေးက ကံ, ပြီးမြောက် ရာ၌ ပါဝင်သော လှူဘွယ် ဝတ္ထု၊ စေတီ, ပုထိုး စသည်တို့ မျက်မှောက်မှာ ထင်ရှားရှိနေသော အဖြစ်ကို ရည်ရွယ်၍ သန္တတိယံ ဥပ္ပန္နံ-ဟု ဆို၏၊ ထိုလှူဘွယ်ဝတ္ထုနှင့် တူညီသော ဝတ္ထု တို့၏ ထင်ရှား ရှိနေသော အဖြစ်ကို ရည်ရွယ်၍ တံ သဒိသဥ္စ-ဟု မိန့်ဆို၏။

မှန်၏–လှူဖွယ် ဝတ္ထု နှင့် တူညီသော ဝတ္ထု တို့သည် ကံ အကျိုး ပေးခွင့် ရခြင်း၏ အကြောင်း ဖြစ်၏၊ ဘယ်သို့ ရနိုင် သနည်း ဆိုသော် ဤလူ့ဘဝမှ အကုသိုလ် အနည်းငယ် မျှကြောင့် ငရဲဘုံ ဥဿဒ ငရဲ၏ အနီး အပါး၌ ဖြစ်၍ ဇရေး ဘဝ ကောင်းမှု ပြုသော အခါ ရအပ်သော နိမိတ် နှင့် တူသော ငရဲ မီးလျှံ တို့၏ အသံကို ကြား၍ငင်း, အဆင်းကို မြင်၍ငင်း မိမိပြုခဲ့ဘူးသော ကောင်းမှုကို သတိရကာ ငရဲဘုံမှ စုတေ၍ နတ်ပြည်မှာ ဖြစ်သူတို့၏ ငရဲမီးလျှံတို့ကဲ့သို့ ပင်တည်း။

တနည်း–အဋ္ဌကထာ၌ တဦး သူ၏ သေခါနီး အခါ ဆွေမျိုး မိတ်သင်္ဂဟ များက–အမောင်……မင့်အတွက် ဤဗုဒ္ဓပူဇော်မှုကို ပြုအပ်သည်၊ စိတ် ကြည်ကြည် လင်လင် ထားဟု ပြော၍ ပန်းဆိုင်း, တံခွန်, ကုက္ကား စသော အားဖြင့် ရူပါရုံကိုသော်ငင်း,တရားနာခြင်း တူရိယာပူဇော်ခြင်း စသော အားဖြင့် သဒ္ဒါရုံကိုသော်ငင်း, အခိုး,အထုံ, နံ့သာ စသည်တို့၏ အစွမ်းဖြင့် ဂန္ဓာရုံကိုသော်ငင်း, ဒါကိုလျက်ကြည့်၊ မင်းအတွက် လှူမည့် ဝတ္ထု တည်းဟု ပြောဆို၍ ပျား, တင်လဲ စသော အားဖြင့် ရသာရုံကို သော်ငင်း, ဒါကို ကိုင်ကြည့်စမ်း, မင်းအတွက် လှူမည့် ဝတ္ထု တည်းဟု ပြောပြ၍ စိန့်တိုင်းဖြစ် အသည်စသော အားဖြင့် ဖေါဋ္ဌဗ္ဗာရုံကိုသော်ငင်း ပဉ္စဒွါရ၌ ရှေ့ရှုကပ်၍ ဆောင်ကုန်၏ဟု မိန့်ဆို၏။

ထို စကား ရပ်တွင် – ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံကို ရည်ရွယ်၍ မူလဋီကာ၌ သန္တတိယံ ဥပ္ပန္နံ-ဟု ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံကို ရည်၍ တံ သဒိသဥ္စ-ဟု မိန့်အပ် လေသည်၊

ဤသို့ရှေ့ရှုဆောင်အပ်သော ရူပါရုံစသည်ကို ရှေဦးစွာ ပဉ္စဒွါရဖြင့် ယူ၍ မစုတေ့ သေးဘဲ နောက်တဖန် ဤကောင်းမှုတို့သည် ယခု ရှိကုန်၏ ဟု သုဒ္ဓ မနောဒွါရဖြင့် ယူ၍ စုတေ့ သူတို့အား ထိုအာရုံ တို့သည် မနော ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန် ကမ္မနိမိတ်တို့ ဖြစ်ကုန်၏။

ရူပ-အရူပ ပဋိသန္ဓေ စိတ်၏ အာရုံ အဖွင့်

ထိုမှတပါး ရူပါဝစရပဋိသန္ဓေစိတ်၏ အာရုံကား ပညတ် ကမ္မနိမိတ်အာရုံတည်း၊ ထို့အတူအာရုပ္ပပဋိသန္ဓေစိတ်၏အာရုံကား မဟဂ္ဂုတ်လည်းဖြစ်သော ပညတ်လည်း ဖြစ်သော ထိုက်သင့်သလို ကမ္မနိမိတ်အာရုံတည်း။

ရူပ ပဋိသန္ဓေ၌-ကသိုဏ်းစသော ပညတ် ကမ္မနိမိတ် အာရုံဖြစ်၏၊ ပဋ္ဌမဈာန် စသည်တို့၏ အာရုံကို ကမ္မဋ္ဌာန်းပိုင်း၌ တွေ့ရလတ္တံ့။

ယသော ရေး။ ။ပဋ္ဌမာရုပ္ပ ပဋိသန္ဓေစိတ်၏ အာရုံကား ကသိုဏ်း ၉-ပါးတွင် တပါး ပါးကို ခွါ၍ ရအပ်သော အာကာသ ပညတ် ကမ္မနိမိတ် အာရုံ၊ တတိယာရုပ္ပ ပဋိသန္ဓေ စိတ်၏ အာရုံကား အာကာသ၏ မရှိခြင်း နတ္ထိဘော ပညတ်ဟူသော ကမ္မနိမိတ်အာရုံ၊ ဒုတိယာရုပ္ပ ပဋိသန္ဓေစိတ်၏ အာရုံကား ပဌမာရုပ္ပဝိညာဏ် ဟူသော မဟဂ္ဂုတ် ကမ္မနိမိတ်အာရုံ၊ စတုတ္ထာရုပ္ပ ပဋိသန္ဓေ စိတ်၏ အာရုံကား တတိယာရုပ္ပဝိညာဏ် ဟူသော မဟဂ္ဂုတ် ကမ္မနိမိတ် အာရုံ ဖြစ်၏၊ ဤကဲ့သို့ ထိုက်သင့်သလို ဖြစ်လေသည်။

အသညသတ် ပဋိသန္ဓေ

အသညသတ် ပုဂ္ဂိုလ်တို့အား ဇီဝိတ နဝက သည်သာ ပဋိသန္ဓေ အဖြစ်ဖြင့် တည်၏၊ ထို့ကြောင့် ထိုခြောက်ပါးတို့သည် ရူပပဋိသန္ဓေ မည်ကုန်၏။

အာရုပ္ပ ပုဂ္ဂိုလ်တို့ကား နာမ်ပဋိသန္ဓေနေကြ၏၊ အသညသတ်နှင့် အရူပမှတပါး ကြွင်းပုဂ္ဂိုလ်တို့သည်ကား ရုပ်,နာမ် နှစ်တွေ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

စုတိစိတ်နောက် ပဋိသန္ဓေ ဖြစ်ပုံ

အာရုပ္ပ စုတိမှနောက်၌ အောက်အောက် ဖြစ်သော အာရုပ္ပသည် ကြဉ်အပ်သော အာရုပ္ပ ပဋိသန္ဓေတို့သည်၎င်း, ကာမတိဟိတ် ပဋိသန္ဓေတို့သည်၎င်း ဖြစ်ကုန်၏၊ ရူပါဝစရစုတိမှနောက်၌ အဟိတ်ပဋိသန္ဓေသည် ကြဉ်အပ်သော အလုံးစုံသော ကာမ,ရူပ, အရူပ ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။ ကာမ တိဟိတ် စုတိမှ နောက်၌ အလုံးစုံသော ၁၉-ပါးသော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏၊ ဒွိဟိတ်, အဟိတ် စုတိမှ နောက်၌ ကာမဘုံမှသာ အလုံးစုံသော ကာမပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။

ဤဆိုအပ်ခဲ့ ပြီးသည်ကား ဤဝီထိမုတ်ပိုင်း၌ စုတိ, ပဋိသန္ဓေ အစဉ် ပေတည်း။

ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာ။ ။အာရုပ္ပ ပုဂ္ဂိုလ်များတွင် အထက်အထက် ဘုံ၌ ဖြစ်သော အရူပ ပုဂ္ဂိုလ် တို့အား အောက်အောက် ဖြစ်သော ဈာန်တို့သည် ငြိမ်းကုန်၏၊ သူတို့ကလည်း ထိုအောက်ဈာန် များကို အားမထုတ်ကြကုန်၊ ထို့ကြောင့် ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာ-ဟု ဆို၏။ ဒွိဟိတ်,အဟိတ် ပဋိသန္ဓေတို့မဖြစ်ဘဲ ကာမတိဟိတ် ပဋိသန္ဓေသာ ဖြစ်ရသည်မှာ ဥပစာရ ဈာန်၏ အား အစွမ်းကြောင့် ပင်တည်း။

အဂိုတ္တိုရ် အဋ္ဌကထာ၌-နှ ဟိတသာ ဥပစာရဈ္ဈာနတော ဗလဝ တရံ နာမ ကမ္မံ အတ္ထိ-ဟု မိန့်အပ်ပြီ။

ဟိ၊မှန်၏။တဿ၊ထိုအရူပပုဂ္ဂိုလ်၏သန္တာန်မှာ၊ဥပစာရဈ္ဈာနတော၊ ဥပစာရ ဈာန်ထက်။ ဗလဝ တရံ နာမ၊ အလွန် အားကောင်းသည် မည်သော။ ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိ။

လိုရင်းအချုပ်မှာ—အရူပဘုံမှ စုတေသော ပုဂ္ဂိုလ်တို့အား ဥပစာရ ဈာန်သည် အား, အကောင်းဆုံး ဖြစ်၍ ပဋိသန္ဓေ အကျိုးကို ပေးသည်။ ပဋိသန္ဓေ အကျိုး ပေးရာ မှာလည်း ဥပစာရ ဈာန်က ကာမာဝစရ ကုသိုလ်ကံ ဖြစ်၍ ကာမဘုံမှာ အကျိုး ပေးလေသည်။

အရူပပုဂ္ဂိုလ်တို့အား ရူပါဝစရပဋိသန္ဓေ ဖြစ်မှုလည်းမရှိ၊ထို့ကြောင့် ယမိုက် ပါဠိတော်၌-အရူပ ဓာတုယာ စုတဿ အရူပ ဓာတုံ ဥပ ပဇ္ဇန္တဿ-ဟူ၍ငင်း, အရူပ ဓာတုယာ စုတဿ ကာမ ဓာတုံ ဥပ ပဇ္ဇန္တဿ-ဟူ၍ငင်း ဟောတော် မူအပ်၏၊ အရူပ ဓာတုယာ စုတဿ ရူပဓာတုံ ဥပပဇ္ဇန္တဿ-ဟူ၍ ဟောတော် မမူအပ်ပါပေ။

(၁) အရူပဘုံမှ သေ အရူပဘုံမှာပင် ပဋိသန္ဓေ ပြန်နေသူ
(၂) အရူပဘုံမှ သေ ကာမဘုံမှာ ပဋိသန္ဓေ နေသူသာ ရှိ၏။
ရူပဘုံမှာ ပဋိသန္ဓေ နေသူကား မရှိပါလေ။

ရူပါဝစရ စုတိ နောက်မှာ

ရူပါဝစရ စုတိစိတ်၏ နောက်၌ အဟိတ် ပဋိသန္ဓေ မဖြစ်၊ ဘယ့်ကြောင့် ဆိုသော် ရူပါဝစရ ဈာန်၏ အနီး၌ ဖြစ်သော ကာမကုသိုလ် ဟူသော ဥပစာရ ဈာန်၏ အာနုဘော်ကြောင့် ပေတည်း။

ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်-ဆိုသော စကားကိုကား ရူပဘုံမှ သေ၍ ကာမဘုံမှာ ဒွိဟိတ်,တိဟိတ် ပဋိသန္ဓေ တမျိုးမျိုးဖြစ်၏၊ ထိုကာမဘုံမှ တခါသေပြန်၍ အဟိတ်ပဋိသန္ဓေဖြစ်၏၊ ဤသို့ အဆင့်ဆင့် ကူးကာ အောက်တန်းသို့ ဆင်းသက် လာသည်ကို ရည်၍ ဆိုအပ် လေသည်၊ ရူပဘုံမှ တိုက်ရိုက် အဟိတ် ပဋိသန္ဓေ ဝက်, ကြွက် စသည် မဖြစ်နိုင် ကြောင်းကို သင်္ဂဟဂါထာဖြင့် သိကြပါလေ။

ရှင်းချက်။ ။ရူပဘုံမှ စုတေသူတို့မှာ ဥပစာရဈာန်မှတပါး တခြား အားနည်းသော ကံသည် အကျိုးပေးခွင့် မရဟုကား မဆိုနိုင်၊ သို့ပေမဲ့ နိဝရဏကို ဝေးဝေးကြီး ခွါထားပြီးသော ရူပဗြဟ္မာကြီးတို့မှာ အကျိုး, အကန်း, အပင်း, အအ စသော ဝိပတ္တိကို ဖြစ်စေတတ်သော ဒွိဟိတ်ဩမက ကံသော်ပင် အကျိုးပေးခွင့်မရ၊ အဟိတ်တိရစ္ဆာန် စသော အပါယ်ကို လားစေ တတ်သော ကံသည်ကား အဘယ်မှာ အကျိုး ပေးခွင့် ရတော့အံ့နည်း၊ မရရိုးအမှန်သာတည်း။ ထို့ကြောင့် အဟေတုက ရဟိတာ သိယံ-ဟု ဆို၏။

ဘဝင် နှင့် စုတိ ဖြစ်ပုံ

ဤဆိုအပ်ခဲ့ ပြီးသော နည်းဖြင့် ယူအပ်သော ပဋိသန္ဓေ နေသူ တို့၏ ပဋိသန္ဓေစိတ် ချုပ်သည်၏ အခြားမဲ့မှစ၍ ထိုပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ထိုပဋိသန္ဓေ စိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်သည့်တိုင်အောင် ဝီထိစိတ်ဖြစ်မှုမရှိက ဘဝ၏အကြောင်း အဖြစ်ဖြင့် ဘဝင်အယဉ်သည် မပြတ်မလပ် မြစ်ရေ အယဉ်ကဲ့သို့ ဖြစ်၏၊ အဆုံးမှာလည်း လက်ရှိ မျက်မြင် ဘဝမှ ချော်ကျသည်၏ အစွမ်းဖြင့် စုတိစိတ် ဖြစ်၍ ချုပ်၏။

ဘဝင်,စုတိ။ ။ပဋိသန္ဓေစိတ် ချုပ်သည်၏ အခြားမဲ့ ကာလမှစ၍ ပဋိသန္ဓေစိတ် အာရုံ ပြုသော အာရုံကို (ပဋိသန္ဓေ စိတ်က ကံကို အာရုံ ပြုလျှင် သူလည်းကံကို, ကမ္မနိမိတ်ကို အာရုံ ပြုလျှင် သူလည်း ကမ္မနိမိတ်ကို, ဂတိနိမိတ်ကို အာရုံ ပြုလျှင် ဂတိနိမိတ်ကို) အာရုံ ပြု၏။

တဒေဝ စိတ္တံ-ဟူရာ၌ ထိုပဋိသန္ဓေစိတ်ဟု မြန်မာပြန်ဆိုသော်လည်း ပဋိသန္ဓေ စိတ်က တဘဝ တာတွင် တခါသာ ဖြစ်၏၊ ပြန်လည် ဖြစ်ပေါ် ရိုးလည်း ထုံးစံမရှိ၊ ဖြစ်လည်း မဖြစ်တတ်။

(ဆရာက လူမမာကို လွန်ခဲ့တဲ့နေ့က ဆေးတိုက်ခဲ့၏၊ ဒုတိယနေ့တွင် ဆရာလာပြန်၏၊ လူမမာက ဘယ်ဆေးသောက်ရမည်လဲ ဆရာ-ဟု မေး မြန်းရာ ဆရာက မနေ့က ဆေးကိုဘဲ သောက်ဟု ပြော၏) ဤစကားရပ်၌ မနေ့က သောက်ပြီး ဆေးကား ပြန်လည်း သောက်၍ မဖြစ်၊ မနေ့က...

သောက်တဲ့ ဆေးနှင့် တူသော ဆေးကိုပင် ရည်ရွယ်၍ မနေ့ကဆေးဟု ဆိုသကဲ့သို့ ပဋိသန္ဓေ စိတ်နှင့် တူသော စိတ်ကိုပင် ရည်ရွယ်၍ တဒေဝ စိတ္တံ-ဟု ဆိုလေသည်။

စုတိစိတ် ဖြစ်သည် တိုင်အောင် ဟူရာ၌ စုတိ-ဟူသော စကားဖြင့် စုတိစိတ်၏ အနီးအနားမှာ ဖြစ်သော ဝိထိစိတ်တို့ကို ယူလေ၊ ပဋိသန္ဓေ တည်နေ ချိန်မှ စ၍ တသက်ပန် ဝိထိစိတ်ချည်း ဖြစ်မနေနိုင်၊ စိတ်၏ အပန်းဖြေ နားနေမှု အချိန်တွေ ရှိ၏၊ အကြားအကြား ဝိထိစိတ် မဖြစ်တဲ့ အခါ ဝိထိစိတ်တွေ အပန်း ဖြေချိန် ဥပပတ္တိဘဝ ပြတ်စဲ မသွားရ လေ အောင် ဘဝင်စိတ်များက ထိန်းသိမ်း စောင့်ရှောက် ထားရ၏။ မှန်၏- ဘဝင် စိတ်သာ မဖြစ် ခဲ့လျှင် ပဉ္စဒွါရာဝဇ္ဇန ပစ္စည်း အထောက် အပံ့မှ ကင်းသော ရုပ်တရားတို့အား မိုးရေမှ ကင်းသော ကောက်ပင်နုတို့ ကဲ့သို့ ညှိုးသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ဥပပတ္တိ ဘဝသည် ပြတ်လေ ရာ၏၊ ဘဝင်၏ စောင့်ရှောက်မှု ကြောင့်သာ ဥပပတ္တိ ဘဝ မပြတ်ဘဲ ဖြစ်ရ လေသည်၊ ထိုကြောင့် ဘဝဿ + အင်္ဂံ = ဘဝင်္ဂံ- ဟူသော ဝိဂ္ဂြိုဟ်အရ ဥပပတ္တိ ဘဝ၏ ပြတ်စဲ မသွားဘို့ရန် အကြောင်း ဖြစ်သောကြောင့် **ဘဝင်** မည်၏ဟု မှတ်ပါ။

စုတိစိတ် ဟူသည်လည်း ထိုပဋိသန္ဓေစိတ်ကိုပင် အချိန်အခါလိုက်၍ ခေါ်ဝေါ် ထားသော အမည် ဖြစ်သည်၊ ဘဝင်၌ ပြခဲ့သည် အတိုင်း မှတ်လေ၊ စုတိစိတ်၏ အာရုံသည်လည်း ပဋိသန္ဓေစိတ်၏အာရုံနှင့်တူ၏၊ ပဋိသန္ဓေစိတ်က ကံကိုအာရုံပြုလျှင် စုတိစိတ်ကလည်း ကံကို, ကမ္မ နိမိတ်ကို အာရုံပြုလျှင် ကမ္မနိမိတ်ကို, ဂတိနိမိတ်ကိုအာရုံပြုလျှင် ဂတိ နိမိတ်ကို အာရုံပြု၏။

ထိုစုတိမှ နောက်၌ ပဋိသန္ဓေ စသော စိတ်တို့သည် ရထား ဘီးကဲ့သို့ အစဉ် အတိုင်း သာလျှင် ဖြစ်ကုန်၏။

သံသရာစက်လည်ပုံ။ ။ဤ ယခု လက်ရှိ ဘဝမှာ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, ဝိထိစိတ်, စုတိစိတ် တို့သည် ဖြစ်ကုန် သကဲ့သို့ ဘဝ တပါးမှာ တဖန် ပဋိသန္ဓေစိတ်, ဘဝင်စိတ်, ဝိထိစိတ်, စုတိစိတ် ဤကဲ့သို့သော စိတ် အစဉ်သည် သံသရာ ဝဋ်မြစ် ပြတ်သည့် အခါကျအောင် ထပ်ခါထပ်ခါ ဖြစ်နေ၏။

သံသရာ စက်ပြတ် နိဂုံး

အမှန် စင်စစ် အားဖြင့် မြဲသော သဘော မရှိသော ထို ဝဋ္ဋတရားကို ဝိပဿနာ ဉာဏ်ဖြင့် ထပ်ခါထပ်ခါသိ၍ ပညာရှိ သူတော်ကောင်းတို့သည် မြင့်ရှည်စွာ သီလ အကျင့်နှင့် ပြည့်စုံလျက် စုတေ့ခြင်း မရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ် လေးပါးဖြင့် မျက်မှောက် ပြု၍ တဏှာ သိနေဘ-ဟူသော အနှောင် အဖွဲ့ကို ကောင်းစွာ ဖြတ် တောက်လျက် ဥပမိ လေးတန် ငြိမ်းရာ မှန်သော နိဗ္ဗာန်သို့ ရောက်ကြ ပေကုန် လတ့ံ သတည်း။

ပဋိသမ္ဘိဒါနှ (ဆင်ခြင်ဉာဏ်) ခေါ်သော ဝိပဿနာဉာဏ်ဖြင့် ထပ်ခါ ထပ်ခါ သိနေမှုကို ပဋိသမ္ဘိဒါဆို၏၊ မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက် ပြုမှုကို အဘိဂတ္ဘာဆို၏၊ အနုသယမျှကိုလည်း အကြွင်းမထားဘဲ စိတ် စေတသိက်တို့၌ ကိန်းနေသော တဏှာမျိုးစေ့ဟု ဆိုအပ်သော အနှောင် အဖွဲ့ကို ဖြတ်တောက် ချေမှုန်းခြင်း ရှိသူကို သုသမုစ္ဆိန္န သိနေဟဗန္ဓနာ ဆို၏၊ ဝဋ်ဆင်းရဲ ပူပန်မှုငြိမ်းရာ နိဗ္ဗာန်ကို သမ-ဟုဆို၏။ သီလအကျင့် ရှတင် အကျင့် ရှိသူကို သုဗ္ဗတ-ဟု ဆို၏။

ဘုံပိုင်း-သဘောပြ ပြီး၏။

ဘုံပိုင်း-လေ့ကျင့်ခန်း (၂)

၁။ ကမ္မစတုက္က၌, ကံ ၄-ပါးတို့၏ သဘော သွားကို အသီးသီး ရှင်းပြပြီးလျှင်, ပဝတ္တိ ဇနကကံ၏ အရကိုကောက်ပြပါ။

၂။ ဥပထမ္ဘက ကံ၌"ထောက်ပံ့ခြင်း"ဟူသည်အဘယ်နည်း။ ထိုထောက်ပံ့မှုသည် မည်သည့်အခါ၌ ထင်ရှားသနည်း။ ဖြေဆိုခဲ့ပါ။

၃။ ကုသိုလ်ကံက, အကုသိုလ်ကံကြောင့် ဖြစ်သောခန္ဓာအစဉ်ကိုရှင်း အကုသိုလ်ကံက, ကုသိုလ်ကံကြောင့် ဖြစ်သော ခန္ဓာအစဉ်ကိုရှင်း ထောက်ပံ့မှုပြုနိုင်, မပြုနိုင်, ယုတ္တိ သာဓကဖြင့် ပြဆိုခဲ့ပါ။

၄။ အဘယ်ကို"ဂရုကံ"ဟုခေါ်တနည်း၊ ဂရုကံ၏အရကိုဖော်ပြ၍, ၎င်းဂရုကံ-စသော-၄-ပါးကို ဒိဋ္ဌဓမ္မဝေဒနီယ-စသောကံ-၄-ပါးတို့၌၊ ထိုက်သင့်သလို သွင်းပြပါ။

၅။ ဒိဋ္ဌဓမ္မ ဝေဒနီယ စသောကံ-၄-ပါးကို, ဇောစေတနာဖြင့် ပိုင်းခြားပြီးလျှင်၊ ၎င်းတို့၏ အကျိုးပေးရာကာလ ခေတ်ကိုလည်း သတ်မှတ်ခဲ့ပါ။

၆။ ပါကဋ္ဌာန-၏အရကိုဖော်ပြ၍, မိမိကိုယ်ကို သတ်သေရာ၌-ပါဏာတိပါတကံ ထိုက်, မထိုက် စိစစ် ဆုံးဖြတ် ခဲ့ပါ။

၇။ သုရာပါန-ကို အကုသိုလ်ကာယကံ၌-အဘယ်ကြောင့် မယူအပ်သနည်း၊ သုရာပါန-ကို အပါယ်-၄-ပါး၌ ဖြစ်စေတတ်သည်၏ အဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာ ဟောအပ်သည် မဟုတ်ပါလော ဖြေဆိုခဲ့ပါ။

၈။ ကမ္မပထ-ဆိုသည်ကား အဘယ်နည်း၊ ဖရုသဝါစာ အရ-မျက်ကွယ်၌ ဆဲရေးခဲ့သော်-ကမ္မပထမြောက်, မမြောက် သေချာစွာ ဖြေဆိုခဲ့ပါ။

၉။ သူတပါး ဥစ္စာကိုမြင်၍, သာယာနှစ်သက်-မက်မောခြင်းမျှဖြင့် အဘိဇ္ဈာ-ဟု ခေါ်ရမည်လော-ပြဆိုပြီးလျှင်, မနသ္မိံယေဝ-၌ ပါသော ဧဝသဒ္ဒါဖြင့် သိစေအပ်သော အနက်ထူးကိုဖော်ပြပါ။

၁၀။ ဒုစရိုက်(၁၀)ပါးကို မူလကရားတို့ဖြင့် ခွဲဝေပြရာ၌၊ မောဟ မူလကို အဘယ်ကြောင့် ထည့်သွင်း မပြပါသနည်း,ဖြေဆိုခဲ့ပါ။

၁၁။ ပုညကြိယာဝတ္ထု(၁၀)ပါးကို အကြောင်းနှင့်တကွ အသီးသီးသဘော တူရာ၌ထည့်သွင်းပြခဲ့ပါ။

၁၂။ ပဋိသန္ဓေ အကျိုးပေးသောကံတို့တွင်, အဘယ်ကြောင့် ဥဒ္ဒစ္စကိုကြဉ်ရသည်ကို ရှင်းလင်းစွာဖြေဆိုခဲ့ပါ။

၁၃။ စက္ခုဝိညာဏ် စသော ဝိပါက် ၅-ခုတို့သည် ရူပဘုံ၌လည်း ဖြစ်ကြသောကြောင့် ရူပကုသိုလ်၏ အကျိုး ဝိပါက် များဟု မှတ်ရမည်လော သေချာစွာ ဖြေဆိုခဲ့ပါ။

၁၄။ တိဟိတ်ကုသိုလ်၏ ဥက္ကဋ္ဌ-ဩမကဖြစ်ပုံကို ရေးပြီးလျှင်, စေတနာ တချက်က- ပဋိသန္ဓေတခုကိုဎင်း, ပဋိသန္ဓေ အများကိုဎင်း, ပေးနိုင် - မပေးနိုင် သာဓက ယုတ္တိဖြင့်စစ်ကြောခဲ့ပါ။

၁၅။ အသင်္ခါရိက ကုသိုလ်ကံသည် သသင်္ခါရိကအကျိုးကို မပေးဟူသော ကေစိ- ဆရာ၏ အယူဝါဒကို သင်သိသမျှဖေါ်ပြပါ။

၁၆။ အဘယ်ဈာန်မျိုးကို ပရိတ္တ, မဇ္ဈိမ, ပဏီတ ဈာန်ဟုခေါ်သည်ကိုပြဆိုပြီးလျှင်, အသညသတ်ဘုံသို့ ရောက်ဘို့ရာ အဘယ် ကမ္မဋ္ဌာန်းကို အဘယ်သို့ စီးဖြန်း ရမည်နည်း။

၁၇။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ-ငါးဘုံတို့တွင် အမှတ်မရှိ ဖြစ်လိုရာဘုံ၌ ဖြစ်နိုင်ပါသလော-ရှင်းလင်း ဖြေဆိုခဲ့ပါ။

၁၈။ သေချိန် သေခါ မဟုတ်ဘဲ သေရခြင်းကို ဥပစ္ဆေဒက ကံကြောင့်ဟုသာ ဆိုရ မည်လော အခြားအကြောင်းများလည်း ရှိသေးသလော ရှင်းလင်းပြဆိုခဲ့ပါ။

၁၉။ တထာစမရဏာသန္နကာလေ ယထာရဟံ-၌၊‘ယထာရဟံ’၏အဓိပ္ပါယ် ကို ရေး၍, ဘုရား ရဟန္တာ တို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြု, မပြု အထောက် သာဓကပြ၍ ဖြေခဲ့ပါ။

၂၀။ ဥပသဒ္ဒ, ဥပလရဏ, ဥပလဘိတဗ္ဗံ, ဥပဘောဂ-တို့၏ သဘောသွာကိုရေး၍ နိရယ, ဒေဝ, မနုဿ, တိရစ္ဆာန - တို့၏ ဂတိနိမိတ် ထင်လာပုံ ကိုလည်း ပြဆိုခဲ့ပါ။

၂၁။ မရဏာသန္န ဝီထိ-ကို ရေတွက် ပြ၍-လောက၌ သေလွန် ပြီးနောက် ၇-ရက် လည်မှ အိမ်မှ ဖဲခွါသွားသည် ဟူသော မိစ္ဆာအယူကို မည်သို့သော သာဓက ပါဠိဖြင့်ပယ်သတ် မြစ်တားမည်နည်း။

၂၂။ အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန-၌ ပရမတ္ထဒီပနီ ဆရာ၏ အလိုကို ပြဆိုပြီးလျှင်, သင်္ခါရေန ဇနီယမာနံ-၌ လိုအပ်သော သင်္ခါရကိုညွှန်းခဲ့ပါ။

၂၃။ “လောက်လန်းသဖွယ် ဝိညာဏ်တွယ်” ဟူသော စကားအရ ဘဝဟောင်းမှ ပဋိသန္ဓေ ဝိညာဏ်သည် ဘဝ သစ်သို့ ပြောင်းရွှေ့မှု ဖြစ်နိုင်, မဖြစ်နိုင်, ယုတ္တိ သာဓက-ဥပမာနတို့ဖြင့် ပြဆိုခဲ့ပါ။

၂၄ “မြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်” ဟူသောစကားကို သင်မည်သို့နားလည်သနည်း မြဟ္မာ့ဘုံမှ အပါယ်ဘုံသို့ တိုက်ရိုက်ကျရောက်နိုင် သလော ရှင်းလင်းခဲ့ပါ။

၂၅။ “တဒေဝစိတ္တံ-ထုံပဋိသန္ဓေစိတ်” ဟု ဆိုရာ၌ အဓိပ္ပါယ်ကို ထင်ရှားအောင် ပြပြီးလျှင်, သတ္တဝါတို့ သန္တာန်၌ ဝီထိစိတ် မဖြစ်သည့်အခါ အဘယ်စိတ်များ က ထိန်းသိမ်းထားသနည်း။

၂၆။ သံသရာစက်လည်ပုံနှင့် သံသရာစက်ပြတ်ပုံကို သိသာရုံ ရေးခဲ့ပါ။

ရုပ်ပိုင်း အဖွင့်

၁။ ရူပ သမုဒ္ဒေသ = ရုပ်ကို အကျဉ်းချုပ် ပြဆိုခြင်း
၂။ ရူပ ဝိဘာဂ = အကျဉ်းပြ-ရုပ်ကို တဆင့် တက်၍ ခွဲဝေခြင်း
၃။ ရူပ သမုဋ္ဌာန = ရုပ်၏ ကံ,စသော ဖြစ်ကြောင်း
၄။ ရူပ ကလာပ = ရုပ်တို့ကို ဖွဲ့စည်း ပေါင်းစုခြင်း
၅။ ရူပ ပဝတ္တိက္ကမ = ရုပ်ဖြစ်စဉ်

ရုပ်ကို အကျဉ်းချုပ် ပြခြင်း

ရုပ်သည် အချုပ်အားဖြင့် မဟာဘုတ်,ဥပါဒါယရုပ်ဟု ၂-မျိုးသာ ရှိ၏၊ ထိုရုပ် ၂-မျိုးသည် အပုံ အားဖြင့် ခွဲဝေသော် ၁၁-မျိုး ရှိ၏။ ၁၁-မျိုး ဖြစ်လာပုံမှာ-

၁။ ဘူတရုပ်
၂။ ပသာဒရုပ်
၃။ ဂေါစရရုပ်
၄။ ဘာဝရုပ်
၅။ ဟဒယရုပ်
၆။ ဇီဝိတရုပ်
၇။ အာဟာရရုပ်
၈။ ပရိစ္ဆေဒရုပ်
၉။ ဝိညတ်ရုပ်
၁၀။ ဝိကာရရုပ်
၁၁။ လက္ခဏာရုပ် အားဖြင့်
၁၁-မျိုး ကွဲပြား လာ၏။

ဘူတရုပ် ၄-ပါး

ဘူတရုပ်သည် ၄-ပါးရှိ၏၊ လေးပါး ဟူသည် (၁) ပထဝီ (၂) အာပေါ (၃) တေဇော (၄) ဝါယော၊ ပေါင်း ၄-ပါးတည်း။

မဟာဘုတ်။ ။မဟန္တာနိ ဟုတွာ ဘဝန္တီတိ မဟာ ဘူတာနိ= ကြီးသည်ဖြစ်၍ ထင်ရှား ဖြစ်တတ်သော ရုပ်သည် **မဟာဘုတ်** မည်၏။ မှန်၏-မဟာဘုတ်တို့သည် မိမိ သဘော အားဖြင့်လည်း ကြီးသည့်ပြင် ဥပါဒါယ ရုပ်များကို ထောက်၍လည်း အလွန် ထင်ရှား လေသည်။

မှတ်ချက်။ ။မဟာဘူတအရ လောကီသားတို့က မျက်လှည့်သမား, ဘီလူးထီး, ဘီလူးမ တို့ကိုလည်း ဘုတ်ကြီး များဟု ယူဆ ပြောဆိုကြ၏။

မျက်လှည့် သမားသည် ကြည့်ရှု သူတို့အား အဟုတ် အမှန် မဟုတ် သောအရာကို အဟုတ် အမှန်ဟု ထင်မြင်စေ၏၊ လူသား အနေဖြင့်

မည်သည့်နည်းနှင့်မျှ မျိုချ၍မဖြစ်နိုင်သော လှေကြီးကိုမျိုပြ၏၊ တကယ် မျိုဒါ မဟုတ်ပေမဲ့ ကြည့်ရှု နေသူများက တကယ် မျိုနေသည်ဟု ထင်မှား၏၊ ထိုအတူ ပထဝီ စသော ရုပ် ၄-ပါးသည် ရုပ်အမျိုးမျိုး အသွင်အမျိုးမျိုး လှရုပ် အမျိုးမျိုး ဆိုးရုပ် အမျိုးမျိုး စသည်ဖြင့် ပြောင်းကာ ပြောင်းကာ လောကီသားတို့ အထင်အမြင်မှားအောင် ပြတတ်သောကြောင့် မျက်လှည့် ဘုတ်ဆရာနှင့်တူရကား မဟာဘုတ်ဟု ဆိုရ၏။

ဘီလူးထီးသည် သတ္တဝါတို့ကိုယ်ဝယ်ပူးဝင်ကပ်ရှားခြင်း သတ္တဝါတို့ကို မိမိအလိုသို့လိုက်စေခြင်း စသည်ကို ပြုတတ်ကုန်၏၊ ခန္ဓာကိုယ်တွင်း၌လည်း ကပ်မှီတတ်ကုန်၏၊ ခန္ဓာကိုယ်ပ၌လည်း ကပ်မှီတတ်၏၊ နှုတ်ခမ်း သက်သက် တွင်လည်း ကပ်မှီတတ်၏၊ လောကီ လူသားတို့သည် ထိုဘီလူး၏ မှီခို ကပ်ရှားရာ ဌာနကို အတိ အကျ မသိရကုန်၊ သိမြင်ခြင်းငှါ မတတ်ကောင်းရာသော **ကမ္မဇိန္ဒြိ** ဌာန တမျိုးပေတည်း၊ ထိုအတူ ပထဝီ စသော ရုပ်တို့သည် သတ္တဝါမဟုတ်ပါဘဲ မိမိကိုယ်ကို မိမိသတ္တဝါဟုထင်မှားစေ၏၊ သစ်ပင်, တောတောင်, ရေမြေသမုဒ္ဒရာ စသည် မဟုတ်ပါဘဲကို သစ်ပင် တောတောင် ရေမြေ သမုဒ္ဒရာ စသည်ဖြင့် ထင်မှား မြင်မှားစေ၏၊ နှစ်သက်မှု မရှိဘဲလျက် နှစ်သက်ဖွယ် ရှိသယောင်ယောင်, ချစ် စ ဖွယ် မဟုတ် ဘဲ လျက် ချစ် စ ဖွယ် ရှိသယောင်ယောင် ဆောင်ကာ ပြသ ထင်မှား မြင်မှား ကြစေ၏၊ သဟဇာတ် တရားတို့၏ အတွင်းမှာ တည်သည်၊ အပြင်မှာတည်သည်ဟု တိတိကျကျ သိမြင်ခြင်းငှါ မစွမ်းနိုင်သော ဌာနလည်း ဖြစ်ပေ၏၊ ဤသို့ဘီလူးထီးတို့နှင့်တူသောကြောင့်လည်း ပထဝီစသော ရုပ်တို့သည် မဟာဘုတ်မည်၏။

ဘီလူးမသည် မိမိကိုယ်တိုင်က ကြောက်လန့်ဖွယ် ရွံရှာဖွယ်ဖြစ်လျက် မိမိတို့ သက်ဆိုင်ရာ အကွက်မှာ လူတို့အား အလှရုပ် အပျိုစင် ချစ်ခင်စဖွယ် မြတ်နိုးချင်စဖွယ် ပြိုင်စံရှား တပါးကေသီ လှမဒီရုပ်မျိုးကို ဖန်ဆင်းလျက်ပြကာ တကယ့် လှဘုရင်မကလေးဘဲဟု ထင်မှားမြင်မှား စေ၏၊ ထို့အတူ ပထဝီ စသော ရုပ်တို့သည် လှရုပ် ဆိုးရုပ် အကြည်းတန်ရုပ် စပယ်ပြုရုပ်ကလေးတွေ မဟုတ်သော်လည်း လူတို့အား လှရုပ် အမျိုးမျိုး ဆိုးရုပ် အမျိုးမျိုး ပြကာ ထင်မှား မြင်မှား စေ၏။

ထို့ကြောင့် ပထဝီစသောရုပ် ၄-ပါးတို့သည် မျက်လှည့်သမား ဟူသော မဟာဘုတ်, ဘီလူးထီး ဟူသော မဟာဘုတ်, ဘီလူးမ ဟူသော မဟာဘုတ်နှင့် တူလေသောကြောင့် မဟာဘုတ် မည်ကြ လေသည်။

ပထဝီဓာတ်။ ။ပထယတီတိ ပထဝီ=အတူဖြစ်ဖက် ရုပ်တရားတို့၏ တည်ရာ အဖြစ်ဖြင့် ထင်သော ကြောင့်ရင်း, ပုထု မဟန္တိ ဟုတွာ ဇာယတီတိ ပထဝီ=ကြီးသည်ဖြစ်၍ ဖြစ်တတ်သော ကြောင့်ရင်း, ပကာရေန ထဝိယတီတိ ပထဝီ = အလုံး စုံသော ရုပ် အဆောက် အဦ တို့၏ တည်ရာ ဖြစ်သောကြောင့် ဤပထဝီကား ထိုရုပ် တို့၏ တည်ရာ ပေတည်း, မှီရာပေတည်း စသော ဂုဏ်ပုဒ်ဖြင့် ချီးမွမ်း အပ်သောကြောင့်ရင်း ပထဝီ မည်၏၊ ထိုပထဝီ သည်ပင် သတ္တ မဟုတ် သော အနက် ဇီဝ မဟုတ်သော အနက်အားဖြင့် ဓာတ်မည်သောကြောင့် ပထဝီဓာတ် မည်၏၊ ထို ပထဝီ ဓာတ်သည် စမ်းသပ်သည့် အခါ တွေ့ ကောင်းသော လက္ခဏာရှိ၏၊ လက်နှင့် စမ်းသပ် တွေ့သည်ကား ပထဝီ ဓာတ်သာ ဖြစ်၏။

ပထဝီ ဓာတ်သည် အကြမ်း ပထဝီ, အနုပထဝီဟု ၂-မျိုး ရှိရာတွင် ပထဝီ ကက္ခဋ္ဌ လက္ခဏာ=ကြမ်းထမ်းသော လက္ခဏာ ဆိုသည်ကား ပထဝီဓာတ်မှ ကြွင်းသော ဘုတ် သုံးပါးကိုထောက်၍ ဖြစ်၏၊ ပထဝီ အချင်းချင်း ထောက်၍ကား နူးညံ့ ပထဝီ, ခက်မာ ပထဝီ-ဟု နှစ်မျိုး ဖြစ်လေသည်။

အာပေါဓာတ်။ ။အာပေတီတိ အာပေါ=သဟဇာတ်ရုပ် တရား တို့ကို ဖြန့်နှံ့လျက် တည်တတ်သောကြောင့်ရင်း, အပ္ပါယတိ ဝဍ္ဎေတီတိ အာပေါ—သဟဇာတ်ရုပ်တို့ကို ပွါးစေတတ် သောကြောင့်ရင်း, အာဘုသော ပါတိ ရက္ခတီတိ အာပေါ—သဟဇာတ် ရုပ်တို့ကို ကွဲပြားမှု မရှိလေအောင် လွန်မင်းစွာ စောင့်ရှောက်တတ် သောကြောင့်ရင်း, အာဘုသော ပိဝတီတိ အာပေါ=သဟဇာတ်ရုပ် တို့ကို ပေါင်းစုတတ်သောကြောင့်ရင်း, အာပေါမည်၏၊ ထို အာပေါ သည်ပင် ဓာတ်ဖြစ်သောကြောင့် အာပေါဓာတ်မည်၏။

ထိုအာပေါဓာတ်သည် ဖွဲ့စည်းခြင်းလက္ခဏာရှိ၏၊ ပကတိရေမှာ အာပေါဓာတ် လွန်ကဲ၏၊ ထို့ကြောင့် ပကတိရေသည် ဖွဲ့စည်းတတ်

သည်ဖြစ်၍ အဘုံးအခဲကြီးဖြစ်ရသည် မဟုတ်လောဟု ဆိုပါက ဤသို့လည်း မဖြစ်သင့်ပါ၊ အကြောင်းသော်ကား အတုံးအခဲ ဖြစ်အောင် ဖွဲ့စည်းတို့ရာ ပထဝီဓာတ် နည်းပါးလေသောကြောင့်ဖြစ်၏၊ပထဝီဓာတ် အားကောင်းသော အရာဝတ္ထုမှာသာ အာပေါဓာတ်သည် အလွန် ဖွဲ့စည်းမှုဖြင့် ဖွဲ့စည်းနိုင်လေသည်။

တေဇောဓာတ်။ ။တေဇတီတိတေဇော=ထက်မြက်သဖြင့်တောက်ပသကဲ့သို့ သဟဇာတ်ရုပ်တို့ အလယ်မှာ ထင်ရှားပြတတ်သောကြောင့်ရင်း, တေဇေတီတိ တေဇော=သဟဇာတ် တရားတို့ကို အားစွမ်းထက်မြက်အောင် ပြုတတ်သောကြောင့်ရင်း, တေဇေတိ ဥသ္မာပေတီတိ တေဇော=သဟဇာတ်တရားတို့ကို ရင့်စေပူစေတတ်သောကြောင့်ရင်း တေဇောမည်၏၊ ထိုတေဇောသည်ပင် ဓာတ်မည်သောကြောင့် တေဇောဓာတ်မည်၏။

တေဇောဓာတ်သည် ပူသော အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ဤလိုဆိုပြန်တော့ အေးသည်၏အဖြစ်သည် တေဇောမဟုတ်ဟုဆိုရာ ရောက်၏၊ ဤလိုလည်း မဟုတ်ပါ၊ ဥဏှဟူသည် အပူကို ဆိုလိုသည် မဟုတ်၊ ရင့်ကျက်စေမှုကိုသာ ခေါ်ပါသည်၊ အပူဖြင့် ရင့်ကျက်သည် ဖြစ်စေ, အအေးဖြင့် ရင့်ကျက်သည်ဖြစ်စေ, ဥဏှပင် ဖြစ်ပါသည်။

မူလဋီကာ၌......တေဇော ဝေ ဟိ သီတံ၊ ဟိမပါတ သမ ယာဒိသု ပရိပါစကတာ ဒဿနတော-ဟု မိန့်ဆို၏။

အအေးလည်း တေဇောပင်တည်း၊ ဘဲ့ကြောင့်နည်း-ဆီးနှင်းကျသောအခါ စသည်များမှာ ပဗ္ဗည်းဝတ္ထုများ ကျက်သွားသော အဖြစ်ကို မြင်ရသောကြောင့်ပေတည်း။

ရေခဲမိ်သဖြင့် သားမိ်း ငါးမိ်းများ အချိန် ကြာရှည်စွာ ခံခြင်း, ချဉ်ထည့်သောငါးများ မပုပ်ခြင်း စသည်ကား အအေးဓာတ်ဖြင့် ကျက်နေသောကြောင့်ပင် ဖြစ်၏။

ဝါယောဓာတ်။ ။ဝါယတီတိဝါယော=အရပ်တပါးမှာ ဖြစ်ဘို့ရန် အကြောင်း အနေဖြင့် ဘုတ် အဆက်ဆက်ကို အရပ်ဘပါးသို့ ရောက်စေတတ်သောကြောင့်ရင်း,ဝါယတိ ဝဟတီတိ ဝါယော=သဟဇာတ်တရားတို့ကို မကျအောင် ရွက်ဆောင်တတ်သော

ကြောင့်ရင်း, ဝါယောမည်၏၊ ထိုဝါယောသည်ပင် သတ္တဝါဇီဝမဟုတ်သော အနက်အားဖြင့် ဓာတ်မည်သောကြောင့် ဝါယောဓာတ်မည်၏။

ဝါယောဓာတ်သည် ထောက်ခံခြင်း လက္ခဏာရှိ၏၊ ခိုင်မာသော ကျောက်တိုင် စသည်တို့၌ ဝါယောဓာတ်ကို မရအပ်လေဟုဆိုငြားအံ့၊ ဤသို့ကား မဆိုသင့်ပေ၊ အကြောင်းသော်ကား-ကျောက်တိုင် စသည်တို့မှာလည်း ပထဝီဓာတ်သည် တကွဖြစ်ဖက် ဝါယောဓာတ်၏ထောက်ခံမှုကိုရ၍ အစွမ်းထက်ကာ အလွန်မြဲမြံသော အဖြစ်သို့ ရောက်လျက် ဆောင်ရွက်နိုင်လေသောကြောင့် ပေတည်း။

ပသာဒရုပ်

ပသာဒရုပ်ငါးခု=စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ။

စက္ခု။ ။စက္ခတီတိ စက္ခု = ညီညွတ်သည်, မညီညွတ်ကို သိကြောင်းဖြစ်၍ ညီညွတ်သည် မညီညွတ်သည်ကို ပြောကြားတတ် သောကြောင့် စက္ခု မည်၏၊ (တနည်း) စက္ခတိ အဿာဒေတီတိ စက္ခု=ထင်လာတိုင်းသော ရူပါရုံကို မပယ်မြစ်ဘဲ သာယာတတ်သောကြောင့် စက္ခုမည်၏။

သောတ။ ။သုဏာတီတိ သောတံ=ကြားတတ် သောကြောင့် သောတ, သုဏန္တိ ဧတေနာတိ သောတံ=ကြားနာကြောင်းဖြစ်သောကြောင့် သောတ မည်၏။

ဃာန။ ။ဃာယတီတိဃာနံ=နံတတ်သောကြောင့်ရင်း,ဃာယန္တိ ဃာယိယန္တိ ဝါ ဧတေနာတိ ဃာနံ=အနံ့ ခံကြောင်း ဖြစ်သောကြောင့်ရင်း, ဃာနမည်၏။

ဇိဝှါ။ ။ဇီဝိတ၏ အကြောင်းဖြစ်သော အရသာကိုပင် ကာရဏူပစာ အားဖြင့် ဇီဝိတ ဟု ခေါ်၏၊ ဇီဝိတံ အဝှါယတီတိ ဇိဝှါ=ရသာရုံ၌ စိတ်ညွတ်နေသဖြင့် ထိုရသာရုံကို ခေါ်တတ်သောကြောင့် ဇိဝှါ မည်၏။ ဇီဝိတံ ဝဟတိ ဧတာယာတိ ဇိဝှါ အသက်ကို ရွက်ဆောင်ကြောင်း ဖြစ်သောကြောင့် ဇိဝှါ မည်၏။ (တနည်း)ဇိဝှါ ဟူရာ၌ ဇိ-တပုဒ် ဝှါ-တပုဒ်ကြံ၊ အောင်ခြင်း ရှုံးခြင်းနှစ်မျိုးကို ဇိ ဟု ခေါ်၏၊ထိုအောင်ခြင်း ရှုံးခြင်းနှစ်မျိုးကို ဆောင်ရွက်ကြောင်းဖြစ်သော သတ္တိကြောင့် ဇိဝှါမည်၏။ သဒ္ဒါရနှင့်တကွဖြစ်သော လျှာကိုရ၏။

ပုရိသဿ ဟိ ဇာတဿ၊ ကုဒါရီ ဇာယတေ မုခေ။
ယာယ ဆိန္ဒတိ အတ္တာနံ၊ ဗာလော ဒုဗ္ဘာသိတံ ဘဏံ။

ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

လူ့ဘဝမှာ မွေးဖွါးလာသော ယောကျ်ား၏ ခံတွင်း၌ လျှာဟူသော ဓားမကြီးသည် ပါရှိ၏၊ မကောင်းစကားကို ပြောကြားသူဖြစ်က ယင်းလျှာဟူသောဓားမကြီးဖြင့် မိမိကိုယ်ကိုဖြတ်ပိုင်းလေ၏။

ဤနေရာ၌သင်္ခါရဖဿါနှင့်တကွဖြစ်သောကြောင့် ပသာဒရုပ်ကိုပင် ဖဿါဟု ဆိုအပ်၏။

ကာယ။ ။ကုစ္ဆိတာနံ အာယော ကာယော=စက်ဆုပ် ရွံရှာဖွယ် ဆံစသည့်, အကုသိုလ် စသည်တို့၏ ဖြစ်ရာဌာန ဖြစ်သောကြောင့် ကာယမည်၏၊ သသမ္ဘာရ ကိုယ်ရ၏၊ ထိုသသမ္ဘာရ ကိုယ်နှင့် တကွ ဖြစ်သော ပသာဒကာယကို ဤနေရာ၌ ကောက်ယူလေ။

ပသာဒ။ ။ဤ စက္ခု, သောတ, ဃာန,ဇိဝှါ,ကာယ-ဟူသော ရုပ်ငါးခုသည် ပသိဒန္တိတိ ပသာဒါ, ပသိဒန္တိ ဗြော်ာတိ ပသာဒါ=ကြည်လင် တတ်သောကြောင့်၎င်း, စက္ခု စသော အကြည်ဓာတ်၌ နစ်တတ်သောကြောင့်၎င်း ပသာဒမည်၏။ လဝန်း စသော အာရုံနိမိတ်တို့သည် စက္ခုစသော အကြည်ဓာတ်၌ နစ်သကဲ့သို့ သရုပ်အားဖြင့် ထင်လာကြကုန်၏။

ဤ ရုပ်ငါးခု တို့သည် မြင်လိုမှုဟူသော ရူပတဏှာ စသည်လျှင် အကြောင်းရင်းရှိသော ဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာရှိကုန်၏ ဟူ၍၎င်း, ရူပါရုံ စသည်တို့၏ ထိခိုက်ခြင်းငှါ ထိုက်သော ဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာရှိကုန်၏ဟူ၍၎င်း မှတ်အပ်ကုန်၏။

ပသာဒတို့၏တည်ရာဌာန

စက္ခုအပြား

စက္ခုသည် မံသစက္ခု, ပညာစက္ခု ဟု နှစ်မျိုးရှိ၏၊ ထိုတွင် မံသစက္ခုသည် သသမ္ဘာရစက္ခု,ပသာဒစက္ခုဟု ၂-မျိုးရှိ၏၊ထိုတွင် မျက်စိတွင်းငယ်၌ အောက်မျက်ခမ်းရိုး, အထက် မျက်ခုံးရိုး, အတွင်းဘက်

ဦးနှောက်, အပြင်ဘက် မျက်မွေးတို့ဖြင့် ပိုင်းခြား အပ်သော အသား ဆိုင်သည်ရှိ၏၊ထိုအသားဆိုင်မှာ အကျဉ်းအားဖြင့် ဓာတ်ကြီး ၄-ပါး, ဝဏ္ဏ, ဂန္ဓ,ရသ,ဩဇာ,သမ္ဘဝ,သဏ္ဌာန်,ဇီဝိတ,ဘာဝ,ကာယပသာဒ, စက္ခုပသာဒ-ဟု အဆောက်အဦ ၁၄-ပါးရှိ၏။

အကျယ်အားဖြင့်မူကား......ဓာတ်ကြီး ၄-ပါး, ဝဏ္ဏ ၁, ဂန္ဓ ၁, ရသ ၁, ဩဇာ ၁, သဏ္ဌာန် ၁, သုက် ၁, အားလုံးပေါင်း ၁၀-ပါး ဖြစ်၏။ အကြောင်း ၄-ပါးနှင့် မြှောက်၊ ၄၀-ဖြစ်၏။ ဇီဝိတ ဘာဝ, ကာယ,စက္ခု ၄-ခုနှင့်ပေါင်း အဆောက်အဦပေါင်း ၄၄-ပါးဖြစ်၏။

လူအပေါင်းက ဖြူသောမျက်စိဟူ၍ရင်း,ကြီးသော မျက်စိဟူ၍ရင်း, သန့်ရှင်းသော မျက်စိဟူ၍ရင်း, ကျယ်သောမျက်စိဟူ၍ရင်း, ဝန်းပိုင်း သော မျက်စိဟူ၍ရင်း, ပြာလဲ့သော မျက်စိဟူ၍ရင်း, သိနေသည်မှာ ပသာဒစက္ခုကို သိကြသည်မဟုတ်၊ ပသာဒစက္ခု၏တည်ရာအဆောက် အဦကိုသာ စက္ခုအားဖြင့် သိနေ၏၊ထိုအသားပိုင်သည်ကား မျက်တွင်း၌တည်၏၊ ဦးနှောက်ကြောဖြင့် ဖွဲ့ထားအပ်၏၊ အသားပိုင်မှာ ဖြူမှု,မဲမှု, နီမှု, ပထဝီအားကြီးမှု, အာပေါအားကြီးမှု, တေဇောအားကြီးမှု, ဝါယောအားကြီးမှုရှိ၏။

> သလိပ်အားကြီးသော် မျက်သားစိုင် ဖြူ၏၊ သည်းခြေ အားကြီးသော် နက်၏၊ သွေးအားကြီးသော် နီ၏၊ပထဝီအားကြီးသော် ပြန့်ကျယ်၏၊အာပေါအားကြီး သော် အရေယို၏၊ တေဇောအားကြီးသော် ပူလောင်၏၊ ဝါယောအားကြီး သော် ဝါ၏၊ ဤသည်ကား သသမ္ဘာရစက္ခုပေတည်း။

ပသာဒစက္ခု

ဤသသမ္ဘာရ စက္ခုမှာ မိုလျက် သသမ္ဘာရ စက္ခုနှင့် ဖွဲ့စပ်လျက် မဟာဘုတ် ၄-ပါးကိုစွဲ၍ ကြည်မှုသည် ပသာဒစက္ခုမည်၏။ထိုပသာဒ စက္ခုသည် သသမ္ဘာရ စက္ခု မျက်သား အဖြူ‌ာန်းဖြင့် ခြံရံအပ်သော မျက်နက်ဝန်း၏အလယ် သန်းဦးခေါင်းပမာဏရှိသော ရှေးရှုတည်လာ သူတို့၏ ကိုယ် အရိပ် သဏ္ဌာန် ထင်ရာ အဝန်း၌ (ဝါဂွမ်း ခုနစ်လွှာ၌ လောင်းထည့်သော ဆီသည် ဝါဂွမ်းခုနစ်လွှာကို နှံ့၍ တည်သကဲ့သို့) ခုနစ်ခုသော မျက်လွှာတို့ကို နှံ့၍ တည်၏။

ထို့ကြောင့် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာထေရ်သည်-

ယေန စက္ခုပသာဒေန ရူပါနိ သမနုပဿတိ။
ပရိတ္တံ သုခုမံ ဧတံ၊ ဦကာသိရ သမူပမံ။

ဟု မိန့်တော်မူ၏။

အကြင်စက္ခုပသာဒဖြင့် ရုပ်အမျိုးမျိုးကို မြင်၏၊ ထိုစက္ခုပသာဒ သည် သေးငယ်၏၊ နူးညံ့၏၊ အရွယ်အစားမှာ သန်းဦးခေါင်းမျှ ပမာဏရှိ၏။

မှတ်ချက်။ ။သန်းဦးခေါင်းမျှ ပမာဏရှိ၏ဟု ဆိုသည်ကား လူကိုရည်ရွယ်၍သာ ဆိုသည်၊ဆင်စသော သတ္တဝါကြီးတို့မှာ သန်းဦးခေါင်းထက် ကြီး၍ ကမျဉ်းနီစသော သတ္တဝါငယ်တို့မှာ သန်းဦးခေါင်းအောက် ငယ်သည်ဟု မှတ်လေ။ အရွယ် အကြီး အသေး လိုက်၍ ပသာဒ အကြီး အသေးကို သိရာ၏။

ပညာစက္ခုသည် ဗုဒ္ဓစက္ခု, သမန္တစက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, ဓမ္မစက္ခု-ဟု ငါးမျိုးရှိရာ "အဒ္ဒသံခေါ အဟံ ဘိက္ခဝေ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော" စသည်ဖြင့် ဟောတော်မူရာ၌ ဗုဒ္ဓစက္ခု, သဗ္ဗညုတဉာဏ်သည် သမန္တစက္ခု "စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ" ဟူရာ၌ ဉာဏစက္ခု "အဒ္ဒသံ ခေါ အဟံ ဘိက္ခဝေ ဒိဗ္ဗေန စက္ခုနာ" စသည်ဖြင့် ဟောရာ၌ ဒိဗ္ဗစက္ခု, အောက်မဂ် သုံးပါးနှင့် ယှဉ်သော ဉာဏ်သည် ဓမ္မစက္ခုမည်၏။

သောတပသာဒ သည် နားတွင်းဝယ် လက်စွပ်ကွင်းနှင့် ပုံသဏ္ဌာန် တူသော မွေးနီနုကလေးများ ပေါက်ရာအရပ်ကို နှံ့၍ တည်၏။

ဃာနပသာဒ သည် နှာခေါင်းအတွင်းဝယ် ဆိတ်ခွါနှင့်ပုံသဏ္ဌာန် တူသော အရပ်ကို နှံ့၍တည်၏။

ဇိဝှါပသာဒသည် သသတ္တာရလျှာအလယ်၌ ကြာရွက်ဖျားသဏ္ဌာန် ရှိသော အရပ်ကို နှံ့လျက် တည်၏။

ကာယပသာဒသည် ကြီးစွာသော ဝါဂွမ်းလုံးကြီး၌ လောင်းထည့်သော ဆီကဲ့သို့ ပါစကတေဇော၏တည်ရာအရပ်နှင့်ဆံဖျားအမွေးဖျား, ခြေသည်း လက်သည်းများ အရေခြောက်ရာဌာနမှတပါး တကိုယ်လုံး ကိုနှံ့၍တည်၏။

ထို ပသာဒရုပ် ငါးခုတို့သည် သူတို့ဆိုင်ရာဆိုင်ရာ ပဉ္စဒွါရိက စိတ်တို့၏ ဝတ္ထုအဖြစ်,ဒွါရအဖြစ်ကို ပြီးစေကုန်၏·ပဉ္စပသာဒ အသီးသီးအား ခတ်ကြီး လေးပါးတို့သည် ဆောင်ခြင်း ကိစ္စ, ဖွဲ့စည်းခြင်း ကိစ္စ, ရင့်ကျက်ခြင်းကိစ္စ, ရွေ့ရှားခြင်းကိစ္စတို့ဖြင့် ကျေးဇူးပြုကုန်၏။အယ်နိုးတော်ကြီး လေးဦးတို့သည် မင်းသားငယ်အား ချီပိုးခြင်းကိစ္စ, ရေချိုးပေးခြင်းကိစ္စ, တန်ဆာဆင်ခြင်းကိစ္စ, ယပ်လေခပ်ပေးခြင်းကိစ္စတို့ဖြင့် ထောက်ပံ့သကဲ့သို့ပင်တည်း။

မင်းသားငယ်ကို ဖခမည်းတော်မင်း ဘကြီး ဘထွေး အစ်ကြီးတို့သည် စောင့်ရှောက်သကဲ့သို့ ဥတုဇိတ်, အာဟာရတို့သည် စောင့်ရှောက်ကုန်၏။ မင်းသားငယ်ကို ပြည်ကော်သိုး ဆာရေဝန်ကြီးသည့် စောင့်ရှောက် သကဲ့သို့ အာယုခေါ် ဇီဝိတိန္ဒြေသည် ထိုပသာဒရုပ်ကို စောင့်ရှောက်၏။ ထိုမင်းသားငယ်ကို မွေးဖေါ် မွေးဖက် အမတ်သားတို့သည် ခြံရံကုန်သကဲ့သို့ ထိုပသာဒရုပ်ကို ဝဏ္ဏ စသည်တို့သည် ခြံရံကုန်၏။

မှတ်ချက်။ ။သတ္တဝါတို့၏ စိတ်သည် ဆန်းကြယ်၏၊ စိတ်ဆန်းကြယ်မှုကြောင့် မှတ်သားမှုတွေ ဆန်းကြယ်၏၊မှတ်သားမှု ဆန်းကြယ်လို့ မက်မောစွဲလမ်းမှု ဆန်းကြယ်၏၊မက်မောမှု ဆန်းကြယ်လို့ လုပ်ဆောင်မှုကိစ္စတွေဆန်းကြယ်၏၊ လုပ်ဆောင်မှုတွေ ဆန်းကြယ်လို့ ကံကြောင့်ဖြစ်သော ဘူတရုပ် ဖြစ်မှုတွေ ဆန်းကြယ်၏၊ ဘူတရုပ်တွေ ဆန်းကြယ်လို့ ဤပသာဒရုပ်တွေ ဆန်းကြယ်လေသည်၊အချင်းချင်း မတူညီကြကုန်၊ သူတို့သည် ပသာဒ အကြည်အဖြစ် တူညီသော်လည်း အချို့ပသာဒတို့ကား ရူပါရုံကိုသာ ထိခိုက်နိုင်ကြသည်၊ အချို့ပသာဒတို့ကား သဒ္ဒါရုံ စသည်ကိုသာ ထိခိုက်နိုင်ကြသည်၊ သို့ဖြစ်၍ သူတို့ပသာဒရုပ်ချင်းလည်း လက္ခဏာအားဖြင့် မရောနှော၊ အခြားရုပ်တွေနှင့်လည်း လက္ခဏာအားဖြင့် ရောနှောမှု မရှိကြလေ။

ဂေါစရရုပ်

ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံအာပေါဓာတ်ကြဉ်သောဘူတမှုန် ၃-ခုဟူသော ဖောဋ္ဌဗ္ဗာရုံသည် ဂေါစရရုပ်မည်၏။

ရူပ။ ။ရူပယတိတိရူပံ=အဖြူ,အညို,အဝါ, အရွေ,အနီ,အပြာ, စသော အဆင်းထူးသို့ ရောက်၍ ထင်ရှားလိုးဦ ဝင်လာသည်၏အဖြစ်ကိုပြတတ်သောကြောင့် ရူပမည်၏၊ အဆင်းအာရုံမျိုး။

သဒ္ဒ။ ။သဒ္ဒတိတိ သဒ္ဒေါ=သောတဝိညာဏ်စိတ်၏ အာရုံ အဖြစ် သို့ ရောက်တတ်သောကြောင့်၎င်း, သဒ္ဒယတိတိ သဒ္ဒေါ= ထိုထို အနက်ကို၎င်း,မိမိ၏တည်ရာဝတ္ထုကို၎င်း, ပြောကြားတတ်သော ကြောင့် သဒ္ဒ မည်၏၊ (တနည်း) သဒတိတိ သဒ္ဒေါ= အရပ် ထိုထို, ဒေသထိုထိုသို့ တခဏချင်း ပြန့်နှံ့တတ်သောကြောင့်လည်း သဒ္ဒမည် ၏။ အသံအာရုံမျိုး။

ဂန္ဓ။ ။ဂန္ဓယတိတိ ဂန္ဓော=မိမိတည်နေမှီနေတဲ့ ဝတ္ထုကိုပြတတ် သောကြောင့် ဂန္ဓမည်၏။ (တနည်း)ဂေနု ဓာရိယတိတိ ဂန္ဓော=လေဖြင့် ဆောင်အပ်သောကြောင့်လည်း ဂန္ဓမည်၏။ နံ့သာ အာရုံမျိုး။

ရသ။ ။ရသိယတိတိ ရသော= သာယာအပ်သောကြောင့်၎င်း, ရသန္တိတိ ရသော= သာယာစေတတ်သောကြောင့်၎င်း ရသမည်၏၊ အရသာအာရုံမျိုး။

ဖောဋ္ဌဗ္ဗ။ ။ဖုသိယတိတိ ဖောဋ္ဌဗ္ဗံ = တွေ့ထိအပ် သောကြောင့် ဖောဋ္ဌဗ္ဗမည်၏၊ အတွေ့အာရုံမျိုး။ ဤတွေ့မှု ထိမှုဟူသည် ပသာဒရုပ်နှင့် တိုက်ခိုက်မိခြင်း၊ ကလာပ်တမျိုးပါ ဘုတ်တို့နှင့် တိုက် ခိုက်မိခြင်းပေတည်း၊ ထိုတိုက်ခိုက်မှု နှစ်မျိုးသည် အာပေါဓာတ်မှာ မရှိပါလေ၊ ထို့ကြောင့် အာပေါဓာတ်ကို ကြဉ်ရလေသည်။

အာပေါဓာတ်မှာ တွေ့မှု ထိမှု နှစ်ပါး ဘဲ့ကြောင့် မရှိပါသနည်း။ အေးသည်၏ အဖြစ်, ပူနွတ်သည်၏ အဖြစ်ကို တွေ့ထိအပ်သည်မဟုတ် ပါလော။

အဖြေမှာ.....အေးသည်၏ အဖြစ်ကား တေဇော ဓာတ်သာ ဖြစ်၏၊ အာပေါဓာတ် မဟုတ်ပါ၊ ထိုအေးသော အဖြစ်သည် အကယ်၍ အာပေါ ဓာတ်ဖြစ်ငြားအံ့၊ ကျိုက်ကျိုက် ဆူလျက် အလွန်ပူသော သံရည်၌ အေးသောအဖြစ် ရအပ်လေရာသည်၊ မှန်၏-ထိုသံရည်ပူသည် အာပေါ ဓာတ်လွန်ကဲသော အရည်သာဖြစ်၏ဟု သိအပ်၏၊ ဤသို့ကား မရအပ်ပါ၊ သို့ဖြစ်၍ အေးသော အဖြစ်ကား တေဇောသာဖြစ်၏၊ အာပေါမဟုတ်။

တနည်း–အအေး နှင့် အပူတို့သည် ကလာပ်တခုတည်းမှာ ပြိုင်၍ မဖြစ်နိုင်ကြ၊ ပိုမှာဘက်၌ တည်၏ဟု ဆိုလျှင် ဤမှာဘက်၌ မတည် သကဲ့သို့၎င်း၊ ဤမှာဘက်၌ တည်၏ဟုဆိုလျှင် ထိုမှာဘက်၌ မတည်

သကဲ့သို့ ၎င်းတည်း။ မှန်၏–အအေး ကလပ်မှာ အပူမရှိ၊ အပူကလာပ် မှာလည်း အအေးမရှိ၊အကြွင်ဝဋ္ဋုမှာ ရှေးကအေးသော အမှတ်သညာ တည်၏၊ နောက်အခါ ထိုထက်အေးသည့် ကလာပ်လာတော့ ထိုက လာပ်မှာဘဲ တဖန် အပူဟူသော အမှတ်သညာ တည်လာပြန်၏၊ အေး သထက်အေးသော အရာလာတော့ ပဌမအအေးက ဒုတိယ အအေးကို ထောက်လျှင် အပူဖြစ်လေသည်၊ အပူမှာလည်း ထို့အတူပင် အပူ အားသေးလျှင် အအေးသညာတည်လာ၏၊ အအေးအားသေးလျှင် အပူ သညာ တည်လာ၏။

ဝိုစွတ်သော အဖြစ်ဖြင့်ဖြစ်သော အာပေါဓာတ်ကို တွေ့ထိ၍ ယူအပ် ပြီးအံ့၊ သံတွေခဲစသည်တို့၌ ဖွဲ့စည်းမှုဖြစ်သော အာပေါကိုလည်း တွေ့ထိ၍သာ ယူအပ်လေရာသည်၊ ဤသို့ ဖြစ်ပါက ထိုသံတွေခဲစသည် တို့၌ အာပေါမှ တပါးသော ဘုတ်သုံးပါးတို့သည် တပါးတပါး ကင်း ကွာ၍ မိမိတို့ ဖါသာ အသီးအသီး ကာယိကသုခ ကာယိက ဒုက္ခတို့၏ အာရုံဖြစ်ကုန်ရာသကဲ့သို့ ထိုအာပေါသည်လည်း အာပေါမှကြွင်းသော ဘုတ်တို့နှင့်ကင်း၍ အသီးအခြား ကာယိကသုခ ကာယိက ဒုက္ခတို့၏ အာရုံ ဖြစ်လေရာ၏၊ ဤကဲ့သို့ ဖြစ်ကား မဖြစ်ပါ၊ မှန်၏၊ ထိုသံတွေခဲ စသည်ကို ထိသူတို့အား ဖြစ်သော ကာယိကသုခ ကာယိက ဒုက္ခသည် နူးညံ့မှု ခက်မာမှု၏ အစွမ်းအားဖြင့် ဖြစ်၏၊ မြေ့ပူမှု၏ အစွမ်းဖြင့်လည်း ဖြစ်၏၊ အတွင်း၌ ဖြစ်သော ထောက်ပံ့ခြင်း၏ အနံ့ အထက်၏ အစွမ်း ဖြင့်လည်း ဖြစ်၏၊ထို့ကြောင့် ရှေးအဋ္ဌကထာ ဘုတ် ၃–ပါးတို့ကိုထိ၍၎င်း၊ အဆင်းကို မြင်၍၎င်း၊ နောက်အဖို့မှာ သက်သက်သော ဓိတ်အစဉ်ဖြင့် အရှည် အတို စသော သဏ္ဌာန်ကို၎င်း၊ ညအခါ မီးစစက်ဝန်းကို၎င်း၊ ထိုထို အပေါက်ကြီး အပေါက်ငယ်ကို၎င်း၊ သိသူတို့ကဲ့သို့ ရှေးဦးစွာ ဝိုစွတ်သည်နှင့် တကွ ဖြစ်သော ကြေမွ နူးညံ့သော ဘုတ်တို့ကို၎င်း၊ ပထဝီ ဓာတ်ကို၎င်း ထိ၍ နောက် အခါမှာ မနောဝိညာဏ် အစဉ်ဖြင့် အသီးအခြား အရေ၏အဖြစ် ဝိုစွတ်သည်၏ အဖြစ်ကို သိကုန်၏၊ သို့ပေ မယ်လို့ ထူးခြားမှုကို မသိသူတို့က ဝိုစွတ်မှုကို ထိ၍ သိသည်ဟု ထင် မှတ်ကြသည်။

ဂေါစရ။ ။ရွှားတို့ မပြတ်ကျက်စားရာ ဌာနသည် ဂေါစရမည်၏၊ ယင်း ဂေါစရနှင့် တူသောကြောင့် ဤရုပ် ခုနစ်ခုသည် ဂေါစရ မည်၏၊ (တနည်း) စက္ခု စသော ဣန္ဒြေကို ဂေါ-ဟု ခေါ်၏၊ ထိုဂေါ-ခေါ် စက္ခုပသာဒ စသည်တို့သည် စက္ခုဝိညာဏ် စသည်တို့၏ ကည်ရာဖြစ်လျက် ထိုရူပါရုံစသည်တို့၌ ဖြစ်တတ်သောကြောင့် ဂေါစရ မည်၏၊ (တနည်း)ဂေါ-ခေါ် စက္ခုစသည်တို့သည် ထိုရူပါရုံစသည်တို့၌ ဖြစ်တတ် ထိခိုက်တတ်သောကြောင့် ဂေါစရ မည်၏၊ ထိုစက္ခုစသည် တို့ဖြစ်ရာ ရူပါရုံစသည်ကို တပေါင်းတည်း အဖြစ်သို့ဆောင်၍ ဂေါစရ ရုပ်ဟု ခေါ်၏။

မှတ်ချက်။ ။ရူပါရုံသည် စက္ခုပသာဒ,သဒ္ဒါရုံသည် သောတ, ဂန္ဓာရုံသည်ဃာန, ရသာရုံသည်ဇိဝှါ,ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒ၌ ထိခိုက်လေသည်။

ဘာဝရုပ်

ဣတ္ထိအဖြစ်,ပုရိသအဖြစ်သည် ဘာဝရုပ် မည်၏

ဣတ္ထိ ဟူသည် မသန့်ရှင်းသော အနေဖြင့်တည်သော ခန္ဓာငါးပါး အပေါင်းတည်း၊ ခန္ဓာ ပဉ္စကကို မသန့်ရှင်းသော အနေဖြင့် တည်နေ အောင် ပြုတတ်သော သဘော တရားသည် ဣတ္ထတ္တ (ဣတ္ထိ၏ ဖြစ် ကြောင်း) မည်၏၊ သန့်ရှင်းသော အခြင်းအရာအားဖြင့် တည်နေသော ခန္ဓာပဉ္စကကို ပုရိသဟုခေါ်၏၊ ခန္ဓာပဉ္စကကို သန့်ရှင်းသော အနေ ဖြင့် တည်မနေအောင် ပြုတတ်သော သဘော တရားသည် ပုရိသတ္တ (ပုရိသ၏ဖြစ်ကြောင်း) မည်၏။

ဣတ္ထတ္တသည် ဣတ္ထိလိင်,ဣတ္ထိနိမိတ္တ,ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့၏ အကြောင်း၏ အဖြစ်ဖြင့် မှတ်ကြောင်း လက္ခဏာရှိသော တရားဖြစ်၏၊ ပုရိသတ္တသည် ပုရိသလိင် စသည်တို့၏ အကြောင်း၏ အဖြစ် ဖြင့် မှတ်ကြောင်း လက္ခဏာရှိသော တရား မည်၏။

မှတ်ချက်။ ။ပြခန်းသော အစိတ်အပိုင်း သဏ္ဌာန်ကြီးသည် လိင် မည်၏၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းငယ်များသည် **နိမိတ္တ** မည်၏၊ ကစားမြူးတူးမှု ကြိယာထူး သည် ကုတ္တ မည်၏၊ သွားလာပုံ အခြင်းအရာထူးသည် **အာကပ္ပ** မည်၏၊ အချုပ် အားဖြင့် ဣတ္ထိလိင်စသောတို့သည် ခန္ဓာပဉ္စက၏ ဖြစ်ရပ်ထူးကလေးများပင်တည်း။

ဘဝန္တိ ဧတ္ထိ သဒ္ဒါ ဧတေနာတိ ဘာဝေါ=ဘာဝရုပ်နှင့် တကွဖြစ်သော ခန္ဓာအစဉ်၌ ဤသူကား မိန်းမ, ဤသူကား ယောကျ်ားဟု သဒ္ဒါ အသိဉာဏ်ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘာဝမည်၏၊ ဘာဝေါ ဧဝ ရူပံ ဘာဝ ရူပံ-ထိုဘာဝ သည်ပင် ရုပ်ဖြစ်၍ ဘာဝရုပ် မည်၏။

ဟဒယဝတ္ထုရုပ်

ဟဒယဝတ္ထု။ ။ဟဒန္တိ ဧတေနာတိ ဟဒယံ=သတ္တဝါတို့၏ ကျိုးရှိ ကျိုးမဲ့ကို ဖြစ်စေကြောင်း ဖြစ်သောကြောင့်ရင်း, ဟဒန္တိ သတ္တာ ဧတော နာနာဝိတက္ကေ ဩသဇန္တိ မုဉ္စန္တီတိ ဟဒယံ= သတ္တဝါတို့သည် အကြံအစည် အမျိုးမျိုးကို စွန့်ရာဌာနဖြစ်သောကြောင့်ရင်း, ဟရိယန္တီတိ ဟဒယံ=သတ္တဝါ တို့သည် ဇီဝိတိန္ဒြေခေါ် အသက် နည်းတူ စောင့်ရှောက်အပ်သောကြောင့်ရင်း ဟဒယ မည်၏ ထိုဟဒယ သည်ပင် တည်ရာဝတ္ထု ဖြစ်သောကြောင့် ဟဒယဝတ္ထု မည်၏။ ထိုရုပ် သည် နှလုံးအိမ် အတွင်း တလက်ဖက်မျှလောက်သော သွေးကို မှီ၍ တည်၏၊ ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဒေသနာစဉ် ပျက်မှုကို ကာကွယ်ရန် မဟောမူ၍ ပဋ္ဌာန်းကျမ်းမှာသာ ဟောတော်မူ၏။

> ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော စသော ပါဠိတော်ကို ထောက်လေ။

ဝတ္ထုရုပ်ခြောက်မျိုးမှတပါး အခြားဝတ္ထုရုပ်မည်သော တရားတမျိုး မရှိ၊ စက္ခုစသော ရှေ့ဝတ္ထုရုပ် ငါးခုသည် ကုသိုလ် စသည်တို့၏ မှီရာ မဟုတ်၊ ထို့ကြောင့် ထိုကုသိုလ် စသည်တို့၏ မှီရာ၏အဖြစ်ဖြင့် ပဋ္ဌာန်း ပါဠိတော်၌ ဟောအပ်သော ဝတ္ထုမည်သည် စက္ခုဝတ္ထု စသည်မှ အသီးအခြား ဖြစ်သော ဟဒယဝတ္ထုရုပ်ပေတည်း ဟူသော အဓိပ္ပါယ် သည်ပြီး၏။

ထိုဟဒယ ဝတ္ထုရုပ်သည် အဆင်းနှိ၏၊ ပဒုမာပွင့်ဖတ် ကျောဖက် အဆင်း နှင့် တူ၏၊ ပုံသဏ္ဌာန် အားဖြင့် အပဖြစ်သော ကြာဖတ် တို့ကို ပယ်၍ စောက်ထိုး ထားအပ်သော ပဒုမာ ကြာငုံ နှင့် တူ၏၊ ပြင်ဘက် ချော၍ အတွင်းဘက်ကား ခဝဲသီး၏ အတွင်းဘက်နှင့်တူ၏၊ ပညာရှိသူ မှာ စဉ်းငယ် ပွင့်၏၊ ပညာမဲ့သူမှာ ငုံ၏၊ နှလုံးသား၏ အတွင်းဘက်မှာ

ပုန်းညက်စေ့ တည်ရာ ဌာန မျှ တွင်း ငယ် ရှိ၏၊ အကြင် အရပ်၌ တလက်ဖက်မျှသော သွေးတည်၏၊ ယင်းသွေး တည်ရာအရပ်ကို အမှီပြု၍ မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် ဖြစ်ကုန်၏၊ ရာဂ အားကြီးသူမှာ နှလုံးသွေး နီ၏၊ ဒေါသ အားကြီး သူမှာ နှလုံးသွေး နက်၏၊ မောဟ အားကြီး သူမှာ နှလုံးသွေး သားဆေး ရေနှင့် တူ၏၊ အကြံ ဝိတက် များသူမှာ နှလုံးသွေး ပဲနောက်ရေ အဆင်း ရှိ၏၊ သဒ္ဓါ အားကြီးသူမှာ နှလုံးသွေး မဟာလှေကားပန်း အဆင်းရှိ၏၊ ပညာအားကြီးသူမှာ နှလုံးသွေး အလွန်ကြည်လင်၏၊ အပြစ်ကင်းသော ပတ္တမြား ရတနာ ကဲ့သို့ အရောင်ထွက်လျက်ထင်၏၊ နှလုံးသွေးတည်ရာဌာနကား သားမြွှတ်နှစ်ချ၏ အလယ်ဗဟိုတည်း။

ဆောင်ပုဒ်

ပညာဥာဏ်မြင့်–စဥ်ငယ်ပွင့်၊ ငုံလင့် ဥာဏ်မဲ့တွေ။
အနီရာဂ၊ နက်–ဒေါသ၊ မောဟ သားဆေးရေ။
ပဲနောက်ရေမူ၊ ကြံများသူ၊ ကြည်ဖြူစိတ်ထား၊ စရိုက်များ၊ လှေကားဖွင့်ရွှေရွှေ။
ပညာများလျှင်၊လွန်ကြည်လင်၊ပြစ်စင်ပတ္တမြား၊သို့အလား၊ရောင်ငွါးထင်သလေ။

ဇီဝိတိန္ဒြေ

ဇီဝိတိန္ဒြေ။ ။ဇီဝန္တိ ယေနာတိ ဇီဝိတံ=သဟဇာတ် တရားတို့ အသက်ရှင်ကြောင်းဖြစ်သောကြောင့် ဇီဝိတမည်၏၊ ဇီဝိတလည်းဟုတ် ဣန္ဒြေလည်းဟုတ်သောတရားသည် ဇီဝိတိန္ဒြေမည်၏။

ဇီဝိတိန္ဒြေသည် သဟဇာတ် တရား တို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိ၏၊ မျိုးစေ့ကြောင့်ဖြစ်သော ကြာစသည် တို့သည် မျိုးစေ့ ပျက်စီးသွားသော်လည်း ရေ၏ စောင့်ရှောက်မှုကြောင့် အချိန်ကြာရှည်စွာ အသက် ရှင်ကြသည်၊ ထို့အတူ ချုပ်လေပြီးသော ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့သည် ကံမရှိသော်လည်း ဇီဝိတိန္ဒြေ၏ စောင့်ရှောက်မှုကြောင့် အစဥ်၏အစွမ်းအားဖြင့် နှစ်ပေါင်း တရာ,တထောင်, တကမ္ဘာ,တဆဲ့ခြောက်ကမ္ဘာကာလကြာအောင်လည်း အသက်ရှင်ကြသည်၊ထို့ကြောင့် ဇီဝိတရုပ်အစောင့်အရှောက်မှကင်းသော စိတ္တဇရုပ်, ဥတုဇရုပ်,အာဟာရဇရုပ်တို့သည် အသက်ရှင်သည် မမည်ကုန်၊မှန်၏–

ထိုစိတ္တဇရုပ် စသည်တို့သည် စိတ်တမျိုးတည်း, ဥတုတမျိုးတည်း, အာဟာရတမျိုးတည်းဖြင့်ဖြစ်ကြရ၍ ထိုစိတ်ချုပ်လျှင် ထိုဥတုချုပ်လျှင် ထိုအာဟာရချုပ်လျှင် ချုပ်ကြကုန်၏၊ နောက်ဖက်မှာ တရဟုတ်မျှ လည်း အစဉ်ကိုစပ်ခြင်းငှါ မစွမ်းနိုင်ကုန်။

ထိုရုပ်များတွင် စိတ္တဇရုပ်စဉ်သည် ဝိညတ်တခု, ဝေါဝါရတခု, သမာပတ္တိဝါရတခုမျှဖြင့် ပြတ်လေသည်၊ ဥတုဇ,အာဟာရဇရုပ်စဉ်တို့သည် ကား သဘောတူ တမျိုးသောဥတု တမျိုးသောအာဟာရ၏အစွမ်းဖြင့် ပိုင်းခြားအပ်လေသည်၊ ကမ္မဇရုပ်တို့မှာမူကား အသီးအခြား သန္တတိ ပစ္စုပ္ပန်မည်သည် မရှိပါလေ၊ တခုသော ဘဝဖြင့် ပိုင်းခြားအပ်သော အဒ္ဓါပစ္စုပ္ပန်သာ ရှိလေသည်။

ကမ္မဇရုပ်တို့မှာ ဘဝတခုဖြင့် ပိုင်းခြားအပ်သော အဒ္ဓါပစ္စုပ္ပန်သာ ဖြစ်ခဲ့သော် နာမ်တရားတို့မှာ ဘဝတခုဖြင့် ပိုင်းခြားအပ်သော အဒ္ဓါ ပစ္စုပ္ပန်သည် အဘယ့်ကြောင့် မဖြစ်ပါသနည်း။ (စောဒနာတချက်)

မှန်၏၊ ထိုနာမ်တရားတို့သည် နာမ်ဇီဝိတိန္ဒြေနှင့် ယှဉ်သောကြောင့် အသက်ရှိကုန်၏၊ သို့သော်လည်း ထိုနာမ်တရားတို့မှာ သန္တတိ ပစ္စုပ္ပန် (ဖြစ်ဆဲ နာမ်အစဉ်) ထင်သည်မဟုတ်ပါလော။ (ဤလည်း စောဒနာ တချက်)။

တခုသောစိတ်ကြောင့်နည်းသည်ဖြစ်စေ,များသည်ဖြစ်စေ,ရုပ်သည် တကြိမ်သာဖြစ်၏၊ ထိုစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် အစဉ်မည်သည် မရှိ၊ ဘဲ့ကြောင့်ဆိုသော် စိတ္တဇရုပ်ကလာပ်တို့မှာ အစဉ်ကို ဖြစ်စေ တတ်သော ဇီဝိတရုပ်မရှိသောကြောင့် ပေတည်း။

စိတ္တဇရုပ်သည် ဇီဝိတနှင့်တကွ ဖြစ်ငြားအံ့၊ ဇီဝိတ၏ အစွန့်ရှည်စွာ ကာလကို နှံ့စေခြင်း၏ အစွမ်းသတ္တိ အားဖြင့် ထိုစိတ္တဇရုပ် အစဉ်သည် တနေ့ပတ်လုံး ဖြစ်စေ, တလပတ်လုံး ဖြစ်စေ, တနှစ်ပတ်လုံး ဖြစ်စေ, ထို့ထက် အလွန်လည်း တည်လတ့်သည်သာ ဖြစ်၏၊ မှန်၏-ဝိပါက်စိတ် တို့သည် ဝိထိမုတ္တပ္ပါဒ် မဖြစ်ခဲ့သော် အသက်ရှည်သမျှ ကာလပတ်လုံး လည်း အစဉ်တခုအနေဖြင့် တည်ကုန်လတ့်သည်သာတည်း။

ကုသိုလ်စိတ်, အကုသိုလ်စိတ်, ကြိယာစိတ်တို့မူကား–အာရုံထင် လာမှုကြောင့် ဖြစ်ကုန်၏၊ထိုအာရုံချုပ်၍ မရှိခဲ့ပါကလည်း ချုပ်လေပြီး

အဘိတ် အာရုံကို ပင်လျှင် ပြန်လည် ဆင်ခြင်လျက် များစွာသော စိတ်အစဉ်တို့သည် နာမ်ဇီဝိတ၏ အခွန့်ကာလ ပြန့်နှံ့သော အာနုဘော်စွမ်းကြောင့် တည်တံ့ကုန်သည်သာတည်း။

အာဟာရရုပ်

ကဗဠီကာရာဟာရ။ ။ကဗဠံ ကရိယတီတိ ကဗဠီကာရော-အလုပ်အလွေး ပြုအပ်သောကြောင့် ကဗဠီကာရ မည်၏၊ အာဟရီယတီတိ အာဟာရော-မျိုအပ်သောကြောင့် အာဟာရ၊ ကဗဠီကာရော စသော အာဟာရောစာတိ ကဗဠီကာရာဟာရော--အလုပ်အလွေးပြု၍ မျိုအပ် စားအပ်သောကြောင့် ကဗဠီကာရာဟာရ မည်၏။ (တနည်း) ကဗဠီကာရေ အာဟာရော--ကဗဠီကာရာဟာရော--ခဲအပ် စားအပ်သော အစာစသော ကဗဠီကာရ၌ဖြစ်သော အာဟာရသည် ကဗဠီကာရာဟာရမည်၏။ပရမတ္ထ ဩဇာဓာတ်ရ၏။ တရားကိုယ်ကောက်ပါက--အင်္ဂါကြီးငယ်သို့ ရောက်သော အရသာ၏ အနှစ်ဓာတ် ဖြစ်သော ထောက်ပံ့မှုအားကို ပြုတတ်သော ဘူတရုပ်ကို မှီသော အလွန် သိမ်မွေ့သော အဆီ အစေးသည် အာဟာရရုပ်မည်၏။

သဘာဝရုပ်စသည်

ဘူတရုပ်မှစ၍ အာဟာရရုပ် အဆုံးရှိသော ဤ ၁၀-ပါးသောရုပ်ကို သဘာဝရုပ်ဟူ၍၎င်း,သလက္ခဏရုပ်ဟူ၍၎င်း, နိပ္ဖန္နရုပ်ဟူ၍၎င်း, ရူပရုပ်ဟူ၍၎င်း, သမ္မသနရုပ်ဟူ၍၎င်း သဂြိုဟ်ရေတွက်ရလေသည်။

ကက္ခဠတ္တ စသော မိမိသဘောအားဖြင့် ပြီးသော ရုပ်သည် သဘာဝရုပ်မည်၏၊ ဥပါဒ်စသော လက္ခဏာ, အနိစ္စစသော သင်္ခတ လက္ခဏာနှင့် တကွ ဖြစ်သော ရုပ်သည် သလက္ခဏရုပ် မည်၏၊ တိုက်ရိုက် ကံစသောအကြောင်းတို့သည် ပြီးစေအပ်သော ရုပ်သည် နိပ္ဖန္နရုပ်မည်၏။ ရုပ္ပနလက္ခဏာနှင့် ပြည့်စုံသော မချဖြစ်သော ရုပ်သည် ရူပရုပ် မည်၏။ (ဆင်းရဲဆိုမှ ဆင်းရဲ,အတွင်းဆိုမှ အတွင်း ဟူသကဲ့သို့ ရုပ်ဆိုမှ ရုပ်ဟုဆိုလို၏) သင်္ခတ လက္ခဏာ နှင့် ယှဉ်သောကြောင့် အနိစ္စ စသော လက္ခဏာ သုံးပါးသို့ တင်၍ သုံးသပ်ထိုက်သော ရုပ်သည် သမ္မသနရုပ် မည်၏။

ပရိစ္ဆေဒရုပ်

အာကာသဓာတ်သည် ပရိစ္ဆေဒရုပ်မည်၏။

အာကာသဓာတ်။ ။အာကာသ်အဦတွေ့, ရုပ်ကလာပ်တွေသီးခြား သီးခြား တခုစီ တခုစီ ဖြစ်နေသည့် ကား အာကာသပင်တည်း၊ ထိုအာကာသ သည်ပင် သတ္တ ဇီဝ မဟုတ်သော အနက်သဘော အားဖြင့် ဓာတ်မည်၍ အာကာသဓာတ်ဟု ခေါ်ရလေသည်။ထိုအာကာသဓာတ်သည်ပင် ကလာပ်တပါး၌ဖြစ်သော ဘုတ်ရုပ်တို့ကို ကလာပ် တပါး၌ ဖြစ်သော ဘုတ်ရုပ်တို့နှင့် ရောနှောမှု မရှိအောင် ပြုတတ်လေသောကြောင့် ပရိစ္ဆေဒရုပ် မည်လေသည်။ ၎င်းရုပ်သည် ဥပါဒ်နှင့်တကွဖြစ်သော သဘော တရားတခုမဟုတ်၊ တစုံတခုသောရုပ်ကလာပ်၏ အသင်းအပင်းဘက်ပါတရားလည်းမဟုတ်။မှန်၏-ဝိကာရရုပ် လက္ခဏာရုပ်တို့သည် သဘာဝတရားမျိုး မဟုတ်သော်လည်း ထိုထို ရုပ်ကလာပ်တို့၌ တွေ့မြင်ရလေသောကြောင့် ထိုထို ရုပ်ကလာပ်တို့၏ အသင်းအပင်း ဘက်ပါတရားဖြစ်ကုန်၏။ ဤပရိစ္ဆေဒ ရုပ်သည်ကား ထိုရုပ်ကလာပ်တို့မှ အမြဲကင်းလွတ်၍ အပြင်ဘက်တရား ဖြစ်သောကြောင့် ဘယ်ကလာပ်၏အသင်းအပင်းဝင်မှမဟုတ်ပေ။သဘာဝတရား မဟုတ် သောကြောင့် လည်း ဘယ်ရုပ်နှင့်မျှ တွေ့ထိမှု မရှိ၊ ထိုကြောင့် ထိုပရိစ္ဆေဒ ရုပ်ကို-အသံဖုဋ္ဌ် စတုဟိ မဟာဘူတေဟိ-ဟု ပါဠိတော်၌ ဟောတော်မူအပ်လေသည်။

ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့ကို ပိုင်းခြားခြင်း လက္ခဏာရှိ၏၊ ရုပ်ကလာပ်ချင်း တခုနှင့်တခုသီးခြား တည်နေမှုကား ပရိစ္ဆေဒ ရုပ်ပင် ဖြစ်ကြောင်းသိအပ်၏။

ဝိညတ်ရုပ်

ကာယဝိညတ်, ဝစီဝိညတ်သည် ဝိညတ်ရုပ် မည်၏။

ကာယဝိညတ်။ ။လှုပ်ရှားသော ကိုယ်အင်္ဂါ အစိတ် အပိုင်းဖြင့် မိမိကိုလည်း မျက်မှောက် တည်နေသူများက ဘာပြုလုပ် လိုကြောင်းသိ၏၊ ဝိညတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ အလိုကိုလည်း မိမိကသိ၏၊ ထိုအသိတရားကို ဖြစ်စေတတ်သော ဝိညတ်သည် ကာယဝိညတ် မည်၏၊

ဝစီဝိညတ်။ ။နှုတ်အင်္ဂါ ဖြစ်သောအသံဖြင့် မိမိကိုကြားလောက်ရာ အရပ်မှာ တည်နေသူ များက မိမိ ဘာပြောဆိုနေကြောင်းသိ၍၊ မိမိကလည်း ဝိညတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏အလိုကိုလည်း နှုတ်ပြောမှုဖြင့်သိ၏၊ ထိုနှုတ်အင်္ဂါဖြင့်သိမှုသည် ဝစီဝိညတ် မည်၏။

(တနည်း) လူတို့သည် အချင်းချင်း၏ စိတ်ကိုသိကြောင်း ဖြစ်သောကြောင့် ဝိညတ် မည်၏၊ အသည်ကိုယ်ဖြစ် အဆောက်အဦနှင့်တကွ ဖြစ်သော အင်္ဂါအစိတ် အပိုင်း အကြီးအငယ် ဖြစ်သော ကိုယ်၌ဖြစ်သော ဝိညတ်သည် ကာယဝိညတ်မည်၏၊ စောပန ကာယကို ကာယဝိညတ်ဟု ဆို၏။ ဝစ္စဇသံ-ဟု ဆိုအပ်သော နှုတ်၌ဖြစ်သော ဝိညတ်သည် ဝစီဝိညတ်မည်၏။ စောပန ဝါစာကို ဝစီဝိညတ်ဟု ဆို၏။

ထိုစကားရပ်၌ စိတ်၏ အစွမ်းအားဖြင့် အမှတ်မရှိသော ကိုယ်အင်္ဂါလှုပ်ရှားမှုကို ပြုသူ၏ ထိုထိုကိုယ်အင်္ဂါကို ထောက်ပံ့မှု လှုပ်ရှားမှု တုန်လှုပ်မှုကို ပြုတတ်သော အင်္ဂါကြီးငယ်သို့ ရောက်သော စိတ္တဇဝါယောကလာပ်သည် ထိုထိုကိုယ် အင်္ဂါကို ပြည့်စေလျက် ဖြစ်၏၊ ဖြစ်သော်လည်း ရည်ရွယ်ချက် မပါ ရောက်တတ် ရာရာ ဖြစ်သည် မဟုတ်ဘဲ စိတ္တဇ ဝါယောကလာပ်နှင့် တကွဖြစ်သော အကြင် စောပနကာယ၏ အာနုဘော်ဖြင့် အလုံးစုံသော ကလာပ်တို့သည် လိုအပ်သော အရပ်သို့ ရွေ့ရှုလျက်သာ ဖြစ်ကုန်၏၊ ဤစောပနကာယဟု ဆိုအပ်သော အခြင်းအရာထူးသည် ကာယဝိညတ်မည်၏။ ကာယဝိညတ်သည်လှေပဲ့သူကြီးနှင့်တူ၏၊ စိတ္တဇဝါယော ကလာပ်တို့သည်လှေနှင့်တူ၏။

ထင်ရှား စေပါအံ့...... ပဲ့သူကြီးသည် လှေပဲ့မှာ ထိုင်၍ ပဲ့တက်ကြီးကို မြဲမြဲကိုင်ကာ ရေအယဉ်မှာ လှော်ခတ်လျက် လှေကြီး တခုလုံးကို လိုအပ်ရာအရပ်သို့ ရွေ့ရှုသွားစေသကဲ့သို့ ထို့အတူ ကာယဝိညတ်သည် စိတ္တဇ ဝါယော ကလာပ် တို့ကို လိုအပ်ရာ ကိစ္စသို့ ရွေ့ရှု ဖြစ်စေ၏၊ စည်းကမ်း ကလနား မရှိ ဖြစ်ကတတ်ဆန်း ဖြစ်နေသည် မဟုတ်ဟု မှတ်လေ။ မှန်၏-စိတ္တကွဏာ တချက်စာမျှသာ ရှိသော ဝိညတ်သည် ထိုစိတ္တဇဝါယောကလာပ်တို့၏ မူရင်းအဘို့မှာ တည်လျက် ထိုစိတ္တဇဝါယောကလာပ်တို့ကို အလိုရှိရာအရပ်သို့ ရွေ့ရှုယှဉ်စေလေသည်။ ထိုကြောင့် ထိုကာယဝိညတ်ကို ပဲ့သူကြီးနှင့်တူ၏ဟု ဆိုအပ်လေသည်။

အဋ္ဌကထာ၌ ဆိုပုံကား–တချသောဓာဝိထိ၌ ဓာခုနစ်ကြိမ်မျှရာ ပဌမဓာကြောင့်ဖြစ်သော ဝါယောဓာတ်သည် မိမိနှင့် သဟဇာတ်ဖြစ်သော ရူပကာယကို ထောက်ပံ့ခြင်း ဆောင်ခြင်း၌ စွမ်းနိုင်၏၊ အသင့်ဆင့် လှုပ်စေခြင်း၌မူကား မတတ်နိုင်သေး၊ ဒုတိယဓောစသည်တို့၌လည်း ထို့အတူပင်။ သတ္တမ ဓာစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်သည်ကား အောက်ဓာစိတ်ခြောက်ခုတို့သည် ဖြစ်စေအပ်သော ဝါယောဓာတ် ဟူသော အထောက်အပံ့ကိုရ၍ မိမိနှင့် အတူ ဖြစ်သော ရူပကာယကို ထောက်ပံ့ခြင်း၌လည်း, ဆောင်ရွက်ခြင်း၌လည်း, လှုပ်စေခြင်း၌လည်း, ရှေ့သို့တက်သွားစေခြင်း၌လည်း စွမ်းနိုင်လေ၏–ဟု ဆို၏။

စကားပြောသူ တယောက်မှာ ကဏ္ဍဌာန် စသည့်တို့၌ ဖြစ်သော ဥပါဒိန္နက ပထဝီဓာတ်တို့၌ လှုပ်ရှားသော လည်ချောင်းအရပ်စသည့်၌ ဖြစ်သော စိတ္တဇပထဝီဓာတ်တို့၏ ထိခိုက်ခြင်းဟူသော ဌာန်ကရိုဏ်း ဆုံစည်းသည်နှင့်တပြိုင်နက် နှုတ်ထွက်ပြောကြားခြင်း စိတ္တဇအသံသည် ဖြစ်လာ၏၊ ထိုစိတ္တဇအသံသည် မိမိနှင့်တကွဖြစ်သော အကြင် အခြင်းအရာ ထူးဖြင့် အဓိပ္ပါယ် အလိုက် ထိုထို အက္ခရာ အထူး၏ အဖြစ်သို့ ဆိုက်ရောက်လေ၏၊ အကြင်အက္ခရာထူးဖြင့် ကြားရသူတို့သည် ထိုထို အနက်အဓိပ္ပါယ်ကို ပြတတ်သော အက္ခရာပေါင်းစုမျှဖြစ်သော ပုဒ်ဗျည်း အထူးကို ရအပ်လေသည်၊ စောပနဝါစာ–ဟု ဆိုအပ်သော ထိုအခြင်း အရာ ထူးသည် ဝစီဝိညတ် မည်၏။

အဋ္ဌကထာ၌–တဿာပန စိတ္တ သမုဋ္ဌာနာယ ပထဝီ ဓာတုယာ ဥပါဒိန္န
　　　ဃဋ္ဋနဿ ပစ္စယဘူတော ဧကော အာကာရ ဝိကာရော
　　　ဝစီဝိညတ္တိ နာမ–ဟု ဆိုအပ်၏။

ဥပါဒိန္နပထဝီတို့နှင့်တကွ ထိခိုက်ခြင်းသည် စိတ္တဇ ပထဝီတို့၏ကိစ္စ ဖြစ်၏၊ ထိုစိတ္တဇ ပထဝီတို့၏ ဟူးဟူးဗြားဗြား မထိခိုက်ဘဲ လိုအပ်သော အက္ခရာ ပေါ်လာအောင် ထိခိုက်ခြင်းသည် ကာယဝိညတ်၏ ကိစ္စပေတည်း၊ ထိခိုက်သည်နှင့်တပြိုင်နက် ဖြစ်ပေါ်လာသောသဒ္ဒါတို့၏၊ (က) (ခ) စသော ထိုထို အက္ခရာ အဖြစ်သို့ ရောက်ခြင်း၌ စီမံ ခြင်းသည် ဝစီဝိညတ်၏ ကိစ္စပေတည်း။ စည်၏ မျက်နှာပြင်နှင့် ဥပါဒိန္နက ပထဝီတူ၏၊ ပုတ်ခတ်သော လက်နှင့်စိတ္တဇပထဝီတူ၏၊ လက်၏ ဖေါက်ပြန်မှု

အထူးနှင့် ကာယဝိညတ်တူ၏၊ အသံဖေါက်ပြန်မှု အထူးနှင့် ဝစီဝိညတ်တူ၏၊ စည်၏အသံ အမျိုးမျိုး ကွဲပြားခြင်းနှင့် အဆင်းအမျိုးမျိုးကွဲပြားမှု တူ၏။

ဝိကာရရုပ်

နိပ္ဖန္နရုပ်၏ ပေါ့ပါးမှု လဟုတာရုပ်, နူးညံ့မှု မုဒုတာရုပ်, အမှု၌ ခန့်မှု ကမ္မညတာရုပ်နှင့် ဝိညတ်ရုပ် ၂-ခု၊ ဤရုပ် ၅ါးခုသည် ဝိကာရရုပ် မည်၏။

ရူပဿလဟုတာ။ ။နိပ္ဖန္နရုပ်တဆဲ့ရှစ်ခု၏လျင်မြန်မှုသည် ရူပဿ လဟုတာရုပ် မည်၏။

ရူပဿမုဒုတာ။ ။နိပ္ဖန္နရုပ် တဆဲ့ ရှစ်ခု၏ နူးညံ့ မှုသည် ရူပဿ မုဒုတာရုပ် မည်၏။

ရူပဿကမ္မညတာ။ ။ကိုယ် အမှု အရာ အားလျော်သော အမှု၌ ကောင်း သည်၏ အဖြစ် ဟူသော မှတ်ကြောင်း လက္ခဏာသည် ရူပဿ ကမ္မညတာရုပ် မည်၏။

ထိုရူပဿလဟုတာ စသော ရုပ်တို့သည် အချင်းချင်း မခွဲနိုင်ကြသော်လည်း ဆန့်ကျင်ဘက် အကြောင်း, လျောက်ပတ်သော အကြောင်းတို့၏ အစွမ်းအားဖြင့် ရောနှော ပေါင်းယှက်မှု မရှိကြလေကုန်။

ထို့ကြောင့် မိမိကိုယ်နှင့် ဆန့်ကျင်ဘက် ဥတု, အာဟာရ, စိတ်အပြုအမူများကို မှီဝဲရသူတို့၏သန္တာန်၌ဖြစ်သော ဓာတ်တို့သည် တခါတရံ တကိုယ်လုံး, တခါ တရံ ကိုယ်၏ တစိတ် တဒေသကို ချောက်ခြားစေလျက် အထူး အားဖြင့် ပူတိမုခ, မွေ ဟူသော အာပေါဓာတ်၏ ထကြွ သောင်းကျန်းမှုကို ပြုပေး၍ ခန္ဓာ ကိုယ်ကြီးကို မသယ်နိုင် မပိုးနိုင်သော ဝန်ထုပ်ကြီးကဲ့သို့ လေးသည်ကို ပြုကုန်၏။ ဣရိယာပုထ်လှည့်လည်ခြင်း၌ ခန္ဓာဟူသော ကိုယ်ဝန်လေးခြင်းလျှင် အကြောင်းရှိသော ဆင်းရဲကို ဖြစ်စေ၏။ ထိုအခါ မျိုးမှာ နိပ္ဖန္န ရုပ်၏ ပေါ့ပါးမှု ရူပဿ လဟုတာ မဖြစ်ပါလေ။

မိမိ၏ကိုယ်အားလျောက်ပတ်သော ဥတု,အာဟာရ,စိတ်အမူအရာကို မှီဝဲရသူတို့မှာ ထိုစိတ် ချောက်ချားမှုသည် ငြိမ်းအေးလေ၏၊ကိုယ်လည်း ပေါ့ပါး၏၊ ဣရိယာပုထ် လှည့်လည်ခြင်း၌ ခန္ဓာဟူသော ကိုယ်ဝန်လေး

ခြင်း၏ အကြောင်း ဖြစ်သော ဆင်းရဲ မည်သည် မရှိပါလေ၊ ထိုအခါ မျိုးမှာ နိပ္ဖန္န ရုပ်၏ ပေါ့ပါးမှု ရူပဿ လဟုတာ ဖြစ်လေသည်။ ကြွင်းသော ရူပဿမုဒုတာ, ကမ္မညတာ ရုပ်တို့၌နည်းတူ ပင်တည်း။

အထူး အားဖြင့် သော်ကား-မုဒုတာ ရုပ်၌ ကဌမုခ, ဖွေ့ ဟူသော ပထဝီဓာတ်၏ ထကြွခြင်းကို ပြု၍ ထင်းခြောက်ပမာ ကိုယ်ကို တောင့်တင်းခိုင်မာအောင်ပြု၏၊ဣရိယာပုထ်လှည့်လည်ရာ၌အင်္ဂါကြီးငယ်တို့၏ ဖြတ်ခြင်း,ကွဲခြင်း အခြင်းအရာသို့ရောက်သော တောင့်တင်းခြင်း,ကြမ်းထမ်းခြင်း၏ အကြောင်းဖြစ်သော ဆင်းရဲကို ဖြစ်စေ၏။ ကမ္မညတာ၌ သတ္တမုခ,ဖွေ့ ဟု ဆိုအပ်သော ဝါယောဓာတ်၏ ထကြွ သောင်းကျန်းသည်ကိုပြု၍ လေသွား,လေလာ မညီညွတ်ဘဲ ဒါမရိက,ခိုးသူ ထသော ပစ္စန္တ ရစ် တိုင်းကဲ့သို့ ကိုယ်လူးလည်းသည်ကို ပြုကုန်၏။ ဘယ်ဣရိယာပုထ်မှ ချမ်းသာမှု မည်သည် မရှိတော့ပါလေ၊ တေဇောဓာတ် မူကား ထိုဓာတ်တို့၏ အခြေမူလဖြစ်လေသည်။

ဤလဟုတာ, မုဒုတာ,ကမ္မညတာတို့သည် ကျန်းမာရေးပြည့်စုံသူ၏ ပေါ့ပါးမှု ဖြစ်ခြင်းကဲ့သို့ရင်း ကောင်းစွာကြိတ်စက်ဖြင့် ကြိတ်ထားအပ်သော သားရေ၏ နူးညံ့ခြင်းကဲ့သို့ရင်း, ကောင်းစွာအညစ်အကြေးတို့ကို မှုတ်ထုတ်အပ် ပြီးသော ရွှေ၏ ပုတီး,နားဒောင်း, လက်ကောက်, လက်ကြပ်, ဘယက် ပြုခြင်းငှါ ခံနိုင်သကဲ့သို့ရင်း ရူပကာယ၏ ဣရိယာပုထ် လှည့်လည်ခြင်း၌ ပေါ့ပါးသော အဖြစ် စသည်၏ အစွမ်းဖြင့် ထင်သော အခြင်းအရာ ထူးတို့သည် ဖြစ်ကုန်သောကြောင့် **ဝိကာရရုပ်** မည်၏။

လက္ခဏာရုပ်

နိပ္ဖန္နရုပ်တို့၏ အပေါင်းအနေဖြင့် ရှေ့ဦးဖြစ်မှု ဥပစယ,ဖြစ်မြဲတိုင်း နိပ္ဖန္နရုပ်တို့၏ အစွန့် ရှည်စွာ ဖြစ်မှု သန္တတိ, ဆွေးမြေ့မှု ဇရတာ, မမြဲမှု အနိစ္စတာ ဟူသော ရုပ် ၄-ခုသည် လက္ခဏာရုပ်မည်၏၊

ဥပစယ။ ။အာဒိတော+စယော=ဥပစယော=နိပ္ဖန္နရုပ်၏အစဆုံး ဖြစ်မှုကား ဥပစယ၊

သန္တတိ။ ။သမ္ဗန္ဓာ + တတိ = သန္တတိ=စပ်သွယ်လာလျက် ထပ် တလဲလဲ ချဲ့ခြင်းကား သန္တတိ၊

ထိုတွင် ဂန္ထသေယျက သင်္ခတဝါတို့အား ပဋိသန္ဓေခဏမှာ ရုပ်တို့၏ ပဌမဆုံးဖြစ်ခြင်းသည် ဥပစယမည်၏၊ ထို့နောက် ပဌမဆုံး ဖြစ်သော စက္ခု,သောတ, ဃာန, ဇိဝှါတို့၏ဖြစ်နေသည့်အတွင်း ရုပ်တို့၏အဆင့်ဆင့် တိုးပွားခြင်းကိုလည်း ဥပစယ ဟူ၍ပင် ခေါ်၏။ ထိုမှနောက်၌ အသက်ရှည်သမျှ စဉ်သန္တတိရုပ်တို့၏ ဖြစ်ခြင်းသည် သန္တတိမည်၏။

အဋ္ဌကထာ၌–မြစ်ကမ်းဝယ် တွင်းတူးရာ၌ ရေထွက်လာသော အခါနှင့် အာစယ၊ ရေပြည့်လာသောအခါနှင့် ဥပစယ၊ လျှံမိုး၍ လာသော အခါနှင့် သန္တတိ–တူ၏ဟု ဆို၏။

သံသေဒဇ ဥပပါတ် တို့အား ပဋိသန္ဓေ ခဏ၌ ရုပ်တို့၏ ပဌမဆုံး ဖြစ်ခြင်းသည် ဥပစယ၊ ထို့နောက် ရုပ်တို့၏ ဖြစ်ခြင်းသည် သန္တတိ မည်၏။ (တနည်း) တိသမုဋ္ဌာနိက ရုပ်တို့မှာလည်း အသီးအသီး သန္တတိ ပစ္စုပ္ပန် မည်သည် ရှိ၏၊ ထိုသန္တတိ ပစ္စုပ္ပန်မှာ (၁) နိဗ္ဗတ္တိ၊ (၂) ဝဍ္ဎိ၊ (၃) ပဝတ္တိ–ဟု သုံးမျိုး,သုံးမျိုးရှိရာ–အစဉ်တခုမှာ အစ၌ သန္တတိ,အဦး ဟူသော မူလဖြစ်သော ရုပ်တို့၏ အဦးဆုံး ဖြစ်ခြင်းသည် **နိဗ္ဗတ္တိ** မည်၏၊ ထို့နောက် တိုးပွါးဆဲ ဖြစ်သော ရုပ်တို့၏ ဖြစ်ခြင်းသည် **ဝဍ္ဎိ** မည်၏၊ တိုးပွါးမှု ပြီးဆုံး၍ မတိုးပွါးဘဲ ပဗန္ဓ ဌီ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသည် **ပဝတ္တိ** မည်၏။

အချုပ်အားဖြင့်–လောကမှာ အလုံးစုံသော ဣန္ဒြိယဗဒ္ဓရုပ်,အနိန္ဒြိယ ဗဒ္ဓရုပ်တို့၏ ဖြစ်မှုတို့၌ ထင်မြင်သော ဇာယန, ဝဍ္ဎန, ပဝတ္တန အဝိုက် အတန့်ထူးတို့ကို မြင်၍ ဥပစယ, သန္တတိတို့ကို သိအပ်၏။

နည်းယူဖွယ်–သစ်ပင် မြက်ပင်စသည် တို့သည်ပင်း အခက်အရွက် အပွင့်အသီး စသည်တို့သည်ပင်း အစဦးဖြစ်ကြကုန်၏၊ ဖြစ်ပြီး၍ တိုးပွါး ကြကုန်၏၊ တိုးပွါးမှု ကုန်ဆုံးလတ်သော် မတိုးပွါးတော့ဘဲ အစဉ်၏ အစွမ်းအားဖြင့်ဖြစ်ကာ ပျက်စီးကြကုန်၏။

ဆွေးမြေ့မှုသည် ဇရာမည်၏၊ ထိုဇရာကိုပင် ဇရတာဟုခေါ်၏၊ မြဲမှုမရှိသောတရားသည် အနိစ္စမည်၏၊ ထိုအနိစ္စ၏ ဖြစ်ကြောင်း "ဘင်" သည် အနိစ္စတာ မည်၏။

ဤရုပ သမုဒ္ဒေသ၌ ဇာတိရုပ်ကိုပင် ဥပစယ သန္တတိ အမည်ဖြင့် ဆိုအပ်လေသည်၊ အပုံအစု အားဖြင့် တဆဲ့တမျိုးသာ ရှိသော်လည်း သရုပ် အရေအတွက် အားဖြင့် ရုပ်သည် ၂၈–ပါးရှိ၏။

ဇာတိ။ ။ဇာတိရုပ်၏ အခိုက်အတန့် ထူးနှင့် ယှဉ်သောကြောင့် ဥပစယ, သန္တတိဟု နှစ်မျိုးပြားလာ၏၊ မှန်၏-ဇာတိရုပ်သည် အစဦးပိုင်းမှာ ပဋိသန္ဓေရုပ် တို့ကို ထင်ထင် ရှားရှား ဖြစ်လာအောင် ပြု၏၊ နောက်ပိုင်းမှာ မပြည့်စုံသောအာယတနတို့ကိုဖြည့်လေသည်၊ ပြည့်စုံပြီး အာယတနတို့ကို အချိန်ရှည်ကြာစွာ မပြတ်စေမှုကို ပြု၍ ဖြစ်စေ၏၊ စပ်ဖွဲ့ပေး၏။ ဤတွင် ရှေ့ပိုင်းကား ဥပစယ၊ နောက်ပိုင်းကား သန္တတိ ဖြစ်၏။

ရုပ်စု ၁၁-ပါးနှင့် ရုပ်ပြား ၂၈-ပါး

ရုပ်စု ၁၁-ပါးကား-

၁။	ဘူတရုပ်	၄-ပါး။
၂။	ပသာဒရုပ်	၅-ပါး။
၃။	ဂေါစရရုပ်	၄-ပါး။ (ဝိသယရုပ်ဟုလည်းခေါ်၏)။
၄။	ဘာဝရုပ်	၂-ပါး။
၅။	ဟဒယရုပ်	၁-ပါး။
၆။	ဇီဝိတရုပ်	၁-ပါး။
၇။	အာဟာရရုပ်	၁-ပါး။

ဤရုပ် ၁၈-ပါးကို ကံ စသော အကြောင်းတရားတို့ ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်,အနိစ္စစသော လက္ခဏာ,ဥပါဒ်စသော လက္ခဏာနှင့် တကွဖြစ်သောကြောင့် သလက္ခဏရုပ်, မည်သည့် တရားကိုမျှ မမှီခိုရဘဲ မိမိဖါသာ သဘောလက္ခဏာဖြင့် ထင်ရှားလေ သောကြောင့် သဘာဝရုပ်, ရုပ္ပနလက္ခဏာနှင့် ပြည့်စုံသောကြောင့် ရူပရုပ်ဟု ခေါ်၏။

၈။	ပရိစ္ဆေဒရုပ်	၁-ပါး။
၉။	ဝိညတ်ရုပ်	၂-ပါး။
၁၀။	ဝိကာရရုပ်	၃-ပါး။
၁၁။	လက္ခဏာရုပ်	၄-ပါး။

ဤရုပ် ၁၀-ခုကိုကား အထက်ရုပ်မှ ပြန်သောအားဖြင့် အနိပ္ဖန္နရုပ်ဟု ခေါ်၏။

နှစ်ရပ်ပေါင်း ရုပ် ၂၈-ခုဖြစ်၏။ ယူပြီးရုပ်ကို ပြန်လည်မရေတွက်ဘဲ ချန်ထား၍ တွက်ယူလေ။

ရှင်းချက်။ ။ဘူတရုပ်သည် ၄-ပါးရှိ၏၊ ဝိသယရုပ်သည် အရေအတွက်အားဖြင့် ၇-ပါး ဖြစ်နေ၏၊ သို့ရာတွင် ဖေါဋ္ဌဗ္ဗာရုံအရ ဖွဲ့စည်းထားသော တရားများကား ပထဝီ, တေဇော, ဝါယော ဖြစ်၍ ဘူတရုပ်အရတွင် ပါဝင်ပြီး ဖြစ်နေ၏၊ သို့အတွက် ဝိသယရုပ် ရေတွက်ရာတွင် ၇-ခု မယူဘဲ ၄-ခုသာ ယူရလေသည်၊ ကြွင်းနည်းတူ သိလေ။

တနည်းအားဖြင့် အနိပ္ဖန္န ဆိုသည်မှာ နိဗ္ဗတ္တိ လက္ခဏာ ကင်းသောကြောင့်သာ ဆိုသည်၊ အဘိဓမ္မာ ပါဠိတော်မှာ အကျဉ်းပြ အကျယ်ပြ ဖြစ်သော ဤရုပ် ၁၀-ခု တို့ကို သဘော အားဖြင့် မရအပ် ဟူ၍ရင်း, ပရမတ္ထအားဖြင့်ထင်ရှားမရှိဟူ၍ရင်း မဆိုထိုက်ပေ၊ဘဲ့ကြောင့်ဆိုသော် လောက ဝေါဟာရဖြင့် ပြီးသည်၏ အဖြစ်မျှကို ကျော်လွန်၍ သက်သက်သော ပင်ကိုယ် သဘော လက္ခဏာ အားဖြင့် ပြီးသော ပရမတ္ထ လက္ခဏာအားဖြင့် ရအပ်လေသောကြောင့် ပေတည်း။

ရူပ သမုဒ္ဒေသ ပြီး၏။

ရူပဝိဘာဂ အဖွင့်

အလုံးစုံသော ရုပ်သည် အဟေတုက,သပစ္စယ,သာသဝ,သင်္ခတ,လောကိယ, ကာမာဝစရ, အနာရမဏ, အပ္ပဟာတဗ္ဗ မည်၏၊ ဤသို့အားဖြင့် ရုပ်သည် တမျိုးပင် ဖြစ်သော်လည်း အဇ္ဈတ္တိက,ဗာဟိရ စသည်တို့၏အစွမ်းဖြင့် အများအပြား ကွဲပြားခြင်းသို့ ရောက်လေသည်။

အဟေတုက။ ။လောဘ, ဒေါသ, မောဟ, စသော ဟိတ် ခြောက်ပါးနှင့် မယှဉ်သောကြောင့် အဟေတုက မည်၏။ ရုပ်သည် အဟေတုက သဘောအားဖြင့် တမျိုးသာရှိ၏။

သပ္ပစ္စယ။ ။မိမိ၏ ဇနက အကြောင်းနှင့် တကွ ဖြစ်တတ်သောကြောင့် သပစ္စယ မည်၏။

သင်္ခတ။ ။အကြောင်းတို့ ပေါင်း၍ ပြုပြင် အပ်သောကြောင့် သင်္ခတ မည်၏။

လောကိယ။ ။ဥပါဒါနက္ခန္ဓာ ဟူသော လောက၌ အကျုံးဝင်သောကြောင့် လောကိယ မည်၏။

သာသဝ။ ။မိမိဟူသော ရုပ်ကို အာရုံပြု၍ ဖြစ်သော အာသဝေါ တရားတို့နှင့်တကွဖြစ်သောကြောင့် သာသဝမည်၏။

ကာမာဝစရ။ ။ရုပ်ဟူသည် အကနိဋ္ဌ ဗြဟ္မာကြီး၏ သန္တာန်မှာ ဖြစ်စေဦးတော့ ကာမတဏှာ၏ အာရုံ အဖြစ်ဖြင့် ကာမတုံ၌သာ အကျုံးဝင်သောကြောင့် ကာမာဝစရ မည်၏။

အနာရမဏ။ ။မိမိသည် ယူအပ်သော တစုံတရာ အာရုံမရှိသော ကြောင့် အနာရမဏ မည်၏။

အပ္ပဟာတဗ္ဗ။ ။အကြောင်း တရား ဖြစ်တဲ့ သမုဒယကို မပယ်ရ သေးသမျှ အကျိုးတရားကို ပယ်သော်လည်း ပယ်ရာမရောက်ပေ၊ အကြောင်းကို ပယ်မှသာ အကျိုးကို မပယ်သော်လည်း ပယ်ပြီးဖြစ်လေသည်၊ ရုပ်တရားသည် အကြောင်းမဟုတ်၊ အကျိုးသာ ဖြစ်သည်၊ ထိုကြောင့် ပယ်သော အားဖြင့် မပယ်အပ်သော အပ္ပဟာတဗ္ဗ တရားသာ ဖြစ်လေသည်။

ဒီလို ဆိုရင်—ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဒီဃရတ္တံ အတ္ထာယ ဟိတာယ သုခါယ ဘဝိဿတိ=ဘိက္ခုတို့ ရုပ်သည် သင်တို့ ဥစ္စာမဟုတ်၊ ရုပ်ကိုပယ်ကြ၊ သင်တို့ ရုပ်ကိုပယ်ပြီး ဖြစ်ပါက ရှည်စွာသော ညဥ့်ပတ်လုံး အကျိုးစီးပွါး များခြင်းငှါရင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှါရင်း ဖြစ်ပေလတ့်-ဟူသော ဘုရား စကားတော်နှင့် အသို့ညီညွတ်ပါအံ့နည်း။

ထိုစကားတော်သည်လည်း ထိုရုပ်ကို အာရုံပြုသော ရာဂကိုသာ ရည်ရွယ်၍ ဟောတော်မူသော စကားဖြစ်သောကြောင့် စကားနှစ်ရပ် ညီညွတ်လေသည်။

အကြောင်းတရားအား ပယ်မြစ်ခြင်းကို ရည်ရွယ်၍ ဟောကြောင်း ကိုလည်း-

> ရူပေ ခေါ ရာဓ ယောဆန္ဒော ယောရာဂေါ ယာနန္ဒီ ယာတဏှာ
> တံ ပဇဟထ၊ ဧဝံ တံ ရူပံ ပဟီနံ ဘဝိဿတိ ဥစ္ဆိန္နမူလံ တာလာ
> ဝတ္ထု ကတံ အနဘာဝံ ကတံ အာယတိံ အနုပ္ပါဒ ဓမ္မံ-

ဟူသော ပါဠိစကားရပ်ဖြင့် သိပါလေ။

ချစ်သားရာဂ......ရုပ်တရားဌ် အကြင်ဆန္ဒ, အကြင်ရာဂ, အကြင်နန္ဒီ, အကြင် တဏှာ (တဏှာ၏ ပရိယာယ် ချည်းတည်း) သည် ရှိ၏၊ ထို တဏှာကိုပယ်လေ၊ ဤသို့ တဏှာကို ပယ်က ထိုရုပ်ကိုပယ်ပြီးဖြစ်လိမ့်မည်၊ အမြစ်ပြတ်အောင် ဖြတ်ပြီး ဖြစ်ပေလိမ့်မည်၊ ထန်းပင်ငုတ်ကဲ့သို့ နောက်တဖန် အညွန့်, အလက်, အတက်, မထွက်နိုင်အောင် ပြုလုပ်ပြီး ဖြစ်ပေလိမ့်မည်၊ ဘယ်အခါမှ မဖြစ်အောင်ပြုပြီး ဖြစ်ပေ လိမ့်မည်၊ နောက်အခါ မဖြစ်သော သဘောတရား ဖြစ်ပေလိမ့်မည်။ ကုသိုလ်စသော မပယ်သင့် မပယ်ထိုက်သော တရားတို့၌ ဤရုပ်မှာ ပြသော နည်းအတိုင်း သိအပ်၏။

အဇ္ဈတ္တိက, ဗာဟိရရုပ်

ပသာဒရုပ် ၅ ပါးခုသည် အဇ္ဈတ္တိကရုပ်၊ ကြွင်းရုပ် ၂၃-ခုသည် ဗာဟိရရုပ်မည်၏။

အဇ္ဈတ္တိက။ ။ထိုထို ပုဂ္ဂိုလ်၏ အတ္တဘောမှာ အကျုံးဝင်သော တရား အပေါင်းသည် အဇ္ဈတ္တ မည်၏၊ ထိုအဇ္ဈတ္တ တရားများတွင် အကြင်တရားမှာ တဏှာ၏ လွန်လွန်ကဲကဲ စွဲလမ်းမှု ဖြစ်၏၊ ထိုစက္ခုစသော ရုပ် ၅-ပါးသည် အဇ္ဈတ္တိက မည်၏။ အဇ္ဈတ္တ သန္တာန်၌ ထင်ရှားပေါ်လွင်သော တရားများပေတည်း။ ဤမှကြွင်းသော ရုပ် ၂၃-ပါးသည် တဏှာစွဲလမ်းမှု အားသေး သောကြောင့် ဗာဟိရရုပ်မည်၏။ **ထင်ရှားစေဦးအံ့**— လောကမှာ ပတ္တမြား, ရွှေ, ငွေကို အိမ်၏ပြင်ဘက်မှာ မြှုပ်နှံထားအပ်၏၊ ခြင်းတောင်း, စကော, အိုးခွက်တို့ကို အိမ်တွင်းမှာ ထားအပ်၏၊ ထို ၂-မျိုးတွင် ပတ္တမြား, ရွှေ, ငွေကိုသာ အတွင်းပစ္စည်းဟု ဆိုရလေသည်၊ စွဲလမ်းမှု မြဲမြံသောကြောင့် ပေတည်း။ အိမ်တွင်းမှာ ဖြစ်သော်လည်း ခြင်း, တောင်း စသည်ကို အတွင်းပစ္စည်းဟု မဆိုရ၊ စွဲလမ်းမှု နည်းပါးသောကြောင့် ပေတည်း။ ထို့အတူ စက္ခုစသော ရုပ် ၅ ပါးကိုသာ စွဲလမ်းမှု ပြင်းထန်၍ အဇ္ဈတ္တိက ရုပ်ဟု ခေါ်ရလေသည်။ ဤသို့အားဖြင့် စွဲလမ်းမှုပြင်းထန်သော ရုပ်သည် အဇ္ဈတ္တိက, စွဲလမ်းမှု အားနည်းသော ရုပ်သည် ဗာဟိရရုပ် မည်၏။

ဝတ္ထု, အဝတ္ထုရုပ်

ပသာဒရုပ် ၅ ပါးခု, ဟဒယ ဝတ္ထုရုပ် ၁-ခု၊ ဤခြောက်ခုသည် ဝတ္ထုရုပ်၊ ကြွင်း ၂၂-ခုသည် အဝတ္ထုရုပ် မည်၏။

ဒွါရ,အဒွါရရုပ်

ပသာဒရုပ် ငါးခု၊ ဝိညတ်ရုပ် ၂-ခု၊ ဤခုနစ်ခုသည် ဒွါရရုပ် မည်၏၊ ဤမှတပါး ၂၁-ပါးသော ရုပ်သည် အဒွါရရုပ် မည်၏။

ဒွါရရုပ်။ ။ဝိထိစိတ်တို့၏၎င်း, ပါဏာတိပါတ စသော ကံတို့၏၎င်း ဖြစ်ပေါ်ရန် အကြောင်း ဖြစ်သောကြောင့် ဒွါရရုပ် မည်၏။ ထိုတွင် ပသာဒရုပ်ငါးခုကား ဥပ္ပတ္တိဒွါရ၊ ဝိညတ်နှစ်ခုကား ကမ္မဒွါရ မည်၏။

ဣန္ဒြိယ,အနိန္ဒြိယရုပ်

ပသာဒရုပ် ငါးခု၊ ဘာဝရုပ် ၂-ခု၊ ဇီဝိတရုပ် ၁-ခု၊ ဤ ၈-ခုသည် ဣန္ဒြိယရုပ် မည်၏၊ ကြွင်း ၂၀-ခုသည် အနိန္ဒြိယရုပ် မည်၏။

ဩဠာရိကရုပ်စသည်

ပသာဒရုပ် ၅-ခု၊ ဝိသယရုပ် ၇-ခု၊ ဤရုပ် ၁၂-ခုသည် ဩဠာရိက,သန္တိကေ, သပ္ပဋိဃရုပ်မည်၏၊ဤမှကြွင်းရုပ် ၁၀-ခုသည် သုခုမ,ဒူရေ,အပ္ပဋိဃရုပ်မည်၏။

ဩဠာရိက။ ။ပကတိ အားဖြင့် ရုန့်ရင်းသော သဘော ရှိသော ကြောင့်၎င်း, ထိခိုက်ခြင်း ဟူသော ဒိဋ္ဌိ ကိစ္စ၏ ကြမ်းထမ်းသောကြောင့်၎င်း ဩဠာရိက မည်၏။

သန္တိကေရုပ်။ ။အဝေးမှာဖြစ်သော်လည်း လျင်မြန်စွာညာဏ်ဖြင့် ယူခြင်းငှါ ခံ့သည်၏ အဖြစ်ကြောင့် သန္တိကေရုပ် မည်၏။

သပ္ပဋိဃရုပ်။ ။ထိခိုက်ခြင်းကို ပဋိဃ-ဟု ခေါ်၏။ ထိုသည် (၁) အာရုံနှင့် အာရမဏိက ထိခိုက်ခြင်း၊ (၂) မဟာဘုတ် အချင်းချင်း ထိခိုက်ခြင်းဟု နှစ်မျိုးရှိ၏။ ထိုတွင် အကြင် ထိခိုက်ခြင်းဖြင့် ပသာဒနှင့် ဒွါရတို့၏၎င်း, ဘဝင်၏၎င်း ပေါက်ပြန်မှု ဖြစ်ပေါ်လာ၏၊ ထိုထိခိုက်ခြင်းသည် အာရုံ အာရမဏိက ထိခိုက်ခြင်း မည်၏။ အကြင် ထိခိုက်ခြင်းဖြင့် ရုပ္ပန လက္ခဏာ ရှိသော ရုပ်တရား တို့အား ပေါက်ပြန်ခြင်း, ပျက်စီးခြင်း, ထိခိုက်ခြင်း, နှိပ်စက်ခြင်း စသည်တို့ ဖြစ်ကုန်၏၊ ဤ ထိခိုက်ခြင်းသည် မဟာဘုတ် အချင်းချင်း ထိခိုက်ခြင်း မည်၏။ထိုထိခိုက်ခြင်းနှင့်တကွဖြစ်သော ရုပ်သည် သပ္ပဋိဃရုပ်မည်၏။ ကြွင်းသော ၁၆-ပါးသည် ဆိုအပ်ခဲ့ ပြီးသည်မှ ပြန်သော အားဖြင့် သုခုမရုပ်, ဒူရေရုပ်, အပ္ပဋိဃရုပ် မည်၏။

ဥပါဒိန္န,အနုပါဒိန္နရုပ်

ကမ္မဇရုပ်သည် ဥပါဒိန္နရုပ်မည်၏၊ ဤမှတပါးသော ရုပ်သည် အနုပါဒိန္နရုပ်မည်၏။

ဥပါဒိန္န။ ။အချို့နေရာ၌ ကိုယ်၌ တည်သောရုပ်ကို၊ အချို့နေရာ၌ ကံကြောင့်ဖြစ်သောရုပ်ကို ဥပါဒိန္န-ဟုဆို၏၊ ရုပ် ၂-ပါး စလုံးပင်တဏှာဒိဋ္ဌိတို့သည် ပြင်းပြင်းထန်ထန် စွဲလမ်း အပ်လေသော ကြောင့်ဥပါဒိန္နမည်၏၊ မုချအားဖြင့်ကားကမ္မသမုဋ္ဌာနရုပ်သည်သာ ဥပါဒိန္နမည်လေသည်၊ဘယ့်ကြောင့်ဆိုသော်ကမ္မသမုဋ္ဌာနရုပ်သည်သာလျှင် သတ္တဝါတို့၏ သန္တာန်၌ အမြဲမပြတ်ဖြစ်သည်၏ အစွမ်းဖြင့် လွန်လွန် ကဲကဲပြင်းပြင်း ထန်ထန်စွဲယူမှု ဖြစ်သင့်လေသောကြောင့်ပေတည်း။

သနိဒဿန,အနိဒဿနရုပ်

ရူပါရုံသည် သနိဒဿနရုပ် မည်၏၊ ဤမှ တပါးသော ရုပ်သည် အနိဒဿနရုပ် မည်၏။

သနိဒဿန။ ။စက္ခုဝိညာဉ် စိတ်သည် မြင်အပ်သော အဖြစ်ကို နိဒဿနဟု ခေါ်၏၊ ထိုမြင်အပ်သော အဖြစ်သည် ရူပါရုံမှ တပါးမဟုတ်သော်လည်း တပါးကဲ့သို့ တင်စားခေါ်ထားအပ် လေသည်။ မြင်ခြင်းကိစ္စကား စက္ခုဝိညာဉ်စိတ်၏ အလုပ်တည်း၊ ထို စက္ခုဝိညာဉ်စိတ်၏ အလုပ်ဖြစ်သော မြင်ခြင်းကိစ္စနှင့် တကွဖြစ်သော ကြောင့် သနိဒဿန မည်၏။

ဂေါစရဂ္ဂါဟက-အဂေါစရဂ္ဂါဟကရုပ်

စက္ခု,သောတရုပ်နှစ်ခုသည် မရောက်သည်၏အစွမ်းဖြင့်၊ ဃာန,ဇိဝှါ,ကာယ ရုပ် ၃-ခုသည်ကား ရောက်သည်၏ အစွမ်းဖြင့် အာရုံကိုယူ၏၊ ဤရုပ်ငါးခုသည် ဂေါစရဂ္ဂါဟက မည်၏။ ကြွင်းရုပ်များသည်ကား အဂေါစရဂ္ဂါဟ မည်၏။

ဂေါစရဂ္ဂါဟက။ ။ပသာဒရုပ်၌ ငြိကပ်၍ ဖြစ်သော အာရုံသည် သမ္ပတ္တ မည်၏၊ ဆံပင်ဖျားမျှလည်း လွတ်၍ ဖြစ်သော အာရုံသည် အသမ္ပတ္တ မည်၏။

(၁) စက္ခု,သောတ သည် အဘယ့်ကြောင့် အသမ္ပတ္တ အာရုံကို ယူသနည်း။

(၂) ဃာန,ဇိဝှါ,ကာယ သည် အဘယ့်ကြောင့် သမ္ပတ္တ အာရုံကို ယူသနည်း။

(၁) အဖြေ–အကြောင်း ဘုံးသောကြောင့် ပေတည်း၊ ချဲ့ဦးအံ့..... အလင်းရောင်သည် ရူပါရုံကိုယူခြင်း၌ စက္ခုပသာဒ၏အကြောင်းဖြစ်၏၊ အာကာသသည် သဒ္ဒါရုံကို ယူခြင်း၌ သောတ ပသာဒ၏ အကြောင်း ဖြစ်၏၊ စက္ခုပသာဒနှင့် ရူပါရုံတို့သည် အချင်းချင်း ငြိကပ်၍ ဖြစ်ပါက အလင်းရောင် အခြံအရံ၏ အခွင့်မရှိ၊ သောတနှင့် သဒ္ဒါရုံ ငြိကပ်၍ ဖြစ်နေပါက အာကာသ အခြံအရံ၏ အခွင့်မရှိ။

(၂) အဖြေ–ဝါယော,အာပေါ,ပထဝီတို့သည် ဃာန,ဇိဝှါ,ကာယ,၏ ဂန္ဓာရုံ စသည်ကို ယူခြင်း၌ အကြောင်း ဖြစ်ကုန်၏။

မှတ်ချက်။ ။ဤ၌ ဝါယော ဟူသည် နံ့သာကို ဆွဲငင်သော နှာခေါင်းလေတည်း၊ ထိုလေသည် သမ္ပတ္တ၏ အကြောင်း ဖြစ်၏။ အာပေါ ဟူသည် လျှာကို စွတ်စို စေသော ရေတည်း၊ ထိုသည်လည်း သမ္ပတ္တ၏ အကြောင်းတည်း။ မှန်၏–ခြောက်သော လျှာ၌ အရသာမပြန့်နှံ့လေ။ပထဝီသည်ထိခိုက်ခြင်း၏အကြောင်းတည်း၊ဒုဗ္ဗလပထဝီကိုမှီသော အာလောကသည်ရင်း,မြူသည်ရင်း ကိုယ်ပေါ်မှာ ကျရောက်လာသော်လည်း ပသာဒ၌ မထိခိုက်တော့လေ။ ဤကဲ့သို့ အကြောင်း ထူးခြား မှုကြောင့် သမ္ပတ္တ, အသမ္ပတ္တ၏ အစွမ်းဖြင့် နှစ်မျိုးဖြစ်လာလေသည်။

ထို စက္ခု, သောတ ဟူသော အသမ္ပတ္တ နှစ်မျိုးတွင် စက္ခု၏ အသမ္ပတ္တ အာရုံကို ယူခြင်းသည် ထင်ရှား၏၊ ဘဲ့ကြောင့် ဆိုသော်– ထိုစက္ခုသည် အနီးမှာဖြစ်သော မျက်စိအဆင်း မျက်ခုံးရိုးကို မမြင်ဘဲ ဝေးသော အရပ်မှာဖြစ်သော လဝန်းစသော ရူပါရုံ ဖလ်စသည်တို့ဖြင့် ခြားနေသော အဆင်း ရူပါရုံကို မြင်သောကြောင့် ပေတည်း၊ စက္ခု ပသာဒမှာ အရပ်မျက်နှာ ပိုင်းခြားမှတ်သားမှု ထင်၏။

သောတပသာဒမှာ အသမ္ပတ္တ အာရုံ အသို့ဖြစ်သနည်း။ အဝေး၌ ဖြစ်သော အသံသည် ကြာမြင့်မှကြားရသည်ဖြစ်၍ အနောက်မျက်နှာ၌ ဖြစ်သော အသံသည်လည်း အလယ်မှာ စေတီကြီး စသည် ခြားနေမှု တောင်ဘက်မှ ကြားရ၏ ဟူ၍ရင်း, မြောက်ဘက်မှ ကြားရ၏ဟူ၍ရင်း ထင်ရသည် မဟုတ်ပါလော။ မကြားဘဲလည်း ဖြစ်သည် မဟုတ်ပါလော။ (ဤကား မေးချက်)။

ဖြစ်ပေါ်လာသော အသံ အပေါင်းသည် အနီး၌ တည်သူတို့အား အစမှအဆုံးတိုင် ထင်ရှားဖြစ်၏၊ထိခိုက်မှုအဟုန်သည်လည်း အားရှိ၏၊ ငါကြား၏ဟုဖြစ်သောအမှတ် ထားမှုစိတ်ဝီထိတို့သည်အလွန်လျင်မြန်စွာ တဆက်ထည်းကဲ့သို့ဖြစ်ကုန်၏၊အဝေး၌တည်သူတို့အားကား ထိခိုက်မှု

အဟုန်သည်လည်း အားသေးသည်၊ အစဦးမှာ မထင်ရှား၊ အလယ်နှင့် အဆုံးမှာသာ အပေါင်း အနေဖြင့် ထင်ရှား၏၊ အမှတ်ထားမှု စိတ်ဝိထိတို့သည် ကြာမြင့်မှ ဖြစ်ကုန်၏။ ထို့ကြောင့် ထိုအနီးအဝေး၌ တည်သူတို့အားလျှင်မြန်စွာကြွားအပ်၏,ကြာမြင့်မှ ကြွားအပ်၏-ဟူသော ထင်မှတ်မှု ဖြစ်လေသည်။ (ဤကား ဖြေဆိုချက်)။

(တနည်းဖြေချက်) အသံမည်သည် မိုရာဘုတ်ဓာတ် အဆက်ဆက်ဖြင့် ဝေးသော အရပ်သို့လည်းသွား၏၊ သို့သွားသော်လည်း ရောက်ရာရောက်ရာအရပ်မှာတည်၍ ကြားနိုင်ရာဥပစာအတွင်း တည်နေသူတို့၏ နားပေါင်း အထောင်ကိုသော်လည်း ထိခိုက်နိုင်စွမ်း၏၊ စေတီကြီးများ ခြားခံနေပါက အာကာသပေါက်ရှိရာ တောင်ဘက်မှ သော်ငင်း, မြောက်ဘက်မှသော်ငင်း ရောက်ရာရောက်ရာ အရပ်မှာသာ သောတပသာဒကို ထိခိုက်၏၊သေးငယ်သော အသံဖြစ်မူ မကြားဘဲသော်လည်း ဖြစ်တတ်၏၊ ဤကဲ့သို့ သွားသော အသံသည်လည်း အကြင်မျှလောက် သောတ ပသာဒမှာ ငြိကပ်၍ မဖြစ်သေး၊ ထိုမျှလောက် အသမ္ပတ္တသာ ဖြစ်၏၊ သောတပသာဒမှာ ငြိကပ်၍ဖြစ်မူ သမ္ပတ္တ မည်၏၊သမ္ပတ္တဖြစ်သော အသံမူကား မကြားရတော့ပေ။

အကယ်၍သာ......သောတ ပသာဒသည် သမ္ပတ္တ အာရုံကို အာရုံပြုငြားအံ့၊ ဝမ်းတွင်း၌ ဖြစ်သော အနံ့သည် အပ၌ မနံသကဲ့သို့ ထို့အတူ ဝမ်းတွင်း၌ဖြစ်သောအသံသည်လည်း အပ၌မကြားအပ်လေရာ၊ဂန္ဓာရုံကဲ့သို့ ထိုသောတမှာ အရပ် မျက်နှာကို ပိုင်းခြား မှတ်သားမှု မဖြစ်ခဲ့လေရာ၊ ထို့ကြောင့် သောတပသာဒသည် အသမ္ပတ္တ အာရုံကိုသာယူ၏၊ အရပ်ကို ပိုင်းခြား မှတ်သား မှုလည်း ရှိ၏။

ဂေါစရံ ဂဏှာတီတိ ဂေါစရဂ္ဂါဟကာ= အာရုံကို ယူတတ်သော ကြောင့် ဂေါစရဂ္ဂါဟက မည်၏။ ဂေါစရဂ္ဂါဟကရုပ်များမှာ ပသာဒ အကြည်ဓာတ်များဖြစ်၍ ထင်လာသော အာရုံနိမိတ်ကို ခံယူလေသည်။

အဝိနိဗ္ဘောဂဒုက်

ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဘူတရုပ် ၄-ခု၊ ဤ ၈-ခုသည် အဝိနိဗ္ဘောဂရုပ် မည်၏၊ ကြွင်းရုပ် ၂၀-ခုသည် ဝိနိဗ္ဘောဂရုပ် မည်၏။

ဝဏ္ဏ-ဟူသည် ရူပါရုံတည်း၊ဩဇာ-ဟူသည် အာဟာရရုပ်တည်း၊ ကြွင်းရုပ်များ လွယ်၏။

ဝိနိဗ္ဘုတ္တဝိ ဝိနိဗ္ဘောဂေါ=ဌာနအားဖြင့်ရင်း, ဒေသအားဖြင့်ရင်း, ဖြစ်ရာအကြောင်း အားဖြင့်ရင်း အသီးအသီး ပိုင်းခြား မှတ်သားအပ် သောကြောင့် ဝိနိဗ္ဘောဂရုပ် မည်၏။နဝိနိဗ္ဘောဂေါ-အဝိနိဗ္ဘောဂေါ= ဝိနိဗ္ဘောဂ သဘောမဟုတ်သော ရုပ်သည် အဝိနိဗ္ဘောဂရုပ် မည်၏။

မူလဋီကာဆရာကား-ဝဏ္ဏ, ရသ, ဩဇာ တို့သည် အချို့သော ရူပ ဘုံ၌ သီးခြား ထင်၍ ကြွင်းရုပ် ငါးခုကိုသာ အဝိနိဗ္ဘောဂရုပ်ဟု ယူလို လေသည်။

ရူပဝိဘာဂ ပြီး၏။

ရူပသမုဋ္ဌာန အဖွင့်

ကံ,စိတ်,ဥတု,အာဟာရ ဤလေးပါးကား ရူပသမုဋ္ဌာန် မည်၏။ ထို ၄-ပါးတွင် ကာမကုသိုလ် အကုသိုလ် ၂၀, ရူပကုသိုလ် ၅-ခု၊ ဤ ၂၅- ပါး အပြားရှိသော အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်, အကုသိုလ် ကံသည် အဇ္ဈတ္တိက သန္တာန်၌ ကမ္မသမုဋ္ဌာန ရုပ်ကို ပဋိသန္ဓေ စိတ်၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်း ခဏတိုင်း ဖြစ်စေ၏။

ကံ။ ။ကံ ဆိုသည်ကား နာနက္ခဏိက ကမ္မပစ္စည်း အဖြစ်ဖြင့် ဟောအပ်သော စေတနာ တချက်ပင်တည်း။

စိတ်။ ။စိတ်ဟူသည် အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဉ် ၁၀- ကြဉ်သော စိတ် ၇၅-ပါးတည်း။

ဥတု။ ။ဥတု ဟူသည် အအေး,အပူတေဇောတည်း။

အာဟာရ။ ။အာဟာရဟူသည် ဩဇာဓာတ်တည်း။

ကံ-အရတွင် အရူပ ကုသိုလ် မပါဝင် သည်ကား ရူပ ဝိရာဂ ဘာဝနာ ဖြစ်သော အရူပကုသိုလ်သည် ကမ္မဇရုပ်ကို မဖြစ်စေတတ် သောကြောင့် ပေတည်း။

အတီတံသ ဟူသည် အတိတ်ကာလက ကာလတချိန်မှာ ရုပ်ဖြစ် နိုင်လောက်အောင် ကောင်းစွာ ပြုထားအပ်သော ကံပင်တည်း။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာကိုပင် ပဋိသန္ဓိဥပါဒါယဟု သတ်မှတ်မှာ ဆို၏။ မူလဋီကာဆရာကား—စတုသမုဋ္ဌာနိကရုပ်တို့၏ တခုတခုသော စိတ်၏ ဥပါဒက္ခဏာမှာသာ ဖြစ်ခြင်း, ဘင်ခဏာမှာသာ ချုပ်ခြင်းကို ဆိုတော်မူ၏။

မူလဋီကာ အဓိပ္ပါယ်

ယဿ ဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိတိ။ နောတိ၊ (သစ္စယမိုက်)

အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌ သမုဒယသစ္စာ ချုပ်ဆဲ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ဒုက္ခသစ္စာဖြစ်ဆဲလော။ဤသို့ မေးပါက—ဖြစ်ဆဲမဟုတ်ပါဟု ဖြေဆိုရာ၏။

ယဿဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ-ဟူသော ပါဠ်ဖြင့် ဘင်္ဂက္ခဏာ သမင်္ဂီ ပုဂ္ဂိုလ်ကို ပြဆိုတော်မူ၏။ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ-ဟူသော ပါဠ်ဖြင့် ဥပ္ပါဒက္ခဏာ သမင်္ဂီ ပုဂ္ဂိုလ်ကို ပြဆိုတော်မူ၏။ နော-ဟူသော ပါဠ်ဖြင့် သမုဒယသစ္စာချုပ်ဆဲပုဂ္ဂိုလ်မှာ ဒုက္ခသစ္စာ ဖြစ်ဆဲမဟုတ်ဟု ပယ်မြစ်တော်မူ၏။

ဆိုလိုရင်း......သမုဒယသစ္စာ၏ ဘင်္ဂက္ခဏာမှာ ဒုက္ခသစ္စာဖြစ်သော ရုပ်၏ရင်း,နာမ်၏ရင်းဖြစ်မှုမရှိဟု ဆိုလိုတော်မူ၏။ (ဤလည်းတချက်)။

ယဿ ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အဗျာကတာဓမ္မာ နိရုဇ္ဈန္တိတိ။ နောတိ။

(ဓမ္မယမိုက်)

ဆိုလိုရင်း..... ကုသိုလ်,အကုသိုလ်တရားတို့၏ ဥပ္ပါဒက္ခဏာ၌ အဗျာကတဖြစ်သော ရုပ်တို့၏ရင်း နာမ်တို့ရင်း ချုပ်ခြင်းမည်သည် မရှိဟု ဆိုလို၏။ (ဤလည်းတချက်) အရူပဘဝကိုရည်၍ ဤပါဠိတော်အစုံကို ဟောတော်မူအပ်၏။

ရုပ်တရားတို့သည် စိတ်၏ဘင်ခဏာ၌လည်း ဖြစ်ကုန်၏၊ ဥပါဒ်ခဏာ၌လည်း ချုပ်ကုန်၏-ဟု အကယ်၍ဆိုငြားအံ့။ ဤသို့မဆိုသင့်။အကယ်၍ ဆိုပါက—

ယဿဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ။ အရူပေ တဏှာယ ဘင်္ဂက္ခဏေ တေသံ သမုဒယသစ္စံ နိရုဇ္ဈတိ။ နော စ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ။ ပဉ္စဝေါကာရေ တဏှာယ ဘင်္ဂက္ခဏေ တေသံ သမုဒယသစ္စဉ္စ နိရုဇ္ဈတိ၊ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ။

(သစ္စယမိုက်)

အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ နော စ တေသံ အဗျာကတာ ဓမ္မာ နိရုဇ္ဈန္တိ၊ ပဉ္စဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ ကုသလာ ဓမ္မာ စ ဥပ္ပဇ္ဇန္တိ၊ အဗျာကတာ ဓမ္မာ စ နိရုဇ္ဈန္တိ။

(ဓမ္မယမိုက်)

ဤကဲ့သို့ ပရိပုဏ္ဏပဉ္ဟာကိုသာ ထုတ်ခဲ့ရာ၌၊ နော-ဟူ၍ ပဋိသေဓပဉ္ဟာကို မထုတ်ခဲ့ရာ၊ ထို့ကြောင့် ဤယမိုက်ပါဠိတော် နှစ်ရပ်ကို အရူပဘဝကို ရည်ရွယ်၍ ဟောအပ်၏ဟု ဆိုခြင်းငှါ မတတ်ကောင်းပေ။ စိတ္တဇ ရုပ်ကို ရည်၍ ဟောအပ်၏ဟု ဆိုငြားအံ့။ ထို စကားလည်း မသင့်ပါ၊ ဘယ့်ကြောင့်နည်း၊ ကမ္မဇရုပ်ကို ယူခြင်း၌လည်း ဆန့်ကျင်သော ယမိုက်ပါဠိ တမျိုး မရှိသောကြောင့်ရင်း, လျော်လျောက်ပတ်မှု ရှိသောကြောင့်ရင်းတည်း။

ယဿဝါ ပန ယတ္ထ မနိန္ဒြိယံ န ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ဇီဝိတိန္ဒြိယံ န ဥပ္ပဇ္ဇတီတိ။ အသညသတ္တာနံ တေသံ တတ္ထ မနိန္ဒြိယံ န ဥပ္ပဇ္ဇတိ၊ နော စ တေသံ တတ္ထ ဇီဝိတိန္ဒြိယံ န ဥပ္ပဇ္ဇတိ။ သဗ္ဗေသံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ မနိန္ဒြိယဉ္စ န ဥပ္ပဇ္ဇတိ၊ ဇီဝိတိန္ဒြိယဉ္စ န ဥပ္ပဇ္ဇတိ။

(ဣန္ဒြိယယမိုက်)

ဤယမိုက်ပါဠိတော်တွင် အသညသတ္တာနံ-ဟူသောပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေကို ဆိုအပ်၏။ အကယ်၍ ဇီဝိတိန္ဒြေသည် စိတ်၏ဘင်္ဂက္ခဏာမှာလည်း ဖြစ်ငြားအံ့၊ ပုရိမကောဋ္ဌာသ၌-ပဝတ္တေ စိတ္တဿဘင်္ဂက္ခဏေ အသညသတ္တာနံတေသံ။လ။ဇီဝိတိန္ဒြိယံ နဥပ္ပဇ္ဇတိ-ဟုရင်း,ပစ္ဆိမ ကောဋ္ဌာသ၌လည်း-သဗ္ဗေသံ စဝန္တာနံ-ဟုရင်း ဟောတော်မူအပ်ရာသည်။

ပဋ္ဌာန်းမကောဌ္ဌာ၌ကား—နာမ်ဇီဝိတကို ရည်၍ ဟောတော်မူအပ်သည် ဆိုကြောင်းအဲ့၊ ဤသို့လည်း မဖြစ်နိုင်၊ ဘယ်ကြောင့် ဆိုသော်– ထိုကဲ့သို့ ယူခြင်း၌ ယမိုက်ပါဠိ တပါး မရှိသောကြောင့်ရင်း, သဗ္ဗညု အရာ ဖြစ်သော ဌာန၌ ပါဠိတော်တို့ကို နှိုးနှော၍ အားရှိရာ ပါဠိယူတ္တိ၌သာ တည်သင့် သောကြောင့် ရင်းတည်း။

ရုပ်တရားတို့ မည်သည် နှေးသော ဖြစ်ခြင်းရှိ၏၊ နာမ်တရားတို့ကား လျင်သောဖြစ်ခြင်းရှိ၏၊နာမ်တရားတို့၏ ဌီခဏသည် သီးခြားရေတွက် လောက်အောင် မရှိ၊ထို့ကြောင့် ရုပ်တရားတို့၏ ခဏအစဉ်ကားတမျိုး, နာမ် တရားတို့၏ ခဏ အစဉ်ကား တမျိုးပေတည်း။ ထိုတွင် အလုံးစုံ သော ရုပ်တရားတို့သည် စိတ္တက္ခဏ တခု အတိုင်းအရှည်ဖြင့် မိမိ၏ ဥပ္ပါဒက္ခဏနှင့် ယှဉ်၍ ခဏတိုင်း, ခဏတိုင်း မပြတ်ဖြစ်ကုန်၏။ ပဋိသန္ဓေ စိတ်မှ စ၍ တကွ ဖြစ်သောကြောင့်လည်း ထို ရုပ်နာမ် ၂-ပါး တို့၏ ဥပါဒ်ဟူသောအစသည်ရင်း,နိရောဓဟူသော အဆုံးသည်ရင်း အသက် ရှည်သမျှ ကာလ ပတ်လုံးလည်း တကွဖြစ်သည် သာတည်း။ ဤသည် ကား မူလဋီကာဆရာ၏ အမိပ္ပါယ်တည်း။

ယမိုက်ပါဠိတော်တို့သည် အနက် အသီးသီး ရှိကုန်၏။ သဒ္ဒါလည်း ကဲ့ပြားကုန်၏၊ မြတ်စွာဘုရား၏ အလိုတော်သည်လည်း နက်နဲ၏၊ ထို့ကြောင့် ကောင်းစွာ စိစစ် စုံစမ်း၍ မှတ်အပ်၏၊ ရသင့်သည် အား လျော်စွာ ယှဉ်ခြင်းကား ယမိုက်ကျမ်း၏ ဓမ္မတာတခုဟု နှလုံးပြု၍ မိမိ အလိုရှိရာသို့ဆွဲလျက် မြင်တိုင်းမြင်တိုင်းသော ယမိုက်ပါဠိကို ယထာ လာဘယောဇနာခြင်းမျိုးဖြင့် ယောဇနာရန်လည်း မတတ်ကောင်းပေ။

စိတ်အရကောက်

အရူပဝိပါက် ၄-ခု,ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ်သော ၇၅-ပါးသော စိတ်သည် စိတ်ကြောင့် ဖြစ်သော ရုပ်ကို ပဌမဘဝင်၏ ဥပါဒ်ကို အစပြု၍ ဖြစ်ဆဲဖြစ်၍ သာလျှင် ဖြစ်စေ၏။

ရူပဝိရာဂ ဘာဝနာ ထူးကြောင့် ဖြစ်သော အရူပ ကုသိုလ်သည် အရူပလောကမှာ ရုပ်နှင့်တကွဖြစ်သော ပဋိသန္ဓေကို မဖြစ်စေတတ်၊ နာမ် သက်သက် ကိုသာ ဖြစ်စေ တတ်၏။ ထို့ကြောင့် ရုပ်စဉ် ဦး၏ (သို့မဟုတ်) ခေါင်းတည် ရုပ်၏ အရူပဘုံမှာ အချင်းခပ်သိမ်း မရှိသော

ကြောင့် ထိုအရူပဘုံမှာဖြစ်သော ၄၆-ပါးသော စိတ်တို့သည် ရုပ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ကုန်၊ သို့ရာတွင် အရူပဝိပါက်တို့ကား အရူပ ဘုံ၌ အမြဲဖြစ်၍ ရုပ်ကိုဖြစ်စေတတ်သော စိတ်အရတွင် အရူပဝိပါက်ကို ပယ်ရသည်။

ဒွေးပဥ္စဝိညာဉ်။ ။ဒွေးပဥ္စဝိညာဉ် ၁၀-ခုကို ဈာန်အင်္ဂါ ကင်းသဖြင့် အင်္ဂါအား မရှိသောကြောင့် ကြဉ်ရလေသည်။

ကာမရူပ ပဋိသန္ဓေစိတ် ၁၅-ခု၊ ရဟန္တာတို့၏ ပရိနိဗ္ဗာန် စုတိစိတ် တို့သည်လည်း ရုပ်ကို မဖြစ်စေတတ်ကုန်။ သို့ပေမဲ့ ဤစိတ်များဟာ ဘဝင်ကိစ္စ တပ်သောအခါ သာနုသယပုဂ္ဂိုလ်တို့၏ စုတိကိစ္စတပ်သော အခါ၌ ရုပ်ကို ဖြစ်စေတတ်ကုန်၏၊ ထို့ကြောင့် ပဋိသန္ဓေ, စုတိစိတ်များ ကို မပယ်ရှားရသတည်း။

ပဥ္စဝေါကာရ ပဋိသန္ဓေစိတ် ၁၅-ခုသည် ပဋိသန္ဓေခဏ၌ ရုပ်ကို မဖြစ်စေတတ်သည်မှာ အားနည်းသောကြောင့်ဖြစ်၏။မှန်၏-စိတ်သည် ဥပ္ပါဒက္ခဏ၌သာ အကြောင်း လုံလုံ လောက်လောက် ရမှ အားရှိ၏၊ ရုပ်သည် ဌီခဏ၌သာ အားရှိ၏။ သို့ဖြစ်၍ မိမိတို့အားရှိသော ခဏ၌ ဖြစ်ရသည်၏ အဖြစ်ဖြင့် အားသေးသော ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ရသော ကြောင့် မိမိဟူသော ပဋိသန္ဓေစိတ်သည်လည်း ထိုဝတ္ထုရုပ်အောက်ပင် အားနည်းလေသည်၊ ထို့ကြောင့် အလုံးစုံသော ပဥ္စဝေါကာရပဋိသန္ဓေ ၁၅-ခုတို့သည် ရုပ်ကို မဖြစ်စေတတ်ကုန်။

အချို့သော အနန္တရ, အာသေဝန စသော ပစ္စည်းတို့သည် စိတ်၏ ဥပါဒ်ခဏ၌သာ ဖြန့်နှံ့ကုန်၏၊ ရုပ်၏ အထောက်အပံ့ ဖြစ်သော ဥတု, အာဟာရတို့သည်၎င်း, ပစ္ဆာဇာတ ပစ္စည်းတရားတို့သည်၎င်း, ဌီခဏ ၌သာ ဖြန့်နှံ့ ကုန်၏၊ ထို့ကြောင့် ထိုစိတ်နှင့် ရုပ်တို့၏ အစဉ်အတိုင်း ဥပါဒ်ခဏ, ဌီခဏ၌ အကြောင်းပြည့်စုံစွာ ရခြင်းကိုသိအပ်၏။

ရဟန္တာ တို့၏ စုတိစိတ်

ရဟန္တာတို့၏ စုတိစိတ်သည် ပင်ကိုယ် အားဖြင့် ဝဋ်မြစ် ငြိမ်းလေပြီးသော သန္တာန်မှာ ဖြစ်သော ကြောင့် အလွန်ငြိမ်းအေး၏၊ တဖန် အာယုသင်္ခါရ ကုန်သဖြင့် အလွန် အားနည်းသော အဆုံး၌ တည်သော ဟဒယဝတ္ထု၌ မှီရသောကြောင့် အလွန် အားလည်း နည်း၏၊ ထို့ကြောင့် ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေတတ်။

မူလဋီကာ ဆရာကား...... ခပ်သိမ်းသော သတ္တဝါတို့၏ စုတိစိတ်သည်လည်း ရုပ်ကို မဖြစ်စေတတ်ဟု အလိုရှိတော်မူ၏။ ဝိဘာသဝါနံ စုတိစိတ္တံ-ဟု အထူးပြု၍ အဋ္ဌကထာမှာဆိုသော်လည်း-ကာမာဝစရာနံ ။ပ။ နောစ ကာယ သဉ္ဉတ္တိရော နိရုဇ္ဈတိ-ဟူသော ပါဠိတော် စကားကြောင့် ရဟန္တာမှတပါး အခြား ပုဂ္ဂိုလ်တို့၏ စုတိစိတ်သည်လည်း ရုပ်ကို မဖြစ်စေတတ်ဟု သိအပ်၏။

မှန်၏-ရုပ်ကို ဖြစ်စေတတ်သော စိတ်၏ အမိဝမ်း၌ သက်ခြင်း အစရှိသော တားမြစ်တတ်သော အကြောင်းမရှိက ကာယသဉ္ဉတ္တိရကို မဖြစ်စေခြင်း မည်သည် မရှိ၊ စုတေ့ပြီးလည်း ဖြစ်၏၊ထိုစုတေ့ပြီးပုဂ္ဂိုလ်အား စိတ္တသမုဋ္ဌာန် ရုပ်သည်လည်း ဖြစ်၏၊ ဤသို့သော သဘောသည် သင့်လည်း မသင့်၊ စုတိစိတ်သည် ရုပ်ကို ဖြစ်စေ၏ ဟူသော ပါဠိ ရှိလည်းမရှိ။

အနုဋီကာ၌—တေသံ စဝန္တာနံ နောစကာယ သဉ္ဉတ္တိရော နိရုဇ္ဈတိ-ဟူသော ယမိုက်ပါဠိတော်ႏစကားသည် စုတိစိတ်၏ရုပ်ကို ဖြစ်စေခြင်း မရှိသည်ကိုသာ ပြီးစေသည်မဟုတ်၊ စင်စစ်အားဖြင့် ထိုစုတိစိတ်မှ ရှေး၌ဖြစ်သော အလုံးစုံသော မရဏာသန္န စိတ်တို့၏ရုပ်ကိုဖြစ်စေခြင်း မရှိသည်ကိုလည်း ပြီးစေ၏ဟု ပြ၏။မှန်၏-စုတိစိတ်၌ ကာယသဉ္ဉတ္တိရ၏ ချုပ်ခြင်းကို မြစ်အပ်သည်ရှိသော် ထိုစုတိစိတ်မှ ရှေ့ ၁၇-ချက်မြောက်သော စိတ်တိုင်အောင် ဤအတွင်း ထိုကာယသဉ္ဉတ္တိရ၏ ဖြစ်ခြင်းကို မြစ်အပ်သည်သာ ဖြစ်၏ဟု ဆို၏။

ထိုစကားအလုံးစုံကို စိစစ်သင့်၏၊ မှန်၏-ကာယသဉ္ဉတ္တိရ ဟူသည် ထွက်သက် ဝင်သက်တည်း၊ ထိုထွက်သက် ဝင်သက်သည် လွန်စွာ ကြမ်းထမ်းသောရုပ်တရားတည်း၊ထို့ကြောင့် စုတိစိတ်၌ ထိုထွက်သက် ဝင်သက်၏ ချုပ်ခြင်း မရှိသည်ကို ဆိုသော စကားဖြင့် ဤမှတပါး သိမ်မွေ့သော ရုပ်တရားတို့ကို စုတိစိတ်သည် မဖြစ်စေဟု ဆိုခြင်းငှါ မတတ်ကောင်း။

> ရုပ်ကို ဖြစ်စေတတ်သော စိတ်၏ အမိဝမ်း၌ သက်ခြင်းစသော တားမြစ်တတ်သော အကြောင်းမရှိက ကာယသင်္ခါရကို မဖြစ်စေခြင်းသည် မရှိ....

ဟူသော မူလဋီကာစကားသည် မသင့်။ ဘယ့်ကြောင့် ဆိုသော်-အမိဝမ်း၌ သက်ခြင်းစသော ထိုရုပ်တို့သည်သာ ရှုန့်ရင်းသော ကာယ

သဒ္ဒါရကိုမဖြစ်စေတတ်သော စိတ်သည်လည်း ဤမှတပါး နူးညံ့သော ရုပ်ကိုကား ဖြစ်စေတတ်၏ ဟူသော ဤအနက်ကို ပြီးစေတတ်သော သဘောတရား ဖြစ်ထိုက်လေသောကြောင့်တည်း။

ရှင်းချက်။ ။စိတ်သည် ရုန့်ရင်းသော ကာယသဒ္ဒါရကို မဖြစ်စေသော်လည်း နူးညံ့သော ရုပ်ကိုကား ဖြစ်စေတတ်သည်၊ ဤအနက်ကို ပြီးစေတတ်သော လက်သည်တို့ကား အမိဝမ်း၌ သက်ခြင်းစသည်တို့သာ ဖြစ်ထိုက်လေသည်။

စုတ်တော့ပြီးလည်း ဖြစ်၏၊ စုတေ့ပြီးသူအား စိတ္တသမုဋ္ဌာနရုပ်လည်းဖြစ်၏၊ ဤသို့သော သဘောသည် သင့်လည်းမသင့်။

ဟူသော မူလဋီကာဆရာ ဒုတိယစကားလည်းမသင့်၊ အကြောင်းသော်ကား—စုတိမှနောက် နှစ်ခု,သုံးခုသောခဏမျှ စိတ္တဇရုပ်ဖြစ်ခြင်းကြောင့် တစုံတရာ ဆန့်ကျင်မှု မရှိသည့်အတွက် ဒုတိယစကားလည်း မသင့်သည်သာတည်း။

စုတိစိတ်သည် ရုပ်ကို ဖြစ်စေ၏ဟူသော ပါဠိလည်း မရှိ။

ဟူသော မူလဋီကာဆရာ၏ တတိယစကားလည်းမသင့်၊ဘဲ့ကြောင့်ဆိုသော်–

ကာယသဒ္ဒါရအရာမှတပါး စုတိစိတ်သည် ရုပ်ကို မဖြစ်စေတတ်ဟုဟောသော ပါဠိလည်း မရှိဟု ဆိုခြင်းငှါ တတ်ကောင်းသောကြောင့်ပေတည်း။

ဤကား ပရမတ္ထ ဒီပနီ၏ ချေပချက်ပေတည်း။

သင့်ရာသော အဓိပ္ပါယ်–ရုပ်တရားတို့သည် အစဦး ပဋိသန္ဓေအခါ စိတ္တက္ခဏတချက်မျှမှာ အကြောင်းနည်းသောကြောင့်ရင်း,မိမိဟူသော ပဋိသန္ဓေစိတ်၏ နူးနံ့ညွှေးသော အဖြစ်ကြောင့်ရင်း, အားမရှိ သကဲ့သို့ ထို့အတူ အဆုံး သေခါနီးအခါ၌ ကုန်းဆုံးလေပြီးသော အကြောင်းရှိသောကြောင့်ရင်း, ချုပ်ခြင်း နီးသောကြောင့်ရင်း အားနည်းကြကုန်သည်ဟု ဆိုကောင်း၏၊ ထို့ကြောင့် ဟဒယဝတ္ထု၏ အစပိုင်း အဆုံးပိုင်းကို မှီ၍ဖြစ်သော စုတိစိတ်တို့သည် အားနည်းပုံခြင်း တူမျှကြသည်ဟု သိကောင်းလေသည်၊ ဋီကာကျော်၌ကား တစုံတရာ စိစစ်မှု မပြုဘဲ လျစ်လျူရှုခဲ့လေသည်။

ပဉ္စမ ဘဝင် မုပါဒါယ ပဉ္စမ ဘဝင် စိတ်၏ ဥပါဒ် ခဏမှ စ၍ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ဆဲဖြစ်၏၊ တည်ဆဲ ပျက်ဆဲမဟုတ်ဟု ဆိုလို၏။

ထိုစိတ်များတွင် အပ္ပနာဇောသည် ဣရိယာပုထ်ကိုလည်း ကောင်းစွာ ညွတ်စေ၏။

ဣရိယာပထ။ ။ထိုင်ခြင်း, လျောင်းခြင်း, ရပ်ခြင်းဣရိယာပုထ်ကို ဣရိယာပထ-ဟု ဆို၏၊ ဒိုကာကျော်၌ သွားခြင်း စသော ဣရိယာပုထ် ကိုပါ ယူ၏။ အပ္ပနာဇောသည် ဝိညတ်ရုပ်ကို မဖြစ်စေတတ်သောကြောင့် ဒိုကာကျော်စကားကို မိစစ်၍ ယူပါလေ။

ဝိသဒ္ဒါဖြင့်ကား အပ္ပနာဇောသည် ရုပ်ကို ဖြစ်စေသည်သာ မဟုတ်သေး၊ ဆိုလတ္တံ့သော စိတ်တို့သည် ပြုပြင်အပ်သော ဖြစ်ရိုးအစဉ် ဣရိယာပုထ်ကို မကျလေအောင် မတုန်လှုပ်လေအောင် ထောက်ပံ့သေး၏ ဟု ဖြစ်၏။ ဖြစ်မြဲ တိုင်းသော ဣရိယာပုထ်အား စောင့်ရှောက်ခြင်းကို ဥပထမ္ဘန-ဟု ဆို၏။ချီးမြှောက်၍ ရှေ့ရှု ဆောင်ထားသည်ကို ဥပထမ္ဘန,မဆိုဟု မှတ်လေ။

ထိုင်နေသူအားဖြင်း, ရပ်နေသူအားဖြင်း ဘဝင်စိတ်သည် ဝိထိစိတ် နှင့် မရောနှောဘဲ ဖြစ်ပါက ကိုယ်အင်္ဂါတို့သည် နစ်ကုန်, ကျကုန် သကဲ့သို့ ထို့အဝှ ၌ ၂၆-ပါးသော စိတ်သည်ဖြင်း ဆိုလတ္တံ့သော ၃၂-ပါးသော နိုးကြားသော စိတ်တို့သည်ဖြင်း ဖြစ်ခဲ့သည် ရှိသော်- အင်္ဂါကြီးငယ်တို့သည် မဆုတ်နစ် မကျဆုံးကြကုန်။အမှန်မှာ ဤငါးဆဲ့ ရှစ်ပါးသော စိတ်တို့ဖြစ်ခဲ့သော် ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့သည် တောင့်တင်းခိုင်မာကြကုန်၏။ ရှေးကထားမြဲတိုင်း ဖြစ်ကုန်၏ဟုလို။

ဝုဋ္ဌော,ကာမဇော,အဘိညာဇောတို့သည် ဝိညတ်ရုပ်ကိုလည်း ဖြစ်စေကုန်၏။

ပဉ္စဒွါရိက ဖြစ်ပါက ဇောစိတ်တို့ပင်သော်လည်း ဝိညတ်ကို မဖြစ် စေတတ်သောကြောင့် ဝုဋ္ဌော-အရ မနောဒွါရ၌ဖြစ်သော အာဝဇ္ဇန်းကို ယူလေ။

တနည်း–ဝိညတ္တိမ္ပိ၌ ပါသော ပိ-သဒ္ဒါဖြင့် ယူအပ်သော ဣရိယာ ပုထ်ကို ထောက်ပံ့ခြင်းမျှကို ရည်၍ ဝုဋ္ဌော-အစရှိသော ပဉ္စဒွါရိက စိတ်တို့ကိုလည်း ယူအပ်ကုန်၏ဟု မှတ်လေ။

ဤနေရာ၌ သွားခြင်းစသော ထိုထို အခိုက်အတန့်ထူးဖြင့်ဖြစ်သော ရုပ်တရား တို့သည်သာ ဣရိယာပုထ်မည်၏။ သို့သော်လည်း အချို့ စိတ်သည် ရုပ်သာမန်ကိုသာ ဖြစ်စေတတ်၏၊ ထိုရုပ်သာမန်ထက် ပိုမို၍ မဖြစ်စေတတ်၊ အချို့စိတ်သည် တပါးစိတ်၏ အစွမ်းအားဖြင့် ဖြစ်မြဲ တိုင်းသော ဣရိယာပုထ်ကို စောင့်ရှောက်ခြင်းငှါသာ စွမ်းနိုင်၏။မဖြစ် သေးသော ဣရိယာပုထ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ အချို့စိတ်သည် ဝိညတ်ရုပ်ကို ဖြစ်စေသည့်ပြင် မဖြစ်သေးသော ဣရိယာပုထ်ကိုရင်း, တပါးသော ကိုယ်အမူအရာ နှုတ်အမူအရာကိုရင်း ဖြစ်စေခြင်းငှါ စွမ်းနိုင်၏၊ အချုပ်အားဖြင့် ဆိုသော် နောက်နောက် ကိစ္စများကို ရွက်ဆောင်နိုင်သော စိတ်သည် အောက်အောက် ကိစ္စများကို ဖြစ်စေ ခြင်းငှါ စွမ်းနိုင်သည်ဟုမှတ်။

ရှင်းချက်။ ။ဝိညတ်ရုပ်ကို ဖြစ်စေတတ်သော ဝုဋ္ဌော, ကာမဇော အဘိညာ ဇောတို့သည် ဣရိယာပုထ်တို့ကို ထောက်ပံ့တတ်၏၊ စိတ္တဇရုပ်ကိုလည်း ဖြစ်စေတတ်၏ ဟူလို။

ဤသုံးဆဲ့နှစ်ပါးသော စိတ်တွင် သောမနဿဇော ၁၃-ခုတို့သည် ရယ်ရွှင် ခြင်းကိုလည်း ဖြစ်စေတတ်ကုန်၏။

ဟာသနန္ဒိ။ ။ဟာသနမ္ပိ၌ ပိသဒ္ဒါဖြင့် ဝိညတ်ရုပ်ကိုလည်း ဖြစ်စေ၏၊ ဣရိယာပုထ်ကိုလည်း ထောက်ပံ့၏ ဟူသော အနက်ကို ပေါင်းယူ၏။

ရယ်ရွှင်မှုကိုပြုသော စိတ် ၁၃-ပါးကား–

ကာမာဝစရကုသိုလ်မှ သောမနဿ	၄-ပါး။
အကုသိုလ်မှ သောမနဿ	၄-ပါး။
ကာမာဝစရကြိယာမှ သောမနဿ	၄-ပါး။
ဟသိတုပ္ပါဒ်	၁-ပါး။
ဤသို့အားဖြင့် စိတ်ပေါင်း	၁၃-ပါး ဖြစ်၏။

ထိုတွင် ပုထုဇဉ်ပုဂ္ဂိုလ်သည် အကုသိုလ် သောမနဿ ၄၊ကုသိုလ် သောမနဿ ၄-အားဖြင့် ၈-ပါးသော စိတ်ဖြင့် ရယ်ရွှင်၏၊ သေက္ခ ပုဂ္ဂိုလ်သည် အကုသိုလ် ဒိဋ္ဌိ ဝိပ္ပယုတ် သောမနဿ ၂၊ ကုသိုလ် သောမနဿ ၄-အားဖြင့် ၆-ပါးသော စိတ်ဖြင့် ရယ်ရွှင်၏၊ အသေက္ခ ပုဂ္ဂိုလ်သည် ကြိယာ သောမနဿ ၅-ခုဖြင့် ရယ်ရွှင်၏။

ကေစိအခဲ့……ဇုဋ္ဌမြတ်စွာတို့သည် သဟိတ်ကြိယာ သောမနဿ ၄-ချဖြင့်သာ ရယ်ရွှင်တော်မူကုန်၏၊ အဟိတ် ဟသိတုပ္ပါဒ် စိတ်ဖြင့် ရယ်ရွှင်တော်မမူကုန်၊ ဘယ့်ကြောင့်ဆိုသော် ဇုဋ္ဌမြတ်စွာ၏ ကာယကံ ဝစီကံ မနောကံသည် ဉာဏ်လျှင် ရှေ့သွားရှိ၏၊ဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်၏ဟု ဟောတော်မူသည့်အတွက် မိစစ်ခြင်း ကိစ္စကင်းသော ဟသိတုပ္ပါဒ်သည် ဇုဋ္ဌမြတ်စွာတို့၏ သန္တာန်၌ မဖြစ်သင့်သောကြောင့် ပေတည်းဟု ကေစိတို့ ဆိုကြ၏။ ထိုဝါဒကို အဋ္ဌကထာမှာ ပယ်မြစ်ထားလေသည်၊ အဋ္ဌကထာဆရာ၏ အကြောင်း ပြချက်မှာ- ထိုကေစိ ဝါဒအတိုင်း အဟိတ် ဟသိတုပ္ပါဒ် စိတ်မဖြစ်မှုကို လက်ခံပါက ဟသိတုပ္ပါဒ်မှတပါးသော အဟိတ်စိတ်, ဉာဏ်ကင်းသော ဉာဏဝိပ္ပယုတ် မဟာကြိယာဇောတို့၏ ဇုဋ္ဌသန္တာန်တော်၌ မဖြစ်ဟု လက်ခံရရောက် နေပေမည်။ ထိုကြောင့် ထိုဇုဋ္ဌမြတ်စွာတို့အား ဟသိတုပ္ပါဒ် စိတ်ဖြင့် ဖြစ်စေအပ်သော ပြုံးရယ်ခြင်းသည် ရှေးနောက်နှစ်ဖက်မှာ ဉာဏ်ပါ၍ ဉာဏပုဗ္ဗင်္ဂမ, ဉာဏာနုပရိဝတ္တိ အဖြစ်ကို သိအပ်သည်သာတည်း၊ သို့ဖြစ်၍ ဟသိတုပ္ပါဒ်စိတ်သည် ဇုဋ္ဌသန္တာန်တော်၌ မဖြစ်သင့်မဟုတ်၊ ဖြစ်သင့်သည်သာတည်း။ဟသိတုပ္ပါဒ် ဖြစ်သဖြင့်လည်း အခြားအဟိတ်စိတ် ဒွိဟိတ်ကြိယာဇောစိတ်များလည်း ဖြစ်သင့်သာတည်းဟုဆိုလို၏။

ဥတု

အအေး, အပူ ဟူသော တေဇောဓာတ်သည် ဋ္ဌီသို့ရောက်သည် ဖြစ်၍သာလျှင် ဥတုသမုဋ္ဌာနရုပ်ကို အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓ သန္တာန်၌ ထိုက်သလို ဖြစ်စေ၏။

လောကီ လူအများက အအေး, အပူဟု ခွဲခြား၍ သိထားသော တေဇောဓာတ်ခေါ် ဥတုသည် ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏမှစ၍ ဥတုသမုဋ္ဌာနရုပ်ကို ဖြစ်စေ၏။

ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဋ္ဌီကာလမှစ၍ ဖြစ်လျက် ၎င်းကို အရင် မပြဆိုဘဲ ပဉ္စမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ ဖြစ်သော စိတ္တဇရုပ်ကို အရင်ပြဆိုသည်မှာ-အဇ္ဈတ္တဥတု,ဗဟိဒ္ဓဥတုနှစ်ပါးကိုတပေါင်းတည်း ပြဆိုလိုသောကြောင့် ဖြစ်၏။

အာဟာရ

ဩဇာဟူသော အာဟာရသည် အာဟာရသမုဋ္ဌာနရုပ်ကို မျိုသောအခါ ဋ္ဌီသို့ ရောက်သည် ဖြစ်၍သာ ဖြစ်စေ၏။

အာဟာရသည်–(၁) ကဗဠီကာရာဟာရ (၂) ဖဿာဟာရ (၃) မနောသဉ္စေတနာဟာရ (၄) ဝိညာဏာဟာရ (၅) ဗဟိဒ္ဓါဟာရ-ဟု ငါးမျိုးရှိ၏။ (ရှေးဖလေးမျိုးကား အဇ္ဈတ္တာဟာရတည်း။) စားအပ်, သောက်အပ်,ခဲအပ်,လျက်အပ်သည်၏အစွမ်းဖြင့်ဖြစ်သော ဩဇာကား ဗဟိဒ္ဓါဟာရတည်း။ အချုပ်အားဖြင့် အာဟာရသည် အဇ္ဈတ္တ,ဗဟိဒ္ဓါ ဟာရဟု နှစ်မျိုးသာ ရှိ၏။ ထိုအာဟာရနှစ်မျိုးတို့သည် ရောနှောသော အားဖြင့် အထောက်အပံ့ကို ရမှသာ ရုပ်ကို ဖြစ်စေကုန်၏၊ ထို့ကြောင့် ဇဇ္ဈောဟာရဏကာလေ-ဟု သင်္ဂြိုဟ် မိန့်ဆို၏။

ဗဟိဒ္ဓါဟာရ၏ အဇ္ဈတ္တ သန္တာန်၌ ရုပ်ဖြစ်စေပုံ

ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဥတုနှင့်တကွ အဇ္ဈတ္တသန္တာန်မှာဖြစ်သော စတုသမုဋ္ဌာန ဥတု, စတုသမုဋ္ဌာန ဩဇာ တို့၏ ရုပ်ကို ဖြစ်စေခြင်း ကဲ့သို့ ဗဟိဒ္ဓ ဩဇာ၏လည်း အဇ္ဈတ္တ သန္တာန်၌ ရုပ်ကို ဖြစ်စေခြင်းကို အားလုံးသော အဋ္ဌကထာတို့၌ မိန့်ဆိုအပ်၏။

မဇ္ဈိမအဋ္ဌကထာအဆို......မျိုအပ်သော အာဟာရသည် ခံတွင်း၌ ထားကာမျှ အဋ္ဌကလာပ် ရုပ်တို့ကို ဖြစ်စေ၏၊ သွားဖြင့်ဝါး၍ မျိုအပ်သော်ကား ထမင်း တလုံး တလုံးစာမျှ အာဟာရသည် ရှစ်ပါးရှစ်ပါးသော ကလာပ် ရုပ်တို့ကို ဖြစ်စေ၏။

အရှင်ဓမ္မပါလထေရ်အဆို......ဗဟိဒ္ဓဩဇာသည် ရုပ်ကို အကယ်၍ ဖြစ်စေငြားအံ့၊ ဗဟိဒ္ဓဖြစ်သော ဥတုသည် အဇ္ဈတ္တရုပ် ဗဟိဒ္ဓရုပ်ကို ဖြစ်စေသကဲ့သို့ ထို့အတူ ဗဟိဒ္ဓဩဇာသည် ဗဟိဒ္ဓသန္တာန်၌လည်း ရုပ်ကို ဖြစ်စေရာ၏၊ သို့ပေမဲ့ ဗဟိဒ္ဓဩဇာသည် ရုပ်ကို မဖြစ်စေပါ၊ ထို့ကြောင့် ဗဟိဒ္ဓ ဩဇာသည် အဇ္ဈတ္တသို့ရောက်၍လည်း ရုပ်ကို မဖြစ်စေသည်သာတည်း။ အမှန်မှာ အဇ္ဈတ္တိ ဩဇာကသာရုပ်ကို ဖြစ်စေ၏၊ ဗဟိဒ္ဓဩဇာက အဇ္ဈတ္တဩဇာ၏ အထောက်အပံ့အကူအညီသာဖြစ်၏။ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ မုခေဋ္ဌပိတ မတ္တောဝ၊ နသက်ာဒိတော၊တတ္တကေနပိ အဇ္ဈတ္တိကရယ ပစ္စယော ဟောတိယေဝ၊ တေနာဟ အဋ္ဌ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ-ဟု မဇ္ဈိမ ဋီကာ၌ အရှင်ဓမ္မပါလထေရ် မိန့်ဆိုတော်မူ၏။

မုခေ၊ ခံတွင်း၌။ ထပိတမတ္တောဝ၊ထားကာမျှဖြစ်သော် သာလျှင်။ သမုဋ္ဌာပေတိ၊ဖြစ်စေ၏။ သဒ္ဒိဝါဒိတော၊ဝါးပြီးမှသာလျှင်။နှ၊ဖြစ်စေသည် မဟုတ်။တတ္တကေနပိ၊ထိုမျှလောက်ဖြင့်လည်း။ အန္တော်ကုစ္ဆိရသ၊အတွင်း၌ တည်သော အာဟာရ၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့သည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ တေန၊ ထို့ကြောင့်။ အဋ္ဌအဋ္ဌ ရူပါနိ သမုဋ္ဌာပေတီတိ၊ ဟူ၍။ အာဟာ၊ မိန့်ဆို၏။

ဥပါဒိန္နက ဖြစ်သော ဥတုသြဇာတို့မည်သည် အလွန်မွန်မြတ်သော သဘောရှိကုန်၏၊ ထို့ကြောင့် ဗဟိဒ္ဓ သြဇာသည်လည်း အဇ္ဈတ္တ သန္တာန်သို့ ရောက်ပါက ထိုအဇ္ဈတ္တဥတုသည် ကောင်းစွာ ပေါင်းနှေး နူးနပ်အပ်သည် ရှိသော်ငြား၊ ထိုအဇ္ဈတ္တ သြဇာသည် ကောင်းစွာ ထောက်ပံ့အပ်သော်ငြား ခန္ဓာကိုယ်မှာ အဆီခဲအဆီကြည်တို့ကို ပွါးတိုး စေသည်၏ အစွမ်းဖြင့် ရုပ်ကို ဖြစ်စေသည် ဟု ဆိုက သင့်လျော် လျောက်ပတ်လေသည်။

ဝိသုဒ္ဓိမဂ်၌—အဝိ စားအပ်သော အာဟာရသည် သူငယ်၏ကိုယ်မှာ ပြန့်နှံ့၍ ရုပ်ကို ဖြစ်စေ၏၊ ခန္ဓာကိုယ်၌ ယင်တကောင်စာမျှ အာဟာရ သည်လည်း ရုပ်ကို ဖြစ်စေ၏ဟု ဆိုလေသည်။

ဥတုသည် အား အကောင်းဆုံး

ကံ, စိတ်, ဥတု, အာဟာရ-ဟု အကြောင်း လေးမျိုး ရှိသည်တွင် ဥတုသည် ခမ်းနားကြီးကျယ်၏၊ ကြီးမားသော အားအစွမ်းရှိ၏၊အလွန် လည်း ပြန့်ကျယ်မှုရှိ၏၊ မှန်၏-ထို ဥတုသည် စကြာဝဠာ ကမ္ဘာ မြေ, ရေ စသော သြကာသလောက, အပါယ်သတ္တာန်၌ ကမ္ဘာပျက်မိုးယ်း, ကမ္ဘာပျက်မီး,ကမ္ဘာပျက်ရေ,ကမ္ဘာပျက်လေ,ကမ္ဘာပြုမိုးယ်း,ကမ္ဘာ ပြုရေ တော,တောင် တခွင် သစ်ပင်ချုံနွယ် စသော သခါရလောကကို ဖြစ်ပွါးလေအောင် ထူလည်း ထူထောင်တတ်၏၊ ပျက်အောင်လည်း ဖျက်တတ်၏၊ ထို ဥတု သည်သာ ရုပ်လောက၏ အတွင်း ကျကျ အဆောက်အဦကြီး ဖြစ်လေသည်၊ ကံ, စိတ်,အာဟာရ တို့သည်ကား အခြံအရံ အသိုင်းအဝိုင်းမျှဖြစ်၍ ပြည့်စုံကြလေသည်။

ကမ္မဇကောန်စသည်

ယိုရုပ်များတွင် ဟဒယရုပ်နှင့်ဣန္ဒြိယရုပ် ၈-ခု ,ဤရုပ် ၉-ခုတို့သည် ကမ္မဇရုပ်မည်၏။ ဝိညတ်ဒွေးသည် စိတ္တဇရုပ်ကောန်မည်၏။သဒ္ဒရုပ်သည် စိတ်,ဥတု နှစ်ပါးကြောင့် ဖြစ်၏၊ လဟုတာ, မုဒုတာ, ကမ္မညတာ ဟူသော ရုပ်သုံးခုသည် ဥတု, စိတ်, အာဟာရ ဟူသော အကြောင်း သုံးပါးကြောင့် ဖြစ်၏။

ဟဒယရုပ် နှင့် ဣန္ဒြိယရုပ် ၈-ခုတို့သည် ကံကြောင့်သာ ဖြစ်ကုန်၏၊ စိတ် စသည့်ကြောင့် မဖြစ်ကုန်၊ ဒီလိုဆိုရင်—

ဝိပ္ပသန္နာနိခေါတေ အာဂုသော သာရိပုတ္တ ဣန္ဒြိယာနိ၊ ကတ ရေန တွံ ဝိဟာရေန ဝိဟရသိ=ငါ့ရှင်သာရိပုတ္တ သင်၏ ဣန္ဒြေ တွေဟာ ကြည်လင်ပါသည်။

ယခု အသင်ဟာ အဘယ် နေခြင်းမျိုးနှင့် နေလို့ပါလဲ-ဟူသော စကားကို ဗုဒ္ဓမြတ်စွာသည် ဘယ့်ကြောင့် မိန့်ဆိုအပ်ပါသနည်း။

(သမာပတ်စိတ်ကြောင့် ရုပ်ကြည်လင်မှုဖြစ်၍ မေးခြင်းဖြစ်သည်။)

စက္ခု စသော ဣန္ဒြေ၏ အဆောက်အဦ ဖြစ်သော သမာပတ် စိတ်ကြောင့်ဖြစ်သော အဆင်းတို့၏ သန့်ရှင်းခြင်း, ကြည်လင်ခြင်း၏ အစွမ်း အားဖြင့် တင်စား ပြောဆို အပ်လေသောကြောင့် ဗုဒ္ဓမြတ်စွာသည် ဤကဲ့သို့ မိန့်ဆိုတော်မူခြင်း ဖြစ်လေသည်။

မှန်၏......စတုဇရုပ်တို့သည် တစပ်တည်း ဖြစ်ကြသည်၊ တခုကြည် လင်လျှင် အလုံးစုံကြည်လင်၏၊ တခုညှိုးလျှင် အလုံးစုံညှိုး၏၊ ဥတု, စိတ်, အာဟာရ တို့သည် ထိုကမ္မဇရုပ် ၉-ခုတို့၏ အထောက်အပံ့ အကြောင်းတို့သာ ဖြစ်ကုန်၏။

ဤစကားရပ်တွင် ပေါ်လွင်စွာ မှတ်နိုင်ရန်ကား—ကြာနှင့် ကမ္မဇ ရုပ်တူ၏၊ ကြာ၏မျိုးစေ့နှင့် ကံတူ၏၊ ညွှံရေနှင့် ဥတု အာဟာရစသည် တူ၏။

ဝိညတ်ဒွေး၏ စိတ္တဇရုပ် ဖြစ်ကြောင်းကို စိတ္တသဟဘူဒုက်, စိတ္တာနု ပရိဝတ္တိဒုက်တို့၌ ဟောတော်မူသည်ကို ထောက်၍ သိပါလေ။

သဒ္ဒရုပ်ကို စိတ်, ဥတုကြောင့် ဖြစ်သည်ဟု အဘယ့်ကြောင့် ဆိုပါ သနည်း။ နိမိကဏ္ဍသုတ်၌-သုဝဏ္ဏတာ=အဆင်းလှခြင်း၊ သုသရတာ= အသံကောင်းခြင်း၊သုသဏ္ဍာနံ=ကိုယ်ဟန်နေ ပြေပြစ်ခြင်း၊သုရူပတာ=

အဆင်းလှပခြင်း ဤသို့ စသည်ဖြင့် အဆင်းလှခြင်း စသည်ကို ဖြစ်စေတတ်သော သဘောရှိသော ကံသူးဖြင့် အသံပြည့်စုံမှု မည်သည်ကို ဟောတော်မူအပ်သည်မဟုတ်ပါလော။ (ဤကားမေးချက်)

မှန်ပါပေ၏—သို့ရာတွင် ကံ အထူးကြောင့် ဖြတ်သား သန့်ရှင်းနားတွင်း ချိုသော အသံ ဖြစ်ပေါ်လာရလေအောင် ဥာန်, ကရိယာ်း၌ ဖြစ်သော ဥပါဒိန္နက ကိုယ်ထည်ရုပ်တို့၏ ကောင်းမွန်စွာ တည်နေမှုလေသလိပ် စသည် အနှောက်အယှက် ကင်းဝေးမှု ဖြစ်ရလေသည်၊ ထိုကြောင့် ထိုကောင်းမှုကံအထူးကို အကြောင်းခံ၍ ဖြစ်သော အသံ၏ ပြည့်စုံခြင်းကို ကံ၏အကျိုးတရားတို့၌ ထည့်သွင်း၍ (သုသရတာ=အသံကောင်းခြင်း) ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ် လေသည်။ အမှန်မှာ အသံသည် ကံကြောင့်ဖြစ်သောကြောင့် ဟောသည်မဟုတ်ပါ။(ဤကား ဖြေဆိုချက်)

လဟုတာရုပ်စသည်ကို ဥတု,စိတ်,အာဟာရတို့ကြောင့်ဖြစ်သည်ဟု အဘယ့်ကြောင့် ဆိုပါသနည်း။ အပ္ပါဗာဓ သံဝတ္တနိကာ ဧသော မာဏဝ ပဋိပဒါ၊ ယဒိဒံ အဝိဟိံသာ= သူတဦးအား မညှဉ်းဆဲခြင်းသည် အနာကင်းခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပေဘဲ လုလင်......ဟု ဟောတော်မူအပ်သည် မဟုတ်ပါလော။ လဟုတာ စသော ရုပ်သုံးခုသည် အနာကင်းခြင်းဟူသော အကြောင်းကြောင့် ဖြစ်၏၊ ထို့ကြောင့် ထိုရုပ်တရားသုံးခုကို ရုပ်၏ နှေးသော အဖြစ်စသည်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းစုလျှင် သမုဋ္ဌာန်ရှိသည်၏အဖြစ်ကို ဆိုအပ်သည် မဟုတ်ပါလော။ (မေးချက်)

အဖြေသော်ကား—ကမ္မဇရုပ်တို့ မည်သည် ရေ၌ ထည့်အပ်သော အကြိမ်တရာမက ချက်ထား အပ်သော ဆီကဲ့သို့ ပြကတေ့အားဖြင့် ကံအားလျော်စွာ ပေါ်ကြသည်, နူးညံ့ကြသည်, အမှု၌ သုံးစွဲ၍ ဖြစ်ကြသည်။ ထို့ကြောင့် ထိုကမ္မဇရုပ်တို့အား သီးခြား လဟုတာ စသော အမူအရာထူး မည်သည်မရှိ၊ ယင်းသို့ အမူအရာထူး မရှိသောကြောင့်လည်း ကမ္မဇရုပ်တို့အား ဘဝတခုမှာ အဒ္ဓါပစ္စုပ္ပန်အဖြစ်ကိုသာ ရအပ်၏၊ ဒါ့ကြောင့်မှုဘဲ ယမိုက်ပါဠိတော်တို့၌ ထိုကမ္မဇရုပ်တို့၏ ကာလအပြားကို ပဋိသန္ဓေ,စုတိဖြင့် ပိုင်းခြားအပ်သော အဒ္ဓါ ပစ္စုပ္ပန်ဖြင့်သာ ယူအပ်သည်ဟု မိန့်ဆိုလေသည်။

စိတ်မည်သည် အထူးထူးသော နိဝရဏ အပြား၏ အစွမ်းဖြင့်ရင်း သုခ,ဒုက္ခ,ပီတိ,ပဿဒ္ဓိ,သဒ္ဓါ,ပညာ စသည်တို့၏ အစွမ်းဖြင့်ရင်း ခဏ အမျိုးမျိုးမှာ အခိုက်အတန့် အမျိုးမျိုးနှင့်ယှဉ်၏၊ ဥတု, အာဟာရတို့သည်လည်း လျောက်ပတ်မှု မလျောက်ပတ်မှု၏ အပြားအားဖြင့် ခဏ အမျိုးမျိုးမှာ အခိုက်အတန့် အမျိုးမျိုးနှင့်ယှဉ်၏၊ ထိုကြောင့် ထို စိတ်, ဥတု,အာဟာရတို့ကြောင့်ဖြစ်သော ရုပ်တို့သည်သာ ခဏအမျိုးမျိုးမှာ လေးမှု,ပေါ့မှု စသည်၏ အစွမ်းဖြင့် အထူးထူးသော ပေါက်ပြန်မှုနှင့် ယှဉ်ကုန်၏၊ ယင်းသို့ ယှဉ်ခြင်းကြောင့် ထိုတိသမုဋ္ဌာန်ရုပ်တို့အား သန္တတိ ပစ္စုပ္ပန်, သမယပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ကာလ အပြားကို ရအပ်လေသည်။ ဒါကြောင့်ရှိလဲ ယမိုက်ပါဠိတော်တို့၌ တိသမုဋ္ဌာန် ရုပ်တို့၏ပဝတ္တိအခါ၌ ခဏပစ္စုပ္ပန်,သန္တတိ ပစ္စုပ္ပန်၏အစွမ်းဖြင့်လည်း ကာလအပြားကို ယူအပ်လေသည်။(ယမိုက်ပါဠိတော်မှာ ကမ္မဇမဟုတ်သော တရားတို့၏ ဥပ္ပါဒကိုရင်း, နိရောဓကိုရင်း ဟောသောဝါရတို့၌သာ"ပဝတ္တေစိတ္တဿ ဥပ္ပါဒက္ခဏေ"အစရှိသည်ဖြင့် ထိုထိုကာလဘေဒနှင့်တကွ ဥပ္ပါဒ,နိရောဓ တို့ကို ပြ၍ ဟောတော်မူသည် ဟူလို)။

ကမ္မဝိပါကဇာ အာဗာဓာ=ကံ၏ ရင့်ကျက်မှုကြောင့် ဖြစ်သော အနာ-ဟူသော ဟောချက်ကိုထောက်၍အနာသည် ကံကြောင့်ဖြစ်သည် မဟုတ်ပါလော။ အနာသည် ကံကြောင့် ဖြစ်ခဲ့သော် ထိုအနာမှ ထတ္တို ဖြစ်သော ကံကြောင့် လဟုတာ စသော ဂုဏ်ကိုလည်း သီးခြားရအပ် ရသည် မဟုတ်လော။

ဤသို့ မရအပ်ပါ၊ ဘယ့်ကြောင့်ဆိုသော် ဤခန္ဓာကိုယ်၌ ဥပပီဠကကံ ဥပဃာတက ကံတို့၏ အစွမ်းဖြင့် ကမ္မဝိပါကဇ အနာတို့သည် ဖြစ်ကုန်၏၊ ယင်းကံတို့သည်ပင် ဂတိဝိပတ္တိ, ကာလဝိပတ္တိ, ပယောဂဝိပတ္တိတို့ကို ရကြသော်သာ ခန္ဓာကိုယ်မှာ တည်သော ပထဝီ စသော ဓာတ်,လေ သည်းခြေ စသော ဥတုသမုဋ္ဌာနဓာတ်တို့ကို ချောက်ချားစေ၍ အနာအမျိုးမျိုးကို ဖြစ်စေကုန်၏၊ဥတုသမုဋ္ဌာန်ရုပ်တို့ ချောက်ချားခဲ့ပြန်သော် အခြားရုပ်တို့သည်လည်း ထိုဥတုသမုဋ္ဌာန်ရုပ်သို့သာ အစဉ်လိုက်၍ ဖြစ်ကုန်၏။ ထို့ကြောင့်–သီတေနပိ ရုပ္ပတိ– စသည်ဖြင့် ဥတုပြဋ္ဌာန်းသော ရုပ္ပနအကြောင်းကိုသာ ဟောတော်မူအပ်လေသည်။

သို့ဖြစ်၍ သက်သက် ကမ္မ သမုဋ္ဌာန် အနာမည်သည် မရှိ၊ ယင်းသို့ မရှိခြင်းကြောင့်လည်း ဆိုအပ်ခဲ့သော ကံကြောင့်ဖြစ်သော လဟုတာ စသော ဂုဏ်မည်သည်ကို သီးခြားမရအပ်သည်သာတည်း။

မှတ်ချက်။ ။ကမ္မသမုဋ္ဌာန်အနာ သီးခြားမရှိသည့်အတွက် အဋ္ဌ ဝါတသမုဋ္ဌာနာ အာဗာဓာ-စသည်ဖြင့် ဟောသကဲ့သို့ အဋ္ဌ ကမ္မ သမုဋ္ဌာနာ အာဗာဓာ-ဟုဟောတော် မမူဘဲ ကမ္မ ဝိပါကဇာ အာဗာဓာ-ဟုသာ ဟောတော်မူ၏။ ဥပပီဠကကံ၊ဥပဃာတက ကံတို့ကြောင့် ဖြစ်သော ဓာတ် ချောက်ချားမှုကို သုတ္တန် ဒေသနာနည်း အားဖြင့် ကမ္မ ဝိပါက-ဟု ဆို၏၊ ထိုကမ္မဝိပါကကြောင့် ဖြစ်သော အနာကို ကမ္မဝိပါကဇ-ဟု ဆို၏။

ကံကြောင့် အနာကင်းပုံ

သူတပါးကို မညှဉ်းဆဲတဲ့ မေတ္တာ၊ ကရုဏာ ကံကြောင့် ဖြစ်လာ သော သတ္တာတို့သည် ဥပပီဠကစသော ကံများ အလွန်ဝေးကွာ သောကြောင့်၎င်း၊ ကိုယ်ရုပ်စု၏ တခဲနက် သိပ်သည်းမွေ့စွာ တည်သဖြင့် ချောက်ချားစေတို့ရန် ခဲယဉ်းသည့် အဖြစ်ကြောင့်၎င်း ဖြစ်လေရာ ဘဝ၌ အနာကင်းကြသည်။ သို့ဖြစ်၍ ထိုအနက်ကို ရည်ရွယ်လျက် အပ္ပါဗာဓ သံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ၊ ယဒိဒံ အဝိဟိံသာ-ဟု ဟောတော်မူအပ်၏။အနာကင်းခြင်းလျှင် အကြောင်းရှိသော လဟု တာ-စသော ရုပ်၏ ကံလျှင် ဖြစ်ကြောင်း ရှိသောကြောင့် ဟောတော် မူသည် မဟုတ်ဟု မှတ်ပါလေ။ ထိုကြောင့် ရူပကဏ္ဍ၌ ဤ လဟုတာ-စသော ရုပ်သုံးခုကို ကမ္မဇရုပ်တို့၌ ညွှန်းပြတော်မမူပါလေ။

စတုဇရုပ်

အဝိနိဗ္ဘောဂရုပ် ၈-ခု၊ အာကာသဓာတ် ၁-ခု ဤရုပ် ၉-ခုတို့သည် အကြောင်း ၄-ပါးကြောင့် ဖြစ်၏။

ရုပ်ကလာပ်တို့မည်သည် ပရမာဏုမြူ တခု၌ သော်လည်း အများ အပြားဖြစ်ကြသည်၊ ထို့ကြောင့် စတုဇ ရုပ်ကလာပ်တို့သည် အတုံး အခဲ၏ အဖြစ်ဖြင့် ဖြစ်ခဲ့ကြသော် ကလာပ်တို့၏ အကြားဖြစ်သော အာကာသဓာတ်သည်လည်း ထင်လေသည်သာ ဖြစ်၏၊သို့ဖြစ်၍ စတုဇ ရုပ်တို့၌ အာကာသဓာတ်ကို ယူအပ်၏။

နကုတောစိရုပ်

လက္ခဏာရုပ် ၄-ခုတို့သည် ဘယ်အကြောင်းကြောင့်မှ မဖြစ်ကုန်။

ကောန် အနေကာန်

	ကောန်		အနေကာန်		
ကမ္မဇရုပ်	၉	+	၉	=	၁၀
စိတ္တဇရုပ်	၂	+	၁၃	=	၁၅
ဥတုဇရုပ်	၀	+	၁၃	=	၁၃
အာဟာရဇရုပ်	၀	+	၁၂	=	၁၂

ဖြစ်ဆဲ,ရင့်ဆဲ,သေဆဲ ဖြစ်သော ရုပ်ကလာပ် တို့၏ ဇာတိလက္ခဏာ ဇရာလက္ခဏာ မရဏလက္ခဏာ သဘောမျှ ဖြစ်သောကြောင့် လက္ခဏာ ရုပ်တို့သည် မည်သည့် ရုပ်တွေနှင့်မျှ မရောမယှက် သူ့ဖါသာ ဘယ် အကြောင်းကြောင့်မျှ မဖြစ်ကုန်ဟု ပြအပ်လေသည်။

အနိပ္ဖန္နရုပ်တို့သည် ဘယ်အကြောင်းကြောင့်မျှ မဖြစ်ဟု ဆိုသော်လည်း လက္ခဏရုပ်မှတပါး အခြား အနိပ္ဖန္နရုပ်တို့သည် စိတ်စသော အကြောင်းထူးဖြင့် မြင်အပ်သော အထူးရှိသကဲ့သို့ လက္ခဏာ ရုပ်တို့မှာ မရှိပေ၊ ထိုကြောင့် လက္ခဏာရုပ်ကို(န ကုတောစိ ဇာယန္တိ)ဟု ဆိုအပ် လေသည်။

ဇရတာနှင့် အနိစ္စတာကို ပါဠိတော်၌ပင် န ကုတောစိ သမုဋ္ဌာနာ-ဟု ဟောတော်မူသောကြောင့် ထိုရုပ် ၂-ခုကို နကုတောစိ သမုဋ္ဌာန်၌ ယူခြင်းသည် သင့်လျော်ပေ၏၊ ဥပစယ-သန္တတိရုပ် ၂-ခုကိုကား ပါဠိ တော်၌လည်း ကုတောစိသမုဋ္ဌာန်ရုပ်တို့မှာ ဟောအပ်၏၊ အဋ္ဌကထာ မှာလည်း ထို ဥပစယ-သန္တတိနှင့်တကွ ကမ္မဇရုပ်မှာ ၂၀, စိတ္တဇ ရုပ်မှာ ၁၇, ဥတုဇရုပ်မှာ ၁၅, အာဟာရဇရုပ်မှာ ၁၄-ဟု ဆိုအပ် ကုန်၏။ သို့ဖြစ်၍ ဥပစယနှင့် သန္တတိတို့အား နကုတောစိ သမုဋ္ဌာန်ရုပ် အဖြစ်ကို မဆိုသင့်သည် မဟုတ်ပါလော? (ဤကား မေးချက်)

အဖြေသော်ကား......ရုပ်ကို ဖြစ်စေတတ်သော အကြောင်း တို့၏ ဖြစ်စေခြင်း ဗျာပါရ မည်သည် မိမိသည် ဖြစ်စေ အပ်သော ရုပ်တို့၏ ဥပါဒ်ခဏမှာသာပြန့်နှံ့၏၊ဥပါဒ်ခဏမှနောက်၌ ပြန့်နှံ့မှုမရှိ။ထို့ကြောင့် ထိုဥပါဒ်ခဏမှာ ရအပ်သော ဥပစယ သန္တတိတို့သည်သာ တစုံတခု သော အကြောင်းကြောင့် ဖြစ်၏ ဟူသော ပရိယာယ် အားဖြင့် သွင်းယူ ထိုက်ကုန်၏၊ဇရတာအနိစ္စတာတို့ကိုကား ပရိယာယ်အားဖြင့်မသွင်းယူ ထိုက်ကုန်၊ သို့ဖြစ်၍ ပါဠိတော်ရော အဋ္ဌကထာမှာပါ ထိုဥပစယသန္တတိ တို့ကိုသာ ကုတောစိ သမုဋ္ဌာန်၌ ယူခြင်းကို ပြအပ်လေသည်။

(တနည်း) ရှေးက မဖြစ် သေးသော တရား တို့သည် ဖြစ်တို့ အကြောင်း ရှိခဲ့သော် ဖြစ်ကုန်၏၊ မရှိက မဖြစ်ကုန် ဟူသော သဘော သည် ရှိ၏။

ဖြစ်ပြီးသောတရားတို့သည် ရင့်ဘို့အကြောင်းရှိခဲ့သော် ရင့်ကုန်၏၊ သေဘို့ အကြောင်းရှိခဲ့သော် သေကုန်၏၊ ရင့်ဘို့အကြောင်း, သေဘို့ အကြောင်း မရှိက မရင့်, မသေကုန်ဟူသော သဘောသည်ကား မရှိ။ ထို့ကြောင့် ရှေ့ဥပစယ,သန္တတိတို့၏ ဖြစ်ခြင်းသည် ကောန်အကြောင်း နှင့် စပ်၏၊ နောက် နှစ်ခု တို့၏ ဖြစ်ခြင်းသည် ကောန် အကြောင်းကို ငဲ့မှုမရှိ၊ ဤပရိယာယ်ဖြင့် ဥပစယ, သန္တတိကို ကုတောစိ သမုဋ္ဌာန် ရုပ်၌ သွင်းယူခြင်း၊ ဇရတာ, အနိစ္စတာကို ကုတောစိ သမုဋ္ဌာန်ရုပ်၌ မသွင်းယူခြင်းကို သိအပ်၏။

ဤသဘိုပ်ကျမ်း၌မူကား လက္ခဏာရုပ်မှတပါးသော အနိပ္ဖန္နရုပ်တို့ ကဲ့သို့ ဤရုပ်လေးခုတို့မှာ စိတ်စသောအကြောင်းထူးကြောင့် မြင်အပ် သော ထူးခြားမှု မရှိ၍(န ကုတောစိ ဇာတ)တစုံတခုသော အကြောင်း ကြောင့် ဖြစ်မှုမရှိသော ရုပ်၏အဖြစ်ကို ဆိုအပ်လေသည်။ သို့ပေမဲ့ အလွန်ကောင်းမြတ်သော ပါဠိတော်နည်းကို ကျော်လွန်နေသကဲ့သို့ ဖြစ်၍ ဥပစယ သန္တတိကို ကုတောစိသမုဋ္ဌာန်၌ ရေတွက် ခြင်းသည် သာ ကောင်းမြတ်ပေသည်ဟု သိအပ်၏။

ရူပသမုဋ္ဌာန အဖွင့် ပြီး၏။

ရုပ်ပိုင်းလေ့ကျင့်ခန်း (၁)

၁။ အဘယ်ကို မဟာဘုတ်ဟု ခေါ်သနည်း။ မဟာဘုတ်တို့၏ မျက်လှည့်သမား, ဘီလူးထီး,ဘီလူးမ တို့နှင့် တူပုံကို ဥပမာပြ၍ ဖြေပါ။

၂။ ပထဝီ-စသော ဓာတ် ၄-ပါးတို့၏ လက္ခဏာကို အသီးသီး ပြဆိုပြီးလျှင် ပူသော လက္ခဏာရှိသော တေဇောဓာတ်၏နေသည်၏အဖြစ်သည် တေဇော-မဟုတ်ဟူ၍ မှတ်ရမည်လော၊ ရှင်းလင်းဖြေဆိုခဲ့ပါ။

၃။ ပသာဒရုပ် ၅-ပါးတို့၏တည်ရာဌာန အသီးသီးကို ဖော်ပြ၍ သသမ္ဘာရစက္ခု အရကို ရှင်းလင်းဖော်ပြပါ။

၄။ ဂေါစရရုပ်-ဟူသည် အဘယ်နည်း, အာပေါဓာတ်သည် သိမ်မွေ့၍ မတွေ့ထိကောင်းဟု ဆို၏၊နေသည်၏အဖြစ်, စိုစွတ်သည်၏အဖြစ်ကို တွေ့ထိအပ်သည် မဟုတ်ပါလော၊ ဖြေဆိုခဲ့ပါ၊

၅။ ဣတ္ထတ္တ, ပုရိသတ္တ-တို့၏ အရကို ဖော်ပြ၍ လိင်္ဂ,နိမိတ္တ,ကုတ္တ,အာကပ္ပတို့၏ သဘောသွားကို ဖော်ပြပါ။

၆။ ဟဒယဝတ္ထုရုပ်၏ တည်ရာဌာနနှင့် ၎င်း၏ အရောင်အဆင်း ပုံသဏ္ဌာန်တို့ကို ဖော်ပြပြီးလျှင် ပညာရှိသူ၏ နှလုံးသွေး အဆင်းရောင်ကိုလည်း ဖြေဆိုခဲ့ပါ။

၇။ ဇီဝိတိန္ဒြေသည် သဟဇာတ်တရားတို့ကို စောင့်ရှောက်သည်ဟုဆိုရာ မည်ကဲ့သို့ စောင့်ရှောက်ပုံကို ပြဆိုခဲ့ပါ၊

၈။ ကဗဠီကာရာဟာရ၌ ခဲအပ်, စားအပ်သော အာဟာရကိုပင် အာဟာရရုပ်ဟူ၍ ဆိုလိုပါသလော,အဘယ်ကို အာဟာရရုပ်ဟု မှတ်ရမည်နည်း ပြဆိုခဲ့ပါ။

၉။ သဘာဝ,သလက္ခဏ,နိပ္ဖန္န,ရူပရူပ,သမ္မသန ရုပ်တို့၏ သဘောသွား အသီးသီးကို ရေးခဲ့ပါ။

၁၀။ ပရိစ္ဆေဒရုပ်၏ ပိုင်းခြားပုံ အခြင်းအရာကို စေ့စုံအောင် ဖော်ပြပါ။

၁၁။ အဘယ်ကို ကာယဝိညတ်,ဝစီဝိညတ်ဟု ခေါ်သနည်း၊၎င်းတို့၏ တရားကိုယ် အသီးသီးကို ကောက်ပြပါ။

၁၂။ ဝိကာရရုပ် ငါးပါးကို ရေတွက်၍ ရူပဿ လဟုတာရုပ်၏လေးလန်မှု ပေါ့ပါးမှု ဖြစ်ပုံကို ထင်ရှားအောင် ပြဆိုခဲ့ပါ။

၁၃။ ဥပစယ, သန္တတိတို့၏ အထူးကို ပုဂ္ဂိုလ်,သတ္တဝါ အလိုက် ဖော်ပြပါ။

၁၄။ ရုပ်အားလုံးတို့၏အဟေတုက,သပ္ပစ္စယ-စသည် အသီးသီး မည်ပုံကိုရေးခဲ့ပါ။

၁၅။ ရုပ်သည် အပ္ပဟာတဗ္ဗ-မည်၏ဟု ဆိုရာ၌ ရူပံ ဘိက္ခဝေ နတုမှာကံ-စသော ဘုရားစကားတော်နှင့် အသို့ ညီညွတ်ပါအံ့နည်း ဖြေဆိုခဲ့ပါ။

၁၆။ အဘယ့်ကြောင့် အဇ္ဈတ္တိကရုပ်,ဗာဟိရရုပ် မည်ပါသနည်း။

၁၇။ စက္ခု,သောတတို့၏ အသမ္ပတ္တ အာရုံယူပုံနှင့် ဃာန, ဇိဝှါ, ကာယတို့၏ သမ္ပတ္တ အာရုံယူပုံကို ရှင်းလင်းခဲ့ပါ။

၁၈။ ကံ, စိတ်,ဥတု, အာဟာရ-ဟူသော သမုဋ္ဌာန် ၄-ပါးတို့၏ တရားကိုယ်ကို အသီးသီးကောက်ပြပါ။

၁၉။ ခပ်သိမ်းသော သတ္တဝါတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေတတ် ဟူသော မူလဋီကာ ဆရာ၏ ဝါဒကို နောက် ဆရာတို့ မည်သို့ ချေပ သနည်း၊ ဤ၌ သင့်မြတ်သော အဖြေကို ပြဆိုခဲ့ပါ။

၂၀။ ဟသိတုပ္ပါဒ် စိတ်သည် ဘုရားရဟန္တာတို့ သန္တာန်၌ ဖြစ်သင့်, မဖြစ်သင့် အကြောင်းပြဖြေဆိုပြီးလျှင် သမုဋ္ဌာန် ၄-ပါးတို့တွင် မည်သည့် သမုဋ္ဌာန်သည် အားအကောင်းဆုံးနည်း ဖြေဆိုခဲ့ပါ။

၂၁။ စတုဇရုပ်တို့၌ အာကာသဓာတ် ပါဝင်ရခြင်းကို အကြောင်းပြဖြေဆိုပါ။

၂၂။ လက္ခဏာရုပ် ၄-ခုကို နကုတောစိ သမုဋ္ဌာန်ဟု ဆိုထားရာ-၎င်းရုပ် လေးခု စလုံးကိုပင် နကုတောစိ သမုဋ္ဌာန်ဟု မှတ်ရမည်လော၊ ကုတောစိသမုဋ္ဌာန် ဖြစ်သင့်သေးပါက ဖြစ်သင့်သောရုပ်ကို အကြောင်း လုံလောက်စွာ ပြ၍ ဖြေဆိုပါ။

၂၃။ ဧကန် ကမ္မဇရုပ်,အနေကန် ကမ္မဇရုပ်များကို ထုတ်ပြပြီးလျှင် ဘယ့်ကြောင့် အနေကန် ဖြစ်ရသည်ကို ပတ်ဝန်းကျင် ဝေဖန်၍ အများ နားလည်အောင် ဖြေဆိုပါ။

ရူပကလာပ အဖွင့်

တခုသော ဖြစ်ခြင်း,တခုသော ချုပ်ခြင်း,တခုသော မှီရာ တကွဖြစ်ခြင်းရှိသော ၂၁-ပါးသော သဘောတရားတို့သည် ရုပ်ကလာပ်မည်၏။

ဧကုပ္ပါဒ=ဇာတိဟူသော တခုသော ဖြစ်ခြင်းရှိ၏။

ဧကနိရောဓ=အနိစ္စတာ ဟူသော တခုသော ချုပ်ခြင်းရှိ၏။

ဧကနိဿယ=မဟာဘုတ် ဟူသော တခုသော မှီရာ ရှိ၏။

သဟဝုတ္တိ=အထက်လက္ခဏာသုံးချက်နှင့် ညီ၍ တကွဖြစ်ခြင်းရှိ၏။

ဧကုပ္ပါဒ စသည်၌ ဧကသဒ္ဒါ တခုသချာကို ဟောရာ၌-ဧကော ဧဝ ဥပ္ပါဒေါ ဧတေသန္တိ ဧကုပ္ပါဒါ၊ ဧကနိရောဓ၊ ဧကနိဿယတို့၌လည်း အတူ ဝိဂြိုဟ်ပြု။ တခုသော ဇာတိဖြင့် ဖြစ်သောရုပ်၊ တခုသော အနိစ္စတာဖြင့် ချုပ်သော ရုပ်တို့၏ အပေါင်းကို ရုပ်ကလာပ်ဟု ပြ၏။

အချို့ဆရာတို့ကား-ကလာပ်ရုပ်အရေအတွက်အတိုင်း ရုပ်ကလာပ် တခုမှာပင် ဇာတိရုပ် စသည်ကို အများ အပြား ကြံစည်ကြ၏၊ မူလ ဋီကာနှင့် မညီညွတ်ပါလေ။

မူလဋီကာ၌-

ဧကေကကလာပ ပရိယာပန္နာနံ ရူပါနံ သဟေဝ ဥပ္ပါဒါဒိ ပဝတ္တိတော ဧကေက ကလာပဿ ဥပ္ပါဒါဒယော ဧကေကာဝ ဟောန္တီတိ ယထာ ဧကေကဿ ကလာပဿ ဖိဝတ္တိန္ဒြိယံ ကလာပါနုပါလကံ ဥပါဒါယ ရူပန္တိ ဝုစ္စတိ၊ ဧဝံ ကလာပုပ္ပါ ဒါဒိ သဘာဝါ ဇာတိအာဒယော ဥပါဒါယ ရူပါနီစ္စေဝ ဝုစ္စန္တိ၊ ဧဝံ ဝိကာရ ပရိစ္ဆေဒ ရူပါနိစ ယောဇေတဗ္ဗာနိ-ဟု မိန့်ဆို၏။

အဓိပ္ပါယ် အချုပ်မှာ-ကလာပ် တခုတခုမှာ အကျုံး ဝင်သော ရုပ်တို့၏ အတူ တကွသာ ဥပါဒ် စသည် ဖြစ်ခြင်းကြောင့် ကလာပ် တခု တခု၏ ဥပါဒ် စသည်တို့သည် တခုတခုသာ ဖြစ်ကြ၏။ ဥပမာအားဖြင့် ကလာပ်တခုတခု၏ ဇီဝိတိန္ဒြေကို ကလာပ်တခုလုံးကို စောင့်သော ဥပါ ဒါယရုပ်ဟုဆိုအပ်သကဲ့သို့ ကလာပ်၏ ဥပါဒ်စသောသဘောဖြစ်သော ဇာတိရုပ် စသည်တို့ကို ဥပါဒါယ ရုပ်တို့ ဟူ၍သာ ဆိုအပ် ကုန်၏။ ဝိကာရရုပ်, ပရိစ္ဆေဒရုပ်များလည်း ထို့အတူပင်တည်း။

အောင်မင်္ဂလာ ၄-၄၀

အကာယိ၍ ယော အာယတနာနံ အာစယော ။ပ။ သန္တတိ-ဟူသော စကားရပ်ကြောင့် ဇာတိ-စသော လက္ခဏာရုပ်တို့သည် အသီးအသီး အဖိတ်အဖိတ် ရုပ်တို့၏သာ လက္ခဏာဖြစ်၏၊ ကလာပ်၏ လက္ခဏာ မဟုတ်ဟု ဆိုငြားအံ့၊ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ ရူပီနံ ဓမ္မာနံ အာယူ-စသည်ဖြင့် ဟောတော်မူခြင်းကြောင့် စက္ခု-စသည် ဇီဝိတ စသည်တို့လည်း ကလာပ် တခုတခုမှာ အများ အပြား ဖြစ်ကုန် ရာ၏၊ ထို့ကြောင့် ထိုကဲ့သို့ မကြံမူ၍ ကလာပ် တခုမှ အခြား ဥပါဒါ ရုပ်များကို လက္ခဏာရုပ်တို့လည်း တခုသာရှိ၏ဟု မှတ်အပ်၏။

ဧကနိဿယာ၌-ဧကသဒ္ဒါ အတူ-ဟူသော အနက်ကို ဟောသည်၊ ဧကော သမာနော မဟာဘူတ သင်္ခါတော နိဿယော ဧတေသန္တိ ဧက နိဿယာ-ဟု ဝိဂြိုဟ်ပြု။

ကမ္မဇကလာပ် ၉-မည်း

အဝိနိဗ္ဘောဂ –	၈ +	ဇီဝိတ	၁ +	စက္ခု	၁=၁၀-စက္ခုဒသက
။	၈ +	။	၁ +	သောတ	၁=၁၀-သောတ
။	၈ +	။	၁ +	ဃာန	၁=၁၀-ဃာန
။	၈ +	။	၁ +	ဇိဝှါ	၁=၁၀-ဇိဝှါ
။	၈ +	။	၁ +	ကာယ	၁=၁၀-ကာယ
။	၈ +	။	၁ +	ဣတ္ထိဘာဝ	၁=၁၀-ဣတ္ထိဘာဝ
။	၈ +	။	၁ +	ပုမ္ဘာဝ	၁=၁၀-ပုမ္ဘာဝ
။	၈ +	။	၁ +	ဟဒယ	၁=၁၀-ဝတ္ထု
။	၈ +	။	၁ =		ဇီဝိတနဝကကလာပ်

စက္ခုပသာဒဖြင့် မှတ်အပ်သော ရုပ် ၁၀-ခု အပေါင်းသည် စက္ခု ဒသက ကလာပ် မည်၏၊ သောတ, ဃာန,ဇိဝှါ,ကာယ, ပသာဒ တို့ဖြင့် မှတ်အပ်သော ရုပ် ၁၀-ခု အပေါင်းသည် သောတ ဒသက, ဃာန ဒသက, ဇိဝှါ ဒသက, ကာယ ဒသက ကလာပ်မည်၏။ ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်ဖြင့် မှတ်အပ်သော ရုပ် ၁၀-ခု အပေါင်းသည် ဣတ္ထိဘာဝ ဒသက,ပုမ္ဘာဝဒသကကလာပ် မည်၏၊ဟဒယဝတ္ထုဖြင့် မှတ်အပ်သော ရုပ် ၁၀-ခု အပေါင်းသည် ဝတ္ထုဒသက ကလာပ် မည်၏၊ ဇီဝိတဖြင့် မှတ်အပ်သော ရုပ် ၉-ခု အပေါင်းသည် ဇီဝိတ နဝက ကလာပ်မည်၏။

မိဿကကလာပ်

ပ၊ အာ၊ တေ၊ ဝါ၊ ဝ၊ ဂ၊ ရ၊ ဩဇာ-ဟူသော ရုပ် ၈-ခုသည် သုဒ္ဓဋ္ဌကကလာပ်။
အဝိနိဗ္ဘောဂရုပ် ၈+ကာယ ဝိညတ် ၁=၉ ကာယဝိညတ္တိနဝက ကလာပ်။
အဝိနိဗ္ဘောဂ,၈+ဝစီဝိညတ္တိ၊ သဒ္ဒ ၂=၁၀ ဝစီဝိညတ္တိဒသက ကလာပ်။
အဝိနိဗ္ဘောဂ,၈+လဟုတာဒိ ၃=လဟုတာဒိ ဧကာဒသက ကလာပ်။
အဝိနိဗ္ဘောဂ,၈+ကာယဝိညတ္တိ ၁+လဟုတာဒိ ၃=ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်။
အဝိနိဗ္ဘောဂ,၈+ဝစီဝိညတ္တိ-သဒ္ဒ ၂+လဟုတာဒိ ၃=ဝစီဝိညတ္တိလဟုတာဒိ တေရသက ကလာပ်။

ဤကလာပ် ၆-စည်းကို မိဿက ကလာပ်ဟု ခေါ်၏။

အဝိနိဗ္ဘောဂရုပ် ၈+သဒ္ဒရုပ် ၁-နှင့်ပေါင်း၍=သဒ္ဒနဝက ကလာပ်၊ အဝိနိဗ္ဘောဂရုပ် ၈+ဝစီဝိညတ် ၁-နှင့် ပေါင်း၍=ဝစီဝိညတ္တိ နဝက ကလာပ်ဟု မဖြစ်သင့်၊ အကြောင်းသော်ကား–စိတ်ကြောင့် ဖြစ်သော အသံသည် ဝစီဝိညတ် လှုပ်ရှားမှုနှင့် ကင်း၍ မဖြစ်၊ ဝစီဝိညတ် လှုပ်ရှားမှုသည်လည်း အသံနှင့်ကင်း၍မဖြစ်၊ နှုတ်ဖြင့်ပြော၍ စကားသံ ပေါ်ထွက်လာသည်၊ စကားသံ ပေါ်ထွက်လာသဖြင့်လည်း နှုတ်ဖြင့် ပြောမှန်းသိရသည်၊ ထို့ကြောင့် မိဿကသဒ္ဒနဝက ကလာပ် ဝစီဝိညတ္တိ နဝက ကလာပ် မဖြစ်သင့်ပါပေ။

သို့ရာတွင် အဋ္ဌကထာတို့၌ ဝိညတ်ပေါက်ဖြန့်မှုမှကင်းသော မိဿက သဒ္ဒနဝက ကလာပ်သည်လာ၏၊ပဋိသမ္ဘိဒါမဂ် အထက်မှာဖြစ်သော ဥတု,အထက်မှာ ဖြစ်သော စိတ်ကြောင့် ဖြစ်သော သဒ္ဒနဝက ကလာပ် ပင်တည်း။

မဟာအဋ္ဌကထာနည်းအားဖြင့် ဝိညတ်မှကင်းသော ဝိတက္ကဝိပ္ဖါရ အသံမျိုး မည်သည်ကို သောတဝိညာဉ်ဖြင့် မသိအပ်သော မိဿက အသံဟု ရအပ်၏။ ထိုအသံမျိုးကို အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ သစ် ဆရာသည် ပယ်မြစ်အပ်လေသည်။ ' ပဋ္ဌာနေပိ မိဿကသမုဋ္ဌာနံ သဒ္ဒါယတနံ သောတဝိညာဏဿ အာရမဏ ပစ္စယေန ပစ္စယောတိ အာဂတံ၊ တသ္မာ ဝိနာ ဝိညတ္တိ ဃဋ္ဋနာယ ဥပ္ပဇ္ဇမာနော အသောတ ဝိညေယျော ဝိတက္ကဝိပ္ဖါရ သဒ္ဒေါနာမ နတ္ထိ-ဟု မိန့်ဆို၏။

မှတ်ချက်။ ။ဝိတက္ကဝိပ္ပါရ အသံဆိုသည်ကား အကြံကြီးသူအား အကြံအစည် နှင့်စပ်၍ ကြောင့်ကြစိုးရိမ်မှု,နှစ်သက်မှုဖြင့် ကြီးကျယ်သော ကြံစည်မှုသည် ဖြစ်လာ၏၊ ထိုသူသည် ကြောင့်ကြစိုးရိမ်မှု,နှစ်သက်မှု တခုခုကို အောင့်အည်းထားခြင်းငှါ မစွမ်း နိုင်၍ အဖေါ်နှင့် တိုင်ပင်သလို ခံတွင်းမှ မထင်မရှား အသံပြု၏၊ ပြကတေ့လူများက ထိုမထင်ရှားသော အသံကို ကြားကောင်း ကြားပေမည်၊ မကြားဘဲလည်း ရှိချင်ရှိမည်၊ ကြားစေကာမူလည်း အသံမကွဲပြား၍ အဓိပ္ပါယ်ကို သိမှာမဟုတ်၊ နတ်နား,ဝိဇ္ဇာနား ဖြင့်သာ အနက်အဓိပ္ပါယ်ကို သိရ၏၊ ထိုအသံသည် ဝိတက္ကဝိပ္ပါရ အသံပေတည်း။

သို့ အဋ္ဌကထာ ဆရာဆိုပေမဲ့-ပဋ္ဌာန်း ပါဠိတော်၌ စိတ်ကြောင့် ဖြစ်သော ဂန္ဓာရုံ စသည်လည်း ဃာနဝိညာဉ် စသည်၏ အာရမဏ ပစ္စည်းအဖြစ်ဖြင့် လာ၏၊ သို့လာသော်လည်း ဗြဟ္မာတို့၏ ကိုယ်၌ တည်သော ဂန္ဓာရုံစသည်သည် အလွန် သိမ်မွေ့၍ ဃာနဝိညာဉ် စသည်၏ အာရုံမဖြစ်၊ သဒ္ဒါရုံလည်း ထို့အတူပင် ဖြစ်၏ဟု ဆိုထိုက် လေသည်၊ ဝိသုဒ္ဓိမဂ်၌ အဿာသပဿာသ ဓိတ္တဇ သဒ္ဒနဝက ကလာပ် ကို ဆို၏။ စိတ္တဇနဝက ကလာပ် ဖြစ်သင့်လျှင်ကား သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်သည်လည်း ဖြစ်သင့်တော့သည်သာ။

ထို့ကြောင့် သုဒ္ဓဋ္ဌက ကလာပ်,သဒ္ဒနဝက ကလာပ်,ကာယဝိညတ္တိ နဝက ကလာပ်, ဝစီဝိညတ္တိဒသက ကလာပ်, လဟုတာဒေက ဒသက ကလာပ်,သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်,ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကကလာပ်,ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသကကလာပ်ဟု စိတ္တဇကလာပ် ၈-စည်း ရှိ၏ဟု ယုံကြည်ထိုက်လေသည်။

သင်္ဂြိုဟ်ကျမ်း၌ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်ကို အသီး အခြား မရေတွက်ဘဲ စိတ္တဇကလာပ် ၇-စည်းဟု ဆို၏။

စိတ်ပါသော ချောင်းဟန့်သံ,ချီသံ,အော့အန်သံ စသည်တို့၌လည်း သဒ္ဒနဝက ကလာပ်ရုပ်ကို သိကြလေ။

ဥတုဇကလာပ်

အဝိနိဗ္ဘောဂရုပ် ၈-ခုသည် သုဒ္ဓဋ္ဌက ကလာပ်။

။ ၈+၁-သဒ္ဒ=သဒ္ဒနဝက ကလာပ်

။ ၈+၃-လဟုတာဒိ=လဟုတာဒိ ဧကာဒသက ကလာပ်

။ ၈+၁-သဒ္ဒ+၃-လဟုတာဒိ=လဟုတာဒိဒွါဒသက ကလာပ်

ဤကလာပ် ၄-စည်းကား ဥတုဇကလာပ်မည်၏။

အာဟာရဇကလာပ်

အဝိနိဗ္ဘောဂရုပ် ၈–ခုသည် သုဒ္ဓဋ္ဌက ကလာပ်

။ ၈+၃-လဟုတာဒိ=လဟုတာဒိဧကာဒသက ကလာပ်

ဤကလာပ် ၂–စည်းကား အာဟာရကြောင့် ဖြစ်သော ကလာပ်မည်၏။ ထိုကလာပ်များတွင် သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝက ကလာပ်, ဤ ကလာပ် နှစ်ခုကို အပသင်္ကြာန်၌လည်း ရအပ်၏၊ ကြွင်းကလာပ်များကိုကား အတွင်း သင်္ကြာန်၌သာ ရအပ်၏။

ဥတုဇကလာပ်များတွင် လဟုတာဒိ ဧကာဒသက, သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် ၂–ခုကို ဗဟိဒ္ဓသင်္ကြာန်၌ ဘဲ့ကြောင့် မရအပ် သနည်း။ ဗဟိဒ္ဓ သင်္ကြာန်၌လည်း ရုပ်တို့၏ ပေါ့မှု, လေးမှု, နူးညံ့မှု, ခက်မာ ကြမ်းထမ်းမှု, အမှု၌ ခံ့မှု ထင်သည်မဟုတ်ပါလော။

မှန်ပါပေ၏၊ သို့သော်လည်း ထိုပေါ့သည်၏ အဖြစ်စသည်တို့သည် ဘူတရုပ်တို့၏ ယုတ်ညံ့နေမှု လွန်ကဲနေမှု၏ အစွမ်းဖြင့် ဖြစ်ကုန်၏၊ လဟုတာ စသည်၏ အစွမ်းဖြင့် မဖြစ်ကုန်ဟု မှတ်လေ။

ကလာပ် စည်းရုံးချက်

ကမ္မဇကလာပ်	၉–စည်း
စိတ္တဇကလာပ်	၆–စည်း
ဥတုဇကလာပ်	၄–စည်း
အာဟာရဇကလာပ်	၂–စည်း
အားလုံးပေါင်း	၂၁–ကလာပ်စည်းဖြစ်၏။

အာကာသဓာတ်နှင့် လက္ခဏာရုပ် ၄–ခုကို ကလာပ်၏ အစိတ် အပိုင်း အင်္ဂါဟု ပညာရှိတို့ မဆိုကြကုန်၊အကြောင်းသော်ကား အာကာသဓာတ်ကား ကလာပ် တို့၏ အပိုင်းအခြား, လက္ခဏာရုပ် ၄–ခုတို့၏ ဥပါဒ်စသော မှတ်ကြောင်း လက္ခဏာရုပ် ဖြစ်ပေသောကြောင့်တည်း။

အာကာသဓာတ်သည် ရုပ်ကလာပ်တို့၏ တကလာပ်စီ တကလာပ်စီ ပိုင်းခြားရုံမျှ ဖြစ်သော ရုပ်ဖြစ်သောကြောင့် မည်သည့် ရုပ်ကလာပ်၏ အစိတ် အပိုင်းမျှ မဟုတ်ချေ။

လက္ခဏာရုပ် ၄–ခုတို့သည်လည်း ရုပ်ကလာပ် အားလုံး၏ ဥပ္ပါဒ စသော အမှတ် လက္ခဏာရုပ်မျှဖြစ်သောကြောင့် ဝိကာရရုပ်တို့ကဲ့သို့ ကလာပ်၏ အစိတ် အပိုင်းလည်း မဟုတ်၊ ကလာပ်ထူး တခုအနေဖြင့်

သိဖို့ရန်အကြောင်းလည်း မဟုတ်ကုန်၊ ထို့အတွက် အာကာသဓာတ်နှင့် လက္ခဏာရုပ်ကို ကလာပ်များ၌ ထည့်သွင်းလျက် မယူအပ်သတည်း။ ထိုစကားရပ်များဖြင့် ကေပ္ပါဒ စသည်ဖြင့် ရေးကသတ်မှတ်ချက်သည် နိပ္ဖန္နရုပ်တို့အားသာ ဖြစ်သည်၊ အနိပ္ဖန္နရုပ်တို့အား မဖြစ်၊ ဒါပေမဲ့ အနိပ္ဖန္နရုပ်တို့အား ကလာပ်အထူးအပြားဖြစ်အောင် ပြုခြင်းကိုလည်း ကလာပ်၏ အင်္ဂါဖြစ်၏ဟုလည်း ပြ၏။ ထို့ဖြစ်၍ ကေနိရောဓ လက္ခဏာမှ ကင်းသော ဝိညတ်ရုပ်များလည်း ကလာပ်ကို အထူးအပြားဖြစ်အောင် ပြုနိုင်သောကြောင့် ကလာပ်ရုပ်တို့၌ ယူခြင်းသည် သင့်မြတ်လျောက်ပတ်ပေသည်ဟုလည်း သိအပ်၏။

ရူပကလာပ အဖွင့် ပြီး၏။

ရူပပဝတ္တိက္ကမ=ရုပ်ဖြစ်စဉ်

ရုပ်အားလုံး ကာမဘုံမှာ (ယထာရဟ) ထိုက်သလို ပြည့်စုံစွာ ပဝတ္တိအခါမှာ ရအပ်၏။

ယထာရဟံ။ ။ဘာဝရုပ်ရှိသော သတ္တဝါ, ဘာဝရုပ် ချို့တဲ့သော သတ္တဝါ, ပြည့်စုံသော ဣန္ဒြေရှိသော သတ္တဝါ, မပြည့်စုံသော ဣန္ဒြေရှိသော သတ္တဝါတို့မှာ ရထိုက်သည့် အားလျော်စွာ ရအပ်ကုန်၏။

ကာမဘုံ၌ ပဝတ္တိအခါ မရအပ်သော နာမ်, ရုပ်မည်သည်မရှိ၊ ဘာဝရုပ်ပြည့်စုံသူ ဣန္ဒြေရုပ် ပြည့်စုံသူဖြစ်က ရသည်သာတည်း။ ဘာဝရုပ် မပြည့်စုံသော နပုံးပဏ္ဍုက်, စက္ခုစသည် ဣန္ဒြေရုပ် ချို့သူတို့မှာကား ပြည့်စုံစွာ မရရှိကြောင်းကို "ယထာရဟံ" ဖြင့် ပြဆိုလေသည်။

ပဋိသန္ဓေအခါဝယ်

ပဋိသန္ဓေအခါမှာမူကား သံသေဒဇ သတ္တဝါ, ဩပပါတိက သတ္တဝါတို့အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထုဒသက-ဟူသော ၇-ပါးသော ဒသကတို့သည် အလွန်အားဖြင့် ဖြစ်ကုန်၏၊ အယုတ်အားဖြင့်မူကား စက္ခု, သောတ, ဃာန, ဘာဝ ဒသကတို့ကို တခါတရံ၌လည်း မရအပ်ကုန်၊ ထို့ကြောင့် ထိုစက္ခု စသော ကလာပ်ချို့ သတ္တဝါတို့၏ အစွမ်းဖြင့် ကလာပ်ယုတ်လျော့မှုကို သိအပ်၏။

သံသေဒဇ။   ။သံသေဒေ ဇာတာ-သံသေ ဒဇာ=သံသေဒ ဌာန၌ ဖြစ်သော သတ္တဝါကို သံသေဒဇ-ဟု ဆို၏။ သံသေဒ-ဟူသည် ရွံရှာဖွယ်ဖြစ်သော အရပ်တည်း။ငါးပုပ်စသော အပုပ်မျိုး, ထောပတ်ခဲ စသော အရာမျိုး, ပဒုမာ တိုက်ခန်း, ဝါးလုံးခေါင်း, သစ်ခေါင်း,အပွင့်အသီး စသော ရွံရှာဖွယ်ဖြစ်သော အရပ်များကို သံသေဒ ဌာနဟု ခေါ်၏။

ပေါက္ခရသာတိပုဏ္ဏား, ပဒုမဒေဝီ, ပဒုမဝတီ, အာသက်ာ-သတို့ သမီးစသည်တို့ကား ပဒုမာကြာတိုက်ခန်း၌ ပဋိသန္ဓေနေကြ၏၊ ပဒုမ ဒေဝီ၏ သားကြီး မဟာပဒုမ ပစ္စေကဗုဒ္ဓါမှတပါး သားငယ် ၄၉၉-ယောက်တို့သည် ကိုယ်ဝန် အညစ်အကြေး သွေး၌ ပဋိသန္ဓေ နေကြ၏၊ အချို့ ပိုးမွှား စသည်တို့ကား ငါးပုပ် သားပုပ် စသည်တို့၌ ပဋိသန္ဓေ နေကြကုန်၏။

ဩပပါတိက။   ။ဥပ္ပတိတွာ ဝိယ ဇာယန္တီတိ ဩပပါတိကာ= ပဋိသန္ဓေ နေသော ခဏ၌ပင် အင်္ဂါကြီးငယ် ပြည့်စုံသည် ဖြစ်ရာ ထိုထို အရပ်မှ ကျလာသကဲ့သို့ ဖြစ်တတ်လေ သောကြောင့် ဩပပါတိက မည်၏။

ထိုသံသေဒဇ, ဩပပါတိက သတ္တဝါတို့မှာ အပြည့်အစုံ အာယ တနရုပ်,ဘာဝရုပ် ဖြစ်သည်ကို ဥက္ကဋ္ဌ ဝသေန-ဟု ဆိုသည်။ထိုပုဂ္ဂိုလ် ၂-ဦးတွင် ဥပပါတ်ပုဂ္ဂိုလ်တို့သည် အင်္ဂါကြီးငယ်တို့နှင့်တကွ အချင်း ခပ်သိမ်း ပြည့်စုံသော အတ္တဘောဖြင့် ဖြစ်ကြ၏၊ ထိုဥပပါတ်ပုဂ္ဂိုလ် တို့အား နောက်တဖန်တိုးပွါးမှုကိစ္စမရှိ၊ သံသေဒဇ ပုဂ္ဂိုလ်တို့ မှာကား ရှေးဦးစွာအာယတနတို့သာပြည့်စုံ၏၊အင်္ဂါကြီးငယ်တို့မူကား နောက်မှ တဖြည်းဖြည်း တိုးပွါးလျက်သာ ပြည့်စုံကြရသည်။

အယုတ်အားဖြင့် သော်ကား မျက်ပိကန်း, နားပင်း,နှာခေါင်းပျက်, ဘာဝရုပ်ချို့ ပုဂ္ဂိုလ်များ ရှိလေသောကြောင့် စက္ခု, သောတ, ဃာန, ဘာဝရုပ်များ ထိုသံသေဒဇ, ဥပပါတ် ပုဂ္ဂိုလ်များမှာ ချို့ကောင်း လေသည်။

ထိုပုဂ္ဂိုလ် ၂-ဦးတွင်ပဲ စက္ခု, သောတ, ဃာန, ဘာဝရုပ် ကလာပ် တို့ကို သုဂတိမျိုး ဒုဂ္ဂတိမျိုးဖြစ်သော အဟိတ် သံသေဒဇပုဂ္ဂိုလ်တို့၏ သန္တာန်မှာ တရံတခါ မရအပ်ကုန်၊ သုဂတိဘုံ၌ကား ဥပပါတ် ပဋိ

သန္ဓေ နေသူ၏အဖြစ်မည်သည် မွန်မြတ်သော အတ္တဘောကို ရခြင်းပင် ဖြစ်၍ ယုတ်ညံ့သော အဖွတ်မရှိသော ကံဖြင့် မရထိုက်၊ ထို့ကြောင့် သုဂတိမျိုး ဖြစ်သော ဥပပါတ်တို့အား ဘာဝရုပ် ကင်းသော ကမ္ဘာဦး သူတို့မှတပါး ဣန္ဒြေ မပြည့်စုံသော မည်သည် မရှိပါလေ။ ဒုဂ္ဂတိမျိုး ဖြစ်သော ဥပပါတ်တို့မှာ မူကား တရံတခါ စက္ခု,သောတ,ဘာဝရုပ် ကလာပ်ချို့သော အဖြစ်ကိုသာ ဆိုသင့်လေသည်၊ ဃာနရုပ်ကလာပ် ချို့သော အဖြစ်ကိုကား မဆိုသင့်ပါလေ၊ ဘယ့်ကြောင့်ဆိုသော် ကာမ ဘုံ၌ ဃာန ချို့တဲ့သော ဥပပါတ် မည်သည် မရှိလေဟု အဋ္ဌကထာမှာ သောကြောင့်ပေတည်း။ ဇိဝှါကလာပ်ရုပ် ချို့သော အဖြစ် မည်သည် ကား သံသေဒဇ, ဥပပါတ် ပုဂ္ဂိုလ် အားလုံးတို့ မှာလည်း မရှိသည် သာတည်း။

ကာမ ဓာတုယာ ဥပပတ္တိက္ခဏေ ကဿစိ ဧကာဒသာ ယတနာနိ ပါတု ဘဝန္တိ၊ ကဿစိ ဒသ၊ ကဿစိ အပရာနိ ဒသ၊ ကဿစိ နဝ၊ ကဿစိ သတ္တာယတနာနိ ပါတုဘဝန္တိ။

ဓမ္မဟဒယဝိဘင်း။

ကာမဘုံ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ အချို့ပုဂ္ဂိုလ်အား အာယ တန ၁၁-ပါး၊ အချို့ ပုဂ္ဂိုလ်အား ၁၀-ပါး၊ အချို့ပုဂ္ဂိုလ်အား တမျိုး ၁၀-ပါး၊ အချို့ပုဂ္ဂိုလ်အား ၉-ပါး၊အချို့ပုဂ္ဂိုလ်အား အာယတန ၇-ပါး ဖြစ်ကုန်၏၊ ရှေး လေး ဝါကျ စလုံးပင် သံသေ ဒဇ နှင့် ဥပပါတ် ပုဂ္ဂိုလ်ကို ဆိုအပ်လေသည်။ သတ္တာယတနာနိ ပါတု ဘဝန္တိ-ဝါကျ၌ ကား ဂဗ္ဘသေယျက ပုဂ္ဂိုလ်ကို ဆိုသည်၊ ထိုပုဂ္ဂိုလ်၌ သတ္တာ ယတန (အာယတန ၇-ပါး) ကို ပဋိသန္ဓေအခါ၌ မရအပ်၊ ပဝတ္တိ အခါ၌သာ ရအပ်လေသည်။

ကဿစိ ဒသ-ဟူသော ရှေ့ စကားကို စက္ခု ချို့သူ၏ အစွမ်းဖြင့် ကဿစိ အပရာနိ ဒသ-ဟူသော စကားကို သောတ ချို့သူ၏ အစွမ်းဖြင့် ကဿစိ နဝ - ဟူသော စကားကို စက္ခု, သောတ နှစ်ပါးစုံ ချို့သူ၏ အစွမ်းဖြင့် ပြဆိုအပ်လေသည်။

ဋီကာကျော်၌—ဥပပါတ် တို့အား ဃာန မချို့တဲ့မှုနှင့် စပ်၍ အပရေ ဆရာတို့က—ယမိုက်ပါဠိတော်မှာ ဃာန,ဇိဝှါတို့၏ တကွဖြစ်မှု ရှိသည် ၏ အဖြစ်ကို ဆိုသောကြောင့် ဇိဝှါ ချို့တဲ့သူ မရှိသဖြင့် ဃာန ချို့တဲ့သူ

မရှိလေဟု ဖွင့်ဆိုကုန်၏၊ စက္ခု, သောတ တို့သည် ရူပဘုံ၌ ဃာန,ဇိဝှါ တို့နှင့် ကင်း၍ ဖြစ်သကဲ့သို့ ဃာန, ဇိဝှါ တို့သည် အချင်းချင်း ကင်း၍ မဖြစ်ကုန်၊ ၎င်းတို့ နှစ်ဦး စလုံး ရူပဘုံ၌ မဖြစ်သောကြောင့် တည်းဟု အကြောင်း ပြ၍ အသီးအသီး ကာမဘုံ၌ ဖြစ်သည်၏ အစွမ်း အားဖြင့် ဃာန, ဇိဝှါတို့၏ အတူတကွ ဖြစ်သည်၏ အဖြစ်ကို ဆိုအပ်လေသည်။

ဂန္ဓသေယျက သတ္တဝါတို့အား ကာယ, ဘာဝ,ဝတ္ထု-ဟူသော ဒသကသုံးခု တို့သည် ထင်ရှားဖြစ်ကုန်၏၊ ထို ၃-ပါးတွင် ဘာဝဒသကကို တရံတခါ၌ မရအပ်၊ ပဋိသန္ဓေခဏမှနောက် ပဝတ္တိ အခါ၌ အစဉ်အားဖြင့် စက္ခုဒသက စသည်တို့သည်လည်း ဖြစ်ကုန်၏။

ဂန္ဓသေယျက။ ။ဂန္ဓေ မာတုကုစ္ဆိမှိ သေန္တီတိ ဂန္ဓသေယျကာ=အမိ ဝမ်း၌ ကိန်းအောင်း တတ်သောကြောင့် ဂန္ဓသေယျကမည်၏၊ ဂန္ဓသေယျကာစ တေ သတ္တာစာတိ ဂန္ဓသေယျကသတ္တာ=ဂန္ဓသေယျကလည်းဖြစ်, သတ္တဝါလည်း ဖြစ်၍ ဂန္ဓသေယျက သတ္တဝါ မည်၏။ အဏ္ဍဇ–အဥ၌ ဖြစ်သော သတ္တဝါ၊ ဇလာဗုဇ–သားအိမ်၌ဖြစ်သော သတ္တဝါ၊ ဤသတ္တဝါ ၂-မျိုးကို ဂန္ဓသေယျက,ဟု ဆိုသည်။

ထို ဂန္ဓသေယျက သတ္တဝါတို့အား ပဋိသန္ဓေစိတ် ဥပါဒ်ခဏမှာ ကာယ,ဘာဝ,ဝတ္ထု-ဟု ကလာပ်သုံးစည်း(ရုပ်သုံးဆယ်)ဖြစ်၏။ ၎င်း ကလာပ်သုံးစည်း(ရုပ်သုံးဆယ်)ကို ကလလ ရေကြည်ဟု ဆိုအပ်၏၊ ထို ကလာပ်ရုပ် သုံးခုတွင် နပုံးပဏ္ဍုက် ဖြစ်သူအား ဘာဝဒသက ကလာပ်ကို မရအပ်လေ။

ပဝတ္တိအခါ။ ။ပဝတ္တိအခါ ဆိုသည်ကား ၁၁-ခု မြောက်သော သတ္တာဟအခါပေတည်း၊ကထာဝတ္ထုအဋ္ဌကထာ၌ သေသာနိ စတ္တာရိ သတ္တသတ္တတိ ရတ္တိမှိ ဇာယန္တိ-ဟု ဆိုအပ်၏။ (ကာယ,မနာယတနမှ ကြွင်းသောစက္ခု,သောတ,ဃာန,ဇိဝှါ-ဟူသော အာယတနတို့သည် ၁၁-ခုမြောက် သတ္တာဟ၏ နောက်ဆုံးညမှာ ဖြစ်ကုန်၏)။ ပဝတ္တိကာလဟူသည် ၇-ခုမြောက်သော သတ္တာဟတည်း၊ (ဋီကာကျော်) **ကမေန** ဟူသည် ဤသို့ပြိုဟ် ကျမ်း၌ (ဒေသနာက္ကမ ဟောစဉ်) တည်း။

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ။
သံယုတ်ပါဠိတော်။

ရှေဦးစွာ ကလလ ရေကြည်၊ ၎င်းနောက် အမြှုပ်ကြဲ၊ ၎င်းနောက် အမြှုပ်ခဲ၊ ၎င်းနောက် အသားစိုင်ကြီး၊ ၎င်းနောက် ခက်မငါးဖြာ၊ ၎င်းနောက် ဆံပင်,အမွေး,ခြေသည်း,လက်သည်းတို့ ဖြစ်ကုန်၏။

ကလလရေကြည်။ ။ကလလ ရေကြည်သည် မျိုးရိုး စစ်သော သိုးမွေးမျှင် သုံးချဖြင့် ပြုအပ်သော ကြိုးဖျား၌ တည်သော ဆီကြည်ပေါက် ပမာဏရှိ၏။

တိလတေလဿ ယထာဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော။
ဧဝံ ဝဏ္ဏ ပဋိဘာဂံ၊ ကလလံ သံပဝုစ္စတိ။

နှမ်းဆီပေါက်ကဲ့သို့၎င်း, မနောက်ကျုသော ထောပတ်ကြည်ကဲ့သို့၎င်း ဤကဲ့သို့ သဏ္ဌာန်, ဤကဲ့သို့ အဆင်းရှိသော ချပ်အစုကို ကလလ ရေကြည်ဟု ဆိုအပ်၏။

အဗ္ဗုဒ။ ။ကလလရေကြည် ဖြစ်ပြီးနောက် ခုနစ်ရက် လွန်သော အခါ အဗ္ဗုဒခေါ် အမြှုပ်ကြဲ ဖြစ်၏။ သားဆေးရေ အဆင်းနှင့် တူ၏။

သတ္တာဟံ ကလလံ ဟောတိ၊ ပရိပက္ကံ သမူဟတံ။
ဝိဝတ္တမာနံ တဗ္ဘာဝံ၊ အဗ္ဗုဒံ နာမ ဇာယတိ။

ခုနစ်ရက်ပတ်လုံး ကလလရေကြည်သည် ရင့်ကျက်၏၊ကောင်းစွာ ပွါးစီး၏၊ကလလ အဖြစ်မှ ပြောင်းရွှေ၍ အမြှုပ်ကြဲ ဖြစ်လာ၏။

ပေသိ။ ။အမြှုပ်ကြဲ ခုနစ်ရက်လွန်သောအခါ၌ အရည်ကျဲ၍ကြေမွသော ခဲမပြုနိုင်တူသော ပေသိခေါ် အမြှုပ်ခဲ ဖြစ်လာ၏။ဥပမာ ပြရသော် ထိုအမြှုပ် ခဲသည် ငရုပ် တင်လဲနှင့် တူ၏။ သူငယ်တို့သည် ငရုပ်သီးမှည့်တို့ကိုယူ၍ အဝတ်ပိုင်းနှင့်ထုပ်ကာ ညှစ်၍ အရေကြည်ကို ယူလျက် ဒိုးကင်း၌ ထည့်ပြီး နေပူမှာ လှန်းကုန်၏၊ ငရုပ်ရည်သည် ခြောက်သွေ့ခြောက်သွေ့လာသော် ပတ်လည် ငရုပ်ရည် အနားကလေး

များ ကွာလာလေသည်၊ ပေသိခေါ် အမြှုပ်ခဲသည် ထိုကဲ့သို့ ပြုလုပ် အပ်သော ငရုပ်တင်လဲနှင့် တူ၏။ အဗ္ဗုဒ်-ဟူသော အမည်သည် ပျောက်ကွယ် သွားလေသည်။

သတ္တာဟံ အဗ္ဗုဒံ ဟောတိ၊ ပရိပက္က သမုဟာကံ။
ဝိဝတ္တမာနံ တဗ္ဘာဝံ၊ ပေသိ နာမ ပဇာယတိ။

ခုနစ်ရက်ပတ်လုံး အမြှုပ်ကြဲသည် ကောင်းစွာ ပွါးစီးသည် ဖြစ်၍ အမြှုပ်ကြဲအဖြစ်မှ ပြောင်းရွှေ့၍ ပေသိခေါ် အမြှုပ်ခဲ ဖြစ်လာ၏။

ဃန။ ။ပေသိခေါ် အမြှုပ်ခဲဖြစ်သည်မှ ခုနစ်ရက်လွန်သောအခါ ကြက်ဥသဏ္ဌာန်ရှိသော ဃနခေါ် အသားတုံး အသားခဲသည် ဖြစ်၏။ ပေသိဟူသော အမည် ကွယ်ပျောက်လေ၏။

သတ္တာဟံ ပေသိ ဘဝတိ၊ ပရိပက္ကံ သမုဟာကံ။
ဝိဝတ္တမာနံ တဗ္ဘာဝံ၊ ဃနောတိ နာမ ဇာယတိ။
ယထာ ကုက္ကုဋိယာ အဏ္ဍံ၊ သမန္တာ ပရိမဏ္ဍလံ။
ဧဝံ ဃနဿ သဏ္ဌာနံ၊ နိဗ္ဗတ္တံ ကမ္မ ပစ္စယာ။

ခုနစ်ရက် ပတ်လုံး အမြှုပ်ခဲသည် ကောင်းစွာ ပွါးစီးသည် ဖြစ်၍ အမြှုပ်ခဲအဖြစ်မှပြောင်းရွှေ့၍ဃနခေါ် အသားတုံးအသားခဲဖြစ်လာ၏။

ထက်ဝန်းကျင် ဝန်းဝိုင်းသော ကြက်ဥကဲ့သို့ ဃနခေါ် အသားတုံး ၏ ပုံသဏ္ဌာန်သည် ကံ-ဟူသော အကြောင်းကြောင့် ဖြစ်လာပေ၏။

ပသာခ။ ။ဃနခေါ် အသားတုံး အသားခဲ ဖြစ်ပြီးနောက် ငါးသတ္တာဟ မြောက်မှာ လက်နှစ်ချောင်း ခြေနှစ်ချောင်း ဦးခေါင်းများအတွက် အဖုကလေးငါးခု ဖြစ်လာ၏။

ဆံပင်,အမွေး,ခြေသည်း လက်သည်း တို့သည်ကား ၄၂-ခုမြောက် သော သတ္တာဟမှာ ဖြစ်ကြကုန်၏။ ခြောက်ခုမြောက် သတ္တာဟမှစ၍ ကောဒသမ သတ္တာဟအပါအဝင် ခြောက်သတ္တာဟတို့သည် ပသာဒ၏ မိုးရာ အင်္ဂါကြီးငယ်တို့ အစဉ်သဖြင့် တိုးပွါးရာ ကာလတို့ ပေတည်း။ စက္ခု စသည်တို့ကား ကောဒသမ သတ္တာဟ၏ နောက်ဆုံးနေ့မှာ တပေါင်းတည်း ဖြစ်ကြကုန်၏ဟု ဆုံးဖြတ်အပ်၏။

တိလကောလဿ ယထာ မိန္နု စသည်ဖြင့် ကလလ ရေကြည်၏ ပုံသဏ္ဌာန်ကို ဆိုသည်ကား အကန်ငယ် ကြီးမား နေသော အခိုက်ကို ရည်၍ ဆိုအပ်၏။ ပဋိသန္ဓေ ခဏ၌ ဖြစ်သော ကလလ ရေကြည်၏ ပုံသဏ္ဌာန်ကို ရည်ရွယ်၍ ဆိုသည်ကား မဟုတ်။ ထိုပဋိသန္ဓေ ခဏမှာ ဖြစ်သော ကလလ ရေကြည်၏ အဆင်း သဏ္ဌာန် ကိုကား ပကတိ မျက်စိဖြင့် မမြင်နိုင်၊ အမှန်းအဆဖြင့်သာ သိရလေသည်။

သန်းတကောင်ကို ခုနစ်စိတ်စိတ် တစိတ်သည် တလိက္ခ, လိက္ခကို ၃၆-စိတ်စိတ် တစိတ်သည် ရထရေဏုမြူ,ရထရေဏုကို ၃၆-စိတ်စိတ် တစိတ်သည်တဇ္ဇာရီမြူ,တဇ္ဇာရီကို ၃၆-စိတ်စိတ် တစိတ်သည် အဏုမြူ, အဏုမြူကို ၃၆-စိတ်စိတ် တစိတ်သည် ပရမာဏုမြူမည်၏။

ထိုပရမာဏုမြူကို ဟင်းလင်း အာကာသ အနေမှာသာ ရေတွက် တော့လေသည်၊ မံသစက္ခုအား ထင်မလာတော့ပေ။ ဒိဗ္ဗစက္ခု (နတ်မျက်စိ)မှာသာ ထင်တော့၏ဟု အဋ္ဌကထာမှာ မိန့်ဆို၏။ ပရမာဏုမြူ ပေါင်း ၃၆-ခု စုပေါင်းထားသော အဏုမြူသည်ကား နံရံပေါက်, သော့ပေါက် တို့မှ ဝင်လာသော နေရောင်တို့၌ အမှုန့်လုံးကလေးတွေ ဖြစ်၍ လည်လျက် ထင်၏။

ကလလရေကြည်သည်ကား ကလာပ်သုံးခုအတိုင်း အရှည်မျှသာ ဖြစ်၍ ပဋိသန္ဓေခဏ၌ ပရမာဏုမြူအောက်ပင်သေးငယ်ပေသေးသည်၊ မှန်၏–ထိုပရမာဏုမြူသည် အစဉ်စပ်ဆက်သော အားဖြင့် ဖြစ်သော ကြောင့် တိုးပွါးသော ရုပ်ကလာပ်အပေါင်းသာဖြစ်လေ၍ အယုတ်ဆုံး အားဖြင့် ကလာပ် ၄၉-စည်းစာမျှ ဖြစ်ပေရာ၏။ဘယ့်ကြောင့်ဆိုသော် ထိုကလာပ် ၄၉-စည်းစာအောက်သေးငယ်ပါမူကား အစဉ်ဆက်လက်ခြင်း၏ မဖြစ်သင့်သောကြောင့် ပေတည်း။

ဤဆိုအပ်ခဲ့သောနည်းဖြင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ကမ္မသမုဋ္ဌာန်ရုပ်, ဒုတိယစိတ်ခေါ် ပဌမဘဝင်စိတ်၏ဥပါဒ်ခဏမှစ၍ စိတ္တသမုဋ္ဌာန်ရုပ်,ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ဥတုသမုဋ္ဌာန်ရုပ်,ဩဇာပျံ့နှံ့ချိန်မှစ၍ အာဟာရသမုဋ္ဌာန်ရုပ် ဤလေးပါးသော သမုဋ္ဌာန်ရုပ်ကလာပ် အစဉ်သည် ကာမဘုံမှာ ဆီမီးလျှံကဲ့သို့ရင်း မြစ်ရေအယဉ်ကဲ့သို့ရင်း အသက်ရှည်သမျှကာလ ပတ်လုံးမပြတ်ဖြစ်၏။

ဩဇာဝဖရဏာ။ ။ဂဗ္ဘသေယျကသတ္တဝါတို့အား အမြှုပ်ကြွ အဗ္ဗုဒ, အမြှုပ်ခဲပေသိ, အသားခဲဃန အဖြစ် စသည်သို့ ရောက်သောအခါ မိခင်၏ အစာသစ်အိမ်သို့ ရောက်သော စားအပ်သော အစေးဩဇာဓာတ်၏ သားအိမ် အညှာရင်းမှ အစဉ်လျောက်ကာ အမြှုပ်ကြွ, အမြှုပ်ခဲ, သားခဲစသည်၌ ပျံ့နှံ့သော ကာလကို ဩဇာဖရဏ (ဩဇာနှံ့ရာ)ကာလဟုခေါ်၏။

ယဉ္စဿ ဘုဉ္ဇတိမာတာ၊ အန္နံပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတု ကုစ္ဆိဂတောတိရော။

ဟုဟောတော်မူ၏။

သန္ဓေ သားကို၊ ဆောင်ထားတဲ့ မွေးမိမေ၊ ထမင်း အဖျော် ဘောဇဉ်များ၊ စားတော့ ခါလေ၊ မယ့်ဝမ်းဗွေ ခန်းစက်နေ လူချော၊ မေ့အစာ မှီတွယ်ကြလို့ရယ်-မျှခဲ့သဘော။

တေနသော တတ္ထ ယာပေတိ-ဝယ်အဋ္ဌကထာဆရာပြဆိုသည်ကား- သူငယ်၏ချက်မှ ပေါက်သောချက်ရိုးချက်တံသည် အမိ၏ဝမ်းပျဉ်းနှင့် တဆက်တည်း ဆက်သွယ်၏၊ ထိုချက်ရိုးသည် ကြာရိုးကဲ့သို့အပေါက်များစွာရှိ၏၊ ထိုအပေါက်ဖြင့် အာဟာရ၏ အဆီအစေးရည်သည်စိမ့်၍ အာဟာရသမုဋ္ဌာန်ရုပ်ကို ဖြစ်စေ၏။ ဤသို့ အားဖြင့် သူငယ်သည် ဆယ်လတိုင်တိုင်မျှလေ၏။ ချက်ရိုး ချက်တံ ပေါက်ချိန်ကို ရည်ရွယ်၍ နာဘိတော ဥဋ္ဌိတော နာဠော-ဆိုသည်ဟု ယူအပ်၏။ မှန်၏-အဗ္ဗုဒ စသောအခါ၌ သူငယ်အား ချက်ရိုးချက်တံမပေါက်သေးသည်သာ တည်း။

သံသေဒဇ သတ္တဝါ, ဥပပါတ်သတ္တဝါတို့အား အမှတ်မထင်ရအပ်သော အစာကိုရင်း, မိမိတံတွေးကိုရင်း မျိုသောကာလ ဩဇာပျံ့နှံ့ခြင်းကိုစွဲ၍ အာဟာရရုပ်ဖြစ်၏။ ထို့ကြောင့် သင်္ဂြိုဟ်ကျမ်း၌- ဩဇာဖရဏ မုပါဒါယ အာဟာရသမုဋ္ဌာနာ-ဟုဆို၏။

သေခါနီးအခါ၌ကား စုတိစိတ်မှ ပြန်၍ရေတွက်သော် ၁၇-ချက်မြောက်သော စိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်များမဖြစ်တော့ပေ၊ ၁၇-ချက်မြောက်သော စိတ်၏ ဌီခဏမှရှေ့ဥပါဒ်ခဏ၌ ဖြစ်ပြီးသော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် အချိန်တူစွာသာ ဖြစ်၍ချုပ်ကုန်၏၊ စုတိစိတ်မှနောက် စိတ္တက္ခဏ ၁၆-ချက်မျှ

ပမာဏရှိသော ခဏ၌ စိတ္တဇရုပ်အစဉ်, အာဟာရဇရုပ်အစဉ်ပြတ်လေ၏။ (ဘဲ့ကြောင့်နည်း အနုပါဒ်နှုက သန္တာန်၌ စိတ္တဇရုပ် အာဟာရဇရုပ် တို့၏ ဖြစ်ခြင်းငှါမသင့်လျော်သောကြောင့်ပေတည်း) ထိုမှနောက်၌ ဥတုဇရုပ်အဆက်ဆက်သည် အသေကောင်ကြီးဖြစ်သည်တိုင်အောင်ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်၏ဥပါဒ်ကိုအစပြု၍ စတုသမုဋ္ဌာန်ကရုပ်သည် ဖြစ်သကဲ့သို့ ထို့အတူ သေသောသတ္တဝါတို့အားလည်း တဖန် ဘဝတပါး၌ စတုသမုဋ္ဌာနိကရုပ်ဖြစ်၏။

မရဏာသန္န ဝီထိပုံစံ

ဘင်(ဘင်) တီ-န-ဒ-ပ-စ-သံ-န္တီ-ရ-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-စု
ပဋိသန္ဓေ

ဤဝီထိပုံစံ၌ စုတိမှ အပြန်ရေတွက်သော် အတီတဘင်၏ ရှေ့ဘင်စိတ်သည် သတ္တရသမ (၁၇-ချက်မြောက်သော)စိတ်မည်၏။ ကွင်းပြထားသော စိတ်တည်း။ ဤဝီထိပုံစံကား နမူနာမျှသာဖြစ်သည်၊ မနောဒွါရမရဏာသန္နဝီထိ,ဇောနောင်စုတိကျသောမရဏာသန္နဝီထိမျိုးမှာလည်း ထိုကဲ့သို့ပင် စုတိမှ အပြန်ရေတွက်၍ ၁၇-ချက်မြောက်စိတ်ကို သိလေ။

ဤ ၁၇-ချက်မြောက်သော စိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်တို့ မဖြစ်ပါကော့လေ။ ကမ္မဇရုပ်မဖြစ်လျှင်ပင် သတ္တဝါတို့သေလေသည်။

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။

ဟု ဘုရားဟောတော်မူ၏။

အာယုခေါ် ဇီဝိတိန္ဒြေ
ဥသ္မာခေါ် ကမ္မဇတေဇောဓာတ်(ကိုယ်ငွေ့)
ဝိညာဏ်ခေါ် ဘဝင်ဝိညာဏ်—ဤ သုံးပါးတို့ ကိုယ်ကြီးကို စွန့်ခွါသွားက သေသည်မည်၏။

ရုပဘုံ၌ ဃာန,ဇိဝှါ,ကာယ,ဘာဝ ဒသက ကလာပ်နှင့် အာဟာရဇကလာပ်တို့ကို မရအပ်ကုန်၊ ထို့ကြောင့် ထိုရူပဗြဟ္မာတို့၏ ပဋိသန္ဓေအခါ စက္ခုသောတ ဝတ္ထု၏အစွမ်းဖြင့် ကလာပ်သုံးဖု ဇီဝိတနဝက ကလာပ်—ဤကမ္မသမုဋ္ဌာနကလာပ် ၄-စည်း၊ ပဝတ္တိအခါမှာ စိတ္တသမုဋ္ဌာန်ကလာပ်, ဥတုသမုဋ္ဌာနကလာပ်တို့ကိုလည်း ရအပ်ကုန်၏။

ရူပဘုံ၌ ဃာန, ဇိဝှါ,ကာယ, တို့၏ မရှိခြင်းနှင့် စပ်၍ ရူပသမုဋ္ဌာန ကို ပြန်ကြည့်။ ဘာဝဒသက ကလာပ်မရှိသည်မှာ– ဘာဝဒသက ကလာပ်သည် ကာမရာဂလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်၏၊ ထို့ကြောင့် ကာမရာဂကင်းသော ဘာဝနာကံကြောင့် ဖြစ်သော ရူပ ဘုံ၌ မရခြင်းဖြစ်လေသည်။

အာဟာရဇကလာပ်တို့ မူကား မျိုအပ်သောအာဟာရ မရှိသော ကြောင့်ပေတည်း။ မျိုအပ်သောအာဟာရမရှိသောကြောင့်လည်း ခန္ဓာ ကိုယ်မှာဖြစ်နေသော အဇ္ဈတ္တာဟာရသည် ရုပ်ကိုမဖြစ်စေတတ်တော့ ပေ။ ထို့ကြောင့် အာဟာရဇကလာပ်ကို ရူပဘုံ၌ မရဖြစ်လေသည်။

မူလဋီကာဆရာကား–ရူပဘုံ၌ ရအပ်သောကလာပ်များတွင်လည်း– ဂန္ဓ,ရသ,ဩဇာ မရှိဟုဖွင့်ဆို၏။ အကြောင်းပြသည်ကား ......

ရူပဓာတုယာ ဥပ္ပတ္တိက္ခဏေ ပဉ္စာယတနာနိပါတု ဘဝန္တိ စက္ခာ ယတနံ ရူပါယတနံ သောတာယတနံ, မနာယတန ဓမ္မာယတနံ ဟူ၍၎င်း, ပဉ္စဓာတုယော ပါတုဘဝန္တိ စက္ခုဓာတု ရူပဓာတု သောတဓာတု မနောဝိညာဏဓာတု ဓမ္မဓာတု- ဟူ၍၎င်း, တယောအာဟာရာပါတုဘဝန္တိ ဖဿာဟာရော, မနောသဉ္စေ တနာ ဟာရော ဝိညာဏာဟာရော- ဟူ၍၎င်း ဝိဘင်း၌–

ဟောတော်မူသောကြောင့်ပေတည်း။

ဤစကားရပ်များတွင်-ပါဠိတော်၌ ရူပဘုံမှာ ဖေါဋ္ဌဗ္ဗာရုံ ပယ်အပ် သော်လည်း ဖေါဋ္ဌဗ္ဗကိစ္စမှ တပါးသော ကိစ္စဖြစ်သင့်သောကြောင့် မဟာဘုတ်တို့ကို ထိုဘုံ၌ ရခြင်းကို မတားမြစ်အပ်သည်သာတည်း။ ကိစ္စတပါးဆိုသည်ကား–ရူပကာယ ဖြစ်ဘို့ရန် ဟေတုကိစ္စ, ပစ္စယ ကိစ္စပေတည်း။ ထောက်ထားချက်ကား-မဟာဘူတာဟေတူ မဟာ ဘူတာ ပစ္စယာ ရူပက္ခန္ဓဿ ပညာပနာယ-ဟု ဘုရားဟောပါဠိတော် ပေတည်း။

မှတ်ချက်။ ။ဟေတုကိစ္စမည်သည်ကား ရုပ်ကိုဖြစ်စေသောကိစ္စတည်း၊ ပစ္စယ ကိစ္စ မည်သည်ကား ရုပ်ကို ထောက်ပံ့မှုကိစ္စတည်း။

ရူပဘုံမှာ ဘူတရုပ်ရှိသော်လည်း ဖေါဋ္ဌဗ္ဗာယတန, ဖေါဋ္ဌဗ္ဗဓာတ်ကို ပယ်တော်မူသကဲ့သို့ ထိုအတူသဘာဝဓမ္မအားလုံးသည် ဓမ္မဓာတ်အဖြစ်

အနေနဲ့ ပယ်တော်မမူကြငြားသော်လည်း အကြင်ကိစ္စအထူးဖြင့် ဂန္ဓ, ရသ, ဩဇဋ္ဌမ,အာဟာရ ဟူ၍ ဆိုအပ်၏။ ထိုကိစ္စထူး မရှိလေသောကြောင့် ထိုဂန္ဓစသည်တို့၏ ထိုဂန္ဓစသော အမည်ဖြင့် ရူပဘုံ၌ မရအပ်သော အဖြစ်ကို ရည်ရွယ်၍ ဝိဘင်းပါဠိတော်, ကထာဝတ္ထုပါဠိတော်, ယမိုက်ပါဠိတော်တို့၌ ဂန္ဓစသည်တို့ကို ရူပဘုံ၌ ပယ်မြစ်ခြင်းဖြစ်လေသည်။ မဟာဘုတ်တို့၌ အပွါးအစီး အကျိုးဆက် သဘောအနေဖြင့် ရှိသော ဂန္ဓစသည် တို့ကားဓမ္မာယတန,ဓမ္မဓာတ်တို့၌ လျော်ချ ပါဝင်သွားလေသည်၊ ဤသို့ ယူမှုကား သင့်မြတ်၏ဟု ဆိုကြ၏။

မူလဋီကာ ဆရာ အလို-ရူပဘုံမှာ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဝတ္ထုဒသကကလာပ်, ဇီဝိတဆဋ္ဌကကလာပ်-ဟု ဆိုသင့်လေသည်။

> အသညသတ်ပုဂ္ဂိုလ်တို့အားကား ဃာန,ဇိဝှါ,ကာယ,ဘာဝ ဒသက,အာဟာရဇကလာပ်များသာမက စက္ခုသောတ, ဝတ္ထုဒသက, သဒ္ဒရုပ်တို့ကိုရင်း စိတ္တဇရုပ်အားလုံးကိုရင်း မရအပ်ပါလေ၊ ထို့ကြောင့် ထိုအသညသတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ ဇီဝိတနဝကကလာပ်သာရအပ်၏၊ပဝတ္တိအခါ၌လည်း သဒ္ဒသည်ကြဉ်အပ်သော ဥတုသမုဋ္ဌာနရုပ်သည်သာ ကြွင်းလေသည်။

ရူပဘုံမှာကဲ့သို့ ကာမဘုံမှာ ဘယ့်ကြောင့် ဇီဝိတနဝကကလာပ်ကို အသီးအခြား မဆိုအပ်ပါသနည်း?။

ရူပဘုံမှာ အာဟာရ-ဟူသော အထောက်အပံ့၏ရင်း, အာဟာရ အထောက်အပံ့မှတပါးသော တကိုယ်လုံး၌ ပျံ့နှံ့သော အစဉ် စောင့်ရှောက်သော ဇီဝိတ၏ရင်း မရှိသောကြောင့် ထိုဇီဝိတနဝက ကလာပ်သည် သာလျှင် ထို့နှစ်ပါးစုံသော အာဟာရအရာ အနုပါလက ဇီဝိတအရာ၌တည်၍ တကိုယ်လုံးကို စောင့်ရှောက်၏၊ ထို့ကြောင့် ရူပဘုံ၌ ဇီဝိတနဝက ကလာပ်သည်သာ ထင်ရှား၍ အသီးအခြား ဆိုအပ်၏။

ကာမဘုံ၌ မူကား ဇီဝိတနဝက ကလာပ်ထက် ထောက်ပံ့သော အာဟာရ, အစဉ်စောင့်ရှောက်သော အနုပါလကဇီဝိတတို့က များစွာ ထင်ရှားကြ၏၊ ဇီဝိတနဝက ကလာပ်သည်ကား မထင်ရှားပေ၊ ထို့ကြောင့် ကာမဘုံ၌ ဇီဝိတနဝက ကလာပ်ကို သီးခြား မဆိုအပ်သတည်း။ အမှန်မှာ ကာမဘုံ၌ ဇီဝိတနဝက ကလာပ်သည် စားအပ်သော အစာ စသည်ကို ကြေညက် စေတတ်သော ပါစက မီး၏

အစွမ်းဖြင့်ရင်း တိုးပွါးဆဲ ဖြစ်၍ တကိုယ် လုံးကို စောင့်ရှောက်သော ဥဿ္မာခေါ်ကိုယ်ငွေ့၏အစွမ်းဖြင့်ရင်း ထင်ရှားလေသည်။ ထိုအဓိပ္ပါယ်ကို ရည်ရွယ်တော် မူ၍ အာယု ဥသ္မာ စ ဝိညာဏံ-စသည်ကို ဆိုအပ် လေသည်။

အာယု အရ-မီး ၂-ပါးတို့၌ တည်သော ဇီဝိတကိုယ်။

ဥသ္မာ အရ-ပါစကတေဇတ်မီး ဥသ္မာတေဇတ်မီးကိုယ်၊ မီး ၂-ပါးမညီညွတ်က အနာရောဂါအမျိုးမျိုးဖြစ်၏၊ ညီညွတ်က အနာရောဂါကင်းရှင်း၏။

ကာမဘုံမှာကဲ့သို့ ရူပဘုံမှာ ရုပ်ကလာပ်တို့၏ချုပ်စဉ်ကို မဆိုသည် ကား ကာမနှင့် မတူးသောကြောင့် ပေတည်း။ မှန်၏—ရူပဘုံ၌လည်း သေသောအခါမှ စုတိစိတ်မှနောက်ပြန်ရေတွက်သော်၁၇-ချက်ခြောက် သောစိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်၂ဖြစ် ဟူသော ဤသို့ စသော ချုပ်စဉ်သည် ကာမဘုံနှင့်တူသည်သာတည်း။ အာဟာရဇရုပ်မရှိ၍ ရူပဘုံမှာ ချုပ်ခြင်းမရှိသည်နှင့် ခန္ဓာကိုယ်ကောင်ကိုမချရခြင်းသည် သာလျှင် ထူးခြားလေသည်။ ထို့ကြောင့် ထိုရူပဘုံမှာလည်း စုတိစိတ်မှ နောက် စိတ္တက္ခဏ ၁၆-ချက် ပမာဏရှိသော ခဏတခုမှ စိတ္တဇရုပ် အစဉ်ပြတ်လေ၏၊ ထိုမှနောက် ဥတုရုပ် အဆက်ဆက်သည် လက်ဖျစ် ၂-တွက်,၃-တွက် ကာလမျှဖြစ်၍ပြတ်လေ၏ဟု ဆိုက သင့်မြတ်သည် သာ။ ဤအချိန်ကလေးမျှ ဖြစ်သောရုပ်အစဉ်မှာ သူသေကောင်ကြီး မည်၏ဟု မရစကောင်းပေ၊ ဘယ့်ကြောင့်ဆိုသော် ကြည့်ရှုနေသော နတ်ဗြဟ္မာတို့အား တခဏခြင်းလိုလို ကိုယ်ခန္ဓာ ကွယ်ပျောက်ခြင်း ထင်လေသောကြောင့်ပေတည်း။

ရူပဘုံ၌ ဥပပတ် ဗြဟ္မာ တို့ကဲ့သို့ ကာမဘုံ၌လည်း ဥပပတ်နတ်, ငရဲ ပြိတ္တာ စသော ဥပပတ် သတ္တဝါ တို့မှာ ချုပ်လေသည်၊ မှန်၏— ငရဲ ပြိတ္တာ အစရှိသော ကာမဥပပတ်သတ္တဝါတို့၏ ကိုယ်ထည်တို့သည် ပဋိသန္ဓေ ခဏမှာ အချင်းခပ်သိမ်း ပြည့်စုံ လုံလောက်သော ကမ္မဇ ကိုယ်ကောင်ဖြင့် ဖြစ်ရလေသောကြောင့် ကမ္မဇရုပ်တို့ဖြင့် တခဲနက် ပြည့်နှက် နေကြသည်၊ အလွန် အမင်း ပေါ်ပါးခြင်းလည်း ရှိကြသည်။ ကမ္မဇရုပ်မှတပါး တိဇရုပ်တို့သည် ကမ္မဇရုပ်တို့၌ ထောက်၍ တည်၍ ဖြစ်ရတည်ရ ကုန်၏၊ထို့ကြောင့် ကာမဥပပတ်ပုဂ္ဂိုလ်တို့၏စုတိကာလ၌ ကမ္မဇရုပ်တို့ ချုပ်ပြီးလေက တိဇရုပ်တို့ သည်လည်း ပျက်စီးလေပြီး

သော ထောက်ရာတည်ရာရှိ၍ ကြာရှည်လေးမြင့် အစဉ်ကို စပ်ခြင်းငှါ
မစွမ်းနိုင်တော့ပါလေ၊ အနည်းငယ်ဖြစ်၍ အလုံးစုံ ချုပ်ကြလေကုန်၏၊
အသေကောင်ကြီးကို ချန်ထားခဲ့ခြင်းမည်သည်မရှိပါလေတော့။

ကာမဘုံမှာ ရုပ်-၂၈-ပါး, ကလာပ် ၂၁-စည်းရ၏။

အသညသတ်ကြဉ်သောရူပဘုံမှာ-ဃာန,ဇိဝှါ, ကာယ,ဣတ္ထိဘော,
ပုမ္ဘော ကြဉ် ရုပ် ၂၃-ပါး,ကလာပ် ၁၄-စည်းရ၏၊ (ကလာပ်-၁၄-
စည်း ဟူသည်မှာ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတ
နဝကကလာပ် ဟူ၍ ကမ္မဇကလာပ်မှ ၄-စည်း၊ စိတ္တဇကလာပ် ၆-
စည်း၊ ဥတုဇ ကလာပ် ၄-စည်း အားလုံးပေါင်း ၁၄-စည်း)။

အသညသတ် ဘုံမှာ လဟုတာဒိရုပ်-၃၊ အာကာသဓာတ်-၁၊
အဝိနိဗ္ဘောဂရုပ်-၈၊ လက္ခဏာရုပ်-၄၊ ရုပ်ဇီဝိတ ၁-ခု အားဖြင့် ရုပ်-
၁၇-ပါး၊ကလာပ်အားဖြင့်သုဒ္ဓဋ္ဌကကလာပ် ၁၊ဇီဝိတနဝကကလာပ် ၁၊
လဟုတာဒိဧကာဒသကကလာပ်-၁၊ ပေါင်းသုံးစည်းရ၏။

ပဋိသန္ဓေအခါ၌ မရကောင်းသော ရုပ်များကား— သဒ္ဒရုပ်-၁၊
ဝိကာရရုပ်-၂၊ ဇရတာရုပ်-၁၊ မရဏရုပ်-၁-အားဖြင့် ၅-ပါးတည်း။
(ပဋိသန္ဓေအခါဆိုသည်ကားပဋိသန္ဓေနေခိုက် ရှေးဦးဆုံး တဝိထိစာမျှ
အချိန်ကိုသာ ရည်ရွယ်၍ ဆိုသည်)၊ ပဝတ္တိအခါ၌မူကား မရသော
ရုပ်မည်သည် မရှိပါလေ။

ရူပပဝတ္တိက္ကမ ပြီး၏။

နိဗ္ဗာန် ပြဆိုချက်

လောကမှ ထွက်မြောက်ရာ အမှန်ဖြစ်၍ မဂ်ဉာဏ်လေးပါးဖြင့် မျက်မှောက်
ပြုအပ်သော မဂ်ဖိုလ်စိတ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဝါန ခေါ် တဏှာမှ
ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟုဆိုအပ်၏။

နိဗ္ဗာန်သည် လောကမှထွက်မြောက်ရာ လောကုတ္တရာတရားအမှန်
ဖြစ်၏၊ လူဘို့ခေါ်ဝေါ်သုံးစွဲမှုဖြင့် ပြီးသောအရာမဟုတ်ချေ။ မျက်စိ
နှစ်ကွင်း ရောဂါရှင်း၍ မျက်စိအမြင်ရှိသူတို့သည် လဝန်းကို မျက်စိဖြင့်
မြင်အပ်လေသကဲ့သို့ မဂ်ဉာဏ်ကို ရပြီးသော မဂ်ဉာဏ်ရှင်အရိယာ
ပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ်လေးပါးဖြင့် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင်
မြင်အပ်လေသည်။

လဝန်းသည် အမိဝမ်းတွင်းမှ မျက်စိကန်းလာသူတို့၏ အရာမဟုတ်သကဲ့သို့ နိဗ္ဗာန်သည် ပဋိပတ္တိလမ်းစဉ်မှ မျက်နှာလွှဲသူ ပုထုဇဉ်မိုက်တို့၏ အရာမဟုတ်ချေ။ ဝမ်းတွင်းကန်းသူတို့မမြင်ရုံမျှနှင့် လဝန်းကြီးကို မရှိဟု မဆိုအပ်သကဲ့သို့ ပုထုဇဉ်မိုက်တွေ မမြင်ရုံမျှနှင့် နိဗ္ဗာန်ကိုမရှိဟု မဆိုနိုင်ပါချေ။ အမှန်မှာ မဂ်ဉာဏ်ဖြင့် မျက်မှောက် ပြုအပ်သောတရားဖြစ်၍ ပရမတ္ထ အားဖြင့် အထင်အရှား ရှိနေသည် သာတည်း၊ ဘဲ့ကြောင့်ဆိုသော်–ပရမတ္ထအားဖြင့် တစုံတရာမရှိမူ၍ သရုပ်တရားကိုယ်မရစကောင်းသောတရားဖြစ်က အဘယ်သူ၏ မျက်မှောက်ပြုမှုမှ မဖြစ်နိုင်လေသောကြောင့်ပေတည်း။

မဂ်ဉာဏ်လေးပါးဖြင့် မျက်မှောက်ပြုအပ်၏ဟု ဆိုသောစကားရပ်ဖြင့် ပညာရှိကလျာဏ ပုထုဇဉ်တို့၏ အနုမာန (အမှန်းအဆ)အားဖြင့် နိဗ္ဗာန်ရှိ၏ ဟူသောအနက်ပြီးစီးခြင်းကိုပြလေသည်၊ မှန်ပေ၏–ကလျာဏ ပုတုဇဉ်တို့မှာ နိဗ္ဗာန်သည် အနုမာန(အမှန်းအဆ)မျှ ဉာဏ်တွင် မထင်မြင်ပါက မျက်မှောက် ပြုဘို့ရာ အားထုတ်မှု မည်သည် ရှိလိမ့်မည်မဟုတ်ပါချေ။

နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိရုံမျှမက ကြီးမြတ်သော တန်ခိုး,ကြီးမြတ်သောသြဇာလည်းရှိ၏ ထို့ကြောင့် မဂ်ဖိုလ်တို့၏အာရုံဖြစ်၏ဟုဆို၏၊ ထိုစကားရပ်ဖြင့် မဂ်ဖိုလ်တို့သည် နိဗ္ဗာန်နှင့်ကင်းကွာ (ဝါ)နိဗ္ဗာန်ဟူသော အဖေါ်ကောင်းကိုမရရှိပါက ကိလေသာကို ပယ်သတ်မှုကိစ္စမပြီးစီးနိုင်ကြောင်းကို ပြလေသည်။

ဥပမာဆိုကြစို့–တန်ခိုးကြီးဘုရင်တပါး ရှိတယ်ဆိုပါတော့၊ သူ၏ စိုးပိုင်ရာ နိုင်ငံတော်အတွင်း ရွာကြီးတရွာမှာ ရွာစားကြီးနှင့် နောက်လိုက်ပါတိလူစုများတဲ့ ခိုးမှုးကြီးရှိကြသတဲ့၊ သူတို့အချင်းချင်းကလည်း မတဲ့ကြဘူး၊ တဦးတဦး အပြုတ်တိုက်ဘို့ကိုသာ အမြဲတမ်း ကြံစည်နေကြတယ်၊ တနေ့တော့ ရွာစားကြီးက နေပြည်တော်သွားပြီး ဘုရင်၏ထံမှာ ခစားတယ်၊ ဘုရင်ကြီးကလဲ ရွာစားကြီးရဲ့ ဝတ္တရားကျေပုံတွေ မြင်တော့ ယုံကြည်တဲ့အလျောက် ရွာစားကြီးလိုအပ်တဲ့ အကူအညီကို အခါမရွေးပေးတော်မူမည့်ပြင်အာဏာကိုလဲယခင်ကထက်ပိုမိုနှင်းအပ်လိုက်သတဲ့၊ ဒီအကြောင်းတွေကို ခိုးမှူးကြီးကြားတော့ မဖြစ်ချေဘူး မိမိနောက်လိုက်လူစုနှင့် တောခိုမှသာ အသက်၏လုံခြုံမှု ရတော့မှာဘဲ

ဆိုပြီး တောခိုသွားသတဲ့၊ ဒါပေမဲ့– ရှာစားကြီးက ဒိကောင်တွေ တောခိုသွားရုံမျှနဲ့ နောက်ရန်မအေးဘူး၊ ကြုပင်ခုတ် ကြုငုတ်မှမကျန် စေရဆိုတဲ့အတိုင်း တောနင်း၍ ခိုးမှူးကြီး၏ လူစုကို လက်စတုံး ချေမှုန်းပစ်သတဲ့။

ဤဥပမာ၌–တန်ခိုးကြီး ဘုရင် နှင့် နိဗ္ဗာန်, ရှာစားကြီး နှင့် ဉာဏ်, ခိုးသူကြီးနှင့် မောဟ, အခြံအရံ ခိုးသားတွေနှင့် မောဟမှ ကြွင်းသော ကိလေသာ,ဘုရင့်ထံမခစားမီ ရှာစားကြီးနှင့်ပုထုဇဉ် ဉာဏ်,ဘုရင့်ထံ ခစားပြီး ရှာစားကြီးနှင့် မဂ်ဉာဏ် တူလေသည်။

ကာမဂုဏ်ငါးပါး အာရုံတရားတို့၌ တပ်မက်သော တဏှာသည် ဖြစ်ပေါ်လာခဲ့သော် အတွင်းအပြင် စသောအားဖြင့် ပြားသော ခန္ဓာ စသောတရားတို့၌ မြှေးယှက်လျက်ဖြစ်၏၊ ထို့ကြောင့် တဏှာကို ဝါးချုံ၌ ဝါးခက်များနှင့် ဥပမာပြု၍ ဝါနဟု ခေါ်ဆိုရလေသည်။ ဝါနခေါ် တဏှာ၏အာရုံအဖြစ်ကို လွန်မြောက်ကာတည်သော အသင် တရားတည် ဝါနတော နိက္ခန္တံ=နိဗ္ဗာနံ-ဟူသော ဝိဂြိုဟ်အရ နိဗ္ဗာန် မည်လေသည်။

စိတ်သည် အာရုံကို သိတတ် ကြံစည်တတ်သော အနက်သဘော အားဖြင့် တမျိုးတည်းဖြစ်ပေမင့် ဇာတိဓမ္မမျိုး ဖြစ်လေသောကြောင့် ဇာတိဘေဒ,ဘူမိဘေဒစသောအပြား ကာလဘေဒ,ဒိသာဘေဒ,ပုဂ္ဂလ ဘေဒစသောအပြားဖြင့်ပြားသကဲ့သို့ နိဗ္ဗာန်သည်မပြားပေ။မှန်၏-နိဗ္ဗာန် သည် သဘောအားဖြင့်ရင်း ဝဏ္ဏအားဖြင့်ရင်း မပြားဘဲ တမျိုးတည်း တစားတည်းသာဖြစ်၏၊ အစမထင် သံသရာ၌ လွန်လေပြီးသော အတိတ်ပိုင်း,လက်ရှိအခြေအနေဟူသော ပစ္စုပ္ပန်ပိုင်း, လာမည့်အနာ ဂတ်ပိုင်းတို့၌ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့မှာ နိဗ္ဗာန်သည် တမျိုးတည်းသာဖြစ်၏၊ ဘယ့်ကြောင့် ဆိုသော်– နိဗ္ဗာန်သည် အချိန် ကာလ အရပ်ဒေသပိုင်းခြား၍ မညွှန်းပြအပ်သော တရား ဖြစ်သော ကြောင့်ပေတည်း။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဖြပ္ဗနိမန္တနသုတ်၌–
ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ
ဟူ၍ ဟောတော်မူ၏။

ဝိညာဏံ၊ ထူးသောဉာဏ်ဖြင့်သိအပ်သော။ အဒဿနံ၊ မျက်စိဖြင့် မမြင်ကောင်းထသော။ အနန္တံ၊ ရှေ့အစွန်း နောက်အစွန်း မရှိထသော။ သဗ္ဗတောပဘံ၊ ထက်ဝန်းကျင်မှ လင်းထသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

ရှင်းလင်းချက်။ ။အရှေ့အရပ် စသည်တို့တွင် ဤမည်သော အရပ်၌ နိဗ္ဗာန် မရှိဟု မဆိုအပ်၊ အရပ်တိုင်း အရပ်တိုင်းမှာပင် နိဗ္ဗာန်ရှိ၏၊မီးသည် အရပ်တိုင်း အရာဝတ္ထုတိုင်း၌ ရှိသကဲ့သို့ပင်တည်း၊ နိဗ္ဗာန်သည် ဤသို့ အချိန်အခါ အရပ်ဒေသအားဖြင့် မညွှန်းပြအပ်သော တရားမျိုးဖြစ်၏၊ သို့ဖြစ်၍ ဘယ်ပုဂ္ဂိုလ်၏ နိဗ္ဗာန်ဘဲဖြစ်ဖြစ် ကွဲပြားခြားနားမှုမပါ တမျိုးတစားတည်းသာ ဖြစ်၏။

ဤကဲ့သို့ သန္တိလက္ခဏာအားဖြင့် တမျိုးတည်းပင် ဖြစ်သော်လည်း နိဗ္ဗာန်ကို သိရမှုသည် ချုပ်လေပြီးသော တေကာလိက(ကာလသုံးပါး၌ဖြစ်သော)တရားကို မှီနေ၍၊ ချုပ်လေပြီးသော တရားတို့၏ အပြားအားဖြင့် ခြားနားမှုပြုလျက် တင်စားခေါ်ဝေါ်ပြောဆိုခြင်းငှါ ရကောင်း ရကား–သဥပါဒိ သေသ–စသော စကားရပ်ကို မိန့်ဆိုလေသည်။

ထိုနိဗ္ဗာန်သည် သန္တိသဘောအားဖြင့် တမျိုးတည်းဖြစ်သော်လည်း သဥပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ အကြောင်း ပရိယာယ်အားဖြင့် နှစ်မျိုးပြား၏။

သဥပါဒိသေသ။ ။သဥပါဒိသေသနိဗ္ဗာန်ဟူသည် နိဗ္ဗာနဓာတ်ကို ရသည့်အချိန်က နိဗ္ဗာန်ရပုဂ္ဂိုလ်၏ သန္တာန်မှာ ခန္ဓာငါးပါး မချုပ်မပျောက် မျက်မှောက် ထင်ရှား ရှိနေသေးသော နိဗ္ဗာန်တည်း။

အနုပါဒိသေသ။ ။အနုပါဒိသေသ နိဗ္ဗာန်ဟူသည် နိဗ္ဗာနဓာတ်ကို ရသောအချိန်တွင်စုတိ၍ နိဗ္ဗာန်ရပုဂ္ဂိုလ်မှာခန္ဓာ ကြွင်းမရှိ ခန္ဓာလက်စသိမ်းချုပ်ပျောက်လေသောနိဗ္ဗာန်ပေတည်း။

ထိုနှစ်မျိုးတွင် သဥပါဒိသေသ နိဗ္ဗာန်ကား – ကိလေသာ လက်စသိမ်း၍ ချုပ်ငြိမ်းသော နိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ကား–ခန္ဓာလက်စသိမ်း၍ ချုပ်ငြိမ်းသော နိဗ္ဗာန်တည်း။

ဆိုလိုရင်းမှာ–မဂ်ခဏ၌ ကိလေသာ ကုန်ခြင်းသည် သဥပါဒိသေသ နိဗ္ဗာန်၊ စုတိ၏ အခြားမဲ့၌ ခန္ဓာတို့၏ လုံးလုံးကြီး မဖြစ်ဘဲနေခြင်းသည် အနုပါဒိသေသ နိဗ္ဗာန်မည်၏။

ဆက်ပြီးအံ့—ပဋိသန္ဓေ ခန္ဓာတို့မည်သည် ကိလေသာ ရှိသော်သာ ဖြစ်ကြကုန်၏၊ ကိလေသာ မရှိသော်ကား မဖြစ်ကြကုန်၊ ကိလေသာ ကုန်ခန်းသည်နှင့် တပြိုင်နက် ပဋိသန္ဓေ ခန္ဓာတို့လည်း ကုန်ခန်းကြကုန်၏၊ သို့ပေမဲ့ စုတိသည်တိုင်အောင် တည်နေဆဲဖြစ်သော ပစ္စုပ္ပန် ခန္ဓာအစဉ်မှုကား ရဟန္တာပုဂ္ဂိုလ်၏သော်လည်း ရှေးဘဝကပြုခဲ့သော ကံ ကိလေသာတို့၏ အကျိုးဆက်ဖြစ်၍ သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ အမြဲတံတွာ ဓမ္မတာအားဖြင့် ပြီးလေသည်။ သို့ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာအစဉ်သည် ကိလေသာ ကုန်ပင် ကုန်သော်လည်း စုတိတိုင်အောင်ကား မချုပ်ပျောက်ဘဲ တည်မြဲ တည်နေသည်သာတည်း။ ပစ္စုပ္ပန်ခန္ဓာအစဉ်၏ စုတိခဏ၌ ချုပ်ခြင်းသည်လည်း မည်သူ၏လုံ့လ ပယောဂမှ မပါ သူ့ဓမ္မတာအတိုင်းသာ ဖြစ်၏။

စုတိ၏ အခြားမဲ့၌ တဖန် ဘဝသစ်ကာ ဆက်လက်တည်ဆောက်မှု မရှိခြင်းသည် ကိလေသာ ကုန်သည်နှင့် တပြိုင်နက် ပြီးစီးခဲ့လေသည်၊ ဒါတွင်မကသေး အနမတဂ္ဂသံသရာတခွင်မှာ အစဉ်မပျက် ဆက်လက်ဖြစ်ပေါ်မှု မရှိခြင်းသည်လည်း ကိလေသာ ကုန်ဆုံးသည့် အချိန်မှစ၍ ပြီးစီးခဲ့လေသည်။

ကာရဏပရိယာယ်။ ။ကိလေသာ ကုန်ဆုံးပြီးနောက် ခန္ဓာအကြွင်း ကျန်ရှိနေမှု, ကိလေသာကုန်ဆုံးပြီးနောက် ခန္ဓာအကြွင်း ကျန်ရှိမနေမှုကို အကြောင်းပြု၍ နိဗ္ဗာန်၏ အပြားကို ဆိုခြင်းသည် ကာရဏ ပရိယာယ်(အကြောင်း အမြွက်) ဖြစ်လေသည်။

ထို့အတူ သုညတနိဗ္ဗာန်,အနိမိတ္တနိဗ္ဗာန်,အပ္ပဏိဟိတ နိဗ္ဗာန်ဟု နိဗ္ဗာန်သည် အခြင်းအရာ အထူးအားဖြင့် သုံးပါး အပြားရှိ၏။

သုညတ။ ။ကြောင့်ကြမှု အားလုံး ဆိတ်သုဉ်း နေသည်ကား သုညတ မည်၏၊ မှန်၏-ပညာမဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ သက္ကာယဒိဋ္ဌိ ရှိနေသေးသမျှ မကောင်းမှုကံဟူသော ကြောင့်ကြဖွယ်, အပါယ်ဆင်းရဲဟူသော ကြောင့်ကြဖွယ်တို့ကို တွေ့မြင်ကြရကုန်၏၊ ပညာရှိ တို့မှာလည်း အကုသိုလ် ကြောင့်ကြမှု အပါယ် ဆင်းရဲ ကြောင့်ကြမှုမှ မိမိကိုယ်ကို စောင့်ရှောက်ရန် ကောင်းမှုကံ ဟူသော

ကြောင့်ကြဖွယ်တို့ကို တွေ့မြင်ရကုန်၏၊ သဏ္ဌာယဒိဋ္ဌိ ချုပ်ပျောက်သွားလျှင် ၎င်းကို အကြောင်းခံ၍ ဖြစ်သော ကြောင့်ကြမှု အားလုံးတို့သည် ချုပ်ပျောက်ကြကုန်၏။

ထို့အတူပင် လောဘချုပ်လျှင် လောဘကိုအကြောင်းခံ၍ ဖြစ်သမျှ တရားအားလုံး ချုပ်၏၊ ဒေါသချုပ်လျှင် ဒေါသကို အကြောင်းခံ၍ ဖြစ်သမျှ တရားအားလုံးချုပ်၏၊မောဟချုပ်လျှင် မောဟကို အကြောင်းခံ၍ ဖြစ်သမျှ တရားအားလုံး ချုပ်၏၊ ဤသို့အားဖြင့် နိဗ္ဗာန်သည် ကြောင့်ကြမှုအားလုံး ဆိတ်သုဉ်းရာဖြစ်သောကြောင့် သုညတမည်၏။

မှတ်ချက်။ ။သင်္ခတ တရားဆိတ်သုဉ်း သောကြောင့်လည်း သုညတမည်၏ ဟူ၍မှတ်။

အနိမိတ္တ။ ။နတ္ထိ တသ္မိံ နိမိတ္တန္တိ အနိမိတ္တံ=သင်္ခတ တရားတို့၌ ရှိသော နိမိတ်မျိုး မရှိရာဌာနသည် အနိမိတ္တ-မည်၏၊ မှန်၏-ထို နိဗ္ဗာန်သည် ကိလေသာစသော အကျိုးမဲ့တရား အပေါင်း၏ တည်ရာဖြစ်သော နိမိတ်တရားတို့ကို ဖျက်ဆီး၍ ထိုတရား အားလုံး မရှိမှုကို ပြီးစေကာ အမြဲတမ်း တည်လေသည်။ ကာလစသော အပြားအားဖြင့် ပြားသော တရားမျိုးလည်း မဟုတ်ပါလေ။

မှတ်ချက်။ ။နိမိတ်ဟူသည် ဖြစ်မှု,တည်မှုကို အကြောင်းခံ၍ ဖြစ်သော ရုန့်ရင်းကြမ်းထမ်းသော အခြင်းအရာတည်း၊ ယင်းအခြင်းအရာနှင့်ပြည့်စုံသော သင်္ခတတရားတို့သည် ကိလေသာ,ဇရာ,မရဏတို့၏လည်း တည်ရာဘုံ ဖြစ်ကြသည်။ အလုံးစုံသော မာရ်,အလုံးစုံသောရန်,အလုံးစုံသော ရောဂါစသော အကျိုးမဲ့တရားတို့၏ တည်ရာဘုံလည်း ဖြစ်လေသည်၊ ယင်းသို့သော အကြောင်းကြောင့် ထိုသင်္ခတတရားများကို မာရဓေယျ(မာရ်၏ တည်ရာ)ဟူ၍၎င်း, မစ္စုဓေယျ(သေခြင်း၏ တည်ရာ)ဟူ၍၎င်း ဆိုအပ်၏။

အပ္ပဏိဟိတ။ ။နတ္ထိ ပဏိဟိတံ တသ္မိန္တိ အပ္ပဏိဟိတံ=တဏှာဟူသော တောင့်တခြင်း,ဆန္ဒဟူသော တောင့်တခြင်း မရှိရာဖြစ်သော ဌာနသည် အပ္ပဏိဟိတ မည်၏။

သင်္ခတတရားတို့မည်သည် ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိတို့ကို ရစေတတ်သော တရားပင်ဖြစ်သော်လည်း ပျက်စီးတတ်သော တရားမျိုး ဖြစ်၍ ထပ်ကာ ထပ်ကာ ရဘို့ရန် တောင့်တမှုဟူသော ဆင်းရဲကို တိုးပွါးစေတတ်ကုန်၏၊ တောင့်တမှု၏ ကုန်ဆုံးခြင်းမည်သည် မရှိပါ

လေ၊ ဆင်းရဲမှန်သမျှ တောင့်တမှု ရလိုမှုကိုသာ အရင်းခံ၍ ဖြစ်၏၊ လောက၌ တောင့်တမှုနှင့် အဆင့်အတန်းတူညီသော ဆင်းရဲခြင်း၏ အကြောင်းမည်သည် မရှိပါချေ၊ နိဗ္ဗာန်သည်သာ မိမိကိုယ်တိုင်က မှတ်သိပ်ခြင်းကို ပယ်ဖျောက် ဖျက်ဆီး တတ်သည်ဖြစ်၍ အာသာ ဟူသော တဏှာတောင့်တမှု,ဆန္ဒတောင့်တမှုကို ချေမှုန်းနိုင်လေသည်၊ ထို့ကြောင့် နိဗ္ဗာန်သည် အပ္ပဏိဟိတ မည်လေသည်။

ဆက်၍ပြဦးအံ့......ချမ်းသာမှုသုခသည်(က)ဝေဒယိတသုခ(ခ)သန္တိ သုခ-ဟု နှစ်မျိုးရှိရာ လှူစည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ စည်းစိမ်တို့ကို ရ၍ ခံစားခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော နှစ်သက် ဝမ်းမြောက်မှု သည် ဝေဒယိတ သုခ မည်၏။ ထို ဝေဒယိတသုခသည် လျှပ်စစ်ပမာ ခဏမကြာ ပျက်စီး တတ်သော သဘောရှိ၏၊ ထိုသုခ၏ တည်ရာ စည်းစိမ်တို့သည်လည်း မမြဲသောသဘောရှိကုန်၏၊မပိုင်းခြားနိုင်သော တောင့်တမှုကို တိုးသထက်တိုး, ပွါးသထက် ပွါးစေကုန်၏၊ သို့ဖြစ်၍ ဝေဒယိတ သုခ မှန်သမျှ (အရင်း စစ်က အမြစ်မြေက ဆိုသကဲ့သို့) တောင့်တမှု အာသာဆင်းရဲကို ဖြစ်စေတတ်သောကြောင့် တကဲ့အစစ် ဆင်းရဲဒုက္ခသာ ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည်—

ယံ ကိဉ္စိ ဝေဒယိတံ၊ သဗ္ဗန္တံ ဒုက္ခသ္မိံ—

ဟု ဟောတော်မူ၏။

အကြင်ဝေဒယိတ သုခသည်ရှိ၏၊ ထိုအလုံးစုံသော ဝေဒယိတ သုခသည် ဒုက္ခ အစစ်သာတည်း။

သန္တိသုခ မည်သည် မိမိသန္တာန်၌ ဖြစ်ခဲ့ဘူးသော ဖြစ်ဘို့ရန် အတွက် ရှေ့ရှု ထင်လာသည်လည်း ဖြစ်သော ကိလေသာ စသည်နှင့် အပါယ်ဆင်းရဲ စသည်တို့မှ မိမိ၏ လမ်းမှန်သော ကြိုးစားမှုကို အကြောင်းပြု၍ လွတ်မြောက်သော သုခပေတည်း၊ ထိုသန္တိသုခကိုပင် ဤနေရာ၌ တကယ် မှန်သော သုခ မတုန်လှုပ်သော သုခ-ဟု ဆိုအပ် လေသည်။

ဤသန္တိသုခသာ မရှိခဲ့ပါက ပုထုဇဉ်တို့မှာ လူချမ်းသာ ,နတ် ချမ်းသာ,ဗြဟ္မာချမ်းသာကို ခံစားကြရသော်လည်း ငရဲဘေး စသည် တို့ကို မကာကွယ်နိုင်ကြသေး၍ တချိန်ချိန်မှာ ထိုငရဲဘေး စသည်တို့

ထင်လာကြပေဦးမည် သာတည်း၊ သို့ဖြစ်၍ အလုံးစုံသော ဝေဒယိတ သုခကို အကြောင်းခံ၍ ဖြစ်သော အာသာဒုက္ခ၏ ငြိမ်းမှုသန္တိသုခကို ပြတတ်သော ဤ အပ္ပဏိဟိတ-ဟူသော ပုဒ်သည် နိဗ္ဗာန်၏ မွန်မြတ်သော ဂုဏ်ပုဒ်ကြီး တခုပေတည်း။

အာကာရဘေဒ။ ။ရာဂ,ဒေါသ,မောဟ တို့မှ(ဝါ)သင်္ခါရ တရားတို့မှ ဆိတ်သုဉ်းသော အခြင်းအရာကိုစွဲ၍ သုညတနိဗ္ဗာန်, သင်္ခါရတရားတို့ကဲ့သို့ ရာဂစသော ရုန့်ရင်းသောအကြောင်းနိမိတ် မရှိသော အခြင်းအရာကိုစွဲ၍ အနိမိတ္တနိဗ္ဗာန်,ရာဂစသော တောင့်တမှုကင်းသော အခြင်းအရာကိုစွဲ၍ အပ္ပဏိဟိတနိဗ္ဗာန်၊ ဤကဲ့သို့ အခြင်းအရာထူးဖြင့် နိဗ္ဗာန်သည် သုံးမျိုးပြားလေသည်။

မျက်မှောက်ပြုပုံ ၂-မျိုး

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ကာယသစ္ဆိကရဏ,ဉာဏသစ္ဆိကရဏ-ဟု နှစ်မျိုးရှိရာ အစမထင် သံသရာ၌ အတွင်းအဇ္ဈတ္တသန္တာန်ကို ပူပန် လောင်ကျွမ်း စေလျက် ဖြစ်လာသော ကိလေသာတို့၏ မဂ်စိတ္တုပ္ပါဒ် ဖြစ်ပေါ်သော ခဏ၌ အဇ္ဈတ္တသန္တာန်မှာ ချုပ်ငြိမ်းခြင်းသည် ကာယ သစ္ဆိ ကရဏ မည်၏။ ဤကဲ့သို့ ကိုယ်ဖြင့် မျက်မှောက် ပြုပြီးနောက် ဆင်ခြင်သည်ရှိသော် အတွင်းအဇ္ဈတ္တသန္တာန်မှာ ထိုကိလေသာ ချုပ်ငြိမ်းခြင်းကို မျက်မှောက် ထင်ထင် မြင်၏၊ ငါ့မှာ ကိလေသာတွေ ချုပ်လေ ကုန်ပြီဟု သိ၏၊ ဤသို့ မျက်မှောက် ထင်ထင် ကိလေသာ ချုပ်ငြိမ်းမှုကို မြင်ခြင်းသည် ဉာဏ သစ္ဆိ ကရဏ မည်၏။ ထို ၂-မျိုးတွင် ကာယသစ္ဆိကရဏသည် အဆုံး အပိုင်း အခြား မရှိသော ဝဋ်ဆင်းရဲကို ကုန်စေ၏၊ ဉာဏ သစ္ဆိ ကရဏသည် များပြား စွာသော နှစ်သက် ဝမ်းမြောက်မှုကို ဖြစ်စေ၏၊ ပညတ် တရားများ၌ ဤသို့သော သစ္ဆိကရဏ မျိုး မည်သည် မရှိပါချေ။

စုတေ့ ရွှေလျောခြင်းကင်းသော ရှေ့အစွန်း နောက်အစွန်း ၂-ပါးကို ကျော်လွှား၍ ဖြစ်သော ကံ,စိတ်,ဥတု,အာဟာရ အကြောင်း လေးဝ တို့သည် မပြုပြင် အပ်သော မိမိထက် လွန်မြတ်သော တရားမရှိသော ဝဋ်ဆင်းရဲများစွာ ငြိမ်းဧးရာဌာနကို တဏှာ စက်ကွင်းမှ ဖျက်ရှင်းလွတ်မြောက်သော ဘုရားရှင် တို့သည် နိဗ္ဗာန်-ဟု ဟောတော် မူကြကုန်၏။ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် စိတ်,စေတသိက် ရုပ်,နိဗ္ဗာန်ဟူ၍ ပရမတ္ထ တရားကို မုဒ္ဓမြတ်စွာတို့သည် လေးပါးသော အပြားအားဖြင့် ပြတော်မူကုန်၏။

ဥပါဒ်ဌီ ရွေ့လျောမှု မရှိသည်ကို **အစ္စုတ**,

ရှေးအစွန်းနောက်အစွန်းဟူ၍ဆိုအပ်သော အစွန်းနှစ်ပါးမှ ကျော်သွား လွန်မြောက်မှုကို **အစ္စန္တ**,

ကံ,စိတ်,ဥတု,အာဟာရဟူသောအကြောင်းတရားလေးပါးပြုပြင်မှု ကင်းသည်ကို **အသင်္ခတ**-ဟူ၍ ဆိုအပ်၏။

အထက်၌ ပြဆိုအပ်ခဲ့သော အစ္စုတသဘော, အစ္စန္တသဘော, အသင်္ခတသဘောရှိသောကြောင့် တရားအားလုံးတွင် အထွတ်မြတ်ဆုံး အမွန်မြတ်ဆုံး တရားဖြစ်၍ အနုတ္တရ မည်၏။

ထိုကဲ့သို့ အစ္စုတ စသော ဂုဏ်ပုဒ်နှင့် ပြည့်စုံသော နိဗ္ဗာန်ကို ဝါန-ဟူသော တဏှာမှ အချင်းခပ်သိမ်း ကင်းတော်မူသော သီလစသော ဂုဏ် ကျေးဇူးကို ရှာမှီးပြီး ဖြစ်သော ဘုရားရှင် တို့သည် နိဗ္ဗာန်-ဟု ပြောဟောတော်မူကုန်၏။

မှတ်ချက်။ ။အကြင်ပုဂ္ဂိုလ်၏ သန္တာန်မှာ တဏှာတင်းလင်းရှိသေး၏၊ထိုပုဂ္ဂိုလ်၏အမြင်သည် မမှန်ပေ၊ တဏှာအစွမ်းအားဖြင့် လိုလားလျှင် လိုလားသလို ပြောဆိုတတ်ကြသည်၊ ဗုဒ္ဓမြတ်စွာမှာမူကား ဝါန-ခေါ်တဏှာတရားမရှိ၍ အဂတိလေးပါး ကင်းဝေးတော်မူကာ သဘာဝ တရားအတိုင်း မွန်မြတ်လျှင် မွန်မြတ်သည့် အကြောင်းအကောင်းဆုံး အမှန်ကန်ဆုံး;ယူဆ ပြောဟောတော်မူသည်၏အဖြစ်ကို''ဝါနမုတ္တာ'' ဟူသော စကားရပ်ဖြင့်ပင် ပြဆိုလေသည်။

ရုပ်ပိုင်း ပြီး၏။

ရုပ်ပိုင်းလေ့ကျင့်ခန်း (၂)

၁။ အဘယ်ကို''ရုပ်ကလာပ်''ဟု ခေါ်သနည်း၊ ကေပ္ပါဒ, ကေနိရောဓ, ကေနိဿယတို့၌ပါသော''ကေ''သဒ္ဒါ၏ အနက်တို့ကိုလည်း ပြဆိုခဲ့ပါ။

၂။ ရုပ်ကလာပ်တခုတည်း၌ပါသောရုပ်တို့သည် ကလာပ်ရုပ်အရေအတွက်အတိုင်း ဖြစ်မှု,ချုပ်မှုကွဲပြားချက်များရှိပါသလော၊သာဓကအထောက်ပြ၍ ဖြေဆိုခဲ့ပါ။

၃။ ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်း တို့ကို အသီးသီး ရေတွက်ပြပါ။

၄။ စိတ္တဇကလာပ် ၆-စည်း၌, ကာယဝိညတ္တိ နဝကကလာပ်ကဲ့သို့ သဒ္ဒနဝက ကလာပ်,ဝစီဝိညတ္တိ နဝက ကလာပ် ဖြစ်သင့်,မဖြစ်သင့် ပြဆိုခဲ့ပါ။

၅။ စိတ္တဇကလာပ် ၆-စည်းမှတပါး အခြားရနိုင်သော စိတ္တဇကလာပ်များ ရှိပါ သေးသလော၊ ရှိလျှင် အကြောင်းနှင့်တကွ ဖြေခဲ့ပါ။

၆။ ဥတုဇကလာပ် ၄-စည်းတွင် နောက် ၂-စည်းသည် အဘယ့်ကြောင့် ဗဟိဒ္ဓ သန္တာန်၌ မရသနည်း၊ အကြောင်းသွင်း၍ ရှင်းခဲ့ပါ။

၇။ အာကာသဓာတ်နှင့် လက္ခဏာရုပ် ၄-ပါးတို့ကို ကလာပ်အင်္ဂါ၌ အဘယ့် ကြောင့် မထည့်သွင်းသနည်း၊ အကြောင်းပြ ရှင်းခဲ့ပါ။

၈။ ရူပပဝတ္တိက္ကမ-ဟူသည် အဘယ်နည်း၊ ၎င်း၌ ပါရှိသော ''ယထာရဟံ'' ၏ အဓိပ္ပါယ်ကို ရှင်းခဲ့ပါ။

၉။ သံသေဒဇ,ဩပပါတိက သတ္တဝါ-ဟူသည် အဘယ်နည်း၊ ပဒုမဒေဝီ စသည် တို့သည် မည်သည့်သတ္တဝါမျိုးနည်း ဖြေဆိုခဲ့ပါ။

၁၀။ သုဂတိ,ဒုဂ္ဂတိဘုံ၌ ဖြစ်သော သံသေဒဇ ဥပပါတ်ပုဂ္ဂိုလ်တို့၏ ချို့တဲ့ကောင်း သော ဣန္ဒြေများကို အသီးသီး ခွဲခြားပြဆိုခဲ့ပါ။

၁၁။ အဘယ်ကို''ဂဗ္ဘသေယျက သတ္တဝါ''ဟု ခေါ်သနည်း၊ ၎င်း၏ပဋိသန္ဓေ အခါ ရကောင်းသော ရုပ်ကလာပ်ကို ရေတွက်ခဲ့ပါ။

၁၂။ ဂဗ္ဘသေယျက သတ္တဝါ၏ပဋိသန္ဓေအခါ ကလလရေကြည် တည်သည်မှစ၍ အစဉ်အတိုင်း ကြီးပွါးလာပုံကို ဖေါ်ပြပါ။

၁၃။ ကလလရေကြည်-ဟူသည် အဘယ်ရုပ်များကို ခေါ်သနည်း, ၎င်းကလလ ရေကြည်ရုပ်၏ အဆင်း,ပမာဏတို့ကို ပြဆိုခဲ့ပါ။

၁၄။ ကမ္မဇ,စိတ္တဇ,ဥတုဇ, အာဟာရဇရုပ် ဟူသော စတုဇရုပ်တို့၏ အစဦးစွာ ဖြစ်ရာ ကာလအသီးသီးကို ဖေါ်ပြပါ။

၁၅။ ဩဇာဖရဏ(ဩဇာပျံ့နှံ့ရာ)ကာလကို ပုဂ္ဂိုလ်သတ္တဝါ အလိုက် ဖေါ်ပြခဲ့ပါ။

၁၆။ စတုဇရုပ်တို့၏ ချုပ်ဆုံးရာ ကာလအသီးသီးကို ပြဆိုပြီးလျှင် မည်သည့် တရားများချုပ်ဆုံးမှ သတ္တဝါများ ၄သသည်ဟုခေါ်ဆိုရသည်ကို ဖြေဆိုခဲ့ပါ။

၁၇။ ရူပဘုံ၌ ဘာဝဒသက ကလာပ်,အာဟာရဇကလာပ်များ မရခြင်းအကြောင်း ကို ရှင်းလင်းခဲ့ပါ။

၁၈။ ရူပ-အသညသတ် ဖြဟ္မာနှင့် ငရဲ,ပြိတ္တာ,နတ် စသော ကာမဉပပါတ် သတ္တ ဝါများ စုတိသောအခါ၊ အသေကောင် အထည်ဖြစ် ကြွင်းကျန်ပါသေး သလော ဖြေဆိုခဲ့ပါ။

၁၉။ ရုပ် ၂၈-ပါး,ကလာပ် ၂၁-စည်းကိုဘုံဋ္ဌာနအလိုက်ထိုက်သင့်သလိုခွဲဝေပြပါ။

၂၀။ ''နိဗ္ဗာန်''ဟူသည် အဘယ်နည်း၊ နိဗ္ဗာန်သည် ရှိ၏-ဟူသော စကားကို မည်သို့သော သာဓကစကားရပ်ဖြင့် မှတ်သား သိရှိရပါမည်နည်း။

၂၁။ မင်္ဂ,ဖိုလ်၏ ကိလေသာကို ပယ်သတ်ရာ၌ နိဗ္ဗာန်ဟူသော အဖေါ်ကောင်း ကြောင့် ကိလေသာ ရန်အပေါင်းကို ထောင်းထောင်းညက် ချေဖျက်နိုင်ပုံကို ဥပမာ စုံလင်စွာဖြင့် ပြဆိုခဲ့ပါ။

၂၂။ သန္တိလက္ခဏာအားဖြင့်တမျိုးတည်းသာဖြစ်သော နိဗ္ဗာန်၏ သဉပါဒိသေသ, အနုပါဒိသေသအားဖြင့် ကွဲပြားလာပုံ အခြင်းအရာကို သေချာစွာဖေါ်ပြပါ။

၂၃။ ''နိဗ္ဗာန်''၏ အခြင်းအရာအထူး (အာကာရဘေဒ) အားဖြင့် သုညတ အနိမိတ္တ အပ္ပဏိဟိတ အမည်ရပုံကို ပြဆိုခဲ့ပါ။

၂၄။ ချမ်းသာမှုဟူသော သုခတရား၏ ဝေဒယိတသုခ သန္တိသုခ ၂-မျိုး ပြားပုံကို ရေးခဲ့ပါ။

၂၅။ နိဗ္ဗာန်ကိုမျက်မှောက်ပြုရာ၌ အမျိုး၂စား ခြားနားပုံကို ပြဆိုပြီးလျှင် နိဗ္ဗာန်၏ ဂုဏ်ပုဒ်များကိုလည်း ထုတ်ပြခဲ့ပါ။

သမုစ္စည်းပိုင်း အဖွင့်

နဝသတ္တတိ ဝိဓာဝုတ္တာ၊ ဝတ္ထု ဓမ္မာ သလက္ခဏာ။
တေသံ ဒါနိ ယထာ ယောဂံ၊ ပဝက္ခာမိ သမုစ္စယံ။

မိမိတို့ကိုယ်ပိုင်လက္ခဏာနှင့် တကွဖြစ်သော ခုနစ်ဆဲ့နှစ်ပါးသော အကြင်ဝတ္ထု ဓမ္မတို့ကို ဆိုအပ်ခဲ့ပါကုန်ပြီ၊ ယခုအခါ ထိုဝတ္ထုဓမ္မတို့၏ ပေါင်းစုရာဖြစ်သော သမုစ္စည်းပိုင်းကို ဆိုပါတော့အံ့။

ဤစကားရပ်တွင် နဝသတ္တတိဝိဓာ-အရ ၇၂-ပါးသောတရားကား စိတ် အကျဉ်း အကျယ်ကို အာရမဏ ဝိဇာနန လက္ခဏာ အားဖြင့် ပေါင်း၍ ၁-ပါး+စေတသိက် ၅၂-ပါး+နိပ္ဖန္နရုပ် ၁၈-ပါး+ နိဗ္ဗာန် ၁-ပါး အားဖြင့် ၇၂-ပါးတည်း။

ဝတ္ထုဓမ္မာသလက္ခဏာ ဟူသောစကားရပ်ဖြင့် အနိပ္ဖန္နရုပ် ၁၀-ခု ကို ပယ်ပစ်လေသည်၊ ဘယ့်ကြောင့်ဆိုသော်–အနိပ္ဖန္နရုပ်တို့သည် မိမိ တဦးတည်းပိုင်ပုဂ္ဂလိကဖြစ်သော ဝိသေသလက္ခဏာ,အများဆိုင်အနိစ္စ စသော သာမန်လက္ခဏာရှိသော သလက္ခဏတရားမျိုး မဟုတ်သော ကြောင့်ပေတည်း။

အနိပ္ဖန္နရုပ်တို့၏ သလက္ခဏ တရားမဖြစ်ရသည်မှာ အနိပ္ဖန္နရုပ်တို့ သည် ပရမတ္ထတရားအစစ်မဟုတ်ကြကုန်၊ ပရမတ္ထတရားအစစ်မဟုတ် သဖြင့်လည်း သရုပ်သကောင် ထုတ်ဆောင်၍မရအပ်ကုန်၊သို့အတွက် ဝတ္ထုဓမ္မမျိုးမဖြစ်နိုင်ပါလေ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား သည်သာ ဝတ္ထုဓမ္မမျိုး ဖြစ်နိုင်လေသည်။

ထိုစကားရပ်များဖြင့် နိဗ္ဗာန်၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခ ဏာ ဉာဏ်၌ သရုပ်အားဖြင့် ရအပ်သော သဘောရှိသည်၏ အဖြစ်ကို ပြအပ်လေသည်။

သင်္ဂဟလေးပါး

သမုစ္စယသင်္ဂဟသည်(၁)အကုသလသင်္ဂဟ (၂)မိဿကသင်္ဂဟ (၃)ဗောဓိ ပက္ခိယသင်္ဂဟ (၄)သဗ္ဗသင်္ဂဟဟူ၍ လေးမျိုးရှိ၏။

အကုသလသင်္ဂဟစသည်။ ။အကုသိုလ်မျိုး အစစ်အမှန် ဖြစ်သော အာသဝေါတရားစသည်တို့ကို ပေါင်းယူသော စကားစုသည် (အကု

သလသင်္ဂဟ) မည်၏။ ကုသိုလ်, အကုသိုလ်, အဗျာကတ တို့ကို ရောနှောလျက် ပေါင်းယူသော စကားစုသည်(မိဿကသင်္ဂဟ)မည်၏။ မဂ်ဉာဏ်အဘို့၌ (မဂ်ဉာဏ် ဖြစ်ပေါ်လာဘို့ရန် အတွက်) ဖြစ်သော တရားတို့ကို ပေါင်းယူရာ ဖြစ်သော စကားစုသည် (ဗောဓိပက္ခိယ သင်္ဂဟ)မည်၏။ ပရမတ္ထ ဖြစ်သော တရား အားလုံးကို ပေါင်းယူရာ ဖြစ်သော စကားစုသည်(သဗ္ဗသင်္ဂဟ)မည်၏။

အကုသလ သင်္ဂဟ အဖွင့်

အကုသလ သင်္ဂဟ ဟူသည် ဘယ်ဟာ ပါနည်း,
အကုသလ သင်္ဂဟ၌ အခြားတရားများ၏ရှေးဦးစွာပြသည့်ကား ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူသော အာသဝေါတရား လေးပါးတို့ ပေတည်း။

အာသဝ။ ။စိရပါရိဝါသိယဋ္ဌေန မဒနီယဋ္ဌေနစ အာသဝသဒိသတ္တာ အာသဝါ=အချိန် ကြာရှည်စွာ စိမ်ထုံထား အပ်သော အနက် သဘောကြော်ငြင်းရင်း, ယစ်မူးစေတတ်သော အနက် သဘောကြောင့်ရင်း အရက် နှင့် တူ၍ အာသဝ မည်၏။ အာသဝ၏ အရကို တိုက်ရိုက်ပြောရမူ အရက်သည် အာသဝမည်၏။ ကာမတဏှာ စသည်တို့ကား ထိုအာသဝခေါ်အရက်နှင့်တူသောကြောင့် အာသဝဟု ဆိုရလေသည်။ စိရပါရိဝါသိယ, မဒနီယ ဟူသော အနက် နှစ်ပါး ကြောင့် အာသဝ အမည်ရသည်ဟု ဆိုပါက လောဘစသည် တို့သာ အာသဝအမည်ရကုန်ရာသည်။မှန်၏—လောက၌ပန်းပွင့်ဖြင့် စိမ်ထုံထား အပ်သော အရက် စသည်တို့သည် ငါးညဉ့် ခြောက်ညဉ့် သို့မဟုတ် ခုနစ်ညဉ့်တိုင်တိုင် ကိုယ်တိုင်လည်း အထုံယူရကုန်၏၊စိမ်ထုံထားရာဒိုး ကိုလည်းအထုံကို ယူစေကုန်၏၊ဤလောဘစသောတရားတို့သည် အစမ ထင်သံသရာ၌ကိုယ်တိုင်းလည်းသတ္တဝါတို့သန္တာန်မှာ အထုံယူကုန်၏၊ သတ္တဝါတို့ သန္တာန်ကိုလည်း အထုံကို ယူစေကုန်၏၊ သတ္တဝါတို့၏ သန္တာန်တခုလုံးသည် အမြဲတစေ အာသဝနှင့်ပြည့်နေသည်သာဟည်း။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် စက္ခုလောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ဧတ္ထ နိဝိသ မာနာ နိဝိသတိ

စသည်ဖြင့် ဟောတော်မူ၏။ ဤတဏှာသည် ထကြွသောင်းကျန်းသော အနေဖြင့် ဖြစ်ခဲ့သော် ဤပိယရုပ် သာတရုပ် ဖြစ်သော စက္ခု မှာသာ ဖြစ်၏၊ ဖြစ်ပြီးနောက် အနုသယ၏ အဖြစ်ဖြင့် အထုံရ၍ တည်နေပါက လည်း ဤ ပိယရုပ် သာတရုပ် ဖြစ်သော စက္ခုမှာသာ တည်နေ၏၊ ကိန်းနေ၏။ အရိယာမဂ် တည်းဟူသော ဆေးကြော ဘို့ရန် ရေစင် ရေကောင်းဖြင့် ဆေးလျှော် ခြင်းကို မရသေး သမျှ ကာလ ပတ်လုံး သတ္တဝါတို့၏ သန္တာန်သည် မစင်ပြည့်သောတွင်းကြီးပမာ သုတ်သင် ရန် ခက်ခဲသည်သာတည်း။ ပန်းပွင့်ဖြင့်စိမ်ထုံအပ်သော အရက်စသည် တို့သည် မူးယစ်စေကြကုန်သော်လည်း တမုဟုတ်မျှသာ မူးယစ်စေနိုင် ကုန်၏၊ ဤလောဘ စသည် တို့ကား အရိယာ မဂ်ကို မရသေးသမျှ ကာလပတ်လုံး အမြဲတစေ မူးယစ်စေကုန်၏။ သို့ဖြစ်၍ စင်စစ်လျှင် ဤ လောဘစသောတရားတို့သည်သာလျှင် စိရပါရိဝါသိယ အနက်, မဒနီယအနက်အားဖြင့် အာသဝဟူသော အမည်နှင့် ထိုက်တန်ကြ ကုန်၏။

(တနည်း) ဝိသန္ဒနဋ္ဌေန အာသဝသဒိသတ္တာ အာသဝါ=ယိုစီးတတ် သော အနက်သဘော အားဖြင့် အာသဝနှင့် တူသောကြောင့် အာသဝ မည်၏၊ ထင်ရှားစေအံ့......နူနာ ထကြွနေသူ၏ အနာဝကြီးတို့မှ ယိုထွက် သော အရည်အစက်သည်ပုဆိုးပိုင်းတို့ကိုဖျက်ဆီးသကဲ့သို့ ဤလောဘ စသည်တို့ သည်လည်း စက္ခု စသော ခြောက်ဒွါရ တို့မှ ယိုထွက်၍ အာရုံ ခြောက်ပါးကို ဖျက်ဆီးကုန်၏။ (တနည်း) အာယတံ သံသာရ ဒုက္ခံ သဝန္တိ ပသဝန္တိ ဝဍ္ဎေန္တီတိ အာသဝါ=သံသရာ ဆင်းရဲ ရှည် ကြီးကို တိုးပွားစေတတ်သောကြောင့် အာသဝမည်ကုန်၏။ (တနည်း) ဘဝတော အာဘဝဂ္ဂါ ဓမ္မတော အာဂေါတြဘုံ့ာ သဝန္တိအာရမဏ ကရဏဝသေန ပဝတ္တန္တီတိ အာသဝါ=ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် သောတာပတ္တိမဂ်၏ရှေ့ ဂေါတြဘုတိုင်အောင် အာရုံပြု သည်၏အစွမ်းအားဖြင့် ဖြစ်တတ်သောကြောင့် အာသဝမည်ကုန်၏။

အာသဝါ ဟူသောပုဒ်၌ အာ-သဒ္ဒါသည် အဝဓိအနက်ကို ထွန်းပြ လေသည်၊ အဝဓိသည် (၁)မရိယာဒဝဓိသယ (၂) အဘိဝိဓိဝဓိသယ အားဖြင့် နှစ်မျိုး ရှိရာ—

တတ်သော အနက်,ကူးခတ် လွန်မြောက်နိုင်ခဲသော အနက်အားဖြင့် ပကတိရေအယဉ်နှင့် တူသောကြောင့် လောဘ,ဒိဋ္ဌိ, မောဟ-ဟူသော တရားသုံးပါးသည် ဩဃမည်၏၊မာန စသည်တို့ ဩဃအမည် မရပုံကို အာသဝ၌ ဆိုခဲ့သောအတိုင်း သိလေ။

ယောဂ။ ။ယောဇေန္တီတိ ယောဂါ=ဝဋ်ဆင်းရဲ၌ရှင်း, ဘဝ ဟူသော ယန္တရားဖြင့် သတ္တဝါတို့ကို ယှဉ်စေ တတ်သောကြောင့် ယောဂမည်၏။

ဂန္ထ, ဥပါဒါန်

ဂန္ထတို့သည် အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတပရာမာသကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ အားဖြင့် လေးပါးရှိကုန်၏၊ (တရားကိုယ်အားဖြင့် လောဘ,ဒေါသ,ဒိဋ္ဌိ)။ဥပါဒါန်တို့သည် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်-ဟူ၍ လေးပါး ရှိကုန်၏၊ (တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌိ)။

ဂန္ထ။ ။ဂန္ထေန္တီတိ ဂန္ထာ=ဘဝတပါး စုတိနှင့် ဘဝတပါး ပဋိသန္ဓေကို စပ်ဟပ်ပေးတတ်သောကြောင့် ဂန္ထမည်၏။

အဘိဇ္ဈာ—ကာယဂန္ထ၌ အဘိဇ္ဈာဟူသည် ရာဂအားလုံး၏ အမည်တည်း၊ ရူပရာဂ,အရူပရာဂများလည်း အဘိဇ္ဈာ အရတွင် ပါဝင်လေသည်။ **ဗျာပါဒ**—ကာယဂန္ထ၌ ဗျာပါဒ ဟူသည် ဒေါသအားလုံး၏ အမည်ပေတည်း။ **ဣဒံသစ္စာ**—ဘိနိဝေသ ကာယဂန္ထ၌ ဣဒံသစ္စာဘိနိဝေသဟူသည်၊ ဤအယူသာမှန်၏၊ အခြားအယူကား အမှားတည်းဟု နှလုံးသွင်း လွဲမှားမှုတည်း။ **သီလဗ္ဗတ**—ပရာမာသကာယဂန္ထ၌ သီလဗ္ဗတ ပရာမာသဟူသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း၏ အကြောင်း မဟုတ်သော နွားအလေ့ နွားအကျင့် စသည်ကို ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဟု မှားသောအားဖြင့် ကြံဆလျက် ယူခြင်းတည်း။

ကာယဂန္ထ၌ ကာယသဒ္ဒါသည် ရူပကာယ, နာမကာယ နှစ်မျိုးစလုံး၌ ဖြစ်၏၊ အတိတ်ကိုယ်နှင့် ပစ္စုပ္ပန်ကိုယ်, ပစ္စုပ္ပန်ကိုယ်နှင့် အနာဂတ်ကိုယ်ကို စပ်တတ်သည်ကား ကာယဂန္ထ မည်၏။ အဘိဇ္ဈာ ဧဝ ကာယဂန္ထော=အဘိဇ္ဈာကာယဂန္ထော=အဘိဇ္ဈာသည်သာလျှင် ကိုယ်နှစ်ရပ်ကို စပ်ပေးတတ်သည်ဖြစ်၍ အဘိဇ္ဈာကာယဂန္ထ မည်၏။ ကြွင်း ဂန္ထတို့၌ နည်းတူသိလေ။

ဥပါဒါန်

ဥပါဒါန်။ ။ဘုသံ အာဒိယန္တီတိ ဥပါဒါနံ=ပြင်းပြင်း ထန်ထန် ဖါးကို မြွေသည်စွဲလမ်းသကဲ့သို့ စွဲလမ်းတတ်သော ကြောင့် ဥပါဒါန်မည်၏။ ကာမော ဧဝ ဥပါဒါနံ=ကာမုပါဒါနံ၊ကာမ သည်သာ၊ပြင်းပြင်းထန်ထန်စွဲလမ်းတတ်သည်ဖြစ်၍ ကာမုပါဒါန်မည်၏။ (**တနည်း**) ကာမံ ဥပါဒိ ယတီတိ ကာမုပါဒါနံ=ဝတ္ထု ကာမကို စွဲလမ်းတတ်သောကြောင့် ကာမုပါဒါန်မည်၏။ ဒိဋ္ဌိယာ ဥပါဒါနံ=ဒိဋ္ဌု ပါဒါနံ၊ဒိဋ္ဌိငယ် ၆၂-ပါး၊ဒိဋ္ဌိကြီး ၃-ပါး ထို့ပြင်သာသနာတော်မှာရော လောကမှာပါတွေ့မြင်ရသော မှားယွင်းမှုမှန်သမျှကို ပြင်းပြင်းထန်ထန် စွဲလမ်းတတ်သည်ဖြစ်၍ ဒိဋ္ဌုပါဒါန်မည်၏။ သီလဝတာဒိနံ ဥပါဒါနံ= သီလဗ္ဗတုပါဒါနံ၊နွား,ခွေး စသည်တို့၏ရိုးရာဖြစ်သောအလေ့အကျင့်ကို သီလဟု ခေါ်၏၊ ထိုသီလကို ကောင်းစွာ ဆောက်တည်အပ်မှု ဝတဟု ခေါ်၏၊ထိုသီလနှင့်ဝတကို ပြင်းပြင်းထန်ထန် စွဲယူခြင်းသည် သီလဗ္ဗတု ပါဒါန်မည်၏။ အတ္တဝါဒေါ ဧဝ ဥပါဒါနံ=အတ္တဝါဒုပါဒါနံ=ပရမတ္ထ အားဖြင့် တကယ်ရှိအဟုတ်ရှိဖြစ်သော လောကီခန္ဓာငါးပါးကို အတ္တဟု ကြိဆပြောဆိုမှု ယူမှုသည် အတ္တဝါဒ မည်၏၊ အတ္တ-ဟူသည် တိတ္ထိ တို့၏ ကြိဆပြောဆိုမှုသာဖြစ်၏၊လောကဉ် ရုပ်နာမ်မှတပါး ရကောင်း သော တရားမည်သည်မရှိ၊ ၎င်းရုပ်နာမ် ခန္ဓာပေါ်မှာ တင်စား၍ တိတ္ထိ တို့က ရုပ်နာမ် ခန္ဓာကိုပင် အတ္တဟု ပြောဆိုလေသည်။ သတ္တဝါတဦး တဦး၏သန္တာန်၌ အပိုးရသော တရားဟုဆို၏၊ဤသည်ကိုပင် လောကီ သားတို့က သတ္တဝါကောင်း လိပ်ပြာကောင်းဟု ဆိုကုန်၏၊ တိတ္ထိ အမျိုးမျိုးတို့က ဣဿရနိမ္မိတဟူ၍၎င်း, အဓိစ္စသမုပ္ပန္နဟူ၍၎င်း, အစ္စန္တ သဿတဟူ၍၎င်း, ဧကစ္စသဿတဟူ၍၎င်း, ဉစ္ဆေဒဟူ၍၎င်း ပညတ် ကြကုန်၏။ ထိုကိုပင် အတ္တဟု စွဲလည်း စွဲလမ်းကြ၊ပြောလည်း ပြောဆို ကြသည်ဖြစ်၍ အတ္တဝါဒုပါဒါန်ဟု ဆိုလေသည်။ အတ္တဝါဒုပါဒါန် ဟူသည် သက္ကာယဒိဋ္ဌိ နှစ်ဆယ်တည်း။

သက္ကာယဒိဋ္ဌိသည်-(၁) ဥစ္ဆေဒဒိဋ္ဌိ ၅-မျိုး၊ (၂) သဿတဒိဋ္ဌိ ၁၅-မျိုးအားဖြင့် နှစ်ဆယ်ဖြစ်၏၊ ထိုတွင် ဥစ္ဆေဒဒိဋ္ဌိ ၅-မျိုးကား- (၁) ရုပ်ကို အတ္တ၊ (၂) ဝေဒနာကို အတ္တ၊ (၃) သညာကို အတ္တ၊ (၄) သင်္ခါရကို အတ္တ၊ (၅) ဝိညာဏ်ကို အတ္တ-ဟု မြင်မှုပင်တည်း။

အတ္တ-ဟူသည် ဘာမျှမရှိ၊တိတ္တိတို့ ကြံဆလုံးသာဖြစ်၏၊တိတ္ထိတို့က အတ္တကစားသည်၊ အတ္တက ပြောသည် စသည်ဖြင့် စွဲယူပြောဆို၏၊ အမှန်မှာ အတ္တ-ဟူသည် တရားကိုယ်ရကောင်းသော တရားမျိုးမဟုတ်၊ တိတ္ထိတို့ ပညတ်ချက် သက်သက်သာဖြစ်၏။

ဥပမာ—အက္ခရာသင်္ချာနည်းအားဖြင့် ၁-ဂဏန်းကို တန်ဖိုး ၀-သုည ပေးထားလျှင် ၁-ဂဏန်းသည် သုညသာဖြစ်သည်၊ ဘာမျှ အရေ အတွက်မရ။ ထို့တူ ရုပ်သည် အတ္တ၊ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် သည် အတ္တဖြစ်သည်ဟုဆိုလျှင် ရုပ်-ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တို့၏ အရသည် ဘာမျှမရှိ၊ တိတ္ထိတို့ ကြံဆလုံးသက်သက် ပညတ် ဖြစ်သွားလေသည်။ သို့အတွက် ဤသို့ စွဲယူရာမှာ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ်ဟူသော ပရမတ္ထတရားလုံးဝပျောက်ကွယ်သွားသည်၊ ပရမတ္ထနှင့် ဆက်သွယ်မှု မရှိဘဲ ပညတ်လုံးလုံး ဖြစ်သွားသည်၊ဤကဲ့သို့ ပရမတ္ထ ရှင်းရှင်း ပြတ်သွားသည်ကို ဥစ္ဆေဒဒိဋ္ဌိ-ဟု ခေါ်၏။

သဿတဒိဋ္ဌိ ၁၅-ပါးကား—(၁) ရုပ်ရှိသော အတ္တ၊ (၂) အတ္တ၌ ရုပ်တည်၏၊ (၃) ရုပ်၌ အတ္တတည်၏၊ ဤသို့လျှင် ရူပက္ခန္ဓာ၌ ၃-ပါး၊ ထို့အတူ ဝေဒနာက္ခန္ဓာ၌ ၃-ပါး၊သညာက္ခန္ဓာ၌ ၃-ပါး၊သင်္ခါရက္ခန္ဓာ၌ ၃-ပါး၊ဝိညာဏက္ခန္ဓာ၌ ၃-ပါးစီရ၍ ၁၅-ပါး ဖြစ်၏။ရုပ်ရှိသော အတ္တ ဟူရာ၌ ရုပ်ကား ပရမတ်(တရားသရုပ် ရကောင်း၏)အတ္တကားပညတ် တရားသရုပ် မရကောင်း၊ ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ်-ဟူသော ခန္ဓာ ၄-ပါးကို အတ္တဟု စွဲယူ၏။ ကြွင်းသော (၂) (၃) စကားရပ်တို့၌ ထို့အတူပင်တည်း။ဝေဒနာရှိသော အတ္တဟူရာ၌ ဝေဒနာကား ပရမတ် ကြွင်းခန္ဓာ ၄-ပါးက တိတ္ထိတို့ ကြံလုံးစည်းလုံး အတ္တဟု ဆိုလေ၊ သညာရှိသောအတ္တဟူရာ၌ သညာကား ပရမတ်၊ကြွင်းခန္ဓာ ၄-ပါးက အတ္တဟု တိတ္ထိတို့ ကြံဆ၏၊ သင်္ခါရရှိသော အတ္တဟူရာ၌ သင်္ခါရကား ပရမတ်၊ ကြွင်းခန္ဓာ ၄-ပါးက အတ္တဟု တိတ္ထိတို့ ကြံဆ၏၊ပညတ်၏။ ဝိညာဏ်ရှိသော အတ္တဟူရာ၌ ဝိညာဏ်ကား ပရမတ်၊ ကြွင်းခန္ဓာ ၄-ပါးက အတ္တဟု တိတ္ထိတို့ ကြံဆ၏။ သို့ဖြစ်၍ ဤ ၁၅-ပါးသည် တစိတ် ပရမတ်, တစိတ် ပညတ်ဟု စွဲယူသည့်အတွက် ပရမတ်လုံးဝ ပြတ်မသွားသောကြောင့် (သဿတဒိဋ္ဌိ)ဟု ခေါ်၏။ နှစ်ရပ်ပေါင်း သက္ကာယဒိဋ္ဌိ(အတ္တဒိဋ္ဌိ)နှစ်ဆယ်ဖြစ်၏။ (ပဋိသမ္ဘိဒါမဂ်)

ဗုဒ္ဓဘာသာနှင့် သက္ကာယဒိဋ္ဌိ

ဗုဒ္ဓဘာသာဝင်တို့သည် ငါ့ကိုယ်, ငါ့သား, ငါ့မယား, ငါ့ဥစ္စာ-ဟု စွဲလမ်းမှု ရှိကြသဖြင့် မိမိတို့ကိုယ်မှာ သက္ကာယဒိဋ္ဌိ တင်းလင်းရှိနေကြသည်ဟု အချို့အယူ ရှိကြကုန်၏၊ ထိုသို့ ယူဆခြင်းမှာ မှန်ကန်သည် မဟုတ်ပါချေ။ အကြောင်းသော်ကား ဗုဒ္ဓဘာသာအယူသည်ပင် ထကြွသောင်းကျန်းသော ပရိယုဋ္ဌာန သက္ကာယဒိဋ္ဌိကို ပယ်သောကြောင့် ပေတည်း။ ရှင်းရှင်း ပြောရပါလျှင် ဗုဒ္ဓဘာသာဝင် တဦးသည် ခန္ဓာငါးပါးကို သရုပ်တရားကိုယ်အားဖြင့် ပိုင်းပိုင်းခြားခြားသိသည်ဖြစ်စေ, မသိသည်ဖြစ်စေ,သက္ကာယဒိဋ္ဌိ အယူကင်းသည်သာ ဖြစ်၏။ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ပါလျက် သက္ကာယဒိဋ္ဌိ မကင်းဟု ဆိုပါလျှင် ဗုဒ္ဓသာသာ ဂုဏ်းကွယ်ရကျိုး နပ်တော့မည် မဟုတ်ပါချေ။

စဉ်းစားပါဦးလော-ဗုဒ္ဓမြတ်စွာသည် ကျိုးချောက်နိုင်သော အရွယ်ရှိလျှင်ပင် ရှင်သာမဏေ ပြုပေးနိုင်ကြောင်း ခွင့်ပြုတော်မူ၏၊ထိုသူငယ်သည် ခန္ဓာငါးပါးကို သရုပ်တရားကိုယ်အားဖြင့် ပိုင်းခြားသိနိုင်ပါမည်လော၊ ခန္ဓာငါးပါးကို ပိုင်းခြား သိမှုမရှိ၍ သက္ကာယဒိဋ္ဌိ တင်းလင်းရှိနေသည်ဟု ယူဆခဲ့ပါလျှင် ဗုဒ္ဓမြတ်စွာသည်ရှင်သာမဏေဝတ်ဘို့ရန် ခွင့်ပြုတော်မူမည် မဟုတ်ချေ၊ ရှင်သာမဏေ ဝတ်ခွင့်ကိုလည်း ပြုတော်မူခဲ့၏။ ထိုကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်လျှင်ပင် သက္ကာယဒိဋ္ဌိသည် ပရိယုဋ္ဌာန အနေအားဖြင့် ကင်းနေသည်ဟု မှတ်ရပေမည်။

သက္ကာယဒိဋ္ဌိံ ပဟာနာယ၊ သဘော ဘိက္ခု ပရိဗ္ဗဇေ-ဟု ဟောတော်မူရာ၌ကား ပရိယုဋ္ဌာနဒိဋ္ဌိ မဖြစ်ရုံနှင့် ရောင့်ရဲတင်းတိမ်မနေနှင့်၊ အနုသယဒိဋ္ဌိကိုပါ အမြစ်ပြုတ် ဖြုတ်နိုင်ရန် ကြိုးစားပါလော၊ အနုသယအနေဖြင့် ကိန်းနေသော သက္ကာယဒိဋ္ဌိပြုတ်မှသာ မဂ်ကိုရနိုင်လေသည်၊ သက္ကာယဒိဋ္ဌိက မဂ်ကိုတားမြစ်သော တရားတည်း။ ထိုကြောင့် ဗုဒ္ဓဘာသာနယ်မှာ သက္ကာယဒိဋ္ဌိ မတိုးနိုင်၊ မဝင်နိုင်၊ ဗုဒ္ဓဘာသာဝင် မှန်သမျှမှာ သက္ကာယဒိဋ္ဌိ မရှိ၊ သက္ကာယဒိဋ္ဌိ ရှိနေတယ် ဆိုကလည်း ဗုဒ္ဓဘာသာဝင် မဟုတ်တော့ပေ၊ ဘာ့ကြောင့်ဆိုသော် ဗုဒ္ဓဘာသာနှင့် သက္ကာယဒိဋ္ဌိကား ဆန့်ကျင်ဖက် ဖြစ်ပေသောကြောင့်ပေတည်း။ (ဗုဒ္ဓဘာသာကား အနတ္တဝါဒ, သက္ကာယဒိဋ္ဌိကား အတ္တဝါဒ ဖြစ်သည်ကို သတိပြုကြလော့)။

နီဝရဏ

နီဝရဏ တို့သည် (၁) ကာမစ္ဆန္ဒ နီဝရဏ (၂) ဗျာပါဒ နီဝရဏ (၃) ထိန (၄)မိဒ္ဓနီဝရဏ (၅)ဥဒ္ဓစ္စ (၆)ကုက္ကုစ္စနီဝရဏ-ဟု ခြောက်ပါးတည်း။

နီဝရဏ။ ။နီဝါရေန္တီတိ နီဝရဏာနိ=သတ္တဝါတို့၏ စိတ်အစဉ်၌ မဖြစ်သော ကုသိုလ်တရားများဖြစ်ဘို့ရန်ငင်း ဖြစ်ပြီး ကုသိုလ်များ ဆက်လက်အထုံရဘို့ရန်ငင်းမပေးဘဲ တားမြစ်တတ်သော ကြောင့် နီဝရဏမည်၏။

ကာမစ္ဆန္ဒနီဝရဏ။ ။အလွန် အခင်း တပ်မက် မောခြင်းကို ကာမစ္ဆန္ဒ-ဟု ခေါ်၏၊ ထိုကာမစ္ဆန္ဒ သည်ပင် ကုသိုလ် ဖြစ်ပေါ်ခွင့်ကို တားမြစ်တတ်သည်ဖြစ်၍ ကာမစ္ဆန္ဒ နီဝရဏ မည်၏၊ ရူပရာဂ,အရူပရာဂမှတပါး ကြွင်းသော လောဘသည် ကာမစ္ဆန္ဒ၌ ပါဝင်လေသည်၊ ဗျာန်၏ ဆန့်ကျင်ဘက် အဖြစ်မှုကား ကာမဂုဏ် ငါးပါး၌ တပ်နှစ်သက်သော ရာဂအားသာလျှင် ဖြစ်လေသည်။

ဗျာပါဒနီဝရဏ။ ဗျာပဇ္ဇနံ ဗျာပါဒေါ=စိတ်ပုတ်စပ်ခြင်းသည် ဗျာပါဒ မည်၏။ ။ထိုဗျာပါဒသည်ပင်လျှင် ကုသိုလ်ဖြစ်ခွင့်ကို တားမြစ်ပိတ်ပင် တတ်၍ ဗျာပါဒနီဝရဏ မည်လေသည်။

ထိနမိဒ္ဓနီဝရဏ,ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ထိုစေတသိက် ၂-ပါးတွဲကို နီဝရဏ ပြု၍ ဆိုရသည်မှာ ကိစ္စ အားဖြင့်ငင်း, ပစ္စည်း အားဖြင့်ငင်း, ဆန့်ကျင်ဘက်အားဖြင့်ငင်း တူညီသောကြောင့် ဆိုရလေသည်။ ထင်ရှား စေအံ့......ထိန မိဒ္ဓ စေတသိက် နှစ်ခုသည် ကိစ္စအားဖြင့် စိတ္တုပ္ပါဒ်ကို တွန့်တိုဆုတ်နစ်သော အဖြစ်သို့ ရောက်စေခြင်းကိစ္စရှိ၏။ ဥဒ္ဓစ္စကုက္ကုစ္စ စေတသိက် နှစ်ခု အပေါင်းသည် စိတ္တုပ္ပါဒ်ကို မငြိမ်သက်သော အဖြစ်သို့ ရောက်စေခြင်းကိစ္စရှိ၏။ အကြောင်းအားဖြင့် ထိနမိဒ္ဓ စေတသိက်နှစ်ခုသည် ပျင်းရိသည်ကိုယ်လက်တဆန့်ဆန့် တတွန့်တွန့်တလိမ် လိမ်ရှိသည်၏အဖြစ်လျှင် နီးသောအကြောင်းရှိ၏၊ ဥဒ္ဓစ္စကုက္ကုစ္စ စေတ သိက်နှစ်ခုအပေါင်းသည် ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်ကို ကြံခြင်း လျှင် နီးစွာသော အကြောင်း ရှိ၏။ ဆန့်ကျင်ဘက် အားဖြင့် ထိနမိဒ္ဓ စေတသိက် နှစ်ခု အပေါင်းသည် ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဥဒ္ဓစ္စ, ကုက္ကုစ္စသည် သမထခေါ် သမာဓိ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ဤသို့ စေတသိက် အစုံ ၂-ခုတို့ကို ကိစ္စအားဖြင့်ငင်း,အကြောင်းအားဖြင့်ငင်း,

ဆန့်ကျင်ဖက်အားဖြင့်ဧင်း ဝှုညီကြလေသောကြောင့် နီဝရဏတခု ပြု၍ဆိုအပ်လေသည်။

ထို့ကြောင့် ရှေးဆရာကြီးတို့က အောက်ပါ ဆောင်ပုဒ်ဂါထာကို မိန့်တော်မူကြကုန်၏။

ကိစ္စာဟာရ ဝိပက္ခာနံ၊ ဧကတ္တာ ဧကမေဝ္ဟတိ။
ကတ မုဒ္ဓစ္စ ကုက္ကုစ္စံ၊ ထိန မိဒ္ဓဉ္စ တာဒိနာ။
လီနတာ သန္တတာကိစ္စံ၊ တန္တိ ညတိဝိတက္ကနံ။
ပေဟတု ဝိရိယ သမထာ၊ ဣမေတေသံ ဝိရောဓိနော။

ဆောင်ပုဒ်။ ။ကိစ္စ, ကြောင်းချက်–တူကြဆန့်ကျင်ဖက်။
ဉဒ္ဓစ္စ,ကုက္ကုစ္စ, ထိနမိဒ္ဓ, နှစ်ခုနှစ်ဝတွဲလျက်။
မြတ်ဘုရား၊ တပါးနီဝရဏာ၊ ဟောပြမိန့်ဖေါ်မြွက်။

ဝိစိကိစ္ဆာနီဝရဏ။ ။ဝိစိကိစ္ဆာ ဧဝ နီဝရဏံ=ဝိစိကိစ္ဆာ နီဝရဏံ ဝိစိကိစ္ဆာသည်ပင်လျှင် ကုသိုလ်ဖြစ်ခွင့်ကို တားမြစ်တတ်သောကြောင့် ဝိစိကိစ္ဆာနီဝရဏ မည်၏။ ။**အဝိဇ္ဇာ နီဝရဏ**။အဝိဇ္ဇာ ဧဝ နီဝရဏံ= အဝိဇ္ဇာနီဝရဏံ၊ အဝိဇ္ဇာသည်သာ ကုသိုလ်ဖြစ်ခွင့်ကိုတားမြစ်ပိတ်ပင် ကာတ်သောကြောင့် အဝိဇ္ဇာနီဝရဏမည်၏။

အနုသယ

အနုသယတို့သည် (၁) ကာမရာဂါနုသယ (၂) ဘဝရာဂါနုသယ (၃) ပဋိဃာနုသယ (၄) မာနာနုသယ (၅) ဒိဋ္ဌာနုသယ (၆) ဝိစိကိစ္ဆာ နုသယ (၇) အဝိဇ္ဇာနုသယ ဟု ခုနစ်ပါး ရှိကုန်၏။

အနုသယ။ ။အနုသေန္တီတိ အနုသယာ = လျော် လျောက် ပတ်သော အကြောင်းကို ရ၍ ဖြစ်တတ်သောကြောင့် အနုသယ မည်၏။ အနုသယ တို့သည် မဂ်ကို မရသေး သမျှ ကာလ ပတ်လုံး အကြား ကာလမှာ မကုန်ကြဘဲ မိမိတို့နှင့် သင့်လျော်သော အကြောင်းကို ရပါက ထပ်ဟလဲလဲ ဖြစ်ကြ ကုန်၏။

(တနည်း) သရုပ် အားဖြင့် ထကြွခြင်းသို့ မရောက်ဘဲ သန္တာန်၌ ဖြစ်လျက် ရှိသော ကုသိုလ်,အကုသိုလ် အဗျာကတ စိတ္တုပ္ပါဒ် တို့နှင့် ဆန့်ကျင်မှု မရှိမူ၍ ကိန်းတတ်သောကြောင့် အနုသယ မည်ကုန်၏။ ဤအလို–အနုရူပါ သေန္တီတိ အနုသယာ–ဟု ဝိဂြိုဟ်ပြု။ (တနည်း) အနု

အနုသယ်တိ အနုသယာ=ပြကတေ့ အားဖြင့် ကိန်းနေမြဲ ဖြစ်သော ကာမရာဂ စသည် တို့ဌ ထပ်တလဲလဲ ဖြစ်၍ နှစ်ဆတက် သုံးဆတက် စသည်၏အစွမ်းဖြင့် ထပ်တလဲလဲကိန်းလျက် အဆင့်ဆင့် ရစ်ပတ်တက် သောကြောင့် အနုသယ မည်ကုန်၏။ အနုသယဟူသော အမည်သည် ရာဂ စသည်တို့၏ အခိုက်အတန့် သုံးမျိုးတွင် ပဌမ အခိုက်အတန့်၌ ဖြစ်သော ရာဂစသည်တို့၏ အမည်ပေတည်း။ အနုသယအခိုက်အတန့် သည် (၁) အနုသယအခိုက်အတန့်, (၂) ပရိယုဋ္ဌာန အခိုက်အတန့်, (၃)ဝီတိက္ကမအခိုက်အတန့်,ဟု သုံးမျိုးရှိရာ-ကိုယ်အင်္ဂါ, နှုတ်အင်္ဂါမှ ထမြောက်သည်တိုင်အောင် ဖြစ်စေသော ရာဂစသည်တို့၏ အခိုက် အတန့်သည် ဝီတိက္ကမ အခိုက်အတန့် မည်၏၊ စိတ်တွင်းမှာသာ ဖြစ်၍ မပေါ်လွင်သောရာဂစသည် တို့၏ အခိုက်အတန့်သည် ပရိယုဋ္ဌာန အခိုက်အတန့်မည်၏၊အကြင်ရာဂ စသည်တို့သည် ဇောနှင့် အတူတကွ ဖြစ်သည်၏အဖြစ်သို့လည်းမရောက်မူ၍ ဝါသနာဓာတ်ကဲ့သို့ စိတ်အစဉ် မှာကိန်းလျက်ပရိယုဋ္ဌာနသို့ရောက်ခြင်း၏အကြောင်းအနေဖြင့်တည်ကြ ကုန်၏၊ သုဘနိမိတ်စသော အာရုံထင်လာပါက ယင်းရာဂစသည်တို့၏ အစွမ်းဖြင့် အာဝဇ္ဇန်းသည် ရာဂစသည် ဖြစ်ပေါ်ဖို့ရန်အတွက် မသင့် လျော်သောနှလုံးသွင်းဖြင့် ဘဝင်ကို တန့်စေ၏၊ မပွားများအပ်သော စိတ်သည်လည်း ယင်းရာဂစသည်၏အစွမ်းဖြင့် မယဉ်ကျေးပါတော့ လေ၊ ထိုရာဂစသည်တို့၏ ဤကဲ့သို့ဖြစ်သော အခိုက်အတန့်သည် အနုသယအခိုက်အတန့်မည်၏။ ထိုအခိုက် အတန့်၌ တည်သောရာဂ စသည်တို့သည် အနုသယ မည်ကုန်၏။

ထိုအနုသယတို့သည် ဧကန်ပရမတ်မျိုးဖြစ်၍ ပရမတ္ထလည်းဖြစ်ကုန် ၏၊ ဧကန်အကုသိုလ်မျိုးဖြစ်၍ ကုသိုလ်အဗျာကတလည်း မဟုတ်ကုန်၊ အသီးအခြား သမ္ပယုတ်တရားအဖြစ်ဖြင့် ခွဲ၍ မပြနိုင်သောကြောင့် ကုသိုလ်အဗျာကတတို့၏ ဆန့်ကျင်ဖက်လည်း မဟုတ်ကြကုန်၊ကာလ သုံးပါးမှာ ဖြစ်သော တရားကိုမှီ၍ ဖြစ်နေသောကြောင့် ကာလဝိမုတ် လည်းမဟုတ်ကုန်၊ အကြင်အခါမှာထိုရာဂစသည်တို့သည် ထကြွ၍ပရိ ယုဋ္ဌာန်အခိုက်အတန့်သို့ရောက်ကုန်၏ ထိုအခါ အသီးအခြားသမ္ပယုတ် တရားအဖြစ်သို့လည်းရောက်ကုန်၏၊ထိုအနုသယတို့၏သာရမဏာစသော အဖြစ်သည်လည်းထင်ရှား၏၊ ထိုအဓိပ္ပါယ်ကို ရည်၍ ကထာဝတ္ထု၌—

တေသံ သာရမဏာ ဓမ္မာဘာဝေါ သန္နိရုဇ္ဈနဘာဝေါစ ပတိဋ္ဌာ ဝိတော ဟောတိ။

ထိုအနုသယတို့၏သာရမဏာဓမ္မအဖြစ်,သန္နိရုဇ္ဈနအဖြစ်ကို တည်စေအပ်လေသည်ဟု မိန့်အပ်၏။

ဥပမာ-အသီးသီးသော သစ်ပင်ကြီးကို အဆိတ်ဆူးရိုက်သွင်းလိုက်က အသီးသီးဘို့ရာ အကြောင်းဖြစ်သော အစေးသည် ခန်းခြောက်သွား၏၊ သီးချိန်အခါ သီးမည့်အသီးတို့လည်း မဖြစ်တော့ကုန်၊ ထို့အတူ အနုသယနှင့် တကွဖြစ်သော စိတ်အစဉ်၌ အကြင်ခဏမှာ မဂ်စိတ်ဖြစ်ပေါ်လာ၏၊ ထိုခဏမှာ မဂ်ဖြစ်သည်နှင့် တပြိုင်နက် အနုသယလည်းကုန်ခန်းခြင်းသို့ရောက်လေ၏၊ကုန်ခန်းပြီးသော အနုသယ၏ နောက်တဖန် ထကြွမှုမည်သည်လည်း မဖြစ်နိုင်တော့၊ လွန်ကျူးဘို့ရာကား ဆိုဖွယ်ပင် မလိုတော့ပေ။

ထို့ကြောင့် ထိုထိုကျမ်းဂန်တို့၌ မဂ်သည် အနာဂတ်ဟု သမုတ်အပ်သော ကိလေသာအပေါင်းကို စွန့်၏ဟု ဆိုအပ်လေသည်၊ ဤတွင် အနာဂတ်ဟု သမုတ်အပ်သော ကိလေသာကိုသာ ဆိုသည်၊ အနာဂတ်အစစ်ဟု မမှတ်လင့်။

အဋ္ဌကထာ၌-

မဂ္ဂေါ ယေ ကိလေသေ ပဇဟတိ၊ တေ အတီတာတိဝါ အနာဂတာတိဝါ ပစ္စုပ္ပန္နာတိဝါ-ဟု မိန့်ဆိုတော်မူအပ်၏။

ထို စကားရပ်ဖြင့်လည်း မဂ်သည် ကိလေသာကို အဦးမူသဖြင့် ကုသိုလ်ကံ,အကုသိုလ်ကံ ဥပါဒိန္နက ခန္ဓာငါးပါးကို ပယ်၏၊ထိုအပယ်ခံရသော တရားတို့ကို အတိတ်ဟူ၍၎င်း, အနာဂတ်ဟူ၍၎င်း, ပစ္စုပ္ပန်ဟူ၍၎င်း မဆိုအပ်ကြောင်းကို ပြလေသည်။

အကယ်၍ မဂ်ပယ်အပ်သော တေဘူမက တရားတို့ဟာ ကာလဝိမုတ် မည်ကုန်သည်၊အသင်္ခတ မည်ကုန်သည်၊အပစ္စယ မည်ကုန်သည် ဖြစ်ငြားအံ့။

ဤသို့လည်း မဆိုနိုင်ပါ၊ အကြောင်းသော်ကား-တေဘူမက တရားတို့သည် ကာလသုံးပါး၌ ဖြစ်သော တရားမျိုး, သင်္ခတတရားမျိုး, အကြောင်းနှင့် အတူတကွဖြစ်သော တရားမျိုး ဖြစ်လေသောကြောင့် ပေတည်း။ မှန်၏-ထိုတရားတို့သည် မဂ်မဖြစ်ပါက ဤမည်သောတရား

တို့သည် ဖြစ်ကုန်လတ့်၊ ဤမည်သော တရားတို့ကား ချုပ်ကုန်လတ့်ဟု ဤကဲ့သို့ သခ်တလက္ခဏာကို ထိပါး၍ ဉာဏ်ဖြင့် ယူအပ်လေသော ကြောင့် လက္ခဏာအားဖြင့် တောဘူမက စသော အဖြစ်သို့ ဝင်လေကုန်၏။

ထို့ကြောင့် အသီး အခြား သမ္ပယုတ်တရားအဖြစ်သို့ ရောက်သော အနုသယ,ဝါသနာ,ကာမသမင်္ဂိတာ,အာသယ, အဓိမုတ္တိ,စရိတအခိုက် အတန့်တို့မှာ တည်သော သဘောတရားတို့၏ ဓာတ်၏ အစွမ်းအားဖြင့် ပရမတ္ထတရားအဖြစ် ကုသိုလ်စသောအဖြစ်ကို ယုံကြည်ထိုက်သည်သာ ဖြစ်၏။

ဋီကာကျော်၌–

အနာဂတ် ကိလေသာသည် မုချ အနုသယ မည်၏၊ အတိတ်, ပစ္စုပ္ပန် ကိလေသာတို့ကား အနာဂတ် ကိလေသာနှင့်သဘော သွားတူ၍ ဥပစာအားဖြင့် အနုသယ မည်၏-ဟု ဆို၏။

ကာမရာဂေါ စ အနုသယော=ကာမရာဂါနုသယော=ကာမရာဂ သည်သာလျှင် အနုသယဖြစ်၍ ကာမရာဂါ နုသယ မည်၏၊ ဘဝရာဂါ နုသယ စသည်တို့၌လည်း နည်းယူ၍ သိပါလေ။

သံယောဇဉ်

သုတ္တန်ပါဠိတော်လာ သံယောဇဉ် ၁၀-ပါးကား ကာမရာဂ, ရူပ ရာဂ,အရူပရာဂ,ပဋိဃ,မာန,ဒိဋ္ဌိ,သီလဗ္ဗတပရာမာသ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ, အဝိဇ္ဇာသံယောဇဉ်တို့ပေတည်း။

အဘိဓမ္မာပါဠိတော်လာ-သံယောဇဉ် ၁၀-ပါးကား–ကာမရာဂ, ဘဝရာဂ, ပဋိဃ,မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ,အဝိဇ္ဇာ သံယောဇဉ်တို့ပေတည်း။

မှတ်ချက်။ ။သုတ္တန်လာ သံယောဇဉ်ထက် အဘိဓမ္မာလာ သံယောဇဉ်ကား ဣဿာ,မစ္ဆရိယ နှစ်ခုပိုသည်။

သံယောဇဉ်။ ။သံယောဇေန္တီတိ ဗန္ဓန္တီတိ သံယောဇနာနိ= သံ သရာဝဋ်ဆင်းရဲ၌ ဖွဲ့ချည် တုပ်နှောင်တတ်သော ကြောင့် သံယောဇဉ် မည်၏။

ထိုသံယောဇဉ် ၁၀-ပါးတွင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ,ကာမစ္ဆန္ဒ, ဗျာပါဒ-ဤငါးပါးကား ဩရမ္ဘာဂိယ (အောက်နယ်အဘို့မှာ ဖြစ်သော)သံယောဇဉ်မည်၏၊ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ,အဝိဇ္ဇာ-ဤငါးပါးကား ဥဒ္ဓမ္ဘာဂိယ(အထက်နယ် အဘို့မှာဖြစ်သော)သံယောဇဉ် မည်၏။

ကိလေသာ ၁၀-ပါး

ကိလေသာ ၁၀-ပါးကား လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပတို့ ပေတည်း။

ကိလေသာ။ ။စိတ္တံ ကိလိဿန္တိ ဝိဗာဓေန္တိ ဥပတာပေန္တီတိ ကိလေသာ-စိတ်ကို ညစ်နွမ်းအောင် ပူပန်လေအောင် ပြုတတ်သောကြောင့်ရင်း, ကိလိဿန္တိ မလိနဘာဝံ ဟီနဘာဝဉ္စ ဂစ္ဆန္တိ သတ္တာ ဧတေဟီတိ ကိလေသာ-သတ္တဝါတို့ကို ညစ်နွမ်းအောင် ယုတ်ညံ့အောင် ပြုတတ်သောကြောင့်ရင်း ကိလေသာ မည်၏။

ကိလေသာ ၁၅၀၀-ရေတွက်ပုံ

နာမ်တရား	၅၃
နိပ္ဖန္နရုပ်	၁၈
အာကာသ	၁
လက္ခဏာရုပ်	၄
ပေါင်း	၇၆

သန္တာန် ၂-ပါးနှင့်မြှောက် ၁၅၀၊ကိလေသာ ၁၀-ပါးနှင့်မြှောက် ၁၅၀၀-ဖြစ်၏။

ဆောင်ပုဒ်

နာမ်ငါးဆဲ့သုံး၊ ပေါင်းရုံးနိပ္ဖန္န၊ ဆဲ့ရှစ်ဂဏန်းရ။
သုံးဝလက္ခဏာ၊ အာကာတပါး၊ ခွန်ဆဲ့ငါးတွင်၊ နှစ်ပါးသန္တာန်၊ မြှောက်ပြန်တိုက၊ တရာ့ငါးဆယ်ရ။
ဆယ်ဝကိလေ၊ဆက်မြှောက်ချေ၊ရပေကိလေသာ၊တထောင့်ငါးရာပြ။

ထူးခြားချက်

ဤအကုသလသင်္ဂဟ၌ အာသဝစသည်တို့မှာ ကာမဘဝ-ဟူသော အာရုံတရားတို့၏ အမည်ဖြစ်၍ ထိုကာမဘဝဟူသောအာရုံတရားလျှင် မှီရာရှိသော တဏှာ

ကိုသာ တရားကိုယ်ကောက်ယူရလေသည်၊ သီလဗ္ဗတပရာမာသ,ဣဒံသစ္စာဘိနိဝေသ,အတ္တဝါ ဒုပါဒါန်တို့ကို ကား ထိုသီလဗ္ဗတ စသည်တို့ကို သဘောမှန် မဟုတ်သောအားဖြင့် သုံးသပ်ခြင်း စသည်၏အစွမ်းဖြင့် ဖြစ်သော ဒိဋ္ဌိစေတသိက်ကိုသာ ကောက်ယူရလေသည်။

	အမည်	ကိစ္စ	တရားကိုယ်
၁။	အာသဝ	၄	၃-ပါး(လော,ဒိဋ္ဌိ,မော)
၂။	ဩဃ	၄	၃-ပါး(။ ။ ။)
၃။	ယောဂ	၄	၃-ပါး(။ ။ ။)
၄။	ဂန္ထ	၄	၃-ပါး(လော,ဒေါ,ဒိဋ္ဌိ)
၅။	ဥပါဒါန်	၄	၂-ပါး(လော,ဒိ)
၆။	နီဝရဏ	၆	၈-ပါး(လော, ဒေါ,ထိ, မိ,ဥ,ကု, ဝိ,မော)
၇။	အနုသယ	၇	၆-ပါး(လော,ဒေါ,မာ,ဒိ,ဝိ,မော)
၈။	သံယောဇဉ်	၁၀	၉-ပါး(လော, ဒေါ, မာ, ဒိ,ဝိ, ဥ, ဣဿ,မစ်,မော)
၉။	ကိလေသာ	၁၀	၁၀-ပါး(လော,ဒေါ, မော,မာ,ဒိ, ဝိ,ထိ,ဥ ,အဟိ,အနော)

အာသဝစသည်ဖြင့်သာပြရပုံ

အာသဝ စသည်တို့မှတပါး အခြားအကုသိုလ်တရားများရှိပါလျက် ဤကိုးပါးသော အပြားဖြင့် ပြဆိုရသည်မှာ—အာသဝ စသည်မှ ကြွင်းသော အကုသိုလ်တရားတို့၏ ထိုထိုကိစ္စနှင့် ယှဉ်လျက် ဖြစ်တို့ရန် အကြောင်းရှိသော်လည်း ကာမရာဂ စသည်တို့ကိုသာ ထိုထိုသဘော တရားတို့၌ အာသဝစသော အနေဖြင့် ထင်ရှားလေသောကြောင့် ဤ အကုသလသင်္ဂဟကို အာသဝစသော ကိုးပါး အပြားအားဖြင့် ပြဆိုရ လေသည်။

အကုသလသင်္ဂဟ၌ ပြဆိုသော တရားကား အချုပ်အားဖြင့် အကု သိုလ် စေတသိက် ၁၄-ပါးတည်း။ ထိုစေတသိက် ၁၄-ခုတွင် လောဘကို အာသဝ,ဩဃ ,ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနု

သယ, သံယောဇဉ်, ကိလေသာ-ဟူသော ကိစ္စအမည် ကိုးပါးဖြင့် ရေတွက်အပ်၏။ ဒိဋ္ဌိကို နီဝရဏကြဉ်သော ကြွင်းကိစ္စအမည်ရှစ်ပါးဖြင့်၊ အဝိဇ္ဇာကို ဂန္ထ, ဥပါဒါန်ကြဉ်သော ကြွင်းကိစ္စအမည် ခုနစ်ပါးဖြင့်၊ ဒေါသကို အာသဝ, ဩဃ, ယောဂ, ဥပါဒါန်ကြဉ်သော ကြွင်းကိစ္စအမည်ငါးပါးဖြင့်၊ ဝိစိကိစ္ဆာကို နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ-ဟူသော ကိစ္စအမည် လေးပါးဖြင့်၊ မာနကို အနုသယ, သံယောဇဉ်, ကိလေသာ-ဟူသော ကိစ္စအမည် သုံးပါးဖြင့်၊ ဥဒ္ဓစ္စကို နီဝရဏ, သံယောဇဉ်, ကိလေသာ-ဟူသောကိစ္စအမည်သုံးပါးဖြင့်၊ ကုက္ကုစ္စကို ကုက္ကုစ္စနီဝရဏကိစ္စဖြင့်၊ မိဒ္ဓကို မိဒ္ဓနီဝရဏကိစ္စဖြင့်၊ အဟိရိကကို အဟိရိက ကိလေသာဖြင့်၊ အနောတ္တပ္ပကို အနောတ္တပ္ပ ကိလေသာဖြင့်၊ ဣဿာကို ဣဿာသံယောဇဉ်ဖြင့်၊ မစ္ဆရိယကို မစ္ဆရိယသံယောဇဉ် ကိစ္စဖြင့် ရေတွက်အပ်၏။

ဆောင်ပုဒ်။ ။လောဘ ကိုး၊ ရှစ်မျိုးဒိဋ္ဌိ၊ ခွန်သိအဝိဇ္ဇာ၊ ငါးဖြာဒေါသ၊ လေးဝိစိ၊ တြိမာနာ၊ ဥဒ္ဓစ္စာ၊ တူစွာထိန၊ တပါးရထုတ်၊ ကုက္ကုစ်မိဒ္ဓ၊ အဟိရိကမှတ်၊ နောတ္တပ်ဣဿာ၊ မစ္ဆရိယာ၊ သေချာစိတ်မှာစွဲ။

အကုသလသင်္ဂဟပြီး၏။

မိဿကသင်္ဂဟအဖွင့်

မိဿကသင်္ဂဟ၌ ဟိတ် ၆-ပါးကား လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟတို့တည်း။ ဈာနင် ၇-ပါးကား ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ သောမနဿ, ဒေါမနဿ, ဥပေက္ခာတို့တည်း။

မိဿကသင်္ဂဟဆိုရပုံ အဓိပ္ပါယ်ကို နောက်က ပြခဲ့ပြီ၊ ဟိတ်မည်ရခြင်းနှင့် ဟိတ်၏ပြားလာပုံကို ပကိဏ်းပိုင်း ဟေတု, သင်္ဂဟမှာ ပြန်၍ကြည့်။

ဈာန်။ ။သူတပါး၏အသက်ကိုသတ်ခြင်းစသော အကုသိုလ်မှုကို ပြုသူတို့အား သော်လည်း အာရုံမှာ စိတ်ဖြောင့်ဖြောင့် တန်းတန်း ဖြစ်မှုမည်သည်ကား ဈာန်နှင့်ကင်း၍ မပြီးနိုင်ပါ၊ သို့အတွက် သတ္တဈာနင်္ဂ ဒိုဟု မိန့်ဆိုရ၏။

ကောင်းသောအာရုံမှာ ဖြစ်စေ, မကောင်းသောအာရုံမှာ ဖြစ်စေ ဖြောင့်ဖြောင့်မတ်မတ် စိတ်သွင်ညီမှုဟုဆိုအပ်သော ဥပနိဇ္ဈာပနကိစ္စ၏ အစိတ်အပိုင်းများကို ဈာနင်ဟုခေါ်၏။

ထိုဈာနင်များတွင် ဒေါမနဿသည် အကုသိုလ်ဈာနင်-ကြွင်းသော ဈာနင် ခြောက်ပါးသည် ကုသိုလ်, အကုသိုလ်, အဗျာကတ ဈာနင် မည်၏။

မဂ္ဂင် ၁၂-ပါး

မဂ္ဂင် ၁၂-ပါးကား သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိတို့ပေတည်း။

မဂ္ဂင်။ ။မဂ္ဂေါတိတိ မဂ္ဂေါ=သုဂတိဘုံ, ဒုဂ္ဂတိဘုံ, နိဗ္ဗာန်သို့ ရှေ့ရှုရောက်စေတတ်သောကြောင့် မဂ်မည်၏၊ မဂ္ဂေါ စသောအင်္ဂါနိစာတိ မဂ္ဂင်္ဂါနိ=မဂ်လည်းဖြစ်, အစိတ်အပိုင်းအင်္ဂါလည်း ဖြစ်သောတရားသည် **မဂ္ဂင်မည်၏။မဂ္ဂင်ကိုပြရခြင်းမှာ** ကောင်းမှုကံ, မကောင်းမှုကံဟုဆိုအပ်သော (သို့မဟုတ်) သုဂတိ, ဒုဂ္ဂတိ, နိဗ္ဗာန်ဟု ဆိုအပ်သော ဒိသာအမျိုးမျိုးရှိသည်တွင် ထိုထိုဒိသာသို့ ရှေ့ရှုသော စိတ်၏ဖြစ်မှုမည်သည် အမြင်မှန်, အမြင်မှားစသည်တို့ကြောင့်သာ ဖြစ်၏ဟု ပြလို၍ ဒွါဒသမဂ္ဂင်္ဂါနိဟု မိန့်ဆို၏။

စိတ် ဖြောင့်မှန်စွာ ဖြစ်မှု, ကွေ့ကွေ့ ကောက်ကောက် ဖြစ်မှု၏ အကြောင်းအင်္ဂါကို မဂ္ဂင်ဟုဆို၏၊ ထိုမဂ္ဂင်များတွင် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ,မိစ္ဆာသမာဓိတို့သည် မကောင်းမှုကံ,ဒုဂ္ဂတိဘုံဟူသော အကျိုးမရှိသော ဒိသာတို့၌ စိတ်မဖြောင့်မမှန် ဖြစ်ခြင်း၏ အကြောင်းအင်္ဂါတို့ဖြစ်ကုန်၏၊ ကြွင်းသောမဂ္ဂင် ၈စ်ပါးတို့သည်ကား ကောင်းမှုကံ, သုဂတိဘုံ, နိဗ္ဗာန်ဟူသောအကျိုးရှိရာ ဒိသာတို့၌ စိတ်ဖြောင့်မှန်စွာဖြစ်ခြင်း၏ အကြောင်းအင်္ဂါတို့ဖြစ်ကုန်၏။

ထိုဈာနင်, မဂ္ဂင်များတွင်-ပါဌာတိပါက ကံ၌ ဝိတက်, ဝိစာရ, ဒေါမနဿ, ဧကဂ္ဂတာဟူသော စတုရင်္ဂိကဈာန်၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိဟူသော တိယင်္ဂိက မဂ်ကိုသိအပ်၏၊ ကြွင်းသော သုစရိုက်ကံတို့၌ ဈာန်, မဂ္ဂင်ကိုရသင့်သလို ထုတ်ယူတတ် ကြစေ။ မိစ္ဆာသင်္ကပ္ပစသော ၄-ပါးသောမဂ္ဂင်တို့သည်ကား စေတ

သိက် သီးခြားမဟုတ်၊ မိဿသက်ပ္ပအနေစသည့်ဖြင့် ဖြစ်သော အကု သိုလ် ခန္ဓာတို့၏ အမည်ပေတည်း၊ ထို့ကြောင့် စေတသိက်တရားကိုယ် အသီးအခြားမကောက်ယူအပ်ပါကုန်။

ဣန္ဒြေ ၂၂-ပါး

ဣန္ဒြေ ၂၂-ပါးကား-စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ,ဇိဝှိန္ဒြေ,ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ,မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ,အညာတာဝိန္ဒြေ,တို့တည်း။

ဣန္ဒြိယ။ ။အာဓိပစ္စဋ္ဌေန ဣန္ဒြိယာနိ= အစိုးရတတ်သော အနက် သဘောကြောင့် ဣန္ဒြေမည်၏။ အစိုးရဆိုသည်မှာ မိမိတို့ဆိုင်ရာ ဆိုင်ရာ တရားတို့ကို မိမိအလိုအတိုင်းဖြစ်စေမှု၌ အခါ ခပ်သိမ်းလိုက်စေခြင်းငှါ စွမ်းဆောင်နိုင်မှုပေတည်း။

စက္ခုန္ဒြေကား–မြင်ခြင်းကိစ္စ၌ စက္ခုဝိညာဏ်ကို,သောတိန္ဒြေကား ကြားခြင်းကိစ္စ၌ သောတဝိညာဏ်ကို, ဃာနိန္ဒြေကား-နမ်းခြင်း ကိစ္စ၌ ဃာနဝိညာဏ်ကို,ဇိဝှိန္ဒြေကား–စားခြင်း လျက်ခြင်းကိစ္စ၌ဇိဝှါဝိညာဏ် ကို, ကာယိန္ဒြေကား–တွေ့ထိခြင်းကိစ္စ၌ ကာယဝိညာဏ်ကို အစိုးရ၏။ ဘယ့်ကြောင့်ဆိုသော်- စက္ခုန္ဒြေစသည်အားရှိလျှင် စက္ခုဝိညာဏ် စသည်အားရှိမှု-စက္ခုန္ဒြေစသည် အားနည်းလျှင်စက္ခုဝိညာဏ်စသည် အားနည်းမှုကိုပြုလျက် စက္ခုပသာဒစသော မိမိအခြင်းအရာအတိုင်း လိုက်စေသောကြောင့် ပေတည်း။

ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်သည် ဣတ္ထာကာရစသည်၏အစွမ်းဖြင့် ဖြစ်သောအခါမှာ စတုသမုဋ္ဌာနိကရုပ်, သို့မဟုတ် အလုံးစုံသော ခန္ဓာ ပဉ္စကကို အစိုးရ၏၊ ဘယ့်ကြောင့်ဆိုသော် ဣတ္ထိဘာဝရုပ်က မိန်းမဟု သမုတ်အပ်သော ခန္ဓာပဉ္စကကို မိန်းမ အမှုအရာမှတပါး အခြားတမျိုး တနည်းသို့ ပြောင်းလွဲကာ မဖြစ်စေတတ်သောကြောင့်ရင်း, ပုရိသ ဘာဝရုပ်က ယောကျ်ားဟု သမုတ်အပ်သောခန္ဓာပဉ္စကကိုယောကျ်ား အမှုအရာမှ တပါး အခြားတမျိုးတနည်းသို့ ပြောင်းလွဲကာ မဖြစ်စေ တတ်သောကြောင့်ရင်းတည်း။

ချုပ်ဦးအံ့–အကြင်သန္တာန်မှာ ပဋိသန္ဓေအခါ၌ ဇာတ္တိဘာဝရုပ် ဖြစ်လာ၏၊ ထိုသန္တာန်မှာ ကံစသောအကြောင်းတရားတို့သည် စတုသမုဋ္ဌာနိကရုပ်ကိုဖြစ်စေပါကမိန်းမအနေအထား အခြင်းအရာနှင့်တကွ ဖြစ်သော စတုသမုဋ္ဌာနိကရုပ်ကိုသာ ဖြစ်စေကြကုန်၏၊ ပုရိသ အနေအထားနှင့်တကွ ဖြစ်သောရုပ်ကို မဖြစ်စေကြကုန်၊ ပုရိသသန္တာန်၌လည်း ကံစသော အကြောင်းတရားတို့သည် ပုရိသအနေအထားနှင့်တကွဖြစ်သော စတုသမုဋ္ဌာနိကရုပ်ကိုသာ ဖြစ်စေကြကုန်၏။အလိုဆန္ဒ စိတ်နေသဘောထားတို့သည်လည်း မိန်းမသန္တာန်မှာဖြစ်မူ ပျော့ညံ့နုံ့နွဲ့သော အခြင်းအရာနှင့်တကွဖြစ်ကုန်၏၊ ယောကျ်ား သန္တာန်မှာမူကား အလိုဆန္ဒ, စိတ်နေသဘောထား တို့သည် ထက်မြက်သော အခြင်းအရာနှင့်တကွဖြစ်ကုန်၏။

ဇီဝိတ ၂–ပါး ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေဟုနှစ်မျိုး ရှိ၏။ထိုနှစ်မျိုးတွင် ရုပ်ဇီဝိတိန္ဒြေသည် ရုပ်အစဉ်,နာမ် ဇီဝိတိန္ဒြေသည် နာမ်အစဉ်တို့၏ ညှိုး,နွေး,လ,နှစ် အစဉ်ဖြင့် အစွန့်ရှည်ကြာ မျှံနှံ့ခြင်း၌ သဟဇာတ်တရားတို့ကို အစိုးရ၏၊ဘယ့်ကြောင့်ဆိုသော်–ထိုရုပ်သဟဇာတ်တရားတို့ကို ဇီဝိတနှစ်မျိုးနှင့် စပ်၍ဖြစ်ရသောကြောင့်ပေတည်း။

မနိန္ဒြေသည် သိခြင်းကိစ္စ၌ရင်း ဝေဒနိန္ဒြေ ငါးပါးသည် မိမိတို့သက်ဆိုင်ရာအနေဖြင့်အာရုံ၏ အရသာကို ခံစားခြင်း၌ရင်း,သဒ္ဓါသည် အာရုံမှာ ညွှတ်ခြင်း၌ရင်း,ဝီရိယသည် အမှုကိစ္စမှာရဲရဲဝံ့ဝံ့ မတွန့်မဆုတ်ဖြစ်ခြင်း၌ရင်း,သတိသည် အာရုံသို့ ရှေ့ရှုထင်ခြင်း၌ရင်း, သမာဓိသည် အာရုံမှာမတုန် မလှုပ်တည်ခြင်း၌ရင်း, ပညာသည် အမှန်အကန်သိခြင်းကိစ္စ၌ရင်း, သမ္ပယုတ်တရားတို့ကို အစိုးရ၏။ ဘယ့်ကြောင့်ဆိုသော် လွှမ်းမိုးနိုင်သော တရားတပါးမရှိသည်၏ အဖြစ်ဖြင့် ဖြစ်လေသောကြောင့်တည်း။

ဥပမာ–ကျောက်မှာ မြေဓာတ်, ရေမှာ အာပေါဓာတ်, မီးမှာ တေဇောဓာတ်, လေမှာ ဝါယောဓာတ်ကို မည်သည့်သဟဇာတ်တရားမှ မလွှမ်းမိုးနိုင်၊ မိမိသည်သာလျှင် သဟဇာတ်တရားတို့ကို လွှမ်းမိုးလျက် ဖြစ်သကဲ့သို့ပင်တည်း။

အနညာတညဿာမီတိန္ဒြေ။ ။သိပြီး မဟုတ် သေးသော သစ္စာလေးပါးတရား(သို့မဟုတ်)အမြိုက်နိဗ္ဗာန်သည် အနညာတ မည်၏၊ အနညာတ ဖြစ်သောသစ္စာ(သို့မဟုတ်)

နိဗ္ဗာန်ကို သိလတ္တံ့ဖြစ်သောကြောင့် အနညာတညဿာမိမည်၏၊ မသိ အပ်သော သစ္စာ(သို့မဟုတ်)နိဗ္ဗာန်ကို သိရအောင် ကျင့်သောပုဂ္ဂိုလ်၏ ဣန္ဒြေသည် အနညာတညဿာမိတိန္ဒြေ မည်၏။ ဆိုလိုရင်းမှာ-အစ ဦးစွာ သန္တာနှင့်ဂိုလ်တရားကိုနှလုံးသွင်းချိန်မှစ၍ လုံ့လဝီရိယရှိစွာ ဝိပဿနာ ကို အားထုတ်သည်ရှိသော် အားထုတ်မှုမရပ်စဲမီ သောတာပတ္တိမဂ်ကို ရသော ပုဂ္ဂိုလ်၏ ဣန္ဒြေပင်တည်းဟုဆိုလို၏။

အညိန္ဒြေ။ ။သိတတ်သောဉာဏ်သည် အညမည်၏၊ ထိုအည သည်ပင် ဣန္ဒြေမည်သောကြောင့် အညိန္ဒြေမည်၏၊ ဆိုလိုရင်းမှာ-သောတာပတ္တိမဂ်ဖြင့် မသိရသေးသောတရားကို သိပြီး ဖြစ်သော်လည်းကိလေသာကိုပယ်မှုကိစ္စမပြီးသေးသောကြောင့်ထိုသိမှု ကိစ္စ၏ မပြီးသေးရကား မြင်တိုင်းမြင်တိုင်းသော သစ္စာတရား (သို့မ ဟုတ်) အမြိုက်နိဗ္ဗာန်၌သာ ထပ်တလဲလဲ သိမှုကိစ္စနှင့်ယှဉ်သောပုဂ္ဂိုလ် တို့၏ ဣန္ဒြေပင်တည်းဟု ဆိုလို၏။

အညာတာဝိန္ဒြေ။ ။သစ္စာလေးပါးကို သိမှုကိစ္စ ဆုံးခန်းတိုင် ရောက်ပြီးသောရဟန္တာပုဂ္ဂိုလ်၏ဣန္ဒြေသည် အညာတာဝိန္ဒြေမည်၏။ ထိုဣန္ဒြေသုံးပါးသည် ထိုကဲ့သို့သော သိခြင်း ကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရပေ၏။

ဣန္ဒြေ ၂၂-ပါး အစဉ်

ပသာဒိန္ဒြေငါးပါး။ ။သတ္တဝါတို့၏ ထင်ရှားသော ရူပကာယ၌ အတ္တဟု စွဲမြဲစွာယူမှု, ထိုအတ္တစွဲမှ လွတ် မြောက်မှုသည် ဤပသာဒိန္ဒြေငါးပါးကို သိခြင်းကြောင့်ဖြစ်၏၊ (မသိ ခြင်းကြောင့် အတ္တစွဲ၏၊ သိခြင်းကြောင့် အတ္တစွဲမှလွတ်၏) ဤသို့ပြခြင်း ငှါ ပသာဒိန္ဒြေငါးပါးကို ရှေးဦးစွာ ဆိုအပ်၏။

ဘာဝိန္ဒြေ ၂-ပါး။ ။ ထိုအတ္တ၏ မိန်းမအဖြစ်, ယောကျ်ားအဖြစ် ကွဲပြားမှုသည် ထိုဘာဝိန္ဒြေနှစ်ပါးကြောင့်ဖြစ်၏။ အတ္တ၌ ဣတ္ထိဟု ယူခြင်း,ပုရိသဟုယူခြင်းသည်ရင်း,ထိုအတ္တ၌ ဣတ္ထိ,ပုရိသဟု ယူခြင်းမှ ကင်းလွတ်ခြင်းသည်ရင်း,ထိုဣန္ဒြေနှစ်ပါးကို သိခြင်း မသိခြင်းကြောင့် ဖြစ်၏ဟု ပြခြင်းငှါ ပသာဒိန္ဒြေငါးပါး၏ အခြားမဲ့၌ ဘာဝိန္ဒြေနှစ်ပါးကို ဆိုအပ်၏။

ဇီဝိတိန္ဒြေ......ထိုအတ္တသည်ဤဇီဝိတိန္ဒြေ၏ အစွမ်းဖြင့် အသက်ရှိ၏ ဟူသော မှတ်သားမှုကိုရ၏၊ (တနည်း)ထိုအတ္တ၌ ဇီဝ ဟု ယူခြင်း သည်ရှင်း, ထိုဇီဝဟူသောအယူမှ လွတ်ခြင်းသည်ရှင်း ဤဇီဝိတိန္ဒြေကို မသိမှု သိမှုကြောင့်ဖြစ်၏ဟုပြခြင်းငှါ ဘာဝိန္ဒြေ၏အခြားမဲ့၌ ဇီဝိတိန္ဒြေ ပြဆိုအပ်၏။ ဤဇီဝိတိန္ဒြေကို ဘာဝိန္ဒြေ၏ ရှေ့မှာ ဆိုသင့်သော်လည်း ရုပ်နာမ်နှစ်ပါး ရောနေသောကြောင့် ဘာဝိန္ဒြေ၏ နောက်မှာဆိုသည်ဟု မှတ်ပါလေ။

မနိန္ဒြေ......နာမ်ကာယ၌ အတ္တဟု စွဲမြဲစွာ ယူမှု ထိုမှလွတ်မှုကား ဤမနိန္ဒြေကို မသိခြင်း သိခြင်းကြောင့်ဖြစ်၏ဟု ပြခြင်းငှါ နာမ်ဣန္ဒြေ များတွင် မနိန္ဒြေကို ရှေဦးစွာပြဆိုအပ်၏။

ဝေဒနိန္ဒြေငါးပါး......နာမ်ရှိသော အတ္တသည် ဤဝေဒနာငါးပါး၏ အစွမ်းဖြင့် ညစ်နွမ်းရ၏၊ တုန်လှုပ်ရ၏၊ တနည်း–ထိုအတ္တ၌ ချမ်းသာ ဆင်းရဲဟုယူမှု, ထိုအယူမှ လွတ်မှုသည် ဤဝေဒနိန္ဒြေ တို့အား မသိမှု သိမှုကြောင့် ဖြစ်၏ဟု ပြခြင်းငှါမနိန္ဒြေ၏အခြားမဲ့၌ ဝေဒနိန္ဒြေငါးပါးကို ဆိုအပ်၏။

သဒ္ဓါစသောဣန္ဒြေငါးပါး......ညစ်နွမ်းသော ထိုအတ္တ၏ စင်ကြယ် ခြင်းသို့ ရောက်ခြင်း၏ရှင်း, ထိုထိုအတ္တအယူမှလွတ်မြောက်ခြင်း၏ရှင်း အကျင့်ပဋိပတ်ကို ပြခြင်းငှါ ထိုဝေဒနိန္ဒြေ၏ အခြားမဲ့၌ သဒ္ဓါစသော ဣန္ဒြေငါးပါးကို ဆိုအပ်၏။

လောကုတ္တရာဣန္ဒြေသုံးပါး......ထိုအကျင့်ပဋိပတ်ဖြင့် ဖြူစင်ခြင်းသို့ ရောက်ခြင်း၏ အစ,အလယ်,အဆုံးကို ပြခြင်းငှါ အဆုံး၌ လောကုတ္တ ရာ ဣန္ဒြေသုံးပါးကိုဆိုအပ်၏။

ဗိုလ် ၉-ပါး

ဗိုလ် ၉-ပါးဟူသည် သဒ္ဓါ,ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပ, အဟိရိက, အနောတ္တပ္ပဗိုလ်တို့တည်း။

ဗိုလ်။ ။ဗလိယန္တိ ဥပ္ပန္နုပ္ပန္နေ ပဋိပက္ခဓမ္မေသဟန္တိ မဒ္ဒန္တိတိ ဗလာနိ=ဖြစ်လာသမျှ ဆန့်ကျင်ဖက်တရားတို့ကို နှိပ်နင်း တတ်သောကြောင့် ဗိုလ်မည်၏။ တနည်း-ဆန့်ကျင်ဘက် တရားတို့

သည် မတုန်လှုပ်စေနိုင်သောကြောင့် ဗိုလ်မည်၏။ ထိုကြောင့် မသဒ္ဓါခြင်း ဆန့်ကျင်ဘက်တရားက မလှုပ်ရှားစေနိုင်၍ သဒ္ဓါသည် ဗိုလ်မည်၏။ပျင်းရိခြင်း ဆန့်ကျင်ဘက်တရားက မလှုပ်ရှားစေနိုင်၍ ဝီရိယသည် ဗိုလ်မည်၏။မေ့လျော့ခြင်းဆန့်ကျင်ဘက်တရားက မလှုပ်ရှားစေနိုင်၍ သတိသည် ဗိုလ်မည်၏။ ပျံ့လွင့်သော ဆန့်ကျင်ဘက်တရားက မလှုပ်ရှားစေနိုင်၍ သမာဓိသည် ဗိုလ်မည်၏။ အဝိဇ္ဇာဟူသော ဆန့်ကျင်ဘက်တရားက မလှုပ်ရှားစေနိုင်၍ ပညာသည် ဗိုလ်မည်၏။ ကြွင်းဗိုလ်များကို အချင်းချင်း ဆန့်ကျင်ဘက်ဖြင့် ယှဉ်စပ်ပါလေ။

ဝီရိယ, သမာဓိကား ကုသိုလ်,အကုသိုလ်,အဗျာကတ၊ အဟိရိက, အနောတ္တပ္ပကား အကုသိုလ်, ကြွင်း ဗိုလ်များကား ကုသိုလ်, အဗျာကတတို့တည်း။

အဓိပတိ ၄-ပါး

အဓိပတိ ၄-ပါးကား ဆန္ဒ, ဝီရိယ,စိတ်,ဝိမံသာ မိပတိတို့ပေတည်း။

အဓိပတိ။ ။အဓိပတိဟူရာ၌ ပတိသဒ္ဒါသည် အစိုးရခြင်းအနက်ကို ဟော၏၊ အစိုးရခြင်းသည် တစိတ်တဒေသကို အစိုးရခြင်း, အလုံးစုံကို အစိုးရခြင်းဟု နှစ်မျိုးရှိရာ—စာဘွဲ့စသော ဣန္ဒြေများကား တပါးသော ဣန္ဒြေတို့ ဗိုးအုပ်ရာမှာ မိမိကိုယ်တိုင် ထိုဣန္ဒြေတို့ အလိုအတိုင်းဖြစ်ရ၍ မိမိဗိုးအုပ်ရာမှာသာ တပါးသော ဣန္ဒြေတို့ကို မိမိအလိုသို့ လိုက်စေတတ်သောကြောင့် တစိတ်တဒေသ အစိုးရသော ပဒေသရာဇ်မင်းနှင့်တူ၏။ ဆန္ဒစသော အဓိပတိများကား ရှေးဦးကြိုတင်လျက် ပြုပြင်မှု၏ အစွမ်းအားဖြင့်ရင်း ရှေး၌ရောက်ကြောင်း၏ အစွမ်းဖြင့်ရင်းအထူးပြု၍ ဖြစ်သော အဓိပတိဌာနသို့ရောက်သော်ကား တွဲဖက်အစိုးရသူမရှိဘဲ တဦးထည်းသာ အစိုးရသည်ဖြစ်၍ အလုံးစုံကို အစိုးရသော စကြာဝတေးမင်းနှင့်တူလေသည်။ထိုကြောင့်—အဓိကော ပတိ=အဓိပတိ=လွန်ကဲသောအစိုးရမှုကို အဓိပတိဟုဆို၏၊ အချို့ဆရာတို့က မိမိနှင့်စပ်လျက်ဖြစ်သောတရားတို့ကို အစိုးရတတ်သောကြောင့် အဓိပတိ မည်၏ဟုဆိုကုန်၏။

ဤ၌ **ပုဗ္ဗာဘိသင်္ခါရခေါ်** ရှေးဦးပြုပြင်မှုဟူသည် ဆန္ဒစသောတရားများ ထက်သန်လာရ လာကြောင်းကို ဆင်ခြင်မှုပေတည်း။ ဆန္ဒရှိသူ

အား မပြီးသောအမှုမည်သည်မရှိ၊ဆန္ဒရှိက အလုံးစုံကိစ္စပြီးစီးရမည်သာ ဤသို့စသည်ဖြင့် ရှေးဦးကြိုတင် အားပေးမှုပေတည်း။

ပုဗ္ဗာဂမန......ခေါ် ရှေး၌ရောက်ကြောင်း ဆိုသည်ကား ရှေးပိုင်း ဖြစ်သော အတိတ်ဘဝက ဆန္ဒ အထုံရခဲ့မှု, ဝီရိယ အထုံရခဲ့မှု, စိတ်အထုံရခဲ့မှု, ပညာအထုံရခဲ့မှု ပေတည်း၊ ရှေးဘဝဆန္ဒပြင်းထန် ခဲ့လျှင် ခုဘဝမှာ ဆန္ဒပြင်းထန် အားကောင်းသည်၊ ရှေးဘဝက လုံ့လဝီရိယ ပြင်းထန်လျှင် ခုဘဝလုံ့လဝီရိယပြင်းထန်သည်၊ ရှေးဘဝ က စိတ်အားထက်သန်လျှင် ခုဘဝစိတ်အားထက်သန်သည်၊ ရှေးဘဝက ပညာရည်ချွန်ခဲ့လို့ ခုဘဝပညာရည်ချွန်သည်။

ဆန္ဒောဒေဝ အဓိပတိ= ဆန္ဒာဓိပတိ= ဆန္ဒသည်သာလျှင် အဓိပတိ ဖြစ်၍ ဆန္ဒာဓိပတိမည်၏၊''ဆန္ဒဝတော ကိံ နာမ နသိဇ္ဈတိ''ဟူသော ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းဖြင့်သော်၎င်း ရှေးဖြစ်သော အတိတ်ဘဝတို့၌ ကောင်းစွာအထုံရခဲ့သော ဆန္ဒာဂမန၏ အစွမ်းဖြင့်သော်၎င်း ထိုထို ကောင်းမှုကံ မကောင်းမှုကံတို့၌ သမ္ပယုတ်တရားတို့ကို ရေအယဉ် ကြီးသည် မြက်မှိုက်သစ်ရွက်မှိုက်တို့ကို မိမိနှင့်စပ်သည်ကို ပြုသကဲ့သို့ အမြဲချိကြွအပ်သော အဦးရှိသည်ကို ပြုလျက် ဖြစ်သော ကတ္တုကမျတာ ဆန္ဒပေတည်း၊ ကြွင်းအဓိပတိတရားတို့၌ ထိုနည်းတူစွာ သိပါလေ။

မှတ်ချက်။ ။ဆန္ဒာဓိပတိဖြစ်ဖို့ရန် အကြောင်းနှစ်မျိုးရှိရာ တချို့မှာ ပုဗ္ဗာဘိ သင်္ခါရဖြင့် ဆန္ဒာဓိပတိဖြစ်သည်၊ တချို့မှာ ပုဗ္ဗာဂမနဖြင့် ဆန္ဒာဓိပတိဖြစ်သည်၊ တချို့မှာ အကြောင်းနှစ်ပါးစုံ၍ ဖြစ်သည်၊ ဝီရိယ,စိတ္တ,ပညာတို့၌လည်း နည်းတူ ပင်တည်း။

ဆန္ဒာဓိပတိ အရဖြစ်သော ဆန္ဒစေတသိက်ကား ဈာန်အင်္ဂါအရတွင် မပါဝင်၍ ရှိပါစေ၊ဝီရိယ, စိတ္တ,ဝီမံသာဓိပတိတို့သည် အဓိပတိဘွဲ့ကို ခံယူကြသော် ဣန္ဒြိယဘွဲ့ကို မစွန့်ဘဲသာ ခံယူကြလေသောကြောင့် အဓိပတိဖြစ်ကြပါလျက် ဣန္ဒြိယကိစ္စ၏အစွမ်းအားဖြင့် တပါးသော ဈာန်တရားတို့၏ အလို၌လည်း ဖြစ်ရကုန်၏၊ ထိုသို့ဖြစ်ရသောအခါ ထိုဝီရိယ, စိတ္တ, ဝီမံသတို့၏ အဓိပတိအဖြစ်သည် မရှိသည် မဟုတ် ပါလောဟု မေးငြားအံ့-

ဣန္ဒြိယကိစ္စ၏ အစွမ်းဖြင့် တပါးသော ဈာန်ေ၏ အလို အတိုင်းဖြစ်ရ သည်ကား မှန်ပါပေသည်၊ သို့ပေမဲ့ အဓိပတိကိစ္စကား တမျိုး, ဈာန် ကိစ္စကားတမျိုး ဖြစ်ကြပါသည်၊ သို့ဖြစ်၍ အဓိပတိဘွဲ့ကို ခံယူပြီးနောက် ဈာန်ဘွဲ့ကို ခံယူခြင်း၌ တစုံတရာ အပြစ်မရှိပါ။

ဥပမာ......စကြဝတေးမင်းသည် မိမိ၏ ပုရောဟိတ်တယောက်ထံ၌ ဒိဗ္ဗဝိဇ္ဇာတခုကို သင်ယူ၏၊ ဤသို့ ဒိဗ္ဗဝိဇ္ဇာကို ပုရောဟိတ်ထံ၌ သင်ယူ ကာမျှဖြင့် စကြဝတေးအဖြစ်မှ ရွေ့လျောသွားသည်မဟုတ်၊ အတတ် ပညာဟူသော အကြောင်းကြောင့် တပါးသူ၏အလိုအတိုင်းဖြစ်ရသည် မဟုတ်၊ စကြဝတေးမင်းကိစ္စကားတမျိုး၊ အတတ်သင်ယူခြင်းကိစ္စကား တမျိုးသာတည်း။ ကိစ္စနှစ်မျိုးရောယှက် ပေါင်းစပ်နေသည် မဟုတ်၊ ဤဥပမာအတူ အဓိပတိကိစ္စနှင့် ဣန္ဒြိယကိစ္စကို မှတ်ယူအပ်၏။

အဓိပတိကိစ္စမည်သည် ထိုထိုကိစ္စအထူးကိုမငဲ့ဘဲ တပါးနှင့်မဆက် ဆံသော အားစွမ်းဖြင့် လွှမ်းမိုး၍ သဟဇာတ်တရားတို့ကို မိမိမိမိကိစ္စ တို့၌ မဆုတ်မနစ်သည်ကို ပြုလျက် ဦးစီးဦးကိုင် ပြုမှုပေတည်း။ ဣန္ဒြိယ ကိစ္စမည်သည် အာရုံ၌ သိခြင်းစသော ကိစ္စကို အကြောင်းပြု၍ ဆိုအပ် လေသည်။

ဋီကာကျော်၌-အဓိပတိတရားတခုက ကြွင်း အဓိပတိတရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ အစိုးရသည်ကား အဓိပတိမည်၏၊ဈာန် တပါး တွဲဖက်ပါရှိပေမဲ့ မြင်ခြင်းစသော ကိစ္စမျိုးမှာ စက္ခုပသာဒ စသည်က စက္ခုဝိညာဏ် စသည်ကို မိမိအလိုသို့ လိုက်စေခြင်းမျှသည် ဈာန်၏အဖြစ်မည်၏-ဟု အဓိပတိနှင့်ဈာန်တို့၏အထူးကိုဆိုလေသည်။

အာဟာရ ၄-ပါး

အာဟာရ ၄-ပါး ဟူသည်ကား-ကဗဠီကာရာဟာရ, ဖဿ, စေတနာ,ဝိညာဏ်တို့တည်း။

အာဟာရ။ ။အာဟရန္တီတိ အာဟာရာ= သဟဇာတ- စသော ပစ္စည်းသာမန်မှ အလွန်အကဲဖြစ်သောအခြားတပါး နှင့် မဆက်ဆံသော ပစ္စည်းသတ္တိ ထူးဖြင့် ဖြစ်စေတတ်သောကြောင့် အာဟာရမည်၏၊တနည်း-အာဟရန္တိ ဧတေဟီတိ အာဟာရာ=အဇ္ဈတ္တ

သင်္ခါရနိ၌ ဖြစ်သော ထိုထိုပစ္စည်းတရားနှင့် ပစ္စယုပ္ပန် တရားတို့သည် မိမိကိုယ်ကိုရင်း,မိမိမိမိတို့၏ပစ္စည်းကိစ္စ ပစ္စယုပ္ပန်ကိစ္စကိုရင်း ကောင်းစွာဆောင်ကြောင်းဖြစ်သောကြောင့် အာဟာရမည်၏။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ-ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

> သဗ္ဗေသတ္တာ၊ အလုံးစုံသော အတွင်းသင်္ခါရနိ၌ဖြစ်သော ပစ္စည်းတရား ပစ္စယုပ္ပန်တရားတို့သည်။အာဟာရဋ္ဌိတိကာ၊ထိုက်သည် အားလျော်စွာ နှစ်ဆဲ့လေးဖြာသော ပစ္စည်းတရားတို့ဖြင့် တည်ခြင်းသဘော ရှိကုန်၏။

ဤနေရာ၌ ပစ္စယာဟာရ,အာဟာရပစ္စယ-ဟု နှစ်မျိုးရှိရာ ဟေတု, အာရမဏ-စသော အလုံးစုံသော ပစ္စည်းသည် ပစ္စယာဟာရမည်၏။ အာဟာရ-ဟူသော သီးခြားပစ္စည်းအထူးသည် အာဟာရပစ္စယမည်၏။

စောဒနာချက်...... သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ- ဟူရာ၌ ဗုဒ္ဓမြတ်စွာသည် ပစ္စယာဟာရကိုသာ ဟောအပ်သည် မဟုတ်ပါလော? အာဟာရပစ္စည်းကို မဟောအပ်သည် မဟုတ်ပါလော?

ဤ၌ကား လေးပါးအပြားရှိသော အာဟာရ ပစ္စည်းတရားကိုသာ ဆိုအပ်သည် မဟုတ်ပါလော။

ဖြေဆိုချက်...... မှန်ပါပေ၏- သို့ရာတွင် ဟေတု, အာရမဏ-စသော ပစ္စယ၌ကြောင့် အာဟာရအမည်ရသော နှစ်ဆဲ့လေး ပစ္စည်းတို့၏ အလယ်၌ စတ္တာရော အာဟာရာ-ဟူ၍ အထူးပြု၍ ဆိုအပ်သော တရားတို့သည် ပစ္စယာဟာရခေါ် ဟေတု,အာရမဏ-စသော ပစ္စည်းတို့၏လည်း အာဟာရဖြစ်၍ ဖြစ်ကုန်၏ဟု ပြီးစီးလေသည်။

ဥပမာ......မုယောမျိုးစေ့,သလေးမျိုးစေ့တို့၏ အာနုဘော်မည်သည် အညှောင့်အညွန့်တို့ ဖြစ်ခြင်း၌ ပြဓာန်း၏၊အညွန့်အညှောက်ပေါက်ပြီးနောက် ကောက်ပင် အဖြစ်သို့ ရောက်၍, လေးငါးလ: ကြီးပွါးခြင်း, ကြီးပွါးသည့် အတိုင်း တည်နေခြင်း၌ မြေဩဇာ, ရေဩဇာတို့၏ အာနုဘော်သည် ပြဓာန်း၏။

ထို့အတူကဗဋိင်္ကာရာဟာရ,ကိုမှီ၍အသက်မွေးရသော ကာမသတ္တဝါတို့အား ကံ၏အာနုဘော်မည်သည် ပဋိသန္ဓေရုပ်ကို ဖြစ်စေခြင်း၌ ပြဓာန်း၏၊ ထိုမှနောက် အသက်ရှည်သမျှ ကာလပတ်လုံး တိုးပွါ

ခြင်း၌၎င်း,တိုးပွါးပြီးသည့်အတိုင်း တည်နေခြင်း၌လည်း ဥတု, အာဟာရတို့၏ အာနုဘော်သည် ပြဓာန်း၏၊ မှန်၏-ကမ္မဇ ရုပ်တို့သည် သေခါနီး ကာလတိုင်အောင် ဖြစ်ကြသော်လည်း ဥတု, အာဟာရ အထောက် အပံ့ ရ၍သာ ဖြစ်ကုန်၏၊ ဥတုသည်လည်း အာဟာရ အထောက်အပံ့ရမှသာ မိမိကိစ္စကို ပြုနိုင်၏၊ ထို့ကြောင့် သတ္တဝါတို့၏ စတုဇရုပ်အစဉ်သည် ကဗဠီကာရ အာဟာရက မထောက်ပံ့ခဲ့သော် မဖြစ်ကြပါလေ၊ထောက်ပံ့သော်မှသာ အသက်ရှည်သမျှကာလပတ်လုံး ဖြစ်နိုင်လေသည်။

ဥပမာ......၄က်တိုသည်၎င်း မှက်, ခြင်-စသည် တိုသည်၎င်း နှုတ်သီးဖြင့် အစာကိုယူ၍ ခန္ဓာကိုယ်ကို မွေးမြူရကုန်၏၊ နှုတ်သီးမရှိပါက အာဟာရကို မရ၍ သေကြကုန်၏။

ဤအတူ ဤသတ္တဝါတို့သည် ဖဿဖြင့် အာရုံတို့၌ အရသာကိုယူ၍ ဝေဒနာဟူသော သုံးဆောင် ခံစားခြင်းကို ပြည့်စုံစေလျက် တဏှာ တိုးကက်ပြန့်ပွါးခြင်းသို့ရောက်စေကာ ဝဋ်သုံးပါးကိုပြည့်စေပြီးနောက် ယနေ့တိုင်အောင်လည်း ဝဋ်၌ဆွဲငင်ကာ ဖြစ်ကြကုန်၏။

မှန်၏-အကယ်၍ ဖဿမည်သော တရားမရှိက အာရုံ၏ အရသာကို မရခြင်းကြောင့် ဝေဒနာ-ဟူသော သုံးဆောင်ခံစားခြင်းမှ ကင်းသဖြင့် တဏှာဖြစ်ပေါ်ခွင့်မရှိ၊ ထို့ကြောင့် ဝဋ်သုံးပါးလည်းမဖြစ်တော့လေရာ။

ဥပမာ......၄က်စသည်တို့သည် အတောင်ကိုခပ်သောကြောင့် ခရီးကြားမှာ မကျဘဲ တပင်မှ တပင်-တတောမှတတောသို့ လှည့်လည်၍ မိမိကိုယ်ကို မျှတစေကုန်၏။

ဤအတူ ဤသတ္တဝါတို့သည် အာယူဟနလက္ခဏာရှိသော စေတနာဖြင့် စေ့ဆော်၍ ကံနှင့် ပြည့်စုံသည်၏ အဖြစ်ကို ပြီးစေလျက် ဘဝ တခုမှ တခုသို့ လှည့်လည်ကာ ယနေ့တိုင်အောင် သံသရာဝဋ်၌ ကျင်လည်ကြရကုန်၏။

မှန်၏-စေတနာမည်သော တရားမရှိက ကမ္မဝဋ် မဖြစ်ပါလေ၊ ကမ္မဝဋ်မဖြစ်ပါက ဝိပါကဝဋ် မရှိ၊ ဝိပါကဝဋ် မရှိပါက ထိုဝိပါကဝဋ်၌ တွယ်မှီ ကိန်းအောင်းနေသော ကိလေသာဝဋ် မရှိ၊ ထို့ကြောင့် ဝဋ် တရားမည်သည် မဖြစ်တော့လေရာ။

ဥပမာ......ထိုငှက်စသည်တို့သည် မျက်စိဖြင့် ကျက်စားရာ ဌာနကို ၎င်း, ထိုထိုအရပ်မျက်နှာ အဘို့ကိုင်း ထင်စွာပြ၍ အသက်ရှည်သမျှ ကာလပတ်လုံး မိမိကိုယ်ကို မျှတစေကုန်၏။စက္ခုမရှိခဲ့သော် တစုံတရာ နှုတ်သီးဖြင့် ကောက်ယူအပ်သော အစာကိုင်း, သွားသင့်ရာ အရပ်ကို ၎င်း မမြင်မူ၍ ထိုဖြစ်ရာအရပ်၌သာလျှင် သေကြကုန်ရာ၏။

ဤအတူ သမ္ပယုတ်တရားတို့သည် အာရုံကို သိခြင်း လက္ခဏာ ရှိသော ဝိညာဏ်ဖြင့် ထိုထိုအာရုံကိုရ၍ ထိုထိုအာရုံမှာ ဖဿစသည် တို့ကို ဖြစ်စေလျက် ဝဋ်သုံးပါးကို လည်စေကုန်၏၊ ဝိညာဏ်မည်သည် မဖြစ်ပါက ဖဿ-စသည်တို့မှာ အာရုံရမှုမရှိ၊ထိုကြောင့် ဝဋ်မည်သည် မဖြစ်တော့လေရာ၊ ထို့ကြောင့်-

စတ္တာရော အာဟာရာ။ပ။ဝိညာဏံ စတုတ္ထံ-ဟု သဗ္ဗညုဟ် ဆရာ မိန့်ဆိုတော်မူ၏။

တနည်း......ဥပနိဿယပစ္စည်း အာသေဝနပစ္စည်းတို့သည် သုတ္တန် ဒေသနာနည်း အဘိဓမ္မာ ဒေသနာနည်းအားဖြင့် နှစ်မျိုးရှိ၏၊ ထို့အတူ အာဟာရပစ္စည်းသည်လည်း သုတ္တန်,အဘိဓမ္မာနည်းအားဖြင့် နှစ်မျိုးရှိ လေသည်။ မနောသဉ္စေတနာဟာရသည် ဘဝသုံးပါးကို ဆောင်၏ ဆိုသည်ကား သုတ္တန်နည်းကို ရည်ရွယ်၍ ဆိုသည်၊ ပဋ္ဌာန်းပါဠိတော်၌ အရူပအာဟာရတို့က သဟဇာတ် မဖြစ်သော တရားတို့အား အာဟာ ရဋ္ဌဖြင့် ကျေးဇူးပြုတတ်သော မည်သည် မဖြစ်ကုန်။

ဋီကာကျော်......ကဗဠီကာရာဟာရသည် ဩဇဋ္ဌမကရုပ်ကိုင်း, ဖဿသည်ဝေဒနာ သုံးပါးကိုင်း, မနောသဉ္စေတနာဟာရဟူသော ကုသိုလ်ကံ အကုသိုလ်ကံသည် ဘဝသုံးပါး၌ ပဋိသန္ဓေကိုင်း,ဝိညာ ဏာဟာရဟူသော ပဋိသန္ဓေ ဝိညာဏ်သည် သဟဇာတ်ဖြစ်သော နာမ်ရုပ်ကိုင်း,ဆောင်၏။

မိမိ၏ ဆိုင်ရာဆိုင်ရာ ပစ္စယုပ္ပန်တရားကို ဆောင်တတ်သော အခြားတရားတွေ ရှိသော်လည်း ကဗဠီကာရာဟာရ-စသည်ကား-အဇ္ဈတ္တသန္တာန်၏ထူးသော အကြောင်းဖြစ်လေသောကြောင့် ဤတရား လေးပါးကိုသာ အာဟာရဟုဆိုအပ်၏။

အစာစားသော သတ္တဝါတို့၏ ရုပကာယအား ကဗဠီကာရာဟာရ သည် ထူးသော အကြောင်းဖြစ်၏၊ ဘယ့်ကြောင့်ဆိုသော် ကံစသည့် ကြောင့် ဖြစ်သော ထိုရုပကာယ၏ အစာဟူသော အထောက်အပံ့ အားစွမ်းဖြင့်သာ ၁၀-နှစ် စသည့် အသက်ရှည်ခြင်းဖြစ်သင့်လေသော ကြောင့်တည်း။

ဖဿသည်လည်း သုခစသည့်၏ တည်ရာအာရုံကို ထိခိုက်သော်မှ သာလျှင် သုခဝေဒနာစသည်ဖြစ်သဖြင့် သတ္တဝါတို့၏ တည်ခြင်း၏ အကြောင်းဖြစ်၏။

မနောသဥ္စေတနာဟာရသည် ကုသိုလ်ကံ, အကုသိုလ်ကံ၏ အစွမ်း အားဖြင့် အားထုတ် သော်ကား ဘဝ၏ အကြောင်းဖြစ်မှု ပြီးလေသော ကြောင့် သတ္တဝါတို့ တည်ခြင်း၏ အကြောင်း ဖြစ်၏။

ဝိညာဉ်သည် သိသည်ဖြစ်၍သာလျှင် နာမ်ရုပ်ကို ဖြစ်စေသဖြင့် သတ္တဝါတို့ တည်ခြင်း၏ အကြောင်းဖြစ်၏၊ဤကဲ့သို့ အတွင်းသန္တာန်၏ ထူးသော အကြောင်း ဖြစ်လေသောကြောင့် ဤတရား လေးပါးကို အာဟာရဟု ဆိုအပ်လေသည်-ဟု မိန့်ဆို၏။

အထူး ပြဆိုချက်များ

ဤမိဿက သင်္ဂဟ၌ ဇုန္ဒြေများတွင် သောတာပတ္တိ မဂ်ဉာဏ်သည် အနညာ တညာဿာမီတိန္ဒြေမည်၏၊ အရဟတ္တမဂ်ဉာဏ်သည် အညာတာဝိန္ဒြေမည်၏၊ အလယ်မဂ် ၆-ပါး၌ဖြစ်သော ဉာဏ် ၆-ပါးသည် အညိန္ဒြေမည်၏၊ ဇီဝိတိန္ဒြေ သည် ရုပ်ဇီဝိတ,နာမ်ဇီဝိတ-ဟု နှစ်မျိုးရှိ၏၊ ပဥ္စဝိညာဏ်စိတ်တို့၌ ဈာနင်တို့ကို ဝိရိယ နှင့် မယှဉ်သော စိတ်တို့၌ မိုလ်တို့ကို, အဟိတ်စိတ်တို့၌ မဂ္ဂင်တို့ကို မရအပ်ကုန်။

ပဥ္စဝိညာဏ် ဈာနင် မရ

ဒွေးပဥ္စဝိညာဏ် ၁၀-ခုတို့သည် ဃဋ္ဋနအားနည်းမှု,ဌာနအားနည်းမှု, မိုရာဝတ္ထု အားနည်းမှုကြောင့် ရူပါရုံ စသည်တို့၌ ရှေးရှု ကျကာမျှသာ ဖြစ်ကုန်၏၊ထို့ကြောင့် ထိုဒွေးပဥ္စဝိညာဏ် ၁၀-ခုတို့၌ရှိသော ဝေဒနာ ဧကဂ္ဂတာတို့သည် ဈာန်င်္ဂကို မပြီးစေကြကုန်။

ဝိတက္ကပစ္ဆိမကံ ဈာနံ-ဟု အဋ္ဌကထာ၌ မိန့်ဆို၏။

ဈာနံ၊ ဈာန်သည်။ ဝိတက္ကပစ္ဆိမကံ၊ ဝိတက်၏ နောက်သို့ လိုက်၏။

ဆိုလိုရင်းမှာ–ဝိတက်ယှဉ်သော စိတ်မှာသာ ဈာနင်ကိုရ၏၊ဝိတက် မယှဉ်သောစိတ်မှာ ဈာနင်ကို မရအပ်။ဈာန်အရာမှာ ဝိတက်ယှဉ်မှသာ လိုရင်းဖြစ်၏။

ဝီရိယမယှဉ်က ဗိုလ်မရ

ဝီရိယ၏ ထောက်ပံ့မှုကို မရသော တရားတို့သည် သမ္ပယုတ်တရား တို့၌ မြဲမြံသောအဖြစ်သို့မရောက်ကြကုန်၊ထို့ကြောင့် ဝီရိယမယှဉ်သော ၁၆-ပါးသော အဟိတ်စိတ်တို့၌ သမာဓိသည် ဗိုလ်ကိစ္စကို မပြီး စေပါ။ ဝီရိယသည် ဗိုလ်တို့မှာအကြီးအမှူး ဦးစီးဖြစ်၏၊ဝီရိယမယှဉ်က ဗိုလ်မရလေ၊ ဝီရိယယှဉ်မှသာ ဗိုလ်ကိုရ၏။

ဟိတ်မယှဉ် မဂ္ဂင်မရ

လောဘ-စသော ဟိတ်ကင်းသောတရားတို့သည် ဝဋ်၌ကျင်လည် ခြင်း,ဝဋ်မှ ထွက်မြောက်ခြင်းသို့ ရောက်ဘို့ရန် အကြောင်း၏ အဖြစ်သို့ မရောက်ကြကုန်၊မဂ္ဂင်တို့၏ အကြီးအမှူး ဦးစီးတရားကား ဟိတ်တရား ပေတည်း၊ ဟိတ်မယှဉ်က မဂ္ဂင်မရှိနိုင်၊ ဟိတ်ယှဉ်မှသာ မဂ္ဂင်ရှိနိုင်၏။

ဆောင်ပုဒ်။ ။ဈာန်မှာဝိတက်ပဓာန၊ဗိုလ်မှာဝီရိယ၊မဂ်တွင်ဟိတ်သာပြမာန်းစွ။

ဝိစိကိစ္ဆာ၌ ဧကဂ္ဂတာ

ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ ဧကဂ္ဂတာသည် အဓိမောက္ခ ကင်းသည် ဖြစ်၍ စင်စစ်အားဖြင့် ဧွေရှားခြင်း သဘောရှိသော ဝိစိကိစ္ဆာသည် နှိပ်စက်အပ် လေသောကြောင့် မဂ်, ဈာန်, ဗိုလ်ဖြစ်ဘို့ရန် အားမရှိ ပါလေ။

ဒွိဟိတ်ဇော, တိဟိတ်ဇော တို့၌သာ ဖြစ်သင့်သလို အဓိပတိ တမျိုးကိုသာ ရအပ်၏။

ဒွိဟိတ်, တိဟိတ်-ဟု ဆိုသဖြင့် မောဟမူနွေး ဟသိတုပ္ပါဒ်ဇော တို့ကို နှစ်စေ၏။ ဇောဟု ဆိုသဖြင့် ဘုံသုံးပါး၌ ဖြစ်သော ဒွိဟိတ်, တိဟိတ် ဝိပါက်တို့ကို နှစ်စေ၏။

ယထာသမ္ဘဝံအဓိပ္ပါယ်ကား......ရအပ်သော ပုဗ္ဗာဘိသင်္ခါရ,ရအပ် သော ပုဗ္ဗာဂမ ရှိသော တခုခုသော အဓိပတိ၏ ဖြစ်သင့်သည်အား လျော်စွာ တပါးကိုသာ ရအပ်၏၊ နှစ်ပါး မရအပ်။

ဋီကာကျော်၌-ဝီမံသာဓိပတိ၏ ဒွိဟိတ်ဇောတို့၌ မဖြစ်သင့်သော ကြောင့်၎င်း, ဓိတ္တာဘိသင်္ခါရ-ဟူသော အားကြီးသော အကြောင်း၏ ဖြစ်သင့်သည့်အား လျော်သောကြောင့်၎င်း မရအပ်သည်၏ အဖြစ်ကို ရည်ရွယ်၍ ယထာသမ္ဘဝံ-ဟူ၍ သင်္ဂြိုဟ် ဆရာ မိန့်ဆို၏ဟု ဖွင့်ပြ၏။

အဓိပတိပစ္စည်းမှာ ပစ္စည်းတရားကို တမျိုးတည်းသာရအပ်၏၊ အဓိ ပတိ နှစ်မျိုး, သုံးမျိုး တပေါင်းတည်း မရအပ်ကုန်၊ ထိုကြောင့် ဗုဒ္ဓ မြတ်စွာသည်-

ယေတု ယေတု သမ္ပယုတ္တကာနံ ဓမ္မာနံ ယေတု ပစ္စယေနပစ္စယော-

ဤသို့ စသည်ဖြင့် ယေတု ပစ္စယ နိဒ္ဒေသ-မှာ ကဲ့သို့။

အဓိပတိ အဓိပတိသမ္ပယုတ္တာနံ-

ဤသို့ စသည်ဖြင့် မဟောဘဲ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ-စသည်ဖြင့် အဓိပတိတပါးတပါး၏အစွမ်းဖြင့်အဓိပတိပစ္စည်းကို ထုတ်တော်မူ၏။

သဘောတူပေါင်းယူခြင်း

အမည်	ကိစ္စ	တရားကိုယ်
ဟိတ်	၆	၆ (လော,ဒေါ,မော,အလော,အဒေါ,အမော)
ဈာနင်	၇	၅ (ဝိတက်,ဝိစာရ,ပီတိ,ဧကဂ္ဂတာ,ဝေဒနာ) ဝေဒနာအရတွင်သောမနဿ,ဒေါမနဿ, ဥပေက္ခာတို့ကို သွင်းယူထားသည်။
မဂ္ဂင်	၁၂	၉ (ပညာ,ဝိတက်, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ) မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာ သမာဓိတို့ကို ဝိတက်, ဝီရိယ, ဧကဂ္ဂတာ သဘော အားဖြင့် သမ္မာဒိဋ္ဌိ၌ ပေါင်းယူ ထားသည်။
ဣန္ဒြေ	၂၂	၁၆ (ပသာဒ-၅၊ ဘာဝ-၂၊ ဇီဝိတ-၂၊ စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ)ဝေဒနာငါးပါးကို တခုတည်းပေါင်း ပညာ ၄-ပါးကို ပညာတခုတည်း ပေါင်း ယူ၏။

ဣန္ဒြိယ	၉	၉	(သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ, ဇီဝိတ, အညာတညဿာမီတိန္ဒြိယ, အညိန္ဒြိယ, အညာတာဝိန္ဒြိယ)
အဓိပတိ	၄	၄	(ဆန္ဒ,စိတ္တ,ဝီရိယ,ပညာ)
အာဟာရ	၄	၄	(ကဗဠီကာရာဟာရ, ဖဿ, စေတနာ, ဝိညာဏ်)

ရှက်ဆောင်သောက်စုများ

ပညာကား–ငါးကိစ္စ	(ဟိတ်,မဂ္ဂင်,ဈာန်,ဣန္ဒြေ,အဓိပတိ)
ဝီရိယကား–လေးကိစ္စ	(မဂ္ဂင်,ဈာန်,ဣန္ဒြေ,အဓိပတိ)
ဧကဂ္ဂတာကား–လေးကိစ္စ	(ဈာန်,မဂ္ဂင်,ဈာန်,ဣန္ဒြေ)
စိတ်ကား–သုံးကိစ္စ	(ဈာန်,အာဟာရ,အဓိပတိ)
သတိကား–သုံးကိစ္စ	(မဂ္ဂင်,ဈာန်,ဣန္ဒြေ)
ဝိတက်ကား–နှစ်ကိစ္စ	(ဈာန်,မဂ္ဂင်)
ဝေဒနာကား–နှစ်ကိစ္စ	(ဈာန်,ဣန္ဒြေ)
သဒ္ဓါကား–နှစ်ကိစ္စ	(ဈာန်,ဣန္ဒြေ)

ဤ တရားကိုယ် ၅၈ပါးမှ ကြွင်းသော ၂၀–ပါးသောတရားတို့ကား တကိစ္စတကိစ္စစီသာ ဖြစ်ကုန်၏။

ဋီကာ ဆရာများ မိန့်ဆိုချက်

ပဉ္စသင်္ဂဟိတာ ပညာ၊ ဝါယာမေ ကဂ္ဂတာပန။
စတုသင်္ဂဟိတာ စိတ္တံ၊ သတိစေဝ တိသင်္ဂဟာ။
သက်ပွေါ ဝေဒနာသဒ္ဓါ၊ ဒုကသင်္ဂဟိတာမတာ။
ဧကေက သင်္ဂဟာသေသာ၊ အဋ္ဌဝီသတိ ဘာသိတာ။

ပညာကို ငါးကိစ္စဖြင့်ရေတွက်၊ ဝီရိယနှင့် ဧကဂ္ဂတာကို လေးကိစ္စဖြင့် ရေတွက်၊ စိတ်နှင့်သတိကို သုံးကိစ္စဖြင့်ရေတွက်၊ ဝိတက်, ဝေဒနာ, သဒ္ဓါကို နှစ်ကိစ္စဖြင့် ရေတွက်၊ ကြွင်း ၂၀–ပါးကို တကိစ္စစီဖြင့် ရေတွက်ပါလေ။

မိဿက သင်္ဂဟ ပြီး၏။

ဗောဓိပက္ခိယသင်္ဂဟအဖွင့်

သတိပဋ္ဌာန် ၄-ပါး

ဗောဓိပက္ခိယသင်္ဂဟ၌ သတိပဋ္ဌာန်လေးပါး – ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်။

သတိပဋ္ဌာန်။ ။ပခါနာဟုတွာ တိဋ္ဌတီတိ ပဋ္ဌာနာနိ=ယဉ်ဖက်သမ္ပယုတ်တရားတို့၌ပြခါန်းလျက် ကာယစသော အာရုံတို့၌ တည်တတ်သောကြောင့် ပဋ္ဌာနမည်၏၊ သတိယေဝပဋ္ဌာနာနိ= သတိပဋ္ဌာနာနိ=သတိသည်သာ ပြခါန်းလျက်တည်သည်ဖြစ်၍ သတိ ပဋ္ဌာန်မည်၏။

ကာယာနုပဿနာ။ ။ကာယေအနုပဿနာ=ကာယာနုပဿနာ= ရုပ်အပေါင်း၌ အဿာသ, ပဿာသ စသော အစိတ်ကာယကို ထိုထိုတွက်သက် ဝင်သက်ကာယအဖြစ်ဖြင့်ရင်း, အနိစ္စစသည်၏အဖြစ်ဖြင့်ရင်း, ထိုထိုကာယမှာ တွေဝေခြင်း ကင်းသည်တိုင်အောင် ထပ်တလဲလဲ ရှုခြင်းသည် ကာယာနုပဿနာ မည်၏။

ဝေဒနာနုပဿနာ။ ။ဝေဒနာသု အနုပဿနာ=ဝေဒနာနုပဿနာ= ဝေဒနာ ကိုးပါးတို့၌ သုခဝေဒနာ စသော အစိတ် အစိတ်ဖြစ်သောဝေဒနာကို ထိုထိုသုခစသောဝေဒနာအဖြစ်ဖြင့်ရင်း, ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းဖြင့်ရင်း ထပ်တလဲလဲ ရှုခြင်းသည် ဝေဒနာနုပဿနာမည်၏။

စိတ္တာနုပဿနာ။ ။စိတ္တေသု အနုပဿနာ= စိတ္တာနုပဿနာ= သရာဂစသော၁၆-ပါးသော စိတ်တို့၌သရာဂ စသော အစိတ်အစိတ်ဖြစ်သော စိတ်ကို ထိုထိုစိတ်၏ အဖြစ်ဖြင့်ရင်း, ဖြစ်ခြင်းပျက်ခြင်း၏အစွမ်းဖြင့်ရင်း ထပ်တလဲလဲရှုခြင်းသည် စိတ္တာနု ပဿနာမည်၏။

ဓမ္မာနုပဿနာ။ ။ဓမ္မေသု အနုပဿနာ=ဓမ္မာနုပဿနာ= ငါးပါး
အပြားရှိသော နီဝရဏ စသော တရား တို့၌
ကာမစ္ဆန္ဒ စသော အဖိတ်အဖိတ် ဖြစ်သော တရားကို ထိုထိုဓမ္မ၏ အဖြစ်ဖြင့်ရှင်း,ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းဖြင့်ရှင်း ထပ်တလဲလဲ ရှုခြင်းသည် ဓမ္မာနုပဿနာ မည်၏။

ဋီကာကျော်၌—ဓမ္မာနုပဿနာတွင် ဓမ္မာအရ သညာ, သင်္ခါရဓမ္မဟု ဆို၏။ ပရမတ္ထဒီပနီဆရာတော်ကား– ပါဠိတော်မှာ-ဓမ္မ၏အရ နီဝရဏ,ဥပါဒါနက္ခန္ဓာ, အာယတန, ဗောဇ္ဈင်, သစ္စာတို့ကို ဟောတော်မူသောကြောင့် မသင့်ဗန်းတဲ့။

သတိပဋ္ဌာန်လေးပါးပြရခြင်း

ဓမ္မာနုပဿနာတခုတည်းကို ဟောတော်မူပါကလည်း ကြွင်း အနုပဿနာတွေ ပါဝင်နေ၍ ပြီးစီး နိုင်သောကြောင့် တခုသာ ဆိုသင့်၏၊ လေးပါး မဆိုသင့်ဟုငြားအံ့– ဤလိုလည်းမဟုတ်ပါ၊ ဓမ္မာနုပဿနာ၌ ရူပက္ခန္ဓာ၌ ရုပ္ပနလက္ခဏာကို အထပ်ထပ် ရှုသည့်၏ အစွမ်းအားဖြင့် ဟောအပ်ပါသည်။ မှန်၏-ရုပ္ပနလက္ခဏာ ဟူသည် ပညတ်မှ အသီး ထုတ်နုတ်ထားအပ်သော ပရမတ်တရားအစစ်ဖြစ်ပါသည်၊ ထိုပရမတ္ထ တရားအစစ်သည် ပရမတ်အနေဖြင့် ရှုသူအား အထူးအားဖြင့်ထိမ်ခွေ့သော အတ္တဝိပလ္လာသကို ပယ်ခြင်းငှါ ဖြစ်၏၊ ကာယာနုပဿနာ၌ ကာယကို ထိုထိုအပေါင်း ဖြစ်သော ဘူတရုပ်ဓမ္မ၏ အစွမ်း အားဖြင့် သိအပ်၏၊ ရုပ္ပနလက္ခဏာ၏အစွမ်းအားဖြင့် မသိအပ်၊ ထိုထိုရုပ်ကာယ အဖြစ်ဖြင့် ယူအပ်သော ထိုထိုရုပ်တရားအပေါင်းသည်လည်း ပညတ်မှ အသီးအခြားအနှစ်ထုတ်ထားသော မုချပရမတ်တရားလည်း မဟုတ်ပါ လေ။ ဘယ့်ကြောင့်ဆိုသော်– ပညတ်နှင့် ရောနှောနေသောကြောင့် ပေတည်း။ ထိုတရားအပေါင်းသည်လည်း ထိုကဲ့သို့ရှုသူအား အထူး အားဖြင့် အကြမ်းစားဖြစ်သော သုဘစသောဝိပလ္လာသကို ပယ်ခြင်းငှါ ဖြစ်၏။

ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ တို့၌လည်း – ဝိပလ္လာသသည် အကြမ်းစား, အနုစားဟု နှစ်မျိုးစီရှိရာ– အတ္တနှင့် အမြဲယှဉ်တွဲနေသော နိစ္စဝိပလ္လာသ,သုခဝိပလ္လာသတို့သည်အကြမ်းစားဖြစ်၏၊အတ္တဝိပလ္လာသ

သည် အနုစားဖြစ်၏၊ ဝေဒနာ, စိတ္တာနုပဿနာတို့ကို အကြမ်းစား ဝိပလ္လာသတို့အား ပယ်ခြင်းအကျိုးငှါဟောအပ်ကုန်၏၊ဓမ္မာနုပဿနာ၌ ဝေဒနာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို အနုစားဝိပလ္လာသအား ပယ်ဖြစ် ခြင်းငှါ ဟောအပ်ကုန်၏၊ ထို့ကြောင့် သတိပဋ္ဌာန်ကို လေးပါး ဟောအပ်လေသည်။

သမ္မပ္ပဓာန် ၄-ပါး

> သမ္မပ္ပဓာန်လေးပါး-ဖြစ်ပြီးအကုသိုလ်တို့ကို ပယ်ခြင်းငှါ လုံ့လပြုသော ဝီရိယ, မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ပေါ်စေခြင်းငှါ လုံ့လပြုသောဝီရိယ, မဖြစ်သေးသော ကုသိုလ်တို့ဖြစ်စေခြင်းငှါ လုံ့လပြုသောဝီရိယ, ဖြစ်ပြီးကုသိုလ် တို့ တိုးတက်ပွါးများစေခြင်းငှါ လုံ့လပြုသော ဝီရိယ။

သမ္မပ္ပဓာန်။ ။သမ္မာပဒဟန္တိ ဧတေဟီတိ သမ္မပ္ပဓာနာနိ=ခန္ဓာ ကိုယ်မှာ အသား အသွေး ခန်းခြောက်၍ အရေ အကြော အရိုးပြိုင်ပြိုင်ထအောင် အားထုတ်သော လုံ့လဝီရိယသည် သမ္မပ္ပဓာန်မည်၏။ယောကျ်ား၏ စွမ်းရည် ယောကျ်ား၏အားထုတ်မှုဖြင့် ရောက်ကောင်းရာကို မရောက်သေးဘဲ ကြိုးစားမှု မတန့်မူ၍ မဆုတ် မနစ်သည့်၏အစွမ်းဖြင့် ဖြစ်သောဝီရိယ၏ အမည်ပေတည်း။သမ္မပ္ပဓာန် သည် ဝီရိယတမျိုးတည်းပင် ဖြစ်သော်လည်း ကိစ္စပြီးစီးခြင်း၏ အစွမ်း အားဖြင့်လေးမျိုးရှိကြောင်းပြလို၍ဥပ္ပန္နာနံစသည်ကို ဆိုအပ်လေသည်။

ဥပ္ပန္နာနံပါပကာနံ=မိမိသန္တာန်မှာ ဖြစ်ဘူးသည့်၏အဖြစ်ဖြင့် ထင် ရှားသော အကုသိုလ်တရားများကို—

ပဟာနာယ=ထိုအကုသိုလ်တရားများ မိမိသန္တာန်မှာ ယနေ့ အချိန်မှစ၍ ပရိနိဗ္ဗာန်ပြုရသောအချိန်တိုင်အောင် နောက်ထပ်မဖြစ်ပေါ် သော တရား၏အဖြစ်သို့ ရောက်ခြင်းကို ပြုခြင်းငှါ—

ဝါယာမော=သီလကို လုံခြုံအောင် ထိန်းသိမ်းခြင်း သမထကမ္မ ဋ္ဌာန်းမှု ဘာဝနာ ကမ္မဋ္ဌာန်းမှုတို့၌ စွဲစွဲမြဲမြဲလုံ့လပြုခြင်း။

အနုပ္ပန္နာနံ။ ။မိမိ၏ သန္တာန်မှာ ဖြစ်ဘူးပြီးဟု မထင်ရှားသော သူတပါးသန္တာန်မှာ မြင်၍သော်ငြား, သူတွန်ပါဋ္ဌိ တော်တို့ကို နာကြားရ၍သော်ငြား ထင်ရှားသော အကုသိုလ် တရား များကို-

အနုပ္ပါဒါယ။ ။မိမိသန္တာန်မှာအကုသိုလ်မှုလတရားများဖြစ်ခြင်း၏ အကြောင်းကို ဖြတ်ခြင်းငှါ။ ဝါယာမော=စွဲစွဲမြဲမြဲလုံ့လပြုခြင်း,

အနုပ္ပန္နာနံ ကုသလာနံ= အချိန်အခါ မလွန်မီ မရဘူးသေးသော အထက်တန်း ဝိသုဒ္ဓိတရားတို့ကို- ဥပ္ပါဒါယ ဝါယာမော = သိတို့ရန်အတွက် လုံ့လပြုခြင်း,

ဥပ္ပန္နာနံကုသလာနံ ဘိယျောဘာဝါယ ဝါယာမော=မိမိသန္တာန်၌ ဖြစ်ဘူးပြီးသော သီလစသော ကုသိုလ်တရားများ အချင်းခပ်သိမ်း ပျက်ပြားသွားမှုမရှိဘဲ တိုးသည်ထက် တိုးပွါးစေခြင်းငှါ လုံ့လ ပြုခြင်းဤသို့အားဖြင့် သမ္မပ္ပဓာန်လေးပါး။

မုခလေးပါးတွင် မုခတမျိုးမျိုးဖြင့် ဖြစ်သော ဝါယာမသည် ကိစ္စလေးပါးကိုပြီးစေသည်သာတည်း။ အဋ္ဌကထာမှာကား-မဂ်ခဏ၌သာ တခုသော မုခ၏ ကိစ္စလေးပါးပြီးသည်ကို ဆိုလေသည်။

သတိပဋ္ဌာန်အရကား- သတိစေတသိက်၊ သမ္မပ္ပဓာန်အရကား- ဝီရိယစေတသိက်၊ တရားကိုယ်အရကောက် ရာတွင် တခုတည်းဖြစ်ပေမင့်အာရုံကိစ္စပြားသဖြင့် လေးပါးအပြားရှိ၏ဟု ဟောတော်မူ၏။

ဣဒ္ဓိပါဒ် ၄-ပါး

ဣဒ္ဓိပါဒ် လေးပါးကား ဆန္ဒ, ဝီရိယ,စိတ္တ, ဝီမံသိဒ္ဓိပါဒ်။

ဣဒ္ဓိပါဒ်။ ။ဣဇ္ဈာနံ ဣဒ္ဓိ၊ဣဒ္ဓိယာ ပါဒေါ=ဣဒ္ဓိပါဒေါ=အားထုတ်အပ်သော အမှု၏ပြီးစီးခြင်း ထမြောက်အောင်မြင်ခြင်းကို ဣဒ္ဓိဟု ခေါ်၏။ (ဣဒ္ဓိနှင့် သိဒ္ဓိအတူတူပင်) ထိုသိဒ္ဓိသည်-အဘိညာသိဒ္ဓိ,ပရိညာသိဒ္ဓိ, ပဟာနသိဒ္ဓိ, သစ္ဆိကရဏသိဒ္ဓိ, ဘာဝနာသိဒ္ဓိဟု ငါးမျိုး၏၊ ထိုတွင် အဘိညေယျတရားတို့ကို ရှေ့ရှုသိမှု၏ ပြီးခြင်းသည် အဘိညာသိဒ္ဓိ၊ ပရိညေယျတရားတို့ကို ထက်ဝန်းကျင်မှ သိမှုသည် ပရိညာသိဒ္ဓိ၊ ပဟာတဗ္ဗတရားတို့ကို ပယ်မှု၏ ပြီးခြင်းသည် ပဟာနသိဒ္ဓိ၊ သစ္ဆိကာတဗ္ဗတရားတို့ကို မျက်မှောက်ပြုမှု၏ ပြီးခြင်းသည် သစ္ဆိကရဏသိဒ္ဓိ၊ ဘာဝေတဗ္ဗတရားတို့ကို ပွါးများမှု၏ ပြီးခြင်းသည် ဘာဝနာသိဒ္ဓိမည်၏။ ဣဒ္ဓိ၏ အကြောင်းသည် ဣဒ္ဓိပါဒ

မည်၏၊ ဣန္ဒြိယသို့ ရောက်ခြင်း၏ အားကြီးသောအကြောင်း ပြဓာန်းသော အကြောင်းပေတည်း။

ဣဒ္ဓိပါဒ်သည် အဓိပတိ လေးပါး၏ အစွမ်းဖြင့် လေးမျိုးရှိ၏၊ ဆန္ဒော ဝ ဣဒ္ဓိပါဒေါ=ဆန္ဒိဒ္ဓိပါဒေါ- အဓိပတိ ဖြစ်သော ဆန္ဒသည် သာလျှင် ပြည့်စုံခြင်း၏ အကြောင်းဖြစ်၍ ဆန္ဒိဒ္ဓိပါဒ်မည်၏၊ ကြွင်းဣဒ္ဓိပါဒ်တို့၌ နည်းတူသိ။

ဤတွင် မဟာဂုတ် လောကုတ္တရာ-ဟု ဆိုအပ်သော ဥတ္တရိ မနုဿ မည်သောတရားတို့ကိုကား ပြကတေ့ဖြစ်ရိုး ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာဖြင့် မသိအပ် မရအပ်ကုန်၊ မည်သည့် ကြောင့်ကြမှုမျိုးမှ မတားမြစ်နိုင် ကောင်းသော အဓိပတိအဖြစ်သို့ ရောက်သော ဆန္ဒစသည်ဖြင့်သာ သိအပ်-ရအပ်ကုန်၏။ ထို့ကြောင့် ဤတရား လေးပါးအရ အဓိပတိ ဖြစ်သော ဆန္ဒစသည်တို့ကို ကောက်ယူအပ်ကုန်၏။

ဝေဖန်ယှဉ်ဖက်ချက်

ဣဒ္ဓိပါဒ	ဣန္ဒြိ
ပဌမ ဈာန်၏ ပရိကံ	ပဌမဈာန်
ဒု-ဈာန်၏　　။	ဒု-ဈာန်
တ-ဈာန်၏　　။	တ-ဈာန်
စ-ဈာန်၏ ပရိကံ	စ-ဈာန်
မ-ဈာန်၏　။	မ-ဈာန်
အာကာသာနဉ္စာယတနဈာန်၏ ပရိကံ	အာကာသာနဉ္စာယတနဈာန်
ဝိညာဏဉ္စာယတနဈာန်၏　　။	ဝိညာဏဉ္စာ
အာကိဉ္စညာယတနဈာန်၏　　။	အာကိဉ္စညာ
နေဝသညာနာသညာယတနဈာန်၏ ပရိကံ	နေဝသညာနာသညာယတနဈာန်
သောတာပတ္တိမဂ်၏　　ဝိပဿနာ	သောတာပတ္တိမဂ်
သကဒါဂါမိမဂ်၏　　။	သကဒါဂါမိမဂ်
အနာဂါမိမဂ်၏　　။	အနာဂါမိမဂ်
အရဟတ္တမဂ်၏　ဝိပဿနာ	အရဟတ္တမဂ်

ထို့ပြင် တချက်

ဣန္ဒြိယပစ္စယ	ဣန္ဒြိ
ပ-ဈာန်	ဒု-ဈာန်
ဒု-ဈာန်	တ-ဈာန်
တ-ဈာန်	စ-ဈာန်
စ-ဈာန်	ပ-ဈာန်
မ-ဈာန်	အာကာ
အာကာ	ဝိညာ
ဝိညာ	အာကိဥ္စညာ
အာကိဥ္စညာ	နေဝသညာ
သောတာပတ္တိမဂ်	သကဒါဂါမိမဂ်
သကဒါ	အနာ
အနာဂါ	အရဟတ္တမဂ်

ထို့ပြင် ထိုထို ပါဒက ဈာန်သည် ဣန္ဒြိယပါဒ မည်၏၊ ထိုထို ပါဒက ဈာန်မှထ၍ ဖြစ်စေအပ်သောမဂ်သည် ဣန္ဒြိမည်၏ဟုလည်း ဆိုသင့်၏။ ဤသင်္ဂြိုဟ်ကျမ်း၌ ဥတ္တရရုဋ္ဌဘာဇနီမှာ လာသော နည်းဖြင့် အဓိပတိ လေးပါးကို ဣန္ဒြိပါဒ်ဟု ဆိုလေသည်။ ထူးခြားချက်ကား–ဥတ္တရ ရုဋ္ဌ ဘာဇနီ၌ မိန့်ဆိုအပ်သော ဣန္ဒြိပါဒ်ကား လောကုတ္တရာ၊ ဤသင်္ဂြိုဟ် ကျမ်း၌ ဣန္ဒြိပါဒ်ကား လောကီ လောကုတ္တရာ နှစ်ပါးရောသည်။

ဣန္ဒြေဗိုလ် ၅-ပါး

ဣန္ဒြေငါးပါးနှင့် ဗိုလ် ငါးပါး-သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ။

သောတာပတ္တိမဂ်အင်္ဂါ လေးပါးတွင် ပါသော သဒ္ဓါကား သဒ္ဓိန္ဒြေ သဒ္ဓါဗိုလ်၊ သမ္မပ္ပဓာန်လေးပါး၌ ဝီရိယကား ဝီရိယိန္ဒြေ, ဝီရိယဗိုလ်၊ သတိပဋ္ဌာန်လေးပါး၌သတိကား-သတိန္ဒြေ,သတိဗိုလ်၊ဈာန်လေးပါး၌ သမာဓိကား သမာဓိန္ဒြေ, သမာဓိဗိုလ်၊ သစ္စာလေးပါး၌ ပညာကား- ပညိန္ဒြေ, ပညာဗိုလ် မည်၏။

ဗောဇ္ဈင် ၇-ပါး

ဗောဇ္ဈင် ၇-ပါးကား–သတိ,ပညာ,ဝီရိယ,ပီတိ,ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာ။

သမ္ဗောဇ္ဈင်။ ။သမ္မာ တော ဗုဇ္ဈတိ ဗောဓယာတိ သမ္ဗောဓိ၊ သမ္ဗောဓိယာ အင်္ဂံ=သမ္ဗောဇ္ဈင်္ဂံ=မဂ်လေးပါး၌

ရှိသောဉာဏ်ကို သမ္မောဓိဟု ခေါ်၏၊ မဂ်ဉာဏ်သည် သစ္စာလေးပါးကို သိသောအခါ တပြိုင်နက် သစ္စာအနက် တဆဲ့ခြောက်ချက်နှင့် တကွ ထက်ဝန်းကျင်မှ သိ၏။ ထိုသစ္စာအနက်ကို သိသောဉာဏ်ကို ဖြစ်စေ တတ်သောကြောင့် သစ္စာဉာဏ်၏ အတူတကွ တွဲဖက် ဖြစ်ပေါ် အားကြီးသော အကြောင်းဖြစ်၍ သမ္မောဇ္ဈင် မည်၏။

သတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ=သတိသမ္ဗောဇ္ဈင်္ဂေါ=သတိ သည်သာ သစ္စာဉာဏ်၏ အကြောင်းဖြစ်၍ သတိသမ္မောဇ္ဈင်မည်၏။

ဓမ္မေဝိစိနာတိတိ ဓမ္မဝိစယော၊သော ဧဝ သမ္ဗောဇ္ဈင်္ဂေါ=ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ=ဝိပဿနာ၏ အာရုံ ဖြစ်သော တရားတို့ကို အကြွင်းမဲ့ စိစစ်တတ်သောကြောင့် ဓမ္မဝိစယ မည်၏၊ ထိုသည်ပင် သစ္စာဉာဏ်၏ အကြောင်းဖြစ်၍ ဓမ္မဝိစယ သမ္မောဇ္ဈင်မည်၏။

ဝီရိယ မေဝ သမ္ဗောဇ္ဈင်္ဂေါ=ဝီရိယသမ္ဗောဇ္ဈင်္ဂေါ=ဝီရိယသည်သာ မဂ်လေးပါး ဟူသော‌သစ္စာဉာဏ်၏အကြောင်းဖြစ်၍ ဝီရိယသမ္မောဇ္ဈင် မည်၏။ ပီတိ ယေဝ သမ္ဗောဇ္ဈင်္ဂေါ = ပီတိ သမ္ဗောဇ္ဈင်္ဂေါ = ပီတိ သည်သာ မဂ်လေးပါး ဟူသော သစ္စာဉာဏ်၏ အကြောင်းဖြစ်၍ ပီတိ သမ္မောဇ္ဈင် မည်၏။

ပဿဒ္ဓိဧဝသမ္ဗောဇ္ဈင်္ဂေါ=ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ=ပဿဒ္ဓိသည်သာ မဂ်လေးပါး ဟူသော သစ္စာဉာဏ်၏ အကြောင်း ဖြစ်၍ ပဿဒ္ဓိ သမ္မောဇ္ဈင် မည်၏။

သမာဓိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ=သမာဓိသမ္ဗောဇ္ဈင်္ဂေါ=သမာဓိသည် သာ မဂ်လေးပါး ဟူသော သစ္စာဉာဏ်၏ အကြောင်း ဖြစ်၍ သမာဓိ သမ္မောဇ္ဈင် မည်၏။

ဥပေက္ခာ ဧဝ သမ္ဗောဇ္ဈင်္ဂေါ=ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ=တတြ မဇ္ဈတ္တတာ ဟူသော ဥပေက္ခာသည်သာလျှင် သစ္စာလေးပါးကို သိသော မဂ်ဉာဏ်၏ အကြောင်းဖြစ်၍ ဥပေက္ခာသမ္မောဇ္ဈင်မည်၏။ထိုဥပေက္ခာ သမ္မောဇ္ဈင်သည် ဆိုအပ်ခဲ့ ပြီးသော သတိသမ္မောဇ္ဈင် စသည်တို့၏ အာရုံ၌ ပွါးများသည်၏ အစွမ်းဖြင့် ကောင်းစွာ ကြီးပွါးလာခဲ့သည် ရှိသော် စိတ်၏ တွန့်ဆုတ်မှု ပျံ့လွင့်မှု အသင်းအပင်း အားလုံးကို ပယ် ဖျောက်လျက် အညီအညွတ် ရှက်ဆောင်သော အာင်းအပင်းကို အားပြည့်စေကာ ဆိုအပ်ခဲ့သော သမ္မောဓိကို ဖြစ်စေ၏။

မဂ္ဂင် ၈-ပါး

မဂ္ဂင်ရှစ်ပါးကား-သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ၊

သမ္မာဒိဋ္ဌိ။ ။သမ္မာ ဒဿနံ=သမ္မာဒိဋ္ဌိ=အမြင်မှန်သည် သမ္မာဒိဋ္ဌိ မည်၏၊ ထိုသမ္မာဒိဋ္ဌိသည် (၁)ဒုက္ခသစ္စာ၌ အမှန်သိ (၂) သမုဒယသစ္စာ၌ အမှန်သိ (၃) နိရောဓသစ္စာ၌ အမှန်သိ (၄) မဂ္ဂ သစ္စာ၌ အမှန်သိဟု လေးမျိုးရှိ၏။

သမ္မာသင်္ကပ္ပ။ ။သမ္မာ သင်္ကပ္ပနံ = သမ္မာ သင်္ကပ္ပေါ = မဖေါက် မပြန် မှန်ကန်သော အကြံသည် သမ္မာသင်္ကပ္ပ မည်၏။ မြင်သင့်မြင်ထိုက်သော တရားတို့၌ ပျံ့နှံ့၍ သမ္မာဒိဋ္ဌိ ဖြစ်သည့် အခြင်းအရာအလိုက် သမ္မာဒိဋ္ဌိကို စီမံပေးသည်ကား သမ္မာသင်္ကပ္ပပင် တည်း။ ထို့ကြောင့် သမ္မာသင်္ကပ္ပကို ပညာစု၌ ပေါင်းယူအပ်လေသည်။

အမှာ။ ။သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝကို ဝိရတိစေတသိက် ပြရာ၌ ဆိုခဲ့ပြီ။

သမ္မာဝါယာမ။ ။သမ္မာဝါယမန္တိ ဧတေနာတိ သမ္မာဝါယာ မော=အမှန်အကန် အားထုတ်ကြောင်း ဖြစ်၍ သမ္မာဝါယာမ မည်၏။ ကိစ္စလေးပါးကို ပြီးစေတတ်သော သမ္မပ္ပဓာန် ဝီရိယပေတည်း။

သမ္မာသတိ။ ။သမ္မာသရတိ၊ သမ္မာ ဝါ တာယ သရန္တိတိ သမ္မာ သတိ=မဖေါက်မပြန် မှန်မှန်ကန်ကန် ရတတ်သော (သို့မဟုတ်) အမှတ်ရကြောင်း ဖြစ်သော တရားသည် သမ္မာသတိ မည်၏။

သမ္မာသမာဓိ။ ။သမ္မာ သမာဓိယတိ၊ သမ္မာ ဝါ တေန သမာဓိ ယန္တိတိ သမ္မာသမာဓိ= မဖေါက်မပြန် တည်ကြည်သော(သို့မဟုတ်)တည်ကြည်ကြောင်းဖြစ်သောတရားသည်သမ္မာ သမာဓိ မည်၏။

အထူး မှတ်သားချက်

ဤဗောဓိပက္ခိယသင်္ဂဟ၌ သတိပဋ္ဌာန်လေးပါး၌ သတိစေတသိက်တခု, သမ္မပ္ပဓာန်လေးပါး၌ ဝီရိယစေတသိက်တခုကို အရကောက်လေ။

ဗောဓိပက္ခိယ သင်္ဂဟ၌ တရားကိုယ် သဘော အားဖြင့် ၁၄-ပါး- ဆန္ဒ,စိတ်, တတြမဇ္ဈတ္တတာ, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, ပညာ, ဝိတက်, ဝီရိယ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သတိ, ဧကဂ္ဂတာ။

သရုပ်ကိစ္စ အားဖြင့် ၃၇-ပါး- သတိပဋ္ဌာန်း-၄၊ သမ္မပ္ပဓာန်-၄၊ ဣဒ္ဓိပါဒ်-၄၊ ဣန္ဒြေ-၅၊ ဗိုလ်-၅၊ ဗောဇ္ဈင်-၇၊ မဂ္ဂင်-၈။

မှတ်ချက်။ ။ပဿဒ္ဓိ၌ ကာယ ပဿဒ္ဓိ, စိတ္တ ပဿဒ္ဓိ နှစ်မျိုးရှိရာ သာမန်အနေ အားဖြင့် တခုတည်း ပေါင်းယူ၏။

ဌာန ဝေဘန်ချက်

တဌာန တရား ၉-ပါး-ဝိတက်, ပဿဒ္ဓိ, ပီတိ, တတြမဇ္ဈတ္တတာ ဆန္ဒ,စိတ်,သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ။

ကိုးဌာန တရား ၁-ပါး-ဝီရိယ (သမ္မပ္ပဓာန် ၄-ဌာန, ဣဒ္ဓိပါဒ်, ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်)။

ရှစ်ဌာန တရား ၁-ပါး-သတိ (သတိပဋ္ဌာန် ၄-ဌာန, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်)။

ငါးဌာန တရား ၁-ပါး-ပညာ, (ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်)။

လေးဌာန တရား ၁-ပါး-သမာဓိ, (ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်)။

နှစ်ဌာ နတရား ၁-ပါး-သဒ္ဓါ, (ဣန္ဒြေ, ဗိုလ်)။

ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် လောကုတ္တရာ စိတ်မှာ ဖြစ်ကြကုန်၏၊ သို့ပေမဲ့ဝိတက်,ပီတိတို့ကား အချို့လောကုတ္တရာစိတ်မှာ မဖြစ်ကြပါ(ဘဲ့ကြောင့် ဆိုသော်-ဝိတက်၏ ဒုတိယစျာန်စသော လောကုတ္တရာစိတ်မှာ ပီတိ၏ စတုတ္ထ ပဉ္စမ,လောကုတ္တရာ စိတ်မှာ ဘာဝနာ အားမရှိ၍ မဖြစ်သင့်သောကြောင့် ပေတည်း၊ လောကီကုသိုလ်, ကြိယာ, တို့၌မူကား ကိစ္စအားလျော်စွာ သီလ စသော ဝိသုဒ္ဓိ ၆-ပါး ဖြစ်ရာ အခါမှာ ဗောဓိပက္ခိယတရား အချို့ဖြစ်ကြ၏။

လောကီယေဝ။ ။သီလကို သုတ်သင်ခြင်း စသည်၏ အစွမ်း အားဖြင့် ဖြစ်သော ကာမာဝစရ ကုသိုလ် အစ ရှိသော လောကီ ကုသိုလ် စိတ္တုပ္ပါဒ်, ကြိယာ စိတ္တုပ္ပါဒ်ကို လောကီ ယေဝ-ဟု ဆို၏။

ယထာဝယောဂံ။ ။သီလကို သုတ်သင်မှု, သမထ အားထုတ်မှု, နာမ်ရုပ်ကို သိမ်းဆည်းခြင်း စသော အမှုတို့၌ ယှဉ်သော ဝိရတ်သုံးခုတို့အား လျောက်ပတ်စွာ ဖြစ်သည်ကို ယထာ ယောဂံ-ဟု ဆို၏။

ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ။ ။သီလဝိသုဒ္ဓိ စသော ဝိသုဒ္ဓိ ၆-ပါး အစဉ် အားဖြင့်ဖြစ်သောအခါကိုဆိုလို၏၊ထိုစကား ရပ်ဖြင့် မျက်မှောက် လောကမှာ မဂ်, ဖိုလ် တည်စေ ဘို့ရန် ရည်ရွယ် မှန်းထားလျက် ဖြည့်ကျင့် အပ်သော စတုပါရိသုဒ္ဓိ သီလ၌ ပါသော သဒ္ဓါ,သတိ-စသော စေတသိက်, မဂ်၏ အခြေခံအကျိုးငှါ ဖြစ်စေအပ် သော မဟဂ္ဂုတ်ဈာန်တို့၌လည်း ပါသော သဒ္ဓါ,သတိ-စသော စေတ သိက်တို့ကို ဗောဓိပက္ခိယ၌ ရေတွက်အပ်ကုန်၏။

ဗောဇ္ဈင်္ဂသံယုတ်၌–

ကုသလာ(ဣ)ဓ ဤသို့ ပွါးများအပ်သော ဣန္ဒြိယ သံဝရသီလသည် သုစရိုက်တရား သုံးပါးတို့ကို ဖြည့်စေ၏၊ ဤသို့ ပွါးအပ်သော သုစရိုက်သုံးပါးတို့သည် သတိပဋ္ဌာန် လေးပါးကို ဖြည့်စေ၏၊ ဤသို့ ပွါးအပ်သော သတိပဋ္ဌာန် လေးပါး တို့သည် ဗောဇ္ဈင် ခုနစ်ပါးကို ဖြည့်စေ၏၊ ဤသို့ ပွါးအပ်သော ဗောဇ္ဈင် ခုနစ်ပါး သည် ဝိဇ္ဇာဝိမုတ္တိတို့ကိုဖြည့်စေကုန်၏-ဟု ဟောတော်မူအပ်၏။

အဋ္ဌကထာ၌လည်း–အားကောင်းသော ဝိပဿနာမဂ်ဖိုလ်တို့၌သာ ဗောဇ္ဈင်တို့ကို ထုတ်ရသည် မဟုတ်သေး၊ ဝိပဿနာအခြေ ကသိုဏ်း ဈာန်, အာနာပါနဈာန်, အသုဘဈာန်, ဗြဟ္မဝိဟာရဈာန် တို့၌လည်း ဗောဇ္ဈင်တို့ကို ထုတ်ဆောင်အပ်ကုန်၏ဟု မိန့်၏။

ဗောဓိပက္ခိယ သင်္ဂဟ ပြီး၏။

သဗ္ဗ သင်္ဂဟ အဖွင့်

ခန္ဓာ ငါးပါး

ခန္ဓာငါးပါး-ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာ ဏက္ခန္ဓာ။

အတိတ်ရုပ်, အနာဂတ်ရုပ် စသည်ဖြင့် ပြားသော ရုပ်တရားတို့၏ အပေါင်းသည် ရူပက္ခန္ဓာ မည်၏။ အတိတ်စသောအားဖြင့် ပြားသော

ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ်တို့၏ အပေါင်းသည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ မည်၏။

ရူပါနံ ခန္ဓော = ရူပက္ခန္ဓော = အတိတ် စသည်ဖြင့် ပြားသော ရုပ်တရားတို့၏ အပေါင်းအစု၊ ရူပနလက္ခဏာ တခုတည်းမှာ အစုပြု၍ ဉာဏ်ဖြင့် သိမ်းယူအပ်သော ရုပ်တရားများတည်း။

ဝေဒနာနံ ခန္ဓော = ဝေဒနာက္ခန္ဓော = ဝေဒယိတ လက္ခဏာ တခုတည်းမှာ။

သညာနံ ခန္ဓော=သညာက္ခန္ဓော=သဉ္ဇာနနလက္ခဏာ တခုတည်းမှာ အစုပြု၍ ဉာဏ်ဖြင့် သိမ်းဆည်း အပ်သော အတိတ်စသော အပြားဖြင့် ပြားသောဝေဒနာ,သညာတို့သည် ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ-မည်၏။

သင်္ခရောန္တီတိသင်္ခါရာ=ဖဿ, စေတနာ စသည်တို့သည် သင်္ခါရ မည်၏၊ ထိုဖဿ, စေတနာ-စသည်တို့သည် ၆-ပါးသော ဥပတ္တိဒွါရ, သုံးပါးသောကမ္မဒွါရ-တမျိုးမျိုးသောဒွါရမှာ တပေါင်းတည်း စုဝေး၍ တွေ့ထိခြင်း, စေ့ဆော်ခြင်း စသော မိမိကိစ္စတို့ဖြင့် ဒဿန, သဝန-စသော ဆက်ဆံသော ကိစ္စတို့ကိုရင်း, ကိုယ်နှုတ် နှလုံး၌ ဖြစ်သော အိပ်ခြင်း,ထိုင်ခြင်း, ထခြင်း, သွားခြင်း,ပြောခြင်း,ကြံခြင်း အစရှိသော အလုံးစုံသော ကိစ္စတို့ကိုရင်း ပြုကုန်၏၊စီရင်ကုန်၏။ သင်္ခါရာနံခန္ဓော-သင်္ခါရက္ခန္ဓော-အတိတ်ကာလ စသည်ဖြင့် ပြားသော ဖဿ,စေတနာ စသော သင်္ခါရတို့၏ အစုသည် သင်္ခါရက္ခန္ဓာ မည်၏။

သံယုတ်ပါဠိတော်၌-ဘိက္ခုတို့ အဘယ်အရာကို သင်္ခါရဆိုသလဲ? ဘိက္ခုတို့ သင်္ခတတရားတို့ကိုပြုပြင်တတ်သောကြောင့် သင်္ခါရဟုဆို၏၊ အဘယ်သင်္ခတ တရားကို ပြုပြင်သနည်း၊ ဣရိယာပုထ် ပြောင်းလွဲခြင်း စသည်၏အစွမ်းဖြင့်ဖြစ်သော ရုပ်သင်္ခတကို အိပ်ခြင်း,ထိုင်ခြင်းစသည်ဖြင့် ရုပ်အထူး ဖြစ်ပေါ် စေခြင်းငှါ ပြုပြင် ကုန်၏၊ ဝေဒနာသင်္ခတကို ဝေဒနာအကျိုးငှါ ပြုပြင်ကုန်၏၊ (ဝေဒနာသည် မျက်မှောက် တမလွန် ဟု နှစ်မျိုးရှိရာ မျက်မှောက် ဝေဒနာဟူသော သင်္ခတကို ပြုပြင်သူတို့သည် ဆန်းကြယ်သောဆေးရုပ်ကား ဓာတ်ပုံ အက,အဆို၊အသံ,အယော့-စသော ဝေဒနာ၏ အသိုင်းအဝိုင်းတွေကို ပြည့်စုံစေသဖြင့် ပြုပြင်ကြကုန်၏၊တမလွန် ဝေဒနာကိုပြုပြင်သူတို့သည် လူချမ်းသာ,နတ်ချမ်းသာ ခံစားရမှုကို တောင့်တ၍ အလှူပေး သီလဆောင့်ခြင်း စသည်ကို ပြည့်စုံ

စေသည့်၏ အစွမ်းဖြင့် ပြုပြင်ကြကုန်၏) သညာ-ဟူသော သဝ်တကို သညာအကျိုးငှါ ပြုပြင်ကုန်၏၊ သင်္ခါရ-ဟူသော သဝ်တကို သင်္ခါရ အကျိုးငှါ ပြုပြင်ကုန်၏၊ ဝိညာဏ်-ဟူသောသဝ်တကို ဝိညာဏ်အကျိုး ငှါ ပြုပြင်ကုန်၏၊ဘိက္ခုတို့ ဤကဲ့သို့ သင်တကိုပြုပြင်တတ်သောကြောင့် သင်္ခါရဟု ဆိုအပ်ကုန်၏။

စောဒနာချက်......သင်္ခါရတို့၌ နာမည်ကြီးသော စေတနာ စသည့်, ဝိတက်စသည့်,လောဘစသည့်,သဒ္ဓါ သတိ ပညာစသည်တို့ကို အသီး အခြား ခန္ဓာအဖြစ်ဖြင့်မဆိုဘဲ ဘယ့်ကြောင့် ဝေဒနာ,သညာတို့ကိုသာ ခန္ဓာအဖြစ်ဖြင့် ဟောတော်မူအပ်ပါသနည်း။

ဖြေဆိုချက်......ဗုဒ္ဓမြတ်စွာသည် နာမ်ရုပ်တို့၌ လက္ခဏာ သုံးပါး တင်၍ နိစ္စဝိပလ္လာသ, သုခဝိပလ္လာသ, အတ္တဝိပလ္လာသတို့ကို ပယ်ဖို့ရန် အားထုတ်သောနတ်လူတို့သည် ဝေဖန်ခြင်းကိုမပြုပါက ဝေဒနာ,သညာ တရားတို့၌ ပင်ပန်းကြလိမ့်မည်ဟု သိတော်မူသောကြောင့် နာမ်တရား များတွင် ထို ဝေဒနာ,သညာတို့ကို အသီးထုတ်၍ ခန္ဓာတခုတခု ပြုကာ ဟောတော်မူလေသည်။

ရှုဦးအံ့......ငါးတို့ မည်သည် ရေရှိက မပျင်းကြ၊ ပျားပိတုန်းတို့ မည်သည် ပန်းဝတ်ရည် သီးဝတ်ရည် ရသော တော၌ မပျင်းကြ၊ မရ သော်သာ ပျင်းကြသည်၊ထို့အတူ ဤသတ္တဝါတို့အား ချမ်းသာဟု သမုတ် အပ်သော ကိုးစားရာတွင် ဝေဒနာနှင့်တူသော ကိုးစားရာမရှိ၊ လူ စည်းစိမ်,နတ်စည်းစိမ်,ဗြဟ္မာစည်းစိမ်တို့ကို သာယာသည်ဆိုသည်မှာ ချမ်းသာကို ခံစားခြင်းငှါသာ သာယာကုန်၏၊ လူစည်းစိမ် စသည်ကို ကြည့်ဖယ်၍ လိုအပ်တိုင်းသော ချမ်းသာခံစားမှု တမျိုးမျိုးရနေပါက မည်သူသည် ထိုစည်းစိမ်တို့ကို သာယာနေပါတော့အံ့နည်း။ထိုကဲ့သို့ပင် ဖဿ, စေတနာ-စသော ဝိတက်, ဝိစာရ, ဝီရိယ-စသော လောဘ, ဒေါသ-စသော သဒ္ဓါ,သတိ, ပညာ-စသော သင်္ခါရက္ခန္ဓာဟူသော တရားတို့ဖြင့် မျက်မှောက် တမလွန်ဖြစ်သော သဝ်တ တမျိုးမျိုးကို ပြုပြင်ကြရသည်မှာလည်း သုခကိုခံစားရန်အတွက်သာ ပြုပြင်ရကုန်၏၊ ထိုကဲ့သို့သော ပြုပြင်မှုနှင့်ကင်း၍ လိုအပ်သော သုခကို ရနေပါက ထိုတရားတို့ မလိုတော့သည်ဖြစ်၍ မည်သူမှ ပြုပြင်တော့မည် မဟုတ် တော့ပါပေ၊ ဤသို့ သုခဟုအမှတ်ပြုအပ်သော တရားများတွင် ဝေဒနာ

မည်သည်ကား သတ္တဝါတို့၏ အထွတ် အထိပ်ရောက် သုခ-ဟု အမှတ် ပြုအပ်သောဌာနကြီးပေတည်း၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဝေဒနာကို ခန္ဓာတရ သီးခြားပြု၍ ဟောတော်မူ၏။

ထို့အတူ သတ္တဝါတို့အား အတ္တ-ဟု အမှတ်ပြုအပ်သော ကိုးကွယ် ရာ များတွင် သညာ နှင့် တူသော ကိုးကွယ်ရာ မရှိ၊ မှန်၏-ထိုထို သတ္တနိကာယ်၌ ဖြစ်သော ထိုထို သတ္တဝါ တို့သည် မိမိမိမိ၏ အရာမှာ သိထိုက်စရာမှန်သမျှကို သညာဖြင့်သိ၍ လူလိမ္မာ,လူတတ်ကြီးအဖြစ်သို့ ရောက်ကြကုန်၏၊ လူလိမ္မာ, လူတတ်ကြီး အဖြစ်သို့ ရောက်၍လည်း သူများ သိသလောက်တော့ ငါ့ လည်း သိပါ၏ဟု လောက၌ ဉာဏ်ဟု ထင်မှတ်ရလောက်အောင် ဖြစ်နေသော သညာကို အမြတ်တနိုးပြုကာ လှည့်လည်ကြကုန်၏၊ဤသို့ အတ္တ-ဟု သမုတ်အပ်သော တရားများတွင် သညာမည်သည် သတ္တဝါတို့မှာ လွန်ကဲသောအဖြစ်သို့ ရောက်သော အတ္တ-ဟု အမှတ်ပြုအပ်သော ဌာနပေတည်း။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သည် သညာကို ခန္ဓာတရ သီးခြားပြု၍ ဟောတော်မူ၏။

စိတ်ကိုခန္ဓာသီးခြားပြု၍ ဟောတော်မူခြင်း

စိတ်ကို ခန္ဓာ သီးခြားပြု၍ ဟောတော် မူခြင်းမှာ-သတ္တဝါ တို့အား နိစ္စ-ဟု အမှတ်ပြုအပ်သော ကိုးကွယ်ရာတွင် စိတ်နှင့်တူသော ကိုးကွယ် ရာမည်သည်မရှိ၊ မှန်၏-သတ္တဝါတို့သည် သုခ,ဒုက္ခ မည်သည်ကား မြဲသော သဘောမရှိ၊ သုခရှိသူမှာ ဒုက္ခမရှိ၊ ဒုက္ခရှိသူမှာ သုခမရှိဟူ၍ ၎င်း၊ သညာမည်သည် မြဲသော သဘောမရှိ၊ တခါတလေ ပျောက်၏၊ တခါတလေ မပျောက်-မှတ်မိ၏ဟူ၍၎င်း၊ လောဘ, ဒေါသတို့လည်း ထိုနည်းတူ အမြဲမရှိ၊ တခါတလေ ဖြစ်၏၊ တခါတလေ မဖြစ်ဟူ၍၎င်း ဤသို့ စသည်ဖြင့် စေတသိက် တရားတို့၏ အနိစ္စ အဖြစ်သည် အချို့ လောကီလူသားတို့အား ထင်ရှား၏၊ သို့ပေမဲ့ စိတ်၏ အနိစ္စအဖြစ်ကား မထင်ရှား၊ သတ္တဝါတို့ကား စိတ်ကို အနိစ္စဟုပင်မထင်၊တခါတရံဖြစ်၏၊ တခါတရံ မဖြစ်ဟုလည်း မယူကြကုန်၊ အမှန်မှာ စိတ်သည် အမြဲ မပြတ် ဖြစ်၍ တခါတရံ သုခ နှင့် ယှဉ်၏၊ တခါတရံ ဒုက္ခ နှင့် ယှဉ်၏၊ ဤသို့ စသည်ဖြင့် စိတ်မှာ နိစ္စသညာသာ ဖြစ်ကုန်၏၊ ဤသို့ စိတ်မည်သည် နိစ္စ-ဟု မှတ်အပ်သော တရားများတွင် အထွတ်အထိပ်ရောက် နိစ္စသညာ

ဖြစ်ရာဌာနပေတည်း၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် စိတ်ကို ခန္ဓာတပါး သီးခြားပြု၍ ဟောတော်မူ၏။

ဋီကာကျော်၌ – ရူပက္ခန္ဓာကား ခွက်၊ ဝေဒနာကား စားဖွယ် သောက်ဖွယ်၊ သညာကား ဟင်းလျာ၊သင်္ခါရကား စဖိုသည်၊ဝိညာဏ် ကား စားသူ။ဤသို့အားဖြင့် ခန္ဓာငါးပါး ဟောအပ်၏ဟုဥင်း, ဒေသနာ စဉ်၌လည်း ဤသည်ကား အကြောင်းပေတည်းဟုဥင်း မိန့်ဆို၏။

ဥပါဒါနက္ခန္ဓာငါးပါး

ဥပါဒါနာနံ ဂေါစရာ ခန္ဓာ= ဥပါဒါနက္ခန္ဓာ= ဥပါဒါန်တို့၏ အာရုံ ဖြစ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏။ သဘာဝဓမ္မကို သိမ်းယူ သည်၏အစွမ်းဖြင့် သာသဝ,အနာသဝ တရားနှစ်မျိုးကို ပဉ္စက္ခန္ဓာဟု ဟောတော် မူ၏။ ဝိပဿနာ အာရုံကို သိမ်းယူ သည်၏ အစွမ်းဖြင့် သာသဝသာ ဖြစ်သော တရားတို့ကို ပဉ္စုပါဒါနက္ခန္ဓာ-ဟု ဟောတော် မူ၏။

အာယတနတဆယ့်နှစ်ပါး

အာယတန တဆယ့်နှစ်ပါးကား-စက္ခု, သောတ, ဃာန,ဇိဝှါ, ကာယ,ရူပ, သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,မန,ဓမ္မာယတန။

အာယတန။ ။အာယတန္တိ ဘုသံ ဥဿဟန္တာဝိယ ဟောန္တိတိ အာယတနာနိ = မိမိ အကျိုး ဖြစ်ပေါ် လာဘို့ရန် ပြင်းပြင်းထန်ထန် အားထုတ်သကဲ့သို့ဖြစ်သောတရားသည် အာယတန မည်၏၊ အာယတနသဒ္ဒါသည် အဇ္ဈတ္တဖြစ်သော ဒွါရဓမ္မခြောက်မျိုးမှာ ဖြစ်မူ သဉ္ဇာတိဒေသအနက်,နိဝါသဋ္ဌာနအနက်,အာကရအနက်ကြောင့် ဖြစ်၏၊ ဗာဟိရဖြစ်သော အာရုံတရားမှာဖြစ်မူ သမောသရဏ အနက် ကြောင့် ဖြစ်၏၊ အဇ္ဈတ္တ,ဗာဟိဒ္ဓနှစ်ပါးစုံ၌ကား ကာရဏအနက်ကြောင့် ဖြစ်၏။

သဉ္ဇာတိဒေသ,နိဝါသဋ္ဌာန,အာကရ ရ အနက်သုံးမျိုး

ထိုတွင် စိတ်စေတသိက်တရားတို့သည် တခုသောဘဝမှာသော်၎င်း အစမထင် သံသရာမှာသော်၎င်း တပြောင်းပြန်ပြန် အတူ တကွဖြစ်ရ ကုန်သော် စက္ခုစသော ခြောက်ဒွါရအရပ်တို့၌သာဖြစ်ကုန်၏၊တပါးမှာ

မဖြစ်ကုန်၊ အစဉ့်ဖွဲ့သည်၏အစွမ်းအားဖြင့် နေကုန်သော်လည်း ခြောက်ခွါရ အရပ်တို့မှာသာ နေကုန်၏၊ တပါးမှာ မနေကုန်၊ လောင်းထည့်၍ထားသကဲ့သို့ဖြစ်ကုန်သော်လည်း ခြောက်ခွါရအရပ်မှာသာဖြစ်ကုန်၏၊ ဤကဲ့သို့ စက္ခု စသော ခြောက်ပါးတို့သည် တပေါင်းတည်း ဖြစ်ရာ ဟူသော အနက်ကြောင့်၎င်း, အမြဲနေရာဟူသော အနက်ကြောင့်၎င်း အာယတနမည်ကုန်၏။ ဒေဝါယတန-ဟူရာ၌ကဲ့သို့ တည်ရာ ဟူသော အနက်ကြောင့်လည်း အာယတနမည်၏ဟု ဆိုနိုင်လေသည်။

သမောသရဏာအနက်

အပွင့်အသီးပြည့်စုံသော ဘေးမဲ့သစ်ပင်ကြီးမှာ ငှက်မျိုးစုံတို့သည် နားခြင်း,စားခြင်း အကျိုးငှါ ကောင်းစွာ စုဝေးပေါင်းဆုံ ကုန်သကဲ့သို့ ရူပါရုံ စသော ခြောက်ဌာန တို့မှာ သဏ္ဌာဝါ ထိုထို၌ စိတ်စေတသိက်တို့သည် အာရုံပြုရန် အကျိုးငှါ အမြဲ စုဝေးကြကုန်၏၊ ဤသို့ ရူပါရုံ စသော ခြောက်ပါးတို့သည် ကောင်းစွာ စုဝေးရာ-ဟူသော အနက်ကြောင့် အာယတနမည်ကုန်၏။ .

အဈတ္တ, ဗဟိဒ္ဓ-ဖြစ်သော စက္ခု စသော တဆဲ့နှစ်ပါး တို့သည် ထိုစိတ်စေတသိက်တို့၏အကြောင်းဖြစ်သောအနက်ကြောင့် အာယတနမည်ကုန်၏။ စက္ခု စ တံ အာယတနဉ္စာတိ စက္ခာယတနံ-စက္ခုလည်းဖြစ်,အာယတနလည်း ဖြစ်သောကြောင့် စက္ခာယတနမည်၏၊သောတာယတန-စသည်တို့မှာလည်း နည်းတူသိလေ။

စက္ခု,သောတ-စသည်ဆိုရခြင်း

စက္ခု, သောတ-တို့သည် သဏ္ဌာဝါ တို့၏ ကြီးငယ်း တိုးတက်မှု၌ ကျေးဇူးများသောကြောင့်၎င်း, ကာမတဏှာ,ရူပတဏှာ၌ ပျံ့နှံ့သောကြောင့်၎င်း ထင်ရှားကုန်သည်ဖြစ်၍ ၎င်းတို့ကို အစ၌ ဆိုအပ်ကုန်၏။ ဃာနကား စက္ခု,သောတတို့နှင့် နီးသောကြောင့် ၎င်းတို့၏ အခြားမဲ့၌ ဃာနကို၊ ထို့နောင် ဇိဝှါကို ဆိုအပ်၏။ ဤစက္ခု, သောတ, ဃာန,ဇိဝှါ တို့ကား ပဒေသ (ခန္ဓာ ကိုယ်၏ အစိတ် အပိုင်း တခုမှာ ဖြစ်သော) အာယတန တို့တည်း။ ထို့နောင် တကိုယ်လုံးနှံ့၍ တည်သော ကာယာယတနကို၊ ထို့နောင် ထိုအာယတနတို့၏ ကျက်စားရာ အာရုံကို ယူတတ်သော

မနာယတနကို ဆိုအပ်၏၊ ရူပါယတနစသော ကြွင်းအာယတနခြောက် ပါးကား စက္ခုစသော အထက်ပါ အာယတန ခြောက်ပါးတို့၏ အာရုံ ဖြစ်သောကြောင့် ထိုအာရမဏိက အာယတနတို့၏ အစဉ်အားဖြင့် ဆိုအပ်ကုန်၏။

ဓာတ်တဆယ့်ရှစ်ပါး

ဓာတ် ၁၈-ပါး၊ စက္ခု, သောတ, ဃာန, ဇိဝှါ,ကာယ,ရူပ,သဒ္ဒ,ဂန္ဓ,ရသ, ဖေါဋ္ဌဗ္ဗ, စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်,မနောဓာတ်, ဓမ္မဓာတ်, မနောဝိညာဏဓာတ်။

ဓာတ်။ ။အတ္တနော သဘာဝံ ဓာရေန္တီတိဓာတု=တစုံတယောက် သော ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ပြဟ္မာ၏ အလို အတိုင်း မဖြစ်မူ၍ မိမိ၏သဘောကို ဆောင်တတ်သောကြောင့် ဓာတ်မည်၏။ (တနည်း)ဓာရိယန္တီတိ ဓာတု=သိးခြား မှတ်သား အပ်သော သဘော ဖြစ်သောကြောင့် သဘောအားလျော်စွာ ပိုင်းခြား မှတ်သားအပ်သည် ဖြစ်၍ ဓာတ်မည်၏။ (တနည်း) သတ္တမဟုတ် ဇီဝမဟုတ်သောကြောင့် လည်း ဓာတ်မည်၏။ သတ္တမဟုတ်ဟူရာမှာ သတ္တာကာရဘာဝ=သတ္တ ဝါ အခြင်းအရာမှ ဆိတ်မှု,သတ္တကိစ္စာဘာဝ=သတ္တဝါကိစ္စမှ ဆိတ်မှုဟု နှစ်မျိုးရှိရာ၊ အသက်နှင့် ယှဉ်ခြင်းကား သတ္တာကာရမည်၏၊အားထုတ် ခြင်း,ကြောင့်ကြစိုက်ခြင်းကား သတ္တကိစ္စမည်၏။ ဇီဝ မဟုတ်ဟူရာမှာ ဘဝတခုမှာ မသေသေးသမျှကာလပတ်လုံး (သို့မဟုတ်) ဘဝ အဆက် ဆက်မှာ သံသရာ မဆုံးသမျှ ကာလပတ်လုံး မပျက်မစီး မပြတ်မစဲ တခုတည်းဘဲ ဖြစ်၏ဟု ယူအပ်သော ဇီဝ၏ မရှိခြင်းကို ဆိုလို၏။ စက္ခု စသည်တို့သည် အချင်းခပ်သိမ်း သတ္တာကာရ=သတ္တကိစ္စမှ ကင်းကုန် ၏၊ မိမိတို့ကိုယ်တိုင်လည်း ဇီဝမမည်ကုန်၊ ဇီဝနှင့်လည်း မယှဉ်ကုန်၊ ဤသို့ ကတ္တမဟုတ်,ဇီဝမဟုတ်သော အနက်ကြောင့် ဓာတ်မည်ကုန်၏။

ရှုံ့ခြင်းအရာအဥ္ဆကာသဒိမ့ံ

စည်မျက်နှာပြင်ကဲ့သို့ စက္ခုဓာတ်၊ ရိုက်သော လက်ခတ်ဒုတ်ကဲ့သို့ ရူပဓာတ်၊ ထွက်တော အသံကဲ့သို့ စက္ခုဝိညာဏဓာတ်ကို ရှုအပ်၏။ (တနည်း) ကြေးမုံ အပြင်ကဲ့သို့ စက္ခုဓာတ်၊ မျက်နှာကဲ့သို့ ရူပဓာတ်၊ မျက်နှာရိပ်ကဲ့သို့ စက္ခုဝိညာဏဓာတ်ကို ရှုအပ်၏။

သောတဝိညာဏ်စသောဓာတ်တို့၌လည်း နည်းတူသိ၊ မနောဓာတ်ကိုကား ဖြစ်သင့်သလို စက္ခုဝိညာဏဓာတ်စသည်တို့၏ ရှေ့သွား နောက်လိုက်ကဲ့သို့ မှတ်အပ်၏။

ဓမ္မဓာတ်တွင် ဝေဒနာက္ခန္ဓာကား ဩဇာ (သို့မဟုတ်) တံကျင်ကဲ့သို့ ရှုအပ်၏၊ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တို့ကို ဝေဒနာ ဟူသော ဩဇာ တံကျင်စူးခံရသောသူနာကဲ့ ရှုအပ်ကုန်၏၊(တနည်း)ပုထုဇဉ်တို့ အမှတ်သညာသည် တောင့်တမှုအာသာ ဆင်းရဲကို ဖြစ်စေတတ်သောကြောင့် အချည်းစည်းသော လက်ဆုပ်ကဲ့သို့ မမှန်သောနိမိတ်ကို ယူသောကြောင့် တံလျှပ်ကိုရေထင်သော တောသမင်ကဲ့သို့ရင်း ရှုအပ်၏။ သင်္ခါရတို့မှုကား ပဋိသန္ဓေ၌ပစ်ချတတ်သောကြောင့် မီးကျီးတွင်းတွင် ပစ်ချတတ်သောသူကဲ့သို့ ရှုအပ်၏၊ ဇာတိဒုက္ခကို အစဉ်တကိုက်လိုက်စေတတ်သောကြောင့်လည်း ရဲပုလိပ်လိုက်သော သူခိုးကဲ့သို့ ရှုအပ်၏။ ထို့ပြင်အကျိုးမရှိသော ခန္ဓာအစဉ်ကို ဆောင်တတ်သောကြောင့်လည်း အဆိပ်သီးပင်ကဲ့သို့ရှုအပ်၏၊ရုပ်များကို ဘေးအမျိုးမျိုး၏ အကြောင်းဖြစ်၍ သင်တုန်းစက်ကဲ့သို့ ရှုအပ်၏၊ အသင်္ခတဓာတ်ကို အကျိုးမဲ့၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် မသေရာ ငြိမ်းအေးရာ ဘေးကင်းရာ အားဖြင့် ရှုအပ်၏။ မနောဝိညာဏဓာတ်ကို အာရုံယူခဲ့မြဲမှုမရှိ၍ တောမျောက်ကဲ့သို့ ရှုအပ်၏၊ ဆုံးမခက်ခဲသောကြောင့် မြင်းကြမ်း, ကာမဂုဏ် အမျိုးမျိုးမှာ ကျတတ်သောကြောင့် အထက်သို့ ပစ်မြှောက်သောဒုတ်, လောဘ,ဒေါသစသော ညစ်နွမ်းမှု အတွေတွေ နှင့် ယှဉ်သောကြောင့် ကချေသည်ကဲ့သို့ ရှုအပ်၏။

သစ္စာ ၄–ပါး

သစ္စာလေးပါး–ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာ။

သစ္စာ။ ။သန္တ သဘာဝေါ သစ္စံ=မဖေါက်မပြန်မှန်သော ကရေး၏ အဖြစ်သည် သစ္စာ မည်၏၊ (တနည်း) မှန်ကန်သောအနက်, မချွတ် မယွင်းသော အနက်, တမျိုး ကမည် ပြောင်းလဲ မသွားသော အနက်သည် သစ္စာပေတည်း။

မှန်၏–စက္ခု၏ ဒုက္ခအဖြစ်သည် မှန်ကန်၏၊ ချွတ်ယွင်းမှုမရှိ၊ ကမျိုး ကမည်ပြောင်း၍ မသွား၊ ဘယ့်ကြောင့်ဆိုသော် ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ,

ဝိပရိဏာမ ဒုက္ခတို့ဖြင့် စက္ကူရှိသူကို အမြဲ နှိပ်စက်လေသောကြောင့် ပေတည်း။

မှတ်ချက်။ ။သင်္ခါရဒုက္ခဆိုသည်ကား ကမ္မဇရုပ်ဖြစ်ဘို့ရန် ကြိုးတင်၍ ထိုထိုကံကို ပြုလုပ်ရသော ဆင်းရဲ၊ ဥတုဇရုပ်စသည်ဖြစ်ဘို့ရန် ကြိုးတင်၍ ထိုထိုဥတု၊စိတ်၊အာဟာရတို့ကို ပြုပြင်ရသော ဆင်းရဲကိုဆိုလို၏။

စက္ခု၏သင်္ခါရဒုက္ခ

စက္ခု မည်သည်ကား သာမန်ပုဂ္ဂိုလ်ကို မဆိုထားဘိ ရူပဗြဟ္မာများ ပင်သော်လည်း ရှေးဘဝက ဈာန်ဘာဝနာဟု ဆိုအပ်သော ကံပြုပြင်မှု ဒုက္ခကို ခံစားသော်မှသာ ဖြစ်၏၊ ကာမသတ္တဝါတို့မှာမူကား ရှေးဘဝ ကံပြုပြင်မှု ဆင်းရဲကို ခံစားပြီးမှ ဖြစ်သော်လည်း တသက်လုံး ဖြစ်နေဘို့ရန် အာဟာရ ရှာဖွေရခြင်း စသော သင်္ခါရ ဒုက္ခ၊ ကျွေးမွေး ရခြင်း ဒုက္ခကို ခံစားသော်မှသာဖြစ်၏၊ ဖြစ်နေပြန်သော်လည်း ဗိတ်မချရသေး အကြောင်း ချို့တဲ့လို့ အန္တရာယ် တမျိုးမျိုး ဖြစ်လာပြန်က အချိန်မရွေး ပျက်ကတတ်၏၊ ဒီလိုမှ မပျက်ရင် သေသော အခါသို့ ရောက်က အမှန် ပျက်ရ တော့၏၊ သို့ဖြစ်၍ စက္ခုကို သာယာလျက် စက္ခု ဖြစ်ဘို့ရန် ကံကိုရင်း၊ အာဟာရ စသော အကြောင်းကိုရင်း၊ ကျွေးမွေး ရခြင်း ကိုရင်း ပြုပြင်ရသူတို့အား အစမထင် ဘဝသံသရာမှာ သင်္ခါရ ဒုက္ခ၏ အဆုံးမည်သည်မရှိပါချေ၊ ဤကဲ့သို့စက္ခုသည် မဆုံးနိုင်သောဆင်းရဲဖြင့် ပုဂ္ဂိုလ်ကို အမြဲ နှိပ်စက် နေ၏။ ဤသည်ကား စက္ခု၏ သင်္ခါရ ဒုက္ခ ပေတည်း။

စက္ခု၏ ဝိပရိဏာမ ဒုက္ခ

ဤစက္ခုမည်သည် အကြောင်းချို့တဲ့ခဲ့သော် (သို့မဟုတ်) အန္တရာယ် ကပ်ရောက် လာခဲ့သော် တချိန်ချိန်မှာ ပျက်စီးခြင်း သဘော ရှိ၏၊ ထို့ကြောင့် စက္ခု ပျက်စီးမှာ စိုးလို့ ကြိုတင်၍ မျက်စိ အတွက် အစား အသောက် ရှောင်ရခြင်း၊ သွေးသင်း ရှောင်ရခြင်း ဒုက္ခ၊ အစောင့် အရှောက်အကာအကွယ်မျက်မှန်တပ်ဆင်ရခြင်း ဒုက္ခ၊ မျက်စိပျက်သွားဘို့ရန် အရိပ်နိမိတ်ကို မြင်၍ရင်း၊ လက်တွေ့ပျက်ဆဲဖြစ်၍ရင်း၊ ပျက်စီး ပြီး၍ရင်း၊ ပိုးရိမ်ရ ငိုကြွေး ရခြင်း ဒုက္ခသည် ဝိပရိဏာမ ဒုက္ခ မည်၏၊

ဤသို့ စက္ခုသည် စက္ခုပိုင်ရှင်အား အပိုင်းအခြားနှင့် ပြောမပြနိုင်လောက်သောဝိပရိဏာမ ဒုက္ခဖြင့် နှိပ်စက်တတ်လေသည်။ဤဆိုအပ်ခဲ့ပြီးသည်ကား စက္ခု၏ ဝိပရိဏာမဒုက္ခပေတည်း။

စက္ခု၏ ဒုက္ခ ဒုက္ခ

စက္ခု၏ ဒုက္ခ ဒုက္ခ ဆိုသည်ကား – အထက်ပါ ဒုက္ခ နှစ်ပါးစုံနှင့် တပေါင်းတည်း ပြီးလေသည်၊ အသီးအခြား ရှာဖွယ်မလို။ ဤသို့ စက္ခုသည် ဒုက္ခ သုံးမျိုးဖြင့် ဒုက္ခနှင့် ပြည့်စုံသူကို အမြဲ မပြတ် နှိပ်စက်တတ် လေသည်။ စက္ခု၏ ယင်း နှိပ်စက် ခြင်းသည် မှန်ကန်၏၊ ချွတ်ယွင်းမှု မရှိ၊ တမျိုးတစားသို့လည်း ပြောင်း၍ မသွား၊ ထို့ကြောင့် စက္ခုသည် ဒုက္ခသစ္စာ (ဆင်းရဲ အမှန်) မည်၏၊ သောတစသော တောဘူမကတရေးတို့၌လည်း နည်းယူ၍ ခွဲကြပါလေ။

ကြွင်းသောသစ္စာ ၃-ပါး

လောဘ၏ သမုဒယ အဖြစ်၊ နိဗ္ဗာန်၏ ဒုက္ခ ချုပ်ငြိမ်းရာ အဖြစ်၊ အဋ္ဌင်္ဂိကမဂ်၏ ဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အဖြစ်၌ သစ္စာ မည်ပုံမှုကား–လောဘကို မပယ်ရ သေးသမျှ ကာလပတ်လုံး စက္ခုကို သာယာ၏၊ သောတ စသည်တို့ကို သာယာ၏၊ သာယာမှု၍ နေသမျှ ထိုစက္ခုစသည်တို့ ဖြစ်ပေါ်ဖို့ရန် ကံစသည်တို့ကိုပြုဖြင် ရကုန်၏။ ကံစသည်တို့ကို ပြုဖြင်နေရသမျှစက္ခုစသည် တို့သည် တဖြစ်လဲဖြစ်ကြကုန်၏၊ စက္ခု စသည်တို့ ဖြစ်နေသမျှ ကာလပတ်လုံး ဆိုအပ်ခဲ့သော သံသရာဒုက္ခစသည်တို့မှ မလွတ်သည်သာတည်း၊ ထို့ကြောင့်လောဘ၏ သမုဒယအဖြစ်သည်မှန်ကန်၏၊ ချွတ်ယွင်းမှုမရှိ၊ တမျိုးတစားသို့လည်း သဘောသွားပြောင်းမှု မရှိပါပေ။

စက္ခု စသည် ဖြစ်က ဆိုအပ်ခဲ့သော ဒုက္ခ အလုံးစုံသည် ရောက်လာ၏၊ မဖြစ်ပါက ဒုက္ခ အားလုံး ရောက် မလာပါပေ၊ ထို့ကြောင့် ထိုစက္ခုစသည်တို့၏ ဖြစ်ခြင်းချုပ်ရာ နိဗ္ဗာန်၏ ဒုက္ခချုပ်ရာအဖြစ်သည် မှန်ကန်သည်။ ဒုက္ခကင်းလိုသူမှာ လောဘကို ပယ်ခြင်းမှတပါး အခြား ဒုက္ခကင်းလွတ်ရာ လမ်းမည်သည့်မရှိ၊ ရှစ်ပါးသော အင်္ဂါရှိသော မဂ်

သည့် ဖြစ်ပေါ်လာသော စင်စစ် ထိုထိုသလာဘကို ပယ်စွန့်၏၊ ထို့ကြောင့် အဋ္ဌင်္ဂိကမဂ်၏ ဒုက္ခချုပ်ငြိမ်းကြောင်း မဂ်၏အဖြစ်သည် မှန်ကန်လေသည်၊ ချွတ်ယွင်းမှုမရှိ၊ တချို့တမည်ပြောင်းလွဲမှုလည်းမရှိပါလေ။

သစ္စာသဒ္ဒါသည် ပရိယာယ်သစ္စာမျိုးမှာလည်းဖြစ်၍ စတ္တာရိ အရိယသစ္စာနိ ဟု မိန့်တော်မူ၏။

ဒုက္ခသစ္စာ၌ သက္ကာယမှာ အကျုံးဝင်သော အဇ္ဈတ္တတရားတို့သည်သာ အရိယသစ္စာမည်၏။ မှန်၏–ထိုအဇ္ဈတ္တတရားတို့သည်သာ အတ္တဒိဋ္ဌိ၏တည်ရာဖြစ်သည်၊အတ္တဒိဋ္ဌိကို မသတ်ရသေးသမျှကာလပတ်လုံး ဒုက္ခ အလုပ် ဒုက္ခအမှု တွေကို ပြုကြရကုန်၏။ ဒုက္ခကို ပိုင်းခြား၍ သိ–ဆိုသည်မှာ– အကြင်မျှလောက် ကာလပတ်လုံး အပြတ်တိုက် ဘို့ရန် ဖြစ်၏၊ အတ္တဒိဋ္ဌိ သည်လည်း သက္ကာယ တရားတို့၌ သာလျှင် တည်ထောင်နေ၏၊ သို့ဖြစ်၍ သက္ကာယတရားတို့ကို ပိုင်းခြား၍သိပါက ပရိညာကိစ္စ ပြီးတော့သည်သာ ဖြစ်၏။

ဇာနနြှင့် မစပ်သောတရား, မဂ္ဂရှစ်ပါးကြဉ်သော ကြွင်းမဂ်တရား ဖိုလ်တရားတို့သည် ဖြစ်ခြင်းပျက်ခြင်း ဟူသော နှိပ်စက်မှု မကင်း၍ သင်္ခါရ ဒုက္ခ ဝိပရိဏာမ ဒုက္ခ တို့မှ မလွတ်သောကြောင့် ဒုက္ခသစ္စာ မည်၏၊ (ဒုက္ခအရိယသစ္စာမဟုတ်)။

သမုဒယသစ္စာ၌ လောဘ စေတသိက် တခုသည်သာ သမုဒယ သစ္စာမည်၏။ မှန်၏–လောဘသည် အတ္တနှင့် ပြည့်စုံသော သတ္တဝါတို့ကို အတ္တ၌ရင်း, အာရုံတရားတို့၌ရင်း, သာယာမှုကို ဖြစ်စေလျက် အမြဲတမ်း ဝဋ်ဆင်းရဲမှ မငြီးငွေ့အောင်ပြု၏၊ ထို့ကြောင့် သတ္တဝါတို့မှာ လောဘနှင့် တူသော တခြား တပါးသော ဆွေမျိုး, မိတ်ဆွေ, ရဲဖေါ်, အတ္တ,အတ္တပိုင် ဥစ္စာ မရှိသကဲ့သို့ထင်၏၊ သို့ဖြစ်၍ လောဘနှင့် တူညီသော တပါးသော ဝဋ်ဆင်းရဲကို စိမံခန့်ခွဲတတ်သောတရားမည်သည် မရှိ၊ လောဘကို စွန့်နိုင်စွမ်းပါက ဘယ်တရား ကိုမှ စွန့်ရန် မခက်ခဲတော့ပေ၊ လောဘမှ တပါး အာသဝ၏ အာရုံ ဖြစ်သော ကုသိုလ်, အကုသိုလ်တရားတို့သည် သမုဒယသစ္စာ မည်ကြလေသည်။ (သမုဒယ အရိယသစ္စာကား မဟုတ်ဟုမှတ်)။

အဝိဇ္ဇာကို သမုဒယသစ္စာဖွဲ့ဘို့

အဝိဇ္ဇာကိုလည်း ဝဋ်ဆင်းရဲ၏မူလအဖြစ်ဖြင့် ဆိုအပ်သောကြောင့် သမုဒယအရိယသစ္စာ၌ ဆိုထိုက်ပါသည်တဲ့၊ သို့ပါလျက် ဘယ့်ကြောင့် မဆိုပါသနည်း။

ဖြေဆိုချက်...... ဒေသနာနည်းသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်း၊ သစ္စဒေသနာနည်းဟု နှစ်မျိုးရှိရာ ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းမှာ ဒုက္ခ တရားတို့၏ ဖြစ်မှု၊နစ်မှုအစီအရင်၌ အဝိဇ္ဇာသည်သာ အစအဦးဖြစ်၍၊ ပြဓာန်း၏၊ သစ္စဒေသနာ၌ကား ထိုဒုက္ခတရားတို့ကို ဖြစ်စေတတ်သော အစီအရင်၌ တဏှာသည်သာလျှင် အရှင်ဖြစ်၏၊ အကြီးအမှူး ပဓာန ဖြစ်၏၊ ထို့ကြောင့် အဝိဇ္ဇာ၏ သမုဒယ အရိယသစ္စာအဖြစ်၌ အခွင့်မရှိ၊ သို့ဖြစ်၍ အဝိဇ္ဇာကို ဝဋ်ဆင်းရဲ၏မူလဖြစ်သော်လည်း သမုဒယ အရိယ သစ္စာ၌ မဆိုအပ်သတည်း။

နိရောဓသစ္စာ

ကိလေသာတို့၏ တဒင်္ဂချုပ်ခြင်း၊ဈာန်ဖြင့် ခွါထား၍ ချုပ်ခြင်းတို့ သည် နိရောဓသစ္စာမည်၏၊ နိရောဓအရိယသစ္စာ မဟုတ်သေး၊ နိဗ္ဗာန် သည်သာ နိရောဓအရိယသစ္စာမည်၏။

မဂ္ဂသစ္စာ

လောကီဝိသုဒ္ဓိ ခြောက်ပါးတို့၌ မဂ္ဂင်တို့သည် မဂ္ဂသစ္စာမည်၏၊ မဂ္ဂ အရိယသစ္စာမဟုတ်၊ အင်္ဂါ၈ပါးရှိသော လောကုတ္တရာ မဂ်သည် သာလျှင် မဂ္ဂအရိယသစ္စာမည်၏။

သစ္စာအနက် ၁၆-ချက်

ဒုက္ခသစ္စာ ၁-ပီဠနဋ္ဌ=နှိပ်စက်ခြင်း၊ ၂-သင်္ခတဋ္ဌ=အပြုအပြင် ခံရ ခြင်း၊ ၃-သန္တာပဋ္ဌ= ပူပန်ခြင်း၊ ၄-ဝိပရိဏာမဋ္ဌ= ဖေါက်ပြန်ခြင်း ဟူသောအနက် လေးပါးဖြင့် ဘုံသုံးပါး၌ဖြစ်သော တရား၏ဒုက္ခသစ္စာအဖြစ် ကို သိအပ်၏။ ထိုတွင် သင်္ခတဋ္ဌ ဝိပရိဏာမဋ္ဌကို သင်္ခါရဒုက္ခ ဝိပရိ ဏာမ ဒုက္ခ၌ ဆိုအပ်ခဲ့ပြီ။

ပီဠနဋ္ဌ။ ။ပီဠိတဗ္ဗန္တိ ပီဠနံ၊ပီဠေတိတိ ပီဠနံ ပီဠိယတေ ပီဠနံ=နှိပ် စက်အပ်သော (သို့မဟုတ်)နှိပ်စက် တတ်သောကြောင့် ပီဠနမည်၏၊(သို့မဟုတ်)နှိပ်စက်ခြင်းသည်ပင် ပီဠနမည်၏။ နှိပ်စက်အပ်

သောသဘောရှိသော တရားသည် ဝိဋ္ဌနဋ္ဌမည်၏။ စက္ခုစသော တရားတို့ကို အရှိခြင်း,သေခြင်း တရားတို့သည် အမြဲတမ်းနှိပ်စက်အပ်၏၊စက္ခုစသည်တို့က စက္ခုစသည် ရှိသူကိုပြုပြင်ရမှု,စောင့်ရှောက်ရမှု,ဆင်းရဲတို့ဖြင့် အမြဲနှိပ်စက်၏၊ပုဂ္ဂိုလ်၏သန္တာန်မှာ စက္ခုဖြစ်လာခြင်းသည်ပင် စက္ခုက ပုဂ္ဂိုလ်အား နှိပ်စက်မှုပေတည်း။

> ယော ဘိက္ခဝေ စက္ခုဿ ဥပ္ပါဒေါ ဌိတိ အဘိနိဗ္ဗတ္တိ ပါတုဘာဝေါ၊ ဒုက္ခဿေသော ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ ဇရာမရဏဿ ပါတုဘာဝေါ၊ ယော ဘိက္ခဝေ သောတဿ ဃာနဿ ဇိဝှါယ ကာယဿ မနဿ ဥပ္ပါဒေါ-

စသည်ဖြင့် ဟောတော်မူ၏။

ဘိက္ခုတို့-စက္ခု ဖြစ်ပေါ်လာတာဟာ ဒုက္ခ ဖြစ်ပေါ်လာတာဘဲ၊ ရောဂါဖြစ်ပေါ်လာတာဘဲ၊ သောတ,ဃာန,ဇိဝှါ, ကာယ,မန ဖြစ်ပေါ်လာတာ သင်တို့မှာ ဒုက္ခ ဖြစ်ပေါ်လာတာပါဘဲ။

ဥပမာ......ဆင်းရဲသူမ၏ ဝမ်းမှာ သားလာဖြစ်ရတယ် ဆိုပါတော့၊ သားကလဲ ရောဂါအလွန် ထူတဲ့သားကိုး၊ကျွေးမွေးပြုစုရတဲ့ဆင်းရဲဖြင့် အမေကို အမြဲနှိပ်စက်နေ၏၊ ဆင်းရဲသူမ၏ဝမ်းမှာ ရောဂါထူတဲ့သား ဖြစ်ပေါ်လာခြင်းသည် ဆင်းရဲသူမမှာ အနှိပ်စက်ခံရဘို့ ဖြစ်လာမှုပေတည်း၊ ထို့အတူ စက္ခုစသော တရားကို ဇရာမရဏတို့က နှိပ်စက်၏၊ စက္ခုစသည်တို့က ထိုစက္ခုစသည်နှင့် ပြည့်စုံသူကို ပြုစုစောင့်ရှောက်ရခြင်း ဒုက္ခတို့ဖြင့် နှိပ်စက်ပြန်၏၊ စက္ခု ဖြစ်လာမှုသည်ပင် စက္ခုနှင့် ပြည့်စုံသူမှာ အနှိပ်စက်ခံရဘို့ ဖြစ်လာ၏။

သင်္ခတဋ္ဌ။ ။ရောဂစသော မီးတဆဲ့တပါးတို့ဖြင့် ပြင်းထန်စွာ လောင်မြှိုက်ခြင်းသည် သန္တာပဋ္ဌမည်၏။

> စက္ခုံ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ရာဂဂ္ဂိနာ အာဒိတ္တံ၊ ဒေါသဂ္ဂိနာ၊ မောဟဂ္ဂိနာ၊ ဇာတိယာ၊ ဇရာယ၊ မရဏေန၊ သောကေန၊ ပရိဒေဝေန၊ ဒုက္ခေန၊ ဒေါမနဿေန၊ ဥပါယာသေန အာဒိတ္တန္တိ ဝဒါမိ၊ သောတံ အာဒိတ္တံ၊ ဃာနံ အာဒိတ္တံ၊ ဇိဝှါ အာဒိတ္တာ၊ ကာယော အာဒိတ္တော၊ မနော အာဒိတ္တော-

ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

စကျွကို လောင်မြိုက်အပ်၏၊ အဘယ်သည် လောင်မြိုက်အပ်သနည်း။ ရာဂမီး,ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးသည် လောင်မြိုက်အပ်၏၊ သောတစသည် နည်းတူသိ။

အရိယမဂ်ကောတဲ့

အရိယမဂ်သည်လည်း ရှည်ကြာစွာ ပါရမီဖြည့်ကျင့်ရခြင်း ဒုက္ခဖြင့်ရှင်း, နောက်ဆုံးဘဝမှာ သီလဝိသုဒ္ဓိ စသည်ကို ပွါးများ ပြုဖြင့်ရမှု ဒုက္ခဖြင့်ရှင်း ပုဂ္ဂိုလ်ကို ပြင်းပြင်းထန်ထန် နှိပ်စက်သည်သာ ဖြစ်၏၊ ဖေါက်ပြန်ခြင်း ဝိပရိဏာမ တရားသည်လည်း နှိပ်စက်၏၊ ထို့ကြောင့် အရိယမဂ်ကိုလည်း ဝိဋ္ဌနစသော အနက်အားဖြင့် ဒုက္ခသစ္စာ၌ ပေါင်းယူမှု ဖြစ်သင့်ရာသလော။

ဤသို့ကား မဖြစ်သင့်ပါပေ၊ ဘယ့်ကြောင့်ဆိုသော်......အရိယမဂ်သည် ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်ကို ရှက်ဆောင်သောကြောင့် ပေတည်း၊ မှန်၏–ထိုအရိယမဂ်သည် ဆိုအပ်ခဲ့သော ပြုပြင်မှုဆင်းရဲကို ဖြည့်စုံစွာ ခံစားနေရသော ပုဂ္ဂိုလ်သန္တာန်မှာ ကကြိမ်မျှဖြစ်ရသော် ကိလေသာအားလုံးကို ကုန်စေလျက်ဖြစ်၏၊ချုပ်ပြန်သော်လည်း အနာဂတ်ကာလ အစမထင်သံသရာမှာ ဆင်းရဲအားလုံးကို ငြိမ်းစေလျက်ချုပ်၏၊ငြိမ်းစေအပ်ပြီးသော အနာဂတ်ဆင်းရဲကိုထောက်၍ ဆိုအပ်ပြီးသော ပြုပြင်မှုဆင်းရဲသည် စာမဖွဲ့လောက်သည်သာဖြစ်၏၊ ပျက်စီး သွားပြန်သော်လည်း အတုမရှိ ဝိမုတ္တိချမ်းသာကို ပေးလျက်သာ ပျက်စီးသွား၏၊ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်အား ဖေါက်ပြန်ခြင်းဟူသော အကြောင်းကြောင့်လည်း ဆုတ်ယုတ်မှုမရှိပါ၊ ထို့ကြောင့် အရိယမဂ်ကို ဒုက္ခသစ္စာ၌ မရေတွက်အပ်ပါ။

လောကီတရားတို့ကား ဖြစ်ကြ,တည်ကြသော် သံဝါရ ဒုက္ခ တို့ဖြင့် ပြင်းပြင်းထန်ထန် နှိပ်စက်၍ ဖြစ်ကြ, တည်ကြ၏၊ ချုပ်ပြန်ပါကလည်း ကြီးကျယ်သော ပူလောင်မှု ဆင်းရဲကို ဖြစ်စေ၍ အပိုင်း အခြား မထင်သင်တုန်းစက်နှင့်တူသော ဝဋ်ဆင်းရဲ ယန္တယား၌ ယှဉ်စေလျက် ချုပ်ကုန်၏၊ ထို့ကြောင့် လောကီတရားတို့သည် ဝိဋ္ဌနစသော အနက်တို့ဖြင့် ဆင်းရဲအစစ် ဖြစ်ကုန်၏၊ ထိုစကားရပ်ဖြင့် နိဗ္ဗာန်ရောက်ဘို့ရန် ပြုပြင်မှု အမြွက်ကိုယူ၍ ဒုက္ခသစ္စာအဖြစ်၌ လျှဉ်းပါးခြင်းကို နှစ်စေ၏။

သမုဒယသစ္စာ—အာယူဟနဋ္ဌ=အားထုတ်ခြင်း၊နိဒါနဋ္ဌ=အကြောင်း ဟူသောအနက်၊ သံယောဂဋ္ဌ=မြဲမြံစွာ ယှဉ်စေခြင်းအနက်၊ ပလိဗောဓဋ္ဌ=ဖိတ်ပင်ဆီးတားခြင်း အနက်၊ ဤလေးပါးသော အနက်တို့ဖြင့် လောဘ၏ ဒုက္ခသမုဒယအဖြစ်ကို သိအပ်၏။

ထိုတွင် **အာယူဟနဋ္ဌ** ဟူသည် ဘဝငယ်,ဘဝကြီးဟုဆိုအပ်သော ဘဝတခုတခုမှာလည်း ဝဋ္ဋကာမနှင့်စပ်သော ဒုက္ခအစုကိုလွန်ကဲစွာ ပွါးစေခြင်း, အစုပြုခြင်း အနက်ပင်တည်း။ **နိဒါနဋ္ဌ**-ဟူသည် ထိုဆင်းရဲကိုပင်လျှင် မပြတ်မလပ်ပြု၍ အဆင့်ဆင့်ဖြစ်စေခြင်း တဆင့်မှတဆင့်သို့ ဆောင်နှင်းစင်း အနက်ပင်တည်း။ **သံယောဂဋ္ဌ**-ဟူသည် ဒုက္ခအစု၌သာ မြဲမြံစွာ ဖွဲ့နှောင်ခြင်းတည်း။**ပလိဗောဓဋ္ဌ**-ဟူသည် ထိုထိုဆင်းရဲစုမှ လွတ်မှုအကြောင်းများကို ဖိတ်ဆို့ထားခြင်းတည်း။

နိရောဓသစ္စာ—နိဿရဏဋ္ဌ=လွတ်မြောက်ခြင်း၊ ဝိဝေကဋ္ဌ=ကင်းဆိတ်ခြင်း၊ အသင်္ခတဋ္ဌ=ပြုပြင်မှုကင်းခြင်း၊ အမတဋ္ဌ=အသေကင်းခြင်း၊ ဤအနက်လေးပါးဖြင့် နိဗ္ဗာန်၏ နိရောဓအဖြစ်ကို သိအပ်၏။

ထိုတွင်:**နိဿရဏဋ္ဌ**-ဟူသည် နိဿရဏဝိမုတ္တိဖြင့်ကင်းလွတ်ခြင်းတည်း။ **ဝိဝေကဋ္ဌ**-ဟူသည် ဝဋ်ဆင်းရဲဟူသော ကြောင့်ကြမှုမှ ဆိတ်ခြင်းတည်း။·**အသင်္ခတဋ္ဌ**-ဟူသည် သင်္ခါရဒုက္ခ၏ မရှိခြင်းတည်း။ **အမတဋ္ဌ**-ယူသည် သေခြင်းဒုက္ခ၏ မရှိခြင်းတည်း။

မဂ္ဂသစ္စာ—နိယျာနဋ္ဌ=သံသရာဝဋ်ရေအယဉ်မှ ဆန်တက်ခြင်း၊ ဟေတွဋ္ဌ=အလုံးစုံသော အရိယဂုဏ်တို့၏ တည်ရာ အဖြစ်ကို ပြီးစေခြင်း၊ ဒဿနဋ္ဌ=သစ္စာလေးပါးတရားကို သိမြင်ခြင်းအနက်၊ အဓိပတေယျဋ္ဌ=မိမိကိုယ်ကို မိမိအစိုးရခြင်းအနက်၊ဤအနက်လေးပါးဖြင့် မဂ္ဂင်ရှစ်ပါး၏ မဂ္ဂသစ္စာအဖြစ်ကို သိအပ်၏။

ထိုတွင်......**နိယျာနဋ္ဌ**ဟူသည် အဝိဇ္ဇာပစ္စယာသင်္ခါရာ အစရှိသော ဝဋ်အယဉ်ကို နစ်စေပြတ်စေ၍ အဝိဇ္ဇာနိရောဓာသင်္ခါရနိရောဓော အစရှိသော ဝဋ်မှဆန်တက်ရာသို့ ရှေ့ရှုထွက်မြောက်ခြင်းပင်တည်း၊ **ဒဿနဋ္ဌ**ဟူသည် မသိခြင်း မမြင်ခြင်းဟု ဆိုအပ်သော တွေဝေခြင်း မောဟကို ပယ်သည်၏ အစွမ်းဖြင့် သစ္စာလေးပါးကို နှိက်နှိက်ချွတ်ချွတ်

သိခြင်းတည်း။ **အဝိဇ္ဇာသဝော့ရွှူမှူ**ဟူသည် တဏှာ့ကျွန်အဖြစ်မှ လွတ်သဖြင့် တော်လှန်သောအဖြစ်သို့ ရောက်သောအားဖြင့် ကိုယ့်ကိုယ်ကို အရိုးရကာ တွန်းပခြင်းပင်တည်း။ မှန်၏-လောကီမဂ်တို့သည် တဏှာ၏ အာရုံအဖြစ်မှာတည်၍ တဏှာ့ကျွန်အဖြစ်ကို မလွန်ဆန်နိုင်ကုန်။

သတ္တဝါတို့မည်သည် အမှန်အားဖြင့် ဆင်းရဲကို ရှုံမုန်းကုန်၏၊ ဆင်းရဲရမှုကို ကြောက်ကုန်၏၊ မိမိကို ဒုက္ခပေးမည့်သူဖြစ်က ရန်သူဟု အမှတ်ပြုကုန်၏၊ ဒါပေမဲ့ သူတို့သည် ကေန်ဆင်းရဲကိုငင်း,ကေန်ဆင်းရဲကို ဖြစ်စေသော အရာကိုငင်း မသိကြကုန်၊ထို့ကြောင့်မို့လဲ ထိုသတ္တဝါတို့သည် မိမိတို့ ဒုက္ခမှ လွတ်မြောက်ဘို့ရန် အမှုအတန်တန်ကို ပြုလုပ်ကြရာ—ထိုထိုပြုအပ်သော အမှုသည် ဒုက္ခလွတ်မြောက်ဘို့ရန် မဖြစ်ဘဲ ဒုက္ခတိုးပွါးရာသာ ဖြစ်လေ၏။

ဒုက္ခအစစ်ကား အဘယ်နည်း?

ဒုက္ခအစစ်ကို ဖြစ်စေတတ်သောအရာကား အဘယ်နည်း?

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော မိမိမိမိ၏ အတ္တဘော၌ ပါဝင်သော တေဘူမကတရားတို့သည်သာ မိမိမိမိ၏ ဒုက္ခစစ်မည်ကုန်၏၊ ဘယ့်ကြောင့်နည်း- ထိုတေဘူမတရားတို့မှ လွတ်မြောက်သော်မှသာ ဒုက္ခအားလုံးမှ လွတ်မြောက်သောကြောင့်ပေတည်း။

မိမိ၏ တဏှာသည်သာ မိမိ၏ ဒုက္ခအစစ်ကို ဖြစ်စေတတ်သော တရားမည်၏၊ ဘယ့်ကြောင့်နည်း-တဏှာကိုပယ်မှသာ ကေန္တဒုက္ခမှ လွတ်မြောက်သောကြောင့် ပေတည်း။

ဤသတ္တဝါတို့သည် အမှန်အားဖြင့် သုခကိုလိုချင်ကြသည်၊ သုခကို မက်မောနှစ်သက်ကြသည်၊ မိမိကိုသုခဖြစ်အောင် လုပ်ပေးသူအား ချစ်မိတ်ဆွေကြီးဟု အမှတ်ထားကြကုန်၏၊ ဒါပေမဲ့ သူတို့သည် စင်စင် သုခကိုငင်း စင်စစ်သုခသို့ သွားရာခရီးကိုငင်း မသိကြကုန်၊ ဒါ့ကြောင့် မို့လဲသူတို့သည် သူတို့ရဲ့ ချမ်းသာရာ တိုးပွါးဘို့ အမှုအမျိုးမျိုးကို အားကြိုးပြုလုပ်ကြရာ - ပြုသမျှအားထုတ်သမျှ အလုပ်အားလုံးသည် ဒုက္ခတိုးပွါးဘို့သာ ဖြစ်လေသည်။

ကေန္တသုခ ဟူသည် အဘယ်နည်း?

ကေန္တသုခ မဂ္ဂဟူသည် အဘယ်နည်း?

ကေန္တုဒုက္ခတရား၏ မရှိခြင်း မဖြစ်ခြင်းသည် မိမိ၏ ကေန္တုသုခ မည်၏။

ကေန္တုဒုက္ခကိုဖြစ်စေတတ်သော တဏှာကို ပယ်သောမဂ်သည်သာ မိမိ၏ ကေန္တုသုခ မဂ္ဂမည်၏။

သင်္ခါလေးပါး ဟောတော်မူသည်မှာ ဤအနက်ကို ပြတော်မူလို၍ ဖြစ်၏။

မှတ်သားချက်

ဤပြဆိုခဲ့သည်တွင် စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန် ၁၊ ဤ ၆၉-ပါး သောတရားကို ဓမ္မာယတန, ဓမ္မဓာတ်ဟု ရေတွက်အပ်၏။
မနာယတနသည် စက္ခုဝိညာဏဓာတ်, သောတ, ဃာန,ဇိဝှါ,ကာယဝိညာဏ ဓာတ်, မနောဓာတ်, မနောဝိညာနဓာတ်ဟူ၍ ခုနစ်မျိုးပြား၏။
ရုပ် ၂ဂ-ပါး ရူပက္ခန္ဓာ၊ ဝေဒနာစေတသိက် ဝေဒနာက္ခန္ဓာ၊ သညာစေတ သိက် သညာက္ခန္ဓာ၊ ဝေဒနာ, သညာမှ တပါး စေတသိက် ၅၀-ပါးသည် သင်္ခါရက္ခန္ဓာ၊စိတ်ဂ၉-ပါး (အကျယ်) ၁၂၁-ပါးသည် ဝိညာဏက္ခန္ဓာ၊ ပဉ္စုပါဒါနက္ခန္ဓာ ဟူသည် ဘုံသုံးပါး၌ ဖြစ်သော တရားတည်း၊ နိဗ္ဗာန် မူကား အတိတ်စသည် ပြားမှုမရှိ၍ ခန္ဓာဟူသော ရေတွက်ခြင်းမှ လွတ်၏။

ဝေဒနာ-သညာကို အသီး အခြား ခန္ဓာဖွဲ့ရခြင်း၏ အကြောင်းကို ဋီကာကျော်၌ ပြသည်ကား-ဝေဒနာကား ဝဋ်တရားတို့၌ ခံစားတတ် သည်၊ သညာကား ထို ဝဋ်တရားတို့၌ ခံစားတတ်သော ဝေဒနာ၏ အကြောင်းဖြစ်သည်၊ မှန်၏-ဝေဒနာသည် တေဘူမကဝဋ်တရားတို့၌ သာယာသည်၏ အစွမ်းဖြင့် ဖြစ်၏။ အသုဘ၌ သုဘစသော သညာ ဝိပလ္လာသ၏ အစွမ်းကြောင့် ထိုအဿာဒ ဝေဒနာ၏ ထိုသို့ ဝဋ်တရား တို့၌ သာယာသော အခြင်း အရာ အားဖြင့် ဖြစ်၏။ ထိုကြောင့် သညာ သည် အဿာဒဝေဒနာ၏ အကြောင်းဖြစ်လေသည်၊ဤကဲ့သို့သံသရာ၏ ပဓာန အကြောင်းဖြစ်၍ဝေဒနာနှင့် သညာကို သီးခြားခန္ဓာဖွဲ့ရသည်ဟု မိန့်ဆို၏။

ဝဋ္ဋဓမ္မေသု အဿာဒံ၊ တဒဿာဒူ ပသေဝနံ။
ဝိနိဘုဇ္ဇ နိဒဿေတုံ၊ ခန္ဓဒွယ မုဒါဟဋံ။

ဂန္ဓ၌ သာယာသော ဝေဒနာကိုရင်း ထိုအသာဒ ဝေဒနာ၏ အကြောင်းသညာကိုရင်း သိးခြားခွဲထုတ်၍ ပြခြင်းငှါ ခန္ဓာနှစ်ပါးကို ထုတ်ဆောင်အပ်၏။

အာယတန ခြောက်တို့၌ နိဗ္ဗာန်ကို ရေတွက်အပ်ပါလျက် ခန္ဓာတို့၌ မရေတွက်ရခြင်းမှာ-ခန္ဓာဟူသည် အတိတ်စသော အားဖြင့် ကွဲပြားသော တရားတို့၏ အပေါင်းအစုဟူသော အနက်ကြောင့် ရသော အမည်ဖြစ်သည်၊ နိဗ္ဗာန်မှာ အတိတ်စသော အားဖြင့် ပြားမှုမရှိ၊ ထို့ကြောင့် နိဗ္ဗာန်သည် ခန္ဓာဟူသောရေတွက်ခြင်းမှလွတ်၏။ မှန်၏-နိဗ္ဗာန်သည် အတိတ်စသော သုံးပါးသောအပြားတွင် တခုလည်း မဟုတ်၊ ဘယ့်ကြောင့်နည်း-မည္သန်ပြအပ်သော အကောင်အထည်ရှိသော တရားမျိုးမဟုတ်သောကြောင့်ပေတည်း၊ နိဗ္ဗာန်သည် ကာလသုံးပါး၌ ဖြစ်သောတရားတို့၏ ကုန်ရာ ကင်းရာ ချုပ်ငြိမ်းရာဖြစ်သော အနိမိတ္တ တရားသာဖြစ်၏၊ထို့ကြောင့် ဤနိဗ္ဗာန်ကား အတိတ်ကာလပိုင်း ဘယ်ဘုရားလက်ထက်ကနိဗ္ဗာန်, ဤနိဗ္ဗာန်ကတော့ မျက်မှောက်ကာလ နိဗ္ဗာန်ဟု ဤသို့ကာလအပြားဖြင့်ညွှန်ကြားကောင်းသောတရားမျိုးလည်း မဟုတ်ပါ၊ အဇ္ဈတ္တအနောက် စသော အရပ်မျက်နှာ, ဖြစ်ပွါးပေါ်ပေါက်လာရာဒေသ, တည်နေရာဌာနအပြားဖြင့်ရင်း ပရိနိဗ္ဗာန်စံလေပြီးသော ပုဂ္ဂိုလ်အပြားဖြင့်ရင်း ညွှန်ပြအပ်စကောင်းသော တရားလည်း မဟုတ်ပါပေ၊ အမှန်မှာတော့-အစမထင် သံသရာဝဋ်မှာ ဂုဏ်မဲ့ပုဒ်တွေများသလောက်နိဗ္ဗာန်မှာ ဂုဏ်ရှိပုဒ်တွေများ၏။ဒုက်တို့တွင် အဇ္ဈတ္တိက ဒုက်သို့ရောက်၍ နိဗ္ဗာန်သည် ဗဟိဒ္ဓသာဖြစ်၏။ အဇ္ဈတ္တမဟုတ်၊ ဩဠာရိက ဒုက်သို့ရောက်၍ သုခုမသာဖြစ်၏၊ ဩဠာရိကမဟုတ်၊ ဟီနဒုက်သို့ ရောက်၍ ပဏီတသာဖြစ်၏၊ ဟီနမဟုတ်၊ ဒူရေဒုက်သို့ရောက်၍-ဒူရေ သာဖြစ်၏၊ သန္တိကေ မဟုတ်ပါပေ၊ ထို့ကြောင့် နိဗ္ဗာန်သည်ခန္ဓာဟူသော အရေအတွက်မှ လွတ်လေသည်။

အာယတန တဆဲ့နှစ်ပါး ဆိုရခြင်းမှာ-ဒွါရခြောက်ပါး အာရုံခြောက်ပါး ပြားသောကြောင့် ဖြစ်၏၊ ဒွါရဆက္ကသည်မှောာရုံသာဖြစ်၏၊ ကြွင်းမှော်ရုံကို ရည်ရွယ်၍ အာရမဏဆက္ကကို ဆိုအပ်လေသည်။

ဓာတ်တဆဲ့ရှစ်ပါးဆိုရခြင်းမှာ-ဒွါရခြောက်ပါး, အာရုံခြောက်ပါး ထိုဒွါရအာရုံ၌ ဖြစ်သော ဝိညာဏ်အစဉ်ဖြင့် ပြားသောကြောင့်ဖြစ်၏။

သဗ္ဗသင်္ဂြိုဟ်အကြောင်းပြဂါထာ

ဒွါရာလမ္ဗဏာဘေဒေန၊ ဘဝဋ္ဌာယတနာနိစ၊
ဒွါရာလမ္ဗတဒုပ္ပန္န၊ ပရိယာယေန ဓာတုယော။

သစ္စာ ၄-ပါးဖွဲ့ပုံ

ဒုက္ခသစ္စာကား—လောကီစိတ် ၈၁-လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈ တည်း။

သမုဒယသစ္စာကား—လောဘစေတသိက်တည်း။
နိရောဓသစ္စာကား—နိဗ္ဗာန်တည်း။
မဂ္ဂသစ္စာကား—မဂ္ဂင်ရှစ်ပါးတည်း။

သစ္စဝိမုတ်

မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-တို့သည် သစ္စာဟူသော အရေအတွက်မှ လွတ်ကုန်၏။

စတုသစ္စဝိနိမုတ္တော ဓမ္မောနာမနတ္ထိ ဟူသောစကားနှင့်လိုက်လျော ညီညွတ်အောင် သစ္စဝိမုတ်တရားများအား သစ္စာ၌သွင်း၍ ရေတွက်ရပုံကို နောက်ကပြခဲ့ပြီ။

သဗ္ဗ သင်္ဂဟ ပြီး၏။

သမုစ္စည်းပိုင်းအဖွင့်ပြီး၏။

သမုစ္စည်းပိုင်း လေ့ကျင့်ခန်း

၁။ ဒွါသတ္တတိဝိစာအရ တရားကိုယ်အသီးသီး ထုတ်ပြလျက် ဝဏ္ဏမြဲမွာ သလက္ခဏာဟူသော စကားရပ်ဖြင့် မည်သည့်တရားများကို ပယ်မြစ်ကြောင်း-အကြောင်းပြ၍ ရှင်းပါ။

၂။ အာသဝမည်ခြင်း၏ အကြောင်းကိုပြပြီးလျှင် လောဘ, ဒိဋ္ဌိ, မောဟကိုသာ အဘယ့်ကြောင့် အာသဝဟု ဆိုရပါသနည်း။

၃။ ဂန္ထ ဟူသည် စပ်ဖွဲ့ပေးတတ်သောတရားဟု၍ ဆိုထားရာ စပ်ဖွဲ့ပုံကို အများနားရှင်းအောင် ဖော်ပြပါ။

၄။ ဗုဒ္ဓဘာသာဝင်တဦးမှာ ငါ,ငါ၏ ဥစ္စာဟု ဆိုသဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်,မဖြစ်၊ အကြောင်းပြ၍ ရှင်းပါ။

၅။ နီဝရဏတွင် ဥဒ္ဓစ္စနှင့်ကုက္ကုစ္စ,ထိနနှင့်မိဒ္ဓ တရားကိုယ်တခုစီဖြစ်ပါလျက် ကိစ္စအနေဖြင့် တပေါင်းတည်း ဘယ့်ကြောင့်ဆိုပါသနည်း။

၆။ အနုသယကို အခိုက်အတန့်သုံးမျိုးဖြင့်ဝေဖန်၍ မည်သည့်အခိုက်အတန့်၌ ဖြစ်သောတရားတို့သာ အနုသယမည်ပါသနည်း။

၇။ ကိလေသာ ၁၅၀၀-ကို ရေတွက်ပြပါ။

၈။ အကုသလသင်္ဂဟကို အာသဝစသော ကိုးဌာနဖြင့်သာ ပြရပုံကို အကြောင်းပြ၍ ရှင်းပါ။

၉။ စက္ခုစသော ပသာဒခြောက်ပါး အစိုးရပုံကို ဖော်ပြပါ။

၁၀။ လောကုတ္တရာ ဈာန်ခြောက်သုံးပါးအထူးကို ဖော်ပြပါ။

၁၁။ မဂ်ကိုးပါးကို ကုသိုလ်, အကုသိုလ် အဗျာကတ ခွဲခြားပါ။

၁၂။ အဓိပတိနှင့် ဈာန်ခြောက်၏ ထူးခြားချက်ကို ပြပါ။

၁၃။ သဗ္ဗသတ္တာ အာဟာရဋ္ဌိတိကာ၌ လိုအပ်သော အာဟာရကို ဖော်ပြပါ။

၁၄။ အာဟာရလေးပါး၏ ဆောင်ရွက်ပုံကို ဖြေဆိုပါ။

၁၅။ ဒွေပဉ္စဝိညာဏ်၌ ဈာန်ကိုရင်း, အဟိတ်စိတ်တို့၌ မဂ္ဂင်ကိုရင်း ဘယ့်ကြောင့် မရသည်ကို ဖြေပါ။

၁၆။ သတိစေတသိက် တခုတည်းရပါလျက် သတိပဋ္ဌာန်လေးပါး ပြရခြင်း၏ အကြောင်းကို ဖော်ပြပါ။

၁၇။ ဣဒ္ဓိနှင့်ဣဒ္ဓိပါဒကို စွမ်းနိုင်သမျှ ဖော်ပြပါ။

၁၈။ သင်္ခါရတို့၌ နာမည်ကြီး စေတနာ စသည်တို့ကို ခန္ဓာမဖွဲ့ဘဲ ဝေဒနာ သညာတို့ကိုသာ ဘယ့်ကြောင့် သီးခြားခန္ဓာ ဖွဲ့ရသနည်း။

၁၉။ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ နှစ်ပါးခွဲ၍ ဟောရခြင်း၏ အကြောင်းကို ပြပါ။

၂၀။ အာယတန ၁၂-ပါး,ဓာတ် ၁၈-ပါးပြားရခြင်းကိုအကြောင်းပြ၍ဖြေပါ။

၂၁။ ဒုက္ခသစ္စာ၏ ဒုက္ခမည်ပုံကို အနက်လေးချက်ဖြင့် ဖေါ်ပြပါ။

၂၂။ ဝဋ်ဒုက္ခကို သင်္ခါရဒုက္ခ, ဝိပရိဏာမ ဒုက္ခနှစ်မျိုးဖြင့် ဖေါ်ပြပါ။

၂၃။ ဒုက္ခသစ္စာသာ ဖြစ်၍ ဒုက္ခအရိယာ မဟုတ်သော တရားနှင့် သမုဒယ သစ္စာသာ ဖြစ်၍ သမုဒယအရိယသစ္စာ မဟုတ်သောတရား တို့ကို ဖေါ်ပြပါ။

၂၄။ သက္ကာယမကင်းသေးသောသတ္တဝါတို့အား ဆွေးမျိုးစစ်,မိတ်ဆွေစစ်, ရဲဖေါ်စစ်အနေဖြင့် ပေါင်းသင်းနေရသောတရားကား အဘယ်တရား ပါနည်း။

၂၅။ အဝိဇ္ဇာကို သမုဒယသစ္စာဖွဲ့လျှင်ဖြစ်နိုင်၊ မဖြစ်နိုင်အကြောင်းပြ၍ရှင်းပါ။

၂၆။ အရိယာမဂ်သည်ရှည်ကြာစွာ ပါရမီဖြည့်ကျင့်ရခြင်း ဒုက္ခဖြင့် ဖြည့်ကျင့်ရ သူကို ပြင်းပြင်းထန်ထန်နှိပ်စက်သည့်အတွက် ဒုက္ခသစ္စာ၌ ပေါင်းယူ လိုက်ပါက ဖြစ်သင့်မဖြစ်သင့် အကြောင်းလုံလောက်စွာပြ၍ဖြေပါ။

၂၇။ စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိကို ထောက်၍ သစ္စာဝိမုတ် ကင်းလွတ်အောင် သစ္စာထည်းသို့ မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၉ -ကို သွင်းပြပါ။

ပစ္စည်းပိုင်း အဖွင့်

ယေသံ သင်္ခတဓမ္မာနံ၊ ယေဓမ္မာ ပစ္စယာတထာ။
တံ ဝိဘာဂမိဟေဒါနိ၊ ပဝက္ခာမိ ယထာရဟံ။

ယခုအခါ အကြောင်းသင်္ခတ တရားတို့အား သင်္ခတ, အသင်္ခတ ဖြစ်သော အကြောင်း တရားတို့သည် အကြောင်းဟေတု အစရှိသော ကျေးဇူးပြုပုံ အခြင်းအရာ တို့ဖြင့် ကျေးဇူးပြုပေကုန်၏။ ပစ္စယုပ္ပန်ဖြစ်သော ထိုသင်္ခတ တရားတို့အား ဝေဖန်ခြင်း ကိုင်း, ထိုပစ္စည်း တရား တို့အား ဝေဖန် ခြင်းကိုင်း, ထိုကျေးဇူး ပြုကြပုံ အခြင်း အရာ တို့အား ဝေဖန် ခြင်းကိုင်း ဤပစ္စည်းပိုင်း၌ ထိုက်သင့်သည် အားလျော်စွာ အပြားအားဖြင့် ဆိုပေတော့အံ့။

ဆိုအပ်ခဲ့ပြီးသော အပိုင်းခုနစ်ခုတို့ဖြင့် ပဥ္စမနာမရူပ ပရိစ္ဆေဒဉာဏ် အစိအရင်ကို ပြပြီး၍ ယခုအခါ ဒုတိယဖြစ်သော ပစ္စယပရိဂ္ဂဟဉာဏ် အစိအရင်ကို ပြလိုသည် ဖြစ်၍ ယေသံ သင်္ခတ ဓမ္မာနံ အစရှိသော စကားကို မိန့်ဆိုလေသည်။

နည်း ၂-ပါး

ပစ္စယသင်္ဂဟကို ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းအားဖြင့် နှစ်ပါးအပြားရှိ၏ ဟူ၍ သိအပ်၏။

ပဋိစ္စသမုပ္ပါဒ်နည်း။ ။ပစ္စယသာမဂ္ဂိံ ပဋိစ္စ သမံ သဂ်ဟေတွာ ဖလာနံ ဥပ္ပါဒေါ ဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ၊ နိယတော ဉာယတော ဧတေနာတိ နယော၊ ပဋိစ္စသမုပ္ပါဒေ ဒေသိတော နယော=ပဋိစ္စသမုပ္ပါဒ နယော=အကြောင်း၏ ညီညွတ်မှုကိုစွဲ၍ အကျိုးတရားတို့ဖြစ်ရာ၌ ဟောအပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

ပဋ္ဌာန်းနည်း။ ။ပဋ္ဌပေတိ ဌပေတိ ပဋ္ဌာနံ၊ တသ္မိံ ဒေသိတော နယော ပဋ္ဌာန နယော=သင်္ခတ တရား တို့ကို အထူးထူးအပြားပြားသော ပစ္စည်းအထူးတို့ဖြင့် ဟောရာသည် ပဋ္ဌာန်း မည်၏၊ ပဋ္ဌာန်းကျမ်းကို အရကောက်ယူလေ၊ ပဋ္ဌာန်ကျမ်း၌ ဟောအပ် သော နည်းသည် ပဋ္ဌာန်းနည်း မည်၏။

သဂြိုဟ်ဆရာ၏ နည်း ၂-ပါး ခြားနားချက်

ထိုနည်း နှစ်ပါးတွင် ထိုအဝိဇ္ဇာ စသော အကြောင်း တရားတို့ ဖြစ်လာသော ကြောင့် ဖြစ်လေ့ရှိသော သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ခြင်း အခြင်း အရာ မျှဖြင့် မှတ်အပ်သော နည်းသည် ပဋိစ္စသမုပ္ပါဒ် နည်း မည်၏၊ (ဤ၌မူ အနက်ဟော မတ္တသဒ္ဒါဖြင့် ဟေတုစသော ပစ္စယသတ္တိမှတ်သားချက်ကို နစ်စေ၏)ပဋ္ဌာန်းနည်းကိုကား ဟေတု,အာရမဏ စသည်၏အစွမ်းဖြင့် ထိုထိုအခြင်း အရာဖြင့် ကျေးဇူးပြုခြင်းဟူသော ပစ္စယသတ္တိထူးကို စွဲ၍ ဟောတော်မူအပ်၏။ အဋ္ဌကထာဆရာတို့က နှစ်ပါးစုံကို ရောနှော၍ ချဲကြ၏။

အချုပ် အားဖြင့် ပြောရပါမူ—ပဋိစ္စသမုပ္ပါဒ် နည်းသည် ပစ္စယုပ္ပန် ဖြစ်ပုံ အခြင်းအရာ မျှကို စွဲ၍ ဖြစ်၏၊ ပဋ္ဌာန်း နည်းသည် ပစ္စယသတ္တိ ဖြစ်ပုံကို စွဲ၍ ဖြစ်၏။

အဋ္ဌကထာဆရာတို့သည်ပဋ္ဌာန်နည်းကိုလည်းပဋိစ္စသမုပ္ပါဒ်၌သွင်း၍ တဏှာဝဘာဝိဘာဝအဖြစ်ဖြင့်ရင်း ဟေတုစသောပစ္စည်း၏ အစွမ်းဖြင့် ရင်း ရောနှော၍ချဲကြသည်၊ သို့ပေမဲ့ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းပြု ဆရာ အကျဉ်းနိုဝ်အနုရုဒ္ဓါမူကား အသီးအသီးသာ ဖွင့်ပြမည်ဟုဆိုလို၏။

ပဋိစ္စသမုပ္ပါဒ်

ထိုနည်းနှစ်ပါးတွင်အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။ သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်၊ ဝိညာဏ်ဟူသော အကြောင်း ကြောင့် နာမ်ရုပ်၊ နာမ်ရုပ် ဟူသော အကြောင်းကြောင့် သဠာယတန၊ သဠာ ယတန ဟူသော အကြောင်းကြောင့်ဖဿ၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာ၊ ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာ၊ တဏှာ ဟူသော အကြောင်းကြောင့် ဥပါဒါန်၊ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝ၊ ဘဝဟူသော အကြောင်းကြောင့် ဇာတိ၊ ဇာတိဟူသော အကြောင်းကြောင့် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့သည် ဖြစ်ကုန်၏၊ ဤ ဆိုအပ်ခဲ့သော နည်းဖြင့် အလုံးစုံသော အဝိဇ္ဇာ အစရှိသော ထိုဒုက္ခအစု၏ဖြစ်ပေါ်မှု ဖြစ်လေသည်၊ ဤဆိုအပ်ခဲ့ ပြီးသည်ကား ဤပစ္စည်း ပိုင်း၌ ပဋိစ္စသမုပ္ပါဒ်နည်းတည်း။

တရားကိုယ်ကောက်ပြချက်

အဝိဇ္ဇာသည် သုတ္တန်နည်း အဘိဓမ္မာနည်း အားဖြင့် နှစ်မျိုး ရှိသည် တွင် **သုတ္တန်နည်း**အားဖြင့် ဒုက္ခသစ္စာကို ဖုံးလွှမ်းသောအဝိဇ္ဇာ,သမုဒယ သစ္စာကို ဖုံးလွှမ်းသောအဝိဇ္ဇာ, နိရောဓသစ္စာကို ဖုံးလွှမ်းသောအဝိဇ္ဇာ မဂ္ဂသစ္စာကိုဖုံးလွှမ်းသောအဝိဇ္ဇာ–ဟု လေးမျိုး၊**အဘိဓမ္မာနည်း**အားဖြင့်

ရှေးအစွန်းကို ဖုံးလွှမ်းသော အဝိဇ္ဇာ၊ နောက်အစွန်းကို ဖုံးလွှမ်းသော အဝိဇ္ဇာ၊ ရှေးနောက်အစွန်းနှစ်ပါးကိုဖုံးလွှမ်းသောအဝိဇ္ဇာ၊ ပဋိစ္စသမုပ္ပါဒ်ကို ဖုံးလွှမ်းသော အဝိဇ္ဇာ-ဟု လေးမျိုး-နှစ်ရပ်ပေါင်း အဝိဇ္ဇာ ရှစ်မျိုး ဖြစ်၏။

ရှင်းချက်။ ။အဝိဇ္ဇာ ဟူသည် ဝိဇ္ဇာဉာဏ်၏ ဆန့်ကျင်ဖက် ဖြစ်သော မောဟ တရား၊ နေထွက်လာခြင်းသည် အမိုက်မှောင်ထုကြီးကိုပယ်ဖျောက်လျက်ဒြပ်အဆောက် အဦ တို့ကို ထင်ရှားစေဘိသကဲ့သို့ စတုသစ္စဉာဏ်သည် အဝိဇ္ဇာတည်းဟူသော အမိုက် မှောင်ကို ပယ်ဖျောက်၍ သစ္စာလေးပါး တရားကိုထင်ရှားအောင်ပြုသည်၊အဝိဇ္ဇာသည် ဖြစ်လာခဲ့သော် သစ္စာတရားတို့၌ မသိမမြင်ခြင်းဟူသောအမိုက်မှောင်ကိုပြုလျက် ဖြစ်၏။

သင်္ခါရသည် သုတ္တန်နည်း၊ အဘိဓမ္မာ နည်းအားဖြင့် နှစ်မျိုး ရှိသည် တွင် သုတ္တန်နည်းအားဖြင့် အာသဝေါတရား၏အာရုံဖြစ်သော ကုသိုလ် အကုသိုလ်စေတနာပင်တည်း၊ထိုစေတနာသည် (၁) အပုညာဘိသင်္ခါရ၊ (၂) ပုညာဘိသင်္ခါရ၊ (၃) အာနေဉ္ဇာဘိသင်္ခါရ-ဟု သုံးမျိုးရှိပြန်ရာ အကု သိုလ်စေတနာ ၁၂-ခုသည် အပုညာဘိသင်္ခါရ၊ကာမကုသိုလ်စေတနာ၊ ရူပကုသိုလ် စေတနာသည် ပုညာဘိသင်္ခါရ၊ အရူပ ကုသိုလ် စေတနာ သည် အာနေဉ္ဇာဘိသင်္ခါရမည်၏။ အဘိဓမ္မာနည်းအားဖြင့်အလုံးစုံသော လောကီ၊လောကုတ္တရာဖြစ်သော ကုသိုလ်၊အကုသိုလ် စေတနာသည် သင်္ခါရ မည်၏။

မှတ်ချက်။ ။ကြိယာ စေတနာကို သင်္ခါရ ဟူ၍ ဝိဘင်းပါဠိတော်၌ မယူအပ်ပါ လေ၊ ၎င်းအဋ္ဌကထာ၌လည်း အဝိဇ္ဇာနှင့် ကုသိုလ်၊ အကုသိုလ် မူလ တရားတို့သည် ကြိယာတို့အား ဥပနိဿယ ပစ္စည်း၏ အဖြစ်ကို မရကြကုန်၊ ထို့ကြောင့် ကြိယာ၏ အစွမ်းအားဖြင့် ကျေးဇူးပြုပုံကို မဆိုအပ်သတည်းဟု မိန့်၏။

ဆိုလိုရင်းမှာ အဝိဇ္ဇာနှင့် ကုသိုလ်၊ အကုသိုလ် မူလတရားတို့သည် ကြိယာတရား တို့၏ ဥပနိဿယ ပစ္စည်းမဟုတ်ကုန်၊ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာ ကြိယာကို မယူအပ်လေဟု ဆိုလို၏။

သံယုတ်ပါဠိတော်၌လည်း-ယတောခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ ဟောတိ၊ ဝိဇ္ဇာ ဥပ္ပန္နာ၊ သော အဝိဇ္ဇာ ဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝပုညာဘိသင်္ခါရံ၊ အဘိ သင်္ခရောတိ၊ န အပုညာဘိသင်္ခါရံ၊န အာနေဉ္ဇာဘိသင်္ခါရံ အဘိသင်္ခရောတိ-ဟု ဟော တော်မူ၏။

ဘိက္ခုတို့ အကြင်ကြောင့် ဘိက္ခုသည် အဝိဇ္ဇာကိုပယ်၏၊ ဝိဇ္ဇာဉာဏ်ပေါ်လာ၏၊ ထိုဘိက္ခုသည် အဝိဇ္ဇာပြယ်ပျောက်လို့ ဝိဇ္ဇာဉာဏ် ပေါ်ပေါက်လို့ သင်္ခါရ သုံးပါးကို မပြုတော့၊ သို့ပေ မယ်လို့ ဒိဒိ-ဟူသော ကြိယာ အား လျော် လျောက် ပတ်သော

အကြောင်း၏အစွမ်းအားဖြင့် ထိုကြိယာတို့၏ အကြောင်းကိုစွဲ၍ ဖြစ်ခြင်းကို မတားမြစ်အပ်သည်သာတည်း၊ မှန်၏-အကြောင်းကိုစွဲ၍ မဖြစ်သော တစုံတရာသခ် တတရားမျိုး မည်သည်မရှိပါချေ။ ကြိယာသင်္ခါရကဲ့သို့ ကြိယာဝိညာဏ်, ကြိယာနာမ်, ကြိယာမနာယတန, ကြိယာဖဿ, ကြိယာဝေဒနာ စသည်တို့မှာလည်း နည်းတူသိ။

ဝိညာဏ်-သည်လည်း သုတ္တန်နည်း အဘိဓမ္မာနည်းအားဖြင့် နှစ်မျိုးရှိရာ သုတ္တန် နည်းအားဖြင့် လောကီဝိပါက် ၃၂-ပါး၊ အဘိဓမ္မာ နည်းအားဖြင့် ကြိယာစိတ်ကြဉ်သော လောကီ, လောကုတ္တရာ ဝိညာဏ် ၆၉-ပါးတည်း။

နာမ်ရုပ်သည်-သုတ္တန် နည်းအားဖြင့် လောကီ ဝိညာဏ်နှင့် တကွဖြစ်သော ဝေဒနာ, သညာ, သင်္ခါရ-ဟူသော ခန္ဓာ ၃-ပါး, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိစိတ္တဇရုပ်၊ အဘိဓမ္မာ နည်းအားဖြင့် အလုံးစုံသော ကုသိုလ်, အကုသိုလ် ဝိပါက်နှင့် ယှဉ်သော ဝေဒနာ, သညာ, သင်္ခါရ-ဟူသော ခန္ဓာ ၃-ပါး, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။

မှတ်ချက်။ ။အဋ္ဌကထာ၌မူကား ပဉ္စဝေါကာရ ပစ္စည်းကိုရသော အလုံးစုံသော စတုသမုဋ္ဌာနိကရုပ်ကို ကောက်ယူအပ်လေသည်။

သဠာယတန-၏ အရကား အဇ္ဈတ္တိကာယတန ခြောက်ပါးတည်းသာဟု ပါဠိတော် အလုံးစုံ၌ ဝေဖန်အပ်၏။သို့ပေမဲ့ ဂေရွေဆရာတို့က ဗာဟိရ ယတန တို့ကိုလည်း ဖဿ၏ အကြောင်းဖြစ်၏ဟု ဆိုကာ ၍ သဠာယတနံ-ဟူသော ပုဒ်အရမှာ ကောက်ကြ လေသည်၊ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်နှင့် ညီညွတ်၏။

ကတမော စ ဘိက္ခဝေ လောကဿ သမုဒယော၊ စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။လ။ဒေါမနဿုပါယာသာ သမ္ဘဝန္တိ အယံ လောကဿ သမုဒယော။ သောတဉ္စ။လ။ မနဉ္စ ပဋိစ္စ ဓမ္မေ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ။လ။ လောကဿ သမုဒယော။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။

၎င်ပါဠိတော်၌ ဖဿ၏ ဖြစ်ကြောင်းတရားကို စက္ခုစသော အဇ္ဈတ္တိကာ ယတန ခြောက်ပါးနှင့် တကွ ရူပါရုံ စသော ဗာဟိရ ယတန ခြောက်ပါးကိုပါ ပြဆိုထားလေသည်။

ဖဿ,**ဝေဒနာ**—တို့ကိုလည်း သုတ္တန်နည်း အဘိဓမ္မာနည်းနှစ်ပါးဖြင့် ဝေဖန်၍ ကောက်ယူလေ၊ **တဏှာ**, **ဥပါဒါန်** တို့ကား ထင်ရှားလေပြီ။

တဏှာနှင့်ဥပါဒါန်—ကေစိတို့က မရောက်လာသေးသော အာရုံကို တောင့်တသည်ကား တဏှာ၊ ဥပမာ-မှောင်ထဲမှာ သူခိုး လက်ဆန့်သကဲ့သို့ဖြစ်၏။ ရောက်လာသော အာရုံကို ယူသည်ကား ဥပါဒါန်၊ ဥပမာ-သူခိုးသည် လက်ကိုင်မိသောပစ္စည်းကို ယူသကဲ့သို့ ဖြစ်၏၊ အချုပ်သဘောမှာ- အလိုနည်းမှုရှိ ဆန့်ကျင်ဘက်ကား တဏှာ၊ ရောင့်ရဲမှုရှိဆန့်ကျင်ဘက်ကားဥပါဒါန်၊တဏှာကားပရိယေသနဒုက္ခ(ရှာမှီးရမှုဆင်းရဲ) အရင်းခံသည်၊ ဥပါဒါန်ကား အာရက္ခဒုက္ခ(စောင့်ရှောက်ရမှု ဆင်းရဲ)အရင်းခံသည်။

ဘဝ သည် ကမ္မဘဝ, ဥပပတ္တိဘဝ-ဟု နှစ်မျိုးရှိရာ သုတ္တန်နည်းအားဖြင့် လောကီကုသိုလ်,အကုသိုလ်စေတနာသည်ရင်း, ထိုစေတနာနှင့်ယှဉ်သော အဘိဇ္ဈာစသောတရား၊အနဘိဇ္ဈာ စသောတရားတို့သည်ရင်း ကမ္မဘဝ၊(သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ-ဟူသော စကားကိုထောက်)ကံကြောင့် ဖြစ်သော အလုံးစုံသော လောကီဝိပါက်ခန္ဓာ အလုံးစုံသော ကမ္မဇရုပ်တို့သည် ဥပပတ္တိဘဝ၊ အဘိဓမ္မာနည်းအားဖြင့် လောကုတ္တရာ ခန္ဓာတို့သည်လည်း ဥပပတ္တိဘဝ မည်၏ဟု ဝိဘင်း၌လာ၏။

မှတ်ချက်။ ။ဥပပတ္တိဘဝသည် (၁) ကာမ၊ (၂) ရူပ၊ (၃) အရူပ၊ (၄) သညီ (၅)အသညီ၊ (၆) နေဝသညီနာသညီ၊ (၇) ဧကဝေါကာရ၊ (၈) စတုဝေါကာရ၊ (၉) ပဉ္စဝေါကာရဘဝဟု ကိုးမျိုး၊ အရကောက်ကို ဓာတုကထာအရကောက်မှာ ကြည့်၍ကောက်လေ။

ဇာတိ,**ဇရာ**,**မရဏ**တို့သည်ကား အလုံးစုံသော သင်္ခတတရားတို့၏ မှတ်ကြောင်းလက္ခဏာမျှသာ ဖြစ်ကုန်၏။ **သောက**-ဟူသည် ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်တို့ဖြင့် တွေ့သောသူအား ကိုးရိပ်သောအခြင်းအရာအားဖြင့်ဖြစ်သော ဒေါမနဿဝေဒနာ။**ပရိဒေဝ**-ဟူသည် ငိုကြွေးသော အခြင်းအရာအားဖြင့် ဖြစ်သော အလိုမရှိအပ်သော စိတ်ကြောင့်ဖြစ်သောအသံ။ **ဒုက္ခ**-ဟူသည် ကာယိကဒုက္ခဝေဒနာ၊ **ဒေါမနဿ**-ဟူသည် စေတသိက ဒုက္ခဝေဒနာ၊ **ဥပါယာသ**-ဟူသည် ဆွေမျိုးတို့ ပျက်စီးခြင်းစသော အကြောင်းကြောင့် တွန့်တိုဆုတ်နစ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသ။

ပဋိစ္စသမုပ္ပါဒ် ပစ္စည်းဆက်

အဝိဇ္ဇာ နှင့် သင်္ခါရ။ ။အကြင် ပုဂ္ဂိုလ်တို့အား ခန္ဓာ ဟူသော ဒုက္ခ သစ္စာ၌ အဝိဇ္ဇာကိုမပယ်အပ်သေး၊ထိုပုဂ္ဂိုလ် တို့အား ကြွင်း သစ္စာတို့၌ မပယ်ရ သေး သည်သာ ဖြစ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည် ခန္ဓာ ဖြစ်ပေါ် ခြင်း၌ သုခသညာ၊ ခန္ဓာချုပ်ခြင်း၌ ဒုက္ခသညာ၊ ခန္ဓာဖြစ်ခြင်း၏ အကြောင်း၌ သုခသညာ၊ခန္ဓာချုပ်ခြင်း ၏ အကြောင်း၌ ဒုက္ခသညာကို ရကုန်၏၊ သို့ဖြစ်၍ ခန္ဓာဖြစ်ပွါး ဘို့ရန် အကြောင်း ဖြစ်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိ သင်္ခါရ တရားတို့သည် အဝိဇ္ဇာ ဝိတ်ဆီး ကာကွယ်မှုကို ခံရသော ချမ်း သာကို အလိုရှိသော ဆင်းရဲကို ရှုံ့မုန်းသော ထိုသတ္တဝါ တို့၏ ကိုး ကွယ် အားထားရာ ဖြစ်ကုန်၏၊ ထို့ကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါ-ဟု ဟောတော် မူ၏။

မှတ်ချက်။ ။ပစ္စုပ္ပန် ခန္ဓာကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့် ဒုစရိုက်ဖြစ် သော အပုညာဘိသင်္ခါရ၊ အနာဂတ် ခန္ဓာကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့် သုစရိုက် ပုညာဘိသင်္ခါရ’အာနေဉ္ဇာဘိသင်္ခါရတို့ဖြစ်ကုန်၏။

ပဋ္ဌာန်းပစ္စည်းတစ်ပုံ

အဝိဇ္ဇာသည် ပုညာဘိသင်္ခါရတို့အား အာရမ္မဏ, ဥပနိဿယ၊ အပု ညာဘိသင်္ခါရတို့အား အာရမ္မဏ,အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿ ယ,အနန္တရ,သမနန္တရ,အနန္တရူပနိဿယ,နတ္ထိ, ဝိဂတ, ဟေတု, သဟ ဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ၊အာနေဉ္ဇာဘိသင်္ခါ ရတို့အား ဥပနိဿယ။

ရှင်းချက်–အဝိဇ္ဇာသည် အဝိဇ္ဇာကို ခယ, ဝယ အားဖြင့် သုံးသပ်သောအခါ ကာမပုညာဘိသင်္ခါရတို့အား အာရမ္မဏပစ္စည်း၊ အဘိညာစိတ်ဖြင့် သမ္မောဟစိတ်ကို သိသောအခါ ရူပပုညာဘိသင်္ခါရတို့အား အာရမ္မဏပစ္စည်း၊ အဝိဇ္ဇာကို လွန်မြောက် ရန် ဒါန စသည်ကိုရင်း, ပုညကြိယာဝတ္ထုကိုရင်း, ဖြည့်ကျင့်သူအားရင်း, ရူပဈာန် စသည်တို့ကို ဖြစ်စေသူအားရင်း ကာမ,ရူပပုညာဘိသင်္ခါရတို့အားဥပနိဿယပစ္စည်း, အဝိဇ္ဇာဖြင့် တွေဝေသောကြောင့် ကာမ,ရူပဘဝစည်းစိမ်ကို တောင့်တလျက် ထိုဒါန စသည်တို့ကို ပြုသူအားလည်း ဥပနိဿယပစ္စည်း။

အဝိဇ္ဇာသည် အဝိဇ္ဇာကို အကြောင်းပြု၍ ရာဂစသည် ဖြစ်သောအခါ အာရမ္မဏ ပစ္စည်း၊အလေးပြု၍ သာယာသောအခါ အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ၊

အဝိဇ္ဇာဖြင့် တွေဝေ၍ သံသရာဖြစ်ကိုမမြင်ဘဲ ပါဏာတိပါတစသည်ကို ပြုသူအား ဥပနိဿယပစ္စည်း၊ ဒုတိယအကုသိုလ်ဇောစသည်အား အနန္တရ, သမနန္တရ,အနန္တရူပနိဿယ , နတ္ထိ , ဝိဂတ၊ အမှတ်မပြု တခုခုသော အကုသိုလ်ကိုပြုသူအား ဟေတု , သဟဇာတ, အညမည, နိဿယ , သမ္ပယုတ္တ , အတ္ထိ , အဝိဂတ ပစ္စည်းတို့ဖြင့် အပုညာဘိသင်္ခါအား ကျေးဇူးပြု၏။

အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါတို့အား ဥပနိဿယပစ္စည်းဖြင့်ကျေးဇူးပြုပေ၏။

သင်္ခါရနှင့် ဝိညာဏ်။ ။သင်္ခါရတရား ထင်ရှား ရှိနေပါက ဘဝတဏှာကို မပယ်ရသေးသော သတ္တဝါတို့အား သေသည်၏ အခြားမဲ့မှာ တဖန်ဘဝသစ်ဖြစ်ခြင်း၏ တစုံတရာ အနှောက်အရှက် မည်သည် မရှိပါချေ၊ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာဘို့ရန် အခွန်ဖြစ်ပေသည်၊ ထို့ကြောင့် သင်္ခါရပစ္စယာ ဝိညာဏံ ဟု ဟောတော်မူ၏။

ပဋ္ဌာန်း ပစ္စည်း တင်ပုံ

သင်္ခါရသုံးပါးသည် ဝိညာဏ်အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ သင်္ခေပ ဝဏ္ဏနာ ဋီကာ၌ အာရမဏ, ဥပနိဿယ နှစ်ပစ္စည်း- ဟု ဆို၏၊ ဝိသုဒ္ဓိမဂ်, သမ္မောဟဝိနောဒနီ၌ အာရမဏ ပစ္စည်း မလာလေ၊ ဆင်ခြင်၍ယူ။ဝိညာဏ်နှင့် နာမ်ရုပ် ဝိညာဏ်ရှိနေပါက ဝိညာဏ်၏ အစိုးအပွါးဖြစ်သော နာမ်ရုပ်တို့ဖြစ်ခြင်း၌ အနှောက်အရှက် မည်သည် မရှိပါချေ၊ ထို့ကြောင့် ဝိညာဏ ပစ္စယာ နာမရူပံ-ဟု ဟောတော်မူ၏။

ပဋ္ဌာန်း ပစ္စည်း တင်ပုံ

ပဋိသန္ဓေဝိညာဏ် သည်ရင်း, တပါးသော ဝိပါက် ဝိညာဏ်သည်ရင်း,ပဋိသန္ဓေအခါ (သို့မဟုတ်) ပဝတ္တိအခါရုပ်နှင့်ရောသော နာမ်အားသော်ရင်း,ရုပ်နှင့် မရောသောနာမ်အားသော်ရင်း, သဟဇာတ, အညမည,နိဿယ, သမ္ပယုတ္တ, ဝိပါက,အာဟာရ,ဣန္ဒြိယ, အတ္ထိ,အဝိဂတ, ကိုးပစ္စည်း၊ ဝတ္ထုရုပ်မှတပါး ကြွင်းသော ရုပ်အား အညမညကိုနှုတ် ကြွင်း ၈-ပစ္စည်း၊အဘိသင်္ခါရဝိညာဏ်သည်အသညသတ်ရုပ်အားရင်း, ပဉ္စဝေါကာရ ကမ္မဇရုပ် အားရင်း, သုတ္တန်နည်း အားဖြင့် ဥပနိဿယ တပစ္စည်း။

နာမ်ရုပ် နှင့် သဠာယတန-ဤမျှသောတရားအစုနှင့်ဘဲ သာမန်အား ဖြင့် နာမကာယ ရူပကာယသည် ပြည့်စုံလေပြီဟု ဆိုနိုင်လေသည်၊ သို့သော် ထိုကာယနှစ်မျိုး၌အကြင်တရားတို့သည် သဠ္ဍဂါဟု ပညတ် ခြင်း၌ ပြခါန်းသော အစိတ် အပိုင်း ဖြစ်ကုန်၏၊ ယင်း ပြခါန်းသော အစိတ်အပိုင်းတို့ကြောင့်လည်း ဖဿစသော အထက် အစိတ်အပိုင်းတို့ ဖြစ်ပေါ် လာပြန်ကုန်၏၊ ယင်းတရား အစိတ်အပိုင်းတို့၌လည်း သဠ္ဍဂါ ဟူသော စွဲယူမှုကို မြဲမြဲစွာ ယူကုန်၏၊ ထိုအစိတ်အပိုင်း တရားတို့ကို သီးခြားထုတ်ပြခြင်းငှါ နာမရူပပစ္စယာ သဠာယတနံ-ဟု ဟောတော် မူ၏။

ပဋ္ဌာန်း ပစ္စည်း တင်ပုံ

အရူပဘုံ၌ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့မှာ ဝိပါက်နာမ်သည် မနာယတနအား သဟဇာတ, အညမည နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ (ဟေတု, အာဟာရ နှစ်ပစ္စည်းကို ကြည့်ထည့်)ပဝတ္တိ အခါ ဝိပါက် နာမ်သည် မနာယတနအား ၇-ပစ္စည်း၊ အဝိပါကနာမ် သည် အဝိပါက မနာယတနအား ဝိပါကကြဉ် ကြွင်း ခြောက်ပစ္စည်း၊ (ဟေတုနှင့် အာဟာရကြည့်ထည့်) ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါ ဝိပါက်နာမ်သည် ဟဒယဝတ္ထု၏ အဖေါ်သဟဲဖြစ်၍ မနာယတနအား အထက်ပါ ၇-ပစ္စည်း၊ထိုဝိပါက်နာမ်သည် မဟာဘုတ်ဟူသော အဖေါ် ရှိ၍ စက္ခု,သောတ, ဃာန, ဇိဝှါ,ကာယာယတနတို့အား သဟဇာတ, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ (ဟေတု, အာဟာရ ကြည့်ထည့်)။ ပဉ္စဝေါကာရ ပဝတ္တိ ဝိပါက်နာမ်သည် ဝိပါက်ဖြစ်သော မနာယတနအား ၇-ပစ္စည်း၊အဝိပါကနာမ်သည် အဝိပါက မနာယတန အား ဝိပါက ပစ္စည်းနှုတ် ခြောက်ပစ္စည်း။ ပဉ္စဝေါကာရ ပဝတ္တိအခါ စက္ခုဝိညာဏ် စသော နာမ်သည် စက္ခာယတန စသော အာယတန ငါးပါးတို့အား ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ လေးပစ္စည်း၊ ကုသိုလ်စသော နာမ်သည် စက္ခာယတနစသော အာယတန ငါးပါး တို့အား အထက်ပါလေးပစ္စည်း၊ ပဉ္စဝေါကာရ ပဋိသန္ဓေအခါ ဝတ္ထု ရုပ်သည် မနာယတနအား သဟဇာတ,အညမည, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ ခြောက်ပစ္စည်း၊ မဟာဘုတ် ၄-ပါးသည်ပဋိသန္ဓေအခါ

ပဝတ္တိအခါ စက္ခုစသော အာယတနငါးပါးတို့အားသဟဇာတ, နိဿ ယ, အတ္ထိ,အဝိဂတ လေးပစ္စည်း။ပဋိသန္ဓေအခါ ပဝတ္တိအခါ ရုပ်ဇီဝိတ သည် စက္ခုစသောအာယတန ငါးပါးတို့အား ဣန္ဒြိယ,အတ္ထိ, အဝိဂတ သုံးပစ္စည်း။ အာဟာရသည် စက္ခုစသော ငါးပါးတို့အား အာဟာရ, အတ္ထိ, အဝိဂတ သုံးပစ္စည်း (ပဝတ္တိအခါမှာသာမှတ်)။

ပဝတ္တိအခါ ပသာဒရုပ် ငါးခုသည် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝိညာဏ် ဟူသော မနာယတနအား နိဿယ, ပုရေဇာတ, ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ,ခြောက်ပစ္စည်း၊**ပဝတ္တိ** အခါ ဝတ္ထုရုပ် သည် ပဉ္စဝိညာဏ်မှကြွင်းသော မနာယတနအား နိဿယ,ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ငါးပစ္စည်း။ **ပဉ္စဝေါကာရ** ပဋိသန္ဓေအခါ ခန္ဓာသုံးပါး ဝတ္ထုရုပ်ဟူသော နာမ်ရုပ်သည် မနာယတနအား သဟဇာ တ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ,ဝိပါက, အတ္ထိ,အဝိဂတ ပစ္စည်း၊ (ရသင့်သမျှ ထုတ်ပြသည်)။

သဠာယတနနှင့် ဖဿ-သဠာယတနရှိနေပါက သဠာယတနကြောင့် ဖဿသည် စစ်စစ်အားဖြင့် ဖြစ်တော့သည်သာဖြစ်၍ သဠာယတန ပစ္စယာဖဿော-ဟု ဟောတော်မူအပ်၏။

ပဋ္ဌာန်း ပစ္စည်း တင်ပုံ

စက္ခု, သောတ,ဃာန, ဇိဝှါ,ကာယာယတနသည် စက္ခု,သောတ, ဃာန,ဇိဝှါ,ကာယသမ္ဖဿအားနိဿယ,ပုရေဇာတ,ဣန္ဒြိယ,ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ခြောက်ပစ္စည်း။ တခုသော ဝိပါက်မနာယတနသည် များစွာသော ဝိပါက်မနောသမ္ဖဿအား သဟဇာတ, အညမည,နိဿ ယ, ဝိပါက,အာဟာရ, ဣန္ဒြိယ,သမ္ပယုတ္တ,အတ္ထိ, အဝိဂတကိုးပစ္စည်း။ ဗာဟိရာယတနများတွင် ရူပါယတနသည် စက္ခုသမ္ဖဿအား, သဒ္ဒါ ယတနသည် သောတသမ္ဖဿ,ဂန္ဓာယတနသည် ဃာနသမ္ဖဿ၊ ရသာ ယတနသည် ဇိဝှါသမ္ဖဿ၊ ဖေါဋ္ဌဗ္ဗာယတနသည် ကာယသမ္ဖဿအား အာရမဏ,ပုရေဇာတ,အတ္ထိ,အဝိဂတ လေးပစ္စည်း။ရူပစသော ဗာဟိ ရာယတနသည် ဝိပါက်မနောသမ္ဖဿအား အာရမဏ, ပုရေဇာတ, အတ္ထိ,အဝိဂတ လေးပစ္စည်း၊ ၎င်းဗာဟိရာယတနသည် ဖဿ ခြောက် ပါးအား ကျေးဇူးပြုသော ပစ္စည်းကို ဖြစ်သင့်သလိုရှာ၍ သိပါလေ။

ဖဿ နှင့် **ဝေဒနာ**-ဖဿရှိနေပါက ဖဿကြောင့် ဖြစ်သောဝေဒနာ သည် စင်စစ်အားဖြင့်ဖြစ်တော့သည်သာဖြစ်၍ ဖဿပစ္စယာဝေဒနာ ဟု ဟောတော်မူအပ်၏။

ပဋ္ဌာန်း ပစ္စည်း တင်ပုံ

စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယသမ္ဖဿသည် ပဥ္စဒွါရမှာ စက္ခု သောတ, ဃာန, ဇိဝှါ, ကာယဝိညာဏ်နှင့် ယှဉ်သော ဝေဒနာတို့အား သဟဇာတ,အညမည,နိဿယ, ဝိပါက, အာဟာရ,သမ္ပယုတ္တ,အတ္ထိ အဝိဂတ ၅စ် ပစ္စည်း။ ထိုစက္ခု သမ္ဖဿ စသည်သည် ဒွါရ တခုခုမှာ သမ္ပဋိစ္ဆိုင်း, တဒါရုံ၏ အစွမ်းဖြင့် ဖြစ်သော ကာမဝိပါက် ဝေဒနာ တို့အား ဥပနိဿယ တပစ္စည်း။မနောသမ္ဖဿသည် မနောဒွါရ၌လည်း တဒါရုံ၏ အစွမ်းဖြင့်ဖြစ်သော ကာမဝိပါက်ဝေဒနာတို့အား အထက်ပါ ၅စ်ပစ္စည်း၊ ပဋိသန္ဓေ,ဘဝင်, စုတိ၏ အစွမ်းဖြင့်ဖြစ်သော တေဘူမက ဝိပါက် ဝေဒနာတို့ အားလည်း ၅စ်ပစ္စည်းပင်။ မနောဒွါရနှင့် ယှဉ်သော မနောသမ္ဖဿသည် မနောဒွါရ၌ တဒါရုံ၏ အစွမ်းဖြင့်ဖြစ်သော ကာမ ဝိပါက်ဝေဒနာတို့အား ဥပနိဿယ တပစ္စည်းဖြင့် ကျေးဇူးပြုပေ၏၊

မှတ်ချက်။ ။ဝေဒနာသည် စက္ခုသမ္ဖဿဇာဝေဒနာ, သောတ, ဃာန, ဇိဝှါ, ကာယ,မနောသမ္ဖဿဇာ ဝေဒနာဟု ဒွါရအားဖြင့်ခြောက်ပါးအပြားအားဖြင့်မူကား စိတ်လုံးရေရှိသလောက် ဝေဒနာပေါင်းရှိ၏၊ (စိတ္တေန သမ မုဒ္ဒိသေ ဟူသော သင်္ဂြိုဟ် ပါဠိကိုထောက်လေ)။

ဝေဒနာ နှင့် **တဏှာ**-သုခဝေဒနာနှင့်တူသော တဏှာ၏မှီရာ မည် သည် မရှိသည်ဖြစ်၍ ဝေဒနာပစ္စယာတဏှာ-ဟု ဟောတော်မူ၏။

မှတ်ချက်။ ။တဏှာသည် ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မတဏှာ-ဟု အာရုံ၏ အစွမ်း အားဖြင့် ၆-ပါး၊ ထိုတွင် တဏှာတခုခုမှာ ဖြစ်ပုံ အခြင်းအရာအားဖြင့် ကာမ တဏှာ,ဘဝတဏှာ,ဝိဘဝတဏှာဟု သုံးမျိုးစီရှိပြန်လေသည်၊ထို့တွင် ကာမဿာဒ၏ အစွမ်းအားဖြင့် ဖြစ်သောတဏှာသည် **ကာမတဏှာ**၊သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် **ဘဝတဏှာ**၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်သော တဏှာသည် ဝိဘဝတဏှာ မည်၏။

သဒ္ဒတဏှာ စသည်တို့၌လည်း ဤသိုး ဤသိုး သုံးပါးစီရ၍ ဤ၆ရုံ ခြောက်ပါးမှာ တဏှာ ၁၈-ပါးဖြစ်၏။ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် နှစ်ပါးနှင့်မြှောက် ၃၆-ပါး၊ ကာလ သုံးပါးနှင့်မြှောက် ၁၀၈-ဖြစ်၏၊ တဏှာအစစ် တရာ့ရှစ်-ဟု ပြောဆိုရိုး ပြုကြသည်။

ပစ္စနိုး ပစ္စည်း တစ်ပုံ

ဝိပါက် သုခဝေဒနာသည် တဏှာအား ဥပနိဿယ တ-ပစ္စည်းဖြင့် ကျေးဇူး ပြု၏။

တဏှာ နှင့် ဥပါဒါန်-ကာမုပါဒါန် မည်သည် အာရုံတခုမှာ ထပ်တလဲလဲ ဖြစ်၍ မြဲမြံသည့်၏ အဖြစ်သို့ ရောက်သော တဏှာ ပင်တည်း၊ ဟိတ္တိတို့လည်း မိမိ၏အာရုံတို့၌ သာယာခြင်းနှစ်သက်ခြင်းမြန်ရှက်ခြင်း ဖြစ်သော တဏှာ၏ အစွမ်း အားဖြင့် မြဲမြံ ခိုင်ခံ့ သည့်၏ အဖြစ်သို့ ရောက်ကုန်၏၊ထို့ကြောင့် တဏှာပစ္စယာ ဥပါဒါနံ-ဟု ဟောတော်မူ၏။

ပစ္စနိုး ပစ္စည်း တစ်ပုံ

တဏှာသည် ကာမုပါဒါန်အား ဥပနိဿယ တပစ္စည်း၊ ကြွင်းဥပါဒါန်သုံးပါးအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဟေတု-ခုနစ်ပစ္စည်း၊ (ဥပနိဿယနှင့် တကွ ဖြစ်နိုင်ရာ၌ ရှစ်ပစ္စည်း၊ ဥပနိဿယ၏ အစွမ်းဖြင့် ကျေးဇူးပြုရာမှာ သဟဇာတမျိုး မဟုတ်သည်ကို သတိပြု)။

ဥပါဒါန် နှင့် ဘဝ။　။စွဲလမ်းကြသော သူတို့သည်လည်း စွဲလမ်းအပ်သော ထိုထို အကျိုး၏ အစီးအပွါးဟု မှတ်အပ်သော ထိုထို ကမ္မဘဝကို အားထုတ်ကြကုန်၏၊ ထို့ကြောင့် ဥပါဒါနပစ္စယာ ဘဝေါ-ဟု ဟောတော်မူ၏။

ပစ္စနိုး ပစ္စည်း တစ်ပုံ

ဥပါဒါန်လေးပါးသည် ရူပဘဝ, အရူပဘဝ တို့အားရင်း, ကာမဘဝ၌ အကျုံးဝင်သော ကမ္မဘဝနှစ်မျိုးတွင် ကုသိုလ် ကမ္မဘဝအားရင်း, ဥပပတ္တိ ဘဝ အားရင်း ဥပနိဿယ ပစ္စည်း၊ ရင်းလေးပါးသည် ကာမဘဝ၌ မိမိဟူသော ဥပါဒါန်နှင့်ယှဉ်သော အကုသိုလ် ကမ္မဘဝအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဟေတု,မဂ္ဂ၊ မိမိဟူသော ဥပါဒါန်နှင့်ဝိပ္ပယုတ်ဖြစ်သော ကမ္မဘဝအား ဥပနိဿယ တပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။

ဘဝ နှင့် ဇာတိ။ ။ကမ္မဘဝရှိနေပါက တဖန် ဘဝ သစ်သည် စင်စစ်ဖြစ်တော့သည်သာ ဖြစ်၍ ဘဝပစ္စယာ ဇာတိ-ဟု ဟောတော်မူ၏။

ပဋ္ဌာန်း ပစ္စည်း တစ်ပုံ

ကမ္မဘဝသည် ဇာတိအား ကမ္မ,ဥပနိဿယနှစ်ပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။

ဇာတိ နှင့် ဇရာမရဏစသည်။ ။ဇာတိရှိနေပါက စင်စစ်အားဖြင့် ဇရာ မရဏသည် ဖြစ်တော့သည်သာတည်း၊ထို့ကြောင့် ဇာတိပစ္စယာဇရာမရဏံ-ဟု ဟောတော်မူ၏။

ပဋ္ဌာန်း ပစ္စည်း တစ်ပုံ

ဇာတိသည် ဇရာ မရဏအားရင်း, သောက စသည်တို့အားရင်း ဥပနိဿယ တပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ ဤဆိုအပ်ခဲ့ ပြီးသည်ကား တဗ္ဗာဝိဘာဝဖြစ်သော သင်္ခတတရားတို့၏ အစီအရင် ပေတည်း။ ဤ ပဋိစ္စသမုပ္ပါဒ်၌ သောကစသည်ကို ဆိုခြင်းသည်ကား တဗ္ဗာဝိဘာဝ အားဖြင့်ဖြစ်သော အလုံးစုံသောဝဋ်တရား၏ အဖြစ်အစုကို ပြခြင်း အကျိုးငှါ ဆိုအပ်လေသည်။

ထိုပဋိစ္စသမုပ္ပါဒ်နည်း၌ အင်္ဂနီ ၃-ပါး, အင်္ဂါ ၁၂-ပါး, ခြင်းရာ ၂၀, အစပ် ၃-ပါး,အလွှာ ၄-ပါး,ဝဋ် ၃-ပါး,မူလ ၂-ပါးတို့ကို သိအပ်ကုန်၏။

အဍ္ဍနီ—ဟူသည် အချိန်ကာလ ပေတည်း၊ ထိုအချိန် ကာလသည် ကာလသုံးပါး၌ဖြစ်သောတရားတို့ကို အစဉ်မပြတ် ဖွဲ့စပ်သည်၏အစွမ်း အားဖြင့် ကပ်အဆက်ဆက်,နှစ်,ဥတု,လ,ပက္ခ,ညဉ့်,နေ့ အဆက်ဆက် ဖြစ်၍ မကျစေရအောင် ဆောင်နေ သကဲ့သို့ဖြစ်၏။ ကာလသည် ပျက်တတ်သော တရားမျိုးမဟုတ်၊တရားကိုယ်ကို ကောက်၍လည်းမရ၊ ပညတ်သက်သက်မျှသာဖြစ်၏၊ သို့ပေမဲ့ ပျက်တတ်သော တရားတို့ကို စွဲမှီ၍ ဖြစ်လေသောကြောင့် ၎င်းကို ပျက်သကဲ့သို့ တင်စား ထားလေ သည်။ **အင်္ဂါ**—ဟူသည် အစိတ်အပိုင်းတွေပင်ဖြစ်၏၊ ထိုအစိတ်အပိုင်း များကို သင်္ဂဟဆရာကိုယ်တိုင်ပင် ပြပါလတ့်။**ခြင်းရာ**—ဟူသည် ထိုထို ပေါင်းစုရေတွက်ခြင်း၌ပြအပ်သော သဘောတည်း၊သို့မဟုတ် အတိတ်

အကြောင်း စသည်တို့၏အပြားပေတည်း။ **အစ—**ဟူသည် အကြောင်း အကျိုး ဆက်စပ်မှုတည်း။ **အဒ္ဓါ—**ဟူသည် အဝိဇ္ဇာစသည့်, ဝိညာဏ် စသည့် တို့ကို ပေါင်းသွင်း မှုတည်း။ **ဝဋ္ဋ—**ဟူသည် ကံ ဟူသော အကြောင်းတရားနှင့် ကံ၏အကျိုးတရားတို့ ဖြစ်ခြင်းတည်း။ **မူလ—**ဟူသည် ဝဋ္ဋ၏ အကြောင်းအဖြစ်ဖြင့် တည်မှုပေတည်း။

အခွန့် စသည်ကို ပြဆိုချက်

အဒ္ဓန့်စသည်တို့ကား ဘယ်ဟာတွေလဲ၊ အဝိဇ္ဇာနှင့် သင်္ခါရသည် အတိတ်အဒ္ဓန့်, ဇာတိ, ဇရာ, မရဏသည် အနာဂတ်အဒ္ဓန့်,ဝိညာဏ် နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဤအလယ် ရှစ်ပါးသည် ပစ္စုပ္ပန်အဒ္ဓန့်ဟူ၍ အဒ္ဓန့် သုံးပါး။

အဝိဇ္ဇာနှင့် သင်္ခါရကို အတိတ်အဒ္ဓန့်ဆိုရသည်မှာ အတိတ်ဘဝ၌ အကျုံးဝင်သောအကြောင်းတို့ကို ဤ၌ အလိုရှိအပ်သောကြောင့်ဆို၏။ အဒ္ဓန့်ဟူသော စကားဖြင့် အဝိဇ္ဇာစသည်ကိုယူ၊ ဘယ့်ကြောင့်ဆိုသော် အဝိဇ္ဇာစသည်တို့မှ လွတ်သော တစုံတရာကာလကို မရလေသော ကြောင့်ပေတည်း။ မှန်၏—ချုပ်ပြီး တရားများကို အတိတ်ကာလ,မဖြစ် သေးသော တရားများကို အနာဂတ်ကာလ,ဥပါဒ်စသော ခဏသုံးပါး မှာ အကျုံးဝင်သော တရားတို့ကို ပစ္စုပ္ပန်ကာလ၏ အစွမ်းအားဖြင့် ခေါ်ဝေါ်အပ်လေသည်။ ဇာတိ, ဇရာမရဏကို အနာဂတ် အဒ္ဓန့်ဆိုရ သည်မှာ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်မှာ ဖြစ်လတ္တံ့ ဖြစ်၍ ဆိုရ၏။ အလယ်တရားရှစ်ပါးကို ပစ္စုပ္ပန် အဒ္ဓန့်ဆိုရသည်မှာ အတိတ် အကြောင်းကြောင့် ဤပစ္စုပ္ပန်မှာ ဖြစ်ဆဲအကျိုးသဘောရှိသောကြောင့် ၎င်း, အနာဂတ် အကျိုး ဖြစ်ပေါ်ဖို့ရန် ပစ္စုပ္ပန် အကြောင်းသဘော ရှိသောကြောင့်၎င်း ဆိုရလေသည်။

အဝိဇ္ဇာ,သင်္ခါရ, ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်,ဘဝ,ဇာတိ,ဇရာမရဏ-ဟု အင်္ဂါ ၁၂-ပါး၊ သောက စသည်ကား ဤဘဝစက်မှာ(အကျိုးဆက်မျှဖြစ်၏။ အကျိုးဆက်မျှဖြစ်၍ အင်္ဂါ ရေတွက်ရာ၌ မပါဟုမှတ်)။

ခြင်းရာ ၂၀,အစပ် ၃-ခု,အလ္လာ ၄-ခုကို ပြခြင်း၄၁ အဝိဇ္ဇာသင်္ခါ ရဥပဟာထေန စသည်ကို မိန့်ဆိုလေသည်။

ဤဘဝစက်၌ အဝိဇ္ဇာ သင်္ခါရကို ယူသဖြင့် တဏှာ, ဥပါဒါန်, ဘဝ ကိုလည်း ယူအပ်၏၊ထို့အတူ တဏှာ,ဥပါဒါန်,ဘဝကို ယူသဖြင့်လည်း အဝိဇ္ဇာ, သင်္ခါရကိုလည်း ယူအပ်၏၊ ဇာတိဇရာမရဏကို ယူသဖြင့် လည်း ဝိညာဏ်စသော အကျိုးငါးပါး အပေါင်းကိုလည်း ယူအပ်၏။ ထို့ကြောင့်......

အတိတ်အကြောင်းငါးပါး၊ပစ္စုပ္ပန်အကျိုး ငါးပါး၊ပစ္စုပ္ပန်အကြောင်း ငါးပါး၊ အနာဂတ်အကျိုး ငါးပါးဟု ခြင်းရာ ၂၀၊ အစပ် ၃-ပါး၊အလွှာ ၄-ခုတို့သည် ဖြစ်ကုန်၏။

ရှင်းချက်။ ။တဏှာ,ဥပါဒါန် တို့သည် အဝိဇ္ဇာဖြစ်ခဲ့သည်ရှိသော် ဖြစ်ကြလေ သည်၊ အဝိဇ္ဇာမဖြစ်ပါက မဖြစ်ကြကုန်၊ သို့အတွက် အဝိဇ္ဇာသဒ္ဒါဖြင့် တဏှာ, ဥပါ ဒါန်ကို ယူအပ်၏။ သင်္ခါရဖြစ်သော်သာလျှင် ကမ္မဘဝဖြစ်သည်၊သင်္ခါရဘဝမဖြစ်ပါက ကမ္မဘဝ မဖြစ်ပါလေ၊ ထို့ကြောင့် သင်္ခါရသဒ္ဒါဖြင့် ကမ္မဘဝကို ယူအပ်၏။

ဝိဘာဝိနီဋီကာ၌ကား....ကိလေသာ၏အဖြစ်ဖြင့် တူညီသောကြောင့် အဝိဇ္ဇာသဒ္ဒါ ဖြင့်တဏှာ,ဥပါဒါန်ကို၊ ကံအဖြစ်ဖြင့် တူညီသောကြောင့် သင်္ခါရသဒ္ဒါဖြင့် ကမ္မဘဝကို ယူအပ်၏ဟု မိန့်ဆို၏။

ခြင်းရာ ၂၀

အတိတ်အကြောင်း ငါးပါးကား—အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကမ္မ ဘဝ,သင်္ခါရ၊ **ပစ္စုပ္ပန်အကျိုး** ငါးပါးကား—ဝိညာဏ်, နာမ်ရုပ်, သဠာ ယတန,ဖဿ,ဝေဒနာ၊ **ပစ္စုပ္ပန်အကြောင်း** ငါးပါးကား—တဏှာ, ဥပါ ဒါန်,ဘဝ,အဝိဇ္ဇာ,သင်္ခါရ၊ **အနာဂတ်အကျိုး** ငါးပါးကား—ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ၊ ဤ ၂၀-ကို ခြင်းရာဟု ခေါ်၏။

အစပ် ၃-ပါး

အတိတ်အကြောင်းငါးပါးနှင့် ပစ္စုပ္ပန်အကျိုးငါးပါး တစပ်၊ ပစ္စုပ္ပန် အကျိုးငါးပါးနှင့် ပစ္စုပ္ပန်အကြောင်းငါးပါး တစပ်၊ ပစ္စုပ္ပန်အကြောင်း ငါးပါးနှင့် အနာဂတ် အကျိုးငါးပါး တစပ်၊ ဤသုံးခုတို့ကို အစပ် ၃-ပါးဟု ခေါ်၏၊ သမ္မောဟဝိနောဒနီ၌ တမျိုးဆို၏။

အလွှာ ၄-လွှာ

အတိတ် အကြောင်း ငါးပါး တလွှာ၊ ပစ္စုပ္ပန် အကျိုး ငါးပါး တလွှာ၊ ပစ္စုပ္ပန် အကြောင်း ငါးပါး တလွှာ၊ အနာဂတ် အကျိုး ငါးပါး တလွှာ။ ဤကား အလွှာ ၄-လွှာတည်း။

မှတ်ချက်။ ။အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိကို တားမြစ်ရန် အတိတ်အကြောင်း ငါးပါးကို ပြ၏၊ ဥစ္ဆေဒဒိဋ္ဌိကိုတားမြစ်ရန် အနာဂတ်အကျိုး ငါးပါးကို ပြ၏၊ သဿတဒိဋ္ဌိကို တားမြစ်ရန် အကြောင်းအကျိုး နှစ်ပါးစုံကိုပြ၏။ ထိုဒိဋ္ဌိသုံးပါးတွင် အကြောင်းမရှိဘဲ သတ္တဝါတွေဖြစ်ကြသည်၊ ပျက်စီးကြသည်၊ ညစ်နွမ်းကြသည်၊ စင်ကြယ်ကြသည်ဟု ဖြစ်သော ဒိဋ္ဌိသည် အဟေတုကဒိဋ္ဌိမည်၏၊ ဗြဟ္မာ ပဇာပတိတို့၏ အစိုးရခြင်း ဖန်ဆင်းခြင်း စသည်တို့၏အစွမ်းဖြင့် ထင်ရှားမရှိသောအကြောင်းကို မြင်ခြင်းသည် ဝိသမဟေတုဒိဋ္ဌိမည်၏၊ သတ္တဝါတို့သည် သေသောအခါ ပြတ်ကုန်၏၊ အနာဂတ်ကာလ၌ ဇာတိမည်သည် မရှိပါလေဟု ဖြစ်သော ဒိဋ္ဌိသည် ဥစ္ဆေဒိဋ္ဌိမည်၏။ အတ္တသည် မြဲ၏၊ ထိုအတ္တသည်သာ ဘဝတခုမှ ဘဝတခုသို့ ပြေးသွား၏၊ ကျင်လည်၏ဟု ဖြစ်သော ဒိဋ္ဌိသည် သဿတဒိဋ္ဌိ မည်၏။ ဤကဲ့သို့ မြဲသည်ဖြစ်၍ ပြေးသွားသော အတ္တကိုကား အဝိဇ္ဇာ စသည် တို့သည် ပြီးစေအပ်သည် မဟုတ်၊ ထို့ကြောင့် အဝိဇ္ဇာသင်္ခါရ တို့ကြောင့် ဘဝ တပါး၌ တပါး ဝိညာဏ် ဖြစ်ခြင်းကို ဟောတော်မူသော မြတ်စွာဘုရားသည် သဿတဒိဋ္ဌိကို တားမြစ်အပ်လေသည်။

ဝဋ် ၃-ပါး

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် ကိလေသဝဋ်၊ ကမ္မဘဝဟူသော ဘဝ တစိတ်နှင့် သင်္ခါရတို့ကား ကမ္မဝဋ်၊ ဥပပတ္တိဘဝတစိတ်နှင့် ကြွင်းသော ဝိညာဏ် စသော အကျိုး ငါးပါး ဇရာ မရဏ တို့ကား ဝိပါကဝဋ်၊ ဤသည်တို့ကား ဝဋ်သုံးပါးတည်း။

ကမ္မ ဘဝ တစိတ် ဟူရာ၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတွင် ဘဝနှစ်ခုကို သီးခြားမပြုဘဲ သာမန်အားဖြင့် ဘဝဟုသာ ရေတွက်ခဲ့၏၊ ကမ္မဘဝ, ဥပပတ္တိဘဝ-ဟု နှစ်မျိုးရှိရာတွင် ဤနေရာတွင် ကမ္မဘဝကိုသာယူ၍ ဥပပတ္တိဘဝ တဖက် ကျန်ရှိနေရကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ရေတွက်ရာကို ထောက်ထား၍ ဘဝတစိတ်ဟု ဆို၏။ဝိဘာဝိနီဋီကာ၌ အနာဂတ်ပဋိသန္ဓေ၏အကြောင်းဖြစ်သော စေတနာသည် ကမ္မဘဝတစိတ်မည်၏ဟုဆို၏။

ကမ္မဘဝနှင့်သင်္ခါရအထူး

အနာဂတ်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ပစ္စုပ္ပန်စေတနာသည် ကမ္မဘဝ မည်၏၊ ပစ္စုပ္ပန် ပဋိသန္ဓေ၏ အကြောင်းဖြစ်သော အတိတ်ကမ္မဘဝတွင် ပါဝင်နေသော စေတနာသည် သင်္ခါရမည်၏။

မူလ ၂-ပါး

အဝိဇ္ဇာ, တဏှာ၏အစွမ်းဖြင့်မူလ ၂-ပါးကို သိအပ်၏။

ဘဝစက်သည် ပုရိမဘဝစက်, ပစ္ဆိမဘဝစက်ဟု နှစ်မျိုးရှိရာ ပုရိမဘဝစက်၌ အဝိဇ္ဇာကားအစ၊ ပစ္ဆိမဘဝစက်၌ တဏှာကားအစဖြစ်၏။အဝိဇ္ဇာနှင့်တဏှာကို ဝဋ်မြစ်ခေါ်သည်မှာ ထိုတရားနှစ်ပါးဖြစ်ပေါ်မှုဖြင့် အလုံးစုံသော ဝဋ်သည်ဖြစ်၏၊ ထိုတရားနှစ်ပါးချုပ်လျှင် ဝဋ်တရားအားလုံးချုပ်၏၊ ထို့ကြောင့် ထိုတရားနှစ်ပါးကို ဝဋ်မြစ်ဟုခေါ်၏။ ဝဋ်မြစ်တရားနှစ်ပါးတွင် တခုခုကို အရဟတ္တမဂ်ဖြင့် အကြွင်းမရှိ ဖြတ်ပယ်လိုက်ပါက ဝဋ်တရားသည်အကြွင်းမရှိပြတ်သွားကြောင်းကို ပြခြင်းငှါ တေသ မေဝစ မူလာနံ-စသော စကားရပ်ကို သင်္ဂြိုဟ်ဆရာမိန့်ဆိုတော်မူ၏။

ထိုမူလတရားနှစ်ပါး ချုပ်သွားခြင်းကြောင့် ဝဋ်တရားချုပ်၏၊ ဇရာတရား, မရဏတရား, မုစ္ဆာတရားများ အမြဲနှိပ်စက်အပ်သောသတ္တဝါတို့အား အာသဝဖြစ်ခြင်းကြောင့်လည်း အဝိဇ္ဇာဖြစ်၏။

မုစ္ဆာ—တရားများဆိုသည်ကား သောက စသော တရားများပေတည်း၊ ထိုသောကစသောတရားတို့သည် မိမိတို့ကိုယ်တိုင် အာသဝေါတရားတို့ကြောင့် ဖြစ်၍ နောက်တဖန် အာသဝေါတရားများ ဖြစ်ပေါ်လာဖို့ရန် အကြောင်းလည်း ဖြစ်ကြ၏၊ ထို့ကြောင့် ဇရာမရဏမုစ္ဆာယ, ဟူသော စကားရပ်ဖြင့် သောကစသည်တို့ကို ဇရာမရဏအင်္ဂါ၌ သွင်းယူရမှုကိစ္စပြီးစီးလေသည်၊ ဇရာမရဏ သောကတို့သည် မပြတ်နှိပ်စက်အပ်သော လူမိုက်တို့အား အာသဝေါတရားတို့သည် မပြတ်ဖြစ်ကုန်၏၊ အာသဝေါ တရားတို့ မပြတ် ဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ပေါ်လာပြန်၏၊ (အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယော ဟောတိ-ကို ယောက်)။

နာနာဗျသန ဖုဋ္ဌဿ၊ သောကာဒိနံ ပဝတ္တိတော။
အဝိဇ္ဇာတဏှာ ဝဍ္ဎန္တိ၊ ယတောဝဋ္ဋံ ပဝတ္တတိ။

ဗျသနတရားအမျိုးမျိုးနှင့် တွေ့သူအား သောကစသည်တို့ ဖြစ်လေသောကြောင့် အဝိဇ္ဇာတဏှာ တို့သည် တိုးပွါးကုန်၏၊ ယင်းအဝိဇ္ဇာတဏှာတို့ တိုးပွါးလာမှုကြောင့် သံသရာစသော ဘဝဝဋ်သည်ဖြစ်နေပေ၏။

ပဋိစ္စသမုပ္ပါဒ်

ဤဆိုအပ်ခဲ့သောနည်းဖြင့် ထပ်တလဲလဲဖွဲ့စပ်အပ်သော အစမထင်သော ဘုံသုံးပါး၌ ဖြစ်သော ဝဋ်တရားကို ပဋိစ္စသမုပ္ပါဒ်ဟူ၍ ရဟန်းမြတ်ဖြစ်တော်မူသော ဘုရားရှင်သည် ဟောတော်မူ၏။

အနာဒိကံ-ဟူ၍ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟု အဝိဇ္ဇာကို အစဦးဆုံး ဆိုအပ်သည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် အနာဒိက (အစမရှိ) ဟု ဆိုပါသနည်း?

ဖြေဆိုချက်—ဝဋ်၏ အစဖြစ်သောကြောင့် အဝိဇ္ဇာကို အစဦးဆုံး ဆိုသည် မဟုတ်ပါ၊ ဝဋ္ဋကထာ၏ အဦးဖြစ်သောကြောင့် သာလျှင် အဝိဇ္ဇာကို အစ၌ဆိုအပ်ပါသည်။ ဤကဲ့သို့ ဝဋ္ဋကထာ၏ အဦး၏ အဖြစ်ဖြင့် ဆိုအပ်သော အဝိဇ္ဇာဖြင့် ဝဋ်၏ အနာဒိက (အစမရှိသော) အဖြစ်ကိုလည်းပြအပ်လေသည်။ မှန်ပေ၏-အဝိဇ္ဇာမည်သည်ကို ဖြင်ပဗဟိဒ္ဓသဏ္ဌာန်မှာမရအပ်ပါပေ၊ သတ္တဝါတို့ အဇ္ဈတ္တ သန္တာန်မှာသာ ရအပ်လေသည်၊ ဤသို့ဖြိုးစီးခြင်းကား မျက်မြင်ဖြစ်၏။ သို့ဖြစ်၍ ဤ ပစ္စုပ္ပန်ဘဝမှာ အတိတ်ဘဝက အဝိဇ္ဇာဖြိုးစီးခဲ့လို့ အဝိဇ္ဇာ၏ တည်ရာ အတ္တဘောဖြိုးစီးလေသည်၊အတိတ်ဘဝမှာ အတ္တဘောဖြိုးစီးခြင်းသည် သူ့ယက် ရှေးကျသော အတိတ်ဘဝက အဝိဇ္ဇာ ဖြိုးစီးခဲ့လို့ ဖြစ်သည်၊ အဝိဇ္ဇာတချဖြိုးစီးရင်း အတ္တဘောတချဖြိုးစီးရင်းဖြစ်လေသည်၊ အတ္တဘောတချဖြစ်ရင်း အဝိဇ္ဇာတချပေါ်လာရင်း ဖြစ်လေသည်၊ ရှေးရှေး အတိတ်ကာလတွေကို ဉာဏ်ဖြင့် မြှော်ခေါ်ကြည့်၊ အတိတ်မဆုံး ဖြစ်ပေတော့သည်။ ထို့ကြောင့် အဝိဇ္ဇာ, အတ္တဘော နှစ်ပါးစုံသည် တည်တံ့မှုလည်းမရှိ၊အစလည်းမရှိဖြစ်လေသည်။ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် ဝဋ်တရားကို အနာဒိကံ(အစမရှိ)ဟု ဟောတော်မူ၏။

ပဋ္ဌာန်းနည်း အဖွင့်

၂၄-ပစ္စည်း

ဟေတုပစ္စည်း,အာရမ္မဏပစ္စည်း,အဓိပတိပစ္စည်း, အနန္တရပစ္စည်း,သမနန္တရ ပစ္စည်း, သဟဇာတပစ္စည်း, အညမညပစ္စည်း, နိဿယပစ္စည်း ,ဥပနိဿယ ပစ္စည်း, ပုရေဇာတပစ္စည်း, ပစ္ဆာဇာတပစ္စည်း, အာသေဝနပစ္စည်း, ကမ္မ

ပစ္စည်း, ဝိပါကပစ္စည်း, အာဟာရပစ္စည်း, ဣန္ဒြိယပစ္စည်း, ဈာနပစ္စည်း, မဂ္ဂပစ္စည်း, သမ္ပယုတ္တပစ္စည်း, ဝိပ္ပယုတ္တပစ္စည်း, အတ္ထိပစ္စည်း, နတ္ထိပစ္စည်း, ဝိဂတပစ္စည်း, အဝိဂတပစ္စည်း။

ဟေတုပစ္စည်းနှင့်စပ်၍ အောက်ပါ အမေးသုံးချက်ဖြင့် စစ်တမ်းထုတ်ကြည့်-

၁။ အဘယ်အနက်ကြောင့် ဟိတ်မည်သနည်း ?
၂။ အဘယ်အနက်ကြောင့် ပစ္စည်းမည်သနည်း ?
၃။ အဘယ်အနက်ကြောင့် ဟေတုပစ္စည်းမည်သနည်း ?

၁။ အဖြေ–ကောင်းစွာတည်ရာ၏ အဖြစ်ကို ပြီးစေတတ်သော မူလ ဟူသောအနက်ကြောင့် ဟိတ်မည်၏။

ရှင်းချက်–သစ်မြစ်သည် သစ်ပင်တို့အား မြေမှာ ကောင်းစွာ တည်ခြင်းကိစ္စကို ပြီးစေသကဲ့သို့ ဟိတ်ခြောက်ပါးသည် သဟဇာတ်တရားတို့အား အာရုံတို့မှာ ကောင်းစွာတည်သည်၏ အဖြစ်ကို ပြီးစေတတ်သည်၊ ဤကဲ့သို့ ပြီးစေမှုကိုပင် မူလအနက်ဟု ခေါ်၏၊ ကေစိဆရာတို့က သဟဇာတ်တရားတို့၏ ကုသိုလ်စသော အဖြစ်ကို ဖြစ်စေမှုသည်ကား မူလအနက်ပါတဲ့။

၂။ အဖြေ–ကျေးဇူးပြုတတ်သောကြောင့် ပစ္စည်းမည်၏။

ရှင်းချက်–ကျေးဇူးပြုတတ်၏ ဟူသည် မိမိသည် အကြင်သို့သော ဟေတုဘာဝစသော သဘောအားဖြင့် ရအပ်ပါက မဖြစ်သေးသော တရားတို့သည် ဖြစ်ကုန်၏၊ ဖြစ်ပြီးသော တရားတို့သည် တည်တံ့ကုန်၏၊ တည်တံ့သောတရားတို့သည် အဆင့်ဆင့် တိုးပွါးစည်ပင်ခြင်း၏ အကြောင်းအဖြစ်သို့ ရောက်ကုန်၏၊ ထိုကဲ့သို့သော သဘောအားဖြင့် ရခြင်းမှုကိုပင် (ကျေးဇူးပြုတတ်၏)ဟုဆို၏။

၃။ အဖြေ–ဟိတ်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဟေတုပစ္စည်း မည်၏။ အာရုံမြဲမြံသည်၏ အဖြစ် ကြီးပွါးစည်ပင်သည်၏ အဖြစ်ကို ပြီးစေတတ်သော မူလ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ဟိတ်ခြောက်ပါးကို အရကောက်ယူလေ။

အာရမ္မဏပစ္စည်း

အာရမ္မဏဘာဝေန ဥပကာရကော ဓမ္မော အာရမ္မဏပစ္စယော= အာရုံ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အာရုံခြောက်ပါးတရားသည် အာရမ္မဏပစ္စည်းမည်၏။

မှတ်ချက်။ ။ပဋ္ဌာန်း အဋ္ဌကထာ၌ အာရုံကို ဒဏ္ဍံဝါ ရဇ္ဇုံဝါဟု ဥပမာနှစ်မျိုးဖြင့် ဖွင့်ပြလေသည်၊ သို့ဖြစ်၍ အာရုံသည် ရုပ်အာရုံ နာမ်အာရုံဟု နှစ်မျိုးရှိရာ ရုပ်အာရုံကို ကြိုးတန်း၊ နာမ်အာရုံကိုကား တောင်ဝှေးနှင့်တူ၏ဟုမှတ်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌–အတ္တဘာဝ ရုက္ခသာခါယ ဗန္ဓိတွာ ဩလမ္ဗိတံ ရူပရဇ္ဇုံဝါ ဝေဒနာဒိသု အညတရဒဏ္ဍံဝါ–စသည်ဖြင့် မိန့်ဆိုလေသည်။ ကြံနိုင်ခဲသော အရာတခုဖြစ်၏သတိပြု။

အဓိပတိပစ္စည်း

အဓိပတိဘာဝေန ဥပကာရကော ဓမ္မော အဓိပတိပစ္စယော=အဓိပတိ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် အဓိပတိ ပစ္စည်း မည်၏။ အဓိပတိသည်–အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ–ဟု နှစ်မျိုး၊ ထိုတွင်......အရှင်သည် ကျွန်ကို မိမိအလိုမှာ ဖြစ်စေသကဲ့သို့ အာရုံ တရားများတွင်လည်း အချို့ အာရုံ တရားတို့သည် အလေးပြုအပ်သည့်ဖြစ်၍ မိမိ၏ အာရမဏိက တရားတို့ကို မိမိ ဟူသော အာရုံမှာ အမြဲတမ်း ညွတ်စေ၏ ကိုင်းစေ၏ ရှိုင်းစေ၏။ ထိုအာရုံတရားတို့သည် အာရမ္မဏာ ဓိပတိမည်၏။ သဟဇာတာဓိပတိကိုကား အကျယ်ကျမှ ပြမည်။

အနန္တရပစ္စည်း, သမနန္တရပစ္စည်း

အနန္တရဘာဝေန ဥပကာရကော ဓမ္မော အနန္တရပစ္စယော=အခြား မရှိသော အနန္တရ၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် အနန္တရပစ္စည်းမည်၏၊ သုဋ္ဌုအနန္တရဘာဝေန ဥပကာရကော ဓမ္မော သမနန္တရပစ္စယော=ကောင်းစွာ အခြားမရှိသောအနန္တရ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သမနန္တရပစ္စည်းမည်၏။ ဤပစ္စည်း နှစ်ပါး တရားအရကောက် တူ၏။ သဘော အားဖြင့်ကား ထူးခြား၏၊ ထူးခြားပုံမှာ......ရှေးစိတ် ချုပ်သွားငြား သော်လည်း နောက်၌ အစဉ် ပြတ်ခြင်းငှါမပေးမူ၍ အစဉ်ကိုဖွဲ့စပ်သည်၏အစွမ်းအားဖြင့်သာရမဏ ဓမ္မ (အာရုံယူ တရား) အဖြစ်နဲ့ မိမိနှင့် တူသော တရားတပါးကို ဖြစ်စေခြင်းသည် အနန္တရပစ္စည်း၏ အဖြစ် မည်၏။ တရားတပါးကို ဖြစ်စေအပ်ငြား သော်လည်း အမှတ် မထင်သော တရားကို မဖြစ်စေမူ၍ ပဋိသန္ဓေကိစ္စ, ဌာနတို့၏ အစဉ်အားဖြင့် စိတ်မှတ်သားမှု မည်သည်ကို ပြီးစေလျက် လျောက်ပတ်သော တရားတပါးကို ဖြစ်စေခြင်းသည် သမနန္တရပစ္စည်း၏ အဖြစ်မည်၏။

သဟဇာတပစ္စည်း

သဟဇာတဘာဝေန ဥပကာရကော ဓမ္မော သဟဇာတပစ္စယော= သဟဇာတ၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သဟဇာတ ပစ္စည်းမည်၏။

ရှင်းချက်။ ။အကြောင် တရားတို့သည် မိမိဟူသော ပစ္စည်းတရား ဖြစ်ခဲ့သော် ဖြစ်ခြင်းငှါ စွမ်းနိုင်ကုန်၏၊ မိမိဟူသောပစ္စည်းတရား မဖြစ်ခဲ့သော် ဖြစ်ခြင်းငှါ မစွမ်းနိုင်ကုန်၊ မိမိဟူသော ပစ္စည်းတရားဖြစ်မှသာ ဖြစ်နိုင်ကုန်၏၊ မိမိဟူသော ပစ္စည်းတရား၏ ရှေး၌၎င်း နောက်၌၎င်းဖြစ်ခြင်းငှါ မစွမ်းနိုင်ကုန်၊ ထိုပစ္စယုပ္ပန်တရားတို့ဖြစ်ပေါ်စေခြင်း အကျိုးငှါ ဖြစ်သကဲ့သို့ မိမိဟူသော ပစ္စည်းတရား၏ ထိုပစ္စယုပ္ပန်တရားတို့နှင့်အတူတကွ တဥပါဒ်တည်း, တဌီတည်း,တဘင်တည်း ဖြစ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားကို သဟဇာတပစ္စည်းဟု ဆို၏၊ ဆီမီးသည် အရောင်တောက်ပခြင်း အကျိုးငှါ ဖြစ်သကဲ့သို့ပေတည်း။ ထို့ထက် ထင်ရှားအောင် ပြရပါသော် ဆီမီးကို ထွန်းညှိခဲ့သည် ရှိသော် ထိုအထွန်း အညှိ ခံရသော ဆီမီးသည် အရောင်အလင်းနှင့် တကွသာလျှင် ဖြစ်လေသကဲ့သို့ ပစ္စည်းတရား ဖြစ်ပေါ်လာခဲ့သည်ရှိသော် ထိုပစ္စည်းတရားသည် ပစ္စယုပ္ပန်တရားနှင့်တကွသာလျှင် ဖြစ်လေသည်။

အညမညပစ္စည်း

အညမညံ ဥပတ္ထမ္ဘနဝသေန ဥပကာရကောဓမ္မော အညမည ပစ္စယော=အချင်းချင်း ထောက်ပံ့သည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သော တရားသည် အညမညပစ္စည်းမည်၏၊ ဥပမာ-မြေပေါ်၌ အချင်းချင်းမှီ၍ ရိုက်ထူထားအပ်သော ဒုတ်သုံးချောင်းတို့သည် အပြန်အလှန်ထောက်ပံ့ သကဲ့သို့ပေတည်း။

မှတ်ချက်။ ။သဟဇာတပစ္စည်းကား အချင်းချင်း အပြန် အလှန် အထောက် အပံ့ကို မမျှော်ဘဲ ကျေးဇူးပြု၏၊ အညမညပစ္စည်းကား အချင်းချင်း အပြန်အလှန် အထောက်အပံ့ကို မျှော်လျက် ကျေးဇူးပြု၏၊ ဤကား ထူးခြားချက်ပေတည်း။

နိဿယပစ္စည်း

နိဿယဘာဝေန ဥပကာရကော ဓမ္မော နိဿယပစ္စယော=နိဿယ (မှီရာ)၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် နိဿယပစ္စည်း မည်၏၊ ထိုသည် သဟဇာတ နိဿယ, ဝတ္ထုပုရေဇာတ နိဿယ အားဖြင့်နှစ်မျိုး၊ ထိုတွင် ပိတ်ပုဆိုး ကားဘောင်သည် ဆန်းကြယ်သော ပန်းချီဆေးရေးရုပ်စသည်တို့၏တည်ရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရားနှင့်

တကွ ဖြစ်လျက်သော တည်ရာ၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား သည် သဟဇာတနိဿယ၊ မြေသည် မြက်သစ်ပင် စသည်တို့၏ရှေးဦး ဖြစ်၍ တည်ရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဝဋ္ဋု ပုရေဇာတ နိဿယ မည်၏။

ဥပနိဿယပစ္စည်း

ဗလဝတရော နိဿယော ဥပနိဿယော၊ ဥပနိဿယ ဘာဝေန ဥပကာရကော ဓမ္မော ဥပနိဿယပစ္စယော=အားကြီးသော မှီရာသည် ဥပနိဿယ၊ အားကြီးသော မှီရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဥပနိဿယပစ္စည်းမည်၏၊ (ဥပနိဿယ၌ ဥပသဒ္ဒါသည် အလွန်-ဟူသော အနက်ကို ဟော၏)ထင်ရှားအောင်ပြရပါမူ-စပါးသည် ထမင်းအိုး, ထင်းနှင့် မီးတို့သည် သလေးထမင်းဖြစ်ဖို့ရန် မှီရာသာ ဖြစ်ကုန်၏၊ ဥပနိဿယ(အားကြီးသော မှီရာ)မဟုတ်၊ အမှန်မှာ သလေး လယ်ခင်း မိုးရေအယဉ်တို့သည်သာ ဥပနိဿယ (အားကြီးသော မှီရာ)ဖြစ်ကုန်၏၊သလေးလယ်ခင်း မိုးရေအယဉ်တို့မရှိပါက သလေး ထမင်းဖြစ်ဖို့ရန် စပါးသည် စသည်တို့မှာ တစုံတရာ အစွမ်းသတ္တိ မည်သည် မရှိပါတော့ချေ၊ ထို အခြင်းအရာအားဖြင့် အကြင် ပစ္စည်း တရား မရှိခဲ့သော် မှီရာတရားလည်း မရှိပါတော့၊ မှီရာတရားမရှိက မှီတတ်သော နိဿိတတရားမှာ အဘယ်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။ ထိုပစ္စည်းကို နိဿယပစ္စည်းထက် အလွန်အားကြီးသောအနက်ကြောင့် ဥပနိဿယ-ဟု ဆိုအပ်လေသည်။ ထိုဥပနိဿယသည် အာရမဏူ ပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ-ဟု သုံးမျိုး၊ ထိုတွင် အလေးအမြတ် ပြုအပ်သော အာရုံတရားတို့သည် အလေးအမြတ်ပြုအပ် သည့် အဖြစ်ကြောင့်သာလျှင် အကြီးအကဲလည်း ဖြစ်ကုန်၏၊ အားကြီး သော မှီရာလည်း ဖြစ်ကုန်၏၊ အာရမဏူပနိဿယဟု ခေါ်၏။ အနန္တရ ပစ္စည်းတရားတို့သည်လည်း ထိုပစ္စည်းတရားများနှင့်ကင်း၍ စိတ်အစဉ် ဖြစ်ခြင်း မရှိလေသောကြောင့် အားကြီးသော မှီရာတို့သည်သာ ဖြစ်ကုန်၏။ ပကတူပနိဿယ-၌ ပကတော ဥပနိဿယော ပကတူပ နိဿယော=အပြား အားဖြင့် ပြုအပ် ပြီးစေအပ်သော အားကြီးသော မှီရာသည် ပကတူပနိဿယ မည်၏။

ရှင်းချက်။ ။ပကတဆိုသည်ကား အကြင် အခြင်းအရာအားဖြင့် ပြုလိုက်ပါက သင့်တော်တဲ့(သို့မဟုတ်) အခွင့်ရတဲ့အချိန်မှာ ထိုပြုသူ၏သန္တာန်၌ စင်စစ်အားဖြင့် ပစ္စယုပ္ပန်တရားတို့သည် ထင်ရှား ဖြစ်ပေါ်ကုန်၏၊ထိုအခြင်းအရာအားဖြင့် ကောင်းစွာပြုအပ်ပြီးစေအပ်သည်ကို ပကတ-ဟု ဆိုသည်။

ပကတူပနိဿယ၌ ပဋ္ဌာန်းပဋ္ဌဝါရပါဠိတော်အရ ကုသိုလ်ဘက်တွင် အကြောင်းပစ္စည်းကား-သဒ္ဓါ,သီလ, သုတ, စာဂ, ပညာ၊ အကုသိုလ်ဘက်တွင် ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာ၊ ကာယိကဒုက္ခ ကာယိကသုခ, ပုဂ္ဂိုလ်, ဥတု, ဘောဇဉ်, နေရာအိပ်, ကျောင်းတို့ကား ပညတ် ပစ္စည်းတရားတို့ ပေတည်း။

ပုရေဇာတပစ္စည်း

ပုရေတရံ ဥပ္ပဇ္ဇိတွာ ဝတ္တမာနဘာဝေန ဥပကာရကော ဓမ္မော ပုရေဇာတပစ္စယော=ရှေးဦးစွာဖြစ်၍ ဝတ္တမာန်ဟူသော ပစ္စုပ္ပန်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ပုရေဇာတ ပစ္စည်းမည်၏။ ထိုပုရေဇာတသည် အာရမ္မဏ ပုရေဇာတ, ဝတ္ထုပုရေဇာတ-ဟု နှစ်မျိုး၊ နိဿယတရား အာရမ္မဏတရား တို့ကို ရှေး၌ ဖြစ်သည်၏ အဖြစ်မျှဖြင့် ထူးလေသောကြောင့် ပုရေဇာတပစ္စည်းဟု ဆိုအပ်ကုန်၏။ မူလဋီကာ အလိုသော်ကား-နိဿယ အခြင်းအရာ, အာရမ္မဏ အခြင်းအရာတို့မှ ထူးသော ရှေး၌ဖြစ်သော အခြင်းအရာဖြင့် ကျေးဇူး ပြုတတ်သည်၏ အဖြစ်သည် ပုရေဇာတပစ္စည်း၏ အဖြစ်မည်၏။ သို့ပေမဲ့-ပုရေဇာတ၏ အဖြစ်မှ ထူးခြားသော နိဿယ သတ္တိထူး အာရမ္မဏ သတ္တိထူး တို့မှ အသီးအခြားဖြစ်တဲ့ ပုရေဇာတသတ္တိထူး မည်သည် မထင်ပါပေ။

ပစ္ဆာဇာတပစ္စည်း

ပစ္ဆာဇာတဘာဝေန ဥပကာရကောဓမ္မော ပစ္ဆာဇာတပစ္စယော= ပစ္ဆာဇာတ၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် ပစ္ဆာဇာတပစ္စည်း မည်၏။

ရှင်းချက်။ ။ရှေးအချိန်က စိုက်ပျိုး၍ ပေါက်လာသော သစ်ပင်ငယ်တို့အား နောက်အချိန်မှာ သွန်းလောင်းအပ်သော ရေသည် ကြီးပွါးစည်ပင်ခြင်းသို့ ရောက်စေလျက် ထောက်ပံ့သည်၏ အစွမ်းဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေးအချိန်ကဖြစ်နှင့်သော စတုသမုဋ္ဌာနိက ရုပ်တရားတို့အား ကိုးပွါးစည်ပင်သည်၏အဖြစ်ကိုငင်း,နောက်အချိန်မှာလည်း မိမိနှင့်တူသော ရုပ်အစဉ် ဖြစ်ခြင်း၄ါ အကြောင်း၏အဖြစ်ကိုငင်း ရောက်စေ၍ ထောက်ပံ့သည်၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သော နာမ်တရားကို ပစ္ဆာဇာတပစ္စည်းဟု ဆို၏။

ပဋ္ဌာန်းအဋ္ဌကထာ၌–ဝိဇ္ဇပေါတက သရီရာနံ အာဟာရာသာ စေတနာဝိယ–ဟု မိန့်ဆို၏။ အာဟာရကို တောင့်တ မြော်လင့် နေသော စေတနာသည် လင်းတငယ် ကလေး၏ ခန္ဓာ ကိုယ်အား ကျေးဇူး ပြုသကဲ့သို့ပေတည်း။

ရှင်းချက်။ ။လင်းတငယ်ကလေး များသည် သူတို့ကိုယ်တိုင် မရှာဖွေနိုင်သမျှ ကာလပတ်လုံး အစာကို မစားကြရပေ၊ မိခင် လင်းတမကြီးက လင်းတငယ်များအား မနက်ဖြန်စားရမယ်, သဘက်ခါစားရမယ်ဟု ပြောကြားနှစ်သိမ့်၏၊ လင်းတငယ်များသည် စားရနိုး မြော်လင့်ချက်နှင့် ရုပ်ခန္ဓာ တိုးတက် ကြီးထွား လာကာ ကိုယ့်ဖါသာ ရှာဖွေစားသောက်နိုင်သောအ ချိန်အရွယ်သို့ရောက်လာကြသတဲ့၊ သို့ကလိုရောက်လာခြင်းသည်ကား စားရနိုးမြော်ယင့်ချက် စေတနာကြောင့် ဖြစ်ပေ၏။

မူလဋီကာ၌–ဇတေန မနောသဥ္စေတနာဟာရဝသေန ပဝတ္တ မာနေဟိ အရူပ ဓမ္မေဟိ ရူပကာယဿ ဥပတ္ထမ္ဘိတ ဘာဝံ ဒဿေတိ၊ တေနေဝ အာဟာရာသာ ဝိယာတိ အဝတွာ စေတနာဂဟဏံ ကရောတိ–ဟု မိန့်ဆို၏။

ဝိဇ္ဇပေါတက သရီရာနံ အာဟာရာသာ စေတနာဝိယ ဟူသော အဋ္ဌကထာ စကားရပ်ဖြင့် မနောသဥ္စေတနာဟာရ၏ အစွမ်းဖြင့် ဖြစ်သော နာမ်တရားတို့သည် ရူပကာယအား ထောက်ပံ့သည်၏ အဖြစ်ကို ပြ၏၊ ထို့ကြောင့် အာဟာရာသာဝိယ–ဟူသာ မဆိုဘဲ စေတနာသဒ္ဒါကိုပါ ထည့်၍ဆိုရလေသည်။

မှတ်ချက်။ ။နောက်၌ဖြစ်သော သမ္ပယုတ်တရားနှင့်တကွဖြစ်သော အာဟာရကို ရနိုးနှင့် မြော်လင့် နေသော စေတနာသည် ရှေးက ဖြစ်နှင့် နေသော လင်းတငယ်၏ ရုပ်ကိုယ်အား ရှည်ကြာလေးမြင့်စွာ ကဗဠီကာရာဟာရနှင့် ကင်း၍လည်း မညှိုးနွမ်းသည်၏ အဖြစ်သို့ရင်း အဆင့်ဆင့် တိုးပွါးစည်ပင်သော ရုပ်စဉ်ဖြစ်ခြင်း၏အကြောင်း၏ အဖြစ်သို့ရင်း ရောက်စေလျက် ထောက်ပံ့၏။

အာသေဝနပစ္စည်း

အာသေဝနဋ္ဌေန အနန္တရပဝတ္တာနံ သဇာတိယာနံ ဓမ္မာနံ ပဂုဏဗလဝဘာဝါယ ဥပကာရကော ဓမ္မော အာသေဝန ပစ္စယော= ထပ်တလဲလဲ ဖြစ်တတ်သော သဘောအားဖြင့်မိမိ၏အခြားမဲ့၌ဖြစ်သော ဇာတ်တူတရားတို့အား အလေ့အလာဖြစ်ခြင်း အားရှိခြင်း အကျိုးငှါ ကျေးဇူးပြုတတ်သောတရားသည် အာသေဝနပစ္စည်းမည်၏။ **အာသေ**

ဝနံ-အာသေဝနပ္ပစ္စယော ဝတီ့ သုဒ္ဓ ဘဇ္ဇနတိ အာသေဝနံ=ရှေးဦးစွာ ဖြစ်သော ဇောကို အဆက်ဆက်ဖြစ်သော ဇောတို့သည်မှီဝဲဆည်းကပ်ကုန်သကဲ့သို့ ထိုရှေးဖြစ်သောဇော၏ အလုံးစုံဇောဂုဏ်နှင့် ပြည့်စုံသော အခြင်းအရာကို ယူ၍သာလျှင် ထပ်တလဲလဲဖြစ်သည်ကား အာသေဝနမည်၏။ တနည်း– နောက်နောက် ဖြစ်သော ဇောတရားတို့ကို မိမိ၏အထုံကို ယူစေသည် ပွါးစေသည်ကား အာသေဝနပင်တည်း။

အာသေဝနဋ္ဌ။ ။မူလဋီကာအလို-အာသေဝနဋ္ဌဟူသည်ကုသိုလ်စသည်တို့၏ အဖြစ်ဖြင့် မိမိဟူသော ကုသိုလ်ဇော စသည်နှင့် တူသော လုံ့လ ပယောဂဖြင့် ပြုအပ်သော အခြားမဲ့ဖြစ်သော ကုသိုလ်စသောတရားကို ထပ်တလဲလဲပြုခြင်း ဖြစ်စေခြင်း (သို့မဟုတ်)မိမိဟူသော ကုသိုလ်စသည်နှင့် တူသော အဖြစ်သို့ ရောက်စေခြင်း အထုံ ပေးခြင်းသည် ပင်တည်း။ ထို့ကြောင့် မူလဋီကာ၌– ကုသလာဒိဘာဝေန အတ္တနာသဒိသဿ ပယောဂေန ကရဏီယဿ အနန္တရဿ ပုနပ္ပုနံ ကရဏံ ပဝတ္တနံ အတ္တသဒိသဿဝါ အတ္တသဒိသဘာဝါပါဒနံ အာသေဝနဋ္ဌော-ဟု မိန့်ဆို၏။

ထိုစကားရပ်များတွင် ပယောဂေန ကရဏီယဿ ဟူသော စကားရပ်ဖြင့် အာဝဇ္ဇန်း ဒွေးနှင့် ဝိပါက် အားလုံးကို ပယ်မြစ်၏။ အာဝဇ္ဇန်းဒွေးကို အာသေဝန ပစ္စည်းမှာ ပယ်မြစ် ရခြင်း၏ အကြောင်းကား– အာဝဇ္ဇန်းဒွေးသည် ပဉ္စဒွါရဝီထိမှာ ဝုဋ္ဌောကိစ္စဖြင့် နှစ်ကြိမ် သုံးကြိမ် ဖြစ်သော်လည်း တိုးပွါး စေခြင်းငှါရင်း, ဆုတ်ယုတ် စေခြင်းငှါရင်း လုံ့လ ပယောဂဖြင့် တစုံတရာ ပြုအပ်သည်၏ အဖြစ်မည်သည် မရှိပါလေ၊ ဘယ့်ကြောင့် ဆိုသော် ဝုဋ္ဌောသည် အားနည်းလေ သောကြောင့် ဖြစ်၏။ ဝိပါက်စိတ်များတွင်လည်း လောကုတ္တရာ ဝိပါက်စိတ်သည် ပရိကံပယောဂဖြင့် ပြုအပ်သော်လည်း မဂ်စေတနာ၏အာနုဘော်စွမ်းနှင့် ကင်း၍ ထိုပယောဂ သက်သက် ဖြင့်သာ ပြီးစေ အပ်သည် မဟုတ်ပါလေ၊ သို့အတွက် အာသေဝနပစ္စည်းမတပ်ခြင်းဖြစ်လေသည်။ ပရိကံပယောဂနှင့် ကင်း၍ ကံ-ဟုန် သက်သက်ဖြင့် ဝိပါက် အစဉ်မှာ ကျသော လောကီဝိပါက်တို့၌ ပြောစရာမလိုတော့ပါချေ။ အာသေဝနပစ္စည်းဘယ်အခါမှ မတပ်သည်သာတည်း။ ပုနပ္ပုနံ ကရဏံ ပဝတ္တနံ-

ဟူသောစကားရပ်ကိုကား အဆင့်ဆင့်လေ့ကျက်ခြင်း အားကြီးသော ဒဲဖြစ်သို့ ရောက်စေခြင်းနှင့်တကွ ဖြစ်ခြင်းကို ရည်ရွယ်၍ မိန့်ဆို၏။ ဤသို့ ဖြစ်ခဲ့ပါလျှင် ပရိယတ္တိဓမ္မကိုသင်ကြားခြင်း အင်းအိုင်ဆေးဝါး မန္တရားကို သင်ကြားခြင်း ပန်းပဲ, ပန်းထိမ်အစရှိသော အတတ်ကို သင်ကြားခြင်းတို့၌ ရှေးရှေးဖြစ်သော အားထုတ်ခြင်းကဲ့သို့ အာသေဝန၏ သဘောအားဖြင့် မိမိ၏အခြားမဲ့မှာဖြစ်တဲ့ ဇာတ်တူတရားတို့အား အလေ့အကျက်ဖြစ်ခြင်း အားကောင်းခြင်းအကျိုးငှါ ကျေးဇူးပြုတတ်သော တရားကိုပင် အာသေဝနပစ္စည်း-ဆိုသည်ဟုမှတ်။

ကမ္မပစ္စည်း

ကမ္မဘာဝေန ဥပကာရကော ဓမ္မော ကမ္မပစ္စယော= ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ,စိတ် အင်္ဂါ တို့ကို ပြုပြင်စီရင်တတ်သော စိတ်ပယောဂ-ဟု ဆိုအပ်သော ကြိယာအမှုအရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ကမ္မပစ္စည်းမည်၏။ ထိုကမ္မပစ္စည်းသည် သဟဇာတကမ္မ, နာနာက္ခဏိက ကမ္မ ဟု နှစ်မျိုး။ ထိုတွင် တပည့်ကြီး လက်သမားကြီး စသည်တို့ကဲ့သို့ မိမိကိစ္စ သူတပါးကိစ္စကို ပြီးစေသည်၏ အစွမ်းဖြင့် ဖြစ်သောအလုံးစုံသောသဟဇာတစေတနာသည် သဟဇာတ ကမ္မ ပစ္စည်း။ အထီးအမတို့၏ တကြိမ်လိင်ဆက်ဆံမှုပယောဂသည် ကာမ ဂုဏ်ချမ်းသာကို ခံစားခြင်း, ခံစားပြီး ကာလတချိန်မှာ သားသမီး ဖြစ်ပေါ်လာတို့ရန် သားအိမ်၌ မျိုးစေ့ချပျိုးခြင်းကိစ္စကို ပြည့်စုံစေ သကဲ့သို့ ဆိုအပ်ခဲ့သော ကိုယ်,နှုတ်,စိတ်အင်္ဂါကို ပြုပြင်ခြင်း ငှဲစ္စနှင့် ထိုကိုပြုပြင်ခြင်းအဟုန်သည် ဖြစ်စေအပ်တဲ့ နောက်ကာလတချိန်မှာ ဝိပါက်, ကဋတ္တာရုပ်တို့ ထင်ရှားဖြစ်ပေါ်လာစေရန် စိတ်အစဉ်မှာ ကြိယာထူးကို သိမ်းချထားခြင်းကိစ္စကိုပြီးစေ၍ ချုပ်သွားလေပြီးသော ကုသိုလ်,အကုသိုလ်စေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း မည်၏။

ဝိပါကပစ္စည်း

ဝိပက္ကဘာဝေန ဥပကာရကော ဓမ္မော ဝိပါကပစ္စယော= ရင့်ကျက်ရုံမျှ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဝိပါက ပစ္စည်းမည်၏။

ရှင်းချက်။ ။ဒ်ပစ္စနအဖြစ် ဟူသည် လောက၌ အသီးအပွင့် စသည်တို့ ကောင်းစွာ ရင့်ကျက်သောအဖြစ်သို့ ရောက်သောအခါ အလုံးစုံသော အခြင်းအရာ အားဖြင့် နူးညံ့သောအဖြစ်ကဲ့သို့ ထို့အတူ အားထုတ်ခြင်းအစွမ်းသတ္တိ မရှိသည်ဖြစ်၍ငြိမ်သက်သည်၏ အဖြစ်ဟု ဆိုအပ်သော နုံ့သထက်နုံ့သော အခြင်းအရာဖြင့် စိတ်အစဉ်မှာ ထင်ရှား ဖြစ်ပေါ် လာခြင်း ပေတည်း။ သို့အတွက် ဝိပါက်စိတ်တို့၏ ဖြစ်ခြင်းသည် မထင်ရှား ပါချေ။ တည့်လုံး အိပ်ပျော်သူအား ဈေးဘဝက ပြီးခဲ့သော ကံစသော အာရုံကို အာရုံပြုသော ထိုဝိပါက်စိတ်တို့သည် အိပ်ရာမှ ထသောအခါ တစုံတခုမျှ သိသောစိတ် ဖြစ်ခြင်း၏ အကြောင်းမဖြစ်ကြကုန်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ် စသည်ဆိုပါတော့ နောက်၌ သိသော စိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော်လည်း ဝတ္ထုအာရုံနှစ်ပါးစုံ ထိခိုက်ခြင်း စွမ်းရည်နှင့် တကွသာလျှင် ဖြစ်၏၊ အားထုတ်ခြင်း ကြောင့်ကြ စိုက်ခြင်းမှု၏ အစွမ်း အားဖြင့် ဖြစ်သည်မဟုတ်ကုန်။

အာဟာရပစ္စည်း

ရူပါ ရူပါနံ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကာ စတ္တာရော အာဟာ ရာ အာဟာရ ပစ္စယော = ရုပ်တရား နာမ် တရား တို့အား ထောက်ပံ့ ခိုင်စေတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောအာဟာရလေးပါး သည် အာဟာရပစ္စည်းမည်၏။

မှတ်ချက်။ ။နာမ်အာဟာရ သုံးပါးသည် သဟဇာတ် တရားတို့အား ဖြစ်စေ တတ်သောအနက်,ထောက်ပံ့တတ်သော အနက် အားဖြင့် ကျေးဇူးပြု၏။ ကဗဠီကာရာ ဟာရသည် စတုသမုဋ္ဌာနိက ကာယအား ထောက်ပံ့ခြင်းအနက်အားဖြင့် ကျေးဇူး ပြု၏။ အာဟာရမှာ ဇနက ဟုဖြစ် ရှိသော်လည်း ဥပတ္ထမ္ဘက အဖြစ်က ပြဓာန်း၏၊ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်မှ၁-ကဗဠီကာရော အာဟာရော အာဟာရ သမုဋ္ဌာနဿ ရူပဿ အာဟာရပစ္စယေန ပစ္စယောဟု မဟောပါဘဲ ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယောဟုသာ ဟောတော်မူ၏။ သို့အတွက် နာမ်အာဟာရတို့ အားလည်း အာဟာရအနက်ကို ဥပတ္ထမ္ဘက၏အစွမ်းအားဖြင့်သာသိအပ်၏။အာဟာရလေးပါးတို့ သည် ဖြစ်စေသော်လည်း မိမိသည် ဖြစ်စေအပ်သော တရားနှင့် မိမိသည် ဖြစ်စေအပ် သော တရားမှ တပါးသော တရားတို့၏ အစဉ် တည်နိုင်ခြင်းရဲ့ အကြောင်း ဖြစ်ခြင်း အကျိုးငှါ ထောက်ပံ့ခြင်းနှင့်တကွသာ ဖြစ်စေတတ်ကုန်၏ဟု မှတ်လေ။

ဣန္ဒြိယပစ္စည်း

ဣဿရိယ ဋ္ဌေန ဥပကာရကာ ဓမ္မာ ဣန္ဒြိယပစ္စယော=မိမိ တို့ဆိုင်ရာ ကိစ္စ၌ ပစ္စယုပ္ပန်တရားတို့ကို မိမိသို့ လိုက်စေခြင်း ဟူသော အစိုးရမှုဖြင့် ကျေးဇူးပြုသော တရားသည် ဣန္ဒြိယပစ္စည်းမည်၏။ဣန္ဒြိယ သည် သဟဇာတိန္ဒြိယ, ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ-ဟု သုံးမျိုး

ရှိ၏၊ ထိုတွင် သဟဇာတ်တရားတို့ကို မိမိ မိမိ ကိစ္စတို့၌ အပိုးရသော ဇီဝိတ,စိတ်,ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-ဟူသော နာမ်ဣန္ဒြေ တရားတို့သည် **သဟဇာတိန္ဒြိယ** ပစ္စည်း မည်၏။ နောက်၌ ဖြစ်သော ပစ္ဆာဇာတ်တရားတို့အား မြင်ခြင်းစသော ကိစ္စတို့၌ အပိုး ရသော ရှေး၌ဖြစ်သော စက္ခု,သောတ,ဃာန,ဇိဝှါ, ကာယ-ဟူသော ပသာဒိန္ဒြေတရားတို့သည် **ပုရေဇာတိန္ဒြိယ** ပစ္စည်းမည်၏၊ သဟဇာတ် ဖြစ်သော ကဋတ္တာရုပ်တို့အား ရှည်ကြာ လေးမြင့်စွာ ဖြစ်ခြင်း၌ အပိုး ရသော ရုပ်ဇီဝိတသည် **ရူပဇီဝိတိန္ဒြိယ** ပစ္စည်းမည်၏။

ဘာဝရုပ် နှစ်ခုနှင့် ဣန္ဒြိယပစ္စည်း

ဣန္ဒြိယပစ္စည်းမှာ-ဇနကကိစ္စ, ဥပတ္ထမ္ဘကကိစ္စ, အနုပါလကကိစ္စ-ရှိသောတရားများသာ ဣန္ဒြိယပစ္စည်း တပ်နိုင်လေသည်၊ ဘာဝရုပ်နှစ်ခုမှာသဟဇာတ် တရားများအတွက် ဤကိစ္စသုံးပါးလည်း မရှိပါလေ၊ အခုန်မှာ ဘဝရုပ်နှင့်တကွဖြစ်သော သန္တာန်၌ ကံစသော မိမိမိမိ၏ အကြောင်းတို့ကြောင့် ဖြစ်ဆဲဖြစ်သော စတုသမုဋ္ဌာနိကရုပ်တရားတို့၏ ဣတ္ထိအခြင်းအရာ စသည်၏ အစွမ်းဖြင့် ပဝတ္တိနိယမ(ဖြစ်ခြင်း၏မြဲခြင်း) သည် ဘာဝရုပ် နှစ်ခု၏ အာနုဘော်ဖြင့် ပြီးလေသည်၊ ထို့ကြောင့် ထိုစတုသမုဋ္ဌာနိက ရုပ်တရားတို့ကို ထိုသို့သဘောရှိသော မြဲစေခြင်း ကိစ္စ၌ အပိုးရသောကြောင့်သာလျှင် ဘာဝရုပ်နှစ်ခုသည် ဣန္ဒြေမည်၏၊ ဣန္ဒြိယပစ္စယ သတ္တိဖြင့် ဣန္ဒြေမ ည်သည် မဟုတ်၊ သို့ဖြစ်၍ ဤ ဣန္ဒြိယ ပစ္စည်း၌ ဘာဝရုပ် နှစ်ခုကို မယူအပ်သတည်း။

ဈာနပစ္စည်း

ဈာယနဋ္ဌေန ဥပကာရကော ဓမ္မော ဈာနပစ္စယော=အာရုံသို့ကပ်၍ (သို့မဟုတ်)ပြင်းပြင်းထန်ထန် မြဲမြဲမြံမြံ ကျသကဲ့သို့ ကြီစည့်တတ်, ရှု တတ်သော အနက်သဘောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဈာနပစ္စည်းမည်၏။

မဂ္ဂပစ္စည်း

သမ္ပါပကဋ္ဌေန ဥပကာရကော ဓမ္မော မဂ္ဂပစ္စယော=ဒုဂ္ဂတိဘုံ ဘဝ,သုဂတိဘုံဘဝ,နိဗ္ဗာန်သို့ ရောက်စေတတ်သော အနက်သဘော အားဖြင့် ကျေးဇူးပြုတတ်သော တရားသည် မဂ္ဂပစ္စည်းမည်၏။

မှတ်ချက်။ ။သမ္မာဒိဋ္ဌိ စသော ကုသိုလ်မဂ္ဂင် တရားတို့သည် သုဂတိဘုံဘဝနှင့် နိဗ္ဗာန်သို့ ရောက်စေတတ်သော အနက်သဘောအားဖြင့် မဂ္ဂပစ္စည်းမည်၏၊အဗျာကတ ဖြစ်သော သမ္မာဒိဋ္ဌိစသည်တို့မှာလည်း ကောင်းစွာ မြင်ခြင်းစသော လက္ခဏာအထူး ရှိသည်ဖြစ်၍ ဆိုအပ်ခဲ့သော အနက်သဘော အားဖြင့်ပင် မဂ္ဂပစ္စည်း တပ်လေသည်၊ မိစ္ဆာဒိဋ္ဌိ စသည်တို့ကား ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သော အနက်သဘော အားဖြင့် မဂ္ဂပစ္စည်းမည်၏။

ဝိပါက်အဗျာကတ,ကြိယာအဗျာကတဖြစ်သော မဂ္ဂင်တို့သည် သမ္မာဒဿနစသော လက္ခဏာသဘော,သုဂတိဘုံ,နိဗ္ဗာန်သို့ ရောက်စေတတ်သော သဘောအားဖြင့် မဂ္ဂပစ္စည်းမည်၏ဟုဆိုလျှင် သဟိတ်ဖြစ်သော ဝိပါက်ကြိယာ အဗျာကတ သမ္မာဒိဋ္ဌိစသည် တို့သည် အထက်ပါ အနက်သဘောအားဖြင့် အချင်းခပ်သိမ်း ကုသိုလ်နှင့်တူကုန်ရာ၏၊ မတူနိုင်ပါ၊ ဘဲ့ကြောင့်ဆိုသော် အကြောင်းချို့တဲ့သောကြောင့်ပေတည်း၊ချဲ့၍ပြပါအံ့- ဝိပါက်အဗျာကတ ဆိုပါတော့၊ ကံအဟုန်ဖြင့် ဝိပါက်အစဉ်မှာ ကျကာမျှဖြစ်သော ကြောင့်ရင်း, အားထုတ်ခြင်းကင်း၍ ငြိမ်းအေးသော သဘောရှိသောကြောင့်ရင်း ထိုဝိပါက်အဗျာကတ မဂ္ဂင်နှင့်ယှဉ်သော စေတနာသည်လည်း နာနာက္ခဏိက ကံ၏ အဖြစ်သို့ မရောက်ပါလေ၊ ကြိယာအဗျာကတသည်လည်း ရဟန္တာပုဂ္ဂိုလ်၏ သန္တာန် မှာဖြစ်သောကြောင့် ထိုကြိယာအဗျာကတ မဂ္ဂင်နှင့် ယှဉ်သော စေတနာသည်လည်း နာနာက္ခဏိက ကံ၏ အဖြစ်သို့ မရောက်ပါလေ၊ ထို့ကြောင့် ဝိပါက်အဗျာကတ, ကြိယာအဗျာကတတို့၌ သမ္မာဒိဋ္ဌိစသည်တို့သည်လည်း သုဂတိဘုံသို့ ရောက်စေတတ် သော အနက်ကို မပြီးစေတတ်ကုန်၊ ထိုဝိပါက် ကြိယာတို့၌ ရှိသော သမ္မာဒိဋ္ဌိတို့၏ ကိလေသာကို ပယ်ခြင်းကိစ္စမရှိသောကြောင့် နိဗ္ဗာန်သို့ ရောက်စေတတ်သော အနက် ကိုလည်း မပြီးစေတတ်ကုန်၊ သို့ပေမဲ့ ထိုဝိပါက်ကြိယာ သမ္မာဒိဋ္ဌိ တို့မှာ သဘာဝ လက္ခဏာ ချို့တဲ့မှုသည်ကား မရှိပါပေ၊သို့ဖြစ်၍ ဝိပါက်ကြိယာ အဗျာကတ သမ္မာဒိဋ္ဌိ စသည်တို့ကို မဂ္ဂပစ္စည်း၌ ရေတွက်ပေါင်းယူအပ်ကုန်၏။

မဂ္ဂင်တို့၏ ထိုထိုဘုံဌာနသို့ ရောက်စေတတ်သော အနက် သဘော အားဖြင့် ကျေးဇူးပြုမှု ရှိသော်လည်း ထိုမဂ္ဂင်ကြောင့် ဖြစ်သော ရုပ် တရားတို့မှာကား ထိုသမ္ပါပကအနက်သည် မရောက်ပါပေ၊ သို့ပေမဲ့ ထိုရုပ်တရားတို့ကို မဂ္ဂပစ္စည်းတရားတို့သည် ဖြစ်စေအပ်သောကြောင့် သာလျှင် မဂ္ဂပစ္စယုပ္ပန်၏ အဖြစ်ကို ယုံကြည်အပ်လေသည်။

သမ္ပယုတ္တပစ္စည်း

ပရမတ္ထတော ဘိန္နာပိ ဧကီဘာဝဂတာဝိယ ဧကုပ္ပါဒါဒိဘာဝသင်္ခါ တ သမ္ပယောဂလက္ခဏေန ဥပကာရကာ နာမဓမ္မာဝ သမ္ပယုတ္တ ပစ္စ ယော=ပရမတ္ထ အားဖြင့် တရား အချင်းချင်း ကွဲပြားသော်လည်း

တပေါင်းတည်း ဖြစ်သကဲ့သို့ ကေပ္ပါဒ စသည်၏ အဖြစ်ဟူသော သမ္ပယောဂလက္ခဏာဖြင့် ကျေးဇူးပြုတတ်သော တရားသည် သမ္ပယုတ္တပစ္စည်းမည်၏။

ရှင်းချက်။ ။ဖဿက ဖုသနလက္ခဏာဖြင့် တရားတမျိုး,ဝေဒနာကား ဝေဒယိတလက္ခဏာဖြင့် တရားတမျိုး, ဤသို့ စသည်ဖြင့် ပရမတ္ထအားဖြင့် တရားမျိုး ကွဲပြားကြသည်၊ ကေပ္ပါဒ-စသော လက္ခဏာဖြင့် တပေါင်း တစုတည်းကဲ့သို့ ဖြစ်၏၊ ဖြစ်အတူ ချုပ်အတူ, အာရုံပြုအတူ, မှီအတူ ဆိုသဖြင့် တပေါင်းတစုတည်းလို ဖြစ်သွား၏။

ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တ ဘာဝေန ဥပကာရကော ဓမ္မော ဝိပ္ပယုတ္တ ပစ္စယော= သဟဇာတ အဖြစ်ဖြင့်၎င်း, နိဿယ နိဿိတ အဖြစ်ဖြင့်၎င်း ယှဉ်မှုရှိသော်လည်း ကေပ္ပါဒတာ အစရှိသော သမ္ပယောဂ လက္ခဏာကင်းသောကြောင့် ဝိပ္ပယုတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။

သမ္ပယုတ္တ သင်္ကာ ရှိသင့်သော အရာ များကား-သဟဇာတ် နာမ်တရားတို့သည် ထိုနာမ်ကြောင့် ဖြစ်သော ရုပ်တရား တို့နှင့်, နောက်၌ဖြစ်သော နာမ်တရားတို့သည် မိမိ၏ ပစ္စယုပ္ပန်ရုပ်တရားတို့နှင့်,ဝတ္ထုရုပ်တို့သည် ထိုဝတ္ထုရုပ်ကိုမှီသော နာမ်တရားတို့နှင့် ကာလအားဖြင့်၎င်း, ဌာနအားဖြင့်၎င်း စပ်သောကြောင့် ထိုတရားတို့မှာ သမ္ပယုတ်ယုံမှားမှု ဖြစ်၏၊ ထိုသမ္ပယုတ်ယုံမှားမှု ကင်းစေခြင်းငှါ ဝိပ္ပယုတ္တ ပစ္စယော-ဟု ဟောတော်မူ၏။

အတ္ထိပစ္စည်း

အတ္ထိဘာဝေန ဥပကာရကော ဓမ္မော အတ္ထိပစ္စယော=ရှိသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် အတ္ထိပစ္စည်း မည်၏။ ဆိုအပ်ခဲ့ပြီးသော ပစ္စည်းတရားတို့တွင် အကြင် အကြင် ပစ္စည်းတရားသည် အတ္ထိတာ (ရှိသည်၏ အဖြစ်) ဟု ဆိုအပ်သော ခဏ ပစ္စုပ္ပန်နှင့် ပြည့်စုံသည်၏အဖြစ်ဖြင့် ထိုကဲ့သို့ပင် သဘောရှိသော ခဏပစ္စုပ္ပန်နှင့် ပြည့်စုံသော တရားအား ကျေးဇူး ပြုတတ်၏၊ ထိုထို ပစ္စည်းတရားကို အတ္ထိပစ္စည်းဟု ခေါ်၏။

ဝိဘာဝိနီဋီကာ၌–ပစ္စုပ္ပန်သဘောဟု ဆိုအပ်သော အတ္ထိအဖြစ်ဖြင့် ထိုကဲ့သို့ပင် သဘောရှိသောတရားအား ဥပတ္ထမ္ဘကအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော သဟဇာတတ္ထိ,ပုရေဇာတတ္ထိ စသည်ဖြင့် ဆိုလတ္တံ့သော တရားတို့သည် အတ္ထိပစ္စည်း၊အတ္ထိပစ္စည်းမှာ ဇနက(ဖြစ်စေတတ်သော) အဖြစ် ရှိသော်လည်း ထိုပစ္စည်း တို့၏ ဗျာပါရသည် ဋ္ဌိ၌သာ လွန်ကဲ လေသည်၊ သို့အတွက် ထိုပစ္စည်း တို့မှာ ဥပတ္ထမ္ဘက အဖြစ် ကိုသာ ယူအပ်၏ဟု မိန့်ဆို၏။

နတ္ထိပစ္စည်း

နတ္ထိဘာဝေန ဥပကာရကော ဓမ္မော နတ္ထိပစ္စယော=အကြင်တရား ထင်ရှားရှိနေပါက တပါးသော တရားသည် ဖြစ်ပေါ်ခွင့် မရနိုင်၊ ထိုတ ရားသည် အခြား တရား တပါးအား အခွင့်ပေးခြင်းဟု ဆိုအပ်သော ဒိမိသည် ကွယ်ပျောက် ချုပ်ပျက် လေသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် နတ္ထိပစ္စည်း တပ်သော တရား မည်၏။ ဤ ပစ္စည်းသည်လည်း သတ္တိထူး သီးခြားရှိသော ပစ္စည်း မဟုတ်ပါလေ၊ လူအများက သွားဒါလည်းဒိမိတ်,သွားပြီးနောက် ထိုင်ဒါလည်းဒိမိတ်, ရပ်ထာလည်း ဒိမိတ်–ဤသို့ စသည်ဖြင့် နောက်စိတ်မှာ တည်သူတို့ အားလည်း ရှေးစိတ်ဖြစ်သည်ဟု မှတ်ထင်ကြသည်၊ သို့ဖြစ်၍ အကြင် အရာမှာ အတ္ထိဘာ(ထင်ရှားရှိသည်၏ အဖြစ်)ဖြင့် ယုံမှား ဖြစ်သင့်၏၊ ထိုအရာမှာ ထို(အတ္ထိတာ)ဖြင့် ယုံမှားခြင်းကို ပျောက်စေရန် အတွက် ဤနတ္ထိပစ္စည်းကို ဟောတော်မူရလေသည်ဟု သိအပ်၏။

ဝိဂတပစ္စည်း

ဝိဂတ ဘာဝေန ဥပကာရကော ဓမ္မော ဝိဂတ ပစ္စယော=အကြင် တရားသည် ကွယ်ပျောက် ပျက်စီးခြင်းသို့ မရောက်ပါက အခြားတရား တပါး ဖြစ်ခွင့်မရနိုင်၊ ထိုတရားသည် ထိုတခြားတရားအား အခွင့်ပေး ခြင်းဟုဆိုအပ်သော ဓိမိသည် ကွယ်ပျောက် ပျက်စီးသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် ဝိဂတပစ္စည်း တပ်သော တရား မည်၏။

အဝိဂတ ပစ္စည်း

အဝိဂတ ဘာဝေန ဥပကာရကော ဓမ္မော အဝိဂတ ပစ္စယော= ဖြစ်ဆဲသောတရား၏ အဖြစ်ဟု ဆိုအပ်သော မကင်းသည်၏ အဖြစ်ဖြင့် ထိုသို့သဘောရှိသောပစ္စယုပ္ပန်ဖြစ်သောတရားကိုကျေးဇူးပြုတတ်သော တရားသည် အဝိဂတပစ္စည်းတပ်သော တရားမည်၏။

ထူးခြားချက်......အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းသည် တရားအား ဖြင့် ထူးခြားချက် မရှိသော်လည်း ပစ္စယသတ္တိ အားဖြင့် ထူးခြားလေ သည်၊ ထူးခြားပုံမှာ-အတ္ထိတာ ဟူသော မိမိသဘောနှင့် တကွ ဖြစ်ခြင်း ရှိသည်၏ အဖြစ်မျှဖြင့် ကျေးဇူးပြုသော အဖြစ်ကား အတ္ထိပစ္စယသတ္တိ၊ ချုပ်ခြင်းသို့ မကပ်ရောက်သည်၏ အစွမ်းဖြင့် ကျေးဇူး ပြုသော အဖြစ် ကား အဝိဂတပစ္စယသတ္တိပေတည်း။ မှန်၏- နှစ်ဆဲ့လေးပစ္စည်း တို့၏ အစွမ်းသတ္တိထူးကို အခြင်းအရာအလိုက် သိတော်မူ၍ ဗုဒ္ဓမြတ်စွာသည် နှစ်ဆဲ့လေးပစ္စည်းကို ဟောအပ်၏ဟု ဗုဒ္ဓမြတ်စွာ၌ ယုံကြည်မှုဖြင့် "ဤ တရားတို့သည် ဤကဲ့သို့ ထူးကုန်၏" ဟု သုတမယဉာဏ်ကို ဖြစ်စေကာ စိန္တာမယဉာဏ်,ဘာဝနာမယဉာဏ်တို့ဖြင့် ထိုပစ္စည်းအထူးတို့ကို သိဘို့ ရန် ကြိုးစား အားထုတ်ထိုက်၏။ အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းသည် တရားအားဖြင့်ထူးခြားမှုမရှိသော်လည်း ဝေနေယျသတ္တဝါတို့၏ အစွမ်း အားဖြင့် အောက်၌ ဟောအပ်ပြီးသော အတ္ထိပစ္စည်းတပ် တရားများကို အပြားအထူးဖြင့် နောက်ထပ်ဟောတော်မူအပ်၏။အဟေတုကဒုက်ကို ဟောပြီးနောက် ဟေတုဝိပ္ပယုတ္တ ဒုက်ကိုဟောသကဲ့သို့ ပေတည်း။

ပစ္စယုဒ္ဒေသအဖွင့် ပြီး၏။

ပစ္စည်းပိုင်း လေ့ကျင့်ခန်း (၁)

၁။ ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းနှစ်ပါးတို့၏ ထူးခြားဟန်ကို ဝေဖန်ပြီးလျှင် အဝိဇ္ဇာ၏တရားကိုယ်ကို ထုတ်ပြ၍ ဖြစ်ရာဌာနကိုလည်း ညွှန်ပြပါ။

၂။ သင်္ခါရသုံးပါး၏ သရုပ်ကို တရားကိုယ်နှင့် ယှဉ်တွဲပြပါ။

၃။ ကုသိုလ်,အကုသိုလ်စေတနာကိုသာ သင်္ခါရ အရကောက်ယူ၍ ကြိယာစေတနာကို ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ မယူခြင်း၏အကြောင်းရင်းကို ရှင်းလင်းခဲ့ပါ။

၄။ ဝိညာဏ်,နာမ်ရုပ်တို့၏ တရားကိုယ်, သရုပ်ကိုထုတ်ခဲ့ပါ။

၅။ သဠာယတန အရ ဗာဟိရာ ယတနတို့ကိုပါ ယူရမည် ဟူသော ကေစွေ ဆရာတို့၏ ဝါဒ သင့်,မသင့် ထောက်ချင့်ဝေဖန်ပါ။

၆။ အောက်ပါတို့၏ ထူးခြားပုံကို သိသာရုံဖော်ပြပါ။

(၁) တဏှာ+ဥပါဒါန်။ (၂)သောက+ပရိဒေဝ။ (၃)ဒုက္ခ+ဒေါမနဿ။

(၄) ကမ္မဘဝ+သင်္ခါရ။

၇။ အောက်ပါပုဂ္ဂိုလ်တို့အားအဘယ်ပစ္စယသတ္တိများဖြင့်ကျေးဇူးပြုနိုင်ပါသနည်း။
(က) သဘောတရားမပါဘဲ, ဒါနပြုသူ။ (ခ) အပြစ်ကိုမမြင်ဘဲ,လူသတ်သူ။

၈။ အဝိဇ္ဇာအစ နာမ်ရုပ်အဆုံး တရားမျှနှင့် ဘဝတခုအတွက် ပြည့်စုံနိုင် ပါလျက် အဘယ့်ကြောင့် သဠာယတနစသည်ကို ဘုရားရှင်ဟောတော်မူရပြန်သနည်း။

၉။ အဘိဓမ္မာဒေသနာ၌-ဝေဒနာဘယ်နှစ်ပါးရှိပါသနည်း၊သင်္ဂဟအထောက်ပြ၍ ဖြေဆိုပြီးလျှင် တဏှာအစစ်+တရားရှစ်ဟူသောစကားကို ရှင်းပါ။

၁၀။ အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ၌-အဒ္ဓါအရ အဘယ်တရားတို့ကို အဘဲ့ကြောင့် ယူရပါသနည်း။

၁၁။ အောက်ပါတို့ကို မှတ်ချက်ရေးပါ။

အင်္ဂါ၊ ခြင်းရာ၊ မူလ။

၁၂။ အဝိဇ္ဇာသဒ္ဒါဖြင့် တဏှာ-ဥပါဒါန်ကို၊ သင်္ခါရသဒ္ဒါဖြင့် ကမ္မဘဝကို ဘယ့်ကြောင့်ယူရပါသနည်း။

၁၃။ အလွှာ(၄)ရပ်နှင့် အစပ် (၃)သုံးပါးတို့၏ သရုပ်နှင့် အဓိပ္ပါယ်ကို ဖော်ပြ၍ အောက်ပါတို့၏ အယူဝါဒကို ဘုရားရှင် မည်သို့ ချေပခဲ့ပါသနည်း။

(က) ကမ္ဘာတခွင် ဘုရားသခင် ဖန်ဆင်းသည်။

(ခ) သေလျှင်ကင်းပြတ် ဘဝဇာတ်။

(ဂ) အတ္တဝိညာဏ်အမြဲယှဉ်။

ပစ္စယ နိဒ္ဒေသ အဖွင့်

နာမ်တရားသည် နာမ်တရားအား ခြောက်ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ နာမ်တရားသည် နာမ်ရုပ်တို့အား ငါးပစ္စည်းဖြင့်၊ ထို့ပြင်နာမ်တရားသည် ရုပ်တရားအား တပါးသော ပစ္စည်းဖြင့်၊ ရုပ်တရားသည် နာမ်အား တပါးသောပစ္စည်းဖြင့်၊ ပညတ် နာမ်ရုပ်တို့သည် နာမ်အားနှစ်ပါးသော ပစ္စည်းဖြင့်၊ နာမ်ရုပ်နှစ်ပါးသည် နာမ်ရုပ်နှစ်ပါးအား ကိုးပါးအပြားရှိသော ပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ ဤသို့ ဆက္ကတစ်, ပဉ္စကတစ်စသည်၏အစွမ်းဖြင့် ခြောက်မျိုးပြား၏။ ဘယ်သို့ပြားသနည်း။

အနန္တရပစ္စည်းစသည် တို့သည် စိတ်အစဉ် မပြတ်ခြင်းငှါရင်း ကိစ္စ,ဌာနအစဉ်ဖြင့် ပြီးစေခြင်းငှါရင်း ဖြစ်ပေရာ ကုသိုလ်စသော နာမ်တရားများတွင် အမှတ်မထား တရားတမျိုးမျိုးသည် ဆန့်ကျင်ဖက် မဟုတ်သော အမှတ်မထား တရားတမျိုးမျိုး၏ ပစ္စည်းဖြစ်သည်သာ ဖြစ်၍အနန္တရနိဒ္ဒေါ စိတ္တစေတသိကာ ဓမ္မာ-စသည်ကို မိန့်ဆိုအပ်လေသည်။

နာမ်သည် နာမ်အား ခြောက်ပစ္စည်း

အခြားမဲ့ဖြစ်၍ ချုပ်သော စိတ်စေတသိက် တရားတို့သည် အစဉ်အားဖြင့် ဖြစ်သော စိတ်စေတသိက်တရားတို့အား အနန္တရ, သမနန္တရ,နတ္ထိ, ဝိဂတ ပစ္စည်း၏အစွမ်းဖြင့် ကျေးဇူး ပြုကုန်၏၊ ရှေးဖြစ်သော မဂ်ဇော, ဖိုလ်ဇောသည် ကြဉ်အပ်သော လောကီ ကုသိုလ်, အကုသိုလ်,ကြိယာဇောတို့သည် နောက်ဖြစ်သော ဖိုလ်ဇောသည် ကြဉ်အပ်သော ကုသိုလ်, အကုသိုလ်, ကြိယာဇောတို့အား အာသေဝနပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြု၏၊ သဟဇာတ်ဖြစ်သော စိတ်စေတသိက် တရားတို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြု၏၊ ဤသို့ခြောက်ပါးအပြားရှိသော ပစ္စည်းတို့ဖြင့် နာမ်သည် နာမ်အား ကျေးဇူးပြုပေ၏။

အနန္တရစသော ပစ္စည်းတို့သည် အချင်းချင်းဆန့်ကျင်ဖက် တရားမဟုတ်ပါမှ ကျေးဇူးပြုကုန်၏၊ ဆိုပါတော့-ကုသိုလ်သည် အကုသိုလ်နှင့် ဆန့်ကျင်၏၊ သောမနဿသည် ဒေါမနဿနှင့် အချင်းချင်း ဆန့်ကျင်၏၊ သို့အတွက် အနန္တရပစ္စည်း၌ ပယ်မြစ်အပ်၏၊ ထပ်တလဲလဲ ဇောစိတ်အစဉ်ကို ထုံသည်၏အစွမ်းအားဖြင့် ဖြစ်သော ပစ္စည်းသည် အာသေဝနပစ္စည်းမည်၏၊ သက်သက်လုံ့လပယောဂဖြင့် ပြီးစေအပ်သော ဇောအဟုန်နှင့်တကွဖြစ်သော ဝိတ္တုပြဒ်တို့၌သာ ရအပ်သော ပစ္စည်းပေတည်း။ ထို့ကြောင့် ပုရိမာနိ ဇဝနာနိ စသောစကားရပ်ကို

ဆိုအပ်၏။ အာသေဝနပစ္စည်းမှာ ဇာတ်ကွဲပြားသော တရားတို့သည် အချင်းချင်း အလုံးစုံသော အခြင်းအရာဖြင့် ပြည့်သော အထုံမည်သည်ကို မိမိကိုယ်တိုင် ယူခြင်းငှါလည်းကောင်း၊ ကပါးသော တရားအား ယူစေခြင်းငှါလည်းကောင်း မစွမ်းနိုင်ကုန်။ အကယ်၍ စွမ်းနိုင်ပါက ကုသိုလ်, အကုသိုလ်စသော ဇာတ်မျှဖြင့်လည်း တရားတို့သည် ရှေးနောက်မကွဲပြားဖြစ်ကုန်ရာ၏။ ထို့ကြောင့် ဇာတ်ပြားနေသော ဖိုလ်ဇောသည် မဂ်ဇောမှ အထုံကို မယူစွမ်းနိုင်၊ မဂ်ဇောကလည်း မိမိ၏အထုံကို ဖိုလ်ဇောအား မပေးစွမ်းနိုင်၊ ဖိုလ်စိတ်တို့သည်လည်း ပရိကံ လုံ့လ၏ အားစွမ်းဖြင့် ဇောက်စွ တပ်ကုန်၏၊ အချင်းချင်း အထုံပေးခြင်း, အထုံယူခြင်းအားစွမ်းဖြင့် ဇောက်စွတပ်သည် မဟုတ်ပါကုန်။

မှတ်ချက်။ ။ကာမာဝစရ အဖြစ်မှ မဟဂ္ဂုတ် လောကုတ္တရာ အဖြစ်သို့ ရောက်ခြင်းမည်သည်ကား အာသေဝန၏ အားစွမ်းကြောင့် ဖြစ်၏၊ သို့ဖြစ်၍ ဂေါတြဘုနှင့် ဈာန်မဂ်တို့၏ ဘုံကွဲပြားမှုသည် ဤ၌ ပမာဏမဟုတ်ပါပေ။ ဂေါတြဘုစိတ်ကား ကာမဘုံ၊ ဈာန်စိတ်ကား မဟဂ္ဂုတ်ဘုံ၊ မဂ်စိတ်ကား လောကုတ္တရာဘုံ။

နာမ်သည် နာမ်ရုပ်တို့အား ၄ါးပစ္စည်း

ဟိတ်ခြောက်ပါး, ဈာနင် ၄ါးပါး, မဂ္ဂင် ၁၂-ပါးတို့သည် သဟဇာတ် ဖြစ်သော နာမ်ရုပ်တို့အား ဟေတုပစ္စည်း, ဈာနပစ္စည်း, မဂ္ဂပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုပေ၏၊ သဟဇာတ်ဖြစ်သော စေတနာသည် သဟဇာတ် ဖြစ်သော နာမ်ရုပ်တို့အား (သဟဇာတ ကမ္မ အတွက်) နာနာက္ခဏိက စေတနာသည် ကံကြောင့် ဖြစ်သော နာမ်ရုပ် တို့အား ကမ္မပစ္စည်း (နာနာက္ခဏိက ကမ္မအတွက်)၏အစွမ်းဖြင့်ကျေးဇူးပြုပေ၏၊ဝိပါကဲခန္ဓာတို့သည် အချင်းချင်းအားလည်းကောင်း သဟဇာတ် ဖြစ်သော ရုပ်တို့အားလည်းကောင်း ဝိပါက ပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူး ပြုပေ၏၊ ဤသို့လည်း ၄ါးပါး အပြား အားဖြင့် နာမ်တရားသည် နာမ်ရုပ်တရားတို့အား ကျေးဇူး ပြုပေ၏။

ဟိတ်တရား, မဂ္ဂင် တရား တို့သည် အဟိတ်သည် ကြည်အပ်သော သဟဇာတ်ဖြစ်သော နာမ်ရုပ်တို့အား ဟေတုသတ္တိ, မဂ္ဂသတ္တိဖြင့် ကျေးဇူးပြု၏၊ ဈာနင်တရားတို့သည် ရွေးပဋ္ဌဝိညာဏ် ဆယ်ချသည် ကြည်အပ်သော သဟဇာတ် ဖြစ်သော နာမ်ရုပ်တို့အား ဈာန သတ္တိဖြင့် ကျေးဇူး ပြု၏။ (သဟဇာတ် ရုပ်လက္ခဏာကို သင်္ဂြိုဟ် ကျမ်းဆရာကိုယ်တိုင်ပင် ဆိုပါလေတော့)၊ ကမ္မပစ္စည်း အရ ပြအပ်သော စေတနာ

မည်သည်ဖြစ်ပေါ်လာပါက (၁) သဟဇာတတရားတို့ကို စီမံခြင်းကိစ္စ၊ (၂) နောက်ပိုင်းအချိန်မှာ ဝိပါက်ထင်ရှားဖြစ်ပေါ်စေရန် ထိုမိမိဖြစ်သော စိတ်သန္တာန်၌ မိမိ၏ ဖြစ်ပုံအခြင်းအရာဟူသော မျိုးစေ့ကို မြှုပ်နှံခြင်းကိစ္စ, ဤကိစ္စနှစ်ရပ်ကို ပြီးစေ၏။

ရှင်းချက်။ ။ကံစေတနာချုပ်သွားသော်လည်း ထိုစေတနာ၏ဖြစ်ပုံအခြင်းအရာကား မချုပ်! စိတ်အစဉ်သို့သာ လိုက်၏၊ ထိုစေတနာ၏ ဖြစ်ပုံ အခြင်းအရာ သည်သာ အနာဂတ်အချိန်၌ ဝိပါက်တရားအသုဖြစ်၍ ထင်ရှားပေါ်လာ၏၊ထို့ကြောင့် ထိုအခြင်းအရာသည် ဝိပါက်၏ မျိုးစေ့ဟူသော အရေးအတွက်သို့ ရောက်လေ၏၊ထိုစေတနာ၏ ဖြစ်ပုံအခြင်းအရာသည် အကြင်မျှလောက် အကျိုးမပေးရသေး၊ ထိုမျှလောက် ကာလပတ်လုံး သံသရာ၌ ဖြစ်ခြင်းရှိနေပါက အကြားကာလမှာ ပျောက်ပျက်ရိုးမရှိ၊ သို့ဖြစ်၍ ကံစေတနာသည် ဖြစ်လာသော် စိတ်အစဉ်၌ ထိုကံမျိုးစေ့ကို မြှုပ်နှံခြင်းငှါ ဖြစ်၏၊ ချုပ်သွားသော်လည်း ကံမျိုးစေကို မြှုပ်နှံလျက်သာ ချုပ်သွားလေသည်။

ထိုကိစ္စနှစ်ရပ်တွင် (၁) သဟဇာတတရားတို့ကိုစီမံခြင်း (သံဝိဓာန) ကိစ္စသည် စေတနာအားလုံးနှင့် ဆက်ဆံ၏၊ (၂) မျိုးစေ့ချခြင်း (ဗီဇနိဓာန)ကိစ္စသည်ကား ကုသိုလ်, အကုသိုလ်အဖြစ်သို့ ရောက်သော စေတနာနှင့်သာ ဆက်ဆံလေသည်၊ထို့ကြောင့် သဟဇာတာစေတနာစသည်ကို မိန့်ဆိုလေသည်။ **သဟဇာတစေတနာ** ဟူရာ၌ အယုတ်ဆုံးအားဖြင့် ဒွေးပဉ္စဝိညာဏ်စိတ်နှင့် တကွဖြစ်သော စေတနာကိုသော်ပင် သဟဇာတစေတနာဟု ဆိုရလေသည်။ မှန်၏-ထိုဒွေးပဉ္စဝိညာဏ်နှင့် တကွဖြစ်သော စေတနာသည်လည်း သဟဇာတတရားတို့ကို ကောင်းစွာစီရင်ခြင်းဟု ဆိုအပ်သော ကံ၏ အဖြစ်ဖြင့် ဖြစ်လေသောကြောင့် ကံမည်သည်သာတည်း၊

မိမိဟူသော ကံ၏ဖြစ်ပုံအခြင်းအရာဟု ဆိုအပ်သော ဝိပါက်၏ မျိုးစေ့ကို သိမ်မွေ့မြှုပ်ထားခြင်းမည်သည်ကား လျင်လျင်မြန်မြန်မျိုးစေ့၏ ကိစ္စကို မပြီးစေနိုင်၊ သရက်မျိုးစေ့စသည်တို့ကဲ့သို့ ရင့်မာသောအဖြစ်သို့ရောက်၍ နောက်ခဏတပါး၌သာလျှင် ပြီးစေ၏၊ထို့ကြောင့်နာနာက္ခဏိကာ စေတနာစသော စကားရပ်ကို မိန့်ဆို၏။ထိုစကားရပ်များတွင် နာနာက္ခဏိကာ စေတနာဟူသည် မိမိဟူသော စေတနာ၏ အကျိုးပစ္စယုပ္ပန်ဖြစ်ရာခဏမှ အသီးအခြားဖြစ်သော အတိတ်ကာလ၌ပြီးသော ကုသိုလ်, အကုသိုလ်စေတနာပေတည်း၊ ဝိပါကပဋ္ဌာန်းကား ထင်ရှားသိသာ၍ မဖွင့်တော့ပြီ။

နာမ်တရားသည် ရုပ်တရားအား ၁-ပစ္စည်း

နောက်ဖြစ်သော စိတ်,စေတသိက်တရားတို့သည် အခြားမဲ့ရှေးစိတ်၌ဖြစ်သော ဤစတုသမုဋ္ဌာနိကကာယအား ပစ္ဆာဇာတပစ္စည်း၏အစွမ်းအားဖြင့် ကျေးဇူးပြု၏၊ ဤသို့ တပါး အပြားအားဖြင့်သာလျှင် နာမ်တရားသည် ရုပ်တရားအား ကျေးဇူးပြု၏။

ရှေးဦးစွာပေါက်နှင့်သော အင်ကြင်းပင် ပျိုးတို့သည် နောက်အခါ နှစ်စဉ်ရွာသော မိုဃ်းရေအယဉ်၏ အစွမ်းဖြင့် ကြီးပွါး စည်ပင်ခြင်းသို့ ရောက်၍ ထိုပေါက်ရာဌာနမှာ ကမ္ဘာပျက်ဆုံးသည် တိုင်အောင်လည်း အင်ကြင်းတောအုပ်ကြီး ဖြစ်ဘို့ရန် အကြောင်းဖြစ်သကဲ့သို့ ပဋိသန္ဓေ ခဏမှစ၍ ရှေးဖြစ်သော ဓိတ္တက္ခဏတို့၌ဖြစ်သော အလုံးစုံသောကိုယ်၌ ကမ္မဇကာယ, စိတ္တဇကာယ, ဥတုဇကာယ, အာဟာရဇကာယ-ဟူ သော စတုသမုဋ္ဌာနိက ရုပ်တရားတို့သည် နောက်ဖြစ်သော ဘဝင် စသော စိတ်,စေတသိက်တို့၏ အစွမ်းဖြင့် ကြီးပွါးခြင်း,စည်ပင်ခြင်း, ပြန့်ပွါးခြင်းသို့ရောက်ကာ အဆင့်ဆင့် စတုသမုဋ္ဌာနိက ရုပ်အဆက် ဆက်ဖြစ်ဘို့ရန် အကြောင်း၏ အဖြစ်သို့ ရောက်ကုန်၏။ ထို့ကြောင့် ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ အစရှိသည်ကို မိန့်ဆို၏။

ပုရေဇာတဿ-ဟူရာ၌ အတိတ်ဖြစ်သော အခြားမဲ့ ရှေးစိတ်မှာ ဖြစ်သောရုပ်ကို ပုရေဇာတရုပ်ဟု ဆိုကြ၏၊(တနည်း)အဋ္ဌမ စိတ်တိုင် အောင် ရှေးဖြစ်သော ရုပ်ကို ပုရေဇာတ-ဟု ဆို၏၊ မှန်၏—ဤအဋ္ဌမ စိတ်တိုင်အောင်ဖြစ်သော အချိန်အခါသည် ရုပ်တရားတို့၏ တိုးပွါးရာ အခါ မည်၏ ထိုအဋ္ဌမစိတ်မှ နောက်ဖြစ်သော ဆုတ်ယုတ်ရာ အခါ၌ ပစ္ဆာဇာတဖြင့် အကျိုးမရှိတော့ပေ။ (တနည်း) သောဠသမ စိတ်တိုင် အောင် ရှေးဖြစ်သော ရုပ်ကို ပုရေဇာတဟုဆို၏၊ မှန်၏—အကြင်အဖို့ အစုဖြင့် သေခါနီးကာခါ ဝတ္ထုရုပ်သည် စုတိစိတ်၏ ပုရေဇာတပစ္စည်း ၏ အဖြစ်သို့ရောက်၏၊ ထိုအဖို့အစုဖြင့် စုတိစိတ်သည်လည်း ထိုဟဒယ ဝတ္ထုရုပ်၏ ပစ္ဆာဇာတပစ္စည်း မဖြစ်ဟု မဆိုနိုင်ပါလေ၊ ဝတ္ထုရုပ်မှ ကြွင်းသော ရုပ်တို့အားလည်း အတူပင်ဖြစ်၏။ ထို့ထက် ထင်ရှားစေရ ပါသော်-ထောက်ပံ့ကတ်သော အာဟာရရုပ်သည် တိုးပွါးသောအဖို့၌ တည်သော ရုပ်ကိုသာလျှင် ထောက်ပံ့၏၊ ဆုတ်ယုတ်သော အဖို့၌ တည်သော ရုပ်ကို မထောက်ပံ့ဟုဆိုသော အရာလည်းမရှိ၊ ထိုဆုတ်

ယုတ်သောအဖို့မှာလည်း ထိုဆုတ်ယုတ်သော အဖို့အားလျော်သော အထောက်အပံ့ကို အလိုရှိအပ်သောကြောင့် ပေတည်း။ ထိုနည်းတူစွာ ဤပစ္ဆာဇာတပစ္စည်းသည်လည်း အခြေအနေအရ ထောက်ပံ့ကျေးဇူး ပြုလေသည်သာဟု မှတ်အပ်၏။

နာမ်တရားတို့၏အာနုဘော်မည်သည် အလွန်ပြန့်ကျယ်ခြင်းရှိရကား ကိုယ်တစိတ်ဖြစ်သော ဝတ္ထုရုပ်၌ ဖြစ်သော်လည်း အလုံးစုံသော စတုဇကာယကို ထောက်ပံ့စွမ်းနိုင်သည်သာတည်း၊ ထို့ကြောင့် ဣမဿ ကာယဿဟု မိန့်ဆို၏။

မှတ်ချက်။ ။ပဋိသန္ဓေစိတ်နှင့် အတူ ဥပါဒ်သော ကမ္မဇရုပ်သည် ဧကဇကာယ၊ ပဋိသန္ဓေစိတ်၏ ဌီကာလမှာ ဥတုဇရုပ် ဖြစ်လာ၍ ကမ္မဇရုပ်နှင့်တွဲကာ ဒွိဇကာယ၊ ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှာ စိတ္တဇရုပ် ဖြစ်လာ၍ နောက် ရုပ်နှစ်ခုနှင့် တွဲကာ တိဇကာယ၊ အာဟာရဇရုပ် ဖြစ်သည့်အချိန်မှစ၍ စတုဇကာယ ဖြစ်၏။

ရှင်သည် နာမ်အား ၁-ပစ္စည်း

စက္ခုဝတ္ထုစသော ခြောက်ပါးသော ဝတ္ထုရုပ်တို့သည် ပဝတ္တိ အခါ၌ခုနစ်ပါးသောဝိညာဏဓာတ်တို့အား,(ဝတ္ထုပုရေဇာတ) အာရုံငါးပါးတို့သည် ပဉ္စဝိညာဏ ဝီထိအား (အာရမ္မဏပုရေဇာတ)ပုရေဇာတ၏အစွမ်းဖြင့် ကျေးဇူးပြု၏၊ဤသို့တပါးအပြား အားဖြင့်သာလျှင်ရုပ်သည် နာမ်အား ကျေးဇူးပြု၏။

စက္ခုစသော ပသာဒဝတ္ထုတို့သည် ရူပါရုံစသည်တို့နှင့် ထိခိုက်မှု ရမှသာ ဝိညာဏ်၏ တည်ရာအဖြစ်သို့ ရောက်ကြ၏၊ ထိခိုက်ခြင်းသည် လည်း ဌီကာလသို့ရောက်သော အခါ၌သာလျှင် ဖြစ်၏၊ ထို့ကြောင့် ထိုစက္ခု စသော ပသာဒတို့၏ အမြဲမပြတ် ကာလပတ်လုံးလည်း မိမိ၏ စက္ခုစသော ဝိညာဏ်၏ ပုရေဇာတ ပစ္စည်းဖြစ်မှု ပြီးစီးလေသည်၊ ဝိညာဏ် မည်သည်လည်း ပဉ္စဝေါကာရဘုံမှာ ဝတ္ထုမှီရာနှင့် ကင်း၍ မဖြစ်စွမ်းနိုင်၊ အကြင်အခါ ရှေး၌လည်းဖြစ်သော တိုးပွါးသောအဖို့မှာ လည်း တည်သော ဝတ္ထုရုပ်ကိုမရ၊ထိုအခါ ပဋိသန္ဓေအခါမှာသော်၎င်း သေခါနီးအခါမှာသော်၎င်း ရရာဝတ္ထုရုပ်ကို မှီ၍ဖြစ်၏။ အကြင်အခါ ရှေးဖြစ်သော အလွန်အားရှိသည်လည်း ဖြစ်သော ဝတ္ထုရုပ်ကို ရ၏၊ ထိုအခါ ထိုဝတ္ထုရုပ်ကို မှီ၍ဖြစ်၏၊ထိုသို့ဖြစ်ခြင်းကိုလည်း အမြဲအားဖြင့်

ပဝတ္တိအခါမှာသာ ရအပ်၏။ ပဋိသန္ဓေအခါမှာ မရအပ်၊ ဘယ့်ကြောင့် ဆိုသော် ပဋိသန္ဓေ အခါ၌ ဝိညာဏ်ကြောင့် ဖြစ်သော ဟဒယဝတ္ထု သည် ပုရေဇာတ ဖြစ်ခြင်းငှါ မတတ်နိုင် သောကြောင့် ပေတည်း၊ ထို့ကြောင့် သင်္ဂြိုဟ်၌ ဆဝတ္ထုနိ ပဝတ္တိယံ-ဟူ၍ မိန့်ဆို၏။

ပဉ္စာလမ္ဗဏာနိစ ပဉ္စဝိညာဏဝီထိယာ-ဟူသော စကားကို အမြဲ ပြီးစီးခြင်းကို ယူသည်၏ အစွမ်းဖြင့် ဆိုအပ်၏။ စင်စစ်အားဖြင့် ပစ္စုပ္ပန် ဖြစ်သော နိပ္ဖန္နရုပ်တို့သည် မနောဝိညာဏဝီထိ၏ ပုရေဇာတ ပစ္စည်း ဖြစ်ကုန်၏။

ပဋ္ဌာန်းပါဠိတော်၌- ပစ္စုပ္ပန္နော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော၊ အာရမဏပုရေဇာတံ-စက္ခုံ အနိစ္စတော ဒုက္ခတော, အနတ္တတော ဝိပဿတိ၊ သောတံ, ဃာနံ, ဇိဝှံ, ကာယံ, ရူပေ, သဒ္ဒေ, ဂန္ဓေ, ရသေ, ဖောဋ္ဌဗ္ဗေ, ဝတ္ထုံ, ပစ္စုပ္ပန္နေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ပစ္စုပ္ပန္နံ စက္ခုံ အဿာဒေတိ အဘိနန္ဒတိ-စသည်ဖြင့် ဟောတော်မူ၏။

အဋ္ဌကထာ၌လည်း-ဥပ္ပါဒက္ခဏံ အတိက္ကမိတွာ ဌိတိပတ္တံ အဋ္ဌာရသ ဝိဓံ ရူပမေဝ ပုရေဇာတ ပစ္စယော-ဟု မိန့်ဆို၏။

ရှင်းချက်။ ။ပဋ္ဌာန်းပါဠိတော်မှာ ပဋိသန္ဓိစိတ် ဘဝင် စိတ်တို့၏လည်း ပစ္စုပ္ပန် အာရုံရှိသည်၏ အဖြစ်ကို ဟောတော်မူအပ်သော ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို အာရုံ ပြု၍ ဖြစ်သောအခါ ပဋိသန္ဓေစိတ်တို့၏လည်း အာရမဏပုရေဇာတ ပစ္စည်းကိုရအပ် သကဲ့သို့ ထင်ရသော်လည်း ပုရေဇာတပစ္စည်း၏ ပစ္စနိက်၌-ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဧကော ခန္ဓော အစရှိသည်ဖြင့် ပဋိသန္ဓေ စိတ်တို့အား အာရမဏပုရေ ဇာတပစ္စည်း တပ်သည်၏ အဖြစ်ကို ပယ်အပ်၏။ ဤနေရာတွင် ဆရာတို့ အကြောင်း ပြကြသည်ကား-အရူပဘုံမှာကဲ့သို့ ပဋိသန္ဓေ ခဏ၌လည်း ဝတ္ထုပုရေဇာတ မရှိ၍ ထိုအာရုံ၏ မထင်ရှားသောကြောင့်လည်း အာရုံ၏ အဖြစ်မျှ၌သာလျှင် တည်သည် ဖြစ်၍ ပယ်မြစ်အပ်သည်တဲ့။

ပညတ်နာမ်ရုပ်သည် နာမ်အား ၂-ပစ္စည်း

အာရမဏပစ္စည်း၏အစွမ်းဖြင့်၎င်း, ဥပနိဿယပစ္စည်း၏အစွမ်းဖြင့်၎င်း ဤသို့ နှစ်ပါးအပြားအားဖြင့် ပညတ်နာမ်ရုပ်တို့သည် နာမ်အားသာ ကျေးဇူးပြုကုန်၏။

ထိုပစ္စည်း နှစ်ပါးတွင် အာရုံသည် ရူပါရုံစသည်တို့၏ အစွမ်းအားဖြင့် ခြောက်ပါး အပြားရှိ၏။

ထိုမှတပါး-ဥပနိဿယသည် အာရမဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ ဟု သုံးပါးအပြားရှိ၏။ ထိုတွင် ဆင်ခြင်သည်၏ အစွမ်း, သာယာခြင်းစသည်၏ အစွမ်းဖြင့် အလေးပြုအပ်သော အာရုံသည် အာရမဏူပနိဿယမည်၏၊ အခြားမဲ့၌ ချုပ်သောသော စိတ်စေတသိက် တရားတို့သည် အနန္တရူပ နိဿယ မည်၏။

အနန္တရနှင့် အနန္တရူပနိဿယတို့မှာ ပစ္စည်းတရားကိုယ် အားဖြင့် ထူးခြားမှုမရှိ၊ သို့ပေမဲ့ မိမိ၏အခြားမဲ့မှာလျောက်ပတ်သော စိတ်ဥပ္ပါဒ်၏ အစွမ်းဖြင့် ကျေးဇူးပြုသည်ကား အနန္တရပစ္စည်း၊ အားကြီးသော အကြောင်း၏ အစွမ်းဖြင့် ကျေးဇူးပြုသည်ကား အနန္တရူပနိဿယ ပစ္စည်းမည်၏။ (ဤကား ထူးခြားချက်)။

ပကတူပနိဿယပစ္စည်း

ရာဂစသောတရား (ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာ, အကုသိုလ်ကမ္မပထတရား ၁၀-ပါး, ပဉ္စာနန္တရိယကံ ကိုပါယူ) သဒ္ဓါစသော တရား (သီလ, သုတ, စာဂ, ပညာ စသော တရားကိုပါယူ) ချမ်းသာ, ဆင်းရဲ, ပုဂ္ဂိုလ်, အစာအာဟာရ, ဥတု, နေရာသည် ၎င်း, ထိုက်သည်အား လျော်စွာ အဇ္ဈတ္တသန္တာန်၌၎င်း, ဗဟိဒ္ဓသန္တာန်၌၎င်း, ကုသိုလ်စသော တရားတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ကံသည် ဝိပါက်တို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့လည်း ပကတူပနိဿယသည် များသောအပြားအားဖြင့် ဖြစ်၏။

ရာဂါဒယော ပန ဓမ္မာ-ဟူသော ပါဌ်ဖြင့် ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာဟူ၍ ဟောအပ်သော တရားတို့နှင့်တကွ အကုသိုလ်ကမ္မပထတရား ၁၀-ပါး, ပဉ္စာနန္တရိယကံကို ယူလေ၊ ထိုတွင် အနန္တရိယကံ ငါးခုသည် ကြဉ်အပ်သော ရာဂ စသည်တို့သည် လွန်မြောက်ခြင်းကို အရင်းပြုသဖြင့် ထိုက်သည်အား လျော်စွာ အဇ္ဈတ္တသန္တာန်၌ အလုံးစုံသော စတုဘူမိက ကုသိုလ်ဖြစ်ခြင်း၏ အားကြီးသောမှီရာ၊ အနန္တရိယကံငါးပါးတို့သည် ကာမာဝစရကုသိုလ် ဖြစ်ခြင်း၏အားကြီးသော မှီရာ အလုံးစုံသော အကုသိုလ် တရားတို့သည် ထိုက်သည်အား လျော်စွာ အဇ္ဈတ္တ သန္တာန်၌၎င်း, ဗဟိဒ္ဓ သန္တာန်၌၎င်း ရာဂ စသော ပါဏာတိပါတ, စသော အလုံးစုံသော အကုသိုလ်တို့၏၎င်း, ကာယိကသုခ ဒုက္ခစသော အဗျာကတတရားတို့၏၎င်း ဖြစ်ခြင်း၏ အားကြီးသော မှီရာ ဖြစ်ကုန်၏။

သဒ္ဓါဒယော-ဟူသော ပါဠိဖြင့် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဟူ၍ ဟောအပ်သောတရားနှင့်တကွ ဒါန,သီလစသော တရားတို့သည် စတုဘူမိက ကုသိုလ် တို့၏ရင်း, ရာဂ စသော အကုသိုလ် တို့၏ရင်း, သုခ, ဒုက္ခ စသော စတုဘူမိက အဗျာကတ တရားတို့၏ရင်း ဖြစ်ခြင်း၏ အားကြီးသော အကြောင်း ဖြစ်ကုန်၏။

သုခံ ဒုက္ခံ ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနံ-ဟူသော ပါဠိဖြင့် နိဗ္ဗာန်သည် ကြဉ်အပ်သော အလုံးစုံသော ဘုံလေးပါး၌ ဖြစ်သော အဗျာကတတရားကိုယူ။ ထိုအဗျာကတ တရားတို့သည် ထိုက်သည် အားလျော်စွာ အဇ္ဈတ္တသန္တာန်၌ရင်း,ဗဟိဒ္ဓသန္တာန်၌ရင်း ကုသိုလ်, အကုသိုလ်,အဗျာကတတရားတို့၏ ဖြစ်ပေါ်မှုအတွက် အားကြီးသော အကြောင်းဖြစ်ကုန်၏။

"ကမ္မံ ဝိပါကာနံ" ဟူရာ၌ အလွန်အားကြီးသောကံကိုယူ။

ပကတူပ ပစ္စယုပ္ပန်နှင့် ရုပ်တရား

ပကတူပ နိဿယ ပစ္စည်း၌ ရုပ်တရားတို့ကို ပစ္စယုပ္ပန်မှာ အဘယ့် ကြောင့်မယူအပ်ပါသနည်း? ရုပ်တို့အားလည်း ဗဟိဒ္ဓ၌ သစ်ပင်,မြက် စသည်တို့၏ ကြီးပွါးစည်ပင် ပြန့်ပြောစေခြင်း အကျိုးငှါရင်း, အဇ္ဈတ္တ သန္တာန်၌လည်း အနာရောဂါ ကင်းရှင်းခြင်း စသည်တို့အကျိုးငှါရင်း, ပထဝီဓာတ်၏အရသာ အာပေါဓာတ်၏အရသာ မိုးရေ အစေ့အမြစ် ဆေး အစရှိသည် တို့သည် အားကြီးသော မှီရာ ဖြစ်ကုန်သည် မဟုတ် ပါလော? **မေးချက်**။

စေတနာမရှိသော ရုပ်သန္တာန်သည် အထူးသဖြင့် ပြီးစေအပ်သည် ၏အဖြစ် မရှိသောကြောင့်ပေတည်း၊ ထင်ရှားစေရပါသော်......ကတ္တား ဖြစ်သော နာမ်သန္တာန်သည် သဒ္ဓါ စသည် တို့ကိုရင်း ဥတုဘောဇဉ် စသည်ကိုရင်း ပြီးစေအပ်သကဲ့သို့ ထို့အတူ ရုပ်သန္တာန်သည် မပြီးစေ အပ်ပါ၊ အကြင် ဥတု ဗီဇ စသည်, ကံ စသည်, ရှိသော်သာ ရုပ်ဖြစ်၏၊ ထိုဥတု ဗီဇ စသည်, ကံ စသည် ကိုလည်း ထိုရုပ်သည် ပြုအပ်သည် မဟုတ်ပါ၊ အမှန်မှာ-စေတနာနှင့်တကွ ဖြစ်သော နာမ်သန္တာန်၏ သာ လျှင် ဖြစ်စေခြင်း၊ မှီခြင်းပယောဂ စသည်တို့၏ အစွမ်းဖြင့် စေ့ဆော်

ခြင်း စီရင်ခြင်းအရာသာ ဖြစ်၏။ ရုပ်တရားသည်လည်း စေတနာ ရှိသော တရားမဟုတ်ပါခဲ့၊ ထို့ကြောင့် ရုပ်တရားတို့သည် ဥပနိဿယ ပစ္စည်းမည်သည်ကို မရအပ်ပါလေ။

ရှင်းချက်။ ။သင်္ခါရသည် ရုပ်သင်္ခါရ, နာမ်သင်္ခါရဟု နှစ်မျိုး၊ ထိုတွင် အကြင်သင်္ခါရသည် ရှေး၌ တစုံတခုသော တရားကို ကောင်းစွာ ဖြစ်စေအပ်မှီဝဲအပ်၏၊ ထိုသင်္ခါရအားသာလျှင်ရှေးကမိမိသည် ဖြစ်စေအပ် မှီဝဲအပ်သော တရားတို့သည် ကာလ တချိန်မှာ မိမိ၏ ဥပနိဿယ ပစ္စည်း ဖြစ်ကုန်၏၊ ပကရဏ-ဟု ဆိုအပ်သော ထိုဆိုအပ်ခဲ့သော အခြင်းအားဖြင့် ဖြစ်စေခြင်း မှီဝဲခြင်းမည်သည်ကို စေတနာ ရှိသော နာမ်သင်္ခါရ၌သာလျှင် ရအပ်၏၊ စေတနာ မရှိသော ရုပ်သင်္ခါရ၌ မရအပ်ပါ။

သို့ပေမဲ့ ဣမဿ္မိံ သတိ ဣဒံ ဟောတိ၊ အသတိ န ဟောတိ-ဟု ဟောတော်မူအပ်သော သုတ္တန်နည်းဖြင့်ကား ဥပနိဿယ ပစ္စည်းမည်သည်ကို ရုပ်တရားတို့၏ အလယ်၌လည်း ဆိုသင့်သည်သာတည်း။

ဝိဘာဝိနီ၌ ရာဂ စသည်တို့ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အကြောင်း,ပုဂ္ဂိုလ် စသည်တို့ကား ဗဟိဒ္ဓ၌ မှီဝဲအပ်သောအကြောင်းတို့ဖြစ်ကုန်၏ဟု နာမရူပပရိစ္ဆေဒ ကျမ်းကို ကိုးကားပြဆို၏။

ရာဂသဒ္ဓါဒယောဓမ္မာ၊ အဇ္ဈတ္တ မနုဝါသိတာ။
သတ္တသင်္ခါရ ဓမ္မာစ၊ ဗဟိဒ္ဓေါပသေဝိတာ။

ရာဂ သဒ္ဓါ-စသော တရားတို့ကို အဇ္ဈတ္တသန္တာန်၌ ပြီးစေအပ်ကုန်၏၊ သတ္တဝါသင်္ခါရ တရားတို့ကိုကား ဗဟိဒ္ဓသန္တာန်၌ မှီဝဲအပ်ကုန်၏။

မိမိ၏ ရာဂစသည် သဒ္ဓါစသည်တို့ကား မိမိ၏ ကုသိုလ် စသော တရားတို့၏ ဥပနိဿယပစ္စည်း, မိမိသဒ္ဓါစသည်တို့ကား ကလျာဏ မိတ္တ၏ သဒ္ဓါစသည်ကို အမှီပြု၍ ကုသိုလ်ပြုသော မိမိမှ တပါးသူတို့ရဲ့ ဒါနစသော ကုသိုလ်တရားတို့၏ ဥပနိဿယ ပစ္စည်း၊ သို့ဖြစ်၍ ရာဂ စသည် သဒ္ဓါ စသည် တို့သည် အဇ္ဈတ္တ သန္တာန်, ဗဟိဒ္ဓ သန္တာန်၌ ကုသိုလ်စသော တရားတို့၏ ပစ္စယုပ္ပန်အားလျော်စွာ ဥပနိဿယပစ္စည်း ဖြစ်ကုန်၏။ ရာဂကို အကြောင်းပြု၍ ရာဂ, ဒေါသ, မာန, ဒိဋ္ဌိ, ပတ္ထနာ ဖြစ်၏၊ ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ,စသော ပဋ္ဌာန်း ပဉှာဝါရ ပါဠိတော်ကိုထောက်။ ရာဂကို အကြောင်းပြု၍ ဒါန, သီလ, သုတ, စာဂ, ပညာ ဖြစ်၏၊ ရာဂံ ဥပနိဿာယဒါနံ ဒေတိ-ကိုထောက်။ ပကတူပနိဿယ ပစ္စည်းကား အရေ ကျယ်သော ပစ္စည်းကည်း၊ ဗဟုဓာ ဟောတိ ပကတူပနိဿယယော-ဟူသော သင်္ဂြိုဟ်ပါဌ်ကိုထောက်။

နာမ်ရုပ်သည် နာမ်ရုပ်အား ကိုးပစ္စည်း

အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, * အတ္ထိ, အဝိဂတတို့၏ အစွမ်းအားဖြင့် နာမ်ရုပ်သည် နာမ်ရုပ်အား ကျေးဇူးပြု၏၊ ဤသို့လျှင် ထိုက်သည်အားလျော်စွာ နာမ်ရုပ်တို့သည် နာမ်ရုပ်တို့အား ကိုးပါး အပြား အားဖြင့် ကျေးဇူးပြု၏။

ထို ကိုးပစ္စည်းတွင် အလေး ပြုအပ်သော အာရုံသည် အာရမ္မဏာဓိပတိ၏ အစွမ်းဖြင့် နာမ်တရားတို့အား ကျေးဇူးပြု၏၊ လေးပါး အပြား ရှိသော သဟဇာတာဓိပတိသည် သဟဇာတာဓိပတိ၏ အစွမ်းဖြင့် သဟဇာတ် ဖြစ်သော နာမ်ရုပ်တို့အား ကျေးဇူးပြု၏၊ ဤသို့လည်း အဓိပတိပစ္စည်း နှစ်ပါး အပြားရှိ၏။

သင်္ဂြိုဟ် စကား ရပ်တွင် **ဂရုကတ မာရမ္မဏံ**-ဟူသော ပါဠ်ဖြင့် ဒေါသမူ, မောဟမူ, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောအလေး အမြတ် ပြုအပ်သော စိတ် ၈၄-ခု၊ စေတသိက် ၄၇-ခု၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ အာရုံတရားကိုပြ၏၊ **နာမာနံ**-ဟူသော ပါဠ်ဖြင့် အလေး အမြတ် ပြုတတ်သော လောဘမူ, မဟာကုသိုလ်, မဟာကြိယာသမ္ပယုတ်, လောကုတ္တရာစိတ်၊ စေတသိက် ၄၅-ခု ပစ္စယုပ္ပန်တရားကို ပြ၏။ အာရမ္မဏာဓိပတိဝသေန-ဟူသော ပါဠ်ဖြင့် အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူး ပြုသည်ကို ပြ၏။ သဟဇာဓိပတိ စတုဗ္ဗိဓောပိ-ဟူသော ပါဠ်ဖြင့် အဓိပတိတရားကိုယ်သုံးပါးလေးပါးတို့တွင် တပါးပါး ပစ္စည်းတရားကို ပြ၏၊ သဟဇာတာနံ နာမရူပါနံ-ဟူသော ပါဠ်ဖြင့် အဓိပတိ ပစ္စည်းကို ရခိုက်ရနေအဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု၊ စေတသိက် ၅၁-ခု၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြ၏။ သဟဇာတာဝသေန-ဖြင့် သဟဇာတာ ဓိပတိသတ္တိဖြင့် ကျေးဇူး ပြုသည်ကို ပြ၏။

> စိတ်စေတသိက် တရားတို့သည် အချင်းချင်းအားလည်း, သဟဇာတ်ရုပ်တို့အားလည်း ကျေးဇူးပြု၏၊ မဟာဘုတ်တို့သည် အချင်းချင်း အားလည်း ဥပါဒ်ရုပ်တို့အားလည်း ကျေးဇူးပြု၏၊ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုပဋိသန္ဓေ ဝိပါက် တို့သည် အချင်းချင်းအား ကျေးဇူး ပြု၏၊ ဤသို့လည်း သဟဇာတ ပစ္စည်းသည် သုံးပါး အပြားရှိ၏။

စိတ္တစေတသိကာ ဓမ္မာ-ဟူသော ပါဠ်ဖြင့် စိတ္တုပ္ပါဒ်ပစ္စည်းတရားကို ပြ၏၊ အညမညံ သဟဇာတရူပါနံ ဟူသော ပါဠ်ဖြင့် အချင်းချင်းအား တပ်သော နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို

ပြ၏။ မဟာဘူတာ-ဖြင့် မဟာဘုတ် ပစ္စည်းတရားကို၊အညမညံ ဥပါဒါ ရူပါနံ-ဖြင့် အချင်းချင်းအားတပ်သော မဟာဘုတ် ဥပါဒါရုပ်ပစ္စယုပ္ပန် တရားကို ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ-ဖြင့် ပဋိသန္ဓေ အခါ ဟဒယ ဝတ္ထုနှင့်ပဋိသန္ဓေဝိပါက်ပစ္စည်းတရားကိုပြ၏၊အညမညံ-ဖြင့် ဟဒယဝတ္ထု ပဋိသန္ဓေစိတ် ပစ္စုပ္ပန်တရားကိုပြ၏။

အချုပ်အားဖြင့် အချင်းချင်းအားရင်း,အချင်းချင်းနာမက္ခန္ဓာ ၄ ပစ္စရုပ် ပဋိသန္ဓေကမ္မဇရုပ်အားရင်း,တပ်သော စိတ္တုပ္ပါဒ်၊ အချင်းချင်းအားရင်း, ဥပါဒါရုပ် အားရင်း တပ်သော စိတ္တဇ မဟာဘုတ်။ ၁။ ပဝတ္တိ ကမ္မဇ မဟာဘုတ်၊ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု တို့ကား **ပစ္စည်းတရား** စိတ္တုပ္ပါဒ် ဥပါဒါရုပ်နှင့် ဟက္ကသော မဟာဘုတ် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယ ဝတ္ထုတို့ကား **ပစ္စယုပ္ပန်တရား** များ ဖြစ်ကြ၏။

> စိတ်စေတသိက်တို့သည် အချင်းချင်းအား (တဌာန) မဟာဘုတ်တို့သည် အချင်းချင်းအား (တဌာန) ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေဝိပါက် စိတ်တို့သည် အချင်းချင်းအား (တဌာန) ကျေးဇူးပြု၏။ ဤသို့လည်း အညမည ပစ္စည်းသည် သုံးဌာနရှိ၏။

(၁) စိတ္တစေတသိကာဓမ္မာ၊ (၂) မဟာဘူတာ၊(၃) ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ-ဟူသော ပါဌ်တို့ဖြင့် ပစ္စည်းတရားကိုပြ၏။ အညမညံ-ဟူသော ပါဌ်သုံးချဖြင့် ပစ္စယုပ္ပန်တရားကို ပြ၏။

အချုပ်မှာ-အချင်းချင်းအားတပ်သော စိတ္တုပ္ပါဒ်၊ စိတ္တဇမဟာဘုတ်။၁။ပဝတ္တိ ကမ္မဇမဟာဘုတ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုတို့ကား အညမည ပစ္စည်းတပ်သောတရား၊ အချင်းချင်းမှ ထောက်အင်သော အထက်ပါ တရားများပင် အညမညပစ္စယုပ္ပန်တရားမည်၏။ (ပစ္စနိက်ကိုလိုလျှင် ပစ္စည်းမှ လွတ်သည်ကို ကြည့်၍ ကောက်)။

> (၁) စိတ်စေတသိက် တရားတို့သည် အချင်းချင်း အားရင်း, သဟဇာတ် ဖြစ်သော ရုပ်တို့အားရင်း၊ (၂) မဟာဘုတ်တို့သည် အချင်းချင်းအားရင်း, ဥပါဒါရုပ်တို့အားရင်း၊ (၃) ခြောက်ပါးသော ဝတ္ထုရုပ်တို့သည် ခုနစ်ပါးသော ဝိညာဏ ဓာတ်တို့အား နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဤသို့လည်း နိဿယ ပစ္စည်းသည် သုံးဌာနပြားလေသည်။

(၁) စိတ္တစေတသိကာဓမ္မာ၊ (၂) မဟာဘူတာ၊ (၃) ဆဝတ္ထူနိ-ဟူသော ပါဌ်တို့ဖြင့် ပစ္စည်းတရားကို ပြ၏၊အညမညံသဟဇာတရူပါနံ,

အညမညံ ဥပါဒါရူပါနံ, သတ္တန္နံ ဝိညာဏ ဓာတူနံ-ဟူသော ပါဠိတို့ဖြင့် ပစ္စယုပ္ပန် တရားကို ပြ၏။ သို့ရာတွင် ဝိတ္တ ဖေဘာသိကာ မှာ, အညမညံ သဟဇာတ ရူပါနဉ္စ, မဟာဘူတာ အညမညံ ဥပါဒါ ရူပါနဉ္စ-ဟူသော ပါဠိဖြင့် သဟဇာတနိဿယကိုရင်း, ဆဝတ္ထူနံ-စသော ပါဠိဖြင့် ဝတ္ထု ပုရေဇာတ နိဿယနှင့် ပဉ္စာရမဏနိဿယ ပစ္စည်းကိုရင်း ပြ၏။

နိဿယသည် သဟဇာတနိဿယ,ပုရေဇာတနိဿယ-ဟု နှစ်မျိုး ရှိရာ သဟဇာတနိဿယကို သဟဇာတအတိုင်းကောက်၊ ပုရေဇာတ နိဿယသည် ဝတ္ထုပုရေဇာတနိဿယ,ဝတ္ထာရမဏပုရေဇာတနိဿ ယ-ဟု နှစ်မျိုးရှိပြန်ရာ–ဝတ္ထုပုရေဇာတနိဿယ၌ **ပစ္စည်းတရားကား** ပဝတ္တိအခါ ဆဝတ္ထု(ဆဝတ္ထုနံဟူသောပါဠိကိုကောက်) တနည်း-မဇ္ဈိ မာယုက ပဉ္စပသာဒဝတ္ထု၊ ရှေးရှေး စိတ်နှင့် အတူ ဥပါဒ်သော ဟဒယ ဝတ္ထု, နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုတို့တည်း။ **ပစ္စယုပ္ပန် တရားကား**-ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက်ကြဉ်သော ပဝတ္တိအခါ သတ္တဝိညာဏဓာတ် စိတ္တုပ္ပါဒ်တည်း။ ဝတ္ထာရမဏပုရေ ဇာတနိဿယ၌ **ပစ္စည်းတရားကား**-မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုတည်း။ **ပစ္စယုပ္ပန်တရားကား**-မနောဒွါရာဝဇ္ဇန်း,ကာမဇော,တဒါ ရုံစိတ္တုပ္ပါဒ်တည်း။

(၁) ကဗဠီကာရ အာဟာရသည် ဤစတုသမုဋ္ဌာနိကရူပကာယအား(၂)နာမ် အာဟာရတို့သည် သဟဇာတ်ဖြစ်သော နာမ်ရုပ်တို့အား ကျေးဇူးပြု၏၊ ဤသို့ လည်း အာဟာရပစ္စည်းသည် နှစ်ဌာနပြား၏။

အာဟာရသည် (၁) ရုပ်အာဟာရ၊ (၂) နာမ်အာဟာရဟု နှစ်မျိုး ရှိရာ ရုပ်အာဟာရ၌ **ပစ္စည်းတရားကား**–ဗဟိဒ္ဓဩဇာ၊(တနည်း)စတု သမုဋ္ဌာနိကဩဇာ။ **ပစ္စယုပ္ပန်တရားကား**– အာဟာရဇရုပ်၊ (တနည်း) ကလာပ်တူ ဩဇာကြဉ်သော စတုသမုဋ္ဌာနိကရုပ်ပေတည်း။

နာမ်အာဟာရ၌ **ပစ္စည်းတရားကား**-ဖဿ,စေတနာ,ဝိညာဏ်။ပစ္စ ယုပ္ပန်တရားကား စိတ္တုပ္ပါဒ်,စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တည်း။

ရှင်းချက်။ ။''ကဗဠီကာရာဟာရ''ဟူသည် ကာမသတ္တဝါတို့အား ပဋိသန္ဓေအခါမှ စ၍ ဖြစ်သော **စတုသမုဋ္ဌာနိက** ရုပ်အာဟာရနှင့် ဗဟိဒ္ဓအာဟာရပေသည်း၊ မှန်၏-အမိဝမ်း၌ ပဋိသန္ဓေ နေသူတို့အား အကြင်မျှလောက် အမိ၏ စားသော အစာ ပျံ့နှံ့မှုကိုမရသေး၊ထိုမျှလောက် ကာလပတ်လုံး ကလလရေကြည် စသော အခါတို့၌ ကံ,စိတ်,ဥတု ဟူသော အကြောင်း သုံးပါးကြောင့် ဖြစ်သော အဇ္ဈတ္တ အာဟာရသည်သာလျှင် ထောက်ပံ့မှု ကိစ္စကို ပြီးစေ၏၊ ပဋိသန္ဓိက္ခဏေ ကဗဠီကာရော အာဟာရော ဇူမသဿ ကာယဿ အာဟာရပစ္စယေနပစ္စယော ဟူသော ပဋ္ဌာန်းပါဠိတော်ကို ထောက်လေ။ ထို့ပြင် ထိုအဇ္ဈတ္တ အာဟာရ၏ ဩဇာသာလျှင် ရှစ်ခုမြောက်သောရုပ်ကို ဖြစ်စေခြင်းသည်ကား ဗဟိဒ္ဓအာဟာရ၏ ထောက်ပံ့မှုကို ရအပ်သော အခါမှာသာလျှင် ဖြစ်၏၊ ဂန္ထ သေဃျက သတ္တဝါတို့မှာ ပဋိသန္ဓေစိတ်၏ ဥပါဒက္ခဏ၌ ကံကြောင့် ဖြစ်သော ကေသမုဋ္ဌာနိက ကာယ၊ ဌီခဏ,ဘင်ခဏ၌ ကံ,ဥတုကြောင့်ဖြစ်သော ဒွိသမုဋ္ဌာနိကကာယ ပဌမဘဝင်စိတ်၏ ဥပ္ပါဒက္ခဏမှစ၍ ကံ,စိတ်,ဥတု ဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်သော တိသမုဋ္ဌာနိက ကာယ၊ဩဇာပျံ့နှံ့သောအခါမှစ၍ ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်သော စတုသမုဋ္ဌာနိက ကာယ။

ရူပဘုံ၌ ဩဇာအာဟာရ၏ ကိစ္စမရှိပါလေ၊ အပ္ပနာသို့ ရောက်သော ကံထူးဖြင့် ပြီးသော ရှည်ကြာစွာသော ကာလပတ်လုံး ပျံ့နှံ့ခြင်းငှါ စွမ်းနိုင်သည့် ရုပ်ဇီဝိတိန္ဒြေ၏ အစွမ်းဖြင့်ရင်း, ထိုကဲ့သို့ပင် အပ္ပနာသဘောရှိသော ဘဝင်စိတ်မှာပါတဲ့ နာမ်အာဟာရ၏ အစွမ်းဖြင့်ရင်း ကမ္ဘာပေါင်း များစွာ အတ္တဘောဖြစ်မှုကို သိအပ်၏။ ဤနည်းအားဖြင့် ကမ္မဇကာယ အလွန်အားကောင်းသော နတ်ပြိတ္တာ, ငရဲသူ, ငရဲသားတို့၌လည်း မြင့်ရှည်စွာသော ကာလပတ်လုံး ဗဟိဒ္ဓအာဟာရနှင့်ကင်း၍ အတ္တဘော ဖြစ်ခြင်းကို ဆိုထိုက်၏၊ အထူးအားဖြင့် ထိုနတ်, ပြိတ္တာတို့၌ကား အဇ္ဈတ္တာဟာရကိုလည်း ရအပ်သည်ကာ။

အထူး မှတ်ချက်။ ။မာတုကုစ္ဆိဂတော တိရော-ဟူရာ၌ တိရစ္ဆာန ဟူရာတွင် တိရောသဒ္ဒါကဲ့သို့ ဖီလာအနက်ဟော၊ အမိဝမ်း၌ တည်နေသော သားကောင်သည် ပဌမသားအိမ်အတွင်းတည်စတွင် သား သန္ဓေလုံးသည် ဝမ်းဘဲဥသဏ္ဍာန်ဖြစ်၍ ချက်ကြိုးသည် အလယ်တည့်တည့်မှပေါက်ပြီး ဝမ်းဘဲဥကို ခါးလည်မှ ကြိုးနှင့်ချည်၍ တွဲလွဲဆွဲထားသကဲ့သို့ ဖီလာတည်နေရသည်၊နောက်တလခန့်ရှိလာသောအခါ ခေါင်းဘက်က ထောင်လာပြီး အမိ ကျောဘက်သို့ မျက်နှာမူ၍ ထိုင်သည်၊ ထို ဖီလာ ဘဝမှ စ၍ အမိ၏ အာဟာရကို ချက်ကြိုးမှ ရသည် ဟူလို။

(၁) ငါးပါးသောပသာဒတို့သည် စက္ခုဝိညာဏ်စသော ငါးပါးသောဝိညာဏ်တို့အား (ပုရေဇာတိန္ဒြိယ ပစ္စည်း) (၂) ရုပ် ဇီဝိ တိန္ဒြေသည် ဥပါဒိန္န ရုပ်တို့အား (ရူပ ဇီဝိ တိန္ဒြိယ ပစ္စည်း) (၃) နာမ် ဇုန္ဒြေ တို့သည် သဟဇာတ် ဖြစ်သော နာမ်ရုပ်တို့အား (သဟဇာတိန္ဒြိယ ပစ္စည်း) ကျေးဇူးပြုပေ၏၊ ဤသို့လည်း ဣန္ဒြိယ ပစ္စည်းသည် သုံးမျိုး ပြား၏။

ဣန္ဒြိယပစ္စည်းသည် (၁) ပုရေဇာတိန္ဒြိယ၊ (၂) ရူပဇီဝိတိန္ဒြိယ၊ (၃) သဟဇာတိန္ဒြိယဟု သုံးမျိုးရှိရာ (၁)ပဉ္စပသာဒ–ဟူသော ကတ္တားပါဌ်ဖြင့် မဇ္ဈိမာယုက ပဉ္စဝတ္ထုပစ္စည်းတရားကို၊ ပဉ္စန္နံ ဝိညာဏာနံ–ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဉ္စဝိညာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရားကို ပြ၏။ (၂) ရူပ ဇီဝိတိန္ဒြိယ–ဟူသော ကတ္တားပါဌ်ဖြင့် ရုပ် ဇီဝိတိန္ဒြေ ပစ္စည်းတရားကို၊ ဥပါဒိန္နရူပါနံ–ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ကြွင်းသော ပဋိသန္ဓေ ကမ္မဇရုပ်,အသညသတ်ကမ္မဇရုပ်,ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန် တရားကိုပြ၏။(၃) အရူပိနော ဣန္ဒြိယာဟူသော ကတ္တားပါဌ်ဖြင့် ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ–ဟူသော နာမ် ဣန္ဒြေရှစ်ပါး ပစ္စည်းတရားကို၊ သဟဇာတာနံ နာမရူပါနံ–ဟူသော သမ္ပဒါန်ပါဌ်ဖြင့် စိတ္တုပ္ပါဒ်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန် တရားကိုပြ၏။

(၁) ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုသည် ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာတို့အား စိတ်စေတသိက်တရားတို့သည် သဟဇာတ်ဖြစ်သော ရုပ်တို့အား (သဟဇာတ ဝိပ္ပယုတ်၏ အစွမ်းဖြင့်) (၂) နောက်ဖြစ်သော စိတ်စေတသိက် တရားတို့သည် ရှေး၌ဖြစ်သော ဤစတုသမုဋ္ဌာနိက ကာယအား (ပစ္ဆာဇာတ ဝိပ္ပယုတ်၏ အစွမ်းဖြင့်) (၃)ဆဝတ္ထုတို့သည် ပဝတ္တိအခါ ခုနစ်ပါးသော ဝိညာဏ ဓာတ်တို့အား (ပုရေဇာတ ဝိပ္ပယုတ်၏ အစွမ်းဖြင့်)ကျေးဇူးပြု၏၊ ဤသို့လည်း ဝိပ္ပယုတ္တပစ္စည်းသည် သုံးပါးပြား၏။

ဝိပ္ပယုတ္တသည် (၁) သဟဇာတ၊(၂) ပစ္ဆာဇာတ၊ (၃) ပုရေဇာတ ဝိပ္ပယုတ်ဟု သုံးမျိုးရှိရာ–(၁) သဟဇာတ ဝိပ္ပယုတ်၌ ဩက္ကန္တိက္ခဏေ ဝတ္ထု–ဟူသော ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုပစ္စည်း တရားကို၊ ဝိပါကာနံ–ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို၊ (သဟဇာတ ဝိပ္ပယုတ်တပိုင်း)စိတ္တစေတသိကာဓမ္မာ–ဟူသော ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရူပဝိပါက် ၄–ခု, ဒွေး ပဉ္စဝိညာဏ် ၁၀–ခု၊ ရဟန္တာတို့၏စုတိကြဉ်သော ၇၅–ပါးသော ရူပသမုဋ္ဌာနိကစိတ္တုပ္ပါဒ် ပစ္စည်းတရားကို၊ သဟဇာတရူပါနံ–ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဝတ္တိ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကိုပြ၏။ ဤကား သဟဇာတဝိပ္ပယုတ်။ (၂) ပစ္ဆာဇာတာ စိတ္တ စေတသိကာ ဓမ္မာ–ဟူသော ကတ္တားပါဌ်ဖြင့် ပစ္ဆာဇာတဝိပ္ပယုတ်ပစ္စည်းတရားကို၊ ပုရေဇာတဿ,

အုမသာ, ကာယသာ-ဟူသော သမ္ဗဒ္ဓါန် ပါဠိဖြင့် ပစ္ဆာဇာတ ဝိပ္ပယုတ် ပစ္စယုပ္ပန်တရားကိုပြ၏။ ပစ္ဆာဇာတပစ္စည်းအတိုင်း ကောက်။ (၃) သဝတ္ထုနိ-ဟူသော ကတ္တားပါဠိဖြင့် ပုရေဇာတဝိပ္ပယုတ်ပစ္စည်းတရားကို၊ ပဝတ္တိယံ သတ္တန္နံ ဝိညာဏ ဓာတူနံ-ဟူသော သမ္ဗဒ္ဓါန်ဖြင့် ပုရေဇာတ ဝိပ္ပယုတ် ပစ္စယုပ္ပန်တရားကိုပြ၏၊ (ပုရေဇာတ နှစ်မျိုးနှင့် တူ၏)။

သဟဇာတတ္ထိ-သဟဇာတအဝိဂတ, ပုရေဇာတတ္ထိ-ပုရေဇာတ အဝိဂတ, ပစ္ဆာဇာတတ္ထိ-ပစ္ဆာဇာတ အဝိဂတ,ကဗဠီကာရ အာဟာရတ္ထိ-ကဗဠီကာရ အာဟာရ အဝိဂတ,ရူပဇီဝိတိန္ဒြိယတ္ထိ-ရူပဇီဝိတိန္ဒြိယ အဝိဂတ-ဟု ဤအတ္ထိပစ္စည်းနှင့် အဝိဂတ ပစ္စည်းသည် ငါးပါး အပြားရှိ၏။ (အရကောက်ကား နောက်ကပြခဲ့သည့် ဆိုင်ရာ ပစ္စည်းများအတိုင်း ကောက်)။

နိဗ္ဗာန်နှင့် အတ္ထိ

အတ္ထိဓမ္မသည် အတ္ထိပစ္စည်း အဝိဂတပစ္စည်းဖြစ်ပါလျှင် နိဗ္ဗာန်သည်လည်း ပရမတ္ထအားဖြင့် အတ္ထိဓမ္မဖြစ်လေသောကြောင့် အတ္ထိပစ္စည်း အဝိဂတပစ္စည်းတစ်ရာသည် မဟုတ်ပါလောဟု စောဒနာ၏။

နိဗ္ဗာန်သည် အတ္ထိပစ္စည်း အဝိဂတပစ္စည်း မတစ်ပါ၊ ဘယ့်ကြောင့်ဆိုသော် အတ္ထိ အဝိဂတပစ္စည်းတို့သည် ပစ္စုပ္ပန် သဘောဖြစ်သော အတ္ထိဘာဝဖြင့် ပစ္စုပ္ပန်သဘောအားဖြင့် ရှိသည်သာလျှင် ဖြစ်သော တရားကိုထောက်ပံ့သောကြောင့် အမြဲဖြစ်လေ့ရှိသော နိဗ္ဗာန်မှာ အတ္ထိ, အဝိဂတ ပစ္စယသတ္တိ မရှိပါလေ။

ရှင်းချက် ။အနာဂတ် ဖြစ်သော နာမက္ခန္ဓာသည် ဥပါဒ်သို့ မရောက်သေး၍ အတ္ထိဘာဝမရှိ၊ အတ္ထိဘာဝမရှိ၍ ပစ္စုပ္ပန်တရားတို့အား ကျေးဇူးမပြုတတ်၊ ဥပါဒ်သို့ ရောက်မှကား အတ္ထိဘာဝရှိ၍ အတ္ထိသတ္တိဖြင့် ကျေးဇူးပြု၏၊ နိဗ္ဗာန်မှာ အတ္ထိဘာဝ (ပစ္စုပ္ပန်သဘောအားဖြင့် ရှိနေမှု) မရှိခြင်း,ပစ္စုပ္ပန် တရားအား ကျေးဇူးပြုတတ်သော တရားများ မှာသာ အတ္ထိဘာဝ ရှိလေသည့်အတွက် အတ္ထိသတ္တိ မည်ခြင်း, နိဗ္ဗာန်ကား အမြဲတည်ခြင်းကြောင့် အတ္ထိပစ္စည်း အဝိဂတပစ္စည်း၏ အဖြစ်မရှိပါလေ။

အလုံးစုံသော ပစ္စည်းတို့ သည်လည်း အာရမဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း,အတ္ထိပစ္စည်းတို့၌ ပေါင်းယှဉ်ခြင်းသို့ ရောက်ကုန်၏။

ဤပစ္စည်းလေးပါး၌ အခြားပစ္စည်းများ ပေါင်းသွင်းရာတွင် ဝိဘာဝိနီဋီကာ၌ ပြဆိုသည်မှာ-အလုံးစုံသော ပရမတ်,ပညတ်တရားဟူသမျှသည် စိတ်စေတသိက်တို့၏ အာရုံချည်းသာဖြစ်၏ (အာရမဏပစ္စည်း၌ ပေါင်းသွင်းရာတွင် အကြောင်း)။အလုံးစုံသော ပရမတ်,ပညတ်တရား

ဟူသမျှသည် မိမိမိမိပစ္စုပ္ပန်တရား၏ မှီရာ ဥပနိဿယ သဘောချည်းသာဖြစ်၏ (ဥပနိဿယ၌ သွင်းရာတွင် အကြောင်း)။ အလုံးစုံသော ပရမတ်တရားသည် ကံသာလျှင် အကြောင်းရင်း ရှိသည့် အတွက် အကြောင်းကံ၏အမည်ကို အကျိုး၌တင်စားကာ ကာရဏူပစာအားဖြင့် ကမ္မသဘောချည်းသာ ဖြစ်၏၊ (ကမ္မပစ္စည်း၌ ပေါင်းသွင်းရာတွင် အကြောင်း)။ အလုံးစုံသော ပရမတ်တရားသည် ဂရုမတ္တ, သမုတိ၏ အစွမ်းအားဖြင့် ထင်ရှားရှိ၍ အတ္ထိသဘောချည်းသာ ဖြစ်၏၊ အတ္ထိပစ္စည်း၌ ပေါင်းသွင်းရာတွင် အကြောင်း)။ ထို့ကြောင့် အလုံးစုံသော ပစ္စည်းတို့သည် အာရမဏ,ဥပနိဿယ,ကမ္မ,အတ္ထိ ပစ္စည်းတို့၌ဝင်ကုန်၏-ဟု ပြဆို၏။

ရှေးဆရာကြီးတို့ပြဆိုသည်ကား—အာရမဏာဓိပတိ, ဝတ္ထာရမဏပုရေဇာတနိဿယ,အာရမဏူပနိဿယ,အာရမဏပုရေဇာတ,ဝတ္ထာရမဏပုရေဇာတဝိပ္ပယုတ္တ,အာရမဏပုရေဇာတတ္ထိ, အာရမဏပုရေဇာတအဝိဂတ, ဤအာရုံမျိုး ခုနစ်ပစ္စည်းတို့သည် အာရမဏပစ္စည်း၌ ဝင်ကုန်၏။ (ဤကား အာရုံမျိုး ရှစ်ပါး)။

အနန္တရ,သမနန္တရ, အာသေဝန,မဂ္ဂါနန္တရ ဖိုလ်လေးခုအား တပ်သော နာနာက္ခဏိကကမ္မ,နတ္ထိ,ဝိဂတ,ဤခြောက်ပစ္စည်းတို့သည် အနန္တရူပနိဿယ၌၊ ဝိပါက်ဆတ္တိံသအား တပ်သော ဗလဝ နာနက္ခဏိကကမ္မသည် ပကတူပနိဿယ၌ ဝင်ကုန်၏။ (ဤကား ဥပနိဿယမျိုး ခုနစ်ပါး)။

ကာမဝိပါက်အားတပ်သော ဒုဗ္ဗလကမ္မ,ကဋတ္တာရုပ်အားတပ်သော ဗလဝ ဒုဗ္ဗလကမ္မ၊(ဤကား နာနက္ခဏိကကမ္မမျိုးတပါးတည်း)။

ဟေတု,သဟဇာတာဓိပတိ, သဟဇာတ, အညမည, သဟဇာတနိဿယ, သဟဇာတကမ္မ, ဝိပါက, နာမ်အာဟာရ, သဟဇာတိန္ဒြိယ, ဈာန,မဂ္ဂ,သမ္ပယုတ္တ,သဟဇာတဝိပ္ပယုတ္တ,သဟဇာတအဝိဂတ,ဤတဆဲ့လေးပစ္စည်း တို့သည် သဟဇာတတ္ထိ၌ ဝင်ကုန်၏။ (ဤကား သဟဇာတတ္ထိမျိုး တဆဲ့ငါးပါး)။

ဝတ္ထုပုရေဇာတနိဿယ,ဝတ္ထုပုရေဇာတ,ပုရေဇာတိန္ဒြိယ, ပုရေဇာတဝိပ္ပယုတ္တ,ပုရေဇာတအဝိဂတ,ဤငါးပစ္စည်းတို့သည် ဝတ္ထုပုရေဇာတတ္ထိ၌ ဝင်ကုန်၏၊ (ဤကား ဝတ္ထုပုရေဇာတတ္ထိမျိုး ခြောက်ပါး)။

ပစ္ဆာဇာတ, ပစ္ဆာဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတအဝိဂတ, ဤသုံးပစ္စည်းတို့သည် ပစ္ဆာဇာတဂ္ဂိုဏ်၌ဝင်ကုန်၏။(ဤကားပစ္ဆာဇာတမျိုးလေးပါး)။

ရုပ်အာဟာရ, ရူပါဟာရအဝိဂတ, ဤနှစ်ပစ္စည်းတို့သည် ရုပ်အာဟာရဂ္ဂိုဏ်၌ ဝင်ကုန်၏။ (ဤကား ရုပ်အာဟာရဂ္ဂိုဏ်မျိုး သုံးပါး)။

ရုပ်ဇီဝိတိန္ဒြေ, ရူပဇီဝိတိန္ဒြိယအဝိဂတ, ဤနှစ်ပစ္စည်းတို့သည် ရူပဇီဝိတိန္ဒြိယဂ္ဂိုဏ်၌ ဝင်ကုန်၏။ (ဤကား ရူပဇီဝိတိန္ဒြိယဂ္ဂိုဏ်မျိုး သုံးပါး)။ ဤသို့လျှင် အကျယ်အားဖြင့် ၂၄-ပါးသော ပစ္စည်းတို့သည် မကျဉ်းမကျယ်အားဖြင့် ၈-ပါး, အကျဉ်းအားဖြင့် ၄-ပါးဖြစ်ကုန်၏၊ ဤသို့ ဆိုရိုးပြုကုန်၏။ ယင်းစကားသည် ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော, သဟဇာတပစ္စယေန ပစ္စယော, ဥပနိဿယပစ္စယေန ပစ္စယော-အစရှိသော ပဋ္ဌာန်းပစ္စယုဒ္ဒါရပါဠိ, အဋ္ဌကထာတို့နှင့် ညီညွတ်ပေသည်။

မှာထားချက်......သုံးချက်စု, ပစ္စည်းပြိုင် အဓိပ္ပါယ်ကို **သဘောပြသုံးချက်စု** တွင် ကြည့်ရှုပါလေ။

ဤပဋ္ဌာန်းနည်းတွင် အလုံးစုံသော သဟဇာတနှင့်သဘောတူသော ပစ္စည်းများ၌ သဟဇာတရူပ-ဟူသည်ကို ပဝတ္တိအခါမှာ စိတ္တသမုဋ္ဌာန်ရုပ်, ပဋိသန္ဓေအခါမှာ ကမ္မဇရုပ်တို့၏ အစွမ်းအားဖြင့် နှစ်ပါးအပြားရှိ၏ဟူ၍ သိအပ်၏။

သဟဇာတရူပံ-ဟူသော ပါဠိသည် သာမညပါဠိ ဖြစ်သော်လည်း ပဋိသန္ဓေအခါမှာ စိတ္တဇရုပ်မရှိသောကြောင့် သဟဇာတရူပံအရ ပဋိသန္ဓေအခါ ကမ္မဇရုပ် ဟူ၍မှတ်၊ ပဝတ္တိအခါမှာ ကမ္မဇရုပ်တို့၏ စိတ်စေတသိက်တို့နှင့် တကွဖြစ်ခြင်း၏ အမြဲမရှိသောကြောင့် သဟဇာတရူပံအရ ပဝတ္တိအခါ စိတ္တဇရုပ်ဟူ၍ မှတ်လေ။

ပရမတ္ထဒီပနီ၌ ပြဆိုသည်မှာ—ပဋိသန္ဓေဝိညာဏ်မည်သည် နာမ်ရုပ်တို့၏ အချင်းချင်း မှီရာမှီတတ် အဖြစ်ဖြင့် ဖွဲ့စပ်ရာ ပဉ္စဝေါကာရဘုံ၌ စုတိဖြင့် ပိုင်းခြားအပ်သော အလုံးစုံသော ထိုထိုဘဝ၏ ခေါင်းတည် ဦးတည်လည်းဖြစ်၏၊ အကြောင်းလည်းဖြစ်၏၊ မျိုးစေ့မှ သစ်ပင်ကြီးဖြစ်လာသကဲ့သို့ ယင်းဦးတည်ခေါင်းကည့် ပဋိသန္ဓေဝိညာဏ်မှ အလုံးစုံသော ကိုယ်ဖြစ်တဲ့ အထူးထူးသော ရုပ်စဉ်, နာမ်စဉ်သည် ဖြစ်ပေါ်လာ၏။

ဗုဒ္ဓမြတ်စွာ ဟောတော်မူသည်ကား......

အာနန္ဒ-ပဋိသန္ဓေ ဝိညာဏ်ဟာ အမိဝမ်းမှာ မသက်ပါက စင်စစ် နာမ်ရုပ်ဟာ အမိဝမ်းမှာကြီးပွါးပါ့မလား။(ဗုဒ္ဓအမေး)ဤသို့ဖြစ်ပါကမကြီးပွါးပါဘုရား၊(အာနန္ဒ ဖြေ)အာနန္ဒ-ဝိညာဏ်ဟာ အမိဝမ်းမှာသက်၍ ပျက်စီးသွားမယ်ဆိုရင်-စင်စစ် နာမ်ရုပ်သည် ဤသို့သဘောရှိသော အတ္တဘော၏ အကျိုးငှါ ထင်ရှားဖြစ်ရာသလော။ (မေး)ဤကဲ့သို့ဖြစ်ခြင်းလည်း မလျော်ပါဘုရား။ (ဖြေ) အာနန္ဒ-ဝိညာဏ်ဟာ သတို့သား သတို့သမီးသန္တာန်မှာ ငယ်ရွယ်စဉ်ကပင် ပြတ်သွားမယ်ဆိုပါက စင်စစ် နာမ်ရုပ်သည် ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ပါဦးမည်လော။ (မေး) ဤလို မဖြစ်နိုင်ပါဘုရား။ (ဖြေ) ဒီလိုဆိုရင်တော့ သာနန္ဒ-ဝိညာဏ်သည်သာ နာမ်ရုပ်၏ အကြောင်းဖြစ်ပေသည်ဟု ဟောတော်မူ၏။

ဤပါဠိတော် စကားရပ်ဖြင့် ပဋိသန္ဓေခဏ၌ ရုပ်ဖြစ်လာခြင်းမှာ စင်စစ် ဝိညာဏ်လျှင် အကြောင်းရှိသည်၏အဖြစ်ကို သိစေလေသည်၊ ဤကဲ့သို့ ဖြစ်ပေါ်လေပြီးသော ပဋိသန္ဓေရုပ်သည်ကား နောက်တဖန် မိမိကိုယ်တိုင် ထိုဘဝ၌ သေသည့် အခါ တိုင်အောင်ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အစဉ်တို့၏ ဦးတည် ခေါင်းတည်လည်း ဖြစ်၏၊ မျိုးစေ့ လည်း ဖြစ်၏။

အားအကောင်းဆုံးသော စိတ်ပင် ဆိုကြပါစို့- ရှေးဦး ဖြစ်နှင့်သော ရုပ်အစဉ် မရှိပါက ဘယ်နည်းနှင့်မျှ ရုပ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ ဥတု,အာဟာရ တို့သည်လည်း စိတ်ကဲ့သို့ပင် ရုပ်ကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်ကြတော့ပေ။

ထို့ကြောင့် မဟုတ်လော–အရူပဘုံ၌ ရုပ်ကို ဖြစ်စေတတ်သော ကာမာဝစရစိတ်တို့ ဖြစ်နေကြသော်လည်း ရုပ်ကို ထိုဘုံ၌ မဖြစ်စေနိုင်ပါကုန်၊ အသညသတ်ဘုံမှာတော့ ရှေးဦးဖြစ်နှင့်နေသော ကမ္မဇရုပ် အစဉ်ရှိသည့်အတွက် ဥတုသမုဋ္ဌာန် ရုပ်အဆက်ဆက်တို့သည် ဖြစ်နိုင်ကြကုန်၏။

ဝိဘင်းမူလဋီကာ၌-အရူပ ပန ရူပဿ ဩကာသော နဟောတိ-ဟု မိန့်ဆို၏။ အဓိပ္ပါယ်ဆိုလိုရင်းမှာ--ဦးတည်ခေါင်းတည်ဖြစ်သော ရုပ်ရှိနေမှ စိတ်သည် ရုပ်တမျိုးကို ဖြစ်စေနိုင်၏၊ဦးတည်ခေါင်းတည် ရုပ်မရှိက စိတ်သည် ရုပ်တမျိုးကို မဖြစ်စေနိုင်၊ အရူပဘုံကို ကြည့်ပါလား-

ထိုဘုံမှာ ဦးတည်ခေါင်းတည်ဖြစ်သော ရုပ်မရှိ၊ သို့အတွက် ထိုဘုံမှာ ဖြစ်တဲ့စိတ်သည် ရုပ်ကို မဖြစ်စေတတ်ဟုဆိုလို၏။ ဦးတည်ခေါင်းတည် ဖြစ်နိုင်သော ရုပ်သည်လည်း နောက်၌ မိမိနှင့် တူသော ရုပ် အစဉ် ဖြစ်ပွါး ခြင်း၏ အကြောင်း ဖြစ်လေသည်၊ သား,သမီးသည် မိဘနှင့် ရုပ်သွင်တူသည်ကို ထောက်လေ။

ဥပမာနိုင်းချိန်ကြဦးစို့......မျက်မြင်လောကတွင် ကြည့်ရှုပါ၊ မြက် သစ်ပင်တို့မှာ မျိုးစေ့ဟူသော ဗီဇနိယာမ ရုပ်မည်သည်ရှိ၏၊ထိုမျိုးစေ့ များ၏အစွမ်းရည်ကြောင့် ဖြစ်လာသော မြက်သစ်ပင်တို့သည် ကြီးပွါး လာကြသော် ဖြစ်ကတတ်ဆန်း ကြီးပွါးလာကြသည် မဟုတ်ဘဲ မိမိနှင့် မျိုးစေ့တူမြက်သစ်ပင်တို့နှင့် တသဏ္ဌာန်တည်းတူ တပုံစံတည်း ယူ၍ ကြီးပွါးလာကြသည်၊ ထို့အတူ ဂဗ္ဘသေယျကသတ္တဝါတို့မှာ ယောနိ ဘာဝ-ဟု ဆိုအပ်သော နိယာမရုပ်မည်သည် ရှိ၏၊ ထိုရုပ်၏ စွမ်းရည် ကြောင့် ဂဗ္ဘသေယျက သတ္တဝါတို့သည် အမျိုး တူသူတို့နှင့် (အထူး အားဖြင့် ပြောရလျှင်) အမိ,အဖ တို့နှင့် အလုံးစုံ ရုပ်သွင်သဏ္ဌာန် တူကြ လေသည်၊ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဗိဇနိယာမရှိသကဲ့သို့ ယောနိ နိယာမလည်း ရှိလေသည်။ (ယောနိနိယာမဟူသည် ပဋိသန္ဓေ ရုပ်၏အာနုဘော်ပေတည်း)တနည်း-ယောနိနိယာမ-မည်သည် ကလလ ရေကြည်တည်သောအခါစသည်တို့၌ သားသမီးတို့ကိုယ်ပေါ်မှာ မိဘ နှစ်ပါးတို့မှ စဉ်နွယ်၍လာသော ဥတုဇရုပ်အစဉ်ပေတည်း၊ ယင်း ယောနိ နိယာမ၏ အာနုဘော်ဖြင့် သားသမီးတို့၏ ရုပ်သဏ္ဌာန်သည် အမျိုးတူသတ္တဝါနှင့် တူတတ်လေသည်၊ ထို့ထတ်ထင်ရှားစေရပါမူ- ဇီဝိတ္ထိဘောရုပ်စသည်သည် သတ္တဝါတို့အား ဇီဝိတ္ထိ အသွင်အပြင် အမူ အရာစသည်ကို သတ်မှတ်ပေး၏၊ ဗိဇနိယာမခေါ် မျိုးစေ့ရုပ်သည် မြက်သစ်ပင်တို့အား ထိုထိုအဆင်းသဏ္ဌာန်စသည်ကို သတ်မှတ်ပေး ၏၊ ထို့အတူ ယောနိ နိယာမ ရုပ်သည် အထူးထူးသောဇာတ် အမျိုး အရိုး၏အစွမ်းအားဖြင့် သတ္တဝါတို့အား ခြားနား သတ်မှတ်ပေး၏။ ဤမျှသော စကားရပ်ဖြင့် ပဝတ္တိအခါ စိတ္တဇရုပ်မှ တပါး ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇတို့၏ ဖြစ်ခြင်း၌ စိတ်ကို ငဲ့ခြင်းမရှိဘဲ ရှေးဦး ဖြစ်နိုင်သောရုပ်အစဉ်နှင့် ဆက်သွယ်ကာ ဖြစ်ပွါးလာမှု ပြီးစီးလေ သည်။ ထို့ကြောင့် စိတ်၏ ဌီခဏ, ဘင်ခဏတို့၌ရင်း, စိတ်ကင်းနေ

သော နိဗ္ဗာန်ရောသမာပတ်ဝင်စားသောအခါ၌၎င်း, ဝိသုဒ္ဓိမဂ္ဂဋီကာ၌ရုပ်တရားတို့ဖြစ်နိုင်ကြလေသည်။

ဤဆိုအပ်ခဲ့သောနည်းဖြင့် ကာလသုံးပါး၌ဖြစ်သော ပစ္စည်းတရား ကာလဝိမုတ်ဖြစ်သော ပစ္စည်းတရား, အဇ္ဈတ္တတရား, ဗဟိဒ္ဓတရား, သင်္ခတတရား,ထို့ပြင် အသင်္ခတတရားတို့သည် ဖြစ်သင့်သည်အားလျော်စွာ ပညတ်,နာမ်,ရုပ်တို့၏အစွမ်းဖြင့် သုံးပါးအပြား ရှိသည် ဖြစ်၍ တည်ကုန်၏၊ အလုံးစုံသော အကျယ် အားဖြင့် ပဋ္ဌာန်းကျမ်း၌ ပစ္စည်းတို့မည်သည် နှစ်ဆဲ့ လေးမျိုး ရှိကုန်၏။

လိုရင်းအချုပ်သင်္ဂြိုဟ်အဓိပ္ပါယ်ကား–ပဋ္ဌာန်းပစ္စည်း အကျဉ်းအားဖြင့် ပညတ်, နာမ် ရုပ်ဟူ၍ သုံးပါး၊ အကျယ်အားဖြင့် ၂၄-ပစ္စည်းဟု ဆိုလို၏။

ပစ္စည်းကို ကာလဖြင့် ခွဲဝေခြင်း

အာရမ္မဏ, အဓိပတိ, ဥပနိဿယ ဤသုံးပစ္စည်းသည် ကာလသုံးပါးနှင့် ကာလဝိမုတ်။ ကမ္မပစ္စည်းသည် ပစ္စုပ္ပန်,အတိတ်။အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ,ဝိဂတ ဤခြောက်ပစ္စည်းသည် အတိတ်။ ကြွင်းသော တဆဲ့ငါးပစ္စည်း ပစ္စုပ္ပန်။

အဇ္ဈတ္တ ဗဟိဒ္ဓ အခွဲ

အာရမ္မဏ, အဓိပတိ, သဟဇာတ, အညမည, နိဿယ,ဥပနိဿယ, ပုရေဇာတ, အာဟာရ, အတ္ထိ, အဝိဂတ ဤဆယ်ပစ္စည်းသည် အဇ္ဈတ္တ ဗဟိဒ္ဓ။ ကြွင်းသော တဆဲ့လေးပစ္စည်းသည် အဇ္ဈတ္တ။

သင်္ခတ, အသင်္ခတအခွဲ

အာရမ္မဏ, အဓိပတိ, ဥပနိဿယ ဤသုံးပစ္စည်းသည် သင်္ခတာ၊ သင်္ခတ။ ကြွင်းသော နှစ်ဆဲ့တပစ္စည်းသည် သင်္ခတ။

ထိုပညတ်,နာမ်,ရုပ်များတွင် ရုပ်တရားကို ရူပက္ခန္ဓာ, စိတ်စေတသိက်ဟူသော လေးပါးသော နာမ်ခန္ဓာ, နိဗ္ဗာန်–ဤတရား ငါးပါးကို အရူပဟူ၍၎င်း နာမ်ဟူ၍၎င်း ဆိုအပ်၏။

နာမ်ခန္ဓာလေးပါးနှင့် နိဗ္ဗာန်ကို အရူပဟုခေါ်ရသည်မှာ တရံတခါမျှ ရုပ်ဟူသော သဏ္ဌာန်အနက်သို့ မကပ်ရောက်သည့်အတွက် ဖြစ်၏၊ ၎င်းပြင် ယင်းကိုပင် နာမ်ဟုခေါ်ရပြန်သည်မှာ အဓိဝစနဟု ဆိုအပ်သော အမည်၏ အစွမ်းအားဖြင့် နားထောင်သူတို့သည် ယူအပ်သော အဖြစ်သို့ ရောလေသောကြောင့် ဖြစ်၏။

ပညတ်ဝေဖန်ကော်း

နာမ်တရား ရုပ်တရားမှ ကြွင်းသော ပညတ်သည် အပြားအားဖြင့် သိစေအပ်သော ကြောင့် ပညတ်ဟု ခေါ်ဆိုသော အတ္ထပညတ် တမျိုး, အပြား အားဖြင့် အတ္ထပညတ် ကို သိစေတတ်သောသောကြောင့် ပညတ်ဟု ဆိုအပ်သော သဒ္ဒပညတ်တမျိုး ဟူ၍ နှစ်မျိုးရှိ၏။

ပညာပိယတ္တာပညတ္တိ ဟူသော စကားရပ်ဖြင့် သဒ္ဒပညတ်ကို ပြောသည်၊ ညာပနတော ပညတ္တိ ဟူသော စကားရပ်ဖြင့် အတ္ထပညတ်ကို ပြောသည်။

အတ္ထပညတ်

ဘယ်သို့ဘယ်ပုံနှစ်ပါးပြားသနည်း ထိုထိုဘူတရုပ်တို့၏ အခိုက်အတန့်၏ အစွမ်းဖြင့် ပြောင်းလွဲ ဖြစ်ပေါ်မှု ဟူသော အခြင်း အရာကို စွဲ၍ ထိုထို စွဲ၍ ဖြစ်သည့် အလျောက် လူများ အပေါင်းက သမုတ်အပ်သော မြေ, တောင်, သစ်ပင်စသော သဏ္ဌာနပညတ် (ပရမတ္ထဒီပနီ၌ သမူဟ ပညတ်ဟု ဆို၏) သစ်သား စသော အဆောက်အဦ တို့၏ စုဝေး၍ တည်ထောင်သော အခြင်းအရာကို စွဲ၍ အိမ်,ရထား, လှည်းစသော သမူဟ ပညတ် (ပရမတ္ထဒီပနီ၌ သဏ္ဌာနပညတ်) ခန္ဓာငါးပါး အပေါင်းကို စွဲ၍ ယောက်ျား, ပုဂ္ဂိုလ်စသော ဇာတိပညတ် (ဒီပနီ၌ ဥပါဒါပညတ်) လ,နေ, နက္ခတ်တို့၏ မြင့်မိုရ် တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်းစသည်ကို အစွဲပြု၍ အရပ်မျက်နှာ အခါကာလ စသော ကာယပညတ် (လ,နေတို့ထွက်ရာအရပ်ကို အရှေ့၊ ဝင်ရာအရပ်ကိုအနောက်၊ လက်ျာဖြစ်သောအရပ်ကိုတောင်ဘက်၊လက်ဝဲဖြစ်သောအရပ်ကိုမြောက်ဘက်၊နေတက် ရာအခါကို နံနက်၊ နေကျရာအခါကို ညနေဟု ခေါ်၏)။ မဟာဘုတ်ရုပ်တို့၏ အချင်း ချင်း မထိသော အခြင်းအရာကို စွဲ၍ တွင်း, လိုဏ် စသော အာကာသပညတ်၊ ထိုထို ပထဝီကသိုဏ်း စသော ဘုတ်နိမိတ်, ဥဒ္ဓုမာတက စသော ဘုတ်နိမိတ်ကိုရင်း, ပရိကံ စသော ဘာဝနာအထူးကိုရင်း အစွဲပြု၍ဖြစ်သောကသိုဏ်းနိမိတ်စသော နိမိတ်ပညတ်၊ ဤသို့စသည် အပြားရှိသော ပညတ်များကား ပရမတ်အားဖြင့် ထင်ရှားမရှိသော်လည်း (ဝါ) သမုတိပညတ်ပင် ဖြစ်သော်လည်း ထိုထိုဘူတရုပ် စသော ပရမတ္ထတရားတို့၏ သဏ္ဌာန, သမူဟ စသော အရိပ်အရောင်ဖြင့် စိတ်စေတသိက် တရားတို့၏ အာရုံဖြစ် သော ပရမတ္ထ တရားတို့၏ ဖြစ်ပုံအထူးကို စွဲယူထောက်ရှု အကြောင်းပြုကာ ထိုထိုသို့ သော အပြားအားဖြင့် ကြံဖန်လျက် ထားအပ်၏၊ အမည်မှည့်အပ်၏၊ ခေါ်လည်းခေါ် ဝေါ်အပ်၏၊ ပညတ်လည်း ပညတ်အပ်၏၊ ထို့ကြောင့်ပညတ်ဟု ဆိုအပ်၏၊ဤပညတ် သည်ကား အပြားအားဖြင့် သိစေအပ်သည်ဖြစ်သောကြောင့် အတ္ထပညတ်မည်၏။

အတ္ထပညတ်သည် (၁) သဏ္ဌာနပညတ် (၂) သမူဟပညတ် (၃) ဇာတိပညတ် (၄) ဒိသာပညတ် (၅) ကာလပညတ် (၆) အာကာ သပညတ် (၇) နိမိတ္တပညတ်စသည်ဖြင့်အများအပြားရှိရာ မြေ,တောင် သစ်ပင် စသည်ကား သဏ္ဌာနပညတ်၊ အိမ်, လှည်း, ရထား, ရွာ,အိုး,

ပုဆိုးစသည်ကား သမူဟပညတ်၊ မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါ, နွား, ကျွဲ, ဆင်, မြင်း စသည်ကား ဇာတိပညတ်၊ နေလနက္ခတ်တာရာ တို့ အသွားအလာကိုထောက်ထား၍ အရှေ့, အနောက်, တောင်, မြောက် စသော အရပ်၊ နံနက်, ညနေ စသည်ကား ကာလပညတ်၊ လ, ဥတု စသည်ကား မာသာဒိပညတ်၊ ဂူလိုဏ် စသည်ကား အာကာသပညတ်၊ ယောဂီတို့၏ ဉာဏ်အားထင်လာသော ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် စသည်ကား နိမိတ္တပညတ်မည်၏။

ဝေမာဒိ ပဘေဒါ–၌ အာဒိ သဒ္ဒါ၏ အရ ကသိဏုဂ္ဃါဋိမ ာကာသ ပညတ်, နိရောဓသမာပတ် ပညတ်စသည်ကိုယူ၊ ထိုပညတ်များသည် ထင်ရှားမရှိ၊ သို့ပေမယ်လို့ ပရမတ္ထတရားများ၏ အထုအရောင်အခြင်း အရာအားဖြင့် စိတ္တုပ္ပါဒ်များ၏ အာရုံဖြစ်၏။

သဒ္ဒပညတ်

အပြားအားဖြင့် သိစေတတ်သော ပညတ်ခေါ်သည့် သဒ္ဒပညတ်ကို နာမ, နာမကမ္မ နာမဓေယျ, နိရုတ္တိ, ဗျဉ္ဇန, အဘိလာပအမည်ဖြင့် ပြအပ်၏၊ ထိုသဒ္ဒပညတ်သည် (၁) ဝိဇ္ဇမာနပညတ် (၂) အဝိဇ္ဇမာနပညတ် (၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (၄) အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ် (၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် (၆) အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်ဟု ခြောက်မျိုးရှိ၏။

နာမ=အနက်ကို ညွတ်၍ ဖြစ်သည်ကား သို့မဟုတ် မိမိသို့အနက်ကို ညွတ်စေသည်ကား နာမ။ တနည်း နာခံသူတို့၏ဉာဏ်ကို ထိုထိုအနက်သို့ ညွတ်စေမှုကား နာမ။

နာမကမ္မ=အမည်မှည့်မှုကား နာမကမ္မ။

နာမဓေယျ=အမည်ထားမှုကား နာမဓေယျ။

နိရုတ္တိ=ထုတ်ဖော်၍ ခေါ်ဝေါ်မှုကား နိရုတ္တိ။

ဗျဉ္ဇန=ပုဒ်ဝါကျကား ဗျဉ္ဇန။

အဘိလာပ=ထင်ရှားအောင် ပြောကြားမှုကား အဘိလာပမည်၏။

ထိုသဒ္ဒပညတ်သည်–ဝိဇ္ဇမာနပညတ်စသောအားဖြင့် ခြောက်မျိုး ရှိရာ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော အနက်တို့၌ ဖြစ်သောပညတ် သည် ဝိဇ္ဇမာနပညတ်၊ ရုပ်ဝေဒနာစသည်ပင်တည်း။ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော အနက်တို့၌ ဖြစ်သော ပညတ်သည် အဝိဇ္ဇမာန ပညတ်၊ မြေ, တောင်စသည်။ ပရမတ္ထ အားဖြင့် ရှိတဖက် မရှိတဖက်

ဖြစ်သောပညတ်သည် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ ဆဠဘိညော စသည်တည်း။ ဤ၌ အဘိညာ ခြောက်ပါးရှိသော ပုဂ္ဂိုလ်ဟု မြန်မာပြန်ဆိုရာ အဘိညာခြောက်ပါးကား ပရမတ်,ပုဂ္ဂိုလ်ကားပညတ်။ ပရမတ္ထအားဖြင့် မရှိတဖက် ရှိတဖက် ဖြစ်သော ပညတ်သည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ ဣတ္ထိသဒ္ဒေါ စသည်တည်း။ ဣတ္ထိကားပညတ်၊ သဒ္ဒေါကား ပရမတ်။ ပရမတ္ထအားဖြင့် နှစ်ဖက်ရှိသော ပညတ်သည် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ စက္ခုဝိညာဏံ–စသည်တည်း၊ စက္ခုလည်း ပရမတ်၊ ဝိညာဏ်လည်း ပရမတ်၊ ပရမတ္ထအားဖြင့် နှစ်ဖက်စလုံး မရှိသော ပညတ်သည် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ ရာဇပုတ္တော စသည်တည်း၊ မင်းလည်း ပညတ်၊ သားလည်း ပညတ်။

ထိုသဒ္ဒ ပညတ် ခြောက်ပါးတွင် အကြင် အခါ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ရုပ်ဝေဒနာ စသည်ကို ထိုရုပ်ဝေဒနာစသည်ဖြင့် ပညတ်ကုန်၏၊ ထိုအခါ ဤပညတ်ကို ဝိဇ္ဇမာနပညတ်၊ အကြင်အခါ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေကြီး, တောင် စသည်ကို ထိုမြေကြီးတောင် စသည်ဖြင့် ပညတ်ကုန်၏၊ ထိုအခါ ဤပညတ်ကို အဝိဇ္ဇမာနပညတ် ဟူ၍ ဆိုအပ်၏။ ပညတ်, ပရမတ် နှစ်မျိုးကို ပေါင်းစပ် တွဲယှဉ်သည်၏ အစွမ်းဖြင့်ကြွင်းသော ပညတ်တို့ကို အစဉ်အတိုင်း ဆဠဘိညော, ဣတ္ထိသဒ္ဒေါ, စက္ခုဝိညာဏံ,ရာဇပုတ္တောဟူ၍လည်း သိအပ်၏။ (အထက်ကပြခဲ့သည်နှင့်စပ်၍ကြည့်)။

ယခုအခါ ဝါစကသဒ္ဒါဟူသော နာမပညတ်၏မုချအနက်ကို ပြပြီး၍ နိဂုံး အုပ်လို ရကား ဝစီ ဃောသာ နုသာရေန–စသော စကား ရပ်ကို မိန့်ဆိုတော်မူ၏။

မြေကြီး, တောင်, ရုပ်, ဝေဒနာ စသော နှုတ်ထွက်သံကို အစဉ် လျောက်တုံ အာရုံပြုသဖြင့်ဖြစ်သော သောတဝိညာဏဝီထိဖြစ်သည်မှ အခြားမဲ့ဖြစ်သော မနောဒွါရဝီထိ၏ အာရုံ ဖြစ်သော ထိုနာမဂ္ဂဟဏဝီထိမှ နောက်၌ ယင်းသမ္မုတိနှင့် ပရမတ်လျှင် အရာရှိသော နာမပညတ်ကို အစဉ်လျောက်သဖြင့် သမ္မုတိ, ပရမတ္ထအားဖြင့် ပြားသော အနက်တို့ကို သိအပ်ကုန်၏၊ ထိုနာမပညတ်ကို ပညတ်ဟူ၍ သိအပ်၏၊ လောက အသုံး အစွဲ အပြောဖြင့် ပြီး၏။

သောတဝိညာဏ ဝီထိယာ–ဟူရာ၌ တဒနုဝတ္တက မနောဒွါရဝီထိကိုပါ သိမ်းယူလေ။

သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယ စေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။

အောင်မင်္ဂလာ ၄–၆၆

သဒ္ဒါရုံကို ရှေးဦးစွာသော သောတဝိညာဏ ဝီထိစိတ်ဖြင့် သိ၏၊ သောတဝိညာဏဝီထိ ဖြစ်ပြီးနောက် ထိုအသံ သဒ္ဒါရုံသည် အတိတ် ဖြစ်သွား လေပြီ၊ ထိုအတိတ် သဒ္ဒါရုံကို ဒုတိယစိတ်ဟု ဆိုအပ်သော တဒနုဝတ္တက မနောဒွါရဝီထိဖြင့်သိ၏၊ထို့နောက်အမည်နာမကို တတိယ စိတ်ဟူသော အတ္ထဂ္ဂဟဏ ဝီထိဖြင့် သိ၏။ သာရတ္ထဒီပနီမှာ အက္ခရာ လုံးရေလိုက်၍ ပဋိပွန် သောတ ဝိညာဏ ဝီထိ, အတိတ်ဖြစ်သော ထိုအက္ခရာလုံးရေအလိုက် တဒနုဝတ္တက မနောဝိညာဏဝီထိဖြစ်၏ဟု ဆို၏။ ဖုဿ ဆိုပါတော့-ဖု,ဿ-ဟု သဒ္ဒါနှစ်ခုရှိရာ ဖုဒ်-ဟူသော သဒ္ဒါ တခုကို အကြောင်းပြု၍ သောတဒွါရဝီထိ,တဒနုဝတ္တက မနောဒွါရဝီထိ ၏အစွမ်းဖြင့် ဖောဝါရနှစ်ခု၊ ဿ-ကို အကြောင်းပြု၍ ထို့အတူ ဖောဝါရ နှစ်ခု၊ ထို့နောက် အက္ခရာအစဉ်ဟူသော ဖုဿဟူသောအမည်ကိုသိသော ငါးခုမြောက် မနောဒွါရဝီထိ၊ ထို့နောက် အနက် အဓိပ္ပါယ်ကို သိသော ခြောက်ခုမြောက် မနောဒွါရ ဖောဝါရဝီထိဖြစ်၏၊ ဤသို့အားဖြင့် ဖုဿ ဟူသော အက္ခရာနှစ်လုံးရှိသော ပုဒ်ကို နားထောင်သူမှာ ခြောက်ဝီထိ ဖြစ်လေသည်။ ဤနည်းကို နမူနာယူ၍ အက္ခရာ အနည်းအများရှိသော ပုဒ်အလိုက် ဝီထိအရေအတွက်ကို သိပါလေ။

ရူပါရုံ,ဂန္ဓာရုံ စသည်တို့၌ကား ရှေးဦးစွာ ဝိညာဏဝီထိ၊ထို့နောက် တဒနုဝတ္တက မနောဒွါရ ဝီထိ၊ ထို့နောက် နာမ ပညတ်ကို သိသော တတိယမြောက် မနောဒွါရဝီထိ၊ထို့နောက် အနက်အဓိပ္ပါယ်ကိုသိသော စတုတ္ထမနောဒွါရဝီထိဖြစ်၏၊ဤသို့လျှင် ရူပါရုံစသည်တို့မှာ လေးဝီထိ။ ဆရာတို့ကား-မနောဒွါရ နောက်နှစ်ဝီထိတွင် ပဌမကို အတ္ထဗောဓက (အနက်အဓိပ္ပါယ်ကိုသိသော) မနောဒွါရဝီထိ, ဒုတိယကို နာမဉာပက (အမည်ကို သိသော) မနောဒွါရဝီထိဟု ဆိုကုန်၏၊ မဏိမဉ္ဇူသာ၌- တဒနုဝတ္တကဝီထိနောင် ဝိနိစ္ဆယဝီထိ, ဝိညတ္တိဂ္ဂဟဏဝီထိတို့ကိုလည်း ဆို၏။

ဤသို့သော အရာဌာနမျိုးမှာ ကျမ်းစာများ၌ ဖောဝီထိ ဝါရတို့၏ အစဉ်ကို ဆိုရခြင်းမည်သည် ပြဓာန်းသော အချက်, ထင်ရှားသော အချက်ကို ယူသည့်၏ အစွမ်းဖြင့် ဖြစ်၏၊ လက်ဖျစ်တတွက် ကာလမှာ ကုဋေတသိန်း မကသော စိတ်တို့ ဖြစ်သည်ဟု အဋ္ဌတထာမှာ ဆိုသော

စကားနှင့် ဇကေ မဟွတ္တာ ဘဝေ ရသော စသည်ဖြင့် သဒ္ဒါ ဆရာများ မိန့်ဆိုသောစကားကို ထောက်ထား၍ ရဿ တလုံး ဖြစ်ပေါ်မှုပင်လျှင် စိတ်ပေါင်း ကုဋေတသိန်းမက ဖြစ်ရ၏။ ဒီဃ ဖြစ်ဘို့ရန် စိတ်ပေါင်း ကုဋေနှစ်သိန်းကျော်မျှ ဖြစ်ရ၏။ အနက်အဓိပ္ပါယ်တခု ရရှိလေအောင် အက္ခရာတလုံးမှစ၍ လုံးရေပေါင်း မြောက်မြားစွာ ပါဝင်ရလေသည်။ သို့ဖြစ်၍ ဤ၍ ဤမျှ ဝီထိစိတ် ဖြစ်သည်ဟု အစဉ်ချ၍ ပြနေခြင်းကို စာရှုသူတို့စိတ်တွင် များပြားလွန်းသည်ဟု မထင်စကောင်းသည်သာတည်း။ ပရမတ္ထသဒ္ဒါ အဆက်ပေါင်း တသိန်းသော်မှလည်း အက္ခရာ တလုံး ဖြစ်ဘို့ရန် မလောက်သေးကြောင်း သိကြရာသည်။

ပဌ္ဌာန်းပိုင်း ပြီး၏။

ပဌ္ဌာန်းပိုင်း လေ့ကျင့်ခန်း (၂)

၁။ သဟဇာတပစ္စည်းသည် အဘယ်သို့လျှင် တကွဖြစ်၍ ကျေးဇူးပြုပါသနည်း၊ ဥပနိဿယ၏ အဓိပ္ပါယ်နှင့် သရုပ်ကိုလည်း ပုံစံထုတ်၍ ရှင်းခဲ့ပါ။

၂။ လင်းတငယ်တို့ အစာမစားဘဲ ခွန်အားတိုးလျက် အသက်ရှင်နေခြင်းသည် အဘယ်အကြောင်း အထောက်အပံ့ကြောင့်ပါနည်း၊ ရှင်းပြီးလျှင် အာဝဇ္ဇန်း ဒွေးကို အာသေဝနပစ္စည်းမှာ ပယ်ရပုံကို သိသာရုံ ဖြေခဲ့ပါ။

၃။ နာနာက္ခဏိကကမ္မ၏ သဘောကို အကျဉ်းရေးပြီးလျှင် အိပ်ရာမှနိုးသူသည် အိပ်ပျော်နေစဉ် အဖြစ် အပျက်တို့ အဘယ်ကြောင့် မသိနိုင်ကြောင်းကို ဖြေကြားပါ။

၄။ ဇာန္ဒြိယပစ္စည်း၌ ဘာဝရုပ်နှစ်ခုကို မယူရခြင်းကို ရှင်းပြီးလျှင် မဂ္ဂပစ္စည်း၏ သဘောသွားကို ထင်ရှားစေခဲ့ပါ,

၅။ နတ္ထိနှင့် ဝိဂတ နှစ်ပစ္စည်းတို့သည် မရှိ+မယှဉ် ဖြစ်ပါလျက် အဘယ်သို့ ကျေးဇူးပြုနိုင်ပါမည်နည်း။

၆။ ဆဠာ နာမန္တ၊ နာမဿ-၌ ဆဠာ-နာမံ-နာမ တို့၏ အရကို တိကျစွာဖော်ပြ ပြီးလျှင် အာသေဝန ပစ္စည်းသည် ဇာတ် ကွဲပြားသော တရားအား ကျေးဇူး မပြုနိုင်ပုံကို ဖော်ပြပါ။

၇။ ကမ္မပစ္စည်းလာစေတနာတရားသည် ချုပ်ပျောက်၍သွားသော် အကျိုးပေးနိုင် မပေးနိုင်ဟူသော နှစ်ဝါဒကို ဝိနိစ္ဆယချ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ နာမ်သည်-ရုပ်အား ရုပ်သည်-နာမ်အား သဘောကွဲပြားပါလျက် ပစ္စည်းတရားအဖြစ်ဖြင့် အဘယ်တို့ ကျေးဇူးပြုနိုင်ပါသနည်း။

၉။ ရာဂါဒယော ပန မဗ္မာ သဒ္ဓါဒယောစ-ဟူသောပါဠိ၌ အာဒိသဒ္ဒါဖြင့် ယူသင့်သော တရားတို့ကို အကျဉ်းအားဖြင့် ပြပါ။

၁၀။ နာမ်သည်-နာမ်ရုပ်အားအဘယ်ပစ္စယသတ္တိများဖြင့် ကျေးဇူးပြုနိုင်ပါသနည်း၊ ကျေးဇူးပြုနိုင်သော ပစ္စည်းတို့၏ ကျေးဇူးပြုရာဌာနများကို သင်္ချာမျှ ပြခဲ့ပါ။

၁၁။ ကဗဠီကာရာဟာရ၏ အဓိပ္ပါယ်ကို အကျယ်ရှင်းပြီးလျှင် အောက်ပါပုဂ္ဂိုလ်တို့၏ အာဟာရကင်းလျက် အသက်ရှည်ရခြင်းကို ရှင်းလင်းခဲ့ပါ။

မဟာဗြဟ္မာ။ တုသိတာနတ်။ အဝီစိငရဲသား။

၁၂။ နိဗ္ဗာန်သည် ထင်ရှားရှိပါလျက် အဘယ့်ကြောင့် အတ္ထိ+အဝိဂတ ပစ္စည်း မတပ်ပါသနည်း။

၁၃။ ၂၄-ပစ္စည်းကိုအကျဉ်းချုံးသော်အဘယ်နှစ်ပါးရှိသနည်း၊အကြောင်းပြ၍ဖြေပါ။

၁၄။ သဟဇာတံ ရူပနိ္တပနေတ္ထ ။ပ။ ဟောတိတိ-၌ သဟဇာတအရ ပစ္စတ္ထိ+ပဋ္ဌိသန္ဓေ နှစ်ထွေခွဲ၍ ကောက်ယူရခြင်းကို ပြဆိုပြီးလျှင် ဗီဇနိယာမ + ယောနိနိယာမ နှစ်ပါးတို့၏ သဘောသွားကို ထင်ရှားအောင် ပြဆိုပါ။

၁၅။ အဘယ်ဝိထိဖြင့် အဘယ်ပညတ်ကို သိသည်ဟု သာဓကထောက်ဆ,ဝိထိစဉ်ပါချပြီးလျှင်အောက်ပါတို့၌သက်ဆိုင်ရာ ပညတ်အမည်များကို ညွှန်ကြားခဲ့ပါ။

လူထုအောင်သံ။ ဗိုလ်ချုပ်ကတော်။ ဝိညာဉ်မေတ္တာ။
ဝဏ္ဏကျော်ထင်။ တောင်ဝင်ရိုးစွန်း။ အဏ္ဏမြူမှုံ။

၁၆။ အောက်ပါတို့၏ အဓိပ္ပါယ်ကို ရေးပါ။

နာမ။ နာမကမ္မ။ နာမဓေယျ။ နိရုတ္တိ။ အဘိလာပ။

ကမ္မဋ္ဌာန်းပိုင်းအဖွင့်

ပစ္စည်းပိုင်းကိုပြပြီးသည်မှ နောက်၌ သမထဝိပဿနာ ဟူကုန်သော ဘာဝနာတို့၏ နှစ်ပါးအပြားရှိသော ကမ္မဋ္ဌာန်းကိုအစဉ်အတိုင်းပြဆိုပါတော့အံ့။

သမထ။ ။သမေတီတိ သမထော=ကိလေသာ သို့မဟုတ် ကာမဝိတက် စသော ရုန့်ရင်းသော တရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထမည်၏။ကိလေသာ သို့မဟုတ် ကာမဝိတက်စသည့်ကို ငြိမ်းစေသော အခြင်းအရာအားဖြင့် ဖြစ်သော ဧကဂ္ဂတာစေတသိကကို သမထဟု ဆိုအပ်၏။

ဝိပဿနာ။ ။ဝိသေသေနပဿန္တီ ဧတာယာတိဝိပဿနာ=အနိစ္စ, ဒုက္ခ,အနတ္တဟူသော အခြင်းအရာထူးဖြင့်ရှုကြောင်း ဖြစ်သောကြောင့် ဝိပဿနာမည်၏။ အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် ထပ်တလဲလဲရှုသော ဘာဝနာပညာကို ဝိပဿနာဟုဆိုအပ်၏။ ယောဂီပုဂ္ဂိုလ် တို့သည် ထိုဝိပဿနာ ပညာဖြင့် ခန္ဓာ ငါးပါးမှာ မရှုသော လောကီ လူထုကြီးမြင်နေသည့် မိန်းမ,ယောကျ်ား စသော အမြင်မျိုး, သုခဟု ထင်နေသော အထင်မျိုးကို လွန်မြောက်၍ ထိုအမြင်မျိုးထက် ထူးကဲသော အားဖြင့် အနိစ္စစသည်ကိုသာ မြင်ကြကုန်၏။

ဘာဝနာ။ ။ဘာဝေတဗ္ဗာတိ ဘာဝနာ၊ဘာဝေန္တိ ဝိတ္တံ သန္တာနံ ဧတာယာတိ ဝါ ဘာဝနာ=ပွါးစေအပ်၊ သို့မဟုတ် စိတ်အစဉ်ကို ပွါးစေကြောင်းသည် ဘာဝနာမည်၏။

ကမ္မဋ္ဌာန်း။ ။ကိရိယာကမ္မံ၊ တိဋ္ဌတိ ဧတ္ထာတိဌာနံ၊ ကမ္မဿ ဌာနန္တိ ကမ္မဋ္ဌာနံ=ပြုလုပ်မှုသည် ကမ္မမည်၏၊တည်ရာသည် ဌာနမည်၏၊ ကြိုးပမ်းပြုလုပ်ခြင်းဟူသော အားထုတ်မှု၏ ဖြစ်ရာတည်ရာသည် ကမ္မဋ္ဌာန်းမည်၏၊ ကသိုဏ်းဝန်းစသည်နှင့် ကသိုဏ်းပွါးများမှု ဘာဝနာစသည်ကို ကမ္မဋ္ဌာန်းဟု ခေါ်၏။ ကျည်းအားဖြင့် ကြိုးပမ်း အားထုတ်မှုသည် ချမ်းသာ အထူးတို့၏ တည်ရာ ဖြစ်သော အနက်သဘောအားဖြင့် ဌာနမည်၍ ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရလေသည်။

ကမ္မဋ္ဌာန်းနှစ်မျိုးတွင် သမထဖြင့် ရေတွက်အပ်သော ကမ္မဋ္ဌာန်း၌ (၁) ကသိုဏ်း ၁၀-ပါး(၂)အသုဘ ၁၀-ပါး(၃)အနုဿတိ ၁၀-ပါး (၄)အပ္ပမညာ ၄-ပါး (၅)သညာ ၁-ပါး (၆)ဝဝတ္ထာန် ၁-ပါး (၇) အာရုပ္ပ ၄-ပါး ဟူ၍ ခုနစ်ဌာန အားဖြင့် သမထကမ္မဋ္ဌာန်းကို ရေတွက်အပ်လေသည်။

ထိုတွင် ဆယ်ပါးသော ကသိုဏ်းဝန်းနှင့်ကသိုဏ်းဈာန်ကို ကသိုဏ်း ဟု ခေါ်၏။ထိုနှစ်မျိုးစလုံးသည်ပင် ရှေးဦးစွာ အားထုတ်မှု ဆက်လက် အားထုတ်မှု ဟူသော သမထ အလုပ်၏ ဖြစ်သောကြောင့် သမထ ကမ္မဋ္ဌာန်းမည်၏။ အသုဘ ဆယ်ပါးနှင့် အသုဘဈာန်တို့သည်လည်း အသုဘ မည်ကုန်၏။ဗုဒ္ဓါနုဿတိ စသော ဆယ်ပါးသော အနုဿတိဌာနနှင့်အောက် မေ့သော သတိတို့သည် အနုဿတိ မည်၏။ မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရတရား လေးပါးသည် အပ္ပမညာမည်၏။ အာဟာရ၌ စက်ဆုပ် ရွံရှာဖွယ်ဟု အမှတ် ပြုသော သညာသည် အာဟာရပဋိကူလသညာ မည်၏။ ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဓာတ်ကြီး လေးပါးတို့ကို ပိုင်းခြားမှတ်သား ခြင်းသည် ဓာတုဝဝတ္ထာန် မည်၏။ အာကာသာနဉ္စာယတန စသော လေးပါး တို့သည် အာရုပ္ပ မည်၏။

စရိုက် ၆-ပါး အဖွင့်

စရိုက်သည် (၁)ရာဂစရိုက် (၂) ဒေါသ စရိုက်(၃) မောဟစရိုက် (၄)သဒ္ဓါ စရိုက် (၅)ဗုဒ္ဓိစရိုက် (၆)ဝိတက်စရိုက် ဟူ၍ ခြောက်ပါးအပြားရှိ၏။

စရိုက်။ ။စရဏံ စရိယာ=ပုဂ္ဂိုလ်တဦးတယောက်မှာ အဖြစ်များသော အလေ့တခုသည် ရှိတတ်၏၊ ထိုအဖြစ်များသော အလေ့ကို စရိုက်ဟုခေါ်၏။ ရာဂစရိယာ=ရာဂအဖြစ်များမှုကို ရာဂ စရိုက်,ဒေါသစရိုက်စသည်တို့ကိုလည်း နည်းတူသိပါ။ စရိုက်ယှက်ပုံကို ဝိဘာဝိနီဋီကာ၌ ပြဆို၏၊ ကမ္မဋ္ဌာန်းတို့မည်သည် ပုဂ္ဂိုလ်တဦး ပြည်းမှာ စရိုက်နှစ်မျိုးသုံးမျိုးရောယှက် ပါဝင်နေစေကာမူ နှစ်မျိုး သုံးမျိုး ကမ္မဋ္ဌာန်းပေးရိုးမရှိ၊ ထို့ကြောင့် စရိုက်ရောယှက်ပုံကို အဋ္ဌကထာဆရာ ဂရုိက်တော်မမူဟု ပရမတ္ထဒီပနီမှာ မိန့်ဆို၏။

ဘာဝနာအဖွင့်

ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာဟု ဘာဝနာသုံးပါ။

ထိုတွင် အပ္ပနာ၏ရှေးအဘို့၌ ဖြစ်သော အလုံးစုံသောကာမာဝစရ ဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။ ထိုပရိကမ္မ ဘာဝနာသည်

အပ္ပနာ၏အနီး အဝေးဖြစ်သော ဘာဝနာဟု နှစ်မျိုးရှိရာ အနီးဘာဝနာကို ကပ်၍ (ဝါ) အပ္ပနာ၏အနီးမှာ တည်၍ဖြစ်တတ်သောကြောင့် ဥပစာရ ဘာဝနာဟု ခေါ်၏။ ဥပစာရဘာဝနာမှ တပါးသော အဝေးဖြစ်သော ဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။ အပ္ပနာ၏အနီးအဝေး ဖြစ်သော ဘာဝနာနှစ်ခုစလုံးသည်ပင် ပရိကမ္မဘာဝနာဖြစ်သော်လည်း ရှေးပိုင်း နောက်ပိုင်းအားဖြင့် ထူးခြားမှု ထင်ရှားဖြစ်စေခြင်းငှါ အဋ္ဌကထာတို့၌ အမည် နှစ်မျိုးဖြင့် ယူအပ် လေသည်။ ထို့ကြောင့် ပရိကမ္မ ဘာဝနာ စသည်ဖြင့် မိန့်ဆို၏။ ထိုဘာဝနာတို့၏ ထူးခြားမှုကို နောက်၌တွေ့ရ လတ့ံ။

ဝိဘာဝိနီ၌—ဘာဝနာ၏ ပြုပြင်မှု ဖြစ်သော (ဝါ) အစအမှု ဖြစ်သော ပုဗ္ဗဘာဂ ဘာဝနာသည်ပရိကမ္မဘာဝနာမည်၏။နီဝရဏကို ခွါသည်မှ စ၍ ဂေါတြဘူ အဆုံးရှိသော ကာမာဝစရ ဘာဝနာသည် ဥပစာရ ဘာဝနာမည်၏။ အဘယ့်ကြောင့်နည်း? အပ္ပနာ၏ အနီး၌ဖြစ်သော ကြောင့်တည်း။မဟဂ္ဂုတ်အဖြစ်သို့ရောက်သော ဘာဝနာသည် အပ္ပနာ ဟူသော ဝိတက်အမှူးရှိသောကြောင့်အပ္ပနာဘာဝနာမည်၏။ သမ္ပယုတ် တရားတို့ကို အာရုံသို့ တင်သကဲ့သို့ ဖြစ်သောဝိတက်ကို အပ္ပနာမည်၏ ဟု ဆို၏။ ဝိတက်အမှူးရှိသည့်၏အစွမ်းဖြင့် မဟဂ္ဂုတ် လောကုတ္တရာ ဈာန်အားလုံးတို့ကို အပ္ပနာဆိုအပ်လေသည်ဟု ပြ၏။

နိမိတ်အဖွင့်

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူ၍ သုံးပါး။

ထိုတွင်-ပရိကမ္မသ နိမိတ္တံ ပရိကမ္မနိမိတ္တံ=ပရိကမ္မဘာဝနာ၏အာရုံ ဖြစ်သော ကသိုဏ်းဝန်းစသည်သည် ပရိကမ္မနိမိတ်မည်၏။ ထိုပရိကမ္မ နိမိတ်ခေါ်ကသိုဏ်းစသည်သည်ပင်မျက်စိဖြင့် မြင်နေရသလို စိတ်ဖြင့် ယူတတ်သော ယောဂီ၏ အာရုံဖြစ်သောကြောင့် ဥဂ္ဂဟနိမိတ် မည်၏။ ထိုဥဂ္ဂဟနိမိတ်ဖြစ်သော အညစ်သော အဆင်း ခြေရာ လက်ရာစသော ကသိုဏ်းအပြစ်မှ ကင်းသော နိမိတ်သည် ဥပစာရဇော, အပ္ပနာဇော တို့၏ အာရုံနိမိတ်ဖြစ်သောကြောင့် ပဋိဘာဂ နိမိတ်မည်၏၊ ပဋိဘာဂ= ဥဂ္ဂဟနိမိတ်နှင့်တူသော အတိုရှိသော+နိမိတ္တ=မြေကို ပြုပြင်မှု ပြုစဉ်က ခြေရာ လက်ရာ ထင်ခြင်း စသည် နှင့် အညိုရောင် ထင်ခြင်း စသော

ကသိုဏ်း၏အပြစ်ဒေါသကင်းသော ဥပစာရဘာဝနာ,အပ္ပနာဘာဝနာတို့၏ အာရုံဖြစ်သော နိမိတ်၊ ပဋိဘာဂနိမိတ္တ=ဥဂ္ဂဟ နိမိတ်နှင့် တူသော ကသိုဏ်း၏အပြစ် ဒေါသကင်းသောနိမိတ်။

ရှင်းချက်။ ။ကသိုဏ်း စီးဖြန်းမည့် ယောဂီ၏ ရှေးဦးစွာ စီမံရသော ကသိုဏ်းကွက်ဝန်းစသည်သည် ပရိကမ္မနိမိတ်မည်၏။ထိုကသိုဏ်းကို မျက်စိဖြင့် ရှုဖန်များသောအခါ ကသိုဏ်းဝန်းသည် မျက်စိဖြင့် မြင်ရသလို စိတ်ဂါထင်နေသည်၊ ထိုစိတ်ထင်နေသော ကသိုဏ်းဝန်းသည် ဥဂ္ဂဟနိမိတ်, စိတ်မှာ ထင်နေသော ဥဂ္ဂဟနိမိတ်သည် ကသိုဏ်းကွက်ကိုပြုပြင်စဉ်က ထင်နေသော လက်ရာခြေရာများနှင့် တချို့နေရာများ၌ မူလမြေမှ အနိုးပြန်ကာ အညိုကွက်ကလေးများ ထင်တတ်သဖြင့် စိတ်ဖြင့် ကသိုဏ်းကွက်မှာ အပြစ်ကလေးများ စွန်းညိလျက် ပါရှိ၏၊သို့ရာတွင် ပဋိဘာဂနိမိတ်အနေသို့ ရောက်သောအခါ အဆိုပါ ကသိုဏ်းအပြစ်ကလေးများ လုံးဝမရှိတော့ဘဲ သန့်သန့်ရှင်းရှင်း တပြင်တည်းအနေဖြင့် ထင်တော့၏။ ယိုသို့ထင်မြင်သော ကသိုဏ်းဝန်းကို ပဋိဘာဂနိမိတ်ဟု ခေါ်၏။

ကသိုဏ်း ၁၀-ပါး အဖွင့်

ကသိုဏ်းသည် ပထဝီ,အာပေါ်,တေဇော, ဝါယော, နီလ, ပီတ,လောဟိတ, ဩဒါတ,အာကာသ,အာလောက ကသိုဏ်းဟု ၁၀-မျိုးရှိ၏။ ထိုတွင် ပထဝီ, အာပေါ်, တေဇော, ဝါယော ဤလေးပါးကို ဘူတ(ဘုတ်) ကသိုဏ်း,နီလ, ပီတ, လောဟိတ, ဩဒါတ ဤလေးပါးကို ဝဏ္ဏကသိုဏ်း၊ ပရိစ္ဆိန္နာကာသကို အာကာသကသိုဏ်း,လစသည်တို့၏အလင်းရောင်ကို အာလောက ကသိုဏ်းဟု မှတ်အပ်၏။

ပထဝီယေဝ+ကသိဏံ=ပထဝီကသိဏံ=မြေသည်သာလျှင် တစိတ်တဒေသမှာ မတည်မူ၍ အဆုံးမရှိသောအနက်ကို ဖြန့်အပ်သည် အဖြစ်ဖြင့် အလုံးစုံဟူသော အနက်သဘောကြောင့် ပထဝီမည်၍ ပထဝီကသိုဏ်းဟု ဆိုအပ်လေသည်။ ပထဝီကသိဏ၏အရကား ပထဝီကသိုဏ်းဝန်းရ၏။ ပထဝီကသိုဏ်းဝန်းဟူသော ပဋိဘာဂ နိမိတ်ကို သဒိသူပစာအားဖြင့် ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်လျှင် အာရုံရှိသောဈာန်ကို ဌာနူပစာ ပရမ္ပရူပစာ၏ အစွမ်းဖြင့် ပထဝီကသိုဏ်းဟု ဆိုအပ်၏။

ရှင်းချက်။ ။ပထဝီကသိုဏ်းအရာ၌ ပထဝီကသိုဏ်းဝန်းအပြင်သည် ကတ, အကတဟု နှစ်မျိုးရှိရာ ဝိတက်စရိုက်များသူ ဖြစ်က တထွာလက်လေးသစ်, မောဟစရိုက်များဖြစ်က ကောက်နယ်တလင်းမျှ မြေနီဖြင့် ချယ်ထားအပ်သော ကသိုဏ်းဝန်းသည် ကတပထဝီကသိုဏ်းဝန်းမည်၏။ ပကတိမြေအတိုင်းထားအပ်သော ကသိုဏ်း

ဝန်းသည် အကတပထဝီကသိုဏ်းမည်၏၊ ထိုနှစ်မျိုးတွင် ကသိုဏ်းပွါးများမှု၌ အလေ့အလာ မရှိသော ပုဂ္ဂိုလ် ဖြစ်လျှင် ကတပထဝီ ကသိုဏ်းဝန်းကို ရှုလျက် စီးဖြန်း ရ၏၊ ကသိုဏ်း ပွါးများမှု၌ အလေ့အလာ ရှိခဲ့ဘူးသော ပုဂ္ဂိုလ်ဖြစ်လျှင် မြေနီမချယ်ဘဲ ထွက်ရာရာ ဌာန၌ရင်း,ကောက်နယ်တလင်း၌ရင်း နိမိတ်ဖြစ်၏၊ ကသိဏာသဒ္ဒါသည် အလုံးစုံဟူသော အနက်ကိုဟော၏၊ထိုကြောင့် အကြွင်းမဲ့လောက် အဝန်းရှိသောမြေမှာ နိမိတ်ယူ၏၊ ထိုမျှလောက် မြေကို စိတ်ဖြင့် အကြွင်း အကျန် မထားဘဲ ပျံ့နှံ့ စေ၍ နိမိတ်ကို ယူအပ်၏၊ ထိုမြေ၌ တစိတ် တဒေသမှာ တည်၍ နိမိတ်ကို မယူအပ်ပေ။

ပရမတ္ထဒီပနီ၌--အဆင်းအားဖြင့် မထင်ရှားသော မြေမှာ တပြင်တည်း အနေဖြင့် ညီညာစွာတည်သော သဏ္ဌာနပညတ်သည် ဤ ပထဝီကသိဏံ ဟူရာ၌ ပထဝီကသိုဏ်းမည်၏ဟုမိန့်ဆို၏။အာပေါကသိုဏ်း၌လည်း ပထဝီကသိုဏ်းမှာကဲ့သို့ပြုပြင်ထားသော(ကတ)ရေကသိုဏ်း မပြုပြင်ဘဲ ပင်ကိုယ်အတိုင်း တည်နေသော (အကတ) ရေကသိုဏ်းဟု နှစ်မျိုးခွဲခြား။အာပေါကသိုဏ်းမှာ ရှေးကဆုတောင်းခဲ့သော ဘုန်းရှင်ဖြစ်သူမှာ ပင်ကိုယ် ရေဖြစ်သော ရေကန်,တဖက်ဆည်ကန်,ဆားကျင်းရေ, သမုဒ္ဒရာရေတို့၌ စူဠသိဝ မထေရ်ကဲ့သို့ နိမိတ်ဖြစ်၏။

ရှင်းချက်။ ။စူဠသိဝ မထေရ်သည် တိတ်ဆိတ်သော နေရာမှာ နေလို၍ ဆိပ်ကမ်းကြီးတခုမှ လှေစီးလျက် ဇမ္ဗူဒိပ်သို့သွားစဉ် ခရီးကြားမှာ သမုဒ္ဒရာရေကို ရှုလျက် ပဋိဘာဂရေကသိုဏ်း နိမိတ်ဖြစ်၏။ဆုတောင်းမရှိသူမှုကား ကသိုဏ်းအပြစ် လေးပါးကိုပယ်လျက် အညို,အရွှေ,အနီ,အဖြူ အဆင်းရှိသောရေများတွင် အဆင်းတမျိုးမျိုးရှိသောရေကို မယူမူ၍ မြေသို့မရောက်မီ စင်ကြယ်သော အဝတ်နှင့် စစ်ယူရသော မိုးကျရေ(သို့မဟုတ်)ထိုကဲ့သို့ ကြည်လင်သန့်ရှင်းသောရေကို ယူအပ်၏၊ ထိုရေကို ခွက်တခုခု သို့မဟုတ် ရေထည့်ကရားမှာ အပြည့်ထည့် ကမ္မဋ္ဌာန်းဂူ တနေရာ လုံခြုံရာမှာ ထား၍ ချမ်းသာသလို ထိုင်လျက် အဆင်းအရောင်နှင့် လက္ခဏာကို နှလုံးမသွင်းဘဲ ရေပညတ်၌သာ စိတ်ထား၍ ယောဂီစိတ်မှာ ထင်မြင်ဘော အမည်၏အစွမ်းဖြင့် အာပေါ အာပေါဟူ၍ ပွါးများရမည်၊ ပရိယာယ်ဖြစ်သော ဥဒက,အမ္ဗု,ဝါရိ,သလိလ ဟူ၍လည်း ပွါးနိုင်ပါ၏။ မြန်မာလို ရေ-ရေ-ရေ-ဟုလည်း ပွါးများနိုင်၏။

တေဇော ကသိုဏ်း မှာလည်း ကတမီးကသိုဏ်း အကတမီး ကသိုဏ်းဟု နှစ်မျိုးပင်ရှိ၏၊ ထိုတွင် အကတမီးကသိုဏ်းကား ဆုတောင်းရှိခဲ့ဘူးသော ဘုန်းရှင်များသာ စိတ္တဂုတ္တထေရ်ကဲ့သို့ နိမိတ်ဆင်၏။ စိတ္တဂုတ္တထေရ်သည် တရားနာသောနေ့မှာ ဥပုသ်ပြုရာဆိမ်တန်ဆောင်းသို့ဝင်စဉ်ပင် ဆီမီးကို မြင်၍ နိမိတ်ဖြစ်ပေါ်၏။ဆုတောင်းမရှိခဲ့သူ(မလေ့လာသူ)များကား လျောက်ပတ်သော နေရာမှာ အနှစ်

ရှိသော ထင်းကို စုပုံ၍ မီးပြု၊ ဒိုးဖုတ်သလို ဘေးက လိမ်းကျံ၍ ဖျာပုဆိုး တမျိုးမျိုးဖြင့် ကာရံထားပါ၊ ဖျာပုဆိုးတမျိုးမျိုးမှာ တထွာ သို့မဟုတ် လက်လေးသစ် အပေါက်ပေါက်လျက် ယောဂီ၏ရှေ့ကထားပြီး မီးကို တေဇော တေဇောဟု ရှုရာ၏။ **ဝါယောကသိုဏ်း၌** မှုကား- ဒိဋ္ဌ,ဖုဋ္ဌ နှစ်မျိုးရှိရာတွင် တမျိုးမျိုးဖြင့် ရှုလေ၊ တိုးဝှေ့ရာ အရပ်၌ စိတ်ဖြင့် သညာနှံပြု၍ ယူအပ်သော လေလုံးကို ဝါယောကသိုဏ်းဟု ခေါ်၏။ညိုသော အဆင်းဖြင့် အထူးပြုအပ်သော တခုခုသော သညာနှပညတ်သည်နီလကကသိုဏ်းမည်၏။ပီတ,လောဟိတ,ဩဒါတကသိုဏ်းတို့သည်လည်း နည်းတူပင် ဖြစ်၏။ လရောင်, နေရောင်, မီးရောင်ဖြင့် အထူးပြုအပ်သော အချို့အရာမှာသော မြင်အပ်သော သညာနှ ပညတ်သည် အာလောက ကသိုဏ်းမည်၏။နံရံပေါက်,ပြူတင်းပေါက်စသည်တို့၌ မြင်အပ်သော အာကာသဖြင့် အထူးပြုအပ်သော သညာနှပညတ်သည် အာကာသ'ကသိုဏ်း မည်၏။

အသုဘ ၁၀-ပါးအဖွင့်

အသုဘသည်-ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက, ဝိစ္ဆိဒ္ဒက, ဝိက္ခာယိတက, ဝိက္ခိတ္တက,ဟတဝိက္ခိတ္တက,လောဟိတက,ပုဠုဝက,အဋ္ဌိက-ဟု ၁၀-ပါးအပြားရှိ၏။

အလွန် ဖူးဖူးရောင်သည့် ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဥဒ္ဓုမာတက မည်၏။ ဖူးဖူးရောင် ပွ,နေသော သူသေကောင်တည်း။ ထိုသူသေကောင်သည်ပင် ပုပ်,ပွ,သော အဖြစ်သို့ရောက်သော ကာလ၊ ရှေးအဆင်းကိုစွန့်၍ ညိုသော အဆင်းရှိသော အဖြစ်သို့ရောက်လာသော် ဝိနီလက မည်၏၊ ထိုအကောင်ပုပ် သည်ပင် နောက်ထပ် ကျိုက်ကျိုက်ဆူပွက်၍ ထိုထိုအရပ်မှ ပြည်ယိုစီးသော် ဝိပုဗ္ဗကမည်၏။ စစ်ထိုးရာ စစ်မြေပြင် စသည်တို့၌ ဓားလက်နက်ဖြင့်ဖြတ်၍ ထားအပ်သော ရုပ်ဆင်းပျက်နေသော ကိုယ်ကောင်သည် ဝိစ္ဆိဒ္ဒက မည်၏။ အိမ်ခွေး,တောခွေး စသည်တို့သည် အခြင်းအရာ အမျိုးမျိုးဖြင့် ခဲစားအပ်သည်နှင့်ယှဉ်သော ကိုယ်ကောင်သည် ဝိက္ခာယိတက မည်၏။ အိမ်ခွေး,တောခွေး စသည်တို့သည်သာ အပိုင်းအပိုင်းပြု၍ ဆွဲငင်ကာ ထိုထို အရပ်သို့ ပစ်အပ်သော အင်္ဂါကြီးငယ်တို့နှင့် ယှဉ်သော ကိုယ်ကောင်သည် ဝိက္ခိတ္တကမည်၏။ အင်္ဂါကြီးငယ်တို့မှာ ဓားဖြင့်ဖြတ်၍

အပိုင်းအပိုင်းပြုကာ ထိုသိုအရပ်သို့ ပစ်အပ်သော အင်္ဂါကြီးငယ်တို့နှင့် ယှဉ်သော ကိုယ်ကောင်သည် ဟတဝိက္ခိတ္တကမည်၏။ သွေးယိုစီးသော ကိုယ်ကောင်သည် လောဟိတကမည်၏။ ပိုးလောက်တို့ဖြင့် ပြည့်သော ကိုယ်ကောင်သည် ပုဠုဝကမည်၏။ အရိုးအပေါင်းသည် သို့မဟုတ် အရိုးတခုခုသည် အဋ္ဌိကမည်၏။

အနုဿတိ ဆယ်ပါး အဖွင့်

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ,သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ,ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာပါနုဿတိ-ဟူ၍ ၁၀-ပါးရှိ၏။

အရဟံ အစရှိသော ဗုဒ္ဓဂုဏ်တော်ကိုးပါးကို အဖန်ဖန်အောက်မေ့ခြင်းသည် ဗုဒ္ဓါနုဿတိမည်၏။ သွာက္ခာတတာ စသော ဓမ္မဂုဏ်တော် ခြောက်ပါးကို အဖန်ဖန် အောက်မေ့ခြင်းသည် ဓမ္မာနုဿတိ မည်၏။ သုပ္ပဋိပန္နတာ စသော သံဃာဂုဏ်တော်ကိုးပါးကို အဖန်ဖန် အောက်မေ့ခြင်းသည် သံဃာနုဿတိမည်၏။ မိမိ စောင့်ထိန်းအပ်သော သီလ၏ မကျိုးမပျက်ခြင်း စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် သီလာနုဿတိမည်၏။ မိမိပေးလှူသော ဒါန၏ ဝန်တိုမှု မစ္ဆေရအညစ် အကြေးမှ ကင်းဝေးခြင်း စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း သည် စာဂါနုဿတိမည်၏။ မိမိကိုယ်ကို နတ်ဖြစ်အောင် သိကြားဖြစ် အောင် ဗြဟ္မာဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းသော မိမိ၏သဒ္ဓါမှု စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းသည် ဒေဝတာနုဿတိ မည်၏။ ဝတ်အကျင့် ရတင်ဆောက်တည်မှု, ဈာန်ဝင်စားနိုင်မှု, ဝိပဿ နာရှုနိုင်မှု၏ အစွမ်းဖြင့် မိမိသန္တာန်မှာ ရှည်ကြာမြင့်စွာသော ကာလ ပတ်လုံး ခွါထားအပ်သော ကာမရာဂ စသည်တို့၏ ငြိမ်းအေးမှုဂုဏ် ကိုငင်း, မိမိကိုယ်တိုင် ရအပ်သော နိဗ္ဗာန်ကိုငင်း အဖန်ဖန်အောက်မေ့ ခြင်းသည် ဥပသမာနုဿတိမည်၏။ ဘဝတခု၌ အကျုံးဝင်သော မိမိ ခန္ဓာအစဉ်၏ ပျက်စီးခြင်းကို အဖန်ဖန် အောက်မေ့ခြင်းသည် မရဏာ နုဿတိ မည်၏။ ဆံပင် စသော ကာယအစု၌ အောက်မေ့ခြင်း သည် ကာယဂတာသတိမည်၏၊မိမိ၌ အမြဲမပြတ်ဖြစ်သော ထွက်သက် ဝင်သက်လျှင် အာရုံရှိသော အောက်မေ့ခြင်းသည် အာနာပါနုဿ မည်၏။

အပ္ပမညာ ၄-ပါးအဖွင့်

အပ္ပမညာသည် မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ-ဟု လေးမျိုးရှိ၏၊ ထိုကို ဗြဟ္မဝိဟာရဟူ၍လည်း ခေါ်ဆိုအပ်၏။

ချစ်တတ်သောကြောင့်၎င်း,မိတ်ဆွေချစ်တို့၌ဖြစ်တတ်သောကြောင့် ၎င်း မေတ္တာ-မည်၏၊ မေတ္တာသည် ရည်ရွယ် မှန်းထား ပို့သခံရသူ၏ စီးပွါးချမ်းသာမှုကို မကွဲပြားစေဘဲ ဆိမ်းယူတတ်၏။ မေတ္တာ၏ အရ ကောက်သော် တပါးသူတို့၏အစီးအပွါးကို ဆောင်ရွက်သည်၏အစွမ်း အားဖြင့် ဖြစ်သော အဒေါသ စေတသိက်တည်း။ တပါးသူ၏ ဆင်းရဲ မှုကို ပယ်လိုသော အဖြစ်လျှင် မှတ်ကြောင်းလက္ခဏာရှိသော တရား သည် ကရုဏာမည်၏၊တပါးသူ၏ ပြည့်စုံမှုကို ဝမ်းမြောက်ခြင်း လက္ခ ဏာရှိသော တရားသည် မုဒိတာမည်၏။ တပါးသူတို့၏ အစီးအပွါးကို ဆောင်ခြင်း,အကျိုးမဲ့ကိုပယ်ခြင်း,အကျိုးစီးပွါးရှိသည်ကို ဝမ်းမြောက် ခြင်းဟုဆိုအပ်သော ဗျာပါရသုံးပါးကိုပယ်၍ ထိုသတ္တဝါတို့၏ ကမ္မဿ ကတာ(သူတို့ကံစီမံသလို)ဖြစ်မည် ဟူသည်ကို ပွါးများလျက် အသင့် အတော်အားဖြင့် ရှုတတ်သော တရားသည် ဥပေက္ခာမည်၏။ တတြ မဇ္ဈတ္တတာ စေတသိက်ပင်တည်း။ ဤတရားလေးပါးတို့သည် အတိုင်း အရှည်မရှိသော တရားတို့၌ ဖြစ်သောကြောင့် အပ္ပမညာမည်၏။မှန်၏- ဤမျှသော သုခိတ ဒုက္ခိတ သတ္တဝါတို့၌သာ မေတ္တာစသည်ကို ဖြစ်စေ အပ်၏၊ ဤမှ တပါးသော သတ္တဝါတို့၌ မဖြစ်စေအပ်ဟု ထိုမေတ္တာ အစရှိသော တရားတို့၏ အာရုံကို ပိုင်းခြားမှု မည်သည် မရှိပါလေ။ ဒါပေမဲ့ အာဒိကမ္မိက=စီးဖြန်း ဦးစဖြစ်သော ယောဂီသည်ကား အဦး အစမှာ ပုဂ္ဂိုလ်တဦးတယောက်၌ မိမိ၏ဘာဝနာစိတ်ကို အထုံရလေ အောင် ထူးခြားမှုပေါ်လာအောင်ပြု၍ နောက်မှနှစ်ယောက်သုံးယောက် စသည်ဖြင့် ပွါးလျက် ပိုင်းခြားမှု၏ ရောနှောခြင်း၊အပိုင်းအခြားထား၍ နှံ့ခြင်း၊ အပိုင်းအခြား မထားဘဲ နှံ့ခြင်း၊ အရပ်မျက်နှာတို့၌ နှံ့ခြင်းကို ပြုအပ်၏။

ဝိဘင်း၌ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ-စသည်ဖြင့် ၎င်း,ပဋိသမ္ဘိဒါမဂ်၌-သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ စသည်ဖြင့်၎င်း မေတ္တာ အစီ အရင်ကို ဆိုသည်ကား မေတ္တာဗျာန်မှာ အလေ့အလာရပြီး ပုဂ္ဂိုလ်တို့၏ အစွမ်း အားဖြင့်သာ ဆိုလေသည်ဟု မှတ်။

ထိုမေတ္တာစသော တရားလေးပါးတို့သည်အထူးအားဖြင့် ဒေါသ၏ အသင်းအပင်းဖြစ်သော ကိလေသာတရားတို့၏ တိုက်ရိုက် ဆန့်ကျင် ဖက်ဖြစ်ကုန်၏။ ထို့ကြောင့် ထိုမေတ္တာစသည်နှင့် ပြည့်စုံသောသူတို့ သည် စိတ်နှလုံး ချမ်းသည်၏ အဖြစ်ဖြင့် ဗြဟ္မာနှင့်တူ၍ ဗြဟ္မာမည် ကုန်၏။ ဗြဟ္မာနှင့်တူ သူတို့၏နေခြင်းဖြစ်သောကြောင့် ဗြဟ္မဝိဟာရဟု ဆိုအပ်ကုန်၏။ တနည်း ဗြဟ္မသဒ္ဒါသည် မြတ်သောအနက် ကိုလည်း ဟောသည့်ဖြစ်၍ ဗြဟ္မာနံ သေဋ္ဌာနံ ဝိဟာရော ဟူသော ဝိဂြိုဟ်အရ မြတ်သောသူတို့၏ နေခြင်းဖြစ်၍ ဗြဟ္မဝိဟာရမည်၏။ တနည်း ဗြဟ္မ ဘူတော သေဋ္ဌဘူတော ဝိဟာရော=ဗြဟ္မဝိဟာရော ဤဝိဂြိုဟ်အရ မြတ်သော နေခြင်းကို ဗြဟ္မဝိဟာရဟု ဆိုအပ်၏။

ရှင်းချက်။ ။ပိုင်းခြားမှု၏ ရောနှောခြင်းဆိုသည်မှာ မေတ္တာပွါးရာ၌ အတ္တ= မိမိကိုယ်, ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်ဟု လေးဦးရှိရာ ၎င်းလေးဦးကို သီးခြားမပြုတော့ဘဲ ရောနှောလျက် မေတ္တာပွါးခြင်းကို ဆို၏။အပိုင်းအခြား ထား၍ ပျံ့နှံ့စေခြင်းဟူသည် သမ္ဘာဇုတ္တိယော, သဗ္ဗေပုရိသာစသည်ဖြင့် ပိုင်းခြားလျက်မေတ္တာ ပွါးခြင်းတည်း၊ ၎င်းကိုဩဓိသောဖရဏာဟု ခေါ်၏၊ အပိုင်းအခြားမထားဘဲ ပျံ့နှံ့ခြင်း ဟူသည် သဗ္ဗေသတ္တာသဗ္ဗေပါဏာ သဗ္ဗေဘူတာစသည်ဖြင့် အပိုင်းအခြားမထားဘဲ မေတ္တာပွါးခြင်းတည်း၊ အရပ်မျက်နှာတို့၌ ပျံ့နှံ့ခြင်းဆိုသည်မှာ ပုရိတ္ထိမာယ ဒိသာယ သဗ္ဗေသတ္တာအဝေရာဟောန္တုစသည်ဖြင့် အရပ်မျက်နှာကို ဝေဖန်လျက် မေတ္တာ ပွါးခြင်းပေတည်း။

ပဋိကူလသညာအဖွင့်

အာဟာရ၌ စက်ဆုပ်ဖွယ်ရှိမှုကို ဆင်ခြင်သောအားဖြင့် အာဟာရ၌ တပ်နှစ် သက်သောတဏှာကို ပယ်သောသညာသည် တခုသော သညာမည်၏။

အာဟာရသည်= စားဖွယ်မျိုး, သောက်ဖွယ်မျိုး, ခဲဖွယ်မျိုး လျက်ဖွယ်မျိုးဟု လေးမျိုးရှိ၏၊ထိုအာဟာရ လေးမျိုးမှာ အာဟာရကို အကြောင်းပြုလျက် ခံစားရသော ဆင်းရဲမှုပင် ကိုယ်အနေအားဖြင့် ရွံရှာဖွယ်ဖြစ်မှုမျိုး ဝါးအပ်သော အာဟာရ၏လည်းချောင်းစသည်မှာ တည်သောသလိပ် စသော စုဝေးရာတို့နှင့် ရောနှော၍ ရွံရှာဖွယ်ဖြစ်မှု, အစာသစ်အိမ်သို့ ရောက်သွားသဖြင့် ရွံရှာဖွယ်ဖြစ်မှု, အစာကြေညက် သွားသောအခါ ကျင်ကြီး ကျင်ငယ် စသောအဖြစ်သို့ ရောက်သဖြင့် ရွံရှာဖွယ်ဖြစ်မှု, အစာမကျေညက်က ရောဂါအမျိုးမျိုး ဖြစ်၍ ရွံရှာဖွယ်

ဖြစ်မှု၊ အစာကြေညက်သောအချိန်မှစ၍ ခန္ဓာကိုယ်မှာ ဆံပင်မွေးညှင်းစသော စက်ဆုပ်ဖွယ်အစုတို့၏ပွါးတိုးလာသဖြင့် ရွံရှာဖွယ်ဖြစ်မှု၊ ထိုကြေညက်လေပြီးသောအစာ၏ ဒွါရပေါက်ကြီးကိုး၊ မွေးညှင်းပေါက်ပေါင်းများစွာ အမာဝအမျိုးမျိုးတို့မှ အောက်အထက်ယိုထွက်သည်၏ အစွမ်းဖြင့် ရွံရှာဖွယ်ဖြစ်မှုကို ဆင်ခြင်သည်၏ အစွမ်းဖြင့် အာဟာရလေးပါး၌ ရသတဏှာကိုပယ်သည်၏ အစွမ်းဖြင့် ဖြစ်သော သညာတည်း။ ကန္တာရခရီးခဲမှာ ခရီးသွားသောမိဘတို့သည် ကန္တာရခရီးခဲမှ လွတ်မြောက်ရန်အတွက် ချစ်လှစွာ သော ရင်သွေးငယ်၏ အသားကို စားရသကဲ့သို့ အလွန်နှစ်သက်ဖွယ်သော အာဟာရ၌ရသတဏှာကို ပယ်ရှားသည်၏အစွမ်းဖြင့် ဖြစ်သောသညာကို အာဟာရေ ပဋိကူလသညာဟု မှတ်အပ်၏။

ဓာတ် ၄-ပါးကိုပိုင်းခြားခြင်း

ဓာတ်လေးပါးကိုပိုင်းခြားခြင်းသည် တခုသောဝဝတ္ထာန်မည်၏။

ခန္ဓာကိုယ်မှာ ရှိသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်လေးပါးတို့ကို မိမိတို့ဆိုင်ရာ သဘောလက္ခဏာ၊ ကေသာ၊ လောမာ စသော အဆောက်အဦအထုအထယ်စသော သမ္ဘာရအားဖြင့် အသီးအသီးပိုင်းခြား၍ ရှုခြင်းသည် စတုဓာတုဝဝတ္ထာန်မည်၏။

အာရုပ္ပ ၄-ပါးအဖွင့်

> အာကာသာနဉ္စာ ယတနစသောလေးပါးတို့သည် အာရုပ္ပမည်ကုန်၏။ ဤသို့ ခပ်သိမ်းသော အပြား အားဖြင့် သမထနိဒ္ဒေသ၌ ကမ္မဋ္ဌာန်း လေးဆယ်ဖြစ်ကုန်၏။

(အရူပနာမ်အာရုံ၌ ဖြစ်သောတရားတို့သည် အာရုပ္ပမည်ကုန်၏)။

ကမ္မဋ္ဌာန်းနှင့် စရိုက်အဖွင့်

> စရိုက်များတွင် အသုဘ ၁၀-ပါး ကာယဂတာသတိဟူသော ကောဋ္ဌာသဘာဝနာ ၁-ပါး ဤတဆဲ့တပါးသည်ရာဂစရိုက်များသူအား လျောက်ပတ်၏။

ရာဂစရိုက်အားကြီးသူသည် အချောအလှ အကြိုက်သမား ဖြစ်၏၊ တင့်တယ်မှုကိုသာ သူ့မျက်စိတွင်တွေ့တတ်၏၊ အလှအပအာရုံများကို မြင်နေရလျှင် သူ၏ ငြိငွေစက်ဆုပ်မှုသည် မည်သည့်အခါမျှဖြစ်တော့မည်မဟုတ်ပေ၊ သို့အတွက် ရာဂစရိုက်များသူမှာ သူနှင့်တိုက်ရိုက်

ဆန့်ကျင်ဖက် ဖြစ်သော အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိ ကမ္မဋ္ဌာန်း ၁-ပါး ဤတဆဲ့တပါးသည် လျောက်ပတ် လေသည်။

ထွက်သက် ဝင်သက်သည် မောဟစရိုက်နှင့် ဝိတက်စရိုက် အားကြီး သူအား လျောက်ပတ်၏။

မောဟစရိုက် အားကြီးသူသည် ပကတိ အားဖြင့် အမေ့ အလျော့ များသည်။ ဖိတ်မတည်ကြည်ဘဲ ပိုရောက် သည်ရောက် ဖြစ်နေတတ်သည်။ ဝိတက်စရိုက် အားကြီးသူ သည်လည်း အကြံအစည်တွေ များ၍ အာရုံတခုတည်းမှာ စိတ်တည်ငြိမ်မနေ၊ သို့အတွက်အမြဲတမ်းစိတ်ရောက်နေမှ ဖြစ်သော ထွက်သက်ဝင်သက်ခေါ် အာနာပါန ကမ္မဋ္ဌာန်းသည် မောဟ စရိုက်နှင့် ဝိတက်စရိုက် အားကြီး သူအား စိတ်ပြေးလွှားမှုကို တားမြစ်နိုင်သောကြောင့် လျောက်ပတ်လေသည်။

ဗုဒ္ဓါနုဿတိ စသော ခြောက်ပါးသော ကမ္မဋ္ဌာန်းတို့သည် သဒ္ဓါစရိုက် အားကြီးသူအား လျောက်ပတ် ကုန်၏။

ဗုဒ္ဓဂုဏ်တော်စသည်တို့သည်အထူးအားဖြင့် သဒ္ဓါတရားကိုတိုးပွါးစေတတ်သောကြောင့် ဟု မိန့်ဆို၏။

မရဏာနုဿတိ, ဥပသမာနုဿတိ, သညာ,ဝဝတ္ထာန်တို့သည် ဗုဒ္ဓိစရိုက် အားကြီးသူအား လျောက်ပတ် ကုန်၏။

ပရမတ်သဘောအားဖြင့် အလွန်နူးညံ့သိမ်မွေ့သောမရဏ စသည်တို့သည်အသိဉာဏ်ကြွယ်ဝသောသူတို့၏အရာသာဖြစ်ပေသောကြောင့် မရဏာနုဿတိ စသည်တို့ကို ဗုဒ္ဓိစရိုက်အားကြီးသူနှင့် သင့်လျော်၏ဟု မိန့်ဆို၏။

ကြွင်းသော ဘုတ်ကသိုဏ်း ၄-ပါး၊ အာလောက ကသိုဏ်း ၁-ပါး၊ အာကာသ ကသိုဏ်း ၁-ပါး၊ အာရုပ္ပ ၄-ပါး, ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော သူတို့အား လျောက်ပတ် ကုန်၏၊ ထိုကမ္မဋ္ဌာန်း ဆယ်ပါးတွင် ကသိုဏ်းများ၌ ကောက်နယ် တလင်းမျှ ကျယ်ဝန်းသော ကသိုဏ်းသည်, မောဟ စရိုက် အားကြီး သူအား တထွာ လက်လေးသစ်မျှ ကျဉ်းသော ကသိုဏ်းသည်, ဝိတက်စရိုက် အားကြီး သူအား လျောက်ပတ်၏။

မောဟစရိုက် အားကြီးသူအတွက် ကသိုဏ်းကွက်ကို ကောက်နယ်တလင်းမျှ ပြုလုပ်ရသည်မှာ ကျဉ်းမြောင်းသော ကသိုဏ်းကွက်မှာ စိတ်,ပိုမိုတွေဝေသောကြောင့်ဖြစ်၏၊ဝိတက်စရိုက်အားကြီးသူအတွက်

တထွာ လက် လေးသစ် ပမာဏမျှ ကသိုဏ်း ပြုလုပ်ရ သည်မှာ ကြီးကျယ်သော ကသိုဏ်းကွက်သည် အတွေးအကြံ ကျယ်လျက် ဝိတက်များဘို့ရာ အကြောင်း ဖြစ်သောကြောင့် ပေတည်း။

ဘာဝနာ အပြား

ဘာဝနာတို့တွင် ကမ္မဋ္ဌာန်း လေးဆယ်လုံး၌လည်း ပရိကမ္မ ဘာဝနာကို ရအပ်၏၊ ဗုဒ္ဓါနုဿတိ စသော ၇၅စ်ပါး၊ သညာ တပါး, ဝဝတ္ထာန် တပါး, ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ ဥပစာရ ဘာဝနာ ကိုသာ ရအပ်၏၊ အပ္ပနာ ဘာဝနာ ကိုကား မရအပ်လေ။

ကမ္မဋ္ဌာန်း လေးဆယ် လုံးမှာ ပရိကမ္မ ဘာဝနာကို ရသည်ကား ပရိကမ်နှင့် ကင်း၍ မည်သည့် ကမ္မဋ္ဌာန်းမှ မပြည့်စုံလေ သောကြောင့် ပင်တည်း။

ဗုဒ္ဓါနုဿတိ အစ ဝဝတ္ထာန် အဆုံးရှိသော ကမ္မဋ္ဌာန်း ဆယ်ပါးတွင် ဗုဒ္ဓ, ဓမ္မ, သံဃ, သီလ, စာဂ, ဒေဝတာ, ဥပသမာ နုဿတိ ဂုဏ်တို့က နက်နဲသည့် အဖြစ်ကြောင့်ရင်း, အထူးထူး အပြားပြားသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ ခြင်းငှါ ညွတ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်ရင်း, ဥပစာရဘာဝနာကိုသာရအပ်၏၊ အပ္ပနာဘာဝနာကိုကား မရအပ်လေ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ အတိုင်း ပြဆိုလိုက်သည်။ ဝိသုဒ္ဓိမဂ် လာရင်းပါဠိကား-ဗုဒ္ဓ, ဓမ္မ, သံဃ, သီလ, စာဂ, ဒေဝတာ, ဥပသမ ဂုဏာနံ တာဝ ဂမ္ဘီရတာယ နာနပ္ပကာရ ဂုဏာနုဿရဏာဓိ မုတ္တ တာယ-ဟု လာရှိ၏။

ရှင်းချက်။ ။ဤအဋ္ဌကထာ ပါဠိတွင် ဂမ္ဘီရတာယ-ဟူသော ပါဠိဖြင့် တခု တခုသော ဂုဏ်ပုဒ်၏ ပရမတ္ထ သဘော ဖြစ်၍ နက်နဲလေသောကြောင့် ထိုဂုဏ်ပုဒ်ကို အာရုံပြုရသော သမာဓိသည် မဟာ သမုဒ္ဒရာမှာ ယုန်ငယ်ကဲ့သို့ ထို ဂုဏ်ပုဒ် များ၌ အပ္ပနာသို့ ရောက်၍ မတုန်မလှုပ်ဘဲ တည်ခြင်းငှါ မစွမ်းနိုင်ဟုပြ၏၊ နာနပ္ပကာရ ဂုဏာနုဿရဏာဓိမုတ္တ တာယ-ဟူသော ပါဠိဖြင့် ထိုဂုဏ်တို့၏ မရောင်ရဲနိုင်သော သဘောရှိလေရကား ဤမျှ လောက်သော ဂုဏ်ပုဒ် မှာသာ တည်၍ အပ္ပနာသို့ ရောက်စေအံ့ဟု မိမိစိတ်ကို ဆောင်ခြင်းငှါ မစွမ်းနိုင်ဟု ပြ၏။

မရဏာနုဿတိ, သညာ, ဝဝတ္ထာန် တို့တွင် မရဏာနုဿတိသည် ပရမတ္ထ ဓမ္မ ဖြစ်သောကြောင့်ရင်း, ထိတ်လန့်စေတတ်သော တရားမျိုး ဖြစ်သောကြောင့်ရင်း အပ္ပနာ သမာဓိ၏ တည်ရာ မဖြစ်၊ သညာနှင့်

ဝဝဋ္ဋာန် တို့ကား ပရမတ် တရား ဖြစ်ခြင်း နက်နဲခြင်းကြောင့် အပ္ပနာ သမာဓိ၏ တည်ရာ မဖြစ်နိုင်လေ၊ သို့ဖြစ်၍ ဥပစာရ ဘာဝနာ ကိုသာ ရအပ်၏၊ အပ္ပနာ ဘာဝနာ ကိုကား မရအပ်ပါလေ။ ဒီလိုဆိုလျှင် လောကုတ္တရာ ဈာန်တို့သည် အလွန် နက်နဲသော နိဗ္ဗာန်–ဟူသော သဘာဝ တရားမှာ, ဒုတိယ, စတုတ္ထအာရုပ္ပ ဈာန်တို့သည်လည်း ပထမ,တတိယ အာရုပ္ပ ဟူသော သဘာဝတရားမှာအပ္ပနာသို့ အဘယ့်ကြောင့် ရောက် ကြပါသနည်း ဟု မေးခဲ့ပါငြားအံ့ ?

လောကုတ္တရာ ဈာန်သည် ဒိဋ္ဌိဝိသုဒ္ဓိနှင့် သမ္မာသနဉာဏ်မှ စ၍ အစဉ် အားဖြင့်အဆင့်ဆင့်ဖြစ်သော ဝိသုဒ္ဓိဘာဝနာတို့၏အစွမ်းကြောင့် အလွန် နက်နဲသော နိဗ္ဗာန် ဟူသော သဘာဝ ဓမ္မ၌လည်း အပ္ပနာ၏ အဖြစ်ဖြင့် တည်စွမ်း နိုင်လေသည်။ ဒုတိယ စတုတ္ထ အာရုပ္ပ ဈာန်တို့ သည်ကား အပ္ပနာသို့ ရောက်လေ ပြီးသော ပဉ္စမဈာန် သမာဓိ၏ အစီး အပွါးမျှ ဖြစ်လေသောကြောင့် အာရုံကိုလွန်မြောက်ခြင်းမျှကို ပြုသဖြင့် သဘာဝ ဓမ္မအာရုံ၌လည်း အပ္ပနာ၏အဖြစ်ဖြင့် တည်ခြင်းငှါ စွမ်းနိုင်သည်ဟု ဖြေရာ၏။

> အထက်ပါ ဆယ်ပါးမှ ကြွင်းသောကမ္မဋ္ဌာန်းသုံးဆယ်တို့၌ အပ္ပနာဘာဝနာ ဆယ်ပါးနှင့် အာနာပါနသည် ဈာန် ငါးပါးလုံး၏ အာရုံအဖြစ် သင့်လျော် လေသည်၊ အသုဘ ဆယ်ပါးနှင့် ကာယဂတာသတိသည် ပဌမဈာန်၏အာရုံ အဖြစ် သင့်လျော်၏။

အသုဘာဝနာသည် စက်ဆုပ်ဖွယ်အာရုံဖြစ်၏။ စိတ်ကို နှစ်သက် စေမှု ပြုရာ၌ အားနည်း၏၊ ရေစီး ကြမ်းလှသော မြစ်မှာ ထိုးဝါး၏ စွမ်းရည်ဖြင့် လှေသည် တည်နိုင်သကဲ့သို့ ဝိတက်၏ စွမ်းရည်ဖြင့်သာ အသုဘအာရုံ၌ အပ္ပနာစိတ်ဖြစ်တည်နိုင်၏။ ထို့ကြောင့်အသုဘဆယ်ပါး တို့ကို "ပဌမဈာနိကာ"ဟု အဋ္ဌကထာဆရာ မိန့်ဆို၏။ ဤကဲ့သို့ ဖြစ်ပါ လျှင် ထိုအသုဘတို့၌ သောမနဿဈာန်အဘယ်သို့ ဖြစ်ပါသနည်း? ဟု မေးပါက–နီဝရဏတည်းဟူသော အပူကို ပယ်ဖြစ်သည်၏ အစွမ်းဖြင့် ၎င်း ထိုထိုအကျိုး အာနိသင်ကို မြင်သောဉာဏ်၏ အစွမ်းဖြင့်၎င်း သောမနဿဈာန် ဖြစ်လေသည်။ ဥပမာ– ရောဂါနှိပ်စက်ခံရသူ၏ ပျို့အန်သောဆေးကိုသောက်ခြင်း ဝမ်းနုတ်ဆေးကိုသောက်ခြင်းကဲ့သို့ ၎င်း, လခစားဖြင့် မြူနီစီပါယ် ဘင်ကျုံးသောသူ အမှိုက် ကျုံးသော

သူတို့၏ ဘင်စု အမှိုက်စုကို ကျုံးခြင်းကဲ့သို့ရင်း အကျိုး အာနိသင်ကို ရှုမျှော်၍ သောမနဿဈာန် ဖြစ်ပါသည်ဟု ဖြေဆိုရာ၏။

မေတ္တာ စသော သုံးပါးသော ဗြဟ္မဝိဟာရတို့သည် ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် လေးပါး အပေါင်းနှင့် ယှဉ်၏။

မေတ္တာကား အမျက်ထွက်ခြင်း ဗျာပါဒ၏, ကရုဏာကား-ညှဉ်းဆဲခြင်း ဝိဟိံသ၏,မုဒိတာကား မနှစ်သျှော်ခြင်း အရတိ၏ ထွက်မြောက်ရာဖြစ်၏။ ထို့ကြောင့် ထိုဗြဟ္မဝိဟာရ သုံးပါးတို့သည် သောမနဿနှင့်ကင်း၍ အဘယ်အခါမှ အပ္ပနာသို့ မရောက်၊ သို့ဖြစ်၍ မေတ္တာစသည်ကို ဈာန်လေးပါးနှင့်ယှဉ်၏ဟု မိန့်ဆို၏။

ဥပေက္ခာသည် ပဋ္ဌမဈာန်နှင့် ယှဉ်၏၊ ဤသို့ ရူပါဝစရ ဈာန်နှင့် ယှဉ်သော ကမ္မဋ္ဌာန်းတို့ကား နှစ်ဆဲ့ခြောက်ပါးတည်း။

ဥပေက္ခာသည် သတ္တဝါ တို့၌ အခါ ခပ်သိမ်း လျစ်လျူ ရှုသော အတ္တမှာ တည်လျက် ပွါးများအပ် လေသောကြောင့် တရံတခါမျှ၌သော်လည်း ဥပေက္ခာဝေဒနာနှင့်ကင်း၍ အပ္ပနာသို့ မရောက်ရကား- ဥပေက္ခာ ပဋ္ဌမ ဈာနိကာ = ဥပေက္ခာသည် ပဋ္ဌမဈာန် နှင့် ယှဉ်၏-ဟု မိန့်ဆို၏။

လေးပါးသော အာရုပ္ပအာရုံတို့သည် အာရုပ္ပဈာန်နှင့် ယှဉ်ကုန်၏၊

ကသိဏုဂ္ဃါဋိမအာကာသ အာရုံကား အာကာသာနဉ္စာယတန ဈာန်နှင့်ယှဉ်၏၊ အာကာသာနဉ္စာယတနအာရုံသည် ဝိညာဉာနဉ္စာယတနဈာန်နှင့်, အာကာသ၏ မရှိခြင်း နတ္ထိဘော ပညတ်အာရုံသည် အာကိဉ္စညာယတန ဈာန်နှင့်, အာကိဉ္စညာယတနဝိညာဏ် အာရုံသည် နေဝသညာနာသညာယတနဈာန်နှင့်ယှဉ်၏။

ဘာဝနာပြီး၏။

ဂေါစရ ဘေဒ

နိမိတ်သုံးပါးတွင် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်ကို ကမ္မဋ္ဌာန်းလေးဆယ်လုံးမှာ ထိုက်သည်အားလျော်စွာ ပရိယာယ်အားဖြင့် ရအပ်၏,

ယထာရဟံ=ထိုက်သည်အားလျော်စွာ ဆိုသည်မှာ ထိုထိုအာရုံအားလျော်စွာ ရအပ်၏ဟု ဆိုလို၏။ ပရိကံ မည်သည် အာရုံနှင့်ကင်း၍

မပြီး၊အာရုံ၏ ပြည့်စုံမှုမည်သည်အာရုံကို ကောင်းစွာ မြဲမြဲမြံမြံ ထင်ထင် ရှားရှား ယူခြင်းဟု ဆိုအပ်သော ဥဂ္ဂဟနိမိတ်နှင့် ကင်း၍ မဖြစ်၊ အာရုံ ပြည့်စုံမှု မရှိ ပြန်ကလည်း ဥပစာရ ဈာန်ပင် သော်လည်း မပြည့်စုံ၊ အပ္ပနာဈာန် မူကား ပြောဖွယ်ရာ မရှိတော့ချေ။ ပရိယာယ် အားဖြင့် ဟူသောစကားကို အချို့အာရုံ၏ မျက်စိဖြင့် မြင်ရသလို မထင်ရှားသော ကြောင့်ဟု ဆိုအပ်၏။

ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကောဋ္ဌာသ အစု အာနာပါနဿတိတို့၌သာ ရအပ်၏၊ မှန်၏-ထိုအာရုံတို့၌ ပဋိဘာဂ နိမိတ်ကို အကြောင်းပြု၍ ဥပစာရသမာဓိ အပ္ပနာသမာဓိ တို့လည်းဖြစ်ကုန်၏။

အကြင် အာရုံ၌ ရှေးဦးစွာ ပရမတ္ထ သဘာဝကို ယူ၍ နောက်မှ ထိုပရမတ္ထသဘာဝကဲ့သို့ သဘောရှိသောပရမတ္ထသဘာဝအခြင်းအရာ ဖြစ်သော ပရမတ္ထသဘာဝ၏အပေါင်းသဏ္ဌာန်ဖြစ်သော ပညတ်အာရုံ မှာ ဥပစာရသမာဓိသည်၎င်းအပ္ပနာသမာဓိသည်၎င်းဖြစ်၏။ထိုပညတ် အာရုံ မျိုးမှာသာ ပဋိဘာဂ နိမိတ် မည်သည်ကို ရအပ် လေသည်။ ထို ကြောင့်သင်္ဂြိုဟ်ကျမ်းပြုဆရာတော်သည်''ပဋိဘာဂနိမိတ္တံပန''စသော စကားရပ်ကို မိန့်တော်မူ၏။ သင်္ဂြိုဟ်ပါဠိ၌ ''တတ္ထပိ''နောက်ဝါကျ ကား ရှေ့စကားကို မြဲမြံစေသော စကားဖြစ်၏။

ဝိဘာဝိနီ၌ ကသိုဏ်း,အသုဘ, ကောဋ္ဌာသ,အာနာပါနဿတိတို့၌ သာ ထင်ရှားသော နိမိတ်ဖြစ်သင့်သည်၊ ထိုကြောင့် ''ပဋိဘာဂနိမိတ္တံ ပန'' စသည်ကို မိန့်၏ဟု ဆိုလေသည်။

အဘယ်သို့နည်း–အစဦး ကမ္မဋ္ဌာန်း လုပ်ငန်းဝင်သူဖြစ်၍ ပထဝီကသိုဏ်းဝန်း စသည်တို့၌ နိမိတ်ယူစဉ် ထိုအာရုံကို ပရိကမ္မနိမိတ်ဟု ဆိုအပ်၏၊ ထိုဘာဝနာ သည် ပရိကမ္မဘာဝနာမည်၏။

သမထလုပ်ငန်းတွင် ရှေးဦးစွာ နိမိတ်ယူမှု၌ လိမ်မာသော အဖြစ်ကို ပြုပြီး၍ ယခုအခါအစမှစ၍ ဘာဝနာအစီအရင်ကိုပြရန်''ကထံ''စသည် ဖြင့် သင်္ဂြိုဟ်ဆရာ မိန့်ဆိုတော် မူ၏။ နိမိတ် ယူ ဆိုသည်မှာ အာရုံ၏ တည်တိုင်းသော အခြင်းအရာကိုစိတ်မှာအဆင့်ဆင့်ထင်ရှားအောင်ပြု၍ ယူမှုရှုမှုကို ဆို၏။ ''သာစ ဘာဝနာ''ဟု သင်္ဂြိုဟ်၌ ဆိုသည်ကား နိမိတ်ကို ယူသော အခြင်းအရာအားဖြင့် ဖြစ်သော ဓောပိတ် အဆက်

ဆက်ဟု ဆိုအပ်သော စိတ္တဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။ အဘယ့်ကြောင့်ဆိုသော် ထပ်တလဲလဲပြုသော အားဖြင့် ပွါးများသော အခြင်းအရာမှာ တည်သောကြောင့် ပေတည်း။

သမထလုပ်ငန်းစဉ်အကျဉ်း

၁။ မိမိကိုယ်ကို ရှေးဦးစွာ ဘုရားအားအပ်နှင်းခြင်း,
၂။ ငါတရားအားထုတ်လျှင်ရမည်ဟု ယုံကြည်ချက်ထားခြင်း,
၃။ မြတ်စွာဘုရားအားတပည့်တော်၏ အသက်ကို လှူပါ၏ဟု သုံးကြိမ်ဆို၍ လှူဒါန်းခြင်း,
၄။ ဘုရားထံတော်မှာ ကမ္မဋ္ဌာန်းတောင်းခြင်း,
၅။ ဩကာသဩကာသစသည်ဖြင့် နှုတ်မြွက်ဆို၍ ကန်တော့ခြင်း,
၆။ သီလကိုစင်ကြယ်အောင်လုပ်ခြင်း,
၇။ ပလိဗောဓတွေကိုဖြတ်ခြင်း,
၈။ မိမိစရိုက်နှင့်လျော်သောကမ္မဋ္ဌာန်းကိုယူခြင်း,
၉။ ကမ္မဋ္ဌာန်းနှင့်သင့်လျော်ရာတရားဂုကိုယူခြင်း,
၁၀။ လက်သည်း ခြေသည်းစသော ပလိဗောဓငယ်တွေကို ပြီးစီးအောင် လုပ်ခြင်း,

ယခုခေတ်မှာ တွက်သက် ဝင်သက်ကိုသာ အရှုများကြသည်၊ အပြင်းရှု အပြေ့ရှုဟု အမျိုးမျိုးပေးကြရာ လိုရင်းအချုပ်မှာ သမာဓိ ရမှုသာ ဖြစ်၏။ထွက်သက်ဝင်သက်ကို စီးဖြန်းပန်များက ညောင်းညာ ခြင်း ဝေဒနာပေါ်လာလိမ့်မည်၊ သမာဓိ မရသေးက မလွှတ်ရ၊ မီးပွတ် သော သူကဲ့သို့ ကြိုးစားရမည်၊ အာနာပါနကို စီးဖြန်းရန် တိတ်ဆိတ် သော နေရာသည် အကောင်းဆုံးဖြစ်၏။ အာနာပါနကို စီးဖြန်းသော ယောဂီသည် ယောကျ်ားဖြစ်က တင်ပလ္လင်ခွေထိုင်, မိန်းမဖြစ်က အဒ္ဓ ပလ္လင်(ကြို့ကြို့ထိုင်)ကျောက်ကုန်းရိုးကို ဖြောင့်ဖြောင့်ထား၊ ဝေဒနာ ရုတ်ချည်းမပေါ်လာနိုင်အောင် ဖြစ်၏။ဝေဒနာမဖြစ်ပေါ်လျှင် စိတ်တည် ကြည်မှုရလွယ်၏။ကမ္မဋ္ဌာန်းစီးဖြန်းနေတုန်းသမာဓိပျက်၍ လွတ်တွက် သွားပါက ပြန်၍ဖမ်း။ ဖမ်းပုံမှာ နွားသီး ဝက နေ၍ဖမ်း၊ လွှတိုက်သော ယောကျ်ားကဲ့သို့တည်း။

ဝိသုဒ္ဓိမဂ်၌ပြသည်မှာ

၁။ ဂဏနာနည်း-ထွက်သက်ဝင်သက်ကို ရေတွက်ခြင်း,
၂။ အနုဗန္ဓနာနည်း-အစဉ်ဖွဲ့ခြင်း,
၃။ ဖုသနာနည်း-ထိရာအရပ်,
၄။ ဌပနာနည်း-အပ္ပနာတိုင်အောင် စိတ်ထားခြင်း,
၅။ သလ္လက္ခဏာနည်း-ဝိပဿနာဉာဏ်,
၆။ ဝိဝဋ္ဋနာနည်း-မဂ်ဉာဏ်,
၇။ ပါရိသုဒ္ဓိနည်း-ဖိုလ်ဉာဏ်,
၈။ ပဋိပဿနာနည်း-ပစ္စဝေက္ခဏာဉာဏ်,

ဤကား နှလုံးသွင်းနည်း ၈-ပါးတည်း။

ဂဏနာနည်း။ ။ယောဂီသည် ရှေး ဦးစွာ ဂဏနာ နည်းဖြင့် နှလုံးသွင်း၊ ထိုနည်းမှာ ငါးကြိမ်မှ စ၍ ဆယ်ကြိမ်ကျအောင် စီးဖြန်း၊ ငါးကြိမ်အောက် မထားရ၊ ဆယ်ကြိမ်ထက် မပိုလွန်ရ၊ ရေတွက်ရာမှာ စပါးချင်သူကဲ့သို့ လေးလေးမှန်မှန် ရေတွက် အနှေးနည်း အလေ့အလာရသော် အမြန်နည်း ရေတွက်။

အနုဗန္ဓနာနည်း။ ။ထွက်သက်ဝင်သက်အာရုံ၌ စိတ်တည်ကြည် ပါက မရေတွက်နှင့်တော့၊ လေမပြတ်အောင် ဖွဲ့၍ ဝင်တိုင်း ထွက်တိုင်း ဝင်လေ ထွက်လေဟု နှလုံးသွင်း၊ နှာသီး ဖျားမှာ အထက် နှုတ်ခမ်း ဖျားမှာ စိတ်ကိုထား။ **ဖုသနာ** နည်းကား သီးခြားမရှိ၊ လေထိရာ၌ သတိထားခြင်းပင် ဖုသနာ မည်၏။ ရေတွက် ခြင်းသည် ဖုသနာ နည်း, ဂဏနာ နည်းဖြင့် နှလုံးသွင်းသည် မည်၏။ မရေတွက်ဘဲ သတိထား၍ နှလုံးသွင်းခြင်းသည် အနုဗန္ဓနာနည်း, ဖုသ နာ နည်းဖြင့် နှလုံးသွင်းသည် မည်၏။ နှစ်နည်း စလုံးပင် ဖုသနာနှင့် ဆက်ဆံ၏။ ဤကဲ့သို့ အဖန်ဖန်အားထုတ်လျှင် ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ် ထင်လာတတ်လေသည်။

ဥဂ္ဂဟနိမိတ်မည်သည် မျက်စိမှိတ်၍ရင်း,ကသိဏ်းမှ တနေရာရာမှာ တည်၍ရင်း ဆင်ခြင်စဉ် မျက်မြင် နှင့် အတူ မနေရာခွါမရှိမှ ထင်လာ သည်ကား ဥဂ္ဂဟ နိမိတ်တည်း။ အာနာပါန၌ ဥဂ္ဂဟနိမိတ်ကား လဲစု, ဝါဂွမ်းစု လေအယဉ်ကဲ့သို့ထင်၏။(ကြွေဆရာများအလို)ကြယ်ရောင်

ပတ္တမြားရောင်, ပုလဲလုံး, ဝါဓေ့, သစ်သားနှစ်, ဟင်္ကျင်, ဆောက်လုံး ကြိုးရှည်, ပန်းကုံး, မီးခိုးညွန့်, ပြန့်သောပင့်ကူမျှင်, တိမ်လွှာ, ကြာပန်း, လှည်းဘီး, လဝန်း, နေဝန်းတို့ကဲ့သို့ ငြိမ်သက်စွာ ထင်၏။ ပဋိဘာဂ နိမိတ်ကား=ကြယ်ရောင်, ပတ္တမြား စသည် တို့ကဲ့သို့ ငြိမ်သက်စွာ ထင်၏။ ဥဂ္ဂဟနိမိတ်၌ စိတ်အစဉ့်ဖွဲ၍ ပဋိဘာဂ နိမိတ် ထင်သောအခါ ဥပစာရဈာန် မည်၏၊ ထိုနောက် ထွက်လေ ဝင်လေ နှစ်ပါး တသား တည်းကဲ့သို့ မလှုပ်မရှား ကည်သော ပဋိဘာဂ နိမိတ်၌ စိတ်ထား၍ ထပနာနည်း တခု ကည်းဖြင့်သာ ပွါးများရ လေသည်၊ ရေတွက်ဖွယ်, အစဉ့်ဖွဲဖွယ် မရှိတော့ပြီ၊ ပကြာမီ ရူပါဝစရ အပ္ပနာ ပဌမဈာန်ရ၏။

> အကြင်အခါ ထိုပရိကမ္မနိမိတ်ကို စိတ်ဖြင့်ယူအပ်၏၊ မျက်စိဖြင့် မြင်သကဲ့သို့ စိတ်မှာထင်၏၊ ထိုအခါ ထိုအာရုံသည် ဥဂ္ဂဟ နိမိတ်မည်၏၊ ထိုဘာဝနာသည် လည်း တည်ကြည်၏။

ဥဂ္ဂဟ နိမိတ်မည်သည်ကား မျက်စိမှိတ်၍ရင်း, ကသိုဏ်းကွက် တနေရာရာမှာတည်၍ရင်း ဆင်ခြင်လိုက်သော် မျက်မြင်နှင့်အတူ မနော ဒွါရမှာ ရှေ့ရှုထင်သော နိမိတ်ပေတည်း။ အဘယ့်ကြောင့် ဆိုသော် ပျက်စီးခြင်းမရှိဘဲ ယူအပ်လေသောကြောင့် ပေတည်း။

> ထိုကဲ့သို့ အပြီးအဆုံးသို့ ရောက်သော ပရိကမ္မ သမာဓိဖြင့် တည်ကြည်သော ထိုယောဂီ၏သန္တာန်မှာ ဥဂ္ဂဟနိမိတ်ဖြစ်ပြီးနောက်၌ ထိုဥဂ္ဂဟနိမိတ်မှာ ပရိကမ္မ သမာဓိဖြင့် ဘာဝနာကို အားထုတ်သော ယောဂီ၏အကြင်အခါမှာ သဘာဝ ဓမ္မဖြစ်သော ဥဂ္ဂဟနိမိတ်နှင့်တူသော သဘာဝဓမ္မဖြစ်သော ဥဂ္ဂဟနိမိတ်မှ လွတ်၍ သီးခြားတည်သော ပညတ်နိမိတ်ဟုဆိုအပ်သော ဘာဝနာဖြင့်ပြီးသော အာရုံသည် မနောဒွါရိက စိတ်အစဉ်၌ မတုန်မလှုပ် တည်သည်ဖြစ်၍ အပ္ပနာသို့ သက်ဝင်၏၊ ထိုအခါ ထိုနိမိတ်အာရုံကို ပဋိဘာဂနိမိတ် ဖြစ်လေပြီဟု ဆိုအပ်၏။

ဥဂ္ဂဟ နိမိတ်ကား သဘာဝ ဓမ္မ နိမိတ် ဖြစ်၏၊ ပဋိဘာဂ နိမိတ်ကား မိုဃ်းတိမ်ကြား ရာဟုခံတွင်းမှ ထွက်လာသော လဝန်းကဲ့သို့ သဘာဝ ဓမ္မဖြစ်သော ဥဂ္ဂဟ နိမိတ်မှ လွတ်၍ သီးခြား တည်သော ပညတ်နိမိတ် သက်သက်တည်း၊ ထို နိမိတ်သည် ဘာဝနာစိတ် စွမ်းအားဖြင့် ပြီးလေ သည်။ လဝန်း စသည်ကဲ့သို့ ထိုပဋိဘာဂ နိမိတ်အာရုံ၏ ထက်ဝန်းကျင် စင်ကြယ်သည်၏အဖြစ်ဖြင့် ထင်ခြင်းမည်သည်ကား ကိလေသာညစ်ကို ခွါသဖြင့် စင်ကြယ်သော အဖြစ်သို့ ရောက်လျက် အရောင် ထွက်သော

စိတ်၏ အစွမ်းဖြင့်သာ ဖြစ်၏။ ပဋိဘာဂနိမိတ် အာရုံ၏ အစွမ်းဖြင့် ဖြစ်သည်ကား မဟုတ်ပါလေ။ အဘယ့်ကြောင့် ဆိုသော် ပညတ်တရားမျိုးမှာ ထိုကဲ့သို့သော ဂုဏ်မျိုးကို မရအပ်လေသောကြောင့် ပေတည်း။

> ပဋိဘာဂနိမိတ် ဖြစ်သည့် အခါမှ စ၍ တားမြစ် အပ်သော နီဝရဏကို အထူးအားဖြင့် ပယ်ခြင်းကိစ္စရှိသော ကာမာဝစရ သမာဓိဟု ဆိုအပ်သော ဥပစာရ ဘာဝနာ ဖြစ်သည် မည်၏။ ထိုမှနောက်၌ ထိုပဋိဘာဂနိမိတ်ကိုသာ ဥပစာရ သမာဓိဖြင့် ကောင်းစွာ မှီဝဲသော ယောဂီအား ရူပါဝစရ ပဌမဈာန်သည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

ပဋိဘာဂနိမိတ်ကို ကောင်းစွာမှီဝဲသောယောဂီဆိုသည်မှာ ခုနစ်ပါး အပြားရှိသော နိမိတ်စောင့်ရှောက်ပုံ အစီအရင်ကို ပြည့်စုံစေ၍ စကြဝတေး မင်းလောင်း ကိုယ်ဝန်ကို စောင့်ရှောက်သကဲ့သို့ ကောင်းစွာ စောင့်ရှောက်လျက် ထပ်တလဲလဲ ဘာဝနာ၏ အစွမ်းဖြင့် မှီဝဲသော ယောဂီပင်တည်း။

(၁) အာဝါသ=တရားရှု-အကြင်ရှုမှာနေ၍၊မဖြစ်သေးသော နိမိတ် မဖြစ်၊ ဖြစ်ပြီးနိမိတ် ပျက်စီး၏၊ မဖြစ်သော သတိပေါ်မလာ၊ မတည်ကြည်သော စိတ်လည်း နောက်ထပ် မတည်၊ ထိုတရားရှုကား ယောဂီအား မလျောက်ပတ်၊ အကြင်တရားရှုမှာ နေ၍၊ နိမိတ်လည်း ဖြစ်၏၊ သမာဓိလည်း ရ၏။ ထိုတရားရှုကား ယောဂီအား လျောက်ပတ်၏။ သိဟိုဠ်ကျွန်း- ဂုဋ္ဌနာဂ လိုဏ်၌ တရား အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းငါးရာကို ထောက်ပါ။ (၂) ဂေါစရ=ဝမ်းရေးအတွက် ရှင်းနိုင်ရာအရပ်။ တရားရှုမှ မနီးမဝေး တကောသခွဲ အရပ်၌ လွယ်ကူသော ဆွမ်း ရကျွာ ရှိ၏။ ထို နေရာသည် လျောက်ပတ်၏။ ထိုကဲ့သို့ မဟုတ်သော နေရာမှာ မနေအပ်။ (၃) ဘဿ=ဆယ်မျိုးသော ကထာဝတ္ထုကို မှီသော စကားသည် ယောဂီအား လျောက်ပတ်၏။ (၄) ပုဂ္ဂလ=ဆယ်မျိုးသော ကထာဝတ္ထုကို ပြောကြားတတ်သော သီလဝန္တကမ္မဋ္ဌာန်းဆရာ။ (၅) ဘောဇန=ယောဂီကြိုက်နှစ်သက်သော အစာ။ (၆) ဥတု=ယောဂီကြိုက်နှစ်သက်သော ဥတု။ (၇) ဣရိယာပထ=ယောဂီအား လျောက်ပတ်သော ဣရိယာပုထ်။ ဤသို့ ရပြီးသော သမာဓိကို ယောဂီ၏ စိတ်ကြိုက် အဆိုပါ သပ္ပါယ ခုနစ်မျိုးဖြင့် စောင့်ရှောက်သွားပါက ရည်မှန်းချက် အလျောက် ခရီးပေါက်ကောင်း

ပေါက်သွားပေလိမ့်မည်၊ အကယ်၍ ခရီးမပေါက်ခဲ့ပြန်က အောက်ပါ အချက် ဆယ်မျိုးဖြင့် ထပ်မံဖြည့်စွက်ရပေဦးမည်။

(၁) **ဝတ္ထုဝိသဒကြိယာ**= အတွင်း ဝတ္ထု အပြင်ဝတ္ထု စင်ကြယ် အောင်ပြု။ (၂) **ဣန္ဒြိယသမတ္တပဋိပါဒနာ**=သဒ္ဓါ စသော ဣန္ဒြေငါးပါး ကို ညီမျှအောင်ပြု။ (၃) **နိမိတ္တကောသလ္လံ**=စိတ်တည်ကြည်ဘို့ဖြစ်သော အကြောင်းနိမိတ်ကို ပြုဘို့လိမ္မာခြင်း, ပွါးများဘို့လိမ္မာခြင်း,ပွါးများ ပြီးသည်ကို စောင့်ရှောက်မှု၌ လိမ္မာခြင်း။ (၄) **စိတ္တပဂ္ဂဟဏာ**=စိတ် အားလျော့နေက အားပေးခြင်း။(၅)**စိတ္တနိဂ္ဂဟဏာ**=စိတ်ထက်သန်လွန်း နေပါက စိတ်အားလျော့အောင် လုပ်ပေးရခြင်း။ (၆) **စိတ္တပဟာသနာ**= ရတနာသုံးပါးဂုဏ်ကို အောက်မေ့ခြင်းဖြင့် စိတ်ကို ရွှင်လန်းစေခြင်း။ (၇) **စိတ္တအဇ္ဈုပေက္ခနာ**=စိတ် ညီမျှနေပါက ကြောင့်ကြ မပြုခြင်း။ (၈) **အသမာဟိတပုဂ္ဂလဝိဝဇ္ဇနာ**=စိတ်မတည်ကြည်သူကို ရှောင်ကြဉ် ခြင်း။ (၉) **သမာဟိတပုဂ္ဂလသေဝနာ**=စိတ်တည်ကြည်သူကိုမှီဝဲခြင်း။ (၁၀) တဒဓိမုတ္တတာ=စိတ်တည်ကြည်မှုကို ဂရုစိုက်ခြင်း။ဤအထက်ပါ ဆယ်ပါးသော အချက်တို့ကို အကွက်စေ့အောင် ဖြည့်စုံစေရမည်။

ရှင်းချက်။ ။ယောဂီမှာ ကမ္မဋ္ဌာန်းကို အားစိုက်နေရလို့ ခန္ဓာကိုယ်နှင့် ဆိုင်ရာ ကိစ္စ လစ်ဟင်းနေတတ်သည်၊ ဆံပင်တွေရှေ ချေးတွေတက်လို့နေ၊ ဤလိုဖြစ်နေတော့ အတွင်းခန္ဓာကိုယ်ကြီးဟာ မသန့်ရှင်းတော့ပေဘူး၊ အဝတ်တွေဆိုပြန်တော့ နံစော် နေ၏၊ ကမ္မဋ္ဌာန်းထိုင်ရာ ပတ်ဝန်းကျင်မှာလည်း ဖုံတွေကထူနေ၊ဤလိုဖြစ်နေခြင်းကား အပြင်ဝတ္ထုတွေ မသန့်ရှင်းမှုပေဘဲ၊ အတွင်းဝတ္ထုတွေ မသန့်ရှင်းက ဉာဏ်မြင် မစင် ကြယ်နိုင်ဘူး၊ မသန့်ရှင်းတဲ့ဆီကို အမှီပြု၍ တောက်ရတဲ့ ဆီမီးရောင်လိုဘဲ၊ မသန့်ရှင်း သောဉာဏ်ဖြင့် သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်ပါက သင်္ခါရတရားတွေလည်း လွယ်ကူစွာ ထင်လာကြတော့မည် မဟုတ်ပေ၊ ယောဂီမှာလည်း မတိုးတက်နိုင်တော့ ချေ၊ အတွင်း အပြင် သန့်ရှင်း သော်မှသာ ဉာဏ်မြင် သန့်ရှင်းနိုင်သည်၊ ဉာဏ်သန့်ရှင်း သော်မှသာ သင်္ခါရတရားတွေကို သုံးသပ်လျှင် ထင်လွယ် မြင်လွယ်နိုင်သည်။

သဒ္ဓါ စသော ဣန္ဒြေ ညီစေမှု......ယောဂီမှာ သဒ္ဓါ ထက်သန် နေ၏၊ ဝီရိယ,သတိ,သမာဓိ,ပညာက အားသေးနေ၏၊ ဝီရိယက ချီးမြှောက် မှုကို မပြုနိုင်၊ သတိက စိတ်ဝယ် ထင်လာမှုကို မပြုနိုင်၊ ပညာက အမှန် အကန်သိမှုကို မပြုနိုင်၊ထိုအခါ ဝက္ကလိ ရဟန်းကဲ့သို့ တရားသဘောကို ဆင်ခြင်၍ သဒ္ဓါမှုကို လျော့ပစ်ပါ၊ဝီရိယအားကောင်း နေပြန်လျှင်လည်း ကြွင်းသော ဣန္ဒြေများနှင့် ညီမျှအောင် ပြုလုပ် ပေးပါ၊ ပဿဒ္ဓိကိုပွါး။

အချုပ်မှာ ဈာန်ငါးပါးစလုံး ညီမျှမှုကိုသာ လိုအပ် လေသည်။

ဆောင်ပုဒ်။ ။သဒ္ဓါလွန်ခဲ့၊ နုံ့ပညာမဲ့သော်၊ အန္ဓအာရုံ၊ ယုံမိတုံ၏။

သဒ္ဓါကောင်း၍ ပညာမရှိက မကြည်ညိုထိုက်ရာ ကြည်ညိုနေတတ်သည်၊ ဤနေရာ၌ (မုဓပသန္န) သမားများ သတိထားထိုက်၏။

ဆောင်ပုဒ်။ ။ဥာဏ်ရည်ချွန်လျက်၊ သဒ္ဓါကွက်မူ၊ ကပ်တွက်မဖြောင့်၊ စဉ်းလဲနှောင့်ဟု၊ ဆေးကြောင့်ဝေဒနာ၊ ကုခက်ရာသို့။

ဉာဏ်ရည်ထက်၍ သဒ္ဓါကွက်ခဲ့သော် စဉ်းလဲတတ်သည်၊သဒ္ဓါနှင့် ပညာ နှစ်ပါးစုံ ညီမျှ၍ ယုံကြည်ထိုက်ရာမှာ ယုံကြည် တတ်သည်။ သမာဓိ အားကောင်း၍ ဝီရိယအားမရှိ၊ ပျင်းရိခြင်း၏ အနှိပ်စက်ကို ခံရတတ်၏၊ ဝီရိယ အားကောင်းပြန်က သမာဓိအားမရှိ၊ စိတ်လေမှု နှိပ်စက်ခံရတတ်၏။ နှစ်ပါးစုံ အညီတွဲမိသော် စိတ်ပျံ့လွင့်မှု၌ ကျခွင့် မရ ရည်မှန်းချက် အကျိုးရဖြစ်မည်။ သမာဓိ အာဒိကမ္မိက ပုဂ္ဂိုလ်မှာ သဒ္ဓါအားကောင်းသော်လည်း သင့်မြတ်၏၊ ဧကဂ္ဂတာ အားကောင်း သော်လည်း သင့်မြတ်၏၊ ဝိပဿနာ အာဒိကမ္မိက ပုဂ္ဂိုလ်မှာ ပညာ အားကောင်းမှသာသင့်မြတ်၏၊သတိမူကားနေရာတိုင်းမှာအားကောင်း ပါမှ သင့်မြတ်၏၊ သတိသည် စိတ်ကို အတ္တအသီးသီးသို့ မကျရအောင် စောင့်ရှောက်လေသည်။

နှမိတ်၌လိမ်မာရမည်......(၁) သမာဓိ ရတ္တိ အကြောင်း ဖြစ်သော မပြုအပ်သေးသော ကမ္မဋ္ဌာန်းကို ပြုခြင်း၌ လိမ်မာခြင်း၊ (၂) ပြုအပ် ပြီးသော ကမ္မဋ္ဌာန်းကို ပွါးများမှုကို လိမ်မာခြင်း၊ (၃) ပွါးများသဖြင့် ရအပ်ပြီးသော သမာဓိကို စောင့်ရှောက်မှု၌ လိမ်မာခြင်း ရှိရပေမည်။

စိတ်ကိုချီးမြှောက်...... ယောဂီမှာ စိတ်အားလျော့နေမှု ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို မပွါးရ၊ ဓမ္မဝိစယ, ဝီရိယ, ပီတိ သမ္ဗောဇ္ဈင်တို့ကိုသာ ပွါးရမည်။

စိတ်ကိုနှိပ်ပေးသင့်ချိန်မှာနှိပ်ပေး......ယောဂီမှာ ဝီရိယလွန်နေလျှင် ဓမ္မဝိစယ, ပီတိသမ္ဗောဇ္ဈင်တို့ကို မပွါးရ၊ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ကိုသာ ပွါးရမည်။ ဝီရိယလွန်၍ ပျံ့လွင့်နေသော စိတ်ကို ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာသမ္ဗောဇ္ဈင်တို့က ငြိမ်းပျောက်စေနိုင်သည်။

အောင်မင်္ဂလာ ၄-၆၉

စိတ်ကိုရွှင်လန်း စေသင့်တဲ့အခါ ရွှင်လန်းစေ...... ယောဂီမှာ ပညာကနည်း၍ ဝီရိယကညံ့လို့ ငြိမ်သက်မှုသုခကင်းလျက် စိတ်ပျက်နေသော် သံဝေဂဝတ္ထု ၈-မျိုးကို ပြ၍ ထိတ်လန့်စေရမည်။

သံဝေဂ ဝတ္ထု ၈-မျိုး

(၁) ဇာတိ=ပဋိသန္ဓေနေရခြင်း, (၂) ဇရာ=အိုရခြင်း, (၃) ဗျာဓိ=နာရခြင်း, (၄) မရဏ=သေရခြင်း, (၅) အပါယဒုက္ခ=အပါယ်ဘုံ ဘဝမှ မရွ လွတ်မြောက် လေပြီဟု စိတ်မချရသေး၍ ဆင်းရဲခြင်း, (၆) အတီတေဝဋ္ဋမူလကဒုက္ခ=အတိတ် ပိုင်းက ဝဋ်ကို အရင်း အနှီး လုပ်ခဲ့ရသော ဒုက္ခ, (၇) အနာဂတေဝဋ္ဋ မူလကဒုက္ခ=အနာဂတ်ပိုင်း မှာလည်း ဝဋ်ကိုပင် အရင်း အနှီး လုပ်ရဦးမည့် ဒုက္ခ, (၈) ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိမူလက ဒုက္ခ=မျက်မှောက် ဘဝ၌ ခန္ဓာကိုယ်ကို အစာကျွေးမွေးဖို့ ရှာဖွေရခြင်း အရင်းရှိသောဒုက္ခ။

ဤသံဝေဂဝတ္ထု၈ပါးဖြင့် တရားကို ဆက်လက်အားထုတ်လာချင်အောင် ပြုလုပ်ပေးရမည်၊ ထို့ပြင် ဘုရားဂုဏ်,တရားဂုဏ်,သံဃာဂုဏ်တော်တွေကို အောက်မေ့သဖြင့် စိတ်ကို ကြည်လင်စေရမည်၊ဤကဲ့သို့ပြုလုပ်ပေးပါမှ ယောဂီ၏စိတ် ရွှင်လန်းလာပေမည်။

လျစ်လျူရှုသင့်သည့်အခါလျစ်လျူရှု......ယောဂီမှာ တွန့်တိုမှု,ပျံ့လွင့်မှု, သာယာမှုမရှိဘဲ ကမ္မဋ္ဌာန်းအာရုံမှာ အညီအမျှဖြစ်နေလျှင် အားပေးရန် နှိပ်ပေးရန် ရွှင်လန်းအောင်ပြုပေးရန်မလိုစိတ်ကိုလျစ်လျူရှုရလေသည်။

ရူပါဝစရပဉ္စမဈာန်

ရူပါဝစရပဉ္စမဈာန်သည် ကာမတဏှာ၏ ပိုင်ဆိုင်ရာ ကာမနယ်ကို လွန်မြောက်၍ အလွန်အကဲ သိမ်မွေ့နူးညံ့သည်၊ ဥပစာရဈာန်ထက် အဆအရာ အသ အထောင် အားဖြင့် အလွန် ခိုင်ခံ့သော ဈာန်အင်္ဂါနှင့် ယှဉ်လျက် ပဋိဘာဂနိမိတ်မှာ ဝင်သကဲ့သို့ ဖြစ်၏။

ဒုတိယဈာန်စသည်ဖြစ်ပုံ

ထိုမှနောက်၌ ထိုပဉ္စမဈာန်ကိုပင် အာဝဇ္ဇန,သမာပဇ္ဇန,အဓိဋ္ဌာန, ဝုဋ္ဌာန,ပစ္စဝေက္ခဏာဝသီ-ဟူသော ဝသီဘော် ၅ ပါးဖြင့် အလေ့အလာပြု၍ ဝိတက် စသော ရန်နှင့်ရင်းသော အင်္ဂါကို ပယ်ခြင်း၄ါရင်း, ဝိစာရ စသော နူးညံ့သော အင်္ဂါဖြစ်စေခြင်း၄ါရင်း၊ အားထုတ်သူအား အစဉ်အတိုင်း ဒုတိယဈာန်စသည် တို့သည် ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။

အာဝဇ္ဇနဝသီ......ဈာန်အင်္ဂါငါးပါးတွင် တပါးပါးသော အာရုံ၌ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ် ငါးကြိမ်သော ဇော, နှစ်ကြိမ် သုံးကြိမ်သော ဘဝင်မှ မလွန်မူ၍ အဆက်ဆက်ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှါ စွမ်းနိုင်မှုသည် အာဝဇ္ဇနဝသီမည်၏။

ရှင်းချက်။ ။ပဌမဈာန်မှာ ဈာန်အင်္ဂါ ငါးပါးရှိ၍ အာဝဇ္ဇနဝီထိသည် (၁) ဝိတက်ကို ဆင်ခြင်ရာမှာ တဝီထိ၊ (၂) ဝိစာရကို (၃) ပီတိကို (၄) သုခကို (၅)ဧကဂ္ဂတာကို ဆင်ခြင်ရာမှာ တဝီထိဖြစ်၍ ငါးဝီထိရှိ၏၊ ဈာန်အင်္ဂါတွေကို ဆင်ခြင်သော ယောဂီ၏ သန္တာန်မှာ ထိုထိုဈာန်အင်္ဂါတို့ကို အာရုံပြုသော စိတ်အကြိမ်တို့သည် ဈာန်အင်္ဂါတခုတခုကို ဆင်ခြင်သည့်အကြားမှာ ဘဝင်နှစ်ကြိမ်မျှခြား၍ မပြတ်ကဲ့သို့ဖြစ်လေသည်၊ ထိုအခါ အာဝဇ္ဇနဝသီ ပစ္စဝေက္ခဏာဝသီတို့သည် ဝသီဘော် မြောက်လေတော့၏။ ဈာန်အင်္ဂါတခုနှင့်တခု ပြောင်းကူးဆင်ခြင်ရာမှာ ခြားသော ဘဝင်နှစ်ကြိမ်သည်ကား နောက်အင်္ဂါကိုဆင်ခြင်သော စိတ္တုပ္ပါဒ်များဖြစ်ရန်အတွက် အခြေခံမျှသာ ဖြစ်လေသည်။ဘဝင်နှစ်ကြိမ်ဖြစ်ပြီးလျှင် နောက်နောက်သော ဈာနင်ထင်လာလေသည်။ အာရုံထင်ခြင်းသို့ မရောက်ပါက ဘဝင်လှုပ်ရိုးမရှိ၊ ဘဝင်လှုပ်ခြင်းမရှိကလည်း အာဝဇ္ဇန်းဖြစ်ရိုး မရှိပါလေ။

ဆောင်ပုဒ်။ ။အာရုံမထင်၊ ဘဝင်မလှုပ်၊ ဘဝင်မလှုပ်၊ စိတ္တုပ္ပါဒ် ဖြစ်ရိုးမရှိ။

သမာပဇ္ဇနဝသီ။ ။ဝင်စားလိုသည့်၏ အခြားမဲ့၌ ဘဝင်နှစ်ကြိမ်မှ နောက်သို့ မသွားမူ၍ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်းငှါ စွမ်းနိုင်သော အဖြစ်သည် သမာပဇ္ဇနဝသီမည်၏၊ (ဈာန်ကို အလျင်အမြန် ဝင်စားမှု၌ စွမ်းနိုင်ခြင်းသည် သမာပဇ္ဇနဝသီမည်၏)ပရမတ္ထဒီပနီ။

အဓိဋ္ဌာနဝသီ။ ။အလိုရှိသမျှကာလပတ်လုံး ဈာန်ကိုထားခြင်းငှါ စွမ်းနိုင်မှုသည် အဓိဋ္ဌာနဝသီမည်၏။ (ဝင်စားပြီး ဈာန်ကို လက်ဖျစ်တတွက်စသည်၏ အစွမ်းဖြင့် အလွန်တိုလျသော ခဏကလေးမျှပင် ထားနိုင်မှုသည် အဓိဋ္ဌာနဝသီမည်၏) ပရမတ္ထဒီပနီ။

ဝုဋ္ဌာနဝသီ။ ။ပိုင်းခြားထားသော အချိန်သို့ မရောက်မီမထဘဲ ပိုင်းခြားရာ ကာလ၏အစွမ်းဖြင့် ထစွမ်းနိုင်မှုသည် ဝုဋ္ဌာနဝသီမည်၏၊ (ဝင်စားပြီး ဈာန်မှအမြန်ဆုံးထနိုင်သည့် ဝုဋ္ဌာနဝသီမည်၏)။ ပရမတ္ထဒီပနီ။ ထူးခြားချက်-ပစ္စဝေက္ခဏာဝသီမှုကား အာဝဇ္ဇနဝသီဖြင့်သာ ပြီးစီးလေတော့သည်၊ မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့ ဖြစ်သော ဇောတို့သည် ပစ္စဝေက္ခဏာ ဇောများမည်လေသည်။

ဝိတက်စသော ရန့်ရင်းသောအင်္ဂါကိုပယ်မှု

ပဉ္စမဈာန်ကို ဝသီဘော်ပြု၍ တည်သူမှာ ဝိတက်သည်ရန့်ရင်းသောအားဖြင့် ထင်၏၊ အဝိတက္ကဈာန်ဖြစ်စေမှုအတွက် အလိုဆန္ဒပေါ်လာ၏၊ ထိုအခါ လိုသောဆန္ဒအလျောက် တဖန် ထိုပဋိဘာဂနိမိတ်၌ ပရိကမ်ပြုသူအား ဝိတက္ကဝိရာဂဘာဝနာ ဖြစ်ပေါ်လာ၏၊ ထိုဘာဝနာသည် ဝိတက်၌တပ်နှစ်သက်မှု မကုန်သေးသမျှ ပရိကမ္မဘာဝနာ မည်၏၊ ဝိတက်၌ တပ်နှစ်သက်မှုကုန်ခဲ့သော် ဥပစာရဘာဝနာမည်၏၊ ကြွင်းဈာန်ဥပစာရများ၌လည်းနည်းတူသိပါလေ။ ဤကဲ့သို့ ထိုထိုဈာန်အင်္ဂါ၌ တပ်နှစ်သက်ခြင်းကင်းအောင် ပွါးများသော ဘာဝနာ၏အစွမ်းဖြင့် ဝိတက်စသောရန့်ရင်းသော ထိုထိုဈာန်အင်္ဂါကိုပယ်စွန့်ရန်အကျိုးငှါ—

ဝိစာရစသော သိမ်မွေ့သော အင်္ဂါကိုဖြစ်စေမှု

ဒုတိယဈာန်မှာ ဝိစာရစသော သိမ်မွေ့သောဈာန်အင်္ဂါလေးပါး, တတိယဈာန်မှာ ပီတိစသော ဈာန်အင်္ဂါသုံးပါး, စတုတ္ထဈာန်မှာ သုခဧကဂ္ဂတာဟူသောဈာန်အင်္ဂါနှစ်ပါး,ပဉ္စမဈာန်မှာ ဥပေက္ခာဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါနှစ်ပါးတို့ဖြစ်ပေါ်လာစေရန်အကျိုးငှါ—

ပဒဟာတော။ ။ဝီရိယကြိုးကုတ်အားထုတ်သူအား ဒုတိယဈာန်စသည်တို့ဖြစ်ကုန်၏။

ဒုတိယဈာနာဒယော။ ။ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်ပဉ္စမဈာန်တို့သည်။

ယထာရဟ။ ။ဒုတိယဈာန်ရရန်အတွက် ကသိုဏ်း ၁၀-ပါး, အာနာပါန၊တတိယဈာန်, စတုတ္ထဈာန်,ပဉ္စမဈာန်, ရရန် အတွက် ကသိုဏ်း ၁၀-ပါး အာနာပါန ဤသို့ ဆိုင်ရာ ဆိုင်ရာ ကမ္မဋ္ဌာန်းကို အကြောင်းပြု၍ ဖြစ်သည်ကို ရည်ရွယ်လျက် ယထာရဟ မိန့်ဆိုတော်မူသည်။

ဤသို့ဆိုအပ်ခဲ့သောနည်းဖြင့် ပထဝီကသိုဏ်းစသော နှစ်ဆဲ့နှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌ပဋိဘာဂနိမိတ်ကိုရအင်၏။အထက်ပါနှစ်ဆဲ့နှစ်ပါးသော ကမ္မဋ္ဌာန်းမှကြွင်းသော ကမ္မဋ္ဌာန်းများတွင် အပ္ပမညာလေးပါးတို့သည် သတ္တဝါပညတ်၌ဖြစ်ကုန်၏။အာကာသသည် ကသိုဏ်းကိုးပါးတို့တွင်အမှတ်မရှိသောကသိုဏ်းကိုခွါ၍ ရအပ်သောအာကာသကို အနန္တံ အာကာသံ အနန္တံ အာကာသံ ဟု အနန္တ၏ အစွမ်းဖြင့် ပရိကမ်ပြုသော ယောဂီအား ပဌမာရုပ္ပဈာန်သည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

ကြွင်းသော တဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းများတွင် အရူပဈာန်တို့သည် အာရုံကို လွန်မြောက်သည် အစွမ်းဖြင့်သာ ဖြစ်ကုန်၏။ အာရုံကို လွန်မြောက်ဘို့ရန်လည်း ကသိဏ်းကို ခွါမှ မည်သည် ဖြစ်ရပေ၏။ သို့ဖြစ်၍ ခွါသင့်သောကသိဏ်းများကိုပြရန် ''အာကာသဝဇ္ဇိတကသိဏောသု'' စသည်ဖြင့် မိန့်ဆိုတော် မူအပ်လေသည်။ ရှေ့ကပဌမဈာန်,ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်,ပဉ္စမဈာန်များမှာ ပရိစ္ဆေဒါကာသကိုပွါး၍ရခဲ့အံ့၊အာကာသာနဉ္စာယတနဈာန်ကိုရလို၍နောက်ကပွါးခဲ့သည့် အာကာသကို ဆက်လက် ပွါး၍ မဖြစ်။ အဘယ့်ကြောင့်ဆိုသော် အာကာသသည် ခွါအပ်သော်လည်း မရလေ၊ အာကာသသာ ဖြစ်၏။ ထိုခွါ၍ မရအပ်သော အာကာသကို အကြောင်းပြု၍ အထက်ဈာန်ဖြစ်ပေါ်ဘို့ရန် ဘာဝနာကိုပြုသူအားလည်း ထပ်တလဲလဲပဉ္စမဈာန်သာဖြစ်၏၊ အာရုံ မလွန်မြောက်က ဈာန်လည်း မလွန်မြောက်ပါလေ။ အာရုံ လွန်မြောက်မှသာ ဈာန် လွန်မြောက်သည်၊ သို့ဖြစ်၍ ကသိဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါရသည်ဟုဆို၏။အာကာသာနဉ္စာယတနဈာန်ကို အလိုရှိပါက ခွါ၍ရစကောင်းသောပထဝီစသော ကသိဏ်းကိုးပါးတို့တွင် တပါးပါးကို ပဋိဘာဂ နိမိတ် ဖြစ်သည် တိုင်အောင်ပွါးများ၊ ထိုနောက် ထိုကသိဏ်းကွက်ကို အာကာသော ဟုရှု၊ ဥဂ္ဂဟနိမိတ်မှာရှုသောကသိဏ်းကွက်ပမာဏအတိုင်းဖြစ်၏၊အကျယ်ချဲ့သော်လည်း ချဲ့၍မရသေးပါ။ ပဋိဘာဂနိမိတ်ဖြစ်သော အာကာသကသိဏ်းဝန်း ဖြစ်လျှင် မူကား ယောဂီက အကျယ်ပြု လိုသလောက် ကျယ်ပွါးနိုင်၏။

ဒုတိယနဒွေဓာ။ ။အာကာသသည် ကြည်အပ်သော ကသိဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါရမည်ဆိုသည်မှာ အထက် ရူပါဝစရဈာန်များကို ပထဝီကသိဏ်းစသည်ကိုပွါး၍ ရသည် ဖြစ်အံ့။ ထိုကသိဏ်းကွက်သည် မျက်စိဖြင့် မြင်သကဲ့သို့ စိတ်မှာထင်နေသည်။ ထိုကသိဏ်း ပဋိဘာဂ နိမိတ်ကို နှလုံး မသွင်းဘဲ ထိုမြင်နေသော ကသိဏ်းပဋိဘာဂ နိမိတ်၌ပင် ''အာကာသံ အနန္တံ အာကာသံ အနန္တံ''ဟု အာကာသကိုအာရုံပြု၍ ပရိကမ်ပြုသောယောဂီအား ပဌမာရုပ္ပစိတ်ဖြစ်၏။

ရှင်းချက်။ ။''အာကာသံအနန္တံ''ဟု မပြုလိုက အာကာသော အာကာသောဟုလည်း ပြုနိုင်၏။ နောက်အာရုပ္ပများ၌လည်း ဝိညာဏံဟု ပရိကံပြုနိုင်၏၊ အာကာသံ အနန္တံ အာကာသံ အနန္တံဟု အာကာသ သညာကို ဖြစ်သော ယောဂီ၏စိတ်မှာ ထိုပထဝီကသိုဏ်းစသော ပဋိဘာဂနိမိတ်သည် ကွယ်ပျောက်တော့၏။ ထိုကသိုဏ်းနိမိတ်ကွက်ပမာဏနှင့် တူညီသော(ဝါ)ကသိုဏ်းနိမိတ်ကွက်ပမာဏရှိသော အာကာသသည်သာ ယောဂီ၏စိတ်အစဉ်မှာ ထင်လာလေ၏။

ဤကဲ့သို့ ပထဝီစသော ကသိုဏ်းနိမိတ်သညာကိုဖျောက် အာကာသသညာကို ရောက်စေသဖြင့် အမှတ်မထား တပါးပါးသောပထဝီစသော ကသိုဏ်းကို ခွါမှုသည် ''ဥဂ္ဃါဋေတွာ''ဟုပင် ဆိုလိုရင်းဖြစ်၏။ မုန့်ကြော် အိုးကင်းမှ မုန့်ကိုခွါသကဲ့သို့ ခွါရသည်မဟုတ်ဟု မှတ်ပါလေ။ ထို့ကြောင့် ''အမနသိကာရဝသေန ဥဒ္ဓရိတွာ''ဟု ဋီကာတို့၌ ဖွင့်ဆိုကြ၏။

ထိုပဌမာရုပ္ပဝိညာဏ်ကိုပင် အနန္တ၏ အစွမ်းဖြင့် ပရိကမ်ပြုသောယောဂီအား ဒုတိယာရုပ္ပဝိညာဏ်သည် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်၏။

ထိုပဌမာရုပ္ပဝိညာဏ်ကို အနန္တံ ဝိညာဏံ အနန္တံဝိညာဏံဟု ပရိကမ်ပြု၊ သို့မဟုတ်ဝိညာဏံ ဝိညာဏံ-ဟု ပရိကမ်ပြုလေ။

ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုပင် နတ္ထိကိဉ္စိဟု ပရိကမ်ပြုသော ယောဂီအား တတိယာရုပ္ပဝိညာဏ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။ တတိယာရုပ္ပဝိညာဏ်ကို သန္တံ ဧတံ-ပဏီတံ ဧတံဟု ပရိကမ်ပြုသော ယောဂီအား စတုတ္ထာရုပ္ပ ဝိညာဏ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။

ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းမှုကို အာရုံပြုသည်၏ အဖြစ်ကြောင့် သန္တံ=နူးညံ့သည်၊ ပဏီတံ=မွန်မြတ်သည်ဟု ဆိုလို၏။

အပ္ပနာသို့ ဆောင်သောကမ္မဋ္ဌာန်းမှကြွင်းသော ဗုဒ္ဓါနုဿတိ စသောဆယ်ပါးသောကမ္မဋ္ဌာန်း တို့၌ ဗုဒ္ဓစသည်ကို အာရုံပြုလျက် ပရိကမ်ပြု၍ ထိုဗုဒ္ဓဂုဏ်ကို ကိုင်းရှိုင်းသည်၏ အစွမ်းဖြင့် ကောင်းစွာယူအပ်သော်ထိုဗုဒ္ဓါနုဿတိစသော ဆယ်ပါးသော အာရုံတို့၌ ပရိကမ္မဘာဝနာပရိကမ္မသမာဓိဖြစ်၏။ နီဝရဏ တို့ကို ကွာစေသော ဥပစာရသမာဓိလည်း ဖြစ်၏။

ပရိကမ္မံကတွာ=သော ဘဂဝါ ဣတိပိ အရဟံ-စသည်ဖြင့် နောက်ကပြခဲ့သည့်အတိုင်း ပရိကမ်ပြု။ တသ္မိံ နိမိတ္တေ သာဓုကမုဂ္ဂဟိတေ=ဗုဒ္ဓဂုဏ်စသော အာရုံ၌ အာရုံ၏ အခြင်းအရာဟူသော နိမိတ်ကို အာရုံ အလွန်ထင်ရှားသည်၏အစွမ်းဖြင့် စိတ်က ထိုအာရုံမှာ ညွတ်မှု,ကိုင်းမှု, ရှိုင်းမှု,အနေဖြင့် ကောင်းစွာယူအပ်ပါလျှင် ဗုဒ္ဓဂုဏ်စသော အာရုံမှာ ပရိကမ္မဘာဝနာ ပရိကမ္မသမာဓိဖြစ်၏၊ သစ္စာကို မြင်ပြီးသော အရိယာတပည့်တို့မှာ ဥပစာရသမာဓိလည်း ဖြစ်၏။ (တနည်း) သစ္စာမြင်ပြီး

မဟုတ်သော ယောဂီတို့ အားလည်း မရထာနူသတိ, အာဟာရေ ပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန်တို့၌ ဥပစာရသမာဓိ ဖြစ်၏၊ ဤနေရာ၌ နီဝရဏကို ခွါခြင်းဖြင့်၎င်း, ဈာန်အင်္ဂါ၏ထင်ရှားဖြစ်ခြင်းဖြင့်၎င်း ဥပစာရသမာဓိ၏ ပြည့်စုံမှုကို သိအပ်လေသည်။

လေးဆယ်သော ကမ္မဋ္ဌာန်းတို့၌ ထိုက်သည်အားလျော်စွာ သမထဈာန်တို့၏ ဖြစ်ခြင်းကိုပြပြီး၍ ယခုအခါ ထိုသမထဈာန်တို့၌ ကသိုဏ်းဈာန်တို့၏ အကျိုးဆက်ဖြစ်သော အဘိညာဏ်၏ဖြစ်ခြင်း၄ါ "အဘိညာဝသေန" စသော စကားကို မိန့်ဆို၏။

> အဘိညာဏ်၏ အစွမ်းဖြင့် ဖြစ်သော ရူပါဝစရ ပဉ္စမဈာန်သည် အဘိညာပါဒက ပဉ္စမဈာန်မှထ၍ အဓိဋ္ဌေယျ စသည်ကို ဆင်ခြင်၍ ပရိကမ် ပြုသော ယောဂီအား ရူပါရုံစသည်တို့၌ ထုက်သည် အားလျော်စွာ ဖြစ်၏။

အဘိညာ။ ။အဘိ ဝိသေသေန ဇာနာတီတိ အဘိညာ=အထူးသဖြင့် သိတတ်သောကြောင့် အဘိညာဏ်မည်၏၊ထိုအဘိညာဏ်သည်ရှေးဘဝကဆုတောင်းခဲ့ပြီးသော(သို့မဟုတ်)အနီးဆုံးဘဝမှာ သမထဈာန်တို့ကို အားထုတ်ဘူးသော ပုဂ္ဂိုလ် (သို့မဟုတ်) ဗောဓိဉာဏ်၏ အဆောက် အဦကို ဖြည့်ဆည်း ဘူးပြီး ဖြစ်သော ယောကျ်ားမြတ် ဇာတ်ဝင်သူများမှာ သမထဈာန် ပြီးလျှင် ပြီးတော့လေသည်။ အချို့ ဆရာ တို့က-ရူပဈာန်မျှ ပြီးလျှင်ပင် ပြီးတော့၏-ဟုဆိုကုန်၏။

အဘိညာပါဒကပဉ္စမဈာနာဝုဋ္ဌဟိတွာ။ ။အဘိညာဏ်၏ အခြေခံအကျိုး၄ါ အဘိညာဇာတ်ဝင်ဖြစ်သော ရူပါဝစရပဉ္စမဈာန်ကိုအဦးဆုံးဝင်စားရ၏၊ဝင်စားပြီးမှ ဘဝင်ဖြစ်သည်၏ အစွမ်းဖြင့် ထရသည်။

အဓိဋ္ဌေယျာဒိကံ။ ။အဓိဋ္ဌာတဗ္ဗန္တိ အဓိဋ္ဌေယျံ=အဓိဋ္ဌာန်အပ်သော ဝဏ္ဏ နှင့် တကွ ဖြစ်သော ရုပ် ပေါင်း တရာ, တထောင် စသော မိမ္မိတရုပ်တည်း။အဝဏ္ဏကာ=ဝဏ္ဏရုပ်မရှိသော၊အာဝိဘာဝ=ထင်ရှား ရှိသော၊ တိရောဘာဝ=ဖုံးကွယ်သော။ ဤသို့ စသော အမှုမှာ အဓိဋ္ဌေယျ စသည်ရှိ၍ အဓိဋ္ဌေယျာ ဒိက-ဟုဆို၏။ အဓိဋ္ဌေယျာဒိက၏အရမှာ အဝဏ္ဏက,အာဝိဘာဝ,တိရောဘာဝ စသော အမှုရ၏။

အာဝဇ္ဇိတွာ ပရိကမ္မံ ကရောန္တဿ။ ။ဣဒ္ဓိဝိဓ အဘိညာမှာ နိမ္မိတ ရုပ် အပေါင်း ရာ, ထောင် စသည်ကို (သို့မဟုတ်) ထင်ရှား ဖြစ်ခြင်း စသော နိမ္မိတ အမှုကို ပြီးစေလိုအံ့၊ ပြီးစေလိုရာကို မှတ်၍ နိမ္မိတရုပ်မှာ မိမိအတွက် သတံ ဟောမိ သဟဿံ ဟောမိ သူတပါးအတွက် သတံ ဟောတု,သဟဿံ ဟောတု-ဟု ပရိကမ်ပြု၊ နိမ္မိတကမ္မရုပ်မှာ ဣဒ္ဓိဒ္ဓဟောတု ဝေဠု ဝေဠုဟောတု-ဟု ပရိကမ်ပြု။

ဒိဗ္ဗသောတ၌--အဝေး,အနီး, အကြမ်း,အနု စသည် အပြားရှိသော အသံကို၊ စေတော ပရိယ၌--သူတပါး၏ နှလုံးသွေး အဆင်းကို ကြည့်သဖြင့် သရာဂ အပြားရှိသော စိတ်ကို၊ ပုဗ္ဗေနိဝါသာနုဿတိ၌ ရှေးဘဝ၌ စုတိစိတ်စသည် အပြားရှိသော ရှေးကနေဘူးသော ခန္ဓာအစဉ်ကို၊ ဒိဗ္ဗစက္ခု၌ အလင်းရောင် ပျံ့နှံ့ရာသို့ ရောက်သော အဝေးရုပ်, ဖုံးကွယ်ထားသော ရုပ်,သေးငယ်သောရုပ်အာရုံကို ဆင်ခြင်၍ ပရိကမ်ပြု။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-ပရိကမ်ပြုပြီးနောက် တဖန် ပါဒကဈာန် ဝင်စားခြင်းလာ၏။အဘိညာပါဒကဈာနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ သစေ ကင်္ခတိ သတံ ဟောမိ သတံ ဟောမီတိ ပရိကမ္မံ ကတွာ ပုန အဘိညာ ပါဒကံ ဈာနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ အဓိဋ္ဌာတိ၊ အဓိဋ္ဌာန စိတ္တေန သဟေဝ သတံ ဟောတိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)။

အဘိညာ၏ အခြေဈာန်ကို ဝင်စား၊ ထိုဈာန်မှ ထ၍ တရာအလိုရှိမူ၊ သတံ ဟောမိ သတံ ဟောမိ-ဟု ပရိကမ်ပြု၊ တဖန် အဘိညာ၏ အခြေဈာန်ကို ဝင်စား၊ ထိုမှထ၍ အဓိဋ္ဌာန်၊ အဓိဋ္ဌာန် စိတ်နှင့် အတူ နိမ္မိတ ရုပ်သွင် ပေါင်း တရာဖြစ်၏။

ရှင်းချက်။ ။အစ အဦး ပါဒကဈာန် ဝင်စားခြင်းသည် ပရိကမ်စိတ်ကို ဆောက်တည်ခြင်းငှါဖြစ်၏၊ နောက်ပါဒကဈာန် ဝင်စားခြင်းသည် အဘိညာကို အားပေးရန် အကျိုးငှါ ဖြစ်၏။ ထိုကြောင့် ပါဒကဈာန် အားဖြင် ကောင်းစွာ တည်ကြည်သော ပရိကမ်စိတ် မည်သည် မိမိ၏ အရာမှာ အဘိညာ စိတ်နှင့် အလားတူ၏။ ရှေးကနေခဲ့ဘူးသည်ကို အောက်မေ့ရာမှာ ထိုပရိကမ်စိတ်ဖြင့်သာ ထိုဘဝ၌ အတိတ်ပိုင်းက တရားအပေါင်းကို ပဋိသန္ဓေ တိုင်အောင် သိ၏၊ ထိုကြောင့်ပင် အဋ္ဌကထာမှာ- ထိုပရိကမ်နှင့်ယှဉ်သော ဉာဏ်ကို ပရိကမ္မသမာဓိ ဉာဏ်ဟု မိန့်ဆိုအပ်၏။ အတီတံသ ဉာဏ်ဟုလည်း ဆိုနိုင်ပါသေးသည်။ အရှင်အနုရုဒ္ဓါ မထေရ်သည်ကား-

နောက်ဖြစ်သော အဘိညာပါဒကဈာန်ကို ဝင်စားခြင်းသည် ပုဂ္ဂိုလ်တိုင်းမှာ မဖြစ်ပါ၊အဘိညာဏ်တို့၌ ဝသီဘော်ရ ပုဂ္ဂိုလ်များမှာ နောက်ထပ် ပါဒကဈာန် ပြုမှုမရှိ၍ ဤသဖြိုဟ်ကျမ်း၌ မယူအပ်ဟု မှတ်ပါလေ။

ရူပါဒိသုအာလမ္ဗဏေသု။ ။အတ္ထဝိဘ ညဏ်၏ အာရုံမှာကား ပါဒကဈာန်, ကာယ, ရူပါရုံ စသည်ကို အဓိဋ္ဌာန်ရာ၌ ရူပစသောအာရုံခြောက်ပါးဟု သုံးဌာနရှိရာ-ပါဒကဈာန် အာရုံကား အတိတ်,ကာယကား ပစ္စုပ္ပန်,ဓိဋ္ဌာန်ရာ၌ရူပါရုံစသည်ကား ပစ္စုပ္ပန်သော်၎င်း အနာဂတ်သော်၎င်း ဖြစ်၏။ ဒိဗ္ဗသောတ၏ အာရုံမှာကား ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံ၊ ပရစိတ္တဝိဇာနန အဘိညာဏ်၏ အာရုံမှာကား အတိတ်ပိုင်း ခုနစ်ရက်၊အနာဂတ်ပိုင်း ခုနစ်ရက်တို့၌ဖြစ်သော ကာမစိတ် စသည်တွင် အမှတ်မရှိသော ကာလသုံးပါး၌ ဖြစ်သော စိတ်ဟု မဟာအဋ္ဌကထာမှာဆို၏။ အဋ္ဌကထာသစ် ဆရာတော်ကား- နာမခန္ဓာလေးပါးဟု မိန့်ဆို၏။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်၏ အာရုံကား ပုဗ္ဗေနိဝုတ္ထဖြစ်သော ခန္ဓာ,ခန္ဓာနှင့်စပ်သော အမည်,အနွယ် ပညတ် နိဗ္ဗာန်တို့ ပေတည်း။

ရှင်းချက်။ ။ပရစိတ္တ ဝိဇာနန အဘိညာဏ်၏ ပစ္စုပ္ပန်အာရုံပြုသော အဖြစ်သည် အဘယ် အကြောင်းကြောင့် ဖြစ်သနည်း၊ မနောဒွါရာ ဝဇ္ဇန်းသည် ယူအပ်သော အာရုံသာ စေတောပရိယ အဘိညာဏ်နှင့်ယှဉ်သော စိတ်၏အာရုံ ဖြစ်သည် မဟုတ် ပါလော၊ မနောဒွါရာဝဇ္ဇန်းစိတ်သည် ပစ္စုပ္ပန်အာရုံပြု၍ ချုပ်ခဲ့သော် ထိုမနောဒွါရာ ဝဇ္ဇန်းနှင့် ကာလတူဖြစ်၍ သူတပါး၏စိတ်လည်း ချုပ်၏(အာဝဇ္ဇန်းဖြင့်ဆင်ခြင်သော သူတပါး၏စိတ်သည် ဆင်ခြင်သူ၏အာဝဇ္ဇန်းနှင့်အတူသာလျှင် ချုပ်၏။ဇောသို့မပါခဲ့၊ မနောဒွါရာဝဇ္ဇန်းမှာ ချုပ်ခဲ့သော စိတ်သည်သာလျှင် ဆင်ခြင်သူရဲ့ ဇောစိတ်၏ အာရုံ ဖြစ်၏။ဤသို့ဖြစ်က မနောဒွါရာဝဇ္ဇန်းနှင့်ဇောသည်ကာလအားဖြင့် အာရုံကွဲပြားနေ၏။ မနောဒွါရာဝဇ္ဇန်းက ပစ္စုပ္ပန်ကာလ ဇောက အတိတ်) ထို့ကြောင့် အာဝဇ္ဇန်းနှင့်ဇော ကာလ အားဖြင့် အာရုံတူညီမှုမရှိ၊မဂ္ဂဝီထိ,ဖလဝီထိမှတပါးကုန်သော ဝီထိတို့၌ အာဝဇ္ဇန်း၏ အာရုံနှင့်ဇော၏ အာရုံတို့သည် ကာလအားဖြင့် ပြားသည်ဟု မရှိပြီ။ အဘယ်သို့လျှင် စေတောပရိယ အဘိညာဏ်ဝီထိ၌ အာဝဇ္ဇန်း၏ အာရုံနှင့် ဇော၏အာရုံတူသည်၏ အဖြစ်၊ ပြားသည်၏ အဖြစ်ကို သိရပါသနည်း-ဟု မေးဘွယ်ရှိ၏။ အဋ္ဌကထာမှာ- သန္တတိ ပစ္စုပ္ပန်,အဒ္ဓါပစ္စုပ္ပန် အာရုံရှိသည်၏အဖြစ်ကိုယှဉ်စပ်ဖြေဆိုထား၏။(ပူသော အရပ်မှာနေ၍ အရိပ်သို့ဝင်သောသူမှာ ပူသောဥတု မငြိမ်းသေးသမျှ ကာလပတ်လုံး သန္တတိ ပစ္စုပ္ပန်ဆို၏၊ အအေးဥတုလည်း နည်းတူပင်)

ဆောင်မဂ်လာ ၄-၇၀

မူလဋီကာဆရာတော်ကား–ပါဒကဇျာန်မှ ထ၍ ပစ္စုပ္ပန် စသည်ကို ပေဖန်ခြင်းမပြုဘဲ သက်သက် ဤသူ၏စိတ်ကို သိရအံ့ဟူသော ပရိကမ် ပြု၍ နောက်တဖန် ပါဒကဈာန်ကို ဝင်စား၊ထိုမှထကာ သာမန်အားဖြင့် စိတ်ကိုဆင်ခြင်၍ တိက္ခပုဂ္ဂိုလ်မှာ သုံးကြိမ်သော ပရိကမ်ဇော, မန္ဒ ပုဂ္ဂိုလ်မှာ လေးကြိမ်သော ပရိကမ် ဇောတို့၏ အခြားမဲ့၌ စေတော ပရိယညာဏ်ဖြင့် သူတပါး၏စိတ်ကိုသိ၏၊ ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်သ ကဲ့သို့ပင်တည်း။နောက်မှကာမာဝစရစိတ်ဖြင့် သရာဂစသည် ပိုင်းခြား မှတ်သားမှုကိုပြု၏၊ အညီအမျှ စသော အဆင်းကို ပိုင်းခြား မှတ်သား သကဲ့သို့ပင်တည်း၊ အလုံးစုံသော အာဝဇ္ဇန်းနှင့် ဇောစိတ်တို့သည် ရှေးရှု ဖြစ်သော သူတပါး၏ စိတ်လျှင် အာရုံရှိကုန်၏၊ အထူးထူးသော အာရုံရှိမှုအနေဖြင့် မလိုအပ်သော စေတောပရိယ အဘိညာဏ်အရာမှာ အထူးထူးသော အာရုံရှိမှုဟူသော အဖြစ်သည် မရှိပါလေ။ အဘယ့် ကြောင့်ဆိုသော် ထူးသော အခြင်း အရာ အားဖြင့် ဖြစ်ခြင်း မရှိသော ကြောင့် ပေတည်းဟု မိန့်ဆိုတော်မူ၏။

ရှင်းချက်။ ။မူလဋီကာ ဆရာတော်၏ အယူမှာ–သူတပါး၏စိတ်ကို သန္တတိ ပစ္စုပ္ပန်,အဒ္ဓါပစ္စုပ္ပန်,၏ အစွမ်းဖြင့် မယူလို၊ ခဏပစ္စုပ္ပန်၏ အစွမ်းဖြင့်သာ ယူလို၏၊ အဘဲ့ကြောင့်ဆိုသော်–အတီတာ ရမဏတိက်ကို သန္တတိ ပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်၏ အစွမ်းဖြင့်သာ ဟောအပ်သည်ဟု မဆိုနိုင်သောကြောင့် ပေတည်း၊ ဒီလိုမှမဟုတ်ဘဲ အတီတာရမဏတိက်မှာ သန္တတိ,အဒ္ဓါပစ္စုပ္ပန်၏အစွမ်းဖြင့်ဟောသည်ဟုယူပါငြားအံ့ ''ပစ္စုပ္ပန္နော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော အာသေဝန ပစ္စယေန ပစ္စယော'' ဟူ၍ကား ဟောတော်မူခဲ့ပါသည်၊ သို့ဖြစ်၍ စေတောပရိယ အဘိညာဏ်ရှင် ပုဂ္ဂိုလ်၏ အာဝဇ္ဇန်းစသော စိတ်တို့သည် အသီးအသီး မိမိနှင့် ခဏ အနေအားဖြင့် တကွဖြစ်သော တပါးသူ၏စိတ်ကို ယူနိုင်ကုန်၏ဟု ဆိုပါက သင့်မြတ် လေသည်၊ အာဝဇ္ဇန်းစသော စိတ်တို့သည်လည်း ဓမ္မအားဖြင့် အာရုံကွဲပြားမှု မရှိကြ ပါလေ။ အဘဲ့ကြောင့်ဆိုသော် ယူပုံအခြင်းအရာ မကွဲပြားသောကြောင့် ပေတည်း။ မှန်၏–အာဝဇ္ဇန်းကလည်း စိတ်ဟူသာ ဆင်ခြင်၏။ ဇောတို့ကလည်း စိတ်စိတ်ဟူသာ စောကုန်၏။ အာဝဇ္ဇန်း၏အာရုံမှာ ဇောစိတ်၏ အာရုံတွေ့ပါ စိတ်သာဖြစ်၏ဟု ဆိုလို၏။ ဤကား မူလဋီကာဆရာစကားကို ရှင်းပြချက်ပင်တည်း။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်–ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်သည် အတိတ်ဖြစ်သော အခြားမဲ့စုတိမှစ၍အတိတ်ဖြစ်သောခန္ဓာ,ခန္ဓာနှင့်စပ် သော အမည် အနွယ် ကသိုဏ်း နိမိတ် စသော ပညတ်,နိဗ္ဗာန်ကို အာရုံ

ပြု၏။ **ဒိဗ္ဗစက္ခု အဘိညာဏ်**–ပစ္စုပ္ပန် ဖြစ်သော ရူပါရုံသည် ဒိဗ္ဗစက္ခု အဘိညာဏ်၏ အာရုံ ဖြစ်သည်။ **ယထာ ရမ္မာ မပွေတိ**-ထိုထို ပရိကမ်အလိုက် အပ္ပနာဇောများ စောလေသည်။

လောကီအဘိညာဏ်တို့ မည်သည်-ဣဒ္ဓိဝိဓ ,ဒိဗ္ဗသောတ ,ပရစိတ္တဝိဇာနန ပုဗ္ဗေနိဝါသာနုဿတိ ,ဒိဗ္ဗစက္ခုဟူ၍ ငါးပါးအပြားရှိ၏။

ဣဒ္ဓိဝိဓအဘိညာဏ်–အဓိဋ္ဌာနိဒ္ဓိစသည် အပြားရှိသော အဘိညာဏ်သည် ဣဒ္ဓိဝိဓအဘိညာဏ်မည်၏။ ဣဒ္ဓိဆယ်မျိုးကို အောက်ပိဋကပိုင်းမှာ သရုပ် ထုတ်၍ ပြခဲ့ပြီး ဖြစ်သည်။ ဤ၌ လိုအပ်သော ဣဒ္ဓိကား အဓိဋ္ဌာနိဒ္ဓိ,ဝိကုဗ္ဗနိဒ္ဓိ,မနောမယိဒ္ဓိတည်း။

ဒိဗ္ဗသောတအဘိညာဏ်–နတ်တို့၏ သုစရိုက်ကံကြောင့် ဖြစ်သော သည်းခြေ,သလိပ်,သွေးစသည် ဖြေ့ရှက်မှုကင်း၍ နောက်ကျုခြင်းမှ လွတ်သော ပသာဒသည် ဆဝေးအရပ်၌ တည်သော အသံအာရုံကို ကြားစွမ်းနိုင်၏။ ယောဂီ၏ဝီရိယဘာဝနာ စွမ်းကြောင့်ဖြစ်သော အဘိညာဏ် ဟူသော နားသည် ထိုနတ်တို့နားကဲ့သို့ပင် ဝေးသောအရပ်မှာ တည်သောအသံအာရုံကိုကြားစွမ်းနိုင်၏။

ပရစိတ္တဝိဇာနနအဘိညာဏ်–သူတပါးတို့၏ စိတ်ကိုအထူးအားဖြင့် သိသော ဉာဏ် သည် ပရစိတ္တဝိဇာနန အဘိညာဏ် မည်၏။ စေတောပရိယ အဘိညာဏ် ဟူသည် ပရစိတ္တ ဝိဇာနန အဘိညာဏ်၏ အမည် ပေကည်း၊ အတူတူဟုမှတ်။

ပုဗ္ဗေနိဝါသာနုဿတိ–မိမိသန္တာန်မှာ ခံစားနေဘူးသည်၏ အစွမ်းဖြင့်ရင်း, အာရုံပြု၍ နေဘူးသည်၏ အစွမ်းဖြင့်ရင်း, အတိတ်ပိုင်းဘဝတို့၌ ဖြစ်သော ခန္ဓာစသည်တို့ကို အောက်မေ့ခြင်းသည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် မည်၏။

ဒိဗ္ဗစက္ခုအဘိညာဏ်–နတ်တို့၏ သုစရိုက်ကံကြောင့်ဖြစ်သော သည်းခြေ, သလိပ်, သွေးစသည်တို့ ဖြေ့ယှက်ခြင်းကင်း၍နောက်ကျုခြင်းမှ ကင်းလွတ်သဖြင့် အဝေးအရပ်မှာသော်လည်း တည်သော ရူပါရုံကို မြင်ခြင်းငှါ စွမ်းနိုင်သော မျက်စိသည် နတ်မျက်စိမည်၏။ ယောဂီ၏ ဝီရိယ စသော အစွမ်းကြောင့် ဖြစ်သော ဉာဏစက္ခုသည် ထိုနတ်တို့၏ မျက်စိနှင့်တူလေသည်။ သို့ဖြစ်၍ ဉာဏ်ကို ဒိဗ္ဗစက္ခုဟု ခေါ်သည်။

စုံတုပါတအဘိညာဏ်ဟူသည် ဒိဗ္ဗစက္ခုအဘိညာဏ်၏ အမည်ပေတည်း၊ ယထာကမ္မူပဂအဘိညာဏ်, အနာဂတံသ အဘိညာဏ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဏ်၏ အစွမ်းဖြင့်သာ ပြည့်စုံ၏၊ ၎င်းတို့မှာ သီးခြားပရိကံမ် ပြုဖွယ်ကိစ္စ မရှိပြီ။

မှတ်ချက်။ ။ဣဒ္ဓိဝိဓအဘိညာဏ်တွင် မိမိပင်ကိုယ်အဆင်းကိုမစွန့်ဘဲ နကိုယ်ရေအတိုင်း ရာထောင်စသည်ဖြင့် အများအပြားဖြစ်အောင်ပြုခြင်း, ထိုကိုယ်ဖြင့် ကောင်းကင်၌ သွားခြင်း,အပဥ္စအရောင်အဆင်းအမျိုးမျိုးရှိသော တန်ခိုးပြာဋိဟာကိုပြုခြင်း၏ အစွမ်းအားဖြင့် ဖြစ်သောအဘိညာဏ်သည် အဓိဋ္ဌာနိဒ္ဓိမည်၏။ ပင်ကိုယ်အဆင်းကို စွန့်လျက် မိမိကိုယ်ကို သတို့သားငယ်အဆင်း,နဂါးဂဠုန်အဆင်းစသည်ကို ဖန်ဆင်း၍ ပြသည်၏ အစွမ်းဖြင့်ဖြစ်သောဣဒ္ဓိသည် ဝိကုဗ္ဗနိဒ္ဓိမည်၏။ မိမိကိုယ်တွင်းမှာ တပါးသော အချင်းခပ်သိမ်း မိမိနှင့်တူသော ကိုယ်ကို ဖန်ဆင်းထုတ်ဆောင်လျက် ပြသည်၏ အစွမ်းဖြင့်ဖြစ်သော ဣဒ္ဓိသည် မနောမယိဒ္ဓိမည်၏။

အာရုံကိုပိုင်းခြားချက်

အာရမဏတိက် လေးပါးကား-(၁)ပရိတ္တာရမဏတိက် (၂) မဂ္ဂါရမဏတိက် (၃) အတီတာရမဏတိက်(၄)အဇ္ဈတ္တာရမဏတိက်၊ထိုတွင် ဣဒ္ဓိဝိဓအဘိညာဏ်သည်ကာမမဟဂ္ဂုတ်, အတိတ်,အနာဂတ်,ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ ဤအာရုံခုနစ်ပါးတို့၌ဖြစ်၏။ ဒိဗ္ဗသောတအဘိညာဏ်သည် ကာမ,ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ ဤအာရုံ လေးပါးတို့၌ ဖြစ်၏။ စေတောပရိယ အဘိညာဏ်သည် ကာမ, မဟဂ္ဂုတ်, အပ္ပမာဏ, မဂ်, အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ဗဟိဒ္ဓ ဤအာရုံရှစ်ပါးတို့၌ ဖြစ်၏။

ရှင်းချက်။ ။အတိတ်ပိုင်း၌ ခုနစ်ရက်အတွင်း သူတပါးစိတ်ကို သိသောအခါ အတိတ်ကို, လာလတ္တံ့သော ခုနစ်ရက်အတွင်း သူတပါးစိတ်ကို သိသောအခါ အနာဂတ်ကို အာရုံပြု၏။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်သည် ကာမ,မဟဂ္ဂုတ်, အပ္ပမာဏ, မဂ်, အတိတ်,အဇ္ဈတ္တ, ဗဟိဒ္ဓ,ပညတ် ဤရှစ်ပါးသော အာရုံတို့၌ ဖြစ်၏၊ အမြဲတမ်းအားဖြင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်သည် အတိတ်ကို အာရုံပြု၏။

မှတ်ချက်။ ။စေတောပရိယ အဘိညာဏ်, ယထာကမ္မူပဂအဘိညာဏ်တို့သည် အတိတ်ကို အာရုံပြုသော်လည်း စေတောပရိယ အဘိညာဏ်က ခုနစ်ရက်အတွင်း အတိတ်စိတ်ကိုသာ အာရုံပြု၏။ ခုနစ်ရက်မှ ကျော်လွန်သော ခန္ဓာ,ခန္ဓာနှင့် စပ်သော အာရုံကို မသိ၊ မဂ်နှင့်ယှဉ်သော စိတ်ကို မဂ်အား အာရုံပြု၍ မဂ္ဂါရမဏဟုဆိုအပ်လေသည်၊ ယထာကမ္မူပဂအဘိညာဏ်က အတိတ်စေတနာမှုကိုသာ အာရုံပြု၏၊ပုဗ္ဗေနိဝါ

သင်္ခေတိအဘိညာဏ်က အတိတ်ခန္ဓာ, ခန္ဓာနှင့်စပ်သောတရားမှန်သမျှ အာရုံမပြုနိုင်သော တရားမည်သည် မရှိ၊ မှန်၏၊ အတိတ် ခန္ဓာ, ခန္ဓာနှင့် စပ်သော အရာ၌ သဗ္ဗညုတဉာဏ်နှင့် အလားတူဖြစ်၏။

ဒိဗ္ဗစက္ခုအဘိညာဏ်သည် ကာမ,ပစ္စုပ္ပန်,အဇ္ဈတ္တ,ဗဟိဒ္ဓ အာရုံ၏ အစွမ်းအားဖြင့် လေးပါးသော အာရုံတို့၌ ဖြစ်၏။ အနာဂတံသ အဘိညာဏ်သည် ကာမ,မဟဂ္ဂုတ်, အပ္ပမာဏ,(မဟဂ္ဂတ)အနာဂတ်, အဇ္ဈတ္တ,ဗဟိဒ္ဓ,နဝတ္တဗ္ဗ အာရုံ၏အစွမ်းအားဖြင့် ရှစ်ပါးသောအာရုံတို့၌ ဖြစ်၏။ အမြဲအားဖြင့် ထိုဉာဏ်သည် အနာဂတ်ကို အာရုံပြု၏။

မှတ်ချက်။ ။စေတောပရိယ အဘိညာဏ်သည် အနာဂတ်ကို အာရုံပြုသော်လည်း ခုနစ်ရက်အတွင်း အနာဂတ်စိတ်ကိုသာ အာရုံပြု၏။ ထိုမှတပါးသော ခန္ဓာ, ခန္ဓာနှင့်စပ်သော အာရုံကို မသိပါလေ။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကဲ့သို့ အနာဂတံသ အဘိညာဏ်အာရုံ မပြုနိုင်သော အရာမည်သည် မရှိပါလေ။ ယထာကမ္မုပဂ အဘိညာဏ်နှင့် အနာဂတံသ အဘိညာဏ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဏ်၏ အခြံအရံဖြစ်ကုန်၏။ ထိုအဘိညာဏ်နှစ်ပါးကို ရမှုအတွက် သီးခြားစိတ်ကို ဆုံးမမှု ပရိကမ်မည်သည် မရှိ၊ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရလျှင်ပင် ၎င်းတို့ကို ရလေသည်။

ဣဓ ဘိက္ခု ပဟော္ဘာ နိရယာ ဘိမုခံ အာလောကံ ဝဍ္ဎေတွာ နေရယိကေ သတ္တေ ပဿတိ မဟာဒုက္ခ မနုဘဝမာနေ၊ တံဒဿနံ ဒိဗ္ဗစက္ခု မေဝ။သော ဧဝံ မနသိ ကရောတိ ကိန္နု ခေါ ကမ္မံ ကတွာ ဣမေသတ္တာ ဧတံ ဒုက္ခံ အနုဘဝန္တီတိ၊ အထဿ ဣဒံနာမ ကတွာတိ တံ ကမ္မာရမဏံ ဉာဏံ ဥပ္ပဇ္ဇတိ။

ဘိက္ခုသည် ဤသာသနာတော်၌ အောက်ငရဲဘုံသို့ ရှေးရှု အလင်းရောင်ပွါး၍ ကြီးစွာသော ဆင်းရဲကို ခံစားသည့်ငရဲသားတို့ကိုမြင်၏။ ထိုအမြင်သည် ဒိဗ္ဗစက္ခု အလုပ်ပင်ဖြစ်၏။ ထိုဘိက္ခုသည် ဤသို့နှလုံးသွင်း၏။ အဘယ်ကံကို ပြုလို ဤသတ္တဝါတွေဟာ ဤဆင်းရဲကို ခံစားနေကြရသလဲ? ထိုအခါ သူတို့ ဤအမည်ရှိသော ကံကိုပြု၍ ခံကြရသည်ဟု ကံကို အာရုံပြုသော ဉာဏ်ပေါ်လာလေသည်။

မှတ်ချက်။ ။အထက်ဉာဏ်သည် ဒိဗ္ဗစက္ခု အဘိညာဏ် အောက်ဉာဏ်ကား ယထာကမ္မုပဂ အဘိညာဏ်ဖြစ်၏။အာရုံ၏အစွမ်းဖြင့် ပြားသည်ကို ဂေါစရဘေဒဟုခေါ်၏။ ဂေါစရဘေဒပြီး၏။

ဤတွင် သမထ ကမ္မဋ္ဌာန်းနည်းပြီး၏။

ကမ္မဋ္ဌာန်းပိုင်း-လေ့ကျင့်ခန်း (၁)

၁။ အဘယ်တရားမျိုးကို သမထ, ဝိပဿနာ, ဘာဝနာ, ကမ္မဋ္ဌာန်း-ဟု ခေါ်သနည်း၊ ၎င်းတို့၏ အဓိပ္ပါယ်ကို အသီးသီးဖော်ပြပါ။

၂။ ဘာဝနာသုံးပါးနှင့် နိမိတ်သုံးပါးတို့၏ အဓိပ္ပါယ်ကို အသီးသီးဖော်ပြပါ။

၃။ ကသိုဏ်း ၁၀-ပါးကို ဘူတကသိုဏ်း,ဝဏ္ဏကသိုဏ်း,အာလောက ကသိုဏ်းတို့ဖြင့် ဝေဘန်ပြီးလျှင်''ကသိဏ''သဒ္ဒါ၏အဓိပ္ပါယ်ကိုလည်း ရှင်းခဲ့ပါ။

၄။ မေတ္တာ-စသော တရားတို့၏ အာရုံပြုရာ၌ ပိုင်းခြားကန့်သတ်မှု ရှိ-မရှိ ယုတ္တိ သာဓကတို့ဖြင့် ပြဆိုခဲ့ပါ။

၅။ ''ဗြဟ္မဝိဟာရ''တရားဟူသည် အဘယ်နည်း၊မေတ္တာနှင့် ဥပေက္ခာတို့၏တရားကိုယ်ကိုကောက်ပြပြီးလျှင် မေတ္တာပွါးများပွါးသပုံအစီအစဉ်ကိုလည်းရေးခဲ့ပါ။

၆။ စရိုက် ၆-ပါးနှင့် ကမ္မဋ္ဌာန်း ၄၀-ကို ထိုက်သင့်သလို ဝေဘန်ပြီးလျှင် မောဟစရိုက် အားကြီးသူနှင့် ဝိတက်စရိုက် အားကြီးသူတို့အတွက် ထိုက်သင့်သော ကသိုဏ်းဝန်းပမာဏကို ဖော်ပြပါ။

၇။ လောကုတ္တရာဈာန်နှင့် ဒုတိယ-စတုတ္ထ အာရုပ္ပဈာန်တို့သည် နိဗ္ဗာန်အာရုံ, ပထမ-တတိယ အာရုပ္ပအာရုံတရားတို့၌ အဘယ်ကြောင့် အပ္ပနာသို့ရောက်ကြပါသနည်း။

၈။ အသုဘ ၁၀-ပါးသည် ပထမဈာန်၏ အာရုံဖြစ်ရာ ယင်း အသုဘ အာရုံ၌ သောမနဿ ပထမဈာန်သည် အဘယ်သို့လျှင် ဖြစ်နိုင်သနည်း၊ ဥပမာနှင့်တကွ ပြဆိုခဲ့ပါ။

၉။ ပထမဈာနိက, စတုက္ကဈာနိက, ပဉ္စမဈာနိက, ပဉ္စကဈာနိက ကမ္မဋ္ဌာန်းတို့ကို ခွဲခြားပြပါ။

၁၀။ နိမိတ် သုံးပါးကို ကမ္မဋ္ဌာန်း လေးဆယ်တို့ဖြင့် ဝေဘန် ပြီးလျှင် ''သဗ္ဗတ္ထာပိ ယထာရဟံ''၌ ယထာရဟ၏ အဓိပ္ပါယ်ကို ရှင်းခဲ့ပါ။

၁၁။ သမထလုပ်ငန်း၌ နိမိတ်ယူမှုဟူသည် အဘယ်နည်း၊ ၎င်းသမထလုပ်ငန်းစဉ် အကျဉ်းကိုလည်း သင်သိသမျှ ထုတ်ပြခဲ့ပါ။

၁၂။ ပဋိဘာဂနိမိတ်သည် မည်သည့်အစွမ်းကြောင့် ဖြစ်သနည်း၊၎င်းသည် ပညတ် ပရမတ် နှစ်မျိုးတွင် မည်သည့်တရားမျိုးပါနည်း။

၁၃။ သံဝေဂဝတ္ထု ၈-မျိုးကို သိသာရုံ ထုတ်ပြခဲ့ပါ။

၁၄။ ဝသီဘော် ငါးပါး၏ အဓိပ္ပါယ်ကို အသီးသီး ဖော်ပြပါ။

၁၅။ ယံ ကိဉ္စိ ကသိဏံ ဥဏ္ဍုပ္ပဋ္ဋေတွာ-၌''ဥဏ္ဍုပ္ပဋ္ဋေတွာ''အရ ကသိုဏ်းတပါးပါးကို ခွါရာ၌ အိုးကင်းမှ မုန့်ကိုခွါသကဲ့သို့ မှတ်ရမည်လော-ရှင်းလင်းပြဆိုခဲ့ပါ။

၁၆။ အဘယ်ကို''အဘိညာဏ်''ဟု ခေါ်သနည်း၊ အဘိညာဏ်ငါးပါး၏ သရုပ် အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဝိပဿနာကမ္မဋ္ဌာန်း အဖွင့်

ဝိပဿနာကမ္မဋ္ဌာန်း၌ သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ခုနစ်ပါး အပြားအားဖြင့် ဝိသုဒ္ဓိကို ပေါင်းယုအပ်၏။

ဝိပဿနာ။ ။လောကီလူထုကြီး မြင်နေသော ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား,မိန်းမ စသည်ကိုရှင်း, နိစ္စ, ရုပ, သုခ, အတ္တနိမိတ်ကိုရှင်း လွန်မြောက်လျက် အထူးရှုကြောင်းဖြစ်သောပညာ သည် ဝိပဿနာမည်၏၊ ဝိသေသေန ပဿန္တိ ဧတာယာတိ ဝိပဿနာ ဟု သဒ္ဒါဆရာတို့ ဝိဂြိုဟ်ပြုကုန်၏။ ဝိပဿနာ ဧဝ ကမ္မံ=ဝိပဿနာကမ္မံ၊ ဝိပဿနာကမ္မဿဌာနံ=ဝိပဿနာကမ္မဋ္ဌာနံ၊ ဝိပဿနာ ရှုမှု၏ တည်ရာ ဘုံသည် ဝိပဿနာကမ္မဋ္ဌာန်းမည်၏။ (တနည်း) ဝိပဿနာကံသည်သာ အထက်အထက်ဘာဝနာထူး(သို့မဟုတ်)အကျိုးအာနိသင်ထူး၏နိုးသော အကြောင်းဖြစ်၍ ဝိပဿနာကမ္မဋ္ဌာန်းမည်၏။

သီလဝိသုဒ္ဓိ။ ။သီလမေဝ ဝိသုဒ္ဓိ=သီလဝိသုဒ္ဓိ=နိစ္စသီလသည်သာ မိမိကိုယ်ကို ဒုဿီလျဟူသော အညစ်အကြေးမှ စင်ကြယ်စေသောကြောင့်ရှင်း,ကိုယ်နှုင့်နှုတ်ကို ဒုဿီလျအညစ်အကြေးမှ သုတ်သင်တတ်သောကြောင့်ရှင်း ဝိသုဒ္ဓိဖြစ်၍ သီလဝိသုဒ္ဓိမည်၏။

စိတ္တဝိသုဒ္ဓိ။ ။စိတ္တ မေဝ ဝိသုဒ္ဓိ=စိတ္တဝိသုဒ္ဓိ=ကောင်းစွာ ပွါးများ အပ်ပြီးသော စိတ်အစဉ်သည်သာလျှင် မိမိကိုယ်တိုင် နီဝရဏအညစ်အကြေးမှစင်ကြယ်သောကြောင့်ရှင်း,ထိုစိတ်အစဉ်နှင့် ပြည့်စုံသူကို ထိုနီဝရဏအညစ်အကြေးမှ သုတ်သင်တတ်သောကြောင့် ရှင်း ဝိသုဒ္ဓိဖြစ်၍ စိတ္တဝိသုဒ္ဓိမည်၏။စိတ်ကို အကြောင်းပြုသဖြင့် သမာဓိကို ယူပါ။

ဒိဋ္ဌိဝိသုဒ္ဓိ။ ။ဒိဋ္ဌိ ဧဝ ဝိသုဒ္ဓိ=ဒိဋ္ဌိဝိသုဒ္ဓိ=ဓမ္မဝဝတ္ထာန ဉာဏ်ဟု ဆိုအပ်သော ဒိဋ္ဌိသာလျှင် ထိုဉာဏ်နှင့် ယှဉ်သော ပုဂ္ဂိုလ်ကို သက္ကာယဒိဋ္ဌိ အညစ်အကြေးမှ သုတ်သင်တတ်သောကြောင့် ဝိသုဒ္ဓိဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ကင်္ခါဝိတရဏာဝိသုဒ္ဓိ။ ။ကင်္ခါဝိတရဏာ ဝေ ဝိသုဒ္ဓိ=ကင်္ခါဝိတရဏာဝိသုဒ္ဓိ=သုတ္တန်ပါဠိတော်လာ ယုံမှားခြင်း တဆဲ့ခြောက်မျိုး၊ အဘိဓမ္မာပါဠိတော်လာ ယုံမှားခြင်း ရှစ်မျိုးကို လွန်မြောက်ကြောင်းဖြစ်သော အကြောင်းကို သိမ်းဆည်းသော ဉာဏ်သည်သာလျှင် ထိုဉာဏ်ရှင်ကို အဟေတုကဒိဋ္ဌိ,ဝိသမဟေတုကဒိဋ္ဌိတို့နှင့် တကွ ယုံမှားခြင်း တဆဲ့ ခြောက်မျိုး (ဝါ) ရှစ်မျိုးတို့မှ သုတ်သင်တတ်သောကြောင့် ဝိသုဒ္ဓိဖြစ်၍ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိမည်၏။

မှတ်ချက်။ ။သုတ္တန်လာ ယုံမှားခြင်း တဆဲ့ခြောက်ပါးကား (၁) အတိတ်၌ ငါးပါး၊ (၂) အနာဂတ်၌ ငါးပါး၊ ပစ္စုပ္ပန်၌ ခြောက်ပါး အားဖြင့် ပေါင်းတဆဲ့ ခြောက်ပါးဖြစ်၏။

အတိတ်၌ငါးပါးကား-(၁)အတိတ် အခွန့်က ငါဖြစ်ဘူးပြီလား, (၂) အတိတ်အခွန့်က ငါဖြစ်ခဲ့ပြီလား,(၃)အတိတ်အခွန့်က ငါဘယ်လို ဖြစ်ခဲ့ပါသလဲ,(၄)အတိတ်အခွန့်က ဘယ်လို အခြင်း အရာဖြင့် ဖြစ်ခဲ့သလဲ,(၅)အတိတ်အခွန့်က ဘယ်သို့ဖြစ်ပြီးနောက် ဘယ်လိုဖြစ်ခဲ့သလဲ။

အနာဂတ်၌ငါးပါးကား-(၁)ငါ အနာဂတ် အခွန့်မှာ ဘာဖြစ်မလဲ, (၂)ဖြစ်ဦးအံ့လော, (၃)ဘယ်သို့ဖြစ်အံ့နည်း, (၄)ဘယ်လို အခြင်းအရာဖြင့်ဖြစ်မည်လဲ,(၅)ဘာဖြစ်၍ ဘာဖြစ်ဦးမည်လဲ။

ပစ္စုပ္ပန်၌ခြောက်ပါးကား-(၁)ငါဖြစ်သလား, (၂) ငါဖြစ်အံ့လော, (၃)ဘာဖြစ်မလဲ,(၄)ဘယ်လိုဖြစ်မလဲ,(၅)ဤသတ္တဝါဟာ ဘယ်ကလာသလဲ,(၆)သူဘယ်ကိုသွားမလဲ-ဟူသည်တို့ပေတည်း။

အဘိဓမ္မာလာရှစ်ပါးကား-(၁)ဘုရား၌ ယုံမှားခြင်း, (၂)တရား၌ ယုံမှားခြင်း,(၃)သံဃာ၌ ယုံမှားခြင်း,(၄)သိက္ခာသုံးပါး၌ ယုံမှားခြင်း, (၅)သံသရာ၏ရှေ့အစွန်း၌ ယုံမှားခြင်း,(၆)သံသရာ၏ နောက်အစွန်း၌ ယုံမှားခြင်း,(၇)သံသရာ၏ ရှေ့အစွန်းနောက်အစွန်း၌ ယုံမှားခြင်း,(၈) ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း ဟူသည်တို့ ပေတည်း။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ.....မဂ္ဂါမဂ္ဂဉာဏဒဿန မေဝ ဝိသုဒ္ဓိ= မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ=ဉာဏဒဿနဝိသုဒ္ဓိကို ရခြင်း၏အကြောင်းဖြစ်သော နှလုံးသွင်း အစီအရင်သည်ရင်း, အရိယာမဂ်သည်ရင်း မဂ်မည်၏၊ ဉာဏဒဿနဝိသုဒ္ဓိ၏ အကြောင်းမဟုတ်သော နှလုံးသွင်းသည်ရင်း,ရနိုးခြင်းအကြောင်းတို့သည်ရင်း အမဂ္ဂမည်၏၊မဂ်ကို မဂ်အားဖြင့်

မဂ်မဟုတ်သည်ကို မဂ် မဟုတ်သော အားဖြင့် သိခြင်းသည် မဂ္ဂါ မဂ္ဂ ဉာဏဒဿနမည်၏၊ ထိုသိခြင်း မြင်ခြင်းသည်ပင် ထိုဉာဏ်ရှင်ကို မဂ် မဟုတ်သည်၌ မဂ်အမှတ်ကို သုတ်သင်တတ်သောကြောင့် ဝိသုဒ္ဓိမည်၍ မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ ခေါ်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ......ပဋိပဒါဘူတံ ဉာဏဒဿနံ=ပဋိပဒါ ဉာဏဒဿနံ တမေဝ ဝိသုဒ္ဓိ=ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ=ဝိပဿနာ အဆင့်ဆင့် ဖြစ်သော ရှေ့အဘို့၌ ဖြစ်သော မဂ်သည် ပဋိပဒါမည်၏၊ ပဋိပဒါ ဖြစ်သော ဉာဏ်အမြင်ကို ပဋိပဒါဉာဏဒဿနဟု ခေါ်၏၊ ထို ဉာဏ်အမြင်ကိုပင် နိစ္စသညာစသည်မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိ မည်၍ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဟု ခေါ်၏။

ဉာဏဒဿနဝိသုဒ္ဓိ။ ။......ဉာဏဒဿန မေဝ ဝိသုဒ္ဓိ=ဉာဏဒဿန ဝိသုဒ္ဓိ=အရိယာမဂ်ဉာဏ် ဟူသော ဉာဏ်အမြင်သည်သာလျှင် ဖြင်းစွာ တွေ့ဝေခြင်း သမ္မောဟ အညစ်အကြေးမှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိမည်၍ ဉာဏဒဿနဝိသုဒ္ဓိ ခေါ်၏။

မှတ်ချက်။ ။ဉာဏဒဿနများကို ပြရာတွင် အကြားအမြင်စသည်ဖြင့် ပြီးသော အမှန်းအဆ အနုမာနဉာဏ်မျိုးကိုမလို၊ ကိုယ်တိုင် မြင်သိဉာဏ်မျိုးကိုသာ လို၍ ဒဿန သဒ္ဒါနှင့်တွဲ၍ ဆိုလေသည်။

> အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဟူ၍ လက္ခဏာရေးသုံးပါး၊ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ ဟူ၍ အနုပဿနာ သုံးပါး။

လက္ခဏာ။ ။လက္ခီတဗ္ဗံ၊ လက္ခီယတိ အနေနာတိ လက္ခဏံ=မှတ် အပ်သော(သို့မဟုတ်)မှတ်ကြောင်းဖြစ်သောသဘော သည် လက္ခဏာမည်၏။

အနိစ္စာဒိလက္ခဏာ။ ။အနိစ္စတာဝေလက္ခဏံ= အနိစ္စ လက္ခဏံ= အနိစ္စ၏အဖြစ်ဟူသော မှတ်ကြောင်းသည် အနိစ္စလက္ခဏာမည်၏၊ ဖေါက်ပြန်သော အခြင်းအရာ, ဆွေးမြေ့သော အခြင်းအရာ,ပျက်စီးသော အခြင်းအရာကိုအနိစ္စလက္ခဏာဟု ဆိုအပ်၏၊ အနိစ္စ အရကား ခန္ဓာငါးပါး၊ အနိစ္စ လက္ခဏာကား ခန္ဓာ ငါးပါး၏ ဖေါက်ပြန် ပျက်စီးသော အခြင်းအရာ ပင်တည်း။ ဒုက္ခတာ ဝေ လက္ခဏံ=ဒုက္ခလက္ခဏံ=ဖြစ်ခြင်း ပျက်ခြင်းဖြင့် အမြဲနှိပ် စက်သော

အခြင်းအရာကို မှတ်ကြောင်း လက္ခဏာသည် ဒုက္ခလက္ခဏာမည်၏။ အနတ္တာ ဗေ လက္ခဏံ= အနတ္တလက္ခဏံ= တိတ္ထိတို့ ကြံဆအပ်သော အတ္တ၏မရှိခြင်းကို အနတ္တဟုဆိုအပ်၏။ ထိုအနတ္တသည်ပင် မှတ်ကြောင်း ဖြစ်၍ အနတ္တ လက္ခဏာ မည်၏။ အနတ္တအရ ခန္ဓာငါးပါးနှင့် နိဗ္ဗာန်တည်း။ ဤအရာ၌ကား လောကီခန္ဓာကိုသာ ယူလို၏။

အနိစ္စာဒိနုပဿနာ။ ။အနိစ္စ၏အဖြစ်ဖြင့် ထပ်တလဲလဲရှုခြင်းသည် အနိစ္စာနုပဿနာ၊ ဒုက္ခ၏ အဖြစ်ဖြင့် ထပ်တလဲလဲရှုခြင်းသည် ဒုက္ခာနုပဿနာ၊ အနတ္တ၏ အဖြစ်ဖြင့် ထပ်တလဲလဲ ရှုခြင်းသည် အနတ္တာနုပဿနာ မည်၏။

ဝိပဿနာဉာဏ် ဆယ်ပါးကား– (၁) သမ္မသနဉာဏ် (၂) ဥဒယဗ္ဗယဉာဏ် (၃)ဘင်ဉာဏ် (၄)ဘယဉာဏ်(၅)အာဒီနဝဉာဏ် (၆)နိဗ္ဗိဒါဉာဏ် (၇)မုစ္စိတုကမျတာဉာဏ် (၈) ပဋိသင်္ခါဉာဏ်(၉)သင်္ခါရုပေက္ခာဉာဏ်(၁၀) အနုလောမဉာဏ်တို့ပေတည်း။

ဘုံသုံးပါးမှာဖြစ်သော တရားတို့၌ လက္ခဏာရေး သုံးပါးဖြင့် အဖန်ဖန်သုံးသပ်ခြင်းသည် သမ္မသနမည်၏၊ ထိုသမ္မသန အခြင်းအရာဖြင့် ဖြစ်သော ဝိပဿနာဉာဏ်သည် **သမ္မသနဉာဏ်** မည်၏။ အကြောင်း အားလျော်စွာ တရားအသစ်တွေဖြစ်ပေါ် ခြင်းတိုးပွါးခြင်းသည် ဥဒယ, အကြောင်း အထောက်အပံ့မရသော တရားဟောင်းတွေ ကွယ်ပျောက်ခြင်းသည် ဝယ၊ သမုဟာသန္တတိ၏ အစွမ်းဖြင့် အတိုးဘက်ကိုရင်း အပျက်ဘက်ကိုရင်း ရှုသော ဝိပဿနာဉာဏ်သည် **ဥဒယဗ္ဗယဉာဏ်** မည်၏။

ထိုအတိုးဘက်အပျက်ဘက်နှစ်မျိုးတွင်တိုးပွါးခြင်းအဘို့ကားအဆင့်ဆင့် ထင်ရှား၍လာ၏၊ ပျက်ခြင်းအဘို့ကား တိမ်မြုပ်သွား၏။ ထိုပျက်သော အဘို့အစုသည်သာ အနိစ္စဖြစ်၏၊ အထွတ်အထိပ်သို့ ရောက်မှုပေတည်း။ ဤသို့ပျက်သော အဘို့ကိုသာရှုသော ဝိပဿနာဉာဏ်သည် ဘင်ဉာဏ်မည်၏။ အပျက်ကို မြင်က ပျက်စီးခြင်းသဘောတရား တို့၏ အထောင်မကသော ဗိုးရိမ်မှုဆင်းမှုတို့၏တည်ရာဝတ္ထုအဖြစ်ဖြင့် ထိုထို ကြောက်မက်ဖွယ်အပြားအားဖြင့် ရှုသော ဝိပဿနာဉာဏ်သည် ဘယဉာဏ် မည်၏။ လောကမှာ ဘေး တစုံ တရာ မြင်၍ ကြောက်သူတို့

သော်လည်း အနိုးတွင်အားကိုးရာရှိက မကြောက်ကြလေကုန်၊အားကိုး ရာမရှိမှသာ ကြောက်ကုန်၏။ ဤကဲ့သို့ ကြောက်မက်ဖွယ်တရားတို့ကို အချင်းခပ်သိမ်း တပါးသော အားကိုးရာမရှိဟု ရှုသောဝိပဿနာ ဉာဏ်သည် **အာဒီနဝဉာဏ်** မည်၏။ ဘယ် မှာမှ ခိုကိုးရာ မရှိသဖြင့် ပျက်စီးခြင်းသဘောတရားတို့မှ ပျင်းရိသော အခြင်းအရာနှင့် တကွ ဖြစ်သော ဝိပဿနာဉာဏ်သည် **နိဗ္ဗိဒါဉာဏ်** မည်၏။ ပျင်းမုန်း ငြီးငွေ့ တော့ ထိုပျက်စီးခြင်းတရားတို့မှ လွတ်မြောက်လိုသော ဆန္ဒနှင့်တကွ ဖြစ်သော ဝိပဿနာဉာဏ်သည် **မုစ္စိတုကမျတာဉာဏ်** မည်၏။ လွတ် မြောက်ချင်သူ၏ အမြန်ဆုံးလွတ်မြောက်ရန် ထိုပျက်စီးခြင်းသဘော ရှိသောတရားတို့ကို(တော)လေးဆယ်ဖြင့်များပြားသော အပြစ်စုကြီး၏ အပြစ်ဖြင့်အလွန်ပျံ့နှံ့သောဝိပဿနာဉာဏ်သည်**ပဋိသင်္ခါဉာဏ်**မည်၏။

မှတ်ချက်။ ။တောလေးဆယ်ကား-အနိစ္စတော,ဒုက္ခတော,ရောဂတော,ဂဏ္ဍ တော,သလ္လတော,အဃတော,အာဗာဓတော,ပရတော,ပလောကတော,ဤတိတော ဥပဒ္ဒဝတော, ဘယတော, ဥပသဂ္ဂတော, စလတော, ပဘင်္ဂုတော, အဒ္ဓုဝတော, အတာဏတော, အလေဏတော, အသရဏတော, ရိတ္တတော, တုစ္ဆတော, သုည တော, အနတ္တတော, အာဒီနဝတော, ဝိပရိဏာမ ဓမ္မတော, အသာရကတော, အဃမူလတော, ဝဓကတော, ဝိဘဝတော, သာသဝတော, သင်္ခတတော, မာရာ မိသတော,ဇာတိဓမ္မတော,ဇရာဓမ္မတော,ဗျာဓိဓမ္မတော,မရဏဓမ္မတော,သောကပရိ ဒေဝ ဓမ္မတော, ဒုက္ခ ဒေါမနဿ ဓမ္မတော, ဥပါယာသ ဓမ္မတော, သံကိလေသိက ဓမ္မတော ဟူသည်တို့ပေတည်း။

ထိုတရားတို့၏ များပြားသော အပြစ်စု၏ အပြစ်ကို မြင်အပ်လေ သော် သင်္ခါရတရားတို့၌ နှစ်သက်မှုကုန်လေသဖြင့် အမှုတော့ ငါဟာ လွတ်ခြင်း၏အကြောင်းကို ရအပ်ပေပြီဟု လွန်လွန်ကဲကဲ မကြောင့်ကြ တော့ဘဲ လုံ့လ မှန်မှန် နှင့် သင်္ခါရတရား တို့ကို သိမ်းဆည်းသော ယောဂီ၏ သင်္ခါရတရားတို့ကို သိမ်းဆီးခြင်း၌ လျစ်လျူရှုခြင်းနှင့်တကွ ဖြစ်သော ဝိပဿနာဉာဏ်သည် (ဝါ) သင်္ခါရတရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကိုပယ်ပစ်၍ လျစ်လျူရှုသော အဖြစ်နှင့်တကွ ဖြစ်သော ဝိပဿနာဉာဏ်သည် **သင်္ခါရုပေက္ခာဉာဏ်** မည်၏။ အထက်မဂ်ဖြစ်မှုကို ဆောင်စွမ်းနိုင်သဖြင့် မဂ်ဖြစ်တို့ရန် လျောက်ပတ်သော အားစွမ်းတို့နှင့် ပြည့်စုံသော ဝိပဿနာဉာဏ်သည် **အနုလောမဉာဏ်** မည်၏။

ရှင်းချက်။ ။အနုလောမဉာဏ်သည် လက္ခဏာရေးသုံးပါး ထင်ထင်ရှားရှား ဖြစ်သောကြောင့် အောက်ဉာဏ်တို့အား လျော်သည့်အထက်မဂ်၏ ပရိကမ္မဘာဝနာ ဖြစ်သောကြောင့် အထက်မဂ်အားလည်း လျော်သည်။ ထိုကြောင့်အနုလောမဉာဏ်ဟု ဆိုရလေသည်။

ဝိမောက္ခသုံးပါး

ဝိမောက္ခသည် သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခဟု သုံးပါးရှိ၏။

အတ္တဇီဝမှ ဆိတ်သည်ကို မြင်သော အားစွမ်းဖြင့် ခန္ဓာတို့၌ကိလေသာ အနှောင်အဖွဲ့မှ လွတ်သော မဂ်သည် သုညတဝိမောက္ခ၊ သင်္ခါရ တရား တို့၏ မိစ္ဆာ ကိလေသာ နိမိတ်ကို ဖျက်ဆီး၍ အချင်း ခင်သိမ်း တရားတို့၏ အားထားခိုကိုးရာမရှိသော အဖြစ်ကို မြင်သောအားဖြင့် လွတ်သော မဂ်သည် အနိမိတ္တဝိမောက္ခ၊ သင်္ခါရတရားတို့၌ အချင်း ခပ်သိမ်း သက်သာယာမရှိသည်ကို မြင်သော အားစွမ်းဖြင့်လွတ်သော မဂ်သည် အပ္ပဏိဟိတဝိမောက္ခမည်၏။

ရှင်းချက်။ ။လောကမှာ အတ္တဇီဝတို့မည်သည် သတ္တဝါတို့ အဇ္ဈတ္တတရား တွေမှာ အနှစ်သာရ သဘောတရားဖြစ်ကုန်၏။ အတ္တဇီဝကင်းလျှင် ကြွင်းတရားတွေ နိဿတ္တ နိဇ္ဇီဝသဘောသို့ ရောက်၍ အနှစ်မပါ အကာသက်သက်သာ ဖြစ်ကုန်၏ဟု ထင်မှတ်ကြသည်။ ထိုအတ္တဇီဝတို့သည် ဘယ်တော့မှမရှိဟု မြင်က ခန္ဓာတို့မှာ သုံးမရ သော အမှိုက်အဖြစ်ဖြင့် မြင်သည်၊ ထိုအမြင်ကို အတ္တဇီဝသုညတာ အမြင်ဟု ခေါ် သည်၊ ဝိပလ္လာသတရားတို့ ဖန်ဆင်းသော နိမိတ်တို့သည် နိစ္စ, သုခ, အတ္တဇီဝနိမိတ်, သတ္တဝါ, ပုဂ္ဂိုလ် မိန်းမ ယောကျ်ား လက်ခြေ ဦးခေါင်း လည်ပင်းနိမိတ်တို့ပေတည်း။ သင်္ခါရ တရားတို့သည် ခဏိကတရားမျိုး ဖြစ်ခြင်းကြောင့် အနိစ္စ ဖြစ်သော်လည်း သန္တတိဃန ဖုံးလွှမ်းထား၍ မနေ့ကလဲ ဒါဘဲ၊ ဒီနေ့လဲဒါဘဲဟု မြဲသောအနေဖြင့် ထင်သည်ကား နိစ္စနိမိတ်၊ အသုဘဖြစ်လျက် အဝိဇ္ဇာဖုံးလွှမ်းထား၍ ချစ်ခင်နှစ်သက် စဖွယ်ဟု သုဘအနေဖြင့် ထင်ခြင်းသည် သုဘနိမိတ်, ဆင်းရဲအမှန်ဖြစ်ပါလျက် အဝိဇ္ဇာ ဖုံးလွှမ်း၍ချမ်းသာဖွယ်ပေတည်းဟု သုခအနေဖြင့်ထင်ခြင်းသည်သုခနိမိတ်၊အနတ္တမျိုး ဖြစ်လျက် မိမိအလိုသို့လိုက်သော အခြင်းအရာဖြင့်ထင်ခြင်းသည် အတ္တနိမိတ်၊သတ္တဝါ မည်သည် ခုနစ်ရက်လည်း အသက်ရှည်၏၊ တလ တနှစ်လည်း အသက်ရှည်၏၊ ဤသို့ စသည်ဖြင့် အသက်ရှိသော အခြင်းအရာအားဖြင့် ထင်ခြင်းသည် ဇီဝနိမိတ်မည်၏။

ဝိမောက္ခမုခသုံးပါး

သုညတာနုပဿနာ, အနိမိတ္တာနုပဿနာ, အပ္ပဏိဟိတာနုပဿနာ-ဟု သုံးပါး အပြားရှိသော ဝိမောက္ခမုခတို့ကိုလည်း သိအပ်ကုန်၏။

သုညတာ နုပဿနာ-ဟူသည် အနတ္တာ နုပဿနာ ပင်တည်း။ ထို အနတ္တာနုပဿနာကို တရားတို့၏ သမူဟဃနနဲ့, သန္တတိဃန, ကိစ္စဃန, အာရမ္မဏဃနတွင် ထိုဃန မှ လွတ်သည်၏အစွမ်းဖြင့်ဖြစ်သောကြောင့် အတ္တဟုယူအပ်သော တစုံတခုသော အနှစ်သာရမရှိဟုရှုသောအားဖြင့် သုညတာနုပဿနာဟု ဆိုအပ်၏။ အနိမိတ္တာနုပဿနာ ဟူသည် အနိစ္စာ နုပဿနာပင်တည်း၊ ထို အနိစ္စာနုပဿနာကို သန္တတိကို ဖြတ်သည်၏ အစွမ်းဖြင့်ဖြစ်လေသောကြောင့် အဟံ(ငါ)ဟူသော နိမိတ်ကို ဖျက်ဆီး မှုတ်သွင့်သောအားဖြင့် အနိမိတ္တာနုပဿနာဟုဆိုအပ်၏။ အပ္ပဏိဟိတာ နုပဿနာဟူသည် ဒုက္ခာနုပဿနာပင်တည်း။ ထို ဒုက္ခာနုပဿနာကို ကြီးကျယ်သော အပြစ်စုကြီးအဖြစ်ကို ထင်စွာ ပြုသည်၏ အစွမ်းဖြင့် ဖြစ်လေသောကြောင့် ဤဟာကား ငါ့ဥစ္စာ,ငါပိုင်၊ ထိုဝတ္ထုကား ငါ့ ဥစ္စာ,ငါပိုင်ဝတ္ထုဟု ယူအပ်သော တစုံတရာ တောင့်တ အပ်သော ဂုဏ်၏မရှိမှုကို ရှုသောအားဖြင့် အပ္ပဏိဟိတာနုပဿနာဟု ဆိုအပ်၏။

ဝိသုဒ္ဓိ ခုနစ်ပါး အကျယ်

ဝိသုဒ္ဓိတို့ကား ဘယ်ဟာတွေလဲ၊ ပါတိမောက္ခသံဝရသီလ,ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ ဤလေးပါးသော ပါရိသုဒ္ဓိသီလ သည် သီလဝိသုဒ္ဓိမည်၏။

ပါတိမောက္ခသံဝရသီလကား ဗုဒ္ဓမြတ်စွာသည် ဆုံးမ ပညတ်အပ် သော ဝိနည်းပညတ်တော်သီလပေတည်း။ထိုဝိနည်းပညတ်တော်သည် အလုံးစုံသော လောကီသီလတို့၏ အကြီးအမှူးဖြစ်၍(ပတိ)အရှင်ဖြစ်၏။ ဘုံလေးပါး၌ ဖြစ်သော ကုသိုလ်တို့၏အစအမွန်ဖြစ်သောကြောင့်(မုခ) အကြောင်းလည်း ဖြစ်၏။ဤသို့အကြီးအမှူးဖြစ်သော အနက်အကြောင်း ဖြစ်သော အနက်အားဖြင့် ပါတိမောက္ခ-ဟု ဆိုအပ်၏။ ဒုသီလျ လမ်း ကြောင်းကို ပိတ်ပင် တတ်သောကြောင့် သံဝရ-ဟု ဆိုအပ်၏။ စက္ခု, သောတ,ဃာန,ဇိဝှါ,ကာယ,မနဟူသောဣန္ဒြေခြောက်ပါးတို့ကို ရူပါရုံ စသည်တို့၌ စောင့်ရှောက် သည်၏ အစွမ်းဖြင့် ဖြစ်သော သီလသည် ဣန္ဒြိယသံဝရသီလမည်၏၊ မိစ္ဆာဇီဝကို ပယ်ရှားလျက် အသက်မွေး မှု၏ စင်ကြယ်သည်၏ အစွမ်းဖြင့်ဖြစ်သော သီလသည် အာဇီဝပါရိသုဒ္ဓိ သီလမည်၏။ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးလေးပါးသော ပစ္စည်း တို့ကို မှီသော သီလသည် ပစ္စယ သန္နိဿိတသီလမည်၏။

ရှင်းချက်။ ။စက္ခု စသော ဣန္ဒြေတွေ လျပ်ပေါ် လော်လီသည်အတွက် အကုသိုလ်တရားများဖြစ်၏၊ ထိုအကုသိုလ် ဒုသီလျတရားတို့၏ ဖြစ်ပွါးရာ လမ်းကြောင်းဖြစ်သော ကြည့်မှု ရှုမှုစသော ဣန္ဒြေတွေကို စောင့်ရှောက်သော အနေဖြင့် ဖြစ်သော သတိသည် ဣန္ဒြိယသံဝရမည်၏။ ဣန္ဒြိယသံဝရအရ သတိစေတသိက်တည်း။ဗုဒ္ဓမြတ်စွာ စက်ဆုပ်တော်မူသော ရဟန်းတော်များအဘို့ သစ်သီးပေးခြင်း ပန်းပေးခြင်းစသော ဒကာတို့ သဒ္ဓါပျက်စရာရှစ်ပါး သုံးမျိုးသော အံ့ဩဖွယ်မှ စင်ကြယ်သည်ကား အာဇီဝပါရိသုဒ္ဓိမည်၏။ တံငါ,မုဆိုးလုပ်ကိုင်၍ ရထားသော ပစ္စည်းများဖြင့် ထိုအလုပ်ကို စွန့်ပြီးနောက် အသက်မွေးမြူ နေပြန်လျှင် (ဓမ္မိယလဒ္ဓ)တရားသဖြင့် ရခဲ့သော ပစ္စည်း မဟုတ်၍ သမ္မာအာဇီဝမဖြစ်၊ ထိုပစ္စည်းဖြင့် ဆက်သွယ်လာသမျှ သမ္မာအာဇီဝမဖြစ်ဟု မှတ်ပ ်သေ။ အချို့ဆရာတို့က မိစ္ဆာအလုပ်ကို လုံးလုံးစွန့်လိုက်က မိစ္ဆာအလုပ်ဖြင့် ရသော ပစ္စည်းများနှင့် ဆက်လက် အသက်မွေးမြူသော်လည်း သမ္မာအာဇီဝဖြစ်၏ဟု ဆိုကြ၏။ ဓမ္မိယလဒ္ဓ ပုဒ်ကို ထောက်၍ ဆင်ခြင်အပ်၏။ပစ္စည်းလေးပါးကို ခံယူတဲ့အခါ စားသောက်တဲ့အခါတို့မှာ တွေဝေခြင်း, မက်မောခြင်း, ယစ်ခြင်း,ခေ့လျော့ခြင်းတို့ကို ပယ်ခြင်းငှါ ထိုထို အကျိုး အပိုင်း အခြား စက်ဆုပ်ဖွယ် အမှတ် ဓာတ်သဘောမျှ အမှတ်ကို သိမ်းဆည်း ဆင်ခြင်သည်၏ အစွမ်းဖြင့် ဖြစ်သော ပစ္စည်းကို မှီဝဲခြင်းနှင့် ဆင်ခြင်သောဉာဏ်သည် ပစ္စယသန္နိဿိတ သီလမည်၏။ဒေသနာ, သံဝရ,ပရိယေဋ္ဌိ, ပစ္စဝေက္ခဏာ၏အစွမ်းဖြင့် စင်ကြယ်သောကြောင့် စတုပါရိသုဒ္ဓိသီလ မည်လေသည်။

စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ, အပ္ပနာသမာဓိ ဟူသော သမာဓိနှစ်ပါးသည် စိတ္တဝိသုဒ္ဓိ မည်၏။

ဥပစာရသမာဓိကား ပရိကမ္မ, ဥပစာ,အနုလုံ, ဂေါတြဘူ ဟူသော အမည်ဖြင့် ကာမာဝစရဇောနှင့်ယှဉ်သော သမာဓိ၊အပ္ပနာသမာဓိကား မဟဂ္ဂုတ်ဇောနှင့် ယှဉ်သော သမာဓိဖြစ်၏။ ဤ၌ စိတ္တသဒ္ဒါဖြင့် သမာဓိကို ညွှန်းပြလေသည်။

ဒိဋ္ဌိဝိသုဒ္ဓိ

လက္ခဏာ, ရသ, ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်၏အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

တရားတို့၏ အသီးအသီး မိမိတို့ဆိုင်ရာ သဘောသည် လက္ခဏာ မည်၏။ မီး၏ပူသော အဖြစ်ကဲ့သို့မှတ်။ထိုသဘောဖြင့် ပြီးစေအပ်သော အမှု (သို့မဟုတ်) ပြီးစေခြင်းဟူသော အကြောင်းကြောင့် ရအပ်သော ဂုဏ်ကျေးဇူး ဟူသော ပြည့်စုံမှုသည် ရသ မည်၏။ ယင်း ရသသည် ကိစ္စရသ, သမ္ပတ္တိရသ-ဟု နှစ်မျိုး၊ မီး၏ ရင့်ကျက်ခြင်း တောက်ပခြင်း ကဲ့သို့မှတ်။ ထိုပြည့်စုံမှု (သို့မဟုတ်) ပြီးစေအပ်သော နိုးသော အကျိုး

သည် ပစ္စုပ္ပဋ္ဌာန် မည်၏။ မီး၏ အခိုးကဲ့သို့မှတ်။ မိမိဖြစ်ပေါ်လာခြင်း၏ မည်သည့်အရာနှင့်မျှ မဆက်ဆံသော နီးသော အကြောင်းသည် ပဒဋ္ဌာန်မည်၏။ ထိုလက္ခဏာ,ရသ,ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် နာမ်နှင့်ရုပ်ကို သိမ်းဆည်း၍ ယူခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

နာမ်ရုပ်ကို သိမ်းဆည်းက-နာမ်ရုပ်မှတပါး တစုံတရာ မရှိသည်ကို မြင်သောကြောင့် ကိုယ်တွင်းမှာ ဇီဝဟု အမှတ်ပြုအပ်သော အတ္တရှိ၏၊ ထိုအတ္တက ပြုလုပ်၏၊ ခံစား၏၊ လှည့်ပတ်၏၊ ပြေးသွားနေ၏ဟူ၍ ဖြစ်သော ဒိဋ္ဌိကို ပယ်အပ်၏၊ နာမ်သက်သက် ရုပ်သက်သက် သိမ်းဆည်းပါက ပုဂ္ဂိုလ်၏အမူအရာ သတ္တဝါ၏အမူအရာဟု မှတ်အပ်သော အားထုတ်ခြင်း,ကြောင့်ကြခြင်း ဗျာပါရတို့၏ အချင်းခပ်သိမ်းမရှိသည်ကို မြင်သောကြောင့်၎င်း, နာမ်ရုပ်နှစ်ပါး ပေါင်းစပ်မိပါမှ ထိုအားထုတ်ခြင်း, ကြောင့်ကြခြင်း ဗျာပါရတို့ဖြင့် ရအပ်သော အဖြစ်ကို မြင်သောကြောင့်၎င်း၊ နာမ်ရုပ် အသီး အသီး(သို့မဟုတ်)နာမ်ရုပ် အတွဲကို စွဲ၍ဖြစ်သော အတ္တဒိဋ္ဌိကို ပယ်အပ်၏။၎င်းပြင် အတ္တ,ဇီဝ,သတ္တ,ပုဂ္ဂိုလ် စသော ဝေါဟာရများတွင် ဝေါဟာရမျှဋ္ဌသာ မဟုတ်သည်ဘဲ အတ္တမည်သည် တကယ်ရှိ၏။ ဇီဝမည်သည် တကယ်ရှိ၏ဟု လောက ပြောရိုးဆိုရိုးကိုမှားသောအားဖြင့်နှလုံးသွင်းသည်၏အစွမ်းဖြင့် ပရမတ္ထတရားမှ ကျော်လွှားမှုကိုလည်း ပယ်အပ်၏ဟု မှတ်ပါလေ။ နာမ်ရုပ်မှ တပါး အတ္တစသည်မရှိဟု မြင်သောကြောင့် ဒိဋ္ဌိ+အတ္တဒိဋ္ဌိ အညစ်အကြေးကို သုတ်သင်သောကြောင့် ဝိသုဒ္ဓိမည်၍ အတ္တဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်၏။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိ

နာမ်ရုပ်တို့၏သာ အကြောင်းကို သိမ်းဆည်းခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။

အကြောင်းကို သိမ်းဆည်းခြင်းသည် အကျဉ်း အကျယ်ဟု နှစ်မျိုး ရှိရာ ဝတ္ထုနှင့်အာရုံကား နာမ်၏အကြောင်း,စိတ်,ဥတု,အာဟာရကား ရုပ်၏အကြောင်း, အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကမ္မဘဝကား နာမ်ရုပ်နှစ်ပါး၏ အကြောင်းဟု သိမ်းဆည်းခြင်းသည် အကျဉ်းအားဖြင့် သိမ်းဆည်းခြင်းမည်၏။ အောက်ပစ္စည်းပိုင်းက ဝေဖန်အပ်ခဲ့သော ပဋိစ္စ သမုပ္ပါဒ်နည်း ပဋ္ဌာန်း နည်းတို့ဖြင့် သိမ်းဆည်း ခြင်းသည် အကျယ်

အားဖြင့် သိမ်းဆည်းသည်မည်၏။ ဤတွင် ပဋ္ဌာန်းနည်းဖြင့် သိမ်းဆည်းခြင်းကား အာဒိကမ္မိကပုဂ္ဂိုလ်၏ အရာမဟုတ်ပါချေ။ အကြောင်းကို သိမ်းဆည်းသောသူသည် ပိုင်းခြား မှတ်သား အပ်သော နာမ်ရုပ်၏ အချင်းခပ်သိမ်း အကြောင်းနှင့်စပ်၍ ဖြစ်သည်ကို မြင်သောကြောင့် အဟေတုကဒိဋ္ဌိကို ပယ်အပ်၏။ မိမိအား လျောက်ပတ်သောအကြောင်း ညီညွတ်ခြင်းမှကင်း၍ တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို မမြင်ရသောကြောင့် အဖိုးတရ ဖန်ဆင်းခြင်း,ကာလဖန်ဆင်းခြင်း အစရှိသော ဝိသမဟေတုဒိဋ္ဌိကိုလည်း ပယ်အပ်၏။ ဟေတုအကြောင်း, သင်္ခါရအကြောင်း,ပစ္စယ အကြောင်း တို့ကြောင့် ကံဖြစ်ခြင်း၊ ကံ၏ အကျိုးဝိပါက်ဖြစ်ခြင်းမှ တပါးသော ကံကို ပြုလုပ်တတ်သူ ကတ္တား, အကျိုးဝိပါက်ကို ခံစားတတ်သော ကတ္တား၏ မရှိသည်ကို မြင်ရသောကြောင့် ကာရက, ဝေဒက, ဒိဋ္ဌိကိုလည်း ပယ်အပ်၏။ အစမထင်သံသရာတခွင်မှာ အတိတ်, ပစ္စုပ္ပန်, အနာဂတ် သုံးရပ်သော အဓွန့်ကာလတို့၌ အကြောင်းအကျိုး အဆက်ဆက်၏ အစွမ်းဖြင့် နာမ်ရုပ်သက်သက်မျှသာ ဖြစ်သည်ကို မြင်ရသောကြောင့် ယုံမှားခြင်း တဆဲ့ခြောက်ပါးကိုလည်း လွန်မြောက်လေသည်။

(ယုံမှားခြင်း ၁၆-ဆဲ့ခြောက်ပါးကို အောက်က ပြခဲ့ပြီ)။ သဘာဝဓမ္မဖြစ်ခြင်းကို ကောင်းစွာ ရှုစားပါက ဘုရားဟော ဒေသနာ၏ တရားကောင်း တရားမှန်အဖြစ်ကို တွေ့ရခြင်းကြောင့် ဘုရားစစ် ဘုရားမှန်အဖြစ်ကို မြင်ရ၍ ဘုရား၍င်၌ ယုံမှားခြင်းစသော ၈စ်မျိုးသော ယုံမှားခြင်းကိုလည်း ပယ်အပ်လေသည်၊ သို့ဖြစ်၍ ယုံမှားခြင်းကို လွန်မြောက်ခြင်းကြောင့် ကင်္ခါဝိတရဏ, အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိစသော အညစ်အကြေးကို သုတ်သင်သောကြောင့် ဝိသုဒ္ဓိမည်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ခေါ်၏။

မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ

အကြောင်းကို သိမ်းဆည်းပြီးနောက် ၎င်းကဲ့သို့ သိမ်းဆည်းအပ်သော အကြောင်းနှင့် တကွဖြစ်သော အတိတ်အထူးဖြင့် ကွဲပြားသော တေဘူမက သင်္ခါရတို့၌ ခန္ဓာပဋ္ဌက နည်းစသည်ကို အကြောင်းပြု၍ အပေါင်းအစု၏ အစွမ်းဖြင့် ချုံး၍ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန,အနတ္တာ အသာရကဋ္ဌေန-ဟု အဓွန့်ကာလ၏ အစွမ်းဖြင့်ရင်း,အစဉ်သန္တတိ၏ အစွမ်းဖြင့်ရင်း, ခဏ၏ အစွမ်းဖြင့်ရင်း, သမ္မသနဉာဏ်ဖြင့် လက္ခဏာ

သုံးပါးအပေါင်းကို သုံးသပ်သော ထိုတေဘူမက သင်္ခါရတရားတို့၌သာ အကြောင်း ပစ္စည်း၏ အစွမ်းဖြင့်၎င်း, ခဏ၏အစွမ်းဖြင့်၎င်း, ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်အပျက် ရှုသော ပုဂ္ဂိုလ်၏ ဩဘာသ=အရောင်,ပီတိ=နှစ်သက်ခြင်း,ပဿဒ္ဓိ=ငြိမ်းအေးခြင်း, အဓိမောက္ခ=ဆုံးဖြတ်ခြင်း, ပဂ္ဂဟ=ချီးမြှောက်ခြင်း, သုခ=ချမ်းသာခြင်း, ဉာဏ်= ထူးခြားသော သိခြင်း, ဥပဋ္ဌာန်=သတိ ကောင်းခြင်း, ဥပေက္ခာ=လျစ်လျူရှုခြင်း, နိကန္တိ=ဝိပဿနာ၌ တွယ်တာခြင်း ဤသို့ ဩဘာသ စသော ဝိပဿနာ၏ ညစ်ညူး ကြောင်း အနှောင်အဖွဲ့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့် မဂ်လက္ခဏာ အမဂ် လက္ခဏာကို ပိုင်းခြားမှတ်သားခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။

လောကုတ္တရာတရားများလည်း သင်္ခတတရားပင် ဖြစ်ပေ၏၊ သို့ရာ တွင် မသုံးသပ်ထိုက်သောကြောင့် တေဘူမက သင်္ခါရေသုဟု သင်္ဂြိုဟ် ဆရာ မိန့်ဆိုလေသည်။ သမ္မသန=သုံးသပ်ခြင်း ဟူသည် အနုသယကို ပယ်နှုတ်ခြင်းအကျိုးငှါ ဖြစ်၏၊ ထိုကြောင့် ကာမရာဂါနုသယ စသည် တို့၏ ကိန်းရာ တေဘူမက သင်္ခါရ တရားတို့သည်သာ သုံးသပ် ထိုက်ကုန်၏။ ကာမရာဂါ နုသယစသည်တို့၏ ကိန်းရာမဟုတ်သော လောကုတ္တရာ တရားတို့ကား မသုံးသပ်ထိုက်လေကုန်ဟုမှတ်ပါ။ အတီတာဒိဘေဒအရ ကား—အတိတ်,အနာဂတ်,ပစ္စုပ္ပန်,အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန,ပဏီတ,ဒူရ,သန္တိက-ဟူသော တဆယ့်တပါးသော ဘေဒကို ယူပါ လေ။ခန္ဓာဒိနယဟူသည် ပဋိသမ္ဘိဒါမဂ်၌ ဝေဖန်အပ်သော ခန္ဓာပဉ္စက (ခန္ဓာငါးပါးအပေါင်း)ဒွါရဆက္က(ဒွါရခြောက်ပါး အပေါင်း)အာရမဏ ဆက္က(အာရုံခြောက်ပါးအပေါင်း)ဝိညာဏဆက္က(ဝိညာဏ် ခြောက်ပါး အပေါင်း)ဖဿဆက္က (ဖဿခြောက်ပါးအပေါင်း)ဝေဒနာဆက္က (ဝေဒ နာခြောက်ပါး အပေါင်း) သညာဆက္က (သညာခြောက်ပါး အပေါင်း) ဤသို့ အစရှိသော သုံးသပ်အပ်သော ဘူမိဝိဘာဂနည်းကို ရည်ရွယ် သည်။ နှစ်ဆဲ့ သုံးပါးသော မွေးကောဋ္ဌာသ တို့တွင် ယောဂီမှာ ထင် ရှားသော ကောဋ္ဌာသကိုယူ၍ သုံးသပ်မှုကို ပြုထိုက်၏။ စွမ်းနိုင်ပါက အလုံးစုံကို သော်လည်းယူ၍ သုံးသပ်မှုကို ပြုထိုက်လေသည်။ ကလာပ ဝသေန သံခိပိတွာ=ကလာပ်၏ အစွမ်းဖြင့် ချုံး၍ ဟူ၍ရာ၌ ခန္ဓာပဉ္စက နည်းတွင် ရှိသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်- စသော အားဖြင့် ပြားသော်လည်း ထိုပြားသော ရုပ်အားလုံးကို ရုပ်စု တခု၏ အဖြစ်ဖြင့် ချုံးထားသည်၊ ကြွင်းခန္ဓာများကိုလည်း နည်းတူသိပါ။

ယံ ကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ။ အတိတ်စသည်ဖြင့် ရုပ်အပြားကို ပြ၏၊ သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန၊ အတိတ်စသည်ဖြင့်ပြားသော ရုပ်များကို သဗ္ဗရူပံဟု အပေါင်းကလာပ်၏အစွမ်းဖြင့် ချုံးထားသည်။ ဤသဂြိုဟ်ကျမ်း၌ ဤကဲ့သို့ ချုံးထားသည်ကို ရည်ရွယ်၍ ကလာပသမ္မသနဉာဏ်ဟု မိန့်ဆိုလေသည်။ ဝေဒနက္ခန္ဓာ စသည်များမှာလည်း နည်းတူသိပါ။

အနိစ္စံခယဋ္ဌေနဟူရာ၌......ရူပံ အနိစ္စံ ခယဋ္ဌေန, ဝေဒနာ အနိစ္စာ, သညာ အနိစ္စာ, သင်္ခါရာအနိစ္စာ ဝိညာဏံ အနိစ္စံ ခယဋ္ဌေန-ဤသို့စသော နည်းဖြင့် သုံးသပ်အပ်သောဓမ္မကို သိမ်းဆည်းခြင်းနှင့်တကွ သုံးသပ်မှုကို ပြုအပ်၏။ သုံးသပ်အပ်သော ဓမ္မကို မသိမ်းဆည်းပါက သုံးသပ်မှု မမြောက်ပါလေ။သဂြိုဟ်ကျမ်းပြု အရှင်အနုရုဒ္ဓထေရ်မြတ်သည် ထုတ်ဆောင်အပ်သော ဓမ္မကို ထုတ်ဆောင်ခြင်းအနက်၏ ထင်ရှားလေသောကြောင့် ဤ၌ အနိစ္စံခယဋ္ဌေန စသည်ဖြင့် သုံးသပ်အပ်သော ပုဒ်ကိုသာလျှင် ယူအပ်လေသည်ဟုမှတ်။ ရူပံအနိစ္စံခယဋ္ဌေန၌ ရူပံအရ ထိုထိုရုပ်တွေကို ဉာဏ်ဖြင့် မြဲမြဲယူ၍ အယံ ပထဝီဓာတု အနိစ္စာခယဋ္ဌေန,အယံ အာပေါဓာတုအနိစ္စာခယဋ္ဌေနစသည်ဖြင့် သုံးသပ်မှုကိုလည်းပြုအပ်၏။

ရှင်းချက်။ ။ဤကိုယ်တွင် အားလုံးသော ကြမ်းထမ်းခြင်း ကိုက်၍,ထိ၍တွေ့ခြင်း ကြိယာမျှသည် ပထဝီမည်၏၊ထိုကြိယာသည်လည်း အနေအ ပုပြောင်းလွှဲသဖြင့် ပြောင်းလွှဲ၏၊ အစားအစာ ပြောင်းလွှဲသဖြင့်၎င်း, စိတ် ပြောင်းလွှဲသဖြင့်၎င်း, ဣရိယာပုထ် ပြောင်းလွှဲသဖြင့်၎င်း,ကိုယ်အမူအရာ ပြောင်းလွှဲသဖြင့်၎င်း ပြောင်းလွှဲ၏။အစဉ် အမျိုးမျိုးသို့ ရွေ့သွားသည်ဟုဆိုလို၏။အသစ်အသစ်အမူအရာအစဉ်ဖြစ်ခဲ့သော် အဟောင်းအဟောင်း အမူအရာအစဉ်တို့ ပျောက်ပျက်ကုန်၏။ သန္တတိမည်သည် သီးခြားရှိသော အရာမဟုတ်၊ အသစ်အသစ် အမူအရာတို့၏ ဖြစ်ခေါ်ခြင်း ပင်တည်း၊ အဟောင်းအဟောင်း အစဉ်ပျက်ခြင်း မည်သည်အဟောင်း အဟောင်း အမူအရာတို့ ပျက်ခြင်းပင်တည်း။

ဒုက္ခံဘယဋ္ဌေနဟူရာ၌......ကြောက်သင့်ကြောက်ထိုက်သောအနက်သည် ဘယဋ္ဌမည်၏။ မှန်၏-အကြင် သဘော တရားသည် မြဲသော သဘောမရှိ၊ ခဏတာမျှ၌လည်း ဖေါက်ပြန်ခြင်း သဘောရှိ၏။ ထိုသဘောတရားသည် စင်စစ်ကြောက်ထိုက်သည်သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အကြင်သူသည် ထိုသဘောတရားကို မကြောက်ဘဲ အကျွမ်းဝင်၏။ ဤဟာ ငါ့ဟာတည်းဟု မိမိ၏ အစိတ်အပိုင်း တချပ်ပြု၍

ဆောင်၏။ ထိုသူကို အပိုင်းအခြားမရှိ အထောင်မကသော ပြုပြင်မှု ဆင်းရဲတို့ဖြင့်၎င်း, ပေါက်ပြန်မှု ဆင်းရဲတို့ဖြင့်၎င်း အမြဲ နှိပ်စက်၏၊ ဤကဲ့သို့ ဒုက္ခအမျိုးမျိုးတို့သည် အမြဲနှိပ်စက်အပ်သော သဘောရှိသော ကြောင့် စင်စစ်ကြောက်အပ်သည် ဖြစ်ရကား ဒုက္ခမည်၏။

အနတ္တာ အသာရကဋ္ဌေန - ဟူရာ၌ အတ္တ၏ ဆန့်ကျင်ဖက်သည် အနတ္တမည်၏၊ ခန္ဓာကိုယ်ဝယ် သူထက် အတွင်းကျသော အရာမရှိဟု လွန်ကဲသော အဋ္ဌတ္တ၏ အဖြစ်ဖြင့် သိမ်းဆည်းအပ်သော သဘော တရားကို အတ္တဟု ဆို၏။ အကြင် သဘောတရားသည် မိမိ၏အလို၌ အချင်းခပ်သိမ်းဖြစ်၏။ဆိုအပ်ခဲ့သော ပြုပြင်မှုကိစ္စတို့နှင့်ကင်း၍ ဖါသာ မိမိ၏ ဆန္ဒဖြင့်၎င်း, အလိုဖြင့်၎င်း, မိမိအကြိုက်ဖြင့်၎င်း, စေခိုင်းမှု အစီ အရင်ဖြင့်၎င်း, အမြဲတမ်း မချွတ်ယွင်းစေဘဲ ဖြစ်၏။ ထိုကဲ့သို့ သဘော ရှိသော တရားသည် အမြဲချမ်းသာခြင်းကို အလိုရှိလျက် ဆင်းရဲကို စက်ဆုပ်သော သတ္တဝါတို့အား အတ္တကိစ္စကို ပြုသည်မည်၏။ အကြင် သဘောတရားကား အမြဲချမ်းသာကို အလိုရှိသော ထိုသတ္တဝါတို့၏ ဖြစ်လာတိုင်းသော ချမ်းသာကို ဖျက်ဆီးပစ်၏၊ ဖြိုခွဲပစ်၏။ ဆင်းရဲကို စက်ဆုပ်သော ထိုသတ္တဝါတို့အား ပြုပြင်မှု စသည်လျှင် အကြောင်း ရင်းရှိသော ဆင်းရဲအမျိုးမျိုးတို့ကို တိုးပွါးစေ၏။ ထိုသဘောတရား ကား အတ္တ၏ ဆန့်ကျင်ဖက် အနတ္တသာဖြစ်၏။ ဤရုပ်တရားတို့သည် လည်း ဤကဲ့သို့ အတ္တ၏ ဆန့်ကျင်ဖက်သဘောရှိသည်သာတည်း။အတ္တ ကိစ္စကို မပြုပြင်ခြင်း အနတ္တကိစ္စကိုသာ ပြုပြင်ခြင်းကြောင့် ရုပ်သည် အနတ္တမည်၏။အဘယ့်ကြောင့် ရုပ်သည် အတ္တ၏အလို၌ မဖြစ်သနည်း။ အတ္တကိစ္စကို မပြုသနည်း။ အတ္တ၏ ဆန့်ကျင်ဖက်ကို ပြုသနည်း-ဟု မေးဘွယ်ရှိ၍ အသာရကဋ္ဌေနဟု မိန့်ဆို၏။

အသာရကဋ္ဌေန - ဟူရာ၌ သာရ ဆိုသည်ကား အကြောင်း ညီညွတ်မှုနှင့် ကင်း၍ မိမိဖါသာ အလိုမျှဖြင့် ဖြစ်ခြင်း၎င်း, ဖြစ်ပြီး နောက်လည်း အကြောင်း အထောက် အပံ့ကင်း၍ အလိုရှိတိုင်း တည် ခြင်း၎င်း စွမ်းနိုင်သော သတ္တိ ထူးကို ဆိုလိုသည်၊ တိတ္ထိတို့ ကြံဆ ပြောဆိုချက်မျှသာ ဖြစ်၏။ ရုပ်တရားကား ကိုယ်တိုင်လည်း ဤသို့ သဘောရှိသော သာရမဟုတ်၊ ဤသို့သဘောရှိသော သာရနှင့် လည်း မလျော်။ မှန်၏-ရုပ်တရားမှာ အကြောင်းညီညွတ်မှုနှင့် ကင်း၍

ဖြစ်ခြင်းငှါလည်း, ဖြစ်ပြီးနောက်မှာလည်း အကြောင်း အထောက် အပံ့ မရှိဘဲ တည်ခြင်းငှါလည်း အစွမ်းလည်းမရှိ အားလည်းမရှိ၊ မိမိ၏အစွမ်း အားနှင့်ကင်း၍ သက်သက်အကြောင်းညီညွတ်မှု စွမ်းအားဖြင့်သာလျှင် ဖြစ်လေသည်၊ ပစ္စည်း အထောက်အပံ့ဖြင့်သာ တည်လေသည်။ ထိုရုပ် တရားသည် အထောင်မက များလှစွာသော အကြောင်းပြုပြင်မှုဆင်းရဲ တို့ကို ဖြစ်စေ၍ စင်စစ် အမြဲတမ်း အတ္တ၏ဆန့်ကျင်ဘက် ကိစ္စကိုပြု၏၊ ညှဉ်းဆဲနှိပ်စက်၏၊ ဝေဒနာစသည်တို့မှာလည်း နည်းတူမှတ်ပါလေ။

ရှင်းချက်။ ။သာရသည် အတ္တသာရ ဇီဝသာရဟု နှစ်မျိုးရှိ၏၊ ထိုတွင် အတ္တ သာရကို ရည်ရွယ်၍ ရူပံ အတ္တတော သမနုပဿတိ-ဟု ဟောတော်မူ၏၊ ဇီဝသာရကို ရည်ရွယ်၍ရူပဝန္တံ ဝါအတ္တာနံ, အတ္တနိဝါ ရူပံ, ရူပသ္မိံ ဝါအတ္တာနံ-ဟု ဟောတော်မူ၏။

အဒ္ဓါနဝသေနဟူရာ၌......တခုတခုသော ဘဝဖြင့် ပိုင်းခြားအပ် သော ကာလကို အဓွန့်ဟု ခေါ်၏။ ဘဝတပါး၌ဖြစ်သော ခန္ဓာငါးပါး အပေါင်းသည် တပါးသော ဘဝသို့ မလိုက်ပါ၊ ထိုထို ဖြစ်ရာဘဝ၌ အကြွင်းမဲ့ချုပ်၏၊ (တနည်း)တခုသော ဘဝမှာပင် ပဌမ, ဒုတိယ, တတိယဟု အရွယ်သုံးမျိုးရှိရာ ပဌမအရွယ်မှာဖြစ်သော ရုပ်သည် ဒုတိ ယအရွယ်သို့ ပါမလာ၊ ပဌမအရွယ်မှာသာ ချုပ်ခဲ့၏၊ ဤသို့ စသည်ဖြင့် ယှဉ်၍သိပါ၊ အရွယ်ဆယ်ပါးဖြင့်လည်း ပိုင်းခြား၍ကြည့်၊ နှစ်,ဥတု,လ, ပက္ခ,ရက်,နေ့,ညဉ့်,ယာမ်,ပဟိုရ်,နာရီ,မိနစ်,စက္ကန့်ဖြင့်လည်း ပိုင်းခြား ၍ရှုလေ။ သန္တတိဝသေန-ဟူရာ၌ သဘောတူအစဉ်တခု၏အစွမ်းဖြင့် ဖြစ်သော ရုပ်အစဉ်,နာမ်အစဉ်ကို သန္တတိဟု ခေါ်၏။

ရှင်းချက်။ ။သဘာဂရုပ်အစဉ်ဆိုသည်မှာ စိတ္တဇရုပ်များတွင် အမြဲမပြတ်ဖြစ် သော လောဘသမ္ပယုတ်စိတ်နှင့်တကွဖြစ်သော ရုပ်တရားတို့သည် သဘာဂ ရုပ်မည်၏။ စိတ္တဇရုပ်သည် လောဘမူစိတ်ကြောင့် ဖြစ်လာ၏၊ဆက်လက်ပြီး လောဘမူစိတ်နှင့်ပင် ဖြစ်နေသေး၏၊ ထိုရုပ်အစဉ်သည် သဘာဂ ရုပ်အစဉ်တခုဖြစ်၏။ ဒေါသမူစိတ်ကြောင့် ဖြစ်လာသောရုပ်သည် တခြားစိတ်တခုသို့ မပြောင်းသေးသမျှ သဘာဂ ရုပ်စဉ်ဖြစ်၏၊ ပြောင်းသွားပါက ရုပ်စဉ်တခု ပြောင်းပြီဟုမှတ်၊ဥတုဇရုပ်တွင်လည်း အမြဲမပြတ်ဖြစ်နေ သော အအေးဥတုကြောင့်ဖြစ်သော ရုပ်သည် သဘာဂရုပ်မည်၏၊ အပူဥတုစသည်မှာ လည်း နည်းတူမှတ်ပါ။

ခဏဝသေန-ဟူရာ၌ ရုပ်တရား နာမ်တရားတို့၏ အသက်ပမာဏ ကို ခဏဟုခေါ်၏။ ခဏအားဖြင့် သုံးသပ်ခြင်းကား သဗ္ဗညုဘုရားရှင်

တို့၏ အရာသာဖြစ်၏။ သာဝကတို့၏ အရာကား မဟုတ်ချေ။ သာဝက တို့သည် တိုလျှသောခဏမှာ ဥပါဒ်ကိုရှင်း, ဘင်ကိုရှင်း ဉာဏ်သက် ရောက်ခြင်းငှါ မစွမ်းနိုင်ကြကုန်။ ထိုကြောင့် အဒ္ဓါသန္တတိ၏ အစွမ်း ဖြင့် သုံးသပ်ခြင်းကိုသာ ဤအရာ၌ လိုအပ်၏။ သို့ရာတွင် သန္တတိ အစွမ်းဖြင့် သုံးသပ်ခြင်းကို အထူးလိုလားအပ်ကြောင်း သဟိုဟ်ကျမ်း မှာ ကောင်းစွာဝေဖန်၍ ပြအပ်လေပြီ။

လက္ခဏတ္တယံသမ္မသန္တဿ - ဟူရာ၌ တေဘူမက သင်္ခါရ တရား တို့၏ အနိစ္စဇာတ်ရှိသောအဖြစ် ဒုက္ခဇာတ်ရှိသောအဖြစ် အနတ္တဇာတ် ရှိသောအဖြစ်ကို ဉာဏ်ဖြင့် ထင်ရှားပြုသည်ကို လက္ခဏာရေးသုံးပါးကို သုံးသပ်သည်ဟု ဆို၏။ အထူးအားဖြင့် ဤဉာဏ်၌ အနိစ္စ လက္ခဏာကို မြင်ခြင်းသည်သာ ပြခါန်း၏။ အနိစ္စလက္ခဏာကို မြင်ပါက ကြွင်း လက္ခဏာတို့ကိုလည်း အစဉ်အတိုင်း မြင်တော့လေသည်၊ အနိစ္စကို မမြင်ပါက ကြွင်း လက္ခဏာ တို့ကိုလည်း မမြင်ပါလေ။ ထိုကြောင့် အစဦးဆုံး အနိစ္စလက္ခဏာထင်မှုကိုသာ လိုအပ်၏။

ပစ္စယဝသေန-ဟူရာ၌ ရူပက္ခန္ဓာမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ,အာဟာရသည် အကြောင်း, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါ ရက္ခန္ဓာတို့၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဖဿာဟာရသည် အကြောင်း, ဝိညာဏက္ခန္ဓာမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, နာမ်ရုပ်သည် အကြောင်းဖြစ်၏။

ခဏဝသေန-ဟူရာ၌ ဆိုအပ် ခဲ့သော အကြောင်း များကို မငဲ့ဘဲ သက်သက် နာမ်ရုပ်တို့၏ ဖြစ်မှုခဏကို ခဏဟု ဆို၏၊ ခဏ သဒ္ဒါဖြင့် သမ္မသနဉာဏ်၌ ဆိုအပ်ခဲ့သော ရုပ်အစဉ် နာမ်အစဉ်တို့ကိုယူပါလေ။ မှန်၏-သာဝကတို့၏ ဉာဏ်သည် ခဏ၏ အစွမ်းဖြင့် နာမ်ရုပ် တို့၏ အဖြစ်အပျက်ကို မမြင်စွမ်းနိုင်၊ ထိုကြောင့် ရုပ်စဉ် နာမ်စဉ်ကို ယူရ လေသည်။ ဤကဲ့သို့ အဖြစ်ကို အဖြစ်, အပျက်ကို အပျက်အားဖြင့် ရှုလျက် အားထုတ် အပ်သော ဝိပဿနာ ရှိသော ယောဂီပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်သူမှာ ဥဒယဗ္ဗယဉာဏ် ထက်မြက် ရဲရင့်လာတော့ ဝိပဿနာ ညစ်ညူးကြောင်းတရား ဆယ်မျိုးပေါ်လာလေသည်။

ဝိပဿနာ ညစ်ညူးကြောင်း ၁၀-ပါး

(ဩဘာသ)ဝိပဿနာစိတ်ကြောင့် ဖြစ်တဲ့ ကိုယ်ရောင် ကိုယ်ဝါ, (ပီတိ)ဝိပဿနာစိတ်နှင့် ငါးမျိုးသော ပီတိ(စေတသိက်ပိုင်းမှာကြည့်) (ပဿဒ္ဓိ)အလွန်အားရှိသော နှစ်မျိုးသောငြိမ်းအေးခြင်း,(အဓိမောက္ခ) ဝိပဿနာမှုမှာ ယုံယုံကြည်ကြည် ကြီစည်သော အခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဓါဓိမောက္ခ,(ပဂ္ဂဟ)ဝိပဿနာမှု၌ ဖွဲ့ဟူသော ချီးမြှောက်သော လုံ့လ, (သုခ) စိတ်ချမ်းသာမှု, (ဉာဏ) သိကြား လွတ်သော ဝရဇိန် လက်နက်နှင့် တူသော အားကောင်းသော ဝိပဿနာဉာဏ်, (ဥပဋ္ဌာန)ဝိပဿနာမှု၌ မလွတ်သော သတိ, (ဥပေက္ခာ)တတြမဇ္ဈတ္တုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာ=စိတ်၏ တွန့်ဆုတ်မှု ပျံ့လွင့်မှုစသော မညီ ညွတ်သော အဘို့မှ လွတ်သော ဥပေက္ခာကို တတြမဇ္ဈတ္တုပေက္ခာ ခေါ်၍ ဝသိဘော်သို့ရောက်သော မနောဒွါရာဝဇ္ဇန်းဟူသော ဥပေက္ခာ ကို အာဝဇ္ဇနုပေက္ခာခေါ်၏။ (နိကန္တိ)ဩဘာသ စသည်တို့နှင့်တကွ ဝိပဿနာ၌ တွယ်တာသော တဏှာပေတည်း။ဤ၌ ဩဘာသစသည် တို့ကို တဏှာ၏ အကြောင်းဖြစ်၍ ဥပက္ကိလေသဟု ခေါ်ဆိုအပ်၏။

ထို ဩဘာသ စသည် တို့ကို သိမ်းဆည်း၍ အယံ မေ ဩဘာသော အနိစ္စော ခယဋ္ဌေန, ဒုက္ခော ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေန စသည်ဖြင့် သုံးသပ်အပ်၏။

ဤကဲ့သို့ ဩဘာသ အစရှိသော ဝိပဿနာ ညစ်ညူးကြောင်း ဖြစ်သော ဘေးရန်တို့ကိုသိမ်းဆည်း၍ ထိုသိမ်းဆည်းသည့်အလျောက် ဩဘာသ စသည်တို့၌ နှစ်သက်ခြင်းကို ကုန်စေကာ တည်သော ဝိပဿနာယောဂီ၏ သန္တာန်၌ဖြစ်သော မဂ်ဟုတ်သော လက္ခဏာကို ပိုင်းခြား၍ သိသော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ

ယိုကဲ့သို့ သိမ်းဆည်း၍ ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်မှ လွတ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် လက္ခဏာရေး သုံးပါးကို ရှုမှု ဆင်ခြင်မှု အဆက်ဆက်ဖြင့် ကျင့်အားထုတ်သွားသော ဝိပဿနာယောဂီ၏သန္တာန်၌ ဖြစ်သော ကိုးပါးသော ဝိပဿနာဉာဏ်တို့သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။

ဝိပဿနာဉာဏ်များ၏ အဓိပ္ပါယ်ကို ရှေ့ပိုင်းက ပြခဲ့ပြီးဖြစ်၍ ဤ၌ မပြတော့ပြီ၊ ဥဒယဗ္ဗယဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ကိုးပါးသော ဉာဏ်တို့သည် ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ အကျင့်မြတ်ဖြစ်သောကြောင့်ရင်း လက္ခဏာရေးသုံးပါးကို သိသောအနက် မျက်မှောက်မြင်သော အနက် အားဖြင့် ဆန့်ကျင်ဘက်မှ စင်ကြယ်သောကြောင့်ရင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဉာဏ ဒဿန ဝိသုဒ္ဓိ

ဤကဲ့သို့ကျင့်ကြံ အားထုတ်သော ထိုဝိပဿနာယောဂီ၏ ဝိပဿနာ ရင့်ကျက်မှုကိုစွဲ၍ ယခုအခါ အပ္ပနာဖြစ်လိမ့်မည်ဟု ဆိုထိုက်သော ခဏမှာ ဘဝင်ကိုဖြတ်၍ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ နှစ်ကြိမ်သုံးကြိမ်သော ဝိပဿနာစိတ်တို့သည် အမှတ်မထား တပါးပါးသော အနိစ္စစသော လက္ခဏာကို အကြောင်းပြု၍ ပရိကံ, ဥပစာ, အနုလုံအမည်ဖြင့် ဖြစ်ကုန်၏။

ဝိပဿနာယ ပရိပါကော ဝိပဿနာ ပရိပါကော=ဝိပဿနာ၏ ရင့်ကျက်ခြင်းဟူသည် သင်္ခါရုပေက္ခာဉာဏ်တည်း၊ အပ္ပနာဟူသည် သောတာပတ္တိမဂ်ဟူသော အပ္ပနာတည်း။ ဝိပဿနာစိတ် နှစ်ကြိမ်သုံးကြိမ်ဆိုသည်ကား တိက္ခပညာပုဂ္ဂိုလ်မှာ ဝိပဿနာစိတ်နှစ်ကြိမ် မန္ဒပညာပုဂ္ဂိုလ်မှာ ဝိပဿနာစိတ် သုံးကြိမ်ဖြစ်သည်ဟု ဆိုလို၏။

ဝုဋ္ဌာနံ ဂစ္ဆတိ ဘောယာတိ ဝုဋ္ဌာန ဂါမိနီ-ဤ၌ ဝုဋ္ဌာန အရ မဂ်တည်း၊ မှန်၏-မဂ်သည် ဝိပဿနာဉာဏ်၏ အာရုံဖြစ်သော သင်္ခါရ နိမိတ်မှရင်း, မိမိမဂ်ကိုယ်တိုင်ကလျှင် သံယောဇဉ် ဝဋ္ဋုံအဖြစ်မှရင်း ထတတ်လေသည်၊တနည်း ထိုမဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်ပုထုဇဉ် အဖြစ်မှရင်း,သမုဒယသစ္စာကိုပယ်သည်၏အစွမ်းဖြင့် ဝဋ်အယဉ်မှရင်း ထတတ်လေသည်၊ ထို့ကြောင့် မဂ်ကို ဝုဋ္ဌာနခေါ်၏။ ဝုဋ္ဌာနဟူသော မဂ်သို့ ရောက်ကြောင်းဖြစ်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမ ဉာဏ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်၏။ ဂေါတြဘုကား သင်္ခါရ နိမိတ်မှ ထတတ်သော်လည်း မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်ခြင်း, ပဝတ္တိ ဝေဓကိစ္စနှင့် မောဟကို ဖြတ်တတ်သော ကိစ္စမရှိ၍ ဝုဋ္ဌာနဟုမည်လေဟု မှတ်ပါ။

ထိုနှစ်ကြိမ် သုံးကြိမ်သော ဝိပဿနာစိတ်ဖြစ်သည်မှ နောက်၌ ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ပုထုဇဉ်အနွယ်ကိုလွှမ်းမိုး,အရိယာအနွယ်ကိုပွါးတိုးစေလျက်ဖြစ်၏။

ပုထုဇဉ်အနွယ်ကို ရည်ရွယ်၍ ဂေါတ္တံ ဘဝတိ အဘိဝတီတိ ဂေါတြဘု-ဟု ဝိဂြိုဟ်ပြု၊ဤဖြင့် ကိလေသာပြည့်ဝသော အနရိယအဖြစ် ဟူသောပုထုဇဉ်ဇာတ်ကို ဂေါတြဟုဆိုအပ်ကြောင်း ပြသည်။အရိယာ အနွယ်ကို ရည်ရွယ်မူ ဂေါတ္တံ ဘဝတိ ပါပုဏာတိ ဂေါတြဘု ဝိဂြိုဟ်ပြု၊ ဤဖြင့်ကား ထိုထိုကိလေသာမှ စင်ကြယ်သည်၏ အဖြစ် ဟူသော အရိယာဇာတ်ကို ဂေါတြဟု ဆိုအပ်ကြောင်းပြသည်။

ဂေါတြဘုစိတ်၏ အခြားမဲ့၌သာလျှင် မဂ်စိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမှု သမုဒယသစ္စာကို ပယ်မှု, နိရောဓသစ္စာကို မျက်မှောက်ပြုမှု, မဂ္ဂသစ္စာကို ပွါးများမှု၏ အစွမ်းဖြင့် အပ္ပနာဝီထိ(အပ္ပနာလမ်းစဉ်သို့)သက်၏။

ဒုက္ခံသစ္စံပရိဇာနန္တော-ဟူရာ၌ ဒုက္ခသစ္စာကိုပိုင်းခြားသိမှုဆိုသည်မှာ ပုထုဇဉ်တို့ ဒုက္ခမှန်းမသိရလေအောင် ဒုက္ခအဖြစ်ကိုဖုံးလွှမ်းသော မောဟကို ပယ်ခြင်းပင်တည်း၊ သမုဒယသစ္စံပဇဟန္တော-ဟူရာ၌ သမုဒယသစ္စာကို ပယ်စွန့်ခြင်းဆိုသည်မှာ မိမိစိတ်အစဉ်၌ အနုသယအနေနှင့် ကိန်းသော တဏှာကို မိမိရသော မဂ်အလျောက် တစိတ်တဒေသ အားဖြင့်ရင်း သို့မဟုတ် အကြွင်းမဲ့အားဖြင့်ရင်း နောက်ထပ် ပြန်လည် ဖြစ်ပွါးမှု မရှိရလေအောင် ပယ်စွန့်ခြင်းပင်တည်း၊ နိရောဓံသစ္စံ သစ္ဆိကရောန္တော-ဟူရာ၌ နိရောဓသစ္စာကို မျက်မှောက်ပြု ဆိုသည်မှာ စက္ခုအမြင်ရှိသော သူသည် ကောင်းကင်အလယ်၌ တင့်တယ်သော လဝန်းကြီးကို မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ မိမိသန္တာန်မှာ တစိတ် တဒေသ သို့မဟုတ် အလုံးစုံသောကိလေသာဝဋ်နှင့် နောင်အခါ ဖြစ်လတ္တံ့သော ဝိပါကဝဋ်ကို နောက်တဖန် မဖြစ်ပွါးစေနိုင်သော သဘောသို့ ရောက်သွားစေသည်၏အစွမ်းဖြင့် ချုပ်ငြိမ်းခြင်း နိရောဓသစ္စာဟူသော နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းပင်တည်း။ မဂ္ဂသစ္စံဘာဝေန္တော-ဟူရာ၌ မဂ္ဂသစ္စာကို ပွါးသည်အစွမ်းဖြင့် ဆိုသည်မှာ ဤအချိန်မှ ရှေ့ပိုင်း အစမထင်သော သံသရာမှာ မဖြစ်စဖူးသော အင်္ဂါရှစ်ပါး ရှိသော မဂ္ဂသစ္စာကို ပွါးများခြင်းပင်တည်း။

မဂ်ဖြစ်ပြီးသည်မှ နောက် နှစ်ကြိမ် သုံးကြိမ် ဖိုလ်စိတ်တို့သည် ဖြစ်ပြီးကာ ဘဝင် ကျလေ၏။နောက်တဖန် ဘဝင်ကိုဖြတ်၍ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏။

မဂ်စေတနာသည် ငြိမ်ဖြစ်ပြီးသည့် အခြားမဲ့၌ မချွတ် အကျိုးကို ပေးတတ်၏၊ မဂ်ဖြစ်သောခဏ၌ ဥပမာပယ်အပ်ပြီးသော မီးရှိသော

အရပ်မှာ နောက်တဖန် ရေလောင်း၍ ငြိမ်းစေသကဲ့သို့ မင်္ဂနှင့်လျော်စွာ ဖြစ်သည်၏ အစွမ်းဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းစသော ကိစ္စလေးခုတို့ကို အတုလိုက်၍ပြုတတ်သော ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်တို့သည် ဖြစ်ကုန်၏။ ထိုနောက် ဘဝင်ကျလေသည်ဟု ပြခြင်းငှါ "တတောပရံ"စသော စကားကို မိန့်ဆိုလေသည်။ ပသာဒမျက်စိဖြင့် သို့မဟုတ် ဒိဗ္ဗစက္ခုဖြင့် ရပ်တခုကို ကြည့်ရှုသူအား ထိုစက္ခုတို့သည် ထိုရုပ်ကို မျက်မှောက်ပြု၍ နောက်အခါ ထိုပုဂ္ဂိုလ်အားလည်း မျက်မှောက်အားဖြင့် ထင်ရှားသည်၏ အဖြစ်ကိုပြု၍ ချုပ်ကုန်၏။ထိုစက္ခုတို့ ဖြစ်သော ခဏမှာ ထိုရုပ်သည် ထိုပုဂ္ဂိုလ်အား ငါသည် ဒါကိုမြင်၏ ဟူ၍ကား မထင်ရှား၊ နောက်အခါ ပစ္စဝေက္ခဏာ ဇောအကြိမ်တို့ ဖြစ်သော်မှသာလျှင် ထိုရုပ်အဆင်းနှင့် ထိုရုပ်အဆင်းသို့အစဉ်လိုက်ပါသော အခြင်းအရာ အမျိုးမျိုးတို့သည် ထိုပုဂ္ဂိုလ်အား ထင်ရှားဖြစ်ကုန်သကဲ့သို့ ထို့အတူ ဤအရာမှာလည်း ပစ္စဝေက္ခဏာဇော အကြိမ်တို့ ဖြစ်သော်သာ နိဗ္ဗာန်နှင့် ထိုနိဗ္ဗာန်သို့အစဉ်လိုက်သော မဂ်ဖိုလ်စသည်တို့သည် ထင်ရှားဖြစ်ကုန်၏၊ ထို့ကြောင့် ပုနဘဝင်ံ စသော စကားကို မိန့်ဆိုလေသည်။

အရိယပညာနှင့် ပြည့်စုံသော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သည် မဂ်ကိုရင်း, ဖိုလ်ကိုရင်း, နိဗ္ဗာန်ကိုရင်း ဆင်ခြင်၏၊ ပယ်အပ်ပြီးသော ကိလေသာနှင့် ကြွင်းကျန်သော ကိလေသာများကို ဆင်ခြင်လိုက ဆင်ခြင်၏။ မဆင်ခြင်လိုက မဆင်ခြင်။

ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ခြင်း,ကြွင်းကျန်သေးသော ကိလေသာတို့ကို ဆင်ခြင်ခြင်းတို့ကို အချို့"ဇိဝိတသမသီသိ" ပုဂ္ဂိုလ်နှင့် ကိလေသာအပြားတို့၌ မလိမ်မာသော အရိယာတို့သည်မရအပ်သည်ဖြစ်၍ ပစ္စဝေက္ခတိနဝါ-ဟုမိန့်ဆို၏။ဝိသုဒ္ဓိမဂ်၌-အလုံးစုံတို့၏ ရှေးဦးစွာ မဂ္ဂပစ္စဝေက္ခဏာဝိထိ၊ ထိုနောက် ဖလ, ထိုနောက် ပယ်ပြီး ကိလေသာ, ထိုနောက် ကြွင်းကိလေသာ, နောက်ဆုံးမှာ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိဖြစ်၏ဟု မိန့်ဆို၏။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ - အလုံးစုံ၏ ရှေးဦးစွာ ကိလေသာ ပစ္စဝေက္ခဏာဝိထိကို အလိုရှိအပ်၏ဟု မိန့်ဆို၏။ပါဠိတော်လာအတိုင်း အစဉ်လျောက်၍ဆိုအပ်ပါမူကား-ပဌမ-ပဟီနကိလေသာပစ္စဝေက္ခဏာ ဝိထိ,ဒုတိယ-မဂ္ဂ,တတိယ-ဖလ,စတုတ္ထ-နိဗ္ဗာန ပစ္စဝေက္ခဏာဝိထိဟု

ဆိုထိုက်လေသည်။ မှန်၏–ပါဠိတော်၌ ပစ္စဝေက္ခဏာ ဉာဏ်ဟု နိဒ္ဒေသ၌ နိဒ္ဒိဋ်သည် မဂ္ဂဝါရမှာရင်း, ဖလဝါရမှာရင်း နှစ်ကြိမ်လာ၏။ သို့ဖြစ်၍ နိဒ္ဒိဋ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိမည်သည် တပါးသော ပစ္စဝေက္ခဏာဝီထိတို့၏ အစမှာရင်း, အလယ်မှာရင်း, အကြားအကြားမှာရင်း, အဆုံးမှာရင်း အမှတ်မပြု တရုရုသောနေရာမှာ ဖြစ်၏ဟူသော အဓိပ္ပါယ် ပြီးစီးလေသည်။ ထို့အတူ ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိသည်လည်း မဂ်,ဖိုလ် ပစ္စဝေက္ခဏာဝီထိတို့၏ အစမှာသော်ရင်း အဆုံးမှာသော်ရင်းဖြစ်၏။ ဤသို့ဖြစ်ပါက မဂ္ဂဖလဥ္စနိဗ္ဗာနံ့ဟု၊ ဤဂါထာသည်လည်း ပါဠိတော်နှင့် သင့်မြတ်လေသည်သာဖြစ်၏။

ပစ္စဝေက္ခဏာဝီထိပေါင်း

သောတာပန်–ငါးဝီထိ,သကဒါဂါမ်–ငါးဝီထိ, အနာဂါမ်–ငါးဝီထိ, ရဟန္တာ–လေးဝီထိအားဖြင့် တဆဲ့ကိုး ဝီထိဖြစ်၏။

မှတ်ချက်။ ။ရဟန္တာပုဂ္ဂိုလ်မှာ ကြွင်းကိလေသာ မရှိ၍ လေးဝီထိသာဖြစ်၏၊ အပြည့်အစုံရသည်ကို ရည်ရွယ်၍ တဆဲ့ကိုးဝီထိဖြစ်၏။

ဤကဲ့သို့ ခြောက်ပါးသော ဝိသုဒ္ဓိအစဉ်ဖြင့် ဖြစ်ပွါးစေအပ်သော လေးပါး အပြားရှိသောမဂ်ကို ဉာဏဒဿနဝိသုဒ္ဓိမည်၏ဟု ဆိုအပ်၏။

ဤစကားရပ်များတွင် မဂ္ဂသဒ္ဒါဖြင့် မဂ်ဉာဏ်လေးပါးနှင့်ဖိုလ်ဉာဏ် လေးပါးကိုယူပါ။

ဤဆိုအပ်ခဲ့သည်ကား ဝိပဿနာကမ္မဋ္ဌာန်း၌ ဝိသုဒ္ဓိအပြားပေတည်း။

ဝိမောက္ခအပြား

ထိုအနုပဿနာမဂ်,ဖိုလ်တွင် အနတ္တာနုပဿနာသည် အတ္တဟူသော နှလုံးသွင်းခြင်းကို လွတ်စေလျက် သုညတာ နုပဿနာ မည်သော မဂ်, ဖိုလ်၏ အကြောင်းဖြစ်၏။

အတ္တာ ဣတိ အဘိနိဝေသော= အတ္တာဘိနိဝေသော- အတ္တ ဟူ၍ နှလုံးသွင်းခြင်းတည်း။ ထိုအတ္တဟု နှလုံးသွင်းခြင်း မည်သည် အတွင်းသန္တာန် ဖြစ်သော တရားတို့၏ သက်သက် အကြောင်းနှင့် စပ်၍ ဖြစ်သည်၏အဖြစ်နှင့် ခဏဘင်ကို မမြင်အပ်လေသောကြောင့် ဖြစ်၏။ ထို့ကြောင့် ယင်းနှစ်ပါးစုံကို မြင်အောင်ရှု၍ ရှုပ် အနတ္တာ, ဝေဒနာ

အနတ္တာ, သညာ အနတ္တာ, သင်္ခါရ အနတ္တာ, ဝိညာဏံ အနတ္တာ-ဟု အဖန်ဖန်ရှုသည်၏ အစွမ်းဖြင့် ထိုနှလုံးသွင်းကို လွတ်စေသော အနတ္တာနုပဿနာသည် ဝိမောက္ခဖြစ်၏။

အနိစ္စာနုပဿနာသည် ဝိပလ္လာသနိမိတ်ကိုလွတ်စေလျက် အနိမိတ္တာနုပဿနာမည်သော မဂ်ဖိုလ်၏အကြောင်းဖြစ်၏။

ဝိပလ္လာသဟူသည် သဘာဝ အတိုင်း မဟုတ်ဘဲ၊ အတွေး အကြံ ဖေါက်ပြန်သောအားဖြင့် ဖြစ်ခြင်းတည်း။ ထိုဝိပလ္လာသသည် ကိလေသာဖြစ်ခြင်း၏ နီးသော အကြောင်းဖြစ်သည်၊ အဇ္ဈတ္တ တရားတို့၏ ခဏဘင်ကို မမြင်သောကြောင့် ထိုဝိပလ္လာသနိမိတ်ဖြစ်သည်၊ ခဏဘင်ကို ကောင်းစွာ မြင်အောင်ပြု၍ ရုပ် အနိစ္စံ, ဝေဒနာ အနိစ္စာ, သညာ အနိစ္စာ, သင်္ခါရ အနိစ္စာ, ဝိညာဏံ အနိစ္စံ-ဟု ဤသို့ထပ်တလဲလဲရှုသည်၏ အစွမ်းဖြင့် ထိုနိမိတ်ကို လွတ်စေသော အနိစ္စာနုပဿနာသည် ဝိမောက္ခမည်၏။

ဒုက္ခာနုပဿနာသည် တဏှာဟူသော တောင့်တခြင်းကိုလွတ်စေလျက် အပ္ပဏိဟိတာနုပဿနာမည်သော မဂ်ဖိုလ်၏ အကြောင်းဖြစ်၏။

အဇ္ဈတ္တတရားတို့၏ အပြစ်စုကြီးအဖြစ်ကို မမြင်သောကြောင့် တွယ်တာမှုဖြစ်၏။ ထို့ကြောင့် ယင်းတရားတို့၏ အပြစ်စုကြီး အဖြစ်ကို မြင်အောင်ရှု၍ ရုပ် ဒုက္ခံ, ဝေဒနာ ဒုက္ခာ, သညာ ဒုက္ခာ, သင်္ခါရ ဒုက္ခာ, ဝိညာဏံ ဒုက္ခံ-ဟု အဖန်ဖန် ရှုသည်၏အစွမ်းဖြင့် တဏှာတည်းဟူသော စွဲမြဲမှုကို လွတ်စေသော ဒုက္ခာနုပဿနာသည် ဝိမောက္ခမည်၏။

ထို့ကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနတ္တအားဖြင့် အကယ်၍ရှုအံ့၊ သုညတ ဝိမောက္ခမည်သော မဂ်ဖြစ်၏။ အနိစ္စအားဖြင့် ရှုအံ့၊ အနိမိတ္တ ဝိမောက္ခမည်သော မဂ်ဖြစ်၏။ ဒုက္ခအားဖြင့် ရှုအံ့၊ အပ္ပဏိဟိတ ဝိမောက္ခမည်သော မဂ်ဖြစ်၏။ ဤသို့လည်း မဂ်သည် ဝိပဿနာဟူသော ရောက်ကြောင်း၏ အစွမ်းဖြင့် အမည်သုံးပါးကို ရလေသည်။ ထိုအတူ ဖိုလ်သည်လည်း မဂ္ဂဝီထိမှာ မဂ်ဟူသော ရောက်ကြောင်း၏အစွမ်းဖြင့် အမည်သုံးပါးကို ရလေသည်။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် တော့ဘူမကသင်္ခါရတို့၌ အနတ္တအားဖြင့် ရှုလျှင် သုညတ ဝိမောက္ခမဂ်, အနိစ္စအားဖြင့် ရှုလျှင် အနိမိတ္တ ဝိမောက္ခမဂ်, ဒုက္ခအားဖြင့် ရှုလျှင် အပ္ပဏိဟိတ ဝိမောက္ခမဂ်ဟု ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူသော လာကြောင်း၏ အစွမ်းအားဖြင့် အမည်သုံးပါးကို ရလေသည်။ ဖိုလ်မှာလည်း မဂ်ကဲ့သို့ပင် မဂ္ဂါဂမန၏ အစွမ်းအားဖြင့်

သုညတဝိမောက္ခဖိုလ်, အနိမိတ္တ ဝိမောက္ခဖိုလ်, အပ္ပဏိဟိတ ဝိမောက္ခ ဖိုလ်-ဟု အမည်သုံးပါးကို ရလေသည်။ မဂ်ကား ဝိပဿနာဂမနဖြင့် အစွမ်းဖြင့် အမည်သုံးပါးကို ရ၏။ ဖိုလ်ကား မဂ္ဂါဂမနဖြင့် အစွမ်းဖြင့် အမည်သုံးပါးကို ရ၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌—အနိစ္စအားဖြင့် နှလုံး သွင်းသူအား သဒ္ဓိန္ဒြေ လွန်ကဲ၏၊ ဒုက္ခအားဖြင့် နှလုံးသွင်းသူအား သမာ ဓိန္ဒြေလွန်ကဲ၏။ အနတ္တအားဖြင့် နှလုံးသွင်းသူအား ပညိန္ဒြေလွန်ကဲ၏ဟု ဟောတော်မူ၏။

မှတ်ချက်။ ။သုညတဝိမောက္ခဖြင့် ကိလေသာမှ လွတ်သော အရိယာသာဝကသည် သောတာပတ္တိမဂ်ခဏမှာ ဓမ္မာနုသာရီ (ထက်မြက်သောဓမ္မကိုအောက်မေ့သူ) မည်၏။ အလယ် မဂ်,ဖိုလ် ခြောက်ခုတို့၌ ဒိဋ္ဌိပတ္တ (အမြင်ဉာဏ်ဖြင့် မဂ်,ဖိုလ်သို့ ရောက်သူ) မည်၏။ အရဟတ္တဖိုလ်ခဏ၌ ပညာဝိမုတ္တ (ပညာစွမ်းဖြင့် ကိလေသာမှလွတ်သူ) မည်၏။ အနိမိတ္တဝိမောက္ခဖြင့် ကိလေသာမှ လွတ်သူသည် သောတာပတ္တိမဂ်ခဏမှာ သဒ္ဓါ နုသာရီ, အထက်မဂ်သုံးခု ဖိုလ်လေးခုတို့၌ သဒ္ဓါဝိမုတ္တမည်၏။ အပ္ပဏိဟိတဝိမောက္ခဖြင့် ကိလေသာမှလွတ်သောသူသည် မဂ်လေးခု,ဖိုလ်လေးခုဟူသော ရှစ်ဌာနမှာ ကာယ သက္ခိ (မိမိ၏ကိုယ်၌သာ ရအပ်သော သက်သေရှိသူ) မည်၏။ ထိုသူသည်သာလျှင် အရူပဈာန်ကို အခြေပြု၍ ကိလေသာမှလွတ်လျက် အရဟတ္တဖိုလ်၌ တည်သည်ရှိသော် ဥဘတော ဘာဂ ဝိမုတ္တမည်၏။ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် ဆိုသည်ကား အရူပ ဈာန်ဖြင့် ရူပကာယမှ, အရဟတ္တမဂ်,ဖိုလ်ဖြင့် နာမကာယမှလွတ်သော ပုဂ္ဂိုလ်တည်း။ အရိယာပုဂ္ဂိုလ်သည် (၁) ပညာဓိက အရိယာပုဂ္ဂိုလ် (၂) သဒ္ဓါဓိက အရိယာပုဂ္ဂိုလ် (၃) ဝီရိယာဓိက အရိယာပုဂ္ဂိုလ်ဟု သုံးမျိုးရှိရာ ဓမ္မာနုသာရီ, ဒိဋ္ဌိပတ္တ, ပညာဝိမုတ္တ တို့ကား ပညာဓိက၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ကား သဒ္ဓါဓိက၊ ကာယသက္ခိနှင့် ဥဘတော ဘာဂဝိမုတ္တပုဂ္ဂိုလ်ကား ဝီရိယာဓိကမည်၏။ ပုဂ္ဂလပညတ် ပါဠိတော်၌ သဒ္ဓါဝိမုတ္တနှင့် ကာယသက္ခိကို သေက္ခပုဂ္ဂိုလ်တို့၌သာ ဟောတော်မူ၏။ အရဟတ္တဖိုလ်သို့ရောက်သော ထိုပုဂ္ဂိုလ်နှစ်ယောက်တို့ကို ပညာဝိမုတ္တပုဂ္ဂိုလ်တို့ဟူ၍သာ မှတ်အပ်ကုန်၏။

> ဖလသမာပတ္တိဝီထိ၌ကား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဝိပဿနာ ရှုသူတို့အား မိမိဥစ္စာဖြစ်သောဖိုလ်ဖြစ်သော်လည်း ဝိပဿနာဂမန၏ အစွမ်းဖြင့် သာလျှင် သုညတာဒိဝိမောက္ခဟူ၍လည်း ဆိုအပ်၏၊ အာရုံ၏အစွမ်းဖြင့်၎င်း မိမိသဘော ၏အစွမ်းဖြင့်၎င်း အမည်သုံးပါးအပေါင်းကို မဂ္ဂဝီထိ,ဖလသမာပတ္တိဝီထိတို့၌ အလုံးစုံသောမဂ်,ဖိုလ်တို့အားလည်း တူသည်သာဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသည် ကား ကမ္မဋ္ဌာန်းပိုင်း၌ ဝိမောက္ခအပြားတည်း။

ယထာသကံဖလံ-ဟူရာ၌ သောတာပန်၌ သောတာပတ္တိဖိုလ်, သကဒါဂါမ်၌ သကဒါဂါမိဖိုလ်, အနာဂါမ်၌ အနာဂါမိဖိုလ်, ရဟန္တာ၌ အရဟတ္တဖိုလ်ကို ဝိပဿနာဂမန၏အစွမ်းဖြင့်သာ သုညတာဒိဝိမောက္ခ

ဟူ၍လည်း ဆိုအပ်လေသည်။ မဂ္ဂါဂမနအစွမ်းဖြင့် ဆိုအပ်သည်ကား မဟုတ်ပေ။ ဝိပဿနာဂမန၏အစွမ်းဖြင့် မဂ်,ဖိုလ်၏ အနိမိတ္တအမည်ရမှုကိုကား သုတ္တန်ပရိယာယ်အားဖြင့်သာ ဆိုအပ်၏၊ အဘိဓမ္မာမှာကား အနိမိတ္တမဂ်, အနိမိတ္တဖိုလ်ဟု မလာချေ၊ မဂ်နှင့်ဖိုလ်သည် မုချအနိမိတ္တမမည်ပါလေ။ အဘယ့်ကြောင့်ဆိုသော် ထိုမဂ်နှင့် ဖိုလ်မှာ အယုတ်အမြတ်စသည်၏အစွမ်းဖြင့် ဝေဖန်ထိုက်သော သင်္ခါရနိမိတ်၏ဖြစ်သင့်လေသောကြောင့်ပေတည်း။ သုတ္တန် ပရိယာယ်အားဖြင့် သော်ကား– ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဈာန်သည် ပထဝီကသိဏာဟူသော အမည်ကို ရလေသကဲ့သို့ သုညတစသည် အမည်ရှိသော နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မဂ်,ဖိုလ်တို့သည်လည်း အာရုံ၏အစွမ်းဖြင့် သုညတစသော အမည်ကို ရကြလေကုန်၏။ ထို့ပြင်မှတပါး အာရုံပြုရသဖြင့်၎င်း, မိတ္တုပ္ပါဒ်တခုရန္နှင့် အတူတကွယှဉ်ရသဖြင့်၎င်း ကြောင့်ကြမှုကိုပြုတတ်, နိမိတ်ကိုပြုတတ်, တောင့်တမှုကို ပြုတတ်သော ရာဂ စသော ကိလေသာတို့သည် မဂ်,ဖိုလ်တို့၌ မရှိပါကုန်၊ ထို့ကြောင့် ထိုမဂ်,ဖိုလ်တို့သည် အာဂမတမျိုး, အာရမဏတမျိုးကို မငဲ့ဘဲ ၎င်းတို့၏ သဘောအားဖြင့်လည်း သုညတစသော အမည်ကိုရကြောင်းပြဆိုရန် အတွက် အာရမဏဝသေန ပန စကားရပ်ကို သင်္ဂြိုဟ်ဆရာမိန့်ဆိုလေသည်။

ပုဂ္ဂိုလ် အပြား

၅၂မဂ်,ဖိုလ် များတွင် သောတာပတ္တိမဂ်ကိုပွါး၍ ဒိဋ္ဌိ,ဝိစိကိစ္ဆာကို ပယ်သဖြင့် အပါယ်သို့ သွားမှုကို ပယ်ပြီးသူသည် ''သတ္တက္ခတ္တုပရမ'' သောတာပန်မည်၏။

အလုံးစုံသော ဒိဋ္ဌိတဆဲ့ခြောက်ပါးသော ယုံမှားခြင်းတို့သည် အတ္တဒိဋ္ဌိလျှင် အကြောင်းရင်းရှိကုန်၏၊ အတ္တဒိဋ္ဌိချုပ်ပျောက်ပါက အလုံးစုံသော အပါယ်သို့ပို့သောကံတို့မည်သည် ချုပ်ကုန်၏။ သစ္စာလေးပါးကိုမြင်သူတို့သည် အတ္တဒိဋ္ဌိကို အချင်းခပ်သိမ်း ပယ်အပ်လေပြီ။ သစ္စာမြင်၍ အတ္တဒိဋ္ဌိပယ်ပြီးသူတို့ သန္တာန်မှာ ဗောဓိပက္ခိယ တရားတို့သည် အဆင့်ဆင့် တိုးပွါးသောအဘို့မှာ တည်ကုန်၏။ ကိလေသာ တို့သည်ကား ဆုတ်ယုတ်သောအဘို့မှာ တည်ကုန်၏။

သတ္တက္ခတ္တုပရမ–သတ္တက္ခတ္တုံပရမော ဇောသာတိ သတ္တက္ခတ္တုပရမော=ခုနစ်ကြိမ်ပဋိသန္ဓေနေမှုလျှင် အလွန်ရှိသော ပုဂ္ဂိုလ်တည်း၊

ထိုသည် (က)ဒေဝေသ သတ္တက္ခတ္တုပရမပုဂ္ဂိုလ်(ခ)မနုဿေသုသတ္တက္ခတ္တုပရမပုဂ္ဂိုလ် (ဂ) ဥဘယတ္တ သတ္တက္ခတ္တုပရမပုဂ္ဂိုလ်ဟု သုံးမျိုး လာရှိ၏။

ကတမောစ စ ပုဂ္ဂလော သတ္တက္ခတ္တု ပရမော၊ ဣဓေ ကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာ ပန္နော ဟောတိ အဝိနိပါတ ဓမ္မော နိယတော သမ္ဗောဓိ ပရာယနော၊ သော သတ္တက္ခတ္တုံ ဒေဝေစ မနုဿေစ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ၊ အယံ ပုဂ္ဂလော သတ္တက္ခတ္တု ပရမော။ (ပါဠိတော်)

မှတ်ချက်။ ။အဋ္ဌကထာမှာ လူနတ်ရောနှောခြင်း၏ အစွမ်းအားဖြင့် ဆို၏။ မဟာဋီကာ ဝိစကြတ်ပါန်နှင့်အထက်မဂ်များ၏ ဝိပဿနာအာနုဘော်ကိုမငဲ့ဘဲသက်သက် ဤသောတာပတ္တိမဂ်၏ အာနုဘော်အလားအားဖြင့်သာ'သတ္တက္ခတ္တုပရမ'မည်၏ဟုဆိုအပ်၏။

ထို့ပြင် (က)သတ္တက္ခတ္တုပရမသောတာပန် (ခ) ကောလံကောလ သောတာပန် (ဂ) ဧကဗီဇိသောတာပန်ဟုသုံးမျိုးရှိရာသတ္တက္ခတ္တုပရမ သောတာပန်ကား အလုံးစုံအောက် န့်၏။ ကောလံ ကောလ သောတာ ပန်ကား သတ္တက္ခတ္တုပရမသောတာပန်ထက် ထက်မြက်၏။ထိုသူသည် (က)ခြောက်ဘဝပဋိသန္ဓေနေသူ (ခ)ငါးဘဝပဋိသန္ဓေနေသူ (ဂ) လေး ဘဝပဋိသန္ဓေနေသူ (ဃ) သုံးဘဝပဋိသန္ဓေနေသူ (င)နှစ်ဘဝပဋိသန္ဓေ နေသူ ဟု ငါးမျိုး။ငါးဘဝပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုမည့် သောတာပန် ကား သတ္တက္ခတ္တုပရမ သောတာပန်ထက်, ထက်မြက်၏။ ထိုထက် လေးဘဝပဋိသန္ဓေနေ၍ပရိနိဗ္ဗာန်ပြုမည့် သောတာပန်က ထက်မြက်၏။ ထိုထက် သုံးဘဝ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန် ပြုမည့် သောတာပန်က ထက်မြက်၏။ ထိုထက်နှစ်ဘဝပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုမည့် သော တာပန်က သာလွန်ထက်မြက်၏။ ဧကဗီဇိသောတာပန်ကား တဘဝ တာမျှသာ ပဋိသန္ဓေနေတော့သည် ဖြစ်၍ သောတာပန်များတွင် အထက် မြက်ဆုံး ဖြစ်၏။

မှတ်ချက်။ ။သတ္တက္ခတ္တုပရမ သောတာပန်ကား သက်သက် ပဌမမဂ်၏ အာနုဘော်ဖြင့် ပြီးသောကြောင့် သောတာပန်အားလုံးအောက်နံ့၏။ ကြွင်းသော သောတာပန်နှစ်ယောက်တို့က ပြကတေ့အားဖြင့် သတ္တက္ခတ္တုပရမသောတာပန်အဖြစ် မှာ တည်၍ အထက်မဂ် အကျိုးငှါ ဝိပဿနာမှုကို ပြုကုန်၏။ ထိုအခါ ထိုသူတို့၏ ဣန္ဒြေသည် တဖန်ထူးခြားမှုသို့ ရောက်ကုန်၏။ ထက်မြက်ကုန်၏၊ သို့ဖြစ်၍ ကြွင် ပုဂ္ဂိုလ် တို့ကား သတ္တက္ခတ္တုပရမသောတာပန်ထက် ထက်မြက်ကုန်၏။

သတ္တက္ခတ္တု ပရမသောတာပန်မှာ ကာမဘုံ၌သာ ပဋိသန္ဓေနေမှု ပိုင်းခြား သတ်မှတ်ချက်ရှိ၏။ ရူပဘုံ, အရူပဘုံ တို့၌ကား ခုနစ်ကြိမ်

ထက် အလွန်လည်း ပဋိသန္ဓေ နေကုန်၏။ အကြင် သောတာပန်သည် ကာမဘဝ၌သာ ခုနစ်ကြိမ်အောက် ပဋိသန္ဓေကိုရင်း, မျက်မှောက် ဘဝမှာပင် အထက်မဂ်ကိုရင်း ယူကုန်၏။ထိုသောတာပန်တို့၏ ထိုကဲ့သို့ သဘောရှိသော ဖြစ်ပုံအထူးသည် အထက်မဂ်ဝိပဿနာ၏ အစွမ်းဖြင့် ပြီး၏။အဋ္ဌကထာတို့မှာ ဥပရိတိဏ္ဏံမဂ္ဂါနံ ဝိပဿနာနိယာမေတိဟုမိန့်ဆိုသည်ကို ထောက်ပါလေ။ အကြင်သောတာပန်တို့သည် မျက်မှောက် ဘဝ၌သော်ရင်း, ဆိကြားအနာထပိဏ် သူဌေး,ဝိသာခါ ကျောင်းအမ စသည်တို့ကဲ့သို့ခုနစ်ပါးသောဘဝတို့တွင်အမှတ်မထားတပါးပါးသော ဘဝ၌ ဈာန်ကိုဖြစ်စေကာ ဗြဟ္မာ့ဘုံသို့ ရောက်ရကုန်၏။ ထိုပြင်အကြင် ပုဂ္ဂိုလ်တို့သည် ဗြဟ္မာ့ဘုံမှာသာ သောတာပတ္တိမဂ်ကို ရ၍ ဗြဟ္မာ့ဘုံ၌သာ ပရိနိဗ္ဗာန်ပြုကုန်၏။ ထိုပုဂ္ဂိုလ်တို့အား ထိုကဲ့သို့ သဘောရှိသော ဖြစ်ပုံအထူးသည် မဟဂ္ဂုတ်ဈာန်၏အစွမ်းဖြင့် ပြီး၏။

ပြဆိုခဲ့သောပါဠိတော်လာစကားတွင်လည်း သတ္တက္ခတ္တုံ ဒေဝေစ- ဟူသော ပါဌ်ဖြင့် ကာမဘဝ၌ ဥပပတ် ပဋိသန္ဓေခုနစ်ကြိမ်နေမှုကိုရင်း, သတ္တက္ခတ္တုံ မနု သေစ ဟူသောပါဌ်ဖြင့် ဂဗ္ဘသေယျက ပဋိသန္ဓေ ခုနစ်ကြိမ်နေရမှုကိုရင်း ပြ၏။ ထိုနှစ်ပါးစုံဖြင့် ပဋိသန္ဓေတဆဲ့လေးကြိမ် နေရမှုကို ပြလေသည်။ဣတောသတ္တ တတော သတ္တ သံသရာနိစ တုဒ္ဒသ ဟူသော သက္ကပဉ္ဉာသုတ်လာပါဠိတော်ကို ထောက်လေ။

ရှင်းချက်။ ။ဣတော သတ္တ-ဖြင့် လူပြည်မှာ ပဋိသန္ဓေခုနစ်ကြိမ် တတော သတ္တ ဖြင့် နတ်ပြည်မှာ ပဋိသန္ဓေခုနစ်ကြိမ် စတုဒ္ဒသ-ဖြင့် နှစ်ရပ်ပေါင်း ပဋိသန္ဓေတဆဲ့ လေးကြိမ်ကျင်လည်မှုကို ပြလေသည်။

ထိုပြင် အင်္ဂုတ္တိုရ် တိကနိပါတ်ပါဠိတော်ကိုလည်း ထောက်ထားပါလေ။ ကေဗိဆရာတို့က ဤသုတ်ပုဒ်များအရဖြင့် သတ္တက္ခတ္တုပရမ သောတာပန်၏ ကာမဘဝ၌ ပဋိသန္ဓေ တဆဲ့လေးကြိမ်နေရမှုကို အလို ရှိကုန်၏။ မဟာဝဂ္ဂသံယုတ် ဋီကာလာ ကေဗိဆရာတို့ကား ကာမဘဝ၌ ပဋိသန္ဓေခုနစ်ကြိမ်သာ ဖြစ်၏။ ထိုထက်လွန်မဖြစ်ဟု ဆိုကုန်၏။ ထို စကားကို ဆင်ခြင်၏အဝ်ဟု ပရမတ္ထဒီပနီ၌ မိန့်ဆို၏။

သကဒါဂါမိမဂ်ကို ပွါး၍ ရာဂ , ဒေါသ, မောဟ တို့ကို ခေါင်းပါးသွားရလေ အောင် ပြုတတ်သောကြောင့် တကြိမ်သာလျှင် ဤကာမဘုံသို့ လာတတ်၍ ''သကဒါဂါမိ''မည်၏။

ရာဂ, ဒေါသ, မောဟာနံ-၌ ရာဂအရကား ကာမရာဂကိုယူ၊ ဒေါသ၌မထူးပေ၊ မောဟ၌မူကား ထိုရာဂ,ဒေါသနှင့်တူသောတည်ရာရှိသော (တတန်းစားတည်း ဖြစ်ပေါ်ဖြစ်ဖက်) မောဟကို ယူပါလေ၊ ၎င်းရာဂ,ဒေါသနှင့် ဖြစ်ပေါ်ဖြစ်ဖက်မဟုတ်သောဥဒ္ဓစ္စစိတ်၌ယှဉ်သော မောဟနှင့် သောတာပတ္တိမဂ် ပယ်ပြီးသော ဝိစိကိစ္ဆာနှင့် ယှဉ်သော မောဟကို မယူလေလင့်။

တနုကရ......သောတာပန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ရာဂ, ဒေါသ,မောဟ-တို့သည် ကာမဝတ္ထုတို့မှာ အားရှိလျက် ဖြစ်ကုန်၏၊ သောတာပန်ပုဂ္ဂိုလ်တို့မှာ မေထုန်ဆက်ဆံမှုလည်း ဖြစ်ကုန်၏။ ထိုကဲ့သို့ ဖြစ်ခြင်းငှါ မစွမ်းနိုင်အောင်ပြု၍ ခေါင်းပါးစေမှုဖြင့် ပါးအောင်ပြုသည်ကို တနုကရ-ဟု ဆိုသည်။

ရှင်းချက်။ ။ရာဂစသည်တို့ အချိန်ရှည်ကြာ တခါတလေမှဖြစ်၏၊ ဖြစ်သော်လည်း ထကြွနိုးနှေးသည်ကို တနုကရ-ဟု ဆိုလို၏၊ မဟာသီဝထေရ်ကား သကဒါဂါမ်တို့မှာလည်း မေထုန်ဆက်ဆံမှုကို အလိုရှိလေသည်၊ ထိုဝါဒကို မဟာအဋ္ဌကထာမှာ ပယ်ထား၏။ ကျင်းအမှိုက်ပွါယ်ကို စိတ်ပိုင်းမှာ ပြန်ကြည့်ပါ။

အနာဂါမိမဂ်ကိုပွါး၍ ကာမရာဂ,ဗျာပါဒတို့ကို အကျင်းမဲ့ပယ်သဖြင့် ၌ကာမဘုံသို့ မလာလေသောကြောင့် အနာဂါမ်မည်၏။

အနာဂါမ်ပုဂ္ဂိုလ်သည် (က) အန္တရာပရိနိဗ္ဗာယီ (ခ) ဥပဟစ္စပရိနိဗ္ဗာယီ (ဂ) အသင်္ခါရပရိနိဗ္ဗာယီ (ဃ) သသင်္ခါရပရိနိဗ္ဗာယီ (င) ဥဒ္ဓံသောတအကနိဋ္ဌဂါမီဟု ငါးမျိုးရှိ၏။ (က) အန္တရာ ပရိနိဗ္ဗာယီ=သုဒ္ဓါဝါသငါးဘုံတွင် တဘုံဘုံမှာ ဖြစ်ပြီးနောက် သက်တမ်း အလယ်လောက်သို့ မရောက်မီမှာ အရဟတ္တဖိုလ်သို့ ရောက်၍ သက်တမ်း အလယ်လောက်မှာ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်။ (ခ) ဥပဟစ္စပရိနိဗ္ဗာယီ= သုဒ္ဓါဝါသဘုံမှာ သက်တမ်းအလယ်ကိုလွန်၍ သက်တမ်း ကုန်ဆုံးခါနီးမှာ အရဟတ္တဖိုလ်သို့ရောက်၍ ကိလေသာ ကုန်သည်နှင့် တပြိုင်နက် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်။ (ဂ) အသင်္ခါရပရိနိဗ္ဗာယီ=သုဒ္ဓါဝါသ ဘုံမှာ ဖြစ်၍ တိုက်တွန်းမှုမပါ ဆင်းရဲကင်းစွာဖြင့် အလွန် မကြိုးစားရဘဲ အရဟတ္တဖိုလ်သို့ရောက်၍ ကိလေသာ ကုန်သည်နှင့် တပြိုင်နက် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်။ (ဃ) သသင်္ခါရပရိနိဗ္ဗာယီ=သုဒ္ဓါဝါသဘုံမှာ ဖြစ်၍ တိုက်တွန်းမှု,ဆင်းရဲမှုဖြင့် လွန်မင်းစွာ ကြိုးစားမှသာ အရဟတ္တ

ဖိုလ်သို့ရောက်၍ ကိလေသာကုန်သည်နှင့်တပြိုင်နက် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်။ (င) ဉဒ္ဓံသောတအကနိဋ္ဌဂါမီ=၌တွင် ဉဒ္ဓံသောတ ဆိုသည်ကား အထက်တန်းစားတဏှာအယဉ် သို့မဟုတ် ဝဋ်အယဉ် သို့မဟုတ် မဂ်အယဉ်ရှိသော ပုဂ္ဂိုလ်တည်း၊ အကနိဋ္ဌံ ဂစ္ဆတီတိ အကနိဋ္ဌဂါမီ- ဟူသော ဝိဂြိုဟ်အရ အကနိဋ္ဌဘုံသို့ သွားလတ့်သော ပုဂ္ဂိုလ်တည်း၊ နှစ်ရပ် ပုဒ်ပေါင်းအားဖြင့် ဉဒ္ဓံသောတလည်းဖြစ် အကနိဋ္ဌဂါမီလည်း ဖြစ်သော အနာဂါမ် ပုဂ္ဂိုလ်တည်း၊ ဆိုလိုရင်းမှာ အောက်အောက် သုဒ္ဓါဝါသဘုံများက အရဟတ္တမဂ်,အရဟတ္တဖိုလ်ကိုမရဘဲ နောက်ဆုံး အကနိဋ္ဌဘုံသို့ရောက်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကိုရလျက် ပရိနိဗ္ဗာန်ပြုရမည့် ပုဂ္ဂိုလ်တည်း။

အရဟတ္တမဂ်ကိုပွါး၍ ကိလေသာကို အကြွင်းမဲ့ပယ်သဖြင့် လောက၌ အမြတ်ဆုံး အလှူကို ခံယူထိုက်သော အာသဝေါတရား ကုန်ပြီးသော ပုဂ္ဂိုလ်သည် အရဟာ(ရဟန္တာ)မည်၏ဟု သိအပ်လေသည်။

၌ဆိုအပ်ခဲ့ပြီးသည်ကား ၌၌ ပုဂ္ဂိုလ်အပြားတည်း

ကိလေသေဟိ အာရကာတိ အရဟာ=ကိလေသာတို့မှ ဝေးသောကြောင့် အရဟာမည်၏။ အရဟာဿဘာဝေါ အရဟတ္တံ=ကိလေသာပေးသူ၏ ဖြစ်ကြောင်း ဖြစ်သော အရဟတ္တမဂ်ရ၏၊ ခီဏာ အာသဝါ ဧကေသာတိ ခီဏာသဝေါ=ကုန်ပြီးသောအာသဝေါရှိသော ရဟန္တာ ပုဂ္ဂိုလ်တည်း။ ဒက္ခိဏံပဋိဂ္ဂဏှိတုံ အရဟန္တိတိ ဒက္ခိဏေယျာ=အဋ္ဌေါ ဒက္ခိဏေယျော=အဂ္ဂဒက္ခိဏေယျော=အလှူခံ ပုဂ္ဂိုလ် တို့၌ မြတ်သော ပုဂ္ဂိုလ်တည်း။အလှူခံများတွင် မြတ်သော အလှူခံဖြစ်သည်။ဝိသုဒ္ဓိမဂ်၌ လာသောသဒ္ဓါနုသာရီစသောအရိယာခုနစ်ယောက်ကိုနောက်ကပြခဲ့ပြီ။

မှတ်ချက်။ ။သောတပန္နောနာမ,သကဒါဂါမီနာမ, အနာဂါမီနာမ ဟူရာ တို့၌ ဖိုလ်ပုဂ္ဂိုလ်များသာ ကောက်ယူပါလေ။ မဂ်ကား စိတ္တက္ခဏတချက်မျှသာဖြစ်၏။ ထိုစိတ္တက္ခဏတချက်မျှ အချိန်ကိုသာ ရည်မှတ်၍ မဂ်ပုဂ္ဂိုလ်ဟု ပြောစမှတ်ပြုရ၏။ ဖိုလ်ပုဂ္ဂိုလ်ကို အဋ္ဌကထာတို့၌ လာတိုင်းပြဆိုရမူကား သောတာပန် ၂၄-ယောက်၊ သကဒါဂါမိ ၁၂-ယောက်၊ အနာဂါမိ ၄၈-ယောက်၊ ရဟန္တာ ၁၂-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်ပေါင်း ၉၆-ယောက်ဖြစ်၏။ သောတာပန် ၂၄-ယောက်ကား သောတာပန်သည် သဒ္ဓါဝိမုတ္တ,ပညာဝိမုတ္တအားဖြင့် ၂-ယောက်ဖြစ်၍ ၂-ခုကိုတည် ကေ်ဗီ,ကောလံကောလ,သတ္တက္ခတ္တုပရမဟူသော ၃-နှင့်မြှောက် ၆-ယောက်ဖြစ်၏၊ ၎င်း ၆-ယောက်ကိုတည်၊ ပဋိပဒါလေးပါးနှင့်မြှောက် ၂၄-ယောက်ဖြစ်၏။အချုပ်မှာ ၂×၃=

၆။ ၆×၄=၂၄ ဖြစ်၏ သကဒါဂါမိ ၁၂-ယောက်ကား သကဒါဂါမိ ၁-ကိုတည်၊ ဝိမောက္ခသုံးပါးနှင့်မြှောက် ၃-ဖြစ်၏၊ ၎င်းကိုတည် ပဋိပဒါလေးပါးနှင့်မြှောက် ၁၂-ယောက်ဖြစ်၏။ ရဟန္တာလည်း သကဒါဂါမိနှင့် ရေတွက်ပုံတူ၏။ အနာဂါမိ ၄၈-ယောက်ကား အဝိဟာဘုံ၌ အန္တရာပရိနိဗ္ဗာယီ ၃-ယောက်၊ ဥပဟစ္စပရိနိဗ္ဗာယီ ၁-ယောက်၊ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ တယောက်အားဖြင့် ၅-ယောက်၊၎င်း ၅-ယောက်ကိုလည်း သသင်္ခါရပရိနိဗ္ဗာယီ,အသင်္ခါရပရိနိဗ္ဗာယီဟူသော ၂-ယောက်နှင့် မြှောက် ၁၀-ယောက်ဖြစ်၏၊ ထိုနည်းတူ အတပ္ပါဘုံ၌ ၁၀-ယောက်၊ သုဒဿာဘုံ၌ ၁၀-ယောက်၊ သုဒဿီဘုံ၌ ၁၀-ယောက်အားဖြင့် ၄၀-ဖြစ်၏။အကနိဋ္ဌဘုံမှာ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ ပုဂ္ဂိုလ်မရှိ၊ ၎င်းမှာ သသင်္ခါရပရိနိဗ္ဗာယီ, အသင်္ခါပရိနိဗ္ဗာယီဟု ၂-ယောက်ရှိရကား အောက်သုဒ္ဓါဝါသဘုံများ၌ရသော ၁၀-ယောက်တွင် ၂-ယောက်နှုတ် ၈-ယောက်သာဖြစ်၏။ အထက်၌ ပြဆိုခဲ့သော ပုဂ္ဂိုလ် ၄၀-နှင့် ၎င်း၈-ယောက်ကိုပေါင်း ၄၈-ယောက်ဖြစ်၏။

သုတ္တန်နိပါတ် အဋ္ဌကထာ၌ သောတာပန် ၁၂-ယောက်, သကဒါဂါမ် ၁၂-ယောက်, အနာဂါမ် ၂၄-ယောက်, ရဟန္တာ ၂-ယောက်, မဂ္ဂဋ္ဌာန် ၄-ယောက်အားဖြင့် ပေါင်း ၅၄-ယောက်၊ ၎င်းကို သဒ္ဓါရရ ပညာရရ နှစ်ပါးနှင့်မြှောက် ၁၀၈-ယောက်ဖြစ်၏ဟု လာ၏။

သမာပတ်အပြား

ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဖလသမာပတ္တိဝီထိတို့သည် ဖိုလ်ပုဂ္ဂိုလ်လေးယောက်တို့အားလည်း မိမိပိုင် ဖိုလ်၏အစွမ်းအားဖြင့် ဆက်ဆံကုန်၏။

နိရောဓသမာပတ်သည် ဖိုလ်ပုဂ္ဂိုလ်တိုင်းနှင့် မဆက်ဆံ၊ ကာမ, ရူပအနာဂါမ်, ရဟန္တာများနှင့်သာ ဆက်ဆံ၏။ ဖလသမာပတ်မူကား နိရောဓသမာပတ်လို မဟုတ်ဘဲ ဖိုလ်ပုဂ္ဂိုလ်တိုင်းနှင့် ဆက်ဆံ၏။ သို့ရာတွင် ဖိုလ်ပုဂ္ဂိုလ်တယောက်သည် ဖိုလ်စိတ်တိုင်းနှင့် ဆက်ဆံသည် မဟုတ် မိမိဆိုင်ရာ ပိုင်ရာ ဖိုလ်စိတ်နှင့်သာ ဆက်ဆံသည်။ သောတာပန်ဆိုလျှင် သောတာပတ္တိ ဖလသမာပတ်, သကဒါဂါမ်ဆိုလျှင် သကဒါဂါမိ ဖလသမာပတ် အနာဂါမ်ဆိုလျှင် အနာဂါမိ ဖလသမာပတ်, ရဟန္တာဆိုလျှင် အရဟတ္တ ဖလသမာပတ်နှင့် ဆက်ဆံ၏။

နိရောဓသမာပတ်ဝင်စားခြင်းကိုကား အနာဂါမိပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ်သည်သာ ရအပ်၏။ ထိုနိရောဓသမာပတ်၌ အစဉ်အတိုင်း ပဌမဈာန်စသော မဟဂ္ဂုတ်သမာပတ်ကိုဝင်စား၍ ထိုထိုဝင်စားသော သမာပတ်မှထလျက် ထိုသမာပတ်များ၌ဖြစ်သော သင်္ခါရတရားတို့ကို ထိုထို ဝင်စားအပ်သော သမာပတ်၌သာ အနိစ္စ,ဒုက္ခ,အနတ္တသ၏ အစွမ်းအားဖြင့်ရှုလျက်အာကိဉ္စညာယတနတိုင်အောင်သွား၍ထိုအာကိဉ္စညာယတနမှ

ထပြီး နောက် အဓိဋ္ဌာန်အပ်ရာကို အဓိဋ္ဌာန်ခြင်းစသော ပုဗ္ဗကိစ္စကို ပြုလျက် နေဝသညာ နာသညာ ယတနဈာန်ကို ဝင်စား၏၊ ထိုပုဂ္ဂိုလ်အား နေဝသညာ နာသညာယတန အဇ္ဇနာဇော နှစ်ကြိမ်တို့၏နောက်၌ စိတ်အစဉ်ပြတ်လေသည်၊ ထိုစိတ်အစဉ်ပြတ်လေပြီးမှ နိရောဓသမာပတ် မည်လေ၏။

နိရောဓသမာပတ်။ ။ပဌမစသော ဈာန်တို့ အစဉ်အတိုင်း ချုပ်သည်၏ အစွမ်းဖြင့် စိတ်စေတသိက် တရားတို့၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့ ရောက်ခြင်းသည် နိရောဓသမာပတ်မည်၏။

နိရောဓသမာပတ်ဝင်စားခြင်း။ ။နိရောဓ သမာပတ်ကို ဝင်စားခြင်းဟူသည် မျက်မှောက်လောက၌ နိဗ္ဗာန်ချမ်းသာကို ခံစားခြင်းတည်း၊ မျက်မှောက်လောက၌ စိတ်စေတသိက်တရားတို့သည် အမြဲတလစဉ်ဖြစ်နေကြကုန်၏။ ဖြစ်နေရဖန်များသဖြင့် စိတ်,စေတသိက်ဟူသော သင်္ခါရတရားတို့၏ ဖြစ်ပျက်မှု၌ ငြီးငွေ့ကြသည်။ မျက်မှောက်လောကမှာပင် စိတ်နှင့်တကွ စပ်ဆိုင်ရာအားလုံး တခဏ်းဆုံးသည့်အနေ,ဖြစ်မှုတွေ ယုတ်သိမ်းလျက် ချုပ်ငြိမ်းခြင်းသို့ရောက်ကာ ချမ်းချမ်းသာသာ နေလိုမှုဖြင့် နိရောဓသမာပတ်ကို ဝင်စားကြသည်။

မည်သူတွေလဲ?။ ။နိရောဓသမာပတ်ကို ပုဂ္ဂိုလ်တိုင်း ဝင်စား၍ မရ၊ သမာပတ်ရှစ်အင်ကို အကုန်အစင်ရသော ကာမ, အနာဂါမ်, ရဟန္တာ၊ ရူပ အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့သာလျှင် ဝင်စားနိုင်ကြကုန်၏။ ထို့ကြောင့် အရှင်အနုရုဒ္ဓါထေရ်သည် နိရောဓသမာပတ္တိ, သမာပဇ္ဇနံ ပန အနာဂါမိ နဉ္စေဝ အရဟန္တာနဥ္စလဗ္ဘတိ–ဟုမိန့်ဆိုတော်မူ၏။

ရှင်းချက်။ ။နိရောဓသမာပတ်ဆိုသည်မှာ ချုပ်အားကောင်းမှုဖြစ်၏၊ ကာမ,ရူပ အနာမ်ဂါ၊ရဟန္တာတို့သည် ပဌမဈာန်မှစ၍ အစဉ်အတိုင်း ချုပ်ငြိမ်းမှု ရလာကြသည်၊ ဈာန်တခုမှ ဈာန်တခုသို့ ကူးကာ ပြောင်းကာ ချုပ်အားယူလာခဲ့ကြသဖြင့် နိရောဓသမာပတ်ကို ဝင်စားနိုင်စွမ်းရှိကြလေသည်၊ ကာမ, ရူပသောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ကား သမာပတ်ရှစ်အင်ကို အကုန်အစင်ရ၍ ချုပ်အားရှိကြသော်လည်း ကိလေသာထုထဲမှုကား ခိုးလိုးခုလုပြုလျက် ရှိနေသေးသည့်အတွက် နိရောဓသမာပတ်ကို မဝင်စားနိုင်ကြလေကုန်။ (တဖက်မှ အငြိမ်းရှာသော်လည်း တဖက်မှ ပူစရာတွေက ဝင်ရောက်နှောက်ယှက်နေသေးသည်ဟု ဆိုလို၏) အရူပအနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့ကား ချုပ်အား အစဉ်ဖြစ်သော သမာပတ်ရှစ်ပါးကို မရကြ၍ နိရောဓသမာပတ်ကို မဝင်စားနိုင်ကြလေကုန်။

နိရောဓသမာပတ်ဝင်စားပုံအစဉ်

(၁) ပဌမဈာန်ကိုဝင်စား၊ ထိုပဌမဈာန်မှထ၍ ထို ပဌမ ဈာန်၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ရှု။ (၂) ထို့နောက် ဒုတိယဈာန်ကို ဝင်စား၊ ထိုမှထ၍ ထို၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ရှု။ (၃) ထို့နောက် တတိယဈာန်ကို ဝင်စား၊ ထိုမှထ၍ ထို၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ရှု။ (၄) ထို့နောက် စတုတ္ထဈာန်ကို ဝင်စား၊ ထိုမှထ၍ ထို၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ရှု။ (၅) ထို့နောက် ပဉ္စမဈာန်ကို ဝင်စား၊ ထိုမှထ၍ ထို၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှု။ (၆) ထို့နောက် အာကာသာနဉ္စာယတနဈာန်ကိုဝင်စား၊ ထိုမှထ၍ ထို၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ရှု။ (၇) ထို့နောက် ဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၊ ထိုမှထ၍ ထို၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ရှု။(၈) ထို့နောက် အာကိဉ္စညာယတနဈာန်ကို ဝင်စား၊ ထိုမှထ၍ ပုဗ္ဗကိစ္စလေးပါးကို ပြု။

မှတ်ချက်။ ။ပုဗ္ဗကိစ္စလေးပါးဟူသည်-(၁)နာနာဗဒ္ဓအဝိကောပန=ကိုယ်နှင့် တပါတည်း တည်ရှိနေသော အသုံးအဆောင် ပရိက္ခရာမှတပါး နေရာအသီးသီးမှာ ထားသော သက်န်းစသော ပရိက္ခရာ နေရာကျောင်း စသည်တို့ကို မီးစသည် မဖျက်ဆီးနိုင်ရန် အဓိဋ္ဌာန်ခြင်း။ (၂) သံဃပဋိမာနန=သိမ်တခုတည်းမှာ သံဃကံပြုအခါက သံဃာတော်များ ငါ့ကို ငံ့လင့်လတ့်၊ ထိုအခါ ထအံ့ဟု အဓိဋ္ဌာန်ခြင်း။ (၃) သတ္ထုပက္ကောသန=ဘုရားရှင်ခေါ်တော်မူရာအချိန်တွင် ထအံ့ဟု အဓိဋ္ဌာန်ခြင်း၊ (၄) အဒ္ဓါနပရိစ္ဆေဒ=နိရောဓသမာပတ် ဝင်စားခိုက် အတွင်းမှာ သေမည်-မသေမည် အဓိဋ္ဌာန်ခြင်း ဟူ၍ လေးပါးတည်း။ ကိုယ်နှင့်စပ်၍ တပါတည်း တည်ရှိနေသော ပစ္စည်းများကိုကား အဓိဋ္ဌာန်ဘွယ်မလို၊ အဘယ့်ကြောင့်ဆိုသော် ကိုယ်နှင့် စပ်သော ပရိက္ခရာတို့၌ သမာပတ်၏ အစွမ်းဖြင့်သာလျှင် အန္တရာယ် မရှိသောကြောင့် သီးခြား ဓိဋ္ဌာန်ဘွယ် မရှိပါလေ။ အသက်အပိုင်းအခြားကို အဓိဋ္ဌာန်ရသည်မှာ သေခြင်းမည် သည်ကို သမာပတ်အစွမ်းဖြင့် မတားမြစ်နိုင်၊ နိရောဓသမာပတ်အတွင်းမှာ သေပါက သီတင်းသုံးဖေါ်တို့၌ ပြုသင့်သော ဝတ္တရားများကို မပြုရလေရာ၊ အရိယာသာဝက -တို့မှာ သေခါနီးကာလ သီတင်းသုံးဖေါ်များနှင့် အလုပ်အကျွေးများအား အသက် ထက်ဆုံး မမေ့နိုင်ကောင်းသော(သေတမ်းစာ)အဆုံးအမမည်သည် ရှိ၏၊ထိုသေတမ်း စာ, ဆုံးမမှုကား ဝတ်တခုပေတည်း။ တနည်းအားဖြင့်ဆိုသော် သမာပတ်၌ တပါး သော တိတ္ထိတို့ကဲ့ရဲ့ခြင်းမှ ရှောင်လွှဲခြင်းငှါ အသက် အပိုင်းအခြားကို အဓိဋ္ဌာန်ရ၏။ မှနိ၏-နိရောဓသမာပတ် အတွင်းမှာ သေမည်ဆိုလျှင် တိတ္ထိတွေက နိရောဓသမာပတ်

မည်သည်ကား ဂေါတမတပည့်တွေရဲ့ သေမင်းတမန်တော်တည်း၊ သမာပတ်ဝင်စား ချိန် သေခြင်းကား အရိယာ၏အလုပ်မဟုတ်၊ သေမင်းတမန်၏ အလုပ်ဟု ကဲ့ရဲ့ကြ ရာသည်။

ထိုနောက် နေဝသညာ,နာသညာ ယတနစ္စာန်ကို ဝင်စား၊ တခု နှစ်ခုသော စိတ်အကြိမ်ကိုလွန်၍ စိတ်မရှိတော့ဘဲ ချုပ်ငြိမ်းခြင်းသို့ ရောက်သွားလေ၏။ ဤသည်ကိုပင် နိရောဓသမာပတ် ဝင်စားသည်ဟု ဆိုသည်။

> နိရောဓသမာပတ်မှ ထသောအခါ၌ကား အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိ ဖိုလ်စိတ် ရဟန္တာအား အရဟတ္တဖိုလ်စိတ်သည် တကြိမ်သာဖြစ်၍ ဘဝင်ကျ၏။ ဘဝင်ကျပြီးသည့်နောက်၌ ပစ္စဝေက္ခဏာဉာဏ်ဖြစ်လေသည်။

ဝိပဿနာကမ္မဋ္ဌာန်းပြီး၏။

နိရောဓသမာပတ်မှထသော အနာဂါမ်နှင့်ရဟန္တာပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်စိတ်သည် အာဝဇ္ဇန်းကင်းလျက် အာရုံကို ယူလေသည်။ မှန်၏-နိရောဓသမာပတ် ဝင်စားစမှစ၍ ထပ်တလဲလဲ ဖြစ်စေအပ်သော ဝိပဿနာပရိကမ်သည်သာလျှင် ထိုဖိုလ်စိတ်များ၏ ပရိကမ်အရာ၌ တည်လေသည်။ အသီးအခြား နီးကပ်သော ပရိကမ် မည်သည် မရှိလေ။ ဤကဲ့သို့ အနီးဖြစ်သော ပရိကမ်ရှိမှု မရှိမှုကို ရည် ရွယ်၍ အာဝဇ္ဇန်းကင်းလျက် အာရုံယူသည်ဟု ဆိုလေသည်။

> ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ပဋိပတ် အကျင့်မြတ် အရသာ ချာန်,မဂ်, ဖိုလ် ဟူသော သာယာမှုကိုတောင့်တသော ပုဂ္ဂိုလ်သည် ဤဆိုအပ်ခဲ့သောအတိုင်း ညွှန်းပြအပ်ပြီးသော မြတ်သော ဘာဝနာနှစ်ရပ်ကို ပွါးများထိုက်လေသည်။

ကမ္မဋ္ဌာန်းပိုင်းပြီး၏။

ပဋိပတ်။ ။ပဋိပဇ္ဇိတဗ္ဗာတိ ပဋိပတ္တိ=ကျင့်သင့် ကျင့်ထိုက်သော သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်မျိုးသည် ပဋိ ပတ်မည်၏။

ရသ။ ။ရသိယတိ အနုဘဝိယတိတိ ရသော=နိရာမိသချမ်းသာ ကိုခံစားသည်၏အစွမ်းဖြင့် ခံစားအပ်သောကြောင့်'ရသ' မည်၏။

ရှင်းချက်။ ။သုခသည် (၁) သာမိသသုခ (၂) နိရာမိသသုခဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် လောက၌ အလိုရှိအပ် နှစ်သက်အပ် စိတ်ကို ပွါးများစေအပ်သော ကာမဂုဏ် ငါးပါးတို့မည်သည် ရှိ၏။ ထိုကာမဂုဏ်ငါးပါးတို့သည် ကိလေသာတို့ဖြင့် သုံးသပ်အပ်သောကြောင့် အာမိသမည်ကုန်၏၊ အကျင်သုခသည် ထိုအာမိသတို့ကို စွဲမှီ၍ဖြစ်၏၊ ထိုသုခသည် သာမိသသုခမည်၏။ လောက၌ ယင်းသာမိသသုခကို ဒိဗ္ဗသုခ=နတ်ပြည်နတ်ရွာ ချမ်းသာကြီး၊ မာနုဿကသုခ=လူ့ရပ်လူ့ရွာ ချမ်းသာကြီးဟု မြတ်နိုးကြကုန်၏၊ ယင်းသာမိသသုခအား ခံစားသူကိုင်းကို အပါယ်ဘေးကြီး, ဝဋ်ဘေးကြီးတို့သည် ဝန်းစိုင်းခြံရံကုန်၏။ ဈာန်ချမ်းသာ,မဂ်ချမ်းသာ,ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့သည်ကား နိရာမိသသုခမည်၏။ နေက္ခမ္မ သုခဟုရင်း, ပဝိဝေက သုခဟုရင်း,ဥပသမသုခဟုရင်း,ဝိမုတ္တိသုခဟုရင်း,အရိယသုခဟုရင်း, အနဝဇ္ဇသုခဟု ရင်း ခေါ်ဝေါ်ပြောဆိုအပ်လေသည်။ ယင်းသုခအား ခံစားသော အရိယာပုဂ္ဂိုလ်ကို အလုံးစုံသော အပါယ်ဘေး,ဝဋ်ဘေးတို့သည် ရှောင်လွှဲကြကုန်၏။

အဿာဒ။ ။အဿာဒိ တဗ္ဗောတိ အဿာဒေါ=သာယာအပ်သောကြောင့် အဿာဒမည်၏။ အဿာဒဟူသည် နိရာမိသသုခဟူသော အရသာပင်တည်း။ ထိုနိရာမိသ သုခ ဟူသော အရသာသည် ကိလေသာဟူသော ကြောင့်ကြမှုမှလွတ်၍ ငြိမ်းပြော သော နက်နဲသိမ်မွေ့အချမ်းမြေ့ဆုံးသော အရသာဖြစ်လေသောကြောင့် ထိုအရသာကို ခံစားရသူမှန်သမျှ အဟောသုခံ-အဟောသုခံ-ဟု နှုတ်သံအထူးဖွင့်လျက် ကြူးရင့်မြွက်ဆိုကာ သာယာအပ်သော အရသာပင် ဖြစ်လေသည်။

ကမ္မဋ္ဌာန်းပိုင်းအဖွင့် ပြီး၏။

သဗြိုဟ်နိဂုံး

အကျင့်စာရိတ္တ အားဖြင့် တင့်တယ်၍ ပစ္စည်းဥစ္စာ ကြွယ်ဝသော အမျိုး၌ ကြီးပွါးခြင်းရှိသော ရတနာသုံးပါးအား ယုံကြည်မှုဖြင့် တိုးပွါးစင်ကြယ်သော သီလဂုဏ်, သုတဂုဏ်, စာဂဂုဏ် စသည်တို့၏ တိုးတက်ခြင်းရှိသော"နမ္မ"မည်သော ဥပါသကာသည် သိဉာဏ်မပြု နောက်လူ နောက်သားတို့အား အစဉ်စောင့်ရှောက် ချီးမြှောက်သနားမှုကို တောင့်တ၍ အကြင်ကျမ်းစာကို တောင်းပန်အပ်၏။ ထိုကျမ်းစာသည်ကား အပိုင်းပေါင်း ကိုးခုတို့ဖြင့် အဆုံးသတ်ခဲ့လေပြီ။ ဘုန်းရှင်ကံရှင်ဖြစ်သော မထေရ်မြတ်ကြီးတို့၏ တည်နေရာ အုပ်စိုးရာဖြစ်သော ကောင်းကင်ပြင်ဝယ် လပြည့်ဝန်းကြီးသဖွယ် သိပ်ပိုင်း တကျွန်းလုံး၌ အလွန် တင့်တယ် ထင်ရှားသော(သိပ်ပိုင်ကျွန်း၏ ကျက်သရေဆောင်) ဖြစ်သော မူလသောမ ကျောင်းတိုက်ကြီးကို ပညာစွမ်းအင် ဖြူစင်သော ဂုဏ်တို့ဖြင့် တင့်တယ်သော မကောင်းသူကို ကဲ့ရဲ့တတ်သော လင်္ကာရဟန်းတော်မြတ်တို့သည် ကောင်းမှုစည်းစိမ် တိုးပွါးခြင်းဟူသော မင်္ဂလာအကျိုးငှါ သက်ဆုံးတိုင် အမှတ်တရ ပြုတော်မူကြစေကုန်သတည်း။

သဘောပြအဘိဓမ္မာ နိဂုံး

လေးမျက်နှာ၄ နဂရသာ၊ ဤသံဒက္ခိဏာ နိသိတေ။
ကုန်းပြင်နာမေ မဟာဂါမေ၊ ဇာတေန ဇာတိယာ သုခံ။

လေးမျက်နှာမြို့ အနောက်တောင် ကုန်းပြင်ရွာကြီး၌ ချမ်းချမ်းသာသာအဘိဓမ္မာဆရာကြီးဦးအောင်မြတ် မိခင်ဒေါ်ပုမတို့မှ ၁၂၆၁-ခုတပေါင်းလပြည့်ကျော် ၈-ရက် ၅-တေးနေ့ နံက် ၁၁-နာရီခွဲအချိန်တွင် ဖွားမြင်သော—

ပဝတ္တိယံတု မြောင်းမြမှိ၊ ဇေယျမေဒနီ အာရောမေ။
မာပိတေ ဦးဘ ဒေါ်မမ၊ ဒမ္မတိဟိ သဉာတိဘိ။
ဝသတာ ပဏ္ဍိတာဌေန၊ ထေရေန ဓိမတာ မယာ။

ပဝတ္တိအခါ မြောင်းမြမြို့ အထူးအာဏာရ တရားသူကြီးမင်း ဦးဘမင်းကတော် ဒေါ်မမကြီး နှင့် သားသမီး ဆွေမျိုးစုတို့ ဆောက်လုပ်

လှူဒါန်းအပ်သော ဝတ္ထုက လယ်မြေနှင့်တကွရိက္ခာပြည့်စုံလုံလောက်၍ မွေလျော်ဖွယ်ကောင်းသော ဓေယျမေဒနီ ကျောင်းတိုက် ၌ သီတင်း သုံးနေပါသော ပဏ္ဍိတ အမည်ရှိသော ငါသည်—

ကတော သောတုနမတ္ထာယ၊ ဂန္ထော သဘာဝသုစ ကော။
သာသန္တော့ယံ စကာဗဏ္ဍော၊ ဝသော အာသဋ္ဌိ ပုဏ္ဏမေ။

စာသင်သားများအတွက် ရေးသားအပ်သော သဘောပြအဘိဓမ္မာ ကျမ်းသည် ၁၃၁၉–ခု ဝါဆိုလပြည့်နေ့၌ ပြီးဆုံးလေသည်။

ပူဇေမိ ဣမိနာ တေသံ၊ ထေရာနံ ယေ ပတိတက်ရာ။
ဂုရဝေါ ပုဏ္ဏစန္ဒော၀၊ ဝိသုတာ သာသနေ နဘော။

ကောင်းကင်ပြင်မှာ လဝန်းကြီးပမာ သာသနာတော်၌ ထင်ရှား တော်မူသော ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျေးဇူးတော်ရှင် ဝေဠုဝန် ဆရာတော်, ငါးသိုင်းချောင်းမြို့ ဆွဲလွဲကုန်းဆရာတော်, ခရမ်းမဟာ ဓမ္မိကာရာမ ပဌမဆရာတော်, မော်လမြိုင် တောင်ပေါက်မဟာ ဝေယန် ဘုံသာ ဆရာတော်, ကျုံပျော် ဝေဠုဝန်ဆရာတော်ကြီးတို့ကို ကျေးဇူး ရှိသည့်အလျောက် ဤကျမ်းစာဖြင့် ပူဇော်ပါ၏။

သုလဒ္ဓံ မမ ယံပုညံ၊ တဿ တေဇေန သဗ္ဗသော။
ဝိယာယိတ္ဗာန အညော္ဒံ၊ ကပ္ပေါယံ ဟောတု သိတလော။

ဤကျမ်းစာကို ပြုရသော ကောင်းမှုကြောင့် စကြဝဠာ ကမ္ဘာကြီး သည် အချင်းချင်း မေတ္တာသက်ဝင် ချစ်ခင်ပါ၍ ရေသီတာ ဆွတ်ဖျန်း သထို ချမ်းကြပါစေ။ ။